
# အစရှိခ် သသတေနှင ခဒေါး



ရန်ကုန်မြို့၊ ကံဘဲ့ သာသနာ့ဗိမာန်ကျောင်းတိုက်

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

(ပြည်)အရှင်ကောသလ္လ

အခြေခံသာသနာရေးကျမ်း

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အကြောင်းပြ ကျမ်းဦးစကား | .... | ယ |

**ပရိယတ္တိပဏ္ဍာမ အာသိသ**

| | | |
|---|---|---|
| ဘုရားဂုဏ်တော် ၉-ပါး ပါဠိအနက် | .... | ၂ |
| တရားဂုဏ်တော် ၆-ပါး ပါဠိအနက် | .... | ၅ |
| သံဃာဂုဏ်တော် ၉-ပါး ပါဠိအနက် | .... | ၈ |
| ဘုရားပင့်ဂါထာ ပါဠိအနက် | .... | ၁၀ |
| တရားပင့်ဂါထာ ပါဠိအနက် | .... | ၁၀ |
| သံဃာပင့်ဂါထာ ပါဠိအနက် | .... | ၁၁ |

**သီလမျိုးစုံ ဆောက်တည်ပုံ**

| | | |
|---|---|---|
| မြန်မာဘာသာ ကန်တော့ခန်း | .... | ၁၂ |
| ပါဠိတော်နည်း ပါဠိ မြန်မာ ကန်တော့ပုံ | .... | ၁၂ |
| ငါးပါးသီလတောင်းပုံ ပါဠိမြန်မာ | .... | ၁၃ |
| နမောတဿ ဘုရားရှိခိုး ပါဠိ မြန်မာ | .... | ၁၃ |
| သရဏဂုံ ၃-ပါး ပါဠိ မြန်မာ | .... | ၁၄ |
| ဆောက်တည်ကျင့်သုံးရမည့် ငါးပါးသီ ပါဠိမြန်မာ | .... | ၁၄ |
| ၈-ပါးသီလ တောင်းပုံ ပါဠိ မြန်မာ | .... | ၁၅ |
| ဆောက်တည်ကျင့်သုံးရမည့် ၈-ပါးသီလ ပါဠိ မြန်မာ | .... | ၁၆ |

# အခြေခံ သာသနာရေး


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အာဇီဝဋ္ဌမကသီလတောင်းပုံ ပါဠိ မြန်မာ | .... | ၁၇ |
| ဆောက်တည်ကျင့်သုံးရမည့် အာဇီဝဋ္ဌမကသီလ ပါဠိမြန်မာ | — | ၁၈ |
| ၉-ပါးသီလတောင်းပုံ ပါဠိ မြန်မာ | .... | ၁၉ |
| ဆောက်တည်ကျင့်သုံးရမည့် နဝင်္ဂသီလ ပါဠိမြန်မာ | .... | ၁၉ |
| ၁၀-ပါးသီလတောင်းပုံ ပါဠိ မြန်မာ | .... | ၂၀ |
| ဆောက်တည်ကျင့်သုံးရမည့်၁၀-ပါးသီလ ပါဠိမြန်မာ | .... | ၂၀ |
| ဒုစရိုက် ၁၀-ပါးဆိုင်ရာ | .... | ၂၁ |
| ပါဏာတိပါတတရားကိုယ် အင်္ဂါ ပယောဂ | .... | ၂၃ |
| အဒိန္နာဒါနတရားကိုယ် အင်္ဂါ ပယောဂ | .... | ၂၃ |
| ခိုးခြင်း ၂၅-ပါး သရုပ် | .... | ၂၄ |
| ကာမေသုမိစ္ဆာစာရတရားကိုယ် အင်္ဂါ ပယောဂ | .... | ၂၅ |
| မိန်းမ ၁၀၊ မယား ၁၀ | .... | ၂၆ |
| သုရာမေရယတရားကိုယ် အင်္ဂါ ပယောဂ | .... | ၂၇ |
| သေရည်အရက် ၁၀-မျိုး | .... | ၂၇ |
| မုသာဝါဒတရားကိုယ် အင်္ဂါ ပယောဂ | .... | ၂၈ |
| ပိသုဏာဝါစာတရားကိုယ် အင်္ဂါ ပယောဂ | .... | ၂၈ |
| ဖသုဏာဝါစာတရားကိုယ် အင်္ဂါ ပယောဂ | .... | ၂၈ |
| သမ္ဖပ္ပလာပတရားကိုယ် အင်္ဂါ ပယောဂ | .... | ၂၈ |
| အဘိဇ္ဈာတရားကိုယ် အင်္ဂါ ပယောဂ | .... | ၂၈ |
| ဗျာပါဒတရားကိုယ် အင်္ဂါ ပယောဂ | .... | ၂၈ |
| မိစ္ဆာဒိဋ္ဌိတရားကိုယ် အင်္ဂါ ပယောဂ | .... | ၃၀ |
| ဒုစရိုက် ၁၀-ပါး ကံဒွါရ ခွဲခြားပြခြင်း | .... | ၃၀ |
| သုစရိုက် ၁၀ပါး ဆိုင်ရာ | .... | ၃၀ |
| သုစရိုက် ၁၀-ပါး ကံဒွါရ ခွဲခြားပြခြင်း | .... | ၃၁ |
| ပုညကြိယဝတ္ထု ၁၉-ပါးဆိုင်ရာ | .... | ၃၁ |


## ဘုရားရှိခိုးအမျိုးမျိုး


| | | |
|---|---|---|
| အထွေထွေဆိုင်ရာ ကျက်မှတ်ဖွယ်ရာ | .... | ၃၃ |
| ရောင်ခြည်တော် ၆-သွယ် ပါဠိအနက်နှင့် မြန်မာဘုရားရှိခိုး | .... | ၃၃ |

အကြောင်းအရာ စာမျက်နှာ

သမ္ဗုဒ္ဓေ ဘုရားရှိခိုး ပါဠိအနက် .... ၃၅
ဘုရားပေါင်း ၅၁၂၀၂၈ဆူ ရေတွက်ပုံမှတ်ချက် .... ၃၆
၂၈-ဆူ ဘုရားများနှင့် ဗောဓိပင်များ .... ၃၆
နှစ်ကျိပ်ရှစ်ဆူ ဘုရားရှိခိုး .... ၃၈
အစိန္တေယျ ၄-ပါး ဘုရားရှိခိုး .... ၃၉
ဘုရားရှင်၏ ဝါဆိုစဉ် ၄၅-ဌာန .... ၄၁
ဣစ္ဆန္တော ဘုရားရှိခိုး .... ၄၂
သိရသ္မိံ ၃-ဂါထာ ပါဠိမြန်မာ .... ၄၄
သဗ္ဗဇယမင်္ဂလာ ဒိဝါတပတိ ၂-ဂါထာ ပါဠိမြန်မာ .... ၄၅
ဘုရားကျေးဇူးတော် ၁၈-ပါးနှင့် အံ့ဘွယ်တော် ၁၈-ပါး .... ၄၆
ဖြစ်တော်ပေါင်းချုပ် ဘုရားရှိခိုး .... ၄၇
အနန္တ ၅-ပါး ဘုရားရှိခိုး .... ၄၇
အက္ခရာ ၅-လုံး သီကုံးအစဉ် ကျေးဇူးထင်ရာ ဝန္ဒနာ .... ၄၈

## ကျင့်ကြံဖွယ်ရာ ဆုံးမစာ

လယ်တီဆရာတော်ဆုံးမစာ(၈)ပုဒ် .... ၅၀
ယမမင်းထံ အစစ်ခံသံပေါက် .... ၅၁
ယွန့်ခေါင်ဆရာတော်ကမ္မဋ္ဌာန်းသံပေါက်(၁၀)ပုဒ် .... ၅၅
ဝိပါက်တော် ၁၂-ပါး မေးဖြေ .... ၅၉
ကောသလမင်း အိမ်မက်(၁၆)ချက် .... ၆၃
လွယ်ကူသော ကျင့်သုံးဆင်ခြင်ဖွယ်ရာများ .... ၆၆
မြန်မာလို ဘုရားဂုဏ်တော်များပွားပုံ .... ၆၇
အရဟံပွားပုံ ဆယ်နည်း .... ၆၇
ဂုဏ်တော် ၉-ပါးလုံး ပေါင်းကြည်ညိုရန် ၂-မျိုး .... ၇၂
တရားဂုဏ်တော်ပွားပုံ .... ၇၃
သံဃဂုဏ်တော်ပွါးပုံ .... ၇၄
ကရုဏာပွား မေတ္တာထား၍ အမျှယူစေ ပြန်ကြလေ .... ၇၅
ကုသိုလ်ပြုတိုင်း ညွတ်ကိုင်းရည်သန် မြတ်နိဗ္ဗာန် .... ၇၆
ရှိခိုးဝတ်ချ ရွတ်ဆိုကြရန် ပါဠိမြန်မာ .... ၇၇

အကြောင်းအရာ — စာမျက်နှာ

## မြတ်စွာဘုရား ဂုဏ်ကိုးပါး


| | |
|---|---|
| ဘုရားဂုဏ်တော် ၉-ပါး အဖွင့် .... | ၇၈ |
| ဖြိုးမောက်စုံလင် ပါရမီရှင် .... | ၇၈ |
| အတုမရှိသော ဂုဏ်ကျေးဇူးတော်နှင့် ဂုဏ်တော် ၉-ပါး .... | ၇၈ |
| အရဟံ ဂုဏ်တော်ဆိုင်ရာ .... | ၇၉ |
| ဝါသနာဘာဂီနှင့် ရာဂမြူတိမ် ရန်သူရိန်ကို .... | ၇၉ |
| ကမ္ဘာပျက်နီး သံဝေဂ်မီးကြောင့် .... | ၇၉ |
| အရဟံနှင့် ဒက္ခိဏေယျ .... | ၈၀ |
| သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ဆိုင်ရာ .... | ၈၁ |
| ဉေယျမံ ၅-ပါးနှင့် သဗ္ဗညုတဉာဏ် .... | ၈၁ |
| ကိလေသာ အောင်နိုင်ရေး စစ်ဆင်ပုံ .... | ၈၂ |
| ဉာဏ်တော် ၂-ပါးအထူး .... | ၈၂ |
| အားတော် ၁၀-တန် ဉာဏ်တော် ၁၀-ပါး အထူး .... | ၈၃ |
| ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်ဆိုင်ရာ .... | ၈၄ |
| ဝိဇ္ဇာ ၃-ပါး ၈-ပါး .... | ၈၄ |
| တနည်း–ဝိဇ္ဇာ ၄-ပါး မှတ်ဖွယ် .... | ၈၅ |
| စရဏ ၁၅-ပါးဆိုင်ရာ .... | ၈၅ |
| ဝိဇ္ဇာစရဏ ခွဲမရ ပုဂ္ဂိုလ်နှင့်ငှက် နှီးနှောချက် .... | ၈၆ |
| နတ်လောက၌ ထင်ရှားသော ဘုရားဂုဏ်တော် .... | ၈၇ |
| သုဂတဂုဏ်တော်ဆိုင်ရာ .... | ၈၇ |
| စကား ၆-ခွန်းနှင့် အသံတော်ဂုဏ် ၈-ပါး .... | ၈၇ |
| ပါရမီထူးစွာ အသန္ဓိမိတ္တာ .... | ၈၈ |
| ပဋိသန္ဓေယူချိန်စသော အဖြစ်ထူး ၆-ကြိမ်နှင့် အံ့ဖွယ် .... | ၉၀ |
| စီရိယပြည့်မှီ ပဥ္စဝဂ္ဂီ .... | ၉၁ |
| လောကဝိဒူဂုဏ်တော်ဆိုင်ရာ .... | ၉၂ |
| သတ္တလောက ဩကာသလောက သိတော်မူပုံ .... | ၉၂ |
| မြင်းမိုရ်တောင်စသည်နှင့် နတ် ဗြဟ္မာပြည် .... | ၉၃ |
| စူဠနီစသည် လောကဓာတ် ၃-မျိုး .... | ၉၄ |
| သင်္ခါရလောကကို သိတော်မူပုံ .... | ၉၄ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| နေမင်းပမာ စောမြတ်စွာ | .... | ၉၅ |
| အနုတ္တရောပုရိသဒမ္မသာရထိဆိုင်ရာ | .... | ၉၅ |
| ယောကျ်ား ၃-မျိုး လူဆိုး ယဉ်ကျေး | .... | ၉၅ |
| အောင်ခြင်း ၈-ပါးနှင့် အာသီသပတ္ထနာ | .... | ၉၆ |
| မာရ်နတ်ကို အောင်တော်မူပုံ | .... | ၉၈ |
| မြေကြီးကို သက်သေထူသော ဘုရားလောင်း | .... | ၉၉ |
| ရန်ကင်းကြောင်း အလင်္ကာကျမ်းလာ ဂါထာ | .... | ၁၀၀ |
| အာဠဝကဘီလူးကို အောင်တော်မူပုံ | .... | ၁၀၁ |
| ကတိသစ္စာ တည်သောခါဝယ် | .... | ၁၀၁ |
| လက်နက် ၉-စုံ ခြေသုတ်ဖုံဖြစ် | .... | ၁၀၂ |
| အာဠဝကဘီလူး၏ ပုစ္ဆာ ၄-ချက် | .... | ၁၀၂ |
| နာဠာဂီရိဆင်ကို အောင်တော်မူပုံ | .... | ၁၀၃ |
| ကိုယ်မချိ အမိသော်လဲ သားတော်ခဲ | .... | ၁၀၃ |
| အင်္ဂုလိမာလကို အောင်တော်မူပုံ | .... | ၁၀၄ |
| ကိုယ့်ထက်သာ မနာလိုကြ လူ့လောက | .... | ၁၀၄ |
| သီတာရေစင် မိခင်မေတ္တာ | .... | ၁၀၅ |
| ဒေဝဒတ်နှင့် ရာဟုလာအပေါ် ဘုရားမေတ္တာညီမျှပုံ | .... | ၁၀၆ |
| ဒေဝဒတ် အဋ္ဌိဿရပစ္စေကဗုဒ္ဓါဖြစ်မည် | .... | ၁၀၆ |
| စိဉ္စမာဏဝိကာကို အောင်တော်မူပုံ | .... | ၁၀၈ |
| ရက်စက်ယုတ်မာသော တိတ္ထိများ | .... | ၁၀၈ |
| အဖျက်သမားများကြောင့် ဘုရားဂုဏ် ထင်ရှားသည် | .... | ၁၀၉ |
| သစ္စကပရိဗိုဇ်ကို အောင်တော်မူပုံ | .... | ၁၀၉ |
| ဘုရားနှင့်ပြိုင်လိုသူ သစ္စက၏ အတ္တဝါဒ | .... | ၁၁၀ |
| အနောက်အပြောင်ကောင်းသော ဒုမ္မုခ မင်းသား | .... | ၁၁၀ |
| နန္ဒောပနန္ဒနဂါးမင်းကို အောင်တော်မူပုံ | .... | ၁၁၀ |
| နဂါးမင်းနှင့် အရှင်မောဂ္ဂလာန်တို့ လှုပ်ရှားမှု ကျိုဝှက်သဲဖို | ... | ၁၅၀ |
| ဗကဗြဟ္မာကို အောင်တော်မူပုံ | .... | ၁၁၁ |
| ဗြဟ္မာကို မာရ်နတ်ပူးဝင် နှောင့်ယှက်ပုံ | .... | ၁၁၂ |
| ဗြဟ္မာတသောင်း အရိယာဖြစ်ကြ | ... | ၁၁၂ |

အကြောင်းအရာ စာမျက်နှာ


ကိုယ်ပျောက်ဂါထာ ပါဌ် မြန်မာ .... ၁၁၂
သတ္တာဒေဝ မနုဿာနံ ဂုဏ်တော်ဆိုင်ရာ .... ၁၁၃
ဇာတိ အာဏာ ဝိသယ ၃-ခေတ်အထူး .... ၁၁၃
တန်ခိုးပြာဋိဟာ ၃-မျိုး .... ၁၁၃
လောကီဝိဇ္ဇာများနှင့် အပြစ်အနာအဆာ .... ၁၁၄
စန္ဒကူး သပိတ်နှင့် စပ်၍ တန်ခိုးမပြရဟု ဘုရားပညတ်ပုံ .... ၁၁၅
ဘုရားတဆူ၌ ကျွတ်တမ်းဝင်ကြသူ အရေအတွက် .... ၁၁၆
နတ်ဗြဟ္မာများအတွက် လူ့ပြည်၌သာ ဘုရားပွင့်ပုံ .... ၁၁၆
လယ်တီမိန့်မြွက် ဆုံးမချက် တေးထပ် .... ၁၁၇
ဗုဒ္ဓဂုဏ်တော်ဆိုင်ရာ .... ၁၁၈
သစ္စာ ၄-သွယ် သိမှတ်ဖွယ် .... ၁၁၈
သိကြား ၃၆-ဆက် အသက်ရှည်သော မန္ဓာတ်မင်းကြီး .... ၁၁၉
ဗုဒ္ဓဉာဏ်တော် ၁၄-ပါး (သစ္စာ ၄၊ ပဋိသမ္ဘိဒါ ၄၊ အသာဓာရဏ ၆) .... ၁၂၀
အရိယာတိုင်း ပဋိသမ္ဘိဒါဉာဏ်မရ .... ၁၂၁
အသာဓာရဏဉာဏ်တော် ၆-သွယ် ကြည်ညိုဖွယ် .... ၁၂၁
အရှင်သာရိပုတ္တရာ၏အမှား .... ၁၂၂
အဓိဒေဝဉာဏဒဿန ၈-ပါး .... ၁၂၂
အမှတ် ၂-အမှတ် ၈-ဂုဏ်တော် ၂-ပါးအထူး .... ၁၂၃
ရသေ့ညီနောင် ရှင်တထောင်ချွတ်ခန်း .... ၁၂၃
တန်ခိုးကြီးပေမဲ့ ငါလို ရဟန္တာမဟုတ် .... ၁၂၃
မြောက်ကျွန်းဘုရား ဆွမ်းခံကြွ ဇမ္ဗူသပြေသီးကောက်လာ .... ၁၂၄
တန်ခိုးပေါင်း ၃၅၀၀-အထိ စိတ်မမှန် .... ၁၂၄
ဘဂဝါဂုဏ်တော်ဆိုင်ရာ .... ၁၂၅
(၁)ဣဿရိယ ဘုန်းတော်အပြား .... ၁၂၅
ကာယိဿရိယ အဏိမာစသော ဘုန်းတော်များ .... ၁၂၆
ရာဟုကြီး မပုံ့လို၍ ဘုရားထံမသွား .... ၁၂၇
ဘုရားကို ဝါးလုံးထောင်၍တိုင်းသော ပုဏ္ဏား .... ၁၂၇
၂-လှမ်း၊ ၃-ဖဝါး တာဝတိံသာကြွသွားတော်မူပုံ .... ၁၂၈

အကြောင်းအရာ စာမျက်နှာ

(၂)ခမှ (၃)ယသဘုန်းတော်ဆိုင်ရာ .... ၁၃၀
အခြံအရံများပုံ နှိုင်းစရာဥပမာများ .... ၁၃၁
တရားမဏ္ဍပ်ကြီးနှင့်တူသော ဇမ္ဗူဒိပ်ကျွန်း .... ၁၃၁
ကျော်စောထင်ရှားပုံနှင့် သတင်းထောက် သာတာဂိရိ .... ၁၃၂
မိန်းမအာဇာနည် မယ်ကာဠီနှင့် ကောလာဟလ ၃-မျိုး .... ၁၃၃
(၄)သိရီ ဘုန်းတော်ဆိုင်ရာ .... ၁၃၃
လက္ခဏာတော်ကြီး ၃၂၊ ငယ် ၈၀ .... ၁၃၃
၁၀၈-ကွက် စက်လက္ခဏာနှင့် အလှဆုံးဘုရား .... ၁၃၆
မာရ်နတ်ဖန်ဆင်းသော ဘုရားပုံတော် .... ၁၃၆
ကျားရန်ကိုပင် သမင်မကြောက် .... ၁၃၆
ဘုရားကို အမြဲဖူးလို၍ ဝက္ကလိ ရဟန်းပြု .... ၁၃၆
(၅)ကာမဘုန်းတော်ဆိုင်ရာ .... ၁၃၇
အကွက်ကောင်းချောင်းသူ တိတ္ထိများဉာဏ် မိန်းမဆန်သည် .... ၁၃၈
သရက်ပင် နေ့ချင်းကြီးပုံနှင့် တိတ္ထိများပြေးပွဲ .... ၁၃၈
(၆) ပယတ္တ ဘုန်းတော်ဆိုင်ရာ .... ၁၃၉
ဗုဒ္ဓ၏ဆောင်ရွက်ချက် ပုရေဘတ္တ စသည် ၅-မျိုး .... ၁၃၉
တရားထိုင်လျှင် ဘုရားရှင် အလျင်ကြွလာမြဲ .... ၁၄၀

## တရားတော်မြတ် ဂုဏ် ၆-ရပ်

တရားဂုဏ်တော် ၆-ပါးတွင် သွာက္ခာတဂုဏ်တော်ဆိုင်ရာ .... ၁၄၂
အဇာတသတ်သည် သဲကိုဆီပွတ်မရပဲကိုပင် ပွတ်လို၍ .... ၁၄၃
ဗုဒ္ဓ၏လိုက်လျောတော်မူချက်နှင့် အဇာတသတ် ....
ဘုရားဒကာ ဖြစ်ပုံ .... ၁၄၄
အဇာတသတ် ဝိဇိတာဝီ ပစ္စေကဗုဒ္ဓါဖြစ်မည် .... ၁၄၄
လုလင်ပျိုရုပ်ကြည့်၊ မတ်ရပ်အသက်ကုန်သော ဘိက္ခုနီ .... ၁၄၆
မဇ္ဈေကလျာနှင့် တရားကျင့်၍ ချမ်းသာကြသူများ .... ၁၄၆
ဆွမ်းအမ၏သဒ္ဓါနှင့် အယျမိတ္တ နှလုံးသွင်း .... ၁၄၇
အရိယာမြတ် လူနတ်ကြည်ညို .... ၁၄၈
သန္ဒိဋ္ဌိကဂုဏ်တော်ဆိုင်ရာ .... ၁၄၉

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဥရုဝေလပင် ဆရာလေလော | .... | ၁၅၀ |
| ထောင်ပေါင်းများစွာ သောတာပန်အရိယာ | .... | ၁၅၁ |
| ပထမဆုံး ကျောင်းဒကာ ဗိမ္ဗိသာရ | .... | ၁၅၁ |
| ကာမဂုဏ်အပြစ်ဆိုင်ရာ ဥပမာများ | .... | ၁၅၂ |
| ကာမဂုဏ်ကင်း အိမ်ရှေ့မင်းထက် ချမ်းသာထွက်၏ | .... | ၁၅၂ |
| ကာမဂုဏ် ၁၀ ါချ၍ ဇောတိက ချမ်းသာသည် | .... | ၁၅၃ |
| အလောင်းမင်းသားစကား နားမဝင်သော မင်းချင်း ၅-ဦး ဘိလူးစားခံရ | .... | ၁၅၆ |
| ပစ္စေကဗုဒ္ဓါအရှင်မြတ်များ၏ ပရိတ်သဲ ပရိတ်ချည် | .... | ၁၅၇ |
| တနည်း–သန္ဒိဋ္ဌိက မှတ်ဖွယ် | .... | ၁၅၇ |
| အကာလိကဂုဏ်တော်ဆိုင်ရာ | .... | ၁၅၈ |
| သံဃာ ၄-ပါး ပြုစုသူ ကျွန်မ သောတာပန်နတ်သမီးဖြစ် | .... | ၁၅၈ |
| အာတုရံ အသုစိံ နှင့်အညီ နှလုံးသွင်းဖွယ် | .... | ၁၅၉ |
| ရုပ်နာမ် ၂-ပါးကို အနိစ္စစသည် ပွားပုံလင်္ကာ | .... | ၁၅၉ |
| ဧဟိပဿိက ဂုဏ်တော်ဆိုင်ရာ | .... | ၁၆၀ |
| ဘုရားရှုကိုပင် အဖက်မတန်ထင်သော ဘုရားအလောင်း | .... | ၁၆၀ |
| မိန်းမဖြစ်သွားသော သေရေယျသူဌေးသား | .... | ၁၆၁ |
| ကိုယ့်ဝမ်းလွယ်မွေး ကိုယ့်သွေးအစစ် သာ၍ချစ် | .... | ၁၆၂ |
| ဩပနေယျိက ဂုဏ်တော်ဆိုင်ရာ | .... | ၁၆၂ |
| ဥစ္စာဟူသည် ဆွေမျိုးကိုလည်း သတ်သည် | .... | ၁၆၃ |
| ကောသလတိုင်း၌ အရိယာ ၅-ကုဋေကျော် | .... | ၁၆၃ |
| ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ ဂုဏ်တော်ဆိုင်ရာ | .... | ၁၆၄ |
| သာသနာစံပြ တိဿထေရ် အလုပ်မှန်ပုံ | .... | ၁၆၅ |
| ၁၂-ယူဇနာ ကြားရသော ပုစ္ဆန်လက်မစည်ကြီး | .... | ၁၆၆ |
| တရားဟောတော်မူပါ အရှင်ဘုရားတို့ | .... | ၁၆၇ |


## အမြတ်သံဃာ ဂုဏ် ၉-ဖြာ


| | | |
|---|---|---|
| သံဃာ့ဂုဏ် ၉-ပါးတွင် သုပ္ပဋိပန္န ဂုဏ်တော်ဆိုင်ရာ | .... | ၁၆၉ |
| ကာမဂုဏ်ခံစားပြီးမှ ရဟန်းပြုပါဘုရား | .... | ၁၇၀ |
| ရှင်သာရိပုတ္တရာ ဆွမ်းငတ်ခံ၍ ဝိနည်းလေးစားပုံ | .... | ၁၇၁ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| သမုတိသံဃာတော်များနှင့် သံဃာဂုဏ် | .... | ၁၇၁ |
| ဥဇုပ္ပဋိပန္နဂုဏ်တော်ဆိုင်ရာ | .... | ၁၇၂ |
| ရွှေလက်ကောက်ပေးသော ကျားကြီး | .... | ၁၇၂ |
| အသိနှင့် ကိုယ်ကျင့်တရား တခြားစီ | .... | ၁၇၃ |
| သက်သတ်လွတ်စားသော ကြောင်သူတော် | .... | ၁၇၃ |
| အညာ ဟိ လာဘူပနိသာ ဂါထာပါဌ်အနက် | .... | ၁၇၄ |
| ဉာယပ္ပဋိပန္န ဂုဏ်တော်ဆိုင်ရာ | .... | ၁၇၅ |
| အသက်ထက် သီလစောင့်သော နွယ်တုပ်ခံကိုယ်တော် | .... | ၁၇၅ |
| ပါရမီရှင် သူဌေးသားရဟန်းနှင့် မာယာထောင်ချောက် | .... | ၁၇၆ |
| အရှင်သုန္ဒရ၏ လက်တကမ်း တိုက်ပွဲ ဘုရားရှင် ကူပုံ | .... | ၁၇၆ |
| သာမီစိပ္ပဋိပန္န ဂုဏ်တော်ဆိုင်ရာ | .... | ၁၇၇ |
| အချင်းချင်း ဟန်ချက်ညီမှ သာသနာတာရှည်မည် | .... | ၁၇၇ |
| သံဃာ ၆၀-နှင့် အနာဂါမ်သာသနာ့မိခင် | .... | ၁၇၈ |
| လင်သတ်မိန်းမ ၉၉-ဘဝ | .... | ၁၇၉ |
| အာဟုနေယျဂုဏ်တော်ဆိုင်ရာ | .... | ၁၈၁ |
| ရှင်မဟာကဿပ၏ ဆင်းရဲသားဝါဒကြောင့် သိကြားမှောင်ခိုရ | | ၁၈၁ |
| ဒါနကျေးဇူး အထူးစုံစွာ | .... | ၁၈၀ |
| ပါဟုနေယျဂုဏ်တော်ဆိုင်ရာ | .... | ၁၈၃ |
| ဝိသာခါကျောင်းအမကြီး ဖြစ်ရပ်စုံ | .... | ၁၈၃ |
| ရာဇဂြိုဟ် မြေပေါက်သူဌေး ၅-ဦး | .... | ၁၈၄ |
| မဟာလ္လတာတန်ဆာဆိုင်ရာသိဖွယ် | .... | ၁၈၅ |
| ချွေးမကပင် မိခင်ရာထူး ဘဝကူး | .... | ၁၈၅ |
| ဝိသာခါ၏ကောင်းမှု ဆု ၈-ပါး | .... | ၁၈၆ |
| ဒက္ခိဏေယျ ဂုဏ်တော်ဆိုင်ရာ | .... | ၁၈၇ |
| မိမိအတွက် ရည်သော အလှူများ ကောင်းကျိုးရပုံ | .... | ၁၈၇ |
| ရွှေမလောက်လျှင် ဘုရားကို ရေဥ္သသာ ပစ်ချပါ | .... | ၁၈၇ |
| မိန်းမအချို့ ပြာသာဒ်သို့တင် အပြင်တံခါး ပိတ်၍ထားလည်း | .... | ၁၈၈ |
| ဘုန်းကံထူးသူ နတ်များကူ၏ | .... | ၁၈၈ |
| ဇဋိလထက်သာသော သူဌေးကြီးများ | .... | ၁၈၉ |

# အခြေခံ သာသနာရေး

အကြောင်းအရာ — စာမျက်နှာ


တသိန်းတန် ကမ္ဗလာကို မဝတ်လို၍ ငိုသောကျွန်မ .... ၁၈၉
သေသူအတွက် ရည်သောအလှူများ ကောင်းကျိုးရပုံ .... ၁၉၁
မင်းသား ၃-ပါး တဝါတွင်းလုံး ၁၀-ပါးသီလစောင့်ပုံ .... ၁၉၁
ဗိမ္ဗိသာရ၏ ဆွေမျိုး ပြိတ္တာ ၈၄၀၀၀ .... ၁၉၁
သီလရှိသူလှူ၍ ဝေမှ အမျှရ .... ၁၉၂
အဉ္ဇလီကရဏီယဂုဏ်တော်ဆိုင်ရာ .... ၁၉၂
မဋ္ဌကုဏ္ဍလီဝတ္ထု တကြိမ်ရှိခိုး ကောင်းကျိုး အသင်္ချေ .... ၁၉၄
ပရိသတ်များ မယုံနိုင်အောင် ရှိနေဆဲဝယ် .... ၁၉၅
မဟာကပ္ပိန ဘုရင်နှင့် အမတ် ၁၀၀၀-မြင်းစီး၍ မြစ်ကူး .... ၁၉၅
အနုတ္တရံ ပုညက္ခေတ္တံ လောကဿ ဂုဏ်တော်ဆိုင်ရာ .... ၁၉၆
တယောက်စာ ဘုရားနှင့် သံဃာ ၅၀၀-စားမကုန် .... ၁၉၆
ကာကဝလိယ မောင်နှံ သူဌေးဖြစ်ကြပုံ ဇာတ်လမ်းစုံ .... ၁၉၇
မာတုဂါမ အတွေ့ သေနေ့ရောက်လဲ မေ့နိုင်ခဲ .... ၁၉၈
၈၀-ကျော်အဖွား၏ တရားရစရာ စေတနာ .... ၁၉၉
ရွှေ ငွေ ရတနာ အဖြာဖြာပြည့်လျှံ သောတာပန် .... ၂၀၀
ဗုဒ္ဓ ဓမ္မ သံဃ ကြည်ညိုမှုဆိုင်ရာ ပညာပေး တိုက်တွန်းချက် .... ၂၀၁
ကမ္မဿကတာ ပညာနှင့်စပ်၍ ဃောသက သူဌေးဖြစ်ရပ် .... ၂၀၃
ခွေးလိမ္မာ၏ စေတနာ တာဝတိံသာသို့ .... ၂၀၃
သူဌေးဓမ္မတာ ဌေးဘို့သာ ထပ်ရှာသည် .... ၂၀၄
သူတပါးမနာလို ကိုယ်သာဆင်းရဲ ဘေးတွေ့မြဲ .... ၂၀၆
သူဌေးသမီးအချစ်ကြီး၍ သူ့ပစ္စည်းဖြစ်အောင် ဉာဏ်ရှေ့ဆောင် ၂၀၇
ကုက္ကုဋနှင့် ပါဝါရိက သူဌေး ၂-ဦးလည်း ကျောင်းဒကာဖြစ် ၂၀၉
ကံကျိုးမြော်မြင် ပညာရှင် တွင်တွင်အားထုတ်ပါ .... ၂၀၉
ဘုရားပင့်ဆိုင်ရာ အဓိပ္ပာယ် .... ၂၁၁
စိက်သာရှင်စော ဘုရားဟောခဲ့ .... ၂၁၂
ပရိနိဗ္ဗာန်ဝင်စံပြီးဘုရား ပင့်ရပါ့မလား .... ၂၁၁
ရုပ်တုတော် ဆွမ်းမစားသော်လည်း ဆွမ်းတော်တင် .... ၂၁၁
စိတ်ကူးဖြင့် တာဝတိံသာရောက်ပုံ .... ၂၁၂

အကြောင်းအရာ　　　　　　　　　　　　　　　　စာမျက်နှာ

## ကန်တော့ခန်းဝယ် သိမှတ်ဖွယ်


ဩကာသ ကန်တော့ခန်းဆိုင်ရာ အဓိပ္ပာယ် .... ၂၁၃
ဩကာသ ဖြစ်ပေါ်လာချိန် .... ၂၁၃
သထုံမှ ပုဂံသို့ သာသနာရောက်သည် .... ၂၁၄
သရေခေတ္တရာနှင့် မြန်မာပြည် အလယ်ပိုင်းသာသနာ .... ၂၁၄
ဩကာသနှင့် ကာယကံစသည် .... ၂၁၆
ရည်ရွယ်ချက်စုံအောင် ပြင်ထားသော ဩကာသ .... ၂၁၆
အရှိအသေ လက်အုပ်မိုး ရှိခိုးခြင်း .... ၂၁၆
ကာယ ဝစီ မနော ဝန္ဒနာများ .... ၂၁၇
ဘုရားရှိခိုးပြီး သံဃာလှည့်၍ ရှိမခိုးရ .... ၂၁၈
ရှိခိုးမှု၏ မျက်မှောက်ကျိုး ရနိုင်ပုံ .... ၂၁၈
မိတ်ဆွေရန်သူ အားရှိသူနိုင်နှင့်၊ ယတြာချေခြင်း .... ၂၁၉
ရှိခိုးမှု၏ တမလွန်ကျိုး .... ၂၂၀
ပူဇော် ဖူးမြော် မာန်လျှော့ .... ၂၂၀
ကျေးဇူးရှင် ဆရာတော်ကြီး ၂-ပါး ဘုရားဖူးပုံ .... ၂၂၁
ကန်တော့ဆွမ်းပါ ဘုရားဖြင့် ကန်တော့ခြင်း .... ၂၂၁
ဒွါရဖြင့် ရှိခိုးခြင်း ကျမ်းဂန်နှင့် ညီသည် .... ၂၂၂
ပါဠိတော်နည်း ကန်တော့ခန်းဆိုင်ရာအဓိပ္ပာယ် .... ၂၂၂
ပြည်ပွင့်လှသိမ်ကုန်း အစဉ်အလာ .... ၂၂၃
ကန်တော့မှုအကျိုး အားကိုးဖွယ်ရာ .... ၂၂၃
အဇာတသတ်နှင့် ဒေဝဒတ်တို့ ကန်တော့ကျိုးရ၏ .... ၂၂၃
ဩကာသတွင် ဆုတောင်းမှုဆိုင်ရာသိဖွယ် .... ၂၂၄
အပါယ် ၃-ပါး ငရဲကြီး ၈ထပ် ယမမင်းနှင့် ငရဲထိန်း .... ၂၂၄
ငရဲငယ် ၅. ထပ် ယင်းမှလွတ်ပေမဲ့ ကံမကုန် ပြန်ရောက် .... ၂၂၆
လောကန္တရိက်ငရဲနှင့် မြေ ရေ လေထုများ ယူဇနာ .... ၂၂၆
တိရစ္ဆာန် ပြိတ္တာ အသူရကာယ် .... ၂၂၇
ကပ် ၃-ပါး ရပ်ပြစ် ၈-ပါး .... ၂၂၈
သုပ္ပဗုဒ္ဓ တူသမက် ဗုဒ္ဓကို ဆန့်ကျင်၍ မြေမျို .... ၂၂၉
ရန် ၅-ပါး ဝိပ္ပတ္တိ ၄-ပါး ဗျသန ၅-ပါး .... ၂၃၀
ရောဂါမျိုး ၉၆၊ ၉၈ သရုပ် .... ၂၃၁

# အခြေခံ သာသနာရေး


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ကံကြမ္မာ ၃၂၊ ဘေး ၂၅၊ ဥပဒ္ဒဝေါ ၁၆-သရုပ် | .... | ၂၃၁ |
| ဒုက္ခ ၁၀-ပါး အပြစ် ၈-ပါးသရုပ် | .... | ၂၃၂ |
| မဂ်ဖိုလ်ဉာဏ် ၈-နှင့် သောတာပန်စသည် | .... | ၂၃၄ |
| နိဗ္ဗာန်ဆိုင်ရာသိဖွယ်(အသင့်ပြည့်စုံသည်) | .... | ၂၃၅ |
| နိဗ္ဗာန်နှင့် သခ်ါရကွဲပုံ | .... | ၂၃၅ |
| နိဗ္ဗာန်အရောင်နှင့် သဗ္ဗတောပဘံ အဓိပ္ပာယ် ၃-မျိုး | .... | ၂၃၆ |
| နိဗ္ဗာန်၌ ရုပ်နာမ်ငြိမ်းပုံ ကေဝဋ္ဋသုတ် | .... | ၂၃၇ |
| နိဗ္ဗာန်၌ ရုပ်ထူး နာမ်ထူးရှိသလော | .... | ၂၃၈ |
| နိဗ္ဗာန်၏ ရသ ပစ္စုပဋ္ဌာန် | .... | ၂၃၉ |
| တလံမျှလောက် ကိုယ်တွင်း၌ နိဗ္ဗာန်ရှိသည် | .... | ၂၄၀ |
| နိဗ္ဗာန်တမျိုးသာ၊ သို့သော် ၂-မျိုး | .... | ၂၄၀ |
| ပစ်လိုက်သောမြား အရှိန်ကုန်မှ ပြန်ကျ | .... | ၂၄၁ |
| အင်္ဂုလိမာလသွားရာ ခဲမိုးရွာ | .... | ၂၄၁ |
| ရဟန္တာနှင့် ဝန်ထုပ် ၃-မျိုး ဝန်ထုပ်ကျမှ ချမ်းသာ | .... | ၂၄၁ |
| လခစားများ လကုန်ရက်မျှော် အနုပါဒိသေသနိဗ္ဗာန် | .... | ၂၄၂ |
| နိဗ္ဗာန် ၃-မျိုး နိဗ္ဗာန်၌ ခံစားမှုမရှိ ချမ်းသာပါ့မလား | .... | ၂၄၃ |
| စကြာမင်းစည်းစိမ်နှင့် နိဗ္ဗာန် အနိမိတ္တ အပ္ပဏိဟိတ | .... | ၂၄၃ |
| ဥပမိ ၄-ပါး တဏှာနှင့် နိဗ္ဗာန် | .... | ၂၄၄ |


## သီလခန်းမှာ သိစရာ


| | | |
|---|---|---|
| ၅-ပါးသီလဆိုင်ရာ သိဖွယ် | .... | ၂၄၆ |
| စကြာမင်း ကမ္ဘာကို ၅-ပါးသီလဖြင့် အပ်ချုပ်သည် | .... | ၂၄၆ |
| ဝိရတီ ၃-မျိုး အနာထပိဏ်သူဌေး သီလပေးပုံ | .... | ၂၄၆ |
| မတောင်းဘဲပေးလျှင် မလေးစား | .... | ၂၄၇ |
| ရှင်သာရိပုတ္တရာ မြေညီအောင် ချောက်ထဲ ခဲချ | .... | ၂၄၇ |
| နမောတဿဆိုင်ရာ သိကြားနှင့် နတ်မင်းကြီးများ | .... | ၂၄၈ |
| ငါ့လို အသက်ရှည်လိုလျှင် နေ့စဉ် နမောတဿ အချိန်ရသမျှဆို | | ၂၄၉ |
| သရဏဂုံ ၃-ပါးဆိုင်ရာ သာသနာတွင်းသာ ရသည် | .... | ၂၅၀ |
| သိကြားမှောင်ခို အရောင်လို၍ | .... | ၂၅၀ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| သရဏဂုံတည်လျှင် နတ်ပြည်ကိန်းသေ | .... | ၂၅၀ |
| သိက္ခာပုဒ် ၅-ပါး သီလဆိုင်ရာ | .... | ၂၅၁ |
| ပါဏာတိပါတဆိုင်ရာ ကျိုးပြစ် | .... | ၂၅၂ |
| အဒိန္နာဒါနဆိုင်ရာ ကျိုးပြစ် | .... | ၂၅၂ |
| ကာမေသုမိစ္ဆာစာရဆိုင်ရာ ကျိုးပြစ် | .... | ၂၅၃ |
| မုသာဝါဒဆိုင်ရာ ကျိုးပြစ် | .... | ၂၅၃ |
| သုရာမေရယဆိုင်ရာ ကျိုးပြစ် | .... | ၂၅၄ |
| သိုးမွေးအမျှ ငရဲကျ မယားငယ်တွေ အပင်းဆို့နေကြဟဲ့ | .... | ၂၅၄ |
| ရှင်အာနန္ဒာအလောင်း မိုက်သမျှ ခံခဲ့ရ | .... | ၂၅၅ |
| လင်စုံမယားဖက် နိဗ္ဗာန်တက်ရအောင် | .... | ၂၅၅ |
| ပိသုဏာဝါစာစသည် မပါပေမဲ့ ၅-ပါး သီလ မညှိုး | .... | ၂၅၅ |
| မုသာဝါဒကြောင့် စေတိယမင်း မြေမျို | .... | ၂၅၆ |
| သုရာကြောင့် သာဂတထေရ် ရေမြွေကိုမျှ မနိုင် | .... | ၂၅၇ |
| ၈-ပါးသီလခန်းဆိုင်ရာ သိဖွယ် | .... | ၂၅၉ |
| သမီးတော် ၇-ယောက်နှင့် ၂-သောင်း သီလစောင့်ကြ | .... | ၂၅၉ |
| ဆင်းရဲမျိုးစုံ မေထုန်ကစ တွေ့ကြုံရ | .... | ၂၆၀ |
| ကောမာရဗြဟ္မစရိယ သီလတောင်းပုံ | .... | ၂၆၀ |
| ကျိုးပေါက် ပြောက်ကျား မေထုန်ငယ် ၇-ပါး | .... | ၂၆၁ |
| ဝိကာလဘောဇနအဖွင့် | .... | ၂၆၁ |
| ကာမဂုဏ်ချုပ်တည်း ကိစ္စနည်းဖို့ | .... | ၂၆၂ |
| ဧကဘတ္တိက ဆက္ကသီလ | .... | ၂၆၂ |
| နစ္စဂီတ စသည်အဖွင့် ပွဲကြည့်ပါလျက် သီလမပျက် | .... | ၂၆၃ |
| ဥစ္စာသယန မဟာသယနအဖွင့် | .... | ၂၆၄ |
| ဥပုသ်စောင့်သည့်ဆိုရာဝယ် | .... | ၂၆၄ |
| သိကြားရှိခိုး သီလကျိုး | .... | ၂၆၄ |
| ဥပုသ်ကာလ အပိုင်းအခြား ဥပုသ်နေ့များ | .... | ၂၆၅ |
| ဂေါပါလစသည် ဥပုသ် ၃မျိုး အရိယ ဥပုသ် ၆-မျိုး | .... | ၂၆၅ |
| ရင်ဖွင့်ရှင်မြူး စိတ်ကြည်နူးဘို့ သိကျုးဖွယ်ရာ ပါဠိ မြန်မာ | .... | ၂၆၆ |
| အာဇီဝဋ္ဌမကသီလအဖွင့် | .... | ၂၆၇ |
| သဘာဝ သုဗ္ဗတ သီလ ၂-မျိုး | .... | ၂၆၇ |

# အခြေခံ သာသနာရေး


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| သုဗ္ဗတသီလ ၄-မျိုးတွင် စေတနာ သီလစသည် | .... | ၂၆၈ |
| အာဇီဝဋ္ဌမကသီလထက် ၅-ပါး သီလမြတ် | .... | ၂၆၉ |
| သံဝရသီလ ၅-ပါးနှင့် အဝီတိက္ကမသီလ | .... | ၂၇၀ |
| အာဇီဝဋ္ဌမကသီလ စောင့်အပ် မအပ် | .... | ၂၇၁ |
| ဓမ္မိယလဒ္ဓ ပစ္စည်းနှင့် သမ္မာအာဇီဝ | .... | ၂၇၁ |
| ကုက္ကုဋ္ဌမုဆိုး သား ၇၊ ချွေးမ ၇-နှင့်အတူ သောတာပန်ဖြစ်၏ | | ၂၇၂ |
| နဝင်္ဂဥပုသ် သီလအဖွင့် | .... | ၂၇၂ |
| မေတ္တာသည် သီလမဟုတ် ဘာဝနာသာ | .... | ၂၇၃ |
| ၅၂၈-သွယ် မေတ္တာပွားပုံ မြောက်ပွားပုံပါ | .... | ၂၇၃ |
| မေတ္တာသုတ် ပရိတ် ဖြစ်ပေါ်လာရပုံ | .... | ၂၇၆ |
| ရဟန်းတော် ၅၀၀-တစ္ဆေခြောက်၍ ပြေးကြရာဝယ် | .... | ၂၇၇ |
| မေတ္တာအကျိုး ၁၁-ပါးနှင့် မေတ္တာသုတ်လာ ပို့နည်း | .... | ၂၇၇ |
| မေတ္တာအကျိုး တန်ခိုးများစွာ | .... | ၂၇၈ |
| မေတ္တာပို့၍ ရောက်နိုင်ပုံ | .... | ၂၇၉ |
| ပို့သူ၏မေတ္တာကို မပြန်က ဒဏ်ခံရသည် | .... | ၂၇၉ |
| မိခင်နှင့် သားပမာ ဘုရား မေတ္တာ | .... | ၂၈၀ |
| မေတ္တာပွားမှုဆိုင်ရာ ရှေးဦးမေတ္တာ မပွားထိုက်သူ ၆-ဦး | .... | ၂၈၁ |
| အတ္တ ပိယ မဇ္ဈတ္တ ဝေရီတို့၌ မေတ္တာ ပွားပုံ | .... | ၂၈၁ |
| ရန်ငြိုးဖျောက်နည်း ၁၁-မျိုး | .... | ၂၈၄ |
| (၅)ဘုရားရှင်၏ ဆင်ခြင်ဖွယ်ရာ ဩဝါဒများ | .... | ၂၈၅ |
| သီမသမ္ဘေဒ(ပုဂ္ဂိုလ် ၄-ပါး မခြား) မေတ္တာ လက္ခဏာ | .... | ၂၈၈ |
| ၁၀-ပါးသီလ အဖွင့် နစ္စနှင့် မာလာ ခွဲထားပုံ | .... | ၂၈၉ |
| ရွှေ ငွေ ရှောင်ကြဉ်ဖွယ် ၅-မျိုး | .... | ၂၈၉ |
| ရွှေငွေနှင့်စပ်၍ လိုက်နာကျင့်သုံးဖွယ် | .... | ၂၉၀ |
| ဤဘိရို လုံခြုံသည် ပြောကောင်း၏ | .... | ၂၉၀ |
| ရှိရင်းရွှေငွေကို အာလယမပြတ်သော်လည်း | .... | ၂၉၁ |
| ၁၀-ပါးသီလ လူများ စောင့်ကောင်း မကောင်း | .... | ၂၉၂ |
| ၁၀-ပါးသီလ လူများ မစောင့်ကောင်း ဝါဒ | .... | ၂၉၃ |
| ၁၀-ပါးသီလ လူများ စောင့်ကောင်းပုံ သာဓက | .... | ၂၉၃ |
| နေ့ရက်အချိန်မရွေး ဥပုသ်စောင့်ကောင်းပုံ | .... | ၂၉၅ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၁၀-ပါးသီလ ကျိုးရပြည့်လျှမ်း သိန်းသန်းကုဋေ | .... | ၂၉၆ |
| သီလအကျိုး လွန်အားကိုးဘို့ အကျိုးဆင်ခြင် ကျင့်ရန်ပင် | .... | ၂၉၇ |
| သီလ ၂-မျိုးတွင် စာရိတ္တသီလဆိုင်ရာ | .... | ၂၉၇ |
| တိံသနိပါတ် ဂန္ဓတိန္ဒုက ဇာတ်တော် | .... | ၂၉၇ |
| တိုင်းပြည်ပျက်ဘူး ကျေးဇူးသိတတ် တည်ပင်စောင့်နတ် | .... | ၂၉၈ |
| ငါဆူးစူးသလို ပဉ္စာလမင်း စစ်မြေပြင်မှာ မြားစူးပါစေ | .... | ၂၉၈ |
| သမီး၂-ယောက် လင်မရ ကျုပ်အမေမှာ ဗျာများရ | .... | ၂၉၉ |
| မယားမလာ မျှော်ကာစိတ်ဆိုး နွားတွန်ထိုးမိ | .... | ၂၉၉ |
| နွားမကြီးဆိုး နွားနို့အိုးလဲ မင်းကိုဆဲ | .... | ၃၀၀ |
| နွားမနှင့်သား ကွဲသွားဆင်းရဲ မင်းကျိန်ဆဲ | .... | ၃၀၀ |
| ကျီးထိုးခံရ ဖားများကျိန်ဆဲကြ | .... | ၃၀၀ |
| မှတ်သားအပ်စွာ ဂရုဓမ္မ ဇာတ်မဟာ | .... | ၃၀၁ |
| တိုင်းပြည်ညွန့်ဖူး ၁၁-ဦးသီလ စောင့်သုံးကြ | .... | ၃၀၁ |
| ဟစ်တိုင်သို့ချီ တိုင်းပြည်ဆန္ဒ တောင်းခံကြ | .... | ၃၀၁ |
| ရေသို့ကျသွား မိမိမြားကြောင့် လိပ်ငါးများစွာ ထိမှန်ရှာလိမ့် | | ၃၀၂ |
| ချွေးမငယ်ငယ် စေတနာကြွယ်၍ မယ်မယ့်သီလ ညစ်နွမ်းရ | | ၃၀၂ |
| သင်္ကေတမှား လူများပင်ပန်း သီလနွမ်းခဲ့ | .... | ၃၀၃ |
| ရထားသစ်မြင် လိုချင်စိတ်ဖြစ် သီလညစ် | .... | ၃၀၄ |
| သတ်လိုစိတ်မပါ တွင်းမှာလှုံ့စိုက် သီလမိုက် | .... | ၃၀၄ |
| နေရာရောက်တိုင်း ဒုန်းစိုင်းပြေးပေ ပင်ပန်းလေခြင်း သိန္ဓောမြင်း | | ၃၀၄ |
| မင်းမပေးခင် ပန်ဆင်ဘို့လုပ် ကောက်တဆုပ် | .... | ၃၀၅ |
| မိုးတိပ်ပြန်ဆင်း စပါးတင်းရေတွက် သံသယငွက် | .... | ၃၀၅ |
| မောင်နှမကို လင်မယားထင် မဆင်ခြင်ဘဲ နှုတ်စွပ်စွဲ | .... | ၃၀၅ |
| သီလစုံစမ်း သိကြားမှန်းသိ ကုက္ကုစ္စရှိသဖြင့် | .... | ၃၀၆ |
| သီလစောင့်လတ် မေ့ပါလဇာတ် | .... | ၃၀၅ |
| ဩော်–ငယ်ငယ်ကလေးနဲ့ သေရသေးသလား | .... | ၃၀၆ |
| ကျုပ်တို့အမျိုး ငယ်ငယ်နှင့် သေရိုးမရှိပါ | .... | ၃၀၇ |
| မဟာဒတ္တထေရ် တစ္ဆေခြောက်မရ | .... | ၃၀၈ |
| မကြောက်သူ ၃-ဦး ပုဂ္ဂိုလ်ထူး | .... | ၃၀၈ |
| လူယောင်ဆောင်သော [illegible] | .... | ၃၀၈ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| တစ္ဆကြောက်၍ ပြေးသည်ဟု အပြောမခံလို | .... | ၃၀၈ |
| မြွေကိုက်ပါလျက် ဆက်တရားနာ | .... | ၃၀၉ |
| သီလ ရှိသူ ကျိုးမူ ၅-ပါး | .... | ၃၀၉ |
| စစ်သည်တော် ၁၀-တပ် မာရ်နတ်လက်ရုံး | .... | ၃၁၀ |
| သီလအားထုတ် အပြင်း နောက်သို့ဆုတ် | .... | ၃၁၀ |
| သီလ၏အဆင့်ဆင့် လောကုတ္တရာကျိုးများ | .... | ၃၁၁ |
| စိတ္တဂုတ်အလောင်း နှစ်ပေါင်း ၆၀-ဂူဝယ်နေလည်း | .... | ၃၁၁ |
| ဘုရင်ပင့်ရာ သူငါကစ ကြွလိုကြလည်း | .... | ၃၁၁ |
| သီလ၏ တမလွန် လောကီ လောကုတ္တရာ ကျိုးများ | .... | ၃၁၂ |
| အလကားပေးသော်လည်း ခုဘဝ နိဗ္ဗာန်မလိုချင် | .... | ၃၁၂ |
| သီလသဘောနှင့် သံသရာပြင်ကျယ် ရေပင်လယ် | .... | ၃၁၂ |
| လူနတ်ချမ်းသာနှင့် သီလ ခွဲမရပါ | .... | ၃၁၃ |
| မြေနှင့်အုတ်မြစ် ကျစ်လစ်ခိုင်မာ သီလသာတည်း | .... | ၃၁၃ |
| ပဥ္စသီလ သမာဒါနိယ မထေရ် ဖြစ်ရပ်စုံ | .... | ၃၁၃ |
| မလှူနိုင်၍ သီလယူငြား သူရင်းငှါး | .... | ၃၁၃ |
| တထိုင်တည်းဖြင့် ၅-နှစ်သား ရဟန္တာ | .... | ၃၁၄ |
| သာသနေ ကုလပုတ္တာနံ ဂါထာ ပါဌ် မြန်မာ | .... | ၃၁၄ |
| ဒုစရိုက် ၁၀-ပါး အဖွင့် ကာမာဝစရကံ ၂၀ | .... | ၃၁၆ |
| ပါဏာတိပါတ နာမ်သက်ကို သတ်မရ | .... | ၃၁၆ |
| ကမ္မပထ မြောက် မမြောက်နှင့် သာဟတ္ထိက ၂-မျိုး | .... | ၃၁၇ |
| အာဏတ္တိက ပယောဂ ၆-မျိုး | .... | ၃၁၈ |
| နိဿဂ္ဂိယ ပယောဂ စသည် | .... | ၃၁၈ |
| အထူးမှတ်ဖွယ် စိတ်စေတနာ ပမာဏဖြစ်ပုံ | .... | ၃၁၉ |
| ဖုတ်သက် ထွက်အောင်ပြု ကိုယ်တိုင်သတ်သေ ရဟန်းဒုက္ကဋ် | .... | ၃၂၀ |
| အပြစ်ကြီးငယ် အသွယ်သွယ် | .... | ၃၂၀ |
| ပြစ်မှုပြု သာမကများ ဝက်နွားသတ်ဘိ အဝိစိ | .... | ၃၂၁ |
| ငှက်တောင်ရိုက်ချိုး ရောဂါဆိုးရ ပုတိဂတ္တ | .... | ၃၂၂ |
| ပြိတ္တာများစွာ သံဝေဂ ယူဖွယ်ရာ | .... | ၃၂၂ |
| တကြိမ်ပြုပြစ် အပြစ်အသင်္ချေ | .... | ၃၂၃ |
| အဒိန္နာဒါန ခိုးခြင်း ၂၅-ပါးမှတ်ဖွယ် | .... | ၃၂၄ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အထူးမှတ်ဖွယ် ကံမထိုက်သော ခိုးယူခြင်းများ | .... | ၃၂၇ |
| အပြစ်ကြီးငယ် အသွယ်သွယ် | .... | ၃၂၇ |
| ပြစ်မှုပြ သာဓကများ မာတလိအဖြေ | .... | ၃၂၈ |
| သံဃာ့ဦးဖျား စားသူများနှင့် သူဌေးသားဆိုးပေ | .... | ၃၂၈ |
| ဝတ်လစ်စလစ်နတ်သမီးနှင့် ပုဆိုးမဆီး ရက္ခစိုးကြီး | .... | ၃၂၉ |
| ကာမေသုမိစ္ဆာစာရအင်္ဂါ ၄-ပါး ၃-ပါး ဝိနိစ္ဆယ | .... | ၃၂၉ |
| မသွားလာအပ်သော အဂမနီယဝတ္ထု ၂၀ | .... | ၃၃၀ |
| အခွင့်ထူးခံ ယောကျာ်းများ | .... | ၃၃၀ |
| အပြစ်ကြီးငယ်နှင့် ပြစ်မှုပြသာဓကများ | .... | ၃၃၁ |
| တောင်ပိ စောက်ထိုး သိန်းစွန်ထိုးလျက် | .... | ၃၃၂ |
| လင် ယောက္ခမမုန်း ယူကျုံးမရ မိစ္ဆာစာရ | .... | ၃၃၂ |
| သင်းကွပ်မယားငယ် လင်စွန့်ပယ် | .... | ၃၃၂ |
| နပုံပဏ္ဍုက် သိုထုတ်ခံရ မိန်းမဘဝ | .... | ၃၃၃ |
| သုရာမေရယ ကာမေသုမိစ္ဆာစာရ၌ သွင်းသင့်ပုံ | .... | ၃၃၃ |
| မသောက်သော်လည်း ကံမြောက်သည် | .... | ၃၃၃ |
| ဆိုးမိုက်ဘုရင် ထိပ်ခေါင်တင် | .... | ၃၃၄ |
| သောက်ကောင်းသော အဖျော်ယမကာ | .... | ၃၃၄ |
| ယစ်မျိုးဆိုင်ရာ ပစ္စုပ္ပန်အပြစ် ၆-ပါး | .... | ၃၃၆ |
| တမလွန်ကျိုး အဆိုးများစွာ | .... | ၃၃၆ |
| ယစ်မျိုးအစ ဘုရားနှင့်ဝရုဏ | .... | ၃၃၆ |
| ပြစ်မှုပြ သာဓကများ သိက္ခာပုဒ်ပညတ်ရပုံ | .... | ၃၃၇ |
| ဣစ္ဆာသယ အိုးစကြာထက် သေရက်ကို မက်သူ | .... | ၃၃၇ |
| ရဟန္တာမျိုးစေ့ အရက်နှင့်တွေ ခေါင်းပြတ်သေ | .... | ၃၃၇ |
| မုသာဝါဒ အာဏတ္တိက စသည်တို့ ရကောင်းပုံ | .... | ၃၃၈ |
| ပါစိတ်လာ လိမ်ပုံ ၈-မျိုး ကုသိုလ်ရအောင် လိမ်ပုံများ | .... | ၃၃၉ |
| ပြစ်မှုပြ သာဓကများ ကျိန်ဆိုမှုသာ ခွေးစားခံရ | .... | ၃၃၉ |
| သီလကိုစပ်း နတ်ပန်း ၄-ကုံးနှင့် ပုဏ္ဏားယုတ် | .... | ၃၄၀ |
| ဝှေးစေ့ကြီးပိုက် တရားသူကြီးမိုက် | .... | ၃၄၁ |
| ပိသုဏဝါစာ အချစ်ပျောက်မှ ကံမြောက်သည် | .... | ၃၄၁ |
| ပြစ်မှုပြသာဓကများ ပိုးလောက်ဘွေဆုတ် ခံတွင်းပုပ်ပြိတ္တာ | .... | ၃၄၂ |

# အခြေခံ သာသနာရေး

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ကိုယ်မှအပ်များ ခံတွင်း၌ဝင် ရင်မှထွက် | .... | ၃၄၂ |
| သွားလေရာ မိန်းမတွဲ ကိုယ့်တော့်ဖြစ်ပုံကဲ | .... | ၃၄၃ |
| ဖရုသဝါစာ စေတနာမကြမ်းလျှင် | .... | ၃၄၃ |
| အင်္ဂ ၃-ပါးနှင့် ကျောင်း၌နေ၍ ရှာသားများကို ဆဲလျှင် | .... | ၃၄၄ |
| မကောင်းကျိုးများနှင့် ပြစ်မှုပြသာဓကများ | .... | ၃၄၄ |
| အသက်ရှင်ဆဲ ငရဲရောက်သည် ရေဝတီ | .... | ၃၄၄ |
| အစားအသောက် ကျင်ကြီးအဖြစ်ရောက် | .... | ၃၄၅ |
| ဝက်နှုတ်သီး ရဟန်းနှင့် မြစ်ရေက သွေးများထွက် | .... | ၃၄၆ |
| လင့်အလှူ မကြည်ဖြူသော မယားကြီး | .... | ၃၄၆ |
| ဖြစ်လွယ်တတ်သော ဖရုသဝါစာ | .... | ၃၄၆ |
| သမ္ဖပ္ပလာပ 'အကျိုးရှိလျှင် လွတ်ဖွယ်ရှိသည် | .... | ၃၄၇ |
| တိရစ္ဆာနကထာနှင့် သမ္ဖပ္ပလာပအထူး | .... | ၃၄၇ |
| ဝါစာ ၃-ပါးနှင့် ကုသိုလ်စသည်အခွဲ | .... | ၃၄၇ |
| မကောင်းကျိုးပြစ်မှုပြ သာဓက ဇာတ်ဆရာနှင့်ပဟာသငရဲ | .... | ၃၄၈ |
| လောဘတိုင်း အဘိဇ္ဈာမမည် | .... | ၃၄၈ |
| ပြစ်မှုပြသာဓက ဒေဝဒတ်လောင်း ရွှဲကုန်သည် | .... | ၃၄၈ |
| ဗျာပါဒလုပ်သမျှ မုန်းစရာသာ | .... | ၃၄၉ |
| ပြစ်မှုပြသာဓက နတ်ပြည်တက်လိုသော မင်းယုတ် | .... | ၃၄၉ |
| သုမသစ္စာ သိကြားကယ်ရောက် မင်းအဖြစ်ရောက် | .... | ၃၅၀ |
| မိစ္ဆာဒိဋ္ဌိဆိုတိုင်း အပါယ်မကျ | .... | ၃၅၀ |
| နိယတမိစ္ဆာဒိဋ္ဌိ ၃-ပါးနှင့် မြေစောင့်သတ္တဝါ | .... | ၃၅၀ |
| အကျိုးပေးပုံနှင့်စပ်၍ ဒိဋ္ဌိ ၃-မျိုးသာရှိပုံ | .... | ၃၅၁ |
| ကမ္ဘာပျက်သော်လည်း ပြောင်းခံရသည် | .... | ၃၅၂ |
| ခွေးကျင့် ခွေးမူ ကြည်ဖြူလေးမြတ် သုနက္ခတ် | .... | ၃၅၂ |
| လက်နှင့်ပုတ်မေး မသာလောင်းက စကားပြောမည် | .... | ၃၅၃ |
| မိဘ ၂ ပါး ပျော်ပါး၍ သားသမီးများ ဖြစ်လာကြ | .... | ၃၅၃ |
| ပြစ်မှုပြသာဓက နေမိမင်းကြီးနှင့် မာတလိနတ်သား | .... | ၃၅၄ |
| ဥစ္ဆေဒသမား လည်ပင်းအိုးဆွဲ ရေထဲဆင်း သေ | .... | ၃၅၄ |
| အကိရိယအယူနှင့် အဝီစိ | .... | ၃၅၄ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| နတ္ထိကသမား ရေတွင်းတွေ လိုက်ဖျက် | .... | ၃၅၄ |
| ကံ-ဒွါမှ ခွဲခြားမှုဆိုင်ရာ မှတ်ဖွယ် | .... | ၃၅၅ |
| ကာယကံ ၃-ပါး ကာယ ဝစီ ၂-ဒွါရ၌ ဖြစ်ပုံ | .... | ၃၅၅ |
| ဝစီကံ ၄-ပါး ကာယ ဝစီ ၂-ဒွါရ၌ ဖြစ်ပုံ | .... | ၃၅၅ |
| မနောကံ ၃-ပါး ၃-ဒွါရလုံး၌ ဖြစ်ပုံ | .... | ၃၅၆ |
| ဒုစရိုက် ၁၀-ပါး ပဓာနမှတ်ချက် | .... | ၃၅၈ |
| ဒုစရိုက် ၄၀-မှတ်သားဖွယ် | .... | ၃၅၉ |
| အရိယုပဝါဒကံဆိုင်ရာ အရိယာဟူသည် | .... | ၃၅၉ |
| ပြစ်မှားမှု ၃-မျိုးနှင့် စင်ကြယ် မစင်ကြယ် | .... | ၃၅၉ |
| ထိပ်တန်း ပုဂ္ဂိုလ် ၂-ဦး သက်သာရာ ရပုံ | .... | ၃၅၉ |
| ပြစ်မှု ၄-မျိုး ထူးခြားပုံ | .... | ၃၆၀ |
| ပြစ်မှုပြသာဓက ဇွဲကြီးသော ကောကာလိက | .... | ၃၆၀ |
| ဘုရားက ငါ့လယ်ကို ထွန်ပေးမှာလား | .... | ၃၆၁ |
| ကန်တော့ကျိုးပြသာဓက သူသတ် ၃၁-ဦး ကျွတ်တမ်းဝင်ဘူး | | ၃၆၁ |
| ပိတ်ချင်းသီးများ ကြွက်ချေးဖြစ်ရ | .... | ၃၆၁ |
| ကာမသောင်းကျန်း အငမ်းမရ သောရေယျ | .... | ၃၆၂ |
| ငမ်းငမ် တက် ကိုယ်တော်ကြီးဘဲ | .... | ၃၆၂ |
| မိတ္တဒုဗ္ဘိကံဆိုင်ရာ ခင်ပွန်းကြီး ၁၀-ပါး | .... | ၃၆၃ |
| ဇာတ်တော် ၂-ခုအဆို အရိပ်နေနေ အခက်ချိုးချိုး | .... | ၃၆၃ |
| ညောင်ပင်ကြီးပမာ ကျေးဇူးဆပ်သူမှာ | .... | ၃၆၄ |
| သုစရိုက် ၁၀-ပါးအဖွင့် ကာမကုသိုလ်ကံ ၈-ပါး | .... | ၃၆၄ |
| သုစရိုက် မည်ပုံနှင့် ကံအခွဲ | .... | ၃၆၅ |
| ပိသုဏဝါစာ ဝိရတီ စသည်တို့၏ အကျိုးများ | .... | ၃၆၅ |
| ကံဒွါရခွဲခြားမှုဆိုင်ရာ မှတ်ဖွယ် | .... | ၃၆၆ |
| ကံ ၃-ပါးတို့ ၃-ဒွါရလုံး၌ပင် ဖြစ်ကြပုံ | .... | ၃၆၆ |
| သုစရိုက် ၁၀-ပါး ပဓာနမှတ်ချက် | .... | ၃၆၇ |
| သုစရိုက် ၄၀-မှတ်သားဖွယ် | .... | ၃၆၈ |
| ပုညကြိယာဝတ္ထု ၁၀-ပါးအဖွင့် | .... | ၃၆၈ |
| ပုညကြိယာဝတ္ထုမည်ပုံ | .... | ၃၆၈ |

အကြောင်းအရာ ... စာမျက်နှာ

## ဒါန်ဆိုင်ရာ အဖြာဖြာ


ဒါနဆိုင်ရာ သိဖွယ် ဒါန တရားကိုယ် ၆-ပါး .... ၃၆၉
ဝတ္ထုဒါန အာမိသဒါန ၂-မျိုးစီ .... ၃၆၉
အကျိုးများသော အဇ္ဈတ္တိကဒါန(ဆံပင် ဂိ-နှင့်ရောင်းလှူ) .... ၃၇၀
ဘုရားအလောင်း၏ အဇ္ဈတ္တိက ဒါနများ .... ၃၇၀
သိဝိမင်းကြီး မျက်လုံးဖောက်လှူပုံ .... ၃၇၀
ဘုရာအလောင်း ဆင်မင်းကရုဏာ(မုဆိုးမြေမျိုခံရ) .... ၃၇၀
သုတ္တန်နည်း ဗာဟိရ ဒါန ၁၀-ပါး .... ၃၇၁
ဝိနည်းလာ ဗာဟိရဒါန ၄-ပါး .... ၃၇၂
အဘိဓမ္မာဒါန ၆-ပါး .... ၃၇၃
ဒါနဖြင့် သီလ ဘာဝနာလည်း ပြီးပုံ .... ၃၇၃
အဘိဓမ္မာဒါနအမြတ်ဆုံး (အင်္ကုရနှင့်ဣန္ဒကနတ် ၂-ဦး) .... ၃၇၄
ပုဂ္ဂလိကဒါန ၁၄-မျိုး အကျိုးများပေါ .... ၃၇၄
အလဇ္ဇီဒုဿီလကို လှူလျှင် အပါယ်ကျသလော .... ၃၇၆
ကပိလ ရဟန်းနှင့် လှူသူများ အဝီစိသို့ .... ၃၇၇
သံဃိကဒါန ၇-ပါးနှင့်(သံဃာမကုန်သော်လည်း သံဃိက) .... ၃၇၈
သံဃိကဒါန ၁၀-ပါးနှင့် သံဃိကဒါနမြတ်ပုံ .... ၃၇၈
သပ္ပုရိသဒါန ၅-ပါးကျိုး အသပ္ပုရိသ ဒါန ၅-ပါးအပြစ် .... ၃၇၉
ကာလဒါန ၅-ပါး ဧည့်သည်နှင့် ခရီးသွားအထူး .... ၃၈၀
သပ္ပုရိသဒါန တနည်း ၅-ပါး၊ တနည်း ၈-ပါး .... ၃၈၀
မြို့စားနှင့် မင်းစေ အကျိုးပေး ကွာခြားပုံ(ပါယာသိမြို့စား) .... ၃၈၁
ဓမ္မိကဒါန ၃၊ အဓမ္မိက ဒါန ၉ပါး .... ၃၈၁
ဗုဒ္ဓ ဓမ္မ သံဃ ဒါနတွင် ဗုဒ္ဓဒါန ၅-ပါး .... ၃၈၁
ဓမ္မဒါနယူပုံနှင့် ဗုဒ္ဓ ပမုခ သံဃိကဒါန လှူပုံ .... ၃၈၁
ဟီန မဇ္ဈိမ ပဏီတဒါန ၃-ပါး .... ၃၈၂
ဒါနမဟုတ်သော ဒါနနှင့် ဒါန ၃-မျိုး အကျိုးထူးခြား .... ၃၈၂
ဒါနဒါသ သဟာယ သာမိ ၃-ပါး .... ၃၈၃
ဘုရားလောင်း မဟာပဒုမမင်း သာဟတ္ထိကလှူပုံ .... ၃၈၄
သမ္မုခ ပရမ္မုခနှင့် ဝိဘဇ္ဇ အဝိဘဇ္ဇ ဒါန ၂-ပါးစီ .... ၃၈၄

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| လင်လူ မယားမရ အဝိဘာဇ္ဇဒါန | .... | ၃၈၄ |
| ၃-မျိုး သိလူမှ ဉာဏသမ္ပယုတ္တ ဒါန | .... | ၃၈၄ |
| ကာမနယ်တွင် သောမနဿ ဒါနကမြတ် | .... | ၃၈၅ |
| ငြင်းခုံမှုနှင့် ငရဲ မိတ်ဒွန်တွဲ | .... | ၃၈၅ |
| ၂-ပြည်ထောင်စစ်ခင်း သံဃာသင်းကွဲ | .... | ၃၈၅ |
| သသင်္ခါရိကဒါနရှင် ကေသာဠကပုဏ္ဏား | .... | ၃၈၆ |
| အောင်သံကို မကြားနိုင်သော ကောသလမင်း | .... | ၃၈၇ |
| ဝိစေယျဒါနံ ဒါတဗ္ဗံ သိဖွယ် | .... | ၃၈၈ |
| ဓမ္မိယဒါနမြတ် လောဘစသည် ခြံရံ ဒါန ၆-ပါး | .... | ၃၈၉ |
| ကိုကုတ် ၂-ပါးလုံး တောင့်တသော်လည်း ဝိဝဋ္ဋနိဿိတ | .... | ၃၉၀ |
| ဒါနလက္ခဏာ မမြောက်သော ဒါန ၈-ပါး | .... | ၃၉၀ |
| ယစ်မျိုးစသော အပုည ဒါန ၅-ပါး | .... | ၃၉၀ |
| ဝေဿန္တရာ အရက် မိန်းမ လှူသော်လည်း | .... | ၃၉၁ |
| ဘုရားပွဲတော်၌ ရုပ်ရှင်ပါထိုက်သည်ဟု ဆိုလျှင် | .... | ၃၉၁ |
| ဇာတ် ကိုထရိုက်တာများလည်း ပဟာသရေ | .... | ၃၉၁ |
| မိဘများ သားသမီးကို လက်ထပ်ပေးလျှင် | .... | ၃၉၁ |
| ဒါနအင်္ဂါ ၃-ပါး မလှူသေးမီ နွှားဓွှေသေသူ | .... | ၃၉၂ |
| ဘီလူးတယောက် ငါ့အစာ လုစားသည် | .... | ၃၉၃ |
| ပဒေသာပင်ပမာ သာသနာ | .... | ၃၉၄ |
| ဒါနအင်္ဂါ ၆-ပါး သမုဒ္ဒရာရေအလား | .... | ၃၉၃ |
| ဒုဿီလ သုသီလတို့၌ ကောသလအမေး အကျိုးပေး | .... | ၃၉၄ |
| စစ်ရေးစစ်ရာ ဥပမာနှင့် ဒါနပြုရာ ပုဂ္ဂိုလ်ဘုံ | .... | ၃၉၄ |
| မိမိသာလှူ သူများမနှိုးဆော် ၃-ပါး | .... | ၃၉၅ |
| သာသနာကို ပူဇော်သော ဓမ္မကထိက အကျော်များ | .... | ၃၉၅ |
| ၃-တန်စေတနာနှင့် စက္ကဝက်ငှက် အင်ကြင်းခက် | .... | ၃၉၆ |
| ကုသိုလ်ပြုစဉ် စိတ်နှုယဉ်ဖြူစင်ပျော့ပျောင်း ဉာဏ်ဆီလောင်း | | ၃၉၆ |
| စေတနာ ၃-တန် ထားပုံနှင့် အကျိုးများ | .... | ၃၉၆ |
| ဒုဋ္ဌဂါမဏိမင်းနှင့်တူသူ အရှင်မြတ်တပါး | .... | ၃၉၇ |
| ဒါနအကျိုး ရတနာရွှေငွေ မြေကြီးသင်္ဘော သူရဲကောင်း | .... | ၃၉၈ |
| လက်ငင်းအကျိုးရဘို့ ဒါနအင်္ဂါ ၄-ပါး | .... | ၄၀၀ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| မိဖုရား ရေပေါ် မွေးကြိုင်လာဘ်ပေါ် | .... | ၄၀၁ |
| ဘုရားရှင်နှင့် သီဟဗိုလ်ချုပ်ကြီး | .... | ၄၀၁ |
| ရေစက်ချရေး မချရေးဝယ် သိမှတ်ဖွယ် | .... | ၄၀၁ |
| အနာထပိဏ် ရေစက်ချသော်လည်း ဝိသာခါ မချပါ | .... | ၄၀၂ |
| အလှူခံ၏ လက်၌သာ ရေစက်ချထုံး | .... | ၄၀၂ |
| ရေစက်ချ စာတမ်း အချဉ်းချုပ် | .... | ၄၀၂ |
| ရေစက်ချဝယ် သိမှတ်ဖွယ်ရာ အဖြာဖြာ | .... | ၄၀၃ |
| ဆုမတောင်းခြင်း၏ အပြစ် ဒုတိယမြောက် ဥပမာ | .... | ၄၀၄ |
| ဆုမတောင်းသော်လည်း ဂတိမြဲသူ | .... | ၄၀၄ |
| သည်လူပေထုံ ဖွားဖုံဖုံ ဘုရားပုံ လားလားမျှ မရ | .... | ၄၀၅ |
| အသယှသူဌေးကတော် ဘာကြောင့် ဉာဏ်တော် | .... | ၄၀၅ |
| ရွှေငွေနှင့်သဒ္ဓါ မည်သူက သာ | .... | ၄၀၅ |
| လောကဓံနှင့် သုတသောမ ဗာရာဏသီမင်းများ | .... | ၄၀၆ |
| ရာမလက္ခဏနှင့် ပါရမီရှင် ၅-ဦး | .... | ၄၀၆ |
| ခန္တီဝါဒီရသေ့နှင့် နာနာဘာဝ ဝိနာဘာဝ | .... | ၄၀၇ |
| ရည်ညွှန်း မရည်ညွှန်း အမျှဝေပုံ ၂-မျိုး | .... | ၄၀၇ |
| ရှင်သာရိပုတ္တရာ၏ မိခင် ပြိတ္တာမ ခြောက်ပုံ | .... | ၄၀၇ |
| အမျှဝေ၍ နတ်ချစ်သဖြင့် ငွေ ၁၀၀၀ဝ ရသည် | .... | ၄၀၈ |
| မြေးမ အရုပ်ပျက်စီး အနာထပိဏ်သူဌေးကြီး ဆွံ့မိန်းသွတ် | .... | ၄၀၉ |
| ကလေးကင်ပွန်းတပ် ဒါနပြုအပ်သည် | .... | ၄၀၉ |
| ယမမင်းကောင်း၍ အမတ်ကြီး ငရဲမှလွတ် | .... | ၄၁၀ |
| ပြိတ္တာများ အမျှရနိုင်ရေး အင်္ဂါ ၃-ပါး | .... | ၄၁၀ |
| မြေကြီးနှင့်နတ် မည်သူ့ကို သက်သေကပ်သင့်သလဲ | .... | ၄၁၁ |
| လူအား လှူပြီး အမျှဝေ ပြိတ္တာမ ကျွတ်သွားသည် | .... | ၄၁၁ |
| သီလဆိုင်ရာ သီလပါမှ ဒါနအကျိုးများ | .... | ၄၁၁ |
| သီလမည်ပုံနှင့် လက္ခဏာစသည် ၄-ပါး | .... | ၄၁၂ |
| ဟီနစသော သီလ ၃-ပါး အကျိုးတခြားစီ | .... | ၄၁၂ |
| ဒါနပြုလျက် သီလခက် အသက်တိုမြဲ စိတ်ဆင်းရဲ | .... | ၄၁၃ |
| သီတင်းငယ်ကြီးထောက် စာရင်း လယ်ပြီးကောက် | .... | ၄၁၃ |
| သီလအားကိုး အကျိုး၁၂-ဖြာ ပိုလျက်သာ | .... | ၄၁၄ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| သီလကျိုးပြ ကျောင်းကောင်းထိုင်ချင် သီလပင်တည်း | .... | ၄၁၅ |
| သီလစောင့်နည်း နမူနာစည်း (ယစ်မ-စမရီ) | .... | ၄၁၅ |
| သီလ ၄-ပါး၏ ဦးစီးမှုးများ | .... | ၄၁၅ |
| တုံးလုံး၇-ရက် မပျက်သီလ သေရအနာဂါမ် | .... | ၄၁၆ |
| မိန်းမယောကျာ်း မခွဲခြားတတ် အရှင်မြတ် (တိဿထေရ်) | .... | ၄၁၆ |
| လေနာရောဂါသည် အရှင်သာရိပုတ္တရာ | .... | ၄၁၇ |
| ရုက္ခစိုးကြောင့် အရှင်မြတ် ဆွမ်းငတ်ရပြီ | .... | ၄၁၈ |
| စားရေးနှင့်စပ် မိန့်အပ်ဆိုငြား မိုးကြိုးသွား | .... | ၄၁၈ |
| ရဟန္တာဟု ၁၂-ယူဇနာကျော်ကြားသူ ပုထုဇဉ် | .... | ၄၁၉ |
| ထူပေးစေငြား ခဏပွားရာ ရဟန္တာ | .... | ၄၁၉ |
| ရဟန္တာဖြစ်ဖို့ထက် ခဲယဉ်းသောကိစ္စ | .... | ၄၁၉ |
| လူများဆိုင်ရာ သီလ ၄-ပါး | .... | ၄၁၉ |
| သိကြာမင်း နှိုးဆော်ချက် တရားမင်းမနှစ်သက် | .... | ၄၂၀ |

## ပွားများစရာ ဘာဝနာ

| | | |
|---|---|---|
| ဘာဝနာဆိုင်ရာ သိဖွယ်မည်ပုံနှင့် အပြား | .... | ၄၂၁ |
| နိဗ္ဗာန်၏ ဆိပ်ကမ်းမဟုတ်သော ကမ္မဋ္ဌာန်း မရှိ | .... | ၄၂၁ |
| ဗြဟ္မဝိဟာရ အာရုံ အာရမ္မဏိကအခွဲ | .... | ၄၂၂ |
| မေတ္တာ၏ လက္ခဏာစသည်နှင့် ပွားပုံ | .... | ၄၂၂ |
| မျက်မှောက်မျက်ကွယ် သာမည မေတ္တာ ၆-ပါး | .... | ၄၂၃ |
| ကရုဏာ၏လက္ခဏာစသည်နှင့် ပွားပုံ | .... | ၄၂၅ |
| ဒုက္ခိတသတ္တဝါနှင့် ချမ်းသာသူ လူမိုက်ကိုကြည့် | .... | ၄၂၅ |
| ချစ်သူစသည်ကို ပွားခြင်းနှင့် ကရုဏာအပြား | .... | ၄၂၅ |
| မျက်မှောက် မျက်ကွယ် သာမည ကရုဏာ ၆-ပါး | .... | ၄၂၇ |
| ဥပေက္ခာ၏လက္ခဏာစသည်နှင့် ပွားပုံ | .... | ၄၂၇ |
| မုဒိတာ၏လက္ခဏာစသည်နှင့် ပွားပုံ | .... | ၄၂၆ |
| မျက်မှောက်မျက်ကွယ် သာမည မုဒိတာ ၆-ပါး | .... | ၄၂၇ |
| မေတ္တာစသော ၃-ပါးအပြစ် ဥပေက္ခာအကျိုး | .... | ၄၂၈ |
| ဘာဝနာပွားရန် အားအဆင့်ရ ဗုဒ္ဓဒေသနာတော် | .... | ၄၂၈ |
| မာရ်နတ်အမေး ဝဇီရာဘိက္ခုနီအဖြေ | .... | ၄၂၉ |

အကြောင်းအရာ — စာမျက်နှာ

ကြောင်းကျိုးဖော်လျက် တိုက်တွန်းချက် .... ၄၃၀
အပစာယနဆိုင်ရာသိဖွယ် လာဘ်မငဲ့မှ အပစာယန .... ၄၃၀
ဗုဒ္ဓထောမနာ ၃-ဂါထာ ပါဠိမြန်မာ .... ၄၃၁
နတ်များစွာစု ရှိခိုးမှုခံရ အနေကဝဏ္ဏ .... ၄၃၂
ဝေယျာဝစ္စဆိုင်ရာသိဖွယ် အရှင်သဥ္ဇယမထေရ် .... ၄၃၂
သံဃာ ၉-သိန်းနှင့် အမတ် ၂-ဦး .... ၄၃၃
ပတ္တိဒါန ပတ္တာနုမောဒန ဆိုင်ရာ သိဖွယ် .... ၄၃၄
သာစုခေါ်သူ၏ ခံတွင်း ကြာညိုနံ့သင်း၍ နတ်ပြည်ရောက်ပုံ ၄၃၄
ဓမ္မသဝနဆိုင်ရာ သိဘွယ် စာသင်နည်း ၃-မျိုး .... ၄၃၅
တရားနာပုဂ္ဂိုလ် ၃-မျိုးနှင့် မုချ တရားနာသင့်ချိန် .... ၄၃၆
မျက်မှောက် တမလွန် တရားနာကျိုးများ .... ၄၃၇
ဓမ္မဒေသနာဆိုင်ရာသိဖွယ် စက်မှုသင်ပေးခြင်းလည်း ပါဝင်.... ၄၃၇
ဓမ္မကထိကများ ထားရမည့် စိတ်ထား ၅-မျိုး .... ၄၃၇
တရားဟောကျိုး တန်ဖိုး မဖြတ်နိုင် ဓမ္မဒါနံ ဇိနာတိ .... ၄၃၈
ဒိဋ္ဌိဇုကမ္မဆိုင်ရာသိဖွယ် အယူမှားများ သနားဖွယ်ရာ .... ၄၃၉
အိပ်မက် တိတ်နိမိတ်များဆိုင်ရာ ယူဆဖွယ် .... ၄၄၀
ကောင်းကျိုးမှန်သမျှ ဒိဋ္ဌိဇုကမ္မ ၃-ပါးလုံး၌ သွင်းသင့်ပုံ .... ၄၄၀
အင်္ကုရနှင့် ဣန္ဒက နတ်မင်း ၂-ဦး ဘာ့ကြောင့်ထူး .... ၄၄၀
ရဟန္တာများ ပုညကြိယ ဝတ္ထုရ မရ .... ၄၄၁
သဒ္ဓါဖြစ်ကြောင်း လုပ်ထုံးဟောင်းကား .... ၄၄၂
တေမိယရသေ့ ကြည်ညိုသူ တိရစ္ဆာန်များ နတ်ပြည်သို့ .... ၄၄၃
မိန်မများ ယောကျ်ားဘဝ ရလိုကြလျှင် (ဂေါပကဝတ္ထု) .... ၄၄၃
ဆွမ်းအမက အထက် ဘုန်းကြီးကအောက် .... ၄၄၃
ဒေသနာတော် စစ်တမ်းမျှော်လျက် လုပ်ဆောင်ချက် .... ၄၄၄
သေချိန်ခါနီး မိတ်စစ်အရေးကြီး ပုဂ္ဂိုလ်များဆိုင်ရာသိဖွယ်.... ၄၄၅
အသပ္ပုရိသ စသော ပုဂ္ဂိုလ် ၄-ပါး .... ၄၄၅
မစင်တွင်း၌ ဘုန်းကြီးနှင့် ကျောင်းဒကာ .... ၄၄၆
လူရဲသား စသော လူ ၄-မျိုး .... ၄၄၇
ကျမ်းပြီးနိဂုံး အဆုံးဖော်ပြ မြတ်ဆန္ဒ .... ၄၅၀

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## အခြေခံ သာသနာရေး အကြောင်းပြ ကျမ်းဦး စကား

**ဆရာကောင်းတပည့် ဖြစ်ခဲ၏ရှင့်** ကျမ်းပြုဆရာတော်တပါး၏ ကျမ်းစာအုပ် တခု နိဂုံးတွင် "ဆရာကောင်း တပည့်ကောင်း မိဘကောင်းနှင့် မိတ်ကောင်း ဆွေတော် ပေါင်းဖော်ရလို ဆုပန်ဆို၏" ဟူသော ဆုတောင်းကို စာရေးသူတွေ့ရစဉ် ထိုဆုတောင်း၏ ခရီးရောက်ပုံကို သဘောပေါက်လှပါ၏။ အတွေ့အကြုံ များသော ယခုအခါမှသာ ယင်းဆုတောင်း၏ ပစ္စုပ္ပန်သံသရာ ၂-ဖြာကျိုးများ တာသွားလှုပုံ အလုံးစုံကို ညဏ်ပုံမြော်မြင် အသိဝင်ခဲ့ပါသည်။ မှန်လှ၏။ ပထမသံဂါယနာ၏ ဦးစီးဒါယကာ ပုထုဇဉ်နယ်တွင် သဒ္ဓါအကြွယ်ဆုံး ဖြစ်လာမည့် အဇာတသတ်ဘုရင်သော်မှ ဒေဝဒတ်ဆရာမိုက်ကို မှီလိုက်ရသဖြင့် အဖကိုသတ် နန်းရပ်ကိုလု ပြစ်မှုကြီးများ ကျူးလွန်သွားရသည်။ အကယ်၍သာ သာရိပုတ္တရာအရှင် ဆရာတင်ကာ သဒ္ဓါဖြိုးကြွယ် ကိုးကွယ်မိပါမူ အရိယာသူတော်စင် ကေန်ပင် ဖြစ်သွားရပေမည်။

ထို့ကြောင့် "ဆရာသမားကောင်း ကလျာဏ မိတ္တသမ္ပဒါသည် မှီဝဲဆည်းကပ်သူ တပည့်အတွက် ချမ်းသာ ခရီးထက်ဝက်မျှ ပြီးစေသည်" ဟူသော အရှင်အာနန္ဒာ၏ စကားကို ဘုရားရှင် လက်ခံတော်မမူဘဲ "ကောင်းကျိုးချမ်းသာ အားလုံးပြီးစေသည်" ဤသို့ မှတ်ရမည်ဟု ပြင်ဆင်ချက်ထပ်မိန့်တော်မူအပ်သည်။

**လုံဖျား ပဇင်းနား၊ ကျီးကန်း ချီးပါ** အချိန်မှာ ဂျပန် အပြေး အင်္ဂလိပ်အဝင် ၁၃၀၆-ခုနှစ် ပတ်ဝန်းကျင်တွင် ဖြစ်သည်။ မဟာမိတ်လေယာဉ်များသည် စာရေးသူ၏ ပြည်မြို့နယ် ဝက်ထီးကန် ဝါးရုံဆိပ်ရွာနီးနားတဝိုက်တွင် ဗုံးများပြင်းထန်စွာကြဲချနေသည်။ ထိုညဉ့်အချိန်တွင် စာပြုရပ်နား၍ ဘေးရန်အကြောင်း သောင်းပြောင်းထွေလာ မိမိတို့ ရဟန်းလောင်းများ ပြောကြားနေရာတွင်

ကျေးဇူးရှင် ဝါးရုံဆိပ်ဆရာတော်က(ဦးဣန္ဒစက္က ၁၂၅၈-ခုဖွား ၁၃၂၈ခု ပျံလွန်တော်မူသည်။) "လုံဖျား ပဇင်းနား၊ ကျိုးကန်း ချိုးမပါသင့်" ဟု ဆိုမိန့်ကြားလျက် စာကို ဆက်၍ ပြန်စေ အံစေတော်မူသည်။ ထိုဆရာ တော်၏ ကျေးဇူးတော်ကြောင့်ပင် ဂျပန်တခေတ်လုံး အခွင့်အရေးရ၊ ဝေယျာဝစ္စ လုံးဝကင်းစင် စာသင်စာတက်မပျက်အားထုတ်ခဲ့ရ၍ ပိဋက အခြေခံ အတန်လုံလောက် ပြည့်စုံခဲ့သည်။

**ငှက်ပျောသီးနုနု မီးခုံ၍အုပ်သလို**　ဆဋ္ဌသံဂါယနာ သံဃနာယက မြန်မာနိုင်ငံ ဝေဠုဝန် နိကာယ ဂဏာဓိပတိ သမုတိ သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ ပြည်မြို့ ပွင့်လှသိမ်ကုန်း ဆရာတော်ဘုရားကြီး (ဘဒ္ဒန္တ တိက္ခ ၁၂၄၄-ခုဖွား ယခု ၉၅-နှစ် သက်တော်ရှည်)ကား မိမိအတွက် ကိုယ်အား ဉာဏ်အား ၂-ပါး လောက်လုံ ပြည့်စုံစေရေးဝယ် ထုထယ်ကြီးမားသော ကျေးဇူးတော်ရှင် ဥပဇ္ဈာယ် ဆရာရင်း ဖြစ်သည်။ ၁၃၁၄-ခုနှစ် ဓမ္မာစရိယ အောင်ပြီးသူမိမိအား "မောင်တို့ စာချတန်းအောင်ပေမဲ့ ပါဠိ အဋ္ဌကထာ ဋီကာ နိုင့်မည်မထင်၊ စာမေးပွဲအောင်ရုံသာဖြစ်၍ ငှက်ပြောသီးနုနု မီးခုအုပ်သလိုသာ ရှိမည်။ ထို့ကြောင့် သကျသီဟ၊စေတီယင်္ဂဏ စာပေးပွဲများလိုက်ရန် မလို။ပိဋက နိုင်ဘို့သာ အရေးကြီးသည်။ ပခုက္ကူ'အလယ်တိုက် သွားရမည်"ဟု မိန့်ကြားလျက် မိမိအား သွားစေသည်။

**ဓမ္မာစရိယ ကျေးဇူးရှင်များ**　အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဖြစ်တော်မူကြသော ရန်ကုန်မြို့ ဘုရားကြီးတိုက်၊ ညောင်တုံးတိုက်၊ မန္တလေးမြို့ ဘုရားကြီးတိုက်၊ မိုးကောင်းတိုက်၊ စကုတိုက် အရှင် ဆရာတော်ဘုရားကြီးများနှင့် စာချဆရာတော်များမှာ စာရေးသူ၏ နုနယ်သိဉာဏ် ဖွံ့ဖြိုးသန်အောင် တန်ဆာဆင်ပေး ကျေးဇူးသခင် ဆရာရှင်များဖြစ်ကြသည်။

**ပင်လယ် ပိဋကတ် ကူးခတ်မြန်စွာ ပခုက္ကူသာသနာ**　အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရ၊ အရှင် နန္ဒဝံသ ဆရာတော်ကြီး နှစ်ပါး ဦးစီးမှူး ပြုတော်မူလျက် တိုက်အုပ်ဆရာတော် အရှင်ဂန္ဓမာ၊ အရှင်နန္ဒိယ၊ အရှင် မာဃိန္ဒ ဟူသော ပိဋက အင်္ဂျင်နီယာ ဆရာသခင် အရှင်မြတ်တို့သည် အဆောက်အဦ ကြီးငယ် ခန့်ထယ် သိုက်မြိုက် မဟာဝိသုတာရာမ အလယ်

တိုက်တော်ကြီးတွင် ၅၀၀-ကျော် ၆၀၀-နီးပါး ပိဋကပ ပင်လယ် ခရီးသွားများကို ခိုနားစေလျက် (ယခင်က ၁၀၀၀-ပတ်ဝန်းကျင် ရှိသည်) တက်ကုန် ရှက်ကုန် စက်ကုန်ဖွင့်ကာ အသင့်ကူးမြောက် ပိဋကကမ်းတဖက်ရောက်အောင် အားသွန်ခွန်စိုက် ပို့ချခိုက်အချိန် ၁၃၁၄-ခုနှစ် ဝါဦးတွင် မိမိသည် ပြည်ဆရာတော်ကြီးအစီအစဉ်ဖြင့် ကြည်လင်ဝိုက်ဆူ ပခုက္ကူ ရောက်ရပြီးလျှင် အရှင်ဆရာတော်များ၏ ခြေတော်ရင်းနီးနား ဝပ်တွား ခယ ၂-နှစ်မျှပင် ပညာရင်နို့ သောက်စို့ရသဖြင့် ခုဒ္ဒကနိကာယ် အချို့မှတပါး ပိဋက ၃-ဖြာကို သဒ္ဓါကော်ရော် ပူဇော်အားထုတ်ခဲ့ရသည်။ ညနေချမ်းရောက် အနောက်ဂေါယာ ကျွန်းသာယာသို့ ဘာဏုမာနေဝန်း ယွန်းရသည့်တူ နှစ်ကိုနှစ်ကူး ကျေးဇူးအရှင် သခင်ဆရာတော်ဘုရားများလည်း သင်္ချာများစွာ လွန်သွားတော်မူပြီ ဖြစ်ရာ သီလခေါင်ထိ သမာဓိပညာ လက်ရာတော် မှုဟန်နှစ်တို့သာ ကျန်ရစ်ပါတော့သတည်း။

**သာသနာနှင့် တိုက်တာအတွက် အသက် ခန္ဓာ စွန့်ခဲ့ရာ၏** ၁၃၁၆-ခုနှစ် ပြည်မြို့ ပွင့်လှ သိမ်ကုန်းတိုက် ဝါဆို သံဃာအလယ်တွင် "စာသင် ပြန်လာသူ၏ အသက်နှင့်ခန္ဓာသည် တိုက်တာနှင့် သာသနာအတွက် ဖြစ်စေရမည်။ လူကြီးလုပ်သူသည် ပရိသတ်ကြောက်ရန် မလို။ ပရိယတ္တိ စသော လုပ်ဆောင်ဖွယ်ရာများ စွမ်းအားရှိသလို လုပ်ဆောင်ခွင့် ငါပေးသည်" ဟူသော ကျေးဇူးတော်ရှင် ဆရာတော်ကြီး၏ အချီးအမြှောက်ကို ခံယူလျက် ရဟန်းဝါ ၇-ဝါကပင်—

(၁) သံဃာများအား စာပေပို့ချမှု ကျောင်းဘိုက် ဝေယျာဝစ္စ ဆောင်ရွက်မှု—

(၂) တိပိဋကဓရ စာမေးပွဲအားထုတ်မှု (၁၃၁၈-ခုနှစ်စ ၁၃၂၅-ခုနှစ်ပြီး)—

(၃) မြို့မှ ကျောင်းတိုက်လာ ကျောက်သမ်းခကြီး ခင်း၊ မုခ်ဦးတံတိုင်းများ သံဃကုဋီများနှင့် ဆွမ်းချက်ကျောင်း တည်ဆောက်မှု—

(၄) အံဘော်ရှင် ပုညစေတီတော် တည်ဆောက်မှုနှင့် မှန်စီရွှေချ ပြတိုက်နှင့် လမ်းများ မုခ်ဦးတန်ဆောင်းနှင့် တံတိုင်းများ တည်ဆောက်မှု—

(၅) ပွင့်လှသိမ်ကုန်း ဥပဇ္ဈာစရိယဝတ္တသုပ္ပတ္တိ (ပုသိမ် မောင်းထောင် ဆရာတော် စာကိုယ်ရေး၍ မိမိဖွင့်ဆို တည်းဖြတ် ရိုက်နှိပ်သည်။ ၁၃၂၅-ခုနှစ်)

(၆) အဘိဓမ္မတ္ထသရူပမာလာကျမ်း (ဆရာတော်ကြီး လက်ရေးမူကို မိမိ ပြင်ဆင်ကာ အဖွင့်ပါ ရေးသားပြီး ရိုက်နှိပ် ဖြန့်ချိသည်။ ၁၃၃၅-ခုနှစ်)

ဤသို့ပြုရာ ကျောင်းတိုက်တာနှင့် သာသနာ့အလုပ်များကို ပါရမီဖြစ် အားသစ်ကြိုးပမ်း ဆောင်ထမ်းနိုင်ခွင့် ရရှိသည်မှာ ဆရာသမားနှင့်စပ်၍ မိမိကံကောင်းပုံထင်ရှားသည်။ မှန်လှ၏။ ဘုရားရှင်၏ သားသမီးများ ခံစားနေရသော လူနတ်နိဗ္ဗာန် ချမ်းသာမြတ် ၃-တန်သည် ဘုရားပစ္စည်း များသာ ဖြစ်၏။ (မ၊၁၊ဓမ္မဒါယာဒ၊ ၄၅) ထို့အတူ သာသနာ့လုပ်ငန်း မိမိလုပ်စွမ်းနိုင်သမျှလည်း ကျေးဇူးရှင်ဆရာများ၏ ခွင့်ပြုချီးမြှောက်မှုသာ ဖြစ်သည်။

**ထိပ်ခေါင်တင်အရှင် မစိုးရိမ် ဆရာတော်ဘုရားကြီး**

ကမ္ဘောဒီးယား၊ သီဟိုဠ်၊ လာအို၊ ယိုးဒယား၊ မြန်မာ ထေရဝါဒ ၅-နိုင်ငံတွင် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီးကား ထိပ်ခေါင်တင်ဖြစ်၍ သာသနာတော်၏ ဥသျှောင်မကိုဋ် သမိုက်တော်မူအပ်သည်။ ဂိုဏ်းစွဲမရှိသော ဆရာတော် ဘုရားကြီးမို့ ဝေဠုဝန်နှင့် ရွှေကျင်တဝ ဒွါရ သုဓမ္မာ ဂိုဏ်းအဖြာဖြာ ကပင် ကျောက်ထီးတန္တု အလေးပြုအပ်ရကား ဆင္ဃသံဃ ဂါယနာ ဂိုဏ်းပေါင်းစုံ ဝန်ဆောင်သံဃာအဖွဲ့ကြီး၏ ဥက္ကဋ္ဌ အဖြစ် (ညောင်ရမ်း ဆရာတော် လွန်တော်မူပြီး)အစမှ အဆုံးတိုင် ဦးစီးတော်မူခဲ့ရသည်။

ပရိယတ္တိသာသနာနယ်တွင် ဝီရိယနှင့်သဒ္ဓါစေတနာမြင့်ထယ် အကြွယ်ဆုံး ဖြစ်တော်မူသည့် အားလျော်စွာ သက်တော် ၉၆ ဘဝနတ်နန်း မြန်းတော်မူခါနီး ရက်ပိုင်းအထိစာချမဆိုင်းခဲ့ပါ။ထို့ကြောင့်ပင်“ဘုန်းနှင့် သမ္ဘာ ထက်ကြပ်ပါ၍အရာရာဝယ် တင့်တယ်ပြည့်စုံ ဂိုဏ်းပေါင်းခြုံသည်မှာ

ဤဆရာတော်ကြီးတပါးသာရှိသည်။ အချို့ ထိပ်ခေါင်တင်တို့မှာ ဉာဏ်အား ကူရသော်လည်း မစိုးရိမ်ထိပ်ခေါင်တင်မှာ ကံသမား မှုသမို့ မည်သည့်အားကမျှ ကူမရန်မလို''ဟု သက်တန်းတွင် လက်လှမ်းမှီသမျှ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီးတပါး မိန့်ကြားသည်။ (၁၂၄၁-ခု၊ တန်ဆောင်မုန်းလဆုတ် ၉-ရက်ဖွား၊ ၁၃၃၇-ခု၊ သီတင်းကျွတ်လဆုတ် ၁၂-ရက် လွန်တော်မူသည်။)

**ရွှေကျင်သာသနာပိုင် မိန့်ကြားတော်မူချက်** ကမ္ဘာအေး တိပိဋကစရေ အရှင်သုမင်္ဂလနှင့် မိမိတို့ ၂-ပါး ရန်ကုန်မြို့ မဟာဗောဓိတိုက်ဘုံယာယီစံနေတော်မူသော ရွှေကျင်သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ မြောင်းမြဆရာတော်ဘုရားကြီးထံတော် (ပျံလွန်တော်မမူမီ ၄-လခန့်အလို) ဖူးမျှော်ကန်တော့ ဩဝါဒခံယူရန် သွားကြရာ မစိုးရိမ်ဆရာတော်ဘုရားကြီးထံ မိမိရောက်လာပုံ ပြည့်စုံစွာ မေးတော်မူသည်။ ''ယခင်က ဆရာမတော်ဘူးပါ။ ယခု ယမိုက်၊ပဋ္ဌာန်းများ တပည့်ကိုယ်တိုင်ဆို၍ တက်နေရပါသည်။ နိကာယ်စာမေးပွဲနှင့် နိကာယ်စာသင်တိုက်ဆိုင်ရာများကြောင့် ရောက်ရပါကြောင်း''စသည်ဖြင့် လျှောက်ထားရာတွင်''မစိုးရိမ်ဆရာတော်ကြီး၏ တော်လျှင်မြှောက်စား တပည့်ရင်းဖျားမထားပုံ စုံလင်စွာ မိန့်ကြားတော်မူပြီး ငါတို့မှာတော့ နေထိုင်ဖြစ်ရုံကံပါသည်။ မစိုးရိမ် ဆရာတော် ဘုရားကြီးမှာမူ ငယ်ငယ်ကပင် လျှမ်းလျှမ်းတောက် ကံကောင်းသည်''ဟု မိန့်ကြားပါသည်။

**ဘုရားနှင့် တွေ့ခါနီးမှ ကံမလှ၍ ပျက်စီးရသည်** ''ယခုအခါ စာသင်သားများမှာ (ယေဘုယျ) ရဟန်း ၉-ဝါ၊ ၁၀-ဝါမှ စာချတန်းပြီး ဆည်းပူးလာခဲ့သော ဝီရိယစွမ်းအား နွမ်းပါးရော့ရဲသွားပြီ ဖြစ်သဖြင့် တဆင့်ဆက်သွယ် နိကာယ်ပိဋကကျမ်းများကို ပင်ပန်းစွာ ဆက်လက်အားမထုတ်နိုင်။ ငုတ်တုတ်ထိုင် မှိုင်ငေး၍ အသာကလေးပင် ကြည့်နေကြရတော့သည်။နိကာယ် ၅-ရပ် ပိဋကတ်ကော်များဟူသည် ဘုရားပေါင်း''၈၄၀၀၀''တို့သာ ဖြစ်ရာ ဘုရားနှင့် တွေ့ရေးအပြေးလာခဲ့သူသည် ဘုရားနှင့် တွေ့ခါနီးမှ ကံမလှပြန် ခွေယိုင်လဲကျပျက်စီးရသလိုဖြစ်တော့သည်'' အစရှိသော မိန့်ခွန်းတော်ကို မြွက်ကြားလျက် သာသနာတော်အတွက် ကြောင့်ကြကြီးမား မစိုးရိမ် ဆရာတော်ဘုရားကြီးသည်''နိကာယ် သာသနာတော် ထွန်းကားရေး အသင်းကြီး''

ကို ဖွဲ့စည်းလျက် နိကာယ်စာလျှောက် စာမေးပွဲကြီးကို ရန်ကုန်မြို့ ဘုရားကြီးတိုက်တွင် ၁၃၃၆-ခုနှစ်မှ စတင်ကျင်းပခဲ့သည်။

**ငါ ယနေ့ရှိပေမဲ့ နက်ဖြန် ရှိချင်မှ ရှိမယ်** အရှင် မစိုးရိမ်ဆရာတော်ဘုရားကြီးသည် မိမိအား ရန်ကုန် လာတိုင်း သူ့ထံ ဝင်ရမည်ဟု ဦးဉာဏ် (နိကာယ်သင်း ဥက္ကဋ္ဌ)မှ တဆင့် မိန့်ကြားထားသဖြင့် ခြေတော်ရင်း ရောက်တိုင်းပင် (၁) သာသနာတော်အတွက် ဆောင်ရွက်ရမည့် တာဝန်။ (၂) ကုသိုလ်ရှိ၍ အားထုတ်နိုင်စွမ်းရှိသူများ ကြောင့်ကြမဲ့ မနေသင့်။ (၃) သာသနာပြု ဆိုသော်လည်း ပတိရူပအရပ်(နေရပ်မှန်) ဖြစ်မှ ကြီးပွားနိုင်သည်။ ငါငယ်စဉ်က ငါ့ကျောင်းဒကာ ဒီအတိုင်း လျှောက်သည် စသည်ဖြင့် ကျယ်ဝန်းစွာ မိန့်ကြားပြီး အဆုံးတွင် (၄) ငါ့ထံလာနေ၊ ငါလုပ်သော အလုပ်များဆက်လုပ်၊ ငါ ယနေ့ ရှိပေမဲ့ နက်ဖြန်ရှိချင်မှ ရှိမယ်။ ဤသို့အကြိမ်များစွာ ချီးမြှောက်မိန့်ကြားတော်မူသည်။

၁၃၃၆ ခု နှစ် နှစ်ဦးတွင်မူ "ပြည်ဆရာတော် မိမိနှင့်အတူ နေနိုင် မနေနိုင်၊ မနေနိုင်လျှင် သင့်ရာ တပါး စီစဉ်မည်" ဟု ပြတ်ပြတ်ပင် မိန့်ကြားတော်မူရာ "တပည့်သဘောဖြင့် ဆရာတော်ဘုရား ချီးမြှောက် မိန့်ကြားတော်မူချက်ကို အပြီးမလျှောက်ဝံ့ပါ၊ ပွင့်လှ သိမ်ကုန်း ဆရာတော်ကြီး ဆန္ဒတော်အရသာ တပည့်များ နေထိုင်ရပါသည်" ဟု လျှောက်တင်ရာတွင် "ငါနားလယ်ပြီ" ဟု မိန့်ကြားပြီး မစိုးရိမ်ဆရာတော်ကြီးမှ ပွင့်လှသိမ်ကုန်း ဆရာတော်ထံ ခွင့်ပန်စာနှင့်အတူ နိကာယ်သင်း ဒကာကြီးများ ပြည်သို့ လာရောက် လျှောက်ထား ခွင့်ပြုချက်အရ ရန်ကုန်မြို့ ပတ္တမြားခြံ မစိုးရိမ်ဆရာတော်ကြီး ခြေတော်ရင်း မိမိရောက်ပါသည်။ (မိမိအား ပြည်ဆရာတော်ဟု ဆရာတော်ကြီး ချီးမြှောက်၍ ခေါ်သည်။)

**တပည့်ကောင်းဆရာ ရခဲစွာတည်း** တနှစ်ပတ်လုံး ယမိုက်ပဋ္ဌာန်း (နှစ်ပေါင်း ၆၀) ခရီးလမ်းတွင် ကြုံးပမ်း ပို့ချထားသမျှ နည်းနယများကို "ငါသေသော်လည်း ငါ့မူ မသေစေနှင့်၊ အများနှင့် တွဲဆိုလျှင် မင်းခိုနေမည်" ဟု မိန့်ကြားလျက် မိမိတပါးတည်း သင်ကြား ပို့ချပေးတော်မူရကား မိမိသည် ထိပ်ခေါင်တင် အရှင်ဆရာတော်ဘုရားကြီးများ၏ တပည့်ဖြစ်ရသဖြင့် ဆရာကံကောင်းသူ "ဆရာကောင်း တပည့်" အပြည့် ဖြစ်ခွင့်ရသော်လည်း မိမိ၏ကျေးဇူးရှင်များမှာ

"တပည့်ကောင်းဆရာ" ဖြစ်ဖို့ မိမိအပါအဝင် တပည့်များ၏တာဝန်သာ ဖြစ်သည်။ ထို့ကြောင့် "ဆရာကောင်းတပည့် အပြည့်ဖြစ်လည်း တပည့်ကောင်းဆရာ ရခဲစွာတည်း" ဟု ဆရာမြတ်တို့ စပ်ဆိုတော်မူကြသည်။

**ပတိရူပ ဒေသဝါသ မင်္ဂလာ** ၁၃၃၅-ခုနှစ်၊ အဘိဓမ္မတ္ထ သရူပမာလာကျမ်း ပုံနှိပ်အပြီးတွင် "ပွင့်လှ သိမ်ကုန်း ရတနတ္တယ ဝန္ဒနာကျမ်းကိုလည်း ပြုပြင်ပြီး ရိုက်တော့" ဟု ပွင့်လှ သိမ်ကုန်းဆရာတော်ကြီး မိန့်ကြားတော်မူချက်ကို အကြောင်းအားလျော်စွာ မိမိ မဆောင်ရွက်ဖြစ်သေးပါ။ မစိုးရိမ်ဆရာတော်ဘုရားကြီးထံ ၁၃၃၆-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄-ရက်နေ့ ရောက်ရာတွင် "ပြည်ဆရာတော်၊ မောင်မောင်ကို ယခင်က သိသလား။ ရဟန်းလူထွက်ပါဘဲ၊ ရဟန်းလူထွက်မှန်လျှင် ပညာပိုပေမဲ့ သဒ္ဓါလိုတတ်သည်။ ပစ္စည်းလဲ လိုတတ်သည်။ မောင်မောင်-မညိမ်းတို့မှာ သဒ္ဓါလဲမလို၊ ပစ္စည်းလဲမလို။ ပြည်ဆရာတော်ရဲ့ ဒကာဘဲလို့မှတ်" ဟု ဒကာကြီးရှေ့တွင်ပင် ဆရာတော်ကြီး မိန့်ကြား ချီးမြှောက်၊ ဒကာကြီးများကလည်း စတုပစ္စယဒါယကာအဖြစ် လျှောက်ထား၊ သက်နီးစသော လှူဖွယ်များကို ဒကာမကြီး ဒေါ်ညိမ်းက ဆက်ကပ်သည်။ ဤသို့လျှင် ပတ္တမြားမိသားစု၏ ဆွမ်းစသော ပစ္စည်း ၄-ပါးကို ဆရာတော်ကြီးနှင့်အတူ အလှူခံလျက် ချမ်းသာစွာ နေထိုင်ရခြင်းဖြင့်—

(၁) အဘိဓမ္မာ ယမိုက် ပဋ္ဌာန်းဆိုင်ရာများ တနှစ်ပြည့် အားထုတ်ရခြင်း။

(၂) အနာဂါရိယဂုဏ်ဘောဘ်ကျမ်းစာ ရေးသားရိုက်နှိပ်ပြီးခြင်း၊

(၃) အခြေခံ သာသနာရေးကျမ်းစာ ရေးသားရခြင်း—

စသော သာသနအလုပ်များ အချိန်ပြည့် လုပ်ခွင့်ရပါ၏။ ထို့ကြောင့် ဝဋ္ဋမှ မလွတ်သေးမီ "ဆရာကောင်း တပည့်ကောင်း မိဘကောင်းနှင့် မိတ်ကောင်း ဆွေတော် ပေါင်းဖော်ရလို ဆုပန်ဆို၏" ဤသို့ပင် ဆန္ဒပြုမိသည်။ ပြုလည်း ပြုသင့်ကြပေသတည်း။

**သိစေလိုရင်း စကားကျဉ်းကား** သာသနာတော်၌ ကြီးပွားသူမှန်သမျှ ဆရာများ၏ကျေးဇူးပင်တည်း။ ဆရာ ချီးမြှောက်မှ တပည့်များ အထက်တန်းရောက်နိုင်သည်။ဆရာ ပုန်ကန်လျှင် အာခေါင် လှုံစူးတတ်၏။ (ဇာတ်-ဋ္ဌ) ဘုရားစကား သိမှ ဘုရားနှင့် တွေ့

မည်။ ထိပ်ခေါင်တင်များ၏ သာသနာပြုစိတ်ထား မြင့်မားတော်မူဘိခြင်း။ ပတိရူပဒေသဝါသမင်္ဂလာ (လူမှန်–နေရာမှန်) သည်လည်း အလုပ်လုပ်လိုသူများအတွက် ထက်မြက်သော အားပင်တည်း။ စာရေးသူမှာ ဆရာကံ ကောင်းပါ၏။အရိပ်ပမာ ကိုယ်သွားရာသို့ ကုသိုလ်စေတနာများ မနားတမ်း လိုက်နေကြသည် မဟုတ်ပါလား။ အားလုံးပင် ဆရာကံ ကောင်းကြပါစေ။

**အခြေခံ သာသနာရေး** လူလဲဖြစ်ခဲ၊ သက်ရှည်ခဲ၏၊ သက်လဲရှည်ပြန်၊ လူဖြစ်ပြန်က၊ တွေ့ရန် သာသနာ၊ ခဲယဉ်းပါ၏၊ သာသနာတော်၊ တွေ့ပြန်သော်လဲ၊နာခဲတရား၊ နာနိုင်ကြား၏၊ နာကား နာပေ၊ သိခဲပေ၏၊ သိပေပြန်လဲ၊ ကျင့်နိုင်ခဲသည်၊ ခက်ခဲ ဒုလ္လဘပါ တကား။ (ဓမ္မပဒ)

လူဖြစ်၍ သာသနာနှင့် ကြုံနေကြရသူများ ကံကောင်းကြသည်။ သို့သော် မိရိုးဖလာ သာသနာနှင့် တွေ့သည်ဆိုရုံ ပုံမတော်သေး။ဘုရား ဦးရီးတော်သုပ္ပဗုဒ္ဓ၊ရှင်ဒေဝဒတ်၏ ကိုယ်ရေးအရာရှိ ကောကာလိက၊ ဘုရားရှင်၏နောက်တော်ပါး ယာယီပြုစုသူ သုနက္ခတ္တ ရဟန်းတို့မှာ သာသနာနှင့်စပ်၍ အကျိုးအမြတ် မရကြပါ။

သာသနာတော်ဟူသည် ဗုဒ္ဓ၏ ဆုံးမတော်မူချက်များဖြစ်၍ ယင်းအချက်များ နက်နဲစွာသိမှု၊ သိပြီးလည်း ကျင့်သုံးမှု အမြင့်ဆုံးအကျိုးတိုင် ရခွင့်ပိုင်ပေမည်။ ထို့ကြောင့် ဤကျမ်းသည် ဘာသာဝင်များ အဖို့ အခြေခံမှုစ၍ သိရှိလိုက်နာ ကျင့်သုံးဖွယ်ရာ ရှောင်ဆောင်ဖွယ်ရာများကို စုံနိုင်သမျှစုံအောင် တင်ပြထားသဖြင့်"အခြေခံသာသနာရေး"ဟု အနွတ္ထသညာ မင်္ဂလာမြတ် မှည့်အပ်ပေသည်။

**ကျမ်းစာရေးသားပုံအစဉ်** ပွင့်လှသိမ်ကုန်း ဘုရားရှိခိုးကို စာကိုယ်ပြု၍ ရတနာ ၃-ပါး၏ ဂုဏ်ကျေးဇူးတော်အရပ်ရပ်ကို သိမှတ်ဖွယ်ရာများနှင့်တကွ ကမ္မဿကတာဉာဏ်၊ အမြင်မှန်ရေးအတွက် စစ်ချက် မှတ်တမ်း ကျိုးပြစ်ခန်းများကိုလည်း သာဓကစုံလင်အောင် စီစဉ်တင်ပြထားသည်။ အခြေခံဩကာသမှစ၍ သီလခန်းများ၊ သဒ္ဓါပွားကြောင်း ဘုရားရှိခိုးပေါင်းစုံ လယ်တီထွဋ်ခေါင် သာသနရှေ့ဆောင်များ၏ ဆုံးမချက်များ၊ ဒုစရိုက် ၁၀-ပါး၊ သုစရိုက်များနှင့် ပုညကြိယ ၁၀-ဖြာ သိဖွယ်ရာများကို အမိပ္ပာယ်အကျယ်ဖြင့် အကျိုးစုံလင်

သာဓကတင်၍ ပေါ်လွင်အောင် ပြထားရကား အခြေခံ သာသနာတွင် ခိုင်မာနက်ရှိုင်း မိစ္ဆာမုန်တိုင်းကို ထုတ်လွှင့်နိုင်သော အုတ်မြစ်ကြီး တခု အလျော်ပင် ဖြစ်မည်ဟု စေတနာအကြည် မေတ္တာရည်ဖျန်း သဒ္ဓါလွှမ်း၍ မျှော်မှန်းမိသည်။ ပါဠိအသွားမဖက် လွယ်ကူသော စာသားသက်သက်ဖြင့် ဂုဏ်တော် နှလုံးသွင်းပုံများ၊ သီလဆောက်တည် ဘာဝနာပွားမေတ္တာထားပုံ အစားစားကိုလည်း ထင်ရှားစွာ ဖော်ပြထားပါ၏။ ကျမ်းစာကြည့်ရှု မှတ်မိနိုင်မှုဝယ် အထောက်အကူပြုသော လေ့ကျင့်ခန်းများကလည်း စာရှုသူဉာဏ်အာဇ္ဇဝယ် စိတ်ဝင်စားဖွယ် ဖြစ်ကောင်းရာပါသည်။

## ကျမ်းဦးမှတ်ဖွယ် တိုက်တွန်းဆွယ်အံ့

**နမောဗုဒ္ဓဿ သူငယ်** သူငယ်ကား ရာဇဂြိုဟ်မြို့ သုသာန် အနီးဝယ် အမှောင်လွှမ်းသော ညချမ်း၌ ပုဆိုးနွမ်းခင်း မြေတလင်းလှည်းအောက်တွင် ထင်းတုံးခေါင်းအုံးပြုကာ ထမင်းဆာဆာ ကြောက်လှစွာနှင့် အိပ်နေရရှာသည်။ ၁၂-နှစ်အရွယ် ဤသူငယ်သည် နံနက်စောစောကပင် ဖခင်နှင့်အတူ မြို့မှထွက်၍ ထင်းတင်ရန် လှည်းဖြင့် လိုက်လာခဲ့၏။ သူ၏ဖခင်ကား သူ့နွားတရှဉ်း မြို့တွင်းသို့ အခြားနွားများနှင့်အတူ ရောဝင်လိုက်သွားသဖြင့် သားကို သုသာန်အနီး လှည်းနှင့်ထားခဲ့ပြီး မြို့တွင်းဝင် အိမ်ပြန် နွားဆွဲနေသည်။ သို့သော် အိမ်မှ နွားဆွဲအလာ မြို့တံခါးမှာ ပိတ်ပြီးပေပြီ။ မြို့ပြင် သားနှင့်လှည်းရှိရာ ဖခင်မလာနိုင်တော့ပေ။ ဖခင်စိတ် တဆိတ်မှမအေးရှာ။ ယိုအချိန်မှာပင် မိစ္ဆာနှင့်သမ္မာ ဘီလူး ၂-ဦး သုသာန်သို့ ကူးလာရာတွင် သူငယ်ကို တွေ့မြင်သဖြင့် သမ္မာ ဘီလူး တားသည့်ကြားကပင် လူသားစား မိစ္ဆာဘီလူးသည် သူငယ်၏ ခြေကို ကိုင်ဆွဲလိုက်၏။ သူငယ်မှာ အထိတ်တလန့်ဖြင့် "နမော ဗုဒ္ဓဿ=မြတ်စွာဘုရားအား ရှိခိုးပါ၏"ဟု ယောင်ဆိုမိသည်။

**ဗုဒ္ဓရှိန်စော် သက်တော်စောင့်လုပ် ပွဲတော်အုပ်ဆက်** ခြေဆွဲကိုင်ချိန် ကြားရသော ဗုဒ္ဓ အရှိန်ဖြင့် မိစ္ဆာဘီလူး ကြောက်ဒူးတုန်ကာ လွှတ်လိုက်ရသည်။ "မပြုသင့်တာ ပြုရမည်လား"ဟု သမ္မာဘီလူး၏ ကြိမ်းဝါးချက် အမျက်ပြေစေရန် မိစ္ဆာဘီလူးသည် တညလုံး သူငယ်အတွက် သက်တော်စောင့်လုပ်၊ ရာဇဂြိုဟ်မြို့တွင်းဝင်၊ ဘုရင်၏ ပွဲတော်အုပ်ကိုလည်း စားတော် ရွှေခွက်ဖြင့်

ထည့်ယူလာ၊ သူငယ်အားမိဘသဖွယ် ကျွေးမွေးရရှာသည်။ သူငယ်ကား အမှန်အားဖြင့် ဗုဒ္ဓဘာသာဝင် မဟုတ်သူနှင့် ဂေါလီကစားဖက် ဗုဒ္ဓဘာသာဝင် သူငယ်၏ ကစားခါနီးတိုင်း သုံးသော "နမော–ဗုဒ္ဓဿ" စကားလုံးကိုယူ၍ ဘေရန်ကြုံစဉ် အမှတ်မဲ့ သုံးစွဲလိုက်ခြင်းဖြစ်သည်။ (ဓမ္မပဒ) အရပ်ထဲတွင် မတော်ရာ ယောင်တတ်သူများ ဤလိုသာ ယောင်အပ်၏။ ယုံကြည်သဒ္ဓါ အပြည့်မပါသူ၏ ဘုရားရှိခိုးသော်မှ ဤမျှ အကျိုးရလျှင် စေတနာ သဒ္ဓါ ပညာသက်ဝင် သူတော်စင်တို့အား ဆိုဖွယ်မလို။ အောက်ပါ သာဓကတိုများဖြင့် အသိရှင်းကြရာသည်။

**ဘုရားဂုဏ်ချီးကျူးသော နတ်သား**　ဝိပဿီဘုရားရှင်၏ တရားတော်ကို ကြားနာရ၍ ဝမ်းသာကြည်နူး နတ်သား တဦးသည် "တရားတော်မြတ် ဟောမိန့်အပ်ပေ မျှား ဝေနေကို အသေကင်းရာ နိဗ္ဗာန်ရွာသို့ ကယ်ရှာပေတတ် ယောကျ်ားမြတ် ဇာနည် ဂုဏ်ရည်မြင့်ကြွား အရှင်ဘုရားအား တပည့်တော် ရှိခိုးပါ၏" ဤသို့ အနည်းငယ်မျှ ချီးကျူးဘူးသောကြောင့် ၉၁-ကမ္ဘာ အပါယ် မလား၊ ငါတို့ဘုရား လက်ထက်တွင် ပဋိသမ္ဘိဒါ ၄-ပါး၊ အဘိညာဉ်၆-ပါး ရသော ထေ၁မကရဟန္တာဖြစ်လာသည်။

**စေတီကြည်ညိုသူ အမျိုးသား**　သိခီဘုရား၏ စေတီတော်ကိုမြင်၍ ဘုရားဂုဏ်တော်ကိုချီးကျူးပူဇော်ရသောကြောင့် ၃၁-ကမ္ဘာအပါယ်မလား၊ လူ နတ် ချမ်းသာများ ခံစားပြီး ငါတို့ဘုရား လက်ထက် ပဋိမ္ဘိဒါအဘိညာဉ်ရ အာသနတ္ထဝိက ရဟန္တာဖြစ်လာသည်။ (သက်ဆိုင်ရာ ကမ္ဘာတသိန်း အပါယ်မလား၊ လူနတ်ချမ်းသာများ ခံစားပုံ၊ငါတို့ ဘုရားလက်ထက်ထက် ပဋိသမ္ဘိဒါဉာဏ် ရ၍ ရဟန္တာဖြစ်ပုံ အပဒါန်ကျမ်းလာ အားလုံး တူသည်။)

**သဲသောင်ပြင်တွင် ဉာဏ်တော်တင်၍**　၉၁-ကမ္ဘာ ဝိပဿီ ဘုရား လက်ထက် အမျိုးသား တဦးသည် တောင်ကြားတခု၌ သန့်ရှင်း စင်ကြယ်သော သဲအပြင်ကိုမြင်၍ ဘုရားရှင်သည်၎င်း၊ ဘုရားရှင်၏ ဉာဏ်တော်သည်၎င်း ဤ သဲပြင်ပမာ ကိလေသာတို့မှ စင်ကြယ်ပေ၏ဟု အောက်မေ့ကြည်ညိုရခြင်းကြောင့် ဉာဏ ထေ၁မန ရဟန္တာ၊ ကမ္ဘာတသိန်း ပဒုမုတ္တရ ဘုရားလက်ထက် အမျိုးသားတဦး ဘုရားဉာဏ်တော်ကို ချီးကျူး၍ ဘာဂိနေယျပါလိရဟန္တာဖြစ်လာသည်။

**ဘုရားရှိခိုး အကျိုးရ ပုဂ္ဂိုလ်များ** ၃၁-ကမ္ဘာထက် ဝေဿဘူဘုရားကို တကြိမ်ရှိခိုးသူ သည် ဧကဝန္ဒနိယ ရဟန္တာ၊ ၉၂-ကမ္ဘာထက် တိဿ ဘုရားအား ရှိခိုးသော ရောဂါသည်တဦး နိပ္ပန္နဥ္စလိက ရဟန္တာ၊ ၉၄-ကမ္ဘာထက် သိဒ္ဓတ္ထဘုရားကို ဉာဏ်တော်ကြည် ညို၍ ရှိခိုးသူတဦး ဉာဏသညက ရဟန္တာ၊ ဝိပဿီဘုရားကို ရှိခိုးသူ ဥပ-ဂတဟာနိယ ရဟန္တာ၊ ဝိပဿီဘုရားကို လက်အုပ်ချီသူ ဧကဥ္စလိက ရဟန္တာ၊ သဲသောင်ပြင်ကိုမြင်၍ ဘုရားဉာဏ်တော် စိတ်သက်သလို ၉၄-ကမ္ဘာထက်တွင် စန္ဒဘာဂါမြစ်ကမ်း၌ ရွှေသဲကို မြင်၍လည်း ရွှေ အဆင်းရှိသော ကာလ ၃-ပါး ဘုရားရှင်များကို အောက်မေ့ကြည် ညိုခြင်းကြောင့် သညကရဟန္တာ အသီးသီး ဖြစ်လာကြသည်။

**အင်္ဂါ ၂-ပါး မျက်မှောက် ကျိုးများ** ဘုရားရှင်ကို ကြည်ညို ရှိခိုးရာ၌ ရတနာ ၃-ပါး ဟူသော ခေတ္တ၊ သီလ သဒ္ဓါ ဆန္ဒ ဟူသော အဇ္ဈာသယ၊ အကြောင်း ၂-ချက် ပြည့်စုံလျှင် မျက်မှောက် ဘဝ၌ပင် အကျိုးပေးနိုင်ရာ (အနုဋ္ဌိကာ) သဒ္ဓါမြတ်နိုး ရှိခိုးပူဇော်သင့်ကြသည်။ အရဟတ္တဖိုလ်၏ တံခွန် သဖွယ် ဖြစ်သော သင်္ကန်းဝတ်ထားလျှင် ဘေးကင်းရမည်ဟု ယုံကြည်ကာ သင်္ကန်းဝတ်ထားသော သောနုတ္တိုရ် မုဆိုးသည် အလောင်းတော်မြတ် ဆဒ္ဒန္တကို လေးတင်ပစ်သတ် ဆင်၏မျက်မှောက်၌ ရောက်အံ့သော်လည်း ယင်း မုဆိုး သေဘေးမှ လွတ်ရ၏။ သာသနာတော်နှင့် ရတနာ ၃-ပါး တို့၏ အရှိန်အဝါကား ဤမျှ ကြီးမားတော်မူဘိခြင်း။

**ဝတိံသာ ဘုံမြင့်၌ ၁၂-နှစ် ခေတ်စားသော ပြဿနာ ၄-သွယ်** ဒိန္နဒေယျ လှူဒါနတွင် ဘယ်လျှင် ဒါနမြတ်သနည်း။ ကောင်းမှုလှုစွာ အရသာတွင် ဘယ်လျှင်ရသာ မြတ်သနည်း။ ဗြဟ္မာလူနတ် ၃-ရပ် ဆန်းကြယ် မွေ့လျော်ဖွယ် အဘယ် သာ၍ မြတ်သနည်း။ တဏှာ ၃-ရပ် အကုန်ပြက်က ပရမတ်အကြီး ဘယ့်ကြောင့် ဖြစ်သနည်း။

ဤပြဿနာ ၄-ချက်ကား စကြဝဠာ တသောင်းအတွင်းရှိ နတ် များဝယ် ၁၂-နှစ်ပတ်လုံး အဖြေမှန်မရ တဝဲလည်လည် ရှိနေကြသည်။ စတုမဟာရာဇ် နတ်မင်းများ စမ်းတဝါးဝါးဖြစ်သလို ၂-ပြည်ထောင် စည်းစိမ်ရှင် ဘုရင်သိကြားလည်း မခြားတမူ အလားတူ သာတည်း။ အဆုံးတွင် ဘုရားထံမှောက် ပြဿနာရောက်ရတော့သည်။

(၁) **တရား အလှူသည် အလှူအားလုံးကို နိုင်သည်။** စကြဝဠာ တိုက်၌ ဖြပ်မွှာပြည်အထိ အထပ်ထပ် စည်းဝေးအပ်ကုန်သော ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ အရှင်မြတ်တို့အား (က) ငှက်ပျောသည့်နှင့်ပမာ နူးညံ့ သော သင်္ကန်းများ (ခ) နတ်သုဒ္ဓါသဖွယ် ဘောဇဉ် ခဲဘွယ်များ (ဂ) ထောပတ် ပျား စသော ဆေး ပစ္စည်းများ (ဃ) မဟာ ဝိဟာရ ကျောင်း ကြေး ပြာသာဒ် ၅၄-ကုဋေကုန် ဇေတဝန်ကျောင်းတိုက်၊ ၂၇-ကုဋေကုန် ပုဗ္ဗာရုံကျောင်းတိုက်ကြီးများနှင့် အလားတူ ပြာသာဒ်တိုက် ကျောင်း ထောင်ပေါင်းများစွာ ပစ္စည်း ၄-ဖြာလှူရသည်ထက် တဂါထာ မျှ (အက္ခရာ ၃၂-လုံး)ကို ဟောခြင်းနှင့်စပ်သော ဓမ္မဒါနသည် အမြတ် ဆုံးဖြစ်သည် မှန်လှ၏။တရားတော်ကို ကြားနာသိမှတ်ရသောကြောင့်သာ လှူနိုင်ကြ၏။ တရားမသိလျှင် ဆွမ်းတဇွန်းကိုမျှ မလှူနိုင်ကြပေ။

(၂) **တရားအရသာသည်သာ အရသာအားလုံးကို နိုင်သည်။** မှန်လှ ၏။လောကုတ္တရာ၉-ပါးတရားအရသာကား အရဟတ္တဖိုလ်သို့တိုင် သံသရာ ဆုံး နိုင်သည်၊ နတ်ဩဇာအရသာသည်ပင် သံသရာမြစ်၌ ကျနစ်၍ ဆင်း ရဲကြောင်းသာ ဖြစ်ရသည်။

(၃) **တရား၌မွေ့လျော်ခြင်းသည် မွေ့လျော်မှုအားလုံးကို နိုင်သည်။** မှန်လှ၏။တရားတော်ကို ဟောပြောပို့ချ သင်ကြားနာယူသူအား နှစ်သက် ဝမ်းမြောက် အရဟတ္တ မဂ်ဖိုလ်တိုင်ပေါက်၍ သံသရာ ဆုံးခန်းရောက် နိုင်သည်။ လင်နှင့်မယား သားနှင့် သမီး မြေးနှင့် ဥစ္စာ ဆွေမျိုးညာနှင့် မွေ့လျော်ခြင်း၊ ကြည်သာရှင်ပျ ဆိုတီး ကနှင့် မွေ့လျော်ခြင်းများသည် သံသရာမြစ်၌ ကျနစ်၍ ဆင်းရဲကြောင်းသာ ဖြစ်ရသည်။

(၄) **တဏှာကုန်ခြင်းသည် ဆင်းရဲ အားလုံးကို အောင်နိုင်သည်။** မှန်လှ၏။တဏှာကုန်သူ၏ သန္တာန်၌ဖြစ်သော အရဟတ္တဖိုလ်သည် သံသရာ ဝဋ်အားလုံးကို လွှမ်းမိုး နှိပ်စက် တတ်သောကြောင့် အလုံးစုံတို့ထက် အကြီးဖြစ်၍ အမြတ်ဆုံး ဖြစ်သည်။ ၁၂-နှစ်ကြာ ပြဿနာ ၄-ချက် ချိုးဖျက် ရှင်းပြီးလတ်သော် (၈၄၀၀၀) သတ္တဝါများ ကျွတ်တမ်း ဝင် သွားကြသည်။

**ချမ်းသာလိုခြင်း သိကြားမင်းအဆို**　　လောက၌ စည်းစိမ်ကြွယ်ဝသူသည် ကြွယ်ပြီးယင်း ကြွယ်ချင်သည်။ ၂-ပြည်ထောင် စည်းစိမ်ရှင် ဘုရင်သိကြားသည်လည်း ဘုရားရှင့်ကို ရှိသေစွာ ရှိခိုးလျက် "ထူးမြတ်ပေစွ ဓမ္မဒါနကို အဘယ့်ကြောင့် တသည့်တော်တို့

အား ကုသိုလ်အဖို့ မပေးကုန်သနည်း။ ယနေ့မှစ၍ ရဟန်းတော်များ တရားတော်ကို သင်အံလေ့ကျက် ဟောမြွက်ပြီးသော် တပည့်တော်တို့အား ကုသိုလ်အဖို့ ပေးဝေပါစေကုန်ဘုရား'' ဟု လျှောက်ထားသည်။

ကရုဏာသခင် ဘုရားရှင်သည် သိကြားမင်း လျှောက်ချက်အရ သံဃာတော်များ စည်းဝေးစေပြီး ''ချစ်သား ရဟန်းတို့၊ ယနေ့မှစပြီး အထူးတရားပွဲ၊ ရိုးရိုးတရားပွဲ၊ ထိုင်ပြော တရားပွဲ၊ အယုတ်သဖြင့် အနုမောဒနာတရားပွဲများ ဟောကြားပြီးလျှင် သတ္တဝါအားလုံးအတွက် ကုသိုလ်အဖို့ အမျှပေးပေရာ၏။ အမျှပေးစေလေ'' ဟု မိန့်ကြားတော်မူလိုက်သည်။

**ဓမ္မဒါနဟူသည်** ၄-ပါဒ တဂါထာအစထား၍ တဘ်စွမ်းသမျှ ဟောပြောရေးသားခြင်း၊ ပို့ချသင်ကြားပေးခြင်း၊ နာယူမှတ်သားခြင်း အားလုံး ပါဝင်သည်။ပစ္စည်း ၄-ပါး အာမိသဒါနအကျိုးများသည် အနုမောဒနာ ပူးအပ်သော ဓမ္မဒါန တဂါထာအကျိုး၏ ၁၆-ဖို့ တဖို့ ဝါ၊ ၂၅၆-ဖို့ တဖို့မျှ မမှီနိုင်။ (ဓမ္မပဒ၊ ၄၅။)

## သဒ္ဒါလျှံရွှန်း ရည်ညွှန်းသမျှ ဆန္ဒပြုရာ မင်္ဂလာ

ကျေးဇူးတော်ဟုန် ဂုဏ်ပေါင်းစုံသား (နိဒါန်းအစတွင် ဖော်ပြထားသည့်)ဆရာများနှင့် စိတ်ထားဖြူစင် (စတုပစ္စယဒါယကာ) အလှူရှင်တို့အားရင်း၊ ထို့ပြင်တဝ **အနာဂါရိယဂုဏ်တော်** ပူဇော်ဖို့မှန်း **အခြေခံသာသနာရေးကျမ်း** ကို ကြိုးပမ်းချိန်ပြည့် ရေးခွင့်ရှိအောင် ကျောင်းဆောင်သင်္ကန်း ယာဉ် ဆေး ဆွမ်းနှင့် မပန်းစေရန် သဒ္ဒါလျှံစီ ပါရမီဖြည့်ကြသော (လှူပျံတော်)ပတ္တမြား မိသားစုတို့အားရင်း ကျိုးများစုံလင် အာနိသင်ကြီးမား ကျမ်းရေးသားအပ် (ဓမ္မဒါန) ကုသိုလ်မြတ်ဖြင့် ပေးဆပ်ကျေးဇူး စိတ်ရည်စူးသည် တင့်ထူးပြည့်စုံကြပါစေ။

**အရှင်ကောသလ္လ**

အမှတ် ၃၀၊ ဓမ္မသုခရိပ်သာ
တာဝါလိမ်းလမ်း
ရွှေဂုံတိုင်စာတိုက်၊ရန်ကုန်မြို့
၁၃၃၈-ခုနှစ်၊ တော်သလင်းလ။

# ပဋိညာဉ် ပဏာမ အာသီသ

## ပဏာမနှင့် ပဋိညာဉ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အန္ဓမှိ အနန္ဓိယန္တိ၊ ဘူပါလာနံ ကုမာရကံ။
သုဂါရဝါ သုဘာယန္တာ၊ နာဂရိကာ ဇနာ ဇနာ။

ရွှေဘုန်းတော်သခင် အရှင်မြတ်ဘုရား၊ လောကဥ္စ တိုင်းပြည်စိုးချယ် မင်းသားငယ်ကို ပြည်သူ ပြည်သား လူအများတို့သည် အလွန်ရိုသေ ကြောက်ရွံ့နေကြကုန်သည်ဖြစ်၍ မျက်မမြင် မင်းသားငယ်သော်လည်း မျက်မြင်မင်းသား အလားပုံသေ ရိုသေခန့်ညား၍ နေကြရပါကုန်သည် ဘုရား။

ဒုပ္ပညံ ပညဝါ ယန္တိ၊ ဘဝတံ သာသနေ ရတံ။
ဝုဍ္ဍကပဗ္ဗဇိတမ္ပိ၊ နရာနရာ သုပူဇကာ။

ပမာနိုင်းယှူ အလားတူပါဘုရား။ အရှင်ဘုရားတို့၏ အံ့ဘွယ် ဂ-ဖြာ သာသနာ၌ ပျော်ပိုက်မွေ့လျော် တောထွက်ကိုယ်တော်ကြီးကိုသော်လည်း ဒါယကာ ဒါယိကာမကြီးငယ် အသွယ်သွယ်တို့သည် လေးမြတ်ကော်ရော် ပူဇော်ကြကုန်သည်ဖြစ်၍ ပညာမဲ့သောသူကိုသော်လည်း ပညာရှိအလား ဝပ်တွားကော်ရော် ပူဇော်ပါကုန်သည်ဘုရား။

ဒုဿီလာ သီလဝါ ယန္တိ၊ ဘဝတံ သာသနေ ရတာ။
သဒ္ဓေယျံ ဂုဏံ ဇနေန္တာ၊ သံဃဂတံ ဒက္ခိဏကံ။

ရွှေဘုန်းတော်သခင်အရှင်မြတ်ဘုရား၊အရှင်ဘုရားတို့၏ အံ့ဘွယ် ဂ-ဖြာ သာသနာ၌ ပျော်ပိုက်မွေ့လျော် ပုဂ္ဂိုလ်ကျော်တို့သည် သံဃာရည်မှန်း ကျောင်း၊ ဆေး၊ ဆွမ်းကို ဂဏန်းအသချေ ကျိုးရှိစေလျက် သီလမဲ့သော ရဟန်းတို့သော်မှလည်း သီလရှိယောင် အကျိုးဆောင်ကြပါကုန်သည် ဘုရား။

တော ဒိသံ လာဘဗ္ဘာနံ၊ ပုညက္ခေတ္တံ အနုတ္တရံ။
သဗ္ဗေသမ္ပိ သုခံ ဒေန္တံ၊ သာသနံ မာမကံ နမေ။

ဗြဟ္မာနတ်လူ ခပ်သိမ်းသူတို့၏ အတုမဲ့ညား ကောင်းမှုများ၏ စိုက်ထားရာခေတ် ကေန်ဖြစ်၍ စစ်မှန်ချမ်းသာ အဖြာဖြာကို သေချာပုံသေ ပေးငှဝေတတ် ဆုမြတ်ရတနာ လာဘ်အဖြာဖြာတို့၏တည်ရာ ဤသို့သဘော ရှိသော သာသနာတော်မြတ်ကြီးကိုရင်း၊ ကြည်ညိုဘွယ်ရာ သာသနာကို တည်ကာဖန်ဆင်း တရားမင်းကိုရင်း၊ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ၁၀-တန် ထင်ပေါ် တရားတော်နှင့် သံဃာတော်ရတနာ မြတ်ဆရာတို့ကိုရင်း ခန္ဓာနာမ်ရုပ် အကျုန်ုပ်သည် ရိုတုပ်မြတ်နိုး ရှိခိုးပါ၏။ လေးစားကော်ရော် ပူဇော်ပါ၏ အရှင်ဘုရား။

အတိဝ ဒိယ ဘာသိဿံ၊ သာသနဂုဏဒီပကံ။
ဗျာဒိတော ပူဇနိယေန၊ ပူဇေန္တု ပုညသမ္ပဒံ။

၃-ပါးရတနာ သာသနာနှင့် ဆရာသခင် ဦးညွှတ်တင်၍ မျက်မြင်အနေ ရောက်ရလေအောင် မသေ့စောင့်ရှောက် ချီးမြှောက်ဂုဏ်ရှိ မိမိ၏ ပူဇနိယသခင် ပွင့်လှသိမ်ကုန်းကျေးဇူးရှင်သည် "တိုက်တာသုံးရိုး ဘုရားရှိခိုးကို ပြည့်ဖြိုးစုံလင် သဒ္ဓါယှဉ်အောင် ပြုပြင်ရိုက်နှိပ်ရမည်" အမိန့်တော် ရည်သည်ဖြစ်၍ သာသနာတော်၏ ဂုဏ်ကျေးဇူး အခြေခံသိဘွယ်အထူးကို ပြဆိုရာ "အခြေခံသာသနာရေး" မည်မွေးတင့်ဆန်း ဤသည့်ကျမ်းကို ခန္ဓာနာမ်ရုပ် အကျုန်ုပ်သည် ဖွင့်ထုတ်ပြုပြင် စီရင်ရေးသားပါမည်။ ဘတ်ရှုလေ့လာ သူတော်စွာတို့သည် ခန္ဓာဝန်ဇာတ် ချုပ်ပြတ်ရည်စူး ကောင်းမှုထူးကို ဆည်းပူးကော်ရော် ပူဇော်ပြုလုပ် အားထုတ်နိုင်ကြပါစေ ကုန်သတည်း။

---

### ဘုရားဂုဏ်တော် ၉-ပါး ပါဠိ အနက်

ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏ သမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသ ဒမ္မသာရထိ သတ္ထာ ဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ။

(၁) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာ စ ကာရဏေန၊ ဝါသနာဘာဂီ ဝဿီမကျန် ထွေးအံပယ်ခွာ ကိလေသာမှ

လွန်စွာဝေးတော်မူသောအကြောင်းကြောင့်လည်း။ အရဟံ၊အရဟ မည်တော်မူ၏။ (၁)

ဣတိပိ ဣမိနာ စ ကာရဏေန၊ ရာဂမှုတိမ် ရန်သူရိန်ကို ဇီဝိန်ချေဖြတ် မဂ်အရဟတ်ဖြင့် အကြွင်းမဲ့ သတ်တော်မူတတ်သော အကြောင်းကြောင့် လည်း။ အရဟံ၊ အရဟ မည်တော်မူ၏။ (၂)

ဣတိပိ ဣမိနာ စ ကာရဏေန၊ကပ္ပါပျက်နီး သံဝဋ်မီးကြောင့် မြေကြီး မြင်းမိုရ် ယုဂန္ဓိုရ်တောင်ရံ အဿကံ ပဗ္ဗတ အခိုးဖြာ၍ ဖွဲ့ပြာကျသကဲ့သို့ ဒသ ကန့်-ကူက် သံသရာစက်ကို ပယ်ပျက်တော်မူတတ်သော အကြောင်း ကြောင့်လည်း။ အရဟံ၊ အရဟမည်တော်မူ၏။ (၃)

ဣတိပိ ဣမိနာ စ ကာရဏေန၊ ဒေဝိန္ဒာနှင့် ဗြဟ္မာ သကြား မင်းလေး ပါးတို့ မြတ်ဖျားဒါန တမလွန်လောက နေ့ဝင်ဘဝကို ယုံကြည်စွာ သဒ္ဓါ၍ လှူအပ်သော ဝတ္ထုပရိက်ကို ခံတော်မူထိုက်သော အကြောင်းကြောင့် လည်း။ အရဟံ၊ အရဟ မည်တော်မူ၏။ (၄)

ဣတိပိ ဣမိနာ စ ကာရဏေန၊ စိန္တာ သုတ အတ္တ ပဋိဘာ လေးဖြာ ကဝိန် စိန်ဇမ္ဗူရစ် ပတ္တမြားမစပ် ကျောက်စရစ်အသွင် ငါပညာရှိဟု မှတ် ထင်သော ဗာလကဲ့သို့ ဆိတ်ကွယ်ရာဌာန၌ ပါပညစ်ကျူ မကောင်းမှုကို ပြုတော်မူလေ့ မရှိသောအကြောင်းကြောင့်လည်း။ အရဟံ၊ အရဟမည် တော်မူ၏။ (၅)

(၂) သော ဘဂဝါ၊သည်။ ဣတိပိ ဣမိနာ စ ကာရဏေန၊ မြေမိုး အောက်ထက် ဘဝဂ်မကျန် ဉေယျဓံကို သယမ္ဘူဉာဏ်ဖြင့် အမှန်သိတော် မူတတ်သော အကြောင်းကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။

(၃) သော ဘဂဝါ၊သည်။ ဣတိပိ ဣမိနာ စ ကာရဏေန၊ ဝိဇ္ဇာ ၃-ပါး၊ ဝိဇ္ဇာ ၈-ပါး၊ ၁၅-စရဏ ထွန်းပဝင်းရှိန် လင်းလင်းထိန်သော အကြောင်းကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာ စရဏ သမ္ပန္န မည်တော်မူ၏။

(၄) သော ဘဂဝါ၊ သည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ ဇမ္ဗူဒိပ် ကျွန်း လူ ၆-ခွန်းတွင် လေးကျွန်း ဒါမာဝါသီ နှစ်လီပဏ္ဏမ စန္ဒြနန်း ရေးစံထိုးဖြင့် နှလုံးကြည်သာ ဗြဟ္မာ ကရဝိက် ရင့်ဘိတ်သဖွယ် ဆန်းကြယ်

သင့်မြတ် ဟောတော်မူတတ်သော အကြောင်းကြောင့်လည်း။ သုဂတော၊ သုဂတ မည်တော်မူ၏။

(၅) သော ဘဂဝါ၊ သည်။ ဣတိပိ ဣမိနာ စ ကာရဏေန၊ ကမ္ဘာ့ သယံဇာ စကြာဝဠာ ရေ မြေ လေအဆုံးရောက် ထက်အောက် ထုတ်ချင်း မကြွင်းအရပ်ရပ် လောကဓာတ်ကို အပြီးသတ်အောင် သိတော်မူတတ် သော အကြောင်းကြောင့်လည်း။ လောကဝိဒူ၊ လောကဝိဒူ မည်တော် မူ၏။

(၆) သော ဘဂဝါ၊ သည်။ ဣတိ ပိ ဣမိနာ စ ကာရဏေန၊ ဘဝဂ် ဘုံဆုံး ပြိုင်နှိုင်းမရ အသဒိသ ပုဂ္ဂလဖြစ်၍ တိရစ္ဆာန်ယောကျ်ား၊ လူ ယောကျ်ား၊ နတ်ယောကျ်ား၊ ယင်း ၃-ပါးကို တရားမြိုက်ဆေး ဝိမုတ္တိ ရေစင်အေးဖြင့် ယဉ်ကျေးတော် မူစေတတ်သော အကြောင်းကြောင့် လည်း။ အနုတ္တရော ပုရိသဒမ္မသာရထိ၊ အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူ၏။

(၇) သော ဘဂဝါ၊ သည်။ ဣတိ ပိ ဣမိနာ စ ကာရဏေန၊ ဇာတိ အာဏာ ဝိသယာဟု ၃-ဖြာခေတ်လုံး ရိုက်ချုံးကျေညာ စိန္တေယျာသည် နက်စွာဆုံးမရှိ ဇာတိ ဇရာ ဗျာဓိ မရဏ ကန္တာရလမ်း ခရီးကြမ်းမှ ငွေ နန်းစန္ဒီ ဂုဏ်ဆီနက်ကြွေ နိဗ္ဗူတေသို့ ဆောင်ပေကယ်တတ် ထိုသကတ် ဖြင့် လူနတ်တို့ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း။ သတ္ထာ ဒေဝမနုဿာနံ၊ သတ္ထာဒေဝမနုဿာန မည်တော်မူ၏။

(၈) သော ဘဂဝါ၊ သည်။ ဣတိပိ ဣမိနာ စ ကာရဏေန၊ ဝရဇိန် မျက်ရှင် မွေ့ပလ္လင်ထိပ်၊ ပရာဇိတ်ဝယ် လျှံဖိတ်ဝင်းပ၊ ဖလပစ္စု မဂ်ထိုးဖြိုကို၊ ၈-ဆူစွင့်စွင့် ဖွင့်ထုလှစ်၍ ၃-ဆင့်ဝိဇ္ဇာ အနာဝရဏ ဈာနသိဒ္ဓိ မဟိဒ္ဓိနှင့် ဣဒ္ဓိကြီးမား တရားအထွဋ် သစ္စာပန်းဝတ်ကို ပင်လုံးကျွတ် ပွင့်စေတော် မူတတ်သောအကြောင်းကြောင့်လည်း။ ဗုဒ္ဓော၊ ဗုဒ္ဓမည်တော်မူ၏။

(၉) သော ဘဂဝါ၊ သည်။ ဣတိပိ ဣမိနာ စ ကာရဏေန၊ မန္ဒာတ် စကြာ ဒေဝိန္ဒာနှင့် ဗြဟ္မာမကိုဋ် ၃-တိုက်ကျက်သရေ ၃-တိုက်မြေတွင် ဘုရင်မင်းဆုံး ပြိုင်နှိုင်းမရ ဣဿရိယ ဓမ္မ ယသ သိရီ ကာမ ပယတ္တဟု စန္ဒြာအတူ ဘုန်းတော်မြတ် ၆-ဆူသည် ဘော်ကျူငွေနှစ် ဇမ္ဗူရစ်နီဖလံ မင်းစံရောင်ညီး ရွှေတောင်ကြီးအလား ထင်ရှားတော်မူသောအကြောင်း ကြောင့်လည်း။ ဘဂဝါ၊ ဘဂဝါမည်တော်မူ၏။

ဣစ္စေဝံ ဂုဏာသမ္ပန္နံ၊ နမဿာမိ တထာဂတံ။

ဣစ္စေဝံ ဂုဏာသမ္ပန္နံ၊ ဤသို့ပြထား ၉-ပါးသောဂုဏ်တော် ကျေးဇူးတော်အပေါင်းနှင့် ကောင်းစွာ ပြည့်စုံတော်မူသော။ တထာဂတံ၊ ရှေးဘုရားအတူ လာခြင်း ကောင်းတော်မူသော မြတ်စွာဘုရားကို။ အဟံ၊ ခန္ဓာငါးတန် ရုပ်နှင့်နာမ်ကို အဟံ မှည့်ခေါ်တပည့်တော်သည်။ နမဿာမိ၊ ပဉ္စပတိဋ္ဌိတ တည်ငါးဝဖြင့် ကြည်ဆွသဒ္ဓါ ရှိခိုးပါ၏ မြတ်စွာဘုရား—မြတ်စွာဘုရား။

---

## တရားဂုဏ်တော် ၆-ပါး ပါဌ်အနက်

သွာက္ခာတော ဘဂဝတာ ဓမ္မော သန္ဒိဋ္ဌိကော အကာလိကော ဧဟိပဿိကော ဩပနေယျိကော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

(၁) ဘဂဝတာ၊ လောကသုံးပေါ် နှုန်းမလျော်သည့် ဘုန်းတော်သခင် ဘုရားရှင်သည်။ ဒေသိတော၊ ရွှေကြာကုမုဒ် နှုံးသာကြုတ်မှ မြွက်ထုတ် ဟောကြားတော်မူအပ်သော။ ဓမ္မော၊ ဝိမုတ္တိရသအားဖြင့် တပါး၊ ပိဋကအားဖြင့် ၃-သွယ်၊ နိကာယ် ၅-ဖြာ၊ အင်္ဂါ ၉-ထပ်၊ ပရိယတ်တည်းဟူသော တရားတော်သည်။ သွာက္ခာတော၊ အာဒိ မဇ္ဈ အဝသာနဟု ကလျာ ၃-ချက် ပုဒ်နက်ဗိပ္ပာယ် ပြည့်ဖြိုးကြွယ်လျက် စင်ကြယ်သုဒ္ဓ နည်းစုံပြသဖြင့် ဆုံးမဟောကြားတော်မူသည်၏အဖြစ်ကြောင့် သွာက္ခာတဂုဏ်တော်နှင့် ပြည့်စုံတော်မူ၏။ (၁)

**တနည်း** — သွာက္ခာတော၊ တိတ္ထိဆရာများ၏ တရားသဏ္ဍာန် မဖောက်ပြန်ပြန်ဘဲ ဖြောင့်မှန်စွာ ဟောကြားတော်မူအပ်သည်၏အဖြစ်ကြောင့်လည်း သွာက္ခာတဂုဏ်တော်နှင့် ပြည့်စုံတော်မူ၏။ (၂)

**တနည်း** — ဘဂဝတာ၊ သည်။ ဒေသိတော၊ သော။ ဓမ္မော၊ ဖြူစင်လှစွာ အရိယာမဂ် ၄-ချက်သောတရားတော်သည်။ သွာက္ခာတော၊ မေထုန်မှီစွာ ယုတ်မာတရား ၂-ပါးစင်ကြယ် အလယ်အလတ်အားဖြင့် ဟောကြားတော်မူအပ်သည်၏ အဖြစ်ကြောင့်လည်း သွာက္ခာတဂုဏ်တော်နှင့် ပြည့်စုံတော်မူ၏။ (၃)

**တနည်း** — ဘဂဝတာ၊သည်။ ဒေသိတော၊သော။ ဓမ္မော၊ မဂ် ၄-မျိုး၏ အကျိုးတရား ဖိုလ် ၄-ပါးသည်။ သွာက္ခာတော၊ မဂ်ဖြင့်

သတ်ပြီး ကိလေမီးသည် တသီးတဖန် ငြိမ်းစေပြန်သောအားဖြင့် ဟောကြားတော်မူအပ်သည်၏ အဖြစ်ကြောင့်လည်း သွက္ခာတဂုဏ်တော်နှင့် ပြည့်စုံတော်မူ၏။ (၄)

**တနည်း** — ဘဂဝတာ၊သည်။ ဒေသိတော၊သော။ ဓမ္မော၊ ရတနာဘုံပျို နိဗ္ဗာန်ဟူသော တရားတော်သည်။ သွက္ခာတော၊ ကိုးကွယ်လည်းလျှောင်း ပုန်းအောင်းမှီခိုရာ ပဟာအမတ ထာဝရ အစွမ်းအားဖြင့် ဟောကြားတော်မူအပ်သည်၏ အဖြစ်ကြောင့်လည်း သွက္ခာတဂုဏ်တော်နှင့် ပြည့်စုံတော်မူ၏။ (၅)

**တနည်း** — ဘဂဝတာ၊ သည်။ ဒေသိတော၊ သော။ မမ္မော၊ လောကီဓမ္မသဘာဝထက် အဆထောင်ရာ လွန်ကဲစွာသော လောကုတ္တရာတရားတော်သည်။ သွက္ခာတော၊ နိဗ္ဗာန်အားလျော်စွာ သေချာစေ့စပ် ပဋိပတ်ကို ပဋိပတ်အား လျော်ကန်မြတ်နိဗ္ဗာန်ကို ထုတ်ပြန် ဟောကြားတော်မူအပ်သည်၏အဖြစ်ကြောင့်လည်း သွက္ခာတဂုဏ်နှင့် ပြည့်စုံတော်မူ၏။ (၆)

(၂) ဘဂဝတာ-ဘဂဝတော၊ လောကသုံးပေါ် နှုန်းမလျော်သည့် ဘုန်းတော်သခင် ဘုရားရှင်၏။ ဓမ္မော၊ မဂ်ဖိုလ် နိဗ္ဗာန် ၉-တန်သော လောကုတ္တရာတရားတော်သည်။ သန္ဒိဋ္ဌိကော၊ ဂ-ပါးအရိယာ ကိုယ်တိုင်သာလျှင် သဒ္ဒါလေးမြတ် ရှုမြင်အပ်သည်၏အဖြစ်ကြောင့် သန္ဒိဋ္ဌိကဂုဏ်နှင့် ပြည့်စုံတော်မူ၏။ (၁)

**တနည်း** — သန္ဒိဋ္ဌိကော၊ ချီးမွမ်းအပ်စွာ ဉာဏ်ပညာဖြင့် ကိလေသာမာရ်အတွင်းရန်ကို နှင်းကန်ဖြိုနှင် အောင်မြင်တော်မူတတ်သည်၏ အဖြစ်ကြောင့်လည်း သန္ဒိဋ္ဌိတဂုဏ်နှင့် ပြည့်စုံတော်၏။ (၂)

**တနည်း** — သန္ဒိဋ္ဌိကော၊ သစ္စိ ဘာဝနာ ဉာဏ် နှစ်ဖြာဖြင့် ကောင်းစွာမြင်မြော်ခြင်းကို ထိုက်တော်မူပေသည်၏အဖြစ်ကြောင့်လည်း သန္ဒိဋ္ဌိကဂုဏ်နှင့် ပြည့်စုံတော်မူ၏။ (၃)

(၃) ဘဂဝတာ—ဘဂဝတော၊ ၏။ဓမ္မော၊ အကြောင်း လေးပါး မဂ်တရားသည်။ အကာလိကော၊ လောကီကုသိုလ်ပမာအခါအခွင့် မကြာဖင့်ဘဲ မဆိုင်းလင့်သော ကာလရှိတော်မူသည်၏ အဖြစ်ကြောင့် **အကာ-လိက** ဂုဏ်နှင့် ပြည့်စုံတော်မူ၏။

(၄) ဘဂဝတာ—ဘဂဝတော၊ ၏။ ဓမ္မော၊ မဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်သော လောကုတ္တရာတရားတော်သည်။ ဧဟိ ပဿိကော၊ဇောတိရည်စင် ကျောက်မျက်ရှင်ကို လက်တွင်အုပ်ကာ ပေးအံ့ငှါဖြင့် လာလာယူလှည့် ဆိုသကဲ့သို့ ကြေးမှုံမတင် သန့်စင်ထင်ရှား ဤတရားကို လာလာရှုလိုက် စီရင်ထိုက်သည်၏အဖြစ်ကြောင့် ဧဟိ ပဿိကဂုဏ်နှင့် ပြည့်စုံတော်မူ၏။

(၅) ဘဂဝတာ—ဘဂဝတော၊ ၏။ ဓမ္မော၊ ရှစ်ပါးအရ သခ်တ မည်ရာ လောကုတ္တရာတရားတော်သည်။ ဩပနေယျိကော၊ ဥသျှောင် မီးစွဲ မသတ်ဘဲပင် ထူးကဲဘာဝနာ အားထုတ်ကာဖြင့် စိတ်မှာထားသွင်း ကပ်ဆောင်ခြင်းကို လွန်မင်းစွာ ထိုက်တော်မူသည်၏အဖြစ်ကြောင့် ဩပနေယျိကဂုဏ်နှင့် ပြည့်စုံတော်မူ၏။ (၁)

**တနည်း** — ဓမ္မော၊ နိဗ္ဗာန်ဓမ္မ အသခ်တ မည်ရာ လောကုတ္တရာတရားတော်သည်။ ဩပနေယျိကော၊ မိမိစိတ်ဖြင့် ကပ်လင့်ဆောင်တော်မူထိုက်သည်၏ အဖြစ်ကြောင့်လည်း ဩပနေယျိကဂုဏ်နှင့် ပြည့်စုံတော်မူ၏။ (၂)

**တနည်း** — ဓမ္မော၊ အကြောင်းလေးပါး မဂ်တရားသည်။ ဩပနေယျိကော၊ ကျွတ်ထိုက်သောသူ ဝေနေယျကို နိဗ္ဗူသောင်ကမ်း အောင်ကြင့်နှင်းသို့ ဆောင်မြန်း ပို့တော်မူတတ်သည်၏အဖြစ်ကြောင့်လည်း ဩပနေယျိကဂုဏ်နှင့် ပြည့်စုံတော်မူ၏ (၃)

**တနည်း** — ဓမ္မော၊ ဖိုလ်နိဗ္ဗာန်ဟု ငါးတန်သော အကျိုးတရားတော်သည်။ ဩပနေယျိကော၊ မဂ်ပုဂ္ဂိုလ် လေးယောက်သည် မျက်မှောက်ထင်ထင် မြင်အပ်သောအဖြစ်သို့ ဝင်စစ် ဆောင်တော်မူအပ်သည်၏အဖြစ်ကြောင့်လည်း ဩပနေယျိကဂုဏ်နှင့် ပြည့်စုံတော်မူ၏။ (၄)

(၆) ဘဂဝတာ—ဘဂဝတော၊ ၏။ ဓမ္မော၊ မဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်သော လောကုတ္တရာတရားတော်သည်။ ဝိညူဟိ၊ ဥဂ္ဃဋိတညူ စသူ ထိုထို အရိယာပုဂ္ဂိုလ်တို့သည်။ ပစ္စတ္တံ၊ အတွင်းမျိုသိပ် မိမိစိတ်၌။ ဝေဒိတဗ္ဗော၊ ရှုအပ် သိအပ် ခံစားအပ်သည်၏အဖြစ်ကြောင့် ပစ္စတ္တံ ဝေဒိတဗ္ဗ ဝိညူဟိဂုဏ်နှင့် ပြည့်စုံတော်မူ၏။

ဣစ္စေဝံ ဂုဏာသမ္ပန္နံ၊ နမဿာမိ တထာဂတံ။

ဣစ္စေဝံ ဂုဏာသမ္ပန္နံ၊ ဤသို့ပြထား ၆-ပါးသော ဂုဏ်တော် ကျေးဇူးတော်အပေါင်းနှင့် ကောင်းစွာ ပြည့်စုံတော်မူသော။ တထာဂတံ၊ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ၁၀-တန်ထင်ပေါ် တရားတော်ကို။ အဟံ၊ ခန္ဓာငါးခု ရုပ်နာမ်စုကို ငါဟုမှည့်ခေါ် တပည့်တော်သည်။ နမဿာမိ၊ ဂုဏ်တော်ရည်စူး စိတ်ရွှင်မြူးလျက် ကြည်နူးသဒ္ဓါ ရှိခိုးပါ၏ အရှင်ဘုရား—အရှင်ဘုရား။

---

**သံဃဂုဏ်တော် ၉-ပါး ပါဠိအနက်**

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ ဧသ ဘဂဝတော သာဝကသံဃော အာဟုနေယျော ပါဟုနေယျော ဒက္ခိဏေယျော အဉ္ဇလိ ကရဏီယော အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

(၁) ဘဂဝတော၊ ဣဿရိယ စသည်အပြား ဘုန်း ၆-ပါးသခင် ဘုရားရှင်၏။ သာဝကသံဃော၊ ဆရာဘုရား ဟောကြားမိန့်သံ မဖီဆန်ဘဲ နာခံတတ်စွာ အရိယာ ၈-ပါး သံဃာတော်များသည်။ သုပ္ပဋိပန္နော၊ မချွတ်ယွင်းရ ကြီးလုံ့လဖြင့် ဆုံးမတိုင်းသာ ထောင်နားနာ၍ ကောင်းစွာ ကျင့်တော်မူတတ်သည်၏အဖြစ်ကြောင့် သုပ္ပဋိပန္နဂုဏ်နှင့် ပြည့်စုံတော်မူ၏။

(၂)ဘဂဝတော၊၏။ သာဝကသံဃော၊သည်။ ဥဇုပ္ပဋိပန္နော၊ အယုတ်တရား၊ ၂-ပါးမကပ် အလယ်အလတ်ဖြင့် ဖြောင့်မတ်စွာ ကျင့်တော်မူတတ်သည်၏အဖြစ်ကြောင့် ဥဇုပ္ပဋိပန္နဂုဏ်နှင့် ပြည့်စုံတော်မူ၏။

(၃) ဘဂဝတော၊ ၏။ သာဝကသံဃော၊ သည်။ ဉာယပ္ပဋိပန္နော၊ ပုဆိုး-ဥသျှောင် မီးလောင်တောက်စွဲ မသတ်ဘဲပင် ခံမဲ့အားအန် ရည်စိတ်သန်၍ နိဗ္ဗာန်အကျိုးငှာ ကျင့်တော်မူတတ်သည်၏အဖြစ်ကြောင့် ဉာယပ္ပဋိပန္နဂုဏ်နှင့် ပြည့်စုံတော်မူ၏။

(၄) ဘဂဝတော၊ ၏။ သာဝကသံဃော၊ သည်။ သာမိစိပ္ပဋိပန္နော၊ မထိမဲ့မြင် သန့်စင်ကင်းကွာ ရိုသေစွာ ကျင့်တော်မူတတ်သည်၏ အဖြစ်ကြောင့် သာမိစိပ္ပဋိပန္နဂုဏ်နှင့် ပြည့်စုံတော်မူ၏။

စတ္တာရိ၊ ၄-ပါးကုန်သော။ ယဒိဒံ ယာနိ ဣမာနိ ပုရိသယုဂါနိ၊ အကြင်ယောကျ်ားမြတ်အစုံတို့သည်။ အဋ္ဌပုရိသပုဂ္ဂလာ၊ မဂ္ဂဋ္ဌာန် ၄-ပါး၊ ဖလဋ္ဌာန် ၄-ပါး ၈-ပါးသော ယောကျ်ားမြတ်ပုဂ္ဂိုလ်တို့သည်။ ဟောန္တိ၊ ဖြစ်ကြကုန်၏။

(၅) ဘဂဝတော၊ ၏။ ဧသ ဧသော သာဝကသံဃော၊ ဆရာဘုရား ဟောကြားမိန့်သံ မဖီဆန်ဘဲ နာခံတတ်စွာ အရိယာ ၈-ပါး ဤ သံဃာ တော်များသည်။ အာဟုနေယျော၊ အဝေးမှယူဆောင်၍မူလည်း ကြည်ဖြူ လေးမြတ် ပူဇော်အပ်သော လာဘ်သပ်ပကာ အတန်တန်ကို ခံယူတော် မူထိုက်သည်၏အဖြစ်ကြောင့် အာဟုနေယျဂုဏ်နှင့် ပြည့်စုံတော်မူ၏။

(၆) ဘဂဝတော၊ ၏။ ဧသ ဧသော သာဝကသံဃော၊ သည်။ ပါဟုနေယျော၊ ဝေးရပ်မှသာ ဆိုက်ရောက်လာသည့် ဆွေညာအများ ရည်ရွယ်ထားသော ထူးခြားကောင်းမြတ် အရပ်ရပ်ကို ပိုင်းဖြတ်ရည်သူ မပေးမူ၍ အလှူပြုခြင်းကို ခံတော်မူထိုက်သည်၏အဖြစ်ကြောင့် ပါဟုနေယျ ဂုဏ်နှင့် ပြည့်စုံတော်မူ၏။

(၇) ဘဂဝတော၊ ၏။ ဧသ ဧသော သာဝကသံဃော၊ သည်။ ဒက္ခိဏေယျော၊ တမလွန်သို့ ရည်ညွှန်ရွယ်ထား ဒါနများကို ခံစား သုံး ဆောင်တော်မူထိုက်သည်၏အဖြစ်ကြောင့် ဒက္ခိဏေယျ ဂုဏ်နှင့် ပြည့်စုံ တော်မူ၏။

(၈) ဘဂဝတော၊ ၏။ ဧသ ဧသော သာဝကသံဃော၊ သည်။ အဉ္ဇလိကရဏီယော၊ ကောင်းကျိုးများလျက် ၂-ပါးလက်ကို ဦးရွက်ချီမိုး ရှိခိုးခြင်းပြုသည်ကို ခံတော်မူထိုက်သည်၏အဖြစ်ကြောင့် အဉ္ဇလိကရဏီယ ဂုဏ်နှင့် ပြည့်စုံတော်မူ၏၊

(၉) ဘဂဝတော၊ ၏။ ဧသ ဧသော သာဝကသံဃော၊ သည်။ လောကဿ၊ ပြဟ္မာနတ်လူ ၃-ဘုံသူ၏။ အနုတ္တရံ၊ ပြိုင်ရန်မရှိ ခေါင်သို့ ထိသော။ ပုညက္ခေတ္တံ၊ ကောင်းမှုတည်းဟူသော မျိုးစေ့များ၏ပြန့်ပွား ဖွင့်ဖြိုး တိုးတက်စည်ပင်ရာ လယ်ယာမြေကောင်းအတူ ဖြစ်တော်မူသည်၏ အဖြစ်ကြောင့် အနုတ္တရံပုညက္ခေတ္တံ လောကဿဂုဏ်နှင့် ပြည့်စုံတော်မူ၏။

ဣစ္စေဝံ ဂုဏသမ္ပန္နံ၊ နမဿာမိ တထာဂတံ။

ဣစ္စေဝံ ဂုဏသမ္ပန္နံ၊ ဤသို့ပြထား ၉-ပါးသော ဂုဏ်တော် ကျေးဇူး တော်အပေါင်းနှင့် ကောင်းစွာ ပြည့်စုံတော်မူသော။ တထာဂတံ၊မဂ္ဂဋ္ဌာန်

လေးယောက်၊ ဖလဋ္ဌာန် လေးယောက် ရှစ်ယောက်အရိယာ မြတ်သံဃာ ကို။ အဟံ၊ ရှပ်နာမ် ၂-ဖြာ ၅-ခန္ဓာကို ငါငါမှည့်ခေါ် တပည့်တော် သည်။ နမဿာမိ၊ ရိုသေမြတ်နိုး လက်စုံမိုး၍ ဖွင့်ဖြိုးစေတနာ ရှိခိုးပါ၏ အရှင်ဘုရား—အရှင်ဘုရား။

---

## ဘုရားပင့်ဂါထာ ပါဠိ အနက်

အနေကသတာ သမ္ဗုဒ္ဓါ၊ ဥပ္ပန္နာ ဘယနာသကာ။
မမ သီသေ ပတိဋ္ဌန္တု၊ ရက္ခန္တု တေ မမံ သဒါ။

အနေကသတာ၊ ရာထောင်သိန်းသန်း ဂဏန်းသင်္ချာ ဆင့်ကာပွားတက် ရေတွက်မရ များပြားလှကုန်သော။ ဘယနာသကာ၊ ဘေးရန်အပေါင်း မကောင်းအနိဋ္ဌ ဟူသမျှကို မြူမျှမကျန် တွန်းလှန်ပယ်သတ် ဖျက်ဆီး တော်မူတတ်ကုန်သော။ သမ္ဗုဒ္ဓါ၊ လောကဓာတ်အားလုံး တုဘက်ရှုံးသည့် မြတ်ဘုန်းတော်သခင် ဘုရားရှင်တို့သည်။ ဥပ္ပန္နာ၊ ထီးဖြူ ဂ-ဆင့် အောင်လံဖွင့်လျက် ပွင့်တော်မူကြလေကုန်ပြီ။

တေ၊ ဘုန်းတော်သခင် ထိုဘုရားရှင်တို့သည်။ မမ၊ တပည့်တော်၏။ သီသေ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါ၌။ ပတိဋ္ဌန္တု၊ အပရာဇိတပလ္လင် ကဲ့ အသွင်သို့ ကြည်ရွှင်စမ္မယ် ထက်ဝယ်ဖွဲ့ခွေ တည်နေတော်မူကြပါစေကုန် သတည်း။ တေ၊ ဘုန်းတော်သခင် ထိုဘုရားရှင်တို့သည်။ မမံ၊ အစိဋ္ဌာန် ချက် စိတ်မပျက်ဘဲ နှစ်သက်မွေ့လျော် တပည့်တော်ကို။ သဒါ၊ နေ့ ရောညဥ့်ပါ အခါခပ်သိမ်း။ ရက္ခန္တု၊ အန္တရာယ်ဘေး ကင်းစင်ဝေး၍ ကြည်အေးချမ်းသာ ဖြာဖြာသိဒ္ဓိ စုံပြည့်ပြီးမြောက် ခရီး ရောက်အောင် စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။

---

## တရားပင့်ဂါထာ ပါဠိ အနက်

သုခါဝဟံ သတံ ဓမ္မာ၊ တိဋ္ဌန္တု ဟဒယေ မမ။
အမ္မေ ဝေတေ ပါလယန္တု၊ သုခံ ဒေန္တု မယှံ သဒါ။

သုခါဝဟံ၊ ချမ်းသာကောင်းကျိုး အမျိုးမျိုးကို ပွားတိုးလေအောင် ရွက်ဆောင်တော် မူကြကုန်သော။ သတံ၊ ဘုရား ပစ္စေကာ အရိယာ

အပေါင်း သူတော်ကောင်းတို့၏။ ဓမ္မာ၊ ၉-ပါး၊ ၁၀-ပါး အကျယ်ပွားသော် ၈-သောင်း ၄-ထောင်သော တရားတော်တို့သည်။ မမ၊ တရားစိတ်သန် အဓိဋ္ဌာန်ဖြင့် ရက်မှန်မွေ့လျော် တပည့်တော်၏။ ဟဒယေ၊ စိတ်၏မှီရာ နှလုံးခေါတ်နေရာ၌။ တိဋ္ဌန္တု၊ ဓမ္မာသနပလ္လင် ကဲ့အသွင်သို့ အစဉ် နိစ္စတည်နေတော်မူကြပါစေကုန်သတည်း။

တေ၊ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ၁၀-တန်ထင်ပေါ် ထိုတရားတော်တို့သည်။ အမှေ့၊ တရားမွေ့လျော် တပည့်တော်တို့ကို။ ပါလယန္တု၊ဘေးရန်ကင်းပျောက် ချမ်းသာရောက်အောင် စောင့်ရှောက်တော် မူကြပါစေကုန်သတည်း။ သဒါ၊ နေ့ရောညဉ့်ပါ အခါခပ်သိမ်း။ သုခံ၊ လောကီလောကုတ် မယုတ်စုံစွာ မြတ်ချမ်းသာကို။ မယှံ၊ တရားမွေ့လျော် တပည့်တော်အား။ ဒေန္တု၊ အံလျှင်မနှေး ပေးသနားတော်မူကြပါစေကုန်သတည်း။

## သံဃာပင့်ဂါထာ ပါဌ် အနက်

သမ္ဗုဒ္ဓါနံ အရဟန္တာ၊ တေဇဝန္တော တတော တတော။
တေ မံ အံသေ၊ ပတိဋ္ဌန္တု၊ ပါလယန္တု မမံ သဒါ။

တေဇဝန္တော၊ မိုးပျံ မြေရှိုး ကြီးမားသောတန်ခိုး ရှိကြကုန်သော။ သမ္ဗုဒ္ဓါနံ၊ ဘုန်းတော်သခင် ဘုရားရှင်တို့၏။ ပုတ္တာ၊ ရွှေရင်တော်နှစ်သားတော်စစ် ဖြစ်တော်မူကြကုန်သော။ အရဟန္တာ၊ ရဟန္တာသခင် အရှင်မြတ်တို့သည်။တတော တတော၊(တာသု တာသု ဒိသာသု)ဝန်းကျင်ဒိသာ ထိုထိုသော အရပ်မျက်နှာတို့၌။ သန္တိ၊ ထင်ရှားအစုံ ရှိတော်မူကြကုန်၏။

တေ၊ ထိုရဟန္တာသခင် အရှင်မြတ်တို့သည်။ မံ-မမ၊အဓိဋ္ဌာန်ဖြင့် မြဲမြဲမွေ့လျော် တပည့်တော်၏။ အံသေ၊ ဝဲယာ ၂-ဖက် ပုခုံးထက်၌။ ပတိဋ္ဌန္တု၊ ကျောင်းတော်အသွင် မြဲမှတ်ထင်၍ ကြည်လင်သပ္ပာယ် တင့်တယ်စံပျော် တည်နေတော်မူကြပါစေကုန်သတည်း။ မမံ၊ အဓိဋ္ဌာန်ဖြင့် မြဲမြဲမွေ့လျော် တပည့်တော်ကို၊ သဒါ၊ နေ့ရောညဉ့်ပါ အခါခပ်သိမ်း။ ပါလယန္တု၊ မင်္ဂလာဖြိုးမောက် ကောင်းကျိုးရောက်အောင် စောင့်ရှောက်တော်မူကြပါ စေကုန်သတည်း။

**မှတ်ချက်။** ။သာလွန်မင်းတရားကြီး၏ ဆရာ သာသနာပိုင် တောင်ဖီလာ ဆရာတော်ဘုရားကြီး ရေးသား ပူဇော်သော ၃-ဂါထာ ဖြစ်၏။ အနည်းငယ် ပြင်ထားသည်။

# သီလမျိုးစုံ ဆောက်တည်ပုံ

## မြန်မာဘာသာ ကန်တော့ခန်း

ဩကာသ၊ ဩကာသ၊ ဩကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံ၊ သဗ္ဗ-ဒေါသ ခပ်သိမ်းသောအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှါ ပထမ၊ ဒုတိယ၊ တတိယ၊ တကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင် ဘုရားရတနာ၊တရားရတနာ၊ သံဃာရတနာ ရတနာမြတ် ၃-ပါး(မိဘဆိုးဘွားဆရာသမား)တို့ကို အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏(အရှင်ဘုရား)။

ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ကုသိုလ်ကံစေတနာတို့ကြောင့် အပါယ် ၄-ပါး၊ ကပ် ၃-ပါး၊ ရပ်ပြစ် ၈-ပါး၊ ရန်သူမျိုး ၅-ပါး၊ ဝိပ္ပတ္တိတရား ၄-ပါး၊ ဗျသနတရား ၅-ပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်သာဖြစ်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏(အရှင်ဘုရား)။

## ပါဠိတော်နည်း ပါဠိမြန်မာ ကန်တော့ပုံ

အစ္စယော မံ ဘန္တေ အစ္စာဂမာ ယထာဗာလံ ယထာမူဠံ ယထာအကုသလံ ယွာဟံ ဝေမကာသိံ၊ တဿ မေ ဘန္တေ အယျော အစ္စယံ အစ္စယတော ပဋိဂ္ဂဏှာတု၊ အာယတိံ သံဝရာယ။

အရှင်ဘုရား၊ မိုက်မဲတွေဝေမလိမ္မာသည့်အားလျော်စွာ အပြစ်သည် တပည့်တော်ကို လွှမ်းမိုးလာခဲ့ပါသည်။ အကြင် တပည့်တော်သည် ဤသို့(မသင့်သောပြစ်မှုကို)ပြုခဲ့ပါပြီ။

အရှင်ဘုရား၊ အရှင်ဘုရားသည် ထိုတပည့်တော်၏အပြစ်ကို အပြစ်အားဖြင့်(အပြစ်မှ)နောင်စောင့်စည်းနိုင်ဘို့ရာ ခွင့်ပြုတော်မူပါဘုရား။

## ငါးပါးသီလတောင်းပုံ ပါဠိမြန်မာ

(၁) အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

(၂) ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

(၃) တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

အရှင်ဘုရား၊တပည့်တော်သည် သရဏဂုံ ၃-ပါးနှင့်အတူ ၅-ပါးသီလ ကျင့်ဝတ်တရားကို တောင်းပါ၏။ အရှင်ဘုရား၊ (အရှင်ဘုရားသည်) တပည့်တော်အား ချီးမြှောက်ခြင်းကိုပြု၍ ငါးပါးသီလကို ပေးတော်မူပါကုန်ဘုရား။

အရှင်ဘုရား၊ ၂-ကြိမ်မြောက်လည်း တပည့်တော်သည် သရဏဂုံ ၃-ပါးနှင့်တကွ ငါးပါးသီလကျင့်ဝတ်တရားကို တောင်းပါ၏။ အရှင်ဘုရား၊ (အရှင်ဘုရားသည်)တပည့်တော်အား ချီးမြှောက်ခြင်းကိုပြု၍ ငါးပါး သီလကို ပေးတော်မူပါကုန်ဘုရား။

အရှင်ဘုရား၊ ၃-ကြိမ်မြောက်လည်း တပည့်တော်သည် သရဏဂုံ ၃-ပါးနှင့်တကွ ငါးပါးသီလကျင့်ဝတ်တရားကို တောင်းပါ၏။အရှင်ဘုရား၊ (အရှင်ဘုရားသည်)တပည့်တော်အား ချီးမြှောက်ခြင်းကိုပြု၍ ငါးပါး သီလကို ပေးတော်မူပါကုန်ဘုရား။(ပထမစကားကဲ့သို့ ဆုံးအောင်ဆို)

ထိုအခါ သီလပေးရဟန်းတော်က "ယမဟံ ဝဒါမိ တံ ဝဒေထ= ဘုန်းကြီးဆိုသလိုလိုက်ဆိုကြ"ဟု မိန့်လျှင် သီလယူသူက "အာမ ဘန္တေ= အမိန့်ရှိတဲ့အတိုင်းပါ ဘုရား"ဟု ဝန်ခံ လျှောက်ထားရမည် (ဘုရား ရှေ့တော်သီလယူရာ၌ ဤစကားကို ဆိုရန်မလို)။

## ဘုရားရှိခိုး ပါဠိ မြန်မာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဘုန်းတော် ၆-စုံ တန်ခိုးဂုဏ်တို့နှင့် ပြည့်စုံတော်မူ၍ လူနတ်ပြဟ္မာ သတ္တဝါတို့၏ လေးစား ကော်ရော် ပူဇော်အထူးကို ခံယူတော်မူထိုက် သော သိဘွယ်မှန်သမျှကို မဖောက်မပြန် ပင်ကိုယ်ဉာဏ်ဖြင့် အမှန်သိတော်

မူသော ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏ဘုရား။(ရဟန်းတော်က နမော တဿ တကြိမ်ဆိုလျှင် သီလယူသူက ၃-ကြိမ်ဆိုပါ။ ဘုရားရှေ့မှောက်ဖြစ်မူ မိမိသာ ၃-ကြိမ် ဆိုရမည်။')

## သရဏဂုံ ၃-ပါး ပါဠိ မြန်မာ

(၁) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

မြတ်စွာဘုရားကို ဆင်းရဲ ကင်းပျောက် ချမ်းသာရောက်အောင်. ထောက်ရာတည်ရာ ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏ဘုရား။

တရားတော်မြတ်ကို။ သံဃာတော်မြတ်ကို။

(၂) ဒုတိယမ္ပိ ဗုဒ္ဓံ—ဓမ္မံ—သံဃံ—။
၂-ကြိမ်မြောက်လည်း မြတ်စွာဘုရားကို—။

(၃) တတိယမ္ပိ ဗုဒ္ဓံ—ဓမ္မံ—သံဃံ—။
၃-ကြိမ်မြောက်လည်း မြတ်စွာဘုရားကို—။

သီလပေးရဟန်းတော်က "သရဏဂမနံ ပရိပုဏ္ဏံ=ကိုးကွယ်ရာယူမှု ပြီးပြည့်စုံပြီ"ဟု မိန့်လျှင် သီလယူသူက "အာမ ဘန္တေ"ဟု လျှောက်ရမည်။ (ဘုရားရှေ့မှောက်ဖြစ်မူ လျှောက်ဘွယ် မလို။)

## ဆောက်တည်ကျင့်သုံးရမည့် ငါးပါးသီလ ပါဠိ မြန်မာ

(၁) ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ရသော သီလပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

(၂) အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

ပိုင်ရှင်မပေးသော သူ့ပစ္စည်းကို ခိုးယူခြင်းမှ ရှောင်ကြဉ်ရသော သီလပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

ကာမေသုမိစ္ဆာစာရ ဝေရမဏီ သိက္ခာပဒံ

(၃) ကာမေသုမိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

ကာမဂုဏ်တို့၌ လော်လီ ဖောက်ပြန် မမှန်သော အကျင့်မှ ရှောင်ကြဉ်ရသော သီလ ပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

(၄) မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

မဟုတ်မမှန် ပြောဆိုပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရသော သီလပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

(၅) သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော မူးယစ်စေတတ်သော သေရည်အရက်ကို သောက်စားခြင်းမှ ရှောင်ကြဉ်ရသော သီလ ပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

သီလပေး ရဟန်းတော်က "တိသရဏေန သဟ ပဉ္စသီလံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ=သရဏဂုံ ၃-ပါးနှင့်အတူ ၅-ပါးသီလကို ကောင်းစွာစောင့်ရှောက်၍ မမေ့လျော့မှုနှင့် ပြည့်စုံစေကြကုန်"ဟု သတိပေးသောအခါသီလယူသူက"အာမဘန္တေ"ဟု ဝန်ခံလျှောက်ထားရမည်။ (ဘုရားရှေ့ဖြစ်မူ မလို။)

## ဥပုသ်သီလ(၈-ပါးသီလ)တောင်းပုံ ပါဠိ မြန်မာ

(၁) အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထ သီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

(၂) ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

(၃) တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

အရှင်ဘုရား၊ တပည့်တော်သည် သရဏဂုံ ၃-ပါးနှင့် တကွ ၈-ပါး သောအင်္ဂါနှင့်ပြည့်စုံသော ဥပုသ်သီလ ကျင့်ဝတ်တရားကို တောင်းပါ၏။ အရှင်ဘုရား၊(အရှင်ဘုရားသည်) တပည့်တော်အား ချီးမြှောက်ခြင်းကိုပြု၍ ဥပုသ်သီလကို ပေးတော်မူပါကုန်ဘုရား။

အရှင်ဘုရား၊ ၂-ကြိမ်မြောက်လည်း တပည့်တော်သည် သရဏဂုံ ၃-ပါး နှင့်တကွ ၈-ပါးသောအင်္ဂါနှင့် ပြည့်စုံသော ဥပုသ်သီလ ကျင့်ဝတ်တရား ကို တောင်းပါ၏ အရှင်ဘုရား။ (အရှင်ဘုရားသည်) တပည့်တော်အား ချီးမြှောက်ခြင်းကိုပြု၍ ဥပုသ်သီလကို ပေးတော်မူပါကုန်ဘုရား။

အရှင်ဘုရား၊ ၃-ကြိမ်မြောက်လည်း တပည့်တော်သည် သရဏဂုံ ၃-ပါးနှင့်တကွ ၈-ပါးသော အင်္ဂါနှင့်ပြည့်စုံသော ဥပုသ်သီလ ကျင့်ဝတ် တရားကို တောင်းပါ၏။ အရှင်ဘုရား၊ (အရှင်ဘုရားသည်) တပည့်တော် အား ချီးမြှောက်ခြင်းကိုပြု၍ ဥပုသ်သီလကို ပေးတော်မူပါကုန်ဘုရား။ (ပထမစကားကဲ့သို့ ဆုံးအောင်ဆို။ သရဏဂုံဆောက်တည်ပုံ တိုင်အောင် ငါးပါးသီလအတိုင်းပင်တည်း။ သိက္ခာပုဒ် ၈-ပါးကို အင်္ဂါ ၈-ပါးဟု ဆိုသည်။)

## ဆောက်တည်ကျင့်သုံးရမည့် ၈-ပါးသီလ ပါဠိမြန်မာ

(၁) ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

(၂) အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

(၃) အဗြဟ္မစရိယာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

မမြတ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်ရသော သီလပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည် ပါ၏။

(၄) မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

(၅) သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိ- ယာမိ။

(၆) ဝိကာလဘောဇနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

နေလွဲအခါ စားသောက်ခြင်းမှ ရှောင်ကြဉ်ရသော သီလပဋိပတ် သိက္ခာပုဒ်တော်အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည် ပါ၏။

(၇) နစ္စ ဂီတ ဝါဒိတ ဝိသုက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိ-ယာမိ။

အကုသိုလ်များကြောင်း မကောင်းမှုဖြစ်သော ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ ဘုရားအဆုံးအမတော်၏ ဆန့်ကျင်ဘက် စိုပမာ ဗီလာဖြစ်သော ကြည့်ရှု နားထောင်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာလိမ်း**ကျံ**ခြင်း၊ နံ့သာပျောင်းတို့ဖြင့် အပြေအပြစ်ပြုခြင်းမှ ရှောင်ကြဉ်ရသော သီလပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက်ဆောက်တည်ပါ၏။

(၈) ဥစ္စာသယန မဟာသယနာ ဝေရမဏိသိက္ခာပဒံ သမာဒိ-ယာမိ။

မြင့်သောနေရာ မြတ်သောနေရာ၌ လျောင်းစက် နေထိုင်ခြင်းမှ ရှောင်ကြဉ်ရသော သီလပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

**မှတ်ချက်။** ။အဆုံးသတိပေးစကား၌ ပဉ္စသီလံ·အစား အဋ္ဌင် သမန္နာ-ဂတံ ဥပေါသထ သီလံ ဟု ရဟန်းတော်က ပြောင်း**လဲ** ဆိုရိုးသာတည်း။ အကြွင်း ၅·ပါးသီလနှင့် တူသည်။

---

## အာဇီဝဋ္ဌမက သီလတောင်းပုံ ပါဠိ မြန်မာ

(၁) အဟံ ဘန္တေ တိသရဏေန သဟ အာဇီဝဋ္ဌမကသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

(၂) ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ အာဇီဝဋ္ဌမကသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

(၃) တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ အာဇီဝဋ္ဌမက-သီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

အရှင်ဘုရား၊ တပည့်တော်သည် သရဏဂုံ ၃·ပါးနှင့်တကွ မိစ္ဆာဇီဝမှ ရှောင်ကြဉ်မှုလျှင် ၈·ပါးမြောက်ရှိသော သီလကျင့်ဝတ်တရားကို တောင်းပါ၏ စသည်ဆက်ဆို (အားလုံးအတူပင်။)

## ဆောက်တည်ကျင့်သုံးရမည့် အာဇီဝဋ္ဌမကသီလ ပါဠိ မြန်မာ

(၁) ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊

(၂) အဒိန္နာဒါနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

(၃) ကာမေသုမိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၄) မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၅) ပိသုဏာဝါစာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

အချစ်ပျက်စေမှု၊ ကုန်းတိုက်မှုကို ပြောဆိုပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရသော သီလပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

(၆) ဖရုသဝါစာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

လွှသွားပမာ ကြမ်းတမ်းခက်ထန်မှုကို ပြောဆိုပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရသော သီလပဋိပတ် သိက္ခာပုဒ်တော်အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

(၇) သမ္ဖပ္ပလာပါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

အနှစ်မစုံ ပြိန်ဖျင်းမှုကို ပြောဆိုပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရသော သီလပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

(၈) မိစ္ဆာဇီဝါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

ယုတ်မာသော အသက်မွေးမှုမှ ရှောင်ကြဉ်ရသော သီလပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

---

## နဝင် ဥပုသ်သီလတောင်းပုံ ပါဠိ မြန်မာ

(၁) အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂသမန္နာဂတံ ဥပေါသထ သီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

(၂) ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

(၃) တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

အရှင်ဘုရား၊ တပည့်တော်သည် အင်္ဂါ ၉-ပါးနှင့်ပြည့်စုံသော ဥပုသ် သီလကျင့်ဝတ်တရားကို—(၈-ပါးသီလ အတိုင်းပင်)။

## ဆောက်တည်ကျင့်သုံးရမည့် နဝင် ဥပုသ်သီလ ပါဠိ မြန်မာ

(၁) ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၂) အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၃) အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

မမြတ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်ရသော သီလ ပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည် ပါ၏။

(၄) မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၅) သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိ-ယာမိ။

(၆) ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

နေလွဲအခါ စားသောက်ခြင်းမှ ရှောင်ကြဉ်ရသော သီလပဋိပတ် သိက္ခာပုဒ်တော်အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည် ပါ၏။

(၇) နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိ-ယာမိ။

အကုသိုလ်များကြောင်း မကောင်းမှုဖြစ်သော ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ ဘုရား အဆုံးအမတော်၏ ဆန့်ကျင်ဘက် စို့ပမာ ဖီလာ ဖြစ်သော ကြည့်ရှုနားထောင်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာလိမ်းကျံခြင်း၊ နံ့သာပျောင်းတို့ဖြင့် အပြေအပြစ် ပြုခြင်းမှ ရှောင်ကြဉ်ရသော သီလ ပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

(၈) ဥစ္စာသယန မဟာသယနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

မြင့်သော နေရာ မြတ်သော နေရာ၌ လျောင်းစက် နေထိုင်ခြင်းမှ ရှောင်ကြဉ်ရသော သီလ ပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

(၉) မေတ္တာ သဟဂတေန စေတသာ သဗ္ဗပါဏဘူတေသု ဖရိတွာ ဝိဟရဏံ သမာဒိယာမိ။

မေတ္တာနှင့်တကွဖြစ်သော စိတ်ဖြင့် လုံးစုံများစွာ သတ္တဝါတို့၌ ဖြန့်၍ နေခြင်းကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

---

**၁၀-ပါးသီလတောင်းပုံ ပါဠိ မြန်မာ**

(၁) အဟံ ဘန္တေ တိသရဏေန သဟ ဒသင်္ဂသမန္နာဂတံ သီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

(၂) ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ဒသင်္ဂသမန္နာဂတံ သီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

(၃) တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ဒသင်္ဂသမန္နာဂတံ သီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

အရှင်ဘုရား၊ တပည့်တော်သည် သရဏဂုံ ၃-ပါးနှင့်တကွ လူတို့၏ ၁၀-ပါးသီလ ကျင့်ဝတ်တရားကို တောင်းပါ၏။

---

**ဆောက်တည်ကျင့်သုံးရမည့် ၁၀-ပါးသီလ ပါဠိ မြန်မာ**

(၁) ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

(၂) အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

(၃) အဗြဟ္မစရိယာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

မမြတ်သောမေထုန်အကျင့်မှ ရှောင်ကြဉ်ရသော သီလပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

(၄) မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

(၅) သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၆) ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

နေလွဲအခါ စားသောက်ခြင်းမှ ရှောင်ကြဉ်ရသော သီလပဋ္ဌိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာစောင့်ရှောက် ဆောက်တည်ပါ၏။

(၇) နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

အကုသိုလ်များကြောင်း မကောင်းမှုဖြစ်သော ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း၊ ဘုရားအဆုံးအမတော်၏ ဆန့်ကျင်ဘက် စုံပမာ ဖီလာဖြစ်သော ကြည့်ရှုနားထောင်ခြင်းမှ ရှောင်ကြဉ်ရသော သီလပဋ္ဌိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

(၈) မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

အကုသိုလ်များကြောင်း မကောင်းမှုဖြစ်သော ပန်းပန်ခြင်း၊ နံ့သာလိမ်းကျံခြင်း၊ နံ့သာပျောင်းတို့ဖြင့် အပြေအပြစ်ပြုခြင်းမှ ရှောင်ကြဉ်ရသော သီလပဋ္ဌိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

(၉) ဉစ္စာသယန မဟာသယနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၁၀) ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

ရွှေ ငွေ ကို ကိုင်ခြင်း၊ ခံယူခြင်း၊ စီမံခြင်းမှ ရှောင်ကြဉ်ရသော သီလပဋ္ဌိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

---

## ဒုစရိုက် ၁၀-ပါး ဆိုင်ရာ

ကာမ ၁၁-ဘုံ၌ အဖြစ်များသော ကာမာဝစရကံ ၂၀-တို့တွင် အကုသိုလ်ကံသည် စိတ္တုပ္ပါဒ်အားဖြင့် အကုသိုလ်စိတ် ၁၂-ခုဖြစ်၏။

ဒုစရိုက်အားဖြင့် ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ၊ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ၊ ပေါင်း ၁၀-ပါး ဖြစ်၏။

ထို ၁၀-ပါးတို့တွင်—

၁။ သူ့အသက်ကိုသတ်ကြောင်းဖြစ်သောစေတနာသည် ပါဏာတိပါတ။

၂။ သူတပါးဥစ္စာကို ခိုးယူကြောင်း ဖြစ်သော စေတနာသည် အဒိန္နာဒါန။

၃။ သူတပါး၏ သားမယားကို ကျူးလွန်ကြောင်း ဖြစ်သော စေတနာသည် ကာမေသုမိစ္ဆာစာရ။

၄။ မဟုတ်မမှန်သောစကားကိုပြောဆိုကြောင်းဖြစ်သော စေတနာသည် မုသာဝါဒ။

၅။ ချောပစ်ကုန်းတိုက်သော စကားကို ပြောဆိုကြောင်းဖြစ်သော စေတနာသည် ပိသုဏာဝါစာ။

၆။ ကြမ်းကြုတ်သောစကားကိုပြောဆိုကြောင်းဖြစ်သော စေတနာသည် ဖရုသဝါစာ။

၇။ အနက်ဒြပ်ကင်း၍ ပိန်ဖျင်းသောစကားကို ပြောဆိုကြောင်း ဖြစ်သော စေတနာသည် သမ္ဖပ္ပလာပ။

၈။ သူတပါးစည်းစိမ်ကို မတရားလိုလားသော လောဘ စေတသိက်သည် အဘိဇ္ဈာ။

၉။ သူတပါး ပျက်စီးစေလိုသော ဒေါသ စေတသိက်သည် ဗျာပါဒ။

၁၀။ အယူ နှလုံးသွင်းမှားမှု ဒိဋ္ဌိစေတသိက်သည် မိစ္ဆာဒိဋ္ဌိ မည်သည်။

(၁) **ပါဏာတိပါတ**-၌ တရားကိုယ်မှာ စေတနာဖြစ်သည်။

အင်္ဂါအားဖြင့်—

တပါးသောသတ္တဝါလည်းဖြစ်စေ၊ တပါးသောသတ္တဝါဟု အမှတ်ရှိသည်လည်းဖြစ်စေ၊ သတ်လိုစိတ် ရှိသည်လည်းဖြစ်စေ၊ သတ်လည်း သတ်စေ၊ သေလည်း သေစေ၊ ပေါင်း ၅-ပါးတည်း။

ပယောဂအားဖြင့်—

သာဟတ္ထိက၊ အာဏတ္တိက၊ နိဿဂ္ဂိယ၊ ထာဝရ၊ ဝိဇ္ဇာမယ၊ ဣဒ္ဓိမယ၊ ပယောဂ၊ ပေါင်း ၆-ပါးတည်း။

ထို ၆-ပါးတို့တွင်—

ကိုယ်တိုင်သတ်ခြင်းသည် သာဟတ္ထိကပယောဂ—
စေခိုင်း၍သတ်ခြင်းသည် အာဏတ္တိကပယောဂ—
ပစ်လွှတ်၍သတ်ခြင်းသည် နိဿဂ္ဂိယပယောဂ—
အမြဲတည်အောင်ပြု၍သတ်ခြင်းသည် ထာဝရပယောဂ—
အတတ်ဖြင့် သတ်ခြင်းသည် ဝိဇ္ဇာမယပယောဂ—
တန်ခိုးဖြင့် သတ်ခြင်းသည် ဣဒ္ဓိမယပယောဂမည်သည်။

(၂) **အဒိန္နာဒါန**-၌ တရားကိုယ်မှာ စေတနာဖြစ်သည်။

အင်္ဂါအားဖြင့်—

သူတပါးဥစ္စာလည်းဖြစ်စေ၊ သူတပါး ဥစ္စာဟု အမှတ်ရှိသည်လည်း ဖြစ်စေ၊ ခိုးလိုစိတ် ရှိသည်လည်းဖြစ်စေ၊ ခိုးလည်း ခိုးစေ၊ ရလည်း ရစေ၊ ပေါင်း ၅-ပါးတည်း။

ပယောဂအားဖြင့်—

သာဟတ္ထိကပယောဂ။ပ။ ဣဒ္ဓိမယပယောဂ၊ ပေါင်း ၆-ပါးတည်း။

ထို ၆-ပါးတွင်—

ကိုယ်တိုင်ခိုးခြင်းသည် ဣဒ္ဓိမယပယောဂ။(လ)
တန်ခိုးဖြင့် ခိုးခြင်းသည် ဣဒ္ဓိမယပယောဂ မည်သည်။

အပြားအားဖြင့်—

နာနာဘတ္တပဉ္စက၊ ကေဘတ္တပဉ္စက၊ သာဟတ္ထိကပဉ္စက၊ ပုဗ္ဗပယောဂပဉ္စက၊ထေယျာဝဟာရပဉ္စက၊ ပေါင်း ၂၅-ပါးတည်း။

## (က) နာနာဘတ္တပဉ္စကအရ

အာဒိယန၊ ဟရဏ၊ အဝဟာရဏ၊ ဣရိယာပထဝိကောပန၊ ဌာနာစဝန၊ ပေါင်း ၅-ပါးတည်း။

ထို ၅-ပါးတွင်—

တရားဆင်၍ခိုးခြင်းသည် အာဒိယန–
ဆောင်ခဲ့သောဥစ္စာကို ခိုးခြင်းသည် ဟရဏ–
အပ်နှံထားသောဥစ္စာကို ခိုးခြင်းသည် အဝဟရဏ–
ဣရိယာပုထ်ကို ဖျက်၍ခိုးခြင်းသည် ဣရိယာပထဝိကောပန–
တည်ရာမှ ရွှေစေ၍ခိုးခြင်းသည် ဌာနာစဝန မည်သည်။

## (ခ) ကေဘတ္တပဉ္စကအရ

အာဒိယန၊ ဟရဏ၊ အဝဟာရဏ၊ ဣရိယာပထဝိကောပန၊ ဌာနာစဝန၊ ပေါင်း ၅-ပါးတည်း။ (နာနာဘတ္တပဉ္စကနှင့် တူ၏။)

## (ဂ) သာဟတ္ထိကပဉ္စကအရ

သာဟတ္ထိက၊ အာဏတ္တိက၊ နိဿဂ္ဂိယ၊ အတ္ထသာဓက၊ ဓုရနိက္ခေပ၊ ပေါင်း ၅-ပါးတည်း။

ထို ၅-ပါးတွင်—

ကိုယ်တိုင်ခိုးခြင်းသည် သာဟတ္ထိက– (အာဏတ္တိက၊ နိဿဂ္ဂိယ သိသာပြီ။)

မခိုးမီ ရှေးအဘို့၌ ကံမြောက်သော ခိုးခြင်းသည် အတ္ထသာဓက–
ဝန်ချီသည်နှင့် တပြိုင်နက် ကံမြောက်သော ခိုးခြင်းသည် ဓုရနိက္ခေပ မည်သည်။

## (ဃ) ပုဗ္ဗပယောဂပဉ္စကအရ

ပုဗ္ဗပယောဂ၊ သဟပယောဂ၊ သံဝိဓာဝဟာရ၊ သင်္ကေတ- ကမ္မ၊ နိမိတ္တကမ္မ၊ ပေါင်း ၅-ပါးတည်း။

ထို ၅-ပါးတွင်—

မခိုးမီ ရှေးလုံ့လ၌ ကံမြောက်သော ခိုးခြင်းသည် ပုဗ္ဗပယောဂ—
ခိုးသည်နှင့်တကွ ကံမြောက်သောခိုးခြင်းသည် သဟပယောဂ—
တိုင်ပင်ညီညွတ်၍ခိုးခြင်းသည် သံဝိဓာဝဟာရ—
အချိန်းအချက်ပြု၍ခိုးခြင်းသည် သင်္ကေတကမ္မ—
နိမိတ်အမှတ်ပြု၍ခိုးခြင်းသည် နိမိတ္တကမ္မ မည်သည်။

## (င) ထေယျာဝဟာရပဉ္စကအရ

ထေယျ၊ ပသယှ၊ ပရိကပ္ပ၊ ပဋိစ္ဆန္န၊ ကုသာဝဟာရ၊ ပေါင်း ၅-ပါးတည်း။

ထို ၅-ပါးတွင်—

ချိန်တင်းစဉ်းလဲ၍ခိုးခြင်းသည် ထေယျာဝဟာရ—
နှိပ်စက်၍ခိုးခြင်းသည် ပသယှာဝဟာရ—
ကြံဆ၍ခိုးခြင်းသည် ပရိကပ္ပာဝဟာရ—
ဖုံးလွှမ်း၍ခိုးခြင်းသည် ပဋိစ္ဆန္နာဝဟာရ—
ကဗျည်းပြောင်း၍ခိုးခြင်းသည် ကုသာဝဟာရ မည်သည်။

(၃) **ကာမေသုမိစ္ဆာစာရ၌** တရားကိုယ်မှာ စေတနာ ဖြစ်သည်။
အင်္ဂါအားဖြင့်—

မသွားမလာအပ်သော အဂမနိယဝတ္ထုလည်းဖြစ်စေ၊ မှီဝဲလို စိတ် ရှိသည်လည်းဖြစ်စေ၊ လုံ့လပြုသည်လည်းဖြစ်စေ၊ မဂ်ဖြင့် မဂ်သို့ သွင်းခြင်းကို သာယာသည်လည်းဖြစ်စေ၊ ပေါင်း ၄-ပါး တည်း။

ကိုယ်တိုင်မှားမှု သာဟတ္ထိကပယောဂ တပါးသာတည်း။

အပြားအားဖြင့်—

မိန်းမ ၁၀၊ ယောက်ျား ၁၀၊ ပေါင်း ၂၀ တည်း။

## (က) မိန်းမ ၁၀-အရ

မာတုရက္ခိတာ၊ ပိတုရက္ခိတာ၊ မာတာပိတုရက္ခိတာ၊ ဘာတုရက္ခိတာ၊ ဘဂိနိရက္ခိတာ၊ ဉာတိရက္ခိတာ၊ ဂေါတ္တရက္ခိတာ၊ ဓမ္မရက္ခိတာ၊ သာရက္ခာ၊ သပရိဒဏ္ဍာ၊ ပေါင်း ၁၀-တည်း။

ထို ၁၀-တွင်—

အမိစောင့်သော မိန်းမသည် မာတုရက္ခိတာ မည်၏။ (ပိတု-အဘ။ မာတာပိတု၊ မိဘ ၂-ပါးစုံ။ ဘာတု၊ မောင်ကြီး-မောင်ငယ်။ ဘဂိနိ၊ အစ်မ-ညီမ။ ဉာတိ၊ ဆွေမျိုး။ ဂေါတ္တ၊ အနွယ်။)

သီတင်းသုံးဘော်စောင့်သောမိန်းမသည် ဓမ္မရက္ခိတာ—

အစောင့်အရှောက်ထားသောမိန်းမသည် သာရက္ခာ—

ဒဏ်ထားသောမိန်းမသည် သပရိဒဏ္ဍာ မည်သည်။

## (ခ) မယား ၁၀-အရ

ဓနက္ကီတာ၊ ဆန္ဒဝါသိနီ၊ ဘောဂဝါသိနီ၊ ပဋဝါသိနီ၊ ဩဒပတ္တကိနီ၊ ဩဘတစုမ္ဗတာ၊ ဓဇာဟတာ၊ ဒါသီစ ဘရိယာ စ၊ ကမ္မကာရီ စ ဘရိယာ စ၊ မုဟုတ္တိကာ၊ ပေါင်း ၁၀-ပါးတည်း။

ထို ၁၀-ပါးတွင်—

ဥစ္စာဖြင့် ဝယ်သောမယားသည် ဓနက္ကီတာ—

အလိုတူ၍ နေသောမယားသည် ဆန္ဒဝါသိနီ—

စည်းစိမ်ဥစ္စာပေး၍ နေသောမယားသည် ဘောဂဝါသိနီ—

ပုဆိုးပေး၍နေသောမယားသည် ပဋဝါသိနီ—

ရေခွက်၌ လက်စုံချ၍ ထိမ်းမြားသောမယားသည် ဩဒပတ္တကိနီ—

ခေါင်းခုကို ချစေ၍ နေသောမယားသည် ဩဘတစုမ္ဗတာ—

စစ်မြေပြင်မှ ဆောင်ခဲ့သောမယားသည် ဓဇာဟတာ—

ကျွန်လည်းဖြစ် မယားလည်းဖြစ်သောမယားသည် ဒါသီစဘရိယာစ—

အမှုလုပ်လည်းဖြစ် မယားလည်းဖြစ်သောမယားသည် ကမ္မကာရီစ-ဘရိယာစ—

တခဏမျှ ပေါင်းဖော်အပ်သောမယားသည် မုဟုတ္တိကာ မည်သည်။

**ကံထိုက်-မထိုက်။** ။ထို ၂၀-သောမိန်းမတို့တွင် မာတုရက္ခိတာ အစ ဓမ္မရက္ခိတာ အဆုံးရှိသော ၈-ယောက်သောမိန်းမတို့သည် ယောကျ်ားတပါးနှင့် သွားလာရာ၌ ကံမမြောက်ကုန်။ ကြွင်းသော ၁၂-ယောက်တို့သာ ကံမြောက်ကုန်၏။ ယောကျ်ားတို့ကား မိန်းမ ၂၀-လုံးတို့နှင့် သွားလာရာ၌ ကံမြောက်ကုန်၏။

(သုရာမေရယကို ကာမေသုမိစ္ဆာစာရ၌ သွင်း၍ ရေတွက်အပ်ကုန်၏။)

(၅) **သုရာ‌မေရယ၌** တရားကိုယ်မှာ စေတနာဖြစ်သည်။

အင်္ဂါအားဖြင့်—

သေအရက်ဖြစ်ခြင်း၊ သောက်လိုစိတ်ရှိခြင်း၊ လုံ့လပြုခြင်း၊ သောက်ခြင်း ပေါင်း ၄-ပါးတည်း။

(ကိုယ်တိုင်သောက်ခြင်း သာဟတ္ထိကပယောဂတပါးသာတည်း။)

အပြားအားဖြင့်—

## သုရာ ၅-မျိုး

မုန့်ညက်ဖြင့် ပြုအပ်သော ပိဋ္ဌ သေရည်၊
မုန့်ဖြင့် ပြုအပ်သော ပုဝ သေရည်၊
ထမင်းဖြင့် ပြုအပ်သော သြဒန သေရည်၊
မျိုးစေ့ဖြင့် ပြုအပ်သော ကိဏ္ဏပက္ခိတ္တ သေရည်၊
မုန့်ညင်းစသော များစွာသော အဆောက်အဦနှင့်ယှဉ်သော သမ္ဘာရသံယုတ္တ သေရည်။

## မေရယ ၅-မျိုး

အပွင့်ဖြင့် ပြုအပ်သော ပုပ္ဖသေရက်၊
အသီးဖြင့်ပြုအပ်သော ဖလသေရက်၊
ပျားရည်ဖြင့် ပြုအပ်သော မဓုသေရက်၊
တင်လဲဖြင့် ပြုအပ်သော ဂုဠသေရက်၊
အဆောက်အဦနှင့်ယှဉ်သော သမ္ဘာရသံယုတ္တသေရက်။

ပေါင်း ၁၀-ပါးတည်း။

(၄) **မုသာဝါဒ** တရားကိုယ်မှာ စေတနာဖြစ်သည်။

အင်္ဂါအားဖြင့်—

မမှန်သောဝတ္ထုဖြစ်ခြင်း၊ ချွတ်ယွင်းလိုစိတ်ရှိခြင်း၊ လုံ့လပြုခြင်း၊ ထိုအနက်ကို သိခြင်း ပေါင်း ၄-ပါးတည်း။

ပယောဂအားဖြင့်—

ကိုယ်တိုင်လိမ်ခြင်း သာဟတ္ထိက၊
စေခိုင်း၍လိမ်ခြင်း အာဏတ္တိက၊
ပစ်လွှတ်၍လိမ်ခြင်း နိဿဂ္ဂိယ၊
အမြဲတည်အောင်ပြု၍လိမ်ခြင်း ထာဝရပယောဂ၊
ပေါင်း ၄-ပါးတည်း။

အပြားအားဖြင့်—

အကုသိုလ်မြောက်ခြင်း၊ မမြောက်ခြင်း နှစ်ပါးတည်း။

(၅) **ပိသုဏဝါစာ** တရားကိုယ်မှာ စေတနာဖြစ်သည်။

အင်္ဂါအားဖြင့်—

ခွဲအပ်သော တပါးသော သတ္တဝါရှိခြင်း၊ ကွဲစေလိုခြင်း၊ လုံ့လပြုခြင်း၊ ထိုအနက်ကို သိခြင်း၊ ပေါင်း ၄-ပါးတည်း။

ကိုယ်တိုင်ချောပစ်ကုန်းတိုက်မှုသာဟတ္ထိကပယောဂတပါးသာတည်း။

အပြားအားဖြင့်—

အကုသိုလ်မြောက်ခြင်း၊ မမြောက်ခြင်း ၂-ပါးတည်း။

(၆) **ဖရုသဝါစာ** တရားကိုယ်မှာ စေတနာဖြစ်သည်။

အင်္ဂါအားဖြင့်—

ဆဲရေးအပ်သော တပါးသော သတ္တဝါသို့ ရေးရှုခြင်း၊ အမျက်ထွက်ခြင်း၊ ဆဲရေးခြင်း၊ ပေါင်း ၃-ပါးတည်း။

ကိုယ်တိုင်ဆဲရေးမှု သာဟတ္ထိကပယောဂ တပါးသာတည်း။

အပြားအားဖြင့်—

ဇာတ်ကို ထိခိုက်၍ ဇာတ်အားဖြင့် ဆဲရေးခြင်း၊ အမည်၊ အနွယ်၊ အမှု၊ အတတ်၊ အနာ၊ အသွင်၊ ကိလေသာ၊ အာပတ်၊ အက္ကောသ အားဖြင့် ဆဲရေးခြင်း၊ ပေါင်း ၁၀-ပါးတည်း။

(၇) **သမ္ဖပ္ပလာပဥ္စ** တရားကိုယ်မှာ စေတနာဖြစ်သည်။

အင်္ဂါအားဖြင့်—

အနက်ဒြပ်ကင်းသော စကားဖြစ်ခြင်း၊ ထိုစကားကို ပြောဆိုခြင်း၊ ၂-ပါးတည်း။

ကိုယ်တိုင်ပြောဆိုမှု သာဟတ္ထိကပယောဂ တပါးသာတည်း။

အပြားအားဖြင့်—

မင်းစကား၊ ခိုးသူစကား၊ စစ်ရေးစစ်ရာ၊ အစားအသောက်၊ အဝတ်၊ ရောင်းရေးဝယ်ရေး၊ ဆွေမျိုးရေး၊ ရပ်စကား၊ ရွာစကား၊ မိန်းမစကားစသည် များစွာပင်တည်း။

(၈) **အဘိဇ္ဈာဥ္စ** တရားကိုယ်မှာ လောဘစေတသိက် ဖြစ်သည်။

အင်္ဂါအားဖြင့်—

သူတပါးဥစ္စာ ဖြစ်ခြင်း၊ မိမိသို့ ညွတ်ခြင်း ၂-ပါးတည်း။

ကိုယ်တိုင် မတရား လိုလားမှု သာဟတ္ထိကပယောဂ တပါး သာတည်း။

(၉) **ဗျာပါဒဥ္စ** တရားကိုယ်မှာ ဒေါသစေတသိက် ဖြစ်သည်။

အင်္ဂါအားဖြင့်—

တပါးသော သတ္တဝါ ဖြစ်ခြင်း၊ တပါးသော သတ္တဝါ၏ ပျက်စီးကြောင်းကို ကြံခြင်း ၂-ပါးတည်း။

ကိုယ်တိုင်သူတပါး ပျက်စီးစေလိုမှု သာဟတ္ထိကပယောဂ တပါး သာတည်း။

(၁၀) **မိစ္ဆာဒိဋ္ဌိ၌** တရားကိုယ်မှာ ဒိဋ္ဌိ စေတသိက် ဖြစ်သည်။

အင်္ဂါအားဖြင့်—

အယူမှားဖြစ်ခြင်း၊ထိုအယူကို ယူခြင်း၊ ၂-ပါးတည်း။
ကိုယ်တိုင်အယူ နှစ်လုံးသွင်းမှားမှု သာဟတ္ထိကပယောဂ တပါးသာတည်း။

အပြားအားဖြင့်—

ဒိဋ္ဌိ ၆၂-ပါးရှိသည်။( ပွင့်လှသိမ်ကုန်း အဘိဓမ္မတ္ထသရူပမာလာ၌ အကျယ်ပြထားသည်။)

## ကံဒွါရ ခွဲခြားပြခြင်း

ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ။ ဤကာယကံ ၃-ပါးသည် ကာယဒွါရ ဝစီဒွါရ၌ဖြစ်၏။ မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ။ ဤဝစီကံ ၄-ပါးသည် ကာယဒွါရ၊ ဝစီဒွါရ၌ ဖြစ်၏။ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ။ ဤမနောကံ ၃-ပါးသည် ကာယ၊ ဝစီ၊ မနော ၃-ဒွါရလုံး၌ ဖြစ်၏။

## သုစရိုက် ၁၀-ပါးဆိုင်ရာ

ကာမ ၁၁-ဘုံ၌အဖြစ်များသော ကာမာဝစရကံ ၂၀-တို့တွင် ကုသိုလ်ကံသည် စိတ္တုပ္ပါဒ်အားဖြင့် မဟာကုသိုလ်စိတ် ၈-ခု။သုစရိုက်အားဖြင့် ၁၀-ပါး၊ ပုညကြိယာဝတ္ထုအားဖြင့် ၁၀-ပါးရှိ၏။

သုစရိုက် ၁၀-ပါးဟူသည်—

သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ကြောင်း ဖြစ်သော စေတနာသည် ပါဏာတိပါတ ဝိရတီ။

သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ကြောင်း ဖြစ်သော စေတနာသည် အဒိန္နာဒါန ဝိရတီ။

သူ့သားမယားကို ပြစ်မှားခြင်းမှ ရှောင်ကြဉ်ကြောင်း ဖြစ်သော စေတနာသည် ကာမေသုမိစ္ဆာစာရ ဝိရတီ။

မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်ကြောင်း ဖြစ်သော စေတနာသည် မုသာဝါဒ ဝိရတီ။

ကုန်းတိုက်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ကြောင်း ဖြစ်သော စေတနာသည် ပိသုဏာဝါစာ ဝိရတီ။
ကြမ်းကြုတ်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ကြောင်း ဖြစ်သော စေတနာသည် ဖရုသဝါစာ ဝိရတီ။
အနက်ဖြစ်ကင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ် ကြောင်းဖြစ်သော စေတနာသည် သမ္ဖပ္ပလာပဝိရတီ။
မတရားမလိုချင်မှု အလောဘစေတသိက်သည် အနဘိဇ္ဈာ၊ သူတပါး မပျက်စီးစေလိုမှုအဒေါသစေတသိက်သည် အဗျာပါဒ၊ အယူ နှလုံးသွင်းမှန်မှု အမောဟစေတသိက်သည် သမ္မာဒိဋ္ဌိတို့ တည်း။

## ကံဒွါရ ခွဲခြားပြခြင်း

ကာယကံ ၃-ပါး၊ ဝစီကံ ၄-ပါး၊ မနောကံ ၃-ပါး၊ (ဒုစရိုက်အတိုင်းခွဲ) ဤ ၁၀-ပါးလုံးသည် ကာယ၊ ဝစီ၊ မနော ၃-ဒွါရလုံး၌ပင် ဖြစ်ကြ သည်။

## ပုညကြိယ ဝတ္ထု ၁၀-ပါးဆိုင်ရာ

ပုညကြိယဝတ္ထု ၁၀-ပါးဟူသည်—

ဒါန၊ သီလ၊ ဘာဝနာ၊ အပစာယန၊ ဝေယျာဝစ္စ၊ ပတ္တိဒါန၊ ပတ္တာနုမောဒန၊ ဓမ္မသဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မတို့တည်း။

ထိုတွင်—

ပေးလှူကြောင်း ဖြစ်သောစေတနာသည် ဒါန—
ဆောက်တည်ကြောင်းဖြစ်သော စေတနာသည် သီလ—
ပွားများကြောင်းဖြစ်သော စေတနာသည် ဘာဝနာ—
အရိုအသေပြုကြောင်းဖြစ်သော စေတနာသည် အပစာယန—
အမှုကြီးငယ်ကို ဆောင်ရွက်ကြောင်း ဖြစ်သော စေတနာသည် ဝေယျာဝစ္စ—
အမျှပေးဝေကြောင်းဖြစ်သော စေတနာသည် ပတ္တိဒါန—

အနုမောဒနာခေါ်ကြောင်းဖြစ်သော စေတနာသည် ပတ္တာနုမောဒန–
တရားနာကြောင်းဖြစ်သော စေတနာသည် ဓမ္မသဝန–
တရားဟောကြောင်းဖြစ်သောစေတနာသည် ဓမ္မဒေသနာ–
အယူကို ဖြောင့်မတ်စွာယူကြောင်းဖြစ်သော စေတနာသည် ဒိဋ္ဌိဇုကမ္မ မည်သည်။

ထို ၁၀-ပါးတို့ကို ''အလယ် နှင့် အစ၊ အစနှင့် အလယ်၊ အဆုံး နှင့် အဆုံး၊ ၃-ပါးလုံး၊ ယူကျုံး သတိစွဲ'' ဟူသည်နှင့် အညီ ဒါန သီလ ဘာဝနာ၌ သွင်း၍ ရေတွက်အပ်ကုန်၏။

# ဘုရားရှိခိုး အမျိုးမျိုး

## အထွေထွေဆိုင်ရာ ကျက်မှတ်ဖွယ်ရာ
## ရောင်ခြည်တော် ၆ - သွယ် ဘုရားရှိခိုး

နီလာယော နီလဍ္ဍာနေဟိ၊ပီတောဒါတာ စ လောဟိတာ။
တမှာ တမှာ တု မဉ္ဇိဋ္ဌာ၊ နိက္ခမိံသု ပဘဿရာ။

ဘဂဝတော၊ ရွှေဘုန်းတော်သခင် ဘုရားရှင်၏။ နီလဍ္ဍာနေဟိ၊ ဆံ မုတ်ဆိတ်တော် မျက်နက်တော်စသော ညိုရာရာ အရပ်တော်တို့မှ။ နီလာယော၊ မင်ပိတုန်းရောင် မျက်စဉ်းတောင်ကဲ့သို့ မှောင်တခိုခို မိုးလုံးစိုမျှ ညိုသော ရောင်ခြည်တော်တို့သည်ရင်း။

ပီတဍ္ဍာနေဟိ၊ မျက်စိတော် ကိုယ်ရေတော်စသော ဝါရွှေရာရာ အရပ်တော်တို့မှ။ ပီတာ၊ ဇမ္ဗူရစ်သိင်္ဂီ နာရဏီဂိဝါ မဟာလျှောကား ဝေဖား ပွင့်ဆင်း ရွှေတောင်ကြီး လင်းသကဲ့သို့။ ဝါဝင်းထိန်ပြေ ရွှန်းရွှန်းဝေမျှ ရွှေသော ရောင်ခြည်တော်တို့သည်ရင်း။

ဩဒါတဍ္ဍာနေဟိ၊စွယ်တော် သွားတော် မျက်ဖြူတော်စသော ဖြူရာရာ အရပ်တော်တို့မှ။ ဩဒါတာ စ၊စိန်သာခွါကျူ ပုလဲတူသို့ ဘော်ဖြူငွေရှက် ဖြန့်ကြက်စီခြယ် ငွေကြယ်ရောင်သန်း ငွေရည်ဆန်းသည့်နှယ် မြတ်လေး ပန်းစမွယ်ငုံ ကြာဖြူပွင့် ဝတ်မှုံလိုပုံသနစ်ယူ ဖွေးဖွေးလူမျှ ဖြူသော ရောင်ခြည်တော်တို့သည်ရင်း။

လောဟိတဍ္ဍာနေဟိ၊ မျက်စိတော် အသွေးတော် အသားတော် စသော နီတွေးရာရာ အရပ်တော်တို့မှ။ လောဟိတာ၊ ကမ္ဗလာနီမြန်း ကသစ်ပန်းနှင့် ခေါင်ရန်းမိုးစွေ တိမ်နီတွေ တောက်သကဲ့သို့ ကျောက်သန္တာသွေး နီးတွေးထိန်ကျင် နီလွှင်သော ရောင်ခြည်တို့သည်ရင်း။

တု၊ ညိုရွှေဖြူနီ ရောင်ခြည်တော်တို့မှတပါး။ တမှာ တမှာ၊ ထိုထိုကိုယ်တော် အရပ်တော်မှ။ မဥ္စဋ္ဌာ၊ ပြာလျှံ ညိုလျှံ၊ ခိုလျှံတခန်း မရန်းပွင့်အနေ သပြေသီးမှည့် ရှုကြည့်အံ့ဘွယ် ဆန်းကြွယ်စုပေါင်း ရှုမညောင်းမျှ မောင်းမှည့်မှိုင်းအုံ မှုန်ရည်သော ရောင်ခြည်တော်တို့သည်ဝှင်း။

တု၊ ညို ရွှေ ဖြူ နီ မှုန်ရည်သောရောင်ခြည်တော်တို့မှတပါး။ ပဘဿရာ၊ နဘန္တရာ ဝသန်ခါဝယ် သံဝါထစ်ချုံး မိုးရွာတုန်းတွင် ရုန်းရင်းပြေးသန်း လျှပ်ပန်းရောင်နွယ် ကြယ်ဥက္ကာမြူး နတ် မီးရှူးသို့ အထူးမလပ်စေရ လျှပ်လျှပ်မိုး "အရောင်ချည်း ရောယှက်၍ တလက်လက် ထိုးသည့်နှယ်" ပြိုးပြိုးပြက် ရိုးရိုးရက် တခဲနက်သော ရောင်ခြည်တော်တို့သည်ဝှင်း။

နိက္ခမိံသု၊ အောက်ထက်ဝန်းလည် ထို ဤ ပါးပါး ရပ်ဝေးခြားသို့ ပြေးသွားပျံ့ထွက်ကုန်ကြပြီ။ တံ ဘဂဝန္တံ၊ ရောင်ခြည်တော် ခြောက်သွယ် ဘုန်းတော်ကြွယ်သည့် အံ့ဘွယ်ထူးခြား ရှင်တော်မြတ်ဘုရားကို။ အဟံ၊ တပည့်တော်သည်။ နမာမိ၊ ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

## ရောင်ခြည်တော် ၆-ဖြာ မြန်မာ ဘုရားရှိခိုး

ငါးမာရ်အောင်မြင်၊ဘုရားရှင်သည်၊စံဝင်စတုတ္ထ၊သတ္တာဟဌ်၊ နက်လှနည်းဆန်း၊ ပဋ္ဌာန်းကျမ်းကို၊ ဉာဏ်စွမ်းစေ့စပ်၊ သုံးသပ်ဆင်ရာ၊ ကိုယ်အင်္ဂါမှ၊ ညိုဝါနီဖြူ၊ မောင်းတူပြိုးပြက်၊ ခြောက်ရောင်ထွက်၏။

ဆံမျက်ခုံးနှင့်၊ မျက်လုံးမုတ်ဆိတ်၊ ကိုယ်အစိတ်မှ၊ ဖိတ်ဖိတ်ပြောင်ကြည်၊ ညိုရောင်ခြည်ပေါ်။

အရေတော်မှ၊ ရှုမျှော်ဝင်းဝင်း၊ ရွှေဆင်းရောင်ပွား။

သွေးသားစချီ၊ ရပ်နီရာမှ၊ နီစွာအရောင်၊ ရဲရဲပြောင်စိုး။

အရိုးသွားစ၊ရပ်ဌာနမှ၊ ထွက်ကြွဖွေးဖြူ၊ ရောင်တော်ဟူလို။

မဲနီညိုပေါင်း၊ ရောင်မောင်းပြိုးပြက်၊ ထိုနှစ်ချက်တို့၊ ပေါ်ထွက်စားစား၊ အရပ်များတည်း၊ ခြောက်ပါးရောင်တော်၊ ထွက်မြူးပျော်လျှင်၊ အောက်သော်မြေဆင်း၊ ရေလည်းလင်းအောင်၊ ဝင်း

ဝင်းညီစွဲ၊ ရွှေခဲလိုတောက်၊ လွန်ထွင်းဖောက်၍၊ ထက်အောက် ကောင်းကင်၊ ဝန်းကျင်နှံ့လူး၊ ခြောက်ရောင်ထူးသည်၊ ကွန့်မြူး လျက်သာ၊ စကြာဝဠာစော့ ယခုနေ့ကို၊ လွန့်၍မနှာ၊ ပြေးသွား လျင်လျင်၊ ခြောက်ရောင်ရှင်ကို၊ ကြည်လင်သဒ္ဒါ၊ လက်ဆယ်ဖြာ မိုး၊ ရှိခိုးပါ၏ အရှင်ဘုရား။

## သမ္ဗုဒ္ဓေ ဘုရားရှိခိုး ပါဠိအနက်

(၁) သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတသဟဿာနိ၊ နမာမိ သိရသာ မဟံ။

(၂) အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။

(၃) နမက္ကာရာနုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။
အနေကအန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

အဋ္ဌဝီသံ၊ နှစ်ကျိပ်ရှစ်ဆူကုန်သော။ သမ္ဗုဒ္ဓေ စ၊ ဘုရားရှင်တို့ကိုလည်း။ ဒွါဒသဉ္စသဟဿကေ၊ တသောင်း နှစ်ထောင် ကုန်သော။ သမ္ဗုဒ္ဓေ စ၊ ဘုရားရှင်တို့ကိုလည်း။ပဉ္စသတသဟဿာနိ၊ငါးသိန်းကုန်သော။ သမ္ဗုဒ္ဓေ စ၊ ဘုရားရှင်တို့ကိုလည်း။ အဟံ၊ တပည့်တော်သည်။ သိရသာ၊ ဦးခေါင်း ရတနာ မြတ်အင်္ဂါဖြင့်။ နမာမိ၊ ရှိခိုးပါ၏အရှင်ဘုရား။

ဝါလုကာ၊ ဂင်္ဂါမြစ်ဝယ် ရှိဘွယ်သိမ်းကျုံး သဲလုံးတို့သည်။အပ္ပကာ၊ နည်းကုန်သေး၏။နိဗ္ဗုတာ၊ နိဗ္ဗာန်အောင်နန်း မြန်းတော်မူပြီးကုန်သော။ ဇိနာ၊ ဘုရားရှင်တို့သည်ကား။ အနန္တာ၊ ပိုင်းခြားမရ များလှကုန်သည် သာတည်း။ တေ စ၊ ဂင်္ဂါဝါလု သဲစုမက ပွင့်တော်မူကြ ကုန်သော ထို ဘုရားရှင်တို့ကိုလည်း။ တေသံ၊ ထိုဘုရားရှင်တို့၏။ ဓမ္မဉ္စ၊ တရားတော်မြတ် ကိုလည်း။ သံဃဉ္စ၊ သံဃာတော်မြတ်ကိုလည်း။ အာဒရေန၊ မြတ်နိုးတနာ ရိုသေစွာဖြင့်။ အဟံ၊ ဘုရားတပည့်တော်သည်။ နမာမိ ရှိခိုးပါ၏ အရှင် ဘုရား။

နမက္ကာရာနုဘာဝေန၊ရှိခိုးပူဇော်အာနုဘော်ကြောင့်။သဗ္ဗေ ဥပဒ္ဒဝေ၊ ဘေးအတန်တန် ရန်အဝဝ ဥပဒ္ဒဝေါ မှန်သမျှတို့ကို။ ဟိတွာ၊ တွင်းပြင် မရောက် ငယ်လွန်ဖျောက်၍။ အနေကအန္တရာယာပိ၊ များစွာ သိမ်း

[illegible]

သောင်း အန္တရာယ်အပေါင်းတို့သည်လည်း။ အသေသတော၊ ကြွင်းကျန် မရှိ ယတိပြတ်သောအားဖြင့်။ ဝိနဿန္တု၊ မနှောင့်မယှက် ပျောက်ပျက် ပါစေကုန်သတည်း။

**မှတ်ချက်။** ။အမည်မရှိ ရှေးဆရာတော်ကြီးတပါး ရေးသားသော သမ္ဗုဒ္ဓေဂါထာ ဘုရားရှိခိုး၌ ငါတို့ဘုရားလောင်း စိတ်တော်ဖြင့် ဘုရားဆုကို တောင့်တသော ၇-သင်္ချေကာလအတွင်း၌ပွင့်တော်မူသော ဗြဟ္မဒေဝစသော ဘုရားပေါင်း တသိန်းနှစ်သောင်းငါးထောင်၊

နှုတ်တော်ဖြင့် ဘုရားဆုပန်သော ၉-သင်္ချေကာလအတွင်း၌ ပွင့်တော်မူသော ပေါရာဏ သကျဂေါတမ စသော ဘုရားပေါင်း ၃-သိန်း ၈-သောင်း ၇-ထောင်၊

ဒီပင်္ကရာဘုရားထံတော်၌ ဗျာဒိတ်ရပြီး ကိုယ်နှုတ် နှစ်ပါးဖြင့် ပါရမီ အလုပ်ကို အားထုတ်တော်မူသော ၄-သင်္ချေနှင့် ကမ္ဘာတသိန်း ကာလ အတွင်း၌ ပွင့်တော်မူသော တဏှင်္ကရာ စသော ဘုရားပေါင်း ၂၈-ဆူ အားဖြင့် ဘုရား ၅-သိန်း တသောင်း ၂-ထောင် ၂-ကျိပ်၈-ဆူ(၅၁၂၀၂၈ ဆူ)ရှိသည်။

စိန္တိတံ သတ္တသင်္ချေယျံ၊ နဝသင်္ချေယျဝါစကံ။
ကာယဝါစံ စတုချာတံ၊ ဗုဒ္ဓတ္တံ သမုပါဂမိ။

စူဠဗုဒ္ဓဃောသ အရှင်မြတ်ရေးသားသော သောတတ္တကီ ကျမ်းလာ ဂါထာအရ စိတ် ၇၊ နှုတ် ၉၊ ကိုယ်နှုတ် ၄-သင်္ချေနှင့် ကမ္ဘာတသိန်း၊ စုစုပေါင်း သင်္ချေ ၂၀-နှင့် ကမ္ဘာတသိန်း ပွင့်တော်မူသော ဘုရားရှင် ၅-သိန်းကျော်နှင့် ရေတွက်၍မရ များလှသော ပွင့်တော်မူပြီး ဘုရားများ၊ တရားသံဃာများကို ရှိခိုးသော ရတနတ္တယ ပဏာမဖြစ်၍ အကျိုးများ လှသည်။

### ၂၈-ဆူ ဘုရားများနှင့် ဗောဓိပင်များ

၁။ ဤဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူသော ဘုရားရှင် .... ၄-ဆူ၊
ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ။ (ကုက္ကို၊ ရေသဖန်း၊ ပညောင်ပင်၊ ညောင်ဗုဒ္ဓဟေ၌ အစဉ် အတိုင်းပွင့်ကြသည်။)

၂။ ဘဒ္ဒကမ္ဘာမှ ၃၁-ကမ္ဘာထက်၌ ပွင့်တော်မူသော
ဘုရားရှင် .... .... ၂-ဆူ။
သိခီ၊ ဝေဿဘူ။ (သရက်ဖြူပင်၊အင်ကြင်းပင်။)

၃။ ဤဘဒ္ဒကမ္ဘာမှ ၉၁-ကမ္ဘာထက်၌ ပွင့်တော်မူသော
ဘုရားရှင် .... .... ၁-ဆူ။
ဝိပဿီ။(သခွတ်ပင်။)

၄။ ဤဘဒ္ဒကမ္ဘာမှ ၉၂-ကမ္ဘာထက်၌ ပွင့်တော်မူသော
ဘုရားရှင် .... .... ၂-ဆူ။
တိဿ၊ ဖုဿ။ (ပိတောက်-သျှိသျှားပင်။)

၅။ ဤဘဒ္ဒကမ္ဘာမှ ၉၄-ကမ္ဘာထက်၌ ပွင့်တော်မူသော
ဘုရားရှင် .... .... ၁-ဆူ။
သိဒ္ဓတ္ထ။(မဟာလှေကား။)

၆။ တထောင့်ရှစ်ရာ(၁၈၀၀) ကမ္ဘာထက်၌ ပွင့်တော်မူ
သောဘုရားရှင် .... .... ၃-ဆူ။
ပိယဒဿီ၊အတ္ထဒဿီ၊ ဓမ္မဒဿီ။ (ခံတက်၊ စကားပင်၊
သံသတ်ပင်။)

၇။ ကမ္ဘာ ၇-သောင်း(၇၀၀၀)ထက်၌ ပွင့်တော်မူသော
ဘုရားရှင် .... .... ၂-ဆူ။
သုမေဓာ၊ သုဇာတာ။ (တမာပင်၊ကြခတ်ဝါးပင်။)

၈။ ကမ္ဘာ တသိန်းထက်၌ ပွင့်တော်မူသော ဘုရားရှင် .... ၁-ဆူ။
ပဒုမုတ္တရ။(ထင်းရှူး၊ ဝါ၊အင်ကြင်းပင်။)

၉။ ပဒုမုတ္တရဘုရားပွင့်ရာ သာရကမ္ဘာမှ တသင်္ချေထက်၌ ပွင့်
တော်မူသောဘုရားရှင် .... .... ၃-ဆူ။
အနောမဒဿီ၊ ပဒုမ၊ နာရဒ။ (ဖောက်ကြွံပင်၊
ကြောင်လျှာပင်၊ ကြောင်လျှာကြီးပင်။)

၁၀။ သာရကမ္ဘာမှ ၂-သင်္ချေထက်၌ ပွင့်တော်မူသော ဘုရား
ရှင် .... .... ၄-ဆူ။

မင်္ဂလ၊သုမန၊သောဘိတ၊ရေဝတ။ (ကံ့ကော်၊ကံ့ကော်၊
ကံ့ကော်၊ကံ့ကော်။)

၁၁။ သာရကမ္ဘာမှ ၃-သင်္ချေထက်၌ပွင့်တော်မူသောဘုရားရှင် ၁-ဆူ။
ကောဏ္ဍည။(နွံပဲပင်၊ ဝါ၊ထင်ရှားပင်။)

၁၂။ သာရကမ္ဘာမှ ၄-သင်္ချေ ထက်၌ ပွင့်တော်မူသော
ဘုရားရှင် .... .... ၄-ဆူ။
တဏှင်္ကရာ၊မေဓင်္ကရာ၊သရဏင်္ကရာ၊ဒီပင်္ကရာ၊(ညောင်
ကြပ်ပင်၌ပွင့်။)

ဤသို့လျှင် ၄-သင်္ချေနှင့်ကမ္ဘာတသိန်းကာလအတွင်း ပွင့်တော်မူသော ဘုရားရှင် ၂၈-ဆူသာ ရှိပုံကိုကြည့်၍ ဘုရားသာသနာတော်နှင့် အလှမ်းဝေးကြောင်း၊ဘုရားမပွင့်သော သုညကပ္ပသာ များကြောင်း သံဝေဂ ယူနိုင်ကြပါစေ။

## နှစ်ကျိပ်ရှစ်ဆူ ဘုရားရှိခိုး

တံ မေ သ ဒီ ကော မံ သု ရေ၊
သော အ ပ နာ သု သု ပိ။
အ မံ သိ တိ ဖု ဝိ သိ ဝေ၊
က ကော က ဂေါ နမာမဟံ။

၁။ တံ= တဏှင်္ကရာ မြတ်စွာဘုရားကိုရှင်း။
၂။ မေ= မေဓင်္ကရာမြတ်စွာဘုရားကိုရှင်း။
၃။ သ= သရဏင်္ကရာမြတ်စွာဘုရားကိုရှင်း။
၄။ ဒီ= ဒီပင်္ကရာမြတ်စွာဘုရားကိုရှင်း။
၅။ ကော= ကောဏ္ဍညမြတ်စွာဘုရားကိုရှင်း။
၆။ မံ= မင်္ဂလမြတ်စွာဘုရားကိုရှင်း။
၇။ သု= သုမနမြတ်စွာဘုရားကိုရှင်း။
၈။ ရေ= ရေဝတမြတ်စွာဘုရားကိုရှင်း။
၉။ သော= သောဘိတမြတ်စွာဘုရားကိုရှင်း။
၁၀။ အ= အနောမဒဿီမြတ်စွာဘုရားကိုရှင်း။

၁၁။ ပ= ပဒုမမြတ်စွာဘုရားကိုရှင်း။
၁၂။ နာ= နာရဒမြတ်စွာဘုရားကိုရှင်း။
၁၃။ ပ= ပဒုမုတ္တရမြတ်စွာဘုရားကိုရှင်း။
၁၄။ သု= သုမေဓာမြတ်စွာဘုရားကိုရှင်း။
၁၅။ သု= သုဇာတာမြတ်စွာဘုရားကိုရှင်း။
၁၆။ ပိ= ပိယဒဿီမြတ်စွာဘုရားကိုရှင်း။
၁၇။ အ= အတ္ထဒဿီမြတ်စွာဘုရားကိုရှင်း။
၁၈။ ဓံ= ဓမ္မဒဿီမြတ်စွာဘုရားကိုရှင်း။
၁၉။ သိ= သိဒ္ဓတ္ထမြတ်စွာဘုရားကိုရှင်း။
၂၀။ တိ= တိဿမြတ်စွာဘုရားကိုရှင်း။
၂၁။ ဖု= ဖုဿမြတ်စွာဘုရားကိုရှင်း။
၂၂။ ဝိ= ဝိပဿီမြတ်စွာဘုရားကိုရှင်း။
၂၃။ သိ= သိခီမြတ်စွာဘုရားကိုရှင်း။
၂၄။ ဝေ= ဝေဿဘူမြတ်စွာဘုရားကိုရှင်း။
၂၅။ က= ကကုသန်မြတ်စွာဘုရားကိုရှင်း။
၂၆။ ကော= ကောဏာဂုံမြတ်စွာဘုရားကိုရှင်း။
၂၇။ က= ကဿပမြတ်စွာဘုရားကိုရှင်း။
၂၈။ ဂေါ= ဂေါတမမြတ်စွာဘုရားကိုရှင်း။

ဤလတ်၊ ဤသို့၊ အဋ္ဌဝီသတိ၊ သင်္ချာမှတ်သား ဂဏန်းအားဖြင့် ပိုင်းခြားတွက်ယူ နှစ်ကျိပ်ရှစ်ဆူကုန်သော။ သမ္ဗုဒ္ဓေ၊ နိဗ္ဗာန်ဓာတ်နန်း အောင်ကြငှန်းသို့ ကြမြန်းစံဝင် ဘုရားရှင်တို့ကို။ အဟံ၊ ခန္ဓာငါး၀ သမူဟာကို အတ္တာသမုတ် အကျွန်ုပ်သည်။နမာမိ၊ မနိုင်ခြေကွန့်မြူး သဒ္ဓါဦး၍ ညွတ်နူးကြည်သာ ရှိခိုးပါ၏ အရှင်ဘုရား။

## အစိန္တေယျ ၄-ပါး ဘုရားရှိခိုး

ဝါစာ ဝါစာ ဝိလာသဂ္ဂ-ဝါစာ စိန္တေယျ သံယုတ္တံ။
ဝန္ဒေ သာရဂုဏောပေတံ၊ တေနမှာ တုပသဝါစကော။

ဝါစာဝါစာ ဝိလာသဂ္ဂ ဝါစာစိန္တေယျ သံယုတ္တံ၊ ပြကတေ့သော စကား အလှန်တင့်တယ်သောစကား မြတ်သောစကား မကြံစီနိုင်သော

စကားနှင့် ပြည့်စုံတော်မူသော။ သာရဂုဏောပေတံ၊ ကျေးဇူးတော်စစ် ဂုဏ်တော်နှစ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ၊ တပည့်တော်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏။ တေန၊ ထိုသို့ရှိခိုးရသော ကောင်းမှုကြောင့်။ အတုလဝါစကော၊ အတုမရှိသော စကားနှင့် ပြည့်စုံသည်။ အမှိ၊ ဖြစ်ရပါလို၏ အရှင်ဘုရား။

ရူပ ရူပ ဝိလာသဂ္ဂ-ရူပါစိန္တေယျ သံယုတ္တံ။
ဝန္ဒေ သာရဂုဏောပေတံ၊ တေနမှာ တုလရူပဝါ။

ရူပ ရူပ ဝိလာသဂ္ဂ ရူပါစိန္တေယျသံယုတ္တံ၊ ပြကတေ့သော အဆင်း အလွန် တင့်တယ်သော အဆင်း မြတ်သောအဆင်း မကြံစည်နိုင်သော အဆင်းနှင့် ပြည့်စုံတော်မူသော။ သာရဂုဏောပေတံ၊ ကျေးဇူးတော်စစ် ဂုဏ်တော်နှစ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။အဟံ၊တပည့်တော်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏။ တေန၊ ထိုသို့ ရှိခိုးရသော ကောင်းမှုကြောင့်။ အတုလရူပဝါ၊ အတုမရှိသော အဆင်းနှင့် ပြည့်စုံသည်။အမှိ၊ ဖြစ်ရပါလို၏ အရှင်ဘုရား။

ဉာဏ ဉာဏ ဝိလာသဂ္ဂ၊ ဉာဏာစိန္တေယျ သံယုတ္တံ။
ဝန္ဒေ သာရဂုဏောပေတံ၊ တေနမှာ တုလဉာဏဝါ။

ဉာဏ ဉာဏ ဝိလာသဂ္ဂ ဉာဏာစိန္တေယျသံယုတ္တံ၊ ပြကတေ့သောဉာဏ် အလွန်တင့်တယ်သောဉာဏ် မြတ်သောဉာဏ် မကြံစည်နိုင်သော ဉာဏ်နှင့် ပြည့်စုံတော်မူသော။ သာရဂုဏောပေတံ၊ကျေးဇူးတော်စစ် ဂုဏ်တော်နှစ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ၊ တပည့်တော်သည်။ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏။တေန၊ ထိုသို့ရှိခိုးရသော ကောင်းမှုကြောင့်။ အတုလဉာဏဝါ၊ အတုမရှိသော ဉာဏ်နှင့် ပြည့်စုံသည်။ အမှိ၊ ဖြစ်ရပါလို၏ အရှင်ဘုရား။

ဣဒ္ဓိ ဣဒ္ဓိ ဝိလာသဂ္ဂ-ဣဒ္ဓိ စိန္တေယျ သံယုတ္တံ။
ဝန္ဒေ သာရဂုဏောပေတံ၊ တေနမှာ တုလ ဣဒ္ဓိမာ။

ဣဒ္ဓိ ဣဒ္ဓိ ဝိလာသဂ္ဂ ဣဒ္ဓိ စိန္တေယျသံယုတ္တံ၊ ပြကတေ သော တန်ခိုး အလွန်တင့်တယ်သောတန်ခိုး မြတ်သောတန်ခိုး မကြံစည်နိုင်သော တန်ခိုးနှင့် ပြည့်စုံတော်မူသော။သာရဂုဏောပေတံ၊ကျေးဇူးတော်စစ် ဂုဏ်တော်

နှစ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ၊ တပည့်တော်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏။ တေန၊ ထိုသို့ ရှိခိုးရသော ကောင်းမှုကြောင့်။ အတုလ ဣဒ္ဓိမာ၊ အတုမရှိသော တန်ခိုးနှင့် ပြည့်စုံသည်။ အမှိ၊ ဖြစ်ရပါလို၏ အရှင်ဘုရား။

## ဘုရားရှင်၏ ဝါဆိုစဉ် ၄၅-ဝါန

| | | |
|---|---|---|
| ၁။ | ဓမ္မစကြာဟောတော်မူရာ မိဂဒါဝုန်၌ | ၁-ဝါ၊ |
| ၂—၄။ | ရာဇဂြိုဟ်မြို့ | ၃-ဝါ၊ |
| ၅။ | အာဠဝီပြည် | ၁-ဝါ၊ |
| ၆။ | မကုဠပတောင် | ၈-ဝါ၊ |
| ၇။ | တာဝတိံသာ | ၁-ဝါ၊ |
| ၈။ | သုံသုမာဂိရိတောင် | ၁-ဝါ၊ |
| ၉။ | ကောသမ္ဗီ | ၁-ဝါ၊ |
| ၁၀။ | ပလလဲတော | ၁-ဝါ၊ |
| ၁၁။ | နာဠပုဏ္ဏားရွာ | ၁-ဝါ၊ |
| ၁၂။ | ဝေရဉ္စာမြို့ | ၁-ဝါ၊ |
| ၁၃။ | ဇာလိယတောင် | ၁-ဝါ၊ |
| ၁၄။ | သာဝတ္ထိ ဇေတဝန် | ၁-ဝါ၊ |
| ၁၅။ | ကပိလဝတ် နိဂြောဓာရုံ | ၁-ဝါ၊ |
| ၁၆။ | အာဠဝီပြည် | ၁-ဝါ၊ |
| ၁၇။ | ရာဇဂြိုဟ် | ၁-ဝါ၊ |
| ၁၈။ | ဇာလိယတောင် | ၁-ဝါ၊ |
| ၁၉-၂၀။ | ရာဇဂြိုဟ် | ၂-ဝါ၊ |
| ၂၀-၃၈။ | သာဝတ္ထိဇေတဝန် | ၁၈-ဝါ၊ |
| ၃၉-၄၃။ | သာဝတ္ထိ ပုဗ္ဗာရုံ | ၆-ဝါ၊ |
| ၄၅။ | ဝေဠုဝရွာ ဥယျာဉ် | ၁-ဝါ၊ |
| | ပေါင်း | ၄၅-ဝါ၊ |

## ဣစ္ဆနေ္တာ ဘုရားရှိခိုး

(၁) ဣစ္ဆန္တော သာသပဂဗ္ဘော၊ စက်မာမိ ဣတော စိတော။
ဣစ္ဆန္တော စက္ကဝါဠမ္ဟိ၊ အတ္တဘာဝေန ဆာဒယိ။
(၂) နိလ္လယေ ဒေဝါသုရေန၊ သမ္ပန္နော ဒသက္ခဒ္ဓိဟိ။
ဘဂဝါ ဒေဝါသုရယာ၊ စက္ခုမ္မမှိ နိလ္လယိ။
(၃) ဗုဒ္ဓါပမုခံ အသူရာနမတ္ထု ဗုဒ္ဓမာပိတံ။
နလာတေ အတ္တကာရော တံ၊ အစိန္တေယျ အပမိယော။

(၁) ဣစ္ဆန္တော၊ မနောမယိဒ္ဓိ ဈာန်ဟိတ်ဝသီ ၅-လီ အခိဋ္ဌာန် အဘိညာဏ်ဖြင့် ဖန်ဆင်းခြင်းမရှိ ပကတိမနိမ္မိတ် အမြိုက်ရေဆွတ်ဖျန်းသော ကြာပန်း ကြာဝတ်၌ ဆန္ဒတော် ညွတ်သည် ရှိသော်။ သာသပဂဗ္ဘော၊ နေရောင်ခြည်စု ဇမ္ဗူနုအဆင်း ဝင်းဝင်းတောက်ထိန် ဝရဇိန်သန္တာန် မုံညင်းဆံအတွင်း၌။ ဣတော စိတော၊ ဆယ်ရတီ-ကိုးရတီ ကျောက်နီ ပတ္တမြား ကိုးပါးနဝရက် ညီးညီးလျှပ်သော ဇောတိရသ်အပြင်၌ ထင်လာသော မျက်နှာရိပ်ကဲ့သို့ မျှတမွေလျော် စံနေတော်မူလျက်။ အဟံ၊ ငါဘုရားသည်။ စက်မာမိ၊ ကပ်ဦးအစ သမ္မတနွယ်ဝင် ဘုရားသိုက်ရမတေ ရွှေ ဟသ်ာမင်းကဲ့သို့ လျှင်မြန်ဝင်စား စကြံသွားတော်မူနိုင်၏။

ဣစ္ဆန္တော၊ ဘုရားမြတ်သခင် စိတ်တွင် ထင်ရှား လိုလားတော်မူသည် ရှိသော်။ စက္ကဝါဠမ္ဟိ၊ တကမ္ဘာလုံး ကပ်လုံး မကျေ ရေမြေ သယံဇာ သေလာရစ်ဝိုက် စကြဝဠာ တိုက်ကိုလည်း။ အတ္တဘာဝေန၊ ၁၈-တောင် မှန် တလံမျှလောက်သော ကိုယ်တော်ဖြင့်။ ဆာဒယိ၊ လနေဥဏ္ဏဂူ အသ်ာ တူညီ ရာသီအဆိုင် နဝင်းပြိုင်သကဲ့သို့ ကွယ်စေတော်မူနိုင်၏။ (ဣမိနာ သဒ္ဒေန၊ ဤသို့ ထုတ်ပြန် ဟုတ်မှန်သော စကားကြောင့်။ မေ၊ ငါ့အား။ သပရိဝါရေဟိ၊ သားသမီး ကျေးကျွန် အခြွေအရံ ပရိသတ်တို့နှင့် တကွ။ ဝေရကပ္ပံ၊ ငါးပါးရန်နှင့် ကပ် ၃-တန်ကို။ တိဏ္ဏော၊ ကျော်နင်း လွန် မြောက်နိုင်သည်။ ဟောတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။

(၂) ဒသက္ခဒ္ဓိဟိ၊ အံ့ဘွယ်မတူ ဆယ်ဆူသော တန်ခိုးတော်တို့နှင့်။ သမ္ပန္နော၊ ပြည့်စုံသော။ ယော ဘဂဝါ၊ အကြင် မြတ်စွာ ဘုရားသည်။ ဇဒေဝါသုရေန၊ မြင်းမိုရ်တောင်နှင့် တူယောင်ထင်၍ အမြင်မှားလောက်

သောအသူရိန်နတ်သားနှင့်။ နိလ္လယေ၊ ဒေါသမာန်တင်းနတ်မင်းအသူရိန်ကို ကွပ်နှိမ်ဆုံးမတော်မူခြင်းငှာ ပုန်းတော်မူသောအခါ၌။ဒေဝါသုရဿ၊ နေရောင်လရောင် ပတ္တမြားရောင်ကို စကြဝဠာတောင်ရှိ မြောင်ကြီးဖိ၍ ကွယ်ပစေတတ်သော အသူရိန် နတ်မင်း၏။ စက္ခုမ္ဘမ္မိ၊ ၅၀-ယူဇနာ အကွာတာမှန် မျက်မှောက်တန်၏ တသိမ်တဂုဏ် လျှပ်ငုံသက်တင့် မျက်စဉ်းရောင်ဖွင့်၍ မြင့်လှသော မျက်ရစ်ကြား၌ဂ်။ နလာတေ၊ ဂဏန်း ယူဇနာ သုံးရာပြောကျယ် နဖူးလယ်၌ဝင်း။ နိလ္လယီ၊ ရှစ်သောင်းလေး ထောင် ယူဇနာကြီးမား နတ်သားအသူရိန်၏ မိစ္ဆာဉာဏ်လွန် မာန်တံခွန် ကို နှိမ်တော်မူလို၍ ပုန်းတော်မူပေ၏။

(၃) ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ အသုရာ၊ကိုးရာဦးခေါင်း'မောင်း တရာ့နှစ်ဆယ် လက်သစ်ငါးဆယ် ကြီးကျယ်ခံတွင်း အချင်း သုံးယူဇနာရှိ သော နတ်သားအသူရိန်မှ။ အပမုခံ၊ မျက်ဝါးထင်ထင် မမြင်နိုင်အောင် ပုန်းကွယ်တော်မူနိုင်သည်။ဟောတိ၊ဖြစ်၏။ အသုရော၊ အသူရိန် နတ်မင်း သည်။ နိလ္လယေ၊ ဘုန်းတော်ကြီးမား မြတ်ဘုရားနှင့် တူပြဲား မာန်ဇောပုန်းသောအခါ၌။ ဗုဒ္ဓါ၊ ဘုရားရှင်မှ။ အပပုခံ၊ မျက်ဝါးထင်ထင် မမြင်ရအောင် ပုန်းကွယ်နိုင်သည်။ နဟောတိ၊မဖြစ်။ ပမုခံ ဝေ၊ မျက်ဝါးထင် ထင် မြင်တော်မူရသည် သာတည်း။ အစိန္တေယျ အပမိယော၊ ဗြဟ္မာ လူနတ် မကြံအပ်ရာ နှိုင်းစရာမရှိသော။ အတ္တကာရော၊ ဆန္ဒတော်စရိုက် ကို သဏ္ဌာန်တော်လိုက်လင့်၍ နိမ့်မြင့်ကြီးငယ် အံ့ဘွယ်အသီးသီး ရှုမငြီး အောင် ဖြစ်တော်မူခြင်းကား။ဗုဒ္ဓမာပိတံ·ဗုဒ္ဓအမာပိတံ၊နိမ္မိတရုပ်အဆင်း ဖြင့် ဘုရားဖန်ဆင်းတော်မမူ။တံ=တေ၊ ထိုမြတ်စွာဘုရားအား။ နမော၊၊ ရှိသေမြတ်နိုး ရှိခိုးခြင်းသည်။ အတ္တု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။ (ဣမိနာပဏာမေန၊ ဤသို့ကြည်စွာ ရှိခိုးသော စေတနာကြောင့်။ မေ၊ ငါ့အား။ သပရိဝါရေဟိ၊တကွ။ ဝေရကပ္ပံ၊ကို၊ တိဏ္ဏော၊သည်။ ဟောတု၊ သတည်း။ ပထမဂါထာကဲ့သို့ဆို။)

## သိရသ္မိံ ဂါထာတော် ပါဠိမြန်မာ

(၁) သိရသ္မိံ မေ ဗုဒ္ဓသေဋ္ဌော၊ သာရိပုတ္တော စ ဒက္ခိဏေ။
ဝါမအံသေ မောဂ္ဂလာနော၊ ပုရတော ပိဋကတ္တယံ။
(၂) ပစ္ဆိမေ မမ အာနန္ဒော၊ စတုဒ္ဒိသာ ခီဏာသဝါ။
သမန္တာ လောကပါလာ စ၊ ဣန္ဒာဒေဝါ သဗြဟ္မကာ။
(၃) တေသံ အာနုဘာဝေန၊ သဗ္ဗေ ဘယဥပဒ္ဒဝါ။
အနေကအန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

တပည့်တော်၏ ဦးခေါင်းထက်၌ ဘုရားမြတ်စွာ ကြွလာတည်နေတော်မူပါဘုရား။ တပည့်တော်၏လက်ျာ ပခုံးထက်ဝယ် အရှင်သာရိပုတ္တရာ၊ လက်ဝဲပခုံးထက်ဝယ် အရှင်မောဂ္ဂလာန်၊ ရှေ့ဘက်မျက်နှာ နဖူးရင်မှာမူ ပိဋကတ်သုံးပုံ ခြေစုံကြွချီ တည်နေတော်မူပါဘုရား။

တပည့်တော်၏ လည်ကုပ်ပြင် နောက်ကျောတခွင်၌ အရှင်အာနန္ဒာ၊ ကိုယ်အင်္ဂါအရပ်လေးမျက်နှာတို့ဝယ် ရဟန္တာအရှင်မြတ်များ၊ ပတ်ဝန်းကျင်မကွာ အထက်အရပ် ၁၀-မျက်နှာမှာမူ ဗြဟ္မာ၊ သကြား၊ နတ်မင်းများနှင့် သနားစောင့်ကြပ် လောကပါလ နတ်ကောင်း နတ်မြတ်များ ရပ်နားတည်နေတော်မူကြပါ။

ဆိုခဲ့ပြီးဗြာ မြတ်ဘုရားနှင့် တရားသံဃာ နတ်ဗြဟ္မာတို့၏ တန်ခိုးရှိန်စော် အာနုဘော်ကြောင့် ၂၅-ပါးသောဘေး၊ ၁၆-ပါးသော ဥပဒ္ဒဝေါ၊ ထူပြောပါလှ အန္တရာယ်ဟူသမျှတို့သည် ဘာမျှမကျန် ပယ်လှန်ရှောင်ရှား ပျောက်ကွယ်သွားပါစေကုန်သတည်း။

**မှတ်ချက်။** ။ရှေးဆရာတော်ကြီးများ ရေးသား၍ ရှင်သူငယ်ပရိတ်ဟုလည်း မိန့်ဆိုတော်မူကြသည်။

## ဘေးရန်ပယ်ခွါ မင်္ဂလာ ဖြိုးမောက် ကောင်းကျိုးရောက်ရာ သဗ္ဗဇယမင်္ဂလာဂါထာ ပါဠိမြန်မာ

(၁) ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိမာဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော ဘာတိ၊ ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

ရောင်ခြည်တထောင် မိုက်မှောင်ပယ်ရှင်း ရှင်နေမင်းသည် နေ့အခါ၌သာ မိုက်မှောင်ပယ်ဖျောက် ထွန်းတောက်နိုင်၏။ သော်တာယုံနန်း လပြည့်စန်းလည်း ညဉ့်အတွင်းသာ ထွန်းလင်းကျက်သရေ တောက်ပနိုင်ပေသည်။ ရေမြေပိုင်နင်း ပြည့်ရှင်မင်းလည်း မင်းဝတ်တန်ဆာ ဆင်မှသာလျှင် မင်္ဂလာကျက်သရေ ဆင်ရပေ၏။ ကိလေကင်းကွာ ရဟန္တာလည်း ဈာန်ဝင်စားမှ ရဟန်းကျက်သရေ တင့်ထွန်းနိုင်ပေသည်။

ထိုမှတပါး ဘုရားမြတ်စွာ စိန္တေယျာမူ အခါမလပ် နေ့ညဉ့်တို့ ပတ်လုံး ကျင့်သုံးပါရမီ ရှင်ကြည်ရှိန်းစော် တန်ခိုးတော်ဖြင့် အမြင့်ကျက်သရေ ထွန်းလင်းတောက်ပတော် မူပါပေသည်ဘုရား။ ထိုသို့ မြွက်ဖော် တန်ခိုးတော်နှင့် ပြည့်စုံတော်မူငြား မြတ်ဘုရားကို တပည့်တော်သည် ကော်ရော်ကြည်ညို စေတနာပိုလျက် ရိုသေလှစွာ သဒ္ဓါမောက်ဖြိုး လက်အုပ်မိုး၍ ရှိခိုးပါ၏အရှင်ဘုရား။

**မှတ်ချက်။** ။သီဟိုဠ် ဘာတိကမင်း လက်ထက် ဘာတိကမင်း တောင်းပန်သဖြင့် ပညာရှိ အပတ်တဦး ဤဂါထာကို ရွတ်ဖတ်ရာတွင် ရွတ်ဆဲခဏ၌ပင် အသပြာ (၁၀၀၀) လက်တွင်းသို့ ရောက်လာကြောင်း နိဒါနဝဂ္ဂ ဘိက္ခုသံယုတ်-၄ ၌ မိန့်ဆိုသည်။ "တေန သစ္စဝဇ္ဇေန သောတ္ထိ မေ ဟောတု သဗ္ဗဒါ" ဤစကားမှန်ဖြင့်ငါ့အားချမ်းသာ စည်းစိမ် အကြိမ်ကြိမ် ဖြစ်ပါစေဟုလည်း သစ္စာစကားသည် ဆိုနိုင်သည်။

ဘုရား၌ တန်ခိုးကျက်သရေ အမြဲထွန်းလင်း တောက်ပနေခြင်းနှင့် စပ်၍ အောက်ပါ ကျေးဇူးတော် အံ့ဘွယ်များကို မှတ်သား၍ ကြည်ညို သဒ္ဓါပွားရမည်။

## ကျေးဇူးတော် ၁၈-ပါး

| | |
|---|---|
| ပဋိသမ္ဘိဒါ | ၄-ပါး၊ |
| အဘိညာဏ် | ၆-ပါး၊ |
| သမာပတ် | ၈-ပါး |
| ပေါင်း | ၁၀-ပါး တို့တည်း။ |

သရုပ်များကို ဂုဏ်တော်ဖွင့်၌ ပြထားသည်။ အဘိညာဏ် ၇-ပါးတွင် ယထာကမ္မုပဂနှင့် အနာဂတံသကိုပေါင်း၍ ဒိဗ္ဗစက္ခု၌သွင်း၊ အာသဝက္ခ-ယ အဘိညာဏ်ကိုထပ်ထည့်၊ ၆-ပါးသာ ဖြစ်တော့သည်။

## အံ့ဘွယ်တော် ၁၈-ပါး

၁။ မည်သည့်အခါမျှ ဆံတော် လက် ၂-သစ်ထက် မရှည် မတိုခြင်း။

၂။ သက်နီးတော် မဖွပ်၊ မဆိုး၊ မဟောင်း မနွမ်းခြင်း။

၃။ ပရိက္ခရာ ၈-ပါးနှင့် ကိုယ်တော်ကို မထိမကပ်ငြိခြင်း။

၄။ အလိုတော်ရှိက လက်တော်သို့ သပိတ်တော် အလိုလို ရောက်လာခြင်း။

၅။ လက်တော်ဆေးက သပိတ်တော် ဆေးပြီးဖြစ်ခြင်း။

၆။ မုံညင်းစေ့အတွင်း၌ ကိုယ်တော်ဝင်ဆံ့နိုင်ခြင်း။

၇။ အရပ် ၁၀-မျက်နှာသို့ ရောင်ခြည်တော် တပြိုင်နက် လွှတ်နိုင်ခြင်း။

၈။ ကိုယ်တော်စား နိမ္မိတ အသိန်းအသန်း ဖန်ဆင်းနိုင်ခြင်း။

၉။ ဇာတိ၊အာဏာ၊ ဝိသယခေတ်ကို မိုက်စေ၊ လင်းစေနိုင်ခြင်း။

၁၀။ ယင်းခေတ် ၃-ပါး၌ အသံတော်ကို ကြားစေနိုင်ခြင်း။

၁၁။ ယင်းခေတ် ၃-ပါး၌ ကိုယ်တော်ကို မြင်စေနိုင်ခြင်း။

၁၂။ အဝီစိမှသည် ခေတ် ၃-ပါးရှိ သတ္တဝါ အချင်းချင်း မြင်စေနိုင်ခြင်း။
၁၃။ ဖွားတော်မူသောအခါ စကြဝဠာတသောင်းကို တုန်လှုပ်စေခြင်း။
၁၄။ ရောင်တော်လွှတ်ခြင်းစသော နိမိတ် ၃၂-ပါး ထင်ခြင်း။
၁၅။ ရတနာစင်္ကြံမှ မြင်းမိုရ်တောင်သို့ ၂-လှမ်းဖြင့် ကြွခြင်း။
၁၆။ မြေ၌ ရပ်သော်လည်း ခြေရာတော်မထင်ခြင်း။
၁၇။ သတ္တဝါတို့၏အလိုကို သိတော်မူခြင်း။
၁၈။ ရေမီးအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူခြင်းတို့တည်း။

## ဖြစ်တော်ပေါင်းချုပ် ဘုရားရှိခိုး

အစ ကြိုးကြာ၊ ၁၆-ခါနှင့်၊ ဟသ်ာ ၉-ဖြစ်၊ ၆-ဖြစ်ကား ခို၊ ကျေးညို ၃-ခါ၊ သံသာ ကျူူးဟိတ်၊ ကရဝိက်-၅၊ ၄-ကား ကိန္နရီ၊ စာမရီ ၁၅၊ မျောက်ကား-၁၀၊ ဆင်ဝယ်-၁၁၊ နွားဖြစ်-၁၄၊ ၁-ရေး သိန္ဓဝ၊ ကျွဲ ၈-ဘဝတည့်၊ သံမြသာညော်င်း၊ ဥဒေါင်း ၂-ခါ၊ သာလိကာ ၇၊ ၁၂ ဖြစ်ကြက်၊ ဝက် ၁၃၊ ပေါင်းရုံးများလှ၊ တရာ့သုံးဆယ်၊ခြောက်ဖြစ်ဝယ်၌၊(ပေါင်း ၁၃၆ ဘဝ) အန္တရာယ်ကင်းဘိ၊ ဘေးမရှိသည့်၊မုနိထွဋ်ထား၊ မြတ်ဘုရားကို၊ ဘုရားတပည့်တော်၊ပူဇော်မြတ်နိုး၊လက်စုံမိုး၍၊ရှိခိုးပါ၏ အရှင်ဘုရား။

**မှတ်ချက်။** ၊ကမ္ဘာသကတာဉာဏ် ရင့်သန်၍ သံဝေဂလည်း ထင်နိုင်သည့် ဘုရားရှိခိုးဖြစ်သည်။

## အနန္တငါးပါး ဘုရားရှိခိုး

**မြတ်စွာဘုရား။** ။ဗုဒ္ဓဂုဏော၊ အနန္တောဟု၊ ကျော်စော ထင်ရှား၊ ၃-ပါးရပ်သူ၊ နတ်လူပြဟ္မာ၊ သတ္တဝါကို၊ ခေမာသာခေါင်၊နိဗ္ဗာန်သောင်သို့၊ ရွှေဖောင်ပဂ္ဂင်၊သဘော်ာယာဉ်ဖြင့်၊ကယ်တင်ဆောင်ယူ၊ပို့တော်မူသည်။ နတ်လူတို့ထိပ်ပန်း၊ ရဟန်းတို့ဆရာ၊ အစိန္တေယျာဟု၊ အနန္တဂုဏ်အင်၊ ကျေးဇူးရှင်ကို၊ တပည့်တော်သည်၊ ရိုသေမြတ်နိုး၊လက်စုံမိုး၍၊ ရှိခိုးပါ၏ အရှင်ဘုရား။

**တရားတော်။** ။ဓမ္မဂုဏော၊ အနန္တောဟု၊ တည်သောကမ္ဘာ၊ သတ္တဝါ လူနတ်၊ အထပ်ထပ်ကို၊ လေးမြတ်ကြင်နာ၊ အဝိဇ္ဇာနှင့်၊ တဏှာသံယော၊ ကိလေသာမှ၊ ဆေးကြောသုတ်သင်၊ မှူမတင်အောင်၊ ရှောင်ကြဉ်ပေတတ်၊ တရားမြတ်ကို၊ တပည့်တော်သည်၊ ရှိသေမြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးပါ၏ အရှင် ဘုရား။

**သံဃာတော်။** ။သံဃဂုဏော၊ အနန္တောဟု၊ လောဘဒေါသ၊ မောဟ ကင်းကွာ၊ တဏှာကာမ၊ ကိလေသနှင့်၊ရာဂအမိုက်၊ နှစ်ခြိုက်မပျော်၊ မမွေလျော်ဘဲ၊ ရှင်တော်ဟောကြား၊ မြတ်တရားကို၊ မှတ်သားကြည်ညို၊ မဂ်ဖိုလ်နိဗ္ဗာန်၊ ရောက်ကြောင်း မှန်သည်၊ မြတ်မွန် ထေရ်ကျော်၊ သံဃာတော်တို့၊ ဂုဏ်တော်ကြီးစွ၊ အနန္တကို၊ တပည့်တော် သည်၊ရှိသေမြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးပါ၏ အရှင်ဘုရား။

**မိဘ ၂-ပါး။** ။မာတာပိတုဂုဏော၊ အနန္တောဟု၊ အပြောကျယ်စွာ၊ သံသရာဝယ်၊မာတာပိတ၊မိနှင့်ဘတို့၊ရေကြည်ကလလ တည်ဦးစက၊ ချီချဉ်ပူစပ်၊ ရှင်းရှင်းပြတ်အောင်၊ မပြတ်ယုယ၊ မိဘတို့ မှာ၊ စိုးရိမ်စွာနှင့်၊ အစာဆိမ့်အေး၊ နို့ချိုပေး၍၊ မွေးသမိခင်၊ ကျေး ဘခင်ကို၊ တပည့်တော်သည်၊ ရှိသေမြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးပါ၏ အရှင် ဘုရား။

**ဆရာသခင်။** ။အာစရိယဂုဏော၊အနန္တောဟု၊မိန့်ဟောအရ၊ကောက်ယူ ပြသော်၊ နယနည်းနာ၊ အဖြာဖြာကို၊ လိမ္မာစေကြောင်း၊ မေတ္တာလောင်း၍၊ မကောင်းကိုကြဉ်၊ ကောင်းရာယှဉ်လျက်၊ နှုတ်မြွက်သံ ချို၊ ဆုံးမဆိုသား၊ အဟုိများစွာ၊ သံသရာဝယ်၊ ၃-သွယ်သော ကပ်၊ ၄-ရပ် အပါယ်၊ ၈-သွယ် ရပ်ပြစ်၊ဆိုးညစ်ယုတ်မာ၊ အဖြာဖြာကို၊ ခေမာ ဘုမ္မိ၊ ဘေးမရှိအောင်၊ နိဗ္ဗာန်သောင်သို့၊ ရောက်အောင်ပြည့်နှံ၊ သွန်သင် ပေတတ်၊ ဆရာမြတ်ကို၊ တပည့်တော်သည်၊ ရှိသေမြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးပါ၏ အရှင်ဘုရား။

## အက္ခရာ ၅-လုံး သီကုန်းအစဉ် ကျေးဇူးထင်ရာ ဝန္ဒနာ

**က-အက္ခရာ။** ။ကစားသေသောက်၊ သယောက်မယား၊ လွန်လိုက်စား ၍၊ပျက်ပြားဥစ္စာ၊ မမြဲစွာဟု၊ ပရာဘဝ၊ သုတ်ဟော ပြငြား၊ မြတ်ဘုရားကို၊ညွတ်တွားခါခါ၊ ရှိခိုးပါ၏။

**ခ—အက္ခရာ။** ။ခလုတ်ထိမှု၊ အမိတဟု၊မရှိကြဘဲ၊သတိစွဲ၍၊အမြဲမချွတ်၊ မိဘဝတ်ငါး၊ ညွှတ်တွားခယ၊ ပြုကုန်ကြဟု၊ သိင်္ဂါလ သုတ်၊ မိန့်ထုတ်ဟောကြား၊ မြတ်ဘုရားကို၊ညွှတ်တွား ခါခါ၊ရှိခိုးပါ၏။

**ဂ—အက္ခရာ။** ။ဂရုဂါရဝ၊ ပြုထိုက်လှသော၊ မိဘဆရာ၊ သက်ဝါဂုဏ် ကြီး၊ အသီးသီးကို၊ ရင်းနှီးပြုစု၊ ရိုသေမှုကြောင့်၊ ယခု လက်ငင်း၊ သက်ရှည်ခြင်းနှင့်၊အဆင်းသုခ၊ ဗလ ၄-မျိုး၊ ပွားတိုးမိန့်ကြား၊ မြတ်ဘုရားကို၊ ညွှတ်တွားခါခါ၊ ရှိခိုး ပါ၏။

**ဃ—အက္ခရာ။** ။ဃရာဝါသ၊များကိစ္စလည်း၊ သီလ ၅-မည်၊ အမြဲတည် ၍၊ ယုံကြည်သာသနာ၊ သဒ္ဓါရွှေးရှု၊ များကောင်းမှု ကြောင့်၊ မုနိခြောက်တွင်၊ တပါးဝင်ဟု၊ ပေါ်လွင်မိန့် ကြား၊ မြတ်ဘုရားကို၊ ညွှတ်တွားခါခါ၊ ခိုရှိုးပါ၏။

**င—အက္ခရာ။** ။ငပြု ငမဲ၊ ခွဲယူမရွေး၊ ညစ်ကြေးအမှု၊ မကောင်းပြုလျှင်၊ သူယုတ်ပင်တည်း၊ ပြုပြင်ကိုယ်ဝယ်၊ မကောင်းပယ်၍၊ ဉာဏ်ချယ်အမှု၊ ကောင်းရာပြုက၊ယခုစင်စစ်၊လူကောင်း ဖြစ်ဟု၊ များချစ်မေတ္တာ၊ ထိုသူငါ့ဘို့၊ မိန့်မှာဟော ကြား၊မြတ်ဘုရားကို၊ ညွှတ်တွားခါခါ၊ ရှိခိုးပါ၏ အရှင် ဘုရား။

**မှတ်ချက်။** ။အဆုံးအမ ဩဝါဒ ရရာလည်းဖြစ်၊ ဂုဏ်ကျေးဇူးတော် လည်း ပေါ်လွင် ထင်ရှားသည်။

# ကျင့်ကြံဘွယ်ရာ ဆုမ္မစာ

**ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီး ဩဝါဒကထာ ဆုံးမစာ**

၁။ ဆိုပိန့်မညှာ၊ စေ့စေ့နာလော့၊ ဂင်္ဂါသဲမျှ၊ ပွင့်ကုန်ကြသား၊ ဘုရားသာသနာ၊ ခေတ်အခါတွင်၊ လူ့ရွာနတ်ဌ၊ နင်ကြုံကြိုက်လည်း၊ အမိုက်မချွေ၊ အလိုက်နေ၍၊ အခြေမကြီး၊ အချည်းနှီးလျှင်၊ ယီးတီးယောင်ယောင်၊ ခုတိုင်အောင်တည့်။

၂။ သန်းခေါင်လကွယ်၊ တောအုပ်လယ်၌၊ ရှစ်နယ်ပတ်ကုန်း၊ အပြည့်ဖုံးသည်၊ မိုးလုံးတိမ်တိုက်၊ လျှပ်မကြိုက်သား၊ အမိုက်အပြား၊ အင်လေးပါးထက်၊ နင်ကား ရာထောင်၊ မက မှောင်၏။

၃။ လူ့ဘောင်လူ့ရွာ၊ သာသနာ၌၊ ကြမ္မာတော်ရွှေ၊ ယခုတွေ့လည်း၊ အလေ့မလွဲ၊ အများနဲ့လျှင်၊ မိုက်မြဲနှင်နှင်၊ မိုက်စရှင်၏။

၄။ မျက်မြင် လောက၊ ဤဘဝကား၊ ဒုက္ခစင်းစင်း၊ ချမ်းသာကင်း၏။

၅။ သေမင်းအစာ၊ နင့်ခန္ဓာကိုယ်၊ တဏှာဘီလူး၊ အမှောင့်ပူး၍၊ အရူးပြင်ပြင်၊ နင့်ကိုယ်ထင်၏။

၆။ နင်နှင့်မဆိုင်၊ နင်ပိုင်မဟုတ်၊ နင့်ရုပ်နင့်နာမ်၊ နင့်သဏ္ဍာန်ကို၊ နင့်ဉာဏ်မစူး၊ အပေါ်ဖြူး၍၊ မူးမူးမဲ့မေ့၊ အများလေ့ဖြင့်၊ နေ့ရက်အပုံ၊ လွန်ခဲ့တုံပြီ။

၇။ အာရုံဝတ္ထု၊ မီးစွာစုကို၊ မှုမှုရရ၊ နင်အားကျလည်း၊ ဓားပြသေမင်း၊ သူ့တပ်နင်းက၊ မငြင်းဆန်သာ၊ နင့်ခန္ဓာသည်၊ ပြာပုံအပြီး၊ ဖြစ်လုနီးပြီ။

၈။ ယီးတီးယားတား၊ သေ၍ သွားလည်း၊ တရားမကြွယ်၊ အထုပ်ယယ်လျက်၊ အပါယ်စခန်း၊သွားမြဲလမ်း၌၊ တပန်းဟိုက်ဟိုက်၊ တရှိုက်ငင်ငင်၊ တငြင်ငြိုငြို၊ ဆင်းရဲပိုလျက်၊ ထိုထိုဘဝ၊ အနန္တလျှင်၊ အစမဆုံး၊အများထုံးတည့်၊ အနှုန်းမပျက်၊ အောက်နရက်ဝယ်၊ တသက်နွယ်နွယ်၊ အမြစ်တွယ်၍၊ အပါယ်ထိုထို၊ ဥဒဟိုလည်း၊ နှင်လိုလူမိုက် သွားသည့်လမ်းတည်း။

**ယမမှင်းထံ အစစ်ခံ သံပေါက်**

၁။ အိုကွဲ့ယောကျာ်း၊ လူ့ပြည်သား၊ ဘယ်တရားများ၊ ကျင့်ခဲ့တယ်။

ကျွန်တော်များမှာ၊ လျှောက်စရာ၊ ဘယ်ကိုဟာမျှ မရှိတယ်။

၂။ ကုသိုလ်ကောင်းမှု၊ တခုခု၊ ပပြုခဲ့လားကွယ်။

ယမရာဇာ၊ မေးသောခါ၊ ခမြာမှိုင်၍၊ နေရှာတယ်။

၃။ အမောင်ယောကျာ်း၊ သတိထား၊ စဉ်းစားပါအုံးကွယ်။

ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ မထွန်းပါလားကွယ်။

ကျွန်တော်တို့ရွာ၊ သာသနာ၊ ထွန်းလှပါတော့တယ်။

၄။ ပစ္စုပ္ပန်၊ ဒုလ္လဘာ၊ မရခဲ့လားကွယ်။

သာသနာစက်၊ ရဟန်းဘက်၊ စိတ်မျှ မကွက်တယ်။

၅။ ရဟန်းဖြစ်မှာ၊ ပင်းဆရာ၊ မဟောပါလားကွယ်။

ကျွန်တော့ဆရာ၊ ပြောပြရှာ၊ နားမှာ မဝင်တယ်။

ကျွန်တော့စိတ်မှာ၊သည်အခါ၊ ရွာသာရောက်တော့တယ်။

၆။ ယောကျာ်းစစ်ပ၊ လှလှရ၊ ပင့်ဘဝကို နှမြောတယ်။

လူတို့ပြေရွာ၊ အမောင့်မှာ၊ ဘာများ လုပ်ခဲ့တယ်။

ကျွန်တော့မယား၊စားဖို့များ၊ကြိုးစားလုပ်ခဲ့တယ်။

၇။ အမောင်အမောင်၊ ယောင်တောင်တောင်၊အမောင်မှားခဲ့တယ်။

သဒ္ဒါပြောင့်တန်း၊ ဒါနခန်း၊ ပြောစမ်းပါအုံးကွယ်။

သားကြီးရှင်ဖြစ်၊ ကျွန်တော်စစ်၊ ညှစ်၍လှူခဲ့တယ်။

၈။ လှူသောအခါ၊ စေတနာ၊ ၃-ဖြာ ညီလားကွယ်။

၃-ချက်စေတနာ၊ နည်းလှပါ၊ မှန်စွာလျှောက်တော့ကွယ်။

ကျွန်တော့အလှူ၊ ကျွေးတွေပူ၊ ငွေကူမျှော်မိတယ်။

ကုဋေနှင့်သာ၊ ငါလှူတာ၊ ထေမိပါရင် တော်ရော့မယ်။
ကျွန်တော်မျိုးမှာ၊ သည်လိုသာ၊ အောက်မေ့မိပါတယ်။
၉။ ယုတ်မြတ်မဟူ၊ စားသောက်သူ၊ ကြည်ဖြူ ပါလားကွယ်။
ငွေကုမျှားရာ၊ လူချမ်းသာ၊ မျက်နှာလိုက်၍ ကျွေးခဲ့တယ်။
မျက်နှာ နည်းပါး၊ လူမွဲများ၊ မလွဲသာကျွေး-ကျွေးရတယ်။
လူချမ်းသာပင်၊ မဏ္ဍပ်ဝင်၊ ဖျာလျှင်သင်ဖြူး-ခင်းပေးတယ်။
သည်ကို ဟိုကို၊ ကြွပါဆို၊ ဇျိဗျာမစဲ ခေါ်ခဲ့တယ်။
ကွမ်းဆေး လဘက်၊ ဆီစက်စက်၊ ဝက်နှင့် ကြက်သား-ကျွေး
ခဲ့တယ်။
၁၀။ မင်္ဂအလှူဟာ၊ ငွေတွေဟာ၊ နှမြောပါဘိကွယ်။
ပရိက္ခရာ၊ ဆောင်ရန်မှာ၊ ကောင်းစွာ လှူလားကွယ်။
ပရိက္ခရာ၊ ညံ့လှစွာ၊ ဖိုးချိုတာမှ-ဝယ်ပေးတယ်။
၁၁၊ လှူသောအခါ ပစ္စည်းမှာ၊ စင်ကြယ်ပါလားကွယ်။
ကျွန်တော်လှူတာ၊ ပစ္စည်းမှာ၊ ခိုးတာများခဲ့တယ်။
၁၂။ ပစ္စည်းကုန်မှာ၊ မင်းလှူတာ၊ ဝမ်းနဲပါလေတယ်။
ဘုန်းကြီးပင့်ခန်း၊ အလမ်းလမ်း၊ ပြောစမ်းပါးအုံကွယ်။
အကျင့်သိက္ခာ၊ ရွေးချယ်ကာ၊ မြတ်ရာကိုယ်တော်ပင့်လားကွယ်။
သည်လိုဟာမှာ၊ မလေ့လာ၊ မျက်နှာနာမှ- ပင့်ခဲ့တယ်။
နှုတ်ဆက်ခေါ်ငင်၊မျက်နှာရှင်၊ပုဂ္ဂိုလ်ကောင်းလို့ ထင်ခဲ့တယ်။
သည်လိုဆရာ၊ ကျွန်တော့မှာ၊ များစွာ ပင့်ခဲ့တယ်။
တို့အမျိုးပါ၊ တို့ဆရာ၊ တို့ရွာကိုယ်တော် ပင့်အုံးမယ်။
ပြောင်းနှင့်စပါး၊ မင်းတို့များ၊ ဘယ်လောက် ရလားကွယ်။
ကျောင်းကိုများသွား၊ ရယ်ဟားဟား၊ လဘက်ကွမ်းစားတယ်။
ငှက်ပျောအုန်းသီး၊ တကာကြီး၊ မြည်းစမ်းပါစေကွယ်။
သည်လိုခေါ်ဆို၊ မျက်နှာချို၊ ထိုပုဂ္ဂိုလ်မှ ပင့်ခဲ့တယ်။
ကျွန်တော်တို့ရွာ၊ လှူကြတာ၊ သည်လိုချည့်သာပင့်ကြတယ်။
၁၃။ အခမောင်လှူတာ၊ ဗလချာ၊ တန်ပါအုံးတော့ကွယ်။
အင်္ဂါ ၅-လီ၊ ပဥ္စသီ၊ ဆောက်တည်မြဲလားကွယ်။
သီလ ၅-ပါး၊ ကျင့်တရား၊ ပျက်ပြားများခဲ့တယ်။
သက်သတ်ခိုးမှု၊ ကာမေသု၊ တခုမကျန် ပေါက်ခဲ့တယ်။
မုသား သေရည်၊ ဤ ၂-လီ၊ ဝသီရှိတိုင်း-ကျင့်ခဲ့တယ်။

၁၄။ ဖြစ်ခဲလေစွ၊ လူ့ဘဝ၊ သနားလှတော့တယ်။
ကျွန်တော့ချည့်သာ၊ မဟုတ်ပါ၊ လူတကာလဲ-ပျက်ကြတယ်။
မိန်းမတွေဟာ၊ ပျက်လိုက်တာ၊ ဈေးဝယ်ရာ တောင်- ရန်ဖြစ်
တယ်။

၁၅။ သည်မှာတခန်း၊ ရှေ့သို့လှမ်း၊ မေးစမ်းပါအုံးမယ်။
ဘုရား တရား၊ သံဃာများ၊ ဝပ်တွားပါလားကွယ်။
ဘုရားဖူးများ၊ တဟားဟား၊ ပျော်ပါးရအောင်-လိုက်ဖူးတယ်။

၁၆။ လိုက်သောအခါ၊ မြတ်ဗုဒ္ဓါ၊ ကြည်ညိုလှစွာ-ဖူးလားကွယ်။
ဗုဒ္ဓဂုဏော၊ စိတ်မစော၊ ရယ်မောစားသောက်ပြန်ခဲ့တယ်။

၁၇။ မာတာပိတာ၊ မိနှင့်ဘ၊ ညွှတ်ခဲ့ရလားကွယ်။
မညွှတ်ခဲ့ဘဲ၊ ကျွန်တော်လဲ၊ ဆဲတောင် ဆဲသေးတယ်။

၁၈။ မှားစွ မှားစွ၊ မောင်ဗာလ၊ သနားပါဘိကွယ်။
တရားတော်မှာ၊ ဒေသနာ၊ ကြားနာရဲ့လားကွယ်။
စိတ်ကမပါ၊ ရှုတ်လိုက်တာ၊ လူဆိုမှာကြောင့် နာဘူးတယ်။

၁၉။ နာသောအခါ၊ မင့်စိတ်မှာ၊ သဒ္ဓါကြည်နူး ရှိလားကွယ်။
ကတောင်ချောက်ချား၊ စိတ်ကသွား၊ တောထဲ များ တောင်
ရောက်သေးတယ်။

၂၀။ ပုဂ္ဂိုလ်များစွာ၊ ဟောကြားပါ၊ သည်တခါလားကွယ်။
ကျွန်တော်များမှာ၊ တခါသာ၊ လူမျက်နှာကြောင့်- လိုက်သေး
တယ်။

၂၁။ သည်တခါနာ၊ အမောင်မှာ၊ ကြည်ညိုပါလိမ့်မယ်။
တရားလည်းချ၊ အိပ်ရေးဝ၊ ထ၍ပြန်ခဲ့တယ်။
မိန်းမတွေဟာ၊ ငိုက်လိုက်ဘာ၊ ကျွန်တော့ထက် တောင်- သာ
သေးတယ်။

၂၂။ စံကျောင်းဝိဟာ၊ မြတ်သံဃာ၊ ဆည်းကပ်ပါလားကွယ်။
ဆွမ်းမုန့်ငှက်ပျော၊ ကျောင်းမှာပေါ၊ ရော၍လိုက်ဘူးတယ်။

၂၃။ လိုက်သောအခါ၊ ထေရ်သံဃာ၊ ရဟန္တာသို့ထင်လားကွယ်။
ဘုန်းကြီးနားမှာ၊ မချောက်ပါ၊ တော်ရာချောင်ကခိုခဲ့တယ်။

၂၄။ ခိုသောအခါ၊ မင့်စိတ်မှာ၊ ကြည်ညိုပါလားကွယ်။
ကြည်ညိုဝေးစွာ၊ ကျွန်တော့မှာ၊ စားစရာသာ ကြည့်ခဲ့တယ်။

သူရယ်ကာပင်၊ ကျိုးမမြင်၊ ဘုန်းကြီးကပင်နှမြောတယ်။
သည်လိုမျှားပေ၊ ကျွန်တော်လေ၊ ဆိုတောင် ဆိုမိတယ်။
ကျွန်တော့ချည်းသာ၊ မဟုတ်ပါ၊ သူတကာလဲ ဆိုကြတယ်။

၂၅။ ကျောင်းပစ္စည်းများ၊ အမောင့်အား၊ မစား မသောက် ကင်းလားကွယ်။
စားသည့်ထမင်း၊ ဝမ်းတောင့်တင်း၊ ကျောင်းက အနိုင်ဆဖ်းခဲ့တယ်။

၂၆။ စားသည်မယွင်း၊ ကျောင်းတလင်း၊ ခတ်ခြင်း တံမြက် လှဲလားကွယ်။
မလှဲမိပါ၊ ကျွန်တော့မှာ၊ စားပြီး သောက်ကာ ပြန်ခဲ့တယ်။
ကျွန်တော်တို့ရွာ၊ လူတွေဟာ၊ သည်လိုချည့်သာ စားကြတယ်။

၂၇။ အမောင်ယောကျ်ား၊ မင်းဖြစ်ငြား၊ သနားပါဘိတယ်။
ဥပုသ်စောင့်ခန်း၊ ရှေးသို့လှမ်း၊ ပြောစမ်းပါအုံးကွယ်။
ဥပုသ်အင်္ဂါ၊ အရိယာ၊ ဖြူစွာသီလ စောင့်လားကွယ်။
ဘုန်းကြီးများထံ၊ သီလခံ၊ ကြွက်ဆူညံအောင် ပြောခဲ့တယ်။

၂၈။ ပြောသောစကား၊ မင်းဖြစ်ငြား၊ တရားကြောင့်လားကွယ်။
လယ်ယာကျွဲနွား၊ ပြောင်းစပါး၊ သားမယားကြောင့် ပြောခဲ့တယ်။
စပ်မိစပ်ရာ၊ ပြောလိုက်တာ၊ နွားချင်းလဲရာ ရောက်သေးတယ်။
စကားမဆုံး၊ တနေ့လုံး၊ အုံးအုံးကြွက်အောင် ပြောခဲ့တယ်။
သည်လိုနှင့်ပင်၊ နေသဘင်၊ အိမ်လျှင် ပြန်ခဲ့တယ်။
ဥပုသ်စောင့်ရာ၊ ပြောကြတာ၊ မိုးမရွာကြောင်းသာများကြတယ်။

၂၉။ သီလပြောက်ကျား၊ စောင့်လေငြား၊ မိုးကား ကွက်ကြား ရွာတတ်တယ်။
မင်းတို့လူဘောင်၊ သီလကြောင်၊ မိုးရှောင်ကွင်းတတ်တယ်။
မင်းတို့ဖြစ်ပုံ၊ အလုံးစုံ၊ အကုန် တွေးပကွယ်။
မင်းတို့စောင့်တာ၊ ဥပုသ်မှာ၊ ထမင်းဆာတာ သနားတယ်။
ဘာဝနာလမ်း၊ ကမ္မဋ္ဌာန်း၊ စီးဖြန်းပါလားကွယ်။
ဘာဝနာလမ်း၊ ကမ္မဋ္ဌာန်း၊ စီးဖြန်းနဲခဲ့တယ်။

၃၀။ တရားစကား၊ အမောင်အား၊ ဆွေးနွေးပါလားကွယ်။
တတ်တယ်ဆိုလျှင်၊ ကျွန်တော်ပင်၊ အလွန်မေးချင်တယ်။

၃၁။ မေးသောအခါ၊ မင်းစိတ်မှာ၊ ဘာဝနာလားကွယ်။
မဖြေနိုင်က၊ အရှက်ရ၊ နာမည်လှလှပျက်အောင် မေးခဲ့တယ်။
တခါတခါ၊ ကျုပ်တို့ရွာ၊ စာစကားသာ ပြောကြတယ်။
သင်္ဂြိုဟ်ဘေးပေါက်၊ ကောက်သင်းကောက်၊ ရောက်မိရောက်ရာ ငြင်းခဲ့တယ်။
ကျွန်တော်ကတောင်၊ တတ်ဟန်ဆောင်၊ ဖောင်ဖောင်လံအောင် ငြင်းခဲ့တယ်။

၃၂။ ငြင်းသောအခါ၊ မင်းစိတ်မှာ၊ ဘယ်လိုပါလဲကွယ်။
ကျွန်တော်ကာင်၊ဂုဏ်သိချင်၊တတ်သည်ထင်အောင်ငြင်းခဲ့တယ်။
ကျွန်တော်တို့ရွာ၊ လူတွေဟာ၊ စာငြင်းတာနှင့် ရန်ဖြစ်တယ်။

၃၃။ အမောင်ယောက်ျား၊ လျှောက်စကား၊ အမှားတွေသာ များခဲ့တယ်။
အားကိုးစရာ၊ ကုသိုလ်မှာ၊ ဘယ်ဟာကိုမျှ မရှိတယ်။
တခုကိုမျှ၊ မေးမရ၊ ဝမ်းနဲလှချေတယ်။
အမောင်ဖြစ်ထွေ၊ သနားလေ၊ လှူ့ပြေယီးယားမကယ်တယ်။
အမောင့်ဖြစ်ပုံ၊ အလုံးစုံ၊ အကုန်သနားတယ်။

* ယမရာဇာ၊ မေးသောအခါ၊ ခမြာမှိုင်၍နေတော့တယ်။
သည်သောအခါ၊ ငရဲရွာ၊ ဆွဲကာ ချတော့တယ်။

**မှတ်ချက်။** ။သံဃာရော လူပါ သံဝေဂရဘွယ်၊ သတိပြုဘွယ် များတည်း။

## ထွင့်ခေါင်ဆရာတော် ကမ္မဋ္ဌာန်းသံပေါက်

၁။ သဗ္ဗေသတ္တာ၊ ဝေနေယျာ၊ သံသရာရှည်လှပြီ။
အတည်ကျကျ၊ ဘယ်ဘဝ၊ ရကြဲ မရှိပြီ။
ရအံ့နိုးနိုး၊ လောဘမျိုး၊ အကျိုးယုတ်လှပြီ။
၃-ပါးညီးညီး၊ လောင်မီးကြီး၊ ဖိစီးလှလေပြီ။

၂။ လောင်မှုန်းမသိ၊ မောဟဖိ၊ မိမိမိုက်လှပြီ။

ပိုးဖလံမျိုး၊ မီးကိုတိုး၊ ကိုယ်ကျိုးနဲလှပြီ။
ကာမဂုဏ်မှဲ၊ သည်မိုက်မဲ၊ မခွဲနိုင်ကြပြီ။
မခွဲနိုင်ကြ၊ လူ့ဗာလ၊ မိုက်စ မတုံးပြီ။

၃။ ဂင်္ဂါသဲတူ၊ ပွင့်တော်မူ၊ ဆူဆူများလှပြီ။
များအသချေ၊ ရှင်စေတထွေ၊ ရှောင်သွေလွဲခဲ့ပြီ။
တဆူမသင့်၊ တဆူသင့်၊ ဖူးခွင့် တွေ့ထိုက်ပြီ။
မတော်မတရား၊ ကျင့်ဖောက်ပြား၊ မိုက်အားကြီးလှပြီ။

၄။ အလိုမလိုက်၊ သည်အမိုက်၊ ပယ်ထိုက်သင့်လှပြီ။
မပယ်မချိုး၊ ဆင်ကန်းတိုး၊ ဟုတ်နိုးထင်လှပြီ။
ဟုတ်နိုးသမူ၊ ထင်တိုင်းပြု၊ ယခုတိုင်ခဲ့ပြီ။
တရားလက်လွှတ်၊ ငှက်တောင်ကျွတ်၊ ဝဋ်နှင့် မကင်းပြီ။

၅။ မနုဿတ္တ၊ ဒုလ္လဘ၊ မရ များလှပြီ။
အရတော်လှ၊ သည်ဘဝ၊ လှလှကျင့်ထိုက်ပြီ။
ကြုံကြိုက်တော်စွ၊ သာသနာ၊ ရောင်ဝါထွန်းလှပြီ။
သတိရရ၊ မြတ်ပုည၊ ပြုကြကောင်းသင့်ပြီ။

၆။ တနေ့တနေ့၊ နက်ဖြန်ရွှေ့၊ မမေ့ကောင်းသင့်ပြီ။
ငါ့ကိုယ် ငါ့သား၊ ငါ့မယား၊ ထင်မှားလှလေပြီ။
ထင်မှားတတ်စွ၊ သက္ကာယာ၊ မိစ္ဆာကင်းသင့်ပြီ။
ငါးခုခန္ဓာ၊ ရုပ်နာမ်မှာ၊ မှန်စွာမှတ်သင့်ပြီ။

၇။ သမ္မုသန၊ ဉာဏ်အစ၊ ထင်ကြသင့်လေပြီ။
နင်ဖြင့် နင့်ကိုယ်၊ ဆုံးမဆို၊နင့်ကိုယ် အမှုသည်။
နှလုံးဖုံဖုံ၊ ထုံတုံတုံ၊ နင့်ပုံ ကြောင့်ကြမ်းသည်။
နင်နှင့် နင့်ကံ၊ စီရင်ဖန်၊ အမှန်ဖြစ်တော့သည်။

၈။ ယခုနင့်ကိုယ်၊ နင့်အလို၊ ဘယ်ကို ပြည့်စုံသည်။
နင့်ကိုယ် နင်နှစ်၊ နင့်အပြစ်၊ နင်ဖြစ်ခံရမည်။
နင့်ကိုယ် နင်အား၊ နင် မသနား၊ နင်မှားရှာတော့သည်။
နင် မဆုံးမ၊ နင့် တာပ၊ ဘယ်က ခံလိမ့်မည်။

၉။ ဒါနသီလာ၊ ဘာဝနာ၊ နှင်သာပြုသင့်သည်။
ဇာတိဇရာ၊ မရဏာ၊ မကြာ နှင်တွေ့မည်။
မျက်တောင်တယှက်၊ လျှပ်တပြက်၊ နှင့်သက်သေလိမ့်မည်။
ဘယ်နှစ်ဘယ်လ၊ ရောက်ခါမှ၊ ကာလမရွေးပြီ။
၁၀။ ကြီးငယ်မဟူ၊ ကိုယ့်ရွယ်တူ၊ ခုမူသေကြပြီ။
အမှန်သေရိုး၊ ထိုလူမျိုး၊ ကြောက်စိုးရွံသင့်ပြီ။
မသွင်းနှလုံး၊ အထင်ရှုံး၊ ပျက်ပြုန်းလှလေပြီ။
ခန္ဓာကြွေလျှော၊ ရှိပြန်သော၊ ပူဇောလောင်လှပြီ။
၁၁။ သွားကျိုးဆံဖြူ၊ ရှိပြန်မူ၊ ဘယ်သူမကြောက်ပြီ။
ဤသည်မယ်ား၊ ဤသည်သား၊ မီးဖွားမှန်တော့သည်။
ခယဝယ၊ ဘိဇ္ဇန၊ ပျက်ကြလှလေပြီ။
အပ္ပိယေဟိ၊ ပိယေဟိ၊ ဒုက္ခကြုံလေပြီ။
၁၂။ ဒုက္ခထွေထွေ၊ တပေပေ၊ ခံနေရလေပြီ။
နိဗ္ဗာန်သာခေါင်၊ ဘေးမဲ့သောင်၊ ရောက်အောင် ပြုသင့်ပြီ။
မပြုပါဘဲ၊ နှင်ရှောင်လွှဲ၊ နှင်ဘဲ မိုက်လှပြီ။
ယုတ္တိယုတ္တာ၊ နှင်ဆင်ကာ၊ ဟန်သာနှင်များသည်။
၁၃။ ဘုရားသွားသွား၊ ကျောင်းသွားသွား၊ စိတ်ထား နှင်မကြည်။
ဒါနသီလာ၊ နှင်ပြုကာ၊ စေတနာဇောမကြည်။
သို့ပင်ပြုလို၊ နှင့်ကုသိုလ်၊ ဘယ်ကို သွားလိမ့်မည်။
လောကုတ္တရာ၊ မြိုက်ဩဇာ၊ နှင်သာဝေးလှသည်။
၁၄။ စိတ်ဇောသန့်သန့်၊ ကုသိုလ်မှန်၊ နှင်ကြံပြုရမည်။
သို့ပြုမှသာ၊ ပြည်ခေမာ၊ နှင်သာနီးရမည်။
ဤသို့စုံစေ့၊ ပြန်လှန်၍၊ စေ့စေ့နှလုံးထားသည်။
အနမတဂ္ဂ၊ သံသာရ၊ ကြာလှလေကုန်ပြီ။
၁၅။ ဂင်္ဂါဝါလု၊ ပမာပြု၊ သဲစု မကပြီ။
တဏှာ၏နောက်၊ တကောက်ကောက်၊ လိုက်ထောက်မသင့်ပြီ။
တဏှာမြစ်မ၊ ပင်လယ်ဝ၊ နစ်ကြလေကုန်ပြီ။
တဏှာလည်းပွား၊ ဒုက္ခများ၊ သွား၍မဆုံးပြီ။

၁၆။ တာဏာသို့တင်၊ ပယ် ၄-ခွင်၊ လျင်စွာ ရောက်လေပြီ။
သေမင်းနိုင်ငံ၊ အဖန်ဖန်၊ လိုက်ပြန်ရလေပြီ။
ဝေဘူတောင်မျှ၊ ပမာပြ၊ အရိုး မကပြီ။
နစ်တုံပေါ်တုံ၊ ၃-ပါးဘုံ၊ ကြုံပြန်ရလေပြီ။

၁၇။ ချမ်းသာမငွေ့၊ ဆင်းရဲတွေ့၊ ငြီးငွေ့သင့်လှပြီ။
အဝိဇ္ဇာန္ဓ၊ သည်မောဟ၊ ညှဉ်းဆဲလှလေပြီ။
နီဝရဏ၊ ဆီးတားကြ၊ လမ်းစမဆုံးပြီ။
ဂတိ ၅-ပါး၊ ဆုံလည်နွား၊ သွားရှမဆုံးပြီ။

၁၈။ ဘုဝတိုင်းသေ၊ သင်္ချိုင်းမြေ၊ ပွားစေလှလေပြီ။
လမ်းကောက်လည်းသွား၊ လူအများ၊ အမှားကြိုက်ခဲ့ပြီ။
လမ်းကြောင်းမမှန်၊ မြိုက်နိဗ္ဗာန်၊ ကေန်လွဲခဲ့ပြီ။
ဘဝမဆုံး၊ ဒုက္ခတုံး၊ လုံးလုံးခံရမည်။

၁၉။ လောကမျက်ရှု၊ သဗ္ဗညု၊ ယခု ရှိရှဲမင်း။
ဘုရားဖြစ်ကာ၊ သာသနာ၊ ရောင်ဝါ တဝင်းဝင်း။
မနုဿတ္တ၊ ဒုလ္လဘ၊ ရအောင် ခဲကြမင်း။
ဗြဟ္မာ့ပြည်က၊ အပ်ကိုချ၊ မြေက အပ်တစင်း။

၂၀။ အပ်သွားချင်းသာ၊ ထိဘွယ်ရာ၊ ပမာမှတ်ကြမင်း။
နိယျာနိက၊ မြတ်ဓမ္မ၊ ကြားရခဲ၏မင်း။
သဒ္ဓါဗလဝ၊ ဒုလ္လဘ၊ ရအောင်ခဲကြမင်း။
အရတော်ခိုက်၊ လူတသိုက်၊ ခဲလိုက်ကြကုန်မင်း။

၂၁။ ကိုယ်ဘို့မရ၊ သည်နောင်တ၊ ဖြစ်တတ်ကြ၏မင်း။
ဤသို့ဘဝ၊ ဖြစ်သမျှ၊ ရမည်ခဲ၏မင်း။
ထူးမြတ်စွာလှ၊ လူ့ဘဝ၊ နှမြောကြကုန်မင်း။
မြတ်သည်ကိုမှ၊ မသိကြ၊ ဗာလနှလုံးသွင်း။

၂၂။ ဗာလဖြစ်က၊ လူ့ပါပ၊ ကြာကြကုန်ပြီမင်း။
လူဖြစ်ကျိုးမှ၊ မခံရ၊ ရှုံးလှချေ၏မင်း။
ဘဝတိုင်းရှုံး၊ လူ့ကျောက်တုံး၊ စုံးစုံးမြုပ်၏မင်း။
စုံးစုံးမြုပ်ကာ၊ မပေါ်လာ၊ ကြမ္မာမှောင်၏မင်း။

၂၃။ နိဗ္ဗာန်လမ်းစ၊ ဤသို့ပြ၊ မှတ်ကြနှလုံးသွင်း။
ကလျာဏမိတ္တ၊ ပဏ္ဍိတ၊ ပေါင်းသော်ရ၏မင်း။
ထိုကလျာဏ၊ ဆိုဆုံးမ၊ လိုက်နာရ၏မင်း။
ယောနိသောမန၊ သိကာရ၊ နေ့ည နှလုံးသွင်း။
၂၄ သီလစုတင်၊ ဆောက်တည်လျှင်၊ သည်ဘွင် အစမင်း။
အလောဘ၊ အဒေါသ၊ အမောဟ၊ နေက္ခမ္မ၊ ဝိဝေက၊နိဿရဏ၊
ဤခြောက်ဝကို အလိုရှိကြမင်း။
ရွှေပြည်သနစ်၊ သာသည်ခေတ်၊ စီစစ်ကြကုန်မင်း။
ရွှေပြည်ချမ်းသာ၊ စံချင်ရှာ၊ ဆိတ်ငြိမ်ရာသို့ချဉ်း။
၂၅။ အနိစ္စကောင်၊ ဒုက္ခကောင်၊ အနတ္တကောင်၊ အသုဘကောင်၊
ထင်အောင် နှလုံးသွင်း။
အနိစ္စတုံး၊ ဒုက္ခတုံး၊ အနတ္တတုံး၊ အသုဘတုံး၊ လုံးလုံးမှတ်
ကြမင်း။
ဤသို့တင်မှ၊ မဂ်လမ်းစ၊ ရမည်မှန်စင်းစင်း။
မဂ္ဂင်ဖောင်ကြီး၊ တက်၍စီးမှ၊ ပြည်ကြီးအမတ၊ နိရောဓ၊ ရမည်
မှတ်ကြမင်း။
၂၆။ ယခုဘဝ၊ မသိကြလျှင်၊ အမတမည်ခေါ်၊ ရွှေပြည်တော်၊
အစော်မနံလျှင်း။

**ဝိပါက်တော် ၁၂ ပါး၊ ဂ- လုံးဘွဲ့ မေးဖြေ**

၁။ ဥရုဝေလ၊ တောဝမြိုင်ခွင်၊
၆-နှစ်ပတ်လုံး၊ ကျင့်သုံးအရှင်။
အားကုန်ခန်းလို့၊ ညှိုးနွမ်းငြိုငြင်၊
ပင်ပန်းရေး၊ ဝဋ္ဋကျွေး ဘယ့်ကြောင့်တင်။
ကဿပဘုရား၊ ထင်ရှားပွင့်သော်၊
ဇောတိပါလ၊ နာမအမော်။
ပုဏ္ဏားမာန်တက်၊ နှုတ်မြွက်အာဘော်၊
ဝစီပြင်း၊ ရှေးရင်း ဝိပါက်တော်။

အခြေခံ သာသနာရေး

၂။ စိဥ္စမာန၊ မိန်းမစေကျွန်၊
ကိုယ်ဝန်ရှိသော၊ ဆိုပြောအလွန်။
လက်သယ်ထားလို့၊ ဘုရားကိုညွှန်၊
စွပ်စွဲခဲ့၊ အဘယ့် ဝိပါက်ဝန်။
သောက်စားလွန်ကြူး၊ ယစ်မူးပျော်ရွှင်၊
သေသောက်သမား၊ ဖြစ်ငြားယခင်။
ရဟန္တာမြတ်၊ ဆွမ်းရပ်သည်မြင်၊
အကျင့် ယုတ်၊ ဖွင့်ထုတ်စွပ်စွဲအင်။
၃။ တိတ္ထိစေခိုင်း၊ မိုက်ရိုင်းဒုဿီ၊
ထင်ယောင်ထင်မှား၊ ပြုငြားသုန္ဒရီ။
လူရှင်အပေါင်း၊ ယုံကြောင်းပွေလီ၊
ရှင်တော်ထွင့်၊ ဘယ်ဝဋ်ရှေးကမှီ။
မုနာဠိဟု၊ မည်ရှိလောင်းတော်၊
မောက်ကြွား မှောက်မှား၊သောက်စားအပျော်။
ရှင်ပစ္စေက၊ ဗုဒ္ဓမြင်သော်၊
ဒုဿီဘဲ၊ စွပ်စွဲဝဋ်ကျွေးပေါ်။
၄။ သုန္ဒရီမိုက်၊ သတ်လိုက်သေရာ၊
တိတ္ထိအသင်း၊ သတင်းလွှင့်ကာ။
ဘပည့်များနှင့်၊ ဘုရားကိုသာ၊
လူအများ၊ ယုံမှား ဘယ်တွက်တာ။
လောင်းတော်ရသေ့၊ ပျော်မွေ့စံရာ၊
ရသေ့တဦး၊ ချွာန်မြူးကွန့်ကာ။
ပြုစုစိတ်စော၊ မနောဣဿာ၊
ကျင့်ယုတ်ကြီး၊ နှုတ်သီးချွန်သည့်တာ။
၅။ ဝေဘာတောင်စောင်း၊ ကျောက်မောင်းဆင်ကာ၊
ဒေဝဒတ်ယုတ်၊ ခလုတ်အသာ။
သူဖြုတ်ချလို့၊ ဗုဒ္ဓခြေမှာ၊
ကျောက်လွှာငြိ၊ ဒဏ်ထိ ဘယ်ဝဋ်လာ။

# ဘုရားရှိခိုး အမျိုးမျိုး

သူကြွယ်မျိုးဇာတ်၊ ဖြစ်လတ်တုံချေ၊
ညီကိုလှည့်ဖြား၊ ခေါ်သွားသလေ၊
ကျောက်နှင့်ဖိညှပ်၊ ထုသတ်ကြိတ်ချေ၊
ကျောက်ဝိပါက်၊ အဆက်ပါခဲ့ပေ။

၆။ ကျောက်လွှာထိပါး၊ မြတ်ဗျားထွင်ရှတင်၊
တည်နေ ဝပ်ကိန်း၊ သွေးစိမ်းအရှင်၊
ခြေမတော်ထဲ၊ ကိုက်ခဲနာကျင်၊
ဝိပါက်ရင်း၊ အလင်းပြစေချင်။

သူငယ်ဖြစ်ခိုက်၊ လမ်း၌ပျော်ရွှင်၊
ရှင်ပစ္စေက၊ ဝေးမှအမြင်။
ခဲနှင့်ပစ်လိုက်၊ ထိခိုက်ခြေတွင်၊
သွေးယိုဆင်း၊ ရှေးရှင်း ဝိပါက်ပင်။

၇။ ဆွမ်းခံကြွမြန်း၊ ထိပ်ပန်းဘုန်းကြွယ်၊
မုန်ကျဆင်ကြီး၊ ခရီးအကျယ်၊
ဒေဝဒတ်မိုက်၊ လွှတ်လိုက်ပြန်တယ်၊
ရင်ဆိုင်တွေ့၊ ဆင်ဇော့ ဘယ်ဝင့်နွယ်။

ဆင်ထိန်းဆင်ကျောင်း၊ အလောင်းဖြစ်ဘုံ
ရှင်ပစ္စေက၊ လမ်းမအဆုံ၊
ဒေါသထားလို့၊ ပြစ်မှားသုန်မှုန်၊
ဆင်နှင့်တိုက်၊ ဝင်ရှလိုက်စေဘို့ကြုံ။

၈။ ကျောက်လှာခတ်လို့၊ သွေးဓာတ်ဆူပူ၊
ခြေမတော်ဦး၊ ထွင်ရှဖူးတဆူ၊
သွေးညိုကိန်းလို့၊ ကျိန်းဝပ်တော်မူ၊
ဇီဝက၊ ခွဲရ ဘယ်ဝင့်ဟူ။

ပဒေသရာဇ်၊ မင်းဖြစ်စဉ်ဝယ်၊
မူးယစ်သောက်စား၊ ဖောက်ပြားမဖွယ်၊
လူရှင်လတ်လတ်၊ ထိုးသတ်ပြန်တယ်၊
ဓားဝိပါက်၊ အဆက်သူကနွယ်။

၉။ သုံးလူ့ထွဋ်ဖူး၊ မြိုက်မှူးသျှောင်ကော၊
ရံဖန်ခါလဲ၊ ခေါင်းခဲပလေ။
ဝေဒနာဝဋ်၊ မလွတ်တုံချေ၊
ဘယ်ဝိပါက်၊ အဆက်ပါခဲ့လေ။

ရှေးခါကပ်ဟောင်း၊ မကောင်းကံဆော်၊
တံငါမျိုးဇာတ်၊ ဖြစ်သတ်သရော်၊
ငါးတို့ဦးခေါင်း၊ ထုဒထောင်းမြင်သော်၊
ဝမ်းမြောက်မိ၊ လိုက်သည့်ဝိပါက်တော်။

၁၀။ ဝါတော်ကပ်တော့၊ မာရ်နတ်နှိုးဆော်၊
ဝေရဥ္စာတိုင်း၊ သမိုင်းအကျော်၊
မုယောဆွမ်းမို့၊ ကြမ်းကြမ်းထော်ထော်၊
ဘုဉ်းပေးရ၊ ရှေးက ဘယ်ဝဋ်နော်။

မထင်မရှား၊ မျိုးသားဖြစ်တုံ၊
ရဟန်းတော်များ၊ ဆွမ်းစားခိုက်ကြုံ။
ဆွမ်းကြမ်းစားဟု၊ ပြစ်မှားဆိုပုံ၊
ဝစီထွက်၊ ဝိပါက်တော်တွဲ့ယုံ။

၁၁။ အထွဋ်သုံးခု၊ သုံးလူ့မျက်မှန်၊
ခါးတော်ကိုက်ခဲ၊ အသဲအသန်၊
ဝေဒနာများ၊ ခံစားရံဖန်၊
ဘယ်အကြောင်း၊ ကံဟောင်းထုတ်လို့ပြန်။

လက်ဝှေ့သတ်ကောင်း၊ အလောင်းဖြစ်သော်၊
ပြိုင်ပွဲ ဆိုင်ပွဲ၊ နိုင်မြဲအကျော်၊
နိုင်လျှင်ခါးရိုး၊ ရိုက်ချိုးမြေပေါ်၊
အသတ်ကောင်း၊ ဇာတ်ဟောင်းဝိပါက်တော်။

ဆဒ္ဒန်ဆယ်စီး၊ အားကြီးလျင်မြန်၊
ဝမ်းတော်သွန်ငြား၊ ရွှေအားမသန်၊
ခွေ့ယိုင်သဲလို့၊ မြန်းခဲ့နိဗ္ဗာန်၊
ဖြစ်စေကြောင်း၊ ကံဟောင်းသိဘို့ရန်။

ဘုရားရှိခိုး အမျိုးမျိုး

ရောဂါကုစား၊ သမားညဏ်ကျယ်၊
ရှင်သူဌေးသား၊ ဆေးဝါးကုတယ်၊
ခ-မပေးလို့၊ ဟိုရှေးဘုန်းကြွယ်၊
ဝမ်းလားဆေး၊ တိုက်ကျွေးဝဋ်ဟောင်းလယ်။

**သတိ—** ဝိပါက်ရောက်ရေး၊ ကြောက်သွေးတုန်ဘွယ်၊
ဘုရားသော်လဲ၊ ရှောင်လွဲ မလွယ်၊
တွေ့ကြုံမြဲမို့၊ တဝဲလယ်လယ်၊
မလွတ်သေး၊ ဝဋ်ကြွေးခက်လှတယ်။
ကြင်နာထောက်ထား၊ သနားမြော်ခေါ်၊
ကုသိုလ်ပွားမှု၊ အားပြုကြနော်၊
နှိပ်စက်ညှဉ်းပန်း၊ သရမ်းပျက်ချော်၊
ရှောင်ကြဉ်ရေး၊ ဝဋ်ကြွေးစင်ဘို့နော်။

**ကောသလမင်းအိပ်မက် ၁၆- ချက်**

(ရှေးထက်ဝက် အိပ်မက်စကား နောက်ထက်ဝက် ဘုရားအဖြေ)

**(၁) နွားလားလေးကောင် အိပ်မက်**

နွားနက် ၄-ခု၊ တေ့မှုဟန်ပြင်၊
မတေ့ကြဘဲ၊ ရှောင်လွဲသည်မြင်၊
အရှေ့အနောက်၊ တောင်မြောက်မိုးဆင်၊
ခြိမ်းသံပေး၊ မိုးဝေးလွင့်ပျောက်စင်။

**(၂) သစ်ပင်ငယ် အိပ်မက်**

မြေကမကြွ၊ ငယ်လှသစ်ပင်၊
ဖူးငုံရင့်ပြီး၊ ပွင့်သီးတွေမြင်၊
အရွယ်မမျှ၊ ပျိုမ မယ်ခင်၊
သမီးသား၊ လင်ထားအိမ်ထောင်ချင်။

## (၃) နွားကြီး အိပ်မက်

ယနေ့ဖွားစ၊ နွားမနို့သာ၊
မိခင်နွားကြီး၊ စို့ပြီးနေရှာ၊
သမီးနှင့်သား၊ စီးပွားပိုင်ရာ၊
မိနှင့်ဘ၊ ကျွေးမှ စားရမှာ။

## (၄) နွားငယ် အိပ်မက်

နွားကြီးမကြိုက်၊ ဝန်တိုက်နွားငယ်၊
မရုန်းနိုင်ဘဲ၊ ဝပ်လဲနေတယ်၊
ကြီးသူပယ်ရှား၊ မြှောက်စားလူငယ်၊
တိုင်းပြည်ရေး၊ ရှုပ်ထွေးပွေတော့မယ်။

## (၅) မြင်း အိပ်မက်

ခံတွင်း ၂-ခု၊ မြင်းလှရာဇာ၊
ကျွေးကျွေးသမျှ၊ မဝနိုင်ပါ၊
မှူးမတ်မင်းစိုး၊ လာဘ်ထိုးသူရှာ၊
၂-ဘက်စား၊ တရားစီရင်မှာ။

## (၆) ရွှေခွက် အိပ်မက်

ခွေးအိုထံဆက်၊ ရွှေခွက်သိန်းတန်၊
ကျင်ငယ်အမြဲ၊ ခွက်ထဲစွန့်ပြန်၊
မျိုးမြတ်သမီး၊ ပစ္စည်းမက်ဟန်၊
အမျိုးယုတ်၊ လင်လုပ်ပေါင်းဆက်ဆံ။

## (၇) ခွေးသူခိုးမ အိပ်မက်

ရှော်ကကျစ်ချ၊ လွန်စကြိုးကို၊
ခွေးမ ခိုးစား၊ ကိုက်ဝါးကာမျို၊
လင်ကြီးပစ္စည်း၊ သိမ်းဆည်းမသို၊
လင်မြှောင်ထား၊ မယားလောကွတ်ပို။

## ဘုရားရှိခိုး အမျိုးမျိုး

### (၈) ရေပြည့်အိုး အိပ်မက်

အိုးငယ်ချည်းနှီး၊ အိုးကြီးရေလျှံ၊
အိုးကြီးကိုဘဲ၊ ရေဆွဲလောင်းပြန်၊
ဆင်းရဲသူများ၊ ဝတ်စားမကျန်၊
အခွန်တွက်၊ နှိပ်စက် ငွေတောင်းခံ။

### (၉) ရေကန်ကြီး အိပ်မက်

ကြာမျိုးငါးဝ၊ ပွင့်ကြရေကန်၊
ရေလယ်နောက်လျက်၊ ကမ်းဘက်ကြည်ပြန်။
မြို့တွင်းပွေရှုပ်၊ ခွန်တုတ်ကောက်ခံ၊
မြို့ပြင်ထွက်၊ ပြည့်နှက်စည်ကားရန်။

### (၁၀) ထမင်းအိုး အိပ်မက်

တအိုးတည်းချက်၊ အကျက်မညီ၊
ထမင်းမာဆတ်၊ ပျော့နပ်သုံးလီ၊
မင်းနှင့်လူများ၊ တရားမမှီ၊
မိုးသုံးစား၊ ကွက်ကြား ရွာချမည်။

### (၁၁) စန္ဒကူး အိပ်မက်

မွှေးထုံနံ့ကြူး၊ စန္ဒကူးသိန်းတန်၊
ပုံးရည်နှင့်လဲ၊ သုံးစွဲစားပြန်၊
အလဇ္ဇီများ၊ တရားဖိုးတန်၊
ငွေနှင့်လဲ၊ အမြဲဟောမည်မှန်။

### (၁၂) ဗူးတောင်း အိပ်မက်

သံကြေးအပေါင်း၊ ဗူးတောင်းဗူးအုံ၊
ရေတွင်စုပ်စုပ်၊ နစ်မြုပ်လုံးစုံ၊
ပညာရှိများ၊ စကားဥဿုံ၊
ပြောသမျှ၊ လောက မသုံးကုန်။

## (၁၃) ကျောက်ခဲကြီး အိပ်မက်

အိမ်လုံး တောင်လုံး၊ ကျောက်တုံးကျောက်ဖျာ၊
ရေမှာဖွားဖွား၊ ထင်ရှားပေါ်ကာ၊
ရဟန်းရှင်ဆိုး၊ လူဆိုးများသာ၊
ဂုဏ်ရောင်တိုး၊ တန်ခိုးပေါ်ထွက်မှာ။

## (၁၄) ဖားငယ်မ အိပ်မက်

အဆိပ်ပြင်းဟောက်၊ မြွေဟောက်ကြီးကို၊
ဖားငယ်မများ၊ ကိုက်ဝါးကာမျို၊
ကညာယူထား၊ သက်ကြားဘိုးအို၊
မယားဆဲ၊ အမြဲ အော်ငေါက်ဆို။

## (၁၅) ကျီးငယ် အိပ်မက်

အဆင်းမည်းနက်၊ ကျီးငှက်ထံမှာ၊
ရွှေဟင်္သာများ၊ ခစားနေပါ၊
ပညာသီလ၊ ပြည့်ဝသူဟာ၊
သူယုတ်များ၊ ဝပ်တွားနေရမှာ။

## (၁၆) သစ်နှင့်ဆိတ် အိပ်မက်

ဆိတ်ကိုမြင်ငြား၊ ကြောက်အားပြင်းထန်၊
ခြသေ့်သစ်ကျား၊ ခုန်လွှား ပြေးပြန်၊
သူယုတ်မာများ၊ ထောင်လွှားနိုင်ငံ၊
သူတော်ကောင်း၊ ပုန်းအောင်း တောမြိုင်ယံ။

## လွယ်ကူသော ကျင့်သုံးဆင်ခြင်ဘွယ်ရာများ

| | |
|---|---|
| **လောင်းလျာများ အလို ၆-ပါး** | လောဘ-ဒေါသ၊ မောဟကင်းလို၊ တောခိုတဖြာ၊ ဆိတ်ရာငြိမ်သက်၊ ဝဋ်မှထွက်၊ ၆-ချက် လောင်းလျာ အလိုတည်း။ (ဤသို့ဆန္ဒ ရှိသင့်ကြ၏။) |

**မပြတ်ဆင်ခြင်ရာ တရား ၅-ပါး** အိုနာ-သေခြင်း၊ ကွဲခြင်းတဖြာ၊ ကံဉစ္စာ၊ မကွာ နေ့ည၊ ဆင်ခြင်ကြ။ (ရဟန်းရှင်လူ ဟူဟူသမျှ ဤ ၅-ပါးကို နေ့စဉ် ဆင်ခြင်ရမည်။)

**အကျိုးဆောင် တရားတပါး** သေခြင်းတပါး၊ ဤတရားကား၊ စီးပွားမြားမြောင်၊ အကျိုးဆောင်သည်၊ အိုအောင်အောက်မေ့၊ စီးဖြန်းကြ။

**ရေလှူကျိုး ၁၀-ပါး** သက်ရှည်ဆင်းလှ၊ ချမ်းသာရ၊ ဗလ ဉာဏ်ပညာ။
စင်ကြယ်သန့်ရှင်း၊ ကျော်စောခြင်း၊ များသင်းခြွေရံကာ။
လျင်မြန်ပဝင်း၊ ပေါ့ပါးခြင်း၊ ဆာကင်းမွတ်သိပ်ကွာ။
ရေလှူဒါန်းရ၊ ကျိုးဆယ်ဝ၊ မုချ ကျမ်းဂန်လာ။

**တံမြက်လှည်းကျိုး ၅-ပါး** သူများစိတ်ကြည်၊ ကိုယ်စိတ်ကြည်နှင့်၊ တလီနတ်ချစ်၊ ရောင်လှစ်ဆင်းလှ၊ သေကာလမှာ၊ ရောက်ရနတ်ပြည်၊ (ပြေ) ဤငါးထွေ၊ မှတ်လေတံမြက်လှည်းကျိုးတည်း။

## လွယ်ကူသော မြန်မာဘာသာ ဘုရားဂုဏ်တော်ပွားပုံ

**အရဟံဂုဏ်တော်** နတ်ဗြဟ္မာ လူအပေါင်းတို့၏ ဝပ်ချသြောင်းပူဇော်စရာတို့ဖြင့် ပူဇော်ရာ တကယ်စုံတဲ့ သတ္တဝါဂုဏ်ဟူသမျှတို့နှင့် ကျနစွာ ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရား။

(မဟာကပ္ပိနမင်းနှင့် အမတ် ၁၀၀၀၊ အနောဇာ ဒေဝီနှင့် အမတ်ကတော် ၁၀၀၀-တို့ ဘုရားကြည်ညိုရှိ၍ မြစ်များကို လှေမပါဘဲ ကူးနိုင်ကြပုံနှင့် ဘုရားရှင်၏ သီလ သမာဓိ ပညာစသော ဂုဏ်တော်များ ကြီးမြတ်လှပုံ ဉာဏ်၌ဝင်အောင် နှလုံးသွင်းရမည်။) ဤသို့ဆိုင်ရာ ဂုဏ်တော်အဆုံး၌ ဆိုင်ရာ နှလုံးသွင်းဘွယ်ရာများ ပြဆိုမည်။

### လွယ်ကူသော အရဟံပွားပုံ ၁၀-နည်း

(၁) **လောဘ** ကင်းတော်မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရား။ (တောထွက်ခါနီး၌၎င်း၊ ဘုရားဖြစ်ပြီး ကပ္ပိလဝတ်နေပြည်တော်သို့ ပြန်ကြွလာရာ၌၎င်း၊ ယသောဓရာနှင့် သားတော် ရာဟုလာကို ရှုမြင်ရာဝယ် တွယ်တာမှုကင်းပုံများ ဉာဏ်၌ ထင်ပါစေ။)

(၂) **လော်ဘကင်း** ကျောင်း တရားကိုသာ ဟောတော်မူသော မြတ်စွာဘုရား။

သားတော်ရာဟုလာနှင့် ညီတော်နန္ဒမင်းသားများကို ကာမဂုဏ်မှ ဆွဲထုတ်တော်မူပုံဖြင့် ထင်ရှားသည်။

(၃) **လော်ဘကင်း** သော သံဃာတော်ကို ဖြစ်စေတော်မူသော မြတ်စွာဘုရား။

အရှင်သာရိပုတ္တရာ စသောပုဂ္ဂိုလ်များ ဘုရားရှင်ကြောင့် အတုမရှိသော သံဃာတော်များအဖြစ်သို့ ရောက်တော်မူကြ၏။

(၃) **ဒေါ်သကင်း** တော်မူသောမြတ်စွာဘုရား။

တိတ္ထိများ စေခိုင်းချက်အရ ပရိသတ်အလယ်၌ ဘုရားရှင်ကို စိဉ္စမာဏဝိကာ သူမ စွပ်စွဲသော်လည်း သူမ အပေါ် ဘုရားရှင် စိတ်တော်မကွက် ကရုဏာတော်သာ ဖြန့်ကြက်နေတော်မူသည်။

(၅) **ဒေါ်သကင်း** ကျောင်း တရားကိုသာ ဟောတော်မူသော မြတ်စွာဘုရား။

အာဠဝက ဘီလူးက ဘုရားရှင်စိတ်ဆိုးအောင် ဗိမာန်မှဝင်ပါ၊ ထွက်ပါ အကြိမ်ကြိမ် လျှောက်သော်လည်း ဘီလူး စိတ်မဆိုးအောင် ဘုရားရှင်လိုက်လျှောပေးပါသည်။ ဘုရားရှင်၏ လိုက်လျှော ဟောပြောချက်အရ ဘီလူးဒေါ်သကွယ်ပျောက် ဘုရားတပည့် သောတာပန်အဖြစ် ရောက်သွားသည်။

(၆) **ဒေါ်သကင်း** သော သံဃာတော်ကို ဖြစ်စေတော်မူသော မြတ်စွာဘုရား။

ပစ္စည်းခိုးသွား၍ စိတ်ဆိုးကာ ပြည့်တန်ဆာမကို လိုက် ရှာနေကြသော ဘဒ္ဒဝဂ္ဂီမင်းသား ၃၀ ကျိပ် ဘုရားရှင်နှင့် တွေ့၊ ဒေါ်သကင်းကွာ မြတ်သံဃာ ဖြစ်သွားကြသည်။

(၇) **မောဟကင်း** တော်မူသော မြတ်စွာဘုရား။

ဥရုဝေလတော မိ တင်းကုပ်နေ နဂါးမင်းကို ဘုရားရှင်သည် တန်ခိုးပညာတော်ဖြင့် ဆုံးမပြီး သပိတ်၌ထည့်ကာ ဥရုဝေလကဿပရသေ့ကို ပြတော်မူသည်။

(၈) **မောဟကင်း** ကြောင်း တရား ကို သာ ဟော တော် မူ သော မြတ်စွာဘုရား။

ရသေ့ တထောင်ချတ်ခန့်၌ပင် မိုးကြီးရွာသွန်း ရေကြီးလျှံလာသဖြင့် ရသေ့များ ဘုရားရှင်ကို ဆယ်ယူမည်စိတ်ဥက္ကာလျှော်ဖြင့် လာကြသည်။ ဘုရားရှင် နေရာတော် တွင် ရေမရှိဘဲ ဖုံတထောင်းထောင်းဖြင့် ဘုရားရှင်စင်္ကြံကြွနေသည်ကို မြင်လတ်သော် ရသေ့များ မောဟ ပါး၍ ဘုရားအား အထူးလေးစားကြသည်။

(၉) **မောဟကင်း** သော သံဃာတော်ကို ဖြစ်စေတော်မူသော မြတ်စွာဘုရား။

ရသေ့ တထောင်တို့သည် ရသေ့ ပရိက္ခရာများ ရေမှာမျော။ ဘုရားရှင်ထံ တပည့်ခံ။ ရဟန်းပြုကြ။ အရိယာသံဃာ ဖြစ်သွားကြသည်။

(၁၀) လိုချင်စိတ်ဆိုး ပြစ်မျိုးများစွာ ကင်းကွာတော်မူသော မြတ်စွာဘုရား။

မာဂဏ္ဍီ ပုဏ္ဏား မိသားစု ၃-ဦး ဘုရားကိုဖူးရာတွင် လှပတင့်တယ် သမီးငယ်အား အလှဆုံး ဘုရားကို ထိုးအပ်သည်။ ဘုရားရှင်က သင်တို့သမီးကို ခြေမတော်ဖြင့်ပင် မထိလိုကြောင်း ခပ်ဆတ်ဆတ် မိန့်ကြား၍ သမီးမာဂဏ္ဍီစိတ်ဆိုးပြီး မိဖုရားဖြစ်လတ်သော် ဘုရားအပေါ် ငြိုးစွာအငြိုးထား၏။ ထိုအရာဝယ် ဘုရားရှင်၌ လောဘဒေါသ စသော ကိလေသာများလုံးဝဖြစ်တော်မမူပါ။ ပုဏ္ဏားလင်မယားလည်း အရိယာဖြစ်သွားကြသည်။

**သမ္မာသမ္ဗုဒ္ဓ** သိမှတ်ဖွယ် ဥေယျမ်ကို မြတ်ရွှေဉာဏ် အရောင်အလင်းဖြင့် မှောင်ခွင်းကာ ရှိသမျှကိုလ တိကျစွာ သိမြင်တော်မူသော မြတ်စွာဘုရား။

မဟာကပ္ပိနမင်းနှင့် အမတ်တထောင် လာကြမည်သိ၍ ဘုရားရှင်ကြိုသည်။ ဘုရားနှင့်တွေ့။ရဟန်းဖြစ်ကြရ၏။ အနော်မာဒေဝီနှင့် အမတ်ကတော် ၁၀၀၀-လာမည်ကိုလည်း သိတော်မူ၍ သူမတို့၏ ယောကျ်ား

ဟောင်း ရဟန်း ၁၀၀၀-ကို ကယ်ထား။ အမျိုးသမီးများ တရားနာ။ အရိယာဖြစ်ကြမှ ရဟန်းများကို ပြတော်မူသည်။

**ဝိဇ္ဇာစရဏ သမ္ပန္န** စရဏက ၁၅-ဖြာ သုံး-ရှစ်ဖြာ ဝိဇ္ဇာဉာဏ်တို့ဖြင့် ဘဝဂ်လျှံ ပြိုင်သူမရှိအောင် စုံပြည့်တော်မူသော မြတ်စွာဘုရား။

အဖကိုသတ်သော အဇာတသတ်မင်းမိုက် ဘုရားရှင်ထံ လာရာ ဘုရားရှင်က အကျိုးမြော်တော်မူပြီး ရှေးဦးနှုတ်ဆက်။ ရဟန်းပြုလုပ်ရခြင်း၏ လက်တွေ့ အကျိုးများ၊ နိဗ္ဗာန်ထိ ဝိဇ္ဇာစရဏများအားလုံး ဟောပြတော်မူသည်။ ဝေဿန္တရာဘဝ၊ သိဒ္ဓတ္ထမင်းသားဘဝများ၌ ယင်းဝိဇ္ဇာစရဏများ ပြည့်စုံအောင် အားထုတ်တော်မူ၏။ တရားနာပြီး အဇာတသတ်လည်း သာသနဒါယကာကြီးဖြစ်။ နောင်ပစ္စေကဗုဒ္ဓါဖြစ်။ အကျိုးရသွားသည်။

**သုဂတဂုဏ်တော်** ဘေးမဲ့ပြည် နိဗ္ဗူနန်းသို့ ကြွလှမ်းဘွယ်အစဉ် ဆောင်သည့် မဂ္ဂင်ဖောင်ယာဉ်တရားများကိုသာအစဉ် ဟောကြားတော်မူသော မြတ်စွာဘုရား။

သုပြဗ္ဗနတ်သားသည် ဇနီးနတ်သမီး ၅၀၀ သေ၍ ငရဲ ကျပြီးနောက် သူနှင့် ကြွင်းနတ်သမီး ၅၀၀-ပါ ၇-ရက်အတွင်းသေ၍ ငရဲကျမည်ကို သိရာ ဆောက်တည်ရာမရ ပူဆွေးနေရသည်။ ဘုရားထံတော်လာကြ။ ကယ်တော်မူလျှောက်။ ဘုရားတရားတော်နာ၍ သောတာပန်ဖြစ်ကြ။ အပူကင်းသွားကြသည်။

**လောကဝိဒူဂုဏ်တော်** သုံးလောကဘုံတခွင်ကို ကုန်စင်ကာ မကျန် ကြွင်းရအောင် ထင်လင်းစွာ သိမြင်တော်သော မြတ်စွာဘုရား။

အမေရိက စသော တိုင်းပြည်များသို့ မရောက်ဖူးကြသော်လည်း ရောက်ဘူးသူများထံမှစကား၊ ဆိုင်ရာ စာပေများကြောင့် အထိုက်အလျောက်သိရသည်။ ထို့အတူ ဘုရားရှင်ဟောပြ၍ မြေရေလေများ၊ စကြဝဠာ တောတောင် တိုင်းပြည်များ၊ ကျွန်းကြီး ကျွန်းငယ် များ ဟူသော သြကာသလောက၊ အပါယ် လူနတ်ဗြဟ္မာ ဟူသော သတ္တလောက၊ သက်ရှိ သက်မဲ့ အားလုံး ရုပ်နာမ်မျှသာဟူသော သင်္ခါရလောက ကို မိမိတို့ သိခွင့်ရကြသည်။

**အနုတ္တရောပုရိသ ဒမ္မသာရထိ** ဇာတိမာန်ဂုဏ်မာနတွေကြောင့် အုံကြွကာ စိတ်နှလုံး မလှသဖြင့် အဆုံးအမခက်ကြတဲ့ သတ္တဝါတွေကို မြတ်မွေအမြိုက်ဆေးတို့ဖြင့် တိုက်ကျွေးကာ သူတော်စင်ဖြစ်ကြလေအောင် သွန်သင် ဆုံးမတော်မူသော မြတ်စွာဘုရား။

မိခင်သတ်ရန် လိုက်သော အင်္ဂုလိမာလ၊ ဘုရားကို ဝါဒဖြင့် နှိမ်လိုသော သစ္စက ပရိဗိုဇ်၊ မိစ္ဆာဝါဒလွှမ်းမိုး တန်ခိုးကြီးသော ဗကဗြဟ္မာများကို ဆုံးမချေချွတ်တော်မူသည်။

**သတ္ထာဒေဝမနုဿာနံ** လူနတ်နှင့် ဗြဟ္မာ ဗိုလ်စကြာ သောင်းတိုက်သားတို့၏ ဝပ်တွားကာ ပဏာတင်ရတဲ့ ဆရာသခင် ဖြစ်တော်မူသော မြတ်စွာဘုရား။

တာဝတိံသာ၌ အဘိဓမ္မာ ၇-ကျမ်း ဓမ္မက္ခန္ဓာ ၄-သောင်းနှစ်ထောင်၊ လူ့ပြည်၌ သုတ်ဝိနည်းဓမ္မက္ခန္ဓာ ၄-သောင်း ၂-ထောင် ဟောကြား၍ သချေသချာ လူနတ်ဗြဟ္မာတို့၏ ဆရာဖြစ်တော်မူသည်။

**ဗုဒ္ဓဂုဏ်တော်** တရားမြတ် ၄-သစ္စာကို အေးမေတ္တာ ဒေသနာမြွက်လျက် ကျေညက်ထင်ရှားအောင် သင်ကြား ပို့ချတော်မူတတ်သော မြတ်စွာဘုရား။

ဗောဓိပင်နှင့် ရွှေပလ္လင်ဝယ် မာရ် ၅-အင်ကို အောင်တော်မူပြီးသော ဘုရားရှင်သည် မကြာမြင့်မီ မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီ ရဟန်း ၅-ပါးနှင့် သောင်းတိုက်စကြဝဠာ နတ်ဗြဟ္မာများအား သစ္စာ ၄-ပါး ဓမ္မစကြာ တရားကို ဟောကြားတော်မူ၍ သစ္စာ ၄-ပါး လူနတ်ဗြဟ္မာများ သိမြင်ကျွတ်တမ်းဝင်ကြသည်။

**ဘဂဝါဂုဏ်တော်** ဘုန်းတော်က အစုံအစုံ ဂုဏ်တော်တွေကလဲ အနန္တ ကြံ၍မျှ ဉာဏ်မမြင်အောင် သမ္ဘာရှင် တန်ခိုးတော်ထပ်သဖြင့် ၃-ပါးနတ် လောကသခင်တို့၏ ဂုဏ်တင် လေးစားရာဖြစ်တော်မူသော မြတ်စွာဘုရား။

တိတ္ထိများကို နှိမ်နင်းပြီး ၂-လှမ်း ၃-ဘဝါးဖြင့် တာဝတိံသာသို့ ဘုရားရှင် ကြွတော်မူနိုင်သည်။ ဥရုဝေလရသေ့ ဆွမ်းစားလာပင့်စဉ်

သွားနှင့်ဟု လွှတ်လိုက်ပြီး နောက်မှကြွ။ ဇမ္ဗုသပြေသီး၊ သရက်သီးများ ယူလာခဲ့။ ရသေ့ထက်ဦးစွာ ဆွမ်းစားရာသို့ ရောက်ကော်မူသည်။

## ဂုဏ်တော် ၉-ပါးလုံး ပေါင်း၍ ကြည်ညိုရန်

(၁) ဘုန်းတော်ကံတော် ဉာဏ်တော် တန်ခိုးတော်အနန္တတို့ဖြင့် ဖူးမဝ အောင် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

တိတ္ထိများက တန်ခိုးပြိုင်လိုကြောင်းကြားရာ ဘုရားရှင်သည် သတ္တဝါ များကို သနားတော်မူသဖြင့် ကဏ္ဍဥယျာဉ်မှူးစိုက်သော သရက်ပင်ရင်း၌ ပြိုင်မည်ဟု မိန့်လိုက်သည်။ ထိုစကားပျက်အောင် သရက်ပင်အားလုံး တိတ္ထိများက ငွေပေးခုတ်ခိုင်း။ ဒကာများထံ ငွေအလှူခံ။ မဏ္ဍပ် ဆောက်ကြ၏။ ထိုနေ့မှာပင် ဥယျာဉ်မှူးကပ်သော သရက်သီးဖျော်ရည် ဘုရားရှင်ဘုဉ်းပေးပြီး အစေ့ကို စိုက်ရာ ချက်ချင်းကြီးသည်။ လေမိုး ကြောင့် တိတ္ထိမဏ္ဍပ်များပျက်။ သကြားဖန်ဆင်း ပေးသော မဏ္ဍပ်အနီး သရက်ပင်ရင်းတွင် ဘုရားရှင် တန်ခိုးတော်ပြ။ တိတ္ထိများရှက်၍ထွက်ပြေး ကြတော့သည်။

(၂) အရဟံအစ ဘဂဝါန္တအဆုံး ဘဝဂ်ချုံးအောင် စက်ဘုန်း မတော် ၉-တန့်ဖိုးသဖြင့် တောက်လျှံတန်ခိုး ဂုဏ် နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

ဘုရားရှင်သည် တာဝတိံသာ၌ အဘိဓမ္မာတရားများ ဟောကြားပြီး ရွှေ ငွေ ပတ္တမြား စောင်းတန်း ၃-သွယ်ဖြင့် သီတင်းကျွတ်လပြည့်နေ့တွင် သိကြား၊ ဗြဟ္မာ၊နတ်များစွာခြံရံပြီးလူ့ပြည်သင်္ကာသနဂိုရ်သို့ကြွဆင်းတော် မူရာ ဘုရားရှင်၏ ဟင်းလင်းမြင်စေနိုင်သော တန်ခိုးတော်ကြောင့် ကြိုဆို နေကြသော အရှင်သာရိပုတ္တာရာနှင့် ပရိသတ်ကြီးသည် အားလုံးကို ထင် လင်းစွာ ဖူးမြင်ရသည်။

အလွန်ကြည်ညိုကြသဖြင့် ဘုရားဆု မပန်သူပင် မရှိကြ။သူအားလုံးပင် ဘုရားဖြစ်ရန် ဆန္ဒပြင်းပြကြရသည်။ (ရှေ့စကားကျက်မှတ်မှန်၊ နောက် စကားများကား ဉာဏ်ထင်ဘို့ ကြည့်ရှုရန်သာ ဖြစ်သည်။ ဂုဏ်တော်ဖွင့် ပြပြီးဖြစ်၏။ တရားသံဃာဂုဏ်အချုပ်များကိုမူ ကျက်မှတ်ရန်သာ ပြပေ မည်။ဆိုင်ရာများမှ အခိပ္ပာယ်ကို ပြန်ကြည့်နိုင်ကြပါစေ။)

## တရားဂုဏ်တော်ပွားပုံ

အစီစီနှင့် ဘဝဂ်တိုင် ဘက်မပြိုင်ခေါင်ကဲကျူးသောကြောင့် အောင်ပွဲမှူးဖြစ်တော်မူသော မြတ်စွာဘုရားသည် မဂ်ဖိုလ် နိဗ္ဗာန်ဓမ္မက္ခန်ပရိယတ် ၁၀-တန်သော တရားတော်မြတ်ကို—

**သွာက္ခာတဂုဏ်တော်** စလယ်နှင့်ဆုံးသားကာ သုံးပါးဟာ ပေါင်းစစ်ရိုးလျှင်ဖြင့် အကောင်းမြတ်ဆုံးဂုဏ်နှင့် ပြည့်စုံစွာသဘောသက်အောင် ဟောမြွက်တော်မူပါပေသည်ဘုရား။

**သန္ဒိဋ္ဌိက** ကျင့်ကြံသူ လက်ငင်းတွေ့သဖြင့် ပျက်ယွင်းမရှေ့နိုင်တဲ့ ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေသည်ဘုရား။

**အကာလိက** အချိန်ကို အကြာမဆွဲမူ၍ တခါတဲ့ ကျင့်နေရာတွင် ခွင့်တွေ့စရာ ဝမ်းသာမြူးနိုင်တဲ့ ချမ်းသာထူးဂုဏ်နှင့်လည်း ပြည့်စုံကော်မူပါပေသည်ဘုရား။

**ဟေိပဿိက** လာစမ်း ကျင့်စမ်းပါ၊ ဆင့်တန်းမှာ အထက်တန်းကျသဖြင့် မျက်နှာပန်းလှ ဂုဏ်လက်တွေ့ကြောင့် စုံမက်သရှေ့ဆော့သဟာတွေကို စိတ်ကျေစရာ စရိုက်ညွှန်းအစဉ်ပြပြီး တိုက်တွန်းချင်စွဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေသည်ဘုရား။

**ဩပနေယျိက** မိမိတို့စိတ်အတွင်း၌ အလင်းခတ်ကို ရကြသဖြင့် ဆိုသမ္မေမက ပီတိလွှမ်းသောကြောင့် ဆီထိဂွမ်းပမာသင်ကဲ့သို့ ထာဝစဉ် ငြိမ်းချမ်းမြူးနိုင်တဲ့ ကိန်းခန်းထူးဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေသည်ဘုရား။

**ပစ္စတ္တံ ဝေဒိတဗ္ဗဝိညူဟိ** ပညာရှိထေရ်သံဃာနှင့် ကြည်ရွှင်စွာ မဂ်ဖိုလ်ဦးဆီသို့ ရက်တိုတိုနှင့်ကူးလိုကြကုန်သော "ပုဂ္ဂိုလ်တို့သည် ကိုယ်စီကိုယ်စီ ထိုဝသီ လျှံတင်းပေသည့် မိမိတို့စိတ်သန္တာန်အတွင်း၌ ကိုယ်စိတ် ၂-ဖြာ လိုက္ကစ္စာပေါင်းနှင့်တွေ့သဖြင့် ကောင်းပေစွချမ်းသာဆုံးဟု ဝမ်းသာပြုံး ဉာဏ်အားရသဖြင့် ခံစားသိမြင်ရသောဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေသည်ဘုရား။

**အပေါင်းကြည်ညို** သွာက္ခာတတာ အစ ဝေဒိတဗ္ဗအဆုံး ဘဝဂ်ချိုးအောင် စက်ဘုန်းတော် ၆-တန်ဖြိုးသဖြင့် တောက်

လျှံတန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော တရားတော်ပါပေတကား၊ တရားတော်ပါပေတကား။

**မှတ်ချက်။** ။ဤတရားဂုဏ်တော်နက်ကား စာရေးသူ၏ကမ္မဋ္ဌာနာစရိယ ကျေးဇူးရှင် ပခုက္ကူ ဆရာတော် အရှင်ကလျာဏ (ယခု ညောင်ဦး)၏ (၁၃၁၅-ခုနှစ်)မိန့်ကြား ချုပ်ဆိုနက်ဖြစ်ပါသည်။

## သံဃဂုဏ်တော်ပွားပုံ

သုံးလောက ဘုံတခွင် တူယှဉ်ဘက်မရ မြတ်ဗုဒ္ဓ၏ ကလျာဏ ပုထုဇဉ် ဂုဏ်တော်လျှင် အစဉ်အပြတ်တဲ့ အရှင်မြတ်တို့နှင့်တကွ ဖြစ်တော်မူသော ရှစ်ယောက်အရိယာ မြတ်သံဃာသည်—

**သုပ္ပဋိပန္န** သီလ သမာဓိ ပညာ သိက္ခာရပ် ၃-ဖြာကို ကောင်းမြတ်စွာ မပြတ်တဲ့ ပဋိပတ် ဟူသော ဂုဏ်တော်ထူးဖြင့်လည်း ချီးကျူးကော်ရော် ပူဇော်တော်မူအပ်ပါပေသည်ဘုရား။

**ဥဇုပ္ပဋိပန္န** သီလ သမာဓိ ပညာ သိက္ခာရပ် ၃-ဖြာကို ဖြောင့်မတ်စွာ သတိမပြတ်တဲ့ ပဋိပတ် ဟူသော ဂုဏ်တော်ထူးဖြင့်လည်း ချီးကျူး ကော်ရော် ပူပေ်ာတော်မူအပ်ပါပေသည်ဘုရား။

**ဉာယပ္ပဋိပန္န** သီလ သမာဓိ ပညာ သိက္ခာ ၃-ဖြာကို နိဗ္ဗာန်အလို့ငှာ သတိမပြတ်တဲ့ ပဋိပတ်ဟူသော ဂုဏ်တော်ထူး ဖြင့်လည်း ချီးကျူးကော်ရော် ပူဇော်တော်မူအပ်ပါပေသည်ဘုရား။

**သာမိစိပ္ပဋိပန္န** သီလ သမာဓိ ပညာ သိက္ခာရပ် ၃-ဖြာကို ရိုသေအပ်စွာ သတိမပြတ်တဲ့ ပဋိပတ်ဟူသော ဂုဏ်တော်ထူးဖြင့်လည်း ချီးကျူးကော်ရော် ပူဇော်တော်မူအပ်ပါပေသည်ဘုရား။

အကြင် ၄-စုံ ၈-ပါး ဘုရားသားတော် ပုဂ္ဂိုလ်ကျော်တို့သည် ပရိယတ်နှင့် ပဋိပတ်လမ်းစဉ်မှန် ဇွဲသန်သန်ကျင့်သဖြင့် အရှိန်သင့်မသွေ ထင်ရှား ရှိတော်မူကြပေကုန်၏။ သုံးလောကဘုံတခွင် တူယှဉ်ဘက်မရ မြတ်ဗုဒ္ဓ၏ ရှစ်ဝအရိယာ မြတ်သံဃာသည်—

**အာဟုနေယျ** အဝေးမှယူ ဆောင်ရှိမူလည်း ကြည်ဖြူလေးမြတ် မြတ်သောအလှူကို ခံယူတော်မူထိုက်သော ဂုဏ်တော်ထူးဖြင့်လည်း ချီးကျူးကော်ရော် ပူဇော်တော် မူအပ်ပါပေသည်ဘုရား။

**ပါဟုနေယျ** ညွှတ်သည်ဘို့ ရည်ညွှန်းပြုသဖြင့် မြတ်သော ဝတ္ထုကို ခံယူတော်မူထိုက်သော ဂုဏ်တော်ထူးဖြင့်လည်း ချီးကျူးကော်ရော် ပူဇော်တော်မူအပ်ပါပေသည်ဘုရား။

**ဒက္ခိဏေယျ** နောင်ဘဝအကျိုးရဘို့ မျိုးချဘုံလတ် မြတ်သောဝတ္ထုကို ခံယူတော်မူထိုက်သော ဂုဏ်တော်ထူးဖြင့်လည်း ချီးကျူးကော်ရော် ပူဇော်တော်မူအပ်ပါပေသည်ဘုရား။

**အဉ္ဇလီကရဏီယ** လူနတ်နှင့်ဗြဟ္မာ ဗိုလ်စကြာ များပြည်သူတို့၏ လက်အုပ်ချီမိုး ရှိခိုးခြင်းကို ခံယူတော်မူထိုက်သော ဂုဏ်တော်ထူးဖြင့်လည်း ချီးကျူးကော်ရော် ပူဇော်တော်မူအပ် ပါပေသည်ဘုရား။

**အနုတ္တရံ ပုညက္ခေတ္တံ လောကဿ** ဗြဟ္မာနတ်လူ ၃-ဘုံသူ၏ ဂုဏ်တူ ကင်းလတ် အတုမရှိ မြတ်သောကောင်းမှုတည်း ဟူသော မျိုးစေ့၏ စိုက်ပျိုးကြဲချရာ လယ်ယာမြေသဖွယ် ဟူသော ဂုဏ်တော်ထူးဖြင့်လည်း ချီးကျူးကော်ရော် ပူဇော်တော်မူအပ် ပါပေသည်ဘုရား။

**အပေါင်းကြည်ညို** သပ္ပဋိပ္ပန္နတာအစ ပုညခေတ္တအဆုံး ဘဝဂ်ချုံးအောင် စက်ဘုန်းတော် ၉-တန်ဖိုးသဖြင့် တောက်လုံ့ဘန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော ဘုရားသားတော် ပုဂ္ဂိုလ်ကျော်တို့တို့ပါတကား၊ ပုဂ္ဂိုလ်ကျော်တို့ ပါတကား။

**ဘုရားပွား မေတ္တာထား၍ အမျှယူစေ ပြန်ကြလေ**

ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ၊ ဘယပ္ပတ္တာ စ နိဗ္ဘယာ။

သောကပ္ပတ္တာ စ နိသောကာ၊ ဟောန္တု သဗ္ဗေပိ ပါဏိနော။

(၁) ကိုယ်စိတ် ၂-ဖြာ ဆင်းရဲရှာကြကုန်သောလုံးစုံများစွာသတ္တဝါတို့သည် ကိုယ်စိတ် ၂-ဖြာ ချမ်းသာ၍ ရှင်လန်းနိုင်ကြပါစေကုန်သတည်း။

(၂) ဘေးရန်များစွာ ရှိနေကြကုန်သော လုံးစုံများစွာ သတ္တဝါတို့သည် ဘေးရန်ဟူသမျှ ကင်းစင်ပ၍ ရှင်လန်းနိုင်ကြပါစေကုန်သတည်း။

(၃) ဆွေမျိုးစည်းစိမ် ဂုဏ်ရှိန်ယိုယွင်း စိုးရိမ်ခြင်း ရှိကြကုန်သော လုံးစုံများစွာ သတ္တဝါတို့သည် ဆွေမျိုးစည်းစိမ် ဂုဏ်ရှိန်ပြည့် တင်း စိုးရိမ်ခြင်းကင်း၍ ရွှင်လန်းနိုင်ကြပါစေကုန်သတည်း။

ဣတ္တော ဝတာ စ အမေ့ဟိ၊ သမ္ဘတံ ပုညသမ္ပဒံ။
သဗ္ဗေ ဒေဝါ နုမောဒန္တု၊ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ။

မိမိစိတ်ကောင်း စေတနာကောင်းဖြင့် စုပေါင်းဆည်းပူး ကုသိုလ်ထူးကို လုံးစုံများစွာ သတ္တဝါတို့သည် (နတ်သာမက လူနှင့်ဗြဟ္မာအားလုံး) ဥစ္စာစည်းစိမ် ဂုဏ်ရှိန်ပြည့်မောက် ချမ်းသာရောက်ဘို့ ဝမ်းမြောက်နိုင်ကြပါစေကုန်သတည်း။

ဒါနံ ဒဒန္တု သဒ္ဓါယ၊ သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာဘိရတာ ဟောန္တု၊ ဂစ္ဆန္တု ဒေဝတာဂတာ။

(၁) လုံးစုံများစွာ သတ္တဝါတို့သည် စေတနာကျိုး ကုသိုလ်မျိုးကို မျှော်ကိုးကြည်ဖြူ မြတ်အလှူကို လှူနိုင်ကြပါစေကုန်သတည်း။

(၂) ချမ်းသာပွါးတိုး ကောင်းကျိုးအနန္တ မြတ်သီလကို နိစ္စမက္ခာ စောင့်နိုင်ကြပါစေကုန်သတည်း။

(၃) အသက်စည်းစိမ်ခန္ဓာအိမ်ကား တိမ်တခဲနက် ကြည့်ယင်းပျက်သို့ မျက်စိအောက်တွင် လွင့်ပျောက်စင်၏။ သခ်ါရစက် သူ့ပိုင်နက်၌ သွက်သွက်လည်ကာ ပါရတပုံ အလုံးစုံကို ဉာဏ်ယုံမြော်မြင် ဆင်ခြင်နိုင်ကြပါစေကုန်သတည်း။

(၄) အလှူရေစက် လက်နှင့်မက္ခာ လှူကုန်ရှာသည့် ပါရမီရှင် နေရာခွင်သို့ ကြည်လင်လာငြား နတ်ဗြဟ္မာများတို့သည် ဘေးမသီရန်မခ ဇောစိတ်ရည် သဒ္ဓါမျှလို့မို ပြန်သွားနိုင်ကြ ပါစေ ကုန်သတည်း၊ ပြန်သွားကြပါကုန်လော့။

### ကုသိုလ်ဟူသမျှ ပြုပြီးကြတိုင်း ညွတ်ကိုင်းရည်သန် မြတ်နိဗ္ဗာန်

အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇာတိဇရာဗျာဓိမရဏမှာ ပရိမုစ္စိဿာမိ။
ပြုပြီးတုံလစ် ဤကျင့်ဝတ်ဖြင့် တဖြစ်ပြန်လာ အိုနာသေရေး ဒုက္ခဘေးမှ လွတ်ရေးမုန်စွာ ဖြစ်ရပါလို၏ အရှင်ဘုရား။

## ရှိခိုးဝတ်ချ ရွတ်ဆိုကြရန် ပါဠိမြန်မာ

၁။ ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ။
၂။ ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ။
၃။ ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ။

* မဂ်ဖိုလ် နိဗ္ဗာန် လျှော်ကန်သင့်မြတ် ဤကျင့်ဝတ်ပဋိပတ်ဖြင့် ဘုန်းတော်သခင် ဘုရားရှင်ကို ကြည်လင်ကော်ရော် ပူဇော်ပါ၏။

* မဂ်ဖိုနိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ထင်ပေါ် တရားတော်ကို ကော်ရော်စေတနာ ပူဇော်ပါ၏။

* သီလဖြူစင် ပုထုဇဉ်အရိယာ မြတ်သံဃာကို သဒ္ဓါကော်ရော် ပူဇော်ပါ၏အရှင်ဘုရား။ (ဇေါတိကမီထေရ်မကြီး၏ ပူဇော်နည်းတည်း။)

အနန္တ ၅- ပါး ဂုဏ်ကျေးဇူး မိမိပါရမီ ကုသိုလ်ထူးဖြင့် စကြဝဠာ အနန္တ သတ္တဝါမှန်သမျှ ချမ်းသာပြည့်စုံကြပါစေ။

# မြတ်စွာဘုရား ဂုဏ်ကိုးပါး

## ဘုရားဂုဏ်တော် ၉-ပါး အဖွင့်

**ဖြိုးမောက်စုံလင်ပါရမီရှင်** ဘုရားရှင်တို့သည် ဒါနစသော ပါရမီ ၁၀-ပါး အပြား ၃၀၊ စွန့်ခြင်းကြီး ၅-ပါး၊ စရိယ ၃-ပါး၊ဘုရားဖြစ်ကြောင်း တရားများကို ပညာဓိကဘုရားလောင်းဖြစ်အံ့။ ၄-သင်္ချေနှင့်ကမ္ဘာတသိန်း၊ သဒ္ဓါဓိကဘုရားလောင်း ၈-သင်္ချေနှင့် ကမ္ဘာတသိန်း၊ ဝီရိယာဓိက ဘုရားလောင်း ၁၆-သင်္ချေနှင့် ကမ္ဘာတသိန်း အားထုတ်တော်မူလာခဲ့ရသည်။ ထိုပါရမီကုသိုလ်တော်များ၏ ပမာဏကို ဖြစ်နိုင်သမျှတိုင်းတာရပါလျှင် ကမ္ဘာပေါ်ရှိသမျှ သတ္တဝါအားလုံးတို့၏ ကုသိုလ်တွေကို စုပေါင်း၍ အဆတရာမြှောက်သော်မှ ဘုရားတဆူ၏ ပါရမီကုသိုလ်တော်ကို မမှီဟု ကျမ်းဂန်များ၌ ပြတော်မူသည်။

**အတုမရှိသော ဂုဏ်ကျေးဇူးတော်** ဤသို့ တိုင်းတာ၍ပင် မရနိုင်သော ပါရမီကုသိုလ်တော်များသည်အဆုံးဘဝ ဘုရားသန္တာန်တော်တွင် အတုမရှိ အကျိုးပေးသည်ဖြစ်ရာ လူ နတ် ဗြဟ္မာ သတ္တဝါမည်သူနှင့်မျှ မတူသော ကိုယ်သဏ္ဌာန်တော် လက္ခဏာတော် စသော ရူပကာယတော်နှင့်တကွ သိဖွယ်ရာမှန်သမျှ သိတော်မူ၍ စိတ်သွားကိုယ်ပါ လိုရာပြီးနိုင်သော နာမကာယတော်နှင့်လည်း အတုမရှိ ပြည့်စုံတော်သည်သာဖြစ်သည်။ ထို့ကြောင့်ပင် တဆူသော ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်များကို တဆူသော ဘုရားရှင်သည် သက်တမ်းတော်ရှည်သမျှ တခြားသော ဓမ္မများကို မဟောကြားဘဲ ချီးကျူး မြွက်ဆိုနေပါသော်လည်း သက်တမ်းတော်သာကုန်၍ ဂုဏ်ကျေးဇူးတော်များ မကုန်နိုင်ဟု ဘုရားရှင်ကိုယ်တိုင် မိန့်တော်မူသည်။

**ဂုဏ်တော် ၉-ပါးသာ** ထိုမျှလောက်ပင် ဂုဏ်ကျေးဇူးတော် များမြတ်ပါသော်လည်း လူနတ်ဗြဟ္မာ သတ္တဝါများ ကြည်ညိုလွယ်ကြစေရန် ဂုဏ်တော် ၉-စု တွင် စုံလျက် ‘ဣတိပိ သော

ဘဂဝါ အရဟံ(လ) ဘဂဝါ''ဟု ကိုယ်တိုင်ပင် ဟောကြားမူခဲ့ပါသည်။ (ယင်း ပါဠိတွင် ဣတိကား ဂုဏ်တော်ဆိုင်ရာအကြောင်းများကို ညွှန်ပြ၍ ပိ· သဒ္ဒါကား ထိုမျှမက ဂုဏ်တော်တို့၏ များသည့်၏အဖြစ်ကို ပြသည်။

## အရဟံ ဂုဏ်တော်ဆိုင်ရာ

**ဝါသနာဘာဂီ** သတ္တဝါတို့၏ သန္တာန်၌ အငွေ့အသက် မကင်းသော ကိလေသာတို့၏ သတ္တိကို ဝါသနာ စရိုက်ဘာဂီ ဝသီ အထုံဟု သုံးကြသည်။ ရဟန္တာများမှာ ကိလေသာကုန်သွားသော်လည်း ဘဝဆက်တိုင်းက ပါလာသော ဝါသနာအထုံမှာ ကျန်နေလျက်ပင် ဖြစ်၏။ ရေမွှေးကုန်သွားသော်လည်း ပုလင်းခွံ၌ အနံ့ မပျောက်သကဲ့သို့ တည်း။ ထို့ကြောင့်ပင် ပုထုဇဉ်ဘဝက ကိုယ်နှုတ်အမူအရာ ကြမ်းတမ်းသူများ ရဟန္တာဖြစ်သော်လည်း အကြမ်းမပျောက်ကြပေ။ ဘုရားရှင်မှာမူ ကိလေသာကုန်သည်နှင့်အမျှ အထုံဝါသနာတို့လည်း လုံးလုံးပင် ပျောက်သဖြင့် ထူးခြားသော ပထမနည်း အရဟံ ဂုဏ်တော်ဖြင့် ချီးကျူး ကော်ရော်ပူဇော်ထိုက်တော့သည်။

**ရာဂမြူတိမ် ရန်သူရိန်ကို** အလင်းရောင် ပေးစွမ်းနိုင်သော လမင်း၏ ရန်သူမှာ မြူတိမ်များနှင့် အသူရိန်နတ် ဖြစ်သလို အသိဉာဏ် ပေးနိုင်သော ဝိဇ္ဇာဉာဏ်၏ ရန်သူမှာလည်း ရာဂပင်ဖြစ်သည်။ ထိုတဏှာရာဂ တပ်မက်မှု မှန်သမျှကို အရဟတ္တမဂ်ဖြင့် အကြွင်း မရှိအောင် ပယ်တော်မူ၍လည်း ဒုတိယနည်း အရဟံမည်တော်မူသည်။

**ကမ္ဘာပျက်စီး သဝဋ္ဋမီးကြောင့်** မီး၊ ရေ၊ လေဟု ကမ္ဘာဖျက်တရား ၃-ပါးရှိရာ မီးလောင်၍ ကမ္ဘာပျက် လျှင် ယူဇနာ ၂-သိန်း ၄-သောင်းအထုရှိသော မြေကြီးနှင့် ဂ-သောင်း ၄-ထောင်ယူဇနာ ၂-ပြန်ဆောင်သောမြင်းမိုရ်တောင် ယုဂန္ဓိုရ် ဣသိန္ဓရ အဿကဏ္ဏ စသော တောင်စဉ် ၇-ထပ် အရပ်ရပ်သော ရေမြေတို့သည် ဖွဲမှုံ့များပြာကျသကဲ့သို့ အခိုး ဖြစ်၍ လွင့်ပျောက် ကုန်ကြသည်။ ထို့အတူ ပင် ၁၀-ပါးသော သံသရာစက် အကန့်အကွက်တို့ကို အရဟတ္တမဂ်ဖြင့် မလယ်နိုင်အောင် ပယ်ဖျက်တော်မူတတ်၍လည်း တတိယနည်း အရဟံ မည်တော်မူသည်။

**ဒသကန့်ကွက် သံသရာစက်ကို** သံသရာစက်၌ အဝိဇ္ဇာသည် အရင်းအစဖြစ်၍လှည်းဘီး၏ပုံတောင်း (ပဒေါင်း) နှင့် တူသည်။ ဇရာမရဏသည် အဆုံးဖြစ်၍ အကွပ်နှင့်တူသည်။ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဤ ၁၀-ပါးတို့သည် အဝိဇ္ဇာနှင့် အရင်းဘက်ကစပ်၍ ဇရာမရဏနှင့် အဖျားဘက်က စပ်နေရကား အကန့်အထောက်တို့မည်သည်။ အာသဝ ၄-ပါးကား လှည်းဝင်ရိုးတည်း။

**ဒေဝဒူတနှင့် ပြဟ္မာသိကြား မင်း ၄-ပါးတို့** လူမင်း နတ်မင်း ပြဟ္မာမင်းဟူသော မင်း ၄-ပါးတို့ အမြတ်တနိုးအားဖြင့် တမလွန်လောကအတွက် ယုံကြည်၍ ပေးလှူအပ်သော အလှူကို ခံယူထိုက်၍လည်း စတုတ္ထနည်း အရဟံ မည်တော်မူသည်။

**အရဟံနှင့် ဒက္ခိဏေယျ** အရိယာ ၈-ယောက်လုံး မြတ်သော အလှူကို ခံထိုက်၍ ဒက္ခိဏေယျ မည်သော်လည်း ပေါင်းမြက်လုံးဝကင်းသော လယ်ယာမြေ၌ စိုက်ပျိုးလျှင် သာ၍ အသီး အနှံ ဖွံ့ဖြိုးသလို ကိလေသာအားလုံးကင်းသော ရဟန္တာပုဂ္ဂိုလ်မှာ လှူဒါန်းသမျှ သာ၍အကျိုးရသည်။ ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ်သည် ဒက္ခိဏေယျအပေါ် အဂ္ဂဆင့်၍ အမြတ်ဆုံး အလှူခံပုဂ္ဂိုလ်မည်သည်။ သို့သော် အရဟံ မမည်ထိုက်သေးပါ။ မြတ်စွာဘုရားသည် သာလျှင် တရားအလုံးစုံကို အကုန်သိမြင်တော်မူသောကြောင့် အထူးမြတ်ဆုံး ပူဇော်လှူဒါန်း ဘွယ်ရာများကို ခံယူတော်မူထိုက်သည်။ ထို့ကြောင့် ကိလေသာ ကုန်သူတိုင်း အရဟံမမည်။ ဘုရားရှင်သာ မည်တော်မူသည်။

**လောကီသက်မဲ့ စကြာရတနာ** စကြာရတနာ မပေါ်ထွန်းမီ လူများသည် စိတ်ကူးရရာ မိရိုးဖလာများကို ပူဇော်နေကြသော်လည်းစကြာမင်း၏ကောင်းမှုရှိန်စော်အာနုဘော်ကြောင့် လိုရာခရီးကိစ္စပြီးနိုင်သော စကြာရတနာ ပေါ်လာသည်ရှိသော် ယင်း သက်မဲ့ဖြစ်သော လောကီစကြာရတနာကိုသာ လူများ ဝိုင်းအုံပူဇော်ကြ တော့သည်။ အခြားပူဇော်မှုများ ပြတ်သွားတော့၏။ သိရန်မှန်က မကျန် ရအောင် သိမြင်တော်မူ၍ လူနတ်ပြဟ္မာ သတ္တဝါ အားလုံး၏ နတ်ရွာ

နိဗ္ဗာန်ခရီးညွှန်ခေါင်းဆောင် သက်ရှိလောကုတ္တရာ ဘုရားရှင် ပွင့်တော်မူလာရာ၌ကား ဆိုဖွယ်မရှိ၊ ရှန်းအိစေတနာ အဖြာဖြာဖြင့် ကောင်းစွာ ပူဇော်ကြတော့သည်။

**ပညာရှင်အစစ် ဖြစ်တော်မူ** စိန္တာ၊ သုတ၊ အတ္တ၊ ပဋိဘာန ဟု ကဝိ (ပညာရှင်) ၄-ပါးရှိသည်။ ပညာရှင်အစစ်တို့သည် စိန်ဇမ္ဗူရစ်ရွှေ ပတ္တမြားအစစ်များနှင့်တူ၍ ပညာရှင်အတု ဗာလဟူသမျှတို့သည် ကျောက်စရစ်ပမာသာ ဖြစ်ကြသည်။ ပညာရှင် အတုများသည် အများမျက်မှောက်၌ မကောင်းမှုကို အကျော်စော မခံ့မည်ကြောက်၍ ရှောင်ကြသော်လည်း သူတပါးမသိလောက်သော ကွယ်ရာမှာမူ ပြုကြစမြဲသာတည်း။ ဘုရားရှင်မှာကား မျက်မှောက် မျက်ကွယ် ၂-မျိုးလုံးတွင် အကုသိုလ်ဆိုးဟူသမျှ ကင်းကွာပြီး ဖြစ်သည်။ ဤသို့ မကောင်းမှုပြုဘို့ရာ ကွယ်ထောင့်ရာမရှိတော့၍လည်း ပဋ္ဌမနည်း အရဟံ မည်တော်မူသည်။

## သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်ဆိုင်ရာ

**မြေမိုးအောက်ထက် ဘဝဂ်မကျန် ဥေယျဓံကို** မဟာပထဝီ မြေအပြင်၏ အောက် ရေထုလေထု၊ ထိုအတွင်းရှိငရဲစသည်များနှင့် အထက်ကောင်းကင် နတ်ပြဟ္မာပြည်အားလုံး သိစရာမှန်သမျှ မကျန်ရအောင် သိတော်မူသည်။ အရူပပြဟ္မာ့ပြည် အထက်ဆုံးအထပ် နေဝသညာနာသညာယတနဘုံကို ဘဝဂ်ခေါ်၏။ အားလုံးဆိုင်ရာ သိစရာများကို ဉေယျဓံဟုခေါ်သည်။ ၎င်းတို့မှာ စိတ်စေတသိက် နာမ်နှင့် နိပ္ဖန္နရုပ်ဟူသော သင်္ခါရ၊ ဝိကာရရုပ် ၅-ပါးဟူသော ဝိကာရ၊ လက္ခဏာရုပ် ၄-ပါးဟူသော လက္ခဏာ၊ လူနတ်ပြဟ္မာ ဆင်၊မြင်း၊ကျွဲ၊နွား၊တော၊တောင်၊ ရေ၊ မြေစသောအမည် တင်စားမှုပညတ်၊ ရုပ်နာမ်ပညတ်မှတပါး အငြိမ်းဓာတ်ဟူသော နိဗ္ဗာန် ဟု ၅-မျိုးရှိသည်။

**သယမ္ဘူဉာဏ်ဖြင့် အမှန်** ထိုသိဘွယ်အားလုံးကို သိရာဝယ် နည်းပေးလမ်းပြမည့် ဆရာမရှိ သယမ္ဘူ (ကိုယ်ပိုင်) ဉာဏ်ဖြင့် သိသည်။ ဖောက်ပြန်မှားယွင်းမှုလည်း မရှိပေ။ ခုဦးအံ့–အလောင်းတော်ဘဝ အာဠာရနှင့် ဥဒကရသေ့တို့ထံ နည်းခံသော်လည်း

လောကီချမ်းသာကိုသာ ဖြစ်၍ အားရတော်မမူဘဲ အသိဉာဏ်ထူးကို ရဘို့ရာ ဥရုဝေဠတောသို့ကြွ၍ ၆-နှစ်မျှ ပင်ပန်းခက်ခဲသော အကျင့်(ဒုက္ကရစရိယ)များကို ကျင့်ပြီးအဆုံး မဟာသက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့၊ နေမဝင်မီ ဒေဝပုတ္တမာရ် (မာရ်နတ်သား)ကို အောင်တော်မူ၍ တရားကို ဆင်ခြင်အားထုတ်တော်မူရာ ညဉ့်ဦးယံ၌ ရှေးဖြစ်ဟောင်းကို အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသဉာဏ်ကို ရတော်မူသည်။

ထို့နောင် သန်းခေါင်လောက်အချိန်ဝယ် တလောကလုံးရှိ သတ္တဝါအပေါင်းကို မျက်မှောက်ထင်ထင် သိမြင်နိုင်သော ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူ၏။ ထို့နောင် ၁၅၀၀-ကိလေသာရန်သူတို့ကို အပြီးတိုင် ဖြိုဖျက်ဘို့ရာ သဒ္ဓါစသော ၅-ဦးကို ဗိုလ်မှူးတင်၍ မဂ် ၄-ပါး စက်အမြောက်လေယာဉ်တို့ဖြင့် ပျံဝဲပစ်ခေါက်တော်မူရာ အရုဏ်တက်မည့်ဆဲဆဲတွင် ကိလေသာ အားလုံး ကုန်ဆုံးသဖြင့် တလောကလုံး၏ ဝပ်စင်း ပူဇော်ရာ သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘုရားဖြစ်တော်မူသည်။ ဤဗုဒ္ဓဖြစ်ရပ်တော်ကို သတိချပ်ကြည်ညိုပြီးလျှင် မိမိတို့အတွက်လည်း စိတ်ဓာတ်ထက်၍ တရားဘက်တက်နိုင်ဘို့ရာ ပညာရှင်များ စပ်ထားသော အောက်ပါစကားရပ်ကို ရွတ်ဖတ်သွေးဆောင်သင့်သည်—

> ကိလေသာမာရ်ညစ်ကို၊ ဥာဏ်စစ်ဖြင့် ဖြိုမယ်၊ ရန်တဆစ်မလိုတယ်၊ ဗိုလ်တကယ်စုရုံး။ သဒ္ဓါက အစဆွယ်၊ ပညာဝယ် တပ်ဗိုလ်ချုပ်ဆုံး။ ငါးတပ်နှင့် ငါးဗိုလ်၊ မမှားဆိုဖွဲ့အုံး။ တရားကို အတွဲ့သုံးပါလို့၊ တကယ့် ထုံးစံတင်။
>
> ကိလေသာ ရန်ခပဲကိုဖြင့်၊ တသန်တဲ တိုက်မယ်လို့ပြင်။ ဗောဓိပက် စစ်တွေဆင်မယ်၊ မဂ်လေယာဉ်ပျံဝဲလို့၊ ရန်ခပဲ ပျက်ပြုန်းစေ၊ ဘုန်းဖျက်လို့ချေ။ ဉာဏ်လက်ဖြင့် မာရ်မျက်ချေမယ်၊ ရန်စက်တွေ အောင်ကြောင်းကွဲ့လေး—။

**ဉာဏ်တော် ၂-ပါးအထူး** သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်နှင့် စပ်၍ သဗ္ဗညုတဉာဏ်၊ အနာဝရဏဉာဏ်ဟု ၂-ပါးရှိရာ သိထိုက်သမျှ သင်္ခတ၊ အသင်္ခတ၊ မမ္မ ၂-ပုံ အလုံးစုံကို အကုန်သိစွမ်းနိုင်သော ဉာဏ်တော်ကို သဗ္ဗညုတဉာဏ်ဟု ခေါ်၍ ထိုသို့သိမြင်ရာ၌ အပိတ်အပင် အဆီးအတားမရှိ ကျွတ်ကျွတ်လွတ်လွတ် သိသော ဉာဏ်ကို အနာဝရဏဉာဏ်ဟု ခေါ်သည်။

**ဉာဏ်တော် ၁၀-ပါး**
**အားတော် ၁၀-တန်**

ဗုဒ္ဓနှင့်စပ်၍ သိရှိကြည်ညိုမှတ်သားအပ်သော ဂုဏ်တော်တို့မှာ အသင်္ချေ အနန္တပင်ဖြစ်သည်။ ထိုအနန္တတွင် ဗုဒ္ဓ၏ ကာယဗလ ကိုယ်အားတော်သည် ယောကျ်ားဗိုလ်ခြေ ကုဋေတသောင်းတို့၏ အားကို ဆောင်နိုင်သည်။ ၎င်းကိုပင် ဆဒ္ဒန်ဆင်ပြောင် ဆယ်ကောင်၏အားကို ဘုရားရှင် ဆောင်တော်မူနိုင်သည်ဟုလည်း မိန့်တော်မူ၏။အတူပင် ဖြစ်သည်။ ချဲ့ဦးအံ့—ကျမ်းဂန်များ၌ ကာဠာဝကဆင်၊ ဂင်္ဂေယျဆင် စသည်ဖြင့် ဆဒ္ဒန်ဆင်အထိ ဆင် ၁၀-မျိုးရှိရာ ပကတိကာဠာဝက ဆင်တစီးသည် ယောကျ်ားတကျိပ်အား ရှိသည်။ ဂင်္ဂေယျဆင်သည် ယောကျ်ားတရာအား ရှိသည်စသည်ဖြင့် ဆယ်ဆတက်၍ သွားသော် အဆုံး ဆဒ္ဒန်ဆင်သည် ယောကျ်ား ကုဋေတသောင်းအားကို ဆောင်နိုင်သည်ဖြစ်ရာ ဆဒ္ဒန် ၁၀-စီး အားမာန်ကြီးသော ဘုရားရှင်သည် ယောကျ်ားကုဋေ တသောင်းအားနှင့် မျှတော့သည်။

### ဒသဗလဉာဏ်တော် ၁၀-ပါး

၁။ အကြောင်း ဟုတ် မဟုတ်ကို သိသော ဌာနာဌာန ကောသလ္လ ဉာဏ်၊

၂။ ကာလ ၃-ပါးနှင့်စပ်၍ ပြုလုပ်ဆောက်တည်အပ်သော ကံတို့၏ အကျိုးကို သိသော ဝိပါကဉာဏ်၊

၃။ ဘဝအားလုံးသို့ ရောက်ကြောင်းအကျင့်အားလုံးကို သိသော သဗ္ဗတ္ထဂါမိနိပဋိပဒါဉာဏ်၊

၄။ များသောဓာတ်၊ ထူးသောဓာတ်သဘောရှိသော လောကကြီးကိုသိသော အနေကဓာတု၊ နာနာဓာတုဉာဏ်၊

၅။ သတ္တဝါတို့၏ နှလုံးသွင်းသဘောထားအမျိုးမျိုးကို သိသော နာနာဓိမုတ္တိကဉာဏ်၊

၆။ ပုဂ္ဂိုလ်သတ္တဝါတို့၏ ဣန္ဒြေနုရင့်ကို သိသော ဣန္ဒြိယပရောပရိယတ္တိဉာဏ်၊

၇။ ဈာန်ဝိမောက္ခ သမာဓိ၊ သမာပတ်တို့၏ ညစ်နွမ်းမှု၊ ဖြူစင်မှု၊ ထမှုကို သိသော (ဈာနသံကိလေသာဒိဉာဏ်) ဈာနဝိမောက္ခ သမာဓိ သမာပတ္တိဉာဏ်၊

၈။ သတ္တဝါတို့၏ ရှေးရှေးက နေခဲ့ဖြစ်ခဲ့ဘူးသော ဘဝခန္ဓာအစဉ်ကို သိသော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊

၉။ သတ္တဝါတို့၏သေခြင်း၊ပဋိသန္ဓေနေခြင်းကိုသိသော စုတူပပါတဉာဏ်၊ (ဒိဗ္ဗစက္ခုဟုလည်းခေါ်)

၁၀။ အာသဝေါတရားတို့၏ ကုန်ခန်းမှုကို သိသော အာသဝက္ခယဉာဏ်။

ဤသို့ အားတော် ၁၀-တန် ဉာဏ်တော် ၁၀-ပါးနှင့် ပြည့်စုံတော်မူ၍ သမ္မာသမ္ဗုဒ္ဓမည်တော်မူသည်။

## ဝိဇ္ဇာစရဏသမ္ပန္နဆိုင်ရာ

**ဝိဇ္ဇာ ၃-ပါး၊ ၈-ပါး** ဉာဏ်တော် ၁၀-ပါးတွင် ပါဝင်သော ပုဗ္ဗေနိဝါသ၊ ဒိဗ္ဗစက္ခု၊ အာသဝက္ခယဉာဏ် ၃-ပါးကိုပင် (ပု-ဒိ-အာ)ဝိဇ္ဇာ ၃-ပါးဟု ဆိုသည်။ ၈-ပါးဟူရာ၌ကား—

၁။ ရုပ်နာမ်တို့၏ အနိစ္စ စသည်တင်၍ မြင်သောဝိပဿနာဉာဏ်ဟူသော ဉာဏဒဿန၊

၂။ မိမိကိုယ်အတွင်း၌ မိမိနှင့် အသွင်သဏ္ဍာန် အလုံးစုံတူသော လုလင်အသွင်ကို ဖန်ဆင်း၍ ကိုယ်တွင်းမှ ထုတ်ပြနိုင်သော တန်ခိုးအစွမ်းဟူသော မနောမယိဒ္ဓိ၊

၃။ နတ်ပြဟ္မာများကို တန်ခိုးအမျိုးမျိုး ဖန်ဆင်းပြနိုင်ခြင်း၊ နတ်ပြဟ္မာပြည်သို့ သွားနိုင်ခြင်း၊ မြေရှိုးမိုးပျံနိုင်ခြင်းစသော တန်ခိုးအမျိုးမျိုးဟူသော ဣဒ္ဓိဝိဓဉာဏ်၊

၄။ နတ်ပြဟ္မာပြည်တိုင်အောင် အဝေးအနီး စကားသံ အားလုံးကို ကြားနိုင်သော တန်ခိုးအစွမ်းဟူသော ဒိဗ္ဗသောတဉာဏ်၊

၅။ လူနတ်ပြဟ္မာအားလုံးတို့၏ စိတ်သဘောထားကို သိနိုင်သော တန်ခိုးအစွမ်း ဟူသော စေတောပရိယအဘိညာဉ် ဟူသော ၅-ပါးကို ထပ်ထည့်က ဝိဇ္ဇာ ၈-ပါး ဖြစ်သည်။

## တနည်းဝိဇ္ဇာ ၄-ပါး မှတ်ဖွယ်

**၁။ လောကီဝိဇ္ဇာ** လူတို့၏ အင်္ဂါရုပ်ကို ကြည့်၍ အကျိုးအပြစ်ဟော နိုင်သော အင်္ဂဝိဇ္ဇာ၊ အတိတ်နိမိတ် သိုက်တဘောင် တို့၏ ကျိုးပြစ်ကို သိသော နိမိတ္တဝိဇ္ဇာ၊ မိုးကြိုးကျ၊ဥက္ကာပျံ၊ ကြယ်ကြွေ စသည်အမျိုးမျိုးတို့၏ ကျိုးပြစ်ကို သိသော ဥပါတဝိဇ္ဇာ၊ အိပ်မက်ကျိုး ပြစ်ကိုသိသော သုပိနဝိဇ္ဇာ၊ တစ္ဆေ၊ မြေဘုတ်စသည်ရန် ငြိမ်းစေသော သိဝဝိဇ္ဇာ၊ မြွေ ခေါ် မြွေဆိပ်ချစေသော အဟိဝိဇ္ဇာ စသည်ဖြင့် သီလက္ခန္ဓ ဝဂ်၊ ဗြဟ္မဇာလသုတ်၊ မဟာသီလခန်းတွင် လာသော တိရစ္ဆာနဝိဇ္ဇာ အတတ်မျိုးတည်း။

**၂။ ဗြာဟ္မဏဝိဇ္ဇာ** ရှေးလောကီပညာရှင်များ စီစဉ်ထားခဲ့သော ဗေဒ ဝိဇ္ဇာပုဏ္ဏားတို့၏ ဗေဒင် ၃-ပုံ။

**၃။ ဠသိဝိဇ္ဇာ** သာသနာပ စျာန်အဘိညာဉ်ရ ရဟန်း ပုဏ္ဏား ရသေ့ ယောဂီတို့၏ ဣဒ္ဓိဝိဓစသော အဘိညာဉ်များတည်း။ (သာသနာတွင်း လောကီအဘိညာဉ်၅-ပါးနှင့် တူ၏။)

**၄။ ဗုဒ္ဓဝိဇ္ဇာ** ဘုရားသာသနာတွင်း ရအပ်သော အထက်ဖော်ပြပါ ဝိဇ္ဇာ ၈-ပါးတည်း။

**ဆယ့်ငါးစရဏ ထွန်းပဝင်းရှိန်** သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပ၊ ဝီရိယ၊ သုတ၊ပညာဟူသော သူတော်ကောင်း တရား ၇-ပါးနှင့် ပထမစျာန် စသောစျာန် ၄-ပါး၊ သီလသံဝရ၊ဣန္ဒြိယ သံဝရ၊ ဘောဇနေမတ္တညုတာ၊ ဇာဂရိယာနုယောဂ ဟူသော ၄-ပါး၊ ပေါင်း ၁၅-ပါးသော တရားတို့သည် သုဂတိဘဝနှင့် အမြိုက်နိဗ္ဗာန်သို့ ရောက်ဘိုရန် အကျင့်ဖြစ်၍ စရဏမည်သည်။

### စရဏ ၁၅-ပါးဆိုင်ရာ

ရတနာ ၃-ပါး ကုသိုလ် အကုသိုလ်ကံတို့၏ အကျိုးများနှင့် နောက် ဘဝရှိသည်ဟု ယုံကြည်မှုကား သဒ္ဓါ၊ ကုသိုလ်ဆိုင်ရာ အမှတ်ရမှုကား သတိ၊ အားထုတ်မှုကား ဝီရိယမည်သည်။ မကောင်းမှုဆိုင်ရာကို ရှက် မှုသည် ဟိရီ၊ ကြောက်လန့်မှုသည် ဩတ္တပ္ပမည်၏။ အကြားအမြင်များ မှုသည် သုတ၊ အနုရာဉ် တတ်သိလိမ္မာမှုကား ပညာတည်း။ (သူတော်

ကောင်း ဥစ္စာ ၇-ဖြာဟူရာ၌ သတိနှင့်ဝီရိယကိုနှုတ်၍စောင့်စည်းမှု သီလ၊ စွန့်ကြဲလှူဒါန်းမှု စာဂကို ထည့်ရမည်။) ဈာန် ၄-ပါးဟူသည် စတုတ္ထနည်းအရ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထဈာန်တို့တည်း။

**သီလသံဝရ** နေ့စဉ်ဆိုင်ရာ သီလများထိန်းသိမ်းမှု။

**ဣန္ဒြိယသံဝရ** တွေးမြင်ကြားသိဟူသမျှ၌ လောဘစသော ကိလေသာများမဝင်ရအောင် မျက်စိ၊ နား၊ နှာစသည် ဣန္ဒြေများကို စောင့်စည်းမှု။

**ဘောဇနေမတ္တညုတာ** စားသောက်ရာ၌ မိမိနှင့် သင့်မသင့်ကို နှိုင်းချိန် တိုင်းတာသိမှု။

**ဇာဂရိယာနုယောဂ** အအိပ်အနေ နည်းပါးမှု၊ (ဝိဇ္ဇာ ၄-မျိုးခွဲသလို မလောကီယစရဏ စသောအားဖြင့် စရဏ ၄-မျိုးလည်း ခွဲနိုင်သေးသည်။

**ဝိဇ္ဇာနှင့်စရဏ ခွဲမရ** ဝိဇ္ဇာဟူသော အသိဉာဏ် ရှိသော်လည်း အကျင့်စရဏမရှိက နိဗ္ဗာန် မရနိုင်သလို စရဏသာရှိ၍ ဝိဇ္ဇာမရှိလျှင်လည်း လမ်းမှန်မရောက်ဘဲ အလွဲကိုကျင့်နေသဖြင့် ခရီးမတွင်နိုင်။ ငှက်သည် မျက်စိ အတောင်ပံ ခြေတို့ဖြင့် သီးမျိုးစုံ တောအုပ်သို့သွား၍ နှုတ်သီးဖြင့် သစ်သီးကြီးငယ်များကို စားသောက် ရသည်ဖြစ်ရာ အတောင်စသည်သာရှိ၍ နှုတ်သီးမရှိက မစားနိုင်သလို နှုတ်သီးသာရှိ၍ အတောင်စသည် ချွတ်ယွင်းလျှင်လည်း သီးမျိုးစုံ တောအုပ်သို့ မရောက်ဘဲ လမ်းတွင်ပင် ပျက်စီးရမည်။

**ပုဂ္ဂိုလ်နှင့်ငှက် နှိုင်းနှောချက်** အတောင်စသည်သာရှိ၍ နှုတ်သီးမရှိသော ငှက်များနှင့် အကျင့်စရဏသာ ရှိကြသော ကောသလမင်း၊ မလ္လိကာဒေဝီ စသူများနှင့် တူကြသည်။ ၎င်းတို့မှာ ဘုရားကောဒကာ ကျောင်းဒကာများဖြစ်ကြသော်လည်း ဝိဇ္ဇာဉာဏ်ကင်းသဖြင့် ကျွတ်တမ်းမဝင်နိုင်ကြပေ။ နှုတ်သီးသာရှိ၍ အတောင်စသည် မရှိသော ငှက်များနှင့် အသိဉာဏ်ဝိဇ္ဇာသာ ရှိကြသော ရောပထနဂါးစသူများနှင့် တူကြသည်။ ၎င်းတို့မှာ သုတ်အဘိဓမ္မာ ကျမ်းဂန်သာတတ်၍ သီလစသော အကျင့်စရဏ ချို့တဲ့သဖြင့် သုဂတိနှင့်၎င်း၊ နိဗ္ဗာန်ချမ်းသာနှင့်

ဝင်း ဝေးကြတော့သည်။ အင်္ဂါစုံ ကျေးငှက်များနှင့် ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန်၊ ဝိသာခါ၊ အနာထပိဏ် စသူများနှင့်တူသည်။ ၎င်းတို့မှာ စရဏဖြင့် သုဂတိဘဝအဆင့်ဆင့်ရ၊ ဝိဇ္ဇာဖြင့် ဤဘုရားသာသနာနှင့် နောက်ဘုရား သာသနာတို့တွင် ကျွတ်တမ်းဝင်ပြီး ဝင်လတံ့တို့သာတည်း။

အင်္ဂါမစုံ၍ မပျံသွားနိုင်သောငှက်များမြေအပြင်တွင် မြေစာခွေးစာဖြစ်သကဲ့သို့ ဝိဇ္ဇာစရဏ ၂-ပါးစုံ ကင်းသူတို့ကား အပါယ်စာ တို့သာဖြစ်ကြရသည်။ စရဏမှာ သီလ၊ သမာဓိ ၂ ပါးဖြစ်၍ ဝိဇ္ဇာမှာ ပညာပင်ဖြစ်ရာ ရှင်တော်မြတ်ဘုရားမှာမူ အတုမရှိသော ဝိဇ္ဇာစရဏတို့နှင့် ပြည့်စုံတော်မူသည်။

**နတ်လောက၌ ထင်ရှားသောဂုဏ်** ဟေမဝတနှင့် သာတာဂီရိ နတ်ဘီလူး ၂-ဦး ကောင်းကင်တွင် ဆုံကြ ခိုက် သာတာဂီရိက ဘုရားဂုဏ်များကို တင်ပြရာ ဟေမဝတက "သင်ချီးကျူးသောဘုရားမှာ ဝိဇ္ဇာစရဏနှင့်ပြည့်စုံရဲ့လား" ဟု ဘုရားစစ် ပစစ်မေးခွန်း ထုတ်သည်။ ထို့ကြောင့် ဤဂုဏ်တော်ကို နတ်လောက၌ ထင်ရှားသောဂုဏ်ဟု ဆိုသင့်သည်။ (ယင်းနတ်ဘီလူး ၂-ဦးမှာ အတိတ်ဘဝက တိပိဋကဓရ ဝိနည်းဓိုရ်ပုဂ္ဂိုလ်များ ဖြစ်ခဲ့ကြသည်။ အပြစ်ရှိသော တပည့်ရဟန်းတော်တပါး၏ တောင်းပန်ချက်ကို လက်ခံ၍ တရားမှန် ဆုံးဖြတ်မပေးဘဲ ကာကွယ်ပေးမိသောကြောင့် အထက်တန်းစားနတ်သားမဖြစ်၊ နတ်ဘီလူးများ ဖြစ်ကြရသည်။)

## သုဂတဂုဏ်တော်ဆိုင်ရာ

**ဇမ္ဗူဒိပ်ကျွန်း လူ ၆-ခွန်းတွင်** ဇမ္ဗူဒိပ်ကျွန်း၌ ပြောဆိုသုံးစွဲကြသော စကား ၆-ခွန်းတွင်အပဝသိ(လကွယ်)သဖွယ်စကား။ ၄-ခွန်းကိုပယ်၍ ပုဏ္ဏမစန္ဒရ (လပြည့်)သဖွယ် ပြည့်ဖြိုးတင့်တယ်သော အမှတ် ၃-၆ စကား ၂-ခွန်းကိုသာ ဖြဟ္မာပင်း အသံတော် ကရဝိက်ငှက်မင်း၏ အသံတို့နှင့် တူစွာ ဘုရားရှင် မိန့်ကြားတော်မူသည်။

စကား ၆-ခွန်းမှာ—

၁။ **မှားသည်၊ အကျိုးမရှိ၊မုန်းဘွယ်စကား။** ။သီလရှိသူကို သီလမဲ့၊ အမျိုးကောင်းသားကို ဒွန်းစဏ္ဍား စသည်ဆိုခြင်းတည်း။

၂။ **မှန်သည်၊ အကျိုးမရှိ၊ မုန်းဘွယ်စကား။** ။သီလမဲ့ သူကို သီလမဲ့၊ ဒွန်းစဏ္ဍာန်းကို ဒွန်းစဏ္ဍား စသည် ဆိုခြင်းတည်း။ ဆိုးမလိုလျှင် သင့်၏။

၃။ **မှန်သည်၊ အကျိုးရှိသည်၊ မုန်းဘွယ် စကား။** ။ဒေဝဒတ်သည် အပါယ်စာဖြစ်သည်ဟု ဆုံးမလိုခြင်းတည်း။ (ဘုရားဟောတော်မူ၏။)

၄။ **မှားသည်၊ အကျိုးမရှိ၊ ချစ်ဘွယ်စကား။** ။ဗေဒင် လာတိုင်း သတ်၍ ယဇ်ပူဇော်လျှင် ဘဝကောင်းရသည် စသည်ဖြင့် ဆိုခြင်းတည်း။ လောကကို မိုက်စေသောစကားဖြစ်၏။

၅။ **မှန်သည်၊ အကျိုးမရှိ၊ ချစ်ဘွယ် စကား။** ။ကုန်းတိုက်သော စကားများတည်း။

၆။ **မှန်သည်၊ အကျိုးရှိသည်၊ချစ်ဘွယ်စကား။** ။ဒါနကထာ၊သီလကထာ စသည်တည်း။ ဘုရားဟော၏။

**အသံတော်ဂုဏ် ၈-ပါး** ဘုရားမြတ်စွာ စိန္တေွယျာသည် ဝေနေယျာ ခပင်း တို့တသင်းအား သန့်ရှင်း သာယာ သိသာ နာဘွယ် လူပေါယယ်မှ အပမထွက် လုံး နက် ပွဲတင် ဂုဏ် ၈-အင်ဖြင့် ကြင်နာသနား ဟောဖော်ကြားသည့် ကိုးစားရာအစစ် ဓမ္မရာဇ်ဘုန်းမော် ဖြစ်တော်မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရား။

ဤဂုဏ် ၈-ပါးရှိ ဘုရားအသံတော်ကား ဗြဟ္မာမင်း၏ အသံတော်နှင့် တူတော်မူ၍ ကျမ်းဂန်များ၌ ဗြဟ္မဿရ ဟု သုံးစွဲသည်။ ကရဝိက်ငှက်မင်း၏ အသံနှင့်လည်းတူသည်ဟု မိန့်ကြားတော်မူကြ၏။

**ပါရမီထူးစွာ အသန္ဓိမိတ္တာ** အသောက မင်းတရားကြီး၏ မိဖုရားခေါင် အသန္ဓိမိတ္တာဒေဝီသည် "ဘုရားအသံတော်သည် ကရဝိက်ငှက်မင်း၏ အသံနှင့် တူသည်" ဟူသော ရဟန္တာအရှင်မြတ်များစကားကိုကြား၍ မင်းကြီးအား ရွှေလှောင်ချိုင့်ဖြင့်ဖမ်းပေးရန်

ပူဆာသည်။ ဖမ်းမိ၍ အသံကိုကြားရသောအခါ "တိရစ္ဆာန်ဇာတ်ဖြစ်သော ငှက်၏အသံသော်မျှ သို့ကလောက် သာယာပြည့်စုံလျှင် ရွှေဘုန်းတော်သခင် ဘုရားရှင်၏ အသံတော်ဝယ် အဘယ်ဆိုဘွယ်ရာ ရှိတော့မည်နည်းဟု ဝမ်းသာပီတိစိတ္တုပ္ပါဒ်ဖြစ်၊ လက္ခဏာတင်၍ ဆင်ခြင်ရာ အမျိုးသမီး ၇၀၀-နှင့်တကွ သောတာပန်တည်ကြသည်။ ဤကား အသံတော်၏ ပြည့်စုံပုံကြည်ညိုစရာတည်း။

## (၁) လေ့ကျင့်ခန်းများ

၁။ ဘုရားဖြစ်ကြောင်း တရားများနှင့် ဘုရားရှင် ၃-မျိုး၏ ပါရမီဖြည့်ချိန်ကာလကိုပြ၍ ဘုရားတဆူ၏ ပါရမီကုသိုလ်တော်များကိုလည်း စကားစုံလင်နိုင်းယှဉ်ပြပါ။

၂။ ဗုဒ္ဓ၏ မတုပနိုင်သော ဂုဏ်ကျေးဇူးတော်များကိုပြ၍ ဂုဏ်တော်များကို ချုံးရေတွက်လျှင် မည်မျှရမည်နည်း။ ဣတိပိသော ပါဌ်ပါ ပိ-သဒ္ဒါကိုလည်း ရှင်းပြပါ။

၃။ ဝါသနာ၏အဓိပ္ပာယ်ကိုပြ၍ ရဟန္တာများနှင့် ဘုရားရှင် ကိလေသာကုန်ပုံထူး မထူး၊ လမင်း၏ ရန်သူနှင့် ဝိဇ္ဇာဉာဏ်၏ ရန်သူများကိုလည်း ဖော်ပြပါ။

၄။ မီးဖျက်ကမ္ဘာပျက်ပုံကိုပြ၍ သံသရာ ၁၀-ကန့်ကို ကန့်ပြပြီးလျှင် အရဟံနှင့် ဒက္ခိဏေယျထူးပုံကိုလည်း ပြပါ။

၅။ စကြာရတနာနှင့် ဘုရားပူဇော်ခံရချက်ခြားပုံကိုရေး၍ပဥ္စမနည်း အရဟံအဓိပ္ပာယ်နှင့် ဥဒ္ဒေယျခံတရား ၅-ပါးကိုလည်း ရှင်းပြပါ။

၆။ သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်မည့် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့၊ ညဦးပိုင်းမှ ဘုရားဖြစ်သည့်တိုင် ဖြစ်ရပ်များကို ပြ၍ သင်၏ စိတ်ဓာတ် ပြောင်းသွားအောင် သွေးဆောင် နိုင်သော "ကိလေသာ မာရ်ညစ်ကို" အစချီ စကားဆုံးအောင် ရေးသားပါ။

၇။ သဗ္ဗညုတ၊ အနာဝရဏ ဉာဏ်တော် ၂-ပါး ထူးခြားပုံပြ၍ ဗုဒ္ဓ၏ အားတော် ၁၀-တန် ဉာဏ်တော် ၁၀-ပါး ကိုလည်း သိသာရုံ ရေးပါ။

၈။ ဝိဇ္ဇာ ၈-ပါး၊ ၄-ပါးကို သရုပ်မျှပြ၍ အဘယ့်ကြောင့် စရဏ မည်သနည်း။ သူတော်ကောင်းတရား ၇-ပါးကိုလည်း ရေးသားပါ။

၉။ ဘုရားဒကာ ကောသလမင်း အဘယ့်ကြောင့် ကျွတ်တမ်း မဝင်ပါသနည်း။ နတ်လောက၌ ထင်ရှားသော ဗုဒ္ဓဂုဏ်ကို ပြ၍ တိပိဋကဓရ ဝိနည်းမိုရ် သာတာဂိရိနှင့် ဟေမဝတတို့ ဘီလူးဖြစ်ရကြောင်းကိုလည်း ရှင်းပြပါ။

၁၀။ ဇမ္ဗူဒိပ်ကျွန်း လူ၌ထွန်းသော စကား ၆-ခွန်းကို ပုံစံနှင့် တကွ ပြ၍ အသံတော် ၈-ပါးကိုဒင်း၊ အသန္ဓိမိတ္တာ မိဖုရားနှင့် အမျိုးသမီး ၇၀၀ အရိယာဖြစ်သွားပုံကိုဒင်း ပြပါ။

**တနည်း သုတဂ မည်ပုံ** အလောင်းတော်၏ နောက်ဆုံးဘဝ သိဒ္ဓတ္ထမင်းသား ပဋိသန္ဓေယူချိန်မှစ၍ ပရိနိဗ္ဗာန်စံယူတော်မူသည်အထိ လက်ထက်တော် တလျှောက်လုံး အလွန်ကောင်းမြတ် တင့်တယ်သော အလားအလာ ရှိတော်မူသောကြောင့်လည်း သုဂတမည်တော်မူသည်။ ကမ္ဘာကုဋေမျှားစွာ ဖြည့်ဆည်းပူးထားသော ပါရမီတော် ထုထယ်တို့၏ အတိုင်းမသိ များလှသောကြောင့် အလွန်ထူးခြား အံ့ဩဘွယ်ရာများသာ ဖြစ်ကြသည်။

**ပဋိသန္ဓေ ယူချိန် အံ့ဩဘွယ်** တုသိတာမှ မယ်တော်မာယာဝမ်းတိုက်၌ သတိပညာရှိလျက် မတွေဝေဘဲ သန္ဓေယူသည်။ သန္ဓေယူချိန်ဝယ် လူ နတ် ဗြဟ္မာတို့၏ အလယ်၌ နတ် ဗြဟ္မာတို့၏ အရောင်ကို သာလွန်သော အလင်းရောင်ကြီး ဖြစ်လာသည်။ အမြဲမှောင်နေသော လောကန္တရိက် ငရဲ အလင်းရောင် ရသည်။ စကြဝဠာ တသောင်း ပြင်းစွာ တုန်လှုပ်သည်။ လျှောင်လှုပ်သည်နှင့် တပြိုင်နက် နတ်ဗြဟ္မာတို့၏ အရောင်ကို သာလွန်သော ဒုတိယအလင်းရောင်ကြီး ဖြစ်လာပြန်သည်။

**အဖြစ်ထူးကြီး ၆-ကြိမ်** ပဋိသန္ဓေယူချိန်၌သာ ဤအံ့ဘွယ်များ ဖြစ်သည်မဟုတ်၊ ၁။ အလောင်းတော်သုမေဓာ ဘဝ ဗျာဒိတ်ရပြီး ပါရမီတော် ၁၀-ပါး ဘုရားဖြစ်ကြောင်း အလုပ်

တရားများကို ဆင်ခြင်ချိန်၊ ၂–ဖွားတော်မူချိန်၊ ၃–ဘုရားဖြစ်ချိန်၊ ၄–ဓမ္မစကြာ တရားဟောချိန်၊ ၅–ပရိနိဗ္ဗာန် စံဝင်ချိန်ဟု ဤ ၅-ချိန်တို့၌လည်း အံ့သြဘွယ်များ ဖြစ်ကြသည်။

**အံ့သြ ကြည်ညိုဘွယ် များစွာ** သန္ဓေ ယူချိန် ၁၀-လ လုံး နတ်သား ၄-ဦး စောင့်သည်။ ဖွားလျှင် နတ်ဗြဟ္မာများ အလောင်းမင်းသားကို ဦးစွာ ခံယူပြီး "ဘုန်း ကံ ကြီးမား အရှင်မင်းသား ဖွားပါပြီ" ဟု လျှောက်တင်သဖြင့် မယ်တော်မာယာ လွန်စွာ နှစ်သက်တော်မူရ၏။ သားတော်နှင့် မယ်တော်အား ကောင်းကင်မှ မင်္ဂလာရေစင် ရေပူ ရေအေး များလည်း သွန်းဖျန်း သန့်စင်ပေးကြသည်။ ဖွားသစ်စ ဘုရားလောင်းသည် ခြေတော်အစုံဖြင့် မြေပေါ် ဝယ်ရပ်တည်ပြီး မြောက်အရပ်သို့ ရှေးရှု ၇-ဖဝါး လှမ်းတော်မူလျက် အရပ်မျက်နှာတို့ကိုလည်း စောင်းလှည့် ကြည့်တော်မူကာ "လောကမှာ ငါ အမြတ်ဆုံး၊ ငါအကြီးဆုံး၊ ငါချီးမွမ်းစရာ အဖြစ်ဆုံးတည်း။ ဤ ဘဝသည် နောက်ဆုံးသာ ဖြစ်၏။ နောက်ထပ်ဖြစ်ဘို့ (ပဋိသန္ဓေယူဘို့) မရှိပြီ" ဟူ၍ ရဲရင့် ပြတ်သားစွာ မိန့်ကြားတော်မူပုံမှာ အလောင်းတော်မြတ်၏ ကြည်ညိုဘွယ်ရာ အလား အလာတို့တည်း။

**ဝီရိယပြည့်မို ပဥ္စဝဂ္ဂီ** အလောင်းတော် ဖွားပြီးလတ်သော် လက္ခဏာဖတ် ပုဏ္ဏားများက "ဤ မင်းသားသည် စကြာမင်းသော်ငင်း၊ ဘုရားသော်ငင်း ဖြစ်မည်" ဟု စကား ၂-ခွ လျှောက်တင်ကြ၏။ ကောဏ္ဍညပုဏ္ဏားငယ်ကမူ ခြေဖဝါးတော်တွင် မြင်ရသော စကြာမင်းရုပ်ကို မြင်သောကြောင့် "ဘုရားသာ ဖြစ်မည်" ဟု တချက်လွှတ် ဟောပြီးလျှင် အိမ်သို့ပြန်၊ အခြား ပုဏ္ဏားပျို ၄-ဦးကို ခေါ်၊ မိမိနှင့်တကွ ပဥ္စဝဂ္ဂီ (၅-ဦး တဖွဲ့) ပြုလျက် ကြိုတင်ရဟန်းပြု၊ အလောင်းတော်မင်းသားတောထွက် ရဟန်းပြုမည်ကို စောင့်ကြလေသည်။ ဤသို့လျှင် ယောကျ်ားမြတ်တို့၏ လက္ခဏာကြီးငယ် အသွယ်သွယ်တို့ဖြင့် တင့်တယ်သော အလားအလာရှိသောကြောင့်လည်း သုဂတ မည်သည်။

**မှတ်ချက်။** ။ဂုဏ်တော်ပုဒ်တိုင်းတွင် သိမှတ်ကြည်ညိုဘွယ်ရာ ဂုဏ်များစွာ ရှိပါသော်လည်း မှတ်သားနိုင်ရုံသာ တင်ပြသည်။

## လောကဝိဒူ ဂုဏ်တော်ဆိုင်ရာ

**ကမ္ဘာ့ သယံဇာ စကြဝဠာ ရေ မြေ** လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့ တည်နေရာ ကမ္ဘာ လောကကြီး ကား ထာဝရ ဘုရား စသူတို့ ဖန်ဆင်း၍ ဖြစ်လာသည် မဟုတ်။ အလို အလျောက် ဖြစ်ချိန်တန် ဖြစ်၍ ပျက်ချိန်တန် ပျက်သော သယံဇာတဖြစ် သည်။ စကြဝဠာတခုသည် ကမ္ဘာလောကဓာတ်တခု မည်၏။ စကြဝဠာ တခု၌ စကြာဝဠာတောင်၊ မြင်းမိုရ်တောင်၊ သီဘာ ၇-တန်၊ တောင်စဉ် ၇-ထပ်၊ ကျွန်းကြီး ၄-ရပ်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်နှင့် ဆိုင်ရာ သတ္တဝါ များရှိရာ ၎င်းတို့ကို လောကဝိဒူဂုဏ်တော်သခင် ဘုရားရှင်၏ မိန့်တော်မူ ချက်ဖြင့် သိရှိ ကြည်ညိုရသည်။

**သတ္တလောကကို သိတော်မူပုံ** ဝိညာဉ်နှင့် စပ်သော ခန္ဓာတို့၏ အပေါင်း အစဉ်ဖြစ်သော အပါယ်၊ လူ၊ နတ် အရပ် ရပ်သော ဗြဟ္မာ သတ္တဝါဟူသမျှသည် သတ္တလောက မည်သည်။ ထိုတွင် ခြတောင်ပို့တခု၌ ခြသတ္တဝါပေါင်း များစွာ၊ ပုရွက်တွင်း တခု၌ ပုရွက် သတ္တဝါပေါင်းများစွာ စသည်ဖြင့် တိရစ္ဆာန်စသော အပါယ်သားများ စွာ လူ နတ် ဗြဟ္မာ များစွာရှိသည်ကို သိသည်မှာ ဆန်းကြယ်သည် မဟုတ် ပါ။ ထို့ထက် လွန်၍ ဤသတ္တဝါသည် မည်သည့်စရိုက်လွန်ကဲ၍ မည်သည့် အနုသယများ ထက်သန်နေသည်၊ သဒ္ဓါစသော ဣန္ဒြေတို့တွင် မည်သူက ထက်၍ မည်သူက ညံ့နေသည် စသည်ဖြင့် အတွေးအဆ မဟုတ်ဘဲ သတ္တ ဝါမှန်သမျှနှင့် စပ်၍ တပ်တပ်ထင်ထင် သိမြင်တော်မူသည်။

**ဩကာသလောက သိပုံ** ဝိညာဉ်နှင့်မစပ်သော ဥတုဇရုပ်တို့၏ အပေါင်း အစဉ်ဖြစ်သော တော တောင် ရေမြေ သစ်ပင် ဥယျာဉ် ဗိမာန် စသည် အပါအဝင် ကာမ ရူပ အရူပ ၃၁-ဘုံသည် ဩကာသ လောကမည်သည်။ စကြဝဠာတခုဟူသော ဩကာသ လော က ကမ္ဘာတခု၌ မြေထုယူဇနာ ၂-သိန်း ၄-သောင်း ရှိသည်။ အထက် တဝက်၌ ပကတိမြေသားဖြစ်၍ ရေကြီးရှစ်ထပ် ရေငယ်များစွာ တည်နေ သည်။ အောက်တဝက်ကား ကျောက်သား မြေတည်း။ ထိုမြေပြင်ကြီး ကို ၄-သိန်း ၈-သောင်း ရေပြင်ထုက ခံထား၍ ယင်းကို ၉-သိန်း ၆-သောင်း ယူဇနာရှိ လေထုက ခံထားသည်။ ယင်းအောက်၌ကား ဟာလင်းနေသော အောက်ကောင်းကင်သာတည်း။

ထိုမြေကြီး၏ အဝန်းယူဇနာမှာ ၃-သန်း ၆-သိန်း ၁-သောင်း ၄-ထောင် ငါးဆယ်အဝန်းတည်း ဟူသည်နှင့်အညီ ၃၆၁၄၀၅၀ ရှိသည်။ ကမ္ဘာမြေဝန်းကို ကျောက်တောင် စကြဝဠာတံတိုင်း ကာထားသည်။ ထိုတံတိုင်းအတွင်း၌ကား သမုဒ္ဒရာရေပြင်ကြီးသာတည်း။ တသန်း ၂-သိန်း ၃-ထောင် ၄-ရာ့ ငါးဆယ် (အချင်းယူဇနာ)၃-သန်း ၆-သိန်း တသောင်း သုံးရာ့ ငါးဆယ်(အဝန်းယူဇနာ) ဟုလည်း မိန့်၏။

**မြင်းမိုရ်တောင်စသည်** ရေပြင်အလယ်၌ မြင်းမိုရ်တောင်သည် ရေတွင်း၌ ၈-သောင်း ၄-ထောင် မြုပ်၍ ရေပေါ်၌ ၈-သောင်း ၄-ထောင် မြင့်သည်။ ယင်းမြင်းမိုရ်တောင်၏ပတ်ဝန်းကျင်၌ သီဒါခေါ် မြစ်တခုခြား၍ မြင်းမိုရ်တောင်အောက် တဝက်နိမ့်သော ယုဂန္ဓိုရ်တောင်(၄-သောင်း ၂-ထောင်မြင့်)ရှိသည်။ဤအတိုင်း သီဒါမြစ်တခုတခု ခြားခြားပြီး တောင်စဉ် ၇-ထပ် မြင်းမိုရ်တောင်ကို ရံပတ်သည်။ မြင်းမိုရ်သီဒါတောင်စဉ်တို့၏ ၄-မျက်နှာတွင် ရေလယ်၌ ကျွန်းကြီး ၄-ကျွန်းသည် ကျွန်းငယ် ၂၀၀၀-ခြံရံလျက် အရှေ့ကျွန်း၊ အနောက်ကျွန်း စသောအမည်ဖြင့် လူနေကျွန်းများ တည်ရှိ၏။ လူတို့နေရာကား အနည်းငယ်သာ ရှိပုံကို သတိပြုသင့်သည်။

**နတ်ပြည် ဗြဟ္မာပြည်များ** ယုဂန္ဓိုရ်တောင်နှင့်ညီမျှသော အရပ်ဝယ် စတုမဟာရာဇ် နတ်ပြည်သည် စကြဝဠာတံတိုင်းအထိ အနှံ့တည်၍ မြေနေ၊ သစ်ပင်နေ၊ ကောင်းကင်နေဟု နတ် ၃-မျိုး၊ ၃-စားရှိသည်။ (ဘုမ္မဋ္ဌ၊ ရုက္ခဋ္ဌ၊ အာကာသဋ္ဌ နတ် ၃-မျိုးတည်း) တာဝတိံသာ နတ်ပြည်ကား ယူဇနာ တသောင်း ကျယ်သော မြင်းမိုရ်တောင်ထိပ်ဝယ်တည်၍ နတ် ၃-မျိုးတို့သည် စကြဝဠာ တံတိုင်းထိပြန့်သည်။ ဤနတ် ၂-ပြည်သာ မြေနှင့်စပ်၍ ယာမာစသော အထက်နတ်ပြည်များကား(စတုမဟာရာဇ် တာဝတိံသာနှင့်အတူ ယူဇနာ ၄-သောင်း ၂-ထောင်စီ ကွာဝေးလျက်)ကောင်းကင်၌သာ တည်ကြသည်။

အထက်ဆုံး ပရနိမ္မိတဝသဝတ္တီ နတ်ပြည်အထက် ယူဇနာ ၅-သန်း ၅-သိန်း ၈-ထောင်စီ ကွာသောအရပ်၌ ပထမဈာန် ၃-ဘုံ ဗြဟ္မာ့ပြည်စသည်ဖြင့် နေဝသညာနာသညာယတနဘုံ အထိ တည်၍ ယင်းအထက်၌ကား ဟာလင်းနေသော အထက်ကောင်းကင်သာတည်း။ ဤသို့ အပါယ်နှင့် လူနတ်ဗြဟ္မာ မြင်းမိုရ် စကြဝဠာတံတိုင်းစသည် အစုံပါသော

ကမ္ဘာလောက စကြဝဠာမျိုးအရေအတွက်သည် ဖီလာအရပ် ၈-မျက်နှာအားဖြင့် ပရေမတွက်နိုင်အောင် များသည်ဟု ရောဟိတဿ နတ်သားအား ဘုရားဟောတော်မူသည်။ (သဂါထာဝဂ္ဂ ရောဟိတဿသုတ်)

## လောကဓာတ် ၃-မျိုး

**စူဠနီလောကဓာတ်** ဆိုခဲ့ပြီးသော စကြဝဠာတံတိုင်း လနေ နက္ခတ် ၃၁-ဘုံအကုန်ပါသော စကြဝဠာ ၁၀၀၀-သည် စူဠနီလောကဓာတ်မည်သည်။ ဤစကားအရ စကြဝဠာတခု၌ သတ္တဝါအစုံပါသဖြင့် သတ္တဝါအနန္တဖြစ်ပုံထင်ရှားသည်။ အောက်ပြလတ့ံ လောကဓာတ်များအရ ကြည့်လျှင် ဘုရားတဆူတဆူ၌ သတ္တဝါ များစွာကျွတ်ကြ၊ ဘုရားအဆူပေါင်းကလည်း ဂင်္ဂါသဲလုံးအမျှ ဖြစ်ပါလျက် သတ္တဝါတွေ မကုန်နိုင်ပုံ ယုံမှားကင်းထိုက်တော့သည်။

**ဒွိသဟဿီလောကဓာတ်** လောကဓာက် ၁၀၀၀-ကို တထောင်နှင့် မြှောက်သည်ရှိသော် ရအပ်သော စကြဝဠာတသိန်းသည် ဒွိသဟဿီ လောကဓာတ်မည်၏။ တထောင် ၂-ခုမြှောက်ထားသည်ဟူလို။ မဇ္ဈိမလောကဓာတ်ဟုလည်း မိန့်၏။

**တိသဟဿီ မဟာသဟဿီ** လောကဓာတ် တသိန်းကို တသိန်းဖြင့် မြှောက်သည်ရှိသော် ရလဒ် စကြဝဠာကုဋေတသိန်းသည် တိသဟဿီ မဟာသဟဿီ လောကဓာတ် မည်၏။ 'ချစ်သား အာနန္ဒာ၊ ငါဘုရား အလိုရှိလျှင် ထိုမျှလောက်သော လောကဓာတ်တို့ကို အသံဖြင့် သိစေနိုင်သည်''ဟု ဟောတော်မူရာ ထိုကိုရည်၍ ''မကြွင်းအရပ်ရပ် လောကဓာတ်ကို အပြီးသတ်အောင် သိတော်မူတတ်သော လောကဝိဒူမြတ်စွာဘုရား''ဟု ရှိခိုးပူဇော်ခဲ့သည်။

**သင်္ခါရလောကကို သိတော်မူပုံ** တလောကလုံးရှိ လူနတ်ဗြဟ္မာပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး ယောကျ်ားမိန်းမဟူသမျှတို့သည် အမှန်အားဖြင့် ရုပ်နာမ် ၂-ပါး ပေါင်းစပ်ထားမှုသာ ဖြစ်သည်။ ရုပ်နာမ်ချုပ်လျှင် ပုဂ္ဂိုလ်သတ္တဝါ မရှိတော့ပြီ။ ခန္ဓာကိုယ်၌ မြေ ရေ လေ မီး ဓာတ်ကြီး ၄-ပါး အမာခံထား၍ အမွှမ်းတင်ရုပ်များ ပေါင်းစုံ ခြယ်လှယ်ထားကြသည်။ ရုပ်ကလာပ်တခုတခုသည် အလွန်သေး

ငယ်လှ၍ ပကတိမျက်စိဖြင့်ကြည့်မရပေ။ လောကခေတ် ပညာရှင်များ မြင်ရသော ရုပ်မှာလည်း ရုပ်ကလာပ်ပေါင်းများစွာစုထားသည်ကိုသာ မြင်ရသည်။ ဘုရားရှင်ကား အလွန်သေးငယ်သော ရုပ်ကလာပ်ကလေး များကို ဖြစ်ပေါ်ပုံအကြောင်းနှင့်တကွ သဘောလက္ခဏာ အဖြာဖြာ တို့ ကိုပါ သိမြင်တော်မူသည်။

**နေမင်းပမာ စောမြတ်စွာ** ရုပ်စုံများစွာရှိသော ခန္ဓာကိုယ်ဝယ် စိတ် စေတသိက် ဟူသော နာမ်တရားရှိပုံ၊ ထို နာမ်တရားဖြင့် အဆင်းအသံစသည် သိဖွယ်ရာများကို သိပုံ၊ ကုသိုလ် အကု သိုလ် အဗျာကတဖြစ်ပုံ၊ ရုပ်နာမ်ခန္ဓာစက်ကို အရဟတ္တမဂ်ဖြင့်ဖြတ်၍ ရုပ် နာမ်ခန္ဓာပြတ်ငြိမ်းသွားပုံ အလုံးစုံတို့ကိုလည်း ဘုရားရှင် ကိုယ်တော်တိုင် သင်္ခါရလောကကို သိ၍ သတ္တဝါများကိုလည်း တဆင့် သိစေတော်မူရာ ဘုရားတည်းဟူသော နေမင်းကြီးသာ ထွက်ပေါ်မလာလျှင် ထိုထိုလောက သဘာဝတရားတို့၏ ဖြစ်ပုံ ပျက်ပုံ အလုံးစုံကို သိဘို့အသာထား၊ နာမည်မျှ သော်မှ ကြားရမည်မဟုတ်။ လောကဝိဒူ ဂုဏ်တော်သခင် ဘုရားရှင် ကျေး ဇူးတော်ကြောင့် သိသင့်သမျှ ငါတို့ သိရသည်ဟု အားပါးတရ ကြည်ညို ပူဇော်သင့်ကြသည်။

## အနုတ္တရော ပုရိသဒမ္မသာရထိ ဆိုင်ရာ

**ဘဝဂ်ဘုံဆုံး ပြိုင်နှုန်းမရ** ၃၁-ဘုံတွင် အမြင့်ဆုံး နေဝသညာ နာသညာ- ယတနဘုံကို ဘဝဂ်ဘုံ ခေါ်ကြောင်း ပြခဲ့ပြီ။ ထိုဘဝဂ်ဘုံတိုင်အောင် သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိ၊ ဝိမုတ္တိဉာဏဒဿန ဂုဏ်တော်တို့ကြောင့် သတ္တဝါများကို ယဉ်ကျေးအောင် ဆုံးမရာ၌ တုပြိုင် မရ အသဒိသပုဂ္ဂိုလ်ဖြစ်တော်မူ၍ အနုတ္တရမည်သည်။

**ယောကျ်ား ၃-မျိုး လူဆိုး ယဉ်ကျေး** နာဠာဂိရိ ဆင်၊ နန္ဒောပနန္ဒ နဂါးစသည့် ဆုံးမခက်သော တိရစ္ဆာန် ယောကျ်ား၊ အင်္ဂုလိမာလ ခိုးသူကြီး၊ သစ္စကပရိဗိုဇ် စသော လူယောကျ်ား၊ အာဠဝကဘီလူး၊ မာရ်နတ်မင်း၊ ဗကဗြဟ္မာ စသော နတ်ယောကျ်ားများသည် ဆိုဆုံးမခက်သော (ပုရိသဒမ္မ) ပုဂ္ဂိုလ် များ တည်း။ ယင်းယောကျ်ား ၃-မျိုး လူဆိုးများကို တရားမြိုက်ဆေး တိုက်ကာကျွေး၍ ယဉ်ကျေးစေတော်မူတတ် သောကြောင့် ပုရိသဒမ္မ

သာရထိ မည်တော်မူသည်။ (သံသရာ၌ နစ်နေကြသူ ကျွားမကြမ်း နှံ့ မရွေး ယဉ်ကျေးအောင် ဆုံးမတော်မူနိုင်သော်လည်း ပဓာနအားဖြင့် ယောကျ်ား ၃-မျိုးကိုသာ ဆိုထားသည်။)

ဤနေရာ၌ အောက်ပါ အောင်ခြင်း ၈-ပါးကို ရွတ်ဆို ပူဇော်လျက် ဆုံးမ၍ အောင်ပုံ အခြင်းအရာများကို ဆင်ခြင်ကာ ဤ ဂုဏ်တော်ဆိုင်ရာကို ကြည်ညိုကြသင့်သည်။

**အောင်ခြင်း ၈-ပါး အာသီသပတ္ထနာဂါထာ (ပါဠိအနက်)**

မာရံ ယက္ခံ ဂဇံ စောရံ၊ စိဉ္စမာဏဉ္စ သစ္စကံ။
နာဂံ ဗကံ ဇိနော ဇိနိ၊ ဟောတု မေ ဇယမင်္ဂလံ။

ဇိနော၊ အောင်သူတကာတို့တွင် အထွဋ်ဖြစ်ရှိ တမွတ်ဥသျှောင် ဘုန်းခေါင် ဘုန်းဖျား ရှင်တော်မြတ်ဘုရားသည်။

(၁) မာရဉ္စ၊ ဂိရိမေခလာ ဆင်မဟာကို လျှင်စွာတက်စီး ပလ္လင် နီးဝယ် လေကြီး မိုးကြီး ပျာပူမီးနှင့် မှောင်ကြီးတတန် ဓားလှံ မကြွင်း ပစ်ကာ ခွင်းလျက် အချင်းသိဒ္ဓတ် ပလ္လင်မြတ်မှ မတ်ရပ်ခြေကြွ အမြန် ထလော့ စိမ်းမြညိုလွှင် ဗောဓိပင်နှင့် ပလ္လင်တော်ကား ထင်အရှားပင် သင်ကားမဆိုင် ငါသာပိုင်ဟု စွဲကိုင်လက်နက် ရဲစစ်မက်ဖြင့် အောက် ထက်ဝန်းရံ သောသောညံအောင် အသံဟစ်ကြွေး မယဉ်ကျေးသည့် ရန်ဘေးတသင်း မာရ်နတ်မင်းကိုလည်း။ အဇိနိ၊ အောင်တော်မူခဲ့ပါ သည် ဘုရား။

(၂) ယက္ခဉ္စ၊ ဓားမိုး လှံမိုး မီးကျီးမိုးကို ရွာဖြိုးသွန်ချ ယမ်းမီးကျ သို့ ဒေါသ ပြင်းထန် ငါ့ဗိမာန်မှ အမြန်ထွက်သွား နှင်ရက် အားသည့် တရားကင်းကွာ ကြမ်းကြုတ်စွာသား အာဠဝက တေဇထန်ပြင်း ဘီလူး မင်းကိုလည်း။ အဇိနိ၊ အောင်တော်မူခဲ့ပါသည်ဘုရား။

(၃) ဂဇဉ္စ၊ အစွယ်ထက်ချွန် အရက်မွန်လျက် အလွန်ဆိုးညစ် အမုန် ယစ်၍ ရှင်ချစ်သနင်း သုံးယှူမင်းကို အတင်းအကြပ် ဝိညာဉ်ပြတ်အောင် သတ်ဖြတ်ဘို့ရာ ရှေးရှုလာသည့် နာဠာဂီရိ တောင်ရှိနီးနီး ဆင်ပြောင် ကြီးကိုလည်း။ အဇိနိ၊ အောင်တော်မူခဲ့ပါသည်ဘုရား။

(၄) စောရဋ္ဌ၊ တဟုန်တည်းဖြင့် ခရီးဝေးကွာ သုံးယူဇနာကို လျင်စွာ ပြေးစွမ်း တောမြိုင်တန်းက လူဖမ်းလက်ဖြတ် သေအောင်သတ်၍ နန်းရပ်ကကျော် မွေးမယ်တော်ကို မြင်သော်စိုက်စိုက် ဓားဖြင့်လိုက်၍ မကိုင်မှုထွင့်တင် ဘုရားရှင်ကို အသင်ရှောင်ဝေး အဘယ့်ကြောင့်ပြေးဟု ဓားရေးပြကာ သတ်မည်လာသား လွန်စွာ ဆိုးဘိ အင်္ဂုလိမာ သူခိုးကျော်ကိုလည်း။ အဇိနိ၊ အောင်တော်မူခဲ့ပါသည်ဘုရား။

(၅) စိဉ္စမာဏဝိ၊ အလွန်ကောက်ကျစ် တိတ္ထိညစ်တို့ အပြစ်ရှာကြံ မကောင်းဉာဏ်ဖြင့် စီမံဆိုးဖြတ် စေလွှတ်လတ်၍ ပရိသတ်ထဲ အရှက်ကွဲအောင် စွပ်စွဲတတ်စွာ့ စိဉ္စမာဏဟု သညာဖော်ထုတ် မိန်းမယုတ်ကိုလည်း။ အဇိနိ၊ အောင်တော်မူခဲ့ပါသည်ဘုရား။

(၆) သစ္စကဋ္ဌ၊ မစင်မဖြူ မိစ္ဆာယူဖြင့် မည်သူ့ကိုမျှ မာန်မချဘဲ ဝါဒချင်းပြိုင် သူကပိုင်အောင် အနိုင်လွမ်းမိုး အယူဆိုးသည့် တိတ္ထိမျိုးမိုက် သစ္စကပရိဗိုဇ်ကိုလည်း။ အဇိနိ၊ အောင်တော်မူခဲ့ပါသည်ဘုရား။

(၇) နာဂဋ္ဌ၊ ဒေါသလွှမ်းမိုး မျက်စောင်းထိုးက အရိုးကြေမွဖွဲ့ပြာကျအောင် တေဇထန်ပြင်း နန္ဒောပနန္ဒနဂါးမင်းကိုလည်း။ အဇိနိ၊ အောင်တော်မူခဲ့ပါသည်ဘုရား။

(၈) ဗကဋ္ဌ၊ ဉာဏ်မြင်ကင်းကွာ အတ္တသာဟု မိစ္ဆာလွှမ်းမိုး အလွန်ဆိုးသည့် တန်ခိုးအရောင် ထိန်ပြောင်ညီးညီး ဗကဗြဟ္မာကြီး ကိုလည်း။ အဇိနိ၊ အောင်တော်မူခဲ့ပါသည်ဘုရား။ အဇိနိ၊ ဒိဋ္ဌိကိုချ ဒေါသကိုပယ် မာန်စွယ်ကိုချိုး သဒ္ဓါဖြိုးလျက် ရှိခိုးဘုပ်ကွ ပြားပြားကျအောင် ဆုံးမသွန်သင် အောင်ပွဲတော် ယဉ်ခဲ့ပါသည်ဘုရား။

တေန သစ္စဝဇ္ဇေန၊ ဤသို့ထုတ်ပြန် ဟုတ်မှန်သောစကားကြောင့်။ ဝါ-ဘုရားရှင်၏ မျှားဖျင်ဘုန်းဟုန် ကျေးဇူးဂုဏ်ကို ယုံကြည်မယွင်း နှလုံးသွင်းဖြင့် အောင်ခြင်း ၈-ချက် ဂုဏ်တော်နက်ကို နှုတ်မြွက်ဖော်ကြား ဤသို့သောသစ္စာစကားကြောင့်။ မေ၊ ဉာတကာပင်းမကြွင်းဥဿုံ လုံးစုံမျှားစွာ သတ္တဝါနှင့် ခန္ဓာဂါးဝ အနတ္တကို အတ္တမှည့်ခေါ် တပည့်တော်အား။ ဇယမင်္ဂလံ၊ အောင်ခြင်း ပင်္လာသည်။ ဝါ-နှစ်ဖြာတွင်းပြင် ဘေးရန်စင်လျက် လိုအင်ဆန္ဒ ဟူသမျှလည်း ပြည့်ဝလျင်စွာ စန်းသော်တာသို့

အောင်ရာအောင်မှု အောင်ကြောင်းပြုသည့် အောင်မှုဖြာဖြာ အောင်ခြင်း ဆိုသည့် မင်္ဂလာသည်။ ဟောတုံ မလွဲမသွေ ဖြစ်ရပါစေသား မြတ်စွာ ဘုရား—မြတ်စွာဘုရား။

## မာရ်နတ်ကို အောင်တော်မူပုံ

**အလောင်းဘုရား နတ်ဟု မှား၍** အချိန်မှာ အလောင်းဘုရား ၃၅-နှစ်ပြည့်မြောက် သောနေ့၊ မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့။ နေမင်းသည် အနောက်ကျွန်းသို့ ယွန်းနေချိန်(နေဝင်လုချိန်)ဖြစ်သည်။ ထိုနေ့နံနက် သေနာနိဂုံးသူ သူဌေး ကတော် သုဇာတာ၏ နို့ဆွမ်းကို ဘုရားအလောင်းသည် နေရဉ္စရာ မြစ် ဆိပ် ညောင်ပင်အောက်၌ ရွှေခွက်ပါ ခံယူပြီး ၄၉-လုပ် ဘုဉ်းပေးတော် မူ၏။

သုဇာတာလှူသောဆွမ်းကား ဘုရားလောင်းဟု သိ၍မဟုတ်။ အမျိုး တူ သူဌေးသားနှင့်ညား၍ သားဦးဖွားအောင် စောင်မလျှင် အရှင်နတ် မင်းအား နှစ်စဉ်ပူဇော်ပါမည်ဟု ကတိရှိခဲ့သည့် အားလျော်စွာ တောင့် တတိုင်းအကျိုးရ၍ အလောင်းဘုရားအား ညောင်ပင်စောင့်နတ် ထင်ပြီး နို့ဆွမ်းကို ရွှေခွက်ပါ လှူဒါန်းသည်။

**ရွှေခွက် မြစ်ညာဆန်တက်ပါရန် ဘုန်းဓိဋ္ဌာန်** ဆွမ်းဘုဉ်းပေးပြီး အလောင်းဘုရား သည် ရွှေခွက်ကို မြစ်တွင်းသို့ မျှော လိုက်သည်။ "ယနေ့ ဘုရားဖြစ်လျှင် မြစ်ညာသို့ ဆန်တက်ပါစေ"ဟုလည်း ဓိဋ္ဌာန်တော်မူ၏။ ဓိဋ္ဌာန်တိုင်းပင် ရွှေခွက်သည် ရေညာဆန်၍ ကာဠနဂါးမင်းဗိမာန်ထက် ရောက်သော် နစ်မြုပ်သွားသည်။ ဗိမာန်တွင်းသို့ သက်၍ ရှေးဘုရားရှင်များ ရွှေခွက် အောက်၌ တည်လေ၏။

တနေ့လုံး မြစ်ကမ်းအနီး အင်ကြင်းဥယျာဉ်တော်တွင် သီတင်းသုံးပြီး ညနေချိန် ဗောဓိမဏ္ဍိုင်သို့ ကြွတော်မူသည်။ လမ်း၌ မြက်ရိတ် ပုဏ္ဏားလှူ သော မြက် ၈-ဆုပ်ကိုအလှူခံခဲ့ပြီး ဗောဓိညောင်ပင်အောက် ရောက်သော် မြက်များကိုဖြန့်ခင်းရာ ၁၄-တောင်ကျယ်ပြန့်သော ပလ္လင်တော် ပေါ် လာသည်။ ၎င်းဝယ် တင်ပလ္လင်ခွေနေတော်မူကာ "ဘုရားမဖြစ်သမျှ ငါမထတော့"ဟုလည်း အဓိဋ္ဌာန်တော်မူ၏။

**ဗြဟ္မာ နတ်များ ဝပ်တွား ပူဇော်** ညနေဆည်းဆာချိန် အလောင်းဘုရား တရား နှလုံး သွင်းနေရာဝယ် သိကြားမင်းက ဝိဇယုဿ ခရုသင်း မှုတ်၍ အောင်သံပေးနေသလို ပဥ္စသိခနတ်သားက လည်း ဗေလုဝနတ်စောင်းဖြင့် ခညောင်းသာယာ တီးမှုတ်ပူဇော်သည်။ သုယာမသန္တုဿိတ နတ်မင်းများက ယပ်လေခတ်၊ သဟမ္ပတိ ဗြဟ္မာမင်းက ထီးဖြူတော်ဆောင်းမိုး၊ ကာဠနဂါးမင်း၏ ရံရွေတော် နဂါးမပျို များက ဘုန်းတော်ဘွဲ့များ ကျူးရင့်သီဆိုနေကြသည်မှာ ထိုအခါ ရောက် လာသော မာရ်နတ်မင်းအတွက် မျက်စိစပါးမွေးစူးလှတော့သည်။

**မာရ်နတ်၏ တပ်မတော် ချီတက် လာလည်း** နတ်ဗြဟ္မာများစွာတို့ ပန်းနှံ့သာ တူရိယာ အဖုံဖုံ ပူဇော်နေကြပုံကို မာရ်နတ်သည် မြင် မြင်ချင်း သည်းမခံနိုင်တော့ဘဲ နတ်ပြည်တက် ၍ သူ၏စစ်သည်တပ်သားများကို စုရုံးသည်။ သူကိုယ်တိုင်လည်း လက် နက်မျိုးစုံ စွဲကိုင်သောလက်ရုံးတထောင် ဖန်ဆင်းပြီး ဂီရိမေခလာဆင်ကြီး စီးကာ ဗောဓိမဏ္ဍိုင်သို့ တပ်မဟာနှင့်တကွ ချီတက်လာကြသည်။ ဗောဓိ ပင်နားသို့ကား မကပ်နိုင်ကြ။ အဝေးကသာ လက်နက်မျိုးစုံဖြင့် တိုက် ခိုက်သည်။ မကြားဝံ့မနာသာလည်း ဆဲဆိုအမိန့်ပေးခဲ့သည်။ ထိုအချိန် သိကြား နတ်ဗြဟ္မာ ပရိသတ်များ မရှိကြတော့။ အဝေးကပင် အောင် ပွဲကို ကြည့်နေကြသည်။

**သီလာပံသု မြေအထုကို ညွှန်းပြုသက်သေ ဆိုမိန့်လေသော်** တပါးတည်းသာ ကျန်ရစ်သော အလောင်းတော်သည်ကြောက်စိတ် မဖြစ်သည်သာမက ရန်သူ မာရ်နတ် အပေါ် မေတ္တာမပျက် သနားလှုက်သာနေသည်။ ရင်ခွင်ထက်ဝယ် သားငယ်က မိခင်၏ ဆံပင်ကိုဆွဲ မျက်နှာကိုကုတ်သော်လည်း ချစ်မေတ္တာ မယုတ်သကဲ့သို့တည်း။ အလောင်းတော်သည် မာရ်နတ်အား နှစ်သက် ဖွယ်သောစကားကိုလည်း ပြောဆို၏။ ပြီးလျှင် "ဤပလ္လင်နေရာအတွက် တခြားအချိန်တွေဖယ်ထား၊ နောက်ဆုံး ဝေဿန္တရာဘဝ မဒ္ဒီမိဖုရားကြီးကို လှူချိန်ကပင် ငါ၏လုပ်ရပ်များကို ဤမြေကြီးကအသိအမှတ်ပြုခဲ့ဘူးသည်" ဟု မိန့်တော်မူလျက် မြေကို သုံးသပ်တော်မူရာ မြေသည် ယန္တယား စက်ခလုတ် ဖြုတ်လိုက်သည့်အလား ပြင်းစွာ လှုပ်ပြသည်။ တောသံ တောင်သံတို့လည်း ဆူညံပြီး ကောင်းကင်တခုလုံး ရိုက်ချုန်း ထစ်ကြိုး တော့သည်။

မာရ်နတ်သည် အကြောက်ကြီးကြောက်ကာ ဆင်ကြီးကိုမှ သတိမရတော့ဘဲ လက်ရုံးတထောင်ကိုဖျက်၊ တပ်ပျက်နေကြသော သူ၏ ပရိသတ်များနှင့်တကွ နတ်ပြည်တက်ပြေးတော့သည်။ သိကြား ဗြဟ္မာ နတ်များစွာတို့၏ အောင်ဩဘာသံတို့ကား ဟိန်းဟိန်းညံလျက်သာတည်း။

**သရဲစီး၍ ဇွဲကြီးသော မာရ်နတ်** အလောင်းဘုရား ၂၉-နှစ် အရွယ် သက္ကရာဇ် ၉၇-ခု၊ ဝါဆိုလပြည့်၊ တနင်းလာနေ့ညနေ သန်းခေါင်ယံအချိန် တောထွက်တော်မူစဉ်ကလည်း "အရှင်မင်းသား၊ တောထွက်ဖို့မလိုပါ၊ မကြာခင် ၇-ရက်မြောက်၌ စကြာရတနာ ဆိုက်ရောက်၍လာပါလိမ့်မည်"ဟု ဖြားယောင်း တားဆီးခဲ့သေးသည်။ မအောင်မြင်ခဲ့ပါ။ ယခု တပ်မဟာနှင့်တကွ လာသော်လည်း ရှုံးပြန်ပါသည်။ သို့ဖြင့် အလောင်းဘုရားသည် နေမဝင်မီ ဒေဝပုတ္တမာရ် (မာရ်နတ်သား)ကို အောင်တော်မူ၏။

ဘုရားဖြစ်ပြီးနောက်လည်း ပရိနိဗ္ဗာန်စံယူတော်မူသို့ အကြိမ်များစွာ လျှောက်ထားသည်။ ဤမျှ သရဲစီး၍ ဇွဲကြီးသော ရန်သူမာရ်နတ်ကိုလည်း ဘုရားရှင်သည် ကြင်နာသနား မေတ္တာတော်ထားလျက် ဆုံးမတော်မူရာ နောင်တွင် တဖြည်းဖြည်း နူးညံ့လျက် ပါရမီရှင်တဦး ဖြစ်လာရမည် သာတည်း။

မာရာရိဗလဝိဿဋ္ဌာ၊ ကုဥ္စာ နာနာ ဝိခါဝုဓာ။
လဇ္ဇမာနညဝေသေန၊ ဇိန ပါဒါနတာ တဝ။

ဇိန၊ ငါးမာရ်အောင်မြင် အရှင်မြတ်ဘုရား။ မာရာရိဗလဝိဿဋ္ဌာ၊ မာရ်မင်းဟူသော ရန်သူသည် မိမိအားစွမ်းဖြင့် စွန့်လွှတ် ပစ်ခတ်အပ်ကုန်သော။ နာနာဝိခါ၊ အထူးထူး အပြားပြား များကုန်သော။ အာယုဓာ၊ လက်နက်တို့သည်။ ကုဥ္စာ၊ တုံးကြကုန်သည်ဖြစ်၍။ ဝါ-တုံးကြကုန်သောကြောင့်။ လဇ္ဇမာနာ၊ ရှက်ကြကုန်သည်ဖြစ်၍။ ဝါ-ရှက်ကြကုန်သောကြောင့်။ အညဝေသေန၊ လက်နက်မှတပါး ပန်းပေါက်ပေါက်ဟူသောအသွင်ဖြင့်။ တဝ၊ ရှင်တော်ဘုရား၏။ ပါဒါနတာ၊ ခြေတော်သို့ ညွတ်ကြ ပူဇော်ကြပါကုန်ပြီဘုရား။

ဤ-သုဗောဓာလင်္ကာရလာ မာရ်အောင်ဂါထာဖြင့် ဘုရားကို ပူဇော်သူအား ရန်ဘေးခပ်သိမ်း အေးငြိမ်းရသည်ဟု ဆရာမြတ်တို့ မိန့်တော်မူ၏။

## အာဠဝကဘီလူးကို အောင်တော်မူပုံ

**ကတိသစ္စာ တည်သောခါဝယ်** အာဠဝီဘုရင် တောကစားထွက်ရာ သမင်တွေ့သဖြင့် တာဝန်ကိုယ်စီယူပြီး ဖမ်းကြသည်။ မင်းကြီးတာဝန်ယူသောနေရာမှ သမင်လွတ်သွားသဖြင့် မင်းကြီး အရှက်ရပြီး ပရိသတ်ကိုထားခဲ့ကာ သမင်နောက် လိုက်သည်။ သမင်မိ၍ ထမ်းပြန်လာရာ မောပန်းသဖြင့် အာဠဝကဘီလူး စောင့်သော ညောင်ပင်အောက်သို့ ဝင်အိပ်မိ၏။ ဘီလူးက သူ့အရိပ်ဝင်သဖြင့် စားမည်ပြုသည်။ သမင်ကိုပေးသော်လည်း သမင်ရောလူပါ စားမည်ဟု ပြောရာ "နောင်နေ့စဉ် ထမင်းတအုပ်နှင့် လူတယောက်ပို့ပါမည်" ဟုကတိပြုသဖြင့် လွှတ်ပေးလိုက်သည်။ မင်းကြီးလည်း မှူးမတ်များနှင့် တိုင်ပင်ကာ ပထမ ထောင်သားများကို ပို့ပေးသည်။ နောက်ကုန်သော် လမ်းမှာ ရွှေထုပ်ချပြီး ကောက်သူကို သူခိုးစွဲ ဖမ်းထောင်ချသည်၊ နောက်ပိုင်းတွင် လမ်းမှာ တွေ့သောရွှေထုပ်ကိုပင် ကောက်ဝံ့သူ မရှိကြတော့ပေ။

လူပို့ဖြစ်သော ဘိုးဘွားများကို ပို့ရန် စီစဉ်ကြသေးသည်။ သားသမီး များသိ၊ ဖျက်၍ပျက်သွားသည်။ မွေးစ ကလေးငယ်များကို နောက်ဆက် ပို့သည်။ ကလေးမိခင်များတဖြည်းဖြည်းသိ၍ ထွက်ပြေးကြ၏။ ကလေးများ ကုန်သော် မင်းကြီး၏ သားသာ ကျန်တော့ကြောင်း မှူးမတ်များက လျှောက်ထားရာ ကတိအတိုင်း ပို့ခွင့်ပြုသည်။

**ဉာဏ်တော်ဖြင့်မြင် ထိုညောင်ပင်သို့** မင်းကြီးခွင့်ပြုချက်အရ ပနက်ဖန် ဆိုလျှင် ဘုရင့် သားတော်ကို ဘီလူးထံ ပို့ရတော့မည်။ ဘီလူး တရားထူးရမည်ကို မြင်တော်မူသော ဘုရားရှင်သည် ညဦးကပင် ယင်းညောင်ပင်သို့ ရောက်တော်မူသည်။ အာဠဝကဘီလူး နတ်သဘင် အစည်းအဝေးသို့ သွားနေသဖြင့် ဗိမာန် စောင့် ဂဒြဘဘီလူးကိုသာတွေ့ရာ ဘုရားရှင်က ယင်းဗိမာန်၌ တည်းခိုခွင့် တောင်းသည်။ အစောင့်ဖြစ်သူ တပည့်တော်က တည်းခိုခွင့် ပေးရန် ဝန်မလေးသော်လည်း ဗိမာန်ရှင်မှာ ကြမ်းတမ်းသူဖြစ်ကြောင်း လျှောက် ထားသည်။ ဗိမာန်ရှင်ဆိုင်ရာ နေပါစေ။ သင်ကသာ ခွင့်ပြုပါဟု ဘုရား ရှင် မိန့်သဖြင့် ခွင့်ပြုသည်။ ဂဒြဘသည် တာဝန်အရ နတ်သဘင် အစည်းအဝေးရှိ အာဠဝကထံသို့ သွားပြောတော့သည်။

**လက်နက် ၉-စုံ ခြေသုတ်ဖုံဖြစ်** အာဠဝကဗိမာန်၌ ဘုရား သီတင်းသုံး နေကြောင်းကို ကြားသိကြရသော မိတ်ဆွေ ဘီလူးများက "ချစ်မိတ်ဆွေအာဠဝက၊ ကံထူးစွဟု ပြောသည်ကို အာဠဝကမှာ မခံမရပ်နိုင် စိတ်ဆိုးပြီးလျှင် ဘုရားရှင်အား စားပစ်မည်" ဟု ကြုံးဝါးသည်။ တည်သုံးလည်း ဘုရားရှင်အား လေ၊ မိုး၊ ကျောက်၊ သဲ၊ ပြာပူ၊ မီးခဲ၊ မှောင်မဲ၊ ရွှံ့၊ ဘွဲ့ဖြူ ဟူသော လက်နက် ကိုးပါးဖြင့် မနားတမ်း တိုက်တော့၏။ ယင်းလက်နက်များမှာ ဘုရားခြေတော်ရင်း၌ ပန်းကန်တော့ပွဲများ ဖြစ်သွားကြသည်။အထက်မြက်ဆုံး ဘွဲ့ဖြူလက်နက်ကို နောက်ဆုံး သုံးရာ ခြေသုတ်ပုဆိုးသာ ဖြစ်တော့၏။

**မေတ္တာတော်ပန်း စိမ်းလန်း စိုပြေ** လက်နက် ခရီးမရောက်သည်မှာ မေတ္တာတော်ကြောင့် ဟု သိသော ဘီလူးသည် ဘုရားရှင် မေတ္တာ ပျက်၍ စိတ်ဆိုးအောင် ဗိမာန်မှ ဘုရားကို ထွက်ခိုင်းသည်။ ဘီလူးစိတ်မဆိုးစေရန် ရည်သန်တော်မူလျက် ထွက်ပေးပါ၏။ အလားတူ ပင် ယွက် ဝင် ၃-ကြိမ်အပြီး နောက်တကြိမ်ထွက်လျှင် ခြေတော်ကိုကိုင် ဂင်္ဂါမြစ်တွင်း ပစ်ချမည်ကို သိသော ဘုရားရှင်သည် ထွက်မပေးတော့ပေ။ ပြဿနာမေးမည်၊ မဖြေနိုင်က မြစ်ထဲပစ်ချမည်ဟု လျှောက်ထားရာ "အသင်၊ ငါ့ကို ဘာမျှ ပြုမရ။ သို့သော် မေးလိုရာမေး" ဟု ခွင့်ပြုသဖြင့် ပုစ္ဆာ ၄-မျိုးကို မေးသည်။ ဘုရားရှင် အဖြေ အဆုံး၌ အာဠဝက သောတာပန် တည်သည်။

၁—လူတို့၏ အမြတ်ဆုံးဥစ္စာကို မေးရာ၌ သဒ္ဓါဟု ဖြေတော်မူ၍ ၂—ချမ်းသာအောင် ကျင့်ရမှာက တရားစစ် တရားမှန်၊ ၃—အကောင်းဆုံး အရသာမှာ သစ္စာ၊ ၄—မြင့်မြတ်တဲ့ အသက်မွေးမှုမှာ ပညာဖြင့် အသက် မွေးခြင်းဟု ဘုရား ဖြေတော်မူသည်။

**မြို့လုံးဆူညံ သာဓုသံ** အလင်းရောက်သော် ဘုရင့်သားတော်ကလေးကို ဘီလူးထံ မှူး မတ် များ လာပို့ကြသည်။ ဘုရားရှင် ရှိနေ၍ ရဲရဲပင် လာကြ၏။ သောတာပန် ဘီလူးမှာ ရှက်ရှက်ဖြင့် ကလေး ကို ယူပြီး ဘုရားရှင်အား လှူသည်။ ဘုရားရှင်က ကလေးကြီးအောင်မွေး မြူကြဟု မှူး မတ်များထံ ပြန်ပေးလိုက်၏။ ကလေးခေါ်၍ မြို့တွင်းသွား ကြရာ မြို့ပရိသတ်က "မစားလောက်၍ ဘီလူးက ကလေးကို ပြန်ပေးပါ

သလား" ဟု မေးကြသည်။ ဘုရားရှင် ချေချွတ်၍ ဘီလူး အကျွတ်တရား ရပုံကို ပြောပြရာ တမြို့လုံး သာဓုခေါ်ကြသည်။

## နာဠာဂီရိဆင်ကို အောင်တော်မူပုံ

**မြတ်စွာဘုရား ဆွမ်းခံမကြွပါနှင့် ဘုရား**

ရာဇဂြိုဟ်အဇာတသတ်မင်းသည် အရှင်ဒေဝ-ဒတ်အား မင်းဆရာအဖြစ် ကိုးကွယ်နေချိန် ဖြစ်သည်။ ဒေဝဒတ်သည် ဘုရားရှင်အား နည်းမျိုးစုံဖြင့် လုပ်ကြံသော်လည်း မရ။ ယခု နာဠာဂီရိဆင်ဆိုးကြီးဖြင့် ဘုရားရှင်ကို လုပ်ကြံရန် စီစဉ်ပြန်သည်။ ဆင်ထိန်းအား "ငါ မင်းဆရာ ဖြစ်သည်။ ငါ့အလို လိုက်လျှင် သင်ရာထူးတက်ရမည်" ဟု ဖြားယောင်းသည်။ ဆင်ထိန်းသည် လက်ခံပြီး ဆင်ကို ၂-ဆတက် အရက်တိုက်၏။ မြို့လူထု လမ်း-မထွက်ဖို့ ကြိုတင် ကြေငြာသည်။ မြို့သူ မြို့သားများ အကြောင်းစုံသိ၍ ထိုနေ့ ဘုရားရှင်အား "ဘုရားမြတ်စွာဆွမ်းခံမကြွပါနှင့်၊ တပည့်တော်တို့ လာပို့ကြပါမည်" ဟု လျှောက်ထားကြသည်။ ဘုရားရှင်က "ယင်း ဆင်ကို ငါဘုရားဆုံးမမည်" ဟု မိန့်ကြားပြီး သံဃာတော်များပါ ဆွမ်းခံ ကြွတော်မူသည်။

**ကိုယ်မချိ အမိသော်လဲ သားတော်ခဲ**

မူးနေသော ဆင်ကြီးကို ဆင်ထိန်းသည် ချွန်းအုပ်လျက် မြို့တွင်း ဘုရားကြွလာမည့် လမ်းသို့ လွှတ်သည်။ဆင်ကြီးသည် လမ်းတွင်အဆောက်အဦ စသည့် မဲမဲမြင်သမျှ နင်းချေ ဖျက်ဆီး၏။ ကလေးချီလာသော မိခင်တဦး ဆင်ကြီးနှင့် ပက်ပင်းတိုးရာ ကလေးကို ချ၍ မိခင်ပြေးတော့သည်။ ကလေးမှာလည်း ကြောက်လွန်း၍ ငယ်သံပါအောင် ငိုချိန်တွင် ဘုရားနှင့် သံဃာတော်များ အနီးသို့ ရောက်လာရာ သံဃာတော်များက ဆင်ကို ဆုံးမရန် ခွင့်ပန်သည်။ ဘုရားရှင် ခွင့်ပြုတော်မမူပေ။

**အေးမေတ္တာရိပ် ဆင်ကြီးအိပ်ရ**

"ချစ်သား ဆင်၊ သင့်ကို လွှတ်လိုက်ခြင်းသည် ကလေးအတွက်မဟုတ်၊ သူတပါးအတွက်လည်း မဟုတ်၊ ငါဘုရားအတွက်သာ ဖြစ်သည်။ ငါဘုရားထံ လာလော့" ဟု" ဘုရားရှင်သည် ဆင်အား မိန့်ကြားသည်။ အေးမေတ္တာရိပ်၌ ဒေါသချွေး၊ မောဟချွေးများကို သိပ်စေသည်။ ဆင်ကြီး မကြမ်းတော့ပါ။ ဘုရားထံတော်မှောက် လာရောက် ကန်တော့ရတော့သည်။ "ငါဘုရားကို

မပြစ်မှားသင့်ကြောင်း၊ မမူးသင့်ကြောင်း၊ သို့မှသာ ဘဝကောင်း ရမည်ဖြစ်ကြောင်း” မိန့်ကြားတော်မူရာ လိမ္မာ ယဉ်ကျေးရတော့သည်။ ဆင်လိမ္မာကို မြို့သူ မြို့သားများက ရွှေ ငွေ ရတနာများနှင့် ပစ်ပေါက်ပူဇော်ကြသဖြင့် နာဠာဂိရိ ဟူသော မူလနာမည်အပေါ် ဓနပါလ(ဥစ္စာရတနာများကို စောင့်ထိန်းသူ) ဟု မှည့်ခေါ်ကြပြန်သည်။

## အင်္ဂုလိမာလကို အောင်တော်မူပုံ

**ကိုယ့်ထက်သာ မနာလိုကြ လူ့လောက** သာဝတ္ထိမြို့ ပုရောဟိတ်ပုဏ္ဏား၌ သားတဦးဖွားမြင်ချိန်တွင် ထူးဆန်းစွာ လက်နက်များ အရောင်တောက်ကြသည်။ နက္ခတ်ကိုကြည့်ရာ ဤကလေးကြီးလျှင် လူဆိုးဖြစ်မည်ဟု ဆရာပုရောဟိတ်သိသည်။ ကောသလမင်းကြီးအား ထိုအကြောင်း လျှောက်ထား၍ ကလေးကိုဖျောက်ဖျက်ပစ်မည်ဟု တင်ပြသည်။ တဦးချင်းဆိုး၍ အဖွဲ့အစည်း မပါလျှင် ဖျောက်ဖျက်ဖို့ မလိုဟု မင်းကြီးမိန့်သည်။ နာမည်ကို အဟိံသကဟု တွင်စေပြီး အရွယ်ရောက်သော် တက္ကသိုလ်ပညာများကို သင်ကြားစေရာ ထူးချွန်စွာ တတ်မြောက်ရုံမျှမက ဆရာပါမောက္ခ၏ အချစ်တော်တပည့်လည်း ဖြစ်လာသည်။ ဆရာကတော်နှင့်လည်း ရင်းနှီးလှ၏။ အခြားတပည့်များ မနှစ်မြို့ မနာလိုကြတော့ပေ။ အချစ်တော် တပည့်နှင့် ဆရာကတော်ကို စွပ်စွဲသမုတ်လျက် ဆရာကြီးထံ ကုန်းတိုက်ကြသည်။ မူလကမယုံသော်လည်း တိုက်ပါများသော် ယုံလာသည်။ အဟိံသကကို မုန်းတီး နာကျည်းလာကာ သတ်ပစ်လိုသော်လည်း ကဲ့ရဲ့ခံရမည်စိုး၍ “ဆရာ့ကို ပူဇော်ဘို့ လက်ညှိုးတထောင် ရှာခဲ့ရမည်” ဟု အဟိံသကအား မိန့်ကြားသည်။ ပရိယာယ်ဖြင့် သတ်ပစ်ခြင်းသာတည်း။

**အင်္ဂုလိမာလ အမည်ရပုံ** သဘောဖြူ အူစင်း ရိုးသားသူတပည့်ရင်းသည် ဆရာမှာတိုင်း လက်ညှိုး တထောင် ရအောင်ရှာသည်။ လူသတ် လက်ညှိုးဖြတ်ယူလာပြီး လက်ညှိုးများ ပျောက်မသွားအောင် ပန်းကုံးသဖွယ် သီကုံး၍ လည်ဝယ်ဆွဲထားသည်။ ထိုနေ့မှစ၍ အင်္ဂုလိမာလ အမည်ရတော့၏။ လက်ညှိုးမှာ တထောင်ပြည့်ဘို့တချောင်းသာ လိုတော့သည်။ ထိုအချိန်မှာမူ မည်သူ့ကိုပင်တွေ့တွေ့ သတ်၍ ဖြတ်ယူမည်ဟုလည်း တောပုန်းကြီး မဲဒွန်လိုက်သည်။

**သိတာရေစင် မိခင်မေတ္တာ** တောတောင်အရပ်သို့ တောပုန်ကြီး အင်္ဂုလိမာလကြောင့် မည်သူမျှ မသွားရဲကြသော အချိန်ဖြစ်သည်။ ရွာငယ်များလည်း မနေဝံ့ကြ၍ ပျက်စီးတော့၏။ နန်းတွင်း ဟစ်တိုင်သို့တက်၍ အော်ကြရတော့သည်။ ကောသလ မင်းလည်း မနေသာတော့ဘဲ စစ်တပ်နှင့်ထွက်၍ ဖမ်းရန်စီစဉ်သည်။ ထိုအကြောင်းကို အင်္ဂုလိမာလ၏ မိခင်သိ၍ သားအတွက် ရဟက်မအေးသဖြင့် သားရှိရာ တောတွင်းသို့လာပြီး အကြောင်းပြောပြ လွတ်အောင် ပြေးခိုင်းသည်။ သားကလည်း မိခင်ဖြစ်စေ တွေ့လျှင် သတ်မည်ဟု စိဋ္ဌာန်ထားပြီးချိန်တည်း။

**ကရုဏာတော်သခင် အရှင်ဘုရား** အမိသတ်(မာတုဃာတက) ကံထိုက်၍ အင်္ဂုလိမာလ အစီစီ ကျတော့မည်ကို သိသော ဘုရားရှင်သည် သားအမိ ၂-ဦးကြား ကြွ၍ ရပ်တော်မူသည်။ အမိကိုလွတ်၍ ဘုရားရှင်ကို သတ်ရန်လိုက်သည်။ မမှီနိုင်၍ ဘုရားကို ရပ်ခိုင်းသည်။ "ငါဘုရား ရပ်နေသည်။ သင်ချစ်သားသာ မရပ်ဘဲ ပြေးနေသည်"ဟု မိန့်ရာ "ရဟန်းမှန်လျှင် လိမ်မပြောကောင်း"ဟု ဘုရားကို မုသားဖြင့် စွပ်စွဲသည်။ "ငါဘုရားမှာ သံသရာခရီးဆုံး၍ ရပ်ပြီ၊ သင်ချစ်သားသာ ဆိုးသွမ်းဆဲဖြစ်၍ အမြဲပြေးသွားနေသူ ဖြစ်သည်"ဟု မိန့်ရာ သတိသံဝေဂရ၊ ဓားချ၊ တရားနာယူ၊ သူတော်စင်ဖြစ်၍ ရဟန်းအဖြစ်တောင်း၊ ကျောင်းတော်သို့ လိုက်သွားတော့သည်။

**မြင်ရုံနှင့် တုန်သွားသောဘုရင်** စစ်တပ်နှင့် လာသော ကောသလမင်းသည် ဘုရား ကျောင်းတော် အနီးရောက်လာသော် "မသွားသင့်လျှင် ဘုရားတားလိမ့်မည်"ဟု ရည်ရွယ်ပြီး ကျောင်းတော်သို့ဝင်သည်။ အင်္ဂုလိမာလဖမ်းရန် သွားမည့်အကြောင်းလည်း ဘုရားအား လျှောက်ထား၏။ "အင်္ဂုလိမာလ ရဟန်းပြုနေလျှင် သင်မင်းကြီး မည်သို့သဘောထားမည်နည်း"ဟု ဘုရားရှင် မိန့်ကြားရာ "လူဆိုးကြီးဖြစ်၍ ရဟန်းပြုမည်မထင်၊ အကယ်၍ ရဟန်းပြုလျှင် ဝမ်းသာပါသည်။ ပစ္စည်း ၄-ဖြာလည်း လှူပါမည်"ဟု မင်းကြီးက လျှောက်ထားသည်။

"ဤရဟန်းသည် အင်္ဂုလိမာလပင်"ဟု ညွှန်ပြမိန့်ကြားလိုက်ရာ မင်းကြီး ပြင်းစွာ ကြောက်ရွံ့ တုန်လှုပ်သွားသည်။ "အရှင်ဘုရား၊ အင်္ဂုလိမာလပါလားဘုရား"ဟု အနီးသွားလျှောက်ပြီး ကောင်းလှပါပြီ။ ပျော်

ရှင်စွာ သိတင်းသုံးပါ။ ပစ္စည်း ၄-ဖြာ ဒါယကာ တပည့်တော်ပါသဲ" ဟု လျှောက်ကာ ပြန်ကြသွားသည်။

**ကျောသား ရင်သား မခြား မေတ္တာ** ရာဇဂြိုဟ်မြို့၌ အရှင်ဒေဝဒတ်သည် နာတာရှည် လူမမာအဖြစ် ၉-လပင်ကြာခဲ့ပေပြီ၊ ဒုက္ခရောက်လျှင် သံဝေဂရကြသည့်အားလျော်စွာ ဒေဝဒတ်လည်း ဘုရားရှင်အား ကြည်ညိုနေသည်။ ဘဝ တလျှောက်လုံး၌ ဘုရားရှင်အား များစွာ နှောင့်ယှက်ပြီးပြီမို့ ယခုဘုရားထံတော် သွားလို စိတ်ရှိနေသည်။ တနည်းအားဖြင့် မိုက်ဇာတ်သိမ်းချင်နေပေပြီ။ထို့ကြောင့် တပည့်များကို သာဝတ္ထိမြို့သို့ ထမ်းပို့ ခိုင်းတော့သည်။ "စွမ်းနိုင်တုန်းကတော့ ရန်သူလုပ်နေပြီး ယခုမှတော့ မပို့နိုင်ပါ"ဟုတပည့်များက ငြင်းပါသေး၏။ "တပည့်တို့၊ ဘုရားရှင်က ငါ့လိုမဟုတ်ပါ။ ငါ့အပေါ်မှာ ဆံချည်မျှင်ဖျားမျှ အာဃာတမရှိပါ။ မှန်ပါသည်။ သားတော်ရာဟုလာ အတိုင်းပင် ငါ့အပေါ်မှာရော၊ သတ်မည်လိုက်သော အင်္ဂုလိမာလနှင့် နာဠာဂီရိဆင်အပေါ်မှာရော စိတ်စေတနာ မေတ္တာသဘောထား မျှသည်သာ"ဟု ဒေဝဒတ်က ဘုရားဂုဏ်တော်ကို မိန့်ကြားသည်။

**အင်္ဂသြ ပစ္စေကဗုဒ္ဓါ** အားနာလှစွာ တပည့်များက ထမ်းပို့ကြရာပါ၏။အားပါးတရ ဘုရားကို ဖူးလိုက်မည်ဟု ဒေဝဒတ် မျှော်လင့်လိုက်ပါလာခဲ့သည်။ ဇေတဝန် ကျောင်းတော်အနီး ကြည်လင်အေးမြသောရေကန်ကိုလည်း အရှင်ဒေဝဒတ် မြင်ရပြီဖြစ်သည်။ ရေမြင်သည့် အလျောက် မျိုသိပ်မရသော ရေချိုးလိုစိတ် ပေါက်လာသဖြင့် ထမ်းစင်မှချခိုင်းသည်။ ရေချိုးခွင့် ရပါမည်လော။ ဘုရားဖူးခွင့် လည်း ရပါမည်လော။ သံသရာတလျှောက်လုံး မိုက်လုံးကြီးလတ် ရှင်ဒေဝဒတ်သည် မည်သည့်အခွင့်အရေးမျှ မရနိုင်တော့ပါ။ မြေပေါ် ခြေကျသည်နှင့်တချိန်တည်း မြေအတွင်းဝင်မြေမျိုခံလိုက်ရသည်။ မေးဆစ်မမြုပ်မီကလေးတွင် ဗုဒ္ဓသရဏဂုံကို ကြည်ညိုစွာ ယူလိုက်ရသည်။ ယင်းကုသိုလ်ကြောင့် ကမ္ဘာတသိန်းထက်၌ အင်္ဂသြရ ပစ္စေကဗုဒ္ဓါ ဖြစ်ရမည်သာတည်း။ ယခုအချိန်မှာကား လောကမံ လေလှိုင်းကြောင့် မလှုပ်သော ဘုရားရှင်အား ပြုမှားသည့်အလျောက် ယူဇနာ ၁၀၀ ခန္ဓာကိုယ်ရှိသော ဒေဝဒတ်သည် ၄-ဘက် ၄-တန် မလှုပ်နိုင်အောင် စို့စွဲလျက် အဝီစိငရဲဝယ် ဆင်းရဲစွာ ခံနေရသည်။

## (၂) လေ့ကျင့်ခန်းများ

၁။ သန္ဒေ့ယူချိန် အံ့ဘွယ်များကို ရေး၍ အဖြစ်ထူး အကြိမ်မည်မျှ ဖြစ်ပါသနည်း။ ပဋ္ဌဝဂ္ဂ ၅-ဦး ဝီရိယထူးပုံကိုလည်း ရေးပြပါ။

၂။ ကမ္ဘာကြီးဖန်ဆင်းသူကိုပြ၍ မြန်မာလူဦးရေ သန်း ၃၀-ရှိ၏ ဟူသော အသိသည် သတ္တလောက အသိမည်ပါသလော။ ဩ- ကာသလောက သိပုံကိုလည်း အချုပ်ပြပါ။

၃။ နတ်ပြဟ္မာပြည်များတည်နေဟန်ကို ရေးသား၍ လောကဓာတ် ၃-မျိုးပမာဏကိုရင်း၊ဘုရားတဆူလျှင် သတ္တဝါများစွာ ကျွတ် ၍ ဘုရားအဆူ ပေါင်းကလည်း ဂဂ်ါသဲလုံးအမျှ ပွင့်ပြီးပါ လျက် သတ္တဝါမကုန်နိုင်ပုံကိုရင်း ရေးသားပါ။

၄။ သင်္ခါရလောက သိပုံအချုပ်ရေး၍ လောကသားများ အတွက် နေမင်းနှင့် ဘုရားကျေးဇူးများကိုလည်း ရေးပါ။

၅။ အနုတ္တရမည်ပုံကိုပြ၍အမျိုးသမီးများကိုလည်းယဉ်ကျေးအောင် ဘုရားရှင် ဆုံးမနိုင်ပါလျက် ပုရိသဒမ္မသာရထိဟု အဘယ့် ကြောင့်ဆိုပါသနည်း။ အောင်ခြင်း ၈-ပါးကိုလည်း အမည်မျှ ရေးသားပါ။

၆။ အလောင်းဘုရားကိုမည်သူထင်၍သုဇာတာဆွမ်းလှူပါသနည်း။ ရွှေခွက် မြစ်ညာဆန်ပုံ၊ နတ်ပြဟ္မများ ပူဇော်နေကြပုံ၊ မာရ် နတ် တပ်မဟာနှင့် ချီတက်လာပုံ၊ မြေကြီးသက်သေ ထူပုံများ ကို ချုံး၍ရေးပါ။

၇။ မာရ်နတ်အောင် ဂါထာပါဌ်ကို မြန်မာလိုရေး၍ အာဠဝီဘုရင် ကတိသစ္စာတည်ပုံကိုရင်း၊ အာဠဝကဘီလူး၏ လက်နက် ၉-စုံ ခြေသုတ်ဖုံဖြစ်၍ ဗုဒ္ဓ၏ မေတ္တာတော် စိမ်းလန်းစိုပြေပုံကိုရင်း ရေးပါ။

၈။ ဘီလူးနှင့်ဘုရား မေးဖြေများကို ရေးသား၍ ဒေဝဒတ် စကား ဆင်ထိန်း ဘာ့ကြောင့် လိုက်နာရသနည်း။ ကိုယ်မချိ အမိသော် လဲ သားတော်ခဲ့ပုံ၊ နာဠာဂီရိဆင်ဆိုးကြီး ဗုဒ္ဓမေတ္တာ အေးရိပ် သာတွင် အိပ်ရပုံများကိုလည်း ရေးသားပါ။

၉။ ပမောက္ခကြီးသည် အဟိံသကနှင့် သူ့ဇနီးအပေါ် မည်သို့ ယူဆသနည်း။ အင်္ဂုလိမာလအမည်ရပုံ၊ သီတာရေစင်ပမာ မိခင် မေတ္တာဖြစ်ပုံ၊ ဗုဒ္ဓ၏ ကရုဏာရှင်ဖြစ်တော်မူပုံ၊ ကောသလမင်း အကြောက်လွန်ပုံများကို ရေးသားပါ။

၁၀။ ဗုဒ္ဓ၏မေတ္တာ ကျောသား ရင်သားမခြားပုံနှင့် သူ့တပည့်များ အား ဒေဝဒတ် မည်သို့ပြောကြားသနည်း။ ဒေဝဒတ်၏ ယခု အခြေ နောင်အခြေကို သံဝေဂရဖွယ်ပြပါ။

## စိဉ္စမာဏဝိကာကို အောင်တော်မူပုံ

**အကြံပက်စက် စကောလောက်မျှ စောက်မနက်** စိဉ္စမာဏဝိကာဟူသည် မန်ကျည်း ပင်ပေါ် သံသေဒဇ သန္ဓေရ၍ ဖွား မြင်လာသူဖြစ်သည်။ ငယ်ရွယ်သည် နှင့်အမျှ ချောမောလှပ၏။ တိတ္ထိဆရာကြီးများ၏ တပည့်ရင်း ပရိဗိုဇ်မ ဖြစ်သည်။ လရောင်ရောက်လာလျှင် ပိုးစုန်းကြူးများ အရောင်မတောက် နိုင်။ ထို့အတူ ဘုရားရှင် ပွင့်တော်မူလာသဖြင့် တိတ္ထိများ လာဘ်ပူဇော် သက္ကာ ခေါင်းပါး၍ စားဝတ်နေရေး ရှားပါးကြတော့သည်။ မိမိတို့ အဖို့ ရဟန်းဂေါတမကို အပုပ်ချနိုင်မှ တော်ရုံကျမည်ဟု တိတ္ထိများ မှန်းထားကြ၏။ ထို့ကြောင့် တပည့်ရင်း စိဉ္စမာဏဝိကာနှင့်ပင် အလုပ် သဘောနှီးနှောကြသည်။ အလုပ်စဘို့ ဇာတ်တိုက်ကြသည်။

**ရှင့်ကလေး ဘယ်မှာ မွေးရမှာလဲ** သူမ (စိဉ္စမာဏဝိကာ)သည် ညနေ သာဝတ္ထိမြို့တွင်းမှဇေတဝန်ကျောင်း တော်ဘက်သို့သွားသည်။ ဘုရားထံမှပြန်လာကြသူများနှင့် လမ်းတွင်တွေ့ ၏။ ဘုရားကျောင်းတော်အနီး တိတ္ထိတို့ကျောင်းတွင် ညအိပ်၍မိုးလင်း သော် မြို့တွင်းပြန်လာသည်။ ဘုရားထံလာကြသူများနှင့် လမ်းတွင်တွေ့ ပြန်သည်။ ဤသို့ပင် နေ့စဉ်တမျိုးတမည်ထင်အောင် ဟန်ဆောင်ပြီး အချို့ လူများကို သူသည် ညအခါ ရဟန်းဂေါတမနှင့် အတူအိပ်သည်ဟု ပြော သည်။

အချိန်ကား တစတစကုန်သွားသည်။ ဗိုက်တွင်ပျဉ်ပြားကပ်ကာ ကိုယ် ဝန်ရှိဟန်ဖြင့် သူမသည် ဘုရားရှင်၏ တရားမဏ္ဍပ်အတွင်း ဝင်လာသည်။ "ရှင်ဟာ ပျော်ရုံသာပျော်ပြီး ကလေး ဘယ်လိုမွေးရမည်ဟု မစီစဉ်" စသည်ဖြင့် ဘုရားရှင်ကို လက်ညှိုးညွှန်ကာ အော်လျှောက်သည်။ ပရိသတ်

တချို့က သနားကြသည်။ ထင်ယောင်ထင်မှားပင် အချို့ဖြစ်ကုန်ကြသည်။ ကရုဏာသခင် ဘုရားရှင်ကား ဘာကိုမျှ မမိန့်၊ မေတ္တာတော် အလျဉ်ကိုသာ စိမ့်ဝင်စေသည်။ ကရုဏာပန်းကိုသာ လန်းဆန်း မွှေးကြိုင်စေသည်။

**အဖျက်သမားများကြောင့် ဘုရားဂုဏ် ထင်ရှားသည်** အခြေအနေ အရပ်ရပ်ကို သိကြားမင်း သိသည့် အား လျော်စွာ နတ်များကို အဖျက်လုပ်ဇာတ်ဖြင့်အပြတ်ရှင်းစေသည်။

ပျဉ်ချပ်တွင် ကပ်ချည်ထားသော ကြိုးများကို ကြွက်(နတ်)များ ကိုက်ဖြတ်ကြသည်။ ပျဉ်ချပ်များ ပြုတ်ကျ၍ သူမ၏ ခြေချောင်းများ ပြတ်ကုန်သည်။ပရိသတ်များကလည်း ယခုမှပင် ဇာတ်ကွက်ပေါ်ကြတော့၏။ သံသယ ရှင်းသွားကြသည်။ သူမကို အပြင်သို့ မောင်းထုတ်ရာ မြေအပြင်သည် ၂-ဖြာကွဲ၍ အဝီစိငရဲမီးများက ဆွဲယူသွားကြသည်။ ကြိုးဖြတ်သော ကြွက်များ ပရိသတ်အတွင်း မည်သို့ ဝင်လာ၍ မည်သို့ ပျောက်ကုန်ကြသနည်း။ (ကြွက်များမှာ ကြိုးဖြတ်တာဝန်သာ ရှိသော်လည်း အချိန်ရခိုက်တွင် ဟိုနေရာ သည်နေရာ သူမ၏ ခန္ဓာကိုယ်မှာ လျှောက်သွားနေကြဦးမည် စသည်ဖြင့် မုံရွာ လယ်တီ ဆရာတော်ကြီး တရားပွဲတွင် ဟောရာ ပရိသတ်များ ကြည်ရွှင်ကြသည်။) ဘုရားရှင်၏ တုနှိုင်းမရသော ဂုဏ်တော်များသည် အဖျက်သမား လှုရိုင်းများကြောင့် သမုဒ္ဒရာလှိုင်းကြီးများပမာ ထင်ရှားလှတော့သည်။

## သစ္စက အောင်တော်မူပုံ

**သာသူတွေလျှင် တပည့်ခံ ဿဝါဒမှန်** ဝေသာလီပြည်၌ အယူဝါဒ ၅၀၀-စီ တတ်သိလိမ္မာသော ပရိဗိုဇ် ကျား မ ၂-ဦး ရှိသည်။ အချင်းချင်း ပြိုင်ကြသော်လည်း ပညာတူ၍ မနိုင်ကြပါ။ လိစ္ဆဝီမင်းများက ယင်းတို့ ၂-ဦးအား ထိမ်းမြားပေးစား၍ လခရိက္ခာလည်း ထောက်ပံ့ထားသည်။သမီး ၄-ဦး၊ သားတဦး ဖွားမြင်ရာ ယင်း ၅-ဦးမှာ ၂-ဖက်မိဘဆိုင်ရာ ဝါဒ ၁၀၀၀-စီ တတ်မြောက်ကြသည်။ "သမီးတို့ ပညာပြိုင်သွားကြ၊နိုင်သူတွေလျှင်ယောကျ်ားဖြစ်က ခင်ပွန်း(လင်)ဖြစ်အောင်ပြု၍ ရဟန်းဖြစ်က တပည့်ခံရဟန်းပြုကြ" ဟု မိဘများက မှာလှတ်သည်။ သမီး ၄-ဦးတို့သည် နေရာပေါင်း ၁၀၀-၌ အနိုင်ရကြ၏။ ရှင်သာရိပုတ္တရာနှင့် တွေ့ရာ၌ကား ရှုံးကြသည်။ တပည့်ခံ ရဟန်းပြုကြ၊ ရဟန္တာမများ ဖြစ်သွားကြသည်။

**ဘုရားနှင့် ပြိုင်လိုသူ သစ္စက** အငယ်ဆုံးသားမှာ သစ္စကဖြစ်သည်။ လိစ္ဆဝီများကို ပညာသင်ပေးရ၏။ အခြား မြို့ရွာများသို့ မသွားပေ။ တနေ့သ၌ ရဟန်းတပါးနှင့်တွေ့ရာ "သင်တို့ဆရာ ရဟန်းဂေါတမ ဘယ်ပုံဟောသနည်း"ဟု မေးသည်။ "ရုပ်နာမ်တွေသာ ဖြစ်၍ အနတ္တတရားများသာ"ဟု ဘုရားရှင်ဟောကြောင်း ရဟန်းက မိန့်ရာ သစ္စကသည် တပည့်လိစ္ဆဝီများနှင့် ဘုရားရှင်ထံ ဝါဒပြိုင်ရန် လာကြသည်။ ဘုရားကိုလည်း မေးလျှောက်ရာ "ရုပ်နာမ် အနတ္တဟု ဟောကြောင်း"မိန့်လိုက်သည်။

**သစ္စက၏ အတ္တဝါဒ** လူများ မြေပေါ်တွင် ရပ်တည်၍ အမှုကိစ္စပြုကြသလို ကိုယ်ပိုင် အတ္တပေါ် မှီလျက် ကောင်းမှု မကောင်းမှုပြုကြရသဖြင့် မိမိပိုင်ဆိုင်သော အတ္တခန္ဓာရှိသည်။ ထို့ကြောင့် ရဟန်းဂေါတမ အယူအဆ သဘာဝမကျဟု သစ္စကက ငြင်းချက်ထုတ်သည်။ သို့ဖြစ်လျှင် သင့်ကိုယ်ကို သင် အစိုး ရ-မရ မေးတော်မူရာ အစိုးရကြောင်း သစ္စကက ဖြေသည်။ သင် အစိုးရသည်ဟုဆိုလျှင် မအို မနာ မသေအောင် ပြုနိုင်မည်လောဟု ဘုရားရှင် မေးတော်မူရာ သစ္စကက မဖြေ၊ ဘုရားရှင်ကလည်း ထပ်မမေးတော့။

**ဂဏန်းကြီး လက်မပြုတ်၍ ကုပ်သွားပြီ** ထို အချိန် တွင် သိကြားမင်းသည် သံတင်းပုတ်ကိုင် ဘီလူးအသွင်ဖြင့် "အချင်း သစ္စက၊ ဘုရားရှင် အမေးကို ဖြေလော့။ မဖြေလျှင် ဤသံတင်းပုတ်ဖြင့် သင့်ဦးခေါင်းကို ခွဲမည်"ဟု ပြောသော အခါ အနတ္တဟု သစ္စက ဝန်ခံရတော့သည်။ "လက်မထောင်တဲ့ ဂဏန်းကြီး လက်မအချိုးခံရ၍ ကုပ်သွားပြီ"ဟု အနီးရှိ ဒုမ္မုခမင်းသားက နောက်ပြောင်ရာ "မင်း မရှုပ်နှင့်၊ ငါ ဘုရားရှင်နှင့် စကားပြောနေတာဘဲ"ဟု အရှက်ပြေ ပြန်ပြောသည်။ ဘုရားရှင်နှင့်တကွ သံဃာတော်များကို ဆွမ်းစားပင့်ပြီး တပည့် လိစ္ဆဝီမင်းသားများကိုလည်း ဆွမ်းတအုပ်စီ ပို့ကြရမည်ဟု စီမံပြောဆိုသည်။

## နန္ဒောပနန္ဒ နဂါးမင်းကို အောင်တော်မူပုံ

**နဂါးမင်း တန်ခိုးစွမ်းဟုန်** ပရိသတ်များနှင့် ပျော်ပွဲစားရန် နဂါးမင်း စီမံနေသည်။ ကရုဏာတော်သခင် ဘုရားရှင်သည် နဂါးမင်းကို ဆုံးမချေချွတ်ရန် ရဟန်း ၅၀၀-နှင့်နဂါး ဦးခေါင်း

ပေါ်ကဖြတ်၍ တာဝတိံသာသို့ ကြွတော်မူသည်။ နဂါးမင်း သိ၍ စိတ်ဆိုးကာ တာဝတိံသာကိုမမြင်ရအောင် ကြီးစွာသောကိုယ်ကိုဖန်ဆင်း လျက် မြင်းမိုရ်တောင်ကို ၇-ပတ် ပတ်ထားလိုက်သည်။ မြင်းမိုရ်တောင်ထိပ် ကိုလည်း ပါးပျဉ်းဖြင့် အုပ်ထားလိုက်၏။ ရဟန်းတော်များ မြင်းမိုရ် တောင်ကို မမြင်ရ၍ အကြောင်းကို လျှောက်ထားရာ နဂါးမင်း တန်ခိုး အစွမ်းဟု ဘုရားရှင် မိန့်တော်မူသည်။

**တန်ခိုးတော်သခင် အရှင်မောဂ္ဂလာန်** ရဟန်းများက နဂါးကို ဆုံးမလိုကြောင်း ဘုရားကို လျှောက်ထားရာ ခွင့်မပြုပေ။ ရှင်မောဂ္ဂလာန်ကို သာ ခွင့်ပြုသည်။ အရှင်မြတ်သည် နဂါးထက် ကြီးမားသော ခန္ဓာကိုယ်ကို ဖန်ဆင်းလိုက်သည်။ နဂါးအပေါ်၌ ၁၄-ပတ်လည်း ပတ်ထားလိုက်၏။ နဂါးမင်း စိတ်ဆိုးလှသဖြင့် အခိုးလွှတ် သော်လည်း အရှင်မြတ်ကို မထိခိုက်ပေ။ အရှင်မြတ်၏ တန်ခိုးကသာ နဂါးကို ထိသဖြင့် "မည်သူနည်း"ဟု မေးရာ ငါရဟန်းဟု ဖြေလိုက်၏။ ရဟန်းပုံတော် ဖန်ဆင်းပြပြီး နဂါးအနီး ထိုထို ဤဤ လှုပ်ရှားပြလိုက် သည်။ နှာခေါင်းတပေါက်က ဝင်၍ တပေါက်က ထွက်ပြသည်။ ပါးစပ် က ဝင်၍ နဂါးဝမ်းဗိုက်အတွင်း လမ်းလျှောက်ပြသည်။ စားမည်ရည်၍ ထွက်ခိုင်းရာ အရှင်မြတ် ထွက်လာသည်။ အဆိပ်လွှတ်သော်လည်း အရှင် မြတ်အား မထိပါးပါ။ ဂဠုန်အသွင် ဖန်ဆင်းလိုက်သောအခါမှာမူ အရှင်မြတ်အား နဂါးမင်း ပြင်းစွာကြောက်ရွံ့တော့သည်။ ကိုးကွယ်ပါ မည်ဟုလည်း လျှောက်၏။ ဘုရားထံတော်သို့ နဂါးမင်းကို ခေါ်လာရာ ဘုရားရှင်က "နဂါးမင်း ချမ်းသာပါစေ"ဟု ဆုပေးသည်။

## ဗကဗြဟ္မာကို အောင်တော်မူပုံ

**နှိမ်သင့်၍ ဘုရားရှင် နှိမ်တော်မူသည်** ဥက္ကဋ္ဌမြို့၌ ဘုရားရှင် သီတင်းသုံး နေတော်မူစဉ် ဗကဗြဟ္မာကြီးသည် သူ့ကိုယ်သူ မအိုမနာမသေ အမြဲတည်၍ တန်ခိုးအကြီးဆုံး ဖြစ်သည်ဟု ယူဆ ၏။ ဤလောကကြီးနှင့်တကွ သတ္တဝါအပေါင်းကိုလည်း သူဖန်ဆင်း ထားသည်ဟု ယုံကြည်နေသည်။ လက်အောက်ခံ ဗြဟ္မာများကလည်း သူ့အပေါ် အထင်ကြီးနေကြ၏။ ထိုအခြေအနေ နှလုံးသွင်းများကို သိ၍ ဘုရားရှင်သည် ဗြဟ္မာ့ပြည်သို့ ကိုယ်ဖျောက်၍ ကြွသွားတော်မူသည်။

ဗကဗြဟ္မာလည်း ကြုံဆိုကာ သူ့အယူအဆကို ဘုရားအား လျှောက်ထားသည်။ "သင်သည် ရှေ့နောက်အလုံးစုံကို မသိနိုင်။ ဗာလ သာတည်း။ သင့်ဘုံ သင့်ဘဝ မမြဲ။ သင့်ထက် တန်ခိုးကြီးသူများ ရှိသည်" စသည်ဖြင့် နှိမ်ချသောစကားကို မိန့်ကြားလိုက်သည်။

**မာရ်နတ် ပူးဝင် နှောင့်ယှက်ပုံ** ထိုအချိန်ဝယ် မာရ်နတ်သည် ဗြဟ္မာတဦးကို ပူးဝင်ပြီးလျှင် "အိုရဟန်း၊ ဗကဗြဟ္မာမင်းကို မကဲ့ရဲ့ပါနှင့်။ ကဲ့ရဲ့သူသည် နောင်ဘဝ ယုတ်ညံ့သောဘုံသို့ ရောက်လိမ့်မည်" ဟု လျှောက်သည်။ မာရ်နတ် ဖြစ်ကြောင်း ဘုရားရှင် သိတော်မူသဖြင့် "သင့်နယ်က လွတ်ပြီးသော ငါဘုရားကို သင်လျှောက်ခွင့်မရှိပါ။ ငါဘုရားသည် ဗကဗြဟ္မာနှင့် သူ၏တန်ခိုးကို သိ၏။ သူ့ထက် သာသော ဗြဟ္မာများကိုလည်း သိ၏။ ထို့ကြောင့် ငါဘုရား အမြတ်ဆုံး" ဟု မိန့်ကြားလိုက်သည်။

**ဗြဟ္မာတသောင်း အရိယာဖြစ်ကြသည်** အနှိမ်ခံရသော ဗြဟ္မာမင်းသည် ရှက်သဖြင့် ကြံမိကြံရာကြံပြီးလျှင် "ကျွန်ုပ်တန်ခိုးသိရအောင် ကိုယ်ဖျောက်ပြမည်" ဟု ပြောဆို၍ ကိုယ်ဖျောက်စမ်းသော်လည်း မပျောက်ရကား ဗိမာန်တွင်းဝင်၊ ပဒေသာပင်အောက်ပုန်း၊ အရှက်လုံးလုံးကွဲရတော့သည်။ ဘုရားရှင် ကိုယ်ဖျောက် ပြသော့အခါ မမြင်ရတော့ပေ။ တခြားကြွသွားသည်ဟု ထင်မည်စိုးသဖြင့် အသံကြားအောင် မိဋ္ဌာန်တော်မူပြီးလျှင်—

ဘဝေဝါဟံ ဘယံဒိသွာ၊ ဘဝဉ္စ ဝိဘဝေသိနံ။
ဘဝံ နာဘိဝဒိံ ကိဉ္စိ၊ နန္ဒိံ စ န ဥပါဒိယိံ။

ဤဂါထာကိုရွတ်ပြတော်မူရာ ဗြဟ္မာတသောင်းမဂ်ဖိုလ်ကိုရကြသည်။ (ရန်သူနှင့်တွေ့လျှင် ကိုယ်ပျောက်နိုင်သည်။ ကိုယ်ပျောက်ဂါထာဟု ဆရာမြတ်တို့ ယုံကြည်ရွတ်ဆိုကြသည်။ ဘုံဘဝဟူသည် ဘေးရန်သာဖြစ်၍ ဘယ်ဘဝကိုမျှ ငါဘုရား မစွဲလမ်းဟူသော အဓိပ္ပာယ်ချုပ်ကို ဂါထာဖြင့် ညွှန်ပြသည်။) ဤသို့လျှင် မယဉ်းကျေးသူ လူနတ် ဗြဟ္မာများကို ယဉ်ကျေးအောင် ဆုံးမတော်မူနိုင်သည်။ (ဘဝဟူသမျှ ဘေးရန်ဘဲ၊ ဘယ်ဘဝမှ ငါမစွဲ။ ဤသို့ဖြစ်အောင် ကြိုးစားရာသည်။)

## သတ္တာဒေဝ မနုဿာနံ ဂုဏ်တော်ဆိုင်ရာ

**ဇာတိ အာဏာ ဝိသယ ဟု** ခေတ် ၃-ပါးတွင် အလောင်းဘုရား သန္ဓေယူစဉ်၊ ဖွားတော်မူစဉ်၊ ဘုရားဖြစ်တော်မူစဉ်၊ ဓမ္မစကြာတရားဟောစဉ်၊ အာယုသင်္ခါရလွှတ်တော်မူစဉ်၊ ပရိနိဗ္ဗာန်ဝင်စံတော်မူစဉ် အခါများ၌ တုန်လှုပ်သော စကြဝဠာ တသောင်းသည် ဇာတိခေတ်မည်၏။ အာဋာနာဋိယ၊ မောရ၊ ဓဇဂ္ဂ၊ ရတနပရိတ် စသည်တို့၏ အာဏာတော်နှံ့ရာ စကြဝဠာ ကုဋေတသိန်းသည် အာဏာခေတ်မည်သည်။ မည်ရွေ့ မည်မျှ တိုင်းတာ ရေတွက်၍ မရသော 'စကြဝဠာ အနန္တသည် ဝိသယခေတ်မည်သည်။

**၃-ဖြာ ခေတ်လုံး ရိုက်ချုန်း ကြေငြာ** ဤခေတ် ၃-ပါးလုံးတွင် ၂-ဆူမရှိ၊ တဆူတည်းသာ ငါတို့ စကြဝဠာ၌ပွင့်တော်မူသော အစိန္တေယျ ဂုဏ်ပေါင်းခသည့် မြတ်စွာဘုရားသည် ပဋိသန္ဓေ နေ-အိုနာ သေရခြင်း ဟူသော ဘေးအပေါင်းတို့ဖြင့် အဆုံးမရှိ ပင်ပန်း ပြေးသွားနေကြရသော လူ နတ် ဗြဟ္မာ သတ္တဝါများကို ယင်း ဘေးတို့မှ ကင်းရာ နိဗ္ဗာန်သို့ ရောက်အောင် ခေါ်ဆောင်တတ်သော ရှေ့ဆောင်ဦးစီး ကုန်သည်ကြီး ဖြစ်တော်မူသည်ဟု ဆိုလိုသည်။

**ကန္တာရလမ်း ခရီးကြမ်း မှ** ခြင်္သေ့ သစ် ကျား သူခိုး ဓားပြ ပေါများ၍ အစာရေစာရှားပါးသောခရီးကို ကန္တာရ= ခရီးကြမ်း ခရီးခဲဟု ခေါ်၏။ ဤ၌ကား အိုနာ သေဘေးတို့ဖြင့် မရှောင်သာအောင် ကြမ်းတမ်းသော သံသရာခရီးကို ကန္တာရဟု ခေါ်သည်။ ထိုသံသရာခရီးဆိုးကြီးမှ သော်တာငွေနန်း လစန်းရတနာပမာ ကြည်လင်အေးမြ ချမ်းသာရာ ရသောအရပ်သည်ကား နိဗ္ဗာန်သာတည်း။ ထို့ကြောင့် ငွေနန်းစန္ဒီ ဂုဏ်ဆီနက်ကြွေ နိဗ္ဗုတေသို့ဟု ပူဇော်ရွတ်ဆိုရသည်။

**တန်ခိုးပြာဋိဟာ ၃-မျိုး** တန်ခိုးရှင် ဖြစ်ကြသော ဗြဟ္မာ သိကြား နတ်များကဲ့သို့ အလိုရှိတိုင်း ပြုခြင်း၊ သွားခြင်း၊ ဖန်ဆင်းခြင်းငှါ စွမ်းနိုင်သော တန်ခိုးသည် ဣဒ္ဓိပါဋိဟာရိယ မည်သည်။ ကိုယ်တော်မှ ရေမီး အစုံအစုံ ထွက်ပေါ်စေသော ယမကပါဋိဟာရိယသည်လည်း ဣဒ္ဓိပင် မည်၏။ သတ္တဝါများ သန္တာန်ဝယ် ဖြစ်ပေါ်နေသော စိတ်နေ စိတ်ထားများကို မှန်ကန်စွာ သိစွမ်းနိုင်စေသော စေတော

ပရိယ အဘိညာဉ်သည် အာဒေသနာပါဋိဟာရိယ မည်သည်။တရားတော် အားလျော်စွာ ကြည်ညိုဘွယ်ဖြစ်အောင် ဆွဲဆောင်၍ ကျင့်ကြံ ကြိုးကုတ် အားထုတ်ဖို့ ဟောကြား ဆုံးမခြင်းသည် အနုသာသနီပါဋိဟာရိယ မည် သည်။

## လောကီဝိဇ္ဇာများနှင့် အပြစ် အနာအဆာ

**ဂန္ဓာရီဝိဇ္ဇာ** လောက၌ ဂန္ဓာရီဝိဇ္ဇာ၊ မဏိကာဝိဇ္ဇာဟု လောကီအတတ် ပညာ ၂-မျိုး ရှိရာ ဣဒ္ဓိဝိဓ အဘိညာဉ်ကဲ့သို့ တန်ခိုးအမျိုး မျိုး ဖန်ဆင်းနိုင်ခြင်းသည် ဂန္ဓာရီဝိဇ္ဇာ မည်သည်။ သာသနာတော်၌ ဣဒ္ဓိ- ဝိဓအဘိညာဉ်ရ ရဟန်းတော်များသည် တန်ခိုးပြ၍ လူများ ကြည်ညိုစေ လျှင် မသဒ္ဓါသူများက "ရဟန်းတော်များသည် လောကီဂန္ဓာရီဝိဇ္ဇာခိုရ် များသာတည်း။ လောကုတ္တရာတရားဖြင့် လူကြည်ညိုအောင် မတတ်နိုင် ကြပါ" ဟု ကဲ့ရဲ့မည်ဖြစ်၍ ဣဒ္ဓိပါဋိဟာရိယကို ဘုရားရှင် ခွင့်ပြုတော်မမူ။ တိကျစွာ တားမြစ်တော်မူသည်။

**စိတ်ကူး ထူးသော ရာဇဂြိုဟ် သူဌေး** ဂင်္ဂါမြစ်ဝယ် ပိုက်ကွန်ဖြန့်လျက် ရာဇဂြိုဟ်သူဌေး ရေချိုးနေသည်။ အထက်မှ မျောလာသော စန္ဒကူး တုံးသည် ယင်းပိုက်၌ အသင့်ငြိလာ၏။ သူဌေးသည် ဆယ်ယူပြီးလျှင် သပိတ်ထွင်း၍ ဆွမ်း ဆွမ်းဟင်းများ ထည့်ပြီး အတောင် ၆၀-မြင့်သော တိုင်ထိပ်မှာ ဆွဲထားလိုက်၏။ ဘာသာရေး အခိုင်အမာ မရှိသေးသဖြင့် "ကောင်းကင်ပျံ၍ သပိတ်ယူနိုင်သူ ဘယ်ဘုရားကို မဆို မိမိနှင့်တကွ တဆွေလုံး တမျိုးလုံး ကိုးကွယ်မည်"ဟု သူဌေးက ကြေငြာ လိုက်သည်။ စိတ်ကူး ထူးသော သူဌေးပင်တည်း။

**အရက်သမား ပါးစပ်က နတ်စကားပြောသည်** အချိန်ကား ၇-ရက် ရှိပေပြီ။ မည်သူမျှ မယူ သေးသဖြင့် "လောကမှာ ဘုရား-ဘုရား ဆို ကြပေမဲ့ သပိတ်ကိုမျှ ပျံမယူနိုင်ကြဘူး၊ ညာ နေကြတာ"ဟု အရက်သမားများ ပြောဆိုနေကြသည်။ ထိုစကားကို ဆွမ်းခံကြွရန် သင်္ကန်းသပ္ပာယ်နေကြသော အရှင်မောဂ္ဂလာန်နှင့် အရှင် ပိဏ္ဍောလတို့ ကြားလိုက်ရသည်။ "အားလုံးကို သိမ်းကျုံးပြီး လူညာတွေ ဟု ပြောနေကြတယ်။ အရှင်ပိဏ္ဍောလ၊ ကောင်းကင်ပျံပြီး ယူလိုက်ပါ" ဟု အရှင်မောဂ္ဂလာန်က တိုက်တွန်းသည်။

**တန်ခိုး မပြရဟု ဘုရား ပညတ်** အရှင်ပိဏ္ဍောလသည် ၃-ဂါဝုတ်မျှရှိသော ကျောက်ဖျာကြီးကို ခြေမဖြင့် ညှပ်လျက် ရာဇဂြိုဟ် မြို့ပေါ် ၇-ခေါက်ပျံဝဲပြလိုက်သည်။ ထိုနောင် ကျောက်ဖျာကို ခြေဖြင့်ခတ်ထုတ်ပြီး သူဌေးအိမ်ပေါ် ကောင်းကင်တွင် ရပ်တော်မူရာ သူဌေးက "ဆင်းတော်မူပါဘုရား" ဟု လျှောက်လျက် သပိတ်ချစေပြီး စတုမဓုများ လောင်းလှူလိုက်သည်။ အရှင်ပိဏ္ဍောလလည်း ကျောင်းပြန်ကြွရာ၊ "တန်ခိုး နဲနဲပြပါဦး ဘုရား" စသည်ဖြင့် မြို့တွင်း ဆူညံနေရစ်တော့သည်။ ဘုရားရှင် သိတော်မူသဖြင့် အရှင်ပိဏ္ဍောလအား ခေါ်ယူဆုံးမလျက် "မည်သူမျှ တန်ခိုးမပြရ" ပညတ်တော်မူသည်။ တန်ခိုးပြခြင်းသည် မျက်လှည့်ပြသလိုသာဖြစ်၍ အကျိုးမရှိ။ လူများကိုလည်း တရားထူးမရစေနိုင်သဖြင့် ဤသို့ မိန့်တော်မူသည်။ (သပိတ်ကိုခွဲ၍ ကြိတ်ချေ၊ ဆေးမှုန့်အဖြစ်သာ ခွင့်ပြုသည်။)

**မနိကဝိဇ္ဇာ** စေတောပရိယအဘိညာဉ်ကဲ့သို့ သူတပါးတို့၏စိတ်အကြံကို သိ၍ ဟောပြောနိုင်သော ပညာသည် မနိကဝိဇ္ဇာမည်သည်။ သာသနာတော်၌ စေတောပရိယအဘိညာဉ်ရ ရဟန်းတော်များသည် သူတပါးတို့၏ စိတ်အကြံကို ဟောပြော၍ လူများကို ကြည်ညိုစေလျှင် မသဒ္ဓါသူများက "ရဟန်းတော်များသည် လောကီစိန္တာ မနိကဝိဇ္ဇာဓိုရ်များသာတည်း" ဟု ကဲ့ရဲ့ကြကုန်လတ့်။ ထိုဖြစ်လျှင် သာသနာတော်သည် လောကုတ္တရာသက်သက် မဟုတ်တော့ဘဲ လောကီဝိဇ္ဇာဓိုရ်တို့၏ ဝိဇ္ဇာမယိဒ္ဓိ အသင်းအပင်း ဂိုဏ်းဂဏကဲ့သို့ ကျရောက်မည်ကို မြော်မြင်တော်မူခြင်းကြောင့် အာဒေသနာပါဋိဟာရိယကိုလည်း ခွင့်ပြုတော် မမူ။ အနုသာသနီပါဋိဟာရိယကိုသာ ခွင့်ပြုတော်မူသည်။

**အနုသာသနီ စွမ်းရည်ဂုဏ်** တရားတော်အားလျော်စွာ ကြည်ညိုဘွယ်ဖြစ်အောင် ဆွဲဆောင်၍ ကျင့်ကြံကြိုးကုတ်အားထုတ်ဖို့ ဟောကြားဆုံးမ အနုသာသနီပါဋိဟာရိယဖြင့် ရှေ့ဆောင်လမ်းပြဖြစ်တော်မူသော သတ္တာဒေဝ မနုဿာနံ ဂုဏ်တော်သခင် ဘုရားရှင် သည် ပါရမီအနန္တအရှင့် ဉာဏ်အထက်အနန္တ ပဓာနိယင်တရား သန့်-မသန့် အခြေခံအားလျော်စွာ အချို့သောလူနတ်ဗြဟ္မာသတ္တဝါများကို ၇-နှစ်၊ ၆-နှစ် ၅-နှစ် စသည်၊ အချို့ကို ၇-လ ၆-လ စသည်၊ အချို့ကို ၇-ရက် ၆ ရက် စသည်၊ အချို့ကို ညချမ်း၌ဆုံးမ၊နံနက်တွင်တရားထူးရ၊အရဟတ္တဖိုလ်ကို မျက်မှောက်ပြုစေသည်။

**ခရီးခဲမှ လွတ်ပြီးကြသူများ** သတ္တာဒေဝ မနုဿာနံ ဂုဏ်တော်ရှင်၏ ရှေ့ဆောင်ညွှန်ပြပေးတော်မူခြင်းကြောင့် အိုနာသေရေး ဒုက္ခဘေးမှ ကင်းဝေး လွတ်မြောက်ပြီးသူတို့မှာ ဘုရားရှင် ၄၅-ဝါအတွင်း လွန်မင်းစွာ များကုန်သည်။ ချုံဦးအံ့–ဓမ္မစကြာသုတ်တော်အဆုံး၌ ရှင်ကောဏ္ဍညနှင့်တကွ ဗြဟ္မာပေါင်း ၈-ကုဋေ၊နတ်ပေါင်း အသင်္ချေ တရားထူးရကြသည်။ ကပ္ပါသိကတောအုပ်၌ ဘဒ္ဒဝဂ္ဂီညီနောင် ၃၀-ကျိပ် ကိလေသာကင်း ဉာဏ်အလင်း ရကြသည်။ ဓမ္မစကြာမှ တပါး များစွာသော သုတ်တို့၌လည်း ဓမ္မစကြာသုတ်နည်းတူ နတ်ဗြဟ္မာများ အသင်္ချေအနန္တ ကျွတ်တမ်းဝင်ကြသည်။ ထို့ကြောင့် မိလိန္ဒပဉှာ နဝမဝဂ်မုတင်္ဂပဉှာခန်း၌ တရားထူးရသူ နတ်လူ ၁၄-သင်္ချေရှိသည်ဟု ပြသည်။ (သာဝသေသကထာ=အကြွင်းအကျန်နှင့် တကွဆိုသော စကားဟုမှတ်) သီဟိုဠ်ကျွန်းဖြစ်အဋ္ဌကထာဋီကာတို့၌ကား ၂၄-သင်္ချေကုဋေ ၆၀-ဗိုလ်ခြေ တသိန်း ကျွတ်တမ်းဝင်သည်ဟု ဆိုသည်။ ဤစကားကိုလည်း ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် အကျွတ်ရသူတို့ကိုပါ ထည့်၍ဆိုသည်ဟု မိန့်ကြသည်။

**နတ်ဗြဟ္မာများအတွက် ဘုရားပွင့်သည်** ဘုရားတဆူ တဆူ၌ ကျွတ်တမ်းဝင်သူ တို့မှာ နတ်ဗြဟ္မာများသာဖြစ်၍ လူများမှာ အနည်းငယ်သာတည်း။ထို့ကြောင့် နတ်ဗြဟ္မာများအတွက် ဘုရားပွင့်ပေးသည်ဟု ဆိုထိုက်သည်။ မှန်၏။ဗုဒ္ဓကောလာဟလ ဖြစ်ချိန်ကစ၍ ဇာတိခေတ် စကြဝဠာတသောင်း နတ်ဗြဟ္မာအပေါင်းတို့သည် ဘုရားကို မျှော်နေကြသည်။ဘုရားကိစ္စ၊ တရားကိစ္စတို့၌သာ ကြောင့်ကြစိုက်ကာ တပျော်တပါးနေကြသည်။ ဘုရားပွင့်သော အခါ၌လည်း လွယ်လင့်တကူ လာကြ၊ တရားနာကြ၊ ကျွတ်တမ်းဝင်ကြသည်။ နတ်ပြည်၌ ဤကမ္ဘာတွင်ပွင့်ပြီး ဘုရားတို့၏ တပည့်များ၊ဗြဟ္မာ့ပြည်၌ ဤကမ္ဘာနှင့် ရှေးရှေးကမ္ဘာတို့က ပွင့်တော်မူပြီးသော ဝိပဿီ စသော ဘုရားရှင်တို့၏ တပည့်များ အဆက်မပြတ်ရှိနေကြသဖြင့် လူ့ပြည်သာသနာကွယ်သော်လည်း နတ်ပြည် ဗြဟ္မာ့ပြည်၌ မကွယ်ကြသေးဘဲ ဆက်လက် ကျွတ်တမ်းဝင်ကြဦးမည်သာ။

**လူ့ပြည်၌သာ ဘုရားပွင့်ပုံ** ဘုရားပွင့်တော် မူခြင်းသည် နတ်ဗြဟ္မာများ တရားထူး ရပွဲဖြစ်သဖြင့် နတ်ပြည် ဗြဟ္မာ့ပြည်မှာသာ ဘုရားပွင့်သင့်သော်လည်း ဘုရားဖြစ်ဖို့ပါရမီ ဆည်း

ပူးရာ ဖြည့်ရာဘုံသည် လူ့ဘုံသာဖြစ်၏။ ထိုသို့လူ့ဘုံသည်သာ ဗောဓိသမ္ဘာရဘူမိမည်သောကြောင့် လူ့ဘုံ၌သာ ဘုရားပွင့်တော်မူသည်။ ထို့ကြောင့် လူ့ဘုံသည် ရခဲသော ဒုလ္လဘထိုက်သောဘုံဖြစ်သည်။ မှန်၏။ လူ့ဘုံ၌နေ၍သာ နတ်ပြဟ္မာဖြစ်ရန် ကောင်းမှုများ၊ မဂ်ဖိုလ်နိဗ္ဗာန်ရရန် ကောင်းမှုများသာမက ပစ္စေက သမ္မာသမ္ဗောဓိဆုများကို ရရန် ကောင်းမှုများကို ဆည်းပူးပြုလုပ် အားထုတ်နိုင်ကြသည်။ (နတ် ပြဟ္မာဘုံကား သုခဘုံမည်၏။)

**စဉ်းစားကြရန် တို့များဉာဏ်** ဘုရား တဆူတဆူ၌ ကျွတ်တမ်း ဝင်သူများစွာရှိသည်။ ဘုရား အဆူ ပေါင်းကလည်း ဂင်္ဂါသဲလုံးအမျှ များစွာ ပွင့်ပြီးဖြစ်၏။ သို့ပါလျက် မိမိတို့ ယခုတိုင် တပေပေ ကျန်ရစ် နေကြသည်မှာ ရင်နင့်ဘွယ်ရာ သာတည်း။ ထို့ကြောင့် သူတော်ကောင်း အခေါ်ခံနေကြ ပါလျက် သူတော်ကောင်း အလုပ်ကို တွင်တွင်မလုပ်ကြဘဲ ပစ္စုပ္ပန်တဘဝ တနပ်စာ သာယာ ဘွယ်များကိုသာ ရှာလျက် သာယာတွယ်တာနေကြဦးမည်ဆိုလျှင်၊ ကိလေသာ အလိုလိုက် မိုက်နေကြဦးမည်ဆိုလျှင် နောင်လည်း ကျန်ရစ်ဦးမည်သာ ဖြစ်သည်။ ထို့ကြောင့် လယ်တီဆရာတော်ဘုရားကြီး ဤသို့ ဆုံးမတော်မူသည်။

## လယ်တီမိန့်မြွက် ဆုံးမချက် တေးထပ်

ငါးအာရုံ ဘင်အစု၊ ခင်မင်မှုနှေ့ကုန်၊ နင်ယခုမေ့ပုံကို၊ စေ့စုံအောင် ရှုစမ်း၊ ပါယ်လေးဝ သောကဘုံမှာ၊ မျောရ ရုံရှိတော့ခမန်း။ အောက်ဝီစိ သောင်းအငူမှာ၊ ခေါင်းမပြူ စတမ်း၊ နှစ်အရှည် နှစ်မည် လမ်းကိုလ၊ နင်မျှော်စမ်းကိုယ်၊ သာသနာ ထင်အလင်းမှာလ၊ နင်အဖျင်း ပိုထက်သာပို၊ သည်လောဘ စရိုက်အိုကို ၊မလိုက်လိုရှောင်ပစ်လို့၊ နင်အသစ်တကယ်ပြင်လျှင်၊ကောင်းလိမ့်အစဉ်၊ ခွင့်သာခိုက်ကမှ မလိုက်ချင်လျှင်၊ အမိုက် နင့်ပြင် ရှိသေးလေလိမ့် လား။

ခွင့်သာဆဲကမှ မခဲချင်လျှင် အလွဲ နင့်ပြင် ရှိသေး လေလိမ့်လား။

ခွင့်သာတုန်းကမှ မရုန်းချင်လျှင် အရှုံး နင့်ပြင် ရှိသေး လေလိမ်လား။

## ဗုဒ္ဓ ဂုဏ်တော် ဆိုင်ရာ

**ဝရဇိန်မြက်ရှင် ဗွေပလ္လင်ထိပ် အပရာဇိတ်ဝယ်** မြက်ထမ်းပုဏ္ဏားလှူသော မြက် ၈-ဆုပ် သည် ဗောဓိညောင်အောက်၌ ပလ္လင်တော် ပေါက်လာသည်။ ၎င်းပလ္လင်တော်ဝယ် ထိုင်နေတော်မူလျက် ဒေဝပုတ္တ စသော မာရ် ၅-ပါး အောင်နိုင်တော်မူသောကြောင့် ပလ္လင်ဇတော်သည် အပရာဇိတမည်သည်။ ဝရဇိန်လက်နက်ႁမာ ကိလေသာတို့ကိုလည်း ဖောက်ခွဲ ဖျက်ဆီးနိုင်ခဲ့သည်။ ထို့ကြောင် ဝရဇိန်မြက်ရှင် စသည်ဖြင့် ပူဇော်ရွတ်ဆိုသည်။

**ရှစ်ဆူစွင့်စွင့် လှစ်ထူဖွင့်၍** မဂ် ၄-ပါး ဖိုလ် ၄-ပါး တရားတော် ၈-ပါးကို ရတော်မူသော ဘုရားရှင်အား လျှံဖိတ်ဝင်းပမွန်မြတ်လှသော ထီးဖြူတော် ၈-စင်း ဖွင့်လှစ်ဆောင်းမိုးလျက် သစ္စာ ၄-ပါးတို့ကို ကိုယ်တော်တိုင်သိ၊ လူနတ်ဗြဟ္မာများကိုလည်း သိစေတော်မူသည်ဟု ဆိုလိုသည်။ ထိုသို့ သိတော်မူရာ၌ ပု-ဒိ-အာ ဟူသော ဝိဇ္ဇာ ၃-ပါး၊ အနာဝရဏဉာဏ်တော် ဈာန်သမာပတ် ၉-ပါး ကြီးမားသော တန်ခိုးတော်များကိုလည်း အပြည့်အစုံ ရတော်မူသောကြောင့် ၃-ဆင့် ဝိဇ္ဇာ အနာဝရဏ စသည်ဖြင့် ပူဇော်ရွတ်ဆိုသည်။

**တရားအထွဋ် သစ္စာပန်းဝတ်ကို** ဒုက္ခသစ္စာ စသော သစ္စာ ၄-ပါး မသိသမျှ ဒုက္ခသံသရာမှ မည်သူမှမလွတ်နိုင်၊ ထို့ကြောင့် သစ္စာဉာဏ်သည် အမြတ်ဆုံး အထွဋ်အထိပ် လောကုတ္တရာ တရားသာ ဖြစ်သည်။ သဗ္ဗညုတဉာဏ်တော်ဟူသည် လောကီသာတည်း။ ဤသို့ စတုသစ္စ ပဋိဝေဓဉာဏ်တော်ဖြင့် သစ္စာ ၄-ပါးဟူသော ပန်းပင်ကြီးကို ကိုယ်တိုင် သိ-ပွင့်၊ တပါးသူကိုလည်း သိစေ-ပွင့်စေတော်မူသည်။ ထို့ကြောင့် ဘုရားရှင်ကို ဗုဒ္ဓဟူသော ဂုဏ်တော်ထူးဖြင့်လည်း ပူဇော်အပ်သည်။

## သစ္စာ ၄-သွယ် သိမှတ်ဖွယ်

**ဒုက္ခသစ္စာ** ရုပ်ခန္ဓာနှင့် စိတ် စေတသိက် နာမ်တရားများ ပေါင်းစပ်ထားသော ခန္ဓာကိုယ်သည် ဆင်းရဲအမှန် ဖြစ်သောကြောင့် ဒုက္ခသစ္စာမည်သည်။ မှန်၏။ ဤခန္ဓာကိုယ် ရှိနေ၍သာ စားဝတ်နေရေး စီမံရ၊ အစီအမံ မကောင်း၍ ပစ္စုပ္ပန်၌ ထောင်ကျ၊ အချုပ်ခံရ၊ နေ

အပါယ်သို့ ရောက်ရခြင်း စသော ဆင်းရဲများ၊ အိုနာသေ ဆင်းရဲများ၊ စီးပွားဥစ္စာ သားသမီး ဇနီး စသည်များကို ထားခဲ့ရ၊ ပစ္စုပ္ပန်မှာလည်း အဆင်မသင့်၍ ကွေကွင်းရစသော ဆင်းရဲများ ကြုံရသည်။ ချမ်းသာလှပါသည်ဆိုသော နတ်ဗြဟ္မာများအဖြစ်သို့ ရောက်အောင် အားထုတ်ရသောဒုက္ခ၊ ရောက်ပြီးကလည်း ပျက်စီးရသောဒုက္ခဟူသမျှသည် အမှန်ချည့်ပင်ဖြစ်သည်၊ ချစ်ခင်အပ်သော သတ္တဝါသခါရတို့ကြောင့် အချို့နတ်များ၊ အချို့ စည်းစိမ်ရှင်လူများ ပြင်းစွာ ပင်ပန်းဆင်းရဲကြသည်။

**သမုဒယသစ္စာ** ဒုက္ခသစ္စာ၌ ဖော်ပြပါ ဆင်းရဲမှန်သမျှသည် တဏှာ သမုဒယ လောဘကြောင့်သာဖြစ်ကြသည်။ ထိုလောဘကြောင့်ပင် ပစ္စုပ္ပန်၌ မင်းပြစ် စိုးဒဏ်၊ တမလွန်၌ အပါယ် ဆင်းရဲ လူနတ်ဗြဟ္မာဟူသော ဝဋ္ဋဆင်းရဲများ ဖြစ်ရသည်။ ၃၁-ဘုံ၌ မပြတ်လည်ကာဖြစ်နေသမျှသည် ဤလောဘစက်ရိပ်သာ ဖြစ်ခြင်းကြောင့် လောဘသည် ဒုက္ခဖြစ်ကြောင်း အမှန်တရားစင်စစ် ဧကန်ဖြစ်သည်။

**အစသတ်မရ လွန်လောဘ** မီးသည် လောင်စာများကြောင့် အစမသတ် မီးလောင်မရပ်ဘဲ လောင်စာကို တင်းမတိမ်နိုင်သည့်နည်းတူ လောဘလည်း ရလေ လိုလေပင် ဖြစ်သည်။ ရှေးက ၄-ကျွန်းလုံးကို အစိုးရသော မန္ဓာတုစကြာမင်းသည် နတ်ပြည် ခမ်းနားကြောင်းသိ၍ စကြာရတနာဖြင့်တက်ရာ နတ်မင်းကြီး ၄-ဦးက စတုမဟာရာဇ်နတ်ပြည်ကို ဆက်သကြသည်။ အထက်နတ်ပြည်များ၏ ဂုဏ်ကို ကြား၍ တာဝတိံသာသို့တက်ပြန်ရာ သိကြားက နတ်ပြည်တဝက် ခွဲပေးပါ၏။ အသင်္ချေယျတန်းတွင် လူဖြစ်သော စကြာမင်းကြီးသည် သိကြား ၃၆-ဆက်ပြောင်းသည်တိုင်အောင် အုပ်စိုးရသော်လည်း တင်းမတိမ်နိုင်၍ သိကြားကို သတ်လိုစိတ်ပေါ်လာသည်။ ထို အကြံဆိုးကြောင့် နတ်ပြည်မှ ကွယ်ပျောက် လူ့ပြည်ရောက် စုံတိရတော့သည်။ ဤသို့လျှင် နောက်မဆုပ် တတ်သော လောဘကြောင့် ဒုက္ခသံသရာ လက်စမသတ်နိုင်တော့ပေ။ (လူ့သက်တမ်း အသင်္ချေယျဟု ဆိုခြင်းကြောင့် မန္ဓာတ်မင်း ဖြစ်ရပ်ကို ဤကမ္ဘာ အစပိုင်းကဟု မှတ်)

**နိရောဓသစ္စာ** နိဗ္ဗာန်သည် ဒုက္ခ သမုဒယ အားလုံး၏ ချုပ်ဆုံးရာအမှန် ဖြစ်သည်။ ထို့ကြောင့် အချမ်းသာဆုံးပင်ဖြစ်၏။ သို့သော် ပုထုဇဉ်ဂတိအားလျော်စွာ နိဗ္ဗာန်၏ ချမ်းသာပုံကို မသိမြင်နိုင်ကြသဖြင့်

မိထွေးတော်ဂေါတမီ ပရိနိဗ္ဗာန်စံယူပွဲ၌ လူနတ်များစွာ ဝမ်းနည်းကြေကွဲကြသည်။ ထိုအခါ မိထွေးတော်က "သားတို့ သမီးတို့၊ ယခုအခါ ငိုရမည့်အခါမဟုတ်၊ ဝမ်းသာရမည့်အခါသာ ဖြစ်သည်"ဟု တရားချလျက် တန်ခိုးပင် ပြသွားသည်။ (နိဗ္ဗာန်ဆိုင်ရာ သိမှတ်ဖွယ်အကျယ်ကို ဩကာသအခန်း၌ သိရလတ္တံ့)

**မဂ္ဂသစ္စာ** အသိကောင်း၊ အကြံကောင်း၊ အလုပ်ကောင်း၊ အပြောကောင်း စသော မဂ္ဂင် ၈-ပါး အကျင့်တရားသည် နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်း လမ်းမှန်ဖြစ်၍ မဂ္ဂသစ္စာမည်၏။ မိမိပြုထားသမျှ ကောင်းမှု မကောင်းမှုများသည် မိမိသန္တာန်၌ အမှန်ပင်ရှိနေကာ နောင်အခါ သင့်သလို ကောင်းကျိုး မကောင်းကျိုးများ ရပေမည်ဟု ကံ ကံ၏အကျိုးကို လက်ခံယုံကြည်သော ကမ္မဿကတာဉာဏ်ဝယ် အခြေခံလျက် အကျိုးအပြစ်များကို ဆင်ခြင်ကာ အရာရာဝယ် ကိုယ်ချင်းစာစိတ်ဖြင့် အပြစ်မရှိသော အကြံအစည် အပြောအဆို အပြုအမူများကိုသာ ပြောဆိုပြုလုပ်ရမည်။

အကြောင်းညီညွတ်သောအခါ တလံမျှလောက်သော ကိုယ်ခန္ဓာဝယ် ရုပ်နာမ်တို့၏ ဖြစ်လာပုံ၊ ပျက်သွားပုံများကို ဆင်ခြင်သော ဝိပဿနာဉာဏ်များကို အချိန်များစွာ ဖြစ်စေလျက် တိုးတက်အားထုတ် သွားပါလျှင် အမှန်ပင်နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်း မဂ္ဂသစ္စာ ဖြစ်တော့မည်သာတည်း။ (မည်သည့်ကုသိုလ်၌မဆို သမ္မာဒိဋ္ဌိစသော မဂ္ဂသစ္စာများ ပါဝင်ပုံကို သတိပြု။)

**ဗုဒ္ဓဉာဏ်တော် ၁၄-ပါး** အထက်ဖော်ပြပါ သစ္စာ ၄-ပါးဆိုင်ရာ သစ္စာဉာဏ် ၄-ပါး၊ ပဋိသမ္ဘိဒါဉာဏ် ၄-ပါး၊ အသာ-ဓာရဏ ဉာဏ်တော် ၆-ပါး၊ ဤ ၁၄-ပါးသည် ဘုရားဉာဏ်တော်တို့နှင့် ပြည့်စုံတော် မူသောကြောင့်လည်း ဗုဒ္ဓမည်သည်။ သစ္စဉာဏ် ၄-ပါး ထင်ရှားပြီ။

**ပဋိသမ္ဘိဒါဉာဏ် ၄-ပါး** ထူးခြားထွေပြော အမျိုးမျိုးသောသဘောတရားများကိုပဋိသမ္ဘိဒါ၊ ယင်းတို့ကိုသိလျှင် ပဋိသမ္ဘိဒါဉာဏ်ဟု ခေါ်သည်။အတ္ထ၊ ဓမ္မ၊နိရုတ္တိ၊ ပဋိဘာနဟု ပဋိသမ္ဘိဒါဉာဏ် ၄-ပါးရှိသည်။ အနက်အဓိပ္ပာယ်ဆိုင်ရာ အမျိုးမျိုးကိုသိသော ဉာဏ်သည် အတ္ထပဋိသမ္ဘိဒါဉာဏ် မည်သည်။ တရားတော်အကြောင်း ဆိုင်ရာ

အမျိုးမျိုးကို သိလျှင် ဓမ္မပဋိသမ္ဘိဒါဉာဏ်၊ မာဂဓ ဘာသာမှစ၍ ဘာသာအမျိုးမျိုး ဘာသာဗျုပ္ပတ် ဝိဂ္ဂဟ်ဝစနတ္ထပုဒ် ပါဠိမှန်သမျှ အဝဝကို သိလျှင် နိရုတ္တိ ပဋိသမ္ဘိဒါဉာဏ် မည်၏။ ယင်းဉာဏ်ရှင် သည်သာ သဒ္ဒပါရဂူအစစ်ဖြစ်သည်။ အကြောင်းတိုက်ဆိုင်၍ ကြုံကြိုက်သလို ဥပမာ ဥပမေယျ စသည်တို့ဖြင့် ဉာဏ်အားထင်လာခြင်းငှါ စွမ်းနိုင်သောဉာဏ်သည် ပဋိဘာနပဋိသမ္ဘိဒါဉာဏ်မည်သည်။

**အရိယာတိုင်း ပဋိသမ္ဘိဒါဉာဏ်မရ** ဤဉာဏ် ၄-ပါးကား ပုထုဇဉ်တို့နှင့် လုံးဝမဆိုင် အရိယာတိုင်းလည်း မရ။ ပါရမီရှင်ဖြစ်၍ ပဋိသမ္ဘိဒါဉာဏ်မျိုးစေ့ရှိသော အရိယာများသာ ရနိုင်သည်။ အဘိညာဉ်နှင့် တခြားစီသာတည်း။ ဘုရားလက်ထက်တော်မှာပင် ပဋိသမ္ဘိဒါပတ္တပုဂ္ဂိုလ်များ ရှားလှသည်။ အရကောက်မှာ အတ္ထအရ—အကျိုးများ၊ နိဗ္ဗာန်၊ ပါဠိ၏အနက်၊ဝိပါက်စိတ်၊ ကြိယာစိတ် ဟူ၅-မျိုးရ၍ဓမ္မအရမှာလည်း အကြောင်းဟူသမျှ၊မဂ် ၄-ပါး၊ပါဠိတော်၊ ကုသိုလ်၊ အကုသိုလ် ၅-မျိုးပင် ရသည်။

နိရုတ္တိအရကား ယင်းအတ္ထ ၅-မျိုးနှင့် ဆိုင်ရာ သဒ္ဒါပုဒ်ပါဌ် ၁၀-မျိုး ရှိသည်။ ပဋိဘာနအရလည်း အထက် ၃-ပါးတို့၏ ကိစ္စအားလုံး သက်ဆိုင်သည်။ ထို့ကြောင့် ပဋိဘာနကို သဗ္ဗတ္ထကပဋိသမ္ဘိဒါဉာဏ်ဟု ခေါ်သည်။

## အသာဓာရဏ ဉာဏ်တော် ၆-သွယ် ကြည်ညိုဖွယ်

၁။ **ဣန္ဒြိယ ပရောပရိယတ္တိဉာဏ်** သတ္တဝါတို့၏ ဣန္ဒြေအနုအရင့်ကို သိသောဉာဏ်တည်း။ ဣန္ဒြေအရ သဒ္ဓါစသော ဣန္ဒြေကိုယူ။ ဤဉာဏ်ဖြင့် ကျွတ်ထိုက် မကျွတ်ထိုက် သိသည်။

၂။ **အာသယာနုသယဉာဏ်** အာသယဟူသည် စိတ်၏အမြဲ စွဲမှီရာဌာနတည်း။ ဝဋ်၌ခင်မင်သော သတ္တဝါတို့၏ စိတ်သည် များသောအားဖြင့် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ၌ မှီတွယ်သည်။ ဝဋ်၌ငြီးငွေ့သော သတ္တဝါတို့၏ စိတ်သည် ပဋိစ္စသမုပ္ပါဒ် ဝိပဿနာ၌ မှီတွယ်သည်။ ဤသို့ အာသယ ၄-ပါးရှိ၏။ အနုသယဟူသည် ဥပါဒ်ခြင်းသို့မရောက်ဘဲ စိတ်အစဉ်၌ မျိုးဓာတ်အနေဖြင့် ကိန်းနေသော ကာမ

ရာဂစသော အနုသယ ၇-ပါးတည်း။ ဤသို့လျှင် သတ္တဝါတို့၏ အလို နှလုံးသွင်း အတွင်းခံတတ်ကို သိတော်မူသည်။

**အရှင်သာရိပုတ္တရာ၏ အမှား** ဤဉာဏ် ၂-ပါးနှင့်ပြည့်စုံတော်မူသော ဘုရားရှင်သည်သာ ဝေနေယျ အနန္တကို အခြေတကျ ချေချွတ်တော်မူနိုင်သည်။ ဤ ဉာဏ် ၂-ပါးမရှိသော အရှင်သာရိပုတ္တရာမှာ ရဟန်းတော် တပါးအား ကမ္မဋ္ဌာန်း အပေးမှားသဖြင့် တရားမရနိုင်ဘဲ ရှိနေရာတွင် ဘုရားရှင်နှင့်တွေ့မှ လွယ်ကူစွာ ကျွတ်တမ်းဝင်ရသည်။

**၃။ ယမကပါဋိဟာရိယဉာဏ်** ကိုယ်တော် အထက်ပိုင်းမှ မီး၊ အောက်ပိုင်းမှ ရေ၊ လက်ဝဲဘက်မှ ရေ၊ လက်ျာဘက်မှ မီးစသည်ဖြင့် အစုံအစုံသော တန်ခိုးတော်ကို ဖြစ်စေနိုင်သော ဉာဏ်တည်း။ ဗောဓိမဏ္ဍိုင်၌ နတ်ဗြဟ္မာများ၏ မာနကို ချိုးနှိမ်ခြင်းငှာ တကြိမ်၊ သာဝတ္ထိမြို့ သရက်ဖြူပင်ရင်း၌ တိတ္ထိတို့ကိုနှိမ်နင်းခြင်းငှာတကြိမ်၊ ပါထိကပုတ္တကို အကြောင်းပြု၍ စည်းဝေးရာ၌တကြိမ် ယမိုက်ပြာဋိဟာကို ပြတော်မူသည်။

**၄။ မဟာကရုဏာသမာပတ္တိဉာဏ်** သတ္တဝါများကို မီးလောင်နေသော နှောင်အိမ်ကြီး အတွင်း ရောက်နေသလို ကြီးစွာသနားလျက် မဟာကရုဏာသမာပတ်နှင့်ယှဉ်ကာ ဝင်စားသောဉာဏ်တည်း။ ဘုရားရှင်သည် သတ္တဝါများအတွက် နေ့တိုင်းပင် ညဉ့်အခါ၌ရင်း၊ နံနက်မိုးသောက်အခါ၌ရင်း ကုဋေပေါင်း ၂-သန်း ၄-သိန်းအရေအတွက်ရှိသော မဟာကရုဏာသမာပတ်ကို ဝင်စားတော်မူသည်။

**အမှာ။** ။၅–သဗ္ဗညုတဉာဏ်။ ၆–အနာဝရဏဉာဏ်။ ဤ ၂-ပါးကို သမ္မာသမ္ဗုဒ္ဓဂုဏ်၌ ပြခဲ့ပြီ။

**အဓိဒေဝ ဉာဏဒဿန ၈-ပါး** နတ်တို့၏ တန်ခိုးကို ကျော်၍ သိစွမ်းနိုင်သော ဉာဏ်များတည်း။ ဤဉာဏ်ဖြင့် နတ်တို့၏ အရောင်အဝါအဆင်းကိုမြင်နိုင်၍ နတ်များနှင့် နေနိုင်ပြောနိုင်သည်။ နတ်တို့၏လာခဲ့ရာဘုံ၊ဖြစ်ကြောင်းကံ၊ အစာအာဟာရ၊သက်တမ်း၊

ရှေးက အတူနေထိုင်ခဲ့ဘူး ဟုတ်-မဟုတ် သိနိုင်သော ဉာဏ် ၈-ပါး တည်း။

**ဂုဏ်တော် ၂-ပါးအထူး** သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ဖြင့် သိဘွယ်ဥေယျဓမ္မ အားလုံးကို သယမ္ဘူဉာဏ်ဖြင့် အမှန်သိမြင်တော်မူပုံကိုပြ၍ ဗုဒ္ဓဂုဏ်တော်ဖြင့် သစ္စာ ၄-ပါးကို ကိုယ်တော်တိုင်လည်းသိ၊ တပါးသူကိုလည်း သိစေတော်မူပုံကို ပြသည်။ (ဝိသုဒ္ဓိမဂ်၊ ဋ၊ ဋီ-ယင်းဋီကာ၌ပင် တမျိုးလည်း မိန့်ဆိုသေး၏။)

## ရသေ့ညီနောင် ရှင်တဒထောင် ချွတ်ခန်း

**ရှင်ဂေါတမ လှပါဘိ သေထိမှာစိုး** ဥရုဝေဠတော၌ ဥရုဝေဠ၊ နဒီ၊ ဂယာဟု ကဿပညီနောင် ၃-ဦးရှိရာ အစဉ်လိုက် တပည့်များ ၅၀၀၊ ၃၀၀၊ ၂၀၀-စီ ရှိကြသည်။ ဘုရားရှင်သည် ဥရုဝေဠကဿပထံ ကြွလာ၍ မီးတင်းကုပ်၌ တည်းခိုခွင့်တောင်းသည်။ လက်ခံချင်ပါ၏၊ မီးတင်းကုပ်၌ နဂါးကြီး ရှိနေသည်ဟု ဥရုဝေဠကလျှောက်ရာ သင့်နဂါးကြီး ငါဘုရားကို မညှဉ်းဆဲနိုင်၊ နေခွင့်သာပေးပါဟု ဘုရားရှင်မိန့်တော်မူရာ နေခွင့် ရသည်။

ညအချိန်၌ နဂါးမင်းစိတ်ဆိုးသဖြင့် အခိုးလွှတ်ရာ ဘုရားရှင်ကလည်း ပြန်၍လွှတ်သည်။မီးတင်းကုပ်မီးလောင်နေသလိုထင်ရ၏။ "အရှင်ဂေါတမ လှပါဘိသနဲ့ သေတော့မှာဘဲ" ဟု ဝိုင်းကြည့်နေကြသော ရသေ့များ ပြောဆိုကြသည်။

**တန်ခိုးကြီးပေမဲ့ ငါလိုရဟန္တာမဟုတ်** နဂါး တန်ခိုး ကုန်သော အခါ ဘုရားရှင်သည် နဂါးကို သပိတ်၌ထည့်၍ ရသေ့များကိုပြရာ "အရှင်ဂေါတမ တန်ခိုးကြီးပါ၏။ ငါ့လိုကား ရဟန္တာမဟုတ်"ဟု ဥရုဝေဠရသေ့ စိတ်ဖြစ်လိုက်သည်။ စိတ်ထဲ၌ မှတ်ချက်ချလိုက်သည်။ (သပိတ်-၁) နောက်ရက်များ၌လည်း ညစဉ်ပင် ဖြဟ္မာ သိကြား နတ်များ ဘုရားထံတော် လာရောက် ဆည်းကပ် ကြသဖြင့် တတောလုံး လင်းထိန်နေသည်။ ဥရုဝေဠက မေးသဖြင့် အကြောင်းကို မိန့်ကြားရာ အလားတူပင် စိတ်၌"တန်ခိုးကြီး၏။ ငါ့လို ရဟန္တာမဟုတ်သေး"ဟု မှတ်ချက်ချသည်။ (သိကြား-၂)

**မြောက်ကျွန်း ဘုရားဆွမ်းခံကြွသည်** ဥရုဝေဠကျောင်း၌ ယဇ်ပူဇော်ပွဲရှိသဖြင့် အနီးရှိ မြို့ရွာများမှ လူများလာကြရာ စည်ကားလှသည်။ "ဒီနေ့ ရှင်ဂေါတမ မလာမှကောင်းမယ်၊ လာပြီးတန်ခိုးပြလျှင် သူ့ကိုသာ လူများကြည်ညိုကြပေမည်"ဟု ဥရုဝေဠ စိတ်ကူးသည်။ ထိုအကြံကို ဘုရားရှင်သိသဖြင့် သနား၍ မြောက်ကျွန်းသို့ကြွ ဆွမ်းခံဘုဉ်းပေးလိုက်၏။ နောက်နေ့၌ ဥရုဝေဠက ဘုရားရှင်အား "ဘာလို့မလာသလဲ၊ မျှော်နေပါတယ်"ဟု လျှောက်ထားရာ သူ့စိတ်သဘောယုတ်ကို ဘုရားရှင် ထုတ်ပြောလိုက်၏။ အလားတူ မှတ်ချက်ချသည်။ (လူများ-၃) ဘုရားရှင် ပံသုကူသကင်္န်း ကောက်တော်မူ၍ ဖွပ်လျှော်ရာဝယ် သိကြားမင်းက ရေကန်နှင့် ကျောက်ဖျာ စီမံပေးသည်ကိုရင်း၊ ရုက္ခစိုးနတ်က အဝတ်လှန်းဘို့ သစ်ကိုင်း နှိမ်ပေးသည်ကိုရင်း ဥရုဝေဠ မြင်သည်။ အလားတူပင် မှတ်ချက်ချသေး၏။(ပံသုကူ-၄)

**ဇမ္ဗုသပြေသီး ဘုရားရှင် ကောက်လာ** တခါန်တွင် ဥရုဝေဠသည် ဘုရားရှင်အား ဆွမ်းစားလာပင့်သည်။ အသင်သွားနှင့်ဟု ဘုရားရှင်သည် အမိန့်ရှိလိုက်ပြီး အဝေးမှာရှိသော ဇမ္ဗုသပြေသီး သရက်သီးများယူလာလျက် ရသေ့ထက်စော၍ ရောက်နေနှင့်သည်။ရသေ့အံ့ဩပြီး အလားတူမှတ်ချက်ချသည်။(ဥရုဆွမ်းစား-၅) တခါန်တွင် ရသေ့များသည် မီးပူဇော်ရန် ထင်းများခွဲကြ၊မီးမွှေးကြသည်။ ထင်းခွဲမရ၊ မီးမွှေးမရဖြစ်နေကြ၏။ ဘုရားရှင်အား လျှောက်ထားရာ ထင်းများ ကွဲစေ၊ မီးများ တောက်စေဟု အမိန့်ရှိလိုက်ရုံဖြင့် အလိုလို ကိစ္စပြီးသွားသည်။ ဤ၌လည်း မှတ်ချက်ပင်။(ထင်းစိုများ-၆)

**တန်ခိုးပေါင်း ၃၅၀၀-ထိ စိတ်မမှန်သေး** အခါတပါးတွင် မိုးသည်းထန်စွာ ရွာသွန်း သဖြင့် ရသေ့များနေရာတွင် ရေပြင်ကြီးဖြစ်လာသည်။ ရသေ့များသည် လှေဖြင့် ရဟန်းဂေါတမကို ဆယ်။ အံ့ဩသွားကြရာ ဘုရားရှင်ကား ဖုံတထောင်းထောင်းနှင့် စင်္ကြံကြွနေတော်မူ၏။ ထိုအခြင်းအရာကို မြင်ပါလျက် "တန်ခိုးကြီးပေမဲ့ ရဟန္တာမဟုတ်"ဟု မှတ်တုန်းပင်တည်း။ ဤသို့သော တန်ခိုးပေါင်း ၃၅၀၀ မြင်ပြီးပါလျက် စိတ်မမှန်သေးသော ဥရုဝေဠအား "ဟဲ့ ဥရုဝေဠ၊ သင်သည် ရဟန္တာမဟုတ်၊ရဟန္တာ အကျင့်ကိုလည်း မကျင့်၊ရဟန္တာကျင့်စဉ်ကိုလည်း နားမလည်" ဟု ဘုရားရှင်က ပြတ်သား

စွာ မိန့်ကြားလိုက်ရတော့သည်။ (ကြီးမားရေ စသည်·၇) "သပိတ် သိကြား၊ လူများ ပံသုကူ၊ ဥရုဆွမ်းစား၊ ထင်းစိုများ၊ ကြီးမားရေ စသည်"ဟူသော တန်ခိုးအစဉ်ဖြင့် ဘုရားရှင်ကို ကြည်ညိုနိုင်ကြပါစေ။

**ရသေ့ပရိက္ခရာ မြစ်ရေမှာ မျော** ထိုအခါ၌ကား ဥရုဝေဠကဿပသည် ဘုရားရှင်၏ခြေတော်အစုံကို ဦးခေါင်းဖြင့် တိုက်လျက် ရဟန်းပြုပေးတော်မူပါဘုရားဟု လျှောက်ထားသည်။ တပည့်များနှင့်တိုင်ပင်ရန် ဘုရားရှင်မိန့်ကြားသဖြင့် တိုင်ပင်ရာ "တပည့်တော်တို့ ဘုရားရှင်ကို ကြည်ညိုနေတာ ကြာပါပြီ"ဟု တပည့်များ ပြန်ပြောကြ၏။ အများသဘောတူ ရသေ့ပရိက္ခရာများကို နေရဉ္ဇရာမြစ်ကျော မျှောကြ ရဟန်းပြုကြသည်။

ရေမျောလာသော ပရိက္ခရာများကို အောက်ဖက်ဆိပ်တွင် နေကြသော နဒီကဿပ ဂယာကဿပတို့တွေ့ကြရာ စုံစမ်းရန် နောင်တော် ဥရုဝေလကဿပထံလိုက်လာကြသည်။အခြေအနေမှန်ကိုသိကြ၊ရဟန်းပြုကြ၊ အားလုံးပင် ရဟန္တာ ဖြစ်သွားကြသည်။ ဤသို့လျှင် သစ္စာ ၄-အင်ကို ကိုယ်တိုင်သိမြင်တော်မူပြီး ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ရသေ့ ညီနောင် ရှင်တထောင်တို့အားလည်း သစ္စာမြင်စေ၊အကျွတ်ရစေတော်မူပြီ။

### ဘဂဝါဂုဏ်တော် ဆိုင်ရာ

**မန္တာတ်စကြာ ဒေဝိန္ဒာနှင့် ဗြဟ္မာမကိုင္ဍ** လူနတ် ဗြဟ္မာ သုံးလောကတွင် မန္ဓာတု စကြာမင်း၊ သိကြား နတ်မင်း၊ မဟာဗြဟ္မာမင်း ဟူသော အမင်းမင်း တို့ထက် ဖက်ပြိုင်တုမရသော ဣဿရိယစသော ဘုန်းတော်တို့နှင့် ပြည့်စုံတော် မူခြင်းတို့ကြောင့် ရွှေတောင်ကြီးပမာ ဘုရားရှင်သည် အလွန်ထင်ရှားတော်မူသည်။ ထို့ကြောင့် ဘော်ကျူးဋ္ဌေနှစ်(လ)ရွှေတောင်ကြီး အလားစသည်ဖြင့် ရွတ်ဆိုပူဇော်သည်။ မှန်၏။ ဘဂဝါ ဂုဏ်တော်သခင် ဘုရားရှင်သည် သုံးလောက၏ အချီးမွမ်းအပ်ဆုံး၊ အရိုအသေအလေးအမြတ် အပြုအပ်ဆုံးဖြစ်တော်မူသည်။

### (၁) ဣဿရိယဘုန်းတော် အပြား

**စိတ္တိဿရိယ** အစိုးရခြင်းဘုန်းတော်ကို ဣဿရိယဟု ခေါ်သည်။ ထို ဣဿရိယသည် စိတ်ကို အစိုးရခြင်း၊ ဈာန်သမာပတ်ကို အစိုးရခြင်းစသော အားဖြင့် များသော အပြားရှိရာ စက်ဆုပ်ဖွယ်အာရုံကို

မြတ်နိုးဖွယ်ဖြစ်အောင်၊ မြတ်နိုးဖွယ် အာရုံကို စက်အုပ်ဖွယ် ဖြစ်အောင် စိတ်တော်ကို ပြုပြင်ခြင်း စသည်ဖြင့် စိတ်တော်ကို အစိုးရခြင်းသည် စိတ္တိဿရိယမည်သည်။

ထို့ကြောင့် ဘုရားရှင်သည် တဏှာ၊ အရတိ၊ ရဂါဟူသော မာရ်နတ်၏ သမီး ၃-ယောက်တို့လာ၍ ဖြားယောင်းသော်လည်း စက်ဆုပ်ဖွယ် အမှတ်ဖြင့် ပွားများတွန်းလှန်တော်မူသည်။ အခြားယောက်ျားများသာ ဆိုလျှင် သေလျှင်သေ၊ မသေလျှင် ရူးသွားနိုင်အောင် စွဲမက်နှစ်ခြိုက်ဖွယ် နတ်သမီးများ ဖြစ်ကြသည်။

ထို့အပြင် ဘုရားရှင်သည် ပိုးလောက်အတိ ပြည့်၍ စက်ဆုပ်ဖွယ်ရာ ကျွန်မ၏ အလောင်းကောင်တွင် ပတ်ထားသော အဝတ်ဟောင်းများကို လည်း အပဋိကူလသညာ(စက်ဆုပ်ဖွယ်မဟုတ်သောအမှတ်) ပွား၍ ပံသုကူသင်္ကန်းအဖြစ် ကိုယ်တော်တိုင် ခွါယူ ဖွပ်လျှော်တော် မူနိုင်သည်။ အလားတူပင် ဘုရားရှင်သည် ကြီးမားသော လာဘ်ပူဇော် သက္ကာတို့ ကြောင့် စိတ်တက်ကြွဝမ်းမြောက်မှု မဖြစ်သလို စိဉ္စမာဏဝိကာ၏ပရိသတ် အလယ် အရှက်တကွဲပြုခြင်း၊ ဒေဝဒတ်၏ အကြီးအကျယ်နှောင့်ယှက်ခြင်း စသည်တို့ကြောင့်လည်း စိတ်ညှိုးနွမ်း ယိမ်းယိုင်ခြင်း မရှိသည်သာတည်း။

**သမာဓိ သမာပတ္တိဿရိယစသည်** ဈာန်သမာပတ်တို့၌ အလိုတော် အတိုင်း စိုးပိုင်မှုသည် သမာဓိ သမာပတ္တိဿရိယ မည်၏။ တန်ခိုး ဖန်ဆင်းမှု ဣဒ္ဓိဝိဓအဘိညာဉ် စသည်တို့ကို စိုးပိုင်မှုသည် ဣဒ္ဓိဿရိယ၊ တရားဟောတော်မူဘို့ ဉာဏ်ကို အစိုးရခြင်းသည် ဓမ္မိဿရိယ၊ သံဃာတော်ကို သိက္ခာပုဒ်ပညတ် အာဏာစက် တည်စေ၍ အစိုးရခြင်းသည် သံဃိဿရိယ၊ ဂိုဏ်းကို အစိုးရခြင်းသည် ဂဏိဿရိယ၊ လူနတ်ပြဟ္မာတို့ကို သရဏဂုံ သီလ၌ တည်စေခြင်း စသော အားဖြင့် သာသနာတော်၌ သက်ဝင် ယုံကြည်လာအောင် အစိုးရခြင်း သည် လောကိဿရိယ မည်သည်။ ထို့မှတပါး ကိုယ်တော်မြတ်၏ ရူပကာယတော်ကို အဏိမာ မဟိမာ စသော တန်ခိုးတို့ဖြင့် အမျိုးမျိုး ဖန်ဆင်းမှု၌ အစိုးရခြင်းသည် ကာယိဿရိယ မည်သည်။

### ကာယိဿရိယဆိုင်ရာ အဏိမာစသော ဘုန်းတော်များ

**အဏိမာဘုန်းတော်** ကိုယ်တော်မြတ်ကို အဏုမြူမျှ သေးငယ်အောင် ဖန်ဆင်းတော်မူနိုင်သော ဘုန်းတော်တည်း။ အလို

တော်ရှိလျှင် ပရိက္ခရာ ၈-ပါးလွယ်၍ မုံညင်းစေ့ အတွင်း၌ဝင်၊ လူတို့၏ မျက်တောင်မွေးများပေါ်၌ဝင်း' စကြာလျှောက်နိုင်သည်။ ဗကဗြဟ္မာ မင်းကို အောင်တော်မူခန်း(အနုတ္တရော ပုရိသ ဒမ္မသာရထိဂုဏ်တော်ဖွင့်)၌ ဗြဟ္မာမင်း မမြင်နိုင်အောင် ကိုယ်တော်ကို ဖျောက်ထားနိုင်သည်။

**မဟိမာဘုန်းတော်** ကိုယ်တော်မြတ်ကို လိုသလို ကြီးအောင် ဖန်ဆင်းနိုင်သောဘုန်းတော်တည်း။ အလိုရှိလျှင် စကြဝဠာ တိုက်အလုံးကိုပင် ကိုယ်တော်ဖြင့် ဖုံးထားနိုင်သည်။ ၇-ဝါမြောက်တွင် တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၌ ဘုရားရှင်သည် ပကတိအတိုင်းသာ သီတင်းသုံးနေတော်မူသည်။ ကျောက်ဖျာကား အလျား ယူဇနာ ၆ဝ၊ အနံ ၅ဝ၊ အမြင့် ၁၅-ယူဇနာရှိ၍ ကြီးမားလှသည်။ ဘုရားရှင်ကား သေးငယ်လှ၏။ ကျောက်ဖျာ၌ ဘုရားနေလျှင် ပည်သည့်နတ်မျှ မတက်ဝံ့သဖြင့် နေရာပိုတွေ့ အချည်းနှီးဖြစ်တော့မည်ဟု သိကြားမင်း ကြံစည်မိသည်။ ထိုအကြံကို ဘုရားရှင် သိတော်မူသဖြင့် ဒုကုဋ်နှစ်ထပ်သင်္ကန်းကြီးကို ၄-ခေါက် ခေါက်၍ခင်းရာ ကျောက်ဖျာအပြည့် ဖုံးမိသည်။ ကိုယ်တော်ကိုလည်း ကျောက်ဖျာအပြည့် ဖန်ဆင်း၍ ထိုင်နေလိုက်၏။ ထိုတန်ခိုးကို သိကြားမင်း ကြည်ညိုလှသည်။

**ငုံ၍မကြည့်နိုင် ဘုရားထံ မသွားလို** ရာဟုအသူရိန်နတ်ကြီးကား ယူဇနာ ၄၈ဝဝ မြင့်မားလှသည်။ ဂုဏ်သတင်းကြီးမားသော ဘုရားထံ သွားရောက် ဖူးမြော်လိုသော်လည်း "သေးငယ်သောလူသားဘုရားအား ငုံ့ကြည့်နေရမှာဘဲ" ဟုထင်မြင်လျက် မသွားဘဲနေရာ ဂုဏ်တော်မြတ်တို့ လှုံ့ဆော်အပ်သဖြင့် အခါတပါး ဘုရားထံ ရောက်လာသည်။ ယင်းအကြံကို ဘုရားရှင် သိတော်မူသဖြင့် ကြီးမားသော ကိုယ်တော်ကိုဖန်ဆင်းကာ လျောင်းလျက်ပင် အဖူးမြော်ခံသည်။ အသူရိန်နတ်ကြီးသည် တအားကုန် မော်၍ ဖူးသော်လည်း ကိုယ်တော်အထက်ပိုင်းကို မမြင်ရပေ။ (ဤနေရာများနှင့်စပ်၍ ဗုဒ္ဓဝံသ ဘုရားရှိခိုးဖြင့် ရှိခိုးပူဇော်သင့်သည်။)

**ကြံကြံဖန်ဖန် ပုဏ္ဏားညဏ်** ဘုရားအရပ်တော်ကို တိုင်းတာလိုသော ပုဏ္ဏားတဦးသည် ဘုရားရှင်၏ဆွမ်းခံလမ်း အနီးတွင် အတောင် ၆ဝ-ရှိသောဝါးကို ထောင်ထားသည်။ ယင်းဝါး

သည် ကြလာသောဘုရားရှင်၏ ဒူးဆစ်ကိုသော်မျှ မမှီပေ။ နောက်တနေ့ အကောင် ၆၀-ရှိ ဝါးတလုံးဆက်ထောင်ပြန်၏။ ဒူးဆစ်ကိုသော်မျှ မမှီသည်သာတည်း။ စကြဝဠာရှိ ဝါးတွေအားလုံး ဆက်ထောင်ဦးတော့ မမှီနိုင်ဟု ဘုရားရှင် မိန့်ကြားသည်။

**ပတ္တိဘုန်းတော်** ကြွတော်မူလိုရာအရပ်သို့ တခဏချင်း အဆီးအတားမရှိ ကြွရောက်နိုင်သော ဘုန်းတော်တည်း။ ထို့ကြောင့် ဘုရားရှင်သည် ချွေချွတ်တော်မူထိုက်သော သတ္တဝါများရှိရာ နတ်ပြည် ဗြဟ္မာ့ပြည်နှင့် အခြားစကြဝဠာများသို့ ရံခါရံခါ ကြွတော်မူသည်။ (ငရဲသို့လည်း ကြွတော်မူနိုင်သည်)။

## (၃) လေ့ကျင့်ခန်းများ

၁။ တိတ္ထိများ အကြံပက်စက်ပုံ၊ သန္ဓေသူမ ဘုရားစော်ကားပုံ၊အဖျက်လုပ်ဇာတ်ကို သိကြားမင်း အပြတ်ရှင်းပုံများကိုရေး၍ ဘုရားနှင့် ပြိုင်လိုသူ သစ္စက၏ အတ္ထုပ္ပတ်ကိုလည်း ရေးပါ။

၂။ အနတ္တဟု ဝန်ခံလာရသော သစ္စကကို ဒုမ္မုခမင်းသား မည်သို့ ပြောင်လှောင်သနည်း။ နန္ဒောပနန္ဒနဂါးနှင့် အရှင်မောဂ္ဂလာန် စွမ်းရည်ပြိုင်ပုံကိုပြ၍ ဗကဗြဟ္မာကိုဘုရားနှိမ်တော်မူပုံ၊ မာရ်နတ် ရှုပ်ပုံကိုရင်း၊ ဗြဟ္မာတသောင်း အရိယာဖြစ်ရသော ဂါထာကို ရင်း ရေးပါ။

၃။ ခေတ် ၃-ပါး၏ပမာဏနှင့် သဘာဝကိုပြ၍ ဗုဒ္ဓ၏ လွှမ်းမိုးမှုကြီး ဖြစ်ပုံ၊ ပြာဋိဟာ ၃-မျိုးနှင့် လောကီဝိဇ္ဇာများ အပြစ်မကင်းပုံ ကိုလည်း ရေးပါ။

၄။ ရာဇဂြိုဟ်သူဌေးဝတ္ထုကို သိက္ခာပုဒ် ပညတ်ရသည့်တိုင် ရေး၍ မနိကာဝိဇ္ဇာ၏ ပြစ်ချက်နှင့် အနုသာသနီပါဋိဟာရိယ၏ ဂုဏ်ရည် များကိုရင်း၊ ဘုရား ဘဆူ တဆူ၌ ကျွတ်တမ်းဝင်ကြသူ အရေ အတွက်ကိုရင်း ဝါဒစုံလင် တင်ပြပါ။

၅။ ဘုရားပွင့်မှုသည် မည်သူများအား အကျိုးပြုသနည်း။ လူ့ပြည်၌ ပွင့်သင့်ပုံ၊ မိမိတို့သံဝေဂ ရှိသင့်ပုံ၊ လယ်တီဆရာတော်၏ ဆုံးမ ချက်ပါ ဖြည့်စွက်ရေးသားပါ။

၆။ သစ္စာ ၄-သွယ် သိမှတ်ဖွယ်ကို လောဘ အစမသတ်ပုံနှင့်တကွ ပြ၍ ဗုဒ္ဓဉာဏ်တော် ၁၄-ပါး အကျဉ်းမျှ ရေးသားပါ။

၇။ ပဋိသမ္ဘိဒါဉာဏ် ၄-ပါး၊ အသာဓာရဏဉာဏ်တော် ၆-ပါးကို သရုပ်မျှပြ၍ အရှင်သာရိပုတ္တရာ အဘယ့်ကြောင့် ကမ္မဋ္ဌာန်းအပေးမှားသနည်း။ ဗုဒ္ဓ၏ နေ့စဉ်ဝင်စားသော မဟာကရုဏာသမာပတ် အတိုင်းအတာကိုလည်း ပြပါ။

၈။ အဓိဒေဝ ဉာဏဒဿန ၈-ပါးကို သဘောသွားရေး၍သမ္မာသမ္ဗုဒ္ဓနှင့် ဗုဒ္ဓဂုဏ်တော် ၂-ပါးအထူးကိုရင်း၊ ရသေ့ညီနောင် ရှင်တထောင် အရေအတွက်ကိုရင်း ပြပါ။

၉။ သပိတ် သိကြား လူများ ပံသုကူစသောသခေ်ပလက်ာ၏အဓိပ္ပါယ်ကို ရေး၍ ရှင်တထောင်အား တန်ခိုးပေါင်းမည်မျှ ဘုရားရှင်ပြပါသနည်း။ စိတ်တော်ကို ဘုရားရှင် အစိုးရပုံကိုလည်း ရေးပါ။

၁၀။ ဓမ္မ သံဃ လောကကို ဘုရားရှင် အစိုးရတော်မူပုံကိုပြ၍ အဏိမာ၊ မဟိမာ၊ ပတ္တိဘုန်းတော် ၃-ပါးကို ရာဟုအသူရိန် အရပ်တိုင်းပုံနှင့် ပုဏ္ဏားတို့၏အကြောင်းများပါ ရေးပါ။

**ပါကမ္မဘုန်းတော်** အဆင်းပုံသဏ္ဍာန် အမျိုးမျိုး ဖန်ဆင်းတော် မူနိုင်သော ဘုန်းတော်တည်း။ ဘုရားရှင်သည် ရံခါ မြောက်ကျွန်းသို့ကြွလျက် ထိုကျွန်းသားများ၏ ဘုရင်သဏ္ဌာန် ဖန်ဆင်းပြီးလျှင် တရားဟောတော်မူသည်။ တန်ခိုးအစုံအစုံဖန်ဆင်းသော ယမိုက်ပြာဋိဟာပွဲ၌ ဤတန်ခိုး ထင်ရှားသည်။

**လဃိမာဘုန်းတော်** စိတ်ကဲ့သို့ လျင်မြန်ပေါ့ပါးစွာရှိအောင် ကိုယ်တော်ကိုပြုစွမ်းနိုင်သော ဘုန်းတော်တည်း။ သာဝတ္ထိမြို့ မြောက်တံခါးဝအနီး သရက်ဖြူပင်ရင်း၌ တိတ္ထိတို့ကိုနှိမ်နင်းသော ရေမီးအစုံအစုံ ယမိုက်ပြာဋိဟာကို ပြတော်မူပြီးနောက် မူလရတနာစင်္ကြံတော်ပေါ်တွင် ပထမခြေဖဝါးကို တည်၍ ပထမအလှမ်းဖြင့် ယုဂန္ဓိုရ်တောင်ထိပ်၌ ဒုတိယ လက်ျာဖဝါးကို ချတော်မူ၏။ ထိုနောက် ဒုတိယ ခြေလှမ်းဖြင့် ရတနာစင်္ကြံ၌တည်သော လက်ဝဲဖဝါးကို မြင်းမိုရ်တောင် ထိပ်၌ ချတော်မူသည်။ ဤသို့ ၂-လှမ်း ၃-ဖဝါးဖြင့် တာဝတိံသာသို့ ကြွတော်မူနိုင်ခြင်းကား လဃိမာဘုန်းတော်ပင်တည်း။

**ဉာဏ်သိတာဘုန်းတော်** မိမိစိတ်တော်မှစ၍ တလောကလုံးကို အုပ်ချုပ် စိုးပိုင်နိုင်သော ဘုန်းတော်တည်း။ ထို့ကြောင့် ပင် ဘုရားထံတော်သို့ ရောက်လာကြသော လူနတ်ဗြဟ္မာသတ္တဝါတိုင်း ရှိကြောက်ရိုသေကိုင်းရှိုင်းကြရသည်။ တိတ္ထိများ အပြင်တွင် မခန့်မညား ပြောဆိုကြသော်လည်း ရှေ့တော်၌ကား ငြိမ်ကျနေသည်။

**ဝသိတာဘုန်းတော်** ဈာန်အဘိညာဉ် သမာပတ်များ ဝင်စားရာ၌ အဆိုင်းအင့်မရှိ အလိုတော်ရှိသလို ပိုင်နိုင်စွာ ဝင်စားနိုင်သော ဘုန်းတော်တည်း။

**ယတ္ထကာမ ဝသာယိတာ ဘုန်းတော်** မြေရှိုးမိုးသီးပုံ့ပွင့်ဒိဝိဓဆိုင်ရာ တန်ခိုးပြတော် မူရာဝယ် အချိန်ကာလကိုရင်း၊ အရပ်ဒေသကိုရင်း ခိဋ္ဌာန်တော်မူချက် အားလျော် စွာ အပိုအလိုမရှိစေဘဲ အဆုံးသတ်တော်မူနိုင်သော ဘုန်းတော်တည်း။ ထိုဣဿရိယ(ကာယိသာရိယ)ဆိုင်ရာ ဘုန်းတော်များကို—

အဏိမာ မဟိမာ ပတ္တိ၊ ပါကမ္မံ လဃိမာ တထာ။
ဉာဏ်သိတာ စ ဝသိတာ စ၊ ယတ္ထကာမာ ဝသာယိတာ—

ဟု ကျက်မှတ်ကြည်ညိုလေ။

## (၂) ဓမ္မဘုန်းတော်ဆိုင်ရာ

မြင့်မြတ်သော လောကီလောကုတ္တရာ သီလ သမာဓိ ပညာများနှင့် တကွ ဈာန်အဘိညာဉ် အရဟတ္တဖိုလ်နိဗ္ဗာန်နှင့် အသာဓာရဏဉာဏ်တော် ၆-ပါးသည် ဓမ္မမည်သည်။ လောကီအမြတ်ဆုံးတရားကား ဈာန်အဘိ- ညာဉ်ဖြစ်၍ လောကုတ္တရာ အမြတ်ဆုံးတရားကား အရဟတ္တဖိုလ်တည်း။ (အသာဓာရဏဉာဏ်တော် ၆-ပါး ပြခဲ့ပြီ။)

## (၃) ယသဘုန်းတော်ဆိုင်ရာ

အခြံအရံများခြင်း၊ ဂုဏ်ကျေးဇူးသတင်းကျော်စောခြင်း၊ ဤ ၂-ပါး သည် ယသဘုန်းတော်မည်၏။ အမျိုးဇာတ်မြတ်တော်မူသော ဘုရား အား မြတ်သော မင်းပုဏ္ဏားစသူများ ခြံရံကြသည်။ ကိလေသာကင်း တော်မူသည့်အားလျော်စွာ ကိလေသာကင်းသော လူနတ်ဗြဟ္မာ ရဟန္တာ

များ ခြံရံကြသည်။ ဝိဇ္ဇာ ၃-ပါး၊ အဘိညာဉ် ၆ -ပါး၊ ပဋိသမ္ဘိဒါ ၄-ပါးပိုင်ရှင် သန်းပေါင်းများစွာသော အရှင်မြတ်တို့လည်း ခြံရံကြ၏။ စကြာမင်းသည် စကြာရတနာကို လည်စေလျက် များစွာသော မှူးမတ် အခြံအရံပရိသတ်တို့ဖြင့် ခြံရံလှည့်လည်သကဲ့သို့တည်း။

**နှိုင်းခိုင်းစရာ ဥပမာမည်သည်ကား** မြူတိမ်ကင်းပ တန်ဆောင်မုန်းလတွင်လပြည့်ဝန်းကြီးကို ရေတွက်မရစသော ကြယ်များ ခြံရံကြသည်။ သုဓမ္မာသဘင်ဝယ် သိကြားမင်းကို နတ်များစွာ ခြံရံနေကြ၏။ ဗြဟ္မာပေါင်းများစွာကမူ ဟာရိတ ဗြဟ္မာကြီးကိုသာ ခြံရံကြသည်။ ယုဂန္ဓိုရ်စသော တောင်ပေါင်းများစွာ သီဒါသမုဒ္ဒရာတို့ကား ရွှေအတိ ပြီးသော မြင်းမိုရ်တောင်မင်းကို ပတ်ဝိုင်းကြသည်။ ဟိမဝန္တာ တောင်မင်းကို တောင်ထွဋ် ၈၄၀၀၀-နှင့် တကွ ဂန္ဓမာဒန-ကေလာသ စသော တောင်များ၊ဆဒ္ဒန်ဆင်မင်းကို ဆင်းပေါင်းများစွာ၊ ကေသရာဇာရာ ခြင်္သေ့မင်းကို တောကောင်ပေါင်း များစွာ၊ ဓတရဋ္ဌဟင်္သာမင်းကို ဟင်္သာငှက်များစွာ ခြံရံသည့်နည်းတူ ဘုရားရှင်ကိုလည်း ဇာတိခေတ် စကြဝဠာ တသောင်းအတွင်းရှိ လူနတ် ဗြဟ္မာများ ခြံရံကြသည်။

**မဏ္ဍပ်ကြီးပမာ ဇမ္ဗူဒိပ်မှာ** ဘုရားရှင်ပွင့်တော်မူရာ ဇမ္ဗူဒိပါတောင်ကျွန်းကား စကြဝဠာ တသောင်းမှ လာရောက်ကြသော နတ်ဗြဟ္မာများ၏ တရားနာမဏ္ဍပ်ကြီးသာ ဖြစ်သည်။ ဘုရားမဖြစ်မီ အလောင်းဘုရား ဖွားစကပင် နတ်ဗြဟ္မာများသည် အလောင်းဘုရားအတွက် ရေသန့်စင်ပေးခြင်း၊ ထီးမိုးပေးခြင်း စသည်ဖြင့် ခြံရံကြသလို ဗောဓိမဏ္ဍိုင်၌လည်း သိကြားမင်းသည် အတောင် ၁၂၀-ရှိသော ဝိဇယုတ္တ ခရုသင်းကို မှုတ်လျက်ရင်း၊ သဟမ္ပတိ ဗြဟ္မာကြီးသည် ၃-ယူဇနာရှိ ထီးဖြူကြီးကို မိုးလျက်ရင်း၊ သုယာမ နတ်မင်းသည် ၃-ဂါဝုတ်ရှိသော သားမြီးယပ်ကို လွှဲခတ်လျက်ရင်း၊ပဉ္စသိခ နတ်သားသည် ဗေဠုဝစောင်းတော် တီးခတ်လျက်ရင်း၊ ကာလနဂါးမင်းသည် ရံရွေတော် နဂါးပျိုများနှင့်အတူ ဘုန်းတော်ဘွဲ့များကို သီကျူးလျက်ရင်း၊ ဘုရားမဖြစ်မီကပင် နတ်ဗြဟ္မာများ ခြံရံကြရာ ဘုရားဖြစ်ပြီးရာ၌ကား ညတိုင်းပင် နတ်ဗြဟ္မာများအတွက် တရားပွဲမဟာ ရှိနေသည်သာတည်း။

**ကျော်စော ထင်ရှားတော်မူပုံ** ဘုရားရှင်သည် အရဟံ စသော ဂုဏ်တော်တို့နှင့် အထက် ဘဝဂ်ဘုံ တိုင်အောင်၊ ဖီလာအားဖြင့် စကြဝဠာတိုက် တသောင်းတိုင်အောင် ကျော်စောထင်ရှားတော်မူသည်။ ကာဝီရိယဘုံ လူပြည်ထက် သုခဘုံဖြစ်သော နတ်ဗြဟ္မာလောက၌ သာ၍ ထင်ရှားတော် မူ၏။ မှန်၏။ နတ်ဗြဟ္မာအချင်းချင်း ဂုဏ်သတင်းကို တဆင့်စီပြောကြားရာ မကြာမီ လောကဓာတ် တသောင်း နှံ့သွားတော့သည်။ သက်ရှိလောကသာမက သက်မဲ့ဖြစ်သော တောတောင် ရေမြေတို့ကလည်း ဘုရားဂုဏ်ကျေးဇူးတော်များကို ကြေငြာသည့်အနေ ထူးယွေဆန်းပြားသော နိမိတ်များ ပြကြသည်။

**သတင်းထောက် သာတာဂီရိနတ်** အလောင်းဘုရား ဖွားတော်မူသောအခါ၊ ဘုရားဖြစ်ပြီး ဓမ္မစကြာဟောရာ အခါ စသည်တို့၌ မြေလျှင်လှုပ်ခြင်း၊ အခါမဲ့ပန်းမျိုးစုံ ပွင့်ခြင်း၊ မြေပြင်ကောင်းကင်တို့မှ မန္ဒာရဝ နတ်ပန်းပွင့်ခြင်း စသည်ဖြင့် ဘုရားဂုဏ်များကို ကြေငြာကြသည်ဖြစ်ရာ ယခုအတ္ထုပ္ပတ် ဖြစ်ချိန်ကား မိဂဒါဝုန်တော၌ ပဥ္စဝဂ္ဂီ(ရဟန်း ၅ ပါးအဖွဲ့)အမှူးရှိသော နတ်ဗြဟ္မာတို့အား ဓမ္မစကြာတရားဟောတော်မူခိုက်ဖြစ်သည်။ တရားရှိန်စော် ဘုရားအာနုဘော်ကြောင့် ဟိမဝန္တာ၌ အခါမဲ့ပန်းမျိုးစုံတို့ဖြင့် တင့်ထူးသာယာ ရွှင်လန်းဘွယ်ဖြစ်နေသည်။ နတ်မင်း ၂-ဦး အခြေအနေထူးက သတင်းကူးရန် ကတိထားကြရာ ဟိမဝန္တာနေ ဟေမဝတ နတ်သားက သာတာဂီရိနတ်မင်းအား ဟိမဝန္တာ၏အကြောင်းထူးကို ပြောကြားရန်၊ သာတာဂီရိနတ်မင်းကလည်း မိဂဒါဝုန်တော၌ တရားပွဲ ကြီးကျယ်ကြောင်း ဟေမဝတထံ ပြောကြားရန် ပရိသတ် ၅၀၀-စီနှင့်တကွ လာကြသည်။

**မိန်းမအာဇာနည် မယ်ကာဠီ** နတ်သား ၂-ဦး ကောင်းကင်တွင် ဆုံကြ၊ အကြောင်းထူး များကို ပြောကြားကြသည်။ ဟေမဝတနတ်သားက မေးသဖြင့် သာတာဂီရိက ဘုရားဂုဏ်တော်ကျေးဇူးတော်များကို ပြောကြားသည်။ ထိုနတ်များ ပြောဆိုသော ဘုရားဂုဏ်တော်သတင်းကို မြေပြင်ပြာသာဒ်ထက်မှ ဝါဆိုလပြည့်နေ့ နတ်ပွဲသဘင်ကို ကြည့်နေသော ကိုယ်ဝန်အရင့်အမာနှင့် ကာဠီ အမျိုးသမီး ကြားရာ ပါရမီရှင်ပီပီ လူသားထဲမှ ပထမဆုံး သောတာပန် တည်သွားသည်။ ဤသို့လျှင် သုခဘုံသား နတ်ဗြဟ္မာများမှာ လူများလို စားဝတ်

နေရေးအချိန်မကုန်သဖြင့် ဘုရားဂုဏ်တော်များကို တဆင့်တဆင့် သတင်းကူးသဖြင့် ဇာတိခေတ်အားလုံး ပျံ့နှံ့သွားရသည်။

**ကောလာဟလ ၃-မျိုး** စကြာမင်းပေါ်ရန် နှစ်တရာက၊ ဘုရားပွင့်ရန် နှစ်တထောင်က၊ ကမ္ဘာပျက်ရန် နှစ်တသိန်းကပင် ကြိုတင်ကျော်စော ကြွေးကြော်ကြစမြဲ ဖြစ်ရာ ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်များမှာ ဘုရားမပွင့်မီ နှစ်တထောင်ကပင် ကြိုတင်ထင်ရှားခဲ့သည်။ ဘုရားပရိနိဗ္ဗာန်စံတော်မူသော်လည်း နတ်ဗြဟ္မာ လောကဌ် နှစ်ပေါင်းအသင်္ချေ ကျော်စောဦးမည်သာတည်း။ (လူ့ပြည်၌ကား သာသနာနှစ် ၅၀၀၀-ဟု မိန့်ကြ၏။)

**ချီးကျူးမကုန် ကျေးဇူးဂုဏ်** စကြဝဠာ တသောင်း အတွင်းရှိ နတ်ဗြဟ္မာများသည် တဦးတဦးလျှင် တမျိုးစီသာ အသက်ထက်ဆုံးချီးမွမ်းကြသော်လည်း ဤကမ္ဘာသာ ကုန်ဆုံးမည် နတ်ဗြဟ္မာ အဆက်ဆက် ချီးကျူးဂုဏ်ပြု၍ကား ဘုရားဂုဏ်တော်များ မကုန်နိုင်။ ထို့ကြောင့်ပင် ဘုရားတဆူ၏ ဂုဏ်ကျေးဇူးကို တဆူသော ဘုရားရှင်သည် (အခြားတရားမဟောဘဲ) တကမ္ဘာပတ်လုံး ဟောကြားသော်လည်း မကုန်နိုင်ဟု မိန့်တော်မူသည်။ ဤသို့လျှင် ကျော်စော ထင်ရှားကြီးမားသော ဂုဏ်တော်သခင် ဘုရားရှင်ဖြစ်ပေသည်။

## (၄) သိရီဘုန်းတော် ဆိုင်ရာ

ကိုယ်တော်မြတ်၏ ရုပ်ရေရူပကာယ လှပတင့်တယ် ပြည့်ဖြိုးကြွယ်ကာ အသွယ်သွယ်သော ကျက်သရေတော်ကို ဆောင်နိုင်သည်ကား သိရီဘုန်းတော်ပင်တည်း။ ၃၂-ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး၊ ၈၀-သော လက္ခဏာတော်ငယ်၊ ဗျာမပ္ပဘာစသော ရောင်ခြည်တော်တို့အပြင် ၁၀၈-ကွက်သော စက်လက္ခဏာတော်တို့ဖြင့် ဆန်းကြယ်၍ ကြည်ညိုဘွယ်မဆုံးပင် ဖြစ်ရသည်။

**လက္ခဏာတော်ကြီး ၃၂-ပါး** ခြေဖဝါးတော်ညီ၍ အကန့်တထောင် စက်လက္ခဏာရှိသည်။ လက်ချောင်း ခြေချောင်းတော် ရှည်သွယ် ပြေပြောင်း၍ လက် ခြေဖဝါးများ နူးညံ့တော်မူ၏။ မကိုင်းညွတ်ဘဲ ဒူးပဆစ်တော်သုံးသပ်နိုင်အောင် လက်ရုံးတော်ရှိသည်။ ပုရိသနိမိတ်ကို အရေအိတ်အိမ်ဖြင့် ဖုံးထားသည်။ ရွှေအဆင်းကဲ့သို့ အသားအရေတော် ဝါဝင်း၍ နူးညံ့သည်။ အရပ်တော်နှင့် အလံ

တော်တူမျှ၏။သွားတော် ၄၀ ပကျဲမစိပ်ညီညာသည်။နဖူးတော်ကို ဖုံးနိုင်သော လျှာတော်ရှိ၍ အင်္ဂါ ၈-တန် အသံတော်လည်း သာယာသည်။ မျက်ဝန်းတော်သည် ပိတုန်းရောင်ကဲ့သို့ ညိုမှောင်ကာ နွားငယ်၏ မျက်ကွင်းများကဲ့သို့ ကြည်လင်ပွင့်လင်းသည်။မျက်ခုံး ၂-ခုအလယ် သောက်ရူးကြယ်ပမာ ဖြူစင်၍ လကျာ်ရစ်ခွေနေသော ဥဏ္ဏာလုံ မွေးရှင်တော်သည် ဆွဲဆန့်လျှင် တတောင်မျှ ရှည်လျားသည်။ ရွှေပြား ပတ်ထားသလို ဖြစ်သော နဖူးသင်းကျစ်တော် စသည်တို့ဖြင့် ဖူးမြော်မဝ သပ္ပာယ်တော်မူသည်။

**လက္ခဏာတော်ငယ် ၈၀** လက်ချောင်း ခြေချောင်းတော် အကြား မထင်မူ၍ ရွှေပွတ်တိုင်များပမာ လုံးတော်မူသည်။ လက်သဲခြေသဲတော်များ ပတ္တမြားအသွေးကဲ့သို့ ရဲနေ၏။ ဆဒ္ဒန်ဆင်မင်းသွားသလို ယဉ်ကျေးတော်မူ၍ ခြင်္သေ့မင်းသွားသလို ခန့်ညားသည်။ ခရီးကြွလျှင် လကျာ်ခြေတော်ကိုသာ စတင်ကြွချီသည်။ ပုလဲခွက်ကဲ့သို့ ချက်တော်သည်နက်၍ လကျာ်ရစ်ခွေသောဗွေရှိသည်။ မတွန့်သော အရေ တော်၌ ပေ့သွင်းတင်းတိပ်လည်း မရှိ။ ကိုယ်ဆီထွက်ခြင်း၊ ချွေးထွက်ခြင်းလည်းမရှိပေ။ ကိုယ်တော်နှင့် ခံတွင်းတော်တို့မှ စန္ဒကူးနံ့ သင်းနေသည်။ ယောကျ်ားကုဋေ တသောင်း (၁၀၀၀၀) အားကိုလည်း ဆောင်နိုင်၏။ လက်ဖဝါးရှိ လက္ခဏာများမှာ ထင်ရှား၍ ဖြောင့်ရှည်သည်။

တလံမျှသော ကိုယ်ရောင်တော်လည်း ရှိနေ၏။ မျက်တောင်မွေးတော် ကော့၍ နားရွက်တော်မှာ ပခုံးတော်အထက်တွင် ဝဲကာ ခန့်ညားသည်။ မျက်ခုံးတော်မှာ ၃-ရက်လဟန် စိုသက်တန်ကဲ့သို့တည်း။ မွေးညှင်းတော်များ လကျာ်ရစ်ဆိုင်၍ ညာဘက်သို့ အဖျားယိုင်ကာ ကောက်လိမ်ခြင်း မရှိပေ။ထွက်သက်ဝင်သက်တော်သိမ်မွေ့လှ၏။ ဦးခေါင်းတော်အထက်၌ ခြောက်ရောင်စုံပြိုးပြက်သော ပင့်ကူ့ပုံကဲ့သို့ ရှက်စုံပေါင်းစုသော ကေတုမာလာရတနာရောင်လျှံတော်လည်း ရှိသည်စသည်တို့တည်း။

**ကိုယ်ရောင်တော်များ** ပကတိသော ကိုယ်တော်မှ အမြဲ ပြိုးပြိုးပြက် ထွက်နေသော ၆-ပါးသော အင်္ဂါရသ ရောင်ခြည်တော်၊ ကိုယ်တော်မြတ်၏ ၄-တောင် ပတ်ဝန်းကျင်၌ အမြဲရှိနေသော အတွင်းဗျာမရောင်ခြည်တော်၊ အတောင် ၈၀-ပတ်ဝန်းကျင်၌

အမြဲရှိနေသော အသီတိ ရောင်ခြည်တော်၊ (၎င်း ၂-ပါးကား အမြဲလင်းနေသော နိစ္စလရောင်ခြည်တော် များတည်း။) ရတနာဃရ ရွှေအိမ်၌ ပဋ္ဌာန်းကျမ်းမြတ်ကို သုံးသပ်တော်မူသောအခါ စသည်များဝယ် အရပ် ၁၀-မျက်နှာတို့၌ ယခုထက်တိုင်အောင် အနန္တ ရောင်ခြည်တော်များ (မဟာပဘာဟုလည်းခေါ်)ရှိနေကြသည်။ ဥဏ္ဏာလုံ မွေးရှင်တော်မှလည်း၊ ဥဏှာရောင်ခြည်တော်ထွက်၍ စွယ်တော် ၄-ဆူမှလည်း ဒါဌာ ရောင်ခြည်တော်ထွက်သည်။ ဦးခေါင်းတော်အထက်၌ကား ကေတုမာလာ ရောင်လျှံတော်ကည်း။(ရောင်ခြည်တော် ၆-ပါး ဘုရားရှိခိုး စာကိုယ်၌ ပြထားသည်။)

**၁၀၈-ကွက် စက်လက္ခဏာ** ဘုရားရှင် ခြေဖဝါးတော်၌ ထီးဖြူ သန်လျက် စသော မင်းမြောက်တန်ဆာများ၊ ကြာမျိုး ၅-ပါး၊ စကြဝဠာတောင်၊ မြင်းမိုရ်တောင်၊ သမုဒ္ဒရာ ၄-စင်း၊ အခြံအရံနှင့်တကွ ကျွန်းကြီး ၄-ကျွန်း၊ လနေနှင့် နက္ခတ် ၂၇-လုံး၊ ရတနာ ၇-ပါးနှင့်တကွ စကြာမင်းရုပ်။ (၎င်းစကြာမင်းရုပ် ခြေတော်၌ပါသဖြင့် ကောဏ္ဍညပုဏ္ဏားက ဘုရားသာဖြစ်မည်ဟု တထစ်ချဟောသည်။) သီတာ ၇-တန်၊ တောင်စဉ် ၇-ထပ်၊ အိုင်ကြီး ၇-အိုင်၊ ဂဠုန်၊ ခြင်္သေ့၊ ကျားစသော အရုပ်များ၊ ဦးခေါင်း ၃၃-လုံးရှိသော ဧရာဝဏ်ဆင်၊ နတ်ပြည် ၆-ထပ်၊ ရူပဗြဟ္မာ ၁၆-ဘုံ စသည်တို့တည်း။

**အလှဆုံး အတင့်တယ်ဆုံး မြတ်စွာဘုရား** နှစ်သက် မြတ်နိုးဖွယ် ကံ၏ အကျိုးတရားများ အဆုံးစွန်ယမ်းကုန်မီးကုန်အကျိုးပေးမည်ဖြစ်ခြင်းတို့ကြောင့် နတ်လူများ ကြည်ညိုမဆုံးအောင် ရှည်သင့်က ရှည်၊ တိုသင့်က တို၊ ပြည့်ဖြိုးသင့်သော အင်္ဂါပြည့်ဖြိုး၊ ပါးသင့် ပါး၊ ထူသင့် ထူ၊ လုံးသင့်လျှင် လုံးသော အင်္ဂါတော်များသာ ဖြစ်ကြသဖြင့် သိရီဘုန်းတော်သခင် ဘုရားရှင်မှာ လှပတင့်တယ် အသပ္ပာယ်ဆုံး ဖြစ်တော်မူသည်။

**သိရီဘုန်းတော်ကြောင့် ရဟန္တာဖြစ်ပုံ** စေတီယပြင်တော်ကို တံမြက်လှည်း၍ သန့်ရှင်းသော စေတီအပြင်ကိုကြည့်ကာ သက်တော်ထင်ရှား ဘုရားကို အာရုံပြုလျက် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်းနေသော ဖုဿရေဝတ ရဟန်းတော်အား မာရ်နတ်သည် နှောင့်ယှက်လိုသော သဘောဖြင့် မျောက်ညိုကြီးဟန်

ဆောင်၍၎င်း၊ နွားအိုဟန် ဆောင်၍၎င်း၊ အလွန် အရုပ်ဆိုးသော ယောကျ်ားယောင်ဆောင်၍၎င်း၊ ၃-ကြိမ် ကိုယ်ထင်ပြသည်။ "ဤလို လူမျိုး ဒီနယ်မှာ မမြင်ဘူး၊ "မာရ်နတ်ဖြစ်လေရော့သလား" စဉ်းစားပြီး မေးရာ ဟုတ်ကြောင်းဝန်ခံသည်။ မာရ်နတ်ဖြစ်လျှင် ဘုရားပုံတော် ဖန်ဆင်းပြပါ"ဟု တောင်းပန်ရာ "အကယ်တူအောင် မတတ်နိုင်ပါ၊ အတုလောက်သာ ပြပါမည်"ဟု ပြောပြီး ဖန်ဆင်းပြသည်။ အတုသော်မျှ သည်လောက် သပ္ပာယ်လျှင် ကိလေသာ အညစ်အကြေး ကင်းဝေးသူ ဘုရားရှင်မှာ ဘယ်မျှ သပ္ပာယ်တော်မူမည်နည်းဟု ကြံဆကာ နှစ်သက်သော ပီတိစိတ်ဖြစ်၍ ထိုစိတ်ကိုပင် ဖြစ်ပျက်တင်ပြီး ဆင်ခြင်ပွားများရာ မကြာမီ ရဟန္တာဖြစ်သွားသည်။

**ကျားရန်ကိုပင် သမင်မကြောက်** အစာမွတ်သိပ်သဖြင့် သားကောင်ကို လိုက်သော ကျားသည် ဘုရားရှင်၏ အဆင်းတော်ကိုမြင်သဖြင့် သားကောင်ကို သတိမရဘဲ ရပ်တန့်ကြည့်နေမိသည်။ အလားတူပင် ကျားရှေ့က တလွှားလွှား ပြေးနေသော သမင်သည်လည်း ဘုရားရှင်ကို မြင်သော် ကျားရန်ကို သတိမရဘဲ ရပ်နေ၏။ ဤသို့ တိရစ္ဆာန်များသော်မှ ဘုရားရှင်ကို ရှုမြင်မဝရှိကြသည်။

**ဘုရားရှင်ကို မြင်လိုနေမှု ရဟန်းပြု** အခါတပါးတွင် ဘုရားရှင်သည် သံဃာတော်များစွာ ခြံရံလျက် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံကြွတော်မူရာ သာဝတ္ထိမြို့သား ဝက္ကလိပုဏ္ဏားပျိုသည် ဘုရားရှင်အသရေတော်ကို ဖူးမြော်မဝ မျက်နှာ လွှဲမရအောင်ပင် ခင်မင်ကြည်ညို စေတနာပိုမိသည်။ လူ့ဘဝရသော ငါ၏မျက်စိကို ဤလို ပုဂ္ဂိုလ်ထူးကို ကြည့်ရှုနေခြင်းဖြင့်သာ အချိန်ကုန်စေ သင့်သည်။ လူ့ဘဝနေလျှင် အမြဲဖူးမြော်ခွင့်ရမည်မဟုတ်ဟု ကြံစည်ကာ ရဟန်းပြုသည်။ အကြံအတိုင်းပင် ဘုရားရှင်နှင့် မခွဲဘဲ အမြဲပင် ကြည့်ရှုကြည်ညိုနေမိသည်။ စာပေကျမ်းဂန်နှင့် ဝိပဿနာ တရားမှန်ကို ရှုပွားရန် သတိမရပေ။ ဘုရားရှင်သည် နှစ်သက်တော် မမူသော်လည်း ပညာဉာဏ်ရင့်ရာအခါကို စောင့်လျက် တစုံတရာ မိန့်မြွက်တော်မမူပေ။

**ဘုရားမဖူးရလျှင် တောင်ထိပ်မှ ခုန်ချတော့အံ့** "ချစ်သား ဝက္ကလိ၊ သင်မြင်နေရသော အကောင်ပုပ်ဖြင့် သင့်မှာ ဘာအကျိုးရှိမည်နည်း။ တရားကိုမြင်မှ ငါဘုရား

ကို အမြဲဖူးမြင်နေရာရောက်မည်။ တရားမမြင်လျှင် ဘုရားကို မမြင်သူသာ တည်း''ဟု ပညာဉာဏ်ရင့်ရာ အခါကို သိ၍ ဘုရားဆုံးမတော်မူသည်။ (ဘုရားဖူးနေ၍ သဒ္ဓါအားကြီးသော်လည်း ပညာရေ့နေသဖြင့်အကျိုး ရှိတန်သမျှ မရှိ၍သာ ဤသို့ မိန့်သည်။ ဘုရားဖူးခြင်းသည် အကျိုးမရှိဟု မိန့်လိုရင်းမဟုတ်။) ဘုရားကို မခွါနိုင်သော ဝက္ကလိသည် ပရိသတ်အစွန် ဝယ် ပုန်းကွယ်လျက် ဖူးမြဲသာတည်း။ ဝါဆိုချိန် နီးလာသဖြင့် ဘုရား ရှင် ရာဇဂြိုဟ်သို့ ကြွတော်မူသည်။ ဝက္ကလိကိုလည်း သင့်ရာသွားရန် နှင် လိုက်၏။ တဝါတွင်းလုံး ဘုရားနှင့် ကင်းနေရလျှင် သေခြင်းသည်သာ မြတ်တော့မည်ဟု ဂိဇ္ဈကုဋ်တောင်ထိပ်သို့ တက်၍ ခုန်ချရန် စီမံတော့ သည်။

**ဣရိယာပုထ်မှ လွတ်၍ ရဟန္တာဖြစ်** ကရုဏာ သခင် ဘုရား ရှင်သည် ဝက္ကလိထံ ရောင်ခြည်တော် လွှတ် လိုက်ရာ ခုန်ချရန်ကိုယ်ကို အယိမ်းလိုက်တွင် ရောင်ခြည်တော်များကိုဖူးမြင် ရသည်။ ဝက္ကလိဝမ်းသာနေစဉ် ဘုရားရှင်ကိုယ်တိုင်ကြွလာပြီး ''လာပါ၊ ငါဘုရားကို ဖူးပါ၊ မကြောက်ပါလင့်။ ရာဟုဖမ်းခြင်းမှ လမင်းလွတ်သလို သင်ချစ်သားကိုလည်း သံသရာမှ လွတ်စေမည်ဟု''ဟုမိန့်ကြားတော်မူရာ မိဘမာန်သဖြင့် ဝမ်းနည်းနေသော သားကို မိဘက ပြန်ချော့သဖြင့် ကျေနပ်ရွှင်မော ပျော့သွားသလို ဝက္ကလိလည်း ဂမ်းသာမဆုံး ဖြစ်သွား သည်။ ဘုရားကို အားရစွာ ဖူးရပြီဟူသော ပီတိစိတ်ဖြင့် ကောင်းကင်သို့ ခုန်၍အတက်၊ ခြေတဖက် မြေက မလွတ်ခင် ပဋိသမ္ဘိဒါ ၄-ပါးရသော ရဟန္တာဖြစ်လေသည်။ သိရိဘုန်းတော်၏ အစွမ်းပေတည်း။

## (၅) ကာမဘုန်းတော်ဆိုင်ရာ

မိမိ သူတပါး အကျိုးစီးပွားများကို အလိုတော်အတိုင်း ပြီးစေနိုင် သော ဘုန်းတော်သည် ကာမဘုန်းတော်မည်၏။ ထိုဘုန်းတော်ကြောင့် ပင် ၂၄-သင်္ချေ ကုဋေ-၆၀ ဗိုလ်ခြေတသိန်း လူနတ်ဗြဟ္မာ သတ္တဝါ များ ကျွတ်တမ်းဝင်ကြသည်။ နတ်ပြည် ဗြဟ္မာ့ပြည် ဟူသော သုခဘုံသို့ ရောက်ကြသူများကား အသင်္ချေ အနန္တသာတည်း။ ယခုတိုင်အောင် လည်း လူနတ်ချမ်းသာများ ခံစားလျက် လောကီအကျိုး စီးပွားများ ရနေကြသည်မှာ ကာမဘုန်းတော် စွမ်းပင် ဖြစ်သည်။ မဟာကရုဏာ

ဉာဏ်တော် ကြီးမားကျယ်ပြန့်သမျှ ကာမဘုန်းတော်စွမ်းလည်း အဟုန် မြင့်မားပေသည်။

**အကွက်ကောင်း ချောင်းနေသူ တိတ္ထိများ** ရာဇဂြိုလ်ပြည် သူဌေး၏ စန္ဒကူး သပိတ်ကို အရှင်ပိဏ္ဍောလ တန်ခိုးပြယူသဖြင့် ဘုရားရှင်က တန်ခိုးမပြရဟု ရဟန်းများကို ပညတ်တော်မူရာ (ဥင်းဝတ္ထုပြခဲ့ပြီ) ထိုသိက္ခာပုဒ် ပညတ်သည်ကို အခွင့်ကောင်းယူလျက် 'သပိတ်စုံတ်မျှဖြင့် မိမိတို့တန်ခိုးမပြ၊ ဘုရားနှင့်ပုဂ္ဂိုလ်ချင်း တန်ခိုးပြိုင်မည်''ဟု တိတ္ထိများ ရာဇဂြိုဟ်မြို့တွင်း ကြွေးလုံးထုတ်ကြသည်။ ဗိမ္ဗိသာရမင်းကြီး ကြား၍ ထိုအကြောင်းကို ဘုရားအား လျှောက်ထားရာ နောက် ၄-လကြာလျှင် ငါဘုရားသည် သာဝတ္ထိပြည်မှာ တန်ခိုးပြမည်။ သိက္ခာပုဒ် ပညတ်ပြီးပေမဲ့ ငါဘုရားကား သိက္ခာပုဒ် အရှင်ဖြစ်သည်ဟု ဘုရားရှင် မိန့်ကြားတော်မူလိုက်သည်။

**တိတ္ထိများဉာဏ် မိန်းမဆန်သည်** တနေ့သ၌ ဘုရားရှင် သာဝတ္ထိမြို့သို့ ကြွရာ တိတ္ထိများ နောက်က ကပ်လိုက်ကြ၏။ တန်ခိုးပြမည်ဟု အရှင်ဂေါတမ ကြွားပြီး အလစ်ထွက်ပြေးမည် စိုး၍ဟု တိတ္ထိများ ဟိတ်ထုတ်ပြောဆိုသည်။သာဝတ္ထိမြို့ရှိ သူတို့တကာများထံ မဏ္ဍပ်ဆောက်ရန် တိတ္ထိများ ငွေအလှူခံ၍ မဏ္ဍပ်ကြီး ဆောက်လုပ်ကြ၏။ ''တပည့်တော် မဏ္ဍပ်ဆောက်မည်''ဟု ကောသလမင်းကြီးက ဘုရားရှင်အား လျှောက်ထားရာ''သိကြားမင်း ဆောက်လိမ့်မည်''ဟု မိန့်လိုက်သည်။ ''သရက်ဖြူပင် အနီးတွင် ဘုရားတန်ခိုးပြမည်''ဟု တိတ္ထိများ ကြားသဖြင့် သရက်ပင်များအားလုံး ကြီးငယ်မရွေး တိတ္ထိများက ငွေပေးခုတ်ခိုင်းသည်။

**ကာမဘုန်းရှင် သရက်ပင်ကြီး နေ့ချင်းကြီး၏** အချိန်ကား တစ တစ တန်ခိုးတော်ပြမည့်ရက်သို့ ရောက်လာသည်။ ထိုနေ့တွင် ဘုရားရှင်သည် သာဝတ္ထိမြို့တွင်း ကြွတော်မူရာ ဥယျာဉ်မှူးသည် သရက်ခြံဟောင်းက ရသောသရက်သီးမှည့် တလုံးကို ကပ်လှူသည်။ အရှင်အာနန္ဒာသည် သရက်ဖျော်ရည် စီစဉ်ကာ ကပ်လှူပြီး အစေ့ကို ဥယျာဉ်မှူးအား အစိုက်ခိုင်းသည်။ ဘုရားရှင်က လက်ဆေးတော်ရေများ လောင်းချရာ ချက်ချင်းအပင်ပေါက်၍အတောင် ၅၀-မြင့်သော သရက်ပင်ကြီး ဖြစ်လာသည်။

**မျက်နှာမပြရဲ တိတ္ထိများ ပြေးပွဲ** ခမ်းနားစွာ ဆောက်ထားကြသော တိတ္ထိများ မဏ္ဍပ်များ လေပြင်းဒဏ်ဖြင့် ပြိုကွဲပျက်စီးကြလေပြီ။ သိကြားမင်းအမိန့်အရ လေနတ်သား၊ မိုးနတ်သားတို့၏ အစီအမံများတည်း။ တိတ္ထိများ ပုန်းအောင်း စရာမရှိတော့။ ထိုအချိန်တွင် ကာမဘုန်းတော်သခင် ဘုရားရှင်သည် အလိုတော်ရှိတိုင်း ကောင်းကင်သို့ ပျံကြွလျက် ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာများပြ၊ တရားဟောတော်မူသည်။ သာဝတ္ထိတမြို့လုံး သာဓုသံများ ဆူညံသွား၏။ တိတ္ထိများ အရှက်တကွဲဖြစ်ကာ မျက်နှာမပြရဲကြတော့ဘဲ တခြားအရပ်များသို့ ခွာ၍ထွက်ပြေးကြသည်။ ထို့နောက် ဘုရားရှင်သည် တာဝတိံသာသို့ ၂-လှမ်း ၃-ဖဝါး ကြွသွား၊ အဘိဓမ္မာတရား ဟောကြားတော်မူသည်။ ဩော်–အလိုတော်အတိုင်း ပြီးတော်မူသော မြတ်စွာဘုရား–မြတ်စွာဘုရား။

## (၆) ပယတ္တာ ဘုန်းတော်ဆိုင်ရာ

တာဝန်တော်ရှိသမျှ ဗုဒ္ဓကိစ္စအဝဝကို ခန္ဓာကိုယ်မငဲ့ကွက်ဆောင်ရွက်တော်မူသော ဘုရားရှင်၏ လုံ့လဝီရိယတော်သည် ပယတ္တာဘုန်းတော်မည်သည်။ လောကဌ် ကြီးပွားသူတိုင်း အလုပ်များကြသည်။ ဘုရားရှင်ကား တလောကလုံးတွင် အတုမရှိ ကြီးပွားပြည့်စုံတော်မူရာ အလုပ်အများဆုံးပင် ဖြစ်သည်။ ဇာတိခေတ် စကြဝဠာ တသောင်းသည် ဗုဒ္ဓ၏ အလုပ်ရုံကြီးပင် ဖြစ်သည်။ ထိုအလုပ်ရုံကြီးကို အသာခေရဏာဉာဏ်တော် ဦးစီးမှူး ၆-ဦးဖြင့် တပါးတည်း အုပ်ချုပ်တော်မူသည်။ ပယတ္တာဘုန်းတော် ဝီရိယတော်နှင့် သံသရာရေပြင် မျောသွားနေကြသူ လူနတ်ဗြဟ္မာများကို မဂ္ဂင် ၈-ပါး ရထားယာဉ်ပျံများပေါ်သို့ တင်ကာ နိဗ္ဗာန်သောင် အောင်မြို့သို့ ပို့တော်မူသည်။

### ဗုဒ္ဓ၏ ဆောင်ရွက်တော်မူချက် ၅-မျိုး

ဘုရားဖြစ်တော်မူသည်မှ ပရိနိဗ္ဗာန်စံဝင်တော်မူသည်အထိ ၄၅-နှစ်ပတ်လုံး ဗုဒ္ဓ၏ ဆောင်ရွက်တော်မူချက်များသည် ဆိုဖွယ်ရာမရှိ များတော်မူသည်။ တလောကလုံးရှိ သတ္တဝါအနန္တ၏ ဝီရိယများ စု၍တပုံ၊ မြတ်စွာဘုရား၏ ဝီရိယတော်ကို တပုံ၊ ၂-ပုံ ပုံထားသည်။ မြင်းမိုရ်တောင်နှင့် ကျောက်စရစ်ခဲမျှ ပေါ်ကြွားတော့၏။ ထိုပညတ်တော်ကြောင့်ပင် လူနတ်ဗြဟ္မာတို့၏ အပူဇော်ခံ ဘုရားဖြစ်တော်မူရသည်။

**ပုရေဘတ္တ နံနက်ပိုင်း လုပ်ငန်း** နံနက် စောစောထ၊ အလုပ်အကျွေး ရဟန်းကို ချီးမြှောက် ရန်နှင့် ကိုယ်တော်၏ သပ္ပာယဖြစ်ရန် မျက်နှာတော်သစ်ခြင်း စသည်ကို ပြု၊ ဆွမ်းခံချိန်အထိ ဆိုင်းငံ့တော်မူပြီးနောက် အသရေတော်အဖြာဖြာဖြင့် ဆွမ်းခံကြွ၊ ဆွမ်းဘုဉ်းပေး၊ ဆွမ်းအနုမောဒနာပြုသည်။ သရဏဂုံသီလ၌ အချို့တည်၍ အချို့သောတာပန်တည်ကြ၊ အချို့ရဟန်းပြု၍ အရဟတ္တဖိုလ်ရကြသည်။ လူများချီးမြှောက်ပြီး ကျောင်းတော် ပြန်ကြွ၊ မဏ္ဍပ်တွင်း ဘုရားနေရာတော်တွင် သီတင်းသုံး၊ သံဃာစုံအောင် ဆိုင်းတော်မူသည်။ သံဃာစုံကြောင်း အလုပ်အကျွေးရဟန်းက လျှောက်သော် သံဃာတော်များ ခြံရံလျက် ဂန္ဓကုဋိတိုက် ပရိဝုဏ်သို့ ကြွတော်မူသည်။

**ပစ္ဆာဘတ္တကိစ္စ နေ့လယ်နှင့် ညနေချမ်းလုပ်ငန်း** ပရိဝုဏ်သို့ရောက်သော် သံဃာ စုဝေးရာ ခစားရာအရပ်၌ ခြေတော် ဆေးယင်းပင် "ချစ်သားတို့၊ သတိထားကြ။ ဘုရားပွင့်ချိန်ရခဲ၊ လူ့အဖြစ်ရခဲ၊ သဒ္ဓါရှိသူအဖြစ်ရခဲ၊ ရဟန်းဘဝရခဲသည်။ သူတော်ကောင်းတရားကိုလည်း နာရခဲ၏"ဟု သံဃာတော် များအား ဆုံးမ၊ သံဃာတော်များ တောင်းသော ကမ္မဋ္ဌာန်းကိုလည်း စရိုက်အားလျော်စွာ ပေးတော်မူသည်။ သံဃာတော်များ ကမ္မဋ္ဌာန်း ယူတော်မူပြီးလျှင် သစ်ပင်တောတောင် စသည် သွားကြ၊ အချို့လည်း နတ်ပြည်ကြွကြ၊ ပြီးသောအခါမှ ဘုရားရှင် ဂန္ဓကုဋိတိုက်ဝင်တော်မူပြီး အလိုတော်ရှိလျှင် သတိသမ္ပဇဉ်ဖြင့် တခဏမျှ လျောင်းတော်မူသည်။

**တရားထိုင်လျှင် ဘုရားရှင် အလျင်ကြွလာမြဲ** အချိန် ၃-ပုံ တပုံကုန်လတ်သော် လျောင်းရာမှထ၊ ဗုဒ္ဓဉာဏ်တော်ဖြင့် ချေချွတ်ရမည့် ပုဂ္ဂိုလ်ကြည့်၍ ယူဇနာတရာပင်ဝေးသော်လည်း တန်ခိုးတော်ဖြင့် ကြွရောက်ချီးမြှောက်သည်။ ကမ္မဋ္ဌာန်းယူသွားကြသူ ရဟန်းတော်များထံသို့လည်း သဒ္ဓါ ဝီရိယမမျှ ဝိတက် ထိန မိဒ္ဓ စသည်နှိပ်စက်လျှင် ကြွရောက်ပြုပြင်ပေးတော်မူသည်။ ထို့ကြောင့် လက်ထက်တော်အခါ၌ ဘယ်နေရာမဆို ရဟန်း တပါးတည်း နေစေဦးတော့ ဘုရားနေရာတော်ကခုကိုမူ အဆင်သင့် ခင်းထားကြသည်။ (ပခုက္ကူ မန္တလေး စသည် ဆွမ်းခံအိမ်များ၌ ဆွမ်းခံ သံဃာနေရာ အမြဲတမ်း ခင်းထားသကဲ့သို့တည်း။) တတိယအပုံ၌ကား ညနေချမ်းဖြစ်၍ မြို့ရွာများမှ

လူများ ဘုရားထံ လာရောက်၊ ပန်း နံ့သာ အဖျော် စသည်များ လှူဒါန်းကြ၊ တရားနာကြသည်။

**ပုရိမယာမကိစ္စ ညဉ့်ဦးယံလုပ်ငန်း** နေ့လယ်နှင့် ညနေချမ်းကိစ္စပြီးလျှင် အလိုတော် ရှိက ရေချိုးခန်းကြွ၊ ရေသုံးသပ်တော်မူပြီး ဂန္ဓကုဋိတိုက် ဘုရားနေရာတော်၌ တပါးတည်း ဝိဝေကချမ်းသာ ခံစားတော်မူ၏။ ထိုနောင် အရပ်အမျိုးမျိုးမှ ကြွလာကြသော ရဟန်းများ အဖူးအမြော်ခံ၊ ပုစ္ဆာပြဿနာများ ဖြေကြား၊ ကမ္မဋ္ဌာန်းပေး၊ တရားဟော၍ အချိန်ကုန်စေတော်မူသည်။

**မဇ္ဈိမယာမကိစ္စ သန်းခေါင်ယံလုပ်ငန်း** ဤ အချိန်၌ကား စကြဝဠာတိုက်တသောင်းမှ နတ်ဗြဟ္မာများ ရောက်လာကြ၊ ပုစ္ဆာပြဿနာများ လျှောက်ထားကြ၊ တရားနာကြသည်။ လူများနှင့် မဆက်ဆံသော သီးခြားအချိန်တည်း။

**ပစ္ဆိမယာမ မိုးသောက်ယံ လုပ်ငန်း** ဤအချိန်ကို ၃-ပုံပုံ၍ ပထမအပုံတွင် အထိုင်များသော ဣရိယာပုထ်အတွက် အပန်းဖြေ စင်္ကြံကြွတော်မူသည်။ အလယ်အပုံကား သတိသမ္ပဇဉ်ယှဉ်၍ လက်ျာနံတောင်းဖြင့် လျောင်းတော်မူသော အချိန်ဖြစ်၏။ တတိယအပုံကား ရှေးရှေးဘုရားရှင် လက်ထက်တော်များက ဒါန သီလ စသည့် ပါရမီရှင် ကျွတ်ထိုက်သူများကို ရွှေဉာဏ်တော် ကွန်ယက်ဖြင့် ဖြန့်ကြက်ကြည့်ရှုတော်မူသည်။ ထိုသို့ ကြည့်ရှု၍ သိမြင်တော်မူသောကြောင့် ပင် ပရိနိဗ္ဗာန် စံဝင်တော်မူကာနီး၌ ဝမ်းတော်လား၍ အားနည်းတော်မူနေပါလျက် သုဘဒ်ပရိဗိုဇ်အတွက် ကုသိနာရုံသို့ ခက်ခဲပင်ပန်းစွာ ကြွလှမ်းတော် မူလာသည်။ ဤသို့လျှင် သူမတူ တန်ခိုးကြီးမားသော လုံ့လဝီရိယ ပယတ္တဂုဏ်တော်ဖြင့် စကြဝဠာ ကမ္ဘာကျော်ကြား ထင်ရှားတော်မူသော မြတ်စွာဘုရား–မြတ်စွာဘုရား။

# တရားတော်မြတ် ဂုဏ် ၆-ရပ်

## တရားဂုဏ်တော် ၆-ပါးတွင် သွာက္ခာတဂုဏ်တော်ဆိုင်ရာ

**လောက သုံးပေါ် နှုန်းမလျော်သည်** လူနတ် ဗြဟ္မာ ၃-လောကတွင် အပြိုင်ကင်းသော ဘုရားရှင် ကိုယ်တော်တိုင် ကုမုဒြာ ကြာနံ့သင်းသော နံ့သာကြုတ် သဖွယ် နှုတ်တော်မှထုတ်၍ ဟောကြားသော တရားတော်များသည် မဂ် ၄-ပါး ဖိုလ် ၄-ပါး နိဗ္ဗာန် ပရိယတ်ဟု ၁၀-ပါးရှိသည်။ ထို ၁၀-ပါးတွင် ပရိယတ်သည် ဓမ္မက္ခန္ဓာ တရားအစု ၈၄၀၀၀-ရှိသော်လည်း လိုရင်း စစ်လျှင် လွတ်မြောက်မှုနိဗ္ဗာန်ဟူသော ဝိမုတ္တိရသ တပါးကိုပင် ပြတော်မူ၏။ သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟု ပိဋက အားဖြင့် သုံးသွယ်- ဒီဃ၊ မဇ္ဈိမ၊ သံယုတ္တ၊ အင်္ဂုတ္တရ၊ ခုဒ္ဒကဟု နိကာယ်အားဖြင့် ၄-ရပ်ရှိ၍ သုတ္တ၊ ဂေယျ၊ .ဝေယျာကရဏ စသော အင်္ဂါအားဖြင့် ၉-တန်ရှိသည်။

**အာဒိမဇ္ဈ အဝသာဟု ကလျာ ၃-ချက်** ဘုရားရှင်၏ပရိယတ် တရားတော်သည် အစ၊ အလယ်၊ အဆုံး ကောင်းခြင်းဂုဏ်နှင့်ပြည့်စုံ၊ ပုဒ်အနက် အဓိပ္ပာယ်နှင့် ပြည့်စုံ၍ စင်ကြယ်စွာ ဟောကြားအပ်သော တရားတော်ဖြစ်ခြင်းကြောင့် သွာက္ခာတ ဂုဏ်နှင့် ပြည့်စုံတော်မူသည်။ ဘုရားရှင်ကိုယ်တိုင်က ကောင်းသော ဘုရားဖြစ်ခြင်းကြောင့် ဟောထားသော တရားတော်သည် နာကြားရုံမျှဖြင့် သတ္တဝါများ သန္တာန်ဝယ်ရှိသော သောက စသော မီးများ အေးချမ်းသွားရခြင်းသည် တရားတော်၏ အာဒိကလျာဏ အစ၏ကောင်းခြင်းမည်သည်။

**ပြဿနာမေးရန် ဘုရားထံချဉ်းကပ် အဇာတသတ်** အချိန်ကား ဆီးနှင်းမြူတိမ် သူရိန် မီးခိုး ညစ်မျိုး ၅-အင် လွန်သန့်စင်သော တန်ဆောင်မုန်း လပြည့်နေ့ညဖြစ်သည်။ ထိုအချိန်ဝယ် ဆရာဇီဝက၏ သရက်ဥယျာဉ် ကျောင်း

တိုက် ဘုရားထံတော်သို့ အဇာတသတ်မင်းသည် မြို့သူ မြို့သား မှူးမတ်များ ခြံရံလျက် ရောက်လာသည်။ ဘုရားရှင်၏ ကျောင်း ဒါယကာ သောတာပန် ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို လုပ်ကြံခြင်း၊ ဘုရားရှင်အား လုပ်ကြံဘို့ အမြဲအားထုတ်နေသော ဒေဝဒတ်အား(လုပ်ကြံမှု အထမမြောက်သော်လည်း) အမြဲပင် အားပေးမိခြင်းတို့ဖြင့် ပြစ်မှုများနေသော အဇာတသတ်မင်းသည် ဘုရားထံတော်လာရန် မဝံ့မရဲ ဖြစ်နေသည်။

**သဲကို ဆီပွတ်မရ ပဲကိုပင် ပွတ်လိုသည်** အဇာတသတ်သိလိုသော ပြဿနာများ ရှိနေ၏။ ဘုရားအမည်ခံ ပုရာဏကဿပစသော တိတ္ထိဆရာကြီး ၆-ဦးထံ သွား၍ မေးဘူးသည်။ ပြဿနာများကို သင့်တော်သလို ဖြေဆိုလိုက်ကြသဖြင့် သဲကို ဆီညှစ်မရသလို အနှစ်သာရ မရ၊ အဇာတသတ် ဘဝင်မကျခဲ့ပါ။ ထို့ကြောင့် ဘုရားထံသွားဘို့ မဝံ့မရဲ ဖြစ်နေသော်လည်း (ပဲကိုပင် ဆီပွတ်လိုသောကြောင့်)အဘယမင်းသား၏သား သူငယ်ချင်း ဘုရားကျောင်းဒါယကာ ဆရာဇီဝကကို ညွှန်မှူးပြု၍ ဘုရားထံ ကူးလာသည်။

**ငြိမ်သက်မြင့်မြတ် ဘုရားပရိသတ်** ထိုအချိန်ဝယ် ဘုရားရှင်နှင့် အတူ သံဃာတော် ၁၂၅၀-ရှိနေသည်။ သံဃာတော်များ တန်ဆောင်းအတွင်း၌ အားလုံး ရှိနေကြသော်လည်း ချောင်းဟန့်သံ စကားပြောသံစသည် ဘာမျှမကြားရဘဲ လှိုင်းငလကင်းစင် ကြာမျိုး ၅-အင်ဖြင့် ကြည်လင်နေသော ရေကန်ကြီးလို တင့်တယ်အေးချမ်းလှသည်။ ထိုအခြေကို ဖူးမြင်ရသော အဇာတသတ်သည် "ဤသံဃာတော်များလို သားတော်ကလေး အေးဆေးငြိမ်သက်လျှင် ကောင်းလေစွ"ဟု မထိုင်သေးဘဲ သားချစ်ကိုအမှတ်ရ၍ ရုတ်တရက် နှုတ်ကထွက်မိသည်။ အကောင်းကို မြင် ကြား စားရလျှင် ချစ်သူကို သတိရတတ်သည်မှာ လောကဓမ္မတာတည်း။

**ဗုဒ္ဓ၏ လိုက်လျောတော်မူချက်** ငါဘုရားက စတင် စကားမပြောလျှင် ဘာစကားကိုမျှ စတင် လျှောက်ဝံ့မည် မဟုတ်သည်ကို သိသောဘုရားရှင်သည် မင်းကြီးစကား အဆုံး၌ "မင်းကြီးသည် သားချစ်ဘို့ စိတ်ရောက်သွားသည် မဟုတ်လား"ဟု မိန့်တော်မူသည်။ မင်းကြီး ဝမ်းမြောက် လှသောကြောင့် ထိုအခါမှ ရှိသေစွာထိုင်၍

ဝပ်ချသည်။ ခွင့်တောင်း၍ ပြဿနာများကိုလည်း တိတ္ထိဆရာကြီးများက မေးသည့်အတိုင်း မေးလျှောက်သည်။

**အဇာတသတ် ဘုရားဒါယကာ ခံခြင်း** "အသိပညာရှင်၊ အတတ်ပညာရှင်များသည် မိမိတို့ပညာနှင့် ပတ်သက်ပြီး ချမ်းသာစွာ အသက်မွေးနိုင်သဖြင့် ပညာ၏အကျိုးကို လက်တွေ့ခံစားရသလို ရသေ့ရဟန်းပြုလုပ်ခြင်း၏ လက်တွေ့အကျိုး(နောင်ဘဝအကျိုးမဟုတ်)ကို ပြတော်မူပါဘုရား"ဟု မေးလျှောက်သဖြင့် အဆင့်ဆင့် သာလွန်သော ရဟန်းပြုရခြင်း၏ လက်တွေ့အကျိုးများကို အရဟတ္တဖိုလ်တိုင် မိန့်ကြားရာ အဖြေတခုဆုံးတိုင်း ဝမ်းသာစွာ သာဓုခေါ်သည်။ တိတ္ထိဆရာကြီးများထံ မေးမြန်း၍ အချိန်ဖြုန်းခဲ့မိသည်ကို နောင်တ ရသွား၏။ သရဏဂုံ ၃-ပါးတည်၍ ဘုရားဒကာအဖြစ် ခံယူပြီးလျှင် မှားမိသော အပြစ်များ အားလုံးကို တောင်းပန်ဝန်ခံ ကန်တော့သည်။ (ရဟန်းပြုကျိုးများ ဒီ ၁၊ သာမညဖလသုတ် ဘာသာပြန်၌ရှု)

**အဇာတသတ်အတွက် တရားနာရကျိုး** စိတ်ချမ်းသာ သွားကြောင်း လျှောက်ထား၊ လက်အုပ်ချီ နောက်ဆုပ်သွား၊ ဘုရား မမြင်လောက်သော နေရာမှ ဝပ်ချပြန်သွားသည်။ (ခမည်းတော်အား လုပ်ကြံပြီးသည်မှစ၍ အိပ်မပျော်သော အဇာတသတ်သည် တရားတော်ကို နာရသဖြင့် စိတ်ချမ်းမြေ့ကာ သောကစသော အပူငွေ့များကင်းပြီး အိပ်ပျော်ခြင်းအကျိုးကို ရသည်။ ဤသို့လျှင် ကြားနာရုံဖြင့် သောကမီး ငြိမ်းခြင်းစသည်များသည် တရားတော်၏ အစကောင်းခြင်းတည်း။ အဝီစိကျမည့်ဘေးမှ လွတ်၍ အဝီစိ၏အခြံအရံ ငရဲငယ်၌သာ အနှစ် ၆-သောင်းခံ ပြီးလျှင် ဝိဇိတာဝီ ပစ္စေကဗုဒ္ဓါဖြစ်မည်။ ယခုဘဝ၌လည်း သာသနာပြုဒါယကာ ပထမသံဂါယနာ ဒါယကာဖြစ်၍ ဘုရားကို အကြည်ညိုဆုံး ပုဂ္ဂိုလ်ဖြစ်သွားသည်။)

## (၄) လေ့ကျင့်ခန်းများ

၁။ ပါကမှ စသော ဘုန်းတော် ၅-ပါး အဓိပ္ပာယ်ပြ၍ ဓမ္မ၊ ယသ ဘုန်းတော် ၂-ပါး၏ တရားကိုယ်များကိုလည်း ရေးပါ။

၂။ ဘုရားရှင်၌ အခြံအရံများပုံကို ဥပမာနှင့်တကွပြ၍ ဇမ္ဗူဒိပ် တကျွန်းလုံး တရားနာမဏ္ဍပ်ကြီးသဖွယ်ဖြစ်ပုံ၊ သက်ရှိသက်မဲ့များက

ဘုရားဂုဏ်တော် ဖော်ပုံများကိုလည်း သာဓကရှိအကြောင်း သွင်း ရှင်းပြပါ။

၃။ ဘုရားဂုဏ်တော်ကို သူများပြောသံကြားရုံမျှ အရိယာဖြစ်နိုင်၊ မဖြစ်နိုင် သာဓကနှင့် တကွပြ၍ ကောလာဟလ ၃-မျိုးကိုရှင်း၊ ဘုရားကျေးဇူး ချီးကျူးမကုန်နိုင်ပုံကိုရှင်း ရေးပါ။

၄။ အဘယ်ကို သိရိဘုန်းတော်ဟု ခေါ်ဆိုရမည်နည်း။ လက္ခဏာ ကြီးငယ် ၁၀-ခုစီမျှ ထုတ်ပြ၍ အနန္တရောင်ခြည်တော်ကိုရှင်း၊ ၁၀၈-ကွက် စက်လက္ခဏာမှ အချို့ကိုရှင်း ရေးပါ။

၅။ သိရိဘုန်းတော်ကြောင့် ဖုဿရေဝတထေရ် ရဟန္တာဖြစ်ပုံကိုပြ၍ ဘုရားရှင်မည်မျှ လှပတင့်တယ်တော်မူကြောင်း ကျွန်နှင့်သမင် ဥပမာတင် ရေးပါ။

၆။ ဝက္ကလိသည် မင်ဖိုလ်ကိုလို၍ ရဟန်းပြုပါသလော၊ ဘုရားနှင့် ကင်း၍ ဝက္ကလိစိတ်ထိခိုက်ပုံ၊ ဣရိယာပုထ်မှလွတ်၍ ရဟန္တာ ဖြစ်ပုံများကိုလည်း ရေးပါ။

၇။ ကာမ ဘုန်းတော်ကို ပေါ်လွင်အောင်ပြ၍ အလစ်ချောင်းဟန် တိတ္ထိများ မိန်းမဆန်ပုံ၊ သရက်ပင် နေ့ချင်းကြီး၍ တိတ္ထိများ ပြေးရပုံ ဖော်ပြပါ။

၈။ ဗုဒ္ဓ၏ ဦးစီးမှူး ၆-ဦးကို ပြ၍ ဘုရားရှင်၏ နေ့စဉ် ပရဟိတ လုပ်ငန်း (ဒိုင်ယာယီ) ကို ကြည့်လင် ရှင်လန်းဖွယ်ရာ ကုသိနာရုံသို့ နောက်ဆုံးကြွခြင်းပါ အချုပ်မျှ ဖော်ပြပါ။

၉။ ဓမ္မက္ခန္ဓာ ၈၄၀၀၀-၏ အနှစ်သာရကို ပြ၍ တရားတော်၏ အာဒိကလျာဏ ဖြစ်ပုံကိုလည်း အဇာတသတ်၏ ဖြစ်ရပ်များနှင့် ပြပါ။

၁၀။ ဘုရားထံတော်သို့ အဇာတသတ် ဘာ့ကြောင့် မသွားရဲရသ နည်း။ အဇာတသတ် အပေါ် ဗုဒ္ဓ၏ လိုက်လျောတော်မူချက် ဖြင့် အကျိုးသက်ပုံကိုလည်း ညွှန်းပြပါ။

**ရဲရဲလျှံညီး ကိလေမီးတည်း** အဇာတသတ် မင်းသည် သောက ဒေါ-မနဿ စသည့် မီးများကြောင့် အိပ် မပျော်။ထို့အတူ လောဘစသော ကိလေသာ ၁၀-ပါးမီးများသည် ပြင်း

ထန်လှသည်။ သိမ်တခုအပေါက်ဝတွင် လုလင်ပျိုရုပ် လှလှ ထုထားသည်။ ဘိက္ခုနီမတစု ဥပုသ်ပြု သွားကြရာတွင် ဘိက္ခုနီမ တယောက်မှာ ယင်း လုလင်ပျိုရုပ်ကိုမြင်၍ အချစ် ကိလေသာစိတ်ပြင်းစွာဖြစ်မိ၏။ အမျှားပြန် သော်လည်း မပြန်နိုင်။ကြည့်နေဆဲတွင် မတ်ရပ်အသက်ပျောက်နေသည်။ အဖော်တဦး လက်ဆွဲ အခေါ်တွင်မှ လဲကျသွား၏။ ယခုလောက၌လည်း ရာဂမီး သတ်သဖြင့် ၂-ဦးပြိုင် ရေထဲခုန်ချ သတ်သေကြသူများ များလှ သည်။

နတ်များသည် မိမိ၏ အခြံအရံများဖြင့် ဥယျာဉ်ပွဲ သွားတတ်ကြမြဲ ဖြစ်သည်။ နတ်သားတဦး ရထားစီး၍ အခြံအရံနှင့် သွားနေစဉ် နောက် မနီး မဝေးမှလည်း နတ်သားတဦး လိုက်လာသည်။ မဖြစ်စလောက် စည်းစိမ်ကလေးကို အဟုတ်ကြီးထင်ကာ ဟန်ကြီးနေတာဘဲဟု နောက် နတ်သားက ရှေ့နတ်သားကို ကဲ့ရဲ့သည်။ စကားများကြ။ နတ်သမီးများ တောင်းပန်းကြစဉ်မှာပင် လှပနုနယ် နတ်ခန္ဓာကိုယ်သည် ဒေါသမီး ရှိန်ဖြင့် ၂-ဦးလုံး ဇီဝိန်ပြတ်သွားကြသည်။ ယခု ပစ္စက္ခလောကမှာလည်း အချို့ လူများ စည်းစိမ်နှင့် စပ်၍ ရှုးကြ၊ သတ်သေကြသည်။ ကယ်နိုင်သူ မှာ ဘုရားတရားတော်သာတည်း။ တရားကယ်၍ ပဋာစာရီ စသူတို့ အရှုး ဝဋ် ကျွတ်သွား၏။

**မဇ္ဈေကလျာဏ အလယ်၏ကောင်းခြင်း** သဒ္ဒါပုဒ်ဗျည်း ပြည့်စုံ၊ အနက် အဓိပ္ပာယ် ပြည့်စုံ၊ အလုံး စုံ ပြည့်စုံ၍ စင်ကြယ်သော အကျင့်မြတ်တို့ကို ပြသော တရားတော်က ကောင်းသော တရားဖြစ်ခြင်းကြောင့် ကျင့်ကြံအားထုတ်သူများ ချမ်း သာကြခြင်းသည် အလယ်၏ကောင်းခြင်းပင်တည်း။ တရားတော်အတိုင်း နေရလျှင် စိတ်ကြပ်တည်းသည်။ လွတ်လပ်စွာ လောကီအာရုံများကို လိုက်နေရမှ ပျော်ရွှင်ဖွယ် ဖြစ်သည်ဟု ယူဆကြသည်မှာ ညအခါ မီးကိုတိုးသော ပိုးပရန်များသာတည်း။

**တရားကျင့်၍ ချမ်းသာကြသူများ** သုရုဒ္ဓနပြည်ကြီးကို ဥဒယဘဒ္ဒ မင်း သား၊ ဥဒယဘဒ္ဒါ မင်းသမီး ဇနီး မောင်နှံတို့ ချမ်းသာစွာ စိုးအုပ်နေကြသည်။ ယင်းတို့ကား ဘုရားရှင်နှင့် ယသောဓရာ အလောင်းတို့ ဖြစ်ရာ ပါရမီ ဖြည့်ဘက်ဖြစ်ကြ၍ တဦးနှင့် တဦး ကြင်နာလှ၏။ မင်း မိဖုရား ၂-ပါးတွင် အလျှင် နတ်ရွာစံသူက

ရောက်ရာဘဝက လာပြောကြစတမ်းဟု ကတိသစ္စာထားကြသည်။ဘုရင်မင်းမြတ် နတ်ရွာစံ၊တာဝတိံသာ သိကြားဖြစ်သွားသည်။အတော်ကြာမှ သတိရ၊ (ကာမ စည်းစိမ်များသည် မူးယစ်ဆေးဝါးပမာ မေ့ဘိုများ၏။) သူ သိကြားဖြစ်ကြောင်း၊ ကိုယ် နှုတ် နှလုံး စောင့်သုံးကာ ဒါနစသည် ပြုနေလျှင် သူ့ ထံ ရောက်နိုင်ဘို ရှိကြောင်းနှင့်တကွ သံဝေဂမမ္ဘဆုံးမပြီး နတ်ပြည်ပြန်သွားသည်။ မိဖုရားလည်း ဆုံးမတိုင်းကျင့်၊ ကံကုန်သော် သိကြားထံရောက်၊ မိဖုရားပင်ဖြစ်လေသည်။ ဤသို့လျှင် ကျင့်လျှင်ချမ်းသာ၍ မဇ္ဈောကလျာဏဂုဏ်တော် တရားတော်နှင့် ပြည့်စုံသည်။ ဘုရားပစ္စေကဗုဒ္ဓါ အရိယာများ ဖြစ်ထွန်း ပေါ်ပေါက်လာရခြင်း၊ နတ် ပြဟ္မာများရှိနေခြင်းသည် မဇ္ဈောကလျာဏဂုဏ်တော်ကိုဖော်ပြချက်တို့သာတည်း။

**ပရိယောသာနကလျာဏ အဆုံး၏ ကောင်းခြင်း** တရားမှန် အတိုင်း အားထုတ်ကြသော ယောဂီသာဝကတို့သည် တရားမြတ်၏အကျိုးကို ကိုယ်တွေ့ ခံစားကြရ၊ ပဂ် ဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုကြရကုန်လျက် ပုဂ္ဂိုလ်မြတ်အဖြစ်သို့ ရောက်ခြင်း တည်းဟူသော သာဝက သမ္ပတ္တိသည် တရားတော်၏ ပရိယောသာန ကလျာဏ မည်သည်။ ဤနေရာ၌ အယျမိတ္တထေရ်၏ အားထုတ်ပုံ၊ အားထုတ်ခြင်းကြောင့် ရဟန္တာအဖြစ်သို့ ရောက်၍ ပြည့်စုံသော သာဝကဖြစ်ပုံကို မှတ်သားသင့်သည်။

**မိခင်ကြီး၏ ကြည်ညိုစိတ်ထား မှာစကား** "သမီး၊ နှစ်ချို ဆန်ကလေးများနှင့် နွားနို့ ထောပတ်၊ တင်လဲ့များ ရှိသည်။ သမီးမောင်တော် ကြွလာလျှင် ချက်ကပ်၍ သမီးလဲ စားရစ်။ အမေတော့ ပုံးရည်ဟင်းနှင့် ညကကျန်တဲ့ ထပင်းကြမ်းကို စားပြီးပြီ။ နေ့စာအတွက်တော့ ဟင်းရွက်ကလေးများနဲ့ ရောပြီး ဆန်ကွဲကို ယာဂု ကျိုထားပါ"ဟု နံနက် စောစော တောသို့ အလုပ်သွားကာနီး တွင် မိခင်သည် သမီးအား မှာကြားပြီး အလုပ်သွားသည်။ ထိုဒါယိကာမကြီးကား လိုဏ်ဂူ၌ နေသော အယျမိတ္တ ပထေရ်အား သားရင်း သဖွယ်လေးစားသမှု ကြည်ညို ပြုစုနေသူဖြစ်သည်။

**အယျမိတ္တ သူ့ကိုယ်သူ ဆုံးမပုံ** သားအမိ ၂-ဦး၏ စကားသံကို ဆွမ်းခံ အလာ ရွာနားတွင် အယျမိတ္တ မထေရ် ကြားလိုက်ရသည် "နားထောင်-အယျမိတ္တ၊ ဒကာမကြီးမှာ သူ့အတွက်

ပုံးရည်ဟင်း ထမင်းကြမ်းနှင့် ဟင်းရွက်တွဲသည့် ဆန်ကွဲယာဂုကို စား သောက်ရှာလျက် သင့်အတွက် မွန်မြတ်စွာ ကပ်လှူဘို့ မှာထားသည်။ လောကကျိုးမြော်၍ သင့်အပေါ် ယခုလောက် ဂရုစိုက်သည် မဟုတ်။ လူနတ်နိဗ္ဗာန် ချမ်းသာမှန်ကို သင် ပေးနိုင်ပါမည်လား။ ဒကာမကြီး၏ ဆွမ်းကို ကိလေသာ မကုန်သေးသမျှ သင် မစားထိုက်" ဟု အယျမိတ္တ မထေရ်သည် သူ့ကိုယ်သူ ဆုံးမပြီးလျှင် ဆွမ်းခံ မဝင်ဘဲ ပြန်၍ တရား အားထုတ်ရာ သီလစင်ကြယ်၍ သမာဓိရပြီးဖြစ်သဖြင့် မကြာမီ ရဟန္တာ ဖြစ်သွားသည်။

## အရိယာမြတ် လူနတ်ကြည်ညို

နမော တေ ပုရိသာဇည၊ နမော တေ ပုရိသုတ္တမ။
ယဿ တေ အာသဝါ ခီဏာ၊ ဒက္ခိဏေယျောသိ မာရိသ။

"ယောကျ်ား အာဇာနည် အရှင်မြတ်အား ရှိခိုးပါသည်။ အမြတ် ယောကျ်ား ဖြစ်သွား၍လည်း တပည့်တော် ရှိခိုးပါသည်။ အထက်တန်း ထား လေးစားအပ်သော အရှင်မြတ်မှာ အာသဝေါ ၄-ဖြာ ကုန်သွား ပြီဖြစ်ရကား မယ်တော်ကြီးအတွက် နောင်ဘဝအကျိုးရှိဘို့ မျိုးချလှူ ဒါန်း နိစ္စဘတ်ဆွမ်းကို အရှင်မြတ်ခံယူထိုက်ပါပြီ"ဟု ရဟန္တာဖြစ်ပြီးမှန်း သိသော လိုဏ်ဂူစောင့်နတ်က လျှောက်ထားရာ အချိန်ရှိသေး၍ ခံယူ ဘုဉ်းပေးသည်။

"မေမေ၊ ယနေ့ မောင်တော်မျက်နှာ လွန်စွာကြည်လင်နေပါတယ်" ဟု မိခင်ပြန်လာ၍ သမီးက ပြောကြားလိုက်သည်၊ "ယနေ့ ငါ့သားကြီး ဖြင့် ရဟန်းကိစ္စပြီးလေပေါ့"ဟု မိခင်ကြီးပြန်ပြောကာ ဝမ်းသာကြည်ညို ကြလေသည်။ ဤသို့လျှင် တရားတော်၌ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက် ပြုရ၊ ပုဂ္ဂိုလ်မြတ်အဖြစ်သို့ ရောက်ရသော ပရိယောသာနဂုဏ် ပြည့်စုံ လေသည်။

**တိတ္ထိဆရာများ၏ တရားသန္တာန် မဖောက်ပြန်ဘဲ** သွာက္ခာတ ဂုဏ်တော်ရှိသော ဘုရား တရားတော်ကား တိတ္ထိတို့ တရားကဲ့ သို့ မဖောက်ပြန်ပေ။ ဘုရားစစ်မှန် လျှင် ငါ၏ စန္ဒကူးသပိတ်ကို ကောင်းကင်ပျံ၍ ယူနိုင်သည်ဟု ရာဇဂြိုဟ် သူဌေး ကျေညာချက်ကို တိတ္ထိများ ခုန်ပျံပြီး ယူတော့မလို ဟန်ရေးပြကြရာ

သပိတ်စုတ်လောက်နှင့် တန်ခိုးမပြသင့်ဟု တပည့်များကလည်း တားကြ၊ ဟိတ်ထုတ်ကြပြန်သည်။ တန်ခိုးပြရန် သာဝတ္ထိသို့ကြွသော ဘုရားနောက်သို့ တိတ္ထိများ တကောက်ကောက် လိုက်ကာ "ရဟန်းဂေါတမ တန်ခိုးပြမည်ကြွားပြီးမှ ထွက်ပြေးမှာစိုး၍ လိုက်နေရကြောင်း ဟန်ရေးပြကြသည်မှာ စက်ဆုပ်စရာ ကောင်းလှသည်။ ဗုဒ္ဓတရားတော်ကား မဖောက်ပြန်ဘဲ ဖြောင့်မှန်စွာ ဟောအပ်သည်သာ။

**အရိယာမဂ် ၄-ချက်သာ** ဓမ္မအရ မဂ် ၄-တန်ကို ယူလျှင် မေထုန် ဟူသော ကာမသုခလ္လိကာနုယောဂ၊ မိစ္ဆာဟူသော အတ္တကိလမထာနုယောဂ၊ အယုတ် ၂-ပါးမှ စင်ကြယ်၍ အလယ်အလတ် မဇ္ဈိမပဋိပဒါအားဖြင့် ဟောကြားအပ်သောကြောင့် သွာက္ခာတမည်သည်။ ဖိုလ် ၄-ပါးကိုယူမူ မဂ်ဖြင့်ပယ်သတ်ပြီး ကိလေသာမီးသည်ပဋိပဿဒ္ဓိ ပဟာန်ဖြင့် တဖန် ငြိမ်းသောအားဖြင့် ဟောကြား အပ်သည်ဟူလို။ နိဗ္ဗာန်ကိုကား ကိုးကွယ်လည်းဖလျောင်း ပုန်းအောင်းမှီခိုရာ ထာဝရအမတအနေဖြင့် ဟောကြား အပ်၏။ မဂ် ဖိုလ် နိဗ္ဗာန် ၉-တန်သော လောကုတ္တရာ တရားကိုကား ၎င်းတို့နှင့် လျော်ကန်အောင် ဟောကြားတော်မူအပ်၍ သွာက္ခာတ ဂုဏ်တော်နှင့် ပြည့်စုံသော တရားတော်ဖြစ်သည်။

## သန္ဒိဋ္ဌိက ဂုဏ်တော်ဆိုင်ရာ

**ရှစ်ပါးအရိယာ ကိုယ်တိုင်သာလျှင်** သူတကာ အပြောကောင်းသဖြင့် ယုံကြည် ကျေနပ် သဘောချင်း ထပ်မိ၍ ဆည်းကပ်ရသည် မဟုတ်ဘဲ သောတာပတ္တိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို၊ သောတာပတ္တိဖလဋ္ဌာန်(သောတာပန်) ပုဂ္ဂိုလ်သည် သော-တာပတ္တိ မဂ်ဖိုလ်နိဗ္ဗာန်ကို၊ တပ်တပ်ထင်ထင် ကိုယ်တိုင်ပင် မြင်နိုင်သည်။ ဤသို့လျှင် မဂ် ဖိုလ် နိဗ္ဗာန် ၉-တန်သော လောကုတ္တရာ တရားတော်သည် အရိယာပုဂ္ဂိုလ် ၈-ဦးတို့ ကိုယ်တိုင်ကိုယ်ကျ ရှုမြင်သိအပ်သော တရားဖြစ်၍ သန္ဒိဋ္ဌိက ဂုဏ်ရှိသည်။ (ဓမ္မက္ခန္ဓာပရိယတ်ကား တရားအစဉ်သာဖြစ်၍ ကိုယ်တိုင်သိမြင်အပ်သော တရားမဟုတ်၍ သန္ဒိဋ္ဌိက မမည်)။

**ရသေ့ပျိုတထောင် ရဟန္တာဖြစ်ပုံ** ဘုရားရှင်သည် ဥရုဝေဠတောမှ ဂယာသီသ အရပ်သို့ ရသေ့ဟောင်း ရဟန်း ၁၀၀၀-နှင့် ဒေသစာရီ ကြွချီတော်မူရာ ဂယာသီသသို့ ရောက်သော်

ဂုဏ်းရဟန်း ၁၀၀၀-တို့အား ရာဂ ဒေါသ မောဟ မီး၃-ပါးတို့ကြောင့် သတ္တဝါများ ပဋိသန္ဓေနေ အိုနာသေရ၊ စိုးရိမ်ပူဆွေးငိုကြွေးရ၊ ကိုယ်စိတ် ဆင်းရဲရ၊ ပြင်းစွာ ပင်ပန်းရသည် စသည်ဖြင့် မီး ၃-ပါး လောင်မြိုက်၍ မီး ၁၁-သီး ပူပုံကို ဟောတော်မူရာ ကိလေသာ အပြစ်ကို ကောင်းစွာ မြင်ကြ၊ ရဟန္တာဖြစ်သွားကြသည်။ မီး ၁၁-ပါး ပူပုံအားကို မဟာဂန္ဓာရုံ ဆရာတော်ဘုရားက—

သူသူငါငါ၊ ဖြစ်ဝလေရာဝယ်၊ ဦးစွာကြိုဆီး၊ ဇာတိမီးက၊ အပြီးပုံသေ၊ လောင်မြိုက်လေ၏။ မသေ့တသီး၊ ဇရာမီးလည်း၊ ညီးညီးပြောင်ပြောင်၊ အမြဲလောင်၏။ မကွာစေရ၊ မရဏဟု၊ တဝဖျက်ဆီး၊ လောင်သည့်မီးလည်း၊ ညီးညီးပြောင်ပြောင်၊ အမြဲ လောင်၏။ လောင်ပုံလောင်အား၊ မထင်ရှားလည်း၊ နုထွား ပျိုမျစ်၊ အရွယ်ဖြစ်သော်၊ အချစ်ရာဂ၊ မီးတွေထ၍၊ ဒေါသ ထန်ပြင်း၊ မောဟညှဉ်း၏။

မကင်းနိုင်အောင်၊ ထိုနောက်နောင်လည်း၊ ပြောင်ပြောင် ညီးညီး၊ သောကမီးကြောင့်၊ ဝမ်းနည်းဘွယ်တွေ၊ အထွေထွေ ဖြင့်၊ ပရိဒေဝ၊ ငိုကြွေးကြလျက်၊ ဒုက္ခလည်းကပ်၊ ဒေါမနသ်နှင့်၊ ဆက်စပ်မကွာ၊ ဥပါယာသ၊ လွန်ပြင်းပြ၍၊ သက်မျှမရှု၊ တတ် အောင်ပူသည်၊ ဆူဆူမီးတောက် ဆယ့်တစ်တည်း–

ဟု ရေးစပ်တော်မူသည်။

ထိုရဟန္တာ ၁၀၀၀-တို့သည် မဂ် ဖိုလ် နိဗ္ဗာန် ၉-တန်သော လောကုတ္တရာ တရားတော်များကို မျက်မှောက်ထင်ထင် ကိုယ်တိုင်ပင် သိမြင် ကြသည်။ ဤသို့လျှင် လောကုတ္တရာ တရား ၉-ပါးသည် အရိယာ ဂ-ဦး တို့ကိုယ်တိုင် ဒိဋ္ဌသိမြင်အပ်ကြ၍ သန္ဒိဋ္ဌိက မည်သည်သာတည်း။

**ဥရုဝေဠကပင် ဆရာလေလေ ၁** ဘုရားရှင်သည် ရဟန္တာ ၁၀၀၀-နှင့် အတူ ဂယာသီသမှ ဖဲခဲ့၍ ရာဇဂြိုဟ် မြို့ ထန်းတောဥယျာဉ်အတွင်း ပညောင်ပင်ကြီးအနီး၌ သီတင်းသုံးတော် မူရာ ရာဇဂြိုဟ်ဘုရင် ဗိမ္ဗိသာရသည် ထောင်ပေါင်းများစွာသော ပရိသတ် နှင့်တကွ ဘုရားထံတော် လာဖူးမြော်သည်။ ရသေ့ ၅၀၀-တို့၏ဆရာ လူများစွာတို့၏ ကိုးကွယ်ပူဇော်ရာဖြစ်သော ဥရုဝေဠကဿပကို အသင် ထူးဖြင့် ဘုရားအနီး ရှိနေသည်ကို ပရိသတ်များ အံ့ဩကြသည်။ ရဟန်း

ဂေါတမနှင့် ဥရုဝေဋ္ဌ မည်သူ ဆရာနည်းဟုလည်း တွေးနေကြ၏။ ထို အခြေကို ဘုရားရှင်သိတော်မူသဖြင့်“ကဿပ၊ သင်သည် ဥရုဝေဋ္ဌတော၌ ရသေ့တို့၏ ဆရာကြီး ဖြစ်ပါလျက် အဘယ့်ကြောင့် မီးပူဇော်ပူခြင်းကို စွန့်ပစ်သနည်း”ဟု မေးတော်မူသည်။

**နိဗ္ဗာန်ကိုမြင်၍ ယဇ်မပူဇော်တော့ပါ** တရားထူးရပြီး အရှင်ကဿပကြီးသည် ဘုရားရှင် အလိုတော်နှင့် ပရိသတ်၏ တွေးဆချက်ကို သိသဖြင့် “ အရှင်ဘုရား၊ ယဇ်ပူဇော်လျှင် ကာမဂုဏ်များကို ရနိုင်သည်ဟု ဆိုကြပါ၏။ ထိုကာမဂုဏ်များကို ခန္ဓာဟူသော ဥပဓိ၌ အညစ်အကြေးဟုသာ တပည့်တော် သိမြင်ပါပြီ။ထို့ကြောင့် ယဇ်ပူဇော်မှု၌ တပည့်တော် မမွေ့လျော်တော့ပါ။ နိဗ္ဗာန်သာ ငြိမ်သက်၍ ခန္ဓာ စသော ဥပဓိမရှိ၊ ရာဂစသော ကြောင့်ကြမှုလည်းမရှိ၊ ပဋိသန္ဓေ အိုနာသေရေးဖောက်ပြန်မှုဘေးလည်းမရှိ၊ မဂ်မှတပါးသော တရားဖြင့်လည်း မသိနိုင်။ ထိုနိဗ္ဗာန်ကို သိမြင်ပြီးဖြစ်သောကြောင့် တပည့်တော် ယဇ်မပူဇော်တော့ပါ”ဟု လျှောက်ထားပြီး ဘုရားရှင်၏ ခြေတော်အစုံကို ရိုသေစွာ ဦးတိုက်လျက်“ဘုရားရှင်သည် တပည့်တော်၏ ဆရာပါတည်း” စသည်ဖြင့် ထုတ်ဖော်လျှောက်ထားသည်။

**ထောင်ပေါင်းများစွာ သောတာပန်အရိယာ** “ရဟန်းကြီး ထံ၌ ဥရုဝေဋ္ဌသည် တပည့်ခံကာ တရားကျင့်ခြင်းပါတကား”ဟု အမှန်သိသွားကြသော ပရိသတ်ကြီးအား ကိလေသာ အာရုံတို့၌ တွယ်တာမှုကင်းကြောင်း မဟာနာရဒကဿပဇာတ်ကို ဟောကြားတော်မူသည်။ ထို့နောင် မဂ္ဂင်၈-ပါး၊ သစ္စာ၄-ပါးတရားကို ဟောကြားတော်မူသောအခါ ပရိသတ်များစွာ သောတာပန်တည်ကြ၊ အချို့ တပည့်ရင်းခြာများ ဖြစ်သွားကြသည်။

**ပထမဆုံး ကျောင်းဒါယကာ ဗိမ္ဗိသာရမင်း** သောတာပန်အရိယာ ဗိမ္ဗိသာရမင်းကြီးသည် အိမ်ရှေ့မင်းသား ဘဝက တောင့်တမှု၅-မျိုး ယခုပြည့်စုံပြီဖြစ်ကြောင်းလျှောက်ထားပြီး နောက်နေ့ ဘုရားနှင့်သံဃာတော်များအားလုံး ဆွမ်းစားပင့်ကာ ပြန်သွားသည်။နောက်နေ့ ဆွမ်းကပ်ပြီးလျှင် သူ၏ဝေဠုဝန် ဥယျာဉ်တော်ကို ကျောင်းတိုက် အာရာမ်အဖြစ် ရွှေကရားဖြင့် ရေစက်သွန်းချ လှူဒါန်းသည်။ သာသနာတော်၌ ပထမဆုံး ကျောင်းအာရာမ် လှူဒါန်းခွင့် ရသူတည်း။

## ထောင်ပေါင်းများစွာ ကျတ်တမ်းဝင်ရသော ကာမဂုဏ် အပြစ်များစွာ

**အမဲရိုးပမာ ၅-ဖြာ အာရုံ ကာမဂုဏ်** ကာမဂုဏ်၅-ပါးသည် အသားမကပ်သော အမဲရိုးနှင့် တူသည်။ ခွေးပိန်တက်ကလေး သွားရည်တရွဲရွဲ ငုံခဲနေသော်လည်း အားရတင်းတိမ်ခြင်းမရှိ။ အညှိနံ့ကြောင့် စွန့်၍လည်း မပစ်နိုင်၊ အရသာ ပေါ်လာနိုးနိုးဖြင့် အရင်း အဖျား လှည့်ကာ ကိုက်နေသော်လည်း အရသာ မတွေ့မိပင် သေသွားရသည်။ ထို့အတူပင် သတ္တဝါများ ကာမ အာရုံကို စုံအောင်ပင် လိုက်စားသော်လည်း တင်းမတိမ်နိုင်။ အရသာရှိနိုးနိုး မြော်ကိုးယင်းပင် သားမယားတို့၏ ခြေရင်းမှာ သေသွားကြ၏။ ထို့ကြောင့် "ချမ်းသာတခု၊ မက်မောမှုကြောင့်၊ ပုပုရွရွ၊ လှုပ်ရှားကြလည်း၊ ဒုက္ခပင်လယ်၊ ကျယ်သာကျယ်သည်၊ ဘယ်ဝယ် မဆုံးနိုင်တော့ပါတကား" ဟု စပ်ဆိုတော်မူကြ၏။

**သားတစ်တဖုံ ကာမဂုဏ်** ကာမဂုဏ်သည် စွန်တကောင် ချီယူသွားသော သားတစ်နှင့် တူ၏။ ၎င်းနောက်သို့ အခြား စွန်ရဲများစွာ ပိုင်းအုံလိုက်ကြ၊ ထိုးဆိတ်၍ သားတစ် လုကြသည်။ ပထမစွန်မှာ သားတစ်လွတ်လိုက်မှ သက်သာသွား၏။ သားတစ်ရသော ဒုတိယစွန်နောက်သို့လည်း လိုက်ထိုးပြန်သည်။ ထို့အတူပင် အိုးအိမ်သားမယား လယ်ယာ ရွှေ ငွေ စသော ဝတ္ထုကာမတို့ကို ကိလေသာ ကာမဖြင့် သိမ်းပိုက်ထားကြသူတို့မှာ ယင်းကာမဂုဏ်များ မပျက်စီးရအောင် စောင့်ရှောက်ကြရ၏။ တိုက်တံခါး အမြဲသော့ခတ်၍ ကြပ်တည်း ကျဉ်းမြောင်းစွာ နေကြရသည်။ ကာမဂုဏ်စွန့်နိုင်ကြသော အလောင်းတော်ကြီးများမှာ လွန်စွာမှ ချမ်းသာလှပေသည်။

**ကာမဂုဏ်ကင်း အိမ်ရှေ့မင်းထက် ချမ်းသာထွက်၏** ရှေးက အိမ်ရှေ့ ဥပရာဇာ တိဿမင်းသားသည် တရားတော်ကိုနာ၊ သံဝေဂရ၍ ရာထူး စည်းစိမ်များ စွန့်၊ ရဟန်းပြုသည်။ တရားအားထုတ်၍ ရဟန္တာဖြစ်ရာ ရှေးက ကိလေသာကာမဖြင့် တွယ်တာထားသော ရာထူး စည်းစိမ် ဝတ္ထုကာမများကို လက်နက်ကိုင်တပ်များဖြင့် စောင့်ရှောက်ရမှု၏ ဆင်းရဲ ကြပ်တည်းပုံ၊ ယခု ကိလေသာရော ဝတ္ထုပါ ကာမ ၂-ပါး မရှိသဖြင့် ချောင်လည် ချမ်းသာ

ပုံများကို နှိုင်းယှဉ်လျက် "အဟော သုခံ= ဩော်ချမ်းသာပေစွ၊ ချမ်းသာပေစွ"ဟု ဝမ်းမြောက်ရွှင်မြူး ဥဒါန်းကျူးမိသည်။

**ရန်သူငါးတန် ဆက်ဆံဝိုင်းအုံ ကာမဂုဏ်** ဘုရားလက်ထက် ရာဇဂြိုဟ် ဇောတိက သူဌေးကြီးသည် စည်းစိမ်ချမ်းသာ မြင့်မားလှ၏။ ခမည်းတော် ဗိမ္ဗိသာရ နတ်ရွာစံ၍ အဇာတသတ် မင်းဖြစ်လာသောအခါ (ငယ်စဉ်ကလေးဘဝ ခမည်းတော်နှင့်အတူ ဇောတိကအိမ်သို့ သွားစဉ်က ရည်ရွယ်ချက်အတိုင်း) စစ်တပ်နှင့်သွား၍ ဇောတိက၏ စည်းစိမ်ကို လုတော့သည်။ ဇောတိကမှာ ဘုရားကျောင်းတော် ရောက်နေချိန်တည်း။ ဇောတိက၏ ပတ္တမြား တံတိုင်းဝယ် ထင်လာသော အရိပ်များကို စစ်တပ်ဟု ထင်သဖြင့် အဇာတသတ်တို့ ရှေ့မတက်ရဲကြတော့ပေ။ ပထမ တံခါးစောင့်ဘီလူး ထွက်၍ ခြိမ်းခြောက်သဖြင့် တပ်ဆုပ်ကြရ။ အဇာတသတ်လည်း ကျောင်းတော် ပြေးသွားသည်။

**ကာမဂုဏ် ခဝါ၍ ဇောတိကချမ်းသာ** အဇာသတတ်မင်းကို ဇောတိက ကြိုဆိုသည်။ တပည့်တော့ ခုခံခိုင်းပြီး ဇောတိက ကျောင်းသွားရှောင်နေသည်ဟု အဇာတသတ် ထင်လိုက်၏။ "ကျွန်ုပ်၏ပြာသာဒ်ကို သိမ်းလိုပေမဲ့ ကျွန်ုပ်မပေးလျှင် မင်းတရာ သိမ်းသော်မှ မရပါ"ဟု ဇောတိက ဆိုသောအခါ အဇာတသတ် ပြင်းစွာစိတ်ဆိုးသည်။ မယုံလျှင် ကျွန်ုပ်၏ လက်စွပ်ကို ချွတ်စမ်းတော်ပေါ့"ဟုလည်း ပြောလိုက်သည်။ မြေမှာ ထိုင်ခုန်လျှင် ၁၈-တောင်၊ ရပ်ခုန်လျှင် အတောင် ၈၀-တက်နိုင်၍ ဆင်၅-စီးအားရှိသော အဇာတသတ် ချွတ်မရပါ " ပင်ပန်းနေပါ့မယ် ပုဆိုးသာဖြန့်ပါ "ဟု ဆိုပြီး လက်များကို စိုက်ထားရုံမျှ လက်စွပ်ကွင်း ၂၀-ကျွတ်သွားကြသည်။စည်းစိမ်သည် ဘေးဟုလည်း ဇောတိက သံဝေဂရသွား၏။ မင်းထံခွင့်တောင်း၊ ရဟန်းပြု၊ ရဟန္တာ ဖြစ်သွားသည်။ ကာမကင်းခြင်း၏ ချမ်းသာခြင်း အရသာ ခံစားရသည်။

**ကိုယ့်ကံသည်သာ ကိုယ့်ဥစ္စာဘည်း** ဇောတိက ရဟန်းပြုလျှင် သူ့စည်းစိမ်သိမ်းနိုင်မည်ထင်၍တခွန်းတဲ့ ခွင့်တောင်းရုံနှင့် အဇာတသတ်က ဇောတိကအား ရဟန်းပြုခွင့်ပေးသည်။ သို့သော် ဇောတိက ရဟန်းဖြစ်သည်နှင့် တပြိုင်နက် ပြာသာဒ်

ကွယ်၍ သူဌေးကတော် သတုလကာယီကိုလည်း နတ်များက မြောက်ကျွန်းပြန်ပို့လိုက်သည်။ ဤသို့သော ရေးကံ၏ အကျိုးပေးပုံများကို ရည်၍ "ဥစ္စာကံပေး၊ မရသေး၊ နှောင့်နှေးဗျာပါ၊ မရှိရာ"ဟု ပညာရှင်များ သံဝေဂထင့်ရန် စိစဉ်စပ်ဆိုကြသည်။

**မြက်စည်းမီးပမာ ငါးကာမာ** မြက်စည်းကို မီးညှို၍လေညာသို့ဆောင်ယူသွားသည်။ မီးသည် တဖြည်းဖြည်းလောင်လာရာ ဆောင်ယူသွားသူ၏ လက်ခြေအင်္ဂါသို့တိုင်အောင် လောင်လာ၏။ ထို့အတူ တဏှာဖြင့် သိမ်းပိုက်ထားသော ကာမဂုဏ်များသည် သိမ်းပိုက်ထားသောသူအား စိုးရိမ်ရ၊ စောင့်ရှောက်ရသော ဒုက္ခမီးများ တဖွားဖွား လောင်တော့သည်။ နောက်ဆုံး စည်းစိမ်ပျက်သော် အသက်သေသည်အထိ ခံစားရသော ဒုက္ခတို့ကား ဗရမ်းဗတာသာတည်း။

**ကာမဂုဏ် မီးကျီးတွင်း အေးသည်ထင်၍ ဆင်း** အပေါ်ယံ ပြာဖုံးနေသော မီးကျီးတွင်းသည် မီးလျှံ မမြင်ရသော်လည်း ဆင်းသူအား ပူပြင်းလောင်ကျွမ်းစေသည်။ထို့အတူ မျက်စိ နား နှာ လျှာကိုယ်အတွေ့အားဖြင့် အပြင်သာယာဖွယ်များကြောင့် ပူလောင်သည်ဟု မထင်ရသော်လည်း ကာမတွင်းသို့ ဆင်းမိသူမှန်သမျှ လှလှကြီး ဒုက္ခရောက်ကြသည်။ ပဋာစာရီ ထေရီမအလောင်း သူဌေးသမီးသည် ကိုလေသာအလိုလိုက်ကာ အိမ်စေယောကျ်ားနှင့် ဖောက်ပြားမိသဖြင့် ဒုက္ခပင်လယ်ကြောမျောသွားသည်။သားသေလင်ဆုံး အပူလုံးကြွ မောင်ဖွားမိဘ အပူမိသဖြင့် လူတော်အလယ် မဖွယ်မရာ ဗလာကိုယ်ထီး အဝတ်မဆည်းသော အရူးမကြီး ဖြစ်သွား၏။ ဘဝဆုံးတော့မည့် ရဟန္တာလောင်း သူတော်ကောင်းကြီးကိုသော်မှ အပူကြီးစေသော ကာမဂုဏ်မီးဖြစ်သည်။

**အိပ်မက်မက်ပုံ ကာမဂုဏ်** အိပ်မက်ထဲ၌ မင်းစကြာဇ် သူဌေးသူကြွယ်စသော စည်းစိမ်များကို စိတ်ရှိသလောက်ခံစားနေသည် အိပ်မက်မက်နေစဉ် ဟုတ်သလို ထင်ရသော်လည်း နိုးလာသောအခါ အချည်းနှီးသာတည်း။လူနတ်စည်းစိမ် ရိပ်ငြိမ်ချမ်းသာ ကာမအရသာများသည်လည်း ခံစားနေစဉ် ပျော်ရွှင်မယောင် ဆွဲဆောင်နိုင်ကြသော်လည်း မကြာခင် စည်းစိမ်ကလူကိုခွါ၊ လူကစည်းစိမ်ကိုခွါ၍ သာယာဖွယ်ဆုံး အနှစ်သုဉ်းတော့သည်။ လက်ကိုင်ပြစရာ အနှစ်သာရ ရှာမရသည်သာတည်း။

**ချေးငှါးဝတ်ရုံ ကာမဂုဏ်** ပွဲထိုင်မင်္ဂလာ အခမ်းအနားတွင် သူတပါး၏ စိန်ရွှေရတနာ အဝတ်အထည်များကို ခေတ္တခဏ ငှားရမ်း၍ ဝတ်ဆင်လာသူသည် ပိုင်ရှင်အား ပြန်မပေးရခင် ရွှင်ရွှင်ပြုံးပြုံးမော်မဆုံးဖြစ်ခဲ့သော်လည်း အချိန်တန်က ဥစ္စာရှင်ထံပြန်၍ အပ်ရသည်။ မိမိမှာ နဂိုပကတိအတိုင်းသာ နေရတော့၏။ ကာမချမ်းသာများလည်း ကုသိုလ်ရှိခိုက် လက်ဝယ်ပိုင်နေရသော်လည်း ကုသိုလ်ရှိန်လွင့်စဉ်၍ အကုသိုလ်ဝင်လာသောအခါ ကိုယ်နှင့်မဆိုင် ခွင့်မပိုင်တော့ပေ။ ဤသို့ အငှါးသုံး ပစ္စည်းနှင့် တူသည်။

**အဆိပ်သီးပမာ ငါးကာမ** ကိ ံပက္ကမည်သော အဆိပ်သီးသည် သရက်သီး မှည့်လို အဆင်းအနံ့ အရသာနှင့်ပြည့်စုံ၍ မြင်လျှင် စားချင်ဖွယ်ဖြစ်သည်။ စားသောက်မိသူ မှန်သမျှ အူအသည်း ပြတ်ကျေ၍ သေရသည်သာတည်း။ ကာမအရသာ တို့သည်လည်း သုံးဆောင်ကြသူတို့အား လောဘ ဒေါသ စသော အဆိပ်များ တက်စေပြီးလျှင် ဒုက္ခ ဒေါမနဿ စသော ဘေးရန်များရ၊ နောက်ဆုံး အပါယ်သံသရာ စသော ဒုက္ခများကိုသာ ရစေ ရောက်စေသည်။ အဆိပ်သီးကား တဘဝသာ သေစေနိုင်သော်လည်း ကာမဂုဏ်များကား ဘဝ မတိုးနိုင်အောင်ပင် သေဆုံးစေသည်။

**စဉ့်တီတုံးပမာ ငါးကာမ** စဉ်းတီတုံးပေါ်မှာသာလျှင် သားသမင် ငါးသတ္တဝါများသည် အသတ်ဖြတ်ခံရ၊ နုတ်နုတ်စဉ်း ခံရသလို ကာမဂုဏ် အပေါ်မှာသာလျှင် ကာမတဏှာ စသော ဓား သန်လျက်များဖြင့် သာယာကြသူများအား လှီးဖြတ် ခုတ်ပိုင်းခြင်းကို ခံကြရသည်။ သမထ ဝိပဿနာ ဘာဝနာ လမ်းကျယ်တွင် လွှင်ပြင်ဇယ်ရောက်အောင် ထွက်ပေါက် နိက္ခမဓာတ်ကို မပြတ်ကြည့်သင့်ကြသည်။

**လုံသွားမြမြ ငါးကာမ** လုံသွားမြမြ ထိတိုင်းရှ၊ ထိုးတိုင်း ဝင်သည့် နည်းတူ ကာမဂုဏ်များသည်လည်း ထိခိုက်ငြိတွယ်သူမှန်သမျှကို စူးဝင်ထိရှစေသည်။ ရှေးက ရှင်သာမဏေ တပါး ကောင်းကင်၌ ဈာန်ကစားနေစဉ် တောအုပ်အတွင်းမှ ထင်းခွေ အမျိုးသမီးတဦး၏ သီချင်းသီဆိုသံ သဒ္ဒါရုံလှံသွားထိသဖြင့် ဈာန်လျှောကျ၊ ပြေပေါ်သို့သက်၊ ယင်းအမျိုးသမီးနှင့် သီလပျက်စီးရသည်။ ဤနေရာ၌

အာရုံ ၅-ပါး လုံးသွားစုံးဝင်သဖြင့် သေပွဲဝင် ပျက်စီးရသော သာဓကကို မှတ်သားသင့်သည်။

**ခြေနာသက်သာမှ လာခဲ့ပါမယ်** ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏သားတော် ၁၀၁-ပါးတွင် အငယ်ဆုံး အလောင်းတော်မင်းသားသည် မင်းချင်း ၅-ဦးနှင့်အတူ တက္ကသိုလ်ပြည်သို့ ဘီလူးစိုးအုပ်သော တောတွင်းကို ဖြတ်သန်းသွားသည်။ ပစ္စေကဗုဒ္ဓါတို့ ဟောမိန့်ချက်အရ မင်းပြုရန် သွားခြင်းဖြစ်၏။ လမ်းခရီးတွင် ဘီလူးမများ ဖန်ဆင်းသောရွာ၊ စရပ်များကို တွေ့ရာ ရူပါရုံ၌ ခုံမင်သော ယောကျ်ားသည် နောက်ချန်နေရစ်သည်။ ဘုရားအလောင်းက မေးရာ "ခြေနာနေ၍ စရပ်မှာ အပန်းဖြေပြီးမှ လိုက်လာခဲ့ပါမည်"ဟု ပြော၏။ ဘီလူးဘေးရန်ရှိကြောင်း၊ အာရုံ ၅-ပါး မလိုက်မှားသင့်ကြောင်း ဆုံးမသော်လည်း "ဖြစ်ချင်ရာဖြစ်ပါစေ၊ ယခုတော့ဖြင့် မလိုက်နိုင်ပါ" ဟု ပြောပြီးကျန်ရစ်သည်။ ဘီလူးမထံ သွားပျော်ပါးပြီး ဘီလူးအစား ခံရတော့သည်။

**ကာမခင်မင် ဉာဏ်မမြင်တည်း** ဘီလူးမသည် ရူပါရုံ အကြိုက်သမားကို စားပြီးလျှင် ရှေ့မှသွားနှင့်ပြီး စရပ်ဖန်ဆင်းကာ တူရိယာကို တီးမှုတ် သီဆိုနေကြစဉ် အလောင်းမင်းသားနှင့် ယောကျ်ား ၄-ဦး ရောက်လာသည်။ သဒ္ဒါရုံအကြိုက်သမား နေရစ်ခဲ့၍ ဘီလူးစားခံရ၏။ အလားတူပင် ဘီလူးမ ဖန်ဆင်းသော နံ့သာစျေးဝယ် ဂန္ဓာရုံသမားသည်၎င်း၊ စားသောက်ဖွယ်များဝယ် ရသာရုံသမားသည်၎င်း၊ နတ်၌ဖြစ်သော အိပ်ရာနေရာ အထိအတွေ့များဝယ် ဖောဋ္ဌဗ္ဗာရုံသမားသည်၎င်း၊ ကျန်ရစ်ခဲ့၍ အလောင်းတော်တပါးတည်း တက္ကသိုလ်ပြည်ရောက်၊ မြို့တံခါးအနီး စရပ်၌ထိုင်နေစဉ် နတ်သမီးတမျှ ဘီလူးမလည်း စရပ်တံခါး၌ ရောက်လာသည်။

**ဆားငန်ရေနောက် တွေ့တိုင်းသောက်လည်း** ထိုအချိန်တွင် တက္ကသိုလ်ဘုရင်သည် ဥယျာဉ်တော်သွားခိုက် ဘီလူးမနှင့်တွေ့ရာ ပြင်းစွာ တပ်မက်စိတ်ဖြစ်လာသဖြင့် လင်သားရှိ-မရှိ မေးစေပြီးလျှင် သိမ်းပိုက်လိုက်သည်။ ဘီလူးမဖြစ်၍ အဖော်ယောကျ်ား ၅-ဦး စားပြီးဖြစ်ကြောင်း လျှောက်ထားသော အလောင်းတော်၏စကားကို ဘုရင်သည် နားမဝင်တော့ဘဲ နန်းတွင်း ကာမအားသာ

မပြေပျောက်သဖြင့် အသစ်ဘီလူးမ အာရုံနောက် ကောက်ကောက်ပါ အောင် လိုက်သွား၏။ နန်းတော်တွင်းရှိ မင်းနှင့်တကွ ပရိသတ်အားလုံး ခွေး စသော တိရစ္ဆာန်များပါ ဘီလူးအစား ခံကြရသည်။ ကာမဆားရေ သောက်လေတိုင်း ငတ်မပြေသော တဏှာသိုလ်မင်း၏ ဖြစ်မှုများသာတည်း။

**ကိလေသာကို ပညာသတိ စောင့်ကာကြည့်** အလောင်းမင်းသားကား ပစ္စေကဗုဒ္ဓါ အရှင်မြတ်များ ချီးမြှင့်လိုက်သော ပရိတ်သဲကို ဦးခေါင်း၌ ထား၍ ပရိတ်ချည်ကို ဝန်းရံကာ သန်လျက်ကိုင်လျက် ထိုနေ့အရုဏ်ကို တက်စေသည်။ လူများ လည်း နန်းတော်တွင်းအခြေအနေကို သိကြကာ မနေ့က 'ဘီလူးမ' ဟူသော အလောင်းတော်မင်းသား၏စကားကို ယုံကြည်လျက် "ကိလေ- သာကို သတိနှင့် စောင့်စည်း၍ ဉာဏ်ပညာကြီးသူအားသာ မင်းမြောက် ထိုက်သည်"ဟု တိုင်ပင်ကြပြီး အလောင်းမင်းသားအား မင်းအဘိသိက် သွန်းကြသည်။

**မြွေဆိုးဦးခေါင်း ကာမဂုဏ်ပြောင်း** မြွေဦးခေါင်းသည် အဆိပ်များ ရှိ၍ ကြောက်ဖွယ်ဖြစ်သလို ကာမ- ဂုဏ် ၅-ပါးသည်လည်း ကိလေသာအဆိပ်များဖြင့် ကြောက်ရွံ့ဘွယ်သာ ဖြစ်သည်။ ထို့ကြောင့် ကာမဂုဏ်များသည် ကြောက်ဖွယ်ဘေးကြီး၊ဆင်းရဲ ဒုက္ခရောဂါကြီး၊ အိုင်းအမာကြီး၊ အန္တရာယ်အဖွဲ့ထောင်ကြီး၊ ရွံ့ဗွက်ကြီး မည်သည်ဟု ဆက္ကအင်္ဂုတ္တိုရ်၌ ဘုရားဟောတော်မူသည်။

**တနည်း သန္ဒိဋ္ဌိကမှတ်ဖွယ်** လောကုတ္တရာ ၉-ပါး တရားတော်သည် ၁၅၀၀ ကိလေသာအတွင်းရန်ကို အောင် တော်မူနိုင်သည်။ ထို့ကြောင့် ချီးမွမ်းအပ်စွာ ဉာဏ်ပညာဖြင့် စသည်ပူဇော် ရသည်။ တနည်းလည်း ဆီမီးသည် မီးစာကိုလောင်၊ အမှောင်ကိုရှင်း၊ အလင်းရောင်လွှမ်း၊ ဆီခန်းစေ၍ ကိစ္စ ၄-ချက် တပြိုင်နက် ပြီးစေသလို မဂ်စိတ်တုပ္ပါဒ်သည်လည်း ဒုက္ခသစ္စာကို ပိုင်းခြား၍ သိ၊ သမုဒယသစ္စာကို ပယ်၊ နိရောဓသစ္စာကို မျက်မှောက်ပြု၊ (သစ္ဆိ) ပဂ္ဂသစ္စာကိုပွား၊ (ဘာဝ နာ) ဤကိစ္စ ၄-ပါးကို ပြီးစေပါသည်။ ဖိုလ်စိတ္တုပ္ပါဒ်လည်း မဂ်၏ နောက်ဝယ် မဂ်ပယ်ပြီး ကိလေသာအငွေ့များကိုအေးစေသည်။ထို့ကြောင့် "သစ္ဆိ ဘာဝနာ ဉာဏ် ၂-ဖြာဖြင့်"စသည် ပူဇော်ခဲ့သည်။

## အကာလိကဂုဏ်တော်ဆိုင်ရာ

**အကြောင်း ၄-ပါး မဂ်တရားသည်** ဤ၌ကား လောကုတ္တရာ ၉-ပါး တွင် မဂ် ၄-ပါးကိုသာ ယူရမည်။ ယင်းမဂ် ၄-ပါးသည် စိတ္တုပ္ပါဒ်မခြားဘဲ အကျိုးဖြစ်စေသော ဖိုလ် ၄-ပါးကို ဖြစ်စေသည်။ ယောဂီတဦးသည် တရားအားထုတ်၍ မဂ်စိတ် ပေါ်လာလျှင် ချက်ချင်းပင်အကျိုး ဖိုလ်စိတ်လည်း တဆက်တည်း ပေါ် လာ၏။ လောကီကုသိုလ်များကို ၅-ရက်၊ ၇-ရက်၊ တဘဝ၊ နှစ်ဘဝ စသည့် အချိန်မဆွဲဘဲ အကျိုးပေးစွမ်းနိုင်သော ဂုဏ်ထူးကား အကာလိက ပင်တည်း။ ထို့ကြောင့် "အခါအခွင့် မကြာဖင့်ဘဲ မဆိုင်းလင့်သော ကာလရှိတော်မူခြင်းကြောင့်"ဟု မိန့်သည်။

**သဒ္ဓါနှင့်ယှဉ် သီလစင်သော ကျွန်မတဦး** ဘုရားရှင် သာဝတ္ထိဇေတဝန် တွင် သီတင်းသုံးတော်မူခိုက် တကာတဦးသည် ဘုရားရှင်ထံ ခွင့်ပန်လျှောက်ထား၍ သံဃာ ၄-ပါး အား နိစ္စဘတ်အလှူပေးလှူရာတွင် အိမ်ဖော်ကျွန်မအား မမေ့မလျော့ တာဝန်ယူဘို့ မိန့်ကြားသည်။ သူမသည် နဂိုအနေအားဖြင့် သဒ္ဓါရှိ၍ ကောင်းမှုကို လိုလားကာ သီလလည်း စင်ကြယ်သူဖြစ်သည်။ ထို့ကြောင့် ကြည်လင်ရွှင်ပျစွာ ကိုယ့်ပစ္စည်းလိုသဘောထား၍ခဲဘွယ်ဘောဇဉ်များကို ပြုပြုပြင်ပြင် နေ့စဉ်ပင် ရိုသေစွာ ဆက်ကပ်ပူဇော်သည်။

**တရားနာပါရစေဘုရား** "အရှင်ဘုရားတို့၊အိုနာသေရေး ၁၁-သီးသော မီးဘေးမှ လွတ်အောင် မည်သို့အားထုတ်ရန်း ထွက်ရပါမည်နည်း"ဟုလည်း ဆွမ်းစားအပြီးတွင် သံဃာတော်များအား လျှောက်ထားသည်။ ရဟန်းတော်များက သူမအား သရဏဂုံ ၃-ပါး နှင့်တကွ ငါးပါးသီလကို ယူစေပြီးလျှင် ခန္ဓာကိုယ်၏ သဘာဝကို ပြ၍ စက်ဆုပ်ရွံရှာဘွယ် နှလုံးသွင်းရန် တိုက်တွန်းသည်။ အနိစ္စနှင့်စပ်သော တရားကိုလည်း ဟောပြ၏။သူမသည် ၁၆-နှစ်ပတ်လုံး သံဃာတော်များကို ပြုစု၊ တရားကိုလည်း နှလုံးသွင်းရာ တနေ့တွင် လျှောက်ပတ်သောတရားကို နာရ၍ ဉာဏ်ရင့်ကျက်ခြင်းကြောင့် သောတာပန် ဖြစ်သွားသည်။

ဝေယျာဝစ္စကုသိုလ်ရှင် သောတာပန်သူမ ကံကုန်၍ သေလွန်သော် သိကြားမင်း၏ အတိုင်ပင်ခံ နတ်သမီးဖြစ်လေသည်။ နတ်သမီး တထောင်

ခစား၍ တူရိယာများဖြင့် ဖျော်ဖြေခံရ၏။ ဤ၌ သံဃာအား ပြုစုသော ဝေယျာဝစ္စကုသိုလ်သည် နောက်ဘဝမှ နတ်စည်းစိမ်များကိုရသော်လည်း တရားနှလုံးသွင်း၍ သမာဓိရင့်သန် ပညာဉာဏ်ရင့်ကျက်၍ မဂ်ရသော အခါ အကျိုးဖိုလ်စိတ်ကို ချက်ချင်းရ၊ သောတာပန် ဖြစ်သွားရခြင်းကား အကာလိကဂုဏ်တော်ကျိုးပင်တည်း။

## ခန္ဓာကိုယ် ရွံရှာဖွယ်ဟု ဉာဏ်ဝယ်ရှင်းရှင်း နှလုံးသွင်း

သုံးဆယ့်နှစ်ဝ၊ ကောဋ္ဌာသတို့၊ လုံးဝခိုမှီး၊ ဤကိုယ်ကြီး ကား၊ ၉၆-ဖြာ၊ ဘေးရောဂါတို့၊ နာသာခံခက်၊ နှိပ်စက်အပ် လေစွတကား။

အမြဲနေ့စဉ်၊ ဆေးသုတ်သင်လည်း၊ မစဉ်မကြယ်၊ ရွံဖွယ် စင်စစ်၊ ကောန်ဖြစ်ပေစွတကား။

ဝတ်စားပြုပြင်၊ တန်ဆာဆင်လည်း၊ အမြင်သာဟုတ်၊အတွင်း ပုပ်အယ်၊ စက်ဆုပ်ဖွယ်ပါတကား။

မျက်စိနားနှာ၊ လျှာဟုရှိတိုင်း၊ အထက်ပိုင်းဝယ်၊ ရွံဖွယ်သိုး ပုပ်၊ အန်ထုတ်၍နေစွတကား။

ကျင်ကြီးကျင်ငယ်၊ အသွယ်သွယ်တို့၊ မဖွယ်မရာ၊ အဖြာဖြာ ကို၊ မှန်စွာနေ့ညဲ၊ ယိုချ၍နေစွတကား။

ရာဂကြီးထွား၊ မ-ထီးများတို့၊ တရားချို့ယွင်း၊ ရှိရင်း ပြောင်းပြန်၊ မမှန်ကန်အောင်၊ ကြံဖန်လေးမြတ်၊ တောင့်တအပ် ပေစွတကား။(အာတုရံ အသုစိံ ပုတိံ စသည်နှင့်အညီ)

## ရုပ်နာမ် ၂-ဖြာ အနိစ္စာနှင့် ဒုက္ခာ အနတ္တ ရှုပွားကြ

ဤကိုယ်ကာယ၊ တလံမျှ၌၊ နှစ်ဝနာမ်ရုပ်၊ ဖြစ်၍ချုပ်၏။ နာမ်ရုပ်နှစ်ပါး၊ အလုတ်ထား၍၊ ဤကားလိပ်ပြာ၊ ဤကားငါ တည်း၊ ဤမှာဇီဝ၊ ဤအတ္တဟု၊ ညွှန်ပြဘွယ်ရာ၊ မရှိပါသည်။ ။ နှစ်ဖြာ နာမ်ရုပ်မျှသာတည်း။

နာမ်ရုပ်နှစ်ပါး၊ ဤတရားလည်း၊ ရှည်လျားကာလ၊ မတည်ကြဘဲ၊ လျင်စွာဖြစ်လျက်၊ လျင်စွာပျက်၍၊ နှိပ်စက်ခြင်းရာ၊ လိုမပါဘူး၊ သဘာဝအားး၊ ဤ ၃-ပါးကြောင့်၊ ဖြစ်ပွားသမျှ၊ အနိစ္စသည်။ ။ဒုက္ခ အနတ္တချည်းပါတကား။

## ဧဟိ ပဿိက ဂုဏ်တော်ဆိုင်ရာ

**ဇောတိရသ်စင် ကျောက်မျက်ရှင်ကို** မဂ်ဖိုလ်နိဗ္ဗာန် ၉-တန်သောတရားတို့ကား ထင်ရှား ရှိကြသည်သာမက ဇောတိရသ ကျောက်မျက် ပတ္တမြားသဖွယ် အလွန်ပင် စင်ကြယ်သန့်ရှင်းအပြစ်လည်းကင်းလေသောကြောင့် ''လိုက်ခဲ့စမ်းပါ၊ မည်မျှအဖိုးတန်၍ အကျိုးရှိသော တရားဟု ကိုယ်တိုင်သိရအောင် ကျင့်ကြည့်စမ်းပါ'' ဟု ဖိတ်ခေါ်ပြသ၍ တိုက်တွန်းထိုက်သော ဂုဏ်တော်များ ရှိသည်။ ထင်ရှားမရှိသောဝတ္ထု၊ ရှိသော်လည်း အပြစ်မကင်း တန်ဖိုးမရှိလျှင် ဖိတ်ပြခြင်းငှာမထိုက်ပေ။ ရွှေမစစ်လျှင် မှတ်ကျောက် အတင်မခံနိုင်သကဲ့သို့တည်း။ (လောကုတ္တရာ ၉-ပါးဟုသာ ဖွင့်သော်လည်း ပရိယတ္တိတရားတော်များကိုလည်း နာကြည့်စမ်းပါ၊ အကျင့်ကောင်းသော သံဃာတော်များကိုလည်း ဖူးကြည့်စမ်းပါဟု တိုက်တွန်းလိုက်ပါသည်။)

**ဘုရားကိုပင် အဖက်မတန် ထင်သော ဘုရားလောင်း** ငါတို့ ဘုရားလောင်း တောထွက်တော် မူသောအခါ သင်္ကန်းကပ်သော ဃဋိကာရ ဗြဟ္မာကြီးကား ကဿပဘုရား ပွင့်ချိန်တွင် မျက်ပမြင် မိဘ ၂-ပါးကို ပြုစုနေသော ဃဋိကာရ အိုးအလုပ်သမား (အိုးထိန်းသည်)ကြီးပင် ဖြစ်သည်။ ဘုရားကို ကြည်ညိုလှသော သီတင်းသည် သူတော်ကောင်းကြီး ဖြစ်သည့်အားလျော်စွာ မိတ်ဆွေချစ် ဇောတိပါလလုလင်(ဂေါတမဘုရားလောင်း)ကိုလည်း ဘုရားဖူးလိုက်ရန် တိုက်တွန်းသည်။ မျိုးရိုးဇာတ်အထက်တန်းကျ၍ မာနကြီးသော ဇောတိပါလလုလင်ကား ဇာတိမာန်တက်သဖြင့် ဘုရားကိုပင် အဖက်မတန်ဟု ထင်ကာ ဘုရားထံတော် တခေါက်မျှ မလိုက်ပါ။

**ဇောတိပါလလုလင် ရဟန်းပြုခြင်း** တချိန်တွင် ဃဋိကာရသည် အကြံဖြင့် ဇောတိပါလကို မြစ်ဆိပ် ရေချိုးရန်ခေါ်သွား သည်။ ကဿပ ဘုရားရှင်လည်း မြစ်ဆိပ်အနီးတွင်ပင်

သီတင်းသုံးခိုက် ဖြစ်သဖြင့် လိုက်ခဲ့စမ်းပါ၊ ဖူးကြည့်စမ်းပါ ခေါ်သည်။ ၃-ကြိမ်ခေါ်သော်လည်း မလိုက်သောအခါ "မလိုက်မနေရ" ဟု ဆံပင်ဆွဲ အတင်းခေါ်တော့သည်။ "အောက်တန်းကျသူ ဃဋိကာရက ငါ့ဆံပင် ကိုဆွဲသည်မှာ အံ့သြဘွယ်ရာပင် ဖြစ်သည်။ ကေန် အကျိုးရှိ၍သာ မရမက ခေါ်ရှာပေသည်" ဟု သဘောကျ၊ ဘုရားထံတော်ရောက်၊ တရားနာ ရဟန်းပြုလေသည်။ လောကုတ္တရာ တရား ၉ ပါး မဟုတ်သော်လည်း ဘုရား၏ တရားတော် ပရိယတ်များလည်း ဧဟိပဿိကဂုဏ် ထိုက်တော်မူသည်။

**အရှင်ကစ္စည်း ပြစ်မှားသော သောရေယျ မိန်းမ ဖြစ်သွားသည်** ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန် ကျောင်း တော်ဝယ် သီတင်းသုံး ခိုက် အ ရှင် က စ္စည်း ထေရ် ကား သောရေယျမြို့တွင် သီတင်းသုံးသည်။ သောရေယျ သူဌေးသားသည် အဖော် တဦးနှင့် ရေချိုးသွားဘို့ရာ မြို့မှအထွက်၊ ရှင်မဟာကစ္စည်းထေရ် ကလည်း ဆွမ်းခံကြွရန် မြို့ပြင်ပ သင်္ကန်းအရုံ၊ ၂-ဦးသား ဆုံမိကြသည်။ "အဆင်းတွင် ရှင်မဟာကစ္စည်း" ဟူသည်နှင့်အညီ မထေရ်မြတ်၏ရွှေရောင် တောက်သော အရေအဆင်းကို သင်္ကန်းရုံခိုက် သူဌေးသား မြင်လိုက် သည်။ "ဤ အရှင်ဟာ ငါ့ဇနီးဖြစ်ရင်၊ သို့မဟုတ် ငါ့ဇနီး၏ ကိုယ်အရေ အဆင်းဟာဤအရှင်လိုဖြစ်ရင် သိပ်ကောင်းမှာဘဲ" ဟု မနောကံ ပရိယု- ဋ္ဌာန ကိလေသာ မှောက်မှားသည်။ ယောကျ်ား အသွင်ပျောက်၊ မိန်းမ ဘဝ ရောက်သွားတော့၏။

**မိန်းမဖြစ်တုံ ကာမဂုဏ်ဆားရေ သောက်မပြေ** မ တဖြစ်လဲ သောရေ- ယျ မိန်း ပ ငယ် သည် ရှက်ရှက်ဖြင့် အဖော်များတား၊ ထွက်ပြေးသွားရသည်။ မိဘ အိမ်သား များမှာ ရှာမရသည့်အဆုံး သပိတ်သွတ်လိုက်ကြ၏။ (ဘုရားလက်ထက်က ပင် သပိတ်သွတ် အစဉ်အလာရှိကြောင်း မှတ်ဖွယ်) သူမသည် တက္ကသိုလ် သွားသော လှည်းနောက်မှ လိုက်ကာ တက္ကသိုလ်ပြည်ရောက်၊ ကုန်သည် လှည်းသမား၏ အောင်သွယ်မှုဖြင့် တက္ကသိုလ် သူဌေးသားနှင့်ညား၊ သား ၂-ယောက် ပေါက်ဖွားသည်။ ယခင်ယောကျ်ား ဖြစ်စဉ်ကလည်း သူ့ဇနီး နှင့်သား ၂-ဦး ရခဲ့ပြီးဖြစ်၏။ ဖြစ်ရာဘဝ ကိလေသာက အလုပ်ပေးသဖြင့် ဒုက္ခမီးမွှေးကာ သတ္တဝါများ ပူလောင်ကြသည်။ ကမ္ဘာတသိန်း ပါရမီ ရှင် အာနန္ဒာ အလောင်းသော်မှ ရွှေပန်းထိမ်သည် ဘဝတွင် ပိုင်ရှင်ရှိ

ကာမကို မှားမိသဖြင့် ငရဲကျ၊ လွတ်သော် မိန်းမ ၁၄-ဘဝဖြစ်၊ သင်းကွပ် ၇-ဘဝ ခံရသည်။)

**အရိယာပြစ်မှား တောင်းပန်ညားမှု ကျိုးပေးပုံ** အခါတပါး သောရေယျ မြို့မှ ယခင်အပေါင်းအသင်း ကုန်သည် တဦးလည်း ၅၀၀-နှင့် တက္ကသိုလ်မြို့သို့အလာ သူမသည် ပြာသာဒ်ထက်မှ မြင်၊ မှတ်မိသဖြင့် အိမ်သို့ ဖိတ်၍ မိဘနှင့်မိသားစုများအကြောင်း မေး၊ သိရ၊ ဖြစ်ကြောင်းကုန်စင်ကိုလည်း ပြောပြသည်။ ထိုမိတ်ဆွေ ကုန်သည်၏ စီစဉ်မှုဖြင့် အရှင်ကစ္စည်းထေရ်ကို သူမ၏အိမ်သို့ပင့် ၊ဆွမ်းကပ်ပြီး စိတ်ဖြင့် ပြစ်မှားမိသမျှ တောင်းပန်ဝန်ချသည်။ ငါ သည်းခံပေ၏ ဟု အရှင်မြတ် မိန့်မြွက်ကာမျှ၌ မိန်းမအသွင်ပျောက်၊ ယောကျ်ား ဖြစ်သွားသည်။ ဤကို ထောက်၍ လောကုတ္တရာ ၉-ပါး မဟုတ်သော်လည်း လောကီတရားများသည်ပင် အကုသိုလ်တရားဖြစ်က အပြစ်နှင့်တကွ မကောင်းကျိုး၊ ကုသိုလ်တရားဖြစ်က အပြစ်မရှိ ကောင်းကျိုးပေးပုံ ထင်ရှားသဖြင့် "လိုက်ခဲ့စမ်းပါ၊ ကုသိုလ် အကုသိုလ်တို့၏ အကျိုးပေးမှန်ကန်ပုံ တရားတော်များကို ကြည့်ရှုကြည်ညိုစမ်းပါ" ဟု ဖိတ်ခေါ် ပြသထိုက်သည်သာ။

**ကိုယ့်ဝမ်းလွယ်မွေး ကိုယ့်သွေးအစစ် သာ၍ချစ်** တက္ကသိုလ်သူဌေးသားယောကျ်ားက "အဆွေ၊ သင့်သား ၂-ဦးနှင့် အတူ ဤအိမ်မှာဘဲ နေပါ" ဟု တားသည်။ "တဘဝတည်းမှာ ယောကျ်ားမှ မိန်းမဖြစ်၊ မိန်းမဘဝမှာလဲ သား ၂-ဦးထပ်ဖွား၊ မှားချက်များကြောင့် လူ့ဘဝဆက်မနေတော့ပါ၊ ရဟန်းဘဲပြုပါတော့မည်"ဟု ပြောဆို ရဟန်းပြုပြီး သာဝတ္ထိပြည်ရောက်၊ ရဟန်းများ မေးကြသဖြင့် "မိန်းမဘဝ ဝမ်းကမွေးတဲ့ ကလေး ၂-ဦးကို ပို၍ချစ်သည်" ဟု သောရေယျထေရ်က လျှောက်ထား၏။ အမေးအဖြေ ထူသဖြင့် ရက်ရှက်နှင့် တပါးတည်း နေထိုင်အားထုတ်ရာ ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်သွားလေသည်။

## ဩပနေယျိကဂုဏ်တော်ဆိုင်ရာ

**ဥဿျောင်မီးစွဲ မသတ်ဘဲပင်** အစဆုံး သောတာပတ္တိမဂ် တကြိမ်ဖြစ်လျှင်ပင် အပါယ် ၄-ခွင်က လွတ်ရသည်။ ကြွင်းမဂ်စိဘ်ဖိုလ်စိဘ်များ အဆင့်ဆင့် ဖြစ်သည်နှင့်အမျှ အပါယ်သံသရာ

သာမက ကာမ ရူပ အရူပ သံသရာများမှလည်း အဆင့်ဆင့် လွတ်ရသည် သာ ဖြစ်ခြင်းကြောင့် မဂ်ဖိုလ် ၇-ပါး သခ်တ လောကုတ္တရာ တရားသည် "ဆံဥသျှောင်ကို မီးလောင် ပေမဲ့ အရေးမကြီး လှ၍ မသတ်ပါနှင့်။ မဂ်ဖိုလ်ရအောင်သာအားထုတ်" ဤသို့ စွဲမြဲထင်လာအောင် ကပ်ဆောင် ခြင်းငှာ ထိုက်၍ ညွှပနေယျိကဂုဏ်ရှိပေသည်။(မီးလောင်လျှင်တဘဝသာ သေ၏။ မဂ်ဖိုလ်စိတ် လွတ်သွား၊ ဝေးသွားလျှင် သံသရာမှာ သေမဆုံး တည်း။ ထို့ကြောင့် ပို၍အရေးပါသည်။)အသခ်တနိဗ္ဗာန်မြွတ်သည်လည်း အာရုံအနေ မိမိစိတ်ဖြင့် ကပ်ဆောင်ထိုက်၏။ မဂ် ၄-ပါး တရားမှာမူ ဝေနေယျများကို နိဗ္ဗာန်သို့ ပို့ဆောင်တတ်သည်။ ဖိုလ်နှင့် နိဗ္ဗာန် ၅-တန် သော တရားများသည်လည်း မဂ်ပုဂ္ဂိုလ် ၄-ယောက်တို့ မျက်မှောက် ရအပ်၊မြင်အပ်သောအဖြစ်သို့ စင်စစ် ဆောင်တော်မူအပ်သည်သာတည်း။

**ဉစ္စာသည် ဆွေမျိုးကိုလည်း သတ်သည်** သာဝတ္ထိပြည် သူကြွယ်သား တိဿသည် ရဟန်းပြု၊တရား အားထုတ်နေသည်။ လူထွက်လာလျှင် အမွေတဝက်ခွဲ ပြန်ပေးရမည် စိုး သောကြောင့် ညီ၏ဇနီး ခယ်မက လူဆိုးများအား ငွေပေးပြီး ခဲအိုရဟန်း ကို အပြတ်ရှင်းခိုင်းသည်။ "ဒီတညခွင့်ပြုပါ၊အာမခံပေးပါမည်"ဟု ဆိုပြီး ကျောက်ခဲကြီးကိုယူကာ ခြေ ၂-ဖက် ထုချိုး၍ ထွက်မပြေးနိုင်ကြောင်း အာမခံပေး၏။ သေမလောက် နာကျင်သော ဝေဒနာကို ဂရုမစိုက် အား ဘဲ တရားအားထုတ်ရာ အရုဏ်တက်မှာ ရဟန္တာ ဖြစ်သွားတော်မူသည်။

**အရိယာများစွာ ကြည်ညိုစရာ** ဤသို့ တရားတော်သည် ပစ္စုပ္ပန်တဘဝ မသေမှုထက် တသံသရာလုံးမသေအောင် အားထုတ်ထိုက်သော ဂုဏ်ကျေးဇူး အထူးရှိပေသည်။ ထို့ကြောင့်ပင် ရှေးက အချို့ရဟန်းတော်များ လှေကားထောင်၊ တောင်ပေါ်တက်၊လှေ ကားဖြုတ်ချ၊ တရားမရမချင်း အပူတပြင်းအားထုတ်ကြဘူး၏။ အလား တူပင် အားထုတ်ကြသဖြင့် မဂဓတိုင်းမှ သောတာပန် သကဒါဂါမ်ဖြစ်၍ စုတေ၊ နတ်ဖြစ်သွားကြသူ ၂-သန်း ၅-သိန်း၊ အခြားကလျာဏ ပုထု ဇဉ် ပါရမီရှင် အနန္တဖြစ်ကြ၏။ နာတိကာ ရွာငယ်တခုဌ်ပင် အနာဂါမ် ၅၀-ကျော်၊ သကဒါဂါမ် ၆၀-ကျော်၊ သောဘာပန် ၅၀၀-ကျော်ရှိ သည်။ အခြားသော ကာသိတိုင်း ကောသလတိုင်း စသည်တို့မှာလည်း များစွာပင်တည်း။ မိလိန္ဒပဥှာဋ္ဌ်ကား ကောသလတိုင်း တခုတည်း၌ပင်

၅-ကုဋေကျော်(၅၀၃၅၇၀၀၀)ရှိသည်ဟု မိန့်မှာသည်မှာ အားရဖွယ်
တည်း။

**ဩပနေယျိက တနည်းမှတ်ဖွယ်** ဤမဂ်ဖိုလ် ငါ့မှာရှိသည်။ ငါသည် ဤ မဂ်ဖိုလ် တရား၌ တည်သည်ဟု မကြည်ညိုသူများကြည်ညို၊ ကြည်ညိုသူများ တိုးကြည်ညိုအောင် မိမိထံ တရားကိုကပ်၍ဆောင်ခြင်းငှာ ထိုက်သောကြောင့်လည်း ဩပနေယျိက မည်သည်ဟု ထင်ရှားစွာ မိန့်တော်မူရသည်။ ဤတရား သူ့မှာရှိသည်။ သူသည် ဤတရား၌ တည်သည်ဟု သူတပါးနှင့် စပ်၍လည်း ကပ်ဆောင်ခြင်းငှာ ထိုက်သည်သာ။

ပရိသတ်အလယ်၌ ကိုယ်တော်မြတ်၏ သီလ သမာဓိ ပညာ အသိဉာဏ် တန်ခိုးပြာဋိဟာများကို ပြတော်မူခြင်းသည် ကိုယ်တော်နှင့်စပ်၍ တရားတော်ကို ကပ်ပြခြင်းမည်၏။ ရံခါ ပရိသတ် ၄-ပါးအလယ်၌ အရှင်သာရိပုတ္တရာ၊ အရှင်မဟာကဿပ စသည်တို့၏ သီလစသော ဂုဏ်တော်များကို ဖော်ချီးမွမ်းခြင်းသည် သူတပါးနှင့်စပ်၍ တရားတော်ကို ကပ်ပြခြင်း မည်သည်။ဤသို့ မိမိသူတပါး ၂-ဦးသားလုံးနှင့် ကပ်ဆောင်ပြထိုက်သော ကြောင့်လည်း ဩပနေယျိက မည်သည်ဟု တနည်းမှတ်သင့်ပေသည်။

## ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိ ဂုဏ်တော်ဆိုင်ရာ

**ဥဃဋိတညူ စသည်ထိုထို** အကျဉ်းပြ၍ မဂ်ဖိုလ်ရသော ဥဃဋိတညူ၊ အကျယ်ပြမှရသော ဝိပဉ္စိတညူ၊ အပြင်းအထန် အားထုတ်မှရသော နေယျ၊ ဤပညာရှိ အရိယာများသာ မိမိစိတ်၌ မျက်မှောက်ဒိဋ္ဌ ကိုယ်စီကိုယ်ငှ သိအပ်၊ ခံစားအပ် (ဖလသမာပတ် ဝင်စား နိဗ္ဗာန်ချမ်းသာကို ခံစားအပ်) ၍ လောကုတ္တရာ တရား ၉-ပါးသည် ပစ္စတ္တံ ဝေဒိတဗ္ဗ ဝိညူဟိဂုဏ်လည်း ရတော်မူသည်။

ကျွတ်တမ်းမဝင်သေးသော ပဒပရမ ပုထုဇဉ် ပုဂ္ဂိုလ်များနှင့် လားလားမျှ မဆိုင်သည်သာ။ (ပစ္စတ္တအရ- မိမိစိတ်၌ မျက်မှောက် ဒိဋ္ဌဟုရင်း၊ (ယုံကြည်၊ ကြည်ညိုကာမျှကိုပလို) ကိုယ်စီကိုယ်ငှဟုရင်း၊ ၂ နက်ရသည်။ ဝေဒိတဗ္ဗအရလည်း သိအပ်၊ ခံစားအပ်ဟု ၂ မျိုးပင်တည်း။) ပဋိသမ္ဘိဉာဏ်ပါသူကို ဝိညူဟု ခေါ်၏။ မြင်ကြား ကြံစည်မှုတို့ဖြင့် သိမြင်သော

ပဝတ္တိပညာရှင် ပဏ္ဍိတကား အရိယာ မဖြစ်နိုင်ဟု ခွဲပြသေးသည်။ အရာအားလျော်စွာတည်း။

## သာသနာတွင် စံပြယူလေ တိဿထေရ်

**အရေးပေါ် သံဃ အစည်းအဝေး** အချိန်ကား ငါတို့ဘုရားပရိနိဗ္ဗာန်မစံယူမီ ၄-လ ခန့် (သက္ကရာဇ် ၁၃၇-ခု၊ ပြာသိုလပြည့်ကျော်ခန့်) က ဖြစ်၏။ နောက် ၄-လကြာလျှင် ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော့မည်ဟု ကြားသိကြသော ဘုရားရှင်အနီးရှိ သံဃာတော် ၇၀၀-တွင် ရဟန္တာများမှာ ဓမ္မသံဝေဂ ဖြစ်ကြ၍ ပုထုဇဉ်များမှာ မျက်ရည်မဆယ်နိုင်ကြတော့ဘဲ "ကိုယ်တော်တို့ ဘာလုပ်ကြမလဲ" ဟု အစုလိုက် တိုင်ပင်ကြ၊ သွားလာ စည်းဝေးကြသည်။

**အလုပ်မှန်သော တိဿရဟန်းတော်** "ဘုရားရှင် ပရိနိဗ္ဗာန် စံယူတော့မည်၊ ငါမှာလည်း ရာဂမကင်းသေး၊ ဘုရား ရှိစဉ် အရဟတ္တဖိုလ်ကို ငါယူသင့်သည်" ဤသို့ကြံလျက် အရှင်တိဿသည် တပါးတည်း သွား၊ တပါးတည်း စား၊ တပါးတည်း နေတော့သည်။မည်သူ့ ထံကိုမျှ မသွား၊ မည်သူနှင့်မျှ စကားမပြောတော့။ သူ့အနေ အထိုင်ကို သံဃာတော်များ မကြိုက်ကြ၊ "မြတ်စွာဘုရား အပေါ် အရှင်တိဿ ချစ်ခင်မြတ်နိုးမှု မရှိပါဘုရား"ဟုပင် ဘုရားထံ တင်ကြသည်။ ခေါ်မေး၍ ရည်ရွယ်ချက်အမှန်ကို ဘုရားထံ လျှောက်ထားရာ ဘုရားရှင် သာဓုခေါ်တော်မူသည်။ "ငါဘုရားအပေါ် ချစ်မြတ်နိုးလျှင် တိဿနှင့် တူကြစေ၊ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်မှု မလို၊တရားနှင့်အညီ ကျင့်ကြံအားထုတ်မှုဖြင့်သာ ငါဘုရားကို ပူဇော်ရာရောက်သည်"ဟုလည်း သံဃာအား မိန့်တော်မူသည်။

**တရားဂုဏ်တော် အရသာပေါ်** ဘုရားရှင်မိန့်ကြားသော တရားတော်ကို အရှင်တိဿကြားနာအပြီးကိလေသာ အားလုံး ကုန်သွားသည်။ တရားအရသာကို မျက်မှောက် ဒိဋ္ဌ သိမြင် ခံစားရသော ပစ္စတ္တံ ဝေဒိတဗ္ဗ ဝိညူဟိဂုဏ်ကျေးဇူးပင်ဖြစ်သည်။ ဒေသနာတော်ကား အရှင်တိဿ သာမက အများ အတွက်လည်း အကျိုးများသည်သာတည်း။

**အမြတ် ၁၀-ဖော် တရားတော်** ဤတရားတော်ကား ဘုရား ဆိုကြသူ အခြားသူတို့၏ ဟန်ဆောင် ကြွားဝါ အဖြာဖြာတို့ထက် ဂုဏ်သဘောဒြဗ်တို့ဖြင့် မားမားမတ် ထင်ရှားတော်မူသည်။ ပညာရှင် အားလုံးတို့၏ စဉ်းစားသုံးသပ်မှု အရပ်ရပ်ကို ခံနိုင်၏။ ထို့ကြောင့် တကယ့် သိပ္ပံရှင် ပါရဂူများသည် ဗုဒ္ဓတရားတော်ကို လေ့လာ သုံးသပ်မိသည့်အခါ နှစ်ခြိုက် ကျေနပ်ကြသည် သာတည်း။ ဘုရားရှင် ကိုယ်တော်မြတ် ပင်လျှင် ရှိသေ ကိုင်းညွတ်ဖို့ရာ ဆင်ခြင်တော်မူရာဘွင် တလောကလုံးတွင် မည်သူ့ ကိုမျှ မမြင်သဖြင့် ကိုယ်တိုင် သိမြင်အပ်သော တရားတော်ကိုပင် အကြိမ်ကြိမ် ဆင်ခြင်တော်မူသောအားဖြင့် လေးမြတ် ကော်ရော် ပူဇော်တော်မူပါသည်။

**သဒ္ဓမ္မ ၃-ဖြာသာသနာ** ယင်းတရားတော် ၁၀-ပါးကို သာသနာ ၃-မျိုး နှင့် ပိုင်းပြလျှင် ပရိယတ်သည် ပရိယတ္တိသဒ္ဓမ္မ၊ ပရိယတ်လာတိုင်း အားထုတ်ကျင့်ကြံမှုသည် ပဋိပတ္တိသဒ္ဓမ္မ၊ မဂ်ဖိုလ်နိဗ္ဗာန် သည် အလုပ်မှန်ကြောင့် ထိုးထွင်းသိမြင်ရသော ပဋိဝေဓသဒ္ဓမ္မ မည်သည်။ သူတော်ကောင်းတို့အတွက် တကယ်ထင်ရှားရှိသော တရားသည် သဒ္ဓမ္မ မည်လေသည်။ ယင်း ၃-ပါးတွင် ရဟန်းတော်များကဲ့သို့ အခြေအမြစ်နှင့် တကွ အရင်းကျကျ ပါဠိဓမ္မ ပရိယတ္တိဓမ္မကို လူများ မသင်ယူနိုင်ကြပါ။ ရဟန်းရှင်လူ ပညာရှင်များ ဟောပြရေးသားသော တရားစာများကိုသာ ကြားနာဖတ်ရှုရသည်။

**အသစ်ပြင်တိုင်း ကောင်းပါ့ရဲလား** ဘုရားမပွင့်မီရှေးက ဒသာ ရဟ မင်း တို့၏ပုစ္ဆန်လက်မကြီးကိုကြက်ထား သော မင်္ဂလာစည်တော်ကြီးသည် ၁၂-ယူဇနာတိုင်အောင် အသံမည် သည်။ ကာလကြာသော် ပေါက်လာသော အပေါက်များကို ရွှေပြား ငွေပြားတို့ဖြင့် ဖာထေးရ၏။ နောက်တွင် ပုစ္ဆန်လက်မသားကုန်၍ အဖာ တွေချည်းသာဖြစ်သည်။ ၁၂-ယူဇနာ အသံမြည်ဘို့ထား၊ စည်ကြီး၏ အနား ကပင် ထင်ထင်ရှားရှား မကြားရတော့ပေ။ ထို့အတူ ပရိယတ္တိသဒ္ဓမ္မ ကိုလည်း အမျိုးမျိုးပြုပြင်ကာ ပရိသတ်အလိုလိုက်၍ ဟောပြောရေးသား ကြ၊ (ပရိယတ္တိသည် ပေါက်မနေပါဘဲလျက်) ဖာထေးသလို ပြုပြင်ကြ ပါလျှင် တရားစစ်များ ပျောက်သွားမည့်အရေးကို ထိပ်ခေါင်တင်ဆရာ တော်ကြီးများ ရင်လေးတော်မူကြသည်။

**တရားဟောတော်မူကြပါ အရှင်ဘုရားတို့** ရဟန်းတော်များသည် ဒကာဒကာမများ၏ ပစ္စည်း၄-ပါးဖြင့် သာသနအလုပ်ကို လုပ်နေနိုင်ကြသည်။ ထို့ကြောင့် ကျေးဇူးရှင် မိဘ သဖွယ် ဒကာ ဒကာမများကို စေတနာထား မေတ္တာပွား၍ တရားဟော ပေးရမည်သာ ဖြစ်သည်။ "ချစ်သားရဟန်းတို့၊ အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူများ ညာတိပေါက်ဖော် တော်စပ်သူများကို သနားကြလျှင်၊ သူတို့ကလည်း လိုက်နာကြလိမ့်မည်ဟု ထင်ကြလျှင် ယင်းပုဂ္ဂိုလ်များကို ဟောပြောဆောက်တည်အားထုတ်စေပါ"ဟု ဘုရားရှင် မိန့်တော်မူသည်။ သို့မှသာ ဒကာ ဒကာမများလည်း အမှန်သိရှိအားထုတ်ရ၊ ရဟန်းတော်များလည်းတာဝန်ကျေကြ၊ သာသနာပြုကြမည်ဆိုလျှင်လည်းအချင်းချင်း အကူအညီရ၊ သာသနာတော် ကြီးပွား၍ လူနတ်နိဗ္ဗာန် ချမ်းသာမှန်ကို လည်း ခံစား သိမြင်ရပေမည်။

## ၅–လေ့ကျင့်ခန်းများ

၁။ လောဘ ဒေါသမီးများ အရှိန်ကြီးပုံ သာဓကနှင့်တကွ ပြ၍ မဇ္ဈေကလျာဏဖြစ်ပုံ ဥဒယဘဒ္ဒ မောင်နှံစုံဖြင့် စုံလင်စွာရေးပါ။

၂။ တရားတော်၏ အဆုံးကောင်းပုံ ဂုဏ်ကို သိသာရုံပြ၍ အယျမိတ္တထေရ် သူ့ကိုယ့်သူ ဆုံးမပုံ တိတ္တိတ္တိုစကား အဆံမပါ ဟန်သာများပုံကိုလည်း ရေးသားပါ။

၃။ သန္ဒိဋ္ဌိကအရ မည်သည့်တရားများကို ကောက်ယူရမည်နည်း။ ရသေ့တထောင် ရဟန္တာ ဖြစ်ရသောတရား၊ ထန်းတောဥယျာဉ်အတွင်း၌ ထောင်ပေါင်းများစွာ သောတာပန်တည်သော တရားများကို ပြပါ။

၄။ ဗုဒ္ဓ၏ ပထမဆုံး ကျောင်းတိုက်ဒကာ မည်သူပါနည်း။ ကာမဂုဏ်အပြစ်ပြ ဥပမာ ၃-မျိုးမျှပြ၍ အိမ်ရှေ့မင်း၊ သူဌေး၊ ရဟန်း၊ ဤ ၃-ဦး၏ ချမ်းသာထူးပုံကိုလည်း ရေးသားပါ။

၅။ အဇာတသတ်မင်း၏ ကာယအင်အားကို ထင်ရှားစွာပြ၍ အဘယ့်ကြောင့် ပယ်ပဋ္ဌာ မြေမှာလူးရသနည်း။ တက္ကသိုလ်ဘုရင်နှင့် နန်းတွင်းသူ နန်းတွင်းသား ပျက်စီးရကြောင်းကိုလည်း ပြပါ။

၆။ အကာလိကဂုဏ်တော်ကို သဘောဖော်ပြီးလျှင် ခန္ဓာကိုယ်၌ ရှိဘွယ်နှလုံးသွင်းပုံကိုလည်း အနိစ္စသည် ထင်အောင် ဆင်ခြင် စရာ လင်္ကာနှင့် ပြပါ။

၇။ ဧဟိပဿိကဂုဏ်ပြ ဇောတိပါလ၏ အကျိုးရပုံကို အချုပ်ရေး၍ သားသမီးများကို ကျွေးသူဖခင်နှင့် မွေးသူမိခင် မည်သူက ပိုချစ် ကြောင်း သောရေယျ ရဟန်းတော်စကား ကိုးကားပါ။

၈။ ဩပနေယျိကဂုဏ်တော်အလိုက် တိဿထေရ် မင်ဖိုလ်ဆိုက်ပုံကို ပြ၍ ရှေးက မာဂဓတိုင်း၊ ကောသလတိုင်းတို့မှ အရိယာဖြစ်ကြရာ သင်္ချာကိုလည်း အားတက်ဖွယ် ရေးသားပါ။

၉။ ဥဂ္ဃဋိတညူစသော ပုဂ္ဂိုလ် ၄ ပါး သဘောသွားကိုရေး၍ အလုပ် မှန်စံပြ ဘုရား သာဓုခေါ်ရသော တိဿထေရ်၏ ယူဆချက် အမြွက်မျှ ပြပါ။

၁၀။ ရဟန်းတော်များ တရားဟောသင့်ကြောင်း ဗုဒ္ဓစကား ကိုးကား ပြပြီးလျှင် ပရိသတ်အကြိုက်လိုက်၍ တရားကို အမျိုးမျိုးပြင်ကာ ဟောထိုက်၊ မထိုက် ပုံတိုက်ရေးသားပါ။

# အမြွတ်သံဃာ ဂုဏ် ၉-ဖြာ

## သံဃဂုဏ်တော် ၉-ပါးဆိုင်ရာ

**ဂုဏ်တော် ၉ ပါး** သုပ္ပဋိပန္န၊ ဥဇုပ္ပဋိပန္န၊ ဉာယပဋိပ္ပန္န၊ သာမီစိပ္ပဋိပန္နဟု အကြောင်း ဂုဏ်တော် ၄-ပါး။ အာဟုနေယျ၊ ပါဟုနေယျ၊ ဒက္ခိဏေယျ၊ အဉ္ဇလီကရဏီယ၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿဟု အကျိုးဂုဏ်တော် ၅-ပါး၊ ပေါင်း ၉-ပါးတည်း။ သံဃ ဟူသော ပါဠိစကားကို သံဃာဟု သုံးစွဲသည်။ အဓိပ္ပာယ်မှာ အပေါင်း အစု အဖွဲ့အစည်း ဟူလို။ ထို့ကြောင့် သီလ၊ သမာဓိ၊ ပညာ သိက္ခာ ၃-ပါးအကျင့်အားဖြင့် ဟူသော ရဟန်းတော်များ၏ အပေါင်းအစု အသင်း အဖွဲ့သည် သံဃာမည်သည်။ သံဃိကဒါနမြောက် လှူရာ၌ တသင်းတဖွဲ့လုံး၊ တသာသနာလုံး ရည်မှန်းရသည်။ အရိယာ ၈-ပါး ယင်းသံဃာတော် များ အပေါင်းသည်ပင် ဘုရားရှင်၏အမိန့်တော်ကို ''မဖီဆန်ဘဲ နာခံတတ် သော တပည့်များဖြစ်၍ သာဝကလည်း မည်သည်။ ထို့ကြောင့် မဖီဆန်ဘဲ နာခံတတ်စွာ'' စသည်ဖြင့် ပူဇော်ရွတ်ဆိုသည်။

## သုပ္ပဋိပန္န ဂုဏ်တော်ဆိုင်ရာ

**မချွတ်ယွင်းရ ကြီးလုံ့လဖြင့်** ဘုရားဟောတော်မူတိုင်း မချွတ်ယွင်း အောင် လုံ့လဝီရိယ ကြီးမားစွာဖြင့် ကောင်းစွာ ကျင့်တော် မူတတ်သောကြောင့် သံဃာတော် များသည် သုပ္ပဋိပန္န ဂုဏ်ရှိတော်မူသည်။ မိမိ ဘယ်လောက် အသက်ရှည်ဦးမည်၊ ဘာရောဂါနှင့် ဘယ်အချိန်မှာ သေမည်၊ မိမိအလောင်းကောင် ဘယ် သုသာန်မှာ မြှုပ်၍ ဘယ်ဘဝ ရောက်မည်ဟု ဤ ၅-မျိုးကို သတ္တဝါ များ ကြိုတင်မသိနိုင်ကြဟု ဘုရား ဟောတော်မူတိုင်း ရဟန်းတော်များ သည် ကြီးငယ်မဟူ ရဟန်းတရားများကို အားထုတ်တော်မူကြသည်။

**ကာမဂုဏ် ခံစားပြီးမှ ရဟန်းပြုပါဘုရား** ဘုရားရှင် ရာဇဂြိုဟ်မြို့ အနီး တပေါဒါရုံ ကျောင်း၌ သီတင်းသုံးတော်မူခိုက် အရှင်သမိဒ္ဓိ ရဟန်းပျိုလည်း ဘုရားရှင်နှင့် အတူပင် ရှိနေသည်။ အရှင်သမိဒ္ဓိကား ချမ်းသာသော မိဘမှ ဖွားမြင်သောသူ ဖြစ်၏။ အလွန် အဆင်းလှ၍ နုပျိုသော ကိုယ်လက်အင်္ဂါရှိကာ ပြည့်ဖြိုးသပ္ပာယ် တင့်တယ်သည်။ အခါတပါး အရှင်မြတ်သည် နံနက်စောစောထ၊ တပေါဒါမြစ် ရေပူကို သုံးသပ်အပြီး ကိုယ်ခြောက်သွေ့အောင် သင်းပိုင် တထည်တည်းဖြင့် ရပ်နေသည်။ နတ်သမီး တဦးသည် ကေသိမဝတ် ပြေပြစ်သော အရှင်သမိဒ္ဓိ၏ ကိုယ်နေဟန်ကို မြင်၍ ကာမဂုဏ် အချစ် စိတ်ဖြစ်ကာ ကောင်းကင်မှ ရပ်လျက် "အရှင်ဘုရားဟာ ကာမဂုဏ် ၅-ပါး မခံစားဘူးသေးဘဲ ရဟန်း ပြုလာသကိုး၊ ခံစား ပါဦးဘုရား။ ခံစားဘို့အချိန် ကုန်သွား ပါလိမ့်မည်"ဟု အရှင်မြတ်အား ရမက်စိတ်ဖြင့် လျှောက်ထားသည်။

**သုပ္ပန္နဋ္ဌိပန္နဂုဏ်ရှိ အရှင်သမိဒ္ဓိ** "သေမည့်အချိန်မသိ၍ ကာမဂုဏ် မခံစားဘဲ ရဟန်းလုပ်၍ တရားအားထုတ်သည်။ တရားလုပ်ဖို့ အချိန်ကုန်သွားမှာ စိုးသည်"ဟု အရှင်သမိဒ္ဓိက မိန့်ကြားလိုက်သည်။ ဤသို့လျှင် အရှင်မြတ်ကား ကောင်းစွာကျင့်မှု ဂုဏ်နှင့် ပြည့်စုံပါ၏။ သို့တိုင်အောင် နတ်သမီးကား မလျှော့။ "ပထမ အရွယ် ငယ်သေး၍ လက်တွေ့ ကာမချမ်းသာ ခံစားပါဦး။ နောင်ဘဝမှသာ မျှော်လင့်ချက်ထားနိုင်တဲ့ ရဟန်းအလုပ်ကို စိတ်မဝင်စားပါနှင့်"ဟု လျှောက်ပြန်ရာ အရှင်မြတ်ကလည်း ရဟန်းတရားသာ လက်တွေ့ချမ်းသာသည်။ ကာမဂုဏ်အာရုံမှာ ပင်ပန်းဆင်းရဲကြောင်းသာဟု ဟောပြောပြီး ဘုရားထံ ခေါ်သွား၊ နတ်သမီး တရားထူး ရသွားသည်။ (တရားထူး ရခါနီးနေသူကိုသော်မှ ကိလေသာ ရမ်းသွားသေးသည်။)

**အလိုက်မသိသော ရဟန်းတော်အချို့** ယခုခေတ်လိုပင် ရှေးကလည်း ဓမ္မာရုံများ၌ ဆိုင်ရာအသင်းအဖွဲ့များက စတုဒ္ဒိသာ ကျွေးလေ့ရှိကြသည်။ အချို့ ရဟန်းတော်များသည် အခြား၌ ဆွမ်းမခံကြတော့ဘဲ ထို စတုဒ္ဒိသာ ဓမ္မာရုံများကိုသာ နေ့စဉ် သွား၍ ယွမ်းစားကြရာ ကြာတော့ လူများ သဒ္ဓါပျက်၍ ကဲ့ရဲ့ကြသည်။ ယနေ့ကစ၍ တရက်သာ စားရမည်ဟု ဘုရားရှင် သိက္ခာပုဒ် ပညတ်တော်မူ၏။

**တပည့်ကောင်း အရှင်သာရိပုတ္တရာ** အရှင်မြတ်သည် ခရီး သွားယင်း ထိုစတုဒ္ဒိသာရှိဌာနာမကျန်းဖြစ်နေသည်။ ဆွမ်းတရက် ဘုဉ်းပေးပြီးလျှင် သိက္ခာပုဒ် ပညတ်ထားမှုကြောင့် နောက်ရက်များ၌ ဆက်ကပ်သော်လည်း လက်ခံတော်မမူ။ ဂိလာနဖြစ်နေ၍ တခြားသို့လည်း မကြွနိုင်သဖြင့်ဆွမ်းအပြတ် ခံတော်မူရရှာသည်။ ဤသို့လျှင် ဘုရားသားတော် ပုဂ္ဂိုလ်ကျော်တို့သည် ဘုရားအမိန့်တော်ကို နာခံလျက် ကောင်းစွာ ကျင့်တော်မူကြသည်။ နောက် ဘုရားရှင် သိတော်မူသဖြင့် မမာလျှင် နေ့စဉ် စားနိုင်ကြောင်း ခွင့်ပြုတော်မူသည်။

**သမုတိ သံဃာတော်များနှင့် သံဃဂုဏ်** အရိယာ ၈-ဦးတို့အား သုပ္ပဋိပန္နဂုဏ်စသည်အပြည့် ရှိနိုင်သော်လည်း ကောင်းမွန်စွာ ကျင့်တော်မူကြသော ပုထုဇဉ်ရဟန်းတော် များလည်း (သောတာပတ္တိ မဂ္ဂဋ္ဌာန် ပထမ အရိယာ အတန်း၌ ပါဝင်သည်ဟု မိန့်တော်မူခြင်းကြောင့်) သုပ္ပဋိပန္န စသော သံဃာဂုဏ်များ ရှိကြသည်သာ ဖြစ်သည်။ ထို့ကြောင့်ပင် ဝိနည်းပရိဝါ ပါဠိတော်၌ ကလျာဏ ပုထုဇဉ်ကို သေက္ခပုဂ္ဂိုလ် အရိယာ ၇-ဦးနှင့် အတူ ၈ပေါင်း၍ သေက္ခဟုပင် ရေတွက်ပြသည်။ ဤစကားအရ "သာဝက သံဃာ၊ ကလျာဏပုထုဇဉ် သူတော်စင်တို့နှင့်တကွ ၈-ယောက်အရိယာ မြတ်သံဃာသည်"ဟု ဆရာမြတ်တို့ ပြည့်စုံအောင် အနက်ပေးကြသည်။

**လူ နတ် အရိယာများနှင့် သံဃဂုဏ်** ပုထုဇဉ် ရဟန်းတော် များမှာ အနေ ကောင်းလျှင် သံဃဂုဏ် ထိုက်သော်လည်း လူနတ်ဗြဟ္မာ သောတာပန်စသော အရိယာများမှာ သံဃာဂုဏ် မထိုက်ပေ။ သံဃာဂုဏ်တော် အရာ၌ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ=တလောကလုံး၏ အတုမရှိမြတ်သော ကောင်းမှုစိုက်ပျိုးရာ လယ်ယာမြေသဖွယ် သံဃာတော်ကို အလိုရှိအပ်သောကြောင့်တည်း။ ရဟန္တာ လူ နတ်ဗြဟ္မာများက ထိုနေ့ ဖြစ်သစ်စပုထုဇဉ်ရဟန်း သာမဏေကို ပူဇော် ရှိခိုးရမှုဖြင့်လည်း သံဃာဂုဏ် ထိုက်မထိုက် ထင်ရှားပေသည်။ သာမည ရဟန်းသာမဏေကို ရှိမခိုးသော တရားရိပ်သာမှ ထွက်လာသူအချို့ သတိ။)

**သီလ သမာဓိ ပညာ သုံးသိက္ခာ** ပုထုဇဉ်ဖြစ်စေ၊ အရိယာဖြစ်စေ လူများ၌ ၅-ပါးသီလသာ ရှိ၍ ရဟန်းတော်များ၌ ကုဋေ ၉၀၀၀-ကျော်သော သီလသိက္ခာများကို ထိန်းသိမ်း

ရသည်ဖြစ်ရာ အဓိသီလအရာ၌ လူ့ဝတ်ကြောင်နှင့် သံဃာ ထူးခြားသည်။ အဓိစိတ္တ (သမာဓိ) အဓိပညာ (ပညာ) သိက္ခာ ၂-ပါးတို့၌ကား လူရှင် ရဟန်း အထူးအခြား မရှိတော့ပေ။ ကျင့်သူ သန္တာန်ဝယ် ကျင့်နိုင်စွမ်း ရှိသမျှ သိက္ခာပြည့်စုံသည်သာတည်း။

## ဥဇုပ္ပဋိပန္န ဂုဏ်တော်ဆိုင်ရာ

**အယုတ်တရား ၂-ပါး မကပ်** ကာမချမ်းသာ ခံစားမှုပါသော ကာမသုခလ္လိကာနုယောဂ အကျင့်၊ အကျိုးမရ ကိုယ်စိတ်ပင်ပန်းရုံမျှသာဖြစ်သော အတ္တကိလမထာနုယောဂအကျင့် ဟူသော အယုတ်တရား ၂-ပါး၊ ဘက်မလိုက်မူ၍ မဇ္ဈိမပဋိပဒါဟူသော အလယ်အလတ်ကျင့်စဉ်ဖြင့် မဂ္ဂင်ထိုက်အောင် ဖြောင့်မတ်စွာ ကျင့်တော်မူသောကြောင့် ဥဇုပ္ပဋိပန္နဂုဏ် သံဃာတော်များ၌ရှိသည်။ မိမိမှာရှိသော အပြစ်ကို ဖုံးကွယ်မှုမာယာ၊ မိမိမှာ မရှိသော သီလစသော ဂုဏ်ကို ရှိဟန်ဆောင်မှု သာဌေယျတို့ကား ဂုဏ်တော်၏ ဆန့်ကျင်ဘက်တို့တည်း။ အိုးစရည်း ရဟန္တာ၏ ဟန်ဆောင်မှုမျိုးကား သာသနာ၌ စက်ဆုပ်ဖွယ် အကောင်းဆုံး ဖြစ်သည်။ (အိုးစရည်း ရဟန္တာ လုပ်ပုံ အဂ ါရိယရှုဘွယ်၌ ပြခဲ့ပြီ။)

**ရွှေလက်ကောက်ပေးသော ကျား** ကျားကြီးကား အိုနေပြီ ဖြစ်၍ ရှေးကလို သားကောင် များကို လျင်မြန်စွာ မဖမ်းနိုင်တော့သဖြင့် ပရိယာယ်ဖြင့် စားဖွယ်ရရန် စီမံတော့သည်။ တနေ့သ၌ တောသွား တောလာ လူများ ကြားအောင် "အိုခရီးသွားတို့၊ ဤ ရွှေလက်ကောက်ကို ယူလှည့်ကြကုန်လော့"ဟု ဟစ်အော်သည်။ ထိုစကားကို ခရီးသွားတဦး ကြား၍ လာပြီး ရွှေလက်ကောက် ဘယ်မှာလဲဟု မေးရာ ကျားအိုကြီးက လက်ကိုဖြန့်၍ ရွှေလက်ကောက်ကို ပြ၏။ သတ်စားတတ်သူ သင့်အနားလာပြီး လက်ကောက် မယူဝံ့ပါဟု ခရီးသွားက ဆိုသည်။ (ဟိတောပဒေသ)

**အပြောကောင်းသော ကျားစဉ်းလဲ** အိုခရီးသွား၊ ငါသည် ငယ်စဉ်က တရားမသိ၍ မိုက်ခဲ့မိသဖြင့် ကာလဝိပါက် နောက်ပိုးတက် သားသမီးနှင့် မယားလည်း ဆုံးခဲ့ပြီ။ ထိုသို့ သံဝေဂရစဉ် သူတော်စင်တဦး၏ "ဒါနပြုလျက် တရား ကျင့်လော့"

ဟူသော ဩဝါဒကို ရ၍ ဤ အတိုင်း ငါသည် လိုက်နာနေ၏။ လက်သဲခြေသဲများ လျော့ကျကုန်ပြီဖြစ်၍ ကျွန်ုပ်ကို ကြောက်စရာမလိုတော့ပါ။ လောဘ နဲနေသဖြင့် လက်ကောက် ပေးချင်နေသည်ကို ကြည့်ပါတော့။ ဘယ်မှာ သင့်ကို ကျွန်ုပ် သတ်ပါတော့မည်နည်း။

"သူများမယားကို ကိုယ့်မိခင်လို သဘောထား၊ သူများ ဥစ္စာကို ကျောက်ခဲသလိုလို ယူဆ၊ သတ္တဝါမှန်သမျှကိုလည်း ကိုယ်ချင်းစာ။ သို့မှ ပညာရှိသူတော်ကောင်း မည်သည်" ဟူသော တရားသဘော ကြားသိသူ သူတော်ကောင်း ကျွန်ုပ်မှာ အဘယ်မှာ သူ့အသက်ကို သတ်ရက်ပါတော့မည်နည်း။ သို့ဖြစ်၍ "ဤရေအိုင်မှာ ရေဆင်းချိုးပြီး စင်ကြယ်စွာဖြင့် ကျွန်ုပ် လက်ကောက်ကို အလှူခံပါ"ဟု ယုံကြည်လောက်အောင် ပြောပြသည်။

**အသိနှင့် ကိုယ်ကျင့်တရား တခြားစီသာ** ကျား၏ စကားကို ယုံကြည်သော ခရီးသွားသည် ရေချိုးရန် ဆင်းလျှင် ဆင်းချင်း ညွံနစ်တော့သည်။ သူတော်စင် ကျားကြီးက "ဩော်-ညွံနစ်နေသကိုး၊ ကျွန်ုပ်ထူပေးပါမယ်"ဟု ပြောပြောဆိုဆို အနားသို့ ကပ်ကာ သတ်စားလေသည်။ ဤပုံဝတ္ထုကို ထောက်၍ အသိသည် အသိသာဖြစ်၍ သိသလောက် အကျင့်မကောင်းလျှင် ကြောက်ဖွယ်အကောင်းဆုံး ဖြစ်ကြောင်း သိသာသည်။ သံဃာတော် များမှာ စဉ်းလဲမှုမရှိ ဖြောင့်မှန်စွာ ကျင့်တော်မူကြသည်။

**သက်သတ်လွတ်စားသော ကြောင်သူတော်** ရှေးက ကြောင်ဖြူတကောင်သည် ဗုဒ္ဓသရဏပင်ရင်းတွင် ကျင်းဖွဲ့နေ၏။ ဗုဒ္ဓသရဏပင်စေ့များကိုလည်း ၁၀၈-လုံး ပုတီးကုံး၍ လည်တွင် ဆွဲထားသည်။ မိမိအနီး ကြွက်များလာသော်လည်း သူတော်ယောင်ဆောင်၍ မခုပ်ပါ။ ကြွက်များကား ယင်းကြောင်ကို သူတော်ဟု ထင်သွားကြသည်။ "ငါကား ဗုဒ္ဓသရဏပင်အောက်၌ သီလ ဆောက်တည်နေသည်။ မိဘရပ်ရွာကား သမုဒ္ဒရာနားတွင် ရှိ၏။ ငါးနှင့် ကြွက်နှင့် ညှီ၍ ဤအရပ် လာနေသည်။ သူ့အသက်သတ်ဖို့ထား၊ အသားကိုမျှ မစားဘဲ သစ်မြစ် သစ်သီးကိုသာ ငါစားသည်"ဟု ကြောင်က ကြွက်များကို ပြောပြသည်။ "သူတော်ကောင်းကို ပေါင်းဘို့၊ ယုတ်သူ ရန်ရှာသူကို မပေါင်းဘို့၊ ကိုယ့်ထက် မြတ်သူကိုပေါင်းဘို့"စသည်ဖြင့် အသက်ရှည်

ဖွာ အနာမဲ့ကြောင်း တရားကောင်းကိုလည်း ဟောလိုက်သေး၏။ ကြွက်များလည်း ယုံ၍ နေ့စဉ်ပင် ကြောင်ထံ ခစားကြသည်။

**ကြွက်ကုန် ကြောင်စွပ်စွဲ ငရဲကြီးမည်** ယုံကြည်၍ ခစားလာသော ကြွက်များတွင် တနေ့ တကောင်ကျ နောက်ဆုံး ကျသော ကြွက်ကို ကြောင်စားသည်။ ကြွက်များ ရော့နဲ့သွား၍ တိုင်ပင်ကြသည်။ စဉ်းလဲသော ကြောင်ဟုလည်း အဆိုတင်ကြ၏။ ကြွက်တကောင်ကမူ "ကြောင်သူတော်ကို မစွပ်စွဲပါနှင့်၊ ငရဲကျမည်"ဟုပင် ကန့်ကွက်လိုက်သည်။ တကောင်ကမူ "အမောင့် အတွေး မဟုတ်သေးဘူး။ အရေးမရှိသော် နွား၏ အဟန်၊ အရေးရှိသော် ကျား၏ သဏ္ဌာန် ကျင့်ကြံသူကား အလွန်များ၏။ကြောင်မစားမူ ကြွက်မပါးရာ" ဟု မူလအဆိုကို ထောက်ခံသည်။ အဖြစ်မှန်ကို ထောက်လှမ်းဘို့ ရောမယှက်ကြွက်တကောင်တည်း လွှတ်လိုက်သည်။ပြန်မလာ၍ ဥပါလိကြွက် ထပ်သွားရာ ရောမယှက်နှင့်တကွ ကြွက်အားလုံးတို့၏ အမွေး အသွေး အသားများ မြင်ရသည်။ဥပါလိကြွက် ပြန်လာပြောပြ။ တောနက်ရာသို့ ပြောင်းသွားကြရ၏။ ဤကြောင်သူတော်ကဲ့သို့ အတော်အသင့် ပညာရှိပါလျက် မရိုးသားသူမှာ အလွန်ကြောက်ဖွယ်ရာ ကောင်းသည်။ယုံကြည်လွယ်သော အမျိုးသမီးများ၊ ပညာနည်းသော ယောကျ်ားများ သတိထားထိုက်သည်။မိမိတို့ကိုယ်တိုင်လည်း ရိုးသား၍ ရိုးသားသော သံဃာတော် များကိုလည်း ဥဇုပ္ပဋိပန္နဂုဏ်ရည် ယုံကြည်လျက် ကိုးကွယ်နိုင်ကြပါစေ။

အညာ ဟိ လာဘူပနိသာ၊ အညာ နိဗ္ဗာနဂါမိနီ။
ဧဝမေတ မဘိညာယ၊ ဘိက္ခု ဗုဒ္ဓဿ သာဝကော။
သက္ကာရံ နာဘိနန္ဒေယျ၊ ဝိဝေက မနုဗြူဟယေ။
(ဓမ္မပဒ ဝနဝါသိတိဿ သာမဏေ ဝတ္ထု)

လာဘူပနိသာ၊ လာဘသက္ကာ ရဘို့ရာဟု ဂုဏ်ပါမြော်ချင့်ပြုအပ်သောအကျင့်သည်။ အညာ၊ မဂ်ဖိုလ်ရကြောင်း အကျင့်ကောင်းမှ ရွှဲစောင်းသောအား တမျိုးတခြား သာတည်း။ နိဗ္ဗာနဂါမိနီ၊ ခန္ဓာနာမ်ရုပ် ပြတ်ချုပ်ငြိမ်းရန် နိဗ္ဗာန် ရောက်ကြောင်း ကောင်းသော

အကျင့်သည်။အညဉ်၊ ဂုဏ်လာဘ်မြော်ကိုး အကျင့်ဆိုးမှ တမျိုး တခြား သာတည်း။ ဇဝံ၊ဤသို့။ တော်၊(မဂ္ဂ) သံသာလယ်ရန် အပါယ်စံနှင့် နိဗ္ဗာန် မြန်းဘွယ် လမ်း၂-သွယ်ကို။အဘိညာယ၊ သို့လော သို့လော မတွေး တောဘဲ သဘောအရှိ ဟုတ်တိုင်းသိ၍။ ဗုဒ္ဓသာ၊ သိရန်မှန်က မကျန်ရ အောင် လုံးဝသိမြင် ဘုရားရှင်၏။ သာဝကော၊ ကရုဏာ လို့ဆော် မေတ္တာတော်ဖြင့် ဟောဖော်သမျှ မြတ်ဓမ္မကို အားရပုံသေ လိုက်နာ၍ နေသော။ ဘိက္ခု၊သံသရာရေး လာမည့်ဘေးကို နှောင်တွေး ရှုမြော် ရဟန်းတော်သည်။ သက္ကာရံ၊ ဒကာ ဒကာမ သဒ္ဓါကြ၍ ဒါနဟုခေါ် အပူဇော်ကို။ နာဘိနန္ဒေယျ၊ မရသော်တ ရသော်ကြ၍ အားရပုံသေ လိုချင်တောင့်တ၍ မနေရာ။ ဝိဝေကံ၊ အဖော်ကိုရှောင်း အပေါင်းကို ခွာ ဘာဝနာ၂-ရပ် သမာပတ်ကို။ အနုဗြူဟယေ၊ တဆင့်ထက်တဆင့် မြင့်ထက်မြင့်အောင် မလင့်ပုံသေ ပွားများရပေသတည်း။

## ဉာယပ္ပဋိပန္န ဂုဏ်တော်ဆိုင်ရာ

**ပုဆိုးဥသျှောင် မီးလောင် တောက်စွဲ** အရိယာ သံဃာတော်များသည် သံသရာ ဝဋ်ကြီး ဒုက္ခမီးများ ကို မြင်ပြီး၍ ကိုယ်ဝယ် ဝတ်ထားသော အဝတ် ဥသျှောင် ရောင်ထုံး များကို မီးလောင်စေကာမူ မငြိမ်းသတ်အားဘဲ သံသရာ ချုပ်ပြတ်ရာ နိဗ္ဗာန်အလို့ငှာသာလျှင် ကျင့်တော်မူကြသည်။ ထို့ကြောင့် သံသရာတွင် ကြာကြာ မကျင်လည်ရတော့ဘဲ သောဘာသန် ဆိုလျှင် ကာမဘုံ၌ အကြာဆုံး ၇-ဘဝသာ နေပြီး နိဗ္ဗာန်ဝင်စံရသည်။

**အသက်ထက် သီလကို စောင့်သည်** ဘုရား ပရိနိဗ္ဗာန် ပြုပြီး တချိန်တွင် ရဟန်းတော်တပါးကို ခိုးသူများက နွယ်ဖြင့်တုပ်နှောင်၍ တောထဲတွင် ထားခဲ့စဉ် တောမီးလောင်လာသည်။ နွယ်ပင်ကိုဖြတ်က လွတ်နိုင်သော်လည်း ''ရဟန်းမှန်လျှင် သစ်ပင်ကို မခုတ် ဖြတ်ရ'' ဟူသော ဘုရား ပညတ်တော်ကို စောင့်စည်းလျက် နွယ်ပင်ကို မဖြတ်ဘဲ တရားကိုပင် နှလုံးသွင်းနေသည်။ ရဟန္တာအဖြစ်သို့ ရောက်ပြီး လျှင် တောမီး လောင်၍ ပရိနိဗ္ဗာန် ဝင်စံတော်မူသည်။ ဤသို့လျှင် နိဗ္ဗာန် အလို့ငှာ ကျင့်တော်မူခြင်းကြောင့် ဉာယပ္ပဋိပန္န ဂုဏ်တော်ဖြင့် ကောင်းစွာ ပူဇော်အပ်သည်တကား။

**ပါရမီရှင် သူဌေးသား ရဟန်းတော်** သာဝတ္ထိမြို့ ကုဋေ-၄၀ ကြွယ်ဝသော မိဘများမှ ဖွားမြင်ပြီး ရဟန်းဖြစ်လာရသော သုန္ဒရသမုဒ္ဒထေရ် ဖြစ်သည်။ မိဘများက ခွင့်မပြုသဖြင့် ရဋ္ဌပါလမထေရ်များလို အကြပ်ကိုင်မှ ရဟန်းပြုခွင့်ရ၏။ သာဝတ္ထိမြို့ ပနေဘဲ ရာဇဂြိုဟ်သွား၍ အိမ်စဉ်ရပ်၍ ဆွမ်းခံဘုဉ်းပေးသည်။ ပွဲလမ်းသဘင်များတွင် သား၏သူငယ်ချင်းများ သွားလာပျော်ရွှင်နေကြသည်ကို မြင်ရတိုင်း မိဘများမှာ မျက်ရည်မဆည်နိုင်ကြပေ။

**မာယာညွတ်ကွင်းမှ လွတ်ကင်းနိုင်ပါမည်လော** အရှင်မြတ်၏မိခင်ငိုနေစဉ်ပြည့်တန်ဆာမတဦးလာ၍ မြင်တွေ့သွား၏။ သားရဟန်းပြု၍ ရတက်မအေးပုံအစုံပင် မိခင်က ပြောပြသည်။ "လူထွက်အောင် တတ်နိုင်လျှင် အားလုံး ဥစ္စာတွေ ညီးအတွက်ပါဘဲ"ဟုလည်း ငိုပြော၏။ သူမသည် လခရိက္ခာယူပြီး ရာဇဂြိုဟ်သွားကာ အရှင်မြတ်၏အသွားအလာကို ထောက်လှမ်းသည်။ မကြာမီပင် သူမ ငှားနေသော အိမ်တွင် အရှင်မြတ်သည် ထိုင်ကိုယ်တော်ဖြစ်ပြီး စားကောင်း သောက်ဖွယ်များ ဘုဉ်းပေး နေတော့၏။ ရသတဏှာကြောင့် အိမ်စဉ်ရပ် ဆွမ်းဝတ်ကား ပျက်သွားပေပြီ။ သူမသည် အရှင်မြတ်အား ဆင်ဝင်ခန်းမှ အိမ်တွင်း၊နောက်တဆင့် ပြာသာဒ်ထက် ရောက်အောင် ပရိယာယ်အမျိုးမျိုးဖြင့် ဆွဲဆောင်သည်။ ပြာသာဒ်ထက်ဝယ် တံခါးများ ပိတ်၍ ၄၀-သော မာယာ လှည့်ကွက်တို့ဖြင့် သူမသည် အရှင်မြတ်အား အတင်းပင် ဖျက်တော့သည်။

**အရှင်သုန္ဒရ၏ လက်တကမ်း အောင်ပွဲ** "အခြေ အနေ အားလုံးကို မသုံးသင်မိတာမှားလေစ" ဟု အရှင်မြတ် သံဝေဂဖြစ်သည်။ ၄၅-ယူဇနာခရီး ဇေတဝန်ကျောင်းတော်ကပင် ဘုရားရှင်လည်း မြင်၍ပြုံးတော်မူ၏။ အရှင်အာနန္ဒာ မေးလျှောက်သဖြင့် "ဤကာမစစ်ပွဲကြီးတွင် ငါ့သားကြီး သုန္ဒရပင် အောင်နိုင်ရမည်"ဟု မိန့်တော်မူလိုက်သည်။ ဘုရားရှင်သည် ထိုင်တော်မူလျက်ပင် ရောင်ခြည်တော် စစ်ကူလွှတ်ကာ"ကာမဘဝ ကုန်သူကိုသာ ဗြာဟ္မဏဟု ငါဘုရားဆိုသည်" ဟု မိန့်တော်မူလိုက်၏။ တရားအဆုံးတွင် ရဟန္တာဖြစ်ကာ ကောင်းကင်မှကြွ၍ ဘုရားရှိခိုးသည်။ ဤသို့လျှင် အရှင်မြတ်၏ ကာမတိုက်ပွဲကို နိဗ္ဗာန်အလို့ငှာ အောင်မြင်အောင် ဆင်နွှဲနိုင်ခြင်းသည် ဉာယပ္ပဋိပန္န ဂုဏ်တော်ပင် ဖြစ်သည်။

## သာမိစိပ္ပဋိပန္န ဂုဏ်တော်ဆိုင်ရာ

**မထိမဲ့မြင် သန့်စင်ကင်းကွာ** အရိယာဖြစ်အောင် အားထုတ်တော်မူကြသော အရိယာဖြစ်ပြီးသော သံဃာတော်များသည် ဘုရားရှင် မိန့်မှာသော ကျင့်ဝတ်သိက္ခာများကို မထိမဲ့မြင် မပြုဘဲ သန့်ရှင်းရိုသေစွာ ကျင့်တော်မူပါသည်။ ဒကာ ဒကာမများသည် မိမိတို့ကိုယ်တိုင် မစားမသောက်ရက်၊ သားသမီး စသည်များကို မကျွေးရက်ပါဘဲလျက် သံဃာတော်များကိုမူ လှူဒါန်းကျွေးမွေးကြ၊ ကျောင်းအိပ်ရာ နေရာစသည်များကိုလည်း တခမ်းတနား ဆောက်လုပ်လှူဒါန်းကြ၏။ သံဃာတော်များကလည်း ထိုကဲ့သို့သော ရိုသေသမှုပြုစုလှူဒါန်းခြင်းနှင့် ထိုက်တန်အောင်၊အရိုအသေ ခံထိုက်အောင် ကျင့်ကြံတော်မူကြပါသည်။ ထို့ကြောင့် သာမိစိပ္ပဋိပန္နဂုဏ် လောက်လုံတော်မူကြ၏။ ဤနေရာ၌ အယျမိတ္တထေရ်နှင့် ဆွမ်းအမကြီး သားအမိ ၂-ဦး၏ အချင်းချင်းစေတနာထား ဆောင်ရွက်ပုံများကား အားကျဖွယ်ရာတည်း။ (ဂုဏ်ဝတ္ထုတရားဂုဏ်တော်ဖွင့်၌ ရှု)

**အချင်းချင်းကိုယ်စီ ဟန်ချက်ညီကြမှ သာသနာ့ တာရှည်မည်** သံဃာတော်များကလည်း ဒကာဒကာမများ အရိုအသေ ခံထိုက်အောင် အားထုတ်၊ သာသနာတော်အလုပ်ကို လုပ်ကြ။ ဒကာ ဒကာမများကလည်း အေးအေး ချမ်းချမ်း ကြိုးစားထမ်းဆောင်နေကြသော ဝန်ဆောင်သံဃာတော် များ၏ ဂုဏ်ကို အသိအမှတ်ပြု လေးစားကူညီကြလျှင် သဒ္ဓမ္မ ၃-ဖြာ သာသနာတော်ခရီး တွင်တွင်ကြီး ပြီးမည်သာဖြစ်သည်။ ထိုသို့ပဟုတ်မူ၍ ရဟန်းတော်များကလည်း "ငါ့မြင်းငါစိုင်း စစ်ကိုင်း ရောက်ရောက်၊ ငါ့လှေငါထိုး ပဲခူးရောက်ရောက်" ဟုစိတ်ထားကာ မိဘသဖွယ် ဆွမ်းရှင် ဒကာဒကာမများ၏ မျက်နှာကိုမငဲ့ကြလျှင် သံသရာနောင်ရေး အသာထား၊ ယခုဘဝ လက်ငင်းအရေးမှာပင် တဖြေးဖြေး မလွယ်တော့ပါ။ ဘာသာရေး မလိုလားသူများ မျက်မှောက်တွင် နောင်ရေး ခက်တော့မည်မှာ သေချာတော့၏။ ဒကာဒကာမများလည်း ဥပါသကာဂုဏ် ၁၀-ပါး ပြည့်ဝအောင် ကြိုးစားနိုင်ကြပါစေ။ (ဂုဏ်၁၀-ပါး အင်္ဂါရိယ ရှုဘွယ်ကြည့်။)

**သံဃာ ၆၀-ကြည်ညိုဖွယ်ရာ အားထုတ်ရှာ** "အရှင်ဘုရားတို့၊ တပည့်တော်များ မေ့မေ့လျော့လျော့ နေဘို့တော့ မသင့်။ တပည့်တော်တို့အတွက် ငရဲကြီး ၈-ထပ်သည် ကိုယ့်ကျောင်း တံခါးကဲ့သို့ အမြဲပွင့်နေသည်။ ထို့ကြောင့် တနေရာ ၂-ပါး မနေကြဘဲ ဘုရားရှင် စိတ်တိုင်းကျ ဖြစ်အောင် အားထုတ်ကြရမည်။ ညနေ မထေရ်ကြီး ဆည်းကပ်ချိန်နှင့် ဆွမ်းခံသွားချိန် ဆုံကြပါ။ နေမကောင်းလျှင် ကျောင်းလယ်ခေါင်းလောင်းထိုး၊ ဆေးပေးကြမယ်" စသည်ဖြင့် အချင်းချင်း ဆုံးမ၍ တရားအားထုတ်ကြသည်။ ၎င်းသံဃာတော်များကား သာဝတ္ထိပြည် ဘုရားထံတော်မှ ကမ္မဋ္ဌာန်းယူလာကြပြီး ကောသလတိုင်း တောင်ခြေ မာတိကရွာအနီးတွင် မာတိကမာတာ ဒကာမကြီး၏ပင့်လျှောက်ချက်အရ သီတင်းသုံးနေကြခြင်း ဖြစ်သည်။

**ကောဋ္ဌာသကမ္မဋ္ဌာန်းနှင့် အနာဂါမ် သာသနမိခင်** ဒကာမကြီးသည် ထောပတ် ဆီ တင်လဲ စသည်များကို ယူ၍ အခိုင်း အစေများနှင့် တကွ တချိန် ကျောင်းရောက် လာသည်။ သားရဟန်းတော်များ၏ နေထိုင်ရေးနှင့်တကွ တရားအလုပ်များကို မေးလျှောက်ရာ ၃၂-ပါးသော ကောဋ္ဌာသကမ္မဋ္ဌာန်းကို အားထုတ်နေကြကြောင်း သိရသည်။ ၎င်းကမ္မဋ္ဌာန်းကား လူများလည်း အားထုတ်နေကြပြန်သဖြင့် ရဟန်းတော်များထံမှ ဒကာမကြီး ကမ္မဋ္ဌာန်း သင်ယူ၍ ကိုယ်တိုင် အားထုတ်သည်။ မကြာမီ ပဋိသမ္ဘိဒါ ၄-ပါး လောကီ အဘိညာဉ်များနှင့်တကွ အနာဂါမ် အရိယာမကြီး ဖြစ်သွားသည်။

**သာသနမိခင်ကျေးဇူး ရဟန်း ၆၀-သို့ ကူး** နောက်မှကင် အရင်ကျက်၊ ဆွမ်းအမကြီး အနာဂါမ် တက်သွားသော်လည်း ရဟန်းတော်များကား သောတာပတ္တိမဂ်သော်မှ မရကြသေးပါ။ သံဃာတော်များ စားသောက်ဖွယ် စိတ်တိုင်းမကျ၍ သမာဓိ မရပုံ အဖြေမှန်ကို အဘိညာဉ်ဖြင့် သိသော ဒကာမကြီးသည် ရဟန်းတော်များ၏ စိတ်တိုင်းကျအောင် စီစဉ်ပေးသည်။ စားသောက်ဖွယ် မျှတ၍ သမာဓိ ရကြသဖြင့် ဝိပဿနာပွားရာ ရဟန်းတော် ၆-ကျိပ်လုံး ပဋိသမ္ဘိဒါပတ္တ ရဟန္တာများ ဖြစ်ကြသည်။ (ရဟန်းတော်များဆိုင်ရာ ဘောဇန၊ ဥတု၊ ပုဂ္ဂလ၊ အာဝါသ ဟု သပ္ပာယ ၄-ပါး မျှရန် လိုအပ်သည်။) ဝါကျွတ်၊ ဘုရားထံကြွ၊ တရားထူးများ ရပုံနှင့် မာတိကမာတာ

ဒကာမကြီး အဘိညာဉ်ဖြင့် ရဟန်းတော်များ စိတ်ကြိုက်ကို သိ၍ ပြုစု လှူဒါန်းပုံ ကျေးဇူးဂုဏ်များကို ဘုရားအား လျှောက်ကြသည်။

**စိတ်သာစောင့်ရှောက် ကျေးဇူးရောက်လိမ့်** မာတိက မာတာ၏ ဂုဏ် သ တင်းကြောင့် အဖျင်းရဟန်း တပါးသည် ဆွမ်းစားရန် ယင်းရွာသို့ သွားသည်။ ကျောင်းသို့ ဝင်လျှင် ပင်နေရာပြင်ပေးသူ လွှတ်ရင် ကောင်းမှာဘဲဟု ကြံဆသည်။ ဒကာမကြီးလည်း အိမ်ကနေယင်းပင် သိ၍ လွှတ်ပေးသည်။ ကိုယ်တော်၏ ဒုတိယ အကြံကို သိ၍ အဖျော်ကိုရင်း၊ တတိယ အကြံအရ နောက်နေ့ ယာဂုကို ရင်း၊ စတုတ္ထ ခဲဖွယ်ကိုရင်း ပို့စေပါ၏။ ကြံသမျှကို သိနေသော ဒကာမကြီးအား ရဟန်းသည် မြင်လိုစိတ် ပေါ်လာသည်။ အရသာစုံ စားဖွယ်နှင့် ကိုယ်တိုင် သယ်လာရင် ကောင်းမှာဘဲဟူသော ပဥ္စမ အကြံကိုလည်း ဒကာမကြီး သိသည်။ မသင့်သည်ကို ကြံမိမှုဖြင့် ခိုးထည်နှင့် လူမိခံရသူလို အရှက်ကွဲတော့မည်ဟု ကြံပြီး ဒကာမကြီးကို ခွင့်တောင်း၊ ဘုရားထံ ပြန်လာသည်။ ဘုရားရှင်က "ချစ်သား၊ မာတိကမာတာထံ ပြန်သွား။ စိတ်ကိုသာ စောင့်ရှောက်" ဟူသော အမိန့်အရ ပြန်သွား၊ တရားအားထုတ်၊ မကြာမီ ဈာန်ရ၊ ရဟန္တာဖြစ်သွားသည်။

**လင်သတ် မိန်းမ ၉၉-ဘဝ** အရှင်မြတ်သည် မာတိကမာတာ၏ ဤဘဝကျေးဇူးကိုအထူးပင်ဆင်ခြင်၍အားရ နေသည်။ သံသရာဖြစ်အင်ကို သိချင်သဖြင့် အဘိညာဉ်ဖြင့် ဆင်ခြင်ရာ ၉၉-ဘဝလုံး မိမိမယားဖြစ်၍ ထိုဘဝအားလုံးမှာပင် လင်ယော်နှင့်ကြံ၍ မိမိအသတ်ခံရသည်ကို သိတော်မူသည်။ မာတိကမာတာ သည်လည်း ရဟန်းတော်၏ ရဟန်းတော်ကိစ္စ ပြီးသွားပုံ၊ နောက်လက်ဆက် ကြံစီရာ မိမိအပြစ်များ မြင်သွားပုံကို သိသဖြင့် "နောက်တဘဝ ထပ်ဆင်ခြင်ပါ ဘုရား" ဟု အိမ်ကနေ လျှောက်ထားလိုက်၏။ ဒိဗ္ဗသောတ အဘိညာဉ်ဖြင့် ကြားသော အရှင်သည် ရှေ့ဆက်လက်ဆင်ခြင်ရာ ၁၀၀-မြောက် ဘဝ၌မူ မိမိမယားပင် ဖြစ်သော်လည်း မိမိအား အသက်ပေးပုံ ကျေးဇူးဂုဏ်ကို မြင်ရသည်။ သံသရာဇာတ်ခုံ၏ ဖြစ်ပျက်ပုံကို ဉာဏ်ငုံတော်မူနိုင်သော အရိယာများ၊ အရိယာဖြစ်အောင် အားထုတ်ကြသော ရဟန်းတော်များသည် ရှိသေစွာ အရိုသေခံနိုင်လောက်အောင် ကျင့်ကြံအားထုတ်တော်မူကြသည်။

**၈-ပါးသော ယောကျ်ားမြတ်ပုဂ္ဂိုလ်** သောတာပတ္တိ မဂ္ဂဋ္ဌာန်၊ သကာဒါဂါမ်၊ အနာဂါမ်၊ အရဟတ္တ မဂ္ဂဋ္ဌာန်ဟု မဂ္ဂဋ္ဌာန်(မဂ်၌တည်သော)ပုဂ္ဂိုလ် ၄-ယောက်၊ သောတာပတ္တိ ဖလဋ္ဌာန်၊ သကဒါဂါမ်၊ အနာဂါမ်၊ အရဟတ္တ ဖလဋ္ဌာန်ဟု ဖလဋ္ဌာန် (ဖိုလ်၌တည်သော)ပုဂ္ဂိုလ် ၄-ယောက်တို့ကား ၄-စုံ ၈-ပါး ဘုရားသားတော် ပုဂ္ဂိုလ်ကျော်များတည်း။ အရိယာ သံဃာတော်များ သောင်းပေါင်းများစွာ ရှိကြသော်လည်း ဤ ၈-ပါးတွင် အားလုံးပါဝင်ကြ၍ အရိယာ ၈-ယောက်ဟု သုံးစွဲသည်။အရိယာ ၈-မျိုးဆိုက သာ၍သင့်၏။

## အာဟုနေယျ ဂုဏ်တော်ဆိုင်ရာ

**အဝေးမှ ယူဆောင်၍ပူလည်း** အရိယာသံဃာတော်များသည် လူ့သူတို့အား ကြီးမား ကျယ်ပြန့်သော သံသရာအကျိုးကိုပေးစွမ်းနိုင်ကြသဖြင့်အနီးအပါးကိုအသာထား၊တနယ်တကျေး အဝေးမြို့ရွာများက ပင်လျှင် လှူဘွယ်များကို တမင်ကလာ (တမင်္ဂလာ) ဆောင်ယူ၍ ပေးလှူပူဇော်လိုက်သဖြင့် အာဟုနေယျဂုဏ်ထိုက်တော်မူသည်။ ထို့ကြောင့်ပင် ဒါနအကျိုးကို ကျေနပ်ကြသူများသည် မိမိစွမ်းအားရှိသမျှ အနာထပိဏ် ၅၄-ကုဋေကျော်၊ဝိသာခါ ၂၇-ကျော်၊ဇမ္ဗူသောကမင်း ကုဋေပေါင်းများစွာ၊ မင်းတုန်းမင်းကြီး ကုဋေ ၂၀-ကျော်စသည်ဖြင့် သာသနာတော်အား ပူဇော်ကြသည်။ ယခုပစ္စက္ခမှာလည်း သိန်း-၂၀၊ သိန်း-၄၀ စသည်ဖြင့် အရိယာသံဃဂုဏ်မြော်၍ ပူဇော်ကြသည်မှာ အာဟုနေယျဂုဏ်တော် ပေါ်လွင်၍ပင် ဖြစ်သည်။

**အရှင်ကဿပ၏ ဆင်းရဲသားဝါဒ** အရှင်မြတ်ကား ဆင်းရဲသူ များကို အထူး ချီးမြှောက်လေ့ရှိရာ နိရောဓသမာပတ်မှ ထပြီး ဆင်းရဲသား ရပ်ကွက် ဘိုးဘွား လင်မယား အလုပ်လုပ်နေသော အိမ်ကုပ်ရှေ့ ရောက်လာရာ သနား၍ ဆွမ်းဝင်ရပ်သည်။ ''အိမ်ပေါက်ဝမှာ ကိုယ်တော်တပါး ဆွမ်းရပ်နေတယ်၊ လှူဖွယ် ဘာမှ ရှိမယ်မထင်''ဟု ညီးညူလျက် အဖိုးသည် အရှင်မြတ်အနား လာပြီးလျှင် ''ဟင်–ဒို့ကိုယ်တော်ကြီးပါလား။ ဟေ့ ရှင်မ၊ ဘာများ ရှိသေးတုန်း''ဟု မေးသည်။ ''ရှိသေးရဲ့တော့''ဟု ပြောပြောဆိုဆို အဖွားသည် ဆွမ်း၊ ဆွမ်းဟင်းများကို အရှင်မြတ်အား လောင်းလှူလိုက်လေသည်။

**သိကြားမင်းနှင့် သူဇာမိဖုရား** သပိတ်တွင်း၌ ဆွမ်း၊ ဆွမ်းဟင်းများ ကား မွှေးကြိုင်သွားသည်။ ဆွမ်းဒကာ ဘိုးဘွား ၂-ဦးကား တာဝတိံသာ သိကြားမင်းနှင့် သူဇာမိဖုရားတို့သာ ဖြစ်ကြသည်။အရှင်မြတ်သည် မူလက မဆင်ခြင်မိ၍ မသိသော်လည်း ယခု သိကြားမောင်နှံစုံဟု သိသဖြင့် "သင့်လို သိကြားက လူဆင်းရဲ လုပ်ရ သလား"ဟု အပြစ်တင်တော် မူလိုက်သည်။ "တပည့်တော်များမှာ သာသနာပက ဖြစ်ရတဲ့ သိကြားမို့ စည်းစိမ်မကြီးပါ။ သာသနာတွင်းက ရောက်လာသော နတ်မင်းများလောက် အရောင် မတောက်သဖြင့် နတ် ဆင်းရဲပါဘုရား"ဟု လျှောက်ထား၍နတ်ပြည်ပြန်သွားသည်။ (သာသနာ တွင်း ကုသိုလ်နှင့် သာသနာပကုသိုလ် ကွာခြားပုံ သိသင့်၏။) ဤသို့လျှင် သံဃာတော်များမှာ အဝေးမှ ယူဆောင်မှု၍လည်း ကြည်ဖြူလေးမြတ် ပူဇော်အပ်သော ဂုဏ်ရှိလေသည်။

**ဒါနကျေးဇူး အထူးစုံစွာ** ရဟန်းတို့၊ သတ္တဝါများသည် အလှူကျိုးကို ငါဘုရားလိုသာ သိကြလျှင် မလှူဘဲ စားရက် နိုင်ကြမည်မဟုတ်။ ဝန်တိုမှု၊ ငြူစူမှု စသော မကောင်း ညစ်ထေး အပြစ် ဘေးများလည်း သူတို့စိတ်ကို မလွှမ်းမိုးနိုင်။ အလှူခံသာရှိလျှင် သူတို့၏ နောက်ဆုံး ထမင်းလုပ်ကိုသော်မျှ ချန်မထားဘဲ လှူနိုင်ကြပေမည်။ ယခုမူ မသိကြ၍သာ သဝန်တိုမှု စသော အပြစ်ဘေးများ သူတို့စိတ်ကို လွှမ်းမိုး နိုင်ကြသည်။

ဒါနသည် မျက်မှောက် တမလွန် ၂-ဘဝ ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ တို့၏ အကြောင်းဖြစ်သည်။ မှန်၏။ လောက၌ ချမ်းသာ အားလုံးသည် ဒါနကြောင့်သာတည်း။ ဈာန် ဝိပဿနာ၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန် ချမ်းသာ မှန်သမျှသည်လည်း ဒါန၏ ဥပနိဿယ အစွမ်းကြောင့်သာတည်း။

ဒါနသည် လူ နတ် ဗြဟ္မာ စည်းစိမ် အဖြာဖြာတို့၏ အကြောင်းရင်း စင်စစ် ကေန်ဖြစ်၏။ ပျက်စီးမှု ကြုံလာသော သတ္တဝါများအဖို့ ပုန်း အောင်း လည်းလျှောင်းရာ ဖြစ်၏။ အစောင့်ကောင်းလည်း ဖြစ်သည်။ ဒါနသည် ရတနာ ၇-ပါး စီခြယ်ထားသော သီဟာသန ပလ္လင်နှင့် တူ သည်။ မှီရာဖြစ်သောကြောင့်တည်း။

ဒါနသည် မဟာပထဝီမြေကြီးနှင့် တူသည်။ ကတိမ်းကပါး ကျခွင့် မပေးဘဲ ထောက်တည်ရာ ဖြစ်သောကြောင့်တည်း။ မျက်မမြင်များ အားကိုးရာ ကြိုးနှင့်လည်း တူ၏။ ရောက်လေရာ ဘဝ၌ ဆောက်တည် ဆွဲကိုင်ရာ ဖြစ်သောကြောင့်တည်း။ လှေ သင်္ဘောနှင့်လည်း တူသည်။ အပါယ်သမုဒ္ဒရာမှ ကူးမြောက်ကြောင်း ဖြစ်သောကြောင့်တည်း။

ဒါနသည် စစ်မြေပြင် တပ်မှူးနှင့် တူသည်။ လောဘ မစ္ဆရိယစသော ရန်သူဘေးမှ ကင်းဝေးစေတတ်သောကြောင့်တည်း။ မြို့ကြီးသဖွယ်လည်း ဖြစ်၏။ ဆင်းရဲမွဲတေခြင်းဘေးမှ ကင်းဝေးအောင် စောင့်ရှောက်တတ် သောကြောင့်တည်း။ ပဒုမ္မာကြာပန်းသဖွယ်လည်း ဖြစ်သည်။ ဤလောဘ မစ္ဆရိယ စသော အညစ်အကြေးများ မကပ်နိုင်သောကြောင့်တည်း။

ဒါနသည် မီးနှင့် တူသည်။ ဤလောဘ မစ္ဆရိယ စသော အမှိုက်များကို လောင်မြိုက် စေတတ်သော ကြောင့်တည်း။ ခြင်္သေ့မင်းသဖွယ်လည်း ဖြစ်၏။ မျက်မှောက် တမလွန် ၂-ဘဝလုံးတွင် ဘာကိုမျှ မကြောက်ရ သောကြောင့်တည်း။ ဆင်ပြောင်ကြီးနှင့်လည်း တူသည်။ မျက်မှောက် ဘဝမှာ အပေါင်းအသင်းကြီးမား၊ တမလွန် ဘဝမှာလည်း ကာယဗလ အားကြီးနိုင်သောကြောင့်တည်း။

ဒါနသည် နွားလားဥသဘနှင့် တူသည်။ မျက်မှောက်တမလွန်၌ ကြီးပွားကြောင်း မင်္ဂလာဟု ပညာရှင်များ မှတ်တမ်းတင်ထားသောကြောင့် တည်း။ ဝလာဟက သိန္ဓော်မြင်းသဖွယ်လည်း ဖြစ်၏။ ဝိပ္ပတ္တိ ၄-မျိုး မြေဆိုးမှ ဘေးကင်းရာ သမ္ပတ္တိ ၄-ပါး အပေါင်း မြေကောင်းသို့ ပို့ဆောင်တတ်သောကြောင့်တည်း။ ဒါနသည် လောကီဘက်၌ သိကြားမင်း၊ မာရ်နတ်မင်း၊ ဗြဟ္မာမင်း၊ စကြာမင်း စည်းစိမ်များကို ပေးနိုင်၍ လောကုတ္တရာဘက်၌ သာဝကဗောဓိ၊ သမ္မာသမ္ဗောဓိ ဉာဏ်များကို ပေး စွမ်းနိုင်သည်။

ဒါနသည် နတ်ရွာ နိဗ္ဗာန်၏ စောင်းတန်း လှေခါး၊ ရိက္ခာသုပ်၊ ခရီး ဖြောင့်ဖြစ်သည်။ မင်္ဂဖိုလ်နိဗ္ဗာန်၏ အကြောင်းလည်းဖြစ်၏။ အစိုးရခြင်း နှင့် စည်းစိမ်ချမ်းသာများကို ပေးနိုင်သည်။ မယဉ်ကျေးသူကို ယဉ်ကျေး စေကာ ဣစ္ဆာသယ ပတ္တမြားရတနာ လိုရာအကျိုး ပြီးနိုင်သည်။ နတ် ပဒေသာပင်ပမာ လိုရာကိုလည်း ဆွတ်ယူနိုင်သည်သာတည်း။

## ပါဟုနေယျ ဂုဏ်တော်ဆိုင်ရာ

**ဝေးရပ်မှသာ ဆိုက်ရောက်လာသည်** အဝေးမှ ရောက်လာကြမည့် ဧည့်သည်များဘို့ စီမံ ထားအပ်သော ပစ္စည်းများကို အရိယာ သံဃာတော်များသည် ခံယူထိုက်သဖြင့် ပါဟုနေယျ ဂုဏ်တော် ရှိတော်မူသည်။ မှန်ပါ၏။ လောကဓမ္မတာတွင် ဧည့်သည်များမှာ တွေ့ကြုံရဘို့ လွယ်ကူသော်လည်း သံဃာတော်များမှာကား ဘုရား တဆူ တဆူ ပွင့်တော်မူပါမှ ပေါ်လာကြသော ကမ္ဘာ့ ဧည့်သည်တော်များဖြစ်၍ မုချပင် ခံယူတော်မူထိုက်သည်။ ဤနေရာ၌ ဝိသာခါ ဘုရားကျောင်းအမကြီး ဝတ္ထုကို ကြည်ညိုသင့်၏။

## ဝိသာခါ ကျောင်းအမကြီး ဖြစ်ရပ်စုံ

**ကမ္ဘာတသိန်း ပါရမီရှင်** လွန်ခဲ့သော ကမ္ဘာတသိန်းထက် ပဒုမုတ္တရဘုရားရှင်သည် သူဌေးမတဦး တောင်းသော ဆု ၈-ပါးကို ပေးလျက် ဘုရားအမှူးရှိသော သံဃာတော်တို့အား အကျွမ်းတဝင် ပြုစုလုပ်ကျွေးစေသည်။ ထိုသူမကို အားကျ၍ ဝိသာခါလောင်း သူဌေးမလည်း ဘုရားအမှူးရှိသော သံဃာတော် တသိန်းအား ၇-ရက် ပတ်လုံး ဆွမ်းကပ်၊ အဆုံးနေ့၌ သင်္ကန်းပါ ကပ်လှူပြီးလျှင် ယင်းဆုကို တောင်းသည်။ နောင်ကမ္ဘာတသိန်း ဂေါတမဘုရား လက်ထက်တော်တွင် ဆု ၈-ပါးရလတ္တံ့ ဟုလည်း ဗျာဒိတ် ပေးတော်မူလိုက်သည်။

**အနှစ် ၂-သောင်း ဥပုသ်သည် ဝိသာခါ** ယင်းကုသိုလ်ကြောင့် ကမ္ဘာတသိန်း အပါယ်မကျ၊ လူ နတ်ဘဝသာ ကျင်လည်ပြီး ဤကမ္ဘာ ကဿပဘုရား လက်ထက်တော်တွင် ဗာရာဏသီပြည် ကိကီမင်းကြီး၏ သမီးတော် ၇-ဦးတွင် အငယ်ဆုံး သံဃဒါသီ အမည်ဖြင့် အိမ်ရာမထောင်ဘဲ အမများနှင့်အတူ အနှစ် ၂-သောင်းပတ်လုံး သီတင်းသည်လုပ်၊ ဥပုသ်ဆောက်တည်၊ ကုသိုလ်များ ပြု၊ ယင်းဆုကိုပင် တောင်းသည်။

**၇-နှစ်သမီးကပင် ဝိသာခါ သောတာပန်** ငါတို့ဘုရား လက်ထက်တော်၌ကား အင်္ဂတိုင်း ဘဒ္ဒိယမြို့တွင် မေဏ္ဍကသူဌေးကြီး၏သား ဓနဥ္စယသူဌေးနှင့် သုမနဒေဝီတို့၏

သမီး ဝိသာခါ ဖြစ်လာသည်။ ဘုရားရှင် ဘဒ္ဒိယမြို့ ကြွလာစဉ် အဖိုး မေဏ္ဍကနှင့်အတူ အမျိုးသမီး ၅၀၀-ခြံရံလျက် ဘုရားရှင်ကို ကြိုဆိုသည်။ တရားနာရ၍ အမျိုးသမီး ၅၀၀-နှင့်အတူ ၇-နှစ်သမီးကပင် သောတာ ပန်တည်သည်။ နောက်နေ့ ၁၂၅၀-သော သံဃာတော်များနှင့် ဘုရား ရှင်အား အိမ်မှာ ဆွမ်းကပ် အပြီးတွင် အဖွား စန္ဒပဒုမဒေဝီနှင့် မိဘ ၂-ပါး (ဓနဉ္စယ-သုမနဒေဝီ) ကျွန်ပုဏ္ဏတို့ပါ သောတာပန် တည်ကြသည်။

**ရာဇဂြိုဟ် မြေပေါက် သူဌေး ၅-ဦး** ဗိမ္ဗိသာရမင်း နိုင်ငံ ရာဇဂြိုဟ်မြို့၌ ဇောတိက၊ ဇဋိလ၊ မေဏ္ဍက၊ ပုဏ္ဏ၊ ကာကဝလိယ(ကာဠဝဠိယလည်းဟူ)ဟု သူဌေး ၅-ဦးရှိသည်။ ကောသ လမင်းနိုင်ငံ သာဝတ္ထိ၌ ထုထုထယ်ထယ် သူဌေးတဦးမှမရှိသဖြင့် မောင် လှယ်နှမလှယ်ဖြစ်သော ကောသလမင်းက ဗိမ္ဗိသာရထံ သူဌေးတောင်း သည်။ မေဏ္ဍက၏သား ဓနဉ္စယ သူဌေးကို ပေးလိုက်၏။ သာဝတ္ထိ မြို့ တော်တွင် လူနေများ နေရာကျဉ်းသဖြင့် ၇-ယူဇနာဝေးသော အရပ်တွင် ဓနဉ္စယ၏ ဆန္ဒအရ နေရာပိုင်ပေးလိုက်၏။ ဓနဉ္စယကိုယ်တိုင် မိမိနေရာ အရပ်ဟု မှတ်သည်ကို အကြောင်းပြု၍ သာကေတမြို့ဟု အမည်ပေး သည်။

**သမီးကညာ အခါမှလင့် သင့်တင့် အောင်သာ** ဝိသာခါ ၁၆-နှစ် အရွယ်ရောက်သော် သာဝတ္ထိမြို့ မိဂါရ သူဌေးသား ပုဏ္ဏဝဍ္ဎနလုလင်နှင့် လက်ဆက်ပေးစား ကြသည်။ သာကေတမြို့သို့ ကောသလမင်းကြီးပါ မိဂါရတို့နှင့် ကြွ၍ ခမ်းနားစွာ ဆောင်ယူသည်။ မိဂါရမှာ ကုဋေ ၄၀-ကြွယ်သော်လည်း ဓနဉ္စယနှင့်စာလျှင် တချင်ရွေးခန့်သာရှိ၏။ ဓနဉ္စယတို့က သမီးအတွက် မဟာလ္လတာ တန်ဆာလုပ်နေချိန်၄-လပတ်လုံး မင်းနှင့်တကွ ပရိသတ်များ စွာတို့ကို သာကေတမှာပင် နေစေ၍ ပြုစုထားသည်။ ဓနဉ္စယသည် သမီး ဝိသာခါအား ငွေလှည်း၅၀၀၊ အဝတ်လှည်း၅၀၀၊ ထောပတ်၊ ဆီ၊ ဆန် စသည်တင်သော လှည်း ၅၀၀-စီ သတို့သမီး ၂၀၀၀၊ အလုပ် အကျွေး ကျွန်မ ၁၅၀၀၊ အလျားတယူဇနာ အနံ တဥသဘအရပ်၌ အချင်းချင်း ထိနေသော နွားထီးနွားမ ၇-သိန်း ၂-သောင်းကို ပေးလိုက်သည်။ သမီးကို ဩဝါဒ ၁၀-မျိုးပေး၊ ကိုယ်စားလှယ် သူဌေး ၈-ဦးကိုလည်း မှာကြားလျက် ၉-ကုဋေတန် မဟာလ္လတာတန်ဆာနှင့် ရေချိုးမှုန့်ဖိုး ၅၄-

ကုဋေရှေသော ဥစ္စာတို့ကို ပေးလိုက်သည်။ (ခြံမှ ခုန်လိုက်သော နွားတသိန်း ၈-သောင်းပါ၏။)

**မဟာလတာတန်ဆာဆိုင်ရာ သိဖွယ်** ရွှေပန်းထိမ်သည် ၅၀၀-နှင့် ၄-လ လုပ်ရ၏။ လက်ခ တသိန်းကျသည်။ ရွှေစင်နိက္ခ အချိန် ၁၀၀၀-ကို မတည်၍ (တနိက္ခ ၅-ကျပ်သား ရှိ၏။) စိန် ၄-ကွန်းစား၊ ပုလဲ ၁၁-ကွန်းစား၊ သန္တာ ၂၂-ကွန်းစား၊ ပတ္တမြား ၃၃-ကွန်းစား၊ (စလယ်၊ ခွက်၊ ပြည်ဟု ကွန်းစား ၂-မျိုးတွင် သင့်ရာယူ) အခြား အဖိုးများစွာ ထိုက်သော ရတနာ ၇-ပါး ပါဝင်သည်။ ငွေချည် ဖြင့်သာ ချုပ်ရ၏။ ဦးခေါင်းက စွပ်လျှင် ခြေဖမိုးအထိ လုံသည်။ ဦးခေါင်းထက်၌ကား က-ဒေါင်း တပ်ဆင်ထား၏။ သက်ရှိဟုပင် ထင်ရသည်။ ဥစ္စာ ပေါသော်လည်း ဆင်ပြောင် ၅-စီး ကိုယ်အားရှိမှ ဝတ်နိုင်သည်။

ဝိသာခါ၏ ကျွန်မသည် ကိုယ်အားရှိသော်လည်း ဥစ္စာအားမရှိ၍ မဝတ်နိုင်။ ဗန္ဓုလ စစ်သူကြီး ကတော် မလ္လိကာ၊ ဗာရာဏသီ သူဌေးသမီး ဘဒ္ဒါ၊ ဝိသာခါ၊ ဤ ၃-ဦးတို့သာ ဝတ်ဆင်ကြရ၏။ ကိကီမင်း၏ သမီး ငယ် သံဃဒါသီဘဝတွင် သံဃာတော် ၂-သောင်းတို့အား အပ်ချည်၊ အပ်၊ ဆိုးရည်များနှင့် သင်္ကန်းလျှာ လှူဒါန်းသော ကောင်းမှုကြောင့် ဤ တန်ဆာကို ဝယ်ဆင်ရသည်။ သင်္ကန်းလှူလျှင် မိန်းမများ အတွက် မဟာလတာ တန်ဆာရ၍ ယောကျာ်းများအတွက် ဟေဘိက္ခု ရဟန်း အခေါ်ခံရ၏။ အခြားသော လူနတ်နိဗ္ဗာန် ချမ်းသာများကိုလည်း ရနိုင်သည်။

**ချွေးမကာပင် မိခင်ရာထူး ဘဝကူး** အာဇာနည်မြင်းမ သားဖွားရာတွင် သွား၍ ပြုစုမှု၊ တက္ကတွန်း ၅၀၀-အား နှိုဆွမ်းကျွေးရာတွင် ဝိသာခါ မလာမှု၊ သံဃာတပါး ဆွမ်းရပ်ရာ တွင် တပည့်တော်၏ ယောက္ခမက အဟောင်းကိုသာ စားပါသည်ဟု လျှောက်ထားမှု၊ သာကေတမြို့က ထွက်ခါနီး ဖခင် ဓနဉ္စယက သမီး အား အချက် ၁၀-ချက် လျှို့ဝှက်မှာကြားမှုများနှင့် စပ်၍ ယောက္ခမ မိဂါရနှင့် ချွေးမ ဝိသာခါတို့ သဘောကွဲကြ၍ ဝိသာခါကိုလည်း နှင်ချ သည်။ ကိုယ်စားလှယ် သူဌေး ၈-ဦးနှင့် ဖြေမှ ပြေသွား၏။ နောက်တွင် ဝိသာခါက သာကေတ ပြန်မည်စီစဉ်တော့သည်။ ယောက္ခမက သူ့အပြစ်

သူ့ဝန်ခံပြီး "သမီးသဘောကျ ဘုရားနှင့် သံဃာတော်များ ပြုစုလှူဒါန်းပါ"ဟု ခွင့်ပြုသည်။

ဝိသာခါသည် ဘုရားရှင်နှင့် သံဃာတော်များကိုပင့်၍ ဆွမ်းကပ်ရာ တင်းထိမ်ပြင်က ဘုရားရှင်၏တရားကို နာသော်လည်း ပါရမီရှင် မိဂါရသူဌေး သောတာပန် တည်သွားသည်။ ထိုအခါမှစ၍ "သမီးကြောင့် အမှန်ရ၊ သမီးသည် ငါ၏ အမိဖြစ်ပြီ"ဟု ဆို၍ မိခင်အရာထားသဖြင့် ဝိသာခါသည် မိဂါရမာတာ ( မိဂါရ သူဌေး၏မိခင် ) တွင်တော့၏။ နောက်နေ့ ဆွမ်းကပ်ရာတွင် တရားနာရ၍ ယောက္ခမသူဌေးကတော်ကြီး နှင့် လင် ပုညဝဍ္ဍနတို့လည်း သောတာပန် ဖြစ်ကြသည်။

**ဝိသာခါ၏ ကောင်းမှု ဆု ၈-ပါး** မိဂါရ မိသားစုသည် ဝိသာခါအား ကျေးဇူး တင်မဆုံး ဖြစ်ကြသည်။

ဝိသာခါအမြဲဝတ်ဖို့ ရွှေစင်တသိန်းထိုက်သော ဃနမဋ္ဌကတန်ဆာကိုလည်း ထပ်လုပ်ပေးကြပြန်၏။ ဘုရားရှင်နှင့် သံဃာတော်များ ဆွမ်းကပ်ပြီးမှ ဝိသာခါကို နံ့သာရေ ၁၆-အိုး ချိုးစေလျက် ဘုရားရှင်ရှေ့တွင် ဝတ်ဆင်၍ ရှိခိုးစေသည်။ ထိုအခါ ဝိသာခါက ၁-ဧည့်သည်ရဟန်း၊ ၂-ခရီးသွား ရဟန်း၊ ၃-သူနာရဟန်း၊ ၄-သူနာပြုရဟန်းတို့အား အမြဲဆွမ်းကပ်ခွင့်။ ၅-ယာဂုနှင့် ၆-ဆေးပစ္စည်း အမြဲလှူနိုင်ခွင့်။ ၇-ရဟန်းမများအား ရေသနုပ်၊ ၈-ရဟန်း ယောကျ်ားများအား မိုးရေခံသင်္ကန်း အမြဲလှူနိုင်ခွင့်။ ဤဆု ၈-ပါး ဘုရားထံတောင်း၍ ဘုရားရှင်ကလည်း ခွင့်ပြုတော်မူသည်။ နောင်တွင် မဟာလတာတန်ဆာကို ရောင်း၍ရသော (ဝယ်သူမရှိ သူကပင် ဝယ်ရသည်) ၉-ကုဋေဖြင့် ပုဗ္ဗာရုံကျောင်းမြေဝယ်၊ ၉-ကုဋေ တန် ကျောင်းဆောက်၊ ၉-ကုဋေတန် ကျောင်းရေစက်ချပွဲ ၄-လကျင်းပသည်။ ဤကား ကမ္ဘာ့တသိန်းထက်ကစ၍ ပါဟုနေယျ ဂုဏ်တော်သခင် အရှင်မြတ်တို့အား ပြုစုလှူဒါန်းသော ကောင်းမှု စွမ်းရည်သာ ဖြင့်သည်။ အသက် ၁၂၀-နေရ၍ သား ၂-ကျိပ်၊ မြေး ၄၀၀၊ မြစ် ၈၀၀၀-ရှိသည်။ ( ကျား မ တဝက်စီ ညီမျှ၏ ) သေသော် နိမ္မာနရတိ နတ်ပြည်ဝယ် သုနိမ္မိတနတ်မင်း၏ မိဖုရားကြီး ယခုဖြစ်နေသည်။ ဘုံစဉ်စံ၍ အကနိဋ္ဌ ဗြဟ္မာ့ပြည်ရောက်မှ ပရိနိဗ္ဗာန်ဝင်စံမည်တည်း။

## ဒက္ခိဏေယျ ဂုဏ်တော်ဆိုင်ရာ

**တမလွန်သို့ ရည်ညွှန်းရွယ်ထား ဒါနများကို** နောင်တမလွန်ဘဝ၌ ကြီးပွားချမ်းသာဘို့ ရည်ရွယ်၍ လှူဒါန်းသော အလှူကို အရိယာ သံဃာတော်များသည် ရည်မှန်းတိုင်း အကျိုးကိုရစေနိုင်သောကြောင့် ဒက္ခိဏေယျဂုဏ် ထိုက်တော်မူကြသည်။ ထိုအလှူမျိုးသည် မိမိအတွက်ချမ်းသာဘို့၊ သေလွန်သူများအတွက် ချမ်းသာဘို့ဟု ၂-မျိုးရှိရာ မိမိအတွက် အလှူသည် နိဗ္ဗာန် မရမချင်း အကျိုးပေးမည်သာ ဖြစ်၏။ ယခုအခါ ဗုဒ္ဓဘာသာဝင် မဟုတ်သော နိုင်ငံကြီးသားများက ကောင်းစားနေကြခြင်းသည် ရှေးက ထိုအလှူမျိုး ပါခဲ့သောကြောင့်သာ ဖြစ်၏။ ယခုဘဝ၌ မိစ္ဆာတွေဖြစ်ပါလျက် ကောင်းစားနိုင်ရမည်လားဟု သံသယဖြစ်ဖွယ် မလိုပေ။ ရှေးက မိစ္ဆာမဟုတ်ဘဲ ကောင်းမှု ပြုခဲ့ကြသူများဖြစ်သည်။ မှန်၏။ ကမ္ဘာ ၉၀-အတွင်းဝယ် နတ်ပြည်သို့ ရောက်သူ မိစ္ဆာဒိဋ္ဌိ တယောက်သာ ရှိသည်ဟု ဘုရားဟောတော်မူသည်။ (မိစ္ဆာဟူရာ၌ အယူမှားကို စွဲမြဲစွာ ယူသူများကိုသာ ဆိုသည်။ ဗုဒ္ဓဘာသာမဟုတ်ရုံမျှ မိစ္ဆာမခေါ်ထိုက်ပေ။)

### မိမိအတွက် ရည်ရွယ်သော အလှူများ ကောင်းကျိုးရပုံ

**ရွှေမလောက်လျှင် ဘုရားကို ရေ၌သာ ပစ်ချပါ** ကဿပဘုရား ပရိနိဗ္ဗာန် စံတော်မူလျှင် လူများသည် ဓာတ်တော်များကို တယူဇနာရှိ ရွှေစေတီ တော်ကြီး တည်ထားပူဇော်ကြသည်။ မြောက်မျက်နှာ၌ ရွှေမလောက်သဖြင့် ရဟန္တာတပါးသည် ဗာရာဏသီမြို့တွင်းကြွ၍ နှိုးဆော်ရာ ရန်ဖြစ်နေသော ရွှေပန်းထိမ်သည် လင်မယားနှင့် တွေ့သည်။ "ရွှေမလောက်လျှင် အရှင်ဘုရား၏ ဘုရားကို ရေ၌သာ ပစ်ချလိုက်ပါတော့"ဟု ရွှေပန်းထိမ်သည်က မယားအငြိုးနှင့် အရှင်မြတ်ကို စိတ်ဆိုးကာ လျှောက်သည် 'အိုဒါယကာ၊ ဆဲလိုရိုက်လိုလျှင် ငါ့အားသာဆဲပါ၊ ရိုက်ပါ၊ ဘုရားကို အဘယ့်ကြောင့်ပြစ်မှားဘိသနည်း။ သင့်စကား ဝန်လေးလှသည်''ဟု အရှင်မြတ်က မိန့်ကြားလိုက်သည်။

**သား ၃-ဦးစေတနာ ကွဲပြားကြပုံ** ရွှေပန်းထိမ်သည် ဒါယကာသည် မှားသွားမှန်းသိသဖြင့် အရှင်မြတ် မိန့်ကြားတိုင်း ရွှေပန်း ၃-ခိုင်ဖြင့် ဘုရားကန်တော့ရန် စီမံရတော့သည်။

ရွှေပန်းခိုင် ထုခတ်ရန် သား ၃-ဦးအား အကူအညီတောင်းရာ သားကြီးနှင့် သားလတ်က "ဘုရားကို ကျွန်တော်တို့ မပြစ်မှား၊ ဖခင်သာပြစ်မှား၍ ဖခင်တာဝန်သာဖြစ်သည်"ဟု ဆို၍ မကူညီကြ။ သားငယ်ကမူ "မိဘတို့အလုပ်သည် သားသမီးတို့တာဝန်သာ" ဟုဆို၍ တထွာစီရှိရွှေပန်းခိုင် ၃-ခိုင်ကို ကူညီပြုလုပ်ပေးသည်။ ရွှေပန်းထိမ်သည်သည် ယင်း ပန်း ၃-ခိုင်ကို စေတီတော် ဓာတ်တော်တိုက်အတွင်း သွင်း၍ ကန်တော့၏။ ယင်းကောင်းမှုကြောင့် လူနတ်ဘဝ ကျင်လည်ပြီး ငါတို့ဘုရား လက်ထက် ဇဋိလ သူဌေး ဖြစ်လာသည်။

**မိန်းမအချို့ ပြာသာဒ်သို့တင်** ၁၆-နှစ် အရွယ်ရှိ ဗာရာဏသီ သူဌေး
**အပြင်တံခါး ပိတ်၍ထားလည်း** သမီး တဦးမှာ စည်းစိမ်ကြွယ်သလောက်
အဆင်း လက္ခဏာ မှာလည်း လှပတင့်တယ်သည်။ မိဘများက စိုးရိမ်၍ အလုပ်အကျွေး ကျွန်မတဦးနှင့်အတူ ဘုံ ၇-ဆင့်ရှိ ပြာသာဒ်ထက်တွင် ထားသည်။ သို့စင်လျက် ကောင်းကင်သွားဝိဇ္ဇာဓိုရ်ယောကျ်ားနှင့် မှားမိသည်။ ၁၀-လစေ့၍ဖွားမြင်လာသော သူငယ်ကို အိုးသစ်၌ ထည့်၍ပိတ်၊ ဂင်္ဂါမြစ်ဆိပ်တွင် ပန်းကုံးတင်လျက် ကျွန်မကို မျှောစေသည်။ သူငယ်ကား ဇဋိလသူဌေးဖြစ်လာလတံ့။ ရွှေပန်းထိမ်သည်ဘဝတွင် "ဘုရားကို ရေ၌သာ ချလိုက်ပါတော့"ဟူသော ဝစီကံဆိုးဖြင့် မွေးကင်းစတွင် ထိုအဖြစ်မျိုး ၇-ခါ ကြိမ်ခဲ့ရသည်။ အကုသိုလ်မှန်သမျှ အဆိပ်ပြင်းကြသည်သာ။

**ဇဋိလဟု အန္တတ္ထသညီ ခေါ်တွင်သည်** အိုးကိုမှတ်သောမိန်းမကအိုးယူ၊
အိုးတွင်း ဘဏ္ဍာ မှတ်သူက သူငယ်ကိုယူစေ"ဟု ဂင်္ဂါမြစ် အောက်ဆိပ် ရေချိုးသူ မိန်းမ ၂-ဦးအား အထက်က မျောလာသော အိုးနှင့်စပ်၍ တရားဆုံးဖြတ်ပေးကြ၏။ ရှင်မဟာကစ္စည်းထေရ်၏ ရင်းခြာသော ဒကာမတဦး သူငယ်ကိုရသည်။ ဖွားစက ဆံပင်မသုတ်သင်ရသဖြင့် ရှုပ်နေရကား ဇဋိလဟုအမည်တွင်သည်။ အရွယ်ရောက်သော် ရှင်ရဟန်းပြုရန် မွေးစားမိခင်က အရှင်ကစ္စည်းထံ အပိုင်အပ်လိုက်၏။ လောကီစည်းစိမ်ရှင်ဖြစ်မည်ကို အရှင်မြတ် မြင်သဖြင့် တက္ကသိုလ်မြို့နေ သူ၏ တကာရင်း သူကြွယ်ထံ အပ်လိုက်ပြန်သည်။

**ဘုန်းကံထူးသူ နတ်များကူ၏** အခါတပါး သူကြွယ်သည် ဇဋိလကို
ဈေးမှာထားခဲ့ကာ ရောင်းဈေးပြော၍ ဆိုင်အပ်ခဲ့သည်။ မြို့စောင့်နတ်တို့သည် ကုန်ဝယ်များ ဇဋိလဆိုင်သို့

ချည်းရောက်အောင် တန်ခိုးဖြင့် စီစဉ်ပေးကြ၏။ ၁၂-နှစ်ပတ်လုံး ရောင်းမရသောကုန်များ တနေ့ချင်းဖြင့် ပြတ်သွားသည်။ ဇဋိလ၏ ဘုန်းစကံထူးကိုသိ၍ မွေးစားဖခင်သည် ဇဋိလကို သမီးနှင့် ပေးစား၏။ သူ့မကား ယခင် ရွှေပန်းထိမ်သည်ကတော်ပင်တည်း။ အိမ်သစ်ဆောက်စေ၍ သမီးနှင့် သမက်ကို နေစေသည်။ ထိုအိမ်သစ်သို့ဝင်သော ခဏ၌ပင် ကဿပဘုရားစေတီတော်ကို ရွှေပန်း ၃-ခိုင်လှူခဲ့သော ကောင်းမှုကြောင့် အိမ်သစ်၏အောက်တွင် မြေကိုခွဲ၍အတောင် ၈၀-ရှိသော ရွှေတောင်ပေါက်သည်။ ထိုသတင်းကို ဗိမ္ဗိသာရမင်းကြီး ကြား၍ အဆောင်အယောင်နှင့်တကွ သူဌေးရာထူးပေး၏။ ဤကား ဒက္ခိဏေယျ ဂုဏ်တော် ရှင်အား ပူဇော်ရသော အကျိုးတည်း။

**ဇဋိလထက်သာသော သူဌေးကြီးများ** ဘဒ္ဒိယမြို့ မေဏ္ဍက သူဌေးကြီးအိမ်၏ အနောက်ဖက် ၈-ပယ်မျှအရပ်၌ ဆင် မြင်း ကျွဲ နွားလောက်ရှိသော ရွှေဆိပ်ရုပ်များ အချင်းချင်း ထိစပ်နေသည်။ ရာဇဂြိုဟ်မြို့ ဇောတိကသူဌေးသည် ဇဋိလ သူဌေး၏ ကျွန်ယုံများထံမှ တသိန်းတန် ကမ္ဗလာကိုဝယ်ပြီး တံတိုင်း ၇-ထပ်တွင် အဆုံးစွန်တံတိုင်း၏ တံခါးမှုခ် အမှိုက်ကျုံး ကျွန်မအား ပေးသည် "အရှင်မင်းကြီး၊ ကျမမှာ အပြစ်ရှိလျှင် ကျမကိုရိုက်ပါ၊ ဝတ်မဖြစ်တဲ့ ကမ္ဗလာကြမ်းကြီးကို မလိုချင်"ဟု ငိုပြော၏။ "ဝတ်ဖို့မဟုတ်၊ အိပ်ရာခြေရင်း ခြေသုတ်ဖို့"ဟု ပြောပေးမှ ယူသည်။ ဤမျှပင် ချမ်းသာကြသည်။

**ကောင်းတာပြုမှ ကောင်းတာရသည်** ဇဋိလသူဌေးလည်း ရွှေရိုးတပ်ဝရဇိန်ပေါက်တူးကို သား ၃-ဦးအား ပေး၍ ရွှေတောင်မှ ရွှေများကို ပေါက်စေသည်။ ဘုရားလှူဖို့ ရွှေပန်းခိုင် ထုခတ်ရန်အတွက် အကူအညီ မရသော သားအကြီး ၂-ယောက် ပေါက်သော် ကျောက်တောင်ခဲ့ရသလို နှမ်းတစေ့မျှ ပေါက်မရပါ။ စေတနာဖြူ မိဘကူသော သားငယ်ကား လွယ်ကူစွာပင် "မြေကို ပေါက်ရသလို" ရွှေများ ရလာ၏။ ထိုအခါ ဇဋိလသည် သားငယ်အား ရွှေတောင်အပ်၊ (အကြီး ၂-ယောက်မှာမူ အငယ်ပေးသမျှ) ရဟန္တာ ဖြတ်အပြင်ကူးကာ ပါရမီထူးချက်ကြောင့် ၂-ရက်၃-ရက်အကြာ ရဟန္တာ ဖြစ်သွားသည်။

## (၆) လေ့ကျင့်ခန်းများ

၁။ သံဃဂုဏ် ၉-ပါးကို ကြောင်းကျိုးခွဲပြ၍ အဘယ်သည် သံဃာ မည်ပါသနည်း။ သတ္တဝါများ အတွက် မသိနိုင်ချက် ၅-ပါး ကိုလည်း ထုတ်ပြပါ။

၂။ တရားထူးရမည့် မိန်းမသော်မှ ကိလေသာ ရမ်းကားပုံ အရှင် သမိဒ္ဓိဖြစ်ရပ်နှင့် တကွပြ၍ အရှင်သာရိပုတ္တရာ၏ သုပ္ပဋိပန္နဂုဏ် လောက်လုံတော်မူပုံ၊ လူအရိယာနှင့် သံဃာ သိက္ခာ ၃-ပါး ထူးခြားပုံများကိုလည်း ရေးပါ။

၃။ မာယာနှင့် သာဌေယျထူးခြားဟန်ပြ၍ အသိနှင့်အကျင့် တခြား စီ ဖြစ်ပုံကို ကျားစဉ်းလဲနှင့် ကြောင်သူတော်တို့ ဖြစ်ရပ်ကျဉ်းနှင့် ရှင်းပြပါ။

၄။ ဉာယပ္ပဋိပန္နဂုဏ် သဘာဝကို ပြ၍ အရှင်သုန္ဒရ၏ ရသတဏှာ အတွက် အခက်ပွေ့ပုံ၊ သာမိစိပ္ပဋိပန္နဂုဏ်ထိုက်အောင် မည်သို့ ကျင့်သင့်ပုံများကိုလည်း ပြပါ။

၅။ လူနှင့် ရဟန်းတွင် လူက တရားတက်လွယ်ပါသလော။ သံသရာ၌ အထပ်ထပ်ဆွေမျိုးစပ်နေပုံကိုလည်း သိသာရုံ သာဓကတင်ပြပါ။

၆။ အာဟုနေယျဂုဏ်တော် မင်းတုန်းမင်းကြီးကုသိုလ်တော်နှင့် ပြ၍ သိကြားမင်းနှင့် သူဇာ မှောင်ခိုဘူးပါသည်ဟု ဆိုလျှင် သင့် မသင့် ဒါနကျေးဇူးပြ ၄-ဝါကျမျှကိုလည်း ထုတ်ပြပါ။

၇။ သံဃာတော်များကို ကမ္ဘာ့ ညွှတ်သည်တော် အဘယ့်ကြောင့် ခေါ်ထိုက်ပါသနည်း။ ဝိသာခါ၏ လင်သားနှင့် ၂-ဖက် မိဘ အဖိုးတို့ကို အမည် ဖော်ပြ၍ ရာဇဂြိုဟ် မြေပေါက်သူဌေး ၅-ဦး အမည်မျှကိုလည်း ရေးသားပါ။

၈။ မဟာလတာ တန်ဆာဆိုင်ရာ သိဖွယ်ကိုပြ၍ ဝိသာခါ၏တောင်းဆု ၈-ပါးကိုလည်း ရေးသားပါ။

၉။ ဝိသာခါ ယခု ဘယ်မှာရှိကြောင်း၊ အမျိုးသမီးများ အားကျ အောင် ပြ၍ မုဒ္ဒဘာသာဂင် မဟုတ်သော နိုင်ငံကြီးသားများ ကောင်းစားနိုင်ကြောင်းကိုလည်း ရေးပါ။

၁၀။ ထိန်းသိမ်းမှုခက်ခဲပုံနှင့် စပ်၍ "သမီးတကောင် နွားတထောင်" ဟူသော စကား ယုတ္တိရ-မရ ပြ၍ "ကမ္မဝိပါကော အစိန္တေယျော" ကံအကျိုးပေး ဆန်းကြယ်ပုံကိုလည်း အများ နားလည်အောင် ရေးပါ။

---

## သေသူအတွက် ရည်ရွယ်သော အလှူများ ကောင်းကျိုးရပုံ

**မင်းညီမင်းသားများ တဝါတွင်းလုံး ဆယ်ပါးသီလ ယူထားကြသည်** လွန်ခဲ့သော ၉၂-ကမ္ဘာ ဖုဿ ဘုရားလက်ထက် ဘုရားရှင်၏ ညီတော် မင်းသား ၃-ပါးသည် ကျွန်ရင်း တထောင်နှင့် တဝါတွင်းလုံး ၁၀-ပါး သီလစောင့်၊ ကျောင်းတော်မှာပင် နေကြသည်။ (လူများ ၁၀-ပါးသီလ စောင့်ကောင်းပုံ မှတ်ဖွယ်) စည်းစိမ်များကို ဘဏ္ဍာရေးတာဝန်ခံနှင့် အခွန်တာဝန်ခံများအား လွှဲအပ်ထားခဲ့၏။ ၎င်းတို့သည် ဘုရားအမှူးရှိသော သံဃာတော်၉-သိန်းနှင့် မင်းသားများ၊ အခြွေအရံများ၏ ဆွမ်းကွမ်းဆိုင်ရာများကိုလည်း ၎င်းတို့၏ ဆွေမျိုး တသိန်း ၂-သောင်းခန့်နှင့် နေ့စဉ် ချက်ပြုတ် ပြုစုရသည်။

**ပြိတ္တာ-၈၄၀၀၀ ဖြစ်ကြသည်** ဝေယျာဝစ္စပြုသူများတွင် ၈-သောင်း ၄-ထောင်တို့သည် သံဃာတော်များ အတွက် ချက်ပြုတ်ထားသော စားသောက်ဖွယ်မှ သံဃာမကပ်ရမီ နေ့စဉ် ပင် သားသမီးများကို ကျွေးကြ၊ သူတို့လည်း စားသောက်မိကြသဖြင့် သေလွန်သော် အားလုံးပင် အစားအသောက် ဆင်းရဲသော ပြိတ္တာများ ဖြစ်ကြသည်။ (သံဃအမှုဆောင်များ တာဝန်ခံများ သတိပြုဖွယ်ပင်)ဤဘဒ္ဒကမ္ဘာ အစပိုင်း ကကုသန်ဘုရားထံတော် ချဉ်းကပ်၍ ၎င်းတို့စားသောက်ရမည့် အရေးကို မေးလျှောက်ရာ "ငါဘုရား ပရိနိဗ္ဗာန်စံ၍ မြေကြီး တယူဇနာလောက် တက်တဲ့အခါ ကောဏာဂုံဘုရား ပွင့်မည်။ ထိုဘုရား ထံမှာ မေးလျှောက်ပါ" ဟု ကကုသန်ဘုရား မိန့်ကြားတော်မူလိုက်၏။ အလားတူပင် ကောဏာဂုံ ဘုရားရှင်ကလည်း ကဿပ ဘုရားပွင့်လျှင် လျှောက်ဟု မိန့်ကြားသည်။ (ပြိတ္တာများ အသက်ရှည်ပုံ မှတ်ဖွယ်)

**သံသရာမှာ ချမ်းသာပြည့်ဝ ဗိမ္ဗိသာရ** ကဿပ ဘုရားရှင် ပွင့်တော်မူလာ၍ပြိတ္တာများမေးလျှောက်ရာ "သင်တို့၏ ဆွေမျိုးအခွန် တာဝန်ခံသည် ဗိမ္ဗိသာရမင်းကြီးဖြစ်၍ ဒါန

ပြုသောအခါ သင်တို့အား အမျှဝေလိမ့်မည်။ ထိုအခါ သင်တို့စား သောက်ရမည်''ဟု မိန့်တော်မူရာ ဘုရားတဆူနှင့် တဆူအကြား နှစ်ပေါင်း များစွာကွာခြားသော်လည်း တခဏမျှထင်ကာ မျှော်လင့် ဝမ်းသာနေ ကြသည်။ အချိန်သင့်သော် ဂေါတမ ဘုရားရှင် ပွင့်တော်မူလာသည်။ ဗိမ္ဗိသာရမင်းကြီး ဒါနပြုပါ၏။ အမျှမဝေမိပေ။ စောင့်မျှော် နေကြ သော ပြိတ္တာများအဖို့ မရ၍ ညဥ့်အခါ အသံပြုလျက် ကိုယ်ထင် ပြကြ သည်။

ဘုရားရှင်အား လျှောက်ထားရာ အကြောင်းစုံ ဟောပြသဖြင့် ဗိမ္ဗိသာ ရမင်းကြီးသည် နောက်ထပ် ဆွမ်းသက်န်းများလှူ၍ အမျှဝေရာ သာဓု ခေါ်ကြ၊ ပြိတ္တာများ ကျွတ်ကြ၊ နတ်အဝတ်အစားများ ဝတ်ရ၊ စား သောက်ရသည်။အခွန့်တာဝန်ခံကား စေတနာဖြူစင်စွာ ဦးဆောင်ပြုစုခဲ့ သဖြင့် ချမ်းသာအလီလီခံစားရ၊ ယခုဗိမ္ဗိသာရမင်းကြီးဖြစ်ကာ ဆွေမျိုး ပြိတ္တာများ၏ အားထားရာ ဖြစ်လာသည်။ ဝါသနာဘာဂီ ဆက်တိုင်းမှီ နှင့်အညီ စိတ်စေတနာကောင်း အထုံဝါသနာပါသူများမှာ ဘဝတိုင်း ပင် ကောင်းတတ် ကြ၏။ အကယ်တိတိ မိမိမကောင်းသေးဟု သိလျှင် သိသော ယခုအချိန့် ယခုဘဝကစ၍ သူတော်စင်တို့၏ ဩဝါဒဖြင့် ပြုပြင် သင့်ကြသည်။

**သီလရှိသူလှူ၍ အမျှဝေမှ ရကြသည်** သေလွန်၍ ပြိတ္တာဖြစ်နေသူ ဆွေ မျိုးကိုရည်စူး၍ မုဆိုးတဦး အလှူ ပြုသည်။ အလှူခံပုဂ္ဂိုလ်မှာ သီလသိက္ခာ မရှိသော ရဟန်းတု ဖြစ်နေ၏။ ၂-ကြိမ်တိုင်တိုင်လှူ၍ အမျှဝေသော်လည်း ပြိတ္တာသည်မရ၊ ၃-ကြိမ်အကျ တွင်မူ ပြိတ္တာက ''ငါ့ဘို့ဥစ္စာကို ဒုဿီလကြီး လုယူထားသည်''ဟု အော် တော့သည်။ ထို့ကြောင့် သီလရှိသူ ဒက္ခိဏေယျ ဂုဏ်ထိုက်သူကို လှူ၍ အမျှဝေကြရသည်။

## အဋ္ဌလီကရဏိယ ဂုဏ်တော်ဆိုင်ရာ

**ကောင်းကျိုးများလျက် ၂-ပါးလက်ကို** သံဃာတော်များသည် ဗြဟ္မာ နတ်လူ ၃-ဘုံသူတို့၏ ရိုသေ မြတ်နိုးစွာ လက်အုပ်ကို နဖူးပေါ်ရောက်အောင်မိုးလျက် ရှိခိုးမှုများကို

ခံထိုက်သောကြောင့် အဥ္စလိကရဏီယဂုဏ် ရှိတော်မူသည်။ ရှိခိုးမှုခံနိုင်လောက်သော သီလ၊ သမာဓိ၊ ပညာ ထယ်ဝါစွာမရှိလျှင် လူများအရှိအသေပြုသလောက် တာဝန်များ တက်ရောက်ဖွယ်ရှိပါသည်။ ထို့ကြောင့် သီလ သိက္ခာ မစင်ကြယ်သော ရဟန်းများအတွက် ဆွမ်းသည် ရဲရဲညီးသော သံတွေခဲနှင့်တူ၍ သက်နိုးသည် အရှိန်ကြီးမား မီးလျှံစားသည့် သံပြားကြီးနှင့် တူသည်။ ကျောင်းသည် မီးလျှံထိန်ညီး သံအိုးကြီးနှင့် တူ၍ ဒကာ ဒကာမများ ရှိသေ မြတ်နိုး ရှိခိုးကြခြင်းသည် အရောင်တလက်လက်အသွားထက်သည့် လှံရွက်နှင့်ထိုးသလိုသာ ဖြစ်သည်ဟု ဝိသုဒ္ဓိမဂ်၌ မိန့်မြွက်တော်မူသည်။

**ပရိသတ် ၂-ဖက် ရည်ရွယ်ချက် ကိုယ်စီ ဗုဒ္ဓဆီသို့** အချိန်ကား သာဝတ္ထိမြို့တွင် တခါမျှ ဒါန မပြုဘူးသော မိစ္ဆာပုဏ္ဏား သူဌေးတဦးအိမ်၌ ဘုရားအမှူးရှိသော သံဃာတော်များ ဆွမ်း ဘုဉ်းပေးနေချိန်ဝယ် မိစ္ဆာဒိဋ္ဌိများက ယနေ့ ရဟန်းဂေါတမကို ပုစ္ဆာတွေမေးပြီး ညှဉ်းဆဲတာကို မြင်ကြရမည် ရည်ရွယ်ချက်ဖြင့် ဘုရားဆွမ်းကပ်ရာသို့ စုလာကြသလို ဗုဒ္ဓဘာသာဝင်တို့ကလည်း ယနေ့ ဘုရားရှင်၏ အစွမ်းတော် တင့်တယ်ပုံ မြင်ကြရမှာဘဲဟု စုလာကြ၏။ ၂-ဖက်ပရိသတ်များ ရည်ရွယ်ချက်ကိုယ်စီဖြင့် ဘုရားထံ ဆုံကြသည်။

**ဘုရားရှင်အား ဆွမ်းဒကာ ပုဏ္ဏား၏ အမေး** "အရှင်ဂေါတမ၊ အရှင်တို့အား တစုံတရာ မလှူ မပူဇော်၊ တရားမနာ၊ ဥပုသ်လည်း မဆောက်တည်ပါဘဲ သက်သက် စိတ်ကြည်ညိုရုံမျှ နတ်ပြည်၌ ဖြစ်နိုင်ပါသလား"ဟု ဆွမ်းဘုဉ်းပေးပြီးသော ဘုရားရှင်အား ဆွမ်းဒကာပုဏ္ဏား လျှောက်ထားသည်။ "ပုဏ္ဏား၊ ဘာ့ကြောင့် ငါဘုရားကို မေးနေရသနည်း။ ငါဘုရား၌ စိတ်ကြည်ညိုရုံမျှဖြင့် နတ်ပြည်၌ ဖြစ်ကြောင်းကို သင့်သား မဋ္ဌကုဏ္ဍလီကိုယ်တိုင် ပြောပြီးပြီ မဟုတ်လော"ဟု ဘုရားရှင်က မိန့်လိုက်သည်။ အချိန်ကို မေးလျှောက်ပြန်ရာ "ယနေ့ သင် သုသာန်သွားပြီး သားအတွက်ငိုနေစဉ် သားနှင့်တူသော သူငယ်ကို တွေ့၍ သင်တို့အချင်းချင်း မေးမြန်းပြောဆိုကြရာ သင့်သား မဋ္ဌကုဏ္ဍလီနတ်သားကိုယ်တိုင် ပြောကြားလိုက်တာဘဲ"စသည်ဖြင့် သဗ္ဗညုတဉာဏ်တော်ရှင် ဘုရားသခင်က ဖြစ်ကြောင်း ကုန်စင် မိန့်ကြားလိုက်သည်။

**တကြိမ်ရှိခိုး ကောင်းကျိုးအသချေ** သာဝတ္ထိမြို့ မိစ္ဆာပုဏ္ဏား သူဌေးသည် ရောဂါ ရောက်နေသော သားအား ချစ်လှသော်လည်း ငွေကုန်မည်စိုး၍ ဆရာမခေါ်ဘဲ ဟိုမေးသည်မေး ဆေးမီးတိုနှင့်ပင် ကုသနေ၏။ ရောဂါကျွမ်းမှဆရာခေါ်သည်။ ဆရာများ မလိုက်လာကြတော့။ မျှော်လင့်ချက် လုံးဝကုန်သောအခါ သားအား အိပ်ခန်းတွင်းမှ အပြင်ဆင်ဝင်သို့ ထုတ်၏။ အသုဘ လာမေးကြသူများ အိမ်တွင်းပစ္စည်း မမြင်အောင် စီစဉ်သည်။ ကရုဏာတော်သခင် ဘုရားရှင်သည် နံနက်မိုးသောက်ကပင် မဋ္ဌကုဏ္ဍလီအား ဉာဏ်၌ထင်လာသဖြင့် သံဃာနှင့်တကွ ဆွမ်းခံကြွ၊ ၎င်းပုဏ္ဏား၏ အိမ်တံခါးဝရောက်လာသည်။

ရောဂါသည် မဋ္ဌကုဏ္ဍလီသည် တဖက်စောင်း လျောင်းနေသဖြင့် ဘုရားရှင်ကို မမြင်။ ထို့ကြောင့် မြင်သာစေအောင် ရောင်ခြည်တော် လွှတ်သည်။ ရောင်ခြည်တော်မြင်မှ လှည့်၍ ဘုရားကိုဖူးကာ "ပညာ မရှိသူဖခင်ကိုမှီ၍ မိမိမှာ ဘုရားရှင်ဆည်းကပ်၊ ဝေယျာဝစ္စပြု၊ ပေးလှူ၊တရားနာခွင့်မရ၊ ကိုယ့်လက်ကိုသော်မှ အစိုးမရတော့"ဟု ကြံလျက် လက်အုပ်ချီ၊ စိတ်ဖြင့်ကြည်ညိုသည်။ ဤကောင်းမှုကြောင့် တာဝတိံသာ ယူဇနာ ၃၀-ရှိ ရွှေဗိမာန်၌ မဋ္ဌကုဏ္ဍလီ နတ်သား သွားဖြစ်သည်။

**ပညာရှင်နတ်သား ဖခင်အား ကျေးဇူးများသည်** အသုဘ ကိစ္စ ပြီးသည့် နောက်လည်း ဖခင်သည် သုသာန်သို့ နေ့စဉ်သွားငိုသည်။ ဘုရားရှင်၌ လက်အုပ်တင်ချီ ကြည်ညိုမှုကြောင့် မိမိအကျိုးရပုံ၊ ဖခင်၏ သောကရောက်ပုံကိုသိသော မဋ္ဌကုဏ္ဍလီနတ်သားသည် အသက်ရှင်စဉ်က သားအသွင်ဖြင့်လာ၍ ဖခင်ရှေ့ဝယ် ငိုပြသည်"ငါကသားသေ၍ငိုသည်။ သင်က ဘာ့ကြောင့်ငိုသလဲ" ဟု ပုဏ္ဏား၏ အမေးကို နတ်သားက "ရွှေရထားဘီးလိုချင်၍"ဟု ဖြေ၏။ ပုဏ္ဏားက လုပ်ပေးပါမည်ဟုဆိုသော် သားစစ်အတွက် ဆေးဘိုး နှမြောပါလျက် သားနှင့်တူသူအား ရွှေရထားဘီး လုပ်ပေးမည်ဟုဆို၏။ နှိမ်သင့်သည်ဟု နတ်သားသည် ကြံလျက်"လဝန်း နေဝန်းလောက် ကြီးကြီး ရွှေရထားဘီး လုပ်ပေးပါ"ဟု ခိုင်းသည်။

"မဖြစ်နိုင်တာ တောင့်တသည် သေအောင်ငို" ဟု ပုဏ္ဏားက ပြောရာ လနေသည် မြင်နေရ၍ ထင်ရှားသည်။ သေသူသည် မမြင်ရတော့။ ငိုသူ

၂-ဦးတွင် မည်သူက မိုက်သနည်းဟူသော နတ်သားအမေး၌ ပုဏ္ဏားကြီး သောကပါးသွားသည်။ နတ်သားကလည်း ဒါနမပြု၊ ဥပုသ် မစောင့်ရ သော်လည်း ဘုရားကို လက်အုပ်ချီ ကြည်ညိုရ၍ နတ်စည်းစိမ်ရပုံ စသည် များကို ပြောပြ၊ ရတနာ ၃-ပါးကြည်ညို၊ သီလစောင့်၊ ဒါနပြုဟု တိုက် တွန်းပြီး ကွယ်သွားသည်။ ဤနံနက်ခင်း ဖြစ်ရပ်ကြောင့် ပုဏ္ဏားသည် ပုစ္ဆာမေးရန် ဘုရားကိုပင့်၍ ဆွမ်းကပ်သည်။

**ပရိသတ်များ စိတ်ထားနှစ်ဝ ယုံရခက်ခဲ ရှိနေဆဲဝယ်**

"ဆွမ်းဒကာပုဏ္ဏား၊ ငါဘုရား၌ စိတ် ကြည်ညိုရုံမျှ နတ်ပြည် ရောက်ကြသူ ၁၀၀-၂၀၀-မကပါ။ မရေတွက် နိုင် အောင်ပင် များသည်"ဟု ဆက်လက်မိန့်ကြား၊ ဘုရားစကားကို ပရိသတ် များယုံမှားရှိနေကြသည်။ ထိုအခြေကိုသိ၍ မဋ္ဌကုဏ္ဍလီ နတ်သားသည် ဗိမာန်နှင့်တကွ ရောက်လာစေဟု ဘုရားရှင် မိန့်ဒွာန်တော်မူရာ နတ်သား သည် ရောက်လာလျက် "အရှင်ဘုရားတို့၌ လက်အုပ်တင်ချီ ကြည်ညိုရုံမျှ နတ်စည်းစိမ်ကို ရပါသည်ဘုရား"ဟုလည်း လျှောက်ထားသည်။

သီးခြားကုသိုလ် ဆိုစလောက်မရှိ။ လက်အုပ်တင်ချီ ကြည်ညိုရုံမျှနတ် စည်းစိမ်ကိုရ၏ဟု ပရိသတ်များသည် ဗုဒ္ဓဂုဏ်တော်ကို လက်ဖျစ်တီး၍ အံ့ချီးကြသည်။ "ကြည်ညိုလှစွာ စေတနာဖြင့် ပြုစုစီမံ ကိုယ့်ကုသိုလ်ကံ သည်သာလျှင် လူနတ်လောက သွားသူ့ို အရိပ်ပမာလိုက်သည်" အစချီ သော ဒေသနာတော်အဆုံး၌ ဖခင်ပုဏ္ဏားနှင့် သား မဋ္ဌကုဏ္ဍလီနတ်သား တို့ သောတာပန် တည်ကြ၍ သတ္တဝါပေါင်း ၈၄၀၀၀-အကျွတ်ရ ကြသည်။

**ဗုဒ္ဓ ဓမ္မ သံဃ ဂုဏ်ရည် စေတနာ မှီက ကျိုးပေးညီ**

ဤဝတ္ထု၌ ဗုဒ္ဓအားလက်အုပ်ချီကြည် ညိုမှုဟု ပြသော်လည်း သံဃာတော် များအားလည်း ယင်းဂုဏ်အလား မှတ်သားသင့်သည်။ မှန်၏။ ကုက္ကုဋဝတီပြည့်ရှင် မဟာကပ္ပိနဘုရင်သည် အမတ် ၁၀၀၀-နှင့်တကွ မြင်းစီး၍ အနက်တဂါဝုတ်၊ အကျယ် ၂- ဂါဝုတ်ရှိသော အပရစ္ဆမြစ်ကို ဘုရားဂုဏ်တော်ပူဇော်၍ကူးသည်။ အနက် အကျယ် ၂-ဂါဝုတ်ရှိသော နီလာဝဟ မြစ်ကို တရားဂုဏ်တော်ပူဇော် လျက်ကူး၏။ အနက်အကျယ် တယူဇနာရှိသော စန္ဒဘာဂါမြစ်ကို သံဃ ဂုဏ်တော်ပူဇော်လျက် ကူးပါသည်။

မြစ်ရေတို့သည် ကျောက်ဖျာပမာ မာ၍ မြင်းခွါဖျားများ ရေစွတ်ရုံ သာတည်း။ ဤသို့လျှင် ဘုရားရှင်အားနည်းတူ တရားနှင့် သံဃာတော် ပူဇော်သူတို့အားလည်း အကျိုးရသည်။ ထို့ကြောင့် သီလ သိက္ခာ ဂုဏ် ဝါမြင့်မား ဘုရားသားတော် ပုဂ္ဂိုလ်ကျော်တို့သည် လူနတ်ပြဟ္မာ သတ္တ ဝါတို့၏ လက်အုပ်ချီမိုး ရှိခိုးပူဇော် ခံတော်မူထိုက်သည်သာတည်း။

## အနုတ္တရံ ပုညက္ခေတ္တံ လောကဿ ဂုဏ်တော်

**ကောင်းမှုမျိုးစေ့ စိုက်ပျိုးလေရာ လယ်ယာမြေပမာ မြတ်သံဃာ** လယ်ယာမြေ ကောင်းသဖွယ် ဖြစ်သော အရိယာ သံဃာတော်များ၌ လှူဒါန်း၊ သီလ ဆောက်တည်မှု စသော မျိုးစေ့များ စိုက်ပျိုးမှသာ လယ်ပိုင်ယာပိုင် ကုသိုလ်ရှင်များမှာ အောင်မြင်သော သီးနှံများပမာ လူနတ်ပြဟ္မာ နိဗ္ဗာန်ချမ်းသာ များကို ရနိုင်သည်။ ထို့ကြောင့် ယခုအခါ အရိယာ သံဃာတော်များဟု သိသိ သာသာ မထင်ရှားလျှင် ပြုပြုသမျှ ကုသိုလ်များကို ပရိနိဗ္ဗာန် စံဝင် တော်မူပြီးဖြစ်သော တသာသနာလုံးရှိ သံဃာတော်များကို ရည်မှန်း၍ လှူဒါန်းရမည်။ တပါးနှစ်ပါး လှူဒါန်းရာ၌ကား သီလ သိက္ခာ ပြည့် စုံသူများကို လှူဒါန်းမှ အကျိုးများစွာ ရနိုင်သည်။ (ထိုနေ့ဖြစ်စ ရှင် ယယ်မှုစ၍ရဟန်းတော်များသည် သောတာပတ္တိမဂ္ဂဋ္ဌာန်၌ ပါဝင်ကြောင်း အင်္ဂါရိယ ရှုဘွယ်၍ ပြခဲ့ပြီး။)

**တယောက်စာထမင်းနဲ ဘုရားရှင်နှင့် သံဃာတော်ငါးရာ စားမကုန်** အရှင်မဟာကဿပသည် ကာက ဝလိယသူဆင်းရဲမလှူလိုက်သော ဆံကွဲ လက်ခုပ်တဝက်နှင့် ဟင်း ရွက်ရောကျိုထားသော ထမင်းနဲ ယာဂုတယောက်စာဆွမ်းကို ရာဇဂြိုဟ် ဝေဠုဝန်ကျောင်းတော်ရှိ ဘုရားရှင်နှင့် သံဃာတော် ၅၀၀-အား ကပ် လှူသည်။ ဘုရားရှင်နှင့် အရှင်မဟာကဿပတို့၏ သီလတော် အရှိန်၊ အလှူအမ၏ ဗလဝသဒ္ဓါကြောင့် အားလုံးလောက်သည့် အပြင် ဆွမ်း ကြွင်းစားရန်ကျောင်းရောက်နေသောကာကဝလိယသူဆင်းရဲယောကျ်ား ပါ ဗိုက်ကားအောင် စားရသည်။ သူဆင်းရဲကိုသာ ချီးမြှောက်လေ့ရှိ သော အရှင်ကဿပသည် နိရောဓသမာပတ်မှ အထ ကာကဝလိယ ဇနီး မောင်နှံကိုမြင်၍ ဆွမ်းခံကြွ၏။ လူချမ်းသာအိမ်များ မကြွဘဲ ငါတို့အိမ်

အရှင်မြတ်ကြီးကြွပေသည်။ ကံကောင်းလေစွဟု ယူဆ၍ မယားသည် ကြည်ညိုလှစွာ ရှိသမျှ အကုန်လောင်းလှူသည်။ကျောင်းသွား စားကြွင်း မျှော်နေသော လင်သယ်ခမျှာသော်မှ မသိရှာပါ။

**၇-ရက်အကြာ သူဌေးအရာရမည်** ကာကဝလိယ သူဆင်းရဲမောင်နှံသည် ပြုပ်ဆတ်-ယာဂုထမင်းနဲ့လှူမှုကြောင့် ၇-ရက်မြောက်၌ သူဌေးအရာ ရမည်ဟု အရှင်မဟာကဿပ အမေးအရ ဘုရားရှင်မိန့်တော်မူလိုက်၏။ထိုဗျာဒိတ်တော်ကိုကာကဝလိယယောကျ်ား ကြား၍ လျင်မြန်စွာ အိမ်ပြန်ကာ မယားအား "အိုသူဌေး ကတော် လောင်း၊ ရှင်မနေ့ကိုင်း မိုက်လေသမျှ ယနေ့မှ အားကိုး၍ ဉာဏ်အိုးကြီး ကွဲပေသည်။ အလိမ္မာမိုးရွာ၍ အလှလည်း တိုးရှာ၏။ ထမင်းနဲ့ပြုပ်ဆတ် ညီးလှူသည့် ပိဏ္ဍပါတ်ကြောင့် သူဌေးမြတ်အရာ ၇-ရက်ကြာလျှင် ရမည် ဟု ဘုရားစကား ငါနားဆတ်ဆတ် ကြားအပ်ခဲ့သည်"ဟု ဝမ်းသာစွာ ပြောကြားသည်။

**စကားအရာ လိမ္မာလေစွ မယ်ကာက** ၆-ရက်မြောက်နေ့တွင် ဗိမ္ဗိသာရ မင်းကြီးသည် သုသာန် ကား တိုင်၌ တံကျင်လျှိုထားသော ရာဇဝတ်သားအတွက် မိမိပွဲတော်အုပ် ပို့ရန် ကိစ္စရှိလာသည်။ နံနက်ကပင် မြို့ပြင်အထွက်တွင် ရာဇဝတ်သား၏ နောက်ဆုံး အခွင့်အရေး တောင်းချက်အရ ဝန်ခံခဲ့ရာ ညနေ ပွဲတော်အုပ် ဆက်ရန်အမှတ်ရ၍ စီမံယင်း ညနေဖြစ်၍ သွားဝံ့သူ မရှိဖြစ်ရာ ငွေ ၁၀၀၀ဝ ပေး၍ သွားမည့်သူ ရွေးရသည်။ ကာကဝလိယ သူဆင်းရဲမသည် ငွေ ၁၀၀၀ဝ-ယူ၍ ယောကျ်ားအသွင်ဖြင့်သန်လျက်စသည်စွဲကာ ထမင်းပို့သွား သည်။ လမ်းတွင်ထန်းပင်စောင့် ဒီဃတာလဘီလူးနှင့်တွေ့၍ ခြိမ်းခြောက် သော်လည်း "သောတာပန် မင်းကြီး၏လက်စွဲ သူရဲကောင်းတမန်တော် ကို စားမည်ဟု ကြွားခြင်းသည် သူပုန်သံနီး၍ သင့်လျော လိုးသင့်သည်။ သို့သော်လည်း မလိမ္မာ၍ တခါမိုက်သည်ကို သည်းခံလိုက်ဦးမည်"ဟု အားလုံးစုံကိုပြောကြား၊ မင်းသံနှင့် ဟိတ်ဟန်ထွားပြရာ ဘီလူးကြောက် သွားသည်။

**သန်းကြွယ်သူဌေး နတ်ဖေး၍ဌေး** ဒီဃတာလဘီလူးက "အရှင်မ၊ ကျွန်ုပ် မယား ကာလီ ဘီလူးမ၌ သားဦးယောကျ်ား ယနေ့ဖွားသည်။ ကာလီ၏ဖခင် သုမနနတ်မင်းကြီး

နတ်ဘီလူး အစည်းအဝေး၌ရှိရာ သမီး၏ မင်္ဂလာရတနာကောင်း ဖွား ကြောင်း သတင်းကို အမတ်မင်း ကြေးကြော်၍ သွားပါလေ။ ကျွန်ုပ်၏ အမှားကိုလည်း သည်းခံပါ။ အမတ်မင်း ပြန်လာလျှင် ကျွန်ုပ်၏ထန်းပင် အောက်ခြေက ရွှေအိုး ၇-လုံး ယူပါ''ဟု ပေးသည်။ သူမလည်း အမှာ သတင်း ကြေငြာ၍ လိုရာသွားလေသော် သူမနနတ်မင်းကြား၍ ဝမ်းသာ လှသဖြင့် သူမထံလာ၊ ထပ်ခါခါမေးပြီးလျှင် ''သင်နှင့်ငါ ယခု ပြော နေသည့် သစ်ပင်ရိပ်အဝန်းအတွင်း နှုတ်ခမ်းချင်းထိနေသော ရွှေအိုးများ ကို တူးဖော်ယူပါ''ဟု ဝမ်းသာဆုတဖန် ပြောလိုက်ပြန်၏။

**မာတုဂါမအတွေ့ သေနေ့ရောက်လဲ မေ့နိုင်ခဲ၏** သူမသည် ဘီလူးနှစ်ဦး၏ ဆုထူး ကို ယူပြီးလျှင် သုသာန်တွင်တံကျင်လျှို ထားသော ယောကျ်ားထံ သွား၍ ပွဲတော်ထမင်းကို လက်ဖြင့် ခွံ့ကျွေးသည်။ ရာဇဝတ်သားသည် ယောကျ်ားအသွင်ယူကာ ထမင်းခွံ့သုတ်သင်ပေးသော အတွေ့၏ မိန်းမ အဖြစ်ကို သိလျှင် မချိတင်ကဲ ဆင်းရဲနေသည့်ကြားက ကိလေသာတရား ပြင်းစွာ ဖြစ်လာသည်။ သွားဖြင့် သူမ၏ ဆံထုံးကို ကြပ်ကြပ်ကိုက်၍ မအပ်သော အကြံကို ကြံမှားမိသည်။

ဤတစ္ဆေလောင်း၏ ဖြစ်အင် သာဓကတင်၍ ''ညစ်ညူးတဏှာ ကိလေ သာတို့သည် ဆင်းရဲချမ်းသာမှန်းမသိ၊ အာရုံနှင့် ထိတွေ့လျှင် မှားမိ မှား ရာ အဝီစိ ငရဲသို့ ဇွတ်ဆွဲကာ ချတတ်သည်။ ဤရာဂဆင်ကြမ်းကို ကမ္မ- ဋ္ဌာန်း ချွန်းတောင်းဖြင့် ချက်ကောင်းကို ရွေးပြီးလျှင် ဖေးတွဲအောင် ထောင်းနိုင်မှ ၁၁-ကြိမ် မီးသေ၍ အောင်မြေကို နင်းမိမည်''ဟု နှလုံး သွင်း လိမ္မာသင့်ကြသည်။

**သံဃဂုဏ်မဟာ စေတနာလျှံညီး ဤမြေကြီးက ရွှေသီးပေးလိမ့်** သူမသည် ဆံထုံးကို သန်လျက်နှင့် ဖြတ်၍ ကိုယ်လွတ်ပြန်ခဲ့ကာ ဗိမ္ဗိ- သာရ မင်းကြီးအား တာဝန်ကျေခဲ့ ကြောင်း လျှောက်ထားသည်။ရွှေအိုးများပေးလိုက်ကြောင်းကိုပါ ပြော ပြမှ မင်းကြီးယုံကြည်ပြီးလျှင် သူမ ပြသောနေရာများမှ တူးဖော်ရရှိသော ရွှေများကို သူမတို့ဇနီးမောင်နှံအား ပေး၍ သူဌေးဘွဲ့ အပ်နှင်းသည်။ ယာဂုတနာစပ် သံဃာအားလှူသော စေတနာဖြင့် ၇-ရက်အတွင်း၌ပင်

ရာဇဂြိုဟ်ပြည် ကာကဝလိယ သူဋ္ဌေးမောင်နှံဟု ထင်ရှားသည်။အနုတ္တရ ပုညက္ခေတ္တံ လောကဿ ဂုဏ်တော်ပင်တည်း။

**မင်းနှင့် ပြည်သူ စေတနာ ဖြူကြ မြတ်ဒါန** ဘုရားအမှူးရှိသော သံဃာတော်များ ဒေသစာရီကြွချီတော်မူပြီး သာဝတ္ထိမြို့သို့ ပြန်ကြွလာရာ ကောသလမင်းနှင့်တကွ အများပြည်သူတို့ ဆွမ်းကျွေးအသင်းများ ဖွဲ့ပြီးလျှင် သူ့ထက်ငါ အသာရအောင် အာဂန္တုက ဆွမ်းအလှူများကို တတ်စွမ်းသမျှ သံဃာယူ၍ ပေးလှူကြသည်။ ဇေတဝန်ကျောင်းတော်၌ အရှင်သာရိပုတ္တရာ ထိပ်ခေါင်တင် တပါးသာ ဆွမ်းဒကာ မရှိသေးဘဲ ကျန်နေသည်။

**ဂဝ-ကျော်အဖွား၏တရား ရစရာ စေတနာ** အသက်တန်း ခေါင်ခိုက်၍ ပြောဆိုက် အောင်မဲ့လှုသော အဖွားတဦးသည်လည်း အများကို အားကျသဖြင့် အစေခံလုပ်၍ ရသမျှ ဆန်များကို အချို့ဆွမ်း၊ အချို့ယာဂု၊ အချို့ ဟင်းလျာအဖြစ် ရောင်းချဝယ်ယူကာ ဝမ်းမြောက်စွာဖြင့် ဆွမ်းကိစ္စ စီမံထားသည်။ အသက်ကို မတာတွယ်၊ အရွယ်ကို မရွေး၊ ချွေးတပြိုက်ပြိုက်ဖြင့် ဆွမ်းအတွက် အားစိုက်နေရ၍ သံဃာမပင့်ရသေးပေ။ အခြားသူများဆိုင်ရာ သံဃာတွေကြွလာမှ သတိရသဖြင့် ဇေတဝန် ၎ကျောင်းတော်သို့ ပြေးရသည်။ "ပြည်သူအများ တပါးစီ၊ ၂-ပါးစီ စသည် ပင့်သွားကြ၍ သံဃာကုန်လေပြီ။ "သာရိပုတ္တရာ အရှင်မြတ်ကြီး တပါးတော့ ကျန်သေး၏။ အဖွားအား သနား၍ ချီးမြှောက်တော်မူကောင်းပါရဲ့၊ သွားပင့်ချေ" ဟု သံဃာစာရင်း စီစဉ်သော ကိုယ်တော်က မိန့်ကြားလိုက်သည်။

**အဖွားအို၏ ဇာတာဝ်စန်းလင် ဂဝ-ကျော်မှ တက်** အများကို အားကျ၍ သေလုနီးပါး ဆွမ်းချက်ပြီးမှ တပည့်တော်မှာ သံဃာ မရ သောကဖြစ်ရပါသည်။ အဖွားအို ဒုက္ခသည်ကို ကယ်ဆယ်သနား ချီးမြှောက်တော်မူပါဘုရားဟု ကရုဏာ ပွားအောင် ရှိခိုးလျှောက်ထားရာ ဆွမ်းခံကြွမည်ဟု မုခ်ဝက အထွက်တွင် လျှောက်တင်သော အဖွားလက်သို့ သပိတ်တော် အပ်လိုက်၏။ အဖွားသည် တကိုယ်လုံးခြုံ ပီတိဟုန်လွှမ်း ဝမ်းပန်းတသာ အရှင်မြတ်ကို အိမ်သို့ပင့်လာပြီး ယာဂုဆွမ်း ဘောဇဉ်များ လှူဒါန်းသည်။

ထိုအကြောင်းကို မင်းနှင့်ပြည်သူများသိရာ အဖွားအို၏ ဆွမ်းခဲဘွယ် သည် တင့်တယ်ပုံ မပေါ်။ မထေရ်ဘုဦးပေး၍ လေးမြတ်ပုံမရဟု ယူဆ ကြကာ ကောသလမင်းကြီးက အသပြာ ကျပ် ၁၀၀၀-နှင့် ဆွမ်းဘော- ဇဉ်များ၊ အဝတ်အစားများကို ပို့စေသည်။ အခြားသော မှူးမတ်၊ ဝိသာခါ၊ အနာထပိဏ် သူဌေး သူကြွယ်နှင့် ပြည်သူတို့ကလည်း အသီး သီး အသပြာ ၂၀၀၊ ၃၀၀-စသည်နှင့် အဝတ်အစား ခဲဘွယ် ဘောဇဉ် များကိုပါ အရှင်မြတ်စားသုံးရန် ပို့လာကြ၏။ အချို့ကလည်းအရှင့် မြတ်ကြီးကို သူတို့ဆွမ်းကပ်ပါရစေ၊ အဖွားအတွက် ရွှေကိုလိုရွှေ၊ ရတနာ ကိုလို ရတနာ ကြိုက်ရာကိုရွေး၊ လိုသမျှ ပေးမည်ဟုပင် ပြောကြားကြ၏။ အဖွားအိုက မပေးပါ။

**ရွှေငွေရတနာ ဖြာဖြာပြည့်လျှံ သောတာပန်** အရှင်မြတ်သည် အဖွားအားတုတ်၍ ချက်ပြုတ်သော ဆွမ်းယာဂု ကိုသာ ကရုဏာပဓာနဖြင့် ဘုဉ်းပေးတော်မူ ပြီး ဆွမ်းအနုမောဒနာပြုရာတွင် အဖွား သောတာပန် တည်သွားသည်။ မင်းနှင့် ပြည်သူ ပို့လှူကြသော လက်ဆောင်ပဏ္ဏာ ရတနာ ရွှေငွေ ဆန် ရေစပါး ကျွဲ နွား မြင်း ဆင် အရပ်ရပ်စုံလင်၍ နေ့ချင်းပင် ပေါများ ပြည့်စုံတော့သည်။ ဤသို့သော လောကီ လောကုတ္တရာ ကျိုး ၂-ဖြာကို ဥပမာပုံထား၍ အနုတ္တရဂုဏ်တော်သခင် အရှင်မြတ်များ၌ ၁၀-ပါး သော ပုညကြိယဝတ္ထုများကို ပြုစုအားထုတ်သင့်သည်သာတည်း။

**နမဿာမိ တထာဂတံ** တထာဂတအရ မြတ်စွာဘုရားနှင့် တရားသံဃာ ၃-ပါးလုံးကိုပင် ရလေသောကြောင့် ဓမ္မဉ်ရင်း၊ သံဃဉ်ရင်း နမဿာမိ တထာဂတံဟုပင် ရှိခိုးတော်မူသည်။ သက်ဆိုင်ရာ ဂုဏ်တော်များ၌ မှတ်သားဖွယ်ရာ သာဓကဝတ္ထုများကို ဆိုင်ရာပါဠိ အဋ္ဌကထာများမှထုတ်နုတ်၍ လျော်ကန်အောင် တင်ပြထားသည်။ အခြေ ခံဘာသာရေးဝယ် လေးနက်သောပညာပေး သာဓကများ ဖြစ်မည်ဟု ယုံကြည်မိသည့်အားလျော်စွာ ကြိုးကြိုးစားစား မှတ်သားရှင်ပြုံး ကျင့် သုံးနိုင်ကြပါစေ။

**ပညာပေးလျက် တိုက်တွန်းချက်** ဘုရားကို အုတ်ပုံသစ်သားစေတီပုထိုး များက ကွယ်ထားသည်။ တရားစစ် တရားမှန်များကိုအလွမ်းအသော အပြောမျိုးစုံ ဟောပြပုံတို့ကကွယ်ထား

သည်။ သံဃာတော်ကို ဘုန်းကြီးများက အဖုံးကြီးကြီးဖြင့် ဖုံးထားသည် ဟူသောစကားကို ဘုန်းကြီးများ ငယ်စဉ်ကပင်ကြားဘူးရာ နားမခံသာ အောင်ပင် ဖြစ်မိပါသည်။ စိစစ်သော် ထိုစကားများ၏ အဓိပ္ပာယ်မှာ ပညာသားပါ၍ ဆင်ခြင်ဘွယ်ဖြစ်၏။ လူများဓမ္မတာမှာ တန်ခိုးကြီးသော ရွှေတိဂုံ မဟာမြတ်မုနိ တို့ဆိုလျှင် ကြည်ညိုကြသည်။ အခြားသာမန်စေတီ တော်များကို ထိုမျှစိတ်မရောက်ကြပါ။ ဤသဘောကား ပြဆိုခဲ့ပြီးသော အရဟံစသော ဂုဏ်တော်များတိုင်အောင် စိတ်မရောက်နိုင်မှု၊ ပညာဖြင့် ဂုဏ်တော်ကို မဆင်ခြင် မကြည်ညိုနိုင်မှုသာဖြစ်၏။ ထို့ကြောင့် မည်သည့် စေတီပုထိုး ရုပ်ပွားတော်မဆို ပြဆိုခဲ့ပြီးသော ဗုဒ္ဓ၏ ပါရမီဂုဏ်ကျေးဇူး တော်များ၊ လူ နတ် ဗြဟ္မာ တို့၏ အကျိုးကျေးဇူး ဆောင်ရွက်တော်မူ ချက်များ၊ ဗုဒ္ဓကြောင့် သတ္တဝါများ အကျွတ်တရားရပုံများကို ဆင်ခြင်၍ ကြည်ညိုနိုင်ကြပါစေ။ ဆိုင်ရာဂေါပကတို့ကလည်း စေတီပုထိုး ရုပ်ပွား တော်များကို အများကြည်ညိုအောင် ပြုပြင်စောင့်ရှောက်နိုင်ကြပါစေ။

**ဓမ္မကြည်ညိုမှုဆိုင်ရာ** တရားစစ်တရားမှန်ဟူသမျှသည် မဖြစ်သေးသော အကုသိုလ်များ ဖြစ်ကို မဖြစ်ရအောင်၊ ဖြစ်ပြီး အကုသိုလ်များ ပျောက်ကင်း သွားအောင် စွမ်းဆောင်တော် မူနိုင်ပါ သည်။ ထို့အတူပင် မဖြစ်ရသေးသော ကုသိုလ်များဖြစ်ဖို့၊ ဖြစ်ပြီးကုသိုလ် များလည်း တိုးပွားဖို့ရှိသည်သာတည်း။ ထို့ကြောင့် တရားတော်ကို နာခံ မှတ်သားရသောအခါ ဆိုခဲ့ပြီးအကျိုးများ ရ၊မရ စိစစ်သင့်ကြသည်။ အကျိုးမရသော တရားစာအုပ်နှင့် စာပေများကို ရှောင်ရှား၍ တရားစစ် တရားမှန်တွေ့အောင်၊ သိအောင် အားထုတ်ကြသင့်သည်။

ဤနေရာ၌လည်း ယောနိသော မနသိကာရ နှလုံးသွင်း ကောင်းဘို့ အထူးလိုအပ်သည်။ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့မှာ ဇာတ် သဘင်ပွဲ ကြည့်ရှုယင်းပင် သံဝေဂဉာဏ် ထင်လာ၊ များမကြာမီ ဗုဒ္ဓ၏ အမြင့်ဆုံး တပည့် အဂ္ဂသာဝကများ ဖြစ်သွားကြသည်။ ထို့ကြောင့် ပွဲမကြည့်တတ်လျှင် ကိလေသာ၊ ကြည့်တတ်လျှင် ဘာဝနာ ဖြစ်သေး သည်ဟု နှလုံးသွင်း ကောင်းဘို့ အထူး လိုအပ်ကြောင်း မိန့်တော်မူကြ သည်။

**သံဃာတော် ကြည်ညိုမှုဆိုင်ရာ** လောက လူများမှာ မိမိတို့နှင့် ရင်းနှီး ချစ်ကျွမ်း ဝင်သော ချစ်ကျွမ်း ဝင် အောင် လောကရေးရာ အဖြာဖြာတို့ဖြင့် ချီးမြှောက် ကြသော သံဃာ

တော်များကို ကြည်ညိုကြမဲ့ဖြစ်၏။ ဂိုဏ်းဂဏအစွဲကြီးသော ဒကာ ဒကာမများ အချို သာ၍ပင် ကြည်ညိုမှု မမျှတ တဖက်စောင်းနင်း ကျ တတ်သေးသည်။ မိမိတို့ ပင်ပန်းစွာ ရှာဖွေရရှိသော ဥစ္စာများကို ကုန်ရ ကျိုးနပ်အောင် ငါတို့နှင့် ရင်းခြာသော ကိုယ်တော်၊ ငါတို့ ဂိုဏ်းက သံဃာ စသည်ဖြင့် ဂေဟာသိတပေမစွဲ ကင်းဝေးလျက် ဆိုခဲ့ပြီး ဂိုဏ် တော်များနှင့် ပြည့်စုံအောင် ကြိုးစားနေကြသော ဘုရားသားတော်များ ဖြစ်သည်။

အရှင်မြတ်တို့ အာ:ထုတ်သမျှ ပရိယတ်၊ ပဋိပတ် တာဝန်ပိုင်း ဆိုင်ရာ ကုသိုလ်များကို ပစ္စည်း ၄-ဖြာ ဒကာ-ဒကာမ ဖြစ်ကြသော ငါတို့လည်း ရပေမည်။ အရှင်မြတ်တို့ ဂုဏ်ကျေးဇူးကြောင့်ပင် ဘုရားရှင်မရှိသည်မှာ နှစ်ပေါင်း ၂၅၂၀ (၁၉၇၈-ခုနှစ် အတွက်) ကြာပြီ ဖြစ်သော်လည်း ပြည့်စုံသော သာသနာကို ကြည်ညိုခွင့် ရပေသည်ဟု ကျေးဇူးများသော သံဃာဂုဏ်တော်များကို စိုက်စိုက်ထိအောင် နှိုက်လျက် ကြည်ညိုသင့်ကြ သည်။ (မည်သို့ပင်ဖြစ်စေ ထိုနေ့ ဖြစ်သစ်စ သာမဏေမှ စ၍ သံဃာ တော် မှန်သမျှ ကြည်ညိုသင့်ကြောင်း၊ မိမိ နှလုံးသွင်းသာ အရေးကြီး ကြောင်း အဂ ါရိယဝုတ္တိသုတ်၌ ပြည့်စုံစွာ ဖော်ပြခဲ့၏။) သံဃာတော်များ ကလည်း လူများ အကြည်ညိုခံနိုင်လောင် ဝိနည်းတော်နှင့်အညီ အဖက် ဖက်မှ ပြုပြင် စောင့်စည်းတော်မူနိုင်ကြပါစေ။

**ဘာသာရေးအခြေခံ ခိုင်မာသိပ်သည်းရန်** ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ ၂-ပါးသည် ဗုဒ္ဓ၏ ဘာသာရေး အဖျက် တရားများဖြစ်သလို သဒ္ဓါနှင့် ပညာ (ကမ္မဿကတာ ပညာ) ၂-ပါး သည်လည်း ဘာသာရေးအတွက် ခိုင်မာသိပ်သည်းသော ကျောက်ပန္နက် များဖြစ်ကြသည်။ ဒိဋ္ဌိက ကုသိုလ် အကုသိုလ် မရှိ။ ယင်းကံတို့၏ကောင်း ကျိုး ဆိုးပြစ်သည်း မရှိ။ အတိတ်ဘဝဟောင်း မရှိ။ ယခုဘဝသေလျှင် နောက်ထပ်ဖြစ်စရာ ဘဝမရှိ။ ထိုထိုဘဝများနှင့် ဓမ္မအားလုံးကိုသိသော ဘုရား မရှိ။ တရားမရှိ။ သံဃာ မရှိ စသည်ဖြင့် ယူမှားသည်။ ဝိစိကိစ္ဆာ ကား ယုံတဝက် မယုံတဝက် ဖြစ်၏။

ထို့ကြောင့် ယင်း အဖျက်တရား ၂-ပါး ပါးသည်ထက် ပါးအောင် စေတနာထား ရေးသားတင်ပြသည်။ ဒိဋ္ဌိ ဝိစိကိစ္ဆာ ပါးသလောက်ပင် သဒ္ဓါပညာများ တိုးရမည်သာ ဖြစ်၏။ မှန်၏။ သဒ္ဓါသည် ရတနာ ၃-ပါးနှင့် ကံ-ကံ၏အကျိုးကို ယုံကြည်သည်။ ပညာကား ကမ္မဿကတာ

ပညာ၊ ဝိပဿနာပညာ၊ မဂ်ဖိုလ် ပညာ စသည်ဖြင့် အမျိုးရှိရာ အခြေခံမှာ ကမ္မဿကတာ ပညာသာတည်း။ ကံသာလျှင် ကိုယ်ပိုင် ဥစ္စာဟု သိသော ကမ္မဿကတာ ဉာဏ်၌တည်၍ သာလျှင် ဒါန သီလ စသည် ပြု၊ စည်းစိမ်အဆင့်ဆင့် ခံစား၊ နိဗ္ဗာန်သို့ သွားကြရသည်။ (သောတာပန်ဖြစ်မှ ဒိဋ္ဌိ ဝိစိကိစ္ဆာ လုံးလုံးကင်းပြတ်သည်။)

## ကမ္မဿကတာပညာနှင့်စပ်၍ သောသကသူငှေးဖြစ်ရပ်

**ဖခင်ထက် သာသော မိခင်မေတ္တာ** ငါတို့ဘုရားမပွင့်မီ အလ္လကပ္ပတိုင်း၌ ယည်းနာခေါ် ကပ်ရောဂါတခုဖြစ်ရာ အချို့အိမ်များ၌ လူ ၂၀-၃၀အထိပင် သေကြသည်။ ပြေးနိုင်မှ လွတ်မည်ကို သိသော ယောကျ်ား တဦးသည် သားငယ်ကို မိခင်နှင့် တလှည့်စီချီ၍ တိုင်းတပါး ပြေးကြ၏။ စားနပ်ရိက္ခာကုန်၍ ပင်ပန်းကြသဖြင့် ဖခင်သည် သားကိုချီလျက် နောက်ချန်နေခဲ့၊ သားကို လမ်းမှာပင် ထားခဲ့သည်။ သားမပါသည်ကို သိသောမိခင်သည် ငိုလျက် သားကို မေးရာ လင်ယောကျ်ားက ငါတို့အသက်ရှင်ကြလျှင် သားရနိုင်ပါသေးသည်ဟု ပြောသည်။ "ရက်စက်သောလင်နှင့် မလိုက်လိုတော့" ဟု မယားရန်တွေ့ရမှ အပြစ်ကို သည်းခံစေ၍ သားကိုသွားခေါ်ယူလာ၏။ အကုသိုလ်ကား ပျောက်သွားမည် မဟုတ်တော့ပေ။

**မာလောန္တယ်ပမာ ငြိတဏှာ** သားအဖ ၃-ဦး ညနေချမ်းတွင် နွားကျောင်းသား တဲတခုသို့ ရောက်လာကြရာ တဲရှင်များက သားအဖ ၃-ဦးအား ထောပတ်ပါသော နို့ဃနာကို အိုးကြီးအပြည့် ကျွေးကြသည်။ လင်ဖြစ်သူမှာ အလွန်အကျွံ စားမိသဖြင့် အစာမကြေဘဲ ထိုညလွန်လျှင် သေသွား၏။ နွားကျောင်းတဲရှင်တို့၌ တွယ်တာဘပ်မက်ခြင်းကြောင့် နွားကျောင်းတဲရှိ ခွေးမဝမ်း၌ သန္ဓေယူသည်။ မာလောန္တယ်သည် မိုးရာသစ်ပင်ကို ငြိတွယ်သကဲ့သို့ တဏှာလည်း ရောက်လေရာကို ငြိ၏။ နွားကျောင်းသားသည် ခွေးငယ်အား ကျွေးမွေး၍ သွားရာကို ခေါ်သည်။

**ခွေးလိမ္မာ၏ စေတနာ တာဝတိံသာသို့** နွားကျောင်းသားသည် ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား အိမ်သို့ နေ့စဉ်ပင့်၍ ဆွမ်းကပ်သည်။ အရှင်မြတ်ထံ ဆွမ်းစား သွားပင့်တိုင်း ခွေးလိမ္မာပါ၏။ အရှင်ဘုရား၊ ဤခွေးသည် လိမ္မာပါ၏။ တပည့်

တော် နေ့တိုင်းလာမပင့်အားပါ။ ခွေးငယ် အရှင်မြတ်ထံလာသော အမှတ်ဖြင့် ဆွမ်းစားကြွပါဘုရား”ဟု လျှောက်ထားသည်။ ခွေးငယ်သည် အရှင်မြတ် သီတင်းသုံးသော တောအုပ်သို့သွား၊ အရှင်မြတ်၏ ခြေရင်း၌ ဝပ်သည်။ ခွေးကို စုံစမ်းလိုသဖြင့် အရှင်မြတ်လမ်းလွှဲသွားရာ ခွေးသည် ရှေ့မှ တားဆီးရပ်နေ၏။ နွားကျောင်းသားသည် သစ်ကျားစသော သားရဲများ ရှောင်သွားအောင် သစ်ပင်ချုံပုတ်များကို ရိုက်ပုတ်သွားသလို ခွေးလိမ္မာလည်း ထိုနေရာမျိုးရောက်လျှင် ကြောက်မယ်ဖွယ်ရာ ဟောင်ပေးသည်။ ဆွမ်းဘုဉ်းပေးရာတွင် ဆွမ်းလုပ်ကြီး တလုပ်တလုပ်ပေးသဖြင့် အရှင်မြတ်အား ခွေးလိမ္မာသည် အလွန်ခင်မင်နေသည်။ ဝါကျွတ်၍ အရပ်တပါးသို့ အရှင်မြတ် အပြီးကြွရာ နွားကျောင်းသားနှင့်အတူ လိုက်ပို့ပြီး အပြန်တွင် ရင်ကွဲနာကျ၍ သေ၊ တာဝတိံသာတွင် ဖြစ်လေသည်။

**ကောင်းဆိုး နှစ်တန် ကံစီမံ၍** တာဝတိံသာ နတ်ပြည်ဝယ် အခြားနတ်သားများနှင့် စကားပြောရာ အားလုံး၏ အသံကို ဖုံးလွှမ်းတည်သဖြင့် ဃောသကနတ်သားအမည်ရသည်။ ခွေးလိမ္မာဘဝတွင် ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား သားရဲစသော ဘေးရန်ကင်းအောင် ဟောင်ပေးရသော မဟာကုသိုလ်စေတနာကံတို့၏ အကျိုးပင်ဖြစ်၏။ ကောသမ္ဗီပြည် ဥတေနမင်း မင်းပြုစဉ် ဃောသကနတ်သားသည် နတ်သက်ကုန်၍ ကောသမ္ဗီပြည် ပြည့်တန်ဆာမတဦးထံ ဝင်စား၊ ဖွားမြင်လတ်သော် သားယောကျ်ားဖြစ်နေ၍ ပြည့်တန်ဆာမတို့၏ ဓမ္မ-တာအတိုင်း အမှိုက်ပုံ၌ စွန့်ပစ်၏။ အတိတ်အကုသိုလ်ကံသည် လက်စားချေရန် အားယူလာသည်။ သို့သော် ကုသိုလ်စေတနာ များကလည်း မျက်ခြည်မပြတ် အကဲခတ်လျက်သာတည်း။

**သူဌေးဓမ္မတာ ဌေးဘို့သာ ထပ်ရှာ** ကောသမ္ဗီသူဌေးအိမ်သို့နံနက်စောစော လာသော အလုပ် သမားခေါင်းဆောင်တဦးသည် အမှိုက်ပုံဝယ် ကျီးတသောသော ဝိုင်းနေသော ကလေးကိုတွေ့၍ ဘုန်းကံရှင်ဖြစ်လိမ့်မည်ဟုယူဆကာ အိမ်သို့ပို့စေသည်။ ကောသမ္ဗီ သူဌေးမင်းသည် မင်းထံခစားရန် အသွား လမ်းတွင် ဆရာပုရောဟိတ်နှင့်တွေ့၍ ယနေ့ နက္ခတ်နှင့် ယှဉ်၍ ဖွားသော သူငယ်သည် ကောသမ္ဗီပြည်၌ သူဌေးရာထူးရမည်ဟူသော ဟောချက်ကို မှတ်ထားလိုက်၏။ ကိုယ်ဝန် အရင့်အမာရှိသော သူ၏ သူဌေးကတော် သားဖွား

မဖွားလည်း မေးခိုင်းလိုက်၏။ မဖွားသေးမှန်းသိသော်“ဤမြို့၌ ယနေ့ ဖွားသောသငယ်ကို ရှာကြ”ဟု ခိုင်းပြန်ရာ သူ၏ အလုပ်သမားခေါင်း ဆောင်တဦးအိမ်၌ ယနေ့ဖွားသောသူငယ်ရှိကြောင်း သိသဖြင့် မပေးလို သော်လည်း အတင်းပင် ငွေ ၁၀၀၀ ပေး၍ မွေးစားလိုက်သည်။ ဤသို့ ကျွှင် ချမ်းသာသူများ ထပ်ချမ်းသာရန် ကြံဖန်ပုံမှာ ခမ္ပတာသာတည်း။

**ဝမ်း၌မလွယ် သားမမွယ်လည်း နွားထီးတခု ကျေးဇူးပြုသဖြင့်** (၁) သူဌေး ကြီးသည် သူ့ဇနီးမှ သမီးမွေးလျှင် ဤသူငယ်ကို သားအ ဖြစ် မွေးစားမည်၊သားမွေးလျှင်တော့ သတ်ပစ်မည်ဟု ကြံထား၏။ ၂-ရက် ၃-ရက်ကြာလျှင် သူ့ဇနီးက သား ကိုပင် မွေ့ သည်။ ထို့ကြောင့် ဃောသက သူငယ်(နတ်နာမည်အတိုင်း) ကို နွားနင်းသေအောင် နွားခြံဝထားခိုင်းသည်။ နွားလားဥသဘကြီး က ခြေ ၄-ဘက်အကြားထား၍ ရပ်နေသဖြင့် မည်သည့်နွားမျှ မနင်း နိုင်။ နွားကျောင်းသားများတွေ့ရာ ဘုန်းကံရှင်ထင်၍ မွေးကြမည်ဟု တိုင်ပင်ကာ အိမ်ယူသွားကြသည်။

**သုသာန်သို့လိုက် ဆိတ်နို့တိုက်ရှာ** (၂)ထောက်လှမ်းချက်အရ သူငယ် မသေဟု သိသော သူဌေးကြီးသည် နွားကျောင်းသားများထံ ငွေ ၁၀၀၀ဝိ ပေးယူလာပြီး သုသာန်၌ပစ်ထား စေသည်။ နို့စားဆိတ်မသည် သငယ်အား နို့သွားတိုက်ပြီးမှ အစာရှာစား၊ အပြန်တွင်လည်း လာ၍နို့တိုက်၏။ဆိတ်ကျောင်းသားမြင်၍ “ဤကလေး ဘုန်းကံရှင်ဖြစ်မည်၊ တိရစ္ဆာန်များကသော်မှ သူငယ်၏ ဂုဏ်ကျေးဇူးကို သိ၏။ မွေးစားအံ့”ဟု ကြံကာ အိမ်ယူသွားသည်။

**လှည်းလမ်းမှာချ ချောက်သို့ကျလည်း** (၃-၄) အလားတူပင် ဆိတ် ကျောင်းသားထံ ငွေ ၁၀၀၀ဝိ ပေးယူကာ ကုန်သည်လှည်းများလာမည်သိ၍ လှည်းလမ်း ချထားသည်။ ရှေ့ဆုံးလှည်းမှ နွားများ မသွားဘဲ ရပ်နေရာ လှည်းကုန်သည်သား သိ၍ မွေးစားသည်။ နောက်တဖန် ၁၀၀၀ဝိ ပေးယူပြန်ကာ မြို့မှ မနီးမဝေးရှိ ချောက်ကမ်းပါး၌ ပစ်စေပြန်၏။ သငယ်၏ ဘုန်းကံကြောင့် ကျူထရံ သမားများ အလုပ်လုပ်ရာ တဲပေါ်သို့ ဝါမ်စိုင်ပေါ် ကျသလို ကျ၏။ ကောက်ယူ မွေးစားကြသည်။

**လက်ဆောင် တံစိုး ထိုး၍ ခွဲရ ကွဲမြဲသာတည်း**

(၅)ကျူထရံသည်မှုးထံမှငွေ ၁၀၀ဝိ ပေးယူပြီး အိုးထိန်းသည်ထံသွား၊ ၂-ကိုယ်ကြားပြောသည်။ လက်ဆောင် တံစိုးမည်သည် စိတ်ဝမ်းမကွဲသူကိုလည်း ခွဲနိုင်သည်ဖြစ်ရာ ဝန်လေးသော အမှုဟု ပထမ ငြင်းသော်လည်း ၁၀၀ဝိ-ပေးသောအခါ သဘောတူ လိုက်သည်။ အိုးဖုတ်မည့်နေ့မှာ လွှတ်လိုက်ဖို့ ချိန်း၏။ ၎င်းရက် ရောက် သောအခါ သူဌေးသည် ဃောသက သူငယ်ကို ခေါ်ပြီးလျှင် "ဖေဖေ မှာတဲ့ကိစ္စ ယနေ့ပြီးအောင် လုပ်ပါ"ဟု မှာလိုက်ကြောင်း အိုးထိန်းသည် ထံ သွားပြောခိုင်းလိုက်သည်။ မွေးစားဖခင်၏ ယုတ်မာရက်စက်ပုံမှာ ကမ်းကုန်လာပြီသာတည်း။

**သူတပါးမနာလို ကိုယ်သာဆင်းရဲ ဘေးတွေ့မြဲ**

ကလေးများ ကြီးလာကြပြီဖြစ်ရာ သားရင်း သူငယ်သည် အခြား ကလေးများနှင့် ဂေါ်လီကစားရာ ရှုံး၍သာ နေသည်။ အိုးထိန်းသည်ထံသွားသော အစ်ကို ဃောသကကို မြင်၍ နိုင်အောင် ကစားပေးရန်ပူဆာသည်။ ဖခင်၏ အမှာကိစ္စကို ပြော ပြရာ "သူသွားပါမည်၊ ရှုံးသွားသော ဂေါ်လီများကိုသာ ပြန်ရအောင် လုပ်ပေးပါ" ဟု ပြောပြီး ဖခင်အမှာစကားကို မှတ်သား၍ အိုးထိန်း သည်ထံ သွားပြောသည်။ အိုးထိန်းသည်က "မင်းအဖေ မှာတဲ့ ကိစ္စ ယနေ့ ပြီးအောင် လုပ်ပါမည်"ဟုပြောပြီး သားအရင်းသူငယ်ကို အိပ် ခန်းတွင်းသွင်း၊ ပုံကွပ်ဖြင့် ခုတ်ဖြတ်၊ အိုး၌ထည့်၊ အဝပိတ်၍ အိုးစိမ်းတို့ အကြား၌ထားကာ အိုးဖိုကို မီးတိုက်တော့၏။

ဃောသကမှာမူ ဂေါ်လီများစွာ နိုင်နေပြီ။ ညီငယ်မလာနိုင်သဖြင့် အိုးထိန်းသည် အိမ်အနီး သွားရှာသော်လည်း မတွေ့ အိမ်ပြန်သွားပြီ ထင်ကာ ပြန်လာခဲ့သည်။ "ဖေဖေမှာတဲ့အ [illegible] အိုးထိန်းသည်ထံ ကျွန် တော် သွားပြောဘိုပါဘဲ။ ညီငယ်က သူ့ဂေါ်လီပြန်ရအောင် လုပ် ပေးဘို့ ပူဆာသဖြင့် ကျွန်ုပ်ကစားပေးနေ [illegible] ထိန်းသည်ထံကို တော့ သူသွားမည်ပြောပြီး သွားပါတယ်" ဟုသည်ဖြင့် ဃောသကက ပြောရာ သူဌေးမှာ မဟာပထဝီမြေကြီး အပိခဲ့ဂူသကဲ့သို့ ဖြစ်သွားတော့ သည်။ တုန်တုန်ခိုက်ခိုက်ဖြင့် အိုးထိန်းသည်ထံ [illegible] ကြည့် စမ်းပါဦးမောင်"ဟု လျှိုဝှက်စကားပြောရာ ကိစ္စ ပြီးပေါ့ပုံ အပြတ်

ပြောလိုက်သည်။ ထိုအခါမှစ၍ ''ခုတ်ရာတလွဲ ရှရာတလွဲ''ချည့် ဖြစ်ရသော သူဌေးကြီးမှာ စိတ္တဇရောဂါစွဲကပ်လာတော့၏။ ဿောသကကား နုနယ်ပြေပြစ် မျစ်စိုကြီးသဖွယ် လှပတင့်တယ်၍ လူပျို အရွယ်သို့ပင် ရောက်လာလေပြီ။

**ချဘူ သောရေစက် ပန္နက်ဘူးသောသစ္စာ** (၆) ''ညီး-သည်လောက် အချိန်ကြာရအောင် အပြင်မှာ ဘယ်ငနဲနဲ့ ဘာတွေကျဲနေတာလဲ''ဟု ရွာငယ်သူဌေးသမီးသည် ဈေးသို့ ပန်းဝယ်သွားသူ ကျွန်မအား စိတ်ဆိုး၍ မေးသည်။ ''မပြောပါနှင့် အရှင်မ၊ သည်လောက်လှတဲ့လူကို ရှေးက မမြင်ဘူးပါ။ အရှင်မဖခင်ရဲ့ သူငယ်ချင်းသူဌေးသားတဲ့။ သူလှပုံကိုတော့ မပြောနိုင်အောင်ပါဘဲ။ ပန်းဝယ်အသွားမှာ အရှင်မဖခင်က ဧည့်သည် ဟိုလူကို ခြေဆေးပေးခိုင်း၊ အိပ်ရာနေရာခင်းခိုင်း၍ လုပ်ပေးပြီးမှ ပန်းဝယ်သွားရသဖြင့် ကြာသွားပါတယ်''ဟု တင်ပြရာ သူဌေးသမီးမှာ ထိုင်ရ ထရမှန်း မသိလောက်အောင်ပင် အချစ်ဆိပ် တက်သွားသည်။ လွန်ခဲ့သော ၄-ဘဝမြောက်၌ ကပ်ရောဂါကြောင့် ထွက်ပြေးရစဉ်က သမီး ခင်ပွန်း တော်ခဲ့သော ဿံယောဇဉ်အမျှင်ကား သေးလျက်ခိုင်မာဆဲပင် ဖြစ်သည်။

**သူဌေးသမီး အချစ်ကြီးသဖြင့် သူ့ပစ္စည်း ဖြစ်အောင် ဉာဏ်ရှေဆောင်ပုံ** သူမသည် ကျွန်မနှင့် အတူ အိပ်ခန်းဝယ် အိပ်နေသော ဧည့်သည်ကို သွားချောင်းသည်။ ပုဆိုးစွန်၌ သဝဏ်လွှာ စာအိတ်ကိုမြင်သဖြင့် ဧည့်သည်မနိုးအောင် ခိုးဖတ်ကြည့်သည်။ စာမှာ မွေးစားဖခင်က ရွာတရွာရှိအလုပ်သမားမှူးထံ ယခုစာနှင့်လာသော ဿောသက သူငယ်ကို ပရိယာယ်ဖြင့် ဖျောက်ဖျက်ပစ်လိုက်ပါဟု ရေးသောစာဖြစ်သည်။ ဤရွာငယ် သူဌေးအိမ်သို့ကား ခရီးတထောက်နားရန် ဖခင်ညွှန်ကြားချက်အရ ဝင်နားသည်။ ပြီးလျှင် ဤရွာမှထွက်၍ သေစာကို အခြားရွာ အလုပ်သမားမှူးထံ သွားဆက်ရတော့မည်။ သူဌေးသမီးသည် ''မောင်ဟာ သူ့သေမိန့်လွှာ သူကိုယ်တိုင် ယူလာပါတကား''ဟု သနားကြင်နာ ချစ်မေတ္တာဖြင့် ထိုစာကိုဆုတ်ပြီးလျှင် ''ယခုလာသောသားကို ရွာငယ်သူဌေးသမီးနှင့် ပေးစားဘို့၊ သူ့ဆိုင်ရာ ဥစ္စာများ တောင်းယူပြီး မင်္ဂလာအခမ်းအနား သူ့ကိုယ်စား ကျင်းပပေးဘို့၊ ပြီးလျှင် ကုန်ကျသမျှ စာရင်းတင်ပြဘို့ စသည်ပါသော

စာအသစ်ပြင်ရေးကာ တံဆိပ်တုရိုက်၊ လတ်မှတ်တုထိုးပြီးခြေရာလက်ရာ မပျက် ပုဆိုးစွန်း၌ ပြန်ထားလိုက်သည်။

**ဃောသက ကုသိုလ်ကံကြောင့် သူဌေးသမီး၏ ပြင်ဆင်စာအရ အလုပ်ပြုလိုသမျှဒဏ်သူဌေးပင်ခံရသည်** သမားမှူး စီစဉ်သဖြင့် ဃောသကနှင့် ရှာငယ် သူဌေးသမီး မင်္ဂလာပွဲ ပြီးသွားပေပြီ။ ထိုအကြောင်းကို အလုပ်သမားမှူးက ကောသမ္ဗီ သူဌေးထံ စာရင်းနှင့်တကွ စာပို့လိုက်ရာ "ယခုငါမှာပျက်စီးရပြီ"ဟု ကောသမ္ဗီ သူဌေးသည် ပူပန်လှစွာ ဝမ်းသွေးပါ ပါတော့၏။ စိတ်မိုက်ကား မလျှော့ပါ။ "သူ့ ပစ္စည်းတွေ ဃောသက မရအောင်လုပ်မည်" ဟု ကြံစည်ပြီးလျှင် "ကိစ္စပြီးပေါ့၊ သားနှင့် သမီး ဖခင်ထံ အမြန်လာကြ"ဟု သတင်းပို့သည်။ သတင်းရလျှင် ဃောသကသည် ပြန်ရန် ပြင်ဆင်၏။ "ဖခင်ပရိယာယ် မောင် ဘာမျှနားမလည်ပါတကား"ဟု သူဌေးသမီးသည် စီမံဘွယ်များပြီးမှ သွားသင့်ကြောင်း အချိန်ဆွဲထားသည်။

"အသက်မှီအောင် လာပါ"ဟု ဒုတိယအမှာ ရသောအခါ သူဌေးသမီးသည် လင်သည်ဃောသကအား ကောသမ္ဗီ သူဌေးသည် ဖခင်ရင်းမဟုတ်ပုံ၊ သေမိန့်စာနှင့် လွတ်ရာ သူ ပြင်ရေးပုံ ဖြစ်ရပ်စုံကို ပြောပြပြီး ယခုလည်းသားမဟုတ်ကြောင်း စီစဉ်မည့်အနေဖြစ်၍ သူသေမှ သွားသင့်ကြောင်း ဇနီးက ပြောပြသည်။ နောက် သေပြီ သတင်းကြား၍ ဃောသကတို့ ဇနီးမောင်နှံ အခြံအရံများနှင့်တကွ ကောသမ္ဗီသို့ သွားကြသည်။ သေကား မသေသေးပါ။ ဇနီး အလိမ္မာသည် မောင်ဃောသကအတွက် အဖက်ဖက်မှ လုံခြုံရေး စသည် စီမံပြီး ၂-ဦးလုံး အိမ်တွင်းဝင် သူဌေးကြီးထံ ချဉ်းကပ်။ သူဌေးသမီးသည် ငိုဟန်ပြု၍ ခေါင်းနှင့် ရင်ဝသို့ တအားဆောင့်၏။ ကောသမ္ဗီသူဌေးကြီး ကွယ်လွန်ရသည်။

**သူဌေးရာထူး ကုသိုလ်ထူး ဆည်းပူးတဖန် ကောင်းမှုကံ** ဃောသကသည် အသုဘကိစ္စပြီးစီးသော် အိမ်ရှိ လူများအား ကျေနပ် လောက်အောင် ပေးကမ်းပြီး သူ့ကို သားရင်းအဖြစ် တညီတညွတ်တည်း ထွက်ဆိုကြဘို့ မှာထားသည်။ ထိုအတိုင်းပင် နောက် ၇-ရက်ခန့်တွင် ဥတေနမင်း၏ ဆိုင်ရာအရာရှိများအမေးကို ထွက်ဆိုကြသဖြင့် အဆောင် အယောင်နှင့် တကွ ဃောသက သူဌေး ရာထူးရသည်။ လိမ္မာသူ ဇနီးသည်၏ စီမံတိုက်တွန်းချက် အရ ၂-ဦးသဘောတူ

နေ့စဉ် ၁၀၀ဝိ-ကုန် ဒါနပြုကြသည်။ နောက်ပိုင်းတွင် ကုက္ကုဋ္ဌသူဌေး၊ ပါဝါရိကသူဌေး ၂-ဦးနှင့်အတူ ဃောသကသူဌေးသည် ရသော ၅၀၀-၏ ညွှန်ပြချက်အရ လှည်းအစီး ၅၀၀-စီ စုစုပေါင်း လှည်းအစီး ၁၅၀၀ ဝယ် လှူဖွယ်တင်၍ သာဝတ္ထိမြို့သို့ သွားကြသည်။

ဇေတဝန်ကျောင်းတိုက်အနီးတွင် လှည်းဝိုင်းချကာ ဘုရားထံမှောက် သွားရောက် တရားနာကြသည်။ သူဌေး ၃-ဦးလုံး သောတာပန် တည် သွား၏။ ဘုရား အမှူးရှိသော သံဃာတော်များအား ၁၅-ရက် ဆွမ်း ကပ်ပြီး ကောသမ္ဗီပြည် ကြွရောက် ချီးမြှောက်ဖို့ ပင့်ကာ ဃောသိတာရုံ ကျောင်းတိုက်ကြီး ဆောက်၍ သာသနာတော်အား ချီးမြှောက် ပြုစု သည်။ အခြား သူဌေး ၂-ဦးကလည်း ကုက္ကုဋ္ဌာရုံ၊ ပါဝါရိကမ္ဗဝနဟု ကျောင်းတိုက်ကြီး ၂-တိုက် ဆောက်ကာ အလားတူပင် ပူဇော်ကြ၏။

**ကံကျိုး မြော်မြင် ပညာရှင် တွင်တွင်အားထုတ် ကိုယ့်အလုပ်** "ဘယ်သူမပြု၊ မိမိမှုတည်း၊ အကု တရား၊ ထိုအမှားကား၊ တပါးမခံ၊ ယင်းဘေးဒဏ်သည်၊ပြုသူထံသို့၊ ပြန် မြဲတည်း"ဟူသော သဒ္ဓါပညာ ယုံကြည်သိမှတ်ဖွယ်ရာ ဥပဒေသနှင့်အညီ ဃောသက၏ ဖြစ်ရပ်ဇာတ်စုံဝယ် ရင်သွေးသားငယ်ကိုသတ်မှု ပါဏာတိ- ပါတ ကမ္မပထပင် မမြောက်သေးသော အနည်းငယ်သော အကုသိုလ်ကံ ဖြင့်ပင် ခွေးဘဝရပြီး ဃောသက လူ့ဘဝတွင် အကြိမ်များစွာ လုပ်ကြံ ဖျက်ဆီးခံရသည်။ ကမ္မပထမြောက် (စွဲချက်တင် စီရင်ချက် ချအပ်) သော အကုသိုလ်များဝယ် ဆိုဖွယ်ရာမမြင်တော့သည်သာတည်း။ ဤသို့ လျှင် အကုသိုလ်မှန်သမျှ အဆိပ်ပြင်းလှသည်။

ထို့ အတူပင် ပစ္စေက ဗုဒ္ဓါ အရှင် မြတ် အား ကြည် ညို သဒ္ဓါ စေတနာဖြင့် ကျူညီ စောင့်ရှောက် ရသော ခွေး ဘဝ မဟာ ကုသိုလ် စေတနာဖြင့် တာဝတိံသာ နတ် စည်းစိမ်ကို ရ၍ လူ့ ဘ ဝ တွင် ဃောသက သူဌေး ဖြစ်ကာ ဘုရား ဒကာ၊ ကျောင်းဒကာ ဖြစ်ရသည်။ ဤသို့လျှင် ကုသိုလ်ဟူသမျှသည်လည်း အားရ ကျေနပ်ဖွယ်ပင် ဖြစ်ရာ ကံကျိုးမြော်မြင် ပညာရှင်တို့သည် ကိုယ့်ဆိုင်ရာ အလုပ်ဖြစ်သော ဒါန သီလ ဘာဝနာ အဖြာဖြာအစုစု ကုသိုလ်မှုတို့ကို ပြုစုကျိုးကုတ် အားထုတ် နိုင်ကြပါစေကုန်သတည်း။

## (၇) လေ့ကျင့်ခန်းများ

၁။ ဗိမ္ဗိသာရမင်းကြီး ဘာ့ကြောင့် ညအခါ သူရဲ (တစ္ဆေ) ခြောက်ခံရသနည်း။ သီလရှိ ရဟန်းကိုပင့်၍ ဆွမ်းစင် ဆွမ်းသွတ် သင့်ကြောင်း ထုံးတခုရအောင် ရေးသားပါ။

၂။ တကြိမ်ရှိခိုး ကောင်းကျိုးအသခေ်ျရခြင်းကို အငြင်းမပွါးအောင် ရေးသား၍ ဖခင်နှင့် မဋ္ဌကုဏ္ဍလီ နတ်သား အပါအဝင် သတ္တဝါပေါင်း ၈၄၀၀၀-ကျွတ်တမ်းဝင်ခြား တရားစကားကိုလည်း ညွှန်ပြပါ။

၃။ ဗုဒ္ဓဂုဏ်များ ရှုပွါး ပူဇော်ကျိုး ရသလို ဓမ္မ သံဃာ ဂုဏ်များကို ရှုပွါးပူဇော်ကျိုး ရ မရ သာဓကပေါ်ပြ၍ အနုတ္တရ ပုညက္ခေတ္တ ဂုဏ်တော်ပြ ကာကမောင်နှံ့ ကျိုးပေးဟန်ကိုလည်း လိုရင်း ရှင်းပြပါ။

၄။ လောကဥ်နတ်များ မ-နိုင်ပါသလော။ "သေခါနီးမှာ ကိုလေသာ ဟူ ရိက္ခာယူ၏"ဟူသည့် ဝါကျရှင်းလင်းပြ၍ ၁၀-ကျော်အဖွား၏ တရားရစရာ စေတနာကိုလည်း ပြပါ။

၅။ ဘုရားကို အုတ်ပုံ သစ်သား ကွယ်ထားသည် ဟူသော စကားကို ပညာရှုဒေါင့်ဖြင့် တင်ပြ၍ ကုသိုလ်ဖြစ်ရေးဝယ် အသင့်နှလုံးသွင်းမှု အရေးကြီးပုံကို ၎င်း၊ သံဃာ ကြည်ညိုနည်းကို၎င်း သိပ်သည်းစွာ တင်ပြပါ။

၆။ သာသနာ ဘာသာရေးဝယ် အဖျက်နှင့် အပြု တရားစုများကို ပြ၍ တဏှာ၏ "မာလောနွယ်ပမာ"ငြိတတ်ရှာပုံ ရတနာ သုံးပါးကို အသံဖြင့် ပူဇော်မှု အကျိုးရပုံကိုလည်း ရေးပါ။

၇။ ကောသမ္ဗီသူဌေး မွေးစားသား သတ်ရေးဝယ် ကုန်သွေ့စာရင်းပြ၍ မသေမည့်သူ ပေါက်ဆိန်နှင့်ထုသတ် မသေ၊ ချဘူးသော ရေစက် ပန္နက်ဘူးသော သစ္စာ ဤစကားများ၏ ယုတ္တိညီပြပါ။

၈။ သူတည်းတယောက် ကောင်းသို့ရောက်မူ သူတယောက်မှာ ပျက်လင့်ကာသာ ဓမ္မတာတည်း— ဟူသော နီတိကို အသိရှင်းစေ၍ ဇနီးသည်များ လင်သားဝယ် တွယ်တာ ကျေးဇူးများပုံကိုလည်း ရေးသားပါ။

၉။ သူဌေးလောဘ အနန္တဖြစ်ပုံ လူမှုရေး၌ တံစိုး လက်ဆောင် အရေးကြီးပုံ၊ မှန်းတိုင်းမပေါက်က ရူးခြင်းသို့ ရောက်ရပုံများကို သံဝေဂဖြစ်ဖို့ စိစစ် ရေးသားပါ။

၁၀။ ကောသမ္ဗီပြည် ကျောင်းတိုက်ကြီး ၃-တိုက်ကို ပြ၍ 'ဥမမယ် စာမမြောက်' တရားဝင် ပြစ်မှုမမြောက်သေးသော အကုသိုလ် ပင် အဆိပ်ပြင်းပုံ၊ တိရစ္ဆာန်၌ ဖြစ်ရသော ကုသိုလ်ပင် ကျေးဇူး များပုံကိုလည်း ရှောင်၊ ဆောင်ဖွယ်ရာ ရေးပါ။

---

## ဘုရားပင့်ဆိုင်ရာ အဓိပ္ပာယ်

**စိတ်သာရှင်စေ ဘုရားဟောခဲ့** ငါတို့ ဘုရားရှင်သည် လွန်ခဲ့သော နှစ်ပေါင်း ၂၅၂၀-ခန့်က ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးဖြစ်၍ ယခုကဲ့သို့ ဘုရားပင့်သော်လည်း ကြွမလာတော့ ပါ။ သို့ပါလျက် ပင့်ခြင်းသည် အလုပ်ပိုဟု သဒ္ဓါ၊ ပညာ အားသေးသူ များက ပြောဆိုပြစ်တင်ဖွယ် ဖြစ်သော်လည်း ၅-ပါးသီလ ခံယူတော့ မည်၊ ဘုရားရှိခိုးတော့မည်ဆိုပါလျှင် ကြည်ညိုဖွယ်ရာ ဂုဏ်ကျေးဇူးအဖြာ ဖြာကို နောက်ကပြခဲ့ပြီးအတိုင်း နှလုံးသွင်းကြည်ညိုကြရပါမည်။ ကြည် ညိုပြီးလျှင် မိမိဦးခေါင်းပေါ် စသည်၌ ဘုရား တရား သံဃာတော်များ ကို အသီးသီး သီတင်းသုံးစေပြီးမှ ငါးပါးသီလယူ၊ ဘုရားရှိခိုး၊ ဆိုင်ရာ ပရိတ်မေတ္တာ ဘာဝနာများ အားထုတ်ခြင်းသည် လောက၌ အကောင်း ဆုံးဖြစ်သည်။ ထို့ကြောင့် ဘုရား တရား သံဃာ တော်များကို ပင့်ရပါ သည်။

ထို့ပြင် ဘုရား ပုထိုးစေတီကော်များကို ရှိခိုးရာ၊ ဆွမ်း ပန်းစသည် လှူဒါန်းပူဇော် ရာမှာလည်း အုတ်ပုံ၊ သစ်သား၊ ရုပ်တုတော်များကို လှူဒါန်းပူဇော်သည် မဟုတ်ပါ။ ပရိနိဗ္ဗာန် မဝင်စံသေးသော အသက် ထင်ရှားရှိ ဘုရားဂုဏ်တော်များကို ရည်မှန်း ပူဇော်မှုသာ ဖြစ်ပါသည်။ ထို့ကြောင့် ကြွမလာသော်လည်း ဘုရားပင့်ရသည်။ ရုပ်တုတော်တို့က ဆွမ်းမစားသော်လည်း ဆွမ်းကပ်ရပါသည်။ ဘာသာရေး၌ သဒ္ဓါပညာ ပြဋ္ဌာန်းသောစိတ်သည် အရေးအကြီးဆုံးဖြစ်၏။

ထို့ကြောင့် "တလောကလုံးကို စိတ်ကဆွဲဆောင်ထားသည်။ စိတ်တခု၏ အလိုကို တလောကလုံးက လိုက်နာကြရသည်"ဟု ဘုရားရှင် ဟောတော်မူသည်။ "အရှင်ဘုရားတို့၊ သာသနာတော်မှာ တစုံတရာ ပြောပြလက်ညှိုးထိုးဘို့ ဒါန သီလစသည် ဘာမျှမပြုဘဲ နတ်ပြည်ရောက်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား" ဟု မဋ္ဌကုဏ္ဍလီ၏ ဖခင်သည် ဘုရားရှင်ကို မေးလျှောက်ရာ ဘုရားရှင်က "စိတ်သာ"ဟု ပုဏ္ဏားကြီးကို မိန့်ဆိုတော်မူသည်။ (တရား၊ သံဃာ ပင့်ရာ၌လည်း နည်းတူပင်မှတ်။ ၎င်းဝတ္ထုဂုဏ်တော်ဖွင့်၌ ပြခဲ့ပြီ။)

**စိတ်ကူးဖြင့် တာဝတိံသာ ရောက်ပုံ** သာသနာတော်၌ စိတ်တလုံးအသုံးချတတ်သဖြင့် ကျေးဇူးများပုံမှာ ဂေါတမဘုရားအလောင်းတော် တိလောက ဝိဇယ စကြာမင်းကြီးသည် မြောက်မြားစွာသော ဘုရားပစ္စေကဗုဒ္ဓါ အရိယာ သံဃာတော်များကို ဉာဏ်၌ထင်မြင်လာအောင် စိတ်ကူး၍ နှစ်သက်ကြည်ညိုရိုသေစွာ ရှိခိုး ပူဇော်သည်။ ထို့နောင် ဝေဇယန္တာ နန်းပြာသာဒ်ကြီးကို အထပ်ထပ်ဖန်ဆင်း၊ အခင်းမျိုးစုံကိုလည်းခင်းကာ မိမိပင့်ဖိတ်ချက် အရကြွလာသော ဘုရား ပစ္စေကဗုဒ္ဓါ သံဃာတော်များကို သက်နီးတိစီဝရိက်နှင့်တကွ ဆွမ်းဘောဇဉ်များ အားပေါးတရ ဆက်ကပ်သည်။ဤကားလက်တွေ့မဟုတ်၊ စိတ်ကူးသာတည်း။ (၎င်းဝတ္ထုအကျယ် အဂါရိယရှုဘွယ်၌ ပြခဲ့ပြီ။)

ဤအလှူကြီးဝယ် လူနတ်ဗြဟ္မာ ပရိသတ်များကိုလည်း ဖိတ်၍ ကောင်းစွာ အမျှဝေသည်။ ဤစိတ်ကူး စေတနာကြောင့် ၎င်းစကြာမင်းကြီး ကံတော်ကုန်လတ်သော် တာဝတိံသာ၌ ဖြစ်သည်။ ဤစိတ်ကူးကုသိုလ်ကြောင့် လူနတ်ဘဝတို့၌ ကျင်လည်ရပြီး အခြားလူနတ်တို့ထက် အဆင်းပညာ ဥစ္စာတို့ သာလွန် ပြည့်စုံကြောင်း ဗုဒ္ဓ အပဒါန်၌ ဟောတော်မူရာ သဒ္ဓါ ပညာရှိသူတို့အတွက် သာသနာ တော်နှင့် တွေ့ရှိခိုက်ဝယ် ကုသိုလ်ရှာ အသာပင် ရနိုင်တော့သည်။

# ကန်တော့ခန်းဝယ် သိမှတ်ဖွယ်

## ဩကာသ ကန်တော့ခန်းဆိုင်ရာ အဓိပ္ပာယ်

**သူတော်ကောင်းတို့၏ နည်းဟောင်း တီထွင် မိန့်ဆိုစဉ်** လောကဥ် ကိုယ် နှုတ် စိတ်တို့ဖြင့် ပြစ်မှားမိသူကို တောင်းပန်လျှင် တောင်းပန်ခံရသူမှာ ကျေနပ်၍ တောင်းပန်သူမှာလည်း အပြစ် လွတ်သွားသည်။ ဓမ္မ အနေဖြင့်လည်း တောင်းပန်ကန်တော့လျှင် ကန်တော့ခံရသူကလည်း ကျေနပ်သည်။ ကျေနပ်ရသည်။ ကန်တော့သူမှာလည်း သံသရာပြစ် ကင်းသွားတော့၏။ ဤသို့လျှင် အတူတကွ နေထိုင်ကြသူ ရဟန်း သံဃာ မိဘ ဆရာသမား အသက် သိက္ခာ ဂုဏ်ဝါမြင့်မားသူများအား ပုထုဇဉ် ဂတိအားလျော်စွာ ကိုယ် နှုတ် စိတ် ပြစ်မှားမှု အပြစ်ဟူသမျှ ပပျောက်စေရန် ကန်တော့ခန်းကို ဩကာသ အစရှိသည်ဖြင့် ရှေးပညာရှင်များ မိန့်ဆို တီထွင် စီစဉ်တော်မူခဲ့ကြသည်။

**ဩကာသ ဖြစ်ပေါ်လာချိန်** ပခုက္ကူမြို့ မဟာဝိသုတာရာမ တိုက်အုပ်ဆရာတော် ဦးနန္ဒိယက "ဤ ဩကာသသည် ရှေးဆရာကြီးများ စီစဉ်ခဲ့သော မြန်မာဘုရားရှိခိုးဖြစ်သည်။စပေါ်လာသော ခေတ်အမှတ်အသား မတွေ့ရ။ မကာရလောပ (မသိ၊ မတတ်တာ မရှိသော ) တောင်တွင်းကြီးအကျော် ခင်ကြီးပျော် ဆရာတော် ရေးခဲ့သည်ဟု တဆင့်ကြားဘူး၏"ဟု မိန့်သည်။

တိပိဋကရေ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ ကြည့်မြင်တိုင် ဘုံပျံဆရာတော်က "ဘုန်းကြီး ၃-ဝါအရ ဟသ်ာတမြစ်ကွေ့တိုက် စာသင်ခိုက်မှာ မြစ်ကွေ့ဆရာတော်ဘုရားကြီးက ပေစာငယ်တခု ဖတ်ခိုင်း၍ ဖတ်ပြရာတွင် ၎င်းပေစာထည်း၌ အများရှိခိုးနေကြ ဩကာသကို တွေ့ရ

သည်။ ရှင်အရဟံက အနော်ရထာမင်းအား ရေးပေးသော ဩကာသ ဖြစ်သည်ဟု တွေ့ဘူးကြောင်း” အမိန့်ရှိသည်။

ရန်ကုန်မြို့ဗဟန်းကျိုက်သိမ့်ဆရာတော်၊ မော်လမြိုင် အဂ္ဂမဟာပဏ္ဍိတ မုဒ္ဒုံဆရာတော်စသော မွန်ပညာရှင်များက “မွန်ဘာသာ ဩကာသ ရှိကြောင်း၊ ဩကာသကို မွန်က စတင်ခဲ့ကြောင်း၊ ဘယ်ခေတ်က စသည် ဟု အထောက်အထား မပြနိုင်သော်လည်း ရှေးနှစ်ပေါင်းများစွာကပင် ရှိခိုး သုံးစွဲလာခဲ့ကြောင်း” မိန့်ကြား ပြောဆိုကြသည်။

**သထုံမှ ပုဂံသို့ သာသနာ ရောက်သည်** သာသနာသက္ကရာဇ် ၂၃၅-ခုနှစ်တွင် ဗုဒ္ဓ သာသနာသည် မွန်တို့ဌာနီ သထုံပြည်သို့ ရောက်၍ နှစ်ပေါင်း ၁၃၆၅-နှစ်ကြာပြီး သာသနာ ၁၆၀၀-ခုနှစ်မှာမှ မြန်မာတို့ဌာနီ ပုဂံပြည်သို့ သာသနာ ရောက်ရာ မွန်တို့မှတဆင့် သာသနာတော်ဆိုင်ရာ ဆည်းကပ် ကိုးကွယ် မှုများ သက်ဆင်းလာသည်ဟု ယူဆဖွယ်ရှိသောကြောင့် အခြား ခိုင်မာ ပြည့်စုံသော ရာဇဝင်သမိုင်း ကျောက်စာအထောက်အထား မရသေးမီ “ဩကာသ အစ မွန်တို့က” ဟုသာ ယူဆထားသင့်ပါသေးကြောင်း တိပိဋက ဓရ ရွေးချယ်ရေးအဖွဲ့ (အကျိုးတော်ဆောင် ဟောင်း) ဗုဒ္ဓဓမ္မလောက အယ်ဒီတာစာပေ ပညာရှင် မင်္ဂလာ ဦးအောင်မြင့် မှတ်တမ်းတင်ထားသည်။

**သရေခေတ္တရာ သာသနာ** ဗုဒ္ဓသာသနာသည် သာသနာနှစ် ၂၃၅-ခု နှစ်မှ သထုံသို့ ရောက်၏။ သရေခေတ္တရာ သာသနာမှာ ၁၀၁-ခုနှစ်၌ ဒွတ္တဘောင်မင်းကြီးသည် သရေခေတ္တရာ ပြည်ကြီးကို တည်ထောင်ဖန်ဆင်း၍ သာသနာ၁၃၃-ခုနှစ်၊ တပေါင်း လပြည့်ကျော် ၂-ရက်နေ့မှစ၍ သားတော် ရဟန္တာ အရှင်စန္ဒာသီရိ၊ အရှင်စန္ဒာဂရာဇ်တို့၏ အကူအညီဖြင့် လူသူ မရောက်သော သုဒဿန တောင်ပေါ်ရှိ ဆံတော် ၄-ဆူ၊ မေ့ရှင်တော် ၈-ဆူ၊ ဘုရား ၄-ဆူတို့၏ ပရိက္ခရာများ ဌာပနာ၍ တည်ထားသော စေတီတော်ဟောင်း ကျောက် တိုက်တို့ကိုခွာကာ ဓာတ်တော်များပင့်ယူ၍ အသစ်တဖန် ရွှေဆံတော် စေတီတော်မြတ်ကြီးကို တည်ထားကြောင်း၊ စေတီယပ္ပကာသနီကျမ်း၊ ပြည်ရာဇဝင်ကျမ်းများ၌ ဆိုထားရာ နှစ်ပေါင်း ၁၀၀-ကျော် သထုံ သာသနာထက် သရေခေတ္တရာ သာသနာက ဦးသည်ဟုလည်း မှတ်သင့်၏။

**မြန်မာပြည်အလယ်ပိုင်း သာသနာ** မြန်မာပြည်အလယ်ပိုင်း သုနာပရန္တရတိုင်း(ရောဝတီ အနောက်ဖက်ကမ်း) ဝါဏိဇရွာသား မဟာပုဏ္ဏ ကုန်သည်တဦး သာဝတ္ထိပြည် ဇေတဝန်ကျောင်း ဘုရားရှင်ထံမှောက်သို့ ရောက်၍ ရဟန်း ဖြစ်သော အချိန်ကား ဘုရားရှင် ဝါတော် ၂၀-အကျော်တွင် ဖြစ်သည်။ (ဝဂ္ဂုမုဒါမြစ်ကမ်း ရဟန်းအချို့ မိမိတို့ ခန္ဓာကိုယ်ကို စက်ဆုပ်၍ ရှင်ယောင်ကြီးအား ပရိက္ခရာပေးကာ အသတ်ခိုင်းကြပြီး သေကြသည်ကို ရည်၍ မဟာပုဏ္ဏထေရ် ဘုရားအား လျှောက်ထားသော စကားအရ ဝါတော် ၂၀-ကျော်ဟု မှတ်သင့်၏။) ထိုမဟာပုဏ္ဏထေရ်အား ဘုရားရှင်က မဟာပုဏ္ဏောဝါဒသုတ်ကို အကျဉ်းဟောပြီး သုနာပရန္တတိုင်းပြန်ခွင့်ပြု၊ မဟာပုဏ္ဏထေရ်အကျယ် ဝေဘန်၍ တရားအားထုတ်ရာ ထိုနှစ် ဝါတွင်း၌ပင် တေဝိဇ္ဇပတ္တ(ဝိဇ္ဇာ ၃-ပါးသို့ ရောက်သော)ရဟန္တာဖြစ်သည်။ ထိုမထေရ်၏ အဆုံး အမဖြင့် ဥပါသကာ ၅၀၀၊ ဥပါသိကာ ၅၀၀တို့လည်း ထိုဝါတွင်း၌ပင် အရိယာဖြစ်ကြ၏။

**လယ်ကိုင်း ကျောင်းတော်ရာ** နောက် စူဠပုဏ္ဏ အမှူးရှိသော ကုန်သည် ၅၀၀-တို့သည် ယခု လယ်ကိုင်းကျောင်းတော်ရာ စေတီကြီး နေရာတွင် စန္ဒကူးနံ့သာတို့ဖြင့် တန်ဆောင်းဝန်းကျောင်းတော်ကြီး ဆောက်လုပ်၍ နောင်တော် မဟာပုဏ္ဏထေရ်၏ အစီအစဉ်ဖြင့် ဘုရားအမှူးရှိသော သံဃာ ၅၀၀ တို့သည် သိကြားမင်း အမိန့်အရ ဝိသကြုံနတ်သား ဖန်ဆင်းအပ်သော ပြာသာဒ်ယာဉ်ပျံ ၅၀၀ ကိုစီးပြီးလျှင် ဝါဏိဇရွာသို့ ကြွရောက်ချီးမြှောက်ကာ စန္ဒကူးကျောင်းတော်ကြီး၌ ၇-ရက် သီတင်းသုံး တရားဟောတော်မူသည်။ သတ္တဝါပေါင်း ၈၄၀၀၀ အကျွတ်တရားရကြ၏–ဟူသော သံယုတ်အဋ္ဌကထာ အရ ဘုရားရှင်လက်ထက်တော် အခါကပင် ငါတို့မြန်မာပြည်၌ သာသနာ အပြည့်အစုံရောက်ရှိပြီဟု မှတ်သားရမည်။

**ဩကာသ ခွင့်တောင်းမှု** လောက၌ ယဉ်ကျေးသူများသည် တစုံတခု ပြုလိုလျှင် ခွင့်ပန်ပြုဖြစ်သည့် အားလျော်စွာ ကန်တော့လို၍ ဩကာသ=အခွင့်ပြုတော်မူပါဘုရား။ တပည့်တော် တောင်းပန် ကန်တော့ပါသည်ဟု ၃-ကြိမ် ခွင့်တောင်းသည်။ မြန်မာလိုအထက်ပါအတိုင်း ခွင့်တောင်းကလည်း ပြီးပါ၏။ ပိဋကတော်များ၌

လည်း "ဩကာသ ဒေထ၊ အခွင့် ပေးတော် မူပါဘုရား၊ ကရောတု မေ အာယသ္မာ ဟု ဩကာသဖြင့် ခွင့်တောင်းလေ့ရှိသည်။

**ကာယကံ ဝစီကံ မနောကံ သဗ္ဗဒေါသ** အပြစ်ရှိသော ကိုယ်အမူအရာသည် ကာယကံ၊ နှုတ်အမူအရာသည် ဝစီကံ၊ စိတ်အမူအရာသည် မနောကံမည်၏။ သဗ္ဗဒေါသ ထိုအပြစ်များအားလုံး ပပျောက်အောင် ကန်တော့ပါသည်ဟု ကန်တော့မှု၏ ရည်ရွယ်ချက်ကို ပြသည်။

**ရည်ရွယ်ချက် ပြည့်စုံအောင်** ဤကား အစဉ်အလာ ဩကာသတွင် ပါဝင်သော ရည်ရွယ်ချက် ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များမှာ နေ့စဉ် အိပ်ရာဝင်၊ အိပ်ရာထ ဘုရား စသည်အား ကန်တော့မှုသည် အပြစ်ပျောက်ကင်းအောင်ဟူသော ဤပထမရည်ရွယ်ချက်သည်သာ ပဓာနမဟုတ်တော့ပါ။ အသက်ရှည်၊ အနာကင်းစသော အကျိုးများကိုလည်း ရည်ရွယ်ကြပါသည်။ ထို့ကြောင့် "အပြစ်ခပ်သိမ်း ပပျောက်ငြိမ်း၍ အသက်ရှည်စွာ အနာမဲ့ရေး ရန်ဘေးကင်းကြောင်း ကောင်းမှုမင်္ဂလာ ဖြစ်ပါစေခြင်းအကျိုးငှာ" ဟု ရည်ရွယ်ချက် ၂-ပါး ဆင့်၍ မဟာစည် ဆရာတော်ကြီး ပြင်ထားပါသည်။ (ရတနာ ၃-ပါး ဆိုင်ရာ သိမှတ်ကြည်ညိုဖွယ်များ ဂုဏ်တော်ဖွင့်၌ ပြခဲ့ပြီ။)

**မိဘ ဘိုးဘွား ဆရာ သမား** ရတနာ ၃-ပါးကို ကန်တော့ရာ၌ မိဘ ဘိုးဘွား ဆရာ သမား ထည့်မဆိုရ။ အလားတူပင် မိဘစသည်ကို ကန်တော့ရာ၌လည်း ရတနာ ၃-ပါး၊ အရှင်ဘုရားစကားများကို ချန်ထားခဲ့ပါ။ အသက် သိက္ခာဂုဏ်ကြီးမားသော သူများကို မိဘ ဘိုးဘွား ဆရာသမား အနေထား၍ ကန်တော့လျှင် စကားပြင်ဘွယ်မလို။ဘုရားစသည်ရှိခိုးတိုင်း မိဘစသည်ပါအောင် ပြည့်စုံစွာလည်း ဆိုသင့်သည်။

**အရိုအသေ အလေးအမြတ်** သံဃာတော် များနှင့် မိဘ ဆရာစသော လေးစားလောက် သူများကို လမ်း၌တွေ့လျှင် လမ်းဖယ်ပေးခြင်း၊ အနီးရောက်လာလျှင် ကိုင်းရှိုင်းကုန်းကွခြင်း၊ လက်အုပ်ချီခြင်း၊ ထိုပုဂ္ဂိုလ်များထိုင်နေလျှင် ယပ်လေခတ်ခြင်း၊ မိမိထံ လာလျှင် ခရီးဦးကြိုဆို၊ ထီးဘိနပ်စသည် လှမ်းယူခြင်း၊ခြေဆေးပေးခြင်း၊

သောက်ရေစသည်ကပ်ခြင်း၊ အပေးအယူတို့၌ လက် ၂-ဖက်ဖြင့် ပေးယူခြင်း၊ ထိုပုဂ္ဂိုလ်များပြန်လျှင် လိုက်ပို့ခြင်းမျိုးကို ပါဠိတော်၌ သာမိစိကမ္မ အရိုအသေပြုခြင်းဟု ဆိုသည်။

ထိုပုဂ္ဂိုလ်များကို ကိုယ်နှုတ်တို့ဖြင့် ပြုစုရိုသေရုံမျှမက စိတ်ကပါ လေးစားချစ်ခင်မှုကို မာနန=အလေးအမြတ်ဟု ဆိုသည်။

**လက်အုပ်မိုး၍** လက် ၁၀-ချောင်းပေါင်းလျက် ဦးခေါင်းထက်၌ တင်ထားခြင်းသည် အဥ္ဇလိကမ္မ=လက်အုပ်မိုးခြင်းမည်သည်။ တည်ခြင်း ၅-ပါး မရသေးပါ။ ရှေးကခရီးသွားမည့် သားသမီး တပည့်များသည် ဆရာမိဘကို လက်အုပ်ချီ ၃-ပတ် လည်၍ ၁၂-တောင်ခန့် နောက်ဆုတ်သွားပြီးမှ မျက်နှာလွှဲသွားကြောင်း ပိဋကတ်၌လာသည်။

**ရှိခိုးခြင်း** ကိုယ်နှုတ်စိတ်တို့ဖြင့် ရတနာ ၃-ပါး ဆရာမိဘ ဂုဏ်ကျေးဇူးများကို ညွတ်ကိုင်းရှိုင်းမှုသည် ပဏာမ ရှိခိုးခြင်းမည်သည်။ ကိုယ် နှုတ် စိတ် ၃-မျိုးအရ ကာယဝန္ဒနာ၊ ဝစီဝန္ဒနာ၊ မနောဝန္ဒနာ ဟု ၃-မျိုးပြားသည်။ ရတနာ ၃-ပါးဂုဏ်ကို အာရုံပြု၍ ဒူးပုဆစ် ၂-ဖက်၊ တတောင် ၂-ဖက်၊ နဖူး၊ (လကျ်ာဖြာဒူး၊ နဖူးမြေကျ၊ တုပ်ကွဝပ်စင်း၊ ရှိခိုးခြင်း) ဤအင်္ဂါ ၅-ပါး မြေမှာတည်၍ ရှေးရှုဝပ်တွား ရှိခိုးခြင်းသည် ပဥ္စပတိဋ္ဌိတ ကာယ ဝန္ဒနာ မည်သည်။ ပဥ္စ အရ ဦးခေါင်း ခြေ လက် ခက်မ ၅-ဖြာ မြေမှာတည်ခြင်း(ခြေ လက် နဖူး တတောင် ဒူး) ဟုလည်း ဆရာမြတ်တို့မိန့်ကြ၏။ အတူပင်ဖြစ်သည်။ (တည်ခြင်းငါးပါး–ပဥ္စပတိဋ္ဌိတ ကို ထိခြင်း ၅-ပါးဟု ဆိုခြင်းကား သဒ္ဒါရေး မလှ။)

**ကာယဝန္ဒနာအမျိုးမျိုး** မိဘတို့၏ကျောင်းမှာဝါဆိုလျက် သားအဖြစ်ကို မပြောကြားဘဲ ဝါကျွတ်၍ပြန်သွားသည်။ မိခင်သည် သိရှိကြည်ညို၍ သားရဟန်း ကြွရာအရပ်သို့ ရှေးရှုပြီး ရင်ဖြင့်ဝပ်တွား ရှိခိုးသည်။ (ဝိသုဒ္ဓိမဂ် သာရသင်္ဂဟ စသည်) တိဿမင်းကြီးသည် ရဟန္တာအရှင်မြတ်ကို မိကျောင်းအလား ရင်ဖြင့်တွား၍ အလျားမှောက် ရှိခိုး၏။ ပြဟ္မာယုပုဏ္ဏားသည် နေရာမှထ၍ ကိုယ်ဝတ်စမွှယ်တင်ပြီးလျှင် ဘုရားခြေတော်စုံကို ဦးခေါင်းဖြင့် တိုက်၊ လက် ၂-ဖက်ဖြင့် ကိုင်၊ မျက်နှာဖြင့် ပွတ်သပ်လျက် တပည့်တော် ပြဟ္မာယုပုဏ္ဏားပါဘုရား အမည်ကြား၍ ရှိခိုးသည်။ ရှေးက စေတီကို ရှိခိုးရာ၌ ၃-ကြိမ် လကျ်ာရစ်

ပတ်ပြီး စေတီကြီးလျှင် ၄-မျက်နှာ၊ ငယ်လျှင် ၈-မျက်နှာ၌ ရှိခိုးကြ၏။ (ဒီ၊ ၁၊ ၄)

ဝေဒိဃကတောင်ပေါ်ကနေလျက် ငှက်တို့ဘာသာအတောင်ယှက်၍ ဘုရားရှင်နှင့် သံဃာများကို ရှိခိုးသော ခင်ပုပ်ငှက် (ဇီးကွက်) ကို ဤကောင်းမှုကြောင့် ကမ္ဘာတသိန်း အပါယ်မကျဘဲ အဆုံးဘဝ၌ သောမနဿပစ္စေကဗုဒ္ဓါ ဖြစ်လတ္တံ့ဟု ဘုရား ဗျာဒိတ် ကြားတော်မူသည်။ ဤကား တည်ခြင်းငါးပါးမပါသော ကာယဝန္ဒနာများတည်း။

**ဝစီ မနော ဝန္ဒနာ** ဂုဏ်တော်ကိုအာရုံယူ နှုတ်ဖြင့်လည်းဆို၍ရှိခိုးလျှင် ဝစီဝန္ဒနာ၊ကိုယ်နှုတ်မပါ စိတ်ကသာ ဂုဏ်တော်ကို အာရုံယူလျှင် မနောဝန္ဒနာ မည်သည်။ နှုတ် စိတ်တို့ဖြင့် ရှိခိုးခြင်းသည် သွား၊ ရပ်၊ ထိုင်၊ လျောင်း ဣရိယာပုထ် ၄-ပါးလုံး၌ ရကောင်း၏။ (အာဠှာနာဠ်ယသုတ်) ထေ၀မနိမိ အဘိဓာန်၌ ခြေ၊ လက်၊ ပုဆစ်၊ ရင်၊ ဦးခေါင်း၊ မျက်စိ၊ နှုတ်၊ စိတ် ဟု အင်္ဂါ ၈-ပါး ပြသည်။ ရထိုက်သမျှ ပြုခြင်းဟု မှတ်သင့်၏။

**စိတ်မပါ ဘာမျှမကောင်း** ဂုဏ်ကျေးဇူးကို စိတ်ရောက်၍ ကိုယ်နှုတ် တခုခုဖြင့် ရှိသေစွာရှိခိုးမှ အကျိုးရသည်။ ကြောက်၍၊ လာဘ်ငဲ့၍၊ မျိုးရိုးအစဉ်အလာဖြစ်၍၊ ကဲ့ရဲ့မည်စိုး၍၊ အယူမှား၍၊ မိုက်မဲ၍ ရှိခိုးလျှင် ဂုဏ်ကျေးဇူးစိတ်မပါ၊ ရှိသေမှုလည်း မပါ၍ အကျိုးမရှိပေ။ ထို့ကြောင့် စိတ်စေတနာပြုပြင်၍ ဂုဏ်တော်အစဉ်၌ ဉာဏ်သက်ဝင်အောင် ပြုပြင်ရှိခိုးသင့်သည်။ (ဘုရားနှင့် သံဃာတော်များ ရှိနေရာဝယ် ဘုရားကိုရှိခိုးပြီး သံဃာတော်များကို လှည့်ရှိမခိုးရ။ နေရာအရပ်ကနေလျက် သံဃာတော်များကို လက်အုပ်သာ ချီရမည်။(ဒီ၊၁၊၄) ထို့ကြောင့် စေတီ ရုပ်ပွား အများရှိရာဝယ် အနီးရှိ ရုပ်ပွားတဆူကို နောက်ခိုင်း၍ အခြားတဆူကို ရှိမခိုးသင့်။ ၁၂-တောင်ခန့်ဝေးလျှင်ကား သင့်၏ဟု ပညာရှင်များ မိန့်ကြသည်။)

## ရှိခိုးမှု၏ မျက်မှောက်အကျိုး ရနိုင်ပုံ

**ကြောင်းရင်း ၂-ဖြာ ကျိုးရှိလာလိမ့်** ရှိခိုးခြင်း ကုသိုလ်စေတနာသည် ရတနာ ၃-ပါးဟူသောခေတ် မှန်ကန်ခြင်း၊ မိမိစိတ်က အမှန်တကယ် လေးစား ကြည်ညိုခြင်း ဟူသော

အကြောင်းရင်း ၂-ပါး ပြည့်စုံလျှင် လက်ငင်းဘဝမှာပင် အကျိုး ရနိုင်သည်။ ချဲဦးအံ့။ အပရာပရိယမုတ္တော သတ္တောနာမ နတ္ထိ=ဘဝသံသရာက ပြုခဲ့သော ကုသိုလ် အကုသိုလ်ကံဟောင်းမှ လွတ်သော သတ္တဝါ မရှိ ဟူသည်နှင့်အညီ—

(၁) အကုသိုလ်ကံဟောင်းသည် အသက်သေအောင်၊ ရောဂါများအောင် စသည်ဖြင့် မကောင်းသော အခွင့်ကိုသာ ရှာသော ရန်သူနှင့် တူ၏။

(၂) ကုသိုလ်ကံဟောင်းသည် အသက်ရှည်အောင်၊ ရောဂါ ကင်းအောင် စသည်ဖြင့် ကျေးဇူးအထူးပြုရန် အခွင့်ကိုသာ ရှာသော မိတ်ဆွေနှင့်တူသည်။ ယခုဘဝ တမိနစ်မျှ ရှိခိုးခြင်းကို ပြုသော် ကုသိုလ်ဇော စေတနာ ကုဋေ တသိန်းမက ဖြစ်ရာ ဂုဏ်တော်၌ စိတ်ညွတ်လျက်ရှိသော ၎င်းကုသိုလ် စေတနာ မျိုးစေ့ ကောင်းများသည် ရတနာ ၃-ပါး တည်းဟူသော လယ်မြေကောင်း၌ အသီးအနှံများစွာ တိုးပွားသကဲ့သို့ ရှိခိုးသူ၏ သန္တာန်၌ အသက်ရှည်ခြင်း ရောဂါကင်းခြင်း စသော အကျိုးများကို တိုးပွားရသည်။

**မိတ်ဆွေ ရန်သူ အားရှိသူနိုင်** ထင်ရှားစေအံ့။ ကုသိုလ်ဇော စေတနာသည် လုံ့လနှင့် ပြည့်စုံခြင်း၌ တည်၍ ပြင်ပ၌ ပျက်စီးကြောင်း အကုသိုလ်ကံဟောင်းကို ပယ်ပြီးလျှင် ပြည့်စုံသောအကြောင်းကို ဆောင်လျက် ပဋိသန္ဓေက စ၍ ရအပ်သော အခွင့်ရှိသော ကုသိုလ်ကံအား အားအဆင့်ကိုပေးလျက် အခွင့်မရသော ကုသိုလ်ကံအား အခွင့်ရအောင် ထောက်ပံ့သဖြင့် ရှိခိုးသူ၏ သန္တာန်သည် ကုသိုလ်ကြောင့်ဖြစ်သော ရုပ်နာမ် အစဉ်တို့သည် မြစ်ရေအလျဉ်ပမာ အားရှိလာကြသည်။

ထိုအခါ အကုသိုလ်ကံဟောင်းသည် အခွင့်မရတော့သဖြင့် အဝေးသို့ ပြေးရတော့၏။ မိတ်ဆွေနှင့်တူသော ကုသိုလ်ကံ ဟောင်းတို့သည်သာ ပစ္စုပ္ပန်ကုသိုလ်နှင့်ပေါင်းပြီး အသက်ရှည်ခြင်း၊ အဆင်းလှခြင်း စသော အကျိုးများကို ပေးရတော့သည်။

**ရန်ဘေးကင်းစေ ယတြာချေ** လောက၌ မလုပ်သင့် သည်ကို လုပ်မိ၊ မသွားသင့်၊ မစားသင့်သည်ကို သွားမိ၊ စားမိလျှင် အကုသိုလ်ကံဟောင်း အခွင့်သာ နေသည်ဟု မှတ်ရမည်။ ထို့ကြောင့် ထိုကဲ့သို့ဖြစ်မိခြင်းနှင့်တကွ အတိတ်ဆိုး နိမိတ်ဆိုး အိပ်မက်ဆိုး မြင်မက်သောအခါ အကုသိုလ်ဟောင်း ရန်သူများ ဝေးရာသို့ ပြေးလေအောင် ရတနာ ၃-ပါးကို ရှိခိုးခြင်း၊ ဒါနပြုခြင်းစသော ပစ္စုပ္ပန် ဥပထမ္ဘက ယတြာချေမှု ကုသိုလ်ကို ရှေးသူဟောင်းတို့ ကောင်းစွာ ပြုလေ့ရှိကြသည်။

## ရှိခိုးမှု၏ တမလွန်ကျိုး

သာဝတ္ထိမြို့အနီး ဒွန်းစဏ္ဍာလ်ရွာအထွက်၌ ဒွန်းစဏ္ဍာလ်အဖွားကြီးသည် ဘုရားရှင်ကို ဖူးမြင်ရသဖြင့် သေသော် ယင်းကုသိုလ်ကြောင့် နတ်၌ဖြစ်သည်။ (ဝိမာနဝတ္ထု)ဆိုခဲ့ပြီး။ မဋ္ဌကုဏ္ဍလီဝတ္ထု၊ ခင်ပုပ်ငှက် ဝတ္ထုတို့ဖြင့် တကြိမ်တခါ သဒ္ဓါရိုကျိုး ရှိခိုးရုံမျှ ကုသိုလ်သည်သော်လည်း လူနတ်နိဗ္ဗာန် ၃-တန်သော ချမ်းသာကို ပေးနိုင်ပေသည်။

**ပူဇော်ခြင်း** အာမိသပူဇာ ဓမ္မပူဇာဟု ၂-မျိုးရှိရာ ရတနာ ၃-ပါးဆရာ မိဘ စသူတို့အား စားဝတ်နေရေး ကူပံ့ခြင်း၊ ပန်းဆီမီး ထီးတံခွန်စသည်လှူဒါန်းခြင်းသည် အာမိသပူဇာမည်၏ ၎င်းတို့ကို ရိုသေမြတ်နိုးခြင်း၊ သရဏဂုံတည်ခြင်း၊ စာပေကျမ်းဂန် သင်အံပို့ချ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း စသည်များသည် ဓမ္မပူဇာမည်သည်။ ပရိတ္တဋီကာ အရအရိုအသေ အလေးအမြတ် ပြုခြင်း၊ မြတ်နိုးခြင်း၊ ရှိခိုးခြင်းအားလုံးသည် ပူဇော်ခြင်းသာမည်သဖြင့် အကျိုးကြီးမား ဆိုဖွယ်ရာ များလှသည်။

**ဖူးမြော်ခြင်း** ဘုရားစသည်များကို ကြည်ညိုစိတ်ဖြင့်ကြည့်ရှုခြင်းဒဿနတည်း။သီလရှိသူကို တကြိမ်ကြည်ညိုရုံမျှဖြင့် ဘဝတသိန်းမက မျက်စိရောဂါကင်း၍ မျက်လုံးလှပနိုင်သည်။ မကြည့်မမြင်ရစေကာမူ ကြည်ညိုအောက်မေ့ရုံဖြင့်လည်း ကုဋေတသိန်းမကအပါယ်မှ လွတ်နိုင်သည်။ (သာရတ္ထသင်္ဂဟအဋ္ဌကထာ) ထို့ကြောင့် ပုဂ္ဂိုလ်တိုင်းပင် အိပ်ရာဝင် အိပ်ရာထ ဘုရားခန်းရောက်လျှက် ကာယကံ ဝစီကံမြော်က် ဘုရားဖူးသင့်၊ ရှိခိုးသင့်သည်။(မျက်လုံး လှသူများသည် ဘုရားဖူး များသူတွေဖြစ်ကြ၏) မတတ်နိုင်လျှင် ဘုရားကို စိတ်ရောက်ရုံကိုမူ မုချပြုသင့်၏။

**ကျေးဇူးရှင် ဆရာတော်ကြီး ၂-ပါး ဘုရားဖူးပုံ** ပြည် အဂ္ဂမဟာပဏ္ဍိတ ပွင့်လှ သိမ်ကုန်း ဆရာတော်ဘုရားကြီး (သက်တော် ၉၄-နှစ်) သည် မည်သည့်ကိစ္စ ရှိရှိ နံနက် နေ့လယ် ည တနေ့ ၃-ကြိမ် ဘုရားခန်းသို့မရောက်သည်မရှိပါ။သောက်တော်ရေ၊ ပန်း၊ အမွှေးတိုင် စသည်များ အမြဲပူဇော်သည်။ ကြားကာလအချိန်များ၌လည်း ဆိတ်ငြိမ်ရာ ဝိဝေကယူလျက် အမြဲပင် ဂုဏ်တော် စသည်များပွားများပါသည်။ (ယခုစာရေးချိန် သက်တော် ၉၆-နှစ်တွင် ပျံလွန်တော်မူပြီး၍ ၈-လအကြာ) အဘိဓဇ မဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီးမှာမူ မည်သည့်အခါမဆို နေရာထိုင်ပေါ်တွင် လက်အုပ်အမြဲချီလျက် ဘုရားကြည်ညိုနေသည်ကို တွေ့ရပါသည်။ တနေ့တကြိမ် တနာရီမျှ ဘုရားရှိခိုးသည်ထက် နာရီတိုင်း နာရီတိုင်း ဘုရား အမှတ်မှတ်ဘို့ တပည့် ဒကာ ဒကာမများကို အမြဲဆုံးမပါသည်။

**မာန်လျှော့ခြင်း** အမျိုးဇာတ် ပညာ ဥစ္စာနှင့်စပ်၍ မာန်မာနမဖြစ်စေဘဲ ရိုသေနှိမ်ချသင့်သော ရတနာ ၃-ပါး ဆရာမိဘ သီလသိက္ခာ မြင့်မားသူတို့အား နှိမ်ချသောစိတ် ထားခြင်းသည် နိဝါတမင်္ဂလာ– မာန်လျှော့သည်မည်သည်။ လင်အပေါ်ဝယ် နိဝါတမင်္ဂလာထားသော မိန်းမသည် နောင်ဘဝ ယောကျ်ားဖြစ်နိုင်သည်။(သာရတ္ထသင်္ဂဟအဋ္ဌကထာ) ဟိမဝန္တာ၌ ဆင် မြောက် ခါ အလောင်းလျာ ၃-ဦးတို့သည် အချင်းချင်း အသက်ကြီးငယ် စိစစ်ကြပြီးလျှင် ရိုသေကြသည့်အတွက် နတ်ပြည်တက်ရသည်။ (ဝိနည်း ပါဠိတော်) ထို့ကြောင့် ''မရိုမသေ မျိုးယုတ်ချေ၊ ရိုသေ မျိုးမြတ်သည်''ဟူသော စူဠကမ္မဝိဘင်္ဂ သုတ်အရ မြင့်မြတ်၍ အထက်တန်းစား ဘဝသို့ ရောက်အောင် တန်ဖိုးမရှိသော မာန်မာနကို နှိမ်ချသင့်သည်။

အမျိုးကောင်းသား၊ ပညာများ၊ ကြီးပွားချင်လျက်၊ မာနဖျက်။

မာန်မူတက်ကြွ၊မောက်လွန်းက၊အောက်ကျ နောက်ဆုံး ဖြစ်ရသည်–

ဟု ပညာရှင်များ စပ်ဆိုတော်မူသော စကားကို အမြဲရွတ်လျက် မိမိစိတ်ကိုဆုံးမသင့်၏။

**ကန်တော့ဆွမ်းပါဘုရား** ဆွမ်းခံ သံဃာအား လှူဖွယ်မရှိ၍ လေးစားစွာလက်အုပ်ချီကာမာန်လျှော့လျှောက်သည်ကို ဆွမ်းအနေ တင်စားပြောဆိုသော စကားဖြစ်သည်။ သံဃာက

လည်း ကျေနပ်၊ လျှောက်ထားသူမှာလည်း အကျိုးများလှသည်။ကျန်းဂန်များ၌ ဆွမ်းမရခဲ့သော်လည်း ကန်တော့ဆွမ်း ရခဲ့သည်ကိုပင် ဆွမ်း ရခဲ့သည်ဟု အရှင်မြတ်များ ပြောဆိုဘတ်ကြ၏။ ဤသို့သော ဘာသာရေး ရေးအစဉ်အလာမှာ ဟောင်းနွမ်း လှသော်လည်း အစားထိုး မရအောင် ကောင်းမွန်လှပါသည်။

**ကန်တော့ခြင်း** ဆိုင်ရာပုဂ္ဂိုလ်တို့အားမိမိအပြစ်ကို ပြောကြား၍ သည်းခံစေခြင်း ခမာပနသည် ကန်တော့မှုမည်၏။ မိမိပြစ်မှားမိသူ ကွယ်လွန်လျှင် သင်းချိုင်းသို့သွား၍၊ သို့မဟုတ်၊သင်းချိုင်းရှိရာ အရပ်သို့ လှည့်၍ကန်တော့ရမည်။ ပြစ်မှားမိသော ခမည်းတော် ဗိမ္ဗိသာရမင်းမရှိ၍ မြတ်စွာဘုရားကိုပင် အဇာတသတ်မင်းသား ကန်တော့သည် (ဒီ၊ ၁၊ ပါ)ထို့ကြောင့် ဘုရားရှေ့တော်မှောက် သွားရောက် ကန်တော့လျှင်လည်း သင့်ရာပါသည်။

**ဒွါရဖြင့် ရှိခိုးခြင်း ကျမ်းဂန်နှင့်ညီသည်** တီဟိဒွါရေဟိ အဘိဝန္ဒိတွာဟု ကျမ်းဂန်များ၌ ဒွါရကရိုဏ်း ထား၍ ဖွင့်ပြသည်မှာ ရှိခိုးခြင်းအရာဝယ် သင့်မြတ်ပေသည်။ ကန်တော့သောအရာ၌ ဖွင့်ပြသည် မဟုတ်သောကြောင့် ကန်တော့ခန်း ဆိုင်ရာ ဩကာသ၌(ရှိခိုးမှုပါသော်လည်း) ကန်တော့မှုကိုသာ ပဓာန ယူရသဖြင့် ဒွါရကရိုဏ်းမလိုဟု ဆရာများ မိန့်တော်မူကြသည်။

## ပါဠိတော်နည်း ကန်တော့ခန်းဆိုင်ရာ အဓိပ္ပာယ်

**ကန်တော့ခံသူ ပြန်ကြားရန်** ပါဠိမြန်မာ တခုခုဖြင့်သော်၎င်း၊ ၂-ပါးလုံးဖြင့်သော်၎င်း ကန်တော့သော အခါ ကန်တော့ ခံရသူက "တံ တေ မယံ ပဋိဂ္ဂဏှာမ=သင်၏ ပြစ်မှားမိသော ထိုအပြစ်ကို ငါတို့ သည်းခံခွင့်ပြုပါကုန်၏" ဟု ဆိုရမည်။ ထို့နောက်မှ ကန်တော့ကျိုးဆုပေးကို သင့်သလိုပေးပါ။ ဤသို့ခမ်းနားပြည့်စုံစွာမဆိုနိုင်၊ မဆိုတတ်ကြလျှင် နောင်ဤလိုအပြစ်များ မဖြစ်စေရဟု စိတ်ထား၍ "ကျွန်ုပ်၏အပြစ်များကို သည်းခံတော်မူပါ"ဟု တောင်းပန်ကန်တော့ရမည်။ကန်တော့ခံရသူကလည်း "တောင်းပန်သည့်အတိုင်း ကျွန်ုပ်သည်းခံကျေနပ်ပါ၏"ဟု ဆိုရမည်။

**ပွင့်လှသိမ်ကုန်း အစဉ်အလာ** ၁၂၃၁-ခုနှစ်ကျောင်းတိုက်တည်ထောင် တော်မူသော အဘိဓမ္မာညဝါဒအကျော် အရှင် ဦးနာရဒ ဆရာတော်ဘုရားကြီးမှစ၍ ဒုတိယ ရှမ်းပြည်သာသနာပြု အရှင်သီဟ ဆရာတော်ဘုရားကြီး၊ ယခု တတိယ အဂ္ဂမဟာပဏ္ဍိတ ဆဋ္ဌသံဂါယနာ သံဃနာယက ဝေဠုဝန်နိကာယ သမုတိသာသနာပိုင်ဆရာတော် (မိမိ၏ကျေးဇူးတော်ရှင်ဆရာတော်) ဘုရားကြီးများသည် တိုက်သံဃာတော်များအား ဤပါဠိတော်နည်းဖြင့်သာ ကန်တော့ရန် စီစဉ်တော်မူကြသည်။ သီတင်းကျွတ် ပဝါရဏာ အပြီးတွင် သံဃာများ အကြောင်းအားလျော်စွာ ခွဲခွာတတ်ကြသဖြင့် အတူနေချိန်များ၌ ပုထုဇဉ်ဂတိအလျောက် ပြစ်မှုများကင်းပျောက်စေရန် ထေရ်စဉ်ဝါလိုက် တပါး စီကန်တော့ကြ၊ ကန်တော့ခံကြရသည်။ ပြစ်မှုများအားလုံး အဟောသိကံ ဖြစ်သွားရတော့၏။ (သာရတ္ထသင်္ဂဟအဋ္ဌကထာ ဝိနည်း ဋီကာ ဓမ္မပဒ ဋီကာ) အရှင်ကစ္စည်းထေရ်ကို စိတ်ဖြင့် ပြစ်မှားသော သောရေယျ သူဌေးသား မိန်းမဖြစ်၍ ကန်တော့သောအခါ ယောကျာ်းပြန်ဖြစ်သည်။ ဝတ္ထုအကျယ်ပြပြီး။ (ဓမ္မပဒ အဋ္ဌကထာ) ပိတ်ချင်းသီးကို ကြွက်ချေးဟု ပိလိန္ဒဝစ္ဆမထေရ်အား လျောက်မိ၍ ကြွက်ချေးဖြစ်၊ ကန်တော့သော အခါ ရွှေပိတ်ချင်းသီး ပြန်ဖြစ်သည်များကို ထောက်ထား၍ ပြစ်မှုများ အဟောသိကံဖြစ်မှု သင့်ရာပါသည်။

## ကန်တော့မှုအကျိုး အားကိုးဖွယ်ရာ

**တကမ္ဘာမှ အနှစ် ၆-သောင်းသို့** စိတ်စေတနာ ထက်သန်စွာ ကန်တော့ ရသော ကုသိုလ်ဖြင့် မူလ ပြစ်မှုများသည် လောင်းရိပ်မိသော သစ်ပင်ပမာ နှောင်အကျိုးပေးရန် မသန်မစွမ်းဖြစ်ရတော့သည်။ ခမည်းတော် သောတာပန်ဗိမ္ဗိသာရမင်းကို သတ်မိသဖြင့် အနန္တရိယ (ဒုတိယဘဝ မုချရေးကျရမည့်) ကံကြီးထိုက်သော သား အဇာတသတ်သည် မြတ်စွာဘုရားကို ကန်တော့သဖြင့် အဝီစိ၌ တကမ္ဘာခံရမည့် ပြစ်ဒဏ်ကြီးမှ လွတ်၍ လောဟကုမ္ဘီ (ကြေးအိုး)ငရဲ၌ အနှစ် ၆-သောင်းသာခံ၍ လွတ်ပြီးလျှင် ဝိဇိတာဝီ ပစ္စေကဗုဒ္ဓါပင်ဖြစ် ပေဦးမည်။ (ဒီ၊ ၁၊ ၄)

**မြေမျိုနေဆဲကန်တော့မှုအကျိုး** ဂိဇ္ဈကုဋ် တောင်ပေါ်မှ ကျောက်စက်ဆင်၍ ဘုရားရှင်ကို သွေးစိမ်း တည်အောင်ပြု၊ သံဃာတော်ကို သင်းခွဲ စသော ရောမ ကံကြီးများကို ပြုသော ဒေဝဒတ်သည် မြေမျိုစဉ် ဘုရားရှင်ကို ကန်တော့မှုကြောင့် အဝီစိ၌ တကမ္ဘာခံပြီး အဋ္ဌိဿရပစ္စေကဗုဒ္ဓါ ဖြစ်ပေဦးမည်။ ကံကြီးများကိုသော်မှ ဤမျှ သက်သာခွင့် ရလျှင် ပြစ်မှု ငယ်များအတွက် ကန်တော့မှုဖြင့် ပပျောက်ရမည်သာတည်း။

## ဆုတောင်းမှု ဆိုင်ရာသိဖွယ်

**ကန်တော့ပါအရှင်ဘုရား** ဆုပေးမည့် ပုဂ္ဂိုလ်ရှိလျှင် ဤတွင်ရပ်သင့်၏။ မရှိမှသာ ဤသို့ ကန်တော့ရသော ကုသိုလ်ကံ စေတနာတို့ကြောင့် စသည်ဖြင့် ဆက်ဆိုရမည်ဟု ဆရာမြတ်တို့ မိန့်ကြသည်။ ဆုပေးမည့် ပုဂ္ဂိုလ်ရှိလျက် ဆက်ဆိုကလည်း မိမိ လိုလားသော အခွင့်အရေးကို တောင်းခံလျှောက်ထားခြင်းကြောင့် အပြစ်မဖြစ်နိုင်ပါ။ စနစ်တကျ စီစဉ်ကာ မလိုသော ပယ်ဆု၊ လိုသော အကျိုးဆုများကို တောင်းခြင်းသည် ကောင်းမွန် ပြည့်စုံသော ရှေး ဆရာမြတ်တို့၏ အစီအစဉ် ဖြစ်ပါသည်။

## အပါယ် ၄-ပါးဆိုင်ရာ

**အပါယ် ၄-ပါး သရုပ်အဓိပ္ပာယ်** ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ ဤ ၄-ပါးသည် ကုသိုလ်ကောင်းမှုများစွာ ပြုခွင့် မရ၊ အကုသိုလ်သာ အဖြစ်များ၍ အပါယ်မည်သည်။ (နတ်သားဖြစ်ကြသော ဖား လင်းနို့သား ၅၀၀ တို့ ကုသိုလ်ဖြစ်ခွင့်ရ၍ နတ်သားဖြစ်ကြသည်။ အဘိဓမ္မာ၊ ၁၊ ၄)အပါယ်သို့ တကြိမ်ရောက်ပြီး သူများ လူနတ်ဘဝ ပြန်ရဖို့ ခဲယဉ်းပုံကို လိပ်ကန်း ထမ်းပိုးစွပ် ဥပမာဖြင့် ဘုရားဟောတော်မူသည်။ အဂါရိယ ရှုဘွယ်၌ ၎င်းဝတ္ထုအကျယ် ပြပြီး။)

**ငရဲကြီး ၈-ထပ်နှင့် တည်ရာ** ချမ်းသာမရှိ ဆင်းရဲ အတိသာပြီးသော ဘုံတည်း။ နိရယပုဒ်မှ လာ၍ နိရဲ—ငရဲ ခေါ်ကြသည်။ သိဒ္ဓိုဇ်စသောအားဖြင့် ငရဲကြီး ၈-ထပ်ရှိ၍ ဤမြေပြင်မှ

အောက်၌ တထပ်နှင့် တထပ် ယူဇနာ တသောင်း ၅-ထောင်စီ ကွာဝေးကြသည်။ ၂-သိန်း ၄-ထောင်း အထု ယူဇနာရှိ မြေကို ထက်ဝက် ခွဲ၍ ပထမထပ် တသိန်း ၂-သောင်း ပကတိမြေသား၌ ဤငရဲများ ရှိကြသည်။ ဒုတိယထပ် တသိန်း၂-သောင်းကား ကျောက်မြေသားတည်း။ (မြင်းမိုရ်တောင်အောက်တွင် အသူရာပြည်ရှိ၍ ထို၏အောက်၌ ငရဲကြီး ၈-ထပ် ရှိသည် ဟုလည်း မိန့်ကြသေး၏။) ငရဲကား ဒေါသသမားတို့၏ နေရာ ဖြစ်သည်။

**ယမမင်းနှင့် ငရဲထိန်း** ဤသူများကား စတုမဟာရာဇ် နတ်မျိုး အပါအဝင် ဝေမာနိက ပြိတ္တာမျိုး ဖြစ်၍ ငရဲပြည်၌ အမှုစီရင်ရသော်လည်း ကမ္မပစ္စယ ဥတုဇရုပ်သာ ဖြစ်သော ငရဲမီးများ အပူမခံရပေ။ ယမမင်းကား အယူခံတရားသူကြီးအလား တရားရှိသော မင်းဖြစ်၍ ငရဲထိန်းများကား ငရဲကျလာသူများကို ယမမင်းထံ ပို့ခြင်း၊ ပြစ်မှုရသူတို့ကို နှိပ်စက်ခြင်း တာဝန်များ ဆောင်ရွက်ရသည်။ (ယမမင်း စစ်ပုံ စာကိုယ်၌ပြထား၏။)

**သိဉ္စိုးဝ်းငရဲ** ငရဲထိန်းတို့က ညှဉ်းဆဲ သတ်ဖြတ်ပြီးသော်လည်း အကုသိုလ်ကံ မကုန်မချင်း ပြန်လည်အသက်ရှင်လျက် ခံစားရသော ငရဲတည်း။

**ကာလသုတ်ငရဲ** နှိပ်စက်လိုက်သဖြင့် လဲကျခိုက်ဝယ် တမျဉ်း ကြိုးဖြင့် တိုင်းတာပြီး အမျိုးမျိုး အရွေခံရသော ငရဲ။

**သံဃာတငရဲ** မီးလျှံ ၉-ယူဇနာတောက်သည့် သံမြေဝယ် ခါးလောက် အမြှုပ်ခံရပြီး သံတောင်ကြီးများဖြင့် ကြိတ်ချေခံရသော ငရဲ။

**ရောရုဝ (ဇာလ) ငရဲ** ဒွါရ ၉-ပေါက်မှ မီးလျှံများ ဝင်တောက်ခံရသဖြင့် ကယ်ပါယူပါ တစာစာအော်ဟစ် ခံနေရသော ငရဲ။

**မဟာရောရုဝ** ဒွါရ ၉-ပေါက်မှ မီးခိုးများ ဝင်တောက်ကာ ခံနေရသော ငရဲတည်း။ (ဓူမငရဲဟုလည်း ခေါ်)

**တာပနငရဲ** အလျှံရဲရဲညီးသော ထန်းလုံးမျှ သံတကျင်ကြီးပေါ် ထိုင်ကာ မီးစွဲလောက်အောင် ပူလောင် ခံရသော ငရဲ။

**မဟာတာပန** အလုံးရဲရဲညီးသော သံတောင်ပေါ် တက်ကာ တောင်အောက်တံကျင်ဖျားသို့ ကြွမ်းထိုးကျစေလျက် ပူလောင်ခံရသော ငရဲတည်း။

**အဝီစိငရဲ** မီးလျှံငရဲသား၊ ဆင်းရဲဒုက္ခ၊ ဤ ၃-ပါး အကြားအလတ်မရှိသော ယူဇနာတသောင်းကျယ်သော ငရဲ။

**ငရဲငယ် ၅-ထပ်** ဤငရဲကြီး ရှစ်ထပ်တွင် တထပ်တထပ်၌ ဘင်ပုပ်ငရဲစသော ငရဲငယ် ၅-ထပ်စီ တံတိုင်းပတ်သလို ၄-မျက်နှာလုံး ခြံရံလျက်ရှိ၏။ သိဋ္ဌိုဝ်းငရဲမှ လွတ်သော်လည်း ကံမကုန်သေးလျှင် တဆက်တည်း ပတ်နေသော ဘဇ်ပုပ်ငရဲကျ၊ ထိုမှ လွတ်သော်လည်း တဆက်တည်းစပ်ကာ ပတ်နေသော ပြာပူငရဲကျ စသည်ဖြင့် ငရဲငယ် ၅-ခုလုံး၌ ခံပြီးမှ ကံကုန်လျှင် လွတ်ခွင့်ရသော်လည်း ကံမကုန်သေးက သိဋ္ဌိုးငရဲ စသည်များ၌ ထပ်ကျသေး၏။

**ဘင်ပုပ်ငရဲ** ဆင်လည်ပင်းမျှသော ပိုးလောက်တို့ဖြင့် ပြွမ်းကာ အပုပ်နံ့လွှမ်းသော မစင်အပြည့် ငရဲတည်း။

**ပြာပူငရဲ** အောက်ကမီးခဲ အပြည့်ရှိကာ ဆင်းလိုက်က တကိုယ်လုံးထိ မြုပ်လောက်သော ပြာပူတွေ ရှိသော ငရဲ။

**လက်ပံတောငရဲ** တယူဇနာ မီးလျှံတောက်နေသည့် လက်ပံပင်ကြီးများဝယ် ဆူးကား ၁၆-လက်မရှိ၍ အထက်တက်လျှင် အောက်သို့ အဖျားလှည့်၊ အောက်ဆင်းလျှင် အထက်သို့ အဖျားလှည့်ကာ တည်ရှိသော ငရဲတည်း။

**သန်လျက်ရွက်တောငရဲ** ဓားသန်လျက်ပမာ ချွန်ထက်သော အရွက်များပေါသော ငရဲတည်း။

**ကြိမ်ပိုက်ချောင်းငရဲ** ကြိမ်ဆူးတွေရံ စပ်ခါးငန်သည့် သံရည်ပူတွေ စီးဆင်းသော ငရဲတည်း။

**လောကန္တရိက်ငရဲ** အထက်ပါ ငရဲ ကြီး ငယ်များသည် ပထမ အထပ်ပကတိမြေသားအတွင်း၌ တည်ရှိကြ၍ လောကိကငရဲမည်သည်။ အနန္တ (များစွာသော) စကြဝဠာတို့တွင် စကြဝဠာ ၃-ခုတို့၏အကြား ယူဇနာ ၈-ထောင် ကျယ်သော အရပ်သည် လောက၏

အကြား ငရဲဖြစ်၍ လောကန္တရိက်ငရဲမည်သည်။ ၎င်းငရဲ အောက်အပြင်၌ အလွန်အေးမြသော ရေရှိ၏။ နေရောင် လရောင် မရှိ မှောင်အတိတည်း။

၃-ဂါဝုတ်မျှရှိသော ငရဲသား သတ္တဝါသည် စကြဝဠာတောင်ကို ကုတ်ဆွဲလျက် လင်းဆွဲငှက်များပမာ အစာရှာရသည်။ တဦးနှင့် တဦး တွေ့လျှင် အစာမှတ်၍ဖမ်းဆွဲ၊ စကြဝဠာတောင်နခမ်းမှ သစ်မယ်ဇယ် သီးများ ကျွေကျသလို လွတ်ကျ၍ အောက်ရေပြင်ရောက်၊ ဆားခဲရေသို့ ရောက်သလို ကြေမွပျက်စီးရသည်။ ကံမကုန်လျှင် ထပ်ဖြစ်ပြန်သေး၏။ လူ့ဘောင်၌ အလုံတိုက်ပိတ်ခံရသည်မျှမက ဆင်းရဲကြရှာသည်။ (ယူဇနာ ၂-သိန်း ၄-သောင်း မြေထုကို ၄-သိန်း ၈-သောင်း ရေထုကခံ၍ ယင်းရေထုကို ၉-သိန်း ၆-သောင်း လေထုက ခံထားသည်။)

**တိရစ္ဆာန်** ဖီလာကန့်လန့် အလျားလိုက် သွားတတ်သော အခြေမရှိ၊ အခြေ ၂-ချောင်း၊အခြေ ၄-ချောင်း၊အခြေများစွာအားဖြင့် ၄-မျိုးသော ရေနေ ကုန်းနေ သတ္တဝါများတည်း။ သီးခြားဘုံနေရာ ငရဲကဲ့သို့ မရှိ။ ကုန်းနေထက် ရေနေသတ္တဝါပိုများသည်။ (အတိတ်က မောဟသမားများတည်း။)

**ပြိတ္တာတို့တည်နေရာ** ချမ်းသာမှ ကင်းဝေးသောအရပ်သို့ ရောက်နေကြရသော သတ္တဝါများတည်း။ ဘုံနေရာ သီးခြားမရှိ။ အိမ်ကြိုအိမ်ကြား၌ နှပ် သလိပ်စသည်နှင့် ထမင်းလုံး ဟင်းပေါက် ကောက်၍စားရ၊ တောတောင်ကြီးများ၌ ဒုက္ခအမျိုးမျိုး ခံနေရသော တစ္ဆေ မှင်စာ အစိမ်း သူရဲ ဘီလူး သဘက် စသည်ဖြင့် အမျိုးမျိုးရှိသည်။ အစား အဝတ် ကင်းမဲ့ကာ နှစ်ပေါင်း သိန်း သန်း မက၊ အချို့ ဘုရား ၂-ဆူ ၃-ဆူ ကာလပတ်လုံး ဆင်းရဲခံရသည်။(အတိတ်က ဝိသမလောဘ သမားများ ဖြစ်ကြသဖြင့် လောဘဒဏ်ကို လှလှကြီး ခံစားနေရသည်။)

**ပြိတ္တာအပြား** သူတပါးပေးစာကို မှီ၍ အသက်မွေးရသော ပရဒတ္တူပဇီဝိကပြိတ္တာ၊ အမြဲဆာလောင်နေသော ခုပ္ပိပါသိက ပြိတ္တာ၊ အမြဲပူလောင်ခြင်းရှိသော နိဇ္ဈာမတနှိကပြိတ္တာ၊ အသူရကာယ် ဟူသော ကာလကဉ္စိက ပြိတ္တာ ဟု ၄-မျိုး ရှိသည်။

ထိုမှတပါးလည်း တံတွေး အန်[illegible]နှပ်စားရသော ဝန္တာသပြိတ္တာ စသော ၁၂-မျိုးနှင့် အပ်အမွေးပေါက်သော သူစိလောမပြိတ္တာ အမွေး

ကြမ်းရှိသော ခရလောမပြိတ္တာ၊ ဦးခေါင်းမရှိသော အသိရိကပြိတ္တာ၊ ခြေတဖက်သာရှိသော ကေပါဒပြိတ္တာ၊ လက်တဖက်သာရှိသော ကေဟတ္ထပြိတ္တာ စသည်ဖြင့်လည်း များလှသည်။

**အသူရကာယ်** အစိုးရမှု၊ မြူးတူးပျော်ပါးမှု စသည်တို့ဖြင့် တင့်တယ်တောက်ပမှုမရှိသော ပြိတ္တာအကြီးစားတည်း။ သမုဒ္ဒရာ မြစ် ချောင်း အင်း အိုင် တို့၌ နေသော်လည်း အစာရေစာ ကင်းမဲ့ကာ ဆင်းရဲရှာကြသည်။ အတ္တဘော ၃-ဂါဝုတ်ရှိပြီး အသားအသွေး နည်းကာ ဖက်ရွက်ခြောက်အဆင်းရှိ၏။ ပုစွန်များလို ခေါင်းမှာ မျက်စိ ရှိသည်။ ပါးစပ်ပေါက်လည်း အပ်နဖားပေါက်မျှ ခေါင်းမှာပင်တည်း။ (ဒီ၊ ၃၊ ၄) ပြိတ္တာထူးဖြစ်၍ ခွဲထားသည်။ ရံခါအခြား ပြိတ္တာများနှင့်လည်း လက်ထပ် ထိမ်းမြားကြသောဟူ၏။ လောဘကြီးလျှင် ပြိတ္တာ၊ ဒေါသကြီးလျှင် ငရဲ၊ မောဟကြီးလျှင် တိရစ္ဆာန် ဖြစ်တတ်ရာ ယင်းတို့၏ ကိလေသာ ဒဏ်ကို ယင်းတို့ပင် လှလှကြီး ခံရရှာသည်။

## ကပ် (ပျက်စီးခြင်း) ၃-ပါး

ကမ္ဘာကြီးတခုလုံး မပျက်စီးသော်လည်း ကြားကာလ၌ လူတို တရားမဲ့၍ အသေဆိုးနှင့်သေကြရခြင်းကို ကပ်ဆိုက်သည်ဟု ခေါ်သည်။ ခေးလုံသေနတ်စသော လက်နက် များကြောင့် သေကြေ ပျက်စီး ရခြင်းသည် သတ္ထန္တရကပ်။ ဒေါသအာဃာတ လွှမ်းမိုးက ၎င်းကပ်ဆိုက်တော့သည်။ ကာလဝမ်း၊ ကျောက်၊ ပုလိပ် စသော ရောဂါများကြောင့် သေကြလျှင် ရောဂန္တရကပ်။ မောဟတရားကြီးမား၍ အသိပညာ နည်းပါးလျှင် ၎င်းကပ်ဆိုက်သည်။ ရေဘေး မီးဘေးသင့်၍၊ မိုးခေါင်၍၊ အစာရေစာ ရှားပါး ငတ်မွတ် ခေါင်းပါး၍ သေကြလျှင် ဒုဗ္ဘိက္ခန္တရကပ်။ ဝိသမ လောဘလွှမ်းမိုးလျှင် ယင်းကပ်ဆိုက်၏။ ကပ်၃-ပါးမှ ကင်းအောင် ဆုလည်းတောင်း၊ လောဘ ဒေါသ မောဟ ကင်းအောင်လည်း ကြိုးစားကြရာသည်။

## ရပ်ပြစ် (အပြစ်ရှိသောအရပ်) ၈-ပါး

**၁-ငရဲ၊ ၂-တိရစ္ဆာန်၊ ၃-ပြိတ္တာ** ဉာဏ်သားသတ္တဝါများမှာ ကုသိုလ်ပြုခွင့်မရသောကြောင့်အပြစ်ရှိသော အရပ် မည်ကြသည်။

**၄။ အသညသတ်နှင့် အရူပဘုံ** လူ့ပြည်လာ၍ ဘုရားဖူး တရားနာမှု၊ တရားကျင့်သုံးမှု မဖြစ်နိုင်သောကြောင့် တည်း။ အရိယာဖြစ်ပြီး အရှုပ ဗြဟ္မာကြီးများမှာ တရား တိုးတက်ခွင့် ရှိပါသည်။

**၅။ ပစ္စန္တရစ်အရပ်** ယခုအခါ မြတ်စွာဘုရားနှင့် သံဃာများမရောက်နိုင်၊ နိဗ္ဗာန်ရောက်ကြောင်းတရား အားထုတ်ခွင့် မရနိုင်သော နိုင်ငံခြား တိုင်းပြည်များ၊ အထူးအားဖြင့် ဘုရားပွင့်ရာ တောင်ကျွန်း မဇ္ဈိမဒေသမှ တပါးသော အရှေ့အနောက် မြောက်ကျွန်း စသော အရပ်များတည်း။

**၆။ မိစ္ဆာအယူရှိသူများ** ဘုရားနှင့် အနီးကပ် နေခွင့်ရသော်လည်း ဗုဒ္ဓ၏ အယူကို မကျင့်သုံးနိုင်သူများ အားလုံးသည် အပြစ်ရှိသောအရပ်သို့ ရောက်နေသူများပင်မည်သည်။ဘုရားရှင်၏ ဦးလေးတော်၊ ယောက္ခမလည်း တော်သော သုပ္ပဗုဒ္ဓသည် တူတော်၊ သားမက်လည်းတော်သော ဗုဒ္ဓ၏အယူကိုမယူနိုင်။ အဆုံး၌ မြေမျိုခံရ ရှာသည်။

**၇။ ဝမ်းတွင်းအင်္ဂါ ချို့တဲ့သူများ** ၎င်းတို့သည် ပဋိသန္ဓေ အသိဉာဏ် ချို့တဲ့သဖြင့် ဘုရားဖူး တရားနာရ သော်လည်း ကျွတ်တမ်းမဝင်နိုင်ကြပေ။ (၆၊ ၇-မှာ အရပ်အပြစ်မဟုတ်၊ ပုဂ္ဂိုလ်၏အပြစ်သာဖြစ်သည်။)

**၈။ ဘုရားမပွင့်ချိန် လူဖြစ်သူ** အသိဉာဏ်မည်မျှရှိသော်လည်း ဘုရားပွင့် ချိန်နှင့်မကြုံလျှင် တရားထူး မရနိုင်ပေ။ ထိုသို့ တရားအားထုတ်ခွင့် မရသောအပြစ်ရှိသောအရပ် ၈-ပါးကိုကျော် လွန်၍ ဗုဒ္ဓုပ္ပါဒနဝမခဏ ဘုရားပွင့်ရာ ၉-ခုမြောက်အခါကောင်းကြုံဘို့ လေးစားစွာ ဆုတောင်းသင့်ကြသည်။

နိရယ် တိရစ္ဆာန်၊ ဘုံပြိတ္တာ၊ အရူပ၊ အသညတ်။
ဣန္ဒြေချို့ရ၊ ပစ္စန္တ၊ မိစ္ဆတ္တအယူမှတ်။
ဘုရားမပွင့်ရာ၊ ဖြစ်သောခါ၊ ၈-ဖြာအပြစ်ရပ်။

(ဒီ-၃၊ ၂၁၉။)

**ရန်သူမျိုး ၅-ပါး** ရေ၊မီး၊မင်း၊ခိုးသူ၊မချစ်မနှစ်သက်အပ်သော အမွေခံရန်သူတို့တည်း။ ပကတိ ရေမီးမင်းတို့သည် လူတို့၏ အားထားမှီခိုဖွယ်ရာဖြစ်သော်လည်း အကြောင်းမညီညွတ်လျှင် အန္တ-ရာယ်ပြုတတ်သော ရေ မီးနှင့် တိုင်းပြည်နှင့်လူမျိုး ပျက်စီးဆုံးရှုံးအောင် ပြုတတ်သော သူပုန် ဒမြမင်းများလည်းသည် ရန်သူမည်သည်။ သီဟိုဠ်၌ ဗြာဟ္မဏတိဿ သူပုန်မင်းမျိုးတည်း။

သူခိုးဒမြများကဲ့သို့သော မိဘစကားကို နားမထောင်သော အမွေခံသားသမီးဆိုးများမှာလည်း အသက်စည်းစိမ်၏ အန္တရာယ်ကို ပြုတတ်၍ ရန်သူပင် ဖြစ်သည်။(သံ၊ပါ၊ ၂၊ ၉၀။ အံ ပါ၊ ၂၊ ၂၂၆။)

ရေ-မီး-သူခိုး၊ ခံမွေဆိုး၊ မင်းဆိုး ၅-ပါး ရန်သူတည်း။

## ဝိပတ္တိ(မပြည့်စုံမှု ချို့တဲ့မှု)တရား ၄-ပါး

(၁) ဂတိဝိပတ္တိ =အပါယ် ၄-ဘုံ၌ ဖြစ်ရခြင်း။

(၂) ကာလဝိပတ္တိ =မင်းဆိုး လူဆိုးသူခိုးဒမြများနှင့် ကြုံနေရခြင်း။ (သီဟိုဠ်၌ဗြာဟ္မဏတိဿ သူပုန်မင်း ကြီးစိုးနေချိန်မျိုး။)

(၃) ဥပဓိဝိပတ္တိ =ရုပ်ဆင်းအင်္ဂါချို့တဲ့ခြင်း။

(၄) ပယောဂဝိပတ္တိ =အမှန်ကိုမပြုမိ အလွဲကိုသာ ပြုမိခြင်း။

(သမ္မော-ဋ္ဌ-၄၂၁။)

ကာလ-ဂတိ၊ ဥပဓိ-ပယောဂါ၊ ဤ ၄-ဖြာ၊ မှတ်ပါဝိပတ္တိ။

## ဗျသန(ပျက်စီးခြင်း) တရား ၅-ပါး

(၁) ဉာတိဗျသန=ဆွေမျိုးပျက်စီးခြင်း။

(၂) ဘောဂဗျသန=စီးပွားဥစ္စာပျက်စီးခြင်း။

(၃) ရောဂဗျသန=အနာရောဂါ နှိပ်စက်ပျက်စီးခြင်း။

(၄) ဒိဋ္ဌိဗျသန=အယူအဆပျက်စီးခြင်း။

(၅) သီလဗျသန=သီလပျက်စီးခြင်း။

ဉာတိ-ဘောဂ၊ ရောဂ-သီလာ၊ ဒိဋ္ဌိပါ၊ ၅-ဖြာ ဗျသန။
(အံ၊ ပါ၊၂၊၁၂၉။)

**ဆုတောင်းအမျိုးမျိုး** ဤနေရာ၌ အချို့ ပုဂ္ဂိုလ်များသည် ၉၆-ပါး သောရောဂါဝေဒနာ၊၃၂-ပါးသောကံကြမ္မာ၊ ၂၅-ပါးသောဘေး၊ ၁၆-ပါးသော ဥပဒ္ဒဝေါ၊ ၁၀-ပါးသောဒဏ်၊ ၈-တန်သောအပြစ်၊ ၅-ပါးသောရန်၊ ၄-တန်သော ဝိပ္ပတ္တိ၊၃-ပါးသော ကပ်တို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်သာဖြစ်၍ စသည်ဖြင့်လည်း ဆုတောင်းတတ်ကြသေး၏။ ဆိုပြီးဆုတောင်း၌ အကျုံးဝင် သည်သာ တည်း။

## ၉၆-ပါး (၉၈) ပါးသော ရောဂါဝေဒနာ

မျက်စိနာ၊ နား၊ နှာ၊ လျှာ၊ ကိုယ်နာ။ ၅
ဦးခေါင်း၊ နားရွက်၊ ခံတွင်း၊ သွား၊ ချောင်းဆိုးနာ ၅
ကြို့ထိုး၊နှာခေါင်း အပြင်နာ၊ ကိုယ်တွင်းနာ၊ဖျား၊ ဝမ်းနာ။ ၅
မေ့နာ၊ သွေးလွန်၊ လေထိုး၊ ဝမ်းသက်၊ နူနာ။ ၅
မြင်းဖု၊ တင်းတိပ်၊ ပန်းနာ၊ ဝက်ရူး ကြက်ရူး၊ ပွေးနာ။ ၅
ဝဲခြောက်၊ဝဲစို၊ ခြေသဲလက်သဲ ခြစ်မိနာ၊ ခြေလက်ဖဝါး
ကွဲ၊ သည်းခြေနာ။ ၅
ဆီးချို၊ ရိုဖူ့ ရိုနီ၊ ဖော၊ ဂဃင်ဂျီနာ။ ၄

၎င်း၃၄-မျိုးတွင် ဝက်ရူးကြက်ရူးနာ၊ ခြေသဲ့လက်သဲခြစ်မိနာ၊ ဤ၂-ပါးကို နုတ်၊ ကြွင်းနာ ၃၂-မျိုးသည် လေ၊ သည်းခြေ၊ သလိပ် ၃-ပါးတို့ ကြောင့်ဖြစ်ရာလေနာ ၃၂၊သည်းခြေနာ ၃၂၊သလိပ်နာ ၃၂၊ ပေါင်း ၉၆-ဖြစ်သည်။ အနုတ် ၂-ခုနှင့် ပေါင်းသော် ၉၈-ပါးတည်း။ ရောဂ ဗျသန၌ ဝင်သည်။ (အံ၊ ၁၀၊ ပါ၊ ၃၄၃။ ဋ္ဌ၊၃၁၇။)

## ၃၂-ပါးသော ကံကြမ္မာ

ဆူးမရှိ ဆူးရှိကြိမ်၂-တောင်ခန့် ကြိမ်ဖြင့် ရိုက်ခြင်း၊ လက်ဖြတ် ခြေ ဖြတ်၂-ပါးစုံ ဖြတ်ခြင်းစသော ၃၂-ပါးသော ပြစ်မှုတို့သည် မင်းတို့က ရာဇဝတ်သားများကို ညှဉ်းဆဲမှုမျိုးဖြစ်၍ ကံကြမ္မာမည်သည်။ ကမ္မကရဏ ဟုပါဠိဆို၏။(မဟာနိဒ္ဒေသ အဂ္ဂုတ္တရပါဠိ)

## ၂၅-ပါးသော ဘေး

ရာဇတောဝါစသည်ဖြင့် ပရိတ်ကြီး ပါဠိလာ ဘေး ၂၈-တို့တွင် မြွေစိမ်း(မဏိသပ္ပ)ဘေးကို မြွေ(အဟိ)၌ သွင်း၍ ယက္ခ ရက္ခသ ၂-ပါးကို ဘီလူး(အမနုဿ)ဘေး၌ သွင်းက ၂၅-ပါး ဖြစ်သည်။

## ၁၆-ပါးသော ဥပဒ္ဒဝေါ

အဆဲခံ၊ လက်ထိတ်ခတ်၊ နောက်ပြန်ကြိုးတုတ်၊ သံခြေချင်းခတ်ခံရခြင်း။ ၄

ကြိမ်တုတ်၊ နွယ်တုတ်၊ တိုက်လှောင်၊ ကြိုးချည်ခံရခြင်း။ ၄

ရွာ၊နိဂုံး၊မြို့၊တိုင်း၊ဇနပုဒ်တို့ဖြင့် ခြေချုပ်ခံရခြင်း။ ၅

အရပ်တပါးမသွားရဟု ခြေချုပ်ခံရ၊ ပစ္စည်းသိမ်းခံရ၊ အဆဲခံရခြင်း စသည်တို့ဖြင့် စိတ်ဆင်းရဲရခြင်း။ ၃

(မဟာနိဒ္ဒေသ)

ဤ၁၆-ပါးတို့သည် ကပ်၍ နှိပ်စက်တတ်သော တရားဖြစ်၍ ဥပဒ္ဒဝ မည်၏။

## ၁၀-ပါးသော ဒဏ်

သွေးသားဆုပ်သော ရောဂါရ၊ ကိုယ်ခန္ဓာပျက်စီးရ၊ သည်းမခံနိုင်သောအနာရ၊ စိတ်ဖောက်ပြန်၊ မင်းဘေးသင့်၊ပြင်းထန်စွာစွပ်စွဲခံရ၊ ဆွေမျိုးပျက်၊ စည်းစိမ်ပျက်၊အိမ်မီးလောင်၊ သေသော်ငရဲကျ။ ဤ ၁၀-ပါးတို့သည် မပြစ်မှားသင့်သူအား ပြစ်မှား၍ သင့်သောဒဏ် ဖြစ်သည်။

(ဓမ္မပဒ)

## ၈-တန်သော အပြစ်

ရေ၊ မီး၊ မင်း၊ ခိုးသူတို့ကြောင့်ပျက်စီး၊ မြှုပ်ထားသော ဥစ္စာနေရာ ရွေ့၊ရောင်းဝယ်မှုမှား၊ ပစ္စည်းဖြုန်းသူ သားသမီးစသည်ရှိ၍ ပျက်စီး၊ မိမိ၏ရင်း၊ ဥစ္စာ၏ရင်း မမြဲ၍ပျက်စီးရခြင်းဟု ပျက်စီးကြောင်း အပြစ် ၈-ပါးတည်း။ (ဂါမဏိသံယုတ်)

## (ဂ)လေ့ကျင့်ခန်းများ

၁။ ဘုရားရှိခိုးကာနီး ဘုရားပင့်ကြရာ ဘုရားကြွလာ၊ မလာပြ၍ "ပန်းအိုး ကြွက်သိုက်၊ ဆွမ်းတော်တင်၌ ကြွက်လမ်းပြ" စကားဝါကျများကို ရှင်းလျက် စကြာမင်းစိတ်ကူး အကျိုးထူးပုံကိုလည်း ပြပါ။

၂။ ကန်တော့မှုကို ပေါ့ဆသည် ထင်သူများအား သင် မည်သို့ပြောမည်နည်း။ ဩကာသ စတင် ဖြစ်လာပုံကို ဉာဏ်ငုံမိသမျှ ပြ၍ သထုံနှင့် သရေခေတ္တရာ သာသနာ ရောက်ပုံကိုလည်း ရေးပါ။

၃။ သုနာပရန္တသာသနာ စတင်ရာ အခါကို ပြ၍ လက်ထက်တော်ကပင် မြန်မာ၌ သာသနာသက်ပုံကိုရှင်း၊ ပိဋကတော်များ၌ ဩကာသ သုံးပုံကိုရှင်း ရေးပါ။

၄။ ရှိသေနှင့် လေးစား သဘောသွား ခြားပုံကိုရှင်း၊ တည်ခြင်း ၅-ပါးညီအောင် ရှိခိုးပုံကိုရှင်း ပြ၍ ကာယဝန္ဒနာ အမျိုးမျိုးနှင့် အကျိုးကို ခင်ပုပ်ငှက် သက်သေတင် စီရင်ရေးသားပါ။

၅။ မိုးညှင်းသမ္ဗုဒ္ဓေဘုရားအတွင်း အပြစ်ကင်းအောင် မည်သို့ ရှိခိုးမည်နည်း၊ ရှိခိုးမှု၏ ချက်ခြင်း အကျိုးရပုံကို အဘိဓမ္မာနှင့် ရှင်းပြီးလျှင် ပူဇော်မှု ၂-မျိုး အတုခိုးရန် ရေးသားပါ။

၆။ မျက်စေ့လှသော သူငယ်မကို သင်မည်သို့ ယူဆ၍ အားကျမည်နည်း။ အမျိုးမြတ်၌ ဖြစ်ရအောင် ဆွမ်းခံ ကိုယ်တော်အား မကျက်၍ ဆွမ်းမလှူရဘဲ ကုသိုလ်ရနည်း တင်ပြပါ။

၇။ ရှိခိုးမှု၌ ကံနှင့်ဒွါရ မည်သူက သဘာဝ ကျမည်နည်း။ အဇာတသတ်နှင့် ဒေဝဒတ်တို့ ကန်တော့ကျိုးနှင့် ငရဲကြီး ၈-ထပ် အကွာအဝေးကိုလည်း ရေးပါ။

၈။ ယမမင်းနှင့် ငရဲထိန်းများ၏ တာဝန်များကို တင်ပြ၍ လောကီက ငရဲကြီးငယ်တို့၏သချ်ာ၊ လောကန္တရိက ငရဲ၏တည်နေဟန်၊ တိရစ္ဆာန် ပြိတ္တာတို့ အပြား သိထားရုံ ရေးပါ။

၉။ ယခုကာလ ဝိသမ လောဘသမားများ၏ သွားရမည့်နေရာကို တိကျစွာပြ၍ လောဘ ဒေါသ မောဟများခြင်းတို့ကြောင့်

ဆိုက်တတ်သော ကပ်များ၊ ရုပ်ပြစ် ရှစ်ပါးတွင် ပုဂ္ဂိုလ်၏ အပြစ် ၂-ပါးကိုလည်း ပြပါ။

၁၀။ ရန် ၅၊ ချို့တဲ့မှု ၄၊ ပျက်စီးမှု ၅-ပါး အစိပ္ပာယ်ပြ၍ လေကြောင့် ဖြစ်သောရောဂါမည်မျှ၊ကံကြမ္မာ ဘေးဒဏ် ဥပဒ္ဒဝေါ မည်မျှ အသီးသီး သချာမျှပြပါ။

## မဂ်ဉာဏ်လေးပါး ဖိုလ်ဉာဏ်လေးပါး

| | |
|---|---|
| သောတာပတ္တိ မဂ်ဉာဏ် | သောတာပတ္တိ ဖိုလ်ဉာဏ် |
| သကဒါဂါမိ မဂ်ဉာဏ် | သကဒါဂါမိ ဖိုလ်ဉာဏ် |
| အနာဂါမိ မဂ်ဉာဏ် | အနာဂါမိ ဖိုလ်ဉာဏ် |
| အရဟတ္တ မဂ်ဉာဏ် | အရဟတ္တ ဖိုလ်ဉာဏ် |

ဤ ၈-ပါးသည် အရိယာ ၈-ဦးတို့ ကိုယ်စီ ရကြသော ဉာဏ်များ ဖြစ်သည်။ သောတာပတ္တိမဂ်၌ တည်သော အရိယာသည် သောတာပတ္တိမဂ်ဉာဏ်ကိုရ၍ သောတာပတ္တိဖိုလ်၌ တည်သော သောတာပန် အရိယာသည် သောတာပတ္တိ ဖိုလ်ဉာဏ်ကို ရသည်ဟု သိလေ။ **မဂ်ခဏ**၌ စိတ်တကြိမ်သာရ၍ တိုတောင်းလှ၏။ ဖိုလ်၌တည်သောအခါမှ စ၍သာ သောတာပန် စသည်ဖြင့် သုံးစွဲရသည်။ သို့သော် ဆိုင်ရာ သံယောဇဉ် ကိလေသာများကိုမူ မဂ်ခဏ၌ပင် အပြီး ပယ်သတ်လိုက်၏။ ဖိုလ်ခဏကား အပူငွေ့ ငြိမ်းစေရုံသာ ကိစ္စရှိတော့သည်။

**သောတာပန်မည်ပုံ** အရိယာမဂ်အယာဉ်သို့ ဦးစွာ ရောက်ပြီးသူတည်း။ မိန်းမ ယောကျ်ား အယူမှားသော ဒိဋ္ဌိ၊ ဘုရား စသည်၌ ယုံမှားသော ဝိစိကိစ္ဆာ၊ မဂ္ဂင် ၈-ပါးကိုလွှတ်၍ အလေ့အကျင့်မှားများ၊ ယူမှားမှု သီလဗ္ဗတ ပရာမာသ၊ မနာလိုမှု ဣဿာ၊ သဝန်တိုမှု မစ္ဆရိယ၊ ဤသံယောဇဉ် ၅-ပါးပယ်သည်။သောတာပန် ဖြစ်၊ မဖြစ် ဤ ၅-ပါးဖြင့် စစ်နိုင်၏။

**သကဒါဂါမ်** လူ့ပြည်သို့ တကြိမ်သာ ပြန်လာတော့မည့် (ပဋိသန္ဓေ နေလာတော့မည့်)အရိယာတည်း။ ကာမကြမ်းခံစားမှု ကာမရာဂ၊ ဒေါသကြမ်း ပဋိဃ၊ ဤ ၂-ပါးကို ပယ်သည်။

**အနာဂါမိပုဂ္ဂိုလ်** လူ့ပြည်သို့ လုံးဝ မဖြစ်လာတော့မည့် အရိယာ တည်း။ ဘုရားဖူး တရားနာကား လာသေးသည်။ သိမ်မွေ့သော ကာမခံစားမှု ကာမရာဂ၊ စိတ်ဆိုးမှု ပဋိဃ လုံးလုံး ပြတ်သွားသည်။

**ရဟန္တာပုဂ္ဂိုလ်** ပူဇော်အထူး ခံထိုက်သော အမြတ်ဆုံး အရိယာတည်း။ ဘဝတပ်မက်မှု ဘဝရာဂ၊ထောင်လွှားမှု မာန၊အမှန်မသိမှု အဝိဇ္ဇာ၊ ဤ ၃-ပါး ပယ်သဖြင့် ရဟန္တာ သန္တာန်၌ မည်သည့် သံယောဇဉ် ကိလေသာမျှ မကျန်တော့ပြီ။

## နိဗ္ဗာန်ဆိုင်ရာ သိဖွယ်

**သန္တိလက္ခဏံ နိဗ္ဗာနံ** နိဗ္ဗာန်သည် အေးငြိမ်းသော လက္ခဏာ ရှိသည်။ အငြိမ်းဓာတ်ဟု တိကျမှတ်သားအပ်၏။ထူးသော မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ဖြင့်သာ သိအပ်၍ မြင်ကောင်းသော လက္ခဏာ မရှိ၊ ပုံတူ ဥပမာလည်း ပြစရာမရှိပေ။ ဖြစ်မှု အစအပိုင်းအခြားမရှိသလို ပျက်မှု အဆုံး အပိုင်းအခြားလည်း မရှိပါ။ ရုပ်နာမ် သင်္ခါရ တရားများမှာမူ အဖြစ် ဥပါဒ်ရှိ၍ အပျက် ဘင်လည်း ရှိကြသည်။(သန္တိလက္ခဏံ ဝိညာဏံ အနိဒဿနံ အနန္တံ စသော ဒီ၊ကေ ဝဋ္ဋသုတ်)

**နိဗ္ဗာန်နှင့် သင်္ခါရ ကွဲပုံ** ဖြစ်ပေါ်ခြင်းသဘော၊ မပြတ် စပ်၍ ဖြစ်နေသော သဘောသည် ရုပ်နာမ် သင်္ခါရ မည်၍ နိဗ္ဗာန်မှာ အဖြစ် ကင်းသော အငြိမ်း ဓာတ်သာ ရှိသည်။ မပြတ်စပ်၍ ဖြစ်သည့် ရုပ်နာမ်မှ ကင်းသော သဘောရှိသည်။ (ဥပ္ပါဒေါ သင်္ခါရာ အနုပ္ပါဒေါ နိဗ္ဗာနံ၊ ပဝတ္တံ သင်္ခါရာ အပဝတ္တံ နိဗ္ဗာနံ။ ပဋိသမ္ဘိဒါမဂ်)

နိဗ္ဗာန်၌ မြေ ရေ လေ မီး ဓာတ်ကြီး ၄-ပါးမရှိသဖြင့် ယင်းတို့၏ အဆင်တန်ဆာ အမွှန်းတင်များ ဖြစ်ကြသော မျက်စိ နား နှာ လျှာ ကိုယ် ဟူသော ဥပါဒါရုပ်များလည်း မရှိနိုင်တော့ပေ။ ထို့ကြောင့် ရုပ်များ ပူးပေါင်းစုဝေးမှုဆိုင်ရာ အရှည်၊အတို၊အငယ်၊အကြီး၊လှတယ်၊မလှဘူး ဟူသော ပုံသဏ္ဌာန်အားလုံးလည်း ဘာမျှမရှိ။ ရုပ်နှင့် တွဲဖက်ရသော စိတ် စေတသိက် အားလုံးလည်း ငြိမ်းရတော့သည်။ အရူပဘုံရှိ နာမ်တရားများလည်း ဝဋ်ငြိမ်း၍ ငြိမ်းရသည်။

ဧတ္တ အာပေါ စ ပထဝီ၊ တေဇော ဝါယော နဂါဓတိ။
ဧတ္တ ဒီဃဉ္စ ရဿဉ္စ၊ အဏုံထူလံ သုဘာသုဘံ။
ဧတ္တ နာမဉ္စ ရူပဉ္စ၊ အသေသံ ဥပရုဇ္ဈတိ။
(ဒီ၊ ကေဝဋ္ဋသုတ်။)

**နိဗ္ဗာန်အရောင်နှင့် သဗ္ဗတောပဘံ** ရုပ်မှာ နေရောင် လရောင် စသော အရောင်ရှိသည်။ ပညတ်မှာလည်း ပဋိဘာဂနိမိတ်အရောင်ရှိ၏။ ထို့အတူ သဗ္ဗတောပဘံ ဟူသော ကေဝဋ္ဋသုတ်ပါဠိတော်အရ နိဗ္ဗာန်မှာလည်း အလွန်နှစ်သက်ဖွယ်ကောင်းသော အရောင်ရှိသည်ဟု ဆရာအချို့ မိန့်ကြ၏။ စိစစ်ပေအံ့။ အရောင်ဟူသည် ရူပါရုံ ရုပ်အဆင်းသာတည်း။ နိဗ္ဗာန်၌ကား ရုပ်နာမ်အားလုံးအကြွင်းမဲ့ ချုပ်သည်။ နိဗ္ဗာန်သည် ဤလောကလည်းမဟုတ်၊ တပါးသော လောကလည်းမဟုတ်၊ တည်ရာဘုံလည်းမရှိဟူသော ဒေသနာတော်များနှင့် ဆန့်ကျင်၍ ဆရာမြတ်တို့ လုံးဝ လက်မခံကြပါ။

**သဗ္ဗတောပဘံအဓိပ္ပာယ် ၃-မျိုး** သဗ္ဗတောပဘံ၊အညစ်အကြေး ကင်းခြင်းကြောင့် ခပ်သိမ်းသော အခြင်းအရာအားဖြင့် စင်ကြယ်တောက်ပလျက်ရှိ၏ ဟူသော အနက်အရ ရုပ်များမှာ အညစ်အကြေး လိမ်းကျံပေရေနိုင်သလို နာမ်များမှာလည်း လောဘစသော ကိလေသာတို့ဖြင့် ညစ်နွမ်းကြသည်။ နိဗ္ဗာန်မှာ မည်သည့်အညစ်အကြေးမှ မရှိ၍ စင်ကြယ်တောက်ပလျက်ရှိသည်ဟု ဆိုလိုသည်။ အလွန်နှစ်သက်ဖွယ်ကောင်းသော အရောင်ရှိသည်ဟု ဆိုလိုရင်း မဟုတ်။

တနည်း—အာကာသ အာလောကကြဉ် ၃၈-ပါးသော ကမ္မဋ္ဌာန်းဟူသော အရပ်ခပ်သိမ်းမှ သက်ရောက်နိုင်သည့် ဆိပ်ကမ်းရှိ၏ ဟူသော အနက်အရ ပင်လယ်သမုဒ္ဒရာသို့ မည်သည့်ကမ်းခြေမှမဆို ဆင်းနိုင်သလို နိဗ္ဗာန်သို့ ဆင်းဘို့ရာလည်း ကမ္မဋ္ဌာန်း ၃၈-ပါး ဟူသော ဆိပ်ကမ်းရှိသည်ဟု ဆိုလိုသည်။ သို့သော် ဈာန်မျှဖြင့် နိဗ္ဗာန်မရနိုင်။ ဈာန်ကိုအခြေခံကာ ဝိပဿနာတင်မှ နိဗ္ဗာန်ရနိုင်သည်။ မှန်၏။ ရှေးက ရဟန်းငယ်တပါးနှင့် ကိုရင်ကြီးတပါး တံပူသားကပ္ပိရန် တောသို့သွားရာ အသုဘတွေ့၍ ပထမဈာန်ရကြ၊ နောက် ဝိပဿနာတင်ကြသဖြင့် အနာဂါမ် ဖြစ်သွားကြသည်။

တနည်း–အရာခပ်သိမ်းတို့၌ အမြတ်အားဖြင့် ထင်ရှားရှိသည်ဟူသော အနက်အရ အားတုတ်မှုမှန်လျှင် ဘယ်နေရာမဆို နိဗ္ဗာန် မြင်နိုင်သည်ဟု ဆိုလိုသည်။

**နိဗ္ဗာန်၌ ရုပ်နာမ်ငြိမ်းပုံ** အကျိုးပေးတတ်သောကံနှင့် တွဲ၍ ဖြစ်သောကမ္မဝိညာဉ် ချုပ်ခြင်းကြောင့် နောင် ဆက်လက်ဖြစ်ရမည့် ဘဝသစ် ရုပ်နာမ် အားလုံးပြတ်သွားသည်။ ပရိနိဗ္ဗာနစုတိ ဝိညာဉ်ချုပ်ခြင်းကြောင့် ရလက်စ ရုပ်နာမ် အားလုံး အစသတ်ပြတ်သွားတော့သည်။ (ဝိညာဏဿ နိရောဓေန ဧတ္ထေတံ ဥပရုဇ္ဈတိ။ ဒီ၊ ကေဝဋ္ဋသုတ်။)

ထင်ရှားစေအံ့။ သတ္တဝါများမှာ မြင်မှု ကြားမှု နာမှု ရောက်မှု သိမှုစိတ်နှင့်တကွ ဆိုင်ရာရုပ်နာမ်များ မပြတ်ဖြစ်ကာ ဝိပါကဝဋ္ဋ လည်နေကြရာတွင် ငါမြင် ငါကြားသည် စသည်ဖြင့် အလွဲသိလျှင် အဝိဇ္ဇာ၊ မြင်ကြားမှုစသည်များကိုသာယာလျှင်တဏှာ၊ စွဲလမ်းလျှင်ဥပါဒါန်ဖြစ်သည်။ ဤအဝိဇ္ဇာ တဏှာ ဥပါဒါန်တို့ကား ကိလေသဝဋ္ဋတည်း။

သာယာစွဲလမ်းသည့် အတိုင်း အလိုကျအောင် အားထုတ်မှုကား သင်္ခါရကမ္မဘဝခေါ် ကမ္မဝဋ္ဋပင်ဖြစ်၏။ ဤကမ္မဝဋ္ဋကြောင့် သေသည်၏အခြားမဲ့၌ ဝိညာဉ် နာမ်ရုပ်စသော အကျိုးဝိပါကဝဋ္ဋရ၊ မြင်ကြားစသည်ဖြစ်ပြန်ကာ ကိလေသာမှု ကံမှုပြုပြန်သဖြင့် သံသရာ ချားရဟတ် မပြတ်လည်တော့သည်။

ထိုလည်နေသော ဝဋ္ဋ ၃-ပါးတွင် အရဟတ္တမဂ်ဖိုလ်ဖြင့် ကိလေသာအားလုံး ကိလေသဝဋ္ဋကို အပြတ်သတ်လိုက်သဖြင့် ရှေးကံကောင်းတွေရှိနေသေးသော်လည်း ကိလေသာအဖော်မရ၍ ဘဝသစ်ဟူသော ဝိပါကဝဋ္ဋအကျိုးမပေးနိုင်တော့ပေ။ ကိလေသာ မရှိတော့၍ အကုသိုလ်မပြုတော့။ ကုသိုလ်ပြုသော်လည်း(ကိလေသာအဖော်မရှိသဖြင့် အကျိုးမပေးတတ်သော)ကုသိုလ်မမည်။ ကြိယာမည်၍ အသစ်ကံ ကမ္မဝဋ္ဋလည်း မရှိပြီ။ ကမ္မဝိညာဉ်ချုပ်ပြီဟူလို။

ထို့နောင် ပရိနိဗ္ဗာနစုတိဝိညာဉ်ချုပ်လျှင် ရလက်စ ရုပ်နာမ်အားလုံးငြိမ်း၊ အသစ်ရုပ်နာမ်လည်း မဖြစ်တော့။ ထို့ကြောင့် နိဗ္ဗာန်၌ ရုပ်နာမ်အားလုံးငြိမ်းရတော့သည်။(ခီဏံ ပုရာဏံ ရတနသုတ်)

**နိဗ္ဗာန်၌ ရုပ်ထူး နာမ်ထူး ရှိသည်** နိဗ္ဗာန်သည် မရှိပညတ်မဟုတ်၊ အရှိပရမတ်သာ ဖြစ်၍ ၃၁-ဘုံဆိုင်ရာ ရုပ်နာမ်မရှိသော်လည်း ၃၁-ဘုံမှ အလွတ် ရုပ်ထူးနာမ်ထူး အမှန်ပင် ရှိရမည်။ ထို့ကြောင့် ဘုရားရဟန္တာများပရိနိဗ္ဗာန်စံပြီးနောက် နိဗ္ဗာန်၌ရုပ်ထူးနာမ်ထူးအဖြစ် ထင်ရှား ရှိနေကြသည်ဟုလည်း ကြံဆကြသေး၏။ ထိုဆရာတို့၏ စကားကို—

(၁) နိဗ္ဗာန်မှာ ရုပ်ထူးနာမ်ထူးရှိနေလျှင် အအိုထူး အနာထူး အသေထူးလည်း ရှိပေမည်။ စင်စစ် နိဗ္ဗာန်၌ကား မည်သို့သော အိုနာ သေမျိုးမျှမရှိဟု ဘုရားဟောတော်မူသည်။

(၂) နိဗ္ဗာန်၌ ရုပ် နာမ်အားလုံး အကြွင်းမဲ့ ချုပ်သည်ဟုသာ ဟောပါသည်။ ရုပ်ထူး နာမ်ထူး ရှိနေသေးသည်ဟု ဘုရားမဟောပါ။

(၃) လူ့ပြည်သို့ အခြားဘုံများမှ ရောက်လာကြ၊ လူ့ပြည်ကလည်း အခြားဘုံများသို့ ပြောင်းရွှေ့သွားကြသလို နိဗ္ဗာန်သို့ အခြားဘုံများမှလည်း ရောက်မလာကြ၊ နိဗ္ဗာန်ကလည်း အခြားဘုံများသို့ ပြောင်းမသွားပါဟု ဟောပါသည်။ ဘုရား ရဟန္တာများသေလျှင် နိဗ္ဗာန်၌ ရုပ်ထူးနာမ်ထူးအနေ သွားဖြစ်ကြသည်ဟု ဘုရားမဟောပါ။

(၄) တောတောင်မြို့ပြ ပြည်ရွာများ၌ ဒြပ်အစိုင်အခဲတည်နေသလို နိဗ္ဗာန်၌ ရုပ်နာမ်အစိုင်အခဲ မတည်နေဟုသာ ဘုရားဟောပါသည်။ ရုပ်ထူးနာမ်ထူးတည်နေသည်ဟု မဟောပါ။

(၅) နိဗ္ဗာန်၌ အသေမရှိသလို ဖြစ်လာခြင်းလည်းမရှိဟုသာ ဟောပါသည်။ ဘုရားရဟန္တာများသေလျှင် နိဗ္ဗာန်၌သာ လာဖြစ်သည်ဟု မဟောပါ။

(၆) နိဗ္ဗာန်၌ ရုပ်နာမ်ထူးရှိလျှင် ယင်းတို့၏တည်ရာဘုံ ရှိရပေမည်။ ၃၁-ဘုံအတွင်းမှာ၊ သို့မဟုတ် ကောင်းကင်မှာ နိဗ္ဗာန်ရှိသည်ဟုလည်း တည်ရာဌာန ဟောမထားပါပေ။

(၇) ရဟန္တာပုဂ္ဂိုလ်များမှာ ကံဟောင်းလည်းကုန်။ ကံသစ်လည်း မရှိ။ ဘဝသစ်မှာလည်း မတွယ်တာ။ ကံမျိုးစေ့ ကုန်ပြီးသည်သာဖြစ်၍ မီးစာကုန် ဆီးခန်း မီးတောက် ငြိမ်းသွားသလို

ပရိနိဗ္ဗာန်စံယူပြီးနောက် ရုပ်နာမ်ခန္ဓာအသစ် မဖြစ်တော့ဘဲ ငြိမ်းသွားသည်ဟုသာ ဟောပါသည်။ ပရိနိဗ္ဗာန် ရုပ်နာမ်ထူး ဖြစ်သွားသည်ဟု မဟောပါ။(ခီဏံပုရာဏံစသောရတနသုတ်)

(ဂ) မီးစာကုန် ဆီခန်းမီးလျှံငြိမ်းချမ်းသွားသလို ရုပ်နာမ်သစ် ဖြစ်ကြောင်း အာသဝေါမရှိတော့၍ မိထွေးတော်ဂေါတမီသည် ပရိနိဗ္ဗာန်စုတိနောက် ရုပ်နာမ်ဆင်းရဲ ချုပ်ပြတ်စဲတော့သည်။ ဘိက္ခုနီမ ၅၀၀တို့သည်လည်း ဆီမီးတောက် ပျောက်သွားသလို ရုပ်နာမ်သစ်ဖြစ်ကြောင်း တရားမရှိကြတော့၍ ဆင်းရဲ ခပ်သိမ်းငြိမ်းသွားကြသည်ဟုသာ ဂေါတမီပရိနိဗ္ဗာန်စံခန်း၌ ဟောသည်။ရုပ်နာမ်ထူး ထပ်ဖြစ်သေး၏ဟု မဟောပါ။ ဤမျှဖြင့် ပရိနိဗ္ဗာန်၌ ရုပ်နာမ်ထူး ရှိသည်ဟူသော ဆရာတို့၏ ဝိစာရဏာ ဉာဏ်တော် နယ်ကျော်သွားပြီဟု ဆရာမြတ်တို့ မိန့်ကြ၏။

**အစ္စုတရသံ နိဗ္ဗာနံ** နိဗ္ဗာန် မရွေ့လျော၊ မပျက်စီးခြင်းဂုဏ်ရှိသည်ဟု မိန့်တော်မူရာ ရုပ်နာမ်ချုပ်ပြီး ဘာမျှမရှိသော တရား (မရှိ ပညတ်တရား)မဟုတ်။ အသင်္ခတပရမတ်အနေဖြင့် ရုပ်နာမ်တို့၏ငြိမ်းရာ ငြိမ်းခြင်း၏ သဘောထင်ရှားရှိကြောင်းသိသာသည်။ မှန်၏။ ဝဋ် ၃-ပါးမဖြစ်သော (အသစ်ဖြစ်လာခြင်း မရှိသော အကြောင်း-တခုခုက ပြုထားသည်မဟုတ်သော အကြောင်းပေါင်း များစွာ ပေါင်းပြုထားသည် လည်းမဟုတ်သော )အငြိမ်းဓာတ် နိဗ္ဗာန်သာ မရှိလျှင် ဤလောက၌ ဖြစ်ပေါ်နေသော (ဆိုင်ရာ အကြောင်း တခုခုက ပြုထားသော အကြောင်းများစွလည်း ပေါင်းပြုထားသော) သင်္ခတတရား ရုပ်နာမ်များ၏ ကျွတ်လွတ်ထွက်မြောက်ခြင်းမရှိနိုင်တော့ပေ။

အငြိမ်းဓာတ်နိဗ္ဗာန် စင်စစ်ရှိ၍ သာလျှင် ယင်းနိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့် အာရုံပြုကာ ရဟန္တာအဖြစ်ရောက်၊ ကိလေသဝဋ်များပျောက်၍ ပရိနိဗ္ဗာန်စုတိနောက်၌ ဝိပါကဝဋ်ပါ ချုပ်ငြိမ်းလွင့်ပျောက်ရပေသည်။ (ဥဒါန်းပါဠိတော်)။

**အနိမိတ္တံ ပစ္စုပဋ္ဌာနံ** နိဗ္ဗာန်သည် ပုံသဏ္ဌာန် အရိပ်နိမိတ် ကင်းသော အားဖြင့် ဉာဏ်အား ရှေးရှုထင်လာသည်ဟု မိန့်သဖြင့် နိဗ္ဗာန်သည် ဖြူဝင်းရောင်မဟုတ်။ အငယ်အကြီးမဟုတ်။ ဘုံနန်းပြာသာဒ် မြို့ပြ ပြည်ရွာမဟုတ်။ ဒြပ်အကောင်အထည်မရှိ။ ပုံသဏ္ဌာန်

ဖြစ်ရှိလျှင် သင်္ခါရသာဖြစ်သည်။(နိမိတ္တံ သင်္ခါရာ အနိမိတ္တံ နိဗ္ဗာနံ။ပဋိသမ္ဘိဒါမဂ်) ထို့ကြောင့် နိဗ္ဗာန်၏အဆင်းသဏ္ဌာန် အရွယ်ပမာဏကို ဥပမာဖြင့် ပြနိုင်မည်လားဟု မိလိန္ဒမင်းကမေးရာ ရှင်နာဂသိန်က နိဗ္ဗာန်သည် တူသောအရာမရှိ။ နိဗ္ဗာန်၏ အဆင်းသဏ္ဌာန် အရွယ်ပမာဏကို ဥပမာအကြောင်းများဖြင့် ယှဉ်ကပ်ပြခြင်းငှာ မဖြစ်နိုင်ဟု မိန့်သည်။

**ကိုယ်တွင်း၌ နိဗ္ဗာန်ရှိသည်** နိဗ္ဗာန်သည် တည်ရာဘုံဌာနလည်း မရှိဟူသော ဥဒါန်း ပါဠိတော်အရ ရုပ်နာမ်တို့၏ ချုပ်ပြတ် သွားခြင်း သဘောသည် ဘယ်နေရာ ဘယ်အပေါ်မှာ တည်နေသည်ဟု မဆိုနိုင်ပေ။ မီးခတ်ကျောက်နှင့် သံတုံးခတ်မိသော် မီးပွားကလေးဖြစ်၊ ချက်ခြင်းပျောက်သွားသည်။ ၎င်းမီးပွားကလေး ဘယ်အနားရောက်သွားသည်ဟု မသိရသလို မပြောနိုင်သလို ထိုအတူ အငြိမ်းဓာတ်သို့ ရောက်ကြကုန်သော ရဟန္တာတို့၏ လားရာဂတိကိုင်း၊ အငြိမ်းဓာတ်နိဗ္ဗာန်၏ တည်ရာဘုံဌာနကိုင်း ထင်ရှားမပြနိုင်သည်သာတည်း။

သို့သော်လည်း နည်းပရိယာယ်အားဖြင့် "တလံမျှလောက်သော ခန္ဓာကိုယ်ထဲမှာပင် နိဗ္ဗာန်ရှိသည်"ဟု ရောဟိတဿ သုတ်၌ ဟောထားသေးသည်။ အဓိပ္ပာယ်မှာ ချစ်မြတ်နိုးအပ်သော မျက်စိနှင့် စပ်သော တဏှာကိုပယ်လျှင် မျက်စိ၌ပင် ပယ်အပ်သည်။ မျက်စိ၌ပင် တဏှာချုပ်သည်ဟု (ချုပ်ငြိမ်းသောတဏှာက တလံမျှလောက်သော ခန္ဓာကိုယ်ထဲမှာပင် ရှိသကဲ့သို့ တင်စားပြီး) ဟောတော်မူခြင်းဖြစ်သည်။ အမှန်မှာ ချုပ်ငြိမ်းသော အငြိမ်းဓာတ်နိဗ္ဗာန်သည် ပြင်ပ ဗဟိဒ္ဓတရားသာတည်း။

**နိဗ္ဗာန်တမျိုးသာ ရှိသည်** ဤသို့လျှင် ဤလောကလည်းမဟုတ်၊ တပါးသော လောကသည်း မဟုတ်၊ လောကမှ အလွတ်သာဖြစ်သော မဂ်ဉာဏ်၄-ပါးဖြင့် မျက်မှောက်ပြုအပ်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်တို့၏ အာရုံအကြောင်းစစ်ဖြစ်သော နိဗ္ဗာန်သည် အငြိမ်းဓာတ်ဟု မှတ်သားအပ်သော သန္တိလက္ခဏာ အားဖြင့် တပါးသာ ရှိသည်။

## နိဗ္ဗာန် ၂-မျိုးတွင် သဉပါဒိသေသ

**ပစ်လိုက်သောမြား အရှိန်ကုန်မှ ပြန်ကျ** မှတ် သား ကြောင်း ပရိယာယ် ကာရဏူပစာအားဖြင့်ကား သဉပါဒိသေသ၊အနုပါဒိသေသဟု နိဗ္ဗာန် ၂-မျိုးရှိ၏။ ထိုတွင် အရဟတ္တမဂ်

ဖြင့် ကိလေသာကုန်ပြီးသော်လည်း ရှေးကံဟောင်းက အကျိုးပေးထားပြီး ဖြစ်သော ခန္ဓာ ၅-ပါး ကျန်နေသေးသော နိဗ္ဗာန်သည် သဥပါဒိသေသ နိဗ္ဗာန်မည်သည်။ ချဲဦးအံ့။ မဂ်အဆင့်ဆင့်ဖြင့် ပယ်လာရာ အရဟတ္တမဂ်ခဏ၌ကား ကိလေသာအားလုံး ကုန်ပေပြီ။ ရှေးကံဟောင်းတွေ ရှိသော်လည်း(ကိလေသာအဖော်မရသဖြင့်)ဘဝသစ် ထပ်မဖြစ်တော့နိုင်။ကိလေသာကုန်ပြီးနောက် ဘဝသစ်ဖြစ်ရန် ကံကိုလည်း မပြုတော့။ ကိလေသဝဋ် ကမ္မဝဋ် ၂-ပါးပြတ်ပြီ။

အကျိုးပေးတတ်သော ကံနှင့်တွဲနေသော ကမ္မဝိညာဏ်လည်း ချုပ်ဆုံးပြီးဖြစ်သည်။ သို့သော် ရှေးဘဝကံဟောင်းက အကျိုးပေးထားပြီး ဖြစ်သော ခန္ဓာ ၅-ပါးကား''ပစ်လိုက်သည့်မြား အရှိန်ကုန်မှ ပြန်ကျသကဲ့သို့''ပရိနိဗ္ဗာနစုတိမတိုင်ခင် ရှိမြဲရှိနေသေးရာ ဣန္ဒြေ ၅-ပါး ရှိနေသေး၍ ကောင်းကျိုးဆိုးပြစ်များကို ခံစားနေရဦးမည်သာ ဖြစ်သည်။

**အင်္ဂုလိမာလ သွားရာ ခြေမိုးရွာ** လည်ဆစ်ပြတ်ပြီး ထန်းပင်ကြီးသည် အညွန့်အခက်အရွက် အသီး မလာနိုင်တော့သော်လည်း ငုတ်တိုပင်လုံးကြီးကား ကျန်နေသေးသကဲ့သို့တည်း။ ထို့ကြောင့်ပင် ဘုရားရှင်၌ လာဘ်ပေါမှု သုန္ဒရီပရိဗိုဇ်မ စွပ်စွဲခံရမှု၊ တိတ္ထိများ နှောင့်ယှက်ခံရမှု၊ ရှင်သီဝလိလာဘ်ပေါမှု၊ လောသကတိဿ ရဟန္တာဆွမ်းမရမှု၊ အင်္ဂုလိမာလ သွားလေရာ ခဲပေါက်ခံရမှု၊အသက် ၇ဝ-ရဟန္တာဖြစ်သော ရှင်ဗာကုလ၊ အသက် ၁၆ဝမှ ပရိနိဗ္ဗာန်စံသဖြင့် နှစ်ပေါင်း ၇ဝ-လာဘ်ပေါများမှုတို့မှာ ရှေးကံဟောင်းများ၏ ပဝတ္တိကျိုးပေးနေသောပုံ ထင်ရှားသော သာဓကများ ဖြစ်သည်။

**ရဟန္တာနှင့် ဝန်ထုပ်၃-မျိုး** လောဘ စသော ကိလေသာ ဝန်ထုပ်၊ ကုသိုလ် အကုသိုလ်ဟူသော အဘိသင်္ခါရဝန်ထုပ်၊ခန္ဓာ ၅-ပါးဟူသော ခန္ဓာဝန်ထုပ်ဟု ဝန်ထုပ်ကြီး ၃-ခုရှိရာ ရဟန္တာမှာ အရဟတ္တမဂ်ဖြင့် ကိလေသာကုန်ပြီးဖြစ်၍ ကိလေသာဝန်ထုပ် ကျပေပြီ။ကိလေသာ အဖော်မရှိ၍ ကံဟောင်းတွေက ဘဝသစ်ပဋိသန္ဓေကျိုးမပေးတော့နိုင်။ (ပဝတ္တိကျိုးပေးနိုင်သေးပုံ ပြခဲ့ပြီ။) ပြုပြုသမျှ ဒါန သီလစသည်များမှာလည်း ဘဝသစ်ရရန် သံသစ်မမည်ရကား အဘိသင်္ခါရဝန်ထုပ်လည်းကျ၊ ၎င်းဝန်ထုပ်ကျသဖြင့် ဘဝသစ်၌ ဖြစ်ရမည့်ခန္ဓာ ၅-ပါး ခန္ဓဝန်ထုပ်ကြီးလည်း ကျပြီးဖြစ်ပေပြီ။

**ဝန်ထုပ်ကျရာ လွန်ချမ်းသာ** ကိုလေသာဝန်ထုပ် ကျသွားသဖြင့် ကိလေသာကြောင့် ဖြစ်ရသော သက်သတ်ခိုးမှု ကာမေသုစသော ပစ္စုပ္ပန် ပြစ်မှုပြစ်ဒဏ်များ၊ အပါယ်စသော သံသရာ ဆင်းရဲများမှ လွတ်သွားပေပြီ၊ အဘိသင်္ခါရ ဝန်ထုပ် ကျသွားသဖြင့် အကုသိုလ်ဆိုင်ရာ အပါယ်ဘေး၊ ကုသိုလ်ဆိုင်ရာ သုဂတိဘဝတို့၌ အိုနာသေဘေးများကင်းပြီး ချမ်းသာရပေမည်။ ၎င်းဝန်ထုပ်မကျသမျှ ရနေကြသော ဘဝအဆက်ဆက် ခန္ဓာဝန်မှာ ဣရိယာပုထ်၄-ပါးဖြင့် ပြုပြင်ပြောင်းလွှဲခြင်း၊ စားဝတ်နေရေး စီစဉ်ရ၊ အိုလာ နာလာသော အခါရရှိသောခန္ဓာဝန်၏ လိုသလို မရ၊ မလိုသလိုသာ ဖြစ်ရသော ဆင်းရဲများဖြင့် အလွန်ကြီးလေးလှသည် ဖြစ်ရာ ခန္ဓာဝန်ကျသော ရဟန္တာများမှာ ချမ်းသာလှပေမည်။

**လခစားများ လကုန်မည့်ရက်မျှော်** ရဟန္တာသည် လက်ရှိ ဘဝကိုလည်း မသာယာ၊ နောင် ဘဝကိုလည်း မတောင့်တ၊ မြန်မြန်ပရိနိဗ္ဗာန်စံဘို့ကိစ္စကိုလည်း ဒေါသမရှိတော့၍ မပြုလုပ်ပါ။ အလုပ်မလုပ်လိုသော်လည်း စားဝတ်နေရေးကြောင့် လုပ်နေရသော အလုပ်သမားသည် လခထုတ်မည့်အချိန်ကိုသာ စောင့်မျှော်နေဘိသကဲ့သို့ ရဟန္တာပုဂ္ဂိုလ်သည်လည်း ပရိနိဗ္ဗာန် စံယူရမည့် အချိန်ကိုသာ စောင့်မျှော် နေတော့သည်။

**အနုပါဒိသေသနိဗ္ဗာန်** ရဟန္တာ ဖြစ်ပြီးနောက် ရှေးကံ ဟောင်းက အကျိုးပေးထားသဖြင့် ရလက်စ ခန္ဓာ ၅-ပါးသည် ပရိနိဗ္ဗာနစုတိဖြင့် အကြွင်းမဲ့ချုပ်ခြင်းကြောင့် ခန္ဓာ ၅-ပါးအကြွင်းမရှိသော နိဗ္ဗာန်သည် အနုပါဒိသေသ နိဗ္ဗာန်မည်၏။ ဤနိဗ္ဗာန်သဘောကို ကေဝဋ္ဋသုတ်စကားတို့ဖြင့် ထင်ရှားစွာဆိုခဲ့ပြီ။

**ကာရဏူပစာ** နိဗ္ဗာန်၂-ပါးဟူသော စကားကား မုချနီတတ္ထမဟုတ်။ ဥပစာနေယျတ္ထစကားသာဖြစ်သည်။ မှန်၏။ သဥပါဒိသေသ အနုပါဒိသေသဟူသည်နိဗ္ဗာန်ကို မှတ်သားကြောင်းလက္ခဏာသာတည်း။ ဤသို့မှတ်သားကြောင်း လက္ခဏာ ၂-မျိုး ပြားသောကြောင့် အကြောင်းလက္ခဏာ၏ သဥပါဒိသေသ အနုပါဒိသေသ ဟူသော အမည်

ကို အကျိုးမှတ်သားအပ်သော လက္ခဏာနိဗ္ဗာန်ပေါ်တင်စား၍ ကာရဏူပ-စာအားဖြင့် အကျိုးနိဗ္ဗာန်ကိုပင် သဥပါဒိသေသ စသည်ဖြင့် ခေါ်ရသည်။

## နိဗ္ဗာန် ၃-မျိုး

**သုညတနိဗ္ဗာန်** သုညတ၊ အနိမိတ္တ၊ အပ္ပဏိဟိတဟု အခြင်း အရာနှင့်စပ်သောအပြားနိဗ္ဗာန် ၃-ပါးရှိရာတွင် ဝဋ္ဋာနုဂါမိနီဝိပဿနာဇောသည် အနတ္တဟု စီးဖြန်းခြင်းကြောင့် ရာဂစသည်နှင့်တကွ ရုပ်နာမ်ခန္ဓာတို့မှ ကင်းဆိတ်နေပုံအခြင်းအရာကိုစွဲ၍ ရအပ်သော နိဗ္ဗာန်သည် သုညတနိဗ္ဗာန်မည်သည်။

**နိဗ္ဗာန်၌ ဝေဒယိတ သုခမရှိ** ရှင်သာရိပုတ္တရာက ရဟန်းများအား"ရုပ်နာမ်ကင်းဆိတ်သောအငြိမ်းဓာတ်နိဗ္ဗာန်သည် ချမ်းသာပေစွ"ဟု ချီးကျူးရာ လာဠုဒါယီမထေရ်က "ခံစားမှု ဝေဒယိတသုခ မရှိသော နိဗ္ဗာန်မှာ ချမ်းသာဆိုတာ ဘယ်ဟာပါလဲ" ဟု ပုထုဇဉ်ပီပီ ခံစားမှုပါသော ချမ်းသာကို အလေးထားမေးလျှောက်သည်။"ခံစားမှုမရှိတာသည်ပင်နိဗ္ဗာန်မှာ ချမ်းသာတာပါဘဲ"ဟု ရှင်သာရိပုတ္တရာ မိန့်ကြားသည်ကို ထောက်၍ ရုပ်နာမ်ဆိတ်သောနိဗ္ဗာန်၌ ခံစားမှုချမ်းသာ ဝေဒယိတသုခ လုံးဝမရှိဟု မှတ်သားရမည်။

**ချမ်းသာ ၂-ခု အထူး** အာရုံ ၆-ပါးခံစား၍ ချမ်းသာသော ဝေဒယိတသုခတမျိုး၊ ခံစားမှုမပါသော အငြိမ်းဓာတ်ချမ်းသာ သန္တိသုခတမျိုးဟု ၂-မျိုးရှိရာတွင် ခံစားမှု အပြည့်ပါသော ချမ်းသာကို အကောင်းဆုံး ချမ်းသာ လောကနိဗ္ဗာန်၊ လက်တွေ့နိဗ္ဗာန်၊ဒိဋ္ဌ ဓမ္မနိဗ္ဗာန်ဟု သတ္တဝါများ ယူမှားကြသည်။ ယင်းချမ်းသာကို မည်သူမျှ အမြဲမခံစားနိုင်။ သင်္ခါရဓမ္မသာဖြစ်၍ အပျက်နှင့် လက်စသတ်ရမည်။

**စကြဝဠာမင်း စည်းစိမ်နှင့် နိဗ္ဗာန်** ငွေတတောင်လို၍ သီလစောင့် တရားနာသော အနာထပိဏ် သူဌေးသားကာလအား ဘုရားရှင် တရားဟောရာ သောတာပန် တည်သွားသည်။ ထိုအခါ ကာလ၏အသိဉာဏ်တွင် ငွေ ၁၀၀၀ ဆိုင်ရာ ခံစားမှုချမ်းသာနှင့် သူကိုယ်တိုင် သိမြင်ရသော ခံစားမှုမပါ နိဗ္ဗာန်ချမ်းသာတို့ ထူးပုံ

ကို သိတော့သည်။ ထို့ကြောင့် ဘုရားက စကြာမင်း နတ်မင်း ဗြဟ္မာမင်း စည်းစိမ်ထက် ခံစားမှုမပါ။ နိဗ္ဗာန်ချမ်းသာကို အာရုံယူနိုင်သော သောတာပတ္တိဖိုလ်က မြတ်သည်ဟု မိန့်သည်။

**အနိမိတ္တနိဗ္ဗာန်** ဝိပဿနာဇောသည်အနိစ္စဟု စီးဖြန်းခြင်းကြောင့် အမြဲနေဟန် ပုံသဏ္ဌာန် အရိပ်နိမိတ်မရှိသော အခြင်းအရာကိုစွဲ၍ ရအပ်သော နိဗ္ဗာန်သည် အနိမိတ္တနိဗ္ဗာန်မည်သည်။ ထိုစကားအရ နိဗ္ဗာန်၌အရောင်အဆင်းဒြပ် နှစ်သက်အပ်သော အကောင်အထည် ဘာမျှမရှိဟု သိသာသည်။ ထို့ကြောင့်ပင် ဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီး ရက် ၅၀-အကြာတွင်"သံခါရအားလုံးငြိမ်းရာ ဥပဓိ ၄-ပါးလုံးကို စွန့်လွှတ်ရာ၊ တဏှာကုန်ရာ၊ကင်းချုပ်ရာဖြစ်သော ထင်ရှားသော အငြိမ်းဓာတ် နိဗ္ဗာန်သည် မြင်နိုင်ခဲ့သည်"ဟု နှလုံးသွင်း ဆင်ခြင်တော်မူသည်။

**ဥပဓိ ၄-ပါး** ချမ်းသာ ဆင်းရဲတို့၏ တည်ရာ ဖြစ်ရာကို ဥပဓိဟု ခေါ်သည်။ ကာမဂုဏ် ၅-ပါးဟူသော ကာမုပဓိ၊ ခန္ဓာ ၅-ပါးဟူသော ခန္ဓုပဓိ၊ ကိလေသာ ၁၀-ပါးဟူသော ကိလေသုပဓိ၊ ကုသိုလ် အကုသိုလ်ကံ ဟူသော အဘိသင်္ခါရုပဓိဟု ၄-ပါးတည်း။ ခန္ဓုပဓိမှလွတ်သည် ဟူသော စကားဖြင့် နိဗ္ဗာန်၌ ဝေဒယိတသုခ မရှိပုံ၊ နှစ်သက်ဖွယ်သော အလင်းရောင် ရှိသည် ဟူသော စကား ယုတ္တိမရှိပုံ၊ ရုပ်ထူး နာမ်ထူး ရှိသေးသည် ဟူသော အယူအဆတို့ နယ်ကျော်ပုံ ထင်ရှားသည်။

**အပ္ပဏိဟိတနိဗ္ဗာန်** ဝိပဿနာ ဇောသည် ဒုက္ခဟု စီးဖြန်းခြင်းကြောင့် တောင့်တတတ်သော တဏှာမှ လွတ်သော တဏှာဖြင့် တောင့်တ၍လည်း မရကောင်းသော အခြင်းအရာကို စွဲ၍ ရအပ်သော နိဗ္ဗာန်သည် အပ္ပဏိဟိတ နိဗ္ဗာန်မည်သည်။ ထိုစကားအရ ၃၁-ဘုံဆိုင်ရာများကို တွယ်တာ ဆက်စပ် ဖွဲ့ချည်တတ်သော ဝါန(=တဏှာ) မှ လွတ်မြောက် တတ်သော ထွက်မြောက်ရာ ထွက်မြောက်ကြောင်း ဖြစ်သော အငြိမ်းဓာတ်ကို နိဗ္ဗာန်ဆိုကြောင်း သိသာသည်။

**တဏှာနှင့် နိဗ္ဗာန်** တဏှာရှိသမျှ နိဗ္ဗာန်ကို မလိုလား။ တဏှာက နိဗ္ဗာန်ကိုလည်း အာရုံ မပြုနိုင်သည်သာဖြစ်၍ တဏှာနှင့် နိဗ္ဗာန် ပြောင့်ပြောင့် ဆန့်ကျင်သည်။ နေ့စဉ် နိဗ္ဗာန်ကို ဆုတောင်းသူ ဒကာတဦးအား လူရှုပ်တယောက်က ဘုရားဟန်ဆောင်ကာ "ကဲ ဒါဖြင့်

နိဗ္ဗာန်ပို့မယ်” ဟု ဆိုရာ အိမ်ကလူ ပြန်၍တိုင်ပင်ပါရစေ ဟု ဆိုသည်။ “ကောင်းတယ်၊ နိဗ္ဗာန်ကို လိုက်သွားပါ” ဟု အိမ့်ရှင်မ ခွင့်ပြုသော်လည်း “ငါမရှိလျှင် နင်တို့ ခက်မည်၊ နင်တို့ မစဉ်းစားပေမဲ့ ငါစဉ်းစားရဦးမည်” ဟူသော လုပ်ဇာတ်ကား နိဗ္ဗာန်နှင့် တဏှာတို့ ဝိရောဓိဖြစ်ပုံဝယ် ဗျူပွတ်နှင့် ညီ၍ ဆီလျော်လှသည်။

**မှတ်ချက်**။ ဤနိဗ္ဗာန်ဆိုင်ရာ စကားများသည် ဉာဏ်နု့သူ ငယ်ရွယ်သူများအတွက် စိတ်ဝင်စားမှု နားဝင်မှုရှိမည် မဟုတ်သော်လည်း ဉာဏ်ရှိသူများအတွက် ရည်ရွယ် ရေးသားသဖြင့် အလေးအမြတ်ပြုကာ ဖတ်ရှုလေ့လာပါလျှင် ရေးသားရကျိုး နပ်မည်သာ။

# သီလခန်းမှာ သိစရာ

## ၅-ပါးသီလခန်း ဆိုင်ရာ သိဖွယ်

**ကြေးညှော်စင်မှ တန်ဆာဆင်** ရေးမချိုးရသေး၍ အညစ်အကြေးရှိနေသူသည် ကောင်းမြတ်သော အဝတ်တန်ဆာတို့ကို ဝတ်ရုံ ဆင်မြန်းသော်လည်း တင့်တယ်သော ပြည့်စုံခြင်း မဖြစ်နိုင်ပါ။ ထို့အတူ အပြစ် တည်းဟူသော အညစ် အကြေးများကို တောင်းပန်ကန်တော့ခြင်း ဟူသော ဆေးကြောသုတ်သင်မှုကို ပြုပြီးသော အခါမှသာလျှင် သီလတည်းဟူသော အဝတ် တန်ဆာများကို ဝတ်ဆင် အပ်လေသောကြောင့် ကန်တော့ခန်းအပြီးတွင် ၅-ပါးသီလစသည့် သီလခံယူဆောက်တည်မှုကို အစဉ်အလာ ရှေး ပညာရှင်များ စီစဉ်တော်မူကြသည်။

**၅-ပါးသီလ၏ နာမည်အမျိုးမျိုး** ၅-ပါးသီလသည် လူများ မခိုမကပ် စောင့်ထိန်းအပ်၍ ဂဟဋ္ဌသီလ၊ သူတော်ကောင်းများ အမြဲ စောင့်ထိန်းကြ၍ နိစ္စသီလ၊ သာသနာတွင်း သာသနာပ အလေးပြုအပ်သော သီလဖြစ်၍ ဂရုဓမ္မသီလ၊စကြာမင်းများ ကမ္ဘာကို အုပ်ချုပ်သော သီလဖြစ်၍ စက္ကဝတ္တိဓမ္မသတ်၊ သောတာပန် စသော အရိယာတို့၏ တရားဖြစ်၍ အရိယဓမ္မ၊ အရိယာတို့နှစ်သက်အပ်သော သီလဖြစ်၍ အရိယကန္တသီလ မည်သည်။ (၅-ပါးသီလမလုံလျှင် ဘုရားစူး ကြိမ်ပြောစေဦးတော့ သောတာပန် မဟုတ်သေးဟု မှတ်။) မကောင်းမှုဒုစရိုက်မှ ရှောင်ကြဉ်မှုဖြစ်၍ ဝိရတီလည်း မည်သည်။

**ဝိရတီ ၃-မျိုး** ယင်း ဝိရတီသည် မဂ်ရ၍ မကောင်းမှုမှ အကြွင်းမဲ့ ပြတ်သွားသော သမုစ္ဆေဒဝိရတီ၊ မကောင်းမှု ပြုခွင့် ကြုံလျက် မပြုဘဲ ရှောင်ကြဉ်သော သမ္ပတ္တဝိရတီ၊ မကောင်းမှုမပြုမိရန်

ကြိုတင်၍ ဆောက်တည်ထားသော သမာဒါနဝိရတီဟု ၃-မျိုး ရှိသည်။ ထိုရှောင်ကြဉ် စောင့်စည်းရမည့် သီလများတွင် ၈-ပါး၊ ၉-ပါး၊ ၁၀-ပါး သီလများကား မဆောက်တည် မကျင့်သုံးလျှင် အပြစ်မဖြစ်။ ဆောက်တည် ကျင့်သုံးလျှင် အထူးကုသိုလ်ရပါ၏။ ၅-ပါးသီလကား လူများ အတွက် မကျင့်သုံးလျှင် မုချအပြစ်ရသောကြောင့် မကောင်းမှုပြုခွင့်ကြုံ လျက် မပြုဘဲ ရှောင်ကြဉ်သော သမ္ပတ္တ ဝိရတီသာမက ဆောက်တည်မှု သမာဒါနဝိရတီ ကုသိုလ်လည်း ရအောင် အမြဲပင် ခံယူ ဆောက်တည် ကျင့်သုံးအပ်သည်။

**အနာထပိဏ်သူဌေး သီလပေးပုံ** သီလဆောက်တည်ရာ၌ မိမိသီလမကျိုး မပေါက် မပြောက် မကျားအောင် စောင့်ထိန်းမှုသာ အရေးကြီးသည်ဖြစ်ရာ မိမိဘာသာဖြစ်စေ၊ အလေး ဂရုပြုလောက်သော ဘုရား သံဃာ မိဘ ဆရာသမားများထံမှာပင် ဖြစ် စေ ခံယူ ဆောက်တည်နိုင်သည်။ အလေးပြုလောက်သူထံမှာ ခံယူလျှင် စောင့်စည်းမှု သာ၍ လေးနက်နိုင်ပါ၏။ အလုပ်မှ ပြန်လာ၍ အနာထ ပိဏ် သူဌေးထံ ၈-ပါးသီလခံယူသော သူရင်းငှား ဒါယကာကား အစာ မစားရ၍ လေနာရောဂါဖြင့် ထိုညဉ့်ကွယ်လွန်ရာ ယင်းကုသိုလ်ကြောင့် နတ်၌ ဖြစ်လေသည်။

## သီလတောင်းမှုဆိုင်ရာ

**မတောင်းဘဲပေး မလေးစား** လောက၌ တစုံတခုကို မတောင်းဘဲပေး လျှင် မလေးစားတတ်ကြ။ ထို့ကြောင့် လေးစားစေဘို့ရာ "အဟံ ဘန္တေ"စသည်ဖြင့် သီလတောင်းပုံကို စီစဉ် တော်မူကြသည်။ အရှင်သာရိပုတ္တရာသည် မိမိထံလာလာသမျှ မုဆိုးတံငါ ပါမကျန် ၅-ပါးသီလ အတင်းပေးလေ့ရှိရာ ခံယူပြီးသူများမှာလည်း မစောင့်စည်းနိုင်ကြဘဲ မုဆိုးတံငါအလုပ် လုပ်မြဲပင်ဖြစ်ကြသည်။ ထိုနှင့် စပ်၍ ပြောဆိုကြသော သံဃာများစကားအရ အတ္တုဝဏ္ဏကို ဘုရား ဟောတော်မူသည်။

**မြေညီအောင် ချောက်နက်ထဲ ခဲချ** ရှေးက သာရိပုတ္တရာ အလောင်း တက္ကသိုလ် ဆရာကြီးသည် လူတွေ့ သမျှအား ငါးပါးသီလပေးလေ့ရှိရာ ထိုမှုကိုမကြိုက်သော ဘုရားလောင်း

တပည့်ကြီးသည် အခွင့်ကိုသာ ရှာနေမိသည်။ တနေ့သ၌ ဆရာတပည့် ငါးရာ အရပ်တပါးမှ ပြန်လာရာ လမ်း၌တွေ့သော ချောက်နက်ကြီးထဲသို့ တပည့်ကြီးသည် ကျောက်ခဲကို ပစ်ချနေရစ်ခဲ့သည်။ တပည့် အချို့က ခေါ်သော်လည်းမလိုက်။ စကားမပြော။ ပစ်ချမြဲသာနေရာ ဆရာကြီး ကိုယ်တိုင်လာ၍ ချောက်ထဲ ခဲပစ်ချမှု ရည်ရွယ်ချက်ကို မေးရတော့သည်။

ထိုအခါ တပည့်ကြီးက "ဇမ္ဗူဒီပါ မြေမဟီကို စည်မျက်နှာလို ညီစေလို၍ပါ ဆရာ"ဟု တင်ပြရာ "တပည့် ရူးနေသလား၊ ဇမ္ဗူဒီပါ အသာထား၊ အနားရှိချောက်ကိုပင် ၁၀-သက်လောက်ဖို့၍ မညီနိုင်"ဟု ဆရာက မိန့်သည်။ ထိုအခါ တပည့်က "ဤအရာကို သိပါလျက် လူတွေ တိုင်း သီလစောင့်ခိုင်းမှု အံ့ဩလှပါသည်"ဟု တင်ပြမှ ရှင်သာရိပုတ္တရာ အလောင်း ဆရာကြီး သတိရတော့သည်။ ဤကား တောင်းမှ ပေးသင့်ပုံ သာဓကတည်း။

## နမောတဿ ဆိုင်ရာ

**စာအစ နမောတဿ** ပါရမီတော်အားထုတ်မှု အကြောင်း ကိစ္စပြီး၍ အကျိုးဟူသမျှ အထွဋ်အထိပ် ရတော်မူသော ဘုရားအား ရှိခိုးခြင်းသည် အမြတ်ဆုံး မင်္ဂလာဖြစ်သည်ကို သိစေလိုသော လောကီ လောကုတ္တရာကျမ်းဆရာများသည် ကျမ်းဦးအစ၌ နမောတဿ ဖြင့် ရှိခိုးကြသည်။ ထို့ကြောင့် ရှေးပညာရှင်များနည်းတူ သီလတောင်း အပြီး သရဏဂုံသီလဆောက်တည်တော့မည့် အခါတွင် သီလကို ပညတ်တော်မူသော သီလပိုင်ရှင် မြတ်စွာဘုရားအား အကောင်းမြတ်ဆုံး မင်္ဂလာကြီး ဖြစ်ရန်၊ အန္တရာယ်ကင်းပျောက် လိုရင်းကိစ္စများ ပြီးမြောက်ရန် ရှိခိုးရပါသည်။

**သိကြားနှင့် နတ်မင်းကြီးများ** ပိဋကတော်များ၌ နမောတဿကို သိကြားမင်း ဝမ်းမြောက်လှသဖြင့် ဥဒါန်း ကျူးသည်ဟု လာသည်။ ပဋ္ဌာနဒီကာသလမင်း၊ ကာရဏပါဠိပုဏ္ဏား ဇာဏုသောဏိပုဏ္ဏား၊ ဗြဟ္မာယုပုဏ္ဏား၊ ဓနဉ္စာနီ ပုဏ္ဏေးမတို့လည်း ရှိခိုးကြသည်။သဒ္ဒါင်္ဂဋီကာများ၌မူ သာတာဂီရိနတ်မင်းက နမော၊အသူရိန် နတ်မင်းက တဿ၊ စတုမဟာရာဇ်နတ်မင်းကြီး ၄-ယောက်က ဘဂဝတော၊သိကြားမင်းက အရဟတော၊ ဗြဟ္မာမင်းက သမ္မာသမ္ဗုဒ္ဓဿ ရွတ်ဆိုကြကြောင်း ပြသည်။

အတိတ်နိမိတ် အိပ်မက်မကောင်းလျှင်၊ ဂြိုဟ်စီးဒသာ ကံကြမ္မာယိုယွင်းလျှင်၊သက်စေ့ရွတ်ဆိုပူဇော်၍ မင်္ဂလာပြုသောအခါ၊ ခရီးသွားသောအခါတို့၌လည်း တတ်အားသမျှ ရွတ်ဖတ်ပူဇော် ရှိခိုးလျှင် အကျိုးပြီးသည်ဟု ပညာရှင်များ မိန့်ကြားကြသည်။

**ဘုရားရှိခိုးရကျိုး** နမောတဿ၌ ဂုဏ်တော်၃-ပါး ပါဝင်ရာ ဘဂဝတော ဘဂဝါ ဂုဏ်တော်ဖြင့် ဘုန်းတန်ခိုးတိုးကာ ရန်သူကိုအောင်နိုင်သည်။အရဟတော၊အရဟံဂုဏ်တော်ကို စီးဖြန်းသဖြင့် လူနတ်များ ကြည်ညိုကာ အချီးမြှင့်ခံရသည်။ ရန်အောင်နိုင်သည်။သမ္မာသမ္ဗုဒ္ဓဿ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ဖြင့် ဉာဏ်အမြင်သန်ကာ မှန်ရာကို သိတတ်သည်ဟု မိန့်ကြ၏။ ကောင်းကင်၌ တည်နေသောသတ္တဝါများ မြေမှာ တည်နေရသလို ဖြစ်ခြင်း၊ဘေးရန် ကင်းခြင်း၊ကြောက်ရွံ့ထိတ်လန့်မှု ကင်းခြင်း (ဇေဂ္ဂသုတ်) တို့သည် ဂုဏ်တော် စီးဖြန်းမှု၏ အကျိုးများတည်း။

**ဆရာမြတ်တို့ တိုက်တွန်းတော်မူချက်** မြန်မာနိုင်ငံ ဝေဠုဝန်နိကာယ၏ အဓိပတိအဂ္ဂမဟာပဏ္ဍိတ ပွင့်လှသိမ်ကုန်းဆရာတော်ဘုရားကြီး (သက်တော် ၉၄)က ကန်တော့ရောက်လာသော ရဟန်းရှင်လူများကို “ငါ့လိုအသက်ရှည်လိုလျှင် နမောတဿကို အချိန်ရသမျှ ရွတ်ဆိုကြည်ညို ဘုရားရှိခိုးကြ”ဟု ဩဝါဒပေးသည်။ မြန်မာသာမဏ ထေရဝါဒ ၅-ပြည်ထောင်စု၏ ဥသျှောင် အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ် ဆရာတော်ဘုရားကြီးကမူ မိမိတို့အား နမောတဿပါဠိအနက် စာရွက်များ ရိုက်ထားစေလျက် အပူဇော်လာကြသော ခေတ်ပညာတတ် ကျားမကြီးငယ်များကို ဘုရားရှိခိုး ရ မရမေး၍ မရသူများကို ၎င်းနမောတဿ ပါဠိအနက်ရေးသား ရိုက်နှိပ်ပြီး စာရွက်များကို ချီးမြှင့်၍ ကျက်စေ ရှိခိုးစေသည်။ (မစိုးရိမ်ဆရာတော်ဘုရားကြီး သက်တော် ၉၆-ပြည့်ကာနီး ၁၃၃၇-ခု၊ သီတင်းကျွတ် လဆုတ် ၁၂-ရက် ဘဝနတ်နန်း ကြွမြန်းတော်မူသည်) အမြတ်ဆုံး၊ အသာဆုံး၊ အထူးချွန်ဆုံး ဘုရားအား ကြည်ညိုလျှင် အမြတ်ဆုံး၊ အသာဆုံး၊ အထူးချွန်ဆုံး အကျိုးများ မုချရမည်ဟု မှတ်။ (အံ-ပါ-၁ )

## သရဏဂုံ ၃-ပါးဆိုင်ရာ

**သာသနာတွင်းသာ ရသည်** သာသနာပအခါ ဘုရားစသည် မရှိသဖြင့် သရဏဂုံ၌ တည်ခွင့်မရတော့ဘဲ သိက္ခာပုဒ် ၅-ပါးသာ ဆောက်တည်ရသည်။ ထို့ကြောင့် အကျိုးပေးအားနည်းသည်။ ယခုအခါ သာသနာတွင်း ဖြစ်သဖြင့် ကုသိုလ်ဟူသမျှတို့၏ ပင်မ သဖွယ် ဖြစ်သော သရဏဂုံ၌တည်ပြီးမှ သိက္ခာပုဒ် ၅-ပါး ခံယူရခြင်းသည် မရေတွက်နိုင်၊ များမြတ်သော အကျိုးရနိုင်သည်။ ပါဠိမြန်မာ တခုခုဖြင့်လည်း ပြည့်စုံပါ၏၊ ရှမ်း၊ မွန်၊ ကချင်၊ ကရင်၊ ကယား စသော ဘာသာများဖြင့်လည်း ဆောက်တည်ခွင့် ရသည်သာ။

**သိကြားမှောင်ခို အရောင်လို၍** သာသနာပ သီလစသည် ကုသိုလ်ကြောင့် တာဝတိံသာရောက် သိကြားမင်းသည် ကြင်ယာတော် သုဇာကိုခေါ်ကာ နိရောဓသမာပတ်မှ အထ အရှင်မဟာကဿပအား သူဆင်းရဲ ဘိုးဘွားဟန်ဆောင်၍ ဆွမ်းလှူသည်။ (မှောင်ခိုဒါနပြုသည်) အရှင်မြတ်သိ၍ မာန်မဲသောအခါ သာသနာပ ကုသိုလ်ရှင် တပည့်တော်တို့၏ အရောင်အဝါသည် နောက်မှ ရောက်လာသော သာသနာတွင်း ကုသိုလ်ရှင်နတ်များ၏ အရောင်အဝါလောက် မတောက်ပသဖြင့် ယခုလို သူဆင်းရဲ ဘိုးဘွား ဟန်ဆောင်၍ ဒါနပြုရပါသည်။ (အရောင်လို၍ မှောင်ခိုရပါသည်)ဟု လျှောက်ထားသည်။ (ဝတ္ထု အကျယ်ပြခဲ့ပြီး) ဤကား သာသနာတွင်း သီလစသည်နှင့် သာသနာပ သီလစသည်တို့ ခြားနားချက်တည်း။

**စိတ်ခေတ်ပြည့်မှီ သရဏဂုံတည် နတ်ပြည်ကိန်းသေတည်း** "ဤဆရာဖြင့် ငါ့ရောဂါ မုချပျောက်မှာဘဲ"ဟု ယုံကြည်မှု စိတ်ခေတ် အပြည့် ရှိရသလို ရတနာမြတ်၃-ပါးကိုလည်း ကိုးကွယ်ရာဟု ဆည်းကပ်သဖြင့် ဆင်းရဲကင်းပျောက် ချမ်းသာ ရောက်ရန် အမှန်သာဖြစ်ရမည်ဟု လေးနက်သောယုံကြည်မှု စိတ်ခေတ်ရှိမှသာ သရဏဂုံတည်၍ အကျိုးရမည်ဖြစ်သည်။

မြတ်စွာဘုရားသည် အပါယ်ဆင်းရဲ ဝဋ်ဆင်းရဲမှ လွတ်မြောက်ပြီးဖြစ်သည်။ ဘုရား အဆုံးအမအတိုင်း အားထုတ်လျှင် မိမိလည်း လွတ်မြောက်ရမည်ဟု ဘုရားကိုရင်း၊ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်

ထင်ပေါ် ဘုရားတရားတော်များ ရှိပေသည်။ ထိုဘုရားဟောဖော် တရားတော်လာတိုင်း ဆုတ်ဆိုင်းမယုတ် ကြိုးအာ'ထုတ်လျှင် အဟုတ်လက်ငင်း ဆင်းရဲကင်းရမည်။ တရားထူးလည်း ရရမည်ဟု တရားတော်ကိုရင်း၊ သာသနာတော်ဝယ် တရားကျင့်သုံး၍ မဂ်ပေါက်ဖိုလ်ဝင် အရိယာအရှင် သံဃာတော်များသည် ဆင်းရဲတွင်းမှ ကင်းကြပေပြီ။ ယင်းသံဃာများ၏ အဆုံးအမခံ၍တည်လျှင် မိမိလည်း ဆင်းရဲကင်းရ၊ အရိယာသံဃာဖြစ်ရပေမည်ဟု သံဃာတော်များကိုရင်း လေးနက်စွာ ယုံကြည်ပါလျှင် ဤသရဏဂုံဖြင့်ပင် နတ်ပြည်သုဂတိ ကိန်းသေရရှိနိုင်ပါသည်။ ၎င်း ပါဠိအစဉ်ကို "သဝေမပါ ကိုးဂါထာ အရာရာမှာ သုံး" ဟုလည်း ရှေးဆရာများ ဆိုကြသေး၏။

## သိက္ခာပုဒ် ၅-ပါး သီလဆိုင်ရာ

**တခုစီခွဲ၍ ဆောက်တည်ပါ** သိက္ခာပုဒ် ၅-ပါးပေါင်း၍ "ပဉ္စသိက္ခာပဒသီလံ သမာဒိယာမိ" ဟု ဆောက်တည်ကောင်းသော်လည်း တပါးပျက်က ၅-ပါးလုံး ပျက်သောကြောင့် ယခုပြထားသည့်အတိုင်း ပါဏာတိပါတာ စသည်ဖြင့် တခုစီခွဲ၍ ဆောက်တည်ရမည်။(၅-ပါးလုံး ပျက်သည်ဆိုသော်လည်း လွန်ကျူးမိသော သိက္ခာပုဒ်အတွက်သာ အပြစ်ရှိ၏။) ၁-စည်းစိမ်ဥစ္စာ ပေါများခြင်း၊ ၂-ကျော်စောခြင်း၊ ၃-ပွဲလယ်တင့်ခြင်း၊ ၄-မတွေမဝေသေရခြင်း၊ ၅-ကောင်းရာသုဂတိရောက်ခြင်းဟု ၅-ပါးသီလ အကျိုးကို ပဉ္စအင်္ဂုတ္တိုရ်၌ ဟောတော်မူရာ ဆင်းရဲမှာ၊ အရှိန်အစော်မဲ့မှာ၊ ပရိသတ်အလယ်မတင့်တယ်မှာ၊ မသက်မသာသေရမှာ၊ အပါယ်ကျမှာကြောက်သူတိုင်း ၅-ပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲသင့်ပေသည်။

**သီလပျက်-မပျက်** သိက္ခာပုဒ်သီလ ၅-ပါး၏ အသီးသီး အင်္ဂါများ၊ အပြစ်ကြီး-သေး စသော ဆိုင်ရာ အဓိပ္ပာယ် များကို ဒုစရိုက် ၁၀-ပါးအဖွင့်၌ အပြည့်အစုံတွေ့ရလတ့်။ ပါဏာတိပါတ သိက္ခာပုဒ်ပျက်ကြောင်း အင်္ဂါ ၅-ပါးရှိရာ တပါးပါးချို့မူ သီလညစ်နွမ်းရုံသာတည်း။ ထိုအတူ ဆိုင်ရာ သိက္ခာပုဒ် အင်္ဂါများ ပြည့်စုံလျှင် ကမ္မပထမြောက်။သီလပျက်။အင်္ဂါမပြည့်စုံလျှင် သိက္ခာပုဒ်ညစ်နွမ်းရုံသာဟု အားလုံးအတွက် မှတ်သားရမည်။

## ပါဏာတိပါတ ဆိုင်ရာ အကျိုးအပြစ်များ

ပါဏာတိပါတ်၊ သူ့သက်သတ်က၊ ၁-ချိုလတ်အင်္ဂါ၊ ၂-မွဲပြာရုပ်သွင်၊ ၃-အားအင်ယိုယွင်း၊ ၄-လျင်ခြင်းလည်းဝေး၊ ၅-ဘေးကို ကြောက်တတ်၊ ၆-အသတ်ခံရာ၊ ၇-အနာများလျက်၊ ၈-ခြွေရံပျက်၍၊ ၉-အသက်တိုရာ၊ ပြစ်များစွာသည်။ ။ရှောင်ခါပြန်အကျိုးတည်း။

ရှောင်ခါအပြန် အကျိုးတည်း ဟူရာ၌ အင်္ဂါကြီးငယ်တို့၌ ပြည့်စုံ၍ အဆင်းလှ၊ချမ်းသာကြီး၊အသက်ရှည်၊ အနာကင်းဟု ဓမ္မပဒ ပါဠိတော်၌ အကျိုး ၅-ပါးလာသည်။

ခုဒ္ဒကပါဌအဋ္ဌကထာ၌ကား အင်္ဂါကြီးငယ် အလုံးအရပ်တို့နှင့် ပြည့်စုံ ကာ လျင်မြန်ခြင်း၊ တင့်ဘယ်သန့်ရှင်းခြင်း၊ နူးညံ့ရဲရင့်ခြင်း၊ ခွန်အားကြီး၊ စကားပြေပြောကောင်း၊ လူများချစ်၊ ပရိသတ်မပျက်၊ ကြောက်ခြင်း ကင်း၊ အဆိပ်မသင့်နိုင်၊ သူတပါးကြောင့်မသေ၊ တွေ့ဝေမှုမရှိ၊ အခြံအရံ များ၊ အဆင်းလှ၊သဏ္ဌာန်ကောင်း၊ ကြောင့်ကြကင်း၊ စိုးရိမ်ကင်း၊ ချစ်သူနှင့်မကွဲရ၊ အသက်ရှည်ခြင်းဟု အကျိုးများစွာပြသည်။

## အဒိန္နာဒါနဆိုင်ရာ ကျိုးပြစ်များ

သူများဥစ္စာ၊ ခိုးမိပါမူ၊ ၁-ဥစ္စာနည်းမွဲ၊ ၂-ဆင်းရဲ- ၃-ငတ်ဘိ၊ ၄-လိုရှိမရ၊ ၅-ဘောဂပျက်စီး၊ ၆-ရေမီး-သူခိုး၊ မွေခံဆိုးနှင့် မင်းဆိုးအပြား၊ ရန် ၅-ပါးကြောင့်၊ ပျက်ပြားဥစ္စာ၊ ပြစ်များစွာ သည်။ ။ရှောင်ခါအပြန် အကျိုးတည်း။

ဥစ္စာစပါးများကာ ရန် ၅-ဖြာကင်းသော စည်းစိမ်ချမ်းသာ ရှိသည် ဟု အကျိုး ၂-ပါး။(ဓမ္မပဒ)ဥစ္စာများ၊ ဆန်ရေစပါး၊ရွှေငွေများ၊ သုံးမကုန်အောင်စည်းစိမ်ရှိ။အသစ်စည်းစိမ်ရ။ရပြီး စည်းစိမ် အရှည်တည်။မြတ်သော ဥစ္စာရှိ။လိုရာစည်းစိမ်အမြန်ရ။သူတပါးနှင့် မဆက်ဆံသော ဥစ္စာရ။ လောကုတ္တရာဥစ္စာရ။ မရှိသည်ကို မသိ။ ချမ်းသာစွာ နေရခြင်း စသည် တည်း။ ( ခုဒ္ဒက ပါဌ-ဋ္ဌ )

## ကာမေသု မိစ္ဆာစာရဆိုင်ရာ ကျိုးပြစ်များ

မိစ္ဆာစာရ၊ လွန်ကျူးကလည်း၊ ၁-မုန်းကြသူများ၊ ၂-ရန်သူပွား၍၊ ၃-ရှားပါးလာဘ်တိတ်၊ ၄-ချမ်းသာဆိတ်၏၊၅-ဣတ္ထိ-၆-ပဏ္ဍုက်၊ ၇-မျိုးယုတ်ခါခါ၊ ၈-မျက်နှာမလှ၊ အရှက်ရလျက်၊ ၉-လက္ခဏာ ဣန္ဒြေ၊ ယှင်းသွေ့ ချို့သိမ်၊ ၁၀-စိုးရိမ်များစွာ၊ ၁၁-ချစ်သူကွာသည်။ ။ရှောင်ခါအပြန်အကျိုးတည်း။

မိန်းမ၊ နပုံပဏ္ဍုက်၊ ဥဘတောဗျည်း မဖြစ်ရဘဲ လူများချစ်ကာ ဘေးရန်ကွာလျက် မိမိကိုယ်ကို ချမ်းသာစွာ ဆောင်ရွက်နိုင်သည်။ အကျိုး ၄-ပါး။ ( ဓမ္မပဒ )

ဘေးရန်ကင်း၊ လူချစ်လူခင်များ၊ စားဝတ်နေရေး လွယ်ကူ၊ ချမ်းသာစွာ အိပ်ရ၊ နေရ၊ နိုးရသည်။ အပါယ်မကျ။ မိန်းမ မဖြစ်၊ ဒေါသနည်း၊ စည်းစိမ်များ၊ အရိယာဖြစ်နိုင်သည်။ ယုံမှားမှု၊ ကြောင့်ကြမှုကင်း၍ ချစ်သူတို့နှင့် မကွာနေရ၊ အသက်ရှည်သည်။ (ခုဒ္ဒကပါဌ-ဋ္ဌ)

## မုသာဝါဒဆိုင်ရာ ကျိုးပြစ်များ

မုသားစကား၊ ပြောဆိုငြားမူ၊ ၁-စကားမပီ၊ ၂-သွားမညီတည်း၊ ၃-ပုပ်ညှီပါးစပ်၊ ၄-ခြောက်ကပ် ကိုယ်ရေ၊ ၅-ဣန္ဒြေနောက်၊ ၆-ပုံယှင်းဖောက်၏၊ ၇-မရောက်သြဇာ၊ ၈-နှုတ်လျှာကြမ်းထော်၊ ၉-လျှပ်ပေါ်လော်လီ၊ စိတ်မတည်သည်။ ။ရှောင်ကြဉ် အပြန်အကျိုးတည်း။

ပညာကြီး၊ ရဲရင့်၊ ခံတွင်းကောင်း၊ မဆွံ့မအဘဲ စကားချိုသာစွာ ပြောတတ်သည်။ အကျိုး ငါးပါး။ ( ဓမ္မပဒ )

ဣန္ဒြေကြည်ညိုဖွယ်ရှိ၊ ချိုသာစွာစကားပြော၊ စင်ကြယ်ညီညွတ်သောသွားရှိ၊ မဝမပိန် မနိမ့်မမြင့် အရေအသားကောင်း အတွေ့ကောင်းသည်။ ခံတွင်းမှ ကြာနံ့မွှေး၊ ပရိသတ်များ ကြားနိုင်သောအသံရှိ၊ ပရိသတ် လက်ခံနိုင်ဖွယ် စကားရှိ၊ လျှာနူးညံ့၍ ကိုယ်နေငြိမ်သက် တည်ကြည်ပြီး လော်လီမှုမရှိ၊ တရားကိုသိသည်။ (ခုဒ္ဒကပါဌ-ဋ္ဌ)

## သုရာမေရယဆိုင်ရာ ကျိုးပြစ်များ

သေရည် သောက်လင့်၊ ၁-သင့် မသင့်၌၊ ရေးခွင့် မသိ၊
၂-ပျင်းရိ- ၃-မေ့ရူး၊ ၄-ကျေးဇူးမဆပ်၊ ၅-ဟိရောတ္တပ်ကင်း၊
၆-ခပင်းများထို၊ အကုသိုလ်ကို၊ မငြိုလွယ်စွာ၊ ပြုကျင့်ရာသည်။
ရှောင်ခါ အပြန် အကျိုးတည်း။

အရှုးအနှမ်းမဖြစ်၊ မိုက်မဲ တွေဝေမှုမရှိ၊ အရှက်အကြောက် ရှိလျက် အမှန်ကို ပြောဆိုလေ့ရှိကာ အဆင်းသဏ္ဌာန်ကောင်းသည်။ (ဓမ္မပဒ)

ပြုဖွယ်ကိစ္စများကို သိလွယ်၍ သတိပညာ ရှိပြီးလျှင် ရူးနှမ်းဆွံ့အ၊ မေ့လျော့တွေဝေ ပျင်းရိမှုများ မရှိတော့ဘဲ ဘေးရန်ကြောင့်ကြ ယုံမှား မှု ကင်းခြင်း စသည်ဖြင့် အကျိုး ၃၃-ပါးရှိသည်။ (ခုဒ္ဒကပါဌ-ဋ္ဌ)

## သိက္ခာပုဒ် ၅-ပါးဆိုင်ရာ ပြစ်မှုစီရင်ချက် ဖြတ်ထုံး

**အကျိုးဖျားမျှ သာတည်း** သိက္ခာပုဒ် ၅-ပါးသီလ ပျက်လျှင် ငရဲ တိရစ္ဆာန် စသည် ကြီးလေးသော ပဓာန အပြစ်ဒဏ်များကို ခံစားပြီးမှ အထက်ဖော်ပြပါ အသက်တိုခြင်း၊ အနာ များခြင်းစသော အဖျားခတ် ဆိုးကျိုးများ ခံကြရပါသည်။

**သိုးမွေးအမျှငရဲကျ၏** ရှေးက အိမ်ရှင်မတဦးထံတွင် ညှော်သည်ရောက် လာသည်။ ဟင်းလျာမရှိ ဖြစ်နေ၏။ အိမ်၌ မွေးထားသော သိုးငယ်ကို သတ်၍ ကျွေးသည်။ (စားလို့တော့ကောင်း ပါ၏၊ ထောင်းရချက် မသက်သာလှပါ) ယင်းကံကြောင့် ၎င်းမိန်းမသေ သောအခါ သိုးမွေးအရေအတွက်နှင့်တကွ နှစ်ပေါင်းများစွာ ငရဲကျ သည်။ အကျိုးဖျားကား ငရဲမှလွတ်သော်လည်း ဘဝများစွာ သူတပါး အသတ်ခံရ၍ သေရသည်။

ဆင်စသောအကောင်ကြီးများကိုသတ်လျှင် အားစိုက်မှုများ၍ အပြစ် များသည်။ ပုရွက်၊ မှက်၊ ခြင်စသည်များဝယ် အပြစ် သေး၏။ သီလ စသည်ဂုဏ်ရှိသူကိုသတ်လျှင် အပြစ်ကြီး၍ ဂုဏ်မရှိက အပြစ်သေးသည်။

**မယားငယ်တွေ အပင်းဆို့နေကြတဲ့** ရှေးက ဈေးသည် မိန်းမ ၄-ဦး ချိန်တောင်းစဉ်းလဲပြီး ပစ္စည်းရှာ ကြ၊ ကြီးပွားကြသည်။ အရွယ်ရှိစဉ်မှာပင် ထိုမိန်းမများ ကွယ်လွန်သွား

၏။ ခိုးခြင်း ၂၅-ပါးအပါအဝင် အဒိန္နာဒါန ကံကြောင့်ပင် သေ၍ ပြိတ္တာ ဖြစ်ကြ။ လူ့ဘဝက အကြောင်း ပြန်ပြောင်း သိကြသည်။ ယောကျ်ားတွေ နောက်မယားယူသောအခါ မြို့ရိုးပေါ်တက်ပြီး "ငါတို့ ရောင်းဝယ်ခဲ့သမျှ မယားငယ်တွေက အပင်းဆို့နေကြသည်။ ငါတို့မှာ တော့ ဒုက္ခရောက်ကုန်ပေါ့"ဟု ဟစ်အော်၍သာ နေကြရ၏။

**ပါရမီရှင်ဟူ၍လည်း မျက်နှာမလိုက် မိုက်သမျှခံ** ပါရမီပြည့်ပြီးသောအရှင်အာနန္ဒာ အလောင်းသည် ဤ ဘဒ္ဒကမ္ဘာ တခုသောဘဝ၌ရွှေပန်းထိမ်သည်၏ သားဖြစ်၏။ လူလေလူလွင့်များနှင့် ပေါင်းမိ၍ ကာမေသု မိစ္ဆာစာရ လွန်ကျူးမိသည်။ သေသော် ရောရုဝငရဲ၌ နှစ်ပေါင်းများစွာကျ၊ လွတ် သော် မျောက်ဘဝ ‌ ဝှေးစေ့ ကိုက်ဖောက်ခံရ၊ နွားဘဝ သင်းကွပ်ခံရ သည်။ လူဖြစ်သော်လည်း မိန်းမယောကျ်ား မထင်ရှားသော ပဏ္ဍုက် ဖြစ်ရ၏။ ၅-ဘဝမြောက်၌ကား ကုသိုလ် အခွင့်သာ၍ နတ်သမီးချည်း ၅-ဘဝလုံး ဖြစ်ရသည်။ နောက်လူ့ပြည်ဝယ် ဘုရင့်သမီးတော် ဖြစ်ပြီးမှ ယောကျ်ားဘဝပြန်ရသည်။ (ကာမတရား လိုက်စားကြသော သူဌေး သား ၄-ဦး လောဟကုမ္ဘီငရဲ၌ ဒု၊သ၊န၊သော အော်နေကြဆဲပင်တည်း။)

**လင်စုံမယားဖက် နိဗ္ဗာန်တက်ကြစို့** လင်က သီလလုံ၍ မယားက မလုံ ခြုံလျှင် နတ်သားနှင့် သူသေ မယား၊မယားကသီလလုံ၍ လင်ကချိုလျှင် နတ်သမီးနှင့်သူသေယောကျ်ား ပေါင်းသင်းသည်မည်၏။ ၂-ဦးလုံး မစင်ကြယ်လျှင် သူသေချင်း ပေါင်း သင်းသည်မည်၍ ၂-ဦးလုံး သဒ္ဓါသီလစသော သူတော်ကောင်းဥစ္စာရတ နာနှင့် စိတ်သဘောတူကြည်ဖြူနေကြလျှင် ယခုတဘဝသာမက သံသရာ ကမ္ဘာအဆက်ဆက် ချစ်နှောင်ကြိုး မပျက်ကြတော့ဘဲ မဟာကပ္ပိနမင်း အနောဇာဒေဝီတို့လို နိဗ္ဗာန်ကိုပင် အတူကူးရပေမည်။ထို့ကြောင့် "မောင် ကြည်ဖြူလျှင် မယ်အတူကြိုက်၊ မယ်နှစ်ခြိုက်သော် မောင်ရွှင်ပျော်" ဆို သလို အလှူရေးရာတွင်လည်း မောင် ပေးလျှင် မယ်ကြည်ဖြူ၊ မယ်လှူလျှင် မောင်ရွှင်ပျ သဒ္ဓါသီလ တူမျှပြည့်စုံကြပါစေ။

**ငါးပါးသီလ မည့်ပါ** ငါးပါးသီလ၌ မုသာဝါဒသာပါ၍ ပိသုဏာဝါ စာ စသော ကြွင်း ဝစီကံ ၃-ပါးမပါ။ သီလ ဟူသည် ကာယကံ၊ ဝစီကံ ၂-ပါးကို စောင့်ထိန်းရသည်ဖြစ်ရာ ဝစီကံ

မကုန်၍ အညစ်စားသီလဟု အချို့ မိန့်ကြသည်။ ပိသုဏာဝါစာ စသည် မပါ၍ အညစ်စားသီလဟုဆိုလျှင် ဂ-ပါး ၉-ပါးသီလတို့လည်း အညစ်စား ဖြစ်ပေလိမ့်မည်။ ညစ်ကား မညစ်ပါ။ ထို့ကြောင့် ဆရာတို့၏ ဉာဏ်ဝရဇိန် (ဝဇီရစိန်)ကို အချိန်ပေး၍ ဆွေးနွေးထိုက်ပါသည်။

**ကြောင်းကျိုးစုံလင် ဉာဏ်၌ ယှဉ်သော်** သာသနာပ ရသေ့ သူတော်စင်များ၊ စကြာမင်းများ၊ အလောင်းအလျာ တိရစ္ဆာန်များသည် ငါးပါးသီလကိုပင် စောင့်ကြ၊ ဟောပြောကြသည်။ ဘုရားရှင် ပွင့်တော်မူလာသော အခါလည်း ၎င်း ၅-ပါးသီလကိုပင် ဒကာဒကာမများအား စောင့်ရမည်ဟု ဟောတော်မူသည်။

သာသနာပ သီလဖြစ်၍ ဝစီဒုစရိုက် မစုံသဖြင့် စုံအောင် ထည့်၍ ဒကာ ဒကာမများစောင့်ကြဟု ဘုရားရှင် မမိန့်သောကြောင့်၎င်း (မုသာ ဝါဒလုံလျှင် ပိသုဏာဝါစာ စသည် ၃-ပါး လုံသွားတော့၏။ ) ၅-ပါး သီလသည် အညစ်စားမဟုတ်၊ အရိယာသီလ ဖြစ်သည်သာတည်း။

**မုသာဝါဒကြောင့် မြေမျိုခြင်း** အရှင်ဒေဝဒတ်သည် မုသားပြော၍ သံဃာအား သင်းခွဲရာ မြေမျို၍ အဝီစိသို့ ရောက်ရသည်။ တကမ္ဘာလုံးသစ္စာတည်သော ဤကမ္ဘာရှေ့ပိုင်းဝယ် စေတိယပြည် ဥပစရမင်းကား ၁-ကောင်းကင်ပျံနိုင်ခြင်း၊ ၂-နတ်သား ၄-ဦး သက်တော်စောင့်ပေးရခြင်း၊ ၃-ကိုယ်မှ စန္ဒကူးနံ့၊ ၄-ခံတွင်းမှ ကြာညိုနံ့မွှေးခြင်း၊ ဤတန်ခိုး ၄-ပါးပြည့်စုံသည်။ ညီနောင် ၂-ဦးတွင် နောင်တော်ကသာ ပုရောဟိတ်ရာထူးနှင့်ဆိုင်သည်။ သို့သော်လည်း ညီဖြစ်သူ ကျောင်းနေဘက် သူငယ်ချင်း ကောရကလမ္ဗအား ရာထူး ပေးလို၏။

ထို့ကြောင့် အစ်ကိုကို ညီ၊ ညီကို အစ်ကိုဟု မုသားပြောလိုက်သည်။ တန်ခိုး လေးပါး ကွယ်၍ မြေမျိုကာ အဝီစိ ရောက်သွားတော့၏။ ကတမ္ဘာလုံးတွင် မုသား မသုံးသေးဘူးသဖြင့် အပြစ်ကြီးမားလှသည်။ မဲနေသော လက်နှီးစုတ်၌ အိုးမဲ ထည့်သော်လည်း မထူး။ ဖြူစင်သော ပုဝါ၌ကား ထူးလှသည်။

**ဘုရားဘက် ခြေထိုး တန်ခိုးရှင်** ဘုရား လက်ထက်တော်တွင် အရှင်သာဂတထေရ်ကား စျာန်အဘိညာဉ် ထူးချွန်သူဖြစ်သည်။ အရိယာကား မဖြစ်သေး။ တချိန်တွင် သရက်ပင်ဆိပ်၌ သောင်းကျန်းနေသူ နဂါးနှင့် တန်ခိုးပြိုင်ရာ အနိုင်ရသည်။ကောသမ္ဗီပြည်သားများ ကြည်ညိုကြ၍ လှူသော သေရည်ကို (သိက္ခာပုဒ် မပညတ်ရသေး၍) သောက်မိသည်။ ဘုရားရှင်သိ၍ တွဲခေါ်ခိုင်း၊ ဘုရားရှေ့ ဦးခေါင်းလှည့်ချရာတွင် ပြောင်းပြန် ခြေပြန်လှည့်၏။ စောစောက နဂါးကို နိုင်သော်လည်း ယခုအခါ အရှင်သာဂတမှာ ရေမြွေကိုပင် နိုင်တော့မည် မဟုတ်ပေ။

ဤမျှလောက် တန်ခိုးရှင်ကိုပင် အရှက်တကွဲ အကျိုးနဲ့အောင် ပြုတတ်သော သေရည်သည် သာမန်လူတို့အား လှုလှုကြီး ဒုက္ခပေးမည်သာ တည်း။ မှန်၏။ ရှေးက ဘုရင်တပါး သေရည်မူးပြီး ပွဲတော်တည်ရာတွင် အသားဟင်း မပါသဖြင့် ရင်ခွင်ထက်က သားငယ်ကိုသတ်၍ ချက်စေဘူး သည်။ သေရည်၊ မေထုန်၊ အိပ်ခြင်း၊ ဤ ၃-ခင်းမှာ တင်းမတိမ်နိုင်ပါ သဖြင့် သောက်စရှိလျှင် သောက်ချင်ချင်ဖြစ်သော သေရည်ကို ဝေးစွာ ရှောင်သင့်သည်။

**အိမ်သို့ ပြန်ချင် ပုထုဇဉ်** ကိစ္စအားလျော်စွာ တခြား မြို့ရွာများသို့ တလ၊ တနှစ်စသည် သွားနေရသော်လည်း ကိစ္စပြီး၍ အချိန်တန်က အိမ်ပြန်ရသလို (မပြန်ချင်သော်လည်း ပြန်ရ၏။ အများအားဖြင့်လည်း ပြန်ချင်နေကြသည်။) မေ့လျော့ ပေါ့တန်စွာ နေသူ ပုထုဇဉ်များအဖို့ ကံကောင်းထောက်မ၍ လူ့ရွာနတ်ဘုံ ညွှတ်သည် အဖြစ်နှင့် ကြုံကာသွားနေသော်လည်း ကုသိုလ်ကံအရှိန် ပျောက်သော အခါ အပါယ် ၄-ရွာ ကိုယ့်နေရာသို့သာ ပြန်ရောက်လာကြသည်။ ထို့ကြောင့်“အကုသိုလ်ရှင်း၊ ကုသိုလ်သွင်း၊စိတ်ရင်းဖြူစင်စေ”ဟု ဗုဒ္ဓအဆူဆူ မိန့်တော်မူကြသည်။

## (၉) လေ့ကျင့်ခန်းများ

၁။ သောတာပန် ပယ်သော သံယောဇဉ် ၅-ပါးကိုပြ၍ ကာမဘုံသို့ အနာဂါမ် လာ၊မလာ ၂-ဖြာခွဲပြီးလျှင် နိဗ္ဗာန်၏ လက္ခဏာ၊ နိဗ္ဗာန်နှင့် သင်္ခါရအထူး ဆည်းပူးမိသမျှ ရေးပါ။

၂။ နိဗ္ဗာန်၌ အရောင်ရှိ-မရှိပြ၍ နိဗ္ဗာန်၌ ရုပ်နာမ်ငြိမ်းပုံ နိဗ္ဗာန်၌ ရုပ်နာမ်ထူးမရှိပုံ အသိစုံဘို့ ရေးပါ။

၃။ နိဗ္ဗာန်၏ ရသ ပစ္စုပဋ္ဌာန်တို့ကို ရေး၍ စာရှုသူ ကိုယ်တွင်း၌ နိဗ္ဗာန်ရှိသည် ဟူသော စကားနှင့် စပ်၍ သိဖွယ်များကို သာဓကနှင့် ဟပ်ပြပါ။

၄။ နိဗ္ဗာန် ၁-မျိုး၊ ၂-မျိုး၊ ၃-မျိုးကို သိသာရုံပြ၍ ဝန်ထုပ် ၃-မျိုး၏ ဆိုးပုံ၊ နိဗ္ဗာန်နှင့်စပ်၍ လာဠုဒါယီအား အရှင်သာရိပုတ္တရာ မိန့်ကြားပုံများကိုလည်း ပြပါ။

၅။ ဥပမိ ၄-ပါး အဓိပ္ပာယ်ကိုပြ၍ "အိမ်သူ သက်ထားကြောင့် နိဗ္ဗာန်မသွားနိုင်"ဟု ပြောသူ ယောကျ်ား၏စကား မည်သို့ သင် သဘောထားသနည်း။ ၅-ပါးသီလ၏ နာမည်များကိုလည်း ရသမျှ ထုတ်ပြပါ။

၆။ ငါးပါးသီလကို မဆောက်တည်ဘဲ ကျင့်သုံးသူ၊ ဆောက်တည်၍ ကျင့်သုံးသူ မည်သို့ ခြားနားပါသနည်း။ လူအချင်းချင်း သီလပေးကောင်း၊ မကောင်း။ မတောင်းဘဲ သီလပေးမှု၏ အပြစ်ပါ စိစစ်ပါ။

၇။ နမောတဿသည် မည်သူတို့၏ မည်သည့်စကားများ ဖြစ်သနည်း။ ရှမ်းဘာသာဖြင့် သရဏဂုံ ယူနိုင်၊ မယူနိုင်။ သရဏဂုံယူစဉ် စိတ်ခေတ် မှတ်သားအပ်အောင် ရေးပါ။

၈။ ပါဏာတိပါတ အပြစ်ပြလက်ာ၊ အကျိုးပြ စကားများကို အဋ္ဌကထာအလိုပါရေး၍ မိန်းမရှာများ မည်သည့်ပြစ်မှု ပြုထားကြသနည်း။ ငါးပါးသီလပျက်သူ၏ ပစ္စုပ္ပန်အပြစ်ဒဏ်ကိုလည်း ပြပါ။

၉။ မဟာကပ္ပိနအနော်ဇာတို့ မောင်နှံလို နိဗ္ဗာန်တိုင် မခွဲလိုကြကြလျှင် မည်သို့ပြင်ဆင်ကြမည်နည်း။ ၅-ပါးသီလ၌ ပိသုဏာ

ဝါစာ စသည် မပါသော်လည်း မည့်ပုံကို ပုံစံတင်၍ ရေး သွားပါ။

၁၀။ စေတီယပြည် ဥပဝရမင်း၏ တန်ခိုး ၄-ပါးကိုပြ၍ မုသား၏ အပြစ်၊ မူးယစ်ဆေးဝါး၏ အန္တရာယ်တို့ကို ရှေးခေတ်၊ ယခု ခေတ် သာဓက တခုစီဖြင့် စိစစ်ပြပါ။

---

## ဥပုသ်သီလ (၈-ပါးသီလ)ခန်း ဆိုင်ရာသိဖွယ်

**အဗြဟ္မစရိယမည်ပုံ** မမြတ်သောမေထုန်အကျင့်ဟူရာ၌ မိန်းမ ယောကျ်ား နှစ်ဦးသားတို့၏ ပျော်ပါးပေါင်းသင်းမှု အချင်းချင်း ကိစ္စကို မေထုန=မေထုန်ဟု သုံးစွဲသည်။ ကာမေသုမိစ္ဆာစာရမှာ မိမိတို့ သမီး ခင်ပွန်း အချင်းချင်း ပေါင်းသင်းခွင့် ရသေး၏။ ဤ အဗြဟ္မ စရိယ သိက္ခာပုဒ် ဆောက်တည်သူများကား သမီး ခင်ပွန်း ချင်းသော်မှ ဆက်ဆံမှု မရတော့ပါ။ အိမ်ထောင်မရှိသော သူတော်စင်များသည် ၅-ပါးသီလတွင် ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်အစား ဤ အဗြဟ္မ စရိယ သိက္ခာပုဒ်ကို ဆောက်တည်က သာ၍ အကျိုးများပေမည်။ (၁၊ ၂၊ ၃၊ ၄၊ ၅ သိက္ခာပုဒ်များ ပြပြီး။)

**လက်ထက်တော်မှ ထုံးတမ်း နမူနာ ကျင့်ဖွယ်ရာ** ကဿပဘုရားလက်ထက်တော်တွင် ခေမာ၊ ဥပ္ပလဝဏ်၊ ပဋာစာရီ၊ ဓမ္မဒိန္နာ၊ ကုဏ္ဍလကေသီ၊ ကိသာဂေါတမီ ထေရီ နှင့် ဝိသာခါတို့၏ အလောင်းများဖြစ်ကြသော ညီအမ ၇-ဖော် ကိကီ မင်းကြီး၏ သမီးတော်တို့သည် အနှစ် ၂-သောင်းပတ်လုံး အပျိုဘဝဖြင့် ဤ အဗြဟ္မစရိယပါသော ငါးပါးသီလ (ကောမာရီ ဗြဟ္မစရိယသီလ ငယ်သွေးငယ်မူ ဖြူစင်သူတို့၏ဥစ္စာ ဖြစ်သော မြတ်သော အကျင့်သီလ) ကို အသက်ထက်ဆုံး ကျင့်သုံးဆောက်တည်ကြသည်။ (ယောကျ်ားများ အတွက် ကောမာရဗြဟ္မစရိယ သီလဟုခေါ်) နကုလမာတာ၊ နကုလ ပိတာ၊ ဥဂ္ဂသူကြွယ်၊ ပုရာဏ ဥပါသကာတို့လည်း ငါတို့ဘုရားလက်ထက် တွင် စောင့်သုံးကြ၏။ (အံ၊ ပါ ဆက္က-၃၀၅)

**ဆင်းရဲမျိုးစုံ မေထုန်ကစ တွေ့ကြုံရ** ဤမေထုန်အကျင့်ကား လူများ သာမက ကာမ ၁၁-ဘုံအကုန်ပင် ရှိကြသည်။ နတ်ပြည်များ၌ကား ခမ်းနားလှ၏။ အောက်တန်း ကြည့် လျှင် ရေနေ ကုန်းနေ ကောင်းကင်နေ ဖြစ်ကြသော တိရစ္ဆာန်တို့မှာ လည်း မျက်စေ့ဖြင့် မမြင်ရသော ပိုးမွှားကလေးများ အစထား၍ မေ ထုန်မှုကိုပြုကြသည်ဖြစ်ရာ ဤအကျင့် မစွန့်နိုင်ကြသည်နှင့်အမျှ ရိုက်နှက် သတ်ပုတ် ထိုးခုတ် လုယက်မှုကြောင့် ပစ္စုပ္ပန်ဘဝတွင်ပင် တောင်ကျ၊ အချုပ်ခံရ၊ တမလွန်တွင်လည်း အပါယ်ဆင်းရဲ ဝဋ်ဆင်းရဲများ ခံကြရ သည်။ ဆင်းရဲဟူသမျှ ဤမေထုန်ကာမက စကြသည်ဖြစ်ရာ သာသနာ တွင်း သာသနာပ သူတော်စင် မှန်သမျှတို့သည် ဤမေထုန် ကာမကို စင်ကြယ်စွာ ရှောင်ကြဉ်ကြသည်။ ဥဒယဘဒ္ဒမင်းသားနှင့် မင်းသမီး အလောင်းတော်ကြီး ၂-ဦးကား ထီးနန်းစည်းစိမ်ကြီး အလယ် ခန်းမ ဆောင်ကြီး တခုတည်း၌ စက်တော်ခေါ်ရသော်လည်း ကျူးလွန်ဖောက် ပြား ကာမခံစားမှုမရှိဘဲ စင်ကြယ်သော မေတ္တာစိတ်ဖြင့် ရစ်ပတ်ဖွဲ့နှောင် လျက် သက်ဆုံးတိုင် စောင့်စည်းတော်မူကြသည်။ (သွက္ခာတဂုဏ်တော် ဖွင့်၌ ယင်းဝတ္ထု ပြခဲ့ပြီး။) ဒုကူလ ပါရိကာတို့လည်း နည်းတူပင်။

**ကောမာရ ဗြဟ္မစရိယ သီလတောင်းပုံ ပါဠိမြန်မာ**

အဟံ ဘန္တေ တိသရဏေန သဟ ကောမာရဗြဟ္မစရိယ
သီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထမေ ဘန္တေ။
ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ကောမာရဗြဟ္မစရိယ
သီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။
တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ကောမာရဗြဟ္မစရိယ
သီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ယယ်သွေးယယ်မူ ဖြူစင်သူတို့၏ မြတ်သော အကျင့်သီလ ဟူသော ကျင့်ဝတ်တရားကို တောင်းပါ၏ အရှင်ဘုရား စသည်ဖြင့် မြန်မာပြန် လေ။ ၅-ပါးသီလတွင် ကာမေသုအစား အဗြဟ္မစရိယကို ထည့်ဆိုရုံ သာတည်း။

ဤသို့ မေထုန်မှုကို ကိုယ်ထိ လက်ရောက် မကျူးလွန် သော်လည်း မေထုန်ငယ် ၇-ပါး သာယာမှုများကို လိုက်စားတတ်ကြသေးရာ ယင်းတို့ မှလည်း ကင်းစင်လျက် ဖြူစင်စေကြရမည်။

**ကျိုးပေါက် ပြောက်ကျား မေထုန်ယှဉ် ၇-ပါး** မိမိစောင့်သုံးသောသီလ လုံးဝပျက်မသွားသော်လည်း ကျိုးပေါက် ပြောက်ကျား မေထုန်ယှဉ် ၇-ပါးတို့ကြောင့် သီလ ညစ်နွမ်းကြရသည်။ စောင့်သုံးသောသီလသည်—

၁။ အစနှင့်အဆုံး ပျက်လျှင် ကျိုးသည်။
၂။ အလယ်ပျက်လျှင် ပေါက်သည်။
၃။ တခုကြား တခုကြား ပျက်လျှင် ပြောက်သည်။
၄။ အစဉ်အတိုင်း ၂-ပါး ၃-ပါးပျက်လျှင် ကျားသည်။
၅။ မေထုန်ယှဉ် ၇-ပါး သာယာသည်။

ဤ ၅-မျိုးကြောင့် သီလညစ်နွမ်းရ၏။

## မေထုန်ယှဉ် ၇-ပါး ရှောင်ရှားပါမှ ဖြူသီလ

၁။ ဝိသဘာဂတို့၏ ဆုပ်နယ်ပြုစု ယုယမှုကို သာယာခြင်း။
၂။ ဝိသဘာဂများနှင့် ရယ်ရွှင်ပျော်ပါး ကစားခြင်း။
၃။ ဝိသဘာဂတို့၏ အသံကို နားထောင် သာယာခြင်း။
၄။ တဦးနှင့်တဦး တစိမ့်စိမ့်ကြည့်ရှုခြင်း။
၅။ ရှေးက တွေ့ကြုံ ခံစားဘူးသော ကာမဂုဏ်ကို တွေး၍ သာယာခြင်း။
၆။ သူတပါးတို့ ခံစားသော ကာမဂုဏ်ကို အာရုံပြု၍ သာယာခြင်း။
၇။ သီလဖြင့် နတ်ဘဝ စသည်ကို တောင့်တယာယာခြင်း။

(ဝိသဘာဂ ဟူသည် ယောကျ်ားအတွက် မိန်းမ၊ မအတွက် ကျားဖြစ်သည်။)

## ဝိကာလဘောဇနအဖွင့်

**ဥပုသ်ညှိုးလျှင်အကျိုးရနည်း** မွန်းတည့် ၁၂-နာရီမှစ၍ နောက်ပိုင်းအရုဏ်မတက်မီ အတွင်း ထမင်းဟင်းလျာ သစ်သီးသစ်ရွက်ဟူသမျှ ဤသိက္ခာပုဒ်အရ မစားရတော့ပြီ။ စား

လျှင် သိက္ခာပုဒ်ပျက်၏။ဖျော်ရည်၊ ဆေး၊ စတုမဓု၊ ထန်းလျက်၊ သကြား၊ ချင်းသုပ်၊ ကွမ်းဆေးစသည်များကို အကြောင်းမရှိဘဲစားလျှင် သီလ မပျက်သော်လည်း ညှိုးနွမ်းသည်။ သစ်ပင်ညှိုးလျှင် အသီးနည်းသလို ဥပုသ်ညှိုးလျှင်လည်း အကျိုးရနည်းသည်။

ဆာလောင်မွတ်သိပ်က အဖတ်မပါသော အဖျော်ရည်များ၊ လေနာ စသည်ရှိလျှင် စတုမဓု၊ ထန်းလျက်၊ သကြား စသည်များကို စားကောင်း သည်။အနာထပိဏ် သူဌေး၏ သူရင်းငှားမှာ လေနာ ထသော်လည်း သူဌေးကျွေးသော စတုမဓုကိုမျှ မစား။ ဖျူစင်စွာစောင့်သုံးသဖြင့် ထို ရောဂါဖြင့် ထိုညပင် ကွယ်လွန်၍ နတ်ဘုံဖြစ်လေသည်။

**ကာမဂုဏ်ချုပ်တည်း ကိစ္စနည်းဘို့** ညစာ မစားဘဲ ရှောင်ကြဉ် လိုက် သဖြင့် ညစာအတွက် ချက်ပြုတ် လုပ်ကိုင်ရမှု ကိစ္စများ နည်းပြီး ဘုရား တရား စသည့် အာရုံများဝယ် ကျက်စားအားထုတ်နိုင်ဘို့ အချိန်များစွာ ရရှိတော့သည်။ ညစာ စားမှု သည် လောကီအာရုံ ကာမဂုဏ်ဘက်သို့သာ စိတ်ညွတ် စေတတ်ရကား အဗြဟ္မစရိယ (မေထုန်ရှောင်မှု) သိက္ခာပုဒ် စောင့်ထိန်းသူ ပီပီ ညစာ ရှောင်မှုဖြင့် ကာမဂုဏ်ကို စိတ်မရောက်ဖို့ ချုပ်တည်းပြီးလည်း ဖြစ်သည်။ ထို့ကြောင့် ညစာရှောင်မှုသည်—

(၁) ကိစ္စနည်း၍ တရားအားထုတ်ဖို့ အချိန်များစွာရခြင်း။

(၂) ကာမဂုဏ်ဖက်သို့ စိတ်ဗညွတ်ရအောင် ချုပ်တည်းပြီး ဖြစ်ခြင်း။

ဤအကျိုး ၂-ပါး ရစေနိုင်သည်။ ရှေးကရဟန်းတော်များ ဝိကာလ ဘောဇနသိက္ခာပုဒ် မပညတ်မီ ညစာအတွက် ဆွမ်းခံကြွရာ တစ္ဆေ ပြိတ္တာ များ၏ နှောင့်ယှက်နှိပ်စက်မှုကို များစွာခံကြရသည်။

**ကောဘတ္တိကဆက္ကသီလ** ကောမာရဗြဟ္မစရိယ ၅-ပါးသီလတွင် ဝိကာ- လဘောဇနကို ထည့်၍ ကောဘတ္တိက ဆက္ကသီလ (=ဝိကာလဘောဇန ရှောင်မှု ပါသော ၆-ပါး အပေါင်း ကျင့်ဝတ်)ကို ငါတို့ ဘုရားလက်ထက် ဓမ္မိက ဥပါသကာ၊ နန္ဒမာတာတို့ အသက်ထက် ဆုံး ဆောက်တည်ကြ၏။ကဿပဘုရားလက်ထက်တွင်လည်း ဒီတင်းသည် ၅၀၀-နှင့် တကွ ဂဝေသီ ဆရာကြီး တို့သည် ဗြဟ္မစရိယ ပဥ္စမက သီလ၊ (ကောမာရဗြဟ္မစရိယ—တူ) ကောဘတ္တိက ဆက္က သီလကို စောင့်သုံးကြ သည်။ (အံ၊ ပါ၊ မ၊ ပါ)

## နစ္စ ဂီတ စသည် အဖွင့်

**ဆိုလိုရင်း အဓိပ္ပာယ်** နစ္စ=ကိုယ်တိုင် ကမှု၊ သူတပါးကို အက ခိုင်းမှု။ (မျောက် စသော တိရစ္ဆာန်များ ကမှုပါ ယူ။) ဂီတ=ကိုယ်တိုင် သီဆိုမှု၊ သူတပါးကို အဆိုခိုင်းမှု။ (ရေဒီယိုဖွင့် နား ထောင်ခြင်းများပါ–ပါသည်။) ဝါဒိတ=ကိုယ်တိုင်တီးမှုတ်မှု၊ သူတပါး ကို တီးမှုတ်ခိုင်းမှု။ ဝိသုက=ဘုရားအဆုံးအမ (သာသနာ)တော်၏ ဆန့် ကျင်ဖက် စိုပမာ ဖီလာဖြစ်သော (သူတို့ဖာသာရင်း၊ သူတပါးက ခိုင်း၍ ရင်း က ဆို တီးမှုတ်နေသည်ကို တမင်သွား၍) ဒဿန=ကြည့်ရှု နား ထောင်မှု အားလုံးတို့ကို ရှောင်ကြဉ်ရမည်။

မာလာ ဓာရဏ=ပန်း ပန်ခြင်း၊ ဂန္ဓ မဏ္ဍန=နံ့သာ လိမ်းကျံခြင်း၊ (ကျောက်ပေါက်မာစသည် ပျောက်အောင် နံ့သာတို့ဖြင့် နိမ့်ရာအရပ်သို့ ဖို့သိပ်ခြင်း။) ဝိလေပန ဝိဘူသန=နံ့သာပျောင်းတို့ဖြင့် အပြေအပြစ်ပြု ခြင်း၊ (အရောင်တင် မိတ်ကပ် နှုတ်ခမ်းဆိုးဆေး ရေမွှေး နံ့သာဆီ ပေါင်ဒါများ သုံးစွဲမှု) ဌာန= အကုသိုလ် များကြောင်း မကောင်းမှု များတည်း။ (ထိုအားလုံးကို ရှောင်ကြဉ်ရမည်။)

**ပွဲကြည့်ပါလျက် သီလမပျက်** မိမိနေရာ မျက်မှောက်သို့ လာ၍ ကပြသီ ဆိုတီးမှုတ်သည်များကို ကြည့်ရှု နား ထောင်မိမှု၊ ကိစ္စတခုဖြင့် သွားလာယင်းကြုံကြိုက်၍ တွေ့မြင်ကြားမိမှုတို့ ကြောင့် သီလမပျက်ပါ။ သို့သော် မမြင် မြင်အောင်၊ မကြား ကြား အောင် တမင်္ဂလာလှည့်၍ မကြည့်ရပါ။ ကောလိတ ဥပတိဿ(အရှင် မောဂ္ဂလာန်၊ အရှင်သာရိပုတ္တရာ အလောင်း) သူဌေးသား ၂-ဦးကား ပွဲကြည့်ယင်းပင် ယောနိသောမနသိကာရ နှလုံးသွင်း ကောင်းကြသော ပါရမီရှင်များ ဖြစ်သည့်အလျောက် သာသနာတော်သို့ ရောက်၍ အဂ္ဂ သာဝကများ ဖြစ်တော်မူကြသည်။ နံ့သာလိမ်းမှု စသည်တို့၌လည်း သာယာသောစိတ်ဖြင့် မအပ်။ အနာရောဂါရှိ၍ ကိုယ်နံ့ မကောင်းလျှင် လိမ်းကျံကောင်းသည်။ (ရဟန်းတော်များ ကိုယ်နံ့မကောင်းလျှင် နံ့သာ ရေမွှေး ဆပ်ပြာစသည်များကို ဘုရားက ခွင့်ပြုတော်မူ၏။)

## ဥစ္စာသယန မဟာသယနအဖွင့်

**မြင့်မြတ်သော နေရာ** အခြေ တတောင့်ထွာထက် ရှည်သော အိပ်ရာ ခုတင်နှင့် ကုလားထိုင်ကြီးများသည် မြင့်သော နေရာမည်သည်။ စည်းစိမ်ရှင်များ သုံးစွဲတတ်ကြသော လက် ၄-သစ်မက အမွေးရှည်သော သားမွေးအခင်း၊ခြင်္သေ့သစ်ကျားစသောအရုပ်များဖြင့် ခမ်းနားဆန်းကြယ်သော သားမွေးအခင်း၊ ရွှေချည် ငွေချည်ထိုးအခင်း၊ စသည်များသည် မြတ်သောနေရာမည်၍ ဥပုသ်သည်များ မအပ်ပေ။ (ရိုးရိုးပိုးအခင်းများ၊ အုန်းဆံသွတ်မွေ့ရာများ၊သင်ဖြူးချောချော ကော်ဇောနုနု စသည်နှင့် ရဟန်းသံဃာ ဂုဏ်ဝါကြီးသူတို့၏ နေရာများကား ဤသိက္ခာပုဒ်အရ အပြစ်မထိုက်ပေ။)

**ကိလေသာ မဝင်မှ ဥပုသ်စင်** ဥပေါသထ ပါဠိတွင် ဥပ-သူ့အ သက်မသတ်၊ မေထုန်မမှီဝဲ၊ ပွဲလမ်း ကိုကြဉ်၊ဂုဏ်အင် ၈-ဆင့် ကောင်းသောအကျင့်များနှင့် ပြည့်စုံတော်မူ၍ (ကိလေသာ ကာမစိတ်များ မဖြစ်ရအောင်) ဝသထ-ဘုရားဂုဏ်တော် စသည်တို့ကို ပွားကာ စောင့်စည်းနေထိုင်မှုကို ဥပုသ်စောင့်သည်ဟု ဆိုလို သည်။ ထိုစောင့်စည်းမှု သီလတို့ကြောင့် စိတ်နှလုံးကြည်လင် ရွှင်လန်း၍ ကိလေသာမဝင်ခြင်း၊ ပတ်ဝန်းကျင်၏ အကြည်ညိုခံရသူ၊ မေတ္တာပို့ခံရသူ၊ အလေးပြုခံရသူ၊ အချီးမွမ်းခံရသူဖြစ်ခြင်း၊ ကိလေသာအညစ်အကြေးကို စင်ကြယ်စေနိုင်ခြင်း၊ (ကိလေသာကို ရေဖြင့်ဆေးမရ၊သီလဖြင့်သာဆေး ရသည်။) ကိလေသာ အပူမီးကို ငြိမ်းအေးစေခြင်း၊ နတ်ပြည်သွားဘို့ စောင်းတန်း၊ နိဗ္ဗာန်ဝင်ဘို့ တခုတည်းသော တံခါးပေါက် ဖြစ်ခြင်း၊ ဇမ္ဗူဒိပ်ကျွန်းလုံးကို အစိုးရသော မင်းမိဖုရားအဖြစ်ထက် သာလွန်ခြင်း စသောအကျိုးများ ပြည့်စုံရသည်။

**သိကြားရှိခိုး သီလအကျိုး** သီလရှိသူများမှာ စည်းစိမ်ကြွယ်ဝ၊ ဂုဏ် သတင်း ကျော်စော၊ ပရိသတ်အလယ် ပွဲ လယ်တင့်၍ မတွေမဝေသေ၊ သေသော်နတ်ပြည်တက်၊ အကျိုး ၅-ချက် သာမက ကောင်းမှုရှိသူ၊ သီလရှိသူ၊ ရတနာ ၃-ပါးကို ကိုးကွယ်သူ၊ သားမယားကို တရားသဖြင့် လုပ်ကျွေးသူ၊ ဤကျင့်ဝတ် ၄-ဆူနှင့် ပြည့် စုံသူအား သိကြားမင်းကပင် ရှိခိုးပူဇော်သည် (ဂဟဋ္ဌသံယုတ်ပါဠိ) ဖြစ်ရာ ဟောင်းသည်မရှိ။ အိုလေ ကောင်းလေ ဟောင်းလေ သစ်လေ

ဖြစ်သော သီလ(ဇရာသံယုတ်ပါဠိ)ကို အားရတက်ကြွ စောင့်သုံး သင့်ကြသည်။

သို့သော် ၈-ပါးသီလစောင့်ထိန်းရုံမျှဖြင့် အကျိုးများသင့်သလောက် မများသေးပါ။ မိမိစိတ်အစဉ်ကိုပါ စင်ကြယ်သန့်ရှင်းအောင် အားထုတ်နိုင်ပါမှ အကျိုးများပေမည်။ ထို့ကြောင့် ပြလတံ့သော ဗြဟ္မဥပုသ်စသည် တခုခုဖြစ်အောင် ကြိုးစားကြရာသည်။

**ဥပုသ် ကာလအပိုင်းအခြား** ဥပုသ်သည် ကာလပိုင်းခြား၍စောင့်သော ဥပုသ်၊ အသက် ထက်ဆုံး စောင့်သော ဥပုသ်ဟု ၂-မျိုးရှိရာ ကာလပိုင်းခြားရာ၌ ၁-ရက် ၂-ရက် ၃-ရက်စသည် ဖြစ်စေ၊ တနံနက် တနေ့ခင်း ဖြစ်စေ၊ တရားနာခိုက် တခဏမျှ ဖြစ်စေ စွမ်းနိုင်သမျှ စောင့်သုံးနိုင်သည်။ (အနာထပိဏ် သူဌေး၏ သူရင်းငှား တနေ့ခင်းသာ စောင့်သုံး၏။) (၁) တလလျှင် လဆန်း ၈၊ ၁၄၊ ၁၅။ လဆုတ် ၈၊ ၁၄၊ ၁၅။ ပေါင်း ၆-ရက်။ အဋ္ဌကထာနည်းအရ လဆန်း ၅၊ လဆုတ် ၅၊ ကို ၂-ရပ်ပါ ပေါင်းလျှင် ၈-ရက် ဟူသော ရိုးရိုး ဥပုသ်။ (၂) အထက်ပါ ဥပုသ်နေ့များ၏ အကြို အပို ဖြစ်သော နိုးကြားသော ဥပုသ်။ (၃) ဥပုသ်နေ့အဖြစ် သတ်မှတ်ချက်မရှိ။ ၁၅-ရက်တလစသည် ကာလ ပိုင်းခြားပြီး စောင့်သော ပါဋိဟာရိယ ဥပုသ်ဟု ၃-မျိုးတို့တွင် လိုသလို စောင့်သုံးနိုင်သည်။

**စောင်သုံးပံနှင့် ဇပ်သော ဥပုသ်၃-မျိုး**

(၁) ယနေ့ နွားတွေကို ဤတောမှာကျောင်း၍ ဤချောင်းမှာ ရေတိုက်သည်။ နက်ဖြန် ဘယ်တော ဘယ်ချောင်းဟု နွားကျောင်းသား များ စိစဉ်လေ့ ရှိသလို ဤဥပုသ်၌ ဤစားဖွယ်များ စားပြီးပြီ။ နောက် ဥပုသ်မှာတော့ ဘာတွေ စားရမှာဘဲ စသည်ဖြင့် စဉ်းစားသော ဂေါပါလ (နွားကျောင်းသား) ဥပုသ်။

(၂) ဤအရပ်အတွင်း ရှိသမျှ သတ္တဝါများကား မသတ်ကောင်း၊ အပြင်သတ္တဝါများမှာမူ သတ်ကောင်းသည်စသည်ဖြင့် မကောင်းမှု ပြုခွင့်ရအောင် ကြံဆောင်၍စောင့်သော နိဂဏ္ဌ (တက္ကတွန်း) ဥပုသ်။

(၃) ဘုရားဂုဏ်တော် စသည်ကို ဆင်ခြင်၍ ကိလေသာ စင်အောင် စောင့်သုံးသော အရိယ (ဖြူစင်သော) ဥပုသ်။ ဤ ၃-မျိုးတို့တည်း။

## အရိယ ဥပုသ် ၆-မျိုး

(၁) ဂ-ပါး သီလယူပြီး အရဟံ စသော ဘုရား ဂုဏ်တော်များကို ဆင်ခြင်သော ဗြဟ္မဥပုသ်၊

(၂) ဂ-ပါး သီလယူပြီး သွာက္ခာတ စသော တရားဂုဏ်တော်များကို ဆင်ခြင်သော ဓမ္မဥပုသ်၊

(၃) ဂ-ပါးသီလယူပြီး သုပ္ပဋိပန္နတာ စသော သံဃဂုဏ်တော်များ ကို ဆင်ခြင်သော သံဃဥပုသ်၊

(၄) ဂ-ပါး သီလယူပြီး မကျိုး မပေါက် မပြောက် မကျားသော မိမိ၏ သီလဂုဏ်ကျေးဇူးများကို ဆင်ခြင်သော သီလဥပုသ်၊

(၅) ဂ-ပါး သီလယူပြီး နတ် ဗြဟ္မာများသည် သဒ္ဓါ သီလစသည့် ဂုဏ်များကြောင့် ဖြစ်ကြရသည်။ ငါ့မှာလည်း ထိုဂုဏ်များ ရှိပေသည်ဟု နတ်ဗြဟ္မာများကို သက်သေထား၍ စောင့်သုံးသော ဒေဝတာ ဥပုသ်၊

(၆) သီလခံယူပြီးလျှင် ရဟန္တာ အရှင်မြတ် တို့သည် သက်သတ်၊ ခိုးမှု၊ မေထုန်မှုကင်း၊ သနားခြင်း ရှိကြသလို ငါ့မှာလည်း ရှိရပေပြီဟု ရဟန္တာ အရှင်မြတ်များကို သက်သေ ထား၍ စောင့်သုံးသော အဋ္ဌင်္ဂု- ပေါသထ (အင်္ဂါ ဂ-ပါးရှိသော) ဥပုသ်။ ဤ ၆-မျိုးတို့တည်း။

(အိမ်ထောင်ရှိသူများ အဆုံး ဥပုသ်ကို စောင့်၍ ရှေ့ ဥပုသ်များကိုမူ ရဟန်း ရှင် လူ အားလုံး စောင့်သုံးရသည်ဟု မဟာဝိသုဒ္ဓါရုံ ဆရာတော် ကြီး မိန့်၏။)

## ရင်ဖွင့်ရှင်မြူး စိတ်ကြည်နူးဘို့ သီကျုံးဘွယ်ရာ ပါဠိမြန်မာ

ယေဟိ သဒ္ဓါဒိဂုဏေဟိ၊ ဒေဝတ္တံ ဒေဝတာ ဂတာ။
မယှံပို တေ သံဝိဇ္ဇန္တိ၊ အဟော မေ ဂုဏဝန္တတာ။

သဒ္ဓါသီလ စသည်လောက်လုံ အကြွင် ကျေးဇူးဂုဏ်တို့ကြောင့် နတ်ဗြဟ္မာအပေါင်း သူတော်ကောင်းတို့သည် ဆင်းရဲဖြာဖြာ ကင်းစင် ကွာလတ် ဗြဟ္မာနတ်အဖြစ်သို့ စင်စစ်ဖြောင့်မှန် ကုသိုလ်ကံအရှိန်ကောင်း သဖြင့် ရောက်ကြရလေကုန်ပြီ။

ထိုသူများနှင့် မခြားတမူ ငါ့အားမူလည်း သဒ္ဒါသီလ စသည် လောက်လုံ ထိုကျေးဇူးဂုဏ်တို့သည် အမြဲမပြတ် သတိချပ်သဖြင့် မလပ် ပုံသေရှိကြပေကုန်၏။ သာသနာမှာ လွန်စွာကြိုးကုတ် အကျွန်ုပ်၏ သဒ္ဒါ သီလစသည်လောက်လုံ ကျေးဇူးဂုဏ်စုံသူ၏အဖြစ်သည် တမလွန်နောင်ရေး ကြံတိုင်းအေးဘို့ လေးလေးပင်ပင် အစဉ်မျိုးမှန် ဩဝါဒ—အဖိုးတန်ပေ စွတကား—ဟု ကုသိုလ်ရှင်များ အမြဲပင် ဥဒါန်းကျူးရင့် ဝမ်းမြောက်သင့် ကြသည်။

## အာဇီဝဋ္ဌမကသီလအဖွင့်

**ပါဠိ အဋ္ဌကထာ မလာလေလည်း** စားဝတ်နေရေးပစ္စည်းရှာဖွေမှုသည် အာဇီဝမည်သည်။ မတရားရှာဖွေ လျှင် မိစ္ဆာဇီဝ။ ထိုမှရှောင်ကာ တရားသဖြင့် ရှာဖွေမွေးမြူလျှင် သမ္မာ အာဇီဝမည်သည်။ ပါဏာတိပါတ စသည့် ကာယဒုစရိုက် ၃-ပါး၊ မုသာ ဝါဒ စသည့် ဝစီဒုစရိုက်-၄-ပါး၊ ဤ ၇-ပါးလုံးခြုံလျှင် မိစ္ဆာဇီဝမျိုးများ ရှောင်ကြဉ်ပြီးသားပင် ဖြစ်သည်။သို့သော် မြဲရာသံပတ် ဆိုသလို ရှေ့သိက္ခာ ပုဒ်များဖြင့် ရှောင်ကြဉ်ဖွယ်ရာများ သာ၍ခိုင်မြဲအောင် လက်နက်ကုန်ကူး၊ လူကုန်ကူး၊ အသားကုန်ကူး၊ မူးယစ်ဆေးဝါးကုန်ကူး၊ အဆိပ်ကုန်ကူး ဟူသော ဥပါသကာများမပြုကောင်းသည့် ကုန်သွယ် ၅-မျိုးစသော မိစ္ဆာ ဇီဝများ အားလုံးမကြွင်းရအောင် အဆုံး ၈-ပါး မြောက်၌ မိစ္ဆာဇီဝါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ ဟု ဆောက်တည်ရပေသည်။

ဤစကားအရ ပါဏာတိပါတ စသော ရှေ့ ၇-ပါးမှာလည်း အသက်မွေးဝမ်းကျောင်းနှင့် စပ် မစပ် ၂-မျိုးလုံးမှရှောင်ကြဉ်၍ ကြွင်းသ မျှ မိစ္ဆာဇီဝများကို ၈-ခုမြောက်သိက္ခာပုဒ်ဖြင့် ရှောင်ကြဉ်သည်ဟု မှတ် ရမည်။ ပါဏာတိပါတာ ပဋိဝိရမာမိစသည့် ကြိယာတမျိုးဖြင့်လည်း ဆောက်တည်နိုင်သည်။ ဤသီလဆောက်တည်ပုံကို ပါဠိအဋ္ဌကထာတို့၌ တိုက်ရိုက်မပြသော်လည်း၊ ၅-ပါးသီလစသည့် ဆောက်တည်ပုံကို နည်းယူ၍ ရှေးပညာရှင်များ စီစဉ်ထားကြသည်။

**သဘာဝသုဗ္ဗတသီလ-၂-မျိုး** သီလသဒ္ဒါသည် သီလံ သဘာဝေ သုဗ္ဗတေ (အဘိဓာန် အနေကတ္ထဝဂ် ဂါထာ ၁၀၉၁) ဟူသည်နှင့်အညီ—

(၁) ပကတိပင်ကိုယ်သဘောဟူသော သဘာဝသီလ၊

(၂) ကောင်းစွာစင်ကြယ်သော ဝတ်အကျင့် ဟူသော သုဗ္ဗတသီလ။

ဤ ၂-မျိုးကို ဟောသည်။

ထိုတွင် ပကတိရေပြင်သည် လှိုင်းလေမရလျှင် ငြိမ်သက် ပြန့်ပြူးနေသကဲ့သို့ ဖောက်ပြန်မှုကိလေသာ လေလှိုင်းများ ကင်းလျက် ပကတိဖြူစင်သန့်ရှင်း တည်ငြိမ်နေသော စိတ်၊ စိတ်အတိုင်းသည် သဘာဝသီလမည်သည်။ ထို့ကြောင့် "ရဟန်းတို့၊ သတ္တဝါတို့၏စိတ်သည် ပြိုးပြိုးပြက်ပြက် တလက်လက်တောက်ပသည့်တိုင်အောင် စင်ကြယ်သန့်ရှင်း အပြစ်ကင်းနေသော်လည်း ဧည့်သည်သဖွယ်ဖြစ်ပြီး ညစ်ညူးဖွယ် ကိလေသာတို့ကြောင့် ပျက်ပြားညစ်ညူးရသည်။ (အံ၊ ပါ၊ ပဏိဟိတအစ္ဆရဝဂ်) ဟု ဘုရားရှင်ဟောတော်မူသည်။သူငယ်၏ ပကတိစိတ်သည် စင်ကြယ်နေသော်လည်း အရွယ် ရလာသည်နှင့်အမျှ ဆင်းနှံ့ရသော ထိတွေ့မှု အဖြာဖြာတို့ကြောင့် ကိလေသာ လှိုင်းဂယက်ရိုက်သဖြင့် ဘောက်ဘက် ခတ်ကာ ပျက်စီးလာရသည်။ သုဗ္ဗတသီလ ၄-မျိုးတွင် သန့်စင်နေသော ပကတိစိတ်အနေအထားမှ—

(၁) **စေတနာသီလ** တဆင့်တက်၍ မြင့်မြတ်စင်ကြယ်သောကျင့်ဝတ်တရားများသည် သုဗ္ဗတသီလမည်သည်။ ယင်းသီလသည်။ စေတနာ၊ စေတသိက၊ သံဝရ၊ အဝီတိက္ကမဟု ၄-မျိုး ရှိရာ ဒုစရိုက်တရားများမှ ရှောင်ကြဉ်မှု(သဗ္ဗပါပဿ အကရဏံ)သည် ဝါရိတ္တသီလ။ မိဘဝတ်၊ ဆရာဝတ် စသော ကျင့်ဝတ်များဖြည့်ကျင့်မှု(ကုသလဿူပသမ္ပဒါ)သည် စာရိတ္တသီလ။ ဤသီလ ၂-ပါးသည် စေတနာပြဋ္ဌာန်းသဖြင့် စေတနာသီလ မည်သည်။

(၂) **စေတသိကသီလ** မဂ္ဂင် ၈-ပါး၊ သိက္ခာ ၃-ပါးတွင် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဝိရတီစေတသိက် ၃-ပါးသည် စေတသိက သီလ (ဝိရတီသီလ—သီလမဂ္ဂင်) မည်သည်။ သမ္မာဝါစာသည် စားဝတ်နေရေး အသက်မွေးဝမ်းကျောင်း မဟုတ်သော မုသာဝါဒစသော ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်၍ သမ္မာကမ္မန္တသည် အသက်မွေးဝမ်းကျောင်း မဟုတ်သော ပါဏာတိပါတ စသော ကာယဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်သည်။ သမ္မာအာဇီဝမှာမူ အသက်

မွေးဝမ်းကျောင်းဖြစ်သော ကာယဒုစရိုက် ၇-ပါးလုံးမှ ရှောင်ကြဉ်သည်။ ဤစေတသိက် သီလသည်ပင် အာဇီဝလျှင် ၈-ခုမြောက် ဖြစ်သောကြောင့် အာဇီဝဋ္ဌမကသီလ မည်သည်။

ဤစကားအရ ပါဏာတိပါတ စသော ရှေ့သိက္ခာပုဒ် ၇-ပါးသည် အသက်မွေး ဝမ်းကျောင်းနှင့် မစပ်။ ၈-ခုမြောက် သိက္ခာပုဒ် သည်သာ စပ်သည်။ ဝိရတိစေတသိက် ၃-ပါး၏ ပင်ကိုယ် သဘော အဓိပ္ပာယ်နှင့် ညီမျှသည်။

ဤအာဇီဝဋ္ဌမကသီလသည် သီလမဂ္ဂင်နှင့် ကိုက်ညီရကား မြတ်သော အရိယမဂ်အကျင့်၏ အစအဦး(မဂ်မရမီ ရှေးဦး ဆောက်တည် ကျင့်သုံးအပ်သော သီလ)ဖြစ်သောကြောင့် အာဒိဗြဟ္မစရိယက သီလမည်သည်။ ကြွင်း သီလ အားလုံးသည် အာဇီဝဋ္ဌမက သီလထက် လွန်မြတ်သော အကျင့် (မဂ်ဖိုလ်၌တည်သော သီလကိုရည်၍ ဘုရား ပညတ်ထားသော သီလ)ဖြစ်သောကြောင့် အာဘိသမာစာရိက သီလမည်သည်။

**အာဇီဝဋ္ဌမကထက် ၅-ပါးသီလမြတ်သည်** အာဇီဝဋ္ဌမကသီလသည် သီလ အငွေ့အသက် လုံးဝမရှိဘူးသေးသော မိစ္ဆာဝါဒမှဗုဒ္ဓဘာသာသို့ ကူးပြောင်း လာသူများ အတွက် ဒုစရိုက်ကြမ်းကြီးများကို ရှောင်ကြဉ်ရန် ဆုံးမသော သီလ ဖြစ်သောကြောင့် သုရာမေရယသိက္ခာပုဒ်မပါသည့်အပြင် မဂ်မရမီ ရှေးဦး ဆောက်တည်ကျင့်သုံးအပ်သော သီလ ဖြစ်သောကြောင့်ရှင်း မဂ်ဖိုလ်၌ တည်သော သီလကိုရည်၍ ပညတ်ထားသော ၅-ပါးသီလလောက် မမြတ်ပေ။

မှန်၏။ ၅-ပါးသီလ၌ ဝစီကံ ၄-ပါး၏ ခေါင်းဆောင် ဖြစ်သော မုသာဝါဒ ပါသဖြင့် (ပိသုဏာဝါစာ စသည် ၃-ပါး မပါသော်လည်း ဝစီကံ ၄-ပါးလုံး ထိန်းချုပ်ပြီးပင် ဖြစ်သည်။ ပါဏာတိပါတ စသော ၃-ပါး ပါသဖြင့် (မိစ္ဆာဇီဝ မပါသော်လည်း) ရှောင်ကြဉ်ဖွယ် မိစ္ဆာဇီဝဟူ၍ အထူးမရှိတော့ပြီ။ သုရာမေရယလည်း သီသန့်ပါသေး၏။ ထို့ကြောင့် အာဇီဝဋ္ဌမကသီလသည် အရေအတွက်များသော်လည်း ၅-ပါးသီလထက် အာနိသင်မပို။ ၅-ပါးသီလ၏ အရိယာသီလမည်ခြင်းက ပင် အာနိသင်ကြီးမားကြောင်း ထင်ရှားသည်။

(၃) **သံဝရသီလများ** မိမိသန္တာန်၌ ကိလေသာ ထကြွမှုမဖြစ်ရန်၊ စိတ်ဓာတ် ဖရိုဖရဲမဖြစ်ရန် စောင့်ထိန်းသော သီလသည် သံဝရသီလမည်၏။ ထိုသီလသည်—

၁။ ပါတိမောက္ခသံဝရ=ရဟန်းတော်များ ဆိုင်ရာ ကုဋေ ၉၀၀၀ ကျော်သော သိက္ခာပုဒ်များကို စောင့်စည်းမှု၊ လူများ ငါးပါး သီလ စောင့်စည်းမှုတည်း။

၂။ သတိသံဝရ=မျက်စိ နား နှာ လျှာ ကိုယ်စိတ်အပေါက် ၆-ခုမှ ကိလေသာသူခိုးဒမြများ မဝင်အောင် သတိဖြင့် စောင့်ပိတ်မှု။

၃။ ဉာဏသံဝရ=တဏှာ မာန ဒိဋ္ဌိစသော တရားဆိုးများ မကပ်နိုင်အောင် စားဝတ်နေမှုတို့၌ ဉာဏ်ဖြင့် စောင့်ထိန်းမှု။

၄။ ခန္တိသံဝရ=သည်းခံမှုဖြင့် အကုသိုလ်မဝင်အောင်စောင့်ပိတ်မှု။

၅။ ဝီရိယသံဝရ=ကိလေသာ မလာရအောင် အားထုတ်စောင့်စည်းမှု။

ဤသို့ ၅-ပါး ပြားလေသည်။

(၄) **အဝီတိက္ကမ သီလ** ၁—ဥပါဒ်ဌီဘင်အားဖြင့် မထင်ရှား သော်လည်း အစမထင် သံသရာမှစ၍ မျိုးဓာတ်အဖြစ် ကိန်းဝပ်အိပ်ပျော်နေသော အနုသယ ကိလေသာ။ ၂—ဆိုင်ရာ အာရုံများကြောင့် အိပ်ပျော်ရာမှ နိုးကြားထကြွလာသော ပရိယုဋ္ဌာန ကိလေသာ။ ၃—တွန်းကန်ထကြွလာကြသော ကိလေသာတို့သည် ဖုံးမနိုင်၊ဖိမရ၊ကိလေသာအဆိပ်များ ကြွလာကြသဖြင့် တဆင့်တက်၍ ကိလေသာကြိုက် ကာယဝစီ ဒုစရိုက်များကို ကိုယ်ထိလက်ရောက် ကျူးလွန်သော ဝီတိက္ကမကိလေသာဟု ၃-မျိုးရှိရာတွင် ထိုကဲ့သို့ ဝီတိက္ကမကိလေသာ ကျူးလွန်မှု မရှိအောင် စောင့်စည်းသော သီလသည် အဝီတိက္ကမ သီလမည်သည်။ ထိုစကားများနှင့် စပ်၍—

ဝီတိက္ကမ ကိလေသာကို သီလသိက္ခာဖြင့် ထိန်း၊
ပရိယုဋ္ဌာနကိလေသာကို သမာဓိသိက္ခာဖြင့် နှိမ်၊
အနုသယကိလေသာကို ပညာသိက္ခာဖြင့် ပြတ်အောင် သတ်နိုင်သည်။

ထို့ကြောင့် အောက်ပါအတိုင်း ဆရာမြတ်တို့ စပ်ဆိုတော်မူကြ၏။

လွန်ကျူး ဆုပ္ပက်၊ မျိုးမပျက်၊ ၃-ချက် ကိလေသာ။
သီလ-သမာ၊ ဓိပညာ၊ သတ်ရန် ၃-သိက္ခာ။
အနာနှင့်ဆေး၊ သင့်အောင်ပေး၊ ပျောက်ရေး မခက်ပါ။

**အာဇီဝဋ္ဌမကသီလ စောင့်အပ် မအပ်** ပါဠိတော်၌ တိုက်ရိုက် သီလအဖြစ်ဖြင့် မပြသော်လည်း အသက်မွေးဝမ်းကျောင်း (အာဇီဝ) စင်ကြယ်ဘို့ နည်းလမ်းနှင့် စင်ကြယ်ခြင်း၏ အကျိုးများကို ဘုရားရှင်ပြတော်မူခြင်း။ပုဗ္ဗေဝ ခေါပနဿ ကာယကမ္မံ ဝစီကမ္မံ အာဇီဝေါ သုပရိသုဒ္ဓေါ ဟောတိ- ဟူသော ပါဠိတော်အရ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဋီကာတို့၌ အာဇီဝမဋ္ဌက သီလကို အကျယ်ပြလျက်ရှိခြင်းတို့ကြောင့် ဤသီလကို အမြဲလုံခြုံအောင် စောင့်ထိန်းသင့်ကြသည်။

**စောင့်ထိန်းရမည့် မိစ္ဆာဇီဝများ** အသက်မွေး ဝမ်းကျောင်းနှင့် စပ်၍ မုဆိုး တံငါ စသည်ပြုလုပ်ခြင်း ပါဏာတိပါတ၊ သူခိုး ဒမြ ပြုလုပ်ခြင်း စသည့် အဒိန္နာဒါန၊ ငွေပေးခိုင်း၍ ကာမကျူးလွန်ခြင်း ကာမေသုမိစ္ဆာစာရ၊ မတရားရှေ့နေ သက်သေလိုက်ခြင်း မုသာဝါဒ၊ ငွေပေးခိုင်း၍ ရန်တိုက်ခြင်း ပိသုဏာဝါစာ၊ ငွေပေးခိုင်း၍ ဆဲရေးခြင်း ဖရုသဝါစာ၊ ကွက်စိပ်ဆရာ ဒဏ္ဍာရီဝတ္ထု စသည် ရေးသား ပြောဆိုခြင်း သမ္ဖပ္ပလာပ အမှုများသည် စောင့်ထိန်းရမည့် မိစ္ဆာဇီဝများ ဖြစ်ကြသည်။ ရှေ့သိက္ခာပုဒ် ၇-ပါးဖြင့် ဤအမှုများကို ရှောင်၍ ကြွင်းကျန်သမျှ မိစ္ဆာဇီဝများကို အဆုံးသိက္ခာပုဒ်ဖြင့် ရှောင်ကြဉ်ပါလေ။ (မိမိကိုယ်တိုင် မိစ္ဆာဇီဝဖြင့် ပစ္စည်းမရှာသော်လည်း စီးပွားတူ ညီအစ်ကို မောင်နှမ စသူတို့၏ မိစ္ဆာဇီဝကို ဝမ်းမြောက် သဘောတူလျှင် မိစ္ဆာဇီဝပင်တည်း။ သဘောမတူလျှင် မဖြစ်။)

**ဓမ္မိယလဒ္ဓပစ္စည်းနှင့် သမ္မာအာဇီဝ** စာရေးစာချီ ကူလီလုပ်၍၎င်း၊ ကုန်သွယ်လယ်လုပ် အတိုးအပွားချ၍၎င်း ရသောပစ္စည်းများနှင့် အမွေရ ပစ္စည်းများသည် တရားနှင့်လျော်စွာ ရအပ်သော (ဓမ္မိယလဒ္ဓ) ပစ္စည်းများဖြစ်၍ ၎င်းတို့ကို သုံးဆောင်လျှင် သမ္မာအာဇီဝဖြစ်ပုံသိသာသည်။ နားမလည်ခင် မတရားရှာမိ၏။ သိသော် မရှာတော့ပြီ။ သို့သော် စောစောက ရထားသော မတရားပစ္စည်းများကို ကား သုံးစားနေရ၏။ သမ္မာအာဇီဝဖြစ်၊ မဖြစ် စိစစ်သင့်သည်။

**သမ္မာအာဇီဝ ၂-မျိုး** တရားသဖြင့်သာ ပစ္စည်းရှာ၏။ ယင်းပစ္စည်းကို သာ သုံးစားသည်။ သုတ္တန်သမ္မာအာဇီဝတည်း။

မတရားသဖြင့် ပစ္စည်းရှာဘို့ ကြုံလာသော်လည်း မရှာ၊ အဘိဓမ္မာအာဇီဝ တည်း။ ဤမှတ်ချက်အရ မတရားပစ္စည်းများကို သုံးစားနေသော်လည်း နားလည်၍ ထပ်ပြီး မတရားမရှာလျှင် အဘိဓမ္မာသမ္မာအာဇီဝကား ဖြစ် သေးသည်။ (သုတ္တန် သမ္မာအာဇီဝကား မဖြစ်။)

ကုက္ကုဋ္ဌမုဆိုးသည် တသက်လုံး မုဆိုးလုပ် အသက်မွေးသဖြင့် မိစ္ဆာ ဇီဝသမားဖြစ်သည်။ သို့သော် ဘုရားရှင်နှင့်တွေ့၊ တရားနာ၊ သား ၇- ယောက်၊ ချွေးမ ၇-ယောက်နှင့်အတူ သောတာပန် ဖြစ်သွားသည်။ ယခင် မတရားရှာပြီး ပစ္စည်းများကို စွန့်မပစ်ပါ။ သောတာပန်ဖြစ်ပြီး နောက်ကား မတရားမရှာတော့ပြီ။

မတရားရပြီး ပစ္စည်းများကို လှူကောင်းပါ၏။ သို့သော် ဓမ္မိယလဒ္ဓ ပစ္စည်းလှူသလောက် အကျိုးမများပါ။ ရဟန်းတော်များမှာ ကုလဒူသန အနေသနအမှုများဖြင့် မတရားပစ္စည်းမရှာရ။ မတရားရပြီးပစ္စည်းများကို လည်း ကိုယ်တိုင်မသုံးရ။ အခြားရဟန်းများကိုလည်း မသုံးစေရ။ သုံး လျှင် သုံးတိုင်း သုံးတိုင်း အာပတ်သင့်သည်။ ထို့ကြောင့် ရဟန်းတော် များ၏ မိစ္ဆာဇီဝသည် အပြစ်အကြီးဆုံး ဖြစ်သတည်း။

## နဝင်္ဂ ဥပုသ်သီလအဖွင့်

**မေတ္တာသဟဂတေန စေတသာ** ၈-ပါးသီလတွင် မေတ္တာကိုထည့်က အင်္ဂါ ၉- ပါးရှိသော နဝင်္ဂဥပုသ်ဖြစ်သည်။နဝကအင်္ဂုတ္တိုရ်၌ ပါဠိတော်၌ တိုက်ရိုက် လာ၏။ မေတ္တာမှာ ပါဏာတိပါတ စသည်တို့ကဲ့သို့ သိက္ခာပုဒ်တပါးမဟုတ်ပေ။ ပါဏာတိ ပါတမှ တနေ့လုံး ရှောင်ကြဉ်နိုင်သလို မေတ္တာစိတ်ဖြင့် တနေ့လုံးမနေနိုင် သောကြောင့်တည်း။ သို့သော် ရိုးရိုး ၈-ပါးသီလတွင် မေတ္တာအမှန်း တင်ထားသဖြင့် အကျိုးများ လှရကား ဘုရား လက်ထက်တော်မှာပင် အချို့စောင့်သုံးကြသည်။ မေတ္တာဟူသည် ဒေါသ၏ ဆန့်ကျင်ဘက် ဖြစ်သဖြင့် အိမ်ပြန်ရောက် ဆိုင်ရာမလျော်မှုများကို တွေ့ရ၍ ဒေါသထွက် လျှင် ဤမေတ္တာပျက်စီးမည်သာတည်း။ ထိုသို့မပျက်စီးရအောင်''ယထာ ဗလံ၊ စွမ်းနိုင်သည်အားလျော်စွာ''ဟု ဆရာမြတ်တို့ မိန့်ဆိုကြပါသည်။

**မေတ္တာသည် သီလမဟုတ် ဘာဝနာသာ** သီလကိုသာဆောက်တည်ရသည်။ ဘာဝနာဟူသည် မပြတ် ပွားများရသော တရားမျိုးဖြစ်ရာ မေတ္တာသည် ဘာဝနာသာ ဖြစ်သဖြင့် မေတ္တာသဟဂတေန စေတသာ စသည်ကိုမဆို မဆောက်တည်ဘဲ ဂ-ပါးသီလ ဆောက်တည်ပြီးလျှင် စွမ်းနိုင်သမျှ မေတ္တာ ပွားနေပါက အင်္ဂါ ၉-ပါးရှိသော နဝင် ဥပုသ် သီလ မည်တော့သည်ဟုလည်း ဆရာမြတ်တို့ မိန့်တော်မူကြသေး၏။ ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်ပါဠိတော်လာတိုင်း ၅၂၈-သွယ် မေတ္တာ ဘာဝနာကို အောက်ပါအတိုင်း လွယ်ကူစွာ ပွားကြရမည်။

**အရပ်ရှစ်မျက်နှာမပါ မူလမေတ္တာ ၄၈-ပါး**

၁။ သတ္တဝါ အားလုံး ဘေးရန် ကင်းကြပါစေ။ စိုးရိမ် ကင်းကြပါစေ။ ဆင်းရဲ ကင်းကြပါစေ။ ချမ်းသာကြပါစေ။ ၄-မျိုး။

၂။ သက်ရှိ အားလုံး ဘေးရန်ကင်းကြပါစေ။ စိုးရိမ် ကင်းကြပါစေ။ ဆင်းရဲကင်းကြပါစေ။ ချမ်းသာကြပါစေ။ ၄-မျိုး။

၃။ ဖြစ်နေသူ အားလုံး ဘေးရန်ကင်းကြပါစေ။ စိုးရိမ် ကင်းကြပါစေ။ ဆင်းရဲကင်းကြပါစေ။ ချမ်းသာကြပါစေ။ ၄-မျိုး။

၄။ ပုဂ္ဂိုလ် အားလုံး ဘေးရန် ကင်းကြပါစေ။ စိုးရိမ် ကင်းကြပါစေ။ ဆင်းရဲကင်းကြပါစေ။ ချမ်းသာကြပါစေ။ ၄-မျိုး။

၅။ ကိုယ်ခန္ဓာရှိသူအားလုံး ဘေးရန် ကင်းကြပါစေ။ စိုးရိမ် ကင်းကြကြပါစေ။ ဆင်းရဲ ကင်းကြပါစေ။ ချမ်းသာကြပါစေ။ ၄-မျိုး။

၆။ မိန်းမ အားလုံး ဘေးရန်ကင်းကြပါစေ။ စိုးရိမ် ကင်းကြပါစေ။ ဆင်းရဲ ကင်းကြပါစေ။ ချမ်းသာကြပါစေ။ ၄-မျိုး။

၇။ ယောကျ်ားအားလုံး ဘေးရန်ကင်းကြပါစေ။ စိုးရိမ် ကင်းကြပါ
စေ။ ဆင်းရဲကင်းကြပါစေ။ ချမ်းသာကြ
ပါစေ။ ၄-မျိုး။

၈။ အရိယာ အားလုံး ဘေးရန် ကင်းကြပါစေ။ စိုးရိမ် ကင်းကြပါ
စေ။ ဆင်းရဲ ကင်းကြပါစေ။ ချမ်းသာကြ
ပါစေ။ ၄-မျိုး။

၉။ ပုထုဇဉ် အားလုံး ဘေးရန်ကင်းကြပါစေ။ စိုးရိမ် ကင်းကြပါ
စေ။ ဆင်းရဲ ကင်းကြပါစေ။ ချမ်းသာကြ
ပါစေ။ ၄-မျိုး။

၁၀။ နတ် ဗြဟ္မာအားလုံး ဘေးရန်ကင်းကြပါစေ။ စိုးရိမ် ကင်းကြပါ
စေ။ ဆင်းရဲ ကင်းကြပါစေ။ ချမ်းသာကြ
ပါစေ။ ၄-မျိုး။

၁၁။ လူ အားလုံး ဘေးရန်ကင်းကြပါစေ။ စိုးရိမ် ကင်းကြပါစေ။
ဆင်းရဲကင်းကြပါစေ။ ချမ်းသာကြပါစေ။
၄-မျိုး။

၁၂။ အပါယ်ဘုံသားအားလုံး ဘေးရန်ကင်းကြပါစေ။ စိုးရိမ်ကင်း
ကြပါစေ။ ဆင်းရဲကင်းကြပါစေ။ ၃-မျိုး။
ပေါင်း ၄၈-မျိုး။

**အရပ် ၁၀ မျက်နှာ ၄၈X၁၀=မေတ္တာ-၄၈၀**

(၁) အရှေ့ အရပ်မှာ ၁-သတ္တဝါအားလုံး ဘေးရန်ကင်းကြပါစေ။
စိုးရိမ်ကင်းကြပါစေ။ ဆင်းရဲကင်းကြပါစေ။
ချမ်းသာကြပါစေ။ ၄-မျိုး။
၂-သက်ရှိအားလုံး ဘေးရန် ကင်းကြပါစေ။
စိုးရိမ်ကင်းကြပါစေ။ ဆင်းရဲကင်းကြပါစေ။
ချမ်းသာကြပါစေ။ ၄-မျိုး။
၁၂-အပါယ်ဘုံသား အားလုံး ဘေးရန်ကင်း
ကြပါစေ။ စိုးရိမ်ကင်းကြပါစေ။ ဆင်းရဲကင်း
ကြပါစေ။ချမ်းသာကြပါစေ။ ၄=၄၈။

(၂) အနောက် အရပ်မှာ ၁-သတ္တဝါအားလုံး ဘေးရန်းကင်းကြပါစေ။ စိုးရိမ်ကင်းကြပါစေ။ ဆင်းရဲကင်းကြပါစေ။ ချမ်းသာ ကြပါစေ။ ၄-မျိုး။ ၁၂-အပါယ်ဘုံသား အားလုံး ဘေးရန်ကင်းကြပါစေ။ စိုးရိမ်ခြင်း ကင်းကြပါစေ။ ဆင်းရဲကင်းကြပါစေ။ ချမ်းသာကြပါစေ။ ၄=၄၈။

(၃) မြောက်အရပ်မှာ ၁-ဘေးရန်ကင်းကြပါစေ။ စိုးရိမ်ကင်းကြပါစေ။ ဆင်းရဲကင်းကြပါစေ။ ချမ်းသာကြပါစေ။ ၄၈။

(၄) တောင်အရပ်မှာ ၁-ဘေးရန် ကင်းကြပါစေ။ စိုးရိမ် ကင်းကြပါစေ။ ဆင်းရဲကင်းကြပါစေ။ ချမ်းသာကြပါစေ။ ၄၈။

(၅) အရှေ့တောင်ထောင့်အရပ်မှာ ၁-ဘေးရန် ကင်းကြပါစေ။ စိုးရိမ်ကင်းကြပါစေ။ ဆင်းရဲ ကင်းကြပါစေ။ ချမ်းသာကြပါစေ။ ၄၈။

(၆) အနောက်မြောက်ထောင့် ၁-ဘေးရန် ကင်းကြပါစေ။ စိုးရိမ်ကင်းကြပါစေ။ ဆင်းရဲကင်းကြပါစေ။ ချမ်းသာကြပါစေ။ ၄၈။

(၇) အရှေ့မြောက်ထောင့် ၁-ဘေးရန်ကင်းကြပါစေ။ စိုးရိမ်ကင်းကြပါစေ။ ဆင်းရဲကင်းကြပါစေ။ ချမ်းသာကြပါစေ။ ၄၈။

(၈) အနောက်တောင်ထောင့် ၁-ဘေးရန် ကင်းကြပါစေ။ စိုးရိမ်ကင်းကြပါစေ။ ဆင်းရဲ ကင်းကြပါစေ။ ချမ်းသာကြပါစေ။ ၄၈။

(၉) အောက်အရပ်မှာ ဘေးရန်ကင်းကြပါစေ။ စိုးရိမ်ကင်းကြပါစေ။ ဆင်းရဲကင်းကြပါစေ။ ချမ်းသာကြပါစေ။ ၄၈။

(၁၀) အထက်အရပ်မှာ ၁-ဘေးရန် ကင်းကြပါစေ။ စိုးရိမ်ကင်းကြပါစေ။ ဆင်းရဲကင်းကြပါစေ။ ချမ်းသာကြပါစေ။ ၄၀။

## ၅၂၈-ဖြစ်အောင် မြှောက်ပွားပုံအချုပ်

မေတ္တာပို့အပ်သူတမျိုးလျှင် ဘေးရန်ကင်းကြပါစေစသည်ဖြင့် မေတ္တာ ၄၀ ပို့နိုင်သည်။ ၁-မှ ၅-အထိ မိန်းမ ယောကျ်ားစသည် မပိုင်းခြားသော အနောဓိသမေတ္တာ အပို့ခံရသူ ၅-မျိုး၊ ၆-မှ ၁၂-အထိ ပိုင်းခြားသော ဩဓိသမေတ္တာ ပို့ခံရသူ ၇-မျိုး၊ ပေါင်း ၁၂-မျိုးကို မေတ္တာပွားပုံ ၄-မျိုးဖြင့် မြှောက်က မူလမေတ္တာ ၄၈-ပါး ရသည်။ တမျက်နှာလျှင် ၄၈-ပါး၊ဆယ်မျက်နှာ ၄၈၀၊ မူလမေတ္တာ ၄၈-နှင့်ပေါင်းသော်၅၂၈-ဖြစ်သည်။

**ထို့ကြောင့်**—နောဓိပဥ္စ၊ ဩသတ္တ၊ ပေါင်းက ဒွါဒသာ။

အပ္ပနာဟု၊ နည်း ၄-ခု၊ မြှောက်မှု ဋ္ဌစတ္တာ။

အရပ်ဆယ်ဝ၊ မြှောက်လေက၊ လေးရာ့ရှစ်ဆယ်သာ။

ငါးရာ့နှစ်ဆယ်၊ စွန်း ၈-သွယ်၊ ပြည့်ကြွယ် ရွှေမေတ္တာ—

ဟု ကျက်မှတ် ပွားများကြရာသည်။

## မေတ္တာသုတ် ပရိတ်တော်ဖြစ်လာရပုံ

**ရဟန်းတော် ၅၀၀-တစ္ဆေခြောက်၍ ပြေးကြရာဝယ်** ဘုရားရှင်ထံတော်မှ ကမ္မဋ္ဌာန်း သင်ယူပြီးသော ရဟန်းတော် ၅၀၀-တို့သည် တရားအားထုတ်ရန် ဟိမဝန္တာအနီး တောအုပ်ကြီးတခုသို့ သွားကြသည်။ သစ်ပင်ရင်းများတွင် ဘုရား အားထုတ်တော်မူနေကြရာ အရှင်မြတ်များ၏ သီလ တန်ခိုးကြောင့် သစ်ပင်တွေပေါ်၌ရှိကြသောနတ်များသည် အောက်မြေပေါ်သို့ ဆင်းနေကြရ၏။ တနေ့ပြန်နိုး မျှော်ကိုး နေကြသော နတ်များသည် ရဟန်းတော်များ မပြန်နိုင်သဖြင့် ကြောက်မက်ဖွယ် အဆင်းအသံများပြုပြီး ခြောက်လှန့်ကြသည်။ ရဟန်းတော် ၅၀၀-တို့သည် ပြင်းစွာ ထိတ်လန့် ကြသဖြင့် သမာဓိမရ၊ တရားဘာဝနာများ မပွားနိုင်တော့ကြဘဲ ဘုရားထံတော်ပြန်သွားကြရသည်။

**မေတ္တာကိုပွား နတ်များချစ်ခင်** ဘုရားရှင်သည် သံဃာတော် အရှင် ၅၀၀-အားမေတ္တာသုတ်ပရိတ်တော်ကို ဟောတော်မူပြီး ၎င်းမေတ္တာသုတ် ပရိတ်ကိုရွတ်ရန်၊ မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းရန် မိန့်ကြားတော်မူကာ ယင်းတောသို့ပင် ပြန်သွားစေသည်။ ရဟန်းတော်များသည် ဘုရားရှင်မိန့်တော်မူတိုင်း မေတ္တာသုတ်ပရိတ်ရွတ်၊ မေတ္တာတရားများ ပွားများတော်မူကြရာ များမကြာမီ နတ်များကြည်ညို ချစ်ခင်ကြ၊ မခြောက်လှန့်ကြတော့ဘဲ စောင့်ရှောင့်ကြရုံမျှမက ရဟန်း တော်များ၏ ဝတ်ကြီး ဝတ်ငယ်များကိုပင် ပြုပေးကြ၏။ ရဟန်းတော် များလည်း မေတ္တာဘာဝနာကိုအခြေခံကာ ဝိပဿနာဘက် တက်တော် မူကြသဖြင့် ထိုဝါတွင်းမှာပင် အားလုံးရဟန္တာ ဖြစ်တော်မူကြသည်။

ဤမျှသာမက မေတ္တာပို့သူများမှာ—

၁။ ချမ်းသာစွာ အိပ်ရခြင်း။

၂။ ချမ်းသာစွာ နိုးရခြင်း။

၃။ အိပ်မက်ဆိုး မမက်ခြင်း။

၄-၅။ လူနတ်ချစ်ခင်ခြင်း။

၆။ နတ်များစောင့်ရှောက်ခြင်း။

၇။ မီးမလောင်၊ အဆိပ်မတက်၊ လက်နက်မထိခြင်း။

၈။ စိတ်တည်ငြိမ်ခြင်း။

၉။ မျက်နှာကြည်လင်ခြင်း။

၁၀။ မတွေမဝေ သေရခြင်း။

၁၁။ ဗြဟ္မာ့ပြည် ရောက်နိုင်ခြင်း—

ဟု အကျိုး ၁၁-ပါးလည်း ရသည်။(အံ၊ ပါ၊ ၃၊ ၃၄၅)

**ထို့ကြောင့်—**

အိပ်နိုးချမ်းသာ၊ ယုတ်မာမမက်၊ နှစ်သက်လူနတ်၊ စောင့် လတ်နတ်များ၊ ဆိပ်ကားမန္တ၊ စိတ်သန့်တည်ကြည်၊ ရွှင်သည် မျက်နှာ၊ သေခါမတွေ၊ လားလေဗြဟ္မာ၊ ဆယ့်တစ်ဖြာသည်၊ မေတ္တာအကျိုး၊ ကျင့်ရန်တည်း—

ဟု စပ်ဆိုတော်မူကြသည်။

## မေတ္တာသုတ် ပရိတ်တော်လာ မေတ္တာပို့နည်း

၁။ ကြောက်တတ် မကြောက်တတ် ၂-ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၂။ မြင်ဘူး မမြင်ဘူး ၂-ဦးများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၃။ ဝေးနေ နီးနေ ၂-ထွေများစွာ သတ္တဝါ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။

၄။ ဘဝဇာတ်သိမ်း မသိမ်းများစွာ သတ္တဝါ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။

၅။ ရှည်တို အလတ် ၃-ရပ် ခန္ဓာ သတ္တဝါ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။

၆။ ကြီးငယ် အလတ် ၃-ရပ်ခန္ဓာ သတ္တဝါ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။

၇။ ဆူကြုံ အလတ် ၃-ရပ်ခန္ဓာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။

**မေတ္တာတန်ခိုး အကျိုးများစွာ** ဒါနစသော ပုညကြိယဝတ္ထု ၁၀-မျိုးကို ပြုနေသူသည် မေတ္တာ ဈာန်ပွားမှု၏ ၁၆-စိတ် စိတ် တစိတ်ကိုသော်မျှ မမှီ။ မေတ္တာ ဘာဝနာအကျိုးကသာ လွှမ်းမိုး တင့်တယ်သည်။ (ဂူတိဝုတ်၊ပါ၊ မေတ္တာဘာဝနာသုတ်) မျက်စိတမှိတ် လက်ဖျစ်တတီးကြာ မေတ္တာပွားပြီးသော ရဟန်းတော်သည် အမြတ်တနိုး လှူဒါန်းသော နိုင်ငံတော်၏ ဆွမ်းကို စားထိုက်သည်။ (အံ၊ပါ) နွားနို့တညစ်မျှ ကြာအောင် ပွားပြီးသော မေတ္တာကုသိုလ်သည် ဆွမ်းဟင်းအိုးကြီး ၁၀၀-ချက်၍ လှူရသည်ထက် အကျိုးများသည်။ (နိ၊ သံ၊ ပါ၊ ဩပမ္မသုတ်) လှံသွားကို လူများ မကိုင်ဝံ့သလို မေတ္တာ ပွားနေသူကိုလည်း ဘီလူးများ၊ သူရဲ တစ္ဆေများ မပူးဝင် မနှောင့်ယှက်နိုင်။ (နိ၊ သံ၊ ပါ၊ သတ္တိသုတ်) ယောကျ်ားများသော အိမ်ကို သူခိုး၊ ဒမြများ မနှိပ်စက်နိုင်သလို မေတ္တာ ပွားသူကိုလည်း ဘီလူး၊ သားရဲများ မနှိပ်စက်နိုင်။ (နိ၊သံ၊ပါ၊ကုလသုတ်) စသည်ဖြင့် များစွာ ဟောတော်မူသည်။

**မေတ္တာပို့၍ ရောက်နိုင်ပုံ** ငါဘုရားသည် သုဝဏ္ဏသာမဖြစ်စဉ် တောတွင်းရှိ ခြသေ့ၤ၊ သစ်၊ ကျား စသည်များကို မေတ္တာပွားလျက် ၎င်းတို့နှင့်အတူ သိကြားဖန်ဆင်းပေးသော ကျောင်း၌ နေခဲ့သည်။ တိရစ္ဆာန်တွေက ငါ့ကို မကြောက်သလို ငါကလည်း မကြောက်ပါ။ မေတ္တာစွမ်းအား ထောက်ပံ့ထားသည်ဖြစ်၍ တော၌ပင် ငါဘုရား မွေ့လျော်ခဲ့သည်ဟု အရှင်သာရိပုတ္တရာအား ဟောတော်မူသည်။(စရိယာပိဋက-ပါ)ထို့ကြောင့် အချင်းချင်း ပို့သသော မေတ္တာများ ရောက်သည်။

"အရှင်ဘုရား၊ ဤ အရပ်မှာ သီတင်းသုံးသဖြင့် အရှင်မြတ်၏ မေတ္တာကြောင့် ဤအရပ်မှာ ရှိနေကြသော နတ်ဘီလူး စသည်များ တဦးနှင့် တဦး မေတ္တာသတ်ဝင် ချစ်ခင်ကြပါသည်။ အရှင်မြတ် ပြန်ကြွသွားလျှင်မူ သူတို့ချင်း ရန်ဖြစ်ပါတော့မည်"ဟု မြစိမ်းပင် နတ်သမီးက စိတ္တလတောင် ကျောင်း၌ ၄-လ သီတင်းသုံးပြီး၍ ပြောင်းသွားတော့မည့် ဝိသာခ မထေရ်အား ငိုလျက် လျှောက်ထားဘူးသည်။ ဤ သာဓကများအရ မေတ္တာပို့လျှင် ရောက်ကြောင်း၊ မေတ္တာပို့သူမှာသာ အကျိုး ၁၁-ပါးရသည်မဟုတ်။ မေတ္တာခံယူသူ အချင်းချင်းလည်း မေတ္တာကူးစက်ကြောင်း ထင်ရှားလေသည်။

## မေတ္တာခံယူသူသည် ပို့သူ၏ မေတ္တာကို မပြန်ပါက ဒဏ်ခံရသည်

ဗြဟ္မဒတ်မင်းသည် အပြစ်ရှိသော အမတ်တယောက်အား ဗာရာဏသီပြည်မှ နှင်ထုတ်လိုက်သည်။ ယင်းအမတ်သည် ကောသလမင်းထံ ခစားလျက် ကုန်းတိုက်သဖြင့် ဗြဟ္မဒတ် မင်းနှင့် တကွ အမတ်များကို ကောသလမင်းသည် တိုက်ခိုက်သိမ်းယူ၍ ချုပ်နှောင်ထားသည်။ ဒါန သီလ မေတ္တာရှင်ဖြစ်သော ဗြဟ္မဒတ်မင်းသည် ရန်သူ ကောသလမင်းကို အမျက်မထွက်ဘဲ မေတ္တာကိုသာ ပွားနေရာ ထိုမေတ္တာ စျာန်ရှိန်ကြောင့် ကောသလမင်း၏ ကိုယ်မှာ မီးမြှိုက် ခံရသလို ပူလောင် တော့သည်။ "သီလရှိသော မေတ္တာရှင် ဗြဟ္မဒတ်မင်းကို ပြစ်မှားမိသောကြောင့်" ဟု အမတ်များလျှောက်ထားချက်အရ အချုပ်မှ လွှတ်စေကာ သွားရောက် ကန်တော့ပြီး တိုင်းပြည်ကို ပြန်ပေးမှ ပျောက်ကင်း သက်သာသွားသည်။ (သေယျဇာတ်။)

ကောသလတိုင်း ဒုဗ္ဗိသေနမင်းသည် ဗာရာဏသီပြည်ကို တိုက်ခိုက်သိမ်းယူပြီး ဗြဟ္မဒတ်မင်းနှင့်တကွ အမတ်များကို ချုပ်နှောင်ထားသည်။ ရန်သူမင်းကို အာရုံပြုလျက် ဗြဟ္မဒတ်မင်းက မေတ္တာပို့လွှတ်ရာ ဒုဗ္ဗိသေနမင်း ကိုယ်ပူလောင်လာသဖြင့် ဗြဟ္မဒတ်မင်းအား ထောင်မှလွှတ်၍ ကန်တော့ရသည်။ (ကေရာဇဇာတ်။)

**မိခင်နှင့် သားပမာ ဘုရား မေတ္တာ** ဘုရားရှင်ကြွလာလျှင် အားလုံးကြိုကြရမည်။ မကြိုလျှင် ငွေဒဏ်ဟု ကတိကဝတ် ထားမိကြသည့်အားလျော်စွာ မကြည်ညိုသော်လည်း ကြိုကြရသည်။ မကြည်ညိုသူများတွင် ရှင်အာနန္ဒာ၏ သူငယ်ချင်း ရောဇမလ္လမင်းလည်း ပါလာသည်။ "စိတ်နှလုံး နူးညံ့အောင် ပြုတော်မူပါ"ဟု ရှင်အာနန္ဒာလျှောက်ချက်အရ ဘုရားရှင်သည် ရောဇမလ္လအား သီးခြားမေတ္တာ ဖြန့်တော်မူရာ အမိနှင့် ကွဲနေသော နွားငယ်ပမာ ရောဇမလ္လသည် ဘုရားရှင်အပေါ် ချစ်ကြည်ညိုလျက် ကျောင်းတော်ရောက်အောင် လိုက်လာမိတော့သည်။ အားလုံး မေတ္တာ ပွားနိုင်ကြပါစေ။

## မေတ္တာပွားမှု ဆိုင်ရာ သိဖွယ် အဖြာဖြာ

**ဒေါသ အပြစ် ကိုစိစစ်၍** "စိတ် ဆိုးသူသည် အကျိုး အကြောင်းကို မသိမြင်၊ ဒေါသ နှိပ်စက်သဖြင့် လူသတ်မှု စသည်ကိုပင် ကျူးလွန်နိုင်သည်"ဟု ရှေးဦးစွာ မေတ္တာပွားလိုသူသည် ဒေါသ၏ အပြစ်ကို သဘောကျအောင် ဆင်ခြင်ပြီးလျှင်—

> "မိမိအပေါ် သူတပါး စော်ကားမှုကို သည်းခံနိုင်ခြင်းသည် ပြုသင့်တာကို ပြုရာရောက်၊ မပြုသင့်တာကို ပယ်ရာရောက်သော အမြတ်ဆုံးအကျင့်ဖြစ်၏။ သည်းခံမှုခွန်အား၊ ဒေါသစသည်ကို ပယ်နိုင်သော အားရှိသူကိုသာ မကောင်းမှုကိုမျှောပြီးသူ (ဗြာဟ္မဏ) ဟူ၍ ဘုရား ဟောတော်မူသည်။ သည်းခံခြင်းထက် မြတ်သော တရားကား မရှိပေ" ဤသို့ သည်းခံမှု အာနိသင်ကို ဉာဏ်၌ထင်စေပြီးလျှင် မေတ္တာစတင်မပွားထိုက်သူ ၆-ဦးကိုကြဉ်၍ မိမိကိုယ်ကို ပထမ ပွားပါ။

## ရှေးဦးစွာ မေတ္တာမပွားထိုက်သူ ၆-ယောက်

၁။ မိမိအကျိုးကို မပြု၍ မချစ်ခင်သူ၊
၂။ အလွန် ချစ်သူ၊
၃။ အလယ်အလတ် ဖြစ်သူ၊
၄။ မိမိ အကျိုးမဲ့ကိုပြုသော ရန်သူ၊
၅။ ရာဂဖြစ်ပွားစေသော လိင်မတူသူ၊
၆။ မေတ္တာ၏ အာရုံ မဖြစ်၍ အခါခပ်သိမ်း မေတ္တာမပွားထိုက်သော သေသူ။

ဤ ၆-ဦးကို ကြည့်ပြီးလျှင်—

## ကိုယ်ချင်းစာမှု အစဉ်ပြု ပွားရှု ရွှေမေတ္တာ

ငါသည် ချမ်းသာလို၍ ဆင်းရဲကို စက်ဆုပ်သည်။ အသက်ရှည်လို၍ မသေလို။ အလားတူပင် သတ္တဝါ အားလုံးလည်း ချမ်းသာလိုကြ၊ ဆင်းရဲကို စက်ဆုပ်ကြသည်။ အသက် ရှည်လို၍ မသေလို ကြပါ။ ဤသို့ ကိုယ်ချင်းစာတရား ထားပြီးလျှင် မိမိကိုယ်၌ အဖန်ဖန်ပွားရမည်။ ထို့နောင် မေတ္တာရောက်လွယ်အောင် ချစ်မြတ်နိုး လေးစားအပ်သော မိဘ၊ဆရာ၊ဉာတိ၊ ပစ္စည်း ၄-ပါး ဒကာ ဒကာမများကို ယင်းတို့၏ဂုဏ်ကို အာရုံပြုလျက် ပွားပါ။ ထို့နောင် အလယ် အလတ် ဖြစ်သူနှင့် ရန်သူကို အောက်ပါ အစဉ်အရ ကျနအောင်ပွါးရမည်။

၁။ ငါဟုခေါ်ရာ၊ ဤခန္ဓာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဘေးရန်ပယ်ရှင်း၊ စိုးရိမ်ကင်း၊ ဆင်းရဲမရှိ ဖြစ်ပါစေ။ ၄

၂။ မိဘဆရာ၊ ဉာတကာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဘေးရန်ပယ်ရှင်း၊ စိုးရိမ်ကင်း၊ ဆင်းရဲမရှိ ဖြစ်ပါစေ။ ၄

၃။ ပစ္စည်း ၄-ဖြာ၊ ဒါယကာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဘေးရန်ပယ်ရှင်း၊ စိုးရိမ်ကင်း၊ ဆင်းရဲမရှိ ဖြစ်ပါစေ။ ၄

၄။ ဤမြို့တွင်းမှာ၊ ဝေနေယျာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဘေးရန်ပယ်ရှင်း၊ စိုးရိမ်ကင်း၊ ဆင်းရဲမရှိ ဖြစ်ပါစေ။ ၄

၅။ ဤတိုင်းပြည်မှာ၊ ဝေနေယျာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဘေးရန်ပယ်ရှင်း၊ စိုးရိမ်ကင်း၊ ဆင်းရဲမရှိ ဖြစ်ပါစေ။ ၄

၆။ စကြဝဠာ၊ အနန္တာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဘေးရန်ပယ်ရှင်း၊ စိုးရိမ်ကင်း၊ ဆင်းရဲမရှိဖြစ်ပါစေ။ ၄

၇။ ရန်ပြုကြရာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဘေးရန်ပယ်ရှင်း၊ စိုးရိမ်ကင်း၊ ဆင်းရဲမရှိ ဖြစ်ပါစေ။ ၄

**မှတ်ချက်။** ၁-သည် အတ္တ။ ၂-၃-သည် ပိယ။ ၄-၅-၆-သည် မဇ္ဈတ္တ။ ၇-သည် ဝေရီ။ ဤပုဂ္ဂိုလ် ၄-မျိုးကို တသားတည်း အညီအမျှ မေတ္တာ ရောက်အောင် ပွားရမည်။ ဝေရီ (ရန်သူ)၌ မေတ္တာမရောက်လျှင် ရန်ငြိုး ဖျောက်နည်း ၁၁-နည်းကို သုံးစွဲပါ။

## (၁၀) လေ့ကျင့်ခန်းများ

၁။ ရှေးက ကောမာရဘြဟ္မစရိယ ဆောက်တည်သူ မိန်းမ ယောကျ်ားများကို ညွှန်၍ ဆင်းရဲမှုန်သမျှ မည်သူက စပါသနည်း။ ၈-ပါးသီလ ညစ်နွမ်းကြောင်း ၅-ပါးကိုလည်း ရေးပြပါ။

၂။ မေထုန်ငယ် ၇-ပါးကို ပြ၍ ညစာမစားမှုအတွက် အကျိုး ၇-ချက်ကို ပြပြီးလျှင် ကေဘတ္တိက ဆက္ကသီလ အဓိပ္ပာယ်ကိုလည်း ရေးပါ။

၃။ ပွဲကြည့်ပါလျက် သီလမပျက်ပုံ၊ပွဲကြည့်ယင်းပင် သံဝေထင်၍ သူတော်စင် ဖြစ်သွားပုံ အကြောင်းခင်း၍ ရှင်းပြီးလျှင် ဥပုသ် စောင့်ပုံ အဓိပ္ပာယ်၊ ကိလေသာ ဆေးနိုင်သည့် ရေတို့ကို ပြပါ။

၄။ သိကြားမင်း ရှိခိုးခံလိုလျှင် သင်မည်သို့ကျင့်မည်နည်း။ "တလ ၈-သီတင်း၊ နတ်များဆင်း၊စာရင်းယူကြရှာ" လင်္ကာနှင့်အညီ တနှစ်တာအတွက် ရိုးရိုး ဥပုသ်ရက်များကို တွက်ပြပါ။

၅။ စောင့်သုံးပုံနှင့် စပ်သော ဥပုသ် ၃-မျိုးကို ဣရိယာပုထ် အပြား ၆-ပါးနှင့်တကွ ပြ၍ သင့်စိတ်ကြည်အောင် ဆင်ခြင် ဖွယ်ရာ ပါဠိမြန်မာကိုလည်း ရေးသားပါ။

၆။ သမ္မာအာဇီဝ သဘောကိုပြ၍ ဥပါသကာထူးများ မကူး ကောင်းသော ကုန်သွယ်မှု ၅-မျိုး၊ အာဇီဝဋ္ဌမက ကျမ်းဂန် ရှိ မရှိများကို သိဘို့ရေးပါ။

၇။ သီလ၏အနက် ၂-မျိုးကိုပြ၍ အာဇီဋ္ဌမက သီလထက် ၅-ပါး သီလမြတ်ပုံနှင့် လွန်ကျူးဆူပွက် မျိုးမပျက်စသော လင်္ကာ ၃-ပုဒ်ကိုလည်း ရေးပါ။

၈။ သမ္မာ အာဇီဝ ၂-မျိုးတွင် ကုက္ကုဋမှုဆိုး၌ မည်သည့်အာဇီဝ ဖြစ်ပါသနည်း။ ရဟန်းတော်များ ဆိုင်ရာ မိစ္ဆာဇီဝ၊ ၅၂၈ သွယ်မေတ္တာ မြောက်ပွားပုံ အချုပ်များကို ထုတ်ပြပါ။

၉။ မည်သူများအတွက် မည်သည့် အချက်ကြောင့် မေတ္တာသုတ် ပရိတ်ကို ဘုရားရှင် မိန့်တော်မူပါသနည်း။ မေတ္တာအကျိုး ၁၁-ပါးပြ လင်္ကာနှင့် မေတ္တာ အာနိသင်ကို ဉာဏ်ထင်သမျှ ရေးပါ။

၁၀။ မေတ္တာပွါး၍ ရောက် မရောက်၊ ဘုရားရှင်မေတ္တာတော်ကြောင့် ရေဇမလ္လမင်းသား စိတ်ပြောင်းသွားပုံ၊ မေတ္တာပွါးလိုသူ၏ ပရိကမ်၊ အတ္တ၊ ပိယ၊ မဇ္ဈတ္တ၊ ဝေရီတို့၌ မြန်မာလို မေတ္တာပွားပုံ စုံအောင် ရေးပါ။

## ရန်ငြိုးဖျောက်နည်း ၁၁-မျိုး

### (၁) မေတ္တာစျာန်ဝင်စား၍ ရန်ငြိုးဖျောက်ခြင်း

ရန်သူကို မေတ္တာပို့ရာ မေတ္တာရေစီးကြောင်း မပြောင့်လျှင် ဝေရီကို လွှတ်ထား၍ ရှေ့ ၃-ဦးတွင် တဦးဦး၌ မေတ္တာစျာန်ဝင်စားပြီး ထပြီး လျှင် ဝေရီကို မေတ္တာပို့ရမည်။ ရန်ငြိုးမပျောက်သေးလျှင်—

### (၂) ဒေါသ၏ အပြစ်ကို ဆင်ခြင်၍ ရန်ငြိုးဖျောက်ခြင်း

မိမိ၏အင်္ဂါကြီးငယ်ကို လွှနှင့်လာဖြတ်သော ရန်သူကို မိမိကပြန်၍ စိတ်ဆိုးလျှင် ဘုရားစကား နားမထောင်ရာ ရောက်မည်။ ရန်သူထက်ပင် ယုတ်မာသူဖြစ်ရမည်။ ပြန်၍စိတ်မဆိုးလျှင် အောင်နိုင်ခဲသော စစ်ပွဲကို အောင်သည်မည်သည်။ ရန်သူရော မိမိပါ ၂-ဦးသားတို့၏ ပစ္စုပ္ပန် တမလွန် အကျိုး ၂-ပါးကို ကျင့်ရာရောက်သည်။ အမျက်ကြီးသူသည်—

(၁) ခုရောနောင်ပါ ရုပ်ဝါမလှဖြစ်ရ၏။
(၂) ခုရောနောင်ပါ ဆင်းရဲသာ တွေ့မြင်ရ၏။
(၃) ၄-၅-ဥစ္စာ၊ အသုံးအဆောင်၊ အကျော်အစော ဆုတ်ယုတ်၏။
(၆) မိတ်ဆွေအပေါင်းအသင်းမရှိ။
(၇) သေသော် အပါယ်လားရသည်။

ဤ ၇-ပါးသောအပြစ်များ ရ၍ ရန်သူသဘောကျ ဖြစ်သွားပေမည်။ ၂-ဖက်စွန်းမီးလောင်၍ အလယ်မစင်လူးသော ရွာတောသူ မသုံး ထင်း ကုလားတုံးကဲ့သို့ အမျက်ကြီးသူသည်လည်း ပတ်ဝန်းကျင်က မသုံးတော့။ ဤသို့ ဒေါသအပြစ်ကို ဆင်ခြင်၍ ရန်ငြိုးဖျောက်ရမည်။ မပျောက်သေး လျှင်—

### (၃) ရန်သူ၏ အကျင့်ကောင်းတို့ကို အောက်မေ့၍ ရန်ငြိုးဖျောက်ခြင်း

ရန်သူပုဂ္ဂိုလ်ဝယ် မကြည်ညိုဖွယ်များကို ရှောင်ရှား၍ ကြည်ညိုဖွယ် ရာ ကိုယ် နှုတ် စိတ် အမူအရာများကိုသာ အောက်မေ့၍ ဖျောက်ပါ။ မပျောက်သေးလျှင်—

## (၄) ကရုဏာဖြင့် ရန်ငြိုးဖျောက်ခြင်း

ငါ၏ ရန်သူသည် ယခုဘဝ၌ လူဖြစ်လင့်ကစား သေသွားလျှင် ပြခဲ့သော အကုသိုလ်များကြောင့် ငရဲကြီးငယ် အသွယ်သွယ်သို့ပင် ရောက်တော့မည်ဟု ကရုဏာကိုဖြစ်စေလျက် အငြိုးဖျောက်ပါ။ မပျောက်သေးလျှင်—

## (၅) ဘုရားရှင်၏ ဩဝါဒများကို ဆင်ခြင် မိမိကိုယ်ကို ဆုံးမ၍ ဖျောက်ခြင်း

၁။ ရန်သူသည် သူစွမ်းနိုင်ရာ သင့်ရုပကာယ၌ ကိုယ်ဆင်းရဲအောင်သာ ပြုနိုင်သည်။ သင်စိတ်ဆင်းရဲအောင် မပြုနိုင်။ သင်ကပြန်စိတ်ဆိုးလျှင် သူ့အလိုကျ ဖြစ်သွားမည်။ ရန်သူ့အလိုကျဖြစ်အောင် ဘာ့ကြောင့် သင် စိတ်ဆိုးလိုသနည်း။

၂။ ကျေးဇူးများသော မိဘ ဆွေမျိုးစသည်များကို စွန့်နိုင်လျက် ကျေးဇူးမများသော ဘီလူးသဘက်သဖွယ် ရန်ငြိုးကို အဘယ့်ကြောင့် မစွန့်နိုင်ရသနည်း။

၃။ ဟိရီ၊ ဩတ္တပ္ပ၊ ခန္တီ၊ မေတ္တာ၊ ကရုဏာဟူသော အမြစ်အရင်းရှိသော သီလတို့ကို သင်သည် စောင့်ရှောက်နိုင်ပါလျက် သီလ၏အမြစ်ကို ဖြတ်သော စိတ်ဆိုးမှုကို သင့်ကိုယ်ဝယ် မရောက်အောင် သင် မစောင့်ရှောက်နိုင်။ သင်၏ကိုယ်ဝယ် စမွယ်စေဘိသည်။ စိတ်ဆိုးမှုရန်ငြိုးကို သင်၏ရင်ဝယ် သိမ်းဆည်းထားသည်။ သင်နှင့်တူသော ငမိုက်ကန်း ဘယ်သူရှိသေးသနည်း။

၄။ ရန်သူသည် ယုတ်မာသောအမှုကို ငါ့အပေါ် ပြုလာသည်ဟူ၍ သင် အမျက်ထွက်သည်။ သင်လည်း ထိုကဲ့သို့ ယုတ်မာမှုမျိုး ကိုယ်တိုင် ပြုလိုပြန်သလော။

၅။ ရန်သူက စိတ်ဆိုးအောင် သင် မကြိုက်တာမှန်သမျှကို ပြုသည်။ အကယ်၍ သင်ကတဖန် စိတ်ဆိုးပြန်လျှင် ရန်သူ့အလို ပြည့်သွားမည်မဟုတ်ပါလော။

၆။ သင်စိတ်ဆိုး ရန်ငြိုးထားနေခြင်းသည် ရန်သူအပေါ် ဆင်းရဲပြုနိုင်တာလည်း ရှိ၊ မပြုနိုင်တာလည်း ရှိမည်။ မိမိကိုယ်တိုင်ကား ယခုကပင် စိတ်ဆင်းရဲနေလေပြီ။

၇။ ရန်သူများသည် အကျိုးမရှိသော အမျက်ဒေါသဖြင့် အပါယ်လမ်းကို အကယ်၍ပင် တက်ကြွကုန်ဦးတော့။ သင်ကကော ဘာပြု၍ ရန်ငြိုးသိုပြီး အပါယ်လမ်းလိုက် လူမိုက်များသို့ နောက်ယောင်ခံ လိုက်လိုသနည်း။

၈။ သင့်ပြစ်ချက်ရှိ၍သာ ရန်သူသည် သင်မကြိုက်တာကို ပြုသည်။ သင်၏ ထိုမူလပြစ်ချက်ကိုသာ ဖြတ်ပါ။စေသည့်ကျွန်၊ ထွန်သည့်နွား၊ လက်ဖျားရန်သူ အရာမဟုတ်သူ၌ အဘယ့်ကြောင့် သင်စိတ်ဆိုးရသနည်း။

၉။ ရုပ်နာမ်တရားများသည် ဥပါဒ် ဌီ ဘင် တခဏမျှသာ တည်ခြင်းကြောင့် သင့်အပေါ် မနှစ်လိုဖွယ်ပြုသည့် ထိုရန်သူ၏ ခန္ဓာများသည် ချုပ်သွားကြပြီ။ သင်သည် ယခုရန်သူရဲ့ ဘယ်ခန္ဓာကို စိတ်ဆိုးနေတာလဲ။ ခုတ်ရာ တခြား ရှရာ တလွဲ ဖြစ်နေပြီ မဟုတ်လော။

၁၀။ မီးခတ်နှင့် ကျောက် ၂-ခုရှိမှ မီးတောက်ဖြစ်သလို ရန်ပြုတတ်သူသည် ရန်ပြုအပ်သူ သင်ရှိ၍သာ ပြုဖြစ်သည်။ သင်ကိုယ်တိုင်လည်း ရန်နှင့်စပ်နေပါလျက် ရန်ပြုတတ်သူ တယောက်ကိုသာ ကွက်၍ အဘယ့်ကြောင့်စိတ်ထွက်ရသနည်း။ကိုယ့်ကိုယ်ကိုလည်း စိတ်ထွက်ပါလားစသည်ဖြင့် ရန်ငြိုးဖြောက်ပါ။မပျောက်လျှင်

## (၆) ကမ္မဿကတာဉာဏ်ဖြင့် ရန်ငြိုးဖျောက်ခြင်း

သဗ္ဗေ သတ္တာ ကမ္မဿကာ၊ ကမ္မံ သတ္တေ ဝိဘဇ္ဇတိ။
ဟီနပ္ပဏီတတာဘာဝေါယ၊ န စိန္တာယ သမိဒ္ဓိနော။

(ဝိမဂ်၊ ၄၊ ၃၁၁)

သတ္တဝါအားလုံး ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်။ (အယုတ်အလတ်အမြတ်ဖြစ်ဘို့ ကံကသာလျှင် သတ္တဝါများကို စီမံပေးခြင်းဖြစ်၏။ စိတ်ကြံရှိသလောက် ခရီးရောက်အောင် သိဒ္ဓိပေါက်ပုံ မပြည့်စုံနိုင်ကြကုန်။

ဤသို့စသည်ဖြင့် ကံအကျိုးပေးပုံကို ဆင်ခြင်၍ ဖျောက်။ မပျောက်လျှင်—

## (၇) ဇာတ်တော်လာ သည်းခံပုံနည်းများဖြင့် ရန်ငြိုးဖျောက်ခြင်း

မိဖုရားကို ပြစ်မှားသော အမတ်ယုတ် ခေါ်လာသော ရန်သူမင်းသည် ယူဇနာ ၃၀၀-ရှိသော တိုင်းပြည်ကြီးကို ယူပြီးလျှင် အမတ် ၁၀၀၀-နှင့် တကွ အာမကသုသာန်၌ လည်ပင်းထိ မြေမြှုပ်ခံရသော်လည်း စိတ်ဆိုးခြင်းကိုမျှ မပြုမူ၍ တောခွေး ဘီလူးတို့ကို မှီလျက် အသက်စည်းစိမ်ကို ရသော ဘုရားအလောင်းတော် သီလဝမင်းဇာတ်၊ (ဇာတက—၁၃)ခန္တိဝါဒီဇာတ်၊(၉) စူဠဓမ္မပါလဇာတ်၊(၁၂၅) ဆဒ္ဒန္တဇာတ်၊ (၃၇၁) မဟာကပိဇာတ်၊ (၃၈၀) ဘူရိဒတ္တဇာတ်၊ (ဇာ၊ ဒု—၂၂၁) စမ္ပေယျဇာတ်၊ (၃၃၈)သန်ပါလဇာတ်၊ (ဇာ၊ ဒု—၁၆) မာတုပေါသကဇာတ် (၂၂၆) စသော ဇာတ်တော်တို့၌ ဘုရားလောင်း၏ သည်းခံတော်မူပုံများကို ဆင်ခြင်ပြီးလျှင် “ခန္တီပါရမီကြောင့် ဘုရား ဖြစ်တော်မူသော မြတ်စွာဘုရားကို ရည်ညွှန်း၍ ရဟန်းပြုသော သင့်အတွက် အမျက်ထွက်ခြင်းငှာ မသင့်လွန်းပေစွ တကား” ဟု မိမိ ကိုယ်ကို ဆုံးမ၍ ဖျောက်။ မပျောက်လျှင်—

## (၈) ဆွေမျိုးတွေဖြစ်ကြောင်း ဆင်ခြင်၍ ရန်ငြိုးဖျောက်ခြင်း

န သော ဘိက္ခဝေ သတ္တော သုလဘရူပေါ န မာတာဘူတပုဗ္ဗော(လ) န ပိတာဘူတပုဗ္ဗော=ဘဝများစွာ သံသရာ၌ မိဘမောင်ဖွား ညီအစ်ကို မောင်နှမ မတော်စပ်ဘူးသူမရှိ(သံ၊ ပါ၊ ပ—၃၉၅)ဟူသော အနမတဂ္ဂိယဒေသနာတော်အရ ပြုခဲ့ဘူးသော ကျေးဇူးများကို ဆင်ခြင်၍ ဖျောက်ပါ။ မပျောက်သေးလျှင်—

## (၉) မေတ္တာအကျိုး၁၁-ပါးကို ဆင်ခြင်၍ ရန်ငြိုးဖျောက်ခြင်း

သင်သည် စိတ်ဆိုး အမျက်ထွက်၍ ဤစိတ်ပျက်ကို မငြိမ်းနိုင်လျှင် မေတ္တာအကျိုး ၁၁-ပါး (ပြခဲ့ပြီး) တို့မှ ပျောက်ပျက်လွင့်ပါးပေတော့မည်ဟု ဆုံးမ၍ ဖျောက်လေ။ မပျောက်လျှင်—

## (၁၀) ဓာတ်ခွဲ၍ ရန်ငြိုး ဖျောက်ခြင်း

သင်အမျက်ထွက်မှုသည် ရန်သူ၏ ဘယ်တရားကို အမျက်ထွက်တာလဲ။ ဆံပင်ကိုလား၊ ပထဝီဓာတ် စသည်ကိုလား၊ ရူပက္ခန္ဓာ စသည်ကိုလား။

ဤသို့ ခွာတ်ခွဲ၍ ဖျောက်လျှင် ဆောက်ဖျား၌ မုန်ညင်းစေ့ မတည်နိုင်သကဲ့သို့ရင်း၊ ကောင်းကင်၌ ပန်းချီ ဆေးရေးရုပ် မထင်သကဲ့သို့ရင်း၊ အမျက်သည် တည်ရာမရ၊ ပျောက်ရသည်။ မပျောက်သေးလျှင်—

## (၁၁) ဥစ္စာပေး-ယူသောအားဖြင့် ရန်ငြိုးဖျောက်ခြင်း

ရန်သူမှာ စင်ကြယ်သော ပစ္စည်းမရှိလျှင် မိမိကသာ ပေးပါ။အလဇ္ဇီပင် ဖြစ်သော်လည်း စင်ကြယ်သောပစ္စည်းရှိလျှင် ဂတိလိုက်မှု စိတ်မပါ။ မေတ္တာဘာဝနာ ပြည့်စုံစေဘို့ ဓမ္မာနုဂ္ဂဟအားဖြင့် ခံယူသုံးဆောင်အပ်သည်။ ဤသို့ အပေးအယူရှိလျှင် သံသရာက အာဃာတသော်လည်း ၂-ဖက်လုံး ပျောက်ကြသည်။

စိတ္တလတောင်ကျောင်း၌ ပိဏ္ဍပါတိကမထေရ်၏ ဂိ-တန် သပိတ်ကို ရသော မထေရ်ကြီးအားကဲ့သို့တည်း၊ ထို့ကြောင့်—

အဒန္တဒမနံ ဒါနံ၊ ဒါနံ သဗ္ဗတ္ထသာဓကံ။
ဒါနေန ပိယဝါစာယ၊ ဥန္နမန္တိ နမန္တိစ။

(ဝိမဂ်၊ ၁၊ ၂၉၉)

ဒါနသည် မယဉ်ကျေးသူကို ယဉ်ကျေးစေသည်။ မိမိ သူတပါး၏ မျက်မှောက် သံသရာ ကျိုး ၂-ဖြာကို ပြီးစေနိုင်၏။ အလှူပေးခြင်း၊ စကားချိုသာ ချစ်ဖွယ်ရာ ပြောဆိုတတ်ခြင်း တို့ကြောင့် အလှူရှင်များ မျက်နှာပွင့်ကြ၊ အလှူခံများလည်း ရောက်လာကြကုန်သည်ဟု မိန့်သည့်အားလျော်စွာ အပေးအယူဖြင့် မပျောက်သော ရန်ငြိုး မရှိသည်သာလျှင်တည်း။

**ပုဂ္ဂိုလ် ၄-ပါး မခြားမေတ္တာ လက္ခဏာ** ဤ ၁၁-နည်း ဖြင့် ရန်သူ၌ မေတ္တာ ရောက်စေပြီးလျှင် ဆက်ပွားပါက မိမိ၊ချစ်သူ၊မချစ်မမုန်းသူ၊ရန်သူ၊(အတ္တ ပိယ မဇ္ဈတ္တ ဝေရီ) ပုဂ္ဂိုလ် ၄-ပါး၌ အပိုင်းအခြားပျက်ကာ တသားတည်းဖြစ်သော(သီမ-သမ္ဘေဒ)မေတ္တာသို့ ရောက်ရှိပေမည်။အထက်ပါ ၄-ယောက် အတူနေကြရာ လည်ချောင်းသွေးဖြင့် ယဇ်နတ်ပူဇော်ရန် ရဟန်းတပါးကို ပေးပါဟု သူသတ်သမားလာတောင်းလျှင် “ငါ့ကို ယူစေတော့ဟု” ဟု စိတ်ဖြစ်လျှင်

ပင် မေတ္တာတသားတည်း(သီမသမ္ဘေဒ)မဖြစ်သေး။ တယောက်မှ ပေးဘို့ မမြင်မှ တသားတည်း မေတ္တာဖြစ်သည်ဟု သီမသမ္ဘေဒ လက္ခဏာကို မှတ်သားအပ်ပါသည်။

သားငယ်ကို နို့တိုက်စဉ် မိခင် နွားမအား မုဆိုး လုံနှင့်ထိုးသော်လည်း ထန်းရွက်အလား လုံသွားခွေရသော ခေနုဝတ္ထု (ဝိမင်၊ ဌ၊ ပ၊ ၃၀၇) ကို ထောက်၍ ဥပစာရ အပ္ပနာ ဘာဝနာသို့ မရောက်သေးသော်လည်း မေတ္တာစီးဖြန်းသူများ၌ ဆိုခဲ့ပြီး အကျိုးများ ရသည်ဟု စိတ်ချယုံကြည် မေတ္တာစိတ် ယှဉ်မှီနိုင်ကြပါစေ။

## ၁၀-ပါးသီလ အဖွင့်

**နစ္စဂီတနှင့် မာလာဂန္ဓ ခွဲထားပုံ** ၈-ပါးသီလ၌ ဤ ၂-ပါးကို သိက္ခာပုဒ် တပါးအဖြစ် ရွေးရိုးစဉ်လာထုံးစံအားဖြင့် (၈-ပါး တိကျအောင်)ပေါင်းထားသော်လည်း သဘောသွားမှာ က ဆို တီး မှုတ် ဆိုင်ရာ နစ္စဂီတ စသည်က တမျိုး၊ ပန်းပန် နံ့သာ ခြယ်မှုဆိုင်ရာ မာလာဂန္ဓ စသည်က တမျိုးသာ ဖြစ်ခြင်းကြောင့် ကေန် ခွဲခြားသင့်သည့်အားလျော်စွာ ၁၀-ပါး သီလ၌ ခွဲထားသည်ဟု ဆရာမြတ်တို့ ကြံတော်မူကြသည်။ ဇာတရူပမှတပါး သိက္ခာပုဒ် အာလုံး ရှေ့က ပြပြီး အတိုင်းပင်တည်း။

**ဇာတရူပရဇတပဋိဂ္ဂဟဏာ** ရွှေ ငွေ အတုံးအခဲသာမက ရွှေ ငွေဖြင့် ပြုလုပ်ထားသော အဝတ် တန်ဆာ အသုံးအဆောင်အားလုံး၊ရောင်းဝယ်သုံးစွဲနေသော ငွေစက္ကူ ပိုက်ဆံ အားလုံးမအပ်ပေ။ ပဋိဂ္ဂဟဏ အရလည်း လက်ဖြင့်ကိုင်မှု ခံယူမှုသာမက အောက်ပါ ရှောင်ကြဉ်ဖွယ် ၅-မျိုးလုံးကိုပင် စောင့်စည်း လိုက်နာရမည်။

(၁) **ဥဂ္ဂဟ**—ကိုယ်တိုင် ခံယူခြင်းဟူသည် အရှင်မရှိသော ရွှေ ငွေ ရတနာကို တွေ့မြင်၍ ကိုယ်တိုင်ယူမှု၊ အလှူရှင်များ လက်ရောက် ဆက်ကပ်သည်ကို ကိုယ်တိုင် ခံယူမှုများတည်း။

(၂) **ဥဂ္ဂဟာပဏ**—ခံယူစေခြင်း ဟူသည် အရှင် မရှိသော ရွှေ ငွေ ရတနာကို တွေ့မြင်၍ရင်း၊ အလှူရှင်များကလည်း လာလှူ၍ရင်း၊ မိမိဘို့ သူတပါးကို အယူခိုင်းမှု၊ မိမိဘို့ သူတပါးကို အလှူခိုင်းမှုများတည်း။

(၃) **ဥပနိက္ခိတ္တသာဒိယန**–အနီး၌ ထားသည်ကို သာယာခြင်း ဟူသည် သင်္ကန်းဖိုးပါဟု ဆို၍ ရဟန်းရှေ့၌ ချထားသော ရွှေငွေကို (ကိုယ်နှုတ်ဖြင့် မပယ်ဘဲ) စိတ်ဖြင့်သာ ခံယူမှု၊ တပည့်တော်၏အိမ်မှာ၊ သို့မဟုတ် ဘဏ်မှာရှိသော ရွှေငွေကို အရှင်ဘုရားလိုလျှင် ယူသုံးပါဟု လှူသည်ကို ( ကိုယ်နှုတ်ဖြင့် မပယ်ဘဲ) စိတ်ဖြင့် သာယာ ခံယူမှုများတည်း။ (စိတ်က သာယာသော်လည်း ကိုယ်နှုတ်ဖြင့် ပယ်လျှင် အပြစ်မရှိ။)

(၄) **ဒုဝိစာရဏာ**–ဝိနည်းတော်နှင့် မလျော်သော စီမံခြင်းဟူသည် ဝိနည်းတော်နှင့်အညီ ကပ္ပိယထံ အပ်နှံထားသော ရွှေငွေကို "ဤငွေဖြင့် မီးစက်ဝယ်ယူချေ။ ဘယ်လောက်ပေးလိုက်။ သေတ္တာထဲမှာ ထားလိုက်။ ထုတ်လိုက်။ ယူလိုက်စသည် စီမံမှုတည်း။

(၅) **အာမသန**–သုံးသပ်ထိပါးခြင်းဟူသည် သူတပါး ရွှေငွေစသည်ကိုပင် သာယာသော စိတ်ဖြင့် ထိပါး သုံးသပ်မှုတည်း။ (မသာယာဘဲ မတော်တဆ ထိမိလျှင် အပြစ်မရှိ။)

**ရဟန်း သာမဏေနှင့် လူများ** ရဟန်း သာမဏေများမှာ ဤ ၅-ပါး လုံး ကင်းစေရမည်။ သို့သော် လူဖြစ်စဉ်က ရှိနေသော ရွှေငွေ၊ ရဟန်းဖြစ်ပြီးမှ ကပ္ပိယ နည်းလမ်းဖြင့် ရသော ရွှေငွေတို့ကို ဤ ၅-ချက်မှ လွတ်စေ၍ အပ်စပ်အောင် ပြုပြင်ပြီး ယင်း ရွှေငွေမှဖြစ်သော ကပ္ပိယ ဘဏ္ဍာများကို တသက်လုံး သာယာသုံးဆောင်နိုင်သည်။ ၁၀-ပါးသီလ စောင့်သူများလည်း ဤ ၅-ချက် ကင်းစေလျက် နဂိုကရှိနေသော ရွှေငွေ ရတနာများကို စိတ်သက်သက်ဖြင့် ငါ့ငွေဟု သာယာသော်လည်း သိက္ခာပုဒ်မပျက်။ (လယ်တီဆရာတော်)

## ရွှေငွေနှင့်စပ်၍ လိုက်နာ ကျင့်သုံးဖွယ်

**ဤဘီရို လုံခြုံသည် ပြောကောင်း၏** ဒကာတဦးသည် "အရှင်အား လိုရာဖြစ်စေ"ဟု လျှောက်၍ ငွေကျပ် ၁၀၀၀ ကို ရဟန်းတော်၏ ခြေရင်း၌ ထား၍ လှူသည်။ ရဟန်းက "ငါတို့ ရဟန်းတော်များမအပ်"ဟု ပယ်၏။ အလှူရှင်လည်း လှူပြီးပြီဟု စွန့်သွားသည်။ ဒကာတဦး ရောက်လာ၍ အကြောင်းကို သိသဖြင့် "တပည့်တော် သိမ်းထားပါမည်။ လုံခြုံရာကိုပြတော်မူပါ"ဟု လျှောက်လျှင် ဘုံ ၇-ဆင့် ပြာသာဒ်သို့တက်၍လည်း "ဤနေရာ လုံခြုံသည်ဟု" မိန့်

ကောင်းသည်။(ဤနေရာမှာထားဟုကား မဆိုအပ်။)ရဟန်းတော်တံခါး ပိတ် စောင့်ရှောက်ကောင်း၏။ ပရိက္ခရာသည် လာလျှင် "ဤ သက်န်း ငါ ဝယ်လိုသည်။ ဤသို့ထားသော အဖိုး၀တ္ထုရှိ၏။ ကပ္ပိယ ကာရကကား မရှိ"ဟု ပြောနိုင်သည်။ သက်န်းသည်က"တပည့်တော် ကပ္ပိယကာရက ပါ"ဟု ဆိုလျှင် တံခါးဖွင့်ပြပါ။(ဤငွေကိုယူဟုကား မဆိုအပ်။)ကျတန် သမျှ ငွေကို ယူ၍ သက်န်းကို လှူခဲ့လျှင် အပ်၏။ တန်ဖိုးပိုယူလျှင်" သင့် သက်န်း ငါမဝယ်လိုပြီ သင်ထွက်ပါ"ဟု ဆိုကောင်းသည်။

**ငွေမပျောက်အောင် စောင့်ကောင်းသည်** ရဟန်းတော်များသည် ရွှေ ငွေကို အထက်ပါ အတိုင်း စောင့်ရှောက်ကောင်းသကဲ့သို့ ၁၀-ပါးသီလယူထားသူများလည်း သူတ ပါး၏ရင်း၊ သားမယား၏ရင်း၊ ဥစ္စာကို စောင့်ပေးကောင်းသည်။ ထို ဥစ္စာများသာမက "သင့်ဘို့ဥစ္စာ"ဟု ဇနီးက ပေးလာသည်ကိုပင် ငါ့ အား မအပ်ဟု ပယ်ပါလျက် "မအပ်သော်လည်း သင့်ဥစ္စာပင်"ဟု ထား ခဲ့သော ရွှေငွေကို ရဟန်းတော်များ၌ ပြပြီးအတိုင်း လူများလည်း စီရင် သုံးဆောင် သင့်သည်။

**ရှိရင် း ရွှေ ငွေကို အာလယမပြတ်သော်လည်း** ရှိဘူးသော ရွှေ ငွေ များ ကို အောက်မေ့ သာယာရုံ ဖြင့် သီလ မပျက်ပါ။ထို့ကြောင့် ၁၀-ပါးသီလမယူခင် မကိုင် မခံတော့ဟု ပယ်ခဲ့ပြီးသည့် အားလျော်စွာ သီလယူပြီးနောက် ပေးလာသော ငွေများ ကို ကိုယ်နှုတ်တို့ဖြင့် ပယ်သည်။အထက်ကပြပြီး ဝိနည်းတော်အတိုင်း စောင့် ရှောက်၏။ငါ့ ငွေ တွေဟု စိတ်က သာယာသော်လည်း ဇာတရူပ သိက္ခာ ပုဒ်မပျက်ပါ။"ရှိရင်း ရွှေ ငွေ ကို အာလယပြတ်အောင် သုတ်သင်ရမည်။ သုတ်သင်ပြီးမှ ၁၀-ပါးသီလ စောင့်ကောင်း၏" ဟူသောစကားမှာ ဝိနည်းတော်ထက် လွန်သွားသည်။ သုတ်သင်နိုင်သော် အကောင်းဆုံးပင် (မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး) ဤ ကျင့်သုံးဖွယ်အစဉ်ကို သဘောကျ လျှင် ဤသိက္ခာပုဒ်အရ ပြည့်စုံရသည်။အထက်ပါ ၅-ချက်ကိုလည်း လေး နက်စွာ မှတ်သားရာ၏။

## ၁၀-ပါးသီလ လူများ စောင့်ကောင်း၊မစောင့်ကောင်း လူသီလဆိုင်ရာ သာဓကများ

(၁) ဥပါသက ဥပါသိကာနံ နိစ္စသီလဝသေန ပဉ္စသိက္ခာပဒါနိ၊ သတိဝါ ဥဿာဟေ ဒသ၊ ဥပေါသထင်္ဂဝသေန အဋ္ဌာတိ ဣဒံ ဂဟဋ္ဌသီလံ။(ဝိမဂ်၊ ဋ၊ပ-၁၅)

(၂) ဒသာတိ-သာမဏေရေဟိ ရက္ခိတဗ္ဗသီလမာဟ၊ဃဋိကာရာဒီနံ ဝိယ။ (ၛင်း၊ ၁၊ ၃၆)

(၃) သီလံ သမာဒိယိတွာတိ ပဉ္စင်္ဂါဒိဝသေန နိစ္စသီလံ ဂဏှိတွာ ။ပ။ဥပေါသထကမ္မံ ကတွာတိ ပါဏံ န ဟနေ နစာဒိန္န မာဒိယေတိ ဝုတ္တံ၊ ဥပေါသထဒိဝသေသု အဋ္ဌင်္ဂဥပေါသထကိရိယံ ကတွာ။(ပဋ္ဌာန၊ပဥ္စာ၊ဌ-၄၃၅)

## ပါဠိများ၏ မြန်မာပြန်လိုရင်း

(၁) လူဒကာ ဒကာမများအတွက် နိစ္စသီလကား ၅-ပါးသီလ။ ရွှေငွေ ရတနာများကို အာလယပြတ် စွန့်စွမ်းနိုင်လျှင်(လူများ ၁၀-ပါးသီလ မစောင့်ကောင်းဟု ယူဆသော ဆရာများဘာသာပြန်) ၅-ပါးသီလထက် လွန်၍ စွမ်းနိုင်လျှင်(လူများ ၁၀-ပါးသီလစောင့်ကောင်း၏ဟူသော ဆရာမြတ်တို့အလို) တနည်း နိစ္စသီလများ။ ၉-ပါးသီလ။ ဥပုသ်အင်္ဂါ အနေဖြင့် ရံခါဆောက်တည်အပ်ကုန်သော ၈-ပါးသီလ။ဤ သီလ ၃-မျိုးသည် လူဆိုင်ရာသီလများ မည်သည်။

(၂) ဆယ်ပါး သီလဟူတည် သာမဏေများ စောင့်အပ်သော သီလကို ဆိုသည်။ကဿပဘုရားဒါယကာ အနာဂါမ် ဃဋိကာရအိုးထိန်းသည် စသည့်တို့၏ သီလကဲ့သို့တည်း။

(၃) သီလ ဆောက်သည်မှုဟူသည် ၅- ပါးသီလ စသည်နှင့် စပ်၍ အမြဲတမ်း သီလကို ခံယူဆောက်တည်မှုတည်း။ပ။ ဥပုသ် စောင့်သုံးမှု ပြုခြင်းဟူသည် "သူ့ အသက်မသတ်ရ၊ သူ့ ဥစ္စာမခိုးရ" စသည်ဖြင့် ဟောတော်မူအပ်သော ၄-သီတင်း ၈-သီတင်း ဟူသော ပကတိ ဥပုသ်နေ့၊ လွန်း၄-ရက် ၆-ရက်စသော အကြိုအပို ဥပုသ်နေ့၊ စွမ်းနိုင်လျှင် မိုးလေးလ၊

မစွမ်းနိုင်လျှင် မိုးနောက်ဆုံး တလဟူသော ပါဠိဟာရိယ ဥပုသ်နေ့တို့၌ ၈-ပါးသီလ ကျင့်သုံးမှုကို ပြုခြင်းတည်း။

**၁၀-ပါးသီလ လူများ မစောင့်ကောင်း** အထက်ဖော်ပြပါအဋ္ဌကထာဋီကာတို့အရ ၁၀-ပါးသီလကို ဥပုသ်နေ့တို့၌ ခေတ္တခဏ လူများမစောင့်ကောင်းပေ။ စောင့်လိုလျှင် ဃဋိကာရ အိုးထိန်းသည်များလို ရွှေငွေ ရတနာများကို လက်ခံသိမ်းထားမှုမပြုဘဲ ဆီ ဆန်စသော ကပ္ပိယ ပစ္စည်းများကိုသာ ဈေးတွင်ဖလှယ်၍ရှင်း၊(မ၊ ပါ၊ ဃဋိကာရသုတ်၊ ၂၄၁၊ ရှင်း ဌ၊ ၁၉၇) ကပ္ပိယသူတော်စင် သီလရှင် ရသေ့ပြု၍ရှင်း ၁၀-ပါးသီလ အမြဲစောင့်ရမည်။

ဇာတ်နိပါတ်များ၌ အလောင်းတော်များ ဥပုသ်စောင့်ရာတွင် ၈-ပါးသီလသာလာသည်။ သောတာပန် ဝိသာခါ၊အနာထပိဏ်၊ သကဒါဂါမိ စူဠသုဘဒ္ဒါ၊ အနာဂါမိ ဝိသာခသူဌေး စသူများပင် ၈-ပါးသီလစောင့်ကြောင်းသာ လာသည်။ ၁၀-ပါးသီလကို ဥပေါသထ သဒ္ဒါနှင့်လည်း မသုံးပါ။

ဃဋိကာရ ၁၀-ပါးသီလစောင့်ပုံ ကျမ်းဂန် ထင်ရှားသည်။အာနန္ဒာအလောင်းစသူတို့ အဝတ်ညိုဝတ်လျက် ဝါတွင်းသုံးလ တောထွက်၍ ၁၀-ပါးသီလ စောင့်သည်ဆိုသော်လည်း စောင့်နည်းစောင့်ဟန် သာဓက မထင်။ ထို့ကြောင့် သာမန်လူများသည် ရွှေငွေကို အာလယပြတ် မစွန့်နိုင်လျှင် တရံတခါ ဥပုသ်နေ့တို့၌ ၁၀-ပါးသီလ မစောင့်ကောင်းဟု မှတ်သားရမည်။

## ၁၀-ပါးသီလ စောင့်ကောင်းပုံ သာဓကများ

(၁) သီလမယန္တိ နိစ္စသီလဥပေါသထနိယမာဒိဝသေန ပဉ္စ အဋ္ဌ ဒသဝါ သီလာနိ သမာဒိယန္တဿ-သီလမယဟူသည် နိစ္စသီလ ဥပုသ်သီလ စသည်တို့နှင့်စပ်၍၅-ပါး၊၈-ပါး၊၁၀-ပါး အပြားရှိကုန်သောသီလ တို့ကို ဆောက်တည်သော လူပုဂ္ဂိုလ်တို့၏ သီလပင်တည်း။(ဣတိဝုတ်၊ဌ၊၁၉၄)

(၂) နိစ္စသီလဝသေန ပဉ္စဟိ နိယမဝသေန ဒသဟိ ပိသဒ္ဒေန ကတိပယေဟိ ဥပေါသထ သီလဝသေန အဋ္ဌဟိပိတိ ဒဿေတိ။နိစ္စသီလနှင့်စပ်၍ ၅-ပါးသီလ။ပက္ခ လ-နှစ်စသည်ကိုမှတ်ကာ စောင့်သုံးမှုနှင့်စပ်၍ ၁၀-ပါးသီလ။ ပိသဒ္ဒါဖြင့် ၂-ရက် ၃-ရက် စသည် အနည်းငယ်ဆောက်

တည်အပ်ကုန်သော ဥပုသ်သီလနှင့်စပ်၍ ၈-ပါးသီလ။ ဤအနက်ကိုပြ သည်။(သဂါထာဝဂ္ဂ သက္ကသံယုတ်၊ ဋ္ဌ–၃၄၁)

**သာဓကပါဠိများ အဆိုကွဲပုံ** ၁၀-ပါးသီလကို ဂတိဝုတ် အဋ္ဌကထာ၊ သံယုတ်ဋီကာတို့၌(ပက္ခ၊လ၊နှစ် စသည်ကို မှတ်ကာစောင့်သုံးအပ်သော) နိယမသီလဟု ဆိုသည်။ မူလက ပြခဲ့သော ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ဋီ၊ ပဋ္ဌာန်း၊ ဋ္ဌ-တို့၌ (အမြဲစောင့်ရမည်ဖြစ်သော) နိစ္စသီလ ဟု ဆိုသည်။ အဆိုကွဲသော်လည်း အသင့်ချည်းပင်။

**၁၀-ပါးသီလ နိယမမည်ပုံ** ဝါတွင်း ၃-လအဝတ်ညိုဝတ်၍ ၁၀-ပါး သီလဆောက်တည်ပြီး သီတင်းကျွတ်လပြည့် နေ့၌ ရွာသို့လာ၍ ၇-ရက် အလှူကြီးပေးသော (ပဒုမုတ္တရဘုရားလက် ထက်)အရှင်အာနန္ဒာအလောင်း သုမနမင်းသား၊ (အံ၊ဋ္ဌ၊၁–၂၂၇)အခြံ အရံ ၁၀၀၀-နှင့်တကွ ၁၀-ပါးသီလ ဆောက်တည်ကြသော (ဖုဿ ဘုရားရှင် လက်ထက်) ဥရုဝေလ နဒီ ဂယာ ကဿပ ညီနောင်တို့ အလောင်းမင်းသား ၃-ပါး (ဓမ္မပဒ၊ ၁-၆၅)စသည်တို့သည် ကာလ ကိုမှတ်၍ ဆောက်တည်ကြသောကြောင့် ယင်း ၁၀-ပါး သီလသည် နိယမမည်သည်။ ဤ သာဓကများအရ ဥပုသ်နေ့ရော အခြား နေ့ပါ ရာသက်ပန် မဟုတ်သော်လည်း ခေတ္တခဏ ကာလမှတ်၍ ၁၀-ပါးသီလ စောင့်ကောင်းပုံ ထင်ရှား၏။

**၁၀-ပါးသီလ နိစ္စအမည်ရပုံ** ကဿပဘုရား လက်ထက် ဃဋိကာရ အိုး ထိန်းသည်၊ (မ၊ ပါ၊ ဃဋိကာရသုတ်၊ ၂၄၁၊ ဝိမဂ်၊ မဟာဋီကာ၊ ၁-၃၆) အင်္ဂတိမင်း၏ သမီးတော် ၇-ယောက်၊ ငါတို့ဘုရား လက်ထက် ဟတ္ထကဥပါသကာ၊ (အံ၊၂-၂၀၃) ဟတ္ထာဠဝက ဥပါသကာ၊ (အံ၊ ၃-၅၃) ကဿပဘုရားလက်ထက် ကိကီ မင်းကြီး၏ သမီးတော် ၇-ယောက်တို့ ငယ်စဉ်ကစ၍ အနှစ် ၂-သောင်း ပတ်လုံး ၁၀-ပါးသီလ စောင့်လျက် ဘုရားရှင်နှင့် သံဃာတော်များကို ပစ္စည်း ၄-ပါးတို့ဖြင့် အမြဲလုပ်ကျွေးသည်။(အပဒါန်ထေရီဂါထာ၊ အံ၊ ဋ္ဌ စသည်) သီဟိုဠ်၌ ဒေဝါနံပိယတိဿမင်း၏ခယ်မ (ညီတော်၏ဇနီး) အနုဠာဒေဝီ သည်လည်း သတို့သမီး ၅၀၀-နှင့်အတူ ၁၀-ပါးသီလ စောင့်ကာ အဝတ်ညိုဝတ်၍ မြို့တွင်းတနေရာ၌နေသည်။ (ဝိ၊ဋ္ဌ၊၁၊၆၇) ဤသို့ လူဝတ်နှင့်ပင် အသက်ထက်ဆုံး ဆောက်တည် ကြသောကြောင့်

ယင်း ၁၀-ပါးသီလသည် နိစ္စသီလမည်သည်။ (မိန်းမများလည်း ၁၀-ပါးသီလစောင့်ကောင်းပုံထင်ရှား၏။) ဤသို့လျှင် လူများ စောင့်သော ၁၀-ပါးသီလကို အကြောင်းအရာလိုက်၍ နိယမဟုရင်း၊နိစ္စဟုရင်း ၂-မျိုး လုံး သုံးစွဲထိုက်သည်သာ။

**ရှင်ဘုရင်နှင့် သူဌေးများ စည်းစိမ်မစွန့်ဘဲ ၁၀-ပါးသီလ စောင့်ပုံ** ၁—ပေးလှူခြင်း၊ ၂—၅-ပါး၊ ၁၀-ပါးသီလများ စောင့်သုံးခြင်း၊ (၁၀-ပါး သီလကား ရံခါသာ ဆောက်တည်သည်။)၃—ဒါနဝတ္ထုများစွန့်ကြဲခြင်း၊၄—ဖြောင့်မတ်ခြင်း၊၅-နူးညံ့ခြင်း၊ ၆—အဌင်္ဂဉပုသ်ကိုအားထုတ်၍ခြိုးခြံစွာကျင့်ခြင်း၊ ၇—မေတ္တာပွားလျက် အမျက်မထွက်ခြင်း၊ ၈—သနားကြေကွဲ မညှဉ်းဆဲခြင်း၊ ၉—သည်းခံခြင်း၊ ၁၀—ပြည်သူတို့နှင့် မဆန့်ကျင်ခြင်း ဟူသော မင်းကျင့်တရား၁၀-ပါး မိမိသန္တာန်မှာ တည်ရှိသည်ကို မြင်ရခြင်းကြောင့် ငါ့အား အလွန်တရာ နှစ်သက်ဝမ်းမြောက်မှု ဖြစ်ရသည်ဟု ဗာရာဏသီမင်းကြီးက ဘုရားအလောင်း ဓတရဋ္ဌ ဟသ်ာမင်းအား ပြောကြားပုံများ (ဇာတက၊ ပါ၊၂-၉၇)ကို ထောက်ထား၍ရင်း၊ ငါတို့ဘုရားလက်ထက် သာဝတ္ထိသူဌေးသားတဦး ဆရာရဟန်းကိုကပ်၍ ဒုက္ခလွတ်အောင် ကျင့်ရမည့်နည်းကို လျှောက်ထားရာ ဝါဆိုသက်န်းစသည် ပစ္စည်း ၄-ပါးလှူ၊ ဉစ္စာကို ၃-ပုံပုံ၍ တပုံကို စီးပွားပြု၊ တပုံကို သားမယားမွေး၊ တပုံကို သာသနာတော်၌ လှူစေသည်။ သရဏဂုံ ၃-ပါး၊ ၅-ပါးသီလတို့၌ ဆုံးမတိုက်တွန်း၏။ ဆုံးမတိုင်းနာခံပြီး ထပ်မံ လျှောက်ထားချက်အရ ၁၀-ပါး သီလကို ဆောက်တည်စေပြန်သည်။ (ဓမ္မပဒ၊ ၌၊ ၁-၁၀၉) များကို ထောက်ထား၍ရင်း၊ စည်းစိမ်များကို အာလယပြတ် မစွန့်သော်လည်း လူများ ၁၀-ပါးသီလ စောင့်ကောင်းကြောင်း ထင်ရှားသည်။

**နေ့ ရက် အချိန်မရွေး ဉပုသ်စောင့်ကောင်းပုံ** စာတုဒ္ဒသိံ ပဥ္စဒသိံ ယာစ ပက္ခဿ အဌမီ။

(အံ၊ တိက၊ ၁၄၂)စသည်များကို ကိုးကားလျက် ဉပုသ်နေ့ မဟုတ်ဘဲ ဉပုသ်စောင့်လျှင် ဉပုသ်မမည်။ အကျိုးမရဟု ဆရာအချို့ မိန့်တော်မူကြသည်။ ဉပုသ်နေ့ ဟူသည်မှာ လောကစာရိတ္တ အထင်အရှားအများပြုရိုးလိုက်၍ မိန့်တော်မူသော စကား ဖြစ်သည်။ ရဟန်းများမှာ ကဲ့သို့ ပကတိစာရိတ္တ ဉပုသ်မဟုတ်ပေ။ ထို့ကြောင့်ပင် မဟာဇနက

မင်းသား၊ သခ်ပုဏ္ဏား စသော ဘုရားလောင်းတို့သည် သဘော်ာပျက်သော အခါ ဥပုသ်နေ့ မဟုတ်သော်လည်း နေ့ရက် မရွေး ၇-ရက်ဥပုသ်စောင့် ကြသည်။

ဘုရားရှင်၊ အနုရုဒ္ဓါ၊ အရှင်မဟာကဿပ၊ အရှင်မောဂ္ဂလာန်၊ အရှင် သာရိပုတ္တရာတို့၏ အလောင်းတော်များ ဖြစ်ကြသော ဇာတိမန္တရသေ့၊ ခို၊ ဝံ၊ မြွေခွေး၊ မြွေ ဤ ၅-ဦးသားတို့သည် လောဘ၊ မာန စသည်ဖြစ် လာသောအခါ ထိုကိလေသာများကို နှိမ်၍ နေ့ရက်မရွေး ဥပုသ်စောင့် ကြ၏။ (ပကိဏ္ဏကနိပါတ်၊ ဠ၊ ၃-၃၂၅) နန္ဒိယမင်း၏ မိဖုရားကြီးလည်း ဥပုသ်ဆောက်တည်လျက် ၄-မျက်နှာသို့ တရက်စီ အလှူခံ ရဟန္တာအရှင် မြတ်များကို ပင့်ဆောင် ပူဇော်သည်။ (အံ၊ဠ၊ပ-၁၃၅ ) အိမ်ရာတည် ထောင်သူလူတို့သည် တအောင့် တခဏ တည တရက်စသည် စွမ်းနိုင်သလို တသက်လုံး အထိ ဥပုသ် စောင့်ကောင်းသည်။ သီလ စောင့်ကောင်း သည်။ (ပဋိသမ္ဘိဒါမဂ်၊ ဠ၊၁၊၁၈၈) ဤသည်များကို ထောက်ထား၍ ၈-ပါး၊ ၁၀-ပါး သီလများကို လူများသည် နေ့ရက် အချိန်အခါမရွေး ဆောက်တည်ကောင်းပေသည်။ (ဥပုသ်နေ့မဟုတ်ဘဲ စောင့်လျှင် အကျိုး မရဟူသော စကားကား မိစ္ဆာသာတည်း။)

**၁၀-ပါးသီလ ကျိုးရ ပြည့်လျှမ်း သိန်းသန်းကုဋေ** ၈-ပါးသီလထက် ၁၀-ပါးသီလသည် သီလသံဝရဇောစိတ္တုပ္ပါဒ် သိန်းသန်း ကုဋေ မက တိုးပွား၍ အကျိုးများ လှသည်ကို ဝိသာခါ၊ အနာထပိဏ် စသူတို့ သိသော်လည်း ဘုရားရှင် နှင့် သံဃာတော်များကို ပြုစုလုပ်ကျွေးနေကြသူများ ဖြစ်သဖြင့် ရွှေငွေ နှင့် မကင်းနိုင်ကြသောကြောင့်သာ ၁၀-ပါးသီလ မစောင့်ကြဟု ယူဆ ကြရာသည်။ (၎င်းတို့ မစောင့်၍ ၁၀-ပါးသီလ မစောင့်ကောင်းဟု နည်းယူဖွယ် မဟုတ်ပါ။) သံယမမင်းကြီးသည် မင်းအဖြစ်ကို မစွန့်ဘဲ ကာလပိုင်းခြား၍ ၁၀-ပါး သီလစောင့်ခြင်း။ (ဇာ၊ ဠ၊ ၅-၃၇၇) ဥရုဝေလ စသည် အလောင်း ညီနောင်မင်းသား ၃-ဦးတို့သည် အမတ်တ ယောက်ကို အလုပ်အကျွေးပြု၊ တယောက်ကို အခွန်အတုတ်တိုးပွားစေသူ ပြု၊ တယောက်ကို ဘုရားရှင်နှင့် သံဃာအား လုပ်ကျွေးသူထား၍ တဝါ တွင်းလုံး ၁၀-ပါးသီလ စောင့်ကြသည် ဟူသော ဆိုခဲ့ပြီး အကြောင်း အရာများကို ထောက်ထားလျက် လူများသည် မည်သည့်နေ့၌ မဆို

အချိန်ကာလ စွမ်းအားရှိလောက် ရွှေငွေများကို အာလယပြက် မစွန့်သော်လည်း ၁၀-ပါးသီလ စောင့်သင့်ကြောင်း တဖက်တင်ပြချက်များ ပြေအောင် တဖန်ထပ်၍ မှတ်သားအပ်စေပါသတည်း။

## သီလအကျိုး လွန်အားကိုးဘို့ အကျိုးဆင်ခြင် ကျင့်ရန်ပင်

**သီလ ၂-မျိုးသာ ရှိသည်** ပြုပြီး လူဆိုင်ရာ သီလများအပြင် ရဟန်းသာမဏေများဆိုင်ရာ သီလတို့ကား အလွန်ပင် များလှသည်။ မည်သို့ပင်ဖြစ်စေ တလောကလုံးဆိုင်ရာ သီလများကို ပေါင်းသော် ပြုသင့်ပြုထိုက်သော ကျင့်ဝတ်များဆိုင်ရာ စာရိတ္တသီလ၊ ရှောင်ကြဉ်သင့်သော သက်သတ်ခိုးမှု ကာမေသု စသည်များမှ ရှောင်ကြဉ်မှုဆိုင်ရာ ဝါရိတ္တ သီလဟု အချုပ်သီလ ၂-မျိုးသာရှိသည်။ ယင်း သီလ ၂-ပါးကို စောင့်ထိန်းခြင်းကြောင့် လောကီ၊ လောကုတ္တရာ၊ ပစ္စုပ္ပန်၊ သံသရာ ကျိုးများစွာကို ရသလို သီလ ၂-ပါး ပျက်ပြားကလည်း ဆင်းရဲအသီးသီး မြေကြီးလက်ခတ်မလွဲ ကြုံတွေ့ခံစားရမည်သာ ဖြစ်သည်။

**စာရိတ္တသီလဆိုင်ရာ** စာရိတ္တသီလဟူသည် ကမ္ဘာပေါ် ရှိပုဂ္ဂိုလ်သတ္တဝါအားလုံး ကျင့်သုံးရမည့် ဆိုင်ရာ တာဝန်များကို မလစ်လပ်ရလေအောင် ကျင့်သုံးရသော သီလဖြစ်ရာမင်းများ ကျင့်ဝတ်၊ အမှုထမ်း အရာထမ်းများကျင့်ဝတ်၊ ပြည်သူများကျင့်ဝတ်၊ ရဟန်းတော်များ ကျင့်ဝတ်၊ မိဘဆရာသမားများ ကျင့်ဝတ်၊ တပည့် သား သမီးများ ကျင့်ဝတ်စသည်ဖြင့် များစွာပင် ရှိသည်။ ထိုကျင့်ဝတ်များ ချွတ်ယွင်းလျှင် စာရိတ္တသီလ ပျက်စီးရတော့သာတည်း။

သာမန်ပုဂ္ဂိုလ်များ စာရိတ္တသီလ ပြည့်စုံမှု ပျက်စီးမှုထက် ဂုဏ်ရှိသော ရဟန်းသံဃာနှင့် မင်း စသော ပုဂ္ဂိုလ်များ၏ ပြည့်စုံပျက်စီးမှုသည် ပတ်ဝန်းကျင် အတိုင်းအတာအားလျော်စွာ လှိုင်းဂယက် ခတ်လျက် အကျိုးအပြစ်များ ဖြစ်ရသည်။

## တိံသနိပါတ် ဂန္ဓ တိန္ဒုကဇာတ်တော်

**အဂတိလိုက်စား ပြည်ပျက်ပြား** ရှေးက ကပိလတိုင်း ဥတ္တရပဉ္စာလ ပြည်ဝယ် ပဉ္စာလ မင်းကြီးသည်—

(၁) ချစ်သည့်အလျောက် မလုပ်သင့်သည်ကို လုပ်သော ဆန္ဒာဂတိ၊

(၂) မုန်းသည့်အလျောက် မလုပ်သင့်သည်ကို လုပ်သော ဒေါသာဂတိ၊

(၃) မသိသည့်အလျောက် မလုပ်သင့်သည်ကို လုပ်သော မောဟာဂတိ၊

(၄) ကြောက်သည့် အလျောက် မလုပ်သင့်သည်ကို လုပ်သော ဘယာဂတိ။

ဤ ဂတိတရား ၄-ပါးကို လိုက်စားပြီး မင်းကျင့်တရား ၁၀-ပါး (ပြခဲ့ပြီး) ချွတ်ယွင်း လစ်ဟင်းနေရာ မင်းမှုထမ်းများလည်း ဆိုင်ရာ တာဝန်များ လစ်ဟင်း ပျက်စီးကြတော့သည်။ သူခိုး ဒမြများလည်း သောင်းကျန်းထကြွကြသဖြင့် ပြည်သူများမှာ နေ့အချိန် မင်း၊ မင်းမှု ထမ်းများ၊ ညအချိန် သူခိုးဒမြများ၏ အနှိပ်စက်ခံနေကြရ၏။ တိုင်းပြည် အခြေအနေကို ပဉ္စာလမင်းကြီး မသိရှာပေ။

**ကျေးဇူးသိတတ် တည်ပင်စောင့်နတ်** ပဉ္စာလ မင်းကြီး ထံမှ နှစ်စဉ် တထောင်တန် ပူဇော် သက္ကာရများကို ခံယူရသော ဘုရား အလောင်းတော် တည်ပင်စောင့် နတ်သည် တိုင်းပြည်အခြေအနေကိုသိသဖြင့်ကျေးဇူးဆပ်သောအနေဖြင့်ပဉ္စာလမင်း စက်တော်ခေါ်ရာ ခန်းဆောင်သို့ ညဉ့်အချိန် ကောင်းကင်က ကိုယ်ရောင် ပြကာ "သင်မင်းကြီးသည် အဂတိလိုက်စား မင်းကျင့်တရား ပျက်ပြား သဖြင့် တိုင်းသူပြည်သားများ ဆင်းရဲနေကြသည်။ ဟုတ်-မဟုတ် သင် ကိုယ်တိုင် စုံစမ်းလေ" ဟု အကြောင်းစုံ ပြောပြ ဆုံးမ ပြန်သွားသည်။ နတ်မင်း၏ ဆုံးမစကားအရ သံဝေဂဖြစ်သော ပဉ္စာလမင်းသည် တိုင်း ပြည်ကို မှူးမတ်များထံ အပ်နှံကာ ပုရောဟိတ်နှင့် အတူ မြို့အရှေ့တံခါးမှ ထောက်လှမ်းရေး ထွက်လာခဲ့သည်။

**ငါ ဆူးစူးသလို ပဉ္စာလမင်း စစ်မြေပြင်မှာ မြားစူးပါစေ** မြို့နှင့် တယူဇနာလောက်နေရာတွင် "ငါ ဆူးစူးသလို ပဉ္စာလမင်းလည်း စစ်မြေပြင် မှာ မြားစူးပါစေ"ဟု ကျိန်ဆဲယင်း ဆူး ထွင်နေသော အဖိုးအို တယောက်ကို ပုရောဟိတ်က "အဖိုး မျက်စိမှုန်၍ ဆူးစူးသည်။ ဘာ့ကြောင့် မင်းကို ကျိန်ဆဲရတာလဲ" ဟု မေးသည်။ အဖိုးအိုက "အို—အရှင်ပုဏ္ဏား ပါလား။ အရှင်တို့ ဤပြည်က ဟုတ်ဟန်

မထင်။ မင်းတရားပျက်မှုကြောင့် ပြည်သူများ ဒုက္ခရောက်ကြ၊ သူခိုး ဒမြ ထကြ၊ လုံလဲအောင် ဆူးခက်များနှင့် ကာရံကြရသည်။ ဤဆူးများ ကျုပ်ကို စူးကာ မင်းကို မကျိန်ဆဲလျှင် မည်သူ့ကို ကျိန်ဆဲရမလဲ''စသည်ဖြင့် ပြောပြသည်။ မင်းသည် အဖိုးအို၏စကားကို ကြားလျှင် ပုရောဟိတ်ကို ဆွဲခေါ်ပြီး ''မှန်ပါ၏၊ ကျိန်ဆဲစရာပေဘဲ။တရားနှင့်အညီ အုပ်ချုပ်ကြစို့'' ဟု ပြောပြီး ပြန်ရန်ပြုရာ ပုရောဟိတ်က ''ရှေ့ဆက်စုံစမ်းပါဦး။ ဤမျှဖြင့် မယုံပါနှင့်''ဟု လျှောက်ထား၍ ရှေ့ဆက်သွားကြသည်။

**သမီး ၂-ယောက် လင်မရ ကျုပ်အမေမှာ ဗျာများရ** ''ဒီမင်း ဘယ်တော့သေမှာလဲ၊ ကျုပ်သမီး ၂-ယောက် လင်ရချိန်လွန်လာပြီ။ အချိန်မီ လင်မရတော့ ကျုပ်အပူဖြစ်နေပြီ'' စသည်ဖြင့် သစ်ပင်ပေါ်မှ လိမ့်ကျ၍ ငိုယိုကျိန်ဆဲနေသော အဖွားအိုတယောက်နှင့်တွေ့ပြန်ရာ ပုရောဟိတ်က ''အဖွားငိုပုံ ဆန်းသည်။ သမီး ၂-ယောက် လင်မရတာ မင်းနှင့်မဆိုင်''ဟု ပြောရာ အထက် အဖိုးအို အတိုင်းပင် မင်း တရားမစောင့်သဖြင့် ပြည်သူများ ဆင်းရဲကြ။ အရွယ်ရောက်ချိန်မှာ မကျွေးနိုင်၍ မယားမယူကြသဖြင့် သမီးများ လင်မရဘဲ အရွယ်လွန်လာကြပုံ၊ ထို့ကြောင့် မိခင်ဆင်းရဲရပုံ စသည်များကို အဖွားအို တင်ပြသည်။ မင်းကြီးလည်း ဟုတ်ကြောင်းဝန်ခံလျက် ပုရောဟိတ်နှင့် ရှေ့ဆက်သွားကြသည်။

**မယားမလာ မြှော်ကာစိတ်ဆိုး နွားထွန်ထိုးမိ** နွားကြီးသည် ထွန်သွား ထိုးမိသဖြင့် လဲကျသွားရာ၊ ''ငါ့နွားကြီး ထွန်သွား ထိုးမိသလို ပဉ္စာလမင်းလည်း စစ်မြေပြင်မှာ လှံထိုးမိပါစေ'' ဟု ကျိန်ဆဲနေသော လယ်သမားကြီးကို ပုရောဟိတ်က ''သင့်နွား ထွန်သွားထိုးမိမှုဖြင့် ဘာ့ကြောင့်မင်းကို ကျိန်ဆဲနေရတာလဲ''ဟု မေးရာ၊ လယ်သမားက ''တိုင်းပြည် ပျက်စီးနေသည်။ နေ့ကို မင်းမှုထမ်းများက၊ ညကို သူခိုးဒမြများက နှိပ်စက်သဖြင့် လူများဆင်းရဲကုန်ကြပြီ။ ကျုပ်မိန်းမကို မင်းမှုထမ်းများက ဘယ်ကိုခိုင်းပြန်ပြီလဲ။ ယခုအချိန်အထိ ထမင်းလာမပို့သေး။ သူ့ကိုမြှော်ရတာနှင့် နွားကိုထိုးမိသည်။ ဤအရေးဝယ် မင်းကိုပင် ကျိန်ဆဲရမှာဘဲ'' စသည်ဖြင့် ပြောရာ မင်းနှင့် ပုရောဟိတ်လည်း ဝန်ခံလျက် လယ်တောမှ ရွာသို့ ဝင်ကြပြန်သည်။

**နွားမကြီးဆိုး နွားနို့အိုးလဲ မင်းကိုဆဲ** မင်းနှင့် ပုရောဟိတ် ရွာတွင်းရောက်သော် နို့ညှစ်ယောကျ်ား နွားကန်သဖြင့် အိုးရောလူပါ လိမ့်သွားသည်ကို မြင်ရသည်။ နို့ညှစ်ယောကျ်ားသည် လျင်စွာထ၍ လိမ့်သွားသော နို့အိုးကို ကောက်ယူပြီးလျှင် "ငါနှင့် နို့အိုး နွားကန်၍လိမ့်သွားသလို ပဉ္စာလမင်း စစ်မြေပြင်မှာ ရန်သူ၏ သန်လျက်နှင့် အခုတ်ခံရ၍ သေပါစေ"ဟု ကျိန်ဆဲသည်။ထိုအသံကိုကြားသော ပုရောဟိတ်က "သင် နွားကန်ခံရတာနဲ့ မင်းကြီးကို ဘာ့ကြောင့် ကျိန်ဆဲရသနည်း"ဟု မေးရာ နွားနို့ညှစ်သူက မင်းတရားမစောင့်သဖြင့် မင်းချင်းများလည်း မစောင့်ကြပါ။ ဤနွားမ နို့ညှစ်နေကျမဟုတ်သော်လည်း မင်းချင်းများက နွားနို့ ပေးရမည် ဆင့်သဖြင့် ဝယ်မပေးနိုင်၍ နွားနို့ညှစ်ရာ နွားကန်ခံရပါသည်" စသည်ဖြင့် ပြောသည်။ မင်းနှင့်ပုရောဟိတ်လည်း ဝန်ခံသွားကြသည်။

**နွားမနှင့် သား ကွဲသွားဆင်းရဲ မင်းကျိန်ဆဲ** လူငယ်တစုသည် သားနှင့်ကွဲသဖြင့် အသံမစဲ အော်မြည်နေသော နွားမကြီးကိုကြည့်ပြီး "ဤ နွားမကြီး သားနှင့်ကွဲပြီး ဆင်းရဲနေရသလို ပဉ္စာလာမင်းလည်း သားနှင့်ကွဲ၍ ဆင်းရဲပါစေ"ဟု ကျိန်ဆိုနေကြသည်။ ထိုအခါ ပုရောဟိတ်က "နွားမကြီးအော်နေတာနဲ့ ဘာ့ကြောင့် မင်းကြီးကို ကျိန်ဆဲရတာလဲ"ဟု မေးရာ လူငယ်များက သားငယ် နွားပြောက်ကလေးကို မင်းချင်းများက သန်လျက်အိမ်လုပ်ဖို့ နွားပြောက်သားရေ လိုချင်တယ်ဆိုပြီး သတ်ယူသွားကြသည်။ မင်း တရားမစောင့်သဖြင့် မင်းချင်းများလဲ တရားမစောင့်ကြပါ။ ထို့ကြောင့် မင်းကို ကျိန်ဆဲရပါသည်"ဟု ပြောသည်။ "ကျိန်သင့်စွ" ဟု မင်းနှင့်ပုရောဟိတ်တို့ ဝန်ခံပြီး ဆက်သွားကြသည်။

**ကျီးထိုးခံရ ဖားများ ကျိန်ဆဲကြ** အိုင်တွင် ရေခန်းသဖြင့် ဖားများ ကျီးထိုး ခံနေကြရသည်။ ဖားများသည် မခံမရပ်နိုင်ဖြစ်ကြပြီး "ငါတို့ ကျီးထိုးခံရသလို ပဉ္စာလမင်းနှင့် သူ၏သားလည်း စစ်ပွဲမှာ ကျရှုံး၍ကျီး၊ လင်းတစာဖြစ်ကြပါစေ"ဟု ကျိန်ဆဲကြသည်။ တည်ပင်စောင့်နတ်သား၏ အာနုဘော်ကြောင့် မင်းနှင့် ပုရောဟိတ်တို့ ဖားများ ကျိန်ဆဲသည်ကို နားလည်ကြသည်။ "သင်တို့ကို ကျီးထိုးတာနဲ့ ဘာ့ကြောင့် မင်းကို ကျိန်ဆဲ ရစာလဲ" ဟု မေးရာ

"အားလုံး တရားစောင့်လျှင် တိုင်းပြည် သာယာဝပြောပြီး ကျီးများမှာလည်း အစာပေါသဖြင့် ကျွန်ုပ်တို့ဖားများကို စားကြမည်မဟုတ်။ ယခုအခါ မင်းကအစ အားလုံးတရားပျက်ကြသဖြင့် မိုးလေမမှန်၊ သီးနှံများရှား၊ ကျွန်ုပ်တို့ ဖားများကိုသာ ကျီးတို့ စားနေကြသည်။ ထို့ကြောင့် ထိုးဆိပ်တာ ကျီးပင်ဖြစ်သော်လည်း ကျိန်ဆဲထိုက်သူမှာ မင်းသာဖြစ်သည်"ဟု ဖားများက မင်းနှင့် ပုရောဟိတ်ကို ပြန်ပြောကြ၏။ "တောထဲက ဖားအစထားပြီး ငါတို့ကို ကျိန်ဆဲကြပြီ။ တရားနှင့်အညီမင်းပြုတော့အံ့"ဟု ကြံကာ မင်းနှင့်ပုရောဟိတ် နန်းတော်သို့ ပြန်သွား၍ တရားနှင့်အညီ မင်းလုပ်ကြသည်။ ဤသို့လျှင် ဂုဏ်ရှိသောမင်း စာရိတ္တ သီလပျက်သဖြင့် မင်း၏ အတိုင်းအတာ တိုင်းပြည်ပါ ပျက်စီးရ ပေသည်။ ရဟန်းတော်များ တရားပျက်လျှင်လည်း ရဟန်းတော်များ အတိုင်းအတာ သာသနာပါ ပျက်စီးကြရသည်ကို ဆင်ခြင်စဉ်းစား သံဝေဂ ပွားလျက် ဆိုင်ရာဆိုင်ရာ ကျင့်ဝတ် စာရိတ္တ သီလ များသည် ကမ္ဘာသူ ကမ္ဘာသား အားလုံးအပေါ် လွှမ်းခြုံစိုးမိုးနိုင်ကြပါစေ။

## မှတ်သားအပ်စွာ ဂရုဓမ္မဇာတ်မဟာ

**တိုင်းပြည်ညွှန့်ဖူး ၁၁-ဦးသီလ စောင့်သုံးကြ**

ကုရုတိုင်း ဣန္ဒပတ္တနဂိုပြည် ရှင်ဘုရင် ဓနဉ္စယ ကောရဗျ သည် မင်းကျင့်တရား မပျက်ပြားစေဘဲ ၅-ပါးသီလကိုလည်း အလေးအမြတ်စောင့်ထိန်းသဖြင့် ပြည်သူများကလည်း အတုယူ စောင့်ထိန်းကြသည်။ မင်းကဲ့သို့ပင် မယ်တော်၊ မိဖုရားကြီး၊ ညီတော်၊ ပုရောဟိတ်၊ ကြိုးဆွဲအမတ်၊ ရထားထိန်း၊ သူဌေး၊ ပြည်စိုးအမတ်၊ တံခါးစောင့်၊ ပြည့်တန်ဆာမ။ ဤ ၁၀-ဦး (ပေါင်း ၁၁-ဦး)တို့သည် အထူးပင် သီလပြည့်စုံကြသည်။ အထက်တန်းလွှာ မင်းကအစ အောက်တန်းလွှာ ပြည့်တန်ဆာမအဆုံး တပြည်လုံး တရားကျင့်ကြသဖြင့် မိုးလေဝသမှန်ကန်၊ အနာရောဂါ ကင်းရှင်း၊ တိုင်းပြည်သာယာဝပြောခြင်း ရှိလေသည်။

**ဟာစ်တိုင်သို့ချီ တိုင်းပြည်ဆန္ဒ တောင်းခံကြ၏**

ဣန္ဒပတ္တနဂိုရ်ပြည်သာယာဝပြောနေချိန်ဝယ် နယ်ချင်းစပ်နေသော ကာသိကတိုင်း၌ တရားပျက်သဖြင့် ရာသီဥတု ဖောက်ပြန်ကာ တတိုင်းတပြည်လုံး အငတ်ဘေး၊ ရောဂါဘေးများဆိုက်

လျက်ရှိသည်။ ထိုအခါ ပြည်သူ အများသည် မင်းစံရာ ဒန္တပူရမြို့တံခါးမှ နေလျက်“ကယ်တော်မူကြပါ။ မိုးမရွာသဖြင့် အငတ်ဘေး၊ ရောဂါဘေး ဆိုက်နေပါပြီ။ မိုးရွာအောင် လုပ်ပေးပါ”ဟု အော်ကြသည်။“ရှေးမင်း များ အစဉ်အလာ မိုးရွာအောင် အလှူပေးပြီး သီလဆောက်တည်ပါ”ဟု လည်း လျှောက်ထားကြ၏။ ကလိင်္ဂမင်းသည် ကောင်းပါပြီဟု ဝန်ခံပြီး အလှူပေးသည်။ သီလ ဆောက်တည်ရေးဝယ် ဝန်ခံ လိုက်သော်လည်း မင်းကြီး နားမလည်ပေ။ မိုးမရွာသေးသဖြင့် မိုးရွာအောင် တဆင့်တက်၍ ဇာတ္တပစ္စယဂိုရ်ပြည်မှ မိုးရွာစေနိုင်သော အဉ္စနဝဏ္ဏမင်္ဂလာဆင်ကို အမတ် များ လျှောက်တင်သည့်အတိုင်း တောင်းပြန်သည်။ ရလာသော်လည်း မိုးကား မရွာသေး။

ကောရဗျမင်းသည် ဂရုဓမ္မစောင့်ထိန်းသဖြင့် သူ့တိုင်းပြည် မိုးလေ မှန်ကန်သည်။ ထိုမင်းကဲ့သို့ စောင့်ထိန်းသင့်သည်ဟု အများတိုင်ပင်ကြ ပြီး ဆင်ကို ပြန်အပ်ကာ ဂရုဓမ္မကို ကောရဗျမင်းထံ တောင်းခံကြပြန် သည်။

**ရေသို့ကျသွား မိမိမြားကြောင့် လိပ်ငါးများစွာ ထိမှန်ရှာလိမ့်** ထိုအခါ ကောရဗျမင်းက “ငါသည် ဂရုဓမ္မကို စောင့်ထိန်းသော်လည်း မိမိ သီလ၌ သံသယရှိသဖြင့် မိမိထက်သီလ စင်ကြယ်သော မယ်တော်ထံ တောင်းယူကြပါ”ဟု မိန့်သည်။ တမန်များ မေးသဖြင့်“မိမိတိုင်းပြည်တွင် ၇-နှစ် တကြိမ် တန်ဆောင်မုန်းလပွဲတော် ကြီးဝယ် မင်းများသည် နတ်ဝတ်တန်ဆာ ဝတ်ဆင်ပြီး အရပ် ၄-မျက် နှာသို့ ပန်းမြားတို့ဖြင့် ပစ်လွှတ်ကြရာ မိမိပစ်သော မြားတစင်း ရေသို့ ကျသွားသဖြင့် ငါးလိပ်များကို မှန်လေမည်လားဟု သံသယ ရှိနေသည်” ဟု မိန့်ရာ တမန်များက “ဤမျှဖြင့် သီလမပျက်၊ အရှင်မင်းကြီး စောင့် ထိန်းသော သီလကိုလည်း ပေးတော်မူပါ”ဟု လျှောက်ထား။ မင်းကြီး နှုတ်ဖြင့်ပြောသော ၅-ပါးသီလကို ရွှေပေ၌ ရေးသားပြီး မယ်တော်ထံ သွားရောက် တောင်းကြပြန်သည်။

**ချွေးမငယ်ဝယ် စေတနာကြွယ်၍ မယ်မယ်သီလ ညစ်နွမ်းရ** “အမောင်တို့၊ ငါသည် ဂရုဓမ္မကို စောင့်ထိန်းသော်လည်း မိမိသီလ၌ ကုက္ကုစ္စရှိနေသဖြင့် မိမိထက် စင် ကြယ်သော ချွေးမ မိဖုရားကြီးထံ တောင်းသွားကြပါ”ဟု မိန့်လိုက်

သည်။ "အရှင်မ၏ ကုက္ကုစ္စကို အမိန့်ရှိပါ"ဟု တမန်များက လျှောက်ကြရာ မယ်တော်က "ငါ၌ ရှင်ဘုရင်နှင့် အိမ်ရှေ့မင်းသား ၂-ဦးသာ ရှိသည်။ တချိန်တွင် တိုင်းတပါးမင်းက တသိန်းတန် စန္ဒကူးနှင့် တထောင်တန် ရွှေပန်းကို သားမင်းကြီးအား ဆက်သရာ သားကြီးက ငါ့အား ပူဇော်သည်။ အရွယ်နှင့် မလိုက်၍ ငါမသုံးလို။ ချွေးမ ၂-ဦးကို ချီးမြှင့်မည်ဟု ကြံပြီး ချမ်းသာသူ မိဖုရားကြီးကို တန်ဖိုးနည်းသော ရွှေပန်း၊ ဆင်းရဲသော အိမ်ရှေ့ကတော်ကို တသိန်းတန် စန္ဒကူး ငါပေးသည်။ ပေးပြီးမှ ငါသည် ဂရုဓမ္မကို စောင့်ထိန်းသူဖြစ်လျက် ဆင်းရဲချမ်းသာ ရွေးကာပေးမိသည်။ အမှန်မှာ ဂုဏ်ကြီးသော ချွေးမကြီးကိုသာ တန်ဖိုးကြီး ပေးသင့်သည်ဟု စိတ်မချမ်းမသာ ကုက္ကုစ္စဖြစ်မိသည်ဟု" မိန့်ရာ တမန်များက "ဤမျှဖြင့် သီလမပျက်တန်ရာပါ။ အရှင်မထံမှ ဂရုဓမ္မကိုလည်း ရေးယူပါရစေ"ဟု လျှောက်ထား၍ ရွှေပြား၀ယ် ရေးသားပြီး မိဖုရားကြီးထံ ဆက်သွားကြသည်။

**မတ်တော်မောင်အပေါ် ချစ်စိတ်ပေါ် မလျှော်လေစွ ငါ့သီလ**

မိဖုရားကြီး ကလည်း "မိမိ ထိန်းသောသီလ၌ သံသယ ရှိနေသည်။ တချိန်တွင် မောင်တော်မင်းကြီးသည် ပရိသတ်နှင့် ဆင်စီးပြီး မြို့လှည့်တော်မူရာ မိမိက ပြတင်းပေါက်ကိုဖွင့်၍အကြည့်၊ ကျက်သရေရှိသော မတ်တော်မောင် အိမ်ရှေ့မင်းကိုမြင်၍ တပ်မက်စိတ်ဖြစ်ခဲ့ဘူးသဖြင့် မိမိသီလ၌ ကုက္ကုစ္စဖြစ်မိသည်။ ထို့ကြောင့် သီလလုံသော အိမ်ရှေ့မင်းထံ သွားကူးယူကြပါ"ဟု မိန့်ကြားသည်။ ဤမျှဖြင့် အပြစ်မကြီးပါ၊ အရှင်မ၏ဂရုဓမ္မကိုလည်း ပေးတော်မူပါ"ဟု လျှောက်ထား၍ ရေးသားသွားကြသည်။

**သင်္ကေတမှား လူများ ပင်ပန်း သီလနွမ်းခဲ့**

အိမ်ရှေ့မင်းကလည်း "မိမိသီလနွမ်း၍ ပုရောဟိတ်ထံ သွားယူကြပါ။ မစင်ကြယ် ညစ်နွမ်းပုံမှာ အခြံအရံများနှင့် ရထားစီးပြီး နောင်တော်မင်းမြတ်ထံ ခစားမြဲဖြစ်သောမိမိသည် ကြိုးနှင့်နှင်တံကိုကိစ္စရှိ၍ နောင်တော်မင်းမြတ်ထံ ညအိပ်မည်ဆိုလျှင် ရထားဦးမှာ ထားခဲ့၊ မအိပ်ဘဲပြန်မည်ဆိုလျှင် ရထားတွင်းမှာထားခဲ့သောအမှတ်သင်္ကေတဖြင့် မိမိလူများကို သိထားစေသည်။ တချိန်တွင် ပြန်မည်အမှတ်ထားခဲ့ပြီး နောင်တော်မင်းမြတ်က မိုးရွာ၍ သူ့ထံမှာပင်အိပ်ပါဟူသော အမိန့်အရ မိမိအိပ်ရသည်။ မိမိလူများသည် မိမိကိုစောင့်ယင်း တညလုံး

မိုးစိုခံကြရ၏။ ဤအပြစ်ကြောင့် သီလမစင်ကြယ်ဟု တမန်များကိုမိန့်ရာ "ဤမျှဖြင့် သီလမပျက်ပါ"ဟု တမန်များက လျှောက်ထား၍ ရေးကူးသွားကြသည်။

**ရထားသစ်မြင် လိုချင်စိတ်ဖြစ် သီလညစ်** ပုရောဟိတ်ကလည်း "မိမိသီလမှာ သံသယရှိနေ၍ မြေတိုင်းအမတ် (ကြိုးဆွဲအမတ်)ထံ သွားကူးယူကြပါ။ သံသယရှိပုံမှာ မင်းထံအခစားဝင်သော တနေ့တွင် လမ်းဝယ် လှပသော ရထားသစ်တစီးကို တွေ့မြင်သဖြင့် မေးကြည့်ရာ မင်းထံဆက်မည့် ရထားဟု သိရသည်။ မင်းမြတ်သည် ဤရထားကို မိမိအားပေးလျှင် ကောင်းမှာဘဲဟု ကြံမိ၏။ ကြံသည့်အတိုင်းပင် မင်းကရထားကိုမိမိအားပေးပါသည်။ရထားကို ကြိုတင်လိုချင်သော လောဘစိတ်ကို သတိရပြီး မိမိလက်မခံခဲ့ပါ။ ထိုလောဘစိတ်ဖြစ်မှုကို သံသယ ရှိနေသည်"ဟု တမန်များကို မိန့်ရာ "ဤမျှဖြင့် အပြစ်မဆိုသင့်ပါ"ဟု လျှောက်ထား၊ ရေးကူး၊ မြေတိုင်းအမတ်ထံ သွားကြပြန်သည်။

**သတ်လိုစိတ်မပါ တွင်းမှာ လှံစိုက် သီလမိုက်** မြေတိုင်းအမတ်ကလည်း "မိမိသီလဝယ် ကုက္ကုစ္စ ရှိနေသဖြင့် ရထားထိန်းထံ သွားကူးယူကြပါ။ ရှိပုံမှာ လယ်မြေကိုတိုင်းကာ ကြိုးဆွဲရာဝယ် ကြိုးစတဖက်ကိုင်ထားသော မိမိသည် ပုစွန်တွင်းရှိနေသောနေရာတွင် လှံစိုက်ရန် ကြုံလာသည်။ နေရာရွှေ့စိုက်လျှင် မြေ အပို-အလို ရှိသွားမည်စိုး၊ ပုစွန်တွင်းမှာလည်း ပုစွန်မရှိထင်ကာ လှံစိုက်မိရာတွင် ပုစွန်ကို ထိုးမိသွားသည်။ ဤသို့ မိမိသီလ၌ ကုက္ကုစ္စရှိသည်"ဟု တမန်များအား မိန့်ရာ တမန်များက "မတော်တဆဖြစ်၍ အပြစ်မကြီးပါ"ဟု လျှောက်ထား၍ ရေးကူးသွားကြသည်။

**နေရာရောက်တိုင်း ဒုန်းစိုင်းပြေးပေ ပင်ပန်းလေခြင်း သိန္ဓောမြင်း** ရထားထိန်း ကလည်း မိမိ သီလမစင်ကြယ်၍ သူဌေးထံသွားကူးယူကြပါ။ မစင်ကြယ်ပုံမှာ ရထားဖြင့် မင်းမြတ်အား ဥယျာဉ်သို့ပို့ရာ တချိန်တွင် မိုးရွာမည်ထင်သဖြင့် သိန္ဓောမြင်းများကို အမြန်ပြေးဘို့ အမှတ်ပေးမိသည်။ လိမ္မာသော မြင်းများသည် ထိုနေရာရောက်တိုင်း အမြဲပင် ပြေးကြသဖြင့် ပင်ပန်းကြပါ၏။

ဤ အမြင်ဖြင့် သီလမစင်ကြယ်ပါဟု တမန်များကို မိန့်ရာ "ဤမျှဖြင့် သံသယမရှိပါ"ဟု လျှောက်ထား၍ ရေးကူးပြီးသူဌေးထံ သွားကြသည်။

**မင်းမပေးခင်ပန်ဆင်ဘို့လုပ် ကောက်တဆုပ်** သူဌေးကလည်း "မိမိ သီလ မကောင်းသဖြင့် မပေးပါရစေနှင့်။စပါး ခြင်သော (ပြည်စိုး) အမတ်ထံ သွားကူးယူကြပါ။ မကောင်းပုံမှာ လယ်ကွင်းဆင်းကြည့်ပြီးအပြန် တချိန်တွင် မင်းအတွက် မပေးရသေးပါဘဲ ကောက်နှံ တဆုပ်ကို နုတ်ယူ ဆွတ်ခူးပြီး ခေါင်းမှာ ပန်ဆင်မိပါသည်" ဟု တမန်များကို ပြောရာ "ဤမျှဖြင့် အရေးမကြီးပါ"ဟု ပြောဆိုရေးကူး၍ ပြည်စိုးအမတ်ထံ တမန်များ သွားပြန်သည်။

**မိုးတိတ်ပြန်ဆင်း စပါးတင်းရေတွက် သံသယစွက်** ပြည်စိုး အမတ်ကလည်း "တနေ့ စပါးခြင်တယ်ခိုက် မိုးရွာလာသဖြင့် အမှတ်သင်္ကေတ ချထားပြီး မိုးခိုမိသည်။မိုးတိတ်၍ အမှတ်ကို ပြန်ကိုင်သောအခါ ခြင်ပြီး-မပြီး သော အမှတ်များ၌ သံသယဖြစ်မိသဖြင့် မိမိထက် သီလစင်ကြယ်သော တံခါးစောင့်ထံ သွားကူးယူကြပါ"ဟု တမန်များကို ပြောသည်။ "စေတနာဆိုးမပါ၍ အပြစ်မဖြစ်ပါ"ဟု ပြောဆိုရေးကူး၍ တံခါးမှူးထံ သွားကြသည်။

**မောင်နှမကို လင်မယားထင် မဆင်ခြင်ဘဲ နှုတ်စွပ်စွဲ** တံခါးစောင့်ကလည်း "မိမိ သီလ စင်ကြယ်သည် ထင်သော်လည်း သံသယမကင်းပါ။ ညနေ မြို့တံခါးပိတ်ချိန်နီးမှ ထင်းခွေသမား မောင်နှမ ၂-ဦး သုတ်သီး သုတ်ပျာ ရောက်လာရာတွင် လင်မယားထင်ပြီး "စောစောက ထင်သလို ပျော်ပါးပြီး ယခုမှ ကမန်းကတန်း လာရသလား" ဟု ကြိမ်းမောင်းမိသည်။ နောက်မောင်နှမအရင်းမှန်းသိ၍ မိမိ စိတ်မချမ်းသာတော့ပါ။ မိမိသီလ သန့်စင်သော ပြည့်တန်ဆာမထံ သွားပါ"ဟု ဆိုပြီးရေးကူး၍ ပြည့်တန်ဆာမထံ သွားကြသည်။

**သီလစုံစမ်း သိကြားမှန်းသိ ကုက္ကုစ္စ ရှိသဖြင့်** ပြည့်တန်ဆာမကလည်း "မိမိသည် သီလအသန့်ရှင်းဆုံးဖြစ်အောင် စောင့်သုံးသော်လည်းတချိန်တွင်ယောကျ်ားတဦးသည် မိမိနှင့်ပျော်ပါးဘို့ငွေပေးပြီးထွက်သွားသည်။စောင့်မျှော်ယင်း၃-နှစ်တိုင်တိုင်

အခြားသူများကို လက်မခံပါ။ ဝင်ငွေမရှိ ဆင်းရဲလှသဖြင့် တရားသူကြီးထံ အဆုံးအဖြတ် တောင်းရာ ၃-နှစ်ဒီဘက် ဆက်စောင့်ဘို့မလို၊ အခြားယောကျ်ားများကို လက်ခံနိုင်သည်ဟု ဆိုသဖြင့် ပျော်ပါးရန် နောက်လာသူ၏ ငွေတထောင်ကို ယူမည်ဟု မိမိလက်ကို အဖြန့်၊ ယခင် ပထမ ၃-နှစ်ကလူ လာသည်ကိုအမြင်၊ မြင်-မြင်ချင်း ငွေခံမည့် လက်ကို ပြန်ရုပ်ကာ "ယခင်က ကျမလက်ခံထားသူ လာပြီဖြစ်၍ ရှင့်ငွေမယူတော့" ဟု ပြောလိုက်ပါသည်။

၃-နှစ်ပျောက်နေသူသည် မိမိ၏ သီလကို စုံစမ်းသော သိကြားမှန်း သိရ၍ မိမိသီလ ကုဋ္ဌေရှိနေသည်"ဟု ပြောရာ တမန်များက "ဤမျှ လောက်ဖြင့် အရေးမကြီးပါ"ဟု ပြောဆိုပြီး ပြည့်တန်ဆာမထံမှ ဂရုဓမ္မကိုလည်း ရေးကူးကာ ဒန္တပူရမြို့ ကလိင်္ဂမင်းထံ ဆက်သရာ ဂရုဓမ္မ ရွှေပေလွှာအရ မင်းနှင့်ပြည်သူများ ၅-ပါးသီလ စောင့်ထိန်းကြသဖြင့် မိုးလေမှန်ကန်၊ ဘေးရန်များရှင်း၊ မြေချမ်းသာခြင်းသို့ ရောက်ကြရသည်။

## သီလစောင့်လှတ် ဓမ္မပါလဇာတ်

**ခြေ-ယယ်ယယ်လေးနှင့် သေရသေးသလား** ရှေးက ကာသိတိုင်း ရွာတရွာရှိ လူအားလုံးတို့သည် တရား ကျင့်သုံးကြသဖြင့် မည်သူမျှ အရွယ်ငယ်ငယ် မသေကြဘဲ ကြီးရင့်မှသာ သေကျေပျက်စီးကြမြဲ ဖြစ်သည်။ ထိုသို့ တရားစောင့်ကြသဖြင့် ယင်းရွာကို ဓမ္မပါလရွာ၊ ဓမ္မပါလမျိုးဟု ခေါ်တွင် ကြသည်။ ယင်းရွာမှ အမျိုးသားတဦး တက္ကသိုလ်ပြည်သို့ ပညာသင်သွား၍ တတ်မြောက်ချိန်တွင် တက္ကသိုလ်ဆရာကြီး၏ သားတဦးကွယ်လွန်ရာ ဓမ္မပါလ အမျိုးသားက "အဘယ့်ကြောင့် ငယ်ငယ်ရွယ်ရွယ် သေရသလဲ၊ ငယ်ငယ်နှင့် သေခြင်းသည် မသင့်ပါ"ဟု ပြောမိသည်။

ထိုအခါ အများကပင်"သင့်တော်-မတော်၊ သေမင်းခေါ်လျှင် သေကြတာချည်းဘဲ။ သင်တို့အရပ်မှာလဲ ဒီလိုပင် ငယ်ငယ်ကြီးကြီး သေကြတာပင် မဟုတ်လား"ဟု ပြောကြရာ ဓမ္မပါလ လုလင်က"သေတာတော့ မှန်တယ်။ ငယ်ငယ်မှာတော့ မည်သူမျှ မသေကြ"ဟု အခိုင်အမာပြောပြလိုက်သည်။

**ကျုပ်တို့အမျိုး ငယ်ငယ်နှင့် သေရိုးမရှိပါ** စကားဆန်းကို ကြားသော တက္ကသိုလ်ဆရာကြီးသည် ဓမ္မပါလသူငယ် စကားဟုတ် မဟုတ် စုံစမ်းရန်၊ မှန်လျှင် အသက်ရှည်ကြောင်းကို အားထုတ်ရန် ကြံပြီး ဓမ္မပါလကိုဆရာစားပြုထားရစ်ကာ ဆိတ်ရိုးများကိုယူလျက် ဓမ္မပါလရွာသို့ သွားသည်။ "သင့်သား ကွယ်လွန်သဖြင့် မီးသင်္ဂြိုဟ်ပြီး အရိုးများကို ယူလာခဲ့သည်"ဟု ဓမ္မပါလ၏ဖခင်ကို ပြော၍ အရိုးများကိုပြရာ "ဤအရိုးသည် ကျုပ်သား အရိုး မဖြစ်နိုင်၊ ဆိတ်ရိုး ခွေးရိုးသာဖြစ်ရမည်။ ကျုပ်တို့အမျိုးသည် အသက်ငယ်ငယ်နှင့် သေရိုးမရှိလို့ပါဘဲ"ဟု ဓမ္မပါလ ဖခင်က ပီပြင်စွာ ပြောပြရာ တက္ကသိုလ်ဆရာကြီးက "အရွယ်မရွေး သေမျိုးသာဖြစ်လျက် သင်တို့အမျိုး ငယ်ငယ်နှင့် မသေခြင်း၏အကြောင်းကို မိန့်ကြားပါ"ဟု တောင်းပန်မေးမြန်းတော့သည်။

**ငယ်သေးလျှင် မသေနိုင်သောဆေး** ဓမ္မပါလ ဖခင်က "မိမိတို့အမျိုးသည် ဒါန သီလစသော ကုသိုလ်များကို မပြတ်ကျင့်ကြ၍ မုသားမဆိုကြပါ။ မကောင်းမှုဟူသမျှ မပြုကြဘဲ လူကြီးသူမများ၏ စကားများကို လူငယ်များက နားထောင်ပြီး ကောင်းတာကိုသာ လုပ်ကြသည်။ ထို့ကြောင့် မိမိတို့ ဓမ္မပါလ အမျိုးသည် ငယ်ငယ်နှင့် မသေကြပါ"ဟု ပြောပြလိုက်သည်။

ထိုအခါ တက္ကသိုလ်ဆရာကြီးက ဓမ္မပါလ၏ ဖခင်ကို ကန်တော့ပြီးလျှင် "သင့်သား မသေပါ၊ ငယ်သူများ မသေဟူသော သင့်သားစကားမယုံ၍ စုံစမ်းလာပါသည်"ဟု ပြောကာ ဓမ္မပါလအမျိုးများ စောင့်သုံးသောတရားကို ပေမှာ ရေးကူးပြန်သွားသည်။

ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ=တရားကျင့်သူကို တရားကပြန်လည်စောင့်ရှောက်သည် အမှန်ပင်တည်း။ ဓမ္မော သုစိဏ္ဏော သုခမာဝဟတိ=တရားကို ကောင်းစွာကျင့်လျှင် ယခုဘဝမှာပင် ကိုယ်စိတ် ၂-ပါး ချမ်းသာများကို ရနိုင်ကြောင်းနှင့် စာရိတ္တသီလ၏ ပစ္စုပ္ပန်အကျိုးများကို ဤဓမ္မပါလဇာတ်တော်က ညွှန်ပြသည်။

## မဟာဒတ္တထေရ် တစ္ဆေခြောက်မရ

**မကြောက်သူ ၃-ဦး ပုဂ္ဂိုလ်ထူး** လောက၌ သတ္တဝါအများ ကြောက်ရွံ့ ထိတ်လန့် တတ်ကြသော်လည်း အာဇာနည် ပုဂ္ဂိုလ်နှင့် ရဟန္တာများမှာ မည်သည့်ဘေးရန်ပင် တွေ့တွေ့ မကြောက်တတ်ကြပါ။ သက္ကာယဒိဋ္ဌိ အားကြီးသဖြင့် မိမိကိုယ်ကိုအထင်ကြီးကာ အာဇာနည် ပုဂ္ဂိုလ်များ မကြောက်တတ်ကြသလို သက္ကာယ-ဒိဋ္ဌိနှင့်တကွ ကြောက်မှုဆိုင်ရာ ဒေါသ၊ ဒေါမနဿများကို ပယ်ပြီးဖြစ်သောကြောင့် ရဟန္တာပုဂ္ဂိုလ်များလည်း ကြောက်ခြင်း ကင်းကြသည်။ တတိယ ပုဂ္ဂိုလ်များမှာမူ သီလနှင့် ပြည့်စုံသော ပုဂ္ဂိုလ်များတည်း။

**လူယောင်ဆောင်သော ရုက္ခစိုး** ပါဠိဂိုယကောဠိယအရပ်၌ သီတင်းသုံးတော်မူသော မဟာဒတ္တမထေရ်သည် အခါတပါး ခရီးသွားရာ မွေ့လျော်ဖွယ် တောအုပ်တခုအတွင်း သစ်ပင်ရင်းဝယ် ဒုကုဋ်ကို ခင်းလျက် တရားနှလုံးသွင်းနေသည်။ မထေရ်မြတ်၏ သီလတန်ခိုးကြောင့် သစ်ပင်ပေါ်ရှိ ရုက္ခစိုးနတ်သားများသည် ရပ်တည်မနေနိုင်သဖြင့် ဆူပူလှုပ်ရှားကြသည်။

ရုက္ခစိုးကလည်း မထေရ်မြတ် ကြောက်၍ ပြေးအောင် သစ်ပင်ကို လှုပ်၍ ခြောက်၏။ မထေရ်မြတ်ကား မော်၍မျှမကြည့်ပါ။ အခိုး လွှတ်ကာ အမျိုးမျိုး ခြောက်သော်လည်း မထေရ်မြတ်မကြောက်ပေ။ ရုက္ခစိုးသည် လူယောင်ဆောင်ကာ မထေရ်မြတ် အနီးရပ်လျက် သူ ဤသစ်ပင်က ရုက္ခစိုးဖြစ်ကြောင်း။ အရှင်၏ သီလ တန်ခိုးကြောင့် သူ့ကလေးများ နေမရ၍ အရှင်မြတ် ကြောက်အောင် အမျိုးမျိုး ခြောက်မိကြောင်း လျှောက်ထားသည်။

**တစ္ဆေကြောက်၍ပြေးသည်ဟု အပြောမခံလို** မထေရ်မြတ်က ''အဖြစ်မှန်ကို အသင်နတ်မင်းတိကျစွာတင်ပြသင့်သည်။ယခုမှတော့ ထပ် မလျှောက်လေနှင့်။ မဟာ-ဒတ္တထေရ် တစ္ဆေကြောက်၍ ပြေးပြီဟု အပြောခံရမည်ကို ငါရှက်သည်။ ထို့ကြောင့် ဒီမှာပင် တရက်နေမည်။ ဤတရက်တွင် သင်တို့ သင့်ရာမှာ နေကြ''ဟု မိန့်လိုက်သည်။ (မ၊ ၄၊ ပ) ဤသာဓကအရ သီလရှိသူများလည်း မကြောက်ဟု မှတ်သင့်သည်။ ထို့ကြောင့်ပင် ဘုရားရှင်က ''ရဟန်းတို့၊ ရဟန်းသည် ကြောက်ခြင်းနှင့် ကြောက်စရာအာရုံများကို နိုင်လိုလျှင်

သီလတို့ကို ဖြည့်ကျင့်သူသာ ဖြစ်ရာသည်''ဟု မိန့်တော်မူသည်။)မ၊ ပါ၊ ပ၊ အာကင်္ခေယျသုတ်)

## သီလကျိုးဝယ် အဆိပ်ပြယ်လိမ့်

**မြွေကိုက်ပါလျက် ဆက်တရားနာ** ပဓာနိယမထေရ်သည် ခဏ္ဍစေတိယ ကျောင်း ကမ္ဗဋ္ဌာန်း ရိပ်သာတွင် အရိယဝံသတရားတော်ကို နာယူနေခိုက် မြွေကိုက်ခံရသည်။ မြွေကိုက်မှန်း သိသော်လည်း ကြည်ညိုစိတ်ဖြင့်ဆက်၍သာ တရားနာနေ၏။မြွေဆိပ်ပြင်းစွာ တက်လာသောအခါ ''ငါသည် ရဟန်းခံပြီးစမှစ၍ သီလစင်ကြယ်သည်။စင်ကြယ်သော သီလသည် ယုတ်သော သေခြင်းမဖြစ်နိုင်''ဟု သီလကို ဆင်ခြင်ရာ နှစ်သက်မှုပီတိ ဖြစ်လာသဖြင့် အဆိပ်လျော့ကျ တည်ငြိမ်မှု သမာဓိရသွားသည်။ ဆက်၍ ဝိပဿနာပွားရာ ရဟန္တာ ဖြစ်လေသည်။ (မ၊ ဋ္ဌ၊ သဗ္ဗာသဝသုတ်) ဤကား သီလ၏ ပစ္စုပ္ပန်ဆိုင်ရာ အကျိုးများ တည်း။

**သီလရှိသူ ကျိုးမှု ၅-ပါး** အခါတပါး ဘုရားရှင်သည် အာနန္ဒာကို ခေါ်တော်မူလျက်သံဃာတော်များနှင့်တတွ နာဋ္ဌန္ဒမြို့မှ ဂင်္ဂါမြစ်ဆိပ်အနီး ပါတလိရွာသို့ ကြွတော်မူရာ ရွာသားများ၏ ပင့်လျှောက်ချက်အရ တည်းခိုမဏ္ဍပ်၌ သီတင်း သုံးတော်မူသည်။ ဆွမ်းဘုဉ်းပေးပြီးသောအခါ ဘုရားရှင်က ဆွမ်းဒကာများအား သီလရှိသူ မရှိသူများ၏ ကျိုးပြစ် ၅-ပါးစီကို ဟောကြားတော်မူသည်။ သီလရှိ ကျိုး ၅-ပါးမှာ လာဘ်ပေါများခြင်း၊ ကျော်စော ထင်ရှားခြင်း၊ ပရိသတ်အလယ်၌ရဲရင့်ခြင်း၊ မကြောက်မရွံ့သေရခြင်း၊ သေသော် နတ်ရွာ သုဂတိသို့ လားရခြင်းတို့တည်း။(ရှေ့ ၄-ပါးမှာ ပစ္စုပ္ပန်ကျိုးတည်း။) သီလပျက်သူမှာ အပြန်ဖြစ်သောအပြစ် ၅-ပါးတို့ဟု မှတ်။

လာဘ်ပေါများခြင်းမှာ သံဃာလောကတွင် ထင်ရှားသည်။ သီလရှိသူ အရှင်မြတ်များအား လှူချင်သူတွေ ပေါများသည်ကိုမြင်၍ အချို့သီလ မရှိပါဘဲလျက် ရှိဟန်ဆောင်ကြ၏။ ထိုသူများ၌သော်မှ သီလသဖွယ် သပ္ပာယ်တော်မူကြသဖြင့် လှူဒါန်းပူဇော်ကြသည်။အယောင်ဆောင်သီလဖြင့် အချောင်အပူဇော်ခံရခြင်းကား သံသရာဝဋ် ဝန်လေးလှသည်။

## စစ်သည်တော် ၁၀-တပ် မာနတ်လက်ရုံး

၁။ ကာမ=ကာမဂုဏ်၌ တပ်မက်မှုရာဂ၊
၂။ အရတိ=မမွေ့လျော်ခြင်း ပျင်းရိငြီးငွေ့ခြင်း၊
၃။ ခုပ္ပိပါသ=ဆာလောင်မွတ်သိပ်ခြင်း။
၄။ တဏှာ=တပ်နှစ်သက်ခြင်း၊
၅။ ထိနမိဒ္ဓ=ထိုင်းမှိုင်းလေးလံခြင်း၊
၆။ ဘီရု=ကြောက်လန့်ခြင်း၊
၇။ ဝိစိကိစ္ဆာ=ရတနာ ၃-ပါး၌ ယုံမှားခြင်း၊
၈။ မက္ခ ထမ္ဘ=ကျေးဇူးမဲ့ကို ပြုတတ်ခြင်း၊ ခက်ထန်ခြင်း၊
၉။ လာဘသက္ကာရသီလောကမိစ္ဆာလဒ္ဓ=လာဘ် ပူဇော်သက္ကာရ ကျော်စောမှု မတရားရအပ်သောလာဘ်၊
၁၀။ အတ္တုက္ကံသန ပရဝမ္ဘန=ကိုယ့်ကိုချီးမြှောက်၍ သူ့ကိုနှိမ့်ချမှု။

ဤ ၁၀-ပါးတို့သည် သတ္တဝါများ သံသရာဝဋ်မှ လွတ်မပြေးရအောင် ကာကွယ်ဖိနှိပ်ထားသော မာရ်နတ်၏ စစ်သည်တော် ၁၀-တပ်တို့တည်း။

**သီလအားထုတ် အပျင်း နောက်သို့ဆုတ်** မာရ်စစ်သည် ၁၀-တပ်တို့တွင် ဒုတိယတပ်မမွေ့မလျော်ပြင်းရိငြီးငွေ့ခြင်းသည် သတ္တဝါများကို အမြဲနှိပ်စက်နေသည်။ မှန်၏။ ပျင်းရိ၍သာ သားသမီးသည် သားသမီး ကျင့်ဝတ်ကို မဖြည့်။ ထို့အတူ တပည့်ဝတ်၊ ပြည်သူပြည်သားများဝတ်၊ လခစားမှုထမ်း ရာထမ်းများဝတ် စသည်ကို မဖြည့်ကြသဖြင့် စာရိတ္တသီလ ပြိုကျ ပျက်စီးလေသည်။ ထိုပျက်စီးသည်နှင့်အမျှ ပစ္စုပ္ပန်ကျိုး တမလွန်ကျိုး အမျိုးမျိုး ဆုတ်ယုတ်ပုံမှာ ထင်ရှားလှ၏။ ထို့ကြောင့် ကောသဇ္ဇံ ဘယတော ဒိသွာ=ပျင်းရိခြင်းကို ဘေးဟုရှုရမည်ဟု ဘုရားရှင် ဟောတော်မူသည်။ သီလပြည့်စုံသူ၊ ကျင့်ဝတ်သီလ စာရိတ္တများကို အားထုတ်သူတို့မှာ မာနတ်၏ ဒုတိယစစ်တပ်ပျင်းရိမှုကို အောင်နိုင်လေသည်။ (ကြောက်ခြင်းကို သီလဖြင့် နိုင်ပုံပြခဲ့ပြီး။)

ထို့ကြောင့် အပျင်းကို နိုင်လိုလျှင် သီလရှိသူသာ ဖြစ်ရာ၏ ဟု ဘုရားဟောတော်မူသည်။ (မူ၊ပ၊ ၁၊ အာကင်္ခေယျသုတ်) သီလဆိုင်ရာ ဤပစ္စုပ္ပန် လောကီအကျိုးများသာမက လောကုတ္တရာ ကျိုးများလည်း အောက်ပါအတိုင်း ရအပ်ပြည့်စုံအပ်ပေသည်။

**သီလ၏ အဆင့်ဆင့် လောကုတ္တရာကျိုးများ** သီလပြည့်စုံခြင်းကြောင့် စိတ်ကြည်လင်ခြင်း၊ စိတ်ကြည်လင်၍ ကျေနပ်၊ ကျေနပ်၍နှစ်သက်၊ နှစ်သက်၍ အပူငြိမ်း၊ အပူငြိမ်း၍ ကိုယ်စိတ်ချမ်းသာ၊ ချမ်းသာ၍ စိတ်တည်၊ စိတ်တည်၍ အမှန်သိ၊ အမှန်သိ၍ ရုပ်နာမ်ငြီးငွေ့၊ ငြီးငွေ့၍ မတပ်မက်၊ မတပ်မက်၍ ကိလေသာကင်း၊ ကိလေသာကင်း၍နိဗ္ဗာန်မြင်၊ နိဗ္ဗာန်မြင်ခြင်းကြောင့် အိုနာသေစသော ဘေးများ လွတ်ရသည်။ဤကား သီလ၏ အဆင့်ဆင့်ဖြစ်သော လောကုတ္တရာကျိုးများတည်း။

## သီဟိုဠ်ကျွန်း ကုရဏ္ဍကဂူနေ စိတ္တဂုတ်မထေရ်

**နှစ်ပေါင်း ၆၀-ဂူဝယ်နေလည်း** စိတ်ကို လုံခြုံစွာ စောင့်စည်းတော်မူ တတ်သောကြောင့် စိတ္တဂုတ္တ အမည်တော်ရသည့် အားလျော်စွာ ကုရဏ္ဍကဂူတွင်းဝယ် နှစ်ပေါင်း ၆၀-နေသော်လည်း ဝိပဿီ သိခီ ဝေဿဘူ စသော ဘုရား ၇-ဆူတို့၏ တောထွက်ခန်း ရောင်စုံပန်းချီကားများ ဂူနံရံ၌ ရှိသည်ကို တခါမျှ မော်မကြည့်ဘူးသဖြင့် သိတော်မမူ။ အာဂန္တုရဟန်းတော်များ ရောက်လာကြပြီး ဆေးရေးပန်းချီကားများ လက်ရာပြောင်မြောက်ကြောင်း လျှောက်ထားမှ သိတော်မူ၍ "မိမိမှာ မျက်စိမကောင်းပါ၊ မျက်စိကောင်းသော အရှင်တို့ ပြောမှ သိရတော့သည်"ဟု မိန့်တော်မူသည်။

**ဘုရင်ပင့်ရာ သူငါကစ ကြွလိုကြလည်း** သီလဂုဏ် ထင်ရှားလှသဖြင့် ဖူးမြင်လို၍ နန်းတော်သို့ ဘုရင်ပင့်သော်လည်း အရှင်မြတ်ကြွတော်မမူပေ။မထေရ်ကြီး မကြွလျှင် မထေရ်ဆွမ်းခံရွာမှ ကလေးများကို နို့မစို့စေရ။ မိခင်နို့ကို အဝတ်ပတ်၍ တံဆိပ်ခတ်ရမည် ဟု အမိန့်ထုတ်မှ ကလေးများကို သနားသဖြင့် ကြွလာသည်။နန်းတော်ရောက်သော်လည်း ဘာကိုမျှ ကြည့်တော်မမူဘဲ မင်း မိဖုရား မည်သူက ရှိခိုး ရှိခိုး မင်းကြီး ချမ်းသာပါစေဟုသာ ဆုပေးသည်။

အရှင်မြတ် စိတ်ဆင်းရဲမှုန်း သိသဖြင့် ၇-ရက်မြောက်တွင် မင်းကြီးက ဂူသို့ပြန်ကြွစေ၏။ ဂူပြန်ရောက်သောည စကြံကြွယင်း တရားအားထုတ်တော်မူသည်။ ဂန့်ဝေါ ပင်စောင့်နတ်က မီးတိုင်ပြပေး၏။ ထိုညပင် အရဟတ္တဖိုလ်သို့ ဝင်တော်မူသည်။ ပြည့်စုံသော သီလသည် လောကုတ္တရာချမ်းသာ အရဟတ္တဖိုလ်သို့ပင် လွယ်ကူစွာ ရစေကြောင်း ထင်ရှားပေသည်။

## သီလ၏ တမလွန်ဆိုင်ရာ လောကီလောကုတ္တရာကျိုးများ

**အလကားပေးသော်လည်း ခုဘဝ နိဗ္ဗာန်မလိုချင်ပါ** သီလကျိုးများသည် ပြခဲ့ပြီးသော ပစ္စုပ္ပန် မျက်မှောက် လောကီ လောကုတ္တရာ ကျိုးများသာမက တမလွန်လောကီ လောကုတ္တရာကျိုးများကိုလည်း ခိုင်မာပြည့်စုံစွာ ပေးနိုင်သည်။ ပါရမီဉာဏ် ရင့်သန်သူများမှာ သံသရာ၏ အပြစ်အနာအဆာများကို အဆစ်အပိုင်း ကျကျ သိမြင်ကြသဖြင့် ယခုဘဝတွင်ပင် နိဗ္ဗာန်သို့ ထုတ်ချင်းပေါက် သီလစောင့်တော်မူကြသည်။ ပါရမီဉာဏ်နုသူများမှာမူ တဏှာအင်အား မြင့်မားတောင့်တင်းကြသဖြင့် ဟိုလိုလို သည်လိုလို ရှိးမယ်ဖွဲ့ကာ သံသရာ စခန်းမသတ်လိုကြသေးဘဲ လူနတ်ချမ်းသာ ဖြောင့်ဖြူးသာယာရေးကိုပင် မိမိတို့ ဆောက်တည်ထားသော သီလဖြင့် အားသစ်မျှော်မှန်းနေကြသည်။

**သီလ သင်္ဘောနှင့် သံသရာ မြစ်ကျယ် ရေပင်လယ်** သမုဒ္ဒရာ ပင်လယ်သည် သတ္တဝါများကို အခါခပ်သိမ်း နစ်မြုပ်စေတတ်သလို ဘဝ သံသရာပင်လယ်ပြင်ကလည်း အခါခပ်သိမ်း သတ္တဝါများကို အပါယ်သို့ ဆွဲမြုပ်တတ်ပါ၏။ ပင်လယ်သမုဒ္ဒရာ ဆိုင်ရာ ဘေးများစွာမှ ကင်းလျက် တဖက်ကမ်းသို့ လှမ်းတက်လိုလျှင် ခိုင်မာသော သင်္ဘောကြီးကို စက်ရွက်များတပ်လျက် ပဲ့တက်ဖြင့် ပင်လယ်ပြင် ဝယ် ကူးခတ်သွားလာရပေသည်။

ထို့အတူပင် သံသရာဆိုင်ရာ အိုနာသေရေး အပါယ် ဘေးများမှ ကင်းလျက် နိဗ္ဗာန်ကမ်းတဖက် လှမ်းတက်လိုလျှင်လည်း ခိုင်မာသော သီလသင်္ဘောကြီးဝယ် ဒါနဟူသော စက်များ ရွက်များ တပ်ဆင်ပြီး ဘာဝနာဟူသော ပဲ့တက်များဖြင့် လှော်ခတ်လှမ်းတက်ရပေမည်။

**လူနတ်ချမ်းသာနှင့် သီလခွဲမရပါ** ကောင်းမှုခန့်ညား ကြီးမားပြည့်စုံသော သဘော ကြီးဖြစ်လျှင် စက်နှင့်ရှက်များ ပွဲတက်မပါသော် လည်း ရေထဲနစ်မြုပ်မသွားနိုင်ပါ။ ထို့အတူ ဖြူစင် သန့်ရှင်း အပြစ်ကင်းသော သီလဖြစ်လျှင် (ဒါနစက်ရှက်၊ ဘာဝနာ ပွဲ တက်မပါသော်လည်း) အပါယ်သံသရာသို့ မမြုပ်နိုင်။ လူနတ်ဆိုင်ရာ ချမ်း သာများမှာ မလွဲပုံသေသာတည်း။မှန်၏။စင်ကြယ်ပြည့်စုံသော သီလသည် သေခါနီး အာသန္နကံအား ကျေနပ်နှစ်သက်ခြင်း၊ ချမ်းသာတည်ကြည် ခြင်းစသော အားအဆင့်များကို ပေးလျက် စိတ်အစဉ်အေးမြ ကြည်လင် ရတော့သည်။ "ရဟန်းတို့ သေခါနီး စိတ်မစင်ကြယ်လျှင် အပါယ်ဘုံကို အလိုရှိအပ်၏။ သေခါနီး စိတ်စင်ကြယ်လျှင် ချမ်းသာပြည့်စုံ၍ လူနတ်ဘုံ ကို အလိုရှိအပ်၏ (မ-ပါ၊ ၁-ဝတ္ထသုတ်)ဟု ဟောတော် မူချက်အရ သီလနှင့် လူနတ်ချမ်းသာမှာ လိုက်ဖက်သော အဆင်တန်ဆာများ ဖြစ်ပေ သည်။

**မြေနှင့် အုတ်မြစ် ကျစ်လစ်ခိုင်မာ သီလသာတည်း** အမာခံ မြေအုတ်ဟူသော သီလ ပေါ်မှာသာလျှင် ဒါနအဆောက် အဦ၊ဘာဝနာအဆောက်အဦများ မိုးပါးနီးမျှ ကြီးကျယ်စွာ ဆောက်လုပ် ဖြစ်နိုင်သည်။ သီလမရှိလျှင် ဒါန ဘာဝနာတို့မှာ ခိုင်မာစွာ မရပ်တည် နိုင်ကြပေ။ သီလပျက်သဖြင့် စိတ် ဓာတ် မတည်ငြိမ်သူများ သန္တာန်ဝယ် ဒါန ဘာဝနာ ကုသိုလ်များ ထိုး ဖောက်ဝင်ရောက်ဖို့ ခက်သွားတော့၏။ မှန်၏။ သီလပျက်လျှင် အာသန္န ကံပျက်ကာ အကုသိုလ် ဝင်လာသဖြင့် စိတ်မစင်ကြယ်ဘဲ အပါယ်သို့ ဆွဲသွားလေတော့သည်။ ထို့ကြောင့် သီလပျက်သူသေလျှင် အပါယ် ၄-ဘုံ သို့သာ ရောက်ရသည် (ဒီ၊ ပါ၊ မဟာပရိနိဗ္ဗာနသုတ်) ဟု ဘုရားရှင် ဟောတော်မူသည်။

## ပဉ္စသီလ သမာဒါနိယ မထေရ် ဖြစ်ရပ်စုံ

**မလှူနိုင်၍ သီလယူငြား သူရင်းငှား** လွန်ခဲ့သော တသင်္ချေနှင့် ကမ္ဘာ တသိန်းက အနောမဒဿီ ဘုရား လက်ထက်တော်တွင် ဒုဋ္ဌာဝတီမြို့ဝယ် သူရင်းငှားတဦးသည်လှူဒါန်း လိုစိတ် ရှိသော်လည်း ဆင်းရဲလှသဖြင့် မလှူနိုင်ပေ။ ဒုက္ခသစ္စာမှလွတ်ရန် ရည်သန်၍ နိသဘ အရှင်မြတ်ထံတော်တွင် ၅-ပါးသီလကိုသာ ခံယူပြီး

ရှိသေစွာ ကျင့်သုံးသည်။ သီလ တန်ခိုးကြောင့် စုတေကာနီး နတ်မြင်း ၁၀၀၀-ကသော ရထား ဆိုက်ရောက်လာ၏။ စုတေ၍ တာဝတိံသာ၌ ဖြစ်သည်။

ငါတို့ဘုရားလက်ထက်တိုင်အောင် တသချေ်နှင့်ကမ္ဘာတသိန်း အပါယ် မလားဘဲ သိကြားမင်းဘဝ အကြိမ် ၃၀၊စကြဝတေးမင်းဘဝ ၇၅-ကြိမ် ပဒေသရာဇ်မင်းဘဝ အကြိမ်များစွာ ချမ်းသာများ ခံစားရရှိသည်။

**တထိုင်တည်းဖြင့် ၅-နှစ်သား ရဟန္တာ** ဝေသာလီပြည် ကြွယ်ဝချမ်းသာသော သူဌေးမျိုးတွင်နောက်ဆုံး ဘဝဖြစ်လာသည်။မိဘများမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသဖြင့် ကလေး ၅-နှစ်သားအရွယ် ဝါဆိုကာနီးတွင် မိဘများ ၅-ပါးသီလကို ခံယူကြခိုက် ၅-ပါးသီလကို ကြားရုံမျှဖြင့် သူငယ်သည် ရှေးကကျင့်သုံးခဲ့ဘူးသော ၅-ပါးသီလကို အမှတ်ရ။ သီလကုသိုလ် ဖြစ်လာသည်။ သမာဓိ ပညာ အဆင့်ဆင့် တက်ကာ တထိုင်တည်းဖြင့် အရဟတ္တဖိုလ်ကို ရောက်လေတော့၏။ နောက်တွင် ပဥ္စသီလသမာဒါနိယမထေရ် ဖြစ်လာသည်။ဤသို့ လျှင် သီလသည် တမလွန် လောကီ လူနတ် ချမ်းသာများသာမက လောကုတ္တရာ အရဟတ္တဖိုလ် နိဗ္ဗာန်ထိ အကျိုးပေးကြောင်း ကောင်းစွာ မှတ်သားအပ်ပေသည်။

သာသနေ ကုလပုတ္တာနံ၊ ပတိဋ္ဌာ နတ္ထိ ယံ ဝိနာ။
အာနိသံသ ပရိစ္ဆေဒံ၊ တဿ သီလဿ ကော ဝဒေ။

ဗုဒ္ဓမြတ်စွာ သာသနာဝယ် လိမ္မာလေငြား အမျိုးသားတို့ (အမျိုးသမီးတို့) အားထားဖွယ်ရာ (အားသည်းဖွယ်ရာ) ထောက်တည်ရာအစစ် မှန်စွာဖြစ်က မြတ်သီလ၏ ကျနစုံလင် ကျိုးရအင်ကို အရှင်များစွာ နတ်ပြဟ္မာသည် (ဒိုလူငါသည်) ဘယ်မှာရေးသား ပြည့်စုံအောင် ဟော ကြားနိုင်ပါအံ့နည်း။ ကာလကြာရှေ လွန်ပါလေလည်း သေသာသေ ကြရပေမည်တကား။

## (၁၁) လေ့ကျင့်ခန်းများ

၁။ ရန်ငြိုးဖျောက်နည်း ၁၁-ပါး အကျဉ်းရေးသား၍ သီမသမ္ဘေဒ မေတ္တာ၏ လက္ခဏာကိုလည်း သူသတ်သမား လာလျှင် ပြုစဉ်နှင့် တဏှ ပြပါ။

၂။ နစ္စ ဂီတနှင့် မာလာဂန္ဓစသည်သိက္ခာပုဒ် ၂-ပါးကို ၈-ပါးသီလ၌ တွဲ၍ ၁၀-ပါးသီလ၌ အဘယ့်ကြောင့် ခွဲထားသနည်း။ ရွှေငွေ ကိုင်ခံမှုနှင့် စပ်သော ၅-ချက်ကို နှစ်သက်ဖွယ်ရာ တင်ပြပါ။

၃။ မီးခံသေတ္တာသော့ ကိုင်ထားသော အရှင်မို့ သီလ မစင်ကြယ်ဟု ဆိုပံ့ပါမည်လော။ ရွှေငွေနှင့်စပ်၍ ကျင့်သုံးအပ်ပုံကို ထုံးတရပ် မှတ်ပြပါ။

၄။ လူများ၁၀-ပါးသီလစောင့်ကောင်းမစောင့်ကောင်းအကြောင်း ထင်သလို အကျဉ်းစီရင်၍ ဝိသာခါ အနာထပိဏ်တို့ ၁၀-ပါး သီလ အဘယ့်ကြောင့် မစောင့်သနည်း။ သီလအားလုံး ၂-မျိုး၌ ချုံးပြပါ။

၅။ အဂတိတရား ၄-ပါးကို ရေး၍ ဒေဝတာဗလိ အကျိုးရှိ-မရှိ၊ အဖိုးအိုနှင့် အဖွား မင်းတရားကို အလိုမကျပုံ သင့်ရုံမျှ ရေး သားပါ။

၆။ သာသနာနှင့် လောကဝယ် စာရိတ္တသီလ ပဓာနကျပုံကို ပြ၍ ဂရုဓမ္မဇာတ်ခင်း မင်းနှင့် မိဖုရား သီလလေးစားပုံကိုရင်း၊တိုင်း ပြည်ညွန့်ဖူး ၁၁-ဦးစာရင်းကိုရင်း ရေးသွင်းပါ။

၇။ ငါ့ထက်ကြီးသူ ငါ့အောက်လူ ရှယ်တူသေကြမျှားလှုပြီဟူသော ဗုဒ္ဓစကား ချွင်းချက်ရှိ-မရှိ ဓမ္မပါလဇာတ်နှင့်ညှိပြ၍ ငယ်သေး လျှင် မသေနိုင်သောဆေး ဇာတ်တော်အရ ဖော်နည်းရေးပါ။

၈။ တကယ်မိုက်လျှင် တကယ်မကြောက်၊ ယင်းယုတ္တိကိုထောက်ပြ၍ အကယ် လိမ္မာကလည်း အကယ် မကြောက်ပုံကို မဟာဒတ္တ မထေရ် ဖြစ်ရင်းသွင်း၍ ရေးပါ။

၉။ မာရ်မင်း တပ်ရင်း ၁၀-တွင် ဒုတိယ တပ်ဆွယ်၏ သတ္တိကို နိုင် ဘွယ်နှင့်တကွပြ၍ သီလ၏ အဆင့်ဆင့်ကျိုးများ၊စိတ္တဂုတ်မထေရ် စောင့်စည်းပုံများကို နည်းရအောင် ပြပါ။

၁၀။ သံသရာပြင်ကျယ် ရေပင်လယ်တွင် သီလသင်္ဘော၏ သဘော သွားနှင့် ဒါနဘာဝနာ ဥပမာများကိုရင်း၊ အဆောက်အဦဝယ် သီလသာ အုတ်မြစ်အခြေခံဖြစ်ပုံကိုရင်း ၅-ပါးသီလ နတ်ပြည် ရောက်ရပုံနှင့်တကွ ထောက်ပြပါ။

## ဒုစရိုက် ၁၀-ပါးအဖွင့်

**ကာမာဝစရကံ ၂၀-** ကာမ ၁၁-ဘုံ၌ အဖြစ် များသောကြောင့် ကာမာဝစရကံမည်သည်။ (ရူပ အရူပ ဘုံတို့၌လည်း အချို့ဖြစ်တတ်သေး၏။) အကုသိုလ်ကံ ၁၂-ပါး၊ ကုသိုလ်ကံ ၈-ပါး၊ ပေါင်း ၂၀-တည်း။ အကုသိုလ်စိတ် ၁၂-ခု၌ရှိသော စေတနာစေတသိက် ၁၂-ပါးကို အကုသိုလ်ကံ ၁၂-ပါးဟုခေါ်ရာယင်းအကုသိုလ်ကံသည် ကုသိုလ်စိတ် ၁၂-ခု၊ စေတနာကြဉ်သော စေတသိက် ၂၆-ခုဟူသော စိတ္တုပ္ပါဒ်၌ ဖြစ်ကြ၏။ဒုစရိုက်အားဖြင့် ပါဏာတိပါတစသော ၁၀-ပါးတို့တည်း။ အပါယ်ရောက်ကြောင်း မကောင်းသော အကျင့်များဖြစ်၍ ဒုစရိုက်မည်သည်။ (ပါဏာတိပါတ စသည် အဓိပ္ပါယ်များကို သီလအဖွင့်၌ အချို့ပြခဲ့ပြီးဖြစ်ရာ ကွင်းသမျှကိုသာ ဖွင့်ပြပေမည်။)

## ပါဏာတိပါတဆိုင်ရာ သိဖွယ်များ

**ပါဏ-အတိပါတအခွဲ** ပါဏ–ဟူသည် လောကအခေါ် သတ္တဝါ၊ ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေ ဟူသော အသက်တည်း။ အတိပါတ–ဟူသည် အသက်အတိုင်း မနေဘဲ လျင်စွာချခြင်း၊ သတ်ခြင်းဖြစ်သည်။ ရုပ်သက် နာမ်သက် ၂-ပါး (ရုပ်ဇီဝိတိန္ဒြေ နာမ်ဇီဝိတိန္ဒြေ ၂-မျိုး)တွင် နာမ်သက်ကို မသတ်နိုင်။ ရုပ်သက်ကိုသာ သတ်နိုင်၏။ သို့သော်လည်း အသက် ၂-ပါး စပ်၍တည်နေသောကြောင့် ရုပ်သက်ကို သတ်သဖြင့် နာမ်သက်ပါ သေတော့သည်။

ချဲ့ဦးအံ့။ ရုပ်တရားမှန်သမျှ ၁၇-ချက်(စိတ္တက္ခဏ ၁၇-ချက် ခဏငယ် ၅၁-ချက်) အသက်မပြည့်ခင် မည်သို့ပင်ပြုပေမဲ့ မချုပ်နိုင်ပေ။ သို့သော် ဓားလက်နက်စသည်တို့ဖြင့် ဇီဝိတ(ရုပ်သက်)၏ မှီရာမဟာဘုတ်ကိုထိခိုက်လိုက်လျှင် အထိခံရသောရုပ် ၁၇-ချက်ပြည့်မှ ချုပ်သော်လည်း အထိခံရသဖြင့် အားနည်းနေ၍ နောက်နောက်ရုပ်သစ်များ ဆက်လက်ဖြစ်ဖို့ရန်များစွာ ကျေးဇူးမပြုနိုင်လေသောကြောင့် ရုပ်များ အဆက်ဆက် ကြာရှည်စွာ ဆက်မဖြစ်နိုင်တော့ဘဲ ချုပ်ရတော့၏။ စပ်၍ တည်နေသော နာမ်သက်လည်း ချုပ်၍ သတ္တဝါသေရသည်။

**ကမ္မပထ မြောက်-မမြောက်** ဒုစရိုက် ၁၀-ပါးတွင် ရှေ့ ၇-ပါးအရ တရားကိုယ် (အကောင်အထည်) မှာ စေတနာဖြစ်၍ နောက် ၃-ပါးအရ တရားကိုယ်ကား လောဘ ဒေါသ ဒိဋ္ဌိ စေတသိက်တို့ ဖြစ်ကြသည်။ ယင်း ဒုစရိုက်များအတွက် ဆိုင်ရာအင်္ဂါ (အခြေခံအကြောင်း အချက်အလက်)များကို ပြထားရာ ၎င်းအင်္ဂါများ ပြည့်စုံမှ ကမ္မပထ (ပြစ်မှု)မြောက်၍ အပါယ်ပဋိသန္ဓေကျိုးများကို ဖြစ်စေနိုင်သည်။ အင်္ဂါမစုံလျှင် ပြစ်မှုမမြောက်။ ဒုစရိုက်သာဖြစ်၍ ပဋိသန္ဓေကျိုးမပေးနိုင်ဘဲ ဘေးရန်များခြင်း၊ အသက်တိုခြင်း စသော ပဝတ္တိကျိုးများကိုသာ ဖြစ်စေနိုင်သည်။ ထို့ကြောင့် ဆိုင်ရာဆိုင်ရာ အင်္ဂါပယောဂများကို လေးနက်စွာ မှတ်သားသင့်သည်။ အင်္ဂါ ၅-ပါး အဓိပ္ပာယ် ထင်ရှားပြီ။

**သာဟတ္ထိက ပယောဂ ၂-မျိုး** အသက်သတ်မှုကိုပြုကြောင်း လုံ့လကို ပယောဂ ဟု ခေါ်သည်။ ကိုယ်တိုင်သတ်ခြင်း သာဟတ္ထိက ပယောဂသည် ရည်ညွှန်း၊ မရည်ညွှန်း ၂-မျိုး ရှိရာ မောင်ရွှေကို ရည်၍ သတ်ရာ၌ မောင်ရွှေသေမှ ပြစ်မှုမြောက်သည်။ မည်သူဘဲ သေသေ မရည်ညွှန်းဘဲ သတ်လျှင် တယောက် ယောက်သေက ပြစ်မှုမြောက်၏။ (ခုဒ္ဒကပါဠ၊ ဌ) ဤစကားအရ မောင်ရွှေကို သတ်ရာ လက်ချော်၍ မောင်ငွေကို သတ်မိအံ့၊ ပြစ်မှု မမြောက်ဟု မှတ်ရမည်။ ညအခါ မောင်ရွှေကို သတ်မည်ဟု စောင့်နေရာ မောင်ငွေသာ လာသည်။ မောင်ရွှေဟုထင်ပြီး သတ်မိ၏။ ပါဏာတိပါတကံ ထိုက်သည်သာတည်း။ ထို့ကြောင့် မိဘလာသည်ကို သူခိုးထင်မှတ်၍ သတ်မိသော် မာတုဃာတက ပိတုဃာတက (မိဘသတ်) ကံထိုက်သည်သာတည်း။

**မသေခင် ပြစ်မှုမြောက်ပုံ** မောင်ရွှေကို အသေသတ်လိုက်ရာ ချက်ချင်း မသေ၊ နောက်ကျမှ ယင်း ဒဏ်ရာကြောင့် သေသည်။ သတ်ဆဲခဏ၌ပင် ကံထိုက်၏။ အသေ ရိုက်သတ်သော်လည်း မသေဘဲ ဖြစ်နေသဖြင့် နောက် နာကျင်ရုံ ထပ်ရိုက်ပြန်သည်။ ပထမ ဒဏ်ချက်ကြောင့် နောင်အခါ သေအံ့၊ ကံထိုက်သည်။ ဒုတိယ ဒဏ်ချက်ကြောင့် သေလျှင် ကံလွတ်၏။ ၂-ပါးစုံကြောင့် သေလျှင် ပထမရိုက်ခြင်းကြောင့်သာ ကံထိုက်၏။ လူတယောက်ကို အများဝိုင်းရိုက်ရာ၌ အကြင်သူ၏ ဒဏ်ချက်ကြောင့် သေ၏။ ထိုသူသာ ကံထိုက်သည်။

**အာဏတ္တိက ပယောဂ ၆-မျိုး**

၁။ ဝတ္ထု — သတ်သူ၊
၂။ ကာလ — နံနက် ညနေစသော အခါ၊
၃။ ဩကာသ — ရွာ တောစသော အရပ်၊
၄။ အာဝုဓ — ဓား လှံ စသော လက်နက်၊
၅။ ဣရိယာပထ — ခိုင်း သူ သတ် သူ့တို့၏ သွား ရပ် ထိုင် လျောင်းမှုများ၊
၆။ ကိရိယာဝိသေသ — ထိုး ခုတ် စသော အပြုအမူအထူး။

ဤစေခိုင်းပုံ ၆-မျိုးကို မှတ်၍ ပြစ်မှု မြောက် မမြောက် စိစစ်လေ။

**ပြစ်မှုမြောက်—မမြောက်** မောင်ရွှေကို သတ်ခိုင်းရာ မောင်ငွေကို သတ်ခဲ့အံ့၊ ခိုင်းသူလွတ်၍ သတ်သူသာ ကံထိုက်သည်။ ဝတ္ထုလွဲသောကြောင့်တည်း။ မောင်ရွှေကိုပင် သတ်ခဲ့ရာ ခိုင်းသူမှာ ခိုင်းဆဲခဏ၌ပင် ကံထိုက်၍ သတ်သူမှာ သတ်ချိန်၌ ကံထိုက်သည်။ (ကာလစသည်၌လည်း နည်းတူ) နံနက်သတ်ခိုင်းရာ ညကျမှ သတ်ခြင်း၊ ရွာမှာ သတ်ခိုင်းရာ တောမှာ သွားသတ်ခြင်း၊ ဓားဖြင့် သတ်ခိုင်းရာ လှံဖြင့်သတ်ခြင်း၊ထိုင်နေစဉ်သတ်ခိုင်းရာ ထသွားမှသတ်ခြင်း၊ထိုးသတ်ခိုင်းရာ ခုတ်သတ်ခြင်းစသည့် ချွတ်ယွင်းရာများ၌ ခိုင်းသူလွတ်သည်။ ထိုကိုရည်၍ "ဝိနည်းတတ်လျှင် ကြက်သတ်၊ အပြစ်မရှိ"ဟု မိန့်တော်မူကြသည်။ သို့သော် သဘောအားဖြင့်ခိုင်း၍ ချွတ်ယွင်းလျှင်သာ အပြစ်လွတ်ဖွယ်ရှိ၍ "သေသည်သာ လိုရင်း ငါဘယ်လိုခိုင်းခိုင်း သင်းတခုခုဖြင့် သတ်လိမ့်မည်"ဟု စိတ်ထားလျှင်ကား ၆-ပါးလုံး ချွတ်ယွင်းသော်လည်း ကံလွတ်ရန် ခဲယဉ်းသည်ဟု ဆရာမြတ်တို့ မိန့်ကြသည်။

**နိဿဂ္ဂိယနှင့် ထာဝရ** မြား သေနတ် ဗုံး အမြောက် စသည်ကို ပစ်လွတ်ခြင်းသည် နိဿဂ္ဂိယတည်း။ ရည်ညွှန်း၊ မရည်ညွှန်း ၂-မျိုးပင်ရှိရာ ကျားကိုပစ်ရာ သမင်သေအံ့။ ကံမထိုက်ပေ။ မည်သူသေသေဟု ပစ်ရာ၌ကား တဦးဦးသေလျှင် ကံထိုက်သည်။တွင်းတူး ကြောင့်ထောင်၊ အဆိပ်ဆေးဖော်၊ လူသတ်လက်နက် လုပ်ခြင်းစသည် များသည် ထာဝရပယောဂမည်၏။ ရည်ညွှန်း၊ မရည်ညွှန်းနှင့်စပ်၍ ကံထိုက်-မထိုက် နည်းတူပင်တည်း။ ဤထာဝရ ပယောဂအရာ အကျိုးပြီး

စေတတ်သော စေတနာသည် (မဂ်၏ အခြားမဲ့ ဖိုလ်စိတ်ဖြစ်သည်နှင့် တူရကား) လက်နက်စီရင်သူအား ၎င်းလက်နက်နှင့် နှစ်တရာကြာမှ သေလည်း လက်နက်ပြုပြီးခဏကပင် ကံထိုက်နေသည်။

**ဝိဇ္ဇာနှင့် ဣဒ္ဓိမယပယောဂ** သေစေလို၍ ဂါထာရွတ်၊ အင်းအိုင်ယတြာများစီရင်၊ ခုတ်ရိုက်စသည်ဖြင့် အတတ်နှင့်စပ်၍သတ်ခြင်းသည် ဝိဇ္ဇာမယပယောဂမည်၏။ ရည်ညွှန်း မရည်ညွှန်း ၂-ပါးပင် ပြားသင့်ရာ အတတ်ပညာဖြင့် လူကြီးကို သတ်၏။ ကံနိမ့်သောလူငယ်သေလျှင် လွတ်ဖွယ်ရှိသည်။ ပိတုမင်း စိတ်ဆိုး၍ အစွယ်ခေါက်သဖြင့် စူဠသုမနသူဌေး သေခြင်း၊ ယာမမင်းအမျက်ထွက်၍ သတ္တဝါတဦးကိုကြည့်သော် ထောပတ်ခဲ နေပူ၌ ထားသလို တခဏချင်း ကြေမွပျက်စီးသွားရခြင်းမျိုးသည် ဣဒ္ဓိမယမည်သည်။

## ပါဏာတိပါတဆိုင်ရာ အထူးမှတ်ဖွယ်

**စိတ်စေတနာ ပမာနဖြစ်ပုံ** သွေးရှိသော ခါး လုံများကို သတ်လို၍ ကောက်ရိုးပုံစသည်၌ ပစ်ထိုးသွင်းရာ ၎င်းအတွင်းရှိ လူစသော သတ္တဝါ တဦးဦးကို ထိုးမိ၍ သေသော်လည်း စေတနာမပါ၍ ကံမထိုက်။ ထိုးမိသောအတွေ့ကိုမှတ်၍ သတ္တဝါတဦးဦးရှိမှန်းသိလျက် ထပ်ထိုးသွင်းသော် တဦးဦးသေအံ့၊ ကံထိုက်သည်။ မိဘ ရဟန္တာသေမူ ဂရုကကံတည်း။

**လူလွဲသော်လည်း အရပ်မလွဲလျှင်** ခုတင်ပေါ်၌ မိမိမုန်းသူ မောင်ရွှေနေသည်ထင်၍ ခုတင်ပေါ် အိပ်သူကို သတ်ခိုင်းရာ မောင်ငွေနေခိုက်ဖြစ်၍ မောင်ငွေသေသွားသည်။ လူလွဲသော်လည်း အရပ်မလွဲ၍ ခိုင်းသူ သတ်သူ ၂-ဦးလုံး ကံထိုက်သည်။ အခြားကိစ္စများကိုလည်း နည်းယူဆုံးဖြတ်လေ။

**စေတနာမိုက်၍ ကံထိုက်ပုံ** ၁-အမောင် ဆင်းရဲလှတယ်၊ သေဘာမှ မြတ်သေး၏ဟု ရှင်ပြစ်ကိုပြောသူ။ ၂-မင်းကုသိုလ်ဘဲ၊ သေလျှင် ကောင်းရာရောက်မည်ဟု သေကျေးဇူးကို ပြောသူ။ ၃-ရှင်ပြစ်နှင့် သေကျေးဇူးကို စာရေး၍ ပို့လိုက်သူ။ ဤ ၃-ဦးတို့အား ထိုအပြော၊ ထိုစာအရ သေသွားအံ့၊ ကံထိုက်သည်။ သူ့သဘော သူ့ရောဂါအလျောက် သေသွားမူ ကံမထိုက်။ တစုံတရာမပြောဘဲ သေစေ

လိုသော စေတနာဖြင့် မုန်းသူ၏ အနီး၌ အဆိပ်လက်နက်ကို ချထားသည်။ ထိုဝတ္ထုဖြင့် သေရအံ့၊ ကံထိုက်၍ သူ့သဘော၊ ရောဂါအလျောက်သေမူ မထိုက်ပေ။ မောင်ရွှေ အတွက် ရည်၍ပြောခြင်း၊ စာပို့ခြင်း၊ မောင်ရွှေ အနီး၌ အဆိပ် လက်နက်တို့ကို ချထားခြင်း ပြုသော်လည်း မောင်ရွှေ မသေ။ ထိုစကား၊ ထိုစာ၊ ထိုလက်နက်ဖြင့် မောင်ငွေသေအံ့၊ ကံမထိုက်ပေ။

**ဖုတ်ထွက်အောင် ပြုခြင်း** အသက်မထွက်နိုင်၍ ဩဇာရွက်ကို အိပ်ရာ ခေါင်းအုံးအောက် ထားခြင်း၊ ဘိနပ်ကို ထားခြင်း၊ အမိုးကို ဖောက်ခြင်းများကို ပြုသော်လည်း ဤအမှုမျိုးကား ဖုတ်သက်နှင့်မှုမျိုးသာဖြစ်၍ သေအောင်ပြုနိုင်သော ကံမျိုးမဟုတ်သော ကြောင့် ကံမထိုက်ဟု ဆိုသင့်၏။ မိမိအသက်မိမိသတ်ရာ၌လည်း ပါဏာ-တိပါတကံ မထိုက်ပေ။

**ရဟန်းတော်များနှင့် ပါဏာတိပါတ** ဂိလာနရဟန်းသည် ဆေးအလုပ် အကျွေး ရှိပါလျက် သေလို၍ အာဟာရဖြတ်သေလျှင် ဒုက္ကဋ်အာပတ်သင့်၏။ ဟန်ပုံမပေါ်၍ အလုပ် အကျွေး ပင်ပန်းမည် စိုးသောကြောင့် အာဟာရဖြတ်လျှင် အာပတ် မသင့်။ (ဝိ၊ ၁၊ ၄၃) ဤကိုထောက်၍ ရဟန်းတော်များ မိမိကိုယ်ကို မိမိ သတ်လျှင် ဒုက္ကဋ်တည်း။ လူကိုသတ်လျှင် ပါရာဇိက၊ တိရစ္ဆာန်ကို သတ် လျှင် ပါစိတ်၊ ဘီလူးပြိတ္တာကိုသတ်လျှင် ထုလ္လစ္စည်း အာပတ် သင့်သည်။

## အပြစ်ကြီးငယ် အသွယ်သွယ်

**လုံ့လဝတ္ထု စေတနာ** ဂုဏ်ကင်းသော တိရစ္ဆာန်စသော သတ္တဝါ တို့တွင် ငှက်ကိုသတ်လျှင် လုံ့လနည်း၍ အပြစ်ငယ်သည်။ ဆင်ကိုသတ်လျှင် လုံ့လကြီး၍ အပြစ်ကြီး၏။ လုံ့လတူသော်လည်း ဝတ္ထုအကောင်အထည်ကြီး၍ အပြစ်ကြီးသည်။ ဝတ္ထုကြီး လျှင် သတ်သူ၏စေတနာ ထက်သန်အားကြီးသောကြောင့်တည်း။ (အနု ဋီကာ)လုံ့လကြီး၊ ဝတ္ထုကြီးခြင်းကြောင့် စေတနာ အားကြီး အပြစ် ကြီး၏။ (မူလဋီကာ)

**ဂုဏ်နှင့် စေတနာ ဤ ၂-ဖြာ** ဂုဏ်ရှိသော လူစသော သတ္တဝါတို့ တွင် သီလစသော ဂုဏ်နည်းသူ မုဆိုး တံငါကိုသတ်လျှင် အပြစ်နည်း၍ ဂုဏ်ကြီးသူ ရသေ့ရဟန်းများကို သတ်

သျှင် အပြစ်ကြီးသည်။ ဂုဏ်တူလျှင် စေတနာ ထက် မထက်လိုက်၍ အပြစ်ကြီးငယ် ကွာခြားသည်။ မိဘ ၂-ပါးတွင် အမိ၏ကျေးဇူးကြီး၍ အမိသတ်က အပြစ်ကြီးသည်။ အမိသည် သီလမဲ့၍ အဖက သီလရှိလျှင် အဖသတ်က အပြစ်ကြီး၏။ သောတာပန်ထက် သကဒါဂါမ်ကိုသတ်က အပြစ်ကြီး၏။ ရဟန္တာကို သတ်လျှင် အရဟန္တဃာတက အနန္တရိယကံကြီးထိုက်တော့သည်။

## ပါဏာတိပါတ ဖြစ်မှုပြ သာဓကများ

**ပဋိသန္ဓေနှင့် ပဝတ္တိကျိုး** အကြိမ်ကြိမ် ပြုအပ်သော ပါဏာတိပါတ စေတနာသည် (ငှက်တကောင်ကို လေးဖြင့်ပစ်သတ်ရာ၌သော်မှ စေတနာ အကြိမ်များစွာ ဖြစ်၏။) ငရဲ တိရစ္ဆာန်စသော အပါယ်ဘုံ၌ ပဋိသန္ဓေကိုဖြစ်စေ၍ အပေါ့ဆုံး အသေးငယ်ဆုံးသော အကျိုးကား အသက်တိုခြင်းစသော ပဝတ္တိ မကောင်းကျိုးများသည်း။ ဒုစရိုက် ၁၀-ပါးလုံး အလားတူပင် မှတ်အပ်၏။ ပဝတ္တိကျိုးသာ ကွဲပြားသည်။ ယာဒိသံ ဝပတေ ဗီဇံ တာဒိသံ ဟရတေ ဖလံ= "ကောင်းမျိုးစိုက်မှ ကောင်းပင် ရ၊ သီးက ကောင်းပေမည်"ဟူသည်နှင့်အညီ မကောင်းသော အကျင့်အကြံ ဒုစရိုက်မှန်သမျှ မကောင်းကျိုးကိုသာ ခံစားရမည့်တည်း။

**ဝက် နွား သတ်ဘိ အဝီစိ** ဘုရားရှင် ရာဇဂြိုဟ် ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံးစဉ် အနှစ် ၅၀-ပတ်လုံး ဝက်သတ်အသက်မွေးသော စုန္ဒသည် သေကာနီး ၇-ရက်လုံး ဝက်ကဲ့သို့ ၄-ဖက်ထောက် ဝက်သံ အော်လျက် (ရေနွေးပူ လောင်းသတ်ခဲ့သည့်အားလျော်စွာ) ငရဲမီးလောင်၍ သေ၊ အဝီစိကျသည်။

မြတ်စွာဘုရား သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် နှစ် ၅၀-ပတ်လုံး နွားသတ်၍ အသက်မွေးသော နန္ဒသည် တနေ့သ၌ သူစားရန် အမဲကို မိတ်ဆွေများ ယူသွားသဖြင့် နွားအရှင်တကောင်၏ လျှာကို ဖြတ်လှီးချက်စားဆဲ သူ့လျှာ ပြတ်၍ကျ၊ နွားကဲ့သို့ အော်သေ၊ အဝီစိကျရသည်။

**ငှက်တောင် ရိုက်ချိုး ရောဂါဆိုးရ ပုတိဂတ္တ** ကဿပဘုရားရှင် လက်ထက် ငှက်မုဆိုးတဦး သည် ရပြီး ငှက်များကို မပျံနိုင်အောင် အတောင် ချိုးထားလေ့ရှိ၏။ တနေ့သ၌ ဆွမ်းခံ ရဟန္တာတပါးအား သဒ္ဓါစိတ်ဖြင့် ဆွမ်း၊ ဆွမ်းဟင်းများ လောင်းလှူပြီး "အရှင်ဘုရားတို့ သိအပ်သော တရားကို သိရပါလို၏" ဟု ဆုတောင်းသည်။ ငါတို့ ဂေါတမဘုရားလက်ထက်တွင် သာဝတ္ထိပြည်သား ရဟန်းဖြစ်လေသည်။ ကာလကြာသော် မုန်ညင်းစေ့ခန့်က တစတစ ဥသျှစ်သီးခန့် ကျအောင် အိုင်းအမာများပေါက်၊ ရောဂါကြီး ရောက်သည်။ သွေးရေပြည်ပုပ် စက်ဆုပ်အပ်သော ကိုယ်ရှိ၍ ပုတိဂတ္တမထေရ်ဟု တွင်၏။ ၎င်းရောဂါရ၍ ဘုရားကြွလာ၊ တရားနာပြီး ရဟန္တာဖြစ်၊ ပရိနိဗ္ဗာန် စံယူသည်။ ယင်း ကိုယ်တော်နှင့် စပ်၍ "ငါ ဘုရားကို ပြုစု လုပ်ကျွေးသူမည်လိုလျှင် ဂိလာန (သူနာ) ရဟန်းကို ပြုစုလုပ်ကျွေးကြ" ဟု ဘုရားရှင်မိန့်တော်မူသည်။ ဤဝတ္ထုကို ထောက်၍ ဓမ္မိယလဒ္ဓ ပစ္စည်း မဟုတ်သော်လည်း ဝဋ္ဋမှ ထွက်မြောက်မှုကို တောင့်တလှူလျှင် ရဟန္တာ ဖြစ်သည်အထိ အကျိုးရကြောင်း သိသာသည်။ (ဓမ္မိယလဒ္ဓ ပစ္စည်း ဖြစ်ပေမဲ့ ဝဋ္ဋကို တောင့်တလျှင် ဝဋ္ဋ၌သာ လည်ရသည်။)

**ပြိတ္တာများစွာ သံဝေဂယူဖွယ်ရာ** ရာဇဂြိုဟ်၌ နွားသတ် ယောကျ်ားသည် ငရဲ၌နှစ်ပေါင်းများစွာကျပြီး၍ ကြွင်းကျန်သော အကျိုးအရ ဂိဇ္ဈကုဋ်တောင်၌ လင်းတ ကျီး သိမ်းစွန် တို့၏ ထိုးဆွခြင်းကို သနားဖွယ်ရာ အော်မြည်လျက် ခံနေရကာ ကောင်းကင်၌ သွားနေရသော အရိုးစုပြိတ္တာ ဖြစ်နေရသည်။

တဦးသော နွားသတ် ယောကျ်ားမှာမူ မံသပေသိက=အသားတစ်ပြိတ္တာ။ ငှက်မုဆိုးတဦးကား မံသပိဏ္ဍိ=အသားစိုင်ပြိတ္တာ။ ဆိတ်သတ်ယောကျ်ားကား နိစ္ဆဝိပုရိသ=အပေါ်ရေမရှိသော ပြိတ္တာ။ ဝက်သတ်ယောကျ်ားသည် မိမိ၏ဓားသန်လျက်ကဲ့သို့အမွေးများကျွတ်၍ မိမိကိုယ်၌စူးဝင်ခြင်းကို ခံရသော အသိလောမ=သန်လျက် အမွေးရှိသော ပြိတ္တာ။ သားသတ်ယောကျ်ားသည် အလားတူ အမွေးစူးခံရသော သတ္တိလောမ=လှံမွေးရှိသော ပြိတ္တာ။ လူကို လေးဖြင့် ပြစ်၍ သတ်ဘူးသော အာဏာသားသည် အလားတူ အမွေးစူးခံရသော ဥသုလောမ=မြားမွေးရှိသောပြိတ္တာ။ ရာဇဝတ်သားများကို ဦးခေါင်းဖြတ် သတ်ရသော

ဟာရိကလူသတ်ထောင်မှူးသည် ရင်ဘတ်၌ ပါးစပ်မျက်စိနေ၍ ဦးခေါင်း မပါ ကိုယ်ချည်းသာ ဖြစ်သော အသီသက=ဦးခေါင်းမရှိ ပြိတ္တာဖြစ်ရ ရှာသည်။

**တကြိမ်ပြုဖြစ် အပြစ်အသခဲ့ျ** ဒိဋ္ဌလက်ငင်း ၇-ရက်အတွင်း အကျိုး ပေးနိုင်သော ပထမဇောကို ချန်၍ ကြွင်းသော ဇောများတွင် ဇောစိတ်တခုသည် တဘဝအကျိုး ပေးနိုင်ရာ သရက်စေ့တစေ့သည် အပင်ဖြစ်လာသေအခါ အသီးများစွာရသကဲ့သို့ ပါဏာတိပါတကံ တခု၌ ဇောစိတ်ပေါင်း ကုဋေတသိန်း မကဖြစ်ရာ ဘဝ ပေါင်း ကုဋေတသိန်းမက မကောင်းကျိုး ရတော့သည်။ ကုသိုလ်တကြိမ် ပြုရာ၌လည်း နည်းတူပင်တည်း။ ( လျှာဖြတ်၍ ချက်စား နွားသတ် ယောကျ်ား စားရင်းသေ၍ ငရဲကျသကဲ့သို့ ပထမဇောသည် ၇-ရက် အတွင်း လက်ငင်း အကျိုးပေးသည်။ သတ္တမဇောကား ဒုတိယဘဝအကျိုး ပေး၍ အလယ်ဇော ၅-ချက်ကား သံသရာက မထွက်မချင်း တတိယ ဘဝမှစ၍ အကျိုးပေးသည်။)

**လင်းတကျိုး သိန်း ငရဲထိန်း** ကောင်းကင်၌ သွားနေသော ပြိတ္တာများကို လိုက်၍ ထိုးဆိတ်နေကြသော စွန်၊ လင်းတ စသည်တို့ကား တိရစ္ဆာန်ဇာတ် စွန်စသည်များ မဟုတ်ကြ။ ငရဲထိန်း ဖြစ်သော စတုမဟာရာဇ်နတ်အပါအဝင် ဘီလူးများဖြစ်ကြသည်။ ပြိတ္တာ နှင့် ငရဲထိန်းများကို ပကတိမျက်စိဖြင့် မမြင်ရ။ ၎င်းတို့၏အသံကို မကြား ရပေ။ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတအရာသာ ဖြစ်သည်။ ထို့ကြောင့် ပကတိမျက် စိဖြင့် မြင်ရသော တီ၊ မျှော့ စသည်တို့ကား ပြိတ္တာမဟုတ်။ တိရစ္ဆာန် သာတည်း။

**ပြိတ္တာတိုင်း ဂိဇ္ဈကုဋ်မှာမဟုတ်** ရာဇဂြိုဟ်ပြည်သားများဖြစ်၍ ရာဇဂြိုဟ် မြို့အနီး ဂိဇ္ဈကုဋ်ကျောင်းမှာ ပြိတ္တာများ ဖြစ်နေကြသည်။ ပြိတ္တာမှန်သမျှ ဂိဇ္ဈကုဋ်မှာချည်း မဟုတ်။ အခြားနေရာ များ၌လည်း ရှိကြသည်သာတည်း။ နွားသတ်သမားချင်း တူသော်လည်း နွားသတ်ကံပြုစဉ်က ထင်မြင် စိတ်စွဲသည့် အာရုံ(ကမ္မနိမိတ်)အား လျော် စွာ အသားပုံကို စိတ်စွဲသူသည် သေခါနီး အသားပုံ ကမ္မနိမိတ်ထင်၍ ငရဲကျ။ လွတ်သော် ၎င်းအသားပုံ ကမ္မနိမိတ်ပင် ထင်ကာ ပြိတ္တာ ဘုံ၌ အသားပုံ အသားတုံးပြိတ္တာ ဖြစ်ရသည်။ အရိုးစု ပြိတ္တာ ဖြစ်ပုံ စသည် နည်းတူပင်တည်း။

## အဒိန္နာဒါနဆိုင်ရာ သိမှတ်ဖွယ်များ

**စိတ်ဖြင့် အပေးမမြောက်** အဒိန္န ပိုင်ရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော ဥစ္စာကို အာဒါန ခိုးယူခြင်းတည်း။ ကိုယ်နှုတ်တို့ဖြင့် ပေးမှ ပေးရာရောက်သည်။ စိတ်ဖြင့် ပေးလျှင် အပေး မမြောက်သောကြောင့် "ကိုယ်နှုတ်တို့ဖြင့်" ဟူသော စကားကို သုံးစွဲရသည်။ (မဏိမဥ္ဇူ) ဤ ဒုစရိုက်ကား သိမ်မွေ့နူးညံ့ လေးနက်လှသဖြင့် သတိပညာရှေ့ထား၍ မှတ်သားစောင့်စည်းသင့်သည်။

**သူတပါး ဥစ္စာလည်း ဖြစ်စေ** ဤ၌ပထမအင်္ဂါဝယ် ၁–မိမိလက်မှရင်း၊ ထားမြဲအရပ်မှရင်း မစွန့်အပ်သေးသော အနိဿဋ္ဌဥစ္စာ။ ၂–ထားမြဲအရပ်၌ပင် တည်၍ တွယ်တာမှုရှိလျက် မစွန့်အပ်သေးသော အပရိစ္စတ္တဥစ္စာ။ ၃–အစောင့် ထား၍ စောင့်ရှောက်အပ်သော ရက္ခိတဥစ္စာ။ ၄–သေတ္တာ စသည်၌ ထား၍ လုံခြုံစေအပ်သော ဂေါပိတဥစ္စာ။ ၅–ငါ့ပစ္စည်းဟု စွဲလမ်းမြတ်နိုးအပ်သော မမာယိတဥစ္စာ။ ၆–မစွန့်မှု၍ စောင့်ရှောက်ခြင်း၊ လုံခြုံစေခြင်း တို့ဖြင့် (တပါးသော) ဥစ္စာရှင်များ ကိုယ်တိုင် စောင့်အပ်သော ပရပရိဂ္ဂဟိတဥစ္စာ။ ဤ ၆-ပါးသည် အဒိန္န=သူတပါး ဥစ္စာ ဖြစ်သည်။ (ဝိ၊ ၁၊ ၄၁) (ပယောဂ ၆-ပါး သိလွယ်ပြီ။)

## ခိုးခြင်းအပြား ၂၅-ပါး မှတ်ဖွယ်

### နာနာဘဏ္ဍပဉ္စက=ပစ္စည်း အမျိုးမျိုး ခိုးခြင်း ၅-ပါး အပေါင်း

**တရားဆင်ခိုး အာဒိယန** သူတပါး ဥယျာဉ် ခြံမြေ စသည်ကို မိမိလိုချင်၍ တရားစွဲအံ့၊ ဒုစရိုက်ဖြစ်လေပြီ။ ပြစ်မှုကား မမြောက်သေး။ မိမိကနိုင်၍ ပိုင်ရှင်က ငါမရတော့ပါ–ဟု ဝန်ချလျှင် (စိတ်နှလုံး ဒုန်းဒုန်းချလိုက်လျှင်) ပြစ်မှု ကမ္မပထ မြောက်ပေပြီ။

**ယူခဲ့သောဥစ္စာခိုး ဟရဏ** သူတပါး ပေးလိုက်သော ဥစ္စာကို ခိုးလိုစိတ်ဖြင့် ကိုင်အံ့၊ ဒုစရိုက်ဖြစ်၏။ ဦးခေါင်းမှ ပခုံးသို့ ချသော်၊ လက်တဖက်မှ တဖက်သို့ ပြောင်းသော် ခိုးမှု မြောက်တော့သည်။

**အပ်ထား ဥစ္စာခိုး အဝဟရဏ** ဥစ္စာရှင် လာတောင်း၍ ငါမယူဟု ဆိုလျှင် ဒုစရိုက်။ အပ်သူက ငါမရတော့ပြီ၊ အအပ်ခံရသူကလည်း ငါမပေးပြီဟု ၂-ဦးလုံး ဝန်ချသော် ခိုးမှု မြောက်၏။ တဦးဦးက ဝန်ချရုံဖြင့် ခိုးမှု မမြောက်သေးပါ။

**ဣရိယာပုထ် ဖျက်ခိုး ဣရိယာပထ ဝိကောပန** သူတပါး နွားစသည်ကို ခိုးလိုစိတ်ဖြင့် ကိုင်အံ့၊ ဒုစရိုက်။ နေရာမှ ရွေ့စေသော် ခိုးမှု မြောက်ပေပြီ။

**တည်ရာရွေ့စေ၍ခိုး ဌာနာစဝန** သူတပါး၏ ရွှေငွေကိုကိုင်အံ့၊ ဒုစရိုက်။ နေရာမှ တဆံချည်မျှရွှေစေသော် ခိုးမှုမြောက်သည်။

**နာနာနှင့် ဧကဘဏ္ဍ ပဉ္စက အထူး** သူတပါး၏ ကျွဲနွား စသော သက်ရှိ တခုတည်းသော ဥစ္စာကို တရားဆင်၍ ခိုးခြင်း စသော ၅-ပါး အပေါင်းသည် ဧကဘဏ္ဍပဉ္စက မည်၍ သူတပါး သက်ရှိ သက်မဲ့ အမျိုးမျိုးသော ဥစ္စာကို ခိုးခြင်း ၅-ပါး အပေါင်းသည် နာနာဘဏ္ဍပဉ္စက မည်သည်။

### သာဟတ္ထိကပဉ္စက—ကိုယ်တိုင် ခိုးခြင်း စသော ၅-ပါးအပေါင်း

**ပစ်လွှင့်ခိုး နိဿဂ္ဂိယ** ကင်းစောင့်ရာ အရပ်၏အတွင်းဖက်မှအပြင်ဖက်သို့ ပစ်ချ ခိုးခြင်းမျိုးတည်း။

**မခိုးမိ ကံမြောက် အတ္ထသာဓက** တတ်နိုင်သောအခါခိုးပါဟု အခိုးခိုင်းခြင်းမျိုးတည်း။ အခိုင်းခံရသူသည် နောင်ခါ မှချခိုးမည်ဖြစ်လျှင် ခိုင်းသူမှာ ခိုင်းဆဲခဏ၌ ပြစ်မှုမြောက်၍ အခိုင်းခံရသူမှာ ခိုးယူချိန်၌သာ ကံထိုက်သည်။

### ပုဗ္ဗပယောဂပဉ္စက—ရှေးလုံ့လ၌ ကံမြောက်သော ခိုးမှု ၅-မျိုး

မခိုးမိကံမြောက် ပုဗ္ဗပယောဂ =စေခိုင်း၍ ခိုးခြင်း အာဏတ္တိကမျိုးတည်း။

ခိုးချိန် ကံမြောက် သဟပယောဂ =တည်ရာမှရွှေစေ၍ခိုးခြင်း ဌာနာစဝနမျိုး။

တိုင်ပင်ခိုး သံဝိဓာဝဟာရ =ဦးရှေ၏ ဥစ္စာကို ခိုးရန် ၃-ဦး တိုင်ပင် သဘောတူထားသည်။ တဦးဦးက ခိုးလျှင် ကြွင်း ၂-ဦး ခိုးရာ မပါသော်လည်း ၃-ဦးလုံး ပြစ်မှုမြောက်သည်။

အချိန်းအချက်ပြုခိုး သင်္ကေတကမ္မ =ည ၁၂-နာရီ ခိုးမည်ဟု ၃-ဦး ချိန်း ထား သည်။ ထို အချိန် အတိုင်း တဦးဦးကခိုးလျှင် အားလုံး ပြစ်မှုမြောက်၏။ အချိန်လွဲလျှင် ခိုးသူသာ ကံထိုက်၍ ခိုးရာ မပါသူများ လွတ်သည်။

အမှတ်ပြုခိုး နိမိတ္တကမ္မ =မျက်စိ မှိတ်ခြင်း၊ လည်ညိတ်ခြင်းစသော အမှတ်ပြု ခိုးသော် အားလုံး ပြစ်မှု မြောက်သည်။ သင်္ကေတကမ္မအတိုင်းပင်တည်း။

## ဝေယျာဝဟာရပဉ္စက—ချိန်ဘောင်းစဉ်းလဲခိုးမှု ၅-မျိုး

**ချိန်တင်းစဉ်းလဲခိုး ထေယျာဝဟာရ** အိမ်၊ခြံစပ် စသည်ကို ဖောက်၍ ၎င်း၊ တင်းထိမ်၊ ချိန်ခွင်ကတ္တားလိမ်၊ ရွှေလိမ်၊ ငွေလိမ်စသည်တို့ကိုပြု၍၎င်း ခိုးခြင်းမျိုးတည်း။

**နှိပ်စက်ခိုး ပသယှာဝဟာရ** အနုကြမ်းစီးခြင်း၊ ဒမြတိုက်ခြင်း၊ နိုင်ပေါက် ကိုင် ၍ ငွေညှစ်ခြင်းမျိုးတည်း။

**ကြံဆခိုး ပရိကပ္ပာဝဟာရ** ရွှေ ငွေကိုသာ ခိုးမည်ဟူသော သဘောထား၍ ဥစ္စာထုပ်ကိုယူအံ့၊ ရွှေ ငွေ ဖြစ်သော် ချိကြွသောခဏ၌ ကံမြောက်၏။ အဝတ်စသည် ဖြစ်သော် ကံမမြောက်။ ရရာယူမှာဘဲဟု ခိုးလျှင် ကံမြောက်သည်။ဤ**ကား** ဥစ္စာကိုကြံ၍ ခိုးခြင်းတည်း။

ဥယျာဉ်စသည်အတွင်း၌ သစ်သီးစသည်ကိုယူပြီး ဤအရပ်တိုင် ယူဆောင်၍ ဥစ္စာရှင်မြင်လျှင်ပြန်ထား၊ မမြင်လျှင် ယူမည်ဟု အရပ်ကို ကြံဆ၍ ခိုးသူအား ကြံဆသောအရပ်လွန်မှ ကံမြောက်သည်။ ဤကား အရပ်ကို ကြံဆ၍ ခိုးခြင်းတည်း။ ဤသို့ ပရိကပ္ပာဝဟာရ ၂-ပါးပြားသည်။

**ဖုံးခိုး ပဋိစ္ဆန္နာဝဟာရ** မြေ မြက် သစ်ရွက်စသည်တို့ဖြင့် လက်ငှပ်စသည်ကို ဖုံးလွှမ်း၍ ခိုးယူခြင်းမျိုးတည်း။

**ကဗျည်းပြောင်းခိုး ကုသာဝဟာရ** ပစ္စည်းမဲချဝေရာဝယ် သူတပါးကျသော ဥစ္စာ၌ မိမိ မဲလိပ်ဖြင့် ပြောင်း၍ ခိုးခြင်းမျိုးတည်း။

## အဒိန္နာဒါနဆိုင်ရာ အထူးမှတ်ဖွယ်

**ကံမထိုက်သောခိုးယူခြင်းများ** ပိုင်ရှင်မရှိသော ဥစ္စာကို ပိုင်ရှင်ရှိ၏ဟု မှတ်ယူ၍ခိုးခြင်း၊ မိမိ ပစ္စည်းကို သူတပါးပစ္စည်းမှတ်၍ ခိုးခြင်းတို့သည် ကံမမြောက်ပေ။ ဒုစရိုက်သာ ဖြစ်သည်။ အလားတူပင် နဂါး၊ ဂဠုန်၊ တိရစ္ဆာန်များ၊ ဘီလူး၊ ပြိတ္တာ၊ နတ်သိကြားများ သိမ်းဆည်းထားသောပစ္စည်းကို ယူခြင်းများလည်း အဒိန္နဒါန် မထိုက်။

(၁) မြင်ဘူးသော သံဒိဋ္ဌမိတ်ဆွေ၊ အတူတကွနေထိုင်စားသောက်ဘူးသော သမ္ဘတ္တမိတ်ဆွေ၊ ငါပိုင်ပစ္စည်းများမှ လိုရာရှိလျှင် ယူသာယူဟု ဖိတ်ဘူးသော အာလပိတမိတ်ဆွေ။ ဤ ၃-ဦးတို့တွင် တဦးဦး ဖြစ်ခြင်း။

(၂) ၎င်းပုဂ္ဂိုလ်များ အသက်ရှင်ဆဲ ဖြစ်ခြင်း= ဇီဝတိ။

(၃) ယူလျှင်ဝမ်းသာခြင်း=ဂဟိတေ အတ္တမန။ ဤ အင်္ဂါ ၃-ပါး ရှိသူ၏ ပစ္စည်းကို ယူရာ၌ ချစ်ကျွမ်းဝင်၍ ယူရာရောက်သဖြင့် အပြစ်လုံးဝမရှိပေ။(ဝိ၊၁၊၄)

## အပြစ်ကြီးငယ် အသွယ်သွယ်

**ယုတ်မြတ်ဂုဏ်ကြီး တနည်း ၅-ပါး** ယုတ်သောဥစ္စာထက် မြတ်သော ဥစ္စာကိုခိုးလျှင် အပြစ် ပိုကြီး၏။

ဥစ္စာတူမျှသော် သီလစသော ဂုဏ်နည်းသူထက် ဂုဏ်ကြီးသူ၏ ဥစ္စာ၌ အပြစ်ပိုကြီးသည်။ ထို့ပြင်—

ဥစ္စာဟူသောဝတ္ထု —ဟင်းသီးဟင်းရွက်ထက် ရွှေငွေခိုး ပိုကြီးသည်။

ခေတ်အခါကာလ —ဆန်စပါးပေါ်ချိန် တတင်းထက် ရှားချိန် တပြည်ခိုးလျှင်—

အရပ်ဒေသ —စပါးပေါသော လယ်တောမှာထက် ရှား သောတော၌ ခိုးလျှင်—

တန်ဖိုးအရွယ် —ငွေ ရာ ထောင် ထက် ပတ္တမြားဆံကျိုးခိုး လျှင်—

သုံးဆောင်ခြင်း ပရိဘောဂ—ဝတ်ပြီး အဝတ်ထက် အသစ်စက် စက်ကိုခိုးလျှင်အပြစ်ပိုကြီးပေသည်။

## အဒိန္နာဒါန ပြစ်မှုပြ သာဓကများ

**မာတလိအဖြေ** မြားနှင့်ပစ်၊ လှံအမျိုးမျိုး အထိုးခံရသော သတ္တဝါတုဒန ငရဲကို မြင်၍ နေမိမင်းကြီးကမေးရာ လူဖြစ်စဉ် ဥစ္စာ စပါး ကျွဲနွားရွှေငွေ ခိုးယူမိချေသောကြောင့် ဤသို့ခံရသည်ဟု မာတ- လိနတ်သားက ပြန်ပြောသည်။ (နေမိဇာတ်)

**သံဃာ့ဦးဖျား စားသူများ** ၆၂-ကမ္ဘာ ဖုဿ ဘုရားလက်ထက် ညီ နောင် ၃-ပါး မင်းသားများ အလှူ ဝယ် သံဃာ့အဦးအဖျား ယူစားမိကြသော အလုပ်သမား ၈၄၀၀၀-တို့ သည် နှစ်ပေါင်းများစွာ ငရဲကျ။ ကောဏ္ဍာဂမနဘုရား လက်ထက်တော်မှ စ၍ ဘုရား၄-ဆူအကြား ကာလပတ်လုံး အဝတ်အစားမရသော ခုပ္ပိပါ- သပြိတ္တာ ၈၄၀၀၀-ဖြစ်ကြရသည်။ ငါတို့ဘုရားလက်ထက် ဆွေမျိုး ဗိမ္ဗိ- သာရမင်းအလှူ အမျှရကြမှ ကျွတ်သွားကြသည်။

**သူဌေးသား ခိုးတေ ခေါင်းပြတ်သေ** ဘုရားရှင် ရာဇဂြိုဟ် ဝေဠုဝန်၌ သီတင်းသုံးစဉ် ရာဇဂြိုဟ် မဟာ ဓနသူဌေးသားသည် ငယ်စဉ်အခါ ပညာမသင် ပျော်ရွှင်မိုက်မဲ အပေါင်း လွဲ၍ ဆင်းရဲခဲ့ရာ ခိုးသူများက အဖော်ခေါ်သွား ခိုးမိမှားသဖြင့် ခေါင်း ပြတ်ခံ သေရသည်။ အသတ်မခံရမီ သုလသာ ပြည့်တန်ဆာမက ပေးလာ သော ကတွတ်မုန့် ၄-ခုနှင့် ရေတခွက်ကို ရှင်မောဂ္ဂလာန်အား လှူသည့် အတွက် ညောင်ပင်တွင် ရုက္ခစိုးနတ် ဖြစ်ရသည်။

**ဝတ်လစ်စလစ် နတ်သမီးတဦး** ဘုရားရှင် ဝေဠုဝန်၌ သီတင်းသုံးစဉ် သာဝတ္ထိ ပြည်သား ကုန်သည် ၇၀၀ သင်္ဘောဖြင့် သွားရာ ဆန်းကြယ်သော ဗိမာန်တခု၌ အဝတ်ကင်းသော နတ်သမီးကို တွေ့ကြ၍ အကြောင်းကို မေးရာ ရဟန္တာအား ဆီထွေးနှမ်း ဖတ် လှူမိ၍ ဤနတ်ဗိမာန်၌ ခံစားရသည်။ သူတပါး၏ ပုဆိုးကို ဝှက်ဘူး သောကြောင့် အဝတ် မဝတ်ရပါ။ မကောင်းမှု ကျန်သေး၍ နောက် ၄-လကြာလျှင် အဝီစိသွားရဦးမည်ဟု ဖြေသည်။ (ပေတဝတ္ထု။)

**ပုဆိုး မဆီး ရက္ခစိုးကြီး** ဘုရားရှင် သာဝတ္ထိ၌ သီတင်းသုံးစဉ် ဝေသာလီပြည်တွင် တူဝရီး ၂-ယောက် ခိုးမှု ရောက်၍ တူဖြစ်သူ ကားစင်တင်၊ ဝရီး ဖြစ်သူ ခေါင်းဖြတ် အသတ်ခံရ သည်။ ဝရီးဖြစ်သူသည် မနေဇ၀ နတ်မြင်းနှင့်တကွ ရက္ခစိုးနတ်ကြီးဖြစ်၏။ ပုဆိုးကား မရှိပေ။ သန်းခေါင်အခါတိုင်း "သေမှုထက် ရှင်မှုက မြတ် သည်"ဟု တူကို အမြဲ ဆုံးမလာ၏။ တနေ့တွင် ဝေသာလီပြည့်ရှင် အပ္ပ- သက္ကာရ လိစ္ဆဝီမင်းနှင့် တွေ့၍ ဆိုဆုံးမစကား အဓိပ္ပာယ်ကို မေးရာ "ဤ သူကား လှူဘဝ၌ ကျွန်ုပ်၏ တူဖြစ်သည်။ ခိုးမှုကြောင့် သေလျှင် ငရဲ ကျမည်ထက် ယခု တံကျင်လျှို ခံရခြင်းက မြတ်၍ ဤ ဆုံးမ စကားကို ဆိုသည်"ဟု ဖြေသည်။

**ကောင်းဆိုး ၂-တန် ကံစီမံ ခံစံကြရသည်** ရက္ခစိုး၏ ဘဝရပ်တည်မှု အခြေအနေကို လိစ္ဆဝီမင်းက မေးရာ နွားခေါင်းရိုးများ တံတားခင်းခဲ့ရ၍ နတ်မြင်းကို ရပါသည်။ ဒေါသနည်း၍ ကျွန်ုပ်အဆင်းလှကာ သူတပါး ဂုဏ်ကျေးဇူးကို အမှန် ချီးမွမ်း ပြောဆိုပါ၍ အနံ့မွှေးကြိုင်ပါ၏။ ရေချိုးသူ မိတ်ဆွေ၏ ပုဆိုး ကို ကျီစားလို၍ ဝှက်ဘူးသောကြောင့် အဝတ်မရပါဟု ရက္ခစိုးက ဖြေ သည်။

## ကာမေသုမိစ္ဆာစာရဆိုင်ရာ သိဖွယ်များ

**အင်္ဂါ ၄-ပါး ၃-ပါး ဝိနိစ္ဆယ** ကာမေသုမိစ္ဆာစာရပြစ်မှုမြောက်ဖို့ရာ အင်္ဂါ ၄-ပါးဟု အဋ္ဌကထာ မိန့်ချက် အရ အမွေ စော်ကားခံရသူ မိန်းမများ၌ ပေါင်းသင်းလိုစိတ် မပါခြင်း၊ လုံ့လမစိုက်ခြင်း၊အင်္ဂါ ၂-ပါးမရှိခြင်းကြောင့် ထိုမိန်းမများ မိစ္ဆာစာရ- ကံ မထိုက်ဟု ဆရာအချို့ မိန့်ကြသည်။

ယင်းသို့ဆိုစေကာမူ လုံ့လစိုက် လှူပ်ရှားမှုဟူသည် များသောအားဖြင့် ယောကျ်ားများသာရှိ၍ မိန်းမများ၌ မရှိရကား ပေါင်းသင်းလိုစိတ်ပါမှ သာ ပဓာနဖြစ်သည်။ (လှူပ်ရှားမှုသည်ပဓာနမဟုတ်။) ထို့ကြောင့် အင်္ဂါ ၄-ပါးဟု အဋ္ဌကထာ ဆိုသည်ကား ယောကျ်ားများနှင့် စပ်၍ အလွန် ဆိုထားသည်ဟု မှတ်ရမည်။

ဤသို့ မမှတ်လျှင် "အကယ်၍ အဓမ္မခံရသူ မိန်းမသည် လုံ့လပြုမှု မပါ၍ ကံမထိုက်ဟုဆိုလျှင် ပေါင်းသင်းလိုစိတ်ဖြစ်လာ၍ ငြိမ်သက်စွာ အိပ်နေသော လင်ရှိ မိန်းမအားလည်း ယောကျ်ားတပါးနှင့် မှားခြင်း ကြောင့် မိစ္ဆာစာရ ကံမထိုက်" ဟူသော အပြစ်ရောက်ပေမည်ဟု ရှင်းပြ ထားသည်။ (အနုဋီကာ)

ဤအနုဋီကာစကားအရ ယောကျ်ား ၄-ပါး၊ မိန်းမ ၃-ပါးဟု မှတ် သားဖွယ် ဖြစ်သော်လည်း သာမည အနေအထား ပြုပြင်မှုကို ပင်လျှင် "ပေါင်းဖော် မှီဝဲခြင်းငှာ လုံ့လပြုခြင်း" အင်္ဂါဟု ယူနိုင်ခြင်းကြောင့် ယောကျ်ားလည်း ၄-ပါးဟုပင် အဋ္ဌကထာ မိန့်ပြချက်အတိုင်း မှတ်အပ် သည်ဟု ဆရာမြတ်တို့ ဆုံးဖြတ်တော်မူ၏။

## မသွား မလာအပ်သော အဂမနိယဝတ္ထု ၂၀

**မိန်းမ ၈-ယောက် ကံမမြောက်** မိန်းမ ၁၀၊ မယား ၁၀၊ ပေါင်း ၂၀-တို့တွင် အမိစောင့်သော မိန်းမ အစ သီဘင်းသုံးဘော်စောင့်သော မိန်းမအဆုံးရှိသော ၈-ယောက်တို့ သည် သူတို့၏ ဖောဋ္ဌဗ္ဗကာမ အတွေ့ကို ပိုင်ဆိုင်သူ ယောကျ်ား မရှိကြ သေးသဖြင့် မယားရှိလင်ကိုဖြစ်စေ လူပျိုကိုဖြစ်စေ သူတို့ အတွေ့ကို ပေး နိုင်၊ ပေါင်းသင်း ဆက်ဆံနိုင်သည်။ ထိုမိန်းမ ၈-ယောက် မိစ္ဆာစာရကံ မမြောက်ပါ။ ယောကျ်ားများသာ (စောင့်ရှောက်သောမိဘ စသည်ထံမှ တောင်းယူမှု၊ တရားဝင် ခွင့်ပြုမှုမရ၍) ကံထိုက်သည်။

**ပိုင်ရှင် ရှိသူ ၁၂-ဦး** အစောင့်ထားသော သာရက္ခာနှင့် ဒဏ်ထား သော သပရိဒဏ္ဍာ မိန်းမ ၂-ဦးသည် အာဏာ ပိုင်များက သိမ်းလို၍ အစောင့်ထားသူများဖြစ်ရာ လင်ရှိမိန်းမများပင် ဖြစ်တော့သည်။ ယင်း ၂-ဦးနှင့်တကွ မယား ၁၀-ဦးတို့သည် လွတ်လပ်သူ များ မဟုတ်ကြတော့ပေ။ သူတို့၏ ကာမအတွေ့ကို သက်ဆိုင်သူမှတပါး

အခြား ယောကျ်ားတို့ကို ပေးခဲ့လျှင် ကံထိုက်ကြသည်။ ယင်း ၁၂-ဦးကို ကျူးလွန်သော အခြား ယောကျ်ားများလည်း ကံထိုက်ကြသည်သာ။ ဤစကားများ အရ ယောကျ်ားများသည် မိန်းမ ၂၀-လုံးတို့နှင့် သွားလာရာ၌ ကံမြောက်ပုံ ထင်ရှားတော့သည်။

**အခွင့်ထူးခံ ယောကျ်ားများ** မယားရှိပြီး ယောကျ်ားများသည် လွတ်လပ်သူ အခြားမိန်းမကို တရားဝင်ယူနိုင်၊ မယားငယ်ထားနိုင်သည်။ ကံမထိုက်ပါ။ လင်ရှိမယားမှာမူ မိမိ၏ ဖော-ဌဗ္ဗကို လင်က ပိုင်ပြီး ဖြစ်သောကြောင့် အခြား ယောကျ်ားများကို မယူနိုင်။ လင်ငယ်မနေနိုင်။ နေလျှင် ကံထိုက်သည်။ ဤ စကားများအရ ပျို-အို ယောကျ်ား မှန်သမျှသည် လင်ရှိမယားကို မယူထိုက်။ ယူလျှင် ကံထိုက်၍ မယားခိုးမည်သည်။ လွတ်လပ်သူ မိန်းမများကား မယားရှိ လင်ကိုပင် ယူနိုင်သည်။ ဝေါဟာရအားဖြင့် လင်ခိုးမဟု ဆိုကြသော်လည်း စင်စစ် လင်ခိုးမ မမည်။ မိစ္ဆာစာရ ကံလည်း မထိုက်ပါ။

**အနွယ်တူစောင့် ဂေါတ္တရက္ခိတ** ပြည်မသို့ ရောက်ရှိလာသော ရှမ်းမကို ရောက် နှင့် ပြီး ရှမ်း လူ မျိုး များ က စောင့်ရှောက် ထားပုံမျိုးတည်း။

**သီတင်းသုံးဘော်စောင့် ဓမ္မရက္ခိတ** ရသေ့မ သီလရှင်များတည်း။

**အလိုတူမယား ဆန္ဒဝါသိနီ** ယခုကာလ လိုက်ပြေးသူတို့သည် မိဘစသူတို့က သဘောမတူသော်လည်း တရားဝင် ပေါင်းခွင့် ပြုနိုင်သည်။

ယခုကာလ လက်ထပ်ထားသူများသည် ဩဒပတ္တကိနီမည်၏။ ခဏတာ မုဟုတ္တိကာ မယားကား ယခုကာလ ငွေပေးပျော်ပါးသူ မယားပင် ဖြစ်သည်။

**အပြစ်ကြီးငယ်** သွားလာအပ်သူ၏ သီလစသော ဂုဏ်ရှိ မရှိ လိုက်၍ အပြစ်ကြီးသည်။ နန္ဒလုလင်မှာ ဥပ္ပလဝဏ် ရဟန္တာမကို ကျူးလွန်မိ၍ အဝီစိကျရ၏။ အလိုတူလျှင် အပြစ်နည်း၍ အလိုမတူ အဓမ္မ ကျူးလွန်လျှင် အပြစ်ကြီးသည်။

**တောင်ပိ စောက်ထိုး သိန်းစွန်ထိုးလျက်**

စက်ဆုပ်ဖွယ်သော အဆင်းအင်္ဂါ ကိုယ်ခန္ဓာဝယ် သွေးပြည် ယိုစီးလျက် ယင်မမဲရှင်းများ အုံ၍ သံမြေမှာ ခါးတိုင် အောင် မြုပ်ပြီးလျှင် သံတောင်ကြီး ၄-လုံး ၄-မျက်နှာမှလာ၍အကြိတ်ခံရသူ ငရဲသူမများကား လူ့ဘဝက လင်ငယ်ထားသော မိန်းမများ ဖြစ်ကြသည်။ ကြီးစွာသော ငရဲအိုး၌ ကျွမ်းပြန်စောက်ထိုးကျ ဒုက္ခခံရသူ ငရဲသားများမှာမူ သူတပါး မယားနှင့် ပျော်ပါးသူများ ဖြစ်သည်ဟု နေမိမင်းကြီး၏ အမေးကို မာတလိနတ်သား ဖြေဆိုသည်။ (နေမိဇာတ်) ရာဇဂြိုဟ်ပြည်ဝယ် လင်ငယ်နေသော မိန်းမတဦးသည် ဂိဇ္ဈကုဋ်တောင်ထက်မှ လင်းတ၊ သိန်း၊ စွန်တို့၏ ထိုးဆွခြင်းကို ခံလျက် အပေါ်ရုံ အရေမရှိသော နိစ္ဆဝိက ပြိတ္တာမ ဖြစ်ရသည်။ (ဝိ၊ပ၊ ၁)

**လင်-ယောက္ခမမုန်း ယူကျုံးမရ မိစ္ဆာစာရ**

ဗာရာဏသီ သူဌေးသား တဦးသည် သူတပါး မယားနှင့် ပျော်ပါး မိခြင်းကြောင့် နှစ်များစွာ ငရဲကျပြီး လွတ်သော် လူ့ပြည်သူဌေးသမီး ဖြစ်လာသည်။ လင်-ယောက္ခမ စသူများ အမုန်းခံရ၏။ ၎င်းဘဝတွင် ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား ပဒုမ္မာကြာ ဖုံးပြီး ခဲဘွယ် ဘောဇဉ်များလှူကာ ဘဝ ထိုထို၌ လူများ ချစ်ခင်ပါစေ၊ ကြာတိုက်၌ သန္ဓေနေရပါစေ၊ ယောကျ်ား စင်စစ် ဖြစ်ပါစေ၊ အရဟတ္တ-ဖိုလ်ရပါစေ၊ ပဒုမ္မာကြာနံ့ သင်းပျံ့မွှေးပါစေဟု ဆု ၅-ပါး တောင်းသည်။ နတ်ပြည်၌ နတ်သား အကြိမ်ကြိမ်ဖြစ်၊ အဆုံးဘဝ၌ ပဒုမ္မာကြာတိုက်တွင် သန္ဓေယူ၍ ဗာရာဏသီမင်း၏ ခေတ္တဇသား ဖြစ်ပြီးလျှင် ကဿပဘုရားရှင် သာသနာတော်တွင် အနှစ် ၂-သောင်း ရဟန်းပြု၊ တရားအားထုတ်ခဲ့သဖြင့် ဆု ၅-ပါး အဆုံးသို့ရောက်၊ ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူသည်။ (သုတ္တနိပါတ၊ဌ)

**သင်းကွပ် မယားငယ် လင်စွန့်ပယ်**

ငါတို့ဘုရား လက်ထက်တော်တွင် ဣသိဒါသီ ရဟန္တာမအလောင်းသည် အဆုံးဘဝမှ ရေတွက်သော် ၇-ဘဝမြောက်၌ ရေကကစ္ဆပြည် ပန်းထိမ်သည်သား ဖြစ်၍ သူတပါး မယားကို ပျော်ပါးမိသဖြင့် ငရဲ၌ နှစ်များစွာကျသည်။ လွတ်၍ မျောက်၊ ဆိတ်၊ နွား ဘဝတို့၌ ဝှေးစေ့ အဖြတ် အထုတ်ခံရ၏။ နောက် ကျွန်မ၏ သားဘဝတွင် နပုံပဏ္ဍုက်ဖြစ်ရ

သည်။ နောက် ကြွေးမြီများသော လှည်းသမားသမီးဖြစ်ကာ ဂိရိဒါသ လှည်းကုန်သည်သား၏ မယားငယ်ဖြစ်ရာတွင် မယားကြီးကို မချစ်အောင် လင်ကို ကုန်းတိုက်သဖြင့် အဆုံးစွန် သူဌေးသမီးဘဝ၌ လင်ကို အရှိအသေပြုပါလျက် လင် ၃-ဆက် အကွာခံရ၊ နောက်ဆုံး ရဟန်းပြု၊ ရဟန္တာမ ဖြစ်ရသည်။

**နပုံပဏ္ဍုက် သိုထုတ်ခံရ မိန်းမဘဝ** ညီတော်အာနန္ဒာအလောင်းသည် ရာဇဂြိုဟ် ပြည် ရွှေပန်းထိမ်သည်သား ဘဝတွင် သူများမယား ပစ်မှားမိသဖြင့် ကောသမ္ဗီပြည် သူဌေးအဖြစ်မှ မဟာရောရုဝငရဲ၌ နှစ်များစွာ ကျခံရသည်။ လွတ်သော် ဆိတ်၊ မျောက်၊ နွားအဖြစ်တို့၌ သိုထုတ်ခံရသည်။ နောက် နပုံဏ္ဍုက်ဖြစ်ပြီးလျှင် သိကြားမင်း၏ မိဖုရား ၄- ကြိမ်၊ ဇဝနနတ်သား၏ မိဖုရား တကြိမ်၊ မိတ္ထိလာပြည် အင်္ဂတိမင်းကြီး၏ သမီးတော် ရုစာ တကြိမ်ဖြစ်ရသည်။ (နာရဒဇာတ်)

## သုရာမေရယဆိုင်ရာ သိဖွယ်

**ကာမေသုမိစ္ဆာ စာရ၌ သွင်းပုံ** ကာမေသုမိစ္ဆာစာရသည် အတွေ့ကာမဂုဏ် ဖြစ်သလို သုရာမေရယလည်း အရသာကာမဂုဏ်ဖြစ်ရကား ကာမဂုဏ်ချင်း သဘောတူ၍ သွင်းရသည်။ (ဋီကာကျော်)သုရာသောက်မိလျှင် သတ္တိညှိုးသူသော်မှ သက်သတ်၊ ခိုးမှု၊ ကာမမှု နှင့်တကွ ဒုစရိုက် ၁၀-ပါးလုံးကို ကျူးပြုသောကြောင့် ဒုစရိုက် ၁၀-ပါလုံး၌ပင် သွင်းရမည်ဟုလည်း (ဒီပနီဆရာစသူတို့) မိန့်ကြသည်။

သေ ၅-မျိုးသည် သုရာ။ အရက် ၅-မျိုးသည် မေရယ။ ထိုဆယ်ပါးမှ လွတ်သမျှ ယစ်မျိုးသည် မဇ္ဇ။ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော ယစ်မူးလိုသော စေတနာသည် ပမာဒဋ္ဌာန မည်သည်ဟု ခွဲမှတ်လေ။ (သုရာ ဟု ဥရဿနှင့် သင့်သည်ဟု ရူပသိဒ္ဓိ သဒ္ဒနီတိဆရာတို့ မိန့်ကြ၏။)

**မသောက်သော်လည်း ကံမြောက်သည်** အင်္ဂါ ၄-ပါးတွင် အဇ္ဈောဟရဏံ=မျိုသောက်ခြင်းဟု အဆုံး အင်္ဂါကို သံယုတ်အဋ္ဌကထာ မိန့်သော်လည်း ယစ်မျိုးကို ကိုယ်တွင်းသို့ သွင်း၍ မေ့လျော့ထိုင်းမှိုင်းအောင် ပြုခြင်းသာ လိုရင်း ဖြစ်ရကား ယခုအခါ ကိုကင်းစား၊ ဘိန်းဖြူ ဘိန်းမဲရှူ၊ ဆေးခြောက်ရှူ၊ ပက်သဒင်းနှင့်

မာဖီးယားထိုး၊ မှုးယစ်ဆေးဝါး အမျိုးမျိုးလည်း ကံမြောက်သည် သာတည်း။

**သုရာ ၅-ပါး ဆိုင်ရာ** မုန့်ညက်ဖြင့်ပြု ပိဋ္ဌသေ ဟူသည် မုန့်ညက်ကိုခွက်၌ ထည့်လျက် လျော်စွာ ရေနှင့်နယ်ပြီး ပြုအပ်သည်။ (သာရတ္ထ ဒီပနီနှင့် သိင်္ဂါလသုတ် ဋီကာ။) ပုဝဿဒန နည်းတူပင်။ မျိုးစေ့ဖြင့်ပြုအပ်သော ကိဏ္ဏပက္ခိတ္တသေ ဟူသည် မုန့်ညက် စသည်များဝယ် ကိဏ္ဏဟု ဆိုအပ်သော စပါးညွန့်စသည့် သေမျိုးစေ့ကို ထည့်၍ ပြုအပ်သည်။ (ဝိမတိ ဋီကာ။)

**မေရယ ၅-ပါး ဆိုင်ရာ** ကြာမြင့်စွာထုံအပ်သော သစ်မည်စည် အနန်းထန်း စသည်တို့၏ အပွင့်ရည်သည် ပုပ္ဖာသဝမည်၏။ ပိန္နဲသီး စသည်ဖြင့် ပြုအပ်သော အရက်ကား ဖလာသဝ၊ မုဒရက် စသည်တို့၏အရည် ပျားရည်များဖြင့် ပြုလျှင် မဓ္ဝာသဝ၊ တင်လဲကြံသကာ ထန်းလျက်တို့ဖြင့် ချက်သောအရက်ကား ဂုဠာသဝ၊ ဖန်ခါးသျှိသျှား ပူစပ်သော အဆောက်အဦးများဖြင့် ပြုလျှင် သမ္ဘာရသံယုတ္တ အရက် မည်သည်။

**ဆိုးမိုက်ဘုရင် ထိပ်ခေါင်တင်** အနည်းထက် အများ ့သောက်လျှင် အပြစ်ကြီး၏။ လူပ်ရှားအောင် များစွာ သောက်၍ ရှာနိဂုံးစသည်ကို ဖျက်မှု အပြစ်အကြီးဆုံးဖြစ်သည်။ ဤဒုစရိုက်သည်သာလျှင် လူဖြစ်သူအား ရူးသွပ်ခြင်းကို ဖြစ်စေတတ်သဖြင့် အရိယာဖြစ်ကြောင်း တရား၏ အန္တရာယ်ကို ပြုတတ်သောကြောင့် ကံ ၅-ပါးတွင် အပြစ်အကြီးဆုံးဖြစ်သည်။ ရှေ့ကံ ၄-ပါးသည် ဤ သုရာ မေရယ ကဲ့သို့ ကြီးသောအပြစ်ရှိကြသည်မဟုတ်ကုန်။ ( ခုဒ္ဒကပါဌ၊ဋ္ဌ၊)

**သောက်ကောင်းသော အဖျော်ယမကာ** သေအဆင်း သေအနံ့ ရှိသော်လည်း များစွာ သောဆေးတို့ဖြင့် စီရင်အပ်သော လောဏသောဝိရက အဖျော်၊ သုတ္တ အဖျော်များ သောက်ကောင်းသည်။ ယစ်မျိုးကိုသော်လည်း ဟင်းမှာဖြစ်စေ၊ ဆေးမှာဖြစ်စေ ထည့်စွက်၍ ယစ်မျိုး၏ အဆင်း အနံ့ ကင်းမူ စားသောက်ကောင်း၏။ ယစ်မျိုးမှန်း မသိ၍ သောက်မိလျှင် ရဟန်းမှာ ပါစိတ်အာပတ်သင့်သော်လည်း သာမဏေမှာ သီလမပျက်ပါ။ (ဝိနည်း၊ဋ္ဌ) လူများလည်း သာမဏေနှင့် သဘောတူဖြစ်သင့်သည်။

## (၁၂)လေ့ကျင့်ခန်းများ

၁။ ကာမာဝစရကံ ၂၀-ကိုပြ၍ နာမ်သက်ကို သတ်မရပါလျက် အဘယ့်ကြောင့် သတ္တဝါ သေရပါသနည်း။ လူတယောက်ကို အများ ဝိုင်းရိုက်၍သေရာ မည်သူ ပြစ်မှုထိုက်ကြောင်းကိုလည်း ပြပါ။

၂။ အာဏတ္တိက ပယောဂ ၇-မျိုးကို ပြ၍ "ဝိနည်းတတ် ကြက်သတ်"ဟူသောစကား အားမထားထိုက်ပုံကိုလည်း ပြပါ။

၃။ နိဿဂ္ဂိယ၊ ထာဝရ၊ ဝိဇ္ဇာမယ၊ ဣဒ္ဓိမယ၊ ပယောဂ ၄-ပါး သဘောသွားပြ၍ ဖုတ်သက် ထုတ်လိုက်ခြင်းဖြင့် ကံထိုက်၊ မထိုက်ကိုလည်း ရေးပါ။

၄။ လုံ့လ၊ ဝတ္ထု၊ စေတနာတူလျှင် မည်သူက အပြစ် ကြီးမည်နည်း။ စုန္ဒနှင့် နန္ဒ သားသတ်ကုန်သည်တို့၏ သနားဖွယ်ဖြစ်အင်ကိုလည်း တင်ပြပါ။

၅။ ဘုရားရှင်မရှိတော့ပြီ ဖြစ်သော ခုအခါတွင် ဘုရားရှင်ကို ပူဇော်ချင်က မည်သို့ ယတြာဆင်မည်နည်း။ ပြိတ္တာ ၃-ဦးမျှ၏ ပြစ်ဒဏ်ခံရပုံ အကြောင်းနှင့်တကွ စစ်ပြပါ။

၆။ နာနာနှင့် ဧကဘဏ္ဍ ပဥ္စက ၂-ပါးအထူး၊ ပရိကပ္ပာဝဟာရ ၂-ပါး အဓိပ္ပာယ်၊ ခိုးမိလိုက်လျက် ကံမထိုက်ပုံ စုံလင်စွာပြ၍ မေ့မြောနေသူ နောင်တော်၏ ပစ္စည်းကို ယူလျှင် ချစ်ကျွမ်းဝင်၍ ယူရာရောက် မရောက် (ဝိဿာသဂ္ဂါဟ မြောက်-မမြောက်) ထောက်ပြပါ။

၇။ သတ္တိတုဒန ငရဲနှင့်စပ်၍ နေမိမင်းကြီးမေးရာ မာတလိ မည်သို့ ဖြေသနည်း။ နတ်သမီးနှင့် ရက္ခစိုးတို့ ဗလာကိုယ်ထီး အဝတ်မဆီးရပုံကိုလည်း အကြောင်းပြပါ။

၈။ ကာမေသု မိစ္ဆာစာရ အင်္ဂါ ၃-ပါး၊ ၄-ပါး သိဖွယ်များကို ပြ၍ ယောကျ်ားများ အခွင့်ထူးခံဖြစ်ပုံနှင့် မိုက်လုံးကြီးသူ နန္ဒလုလင်၏ ဘဝနိဂုံးကိုလည်း ချုံးရေးပါ။

၉။ အမှောင်ဇာတ်ခင်းမိသူ ကျားမများ ပြစ်ဒဏ် ခံစားရပုံကို မာတလိစကားအရပြ၍ လင်ယောက္ခမ အမုန်းခံရ၊ လင်ကွာ

ခံရသူ မိန်းမများ၊ မိန်းမဖြစ်ရသူများ၏ ရှေးဖြစ်ဟောင်း ဇာတ်ကြောင်းကိုလည်း လှန်ပြပါ။

၁၀။ သုရာမေရယကို မည်သည့် ဒုစရိုက်၌ သွင်း ထိုက် ကြောင်း ဋီကာဒီပနီ စုံညီစွာပြ၍ မသောက်မသော်လည်း ကံမြောက်၏ဟု ဆိုက အင်္ဂါထာနှင့်ညီ မညီ ယုံကြည်စေပြီးလျှင် ကံ၅-လီတွင် ထိပ်ခေါင်တင်ကိုလည်း ပြပါ။

---

## ယစ်မျိုးဆိုင်ရာ ပစ္စုပ္ပန် တမလွန် အပြစ်များ

**ပစ္စုပ္ပန် အပြစ် ၆-ပါး** "ဥစ္စာယုတ်ခြင်း၊ ငြင်းခုံများးစွာ၊ ရောဂါထူပြော၊ ကျော်စောမဲ့တုံ၊ မလုံအင်္ဂါ၊ ပညာနည်းပါး၊ ဤ ၆-ပါးသည်၊ သောက်စား သေစာအပြစ်တည်း" ဟူသည်နှင့်အညီ မျက်မှောက်တွင်ပင် အပြစ် ၆-ပါး ခံစားရသည်။ (ဥစ္စာယုတ်ခြင်း စသည် ၃-ပါး ထင်ရှား၏) မျက်စိမှုန် လက်တုန်ခြင်းစသော ရောဂါများ ထူပြောရ၏။ အမူးသမားသည် မိဘကိုသော်လည်း သတ်တတ်၊ ယုတ်မာသောစကားကိုလည်း ပြောတတ်သဖြင့် မင်းပြစ်စိုးဒဏ် မကင်း၊ ထိပ်ပေါက် ခေါင်းကွဲခြင်းလည်း ဖြစ်တတ်ရကား ပစ္စုပ္ပန် တမလွန် ၂-ပါးလုံး၌ မကောင်းသတင်း ကျော်စောရပေသည်။ ပုဆိုးလှန်၍ သွားတတ်သဖြင့် အင်္ဂါကြီးငယ် မလုံဖြစ်ရ၏။ အရှင်သာဂတမထေရ်၏ ပညာကဲ့သို့ ကမ္မဿကတာ ပညာ အားသေး နည်းပါးသွားရသည်။ မဂ်ရပြီး အရိယာတို့၏ ခံတွင်းသို့ ယစ်မျိုးဟူသမျှ မဝင်ကောင်းသဖြင့် မဂ်ပညာကိုကား အားသေးအောင် မတတ်နိုင်။

**တမလွန်ကျိုး အဆိုးများးစွာ** အကြိမ်များစွာ ပြုအပ်သော ယစ်မျိုး သောက်စားမှုသည် အပါယ်ဘုံ၌ ကျစေ၏။ အပေါ့ဆုံးအကျိုးကား လူဖြစ်လျှင် ရူးခြင်း၊ စိတ်ပျံ့လွင့်ခြင်း၊ ဆွံ့အခြင်း၊ ပဋိသန္ဓေအားဖြင့် ပေါ့နှမ်းမိုက်မဲခြင်းစသည်များနှင့် (အံ၊ ပါ၊ ၄၅) ငါးပါးသီလခန်း၌ ပြပြီးအပြစ်များ ရကြသည်။

**ယစ်မျိုးအစ သုရာနှင့် ဝရုဏ** ဘုရားရှင် သာဝတ္ထိ ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ဘုရားရှေ့မှာပင် ပျော်ရွှင်ဖောက်ပြန် မလျော်ကန်သည်ကို ပြုကြသော ဝိသာခါ၏ အဖော်မိန်းမ ၅၀၀-တို့ကို အကြောင်းပြု၍ **ယစ်မျိုး၏ အစကို ဝိသာခါက**

လျှောက်ထားရာ ရှေးဗာရာဏသီ ဗြဟ္မဒတ်မင်း လက်ထက် သုရာမှုဆိုးနှင့် ဝရုဏရသေ့တို့သည် သျှိသျှား ဖန်ခါးသီးစသော အသီးအရွက်တို့ဖြင့် ကြာမြင့်စွာ ထုံအပ်သော သစ်ခွကြားစိမ်ရည်ကို အစပြု၍ ယစ်မျိုးစီရင်ပြီး သုံးဆောင် မှိုဝဲဝေခွဲရောင် ချခြင်းကို ပြုကြသဖြင့် ဗာရာဏသီပြည်၊ သာကေတပြည် ပျက်စီးပြီးနောက် သာဝတ္ထိပြည် သဗ္ဗမိတ္တမင်း ထံတွင် သေဒဏ်အပြစ်ရကြဘူးပြီဟု ဘုရားဟောတော်မူသည်။

## သုရာမေရယ ဖြစ်မှု သာဓကများ

**သိက္ခာပုဒ် ပညတ်ရပုံ** ဈာန်အဘိညာဥ်ရ အရှင်သာဂတ မထေရ်သည် ရဟန္တာ မဖြစ်မီ အမ္ဗတိတ္ထ (သရက်ပင်ဆိပ်နေ) နဂါးကိုဆုံးမသောကြောင့် လူများကြည်ညို၍ ရဟန်းတော်များအတွက် ရခဲ၍ မွန်မြတ်သော သေအရက်လှူရာ သောက် ယင်း သောက် ယင်း အရှက်အကြောက် ကင်းလျက် ပြင်းစွာ မူးယစ်လေသည်။ ထိုဖြစ်အင်ကြောင့် ဘုရားရှင်သည် ယစ်မျိုး၏အပြစ်များစွာကိုပြပြီး သေရည် သေရက်ကို သောက်စားလျှင် ရဟန်းများ ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူသည်။

**ဠစ္ဆာသယ အိုးစကြာထက် သေအရက်ကို မက်သူ** ငါတို့ဘုရားလောင်းသည် ဗာရာဏသီပြည်၌ ကုဋေ ၄၀-ကြွယ်ဝသော သူဌေးဖြစ်စဉ် သိကြားကျင့်ဝတ် ၇-ပါးနှင့် ပြည့်စုံသဖြင့် သေသော် သိကြားမင်း ဖြစ်သည်။ ၎င်း၏ အမွေခံ တဦးတည်းသော သားသည် ပျော်ပါး ပေါ်လွင် လူရှင် လူပျက် တို့နှင့် ပေါင်းသင်းမိ၍ ဥစ္စာအားလုံးပျက်စီးချွတ်လွဲဆင်းရဲခြင်းသို့ ရောက်ရာ သိကြားလာ၍လိုရာ ရနိုင်သော အိုးစကြာပေးသော်လည်း အပိုက်ဆေး အရူးရေကို တပေပေ သုံးစွဲ အိုးကျ၍ ကွဲသည်တွင် ဆင်းရဲမြဲ ဆင်းရဲရပြန်သည်။ အလားတူပင် အနာထပိဏ်သူဌေး၏တူ ကုဋေ ၄၀-အမွေရ သူဌေးသားသည်လည်း ယစ်မျိုးသောက်စား ပျော်ပါး ဖြုန်းတီးသဖြင့် အထီးကျန် ခွက်လက်စွဲကာ ဆင်းရဲ၍ သေရသည်။

**ရဟန္တာမျိုးစေ့ကို အရက်နှင့်တေ ခေါင်းဖြတ်သေ** သာဝတ္ထိပြည် ကုဋေ ၄၀-ကြွယ်ဝသော မဟာဓန သူဌေးသားသည် ပထမအရွယ်၌ကုန်ကူးခြင်းကိုပြုအံ့၊ သူဌေးကြီး၊ ဒုတိယအရွယ်၌ပြုအံ့၊ သူဌေးလတ်၊ တတိယ အရွယ်၌ပြုအံ့၊

သူဌေးငယ် ဖြစ်မည်။ ပထမ အရှယ်၌ ရဟန်း ပြုအံ့၊ ရဟန္တာ၊ ဒုတိယ အရှယ်၌ ပြုအံ့၊ အနာဂါမ်၊ တတိယအရှယ်၌ ပြုအံ့၊ သောတာပန် ဖြစ်ထိုက်သူ မှန်လျက် ဉာဏ်ဝီရိယ ကင်းသဖြင့် လောင်းကစားခြင်း၊ မိန်းမကြူးခြင်း၊ ယစ်မျိုး သောက်စားခြင်းများကို လိုက်စားမိသည့် အတွက် ခွက်လက်စွဲ၍ တောင်းစားရာတွင် ခိုးသူများနှင့် ပေါင်းမိ သောကြောင့် ခေါင်းဖြတ်ခံရ၍ သေရသည်။ (ဤဝတ္ထု ခိုးမှုအပြစ်၌ ပြခဲ့ပြီး)

## မုသာဝါဒဆိုင်ရာ သိဖွယ်

**ဝိနည်း၌ အင်္ဂါ ၂-ပါးသာ** မဟုတ် မမှန်သော ဝတ္ထုနှင့် စကားသည် မုသာ၊ ထိုကို ဟုတ်မှန်သော အ နေ ဖြင့် ပြောဆိုကြောင်းဖြစ်သော စေတနာသည် ဝါဒမည်၏။ဤ၌အင်္ဂါ ၄-ပါးဟု ဆိုသော်လည်း ဝိနည်း၌ကား လိမ်လည်လိုစိတ်၊ လိမ်လည်လိုမှုဟု ၂-ပါးသာ လာသည်။ ထိုအနက်ကို သိခြင်းဟူသော အင်္ဂါဖြင့် တပါးသူ ယုံကြည်မှ ပြစ်မှုမြောက်သည်။ သူတပါး အကျိုးစီးပွားမပျက်စေဘဲ ရာဇဝတ်မှုလွတ်အောင်၊ မိမိသူတပါး အသက်ချမ်းသာရာရအောင် စသည်ဖြင့် အကျိုးများစေသော လိမ်မှုမျိုးကား ပြစ်မှု မမြောက်။ ထိုကိုရည်၍ အကုသိုလ်မြောက်ခြင်း၊ မမြောက်ခြင်းဟု အပြား ၂-ပါးကို ဆိုသည်။

**အာဏတ္တိက စသည်တို့ ရကောင်းပုံ** မဟာအဋ္ဌကထာ၌ ကိုယ်တိုင် လိမ်ခြင်း သာဟတ္ထိကပယောဂ တပါးသာ လာသော်လည်း အဋ္ဌကထာသစ်ဆရာ အရှင်ဗုဒ္ဓဃောသ အလိုအားဖြင့် စေခိုင်း၍ လိမ်ခြင်း အာဏတ္တိက၊ ပစ်လွှတ်၍ လိမ်ခြင်း နိဿဂ္ဂိယ၊ မဟုတ်မမှန်ရေးသားကာ အမြဲတည်အောင်ပြု၍ လိမ်ခြင်း ထာဝရပယောဂတို့လည်း ရအပ်ကုန်သည်။ သို့ဖြစ်၍ ဤကျမ်း၌ ပယောဂ ၄-ပါးဟုပင် ပြခဲ့သည်။

ထိုမျှသာမက လောကီအတတ်ဖြင့် မဟုတ် သည်ကို အဟုတ်လုပ်၍ ပြခြင်း ဝိဇ္ဇာမယ၊ တန်ခိုးရှင်နတ်များသည် တန်ခိုးဖြင့် မဟုတ်ကို အဟုတ်လုပ် ဖန်ဆင်းပြခြင်း ဣဒ္ဓိမယ။ ဤပယောဂ ၂-ပါးလည်း ထပ် ရသင့်သည်ဟု ဆရာမြတ်တို့ မိန့်ကြ၏။ ကိုယ်တိုင် လိမ်မှုလောက် စေခိုင်း၍ လိမ်ခြင်းစသည်များသည် အပြစ် မကြီးသောကြောင့်သာ မဟာအဋ္ဌကထာ၌ သာဟတ္ထိက ပယောဂ တပါးကိုသာ ပြသည်ဟု ကြံတော်မူကြ၏။

**ပါစိတ်လာ လိမ်မှု ၈-မျိုး** ဒိဋ္ဌ-မမြင်သည်ကို မြင်၊ မြင်သည်ကို မမြင်၊ သုတ-မကြားသည်လို ကြား၊ ကြားသည်ကို မကြား၊ မုတ-မတွေ့သည်ကို တွေ့၊ တွေ့သည်ကို မတွေ့၊ ဝိညာဏ-မသိသည်ကို သိ၊ သိသည်ကို မသိဟု ပြောဆိုခြင်း ရှစ်မျိုးသည် ပုထုဇဉ်တို့၏ ပြောဆိုခြင်း (အနရိယဝေါဟာရ) မည်သည် ဟု ဝိနည်း၌ ဘုရားရှင် ဟောတော်မူသည်။ (ဤ၌ နမ်းရ လျက်ရ ကိုယ်ဖြင့်ထိရသည်ကို အတွေ့ စိတ်ဖြင့် သိရသည့် အသိဟု ယူ။)

**ကုသိုလ်ရအောင် လိမ်ပုံများ** နိရောဓ သမာပတ်မှအထ အရှင်မဟာကဿပအား ဘိုးဘွားယောင် ဆောင်၍ သိကြားမင်းနှင့် သူဇာမိဖုရားတို့က ဆွမ်းလှူပြီးနောက် "ယခုလို တပည့်တော်များ လှည့်စား၍ လှူဒါန်းခြင်းသည် အပြစ် ရှိပါသလားဘုရား"ဟု လျှောက်ရာ အပြစ်မရှိကြောင်း အရှင်မဟာကဿပ မထေရ် မိန့်ကြားတော်မူသည်။ (ဓမ္မပဒ)

ဂိလာနရဟန်း မစားဘဲ နေမည်စိုး၍ ဝံသားကို ဝက်သားဟု လှည့်စား၍ လှူခြင်းသည် ကုသိုလ်ပင် ဖြစ်သေးသည်။ (ဝိနယသံဝဏ္ဏနာ) ထို့ကြောင့် မိခင်များက သားသမီး အငိုတိတ်အောင် ကြောင်မကြီးလာပြီ၊ ဒီးဒုတ်ကြီးလာပြီ စသည်ဖြင့် ပြောဆိုခြင်း၊ မသင့်သော အစာကို လူနာ တောင်း၍ မရှိတော့၊ ရှာမရတော့ဟု ပြောခြင်းများသည် အကျိုး လိုလားမှုများ ဖြစ်၍ ကုသိုလ်ဖြစ်ဖွယ် ရှိသည်။ အကယ်၍ မဖြစ်စေဦးတော့ အပါယ်လားကြောင်း ကံမြောက်သော မုသာကား မဖြစ်နိုင်ဟု မှတ်သင့်သည်။

## မုသာဝါဒ ပြစ်မှုပြ သာဓကများ

**အပြစ်ကြီးပုံ မယုံနိုင်ဘူယ်** ဘုရားရှင် သာဝတ္ထိ ဇေတဝန်၌ နေတော်မူစဉ် သံဃာသင်းခွဲမှု (မုသာဝါဒ)ကံကြောင့် မြေမျိုခံရသော ဒေဝဒတ်ကို အကြောင်းပြု၍ ဒေဝဒတ်သည် ယခုမှ မဟုတ်။ "ရှေးလွန်လေပြီးသောကာလ ၁၁-ကပ် ကပ်ဦး သမ္မတမင်းမှစ၍ အသချေယျ သက်တမ်း မင်းပေါင်း ၁၁-ဆက်မြောက် စေတိယမင်း ဖြစ်စဉ်ကလည်း အစ်ကို ကပိလပုဏ္ဏားကို အငယ်၊ ညီ ကောရကလမ္ဗ ပုဏ္ဏားကိုအကြီးဟု ၇-ကြိမ် လိမ်ပြောသည့်အတွက် ကောင်းကင်ပျံနိုင်၊

နတ်သား ၄-ဦး သက်တော်စောင့်၊ ကိုယ်မှ စန္ဒကူးနံ့၊ ခံတွင်းမှ ကြာညိုနံ့ သင်းခြင်း ဟူသော တန်ခိုးလေးပါး ပျောက်ပြီး မြေမျိုရဘူးသည်'' ဟု အတိတ်ဆောင်ပြ စေတိယဇာတ်ကို ဟောတော်မူသည်။ (၎င်းဝတ္ထု နောက်၌ အကျယ်ပြပြီး။)

မုသားပြောသူသည် သမီးများကိုသာ ဖွားမြင်ရတတ်၏။ သားဖွား သော်လည်း မိဘတို့အား ကျေးဇူးမပြုတတ်ဟု စေတိယဇာတ်၌ပင် ဘုရား လောင်း ကပိလရသေ့က စေတိယမင်းကို ဆုံးမသည်။

**ကျိန်ဆို မုသား ခွေးစားခံရ** ကဿပဘုရားရှင် လက်ထက် ကိမိလ ပြည်သူ သီတင်းသည်မ ၅၀၀-တွင် တဦးသည် မိတ္တာစာရကို ပြုပါလျက် ''မပြုရပါ၊ မမှန်တာပြောလျှင် ခွေးစား ခံရ ပါစေ''ဟု လင်အားကျိန်ပြသည်။ ကြွင်းသော သီတင်းသည်မများက လည်း သိပါလျက် ''မိမိတို့ မသိကြပါ၊ မမှန်တာပြောလျှင် ဤသူမ၏ ကျွန်မများ ဖြစ်ပါစေ''ဟု ကျိန်ကြပြန်သည်။ ထိုမိန်းမများ သေသော် သူတို့ကျိန်စာအတိုင်း ဟိမဝန္တာ ကဏ္ဏမုဏ္ဍအိုင်အနီး၌ နတ်ပြိတ္တာမများ ဖြစ်ကြသည်။ လင်မြှောင်နှင့်မှား မုသားဆိုသော မိန်းသည် ညဥ့်အခါ ခွေးစားခံရ၏။ ကြွင်းသောမိန်းမများလည်း မုသားအတွက် ကျွန်မဖြစ် ကြရသည်။ သီလကုသိုလ်ကြောင့် ဗိမာန်နှင့်တကွ နတ်အဆင့် ရကြ၏။

**သီလကိုစမ်း နတ်ပန်းလေးကုံး** ဘုရားရှင် ဝေဠုဝန်၌ နေတော်မူစဉ် သံဃာသင်းခွဲပြီး ဒေဝဒတ်ခေါ်သွားသော ရဟန်းငယ် ၅၀၀-ကို အဂ္ဂသာဝက ၂-ပါး တရားဟော၍ ပြန်ခေါ်လာခဲ့ရာ ဘုရားဟန်ဆောင် ဒေဝဒတ် အမိုက်ကောင်မှာ သွေး ဖောင်ဖောင် အန်တော့သည်။ ထိုကိုအကြောင်းပြု၍ ''ရှေးက ဗာရာ- ဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက်က ပွဲတော်ကျင်းပရာ နဂါးဂဠုန်နှင့် နတ်များ ပွဲကြည့်လာကြသည်။

ထိုအခါ ကက္ကရုပန်းနံ့ မွှေးလှသောကြောင့် နတ်သား ၄-ဦးထံ ပုရောဟိတ်ပုဏ္ဏားက ပန်းကုံးများကို တောင်းသည်တွင်—

(၁) မခိုးမလိမ်ရသော စည်းစိမ်ကို မမွှေ မလျော့ သုံးစွဲသူသည် ဤပန်းကို ပန်ထိုက်၏ဟု ဆို၍ ပထမနတ်သားက ပေးသည်။

(၂) တရားသဖြင့် ရှာဖွေရသမျှ ဥစ္စာကို မမေ့မလျော့သုံးစွဲသူအား ဤပန်းနှင့် လျော်၏ဟု ဆို၍ ဒုတိယနတ်သားက ပေး၏။

(၃) နန္ဒင်းဆိုးအသွင် လျင်မြန်စွာ စိတ်မပျက်တတ်ခြင်း၊ ကံကို ယုံကြည်ခြင်း၊ ပေးကမ်းလှူရှိခြင်း ပြုတတ်သူသာ ဤပန်း ပန်ထိုက်သည်ဟုဆို၍ တတိယ နတ်သားက ပေး၏။

(၄) သူတော်ကောင်းကို မျက်မှောက် မျက်ကွယ် မကဲ့ရဲ့မဆဲရေးတတ်။ ပြောသလို ပြုလေ့ရှိသူသာ ဤပန်း ပန်ထိုက်သည်ဟု ဆို၍ စတုတ္ထနတ်သားက ပေးသည်။

**လိမ်ညာ ဝါကြွား တရားမလုပ် ပုဏ္ဏားယုတ်** "လူများက တရားရှိသည်ဟု ထင်အောင် ပုရောဟိတ် ပုဏ္ဏားသည် နတ်သားများ ပေးသော သီလစမ်းသည့် ပန်း ၄-ကုံးကို ယူလိုက်သည်။ ကက္ကရုနတ်ပန်း၏ လူသရမ်းနှင့် မလျော်လေသောကြောင့် ပန်ဆင်သော ဒုဿီလ ပုဏ္ဏားမှာ တောင်ကြီးဖြင့် ကြိတ်သကဲ့သို့ ဒုက္ခဝေဒနာ ပြင်းစွာခံရသည်။ ၇-ရက်ကြာ ပွဲပြီးမှ ပန်းများကို နတ်သား ၄-ဦး ဖယ်ရှားပေးလိုက်ရာတွင် ပုရောဟိတ်ပုဏ္ဏားယုတ် သက်သာယာရတော့သည်"ဟု အတိတ်ကို ဘုရားရှင် ဟောတော်မူသည်။

**ဝှေးစေ့ကြီးပိုက် တရားသူကြီးမိုက်** နိုင်သင့်သူရှုံး၊ ရှုံးသင့်သူနိုင်အောင် လက်ဆောင်ယူကာ မမှန်မကန် ဆုံးဖြတ်ပေးမှုကြောင့် ရာဇဂြိုဟ် တရားသူကြီးသည် နှစ်များစွာ ငရဲကျပြီး ကံကြွင်းဖြင့် ဂိဇ္ဈကုဋ်တောင် ကောင်းကင်တွင် ဝှေးစေ့ကြီးသောပြိတ္တာ ဖြစ်လေသည်။ ထိုပြိတ္တာသွားလျှင် ဝှေးစေ့ကို ထမ်း၍ သွားရ၏။ ထိုင်လျှင်လည်း ဝှေးစေ့ပေါ်တွင် ထိုင်ရသည်။(ဝိ၊၁၊ပါ) တရားမမှန် ဆုံးဖြတ်ခြင်းသည် မုသာ၊ လက်ဆောင်စားခြင်းကား အဒိန္နာဒါန် ဖြစ်သည်။

## ပိသုဏာဝါစာဆိုင်ရာ သိဖွယ်

**အချစ်ပျောက်မှ ကံမြောက်သည်** ပိယ=ချစ်နေသူ ၂-ဦးကို+သုည=ကွဲသွားအောင်+ကရဏ=ပြုကြောင်းဖြစ်သော စေတနာတည်း။ပိယ+သုည+ကရဏမှ–မလိုရာဖျက်၍ ပိသုဏ

ဖြစ်လာသည်။ အင်္ဂါ ၄-ပါးတွင် ထိုအနက်ကို သိခြင်းဟူသော အဆုံး အင်္ဂါအရ ကုန်းတိုက်ခြင်း၏ အနက်အဓိပ္ပာယ်ကိုသိ၍ တဦးနှင့် တဦး ကွဲသွားမှ ပြစ်မှုမြောက်သည်။ သူတို့ ၂-ဦး ကွဲသွားအောင်၊ မိမိကို ချစ်လာအောင် ရည်ရွယ်ချက် ၂-ပါးတွင် တပါးပါးဖြင့် ကုန်းတိုက်တတ်ကြ၏။ ကုန်းတိုက်အပ်သူ၏ သိလရှိ-မရှိလိုက်၍ အပြစ်ကြီးငယ် ကွဲပြားသည်။

**ပိသုဏဝါစာ အပြစ်များ** ပဋိသန္ဓေကျိုးမှာ အပါယ်ဖြစ်၍ အပေါ်ဆုံးအကျိုးသည် လူဖြစ်သူအား မိတ်ဆွေများနှင့် ကွဲပြားခြင်း၊ ဖွဲ့သမျှမိတ် ပျက်တတ်ခြင်း၊ ခန္ဓာကိုယ်နှင့် အခြံအရံ ပျက်စီးခြင်း၊ သူတော်ကောင်းတရား ပျက်တတ်ခြင်း၊ အမုန်းများခြင်းစသည်များ ဖြစ်ရသည်။

## ပိသုဏဝါစာ ပြစ်မှုပြ သာဓကများ

**ပိုးလောက်တွေထွက် ခံတွင်းပုပ် ပြိတ္တာ** အလိုကြီးသော ရဟန်း တပါးသည် ကဿပဘုရားလက်ထက် ရွာငယ်တခုတွင် ကျောင်းအာဝါသကိုလိုချင်သည်အတွက် လက်ရှိမထေရ် ၂-ပါးကို ကုန်းတိုက်၍ ခွဲသည်။ ယင်းကံကြောင့် ကဿပဘုရားနှင့် ငါတို့ဘုရား အကြားကာလပတ်လုံး အဝီစိကျ၏။ ငါတို့ ဘုရား လက်ထက် ရာဇဂြိုဟ်ပြည်အနီးတွင် ပုတိမုခ(ခံတွင်းပုပ်) ပြိတ္တာဖြစ်လာသည်။ ရဟန်းပြုဘူးသော ကုသိုလ်ကြောင့် ကိုယ်အဆင်း ရွှေနှင့်တူသော်လည်း ကုန်းတိုက်ခဲ့သောကြောင့် ခံတွင်းပုပ်ကာ ပိုးလောက်များ တဖွားဖွား ထွက်ကျနေသည်။

**ကိုယ်မှအပ်များ ခံတွင်း၌ဝင် ရင်မှထွက်** ရာဇဂြိုဟ်ပြည်၌ ကုန်းတိုက်ခဲ့ခြင်းကြောင့် နှစ်များစွာ ငရဲကျပြီး ကံကြွင်းဖြင့် ဂိဇ္ဈကုဋ်တောင်ဝယ် အပ်အမွေးပေါက်သော ပြိတ္တာ ဖြစ်ရသည်။ ကိုယ်မှအပ်များကျွတ်ပြီး ဦးခေါင်း၌ဝင်၊ ခံတွင်းမှထွက်၊ ခံတွင်း၌ဝင်၊ ရင်မှထွက်၊ ရင်၌ဝင်၊ ဝမ်းမှထွက်၊ ဝမ်း၌ဝင်၊ ပေါင်မှထွက်၊ ပေါင်တို့၌ဝင်၊ ခြေသလုံးတို့မှထွက်ကာ အပ်စကြာလှည့်ဆင်းရဲ ခံရသည်။

**သွားလေရာ မိန်းမတွဲ ကိုယ်တော့်ဖြစ်ပုံကဲ** သာဝတ္ထိ မြို့သား ကောဏ္ဍဓာန ရဟန္တာ အလောင်းသည် ကဿပ ဘုရား လက်ထက်တွင် ရုက္ခစိုးနတ်ဖြစ်၍ ရဟန်း ၂-ပါးအချစ်ကို စုံစမ်းလိုသဖြင့် ခင်းကြီး ခင်းငယ်သွားပြီး၍ ချုံမှထွက်လာသော ရဟန်းတပါး၏ သင်္ကန်းစကို ဆွဲလိုက်လာသယောင် နှုတ်ပြုသော မိန်းမငယ်ဟန် ဖန်ဆင်း၍ ပြဘူးသော မကောင်းမှုကြောင့် နှစ်များစွာ ငရဲကျပြီးမှ ငါတို့ဘုရားလက်ထက် ကောဏ္ဍဓာန ရဟန်းဖြစ်လာသည်။ မိန်းမနှင့် စပ်၍ သီလဝန္တ ရဟန်း ၂-ပါး ကွဲသွားသည့်အားလျော်စွာ ထိုရဟန်း သွားလေရာရာတို့၌ မိန်းမအမြဲပါနေသလို ရဟန်းရှင်လူများထင်ကြ၊ များစွာ စွပ်စွဲ ဆဲရေးခံရသဖြင့် အရှက်ကြီး ရှက်နေရရှာ၏။ ရဟန္တာဖြစ်မှ ဝဋ်ကျွတ်သွားသည်။ (ဓမ္မပဒ) ပိုက်ဆံရ၍ လင်မယားကို ခွဲပေးသော လောကီပညာရှင်များ ရှုမြင်နိုင်ကြပါစေ။

## ဖရုသဝါစာဆိုင်ရာ သိဖွယ်

**စကားကြမ်းပေမဲ့ စေတနာမကြမ်းလျှင်** မိမိကိုယ်ကိုရင်း၊ သူတပါးကိုရင်း လှသွားပမာ ကြမ်းတမ်းအောင် ပြုတတ်သော သဘောသည် ဖရုသ၊ ၎င်းစကားကြမ်းကို ပြောဆိုကြောင်းဖြစ်သော စေတနာသည် ဖရုသဝါစာမည်သည်။ စကားရော စေတနာပါကြမ်းမှ ပြစ်မှုမြောက်၏။ ထို့ကြောင့် မိဘဆရာ စသူ တို့၏ တပည့်၊ သားသမီးများ အပေါ်ဝယ် ကြမ်းတမ်းစွာ ပြောဆိုမှု မျိုးကား စေတနာ မကြမ်းသောကြောင့် ဖရုသဝါစာ ပြစ်မှုမမြောက်။ သို့သော် တရားခံများကို ပြောဆိုသော တရားသူကြီးများ၏ စကားမှာမူ နူးညံ့သော်လည်း စေတနာကြမ်း၍ ကံမြောက်သည်ဟု မိန့်ကြသည်။

**အင်္ဂါသုံးပါး မှတ်သားဖွယ်** ဆဲရေးအပ်သော တပါးသော သတ္တဝါသို့ ရှေးရှုခြင်း အင်္ဂါအရ မိမိကိုယ်ကို ဆဲရေးခြင်း၊ သစ်ငုတ်စသည်ကို တိုက်မိ၍ ဆဲရေးခြင်းများသည် ပြစ်မှုမမြောက်။ သာမည ဖရုသဝါစာသာဖြစ်သည်။ အမျက်ထွက်ခြင်း ဒုတိယ အင်္ဂါအရ ချစ်ခင်ကျွမ်းဝင်သောအားဖြင့် သူငယ်ချင်း မိတ်ဆွေများကို ဆဲရေးရာ၊ ယောင်ယမ်း၍ ဆဲရေးရာ၊ အထုံဝါသနာအရ ဆဲရေးရာများလည်း ပြစ်မှုမမြောက်။ ဒုစရိုက်များသာတည်း။

**ဆဲရေးမျိုး နှစ်ဆယ်** ဇာတ်အမည်စသည် နှင့် စပ်၍ ထိခိုက် ဆဲပုံ ၁၀-ပါးမှာ ဝိနည်း သြမသဝါဒ သိက္ခာပုဒ် အရ ဖြစ်၏။ မမ္မပဒ အဋ္ဌကထာ စသည်တို့၌လည်း သူခိုးဘဲ၊ လူမိုက်၊ တွေဝေသူ၊ ကုလားအုတ်၊ နွား၊ မြင်း၊ ငရဲသူ၊ တိရစ္ဆာန်၊ ကောင်းသော အလား မရှိသူ၊ မကောင်းသော အလားရှိသူဘဲဟု ဆဲခြင်း ၁၀-မျိုး ပြ ထားသေးသည်။ သုတ္တန် ဝိနည်း ဤ ၂၀-အတွင်း၌ ဆဲပုံ အားလုံး ဝင်၍ စေတနာ ကြမ်းသမျှ ကံထိုက်ကာ အလွန်ကြမ်းသော မကောင်း ကျိုးများ ခံစားရပေမည်။

**ကျောင်း၌ နေ၍ ရှာသား များကို ဆဲလျှင်** အရိယာကို စွပ်စွဲမိ၍ ကန်တော့ရာဝယ် မျက်ကွယ် ကန်တော့သော်လည်း အပြစ် ပြေပျောက်သလို မျက်ကွယ် ဆဲရေးရာ၌ လည်း ဖရုသဝါစာ ကံမြောက်သည်ဟု မိန့်ကြ၏။ မျက်ကွယ် ဆဲလျှင် အပြစ်နဲ၍ မျက်မှောက်ဆဲက အပြစ်သဲသည်ဟု ဆိုသင့်သည်။ အဆဲခံရ သူ၏ သီလစသော ဂုဏ်ရှိ မရှိ၊ ဆဲသူ၏ ကိလေသာ ကြမ်း နု ဖရုသဝါစာ ပြစ်မှု မြောက် မမြောက်ကို ထောက်၍ အပြစ် ကြီး သေး ကွာခြားသည်။

**ဖရုသဝါစာ မကောင်းကျိုးများ** အပါယ်ပဋိသန္ဓေ ဖြစ်ရပြီးလျှင် အ ပေါ်ဆုံးပြစ်မှုမှာ လူဖြစ်လာသူအား ရောက်လေရာရာများ၌ ကြမ်းတမ်း၍ မနှစ်မျို့ဖွယ်ရာ အသံများကိုသာ ကြားရတတ်ခြင်း၊ အများ အမုန်းခံ အကဲ့ရဲ့ခံရခြင်း၊ အသံဆိုးခြင်းများ ဖြစ်ရ၏။ သိတင်းသုံးဘော်များနှင့် အရိယာကို ဆဲရေးစွပ်စွဲသော ရဟန်း သည် စည်းစိမ်သစ်မရ။ စည်းစိမ်ဟောင်းပျက်။ သူတော်ကောင်းတရား၏ ဂုဏ်ကျေးဇူး အသစ်ကုန်။ သူတော်ကောင်းတရားမြတ်နိုးမှုမရှိ။ ပျင်းရိစွာ ကျင့်ရ။ လူထွက်ရ။ ရောဂါကြီးရ။ ရူးရ။ စိတ်ပျံ့လွင့်ရ။ တွေဝေ၍သေရ။ သေသော် အပါယ်ကျ။ ဤအပြစ် ၁၁-ပါး ရရှိ ခံစားရသည်။ (အံ၊ ပါ)

## ဖရုသဝါစာ ပြစ်မှုပြ သာဓကများ

**အသက်ရှင်ဆဲ ငရဲရောက်သည့် ရေဝတီ** ဘုရားရှင် ဗာရာဏသီ မိဂဒါဝုန်တော၌ နေတော်မူစဉ် နန္ဒိယ ကျောင်း ဒကာ ကွယ်လွန်၍ တာဝတိံသာ ရောက်ပြီး နောက် ဇနီး ရေဝတီသည် အလှူဝတ်ကို ဖြတ်၍ ရဟန်းသံဃာနှင့် တောင်း

ရမ်းလာသူများကို ဆဲရေးသည်။ ထို့ကြောင့် ဝေဿဝဏ် နတ်မင်း လွှတ်လိုက်သော ဘီလူး ၂-ယောက်လာ၍ ရေဝတီ၏ ဝဲ ယာ လက်မောင်း ၂-ဖက်ကို တဦးစီ ကိုင်ပြီးလျှင် ဥဿဒငရဲအနီး ပို့ဆောင်သည်။

ထိုအခါ ငရဲထိန်း ၂-ယောက် ပေါ်လာပြီး "ရေဝတီ၊ သင်သည် ရဟန်းသံဃာ ဖုန်းတောင်းယာစကာတို့ကို ဆဲရေးသည့်အတွက် အသူတရာ နက်သော သံဃဝက ဘင်ပုပ်ငရဲ၌ အနှစ် ၂၀၀၀ ခံရမည်။ လွတ်လာလျှင် လက် ခြေ နား နှာများကို ဖြတ်ကာ ၃-ဂါဝုတ်ရှိသော သင့်ကိုယ်၌ ကျီးလင်းတများ အထိုးအဆွ ခံရမည်" ဟု ဆို၍ စောက်ထိုး ပစ်ချကြသည်။ (ဓမ္မပဒ)

**အစားအသောက် ကျင်ကြီးအဖြစ်ရောက်** ဗာရာဏသီပြည် အလှူရှင် ပုဏ္ဏားတဦးသည် ခရီးသွားခါနီးတွင် "ဒါနဝတ် မချွတ်ယွင်းစေနှင့်" ဟု ပုဏ္ဏေးမအား မှာထားခဲ့ပါလျက် ဝန်တိုနှမြောသောပုဏ္ဏေးမသည် သံဃာ့အလှူဝတ်များ ဖျက်၊ ခရီးသည်များကို နောက်ဖေး စရပ်ပျက် ပို့၊ တောင်းရမ်းလာသူများကို မစင်စား၊ ကျင်ငယ်နှင့် သွေးပြည်ကို သောက်၊ နင်တို့အမေ ဦးနှောက် ဖောက်စားကြဟု ဆိုလွှတ်သည်။ သူမ သေသော် ပြိတ္တာဖြစ်။ အစားအသောက် အဝတ် မရပေ။ အစာနှင့် ရေကို တွေ့၍ စားသောက်မည်ပြုလျှင် ကျင်ကြီး ကျင်ငယ် သွေးပြည်များ ဖြစ်သွားကြသည်။

**ဝက်နှုတ်သီးနှင့် ရဟန်းကြီး** ကဿပဘုရား သာသနာတွင် ရဟန်းတပါးသည် ရဟန်းများကို ဆဲရေးခြင်းကြောင့် ဘုရား ၂-ဆူအကြား ကာလပတ်လုံး ငရဲကျပြီး ငါတို့ ဘုရားသာသနာတွင် ဂိဇ္ဈကုဋ်တောင်ခြေ၌ ဝက်နှုတ်သီးနှင့် တူသော ခံတွင်းပါးစပ်ရှိသော ပြိတ္တာဖြစ်ရသည်။ ရဟန်းပြုကာ ကိုယ်ကို စောင့်စည်းခဲ့ဘူးခြင်းကြောင့် ခန္ဓာကိုယ် ရွှေအဆင်း ရှိသည်။

**ဆံပင်ကောင်းလှ ပြိတ္တာမအတွက် ဂင်္ဂါမြစ်ရေက သွေးများထွက်** ပထမသံဂါယနာတင်ခါနီး အချိန် ကောသမ္ဗီပြည် တောအုပ်အနီးနေ အရှင်ကစ္စည်း အမှူးရှိသော သံဃာ ၁၂-ပါးအား ဥတ္တရလုလင်သည် ဆွမ်းကပ်၏။ မိခင်ကမူ မကြည်ဖြူသဖြင့် "ငါသဘောတူသည့် အလှူသည် တမလွန်၌ သင့်အတွက် သွေးပြည်

ဖြစ်ပါစေ''ဟု သားကို ဆဲသည်။ ကျောင်းတင်ပွဲတွင် ဥဒေါင်းမြီးစည်း လှူရေးဝယ် ကြည်ဖြူစွာနှင့် ပေး၏။ သူ့မ-သေသော် အစာရေစာ တော် သောပြိတ္တာမ နှစ်ပေါင်း ၅၀-ဖြစ်သည်။ ရေငတ်၍ ဂင်္ဂါမြစ်ဆင်းရာ မြစ်ရေသည် သွေးများဖြစ်နေ၏။ ဥဒေါင်းမြီးစည်း အလှူ ကြည်ဖြူခဲ့ သဖြင့် ဆံပင် ကောင်းလှသည်။ နောင်တွင် ကစ္စာယနမထေရ်နှင့် တွေ့၍ သံဃာအား ဆွမ်းနှင့် သောက်ရေများလှူပြီး အမျှဝေသော် သာဓု ခေါ်ရသဖြင့် ကျွတ်သွားသည်။

**လင့်အလှူ မကြည်ဖြူသော မယားကြီး** ဘုရားရှင်လက်ထက် ယက္ကန်းသည် ၁၁-ဦးသည် သံဃာ ၁၂-ပါးကို (ဦးစီးမှူးက ၂-ပါးယူ၏။) အသီးသီး ကိုးကွယ် လုပ်ကျွေးကြသည်။ ဦးစီးမှူး၌ မယားကြီးငယ် ၂-ဦးရှိရာ မယားကြီးသည် နှမြောဝန်တိုသဖြင့် ''သင်လှူသောသင်္ကန်းသည် တမလွန်၌ မီးလောင်သံပြား၊ ဆွမ်း အဖျော်သည် ကျင်ကြီး ကျင်ငယ် သွေးဖြစ်ပါစေ''ဟု စိတ်ဆိုးပြီး လင်ကို ကျိန်ဆဲသည်။ သေကြသော် ဝိဇ္ဈာဋဝိ တောအုပ်၌ လင် ရုက္ခစိုးနတ်ဖြစ်၍ မယားကြီးသည် အဝတ်အစားကင်းသော ပြိတ္တာမ ဖြစ်ရသည်။

ရုက္ခစိုးနတ်ပင်းထံ ကပ်၍တောင်းရာ ရုက္ခစိုးပေးသော အဝတ်သည် မီးလောင်သံပြားဖြစ်၍ ထမင်းအဖျော်သည် ကျင်ကြီး ကျင်ငယ် သွေး ပြည်ဖြစ်သွားသည်။ နောင်အခါ ရဟန်းတပါးနှင့်တွေ့၍ ရုက္ခစိုးက ဆွမ်း အဖျော်လှူ၊ ဘုရားကို ရည်စူး၍ သင်္ကန်းလှူပြီး ပြိတ္တာမအား အမျှဝေ၊ သာဓုခေါ်မှ ကျွတ်သွားသည်။ (ပေတဝတ္ထု၊ ပါ၄)

**ဖြစ်လွယ်တတ်သော ဖရုသဝါစာ** လူများသည် စိတ်ဆိုးသလို အမျိုးမျိုးကျိန်ဆဲတတ်ကြရာ သူတပါးကို မိန်းမရွှင်၊ ကျွန် သားပေါက်၊ ရေဝေး၊ မျှစ်စား စသည်ဖြင့် ဆဲရေးလျှင် အဆဲခံရသူ မိန်းမရွှင် စသည် မဖြစ်သော်လည်း ဆဲသူမှာ မုချ မိန်းမရွှင်စသည် ဖြစ်ရသည်။ ဒေါသနှင့်တကွ ဆိုမိသည် မဟုတ်စေဦး တော့ ပျားကုန်သည် ညီနောင် သုံးဦးတွင် ညီငယ်က ပစ္စေကဗုဒ္ဓါ အား ပျားရည်လှူပြီး အစ်ကိုများကို ပြောရာ အစ်ကို တယောက်က ''ငါ့ညီ လှူလိုက်သူ ဒွန်းစဏ္ဍားများ ဖြစ်နေမလား''ဟု ဆိုမိသည့်အတွက် ဒွန်းစဏ္ဍားရွာ သွားဖြစ်ရသည်။

အစ်ကိုတယောက်ကမူ "ပင်လယ်တဖက်သို့ ပစ်လိုက်ပါလား"ဟုဆိုမိသည့်အားလျော်စွာ သီဟိုဠ်ကျွန်းဘက် ဖြစ်ရသည်များကို ထောက်ထားလျက် သူတော်ကောင်းများသည် ကျီစယ်သောအားဖြင့်သော်မှ မဆဲရေးကြဘဲ နှုတ်စောင့်စည်းကြရာသည်။

## သမ္ဖပ္ပလာပဆိုင်ရာ သိဖွယ်

**အကျိုးရှိလျှင် လွတ်ဖွယ်ရှိသည်** ချမ်းသာ စီးပွားကို ဖျက်ဆီး တတ်သော သဘောသည် သမ္ဖ၊ ထိုစကားမျိုးကို ပြောဆိုကြောင်း စေတနာသည် ပလာပမည်သည်။ ထို့ကြောင့် ရွှေယုံနှင့် ရွှေကျား သက်ကယ်ရိတ်သွားခြင်း၊ ဘာရတညီနောင်စစ်ထိုးခြင်း၊ သီတာမိဖုရားကို ဆောင်ယူခြင်းစသည်ဖြင့် အနက် အဓိပ္ပာယ်ကင်းသော ရှေးစကား ဒဏ္ဍာရီစသည် အားလုံးသည် သမ္ဖပ္ပလာပ မည်၏။ ကြားနာသူက ယုံကြည်မှ ကံမြောက်သည်။ မဟုတ် မမှန်သော်လည်း အကျိုးရှိအောင် ဥပမာဆောင် ပြောမူ၊ ဟုတ်မှန်သော အရာများကို အရပ်စကားအနေဖြင့် ပြောဆိုမှုမျိုးကား သမ္ဖပ္ပလာပမှ လွတ်ဖွယ်ရှိသည်။

**တိရစ္ဆာနကထာနှင့် သမ္ဖပ္ပလာပအထူး** မင်း ခိုးသူ စသော စကား ၃၂-မျိုးသည် သုဂတိနှင့် မဂ်ဖိုလ်နိဗ္ဗာန်တို့၏ ကန့်လန့်စကားဖြစ်၍ တိရစ္ဆာနကထာ မည်သည်။ (အံ၊ ပါ၊ ဒသက၊ ဒီ၊ ၁—ပါ) ယင်းတိရစ္ဆာနကထာကို သမ္ဖပ္ပလာပ၌ သွင်းရမည်ဟု ဆရာတို့ မိန့်ကြ၏။ သို့သော်လည်း ဟုတ်မှန်သော မင်းရေးစိုးရေး တိုင်းပြည်ရေးများကို ပြောဆိုခြင်းသည် သုဂတိနှင့် မဂ်ဖိုလ်နိဗ္ဗာန်တို့၏ ကန့်လန့်ဖြစ်၍ တိရစ္ဆာနကထာ မည်သော်လည်း အမှန်ပြောသည် ဖြစ်ရကား အနက်ဒြဗ်မကင်းသောကြောင့် သမ္ဖပ္ပလာပမဖြစ်ထိုက်။ ဤ မင်းသည် အဆင်းလှ၏။ ကြည့်၍ပင်မဝ စသည်ဖြင့် တဏှာ၏အာရုံ ဖြစ်ထိုက်သော စကားမျိုးကား မပြောကောင်း။ သတိ ပညာ ရှိသူဖြစ်လျှင် ပြောသမျှစကားစုများ၏ ကုန်ခြင်း ပျက်ခြင်းသို့ ရောက်ရစသည်များကို ဆက်လက်ပြောဆို ဆင်ခြင်လျှင် ကမ္မဋ္ဌာန်းပင် ဖြစ်နိုင်ခွင့်ရှိသည်။

**ဝါစာ ၃-ပါးနှင့် ကုသိုလ် စသည်အခွဲ** ဝိရတီ၊ သဒ္ဒ၊ စေတနာ ဟု ဝါစာ ၃-ပါး ရှိရာ သမ္မာဝါစာ စေတသိက်သည် ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်မှုဖြစ်၍ ဝိရတီဝါစာမည်သည်။ ကုသိုလ်ကြိယာ ၂-မျိုးရ၏။ စကားသံ ဟူသမျှသည်

သဒ္ဒဝါစာဟည်း။ ရုပ်အဗျာကတသာဖြစ်၏။ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ။ ဤ ၃-ပါးသည် စေတနာ ဝါစာ မည်၏။ အကုသိုလ်သာတည်း။ စေတနာဝါစာ ၃-ပါးသည် လူကြီးလူကောင်းများဖြစ်၍ နှုတ်ချိုသော်လည်း စေတနာလိုက်၍ ဒုစရိုက်ဖြစ်တော့သည်။

**သမ္ဖပ္ပလာပ၏ မကောင်းကျိုး** အလေ့အလာ အထုံဝါသနာ နည်းလျှင် အပြစ်သေး၍ များလျှင် အပြစ်ကြီးသည်။ အပါယ်၌ ပဋိသန္ဓေဖြစ်ရပြီးလျှင် ပေါ့သော အကျိုးမှာ လူဖြစ်သူအား အများ အယုံအကြည်မရှိ၊ အများမုန်း၊ လာဘ်လာဘသေး၊ တန်ခိုး အာနုဘော် သေးခြင်းစသည်များ ဖြစ်ရသည်။

## သမ္ဖပ္ပလာပဖြစ်မှုပြ သာဓကများ

**ဇာတ်ဆရာနှင့် ပဟာသငရဲ** ဘုရားရှင် ရာဇဂြိုဟ် ဝေဠုဝန်၌နေတော်မူစဉ် တာလပုဋ ဇာတ်ဆရာအား ဇာတ်ပွဲသဘင် စီစဉ်ပြသကြသူတို့သည် လောဘ ဒေါသ မောဟရှိကြသူ သတ္တဝါတို့၏အလယ်သို့ဝင်၍ လောဘစသည် ဖြစ်သည်ထက်ဖြစ်အောင် အာရုံအသီးသီးကို အနိုးသို့ဆောင်ကြကုန်၏။ ထိုဇာတ်သမားများသည် မိမိတို့လည်း မေ့လျော့ကြ၊ ကြည့်ရှုနားထောင်သူများကိုလည်း မေ့လျော့စေကုန်ကြသောကြောင့် သေလျှင် ဇာတ်သဘင်သည် စသူများ ပဟာသငရဲ၌ဖြစ်ကြရကုန်သည်ဟု ဘုရားဟောတော်မူသည်။(သံ၊ပါ)ပဟာသငရဲဟူသည် သီးခြားမရှိ။ အဝီစိငရဲ၏တခုသောအဖို့၌ က ဆို တီး နေကြသလိုသဘင်သည် အသွင်ကို ယူ၍ ငရဲခံကြရသည်။ (သံ၊ ဋ္ဌ)

**လောဘတိုင်း အဘိဇ္ဈာမမည်** သူတပါးစည်းစိမ်ကို လိုချင်မှုကား သာမန်လောဘသာ ဖြစ်၍ ကမ္မပထမမြောက်သေးပေ။ ထိုသူ့စည်းစိမ်သည် ငါ့စည်းစိမ်ဖြစ်က ကောင်းလေစွဟု သူတပါး လက်မဲ့ဖြစ်အောင်"မိမိသို့ ညွတ်ခြင်း"ဟူသော ဒုတိယအင်္ဂါအရ မိမိသို့ မတရား ညွတ်သော လောဘသာ ဖြစ်မှုမြောက်သည်။ မိမိသို့ ညွတ်စေအပ်သော သူတပါးဥစ္စာ၏ အယုတ်အမြတ်၊ ဥစ္စာရှင်၏ သီလစသော ဂုဏ်ရှိ မရှိလိုက်၍ အပြစ်ကြီးငယ်ကွဲသည်။ အလိုရှိရာကို မရနိုင်ခြင်း၊ ယုတ်နိမ့်သော စည်းစိမ်ကိုရခြင်း၊ သူတပါး မကောင်းသမုတ် ခံရခြင်း၊

ရန်သူများ လွှမ်းမိုးနိုင်ခြင်း၊ ဥစ္စာ‌ချို‌တဲ့ခြင်း၊ တပြိုင်သူ ပေါများခြင်း စသည်များသည် အဘိဇ္ဈာ၏ မကောင်းကျိုးတည်း။

## အဘိဇ္ဈာ ပြစ်မှုပြ သာဓက

**ဒေဝဒတ်လောင်း ရှဲကုန်သည် သွေးအန်သေရသည်** ဘုရားလောင်းနှင့် ဒေဝဒတ်လောင်း ရှဲကုန်သည် ၂-ဦး နယ်မြေဝေထားကြသည်။ တဦးရောက်ပြီးလျှင်မှ တဦးဝင်ရောင်းနိုင်ကြောင်း ဂတိပြုထားကြ၏။ တချိန်တွင် ဒေဝဒတ်လောင်း ရောင်းသောရွာ၌ သူဌေးမျိုး ဆင်းရဲသူ (အထည်ကြီးပျက် တဦး)က ဖလားဟောင်းတခုနှင့် ရှဲကိုလဲပါဟု ဆိုသည်၊ ဒေဝဒတ်လောင်းသည် လက်သဲနှင့် ခြစ်ကြည့်ရာ တသိန်းတန် ရွှေခွက်မှန်းသိသော်လည်း ရှဲနဲနဲနှင့် လဲယူလို၍ ဖလားတန်ဖိုး မရှိသလို ပြောသွားသည်။

ဘုရားလောင်း ရှဲကုန်သည်သည် ဒေဝဒတ်လောင်း ထွက်သွားပြီး၍ လာရောင်းရာ ပါသမျှရှဲအားလုံး ပေးခဲ့ပြီး ဖလားရသည်နှင့် မြစ်တဖက်သို့ လျင်စွာ ကူးသွား၏။ လောဘကြီးသော ဒေဝဒတ်လောင်းသည် မြစ်ဆိပ်သို့ လိုက်လာသော်လည်း ဘုရားလောင်းကို မမှီတော့ပေ။ တသိန်းတန် ရွှေခွက် ဆုံးရှုံးရကား နှလုံးပူပန် သွေးအန်သေရသည်။

## ဗျာပါဒဆိုင်ရာ သိဖွယ်

**လုပ်သမျှ မုန်းစရာသာ** "ဒီလူသေရင် အေးတာဘဲ၊ သေအောင် ဘယ်လိုလုပ်ရပါ့ စသည်ဖြင့် တပါးသော သတ္တဝါ၏ ပျက်စီးကြောင်းကို ကြံခြင်း ဒုတိယအင်္ဂါအရ" ပျက်စီးစေလိုသော ဒေါသကြမ်းသာ ပြစ်မှုမြောက်သည်။ စိတ်ဆိုးရုံ၊ ဒေါသဖြစ်ရုံကား မမြောက်ပေ။ ပျက်စီးဘို့ တောင့်တအပ်သော သတ္တဝါ၏ သီလစသော ဂုဏ်ရှိမရှိ၊ ဗျာပါဒ ကိလေသာ၏ အထက် အနိမ့်ကိုလိုက်၍ အပြစ်ကြီးငယ်ကွဲသည်။ မုန်းဖွယ်အဆင်းရှိခြင်း၊ ကဲ့ရဲ့ဖွယ် မကြည်ညိုဖွယ် ဖြစ်စေခြင်း၊ ကြမ်းသောသဘောရှိခြင်း၊ ရန်ငြိုးဖွဲ့တတ်ခြင်း၊ တန်ခိုး အာနုဘော်သေးခြင်းစသော အပြစ်များ ရတတ်သည်။ တနည်းကား ဗျာပါဒသည် မေတ္တာ၏ ဆန့်ကျင်ဘက်ဖြစ်ရာ မေတ္တာအကျိုး ၁၁-ပါး၏ ဆန့်ကျင်ဘက်အဖြစ် ၁၁-ပါး ခံစားရသည်။

## ဗျာပါဒ ဖြစ်မှုပြ သာဓက

**အိပ်မက်အရ နတ်ပြည်တက်လိုသော မင်းယုတ်** ပုပ္ဖဝတီ မည်သော ဗာရာဏသီ ပြည်၌ ကောရဗမင်း မင်းပြုစဉ် ဘုရားလောင်းကား ထိုမင်း၏သား စန္ဒအိမ်ရှေ့ မင်းသားဖြစ်လာသည်။ ဒေဝဒတ်လောင်းကား ခဏ္ဍဟာလပုရောဟိတ် တည်း။ လက်ဆောင်စား၍ မတရားဆုံးဖြတ်လေ့ရှိသော ပုရောဟိတ်၏ လုပ်ရပ်များကို အိမ်ရှေ့မင်းသားက အမှန်ရောက်အောင်ချည်း ပြုပြင် ပေးသဖြင့် ပုရောဟိတ်က ပြင်းစွာအငြိုးထားသည်။

တနေ့တွင် ကောရဗမင်းသည် တာဝတိံသာ နတ်ပြည်ကို အိပ်မက် မြင်သဖြင့် နတ်ပြည်ရောက်ကြောင်း ကောင်းမှုကို မေးသော် မိဖုရား ၄-ပါး၊ သားတော် ၄-ပါး၊ သမီးတော် ၄-ပါး၊ သူဌေး ၄-ဦး၊ နွား ၄-ကောင်၊ မြင်း ၄-ကောင် စသည်ဖြင့် ၄-ခုပေါင်း အစုံများစွာ သဗ္ဗ စတုက္ကအထိ ဒါနပြုရမည်။ ထိုသူတို့၏ လည်ချောင်းသွေးကို ရွှေခွက်၌ ထည့်၍ ယဇ်ပူဇော်လျှင် နတ်ပြည် ရောက်နိုင်သည်ဟု အငြိုးထားသော ပုရောဟိတ်ပုဏ္ဏားက တင်ပြသည်။

**သူမသစ္စာ သိကြား ကယ်စောင့် မင်းအဖြစ်ရောက်** ပုဏ္ဏားမိုက် လမ်းပြတိုင်း မင်းကြီး လိုက်နာရကား ပုရောဟိတ် ကိုယ် တိုင် အိမ်ရှေ့မင်းသား၏ လည် ချောင်းကို ဦးစွာဖြတ်၍ ယဇ်ပူဇော်ရန် ပြင်ဆင်ရာဝယ် အိမ်ရှေ့ မိဖုရား စန္ဒာ၏ သစ္စာစကားကြောင့် သိကြားမင်း လာကယ်သည်။ပြီးလျှင် အိမ် ရှေ့စံ စန္ဒမင်းသားကို နတ်သိကြားနှင့်တကွ လူများက မင်းမြှောက်ကြ ၏။ ပုရောဟိတ်ပုဏ္ဏားကား ကျောက်အုတ်စသည်တို့ဖြင့် လူများပစ်ခတ် ကြ၍ ထိုနေရာတွင် အသက်ပျောက်ရသည်။ ဤကား ဘုရားလောင်းကို သေစေလိုသော ဗျာပါဒဆိုင်ရာ မျက်မှောက်အပြစ်ရပုံတည်း။

## မိစ္ဆာဒိဋ္ဌိဆိုင်ရာ သိဖွယ်

**မိစ္ဆာဒိဋ္ဌိတိုင်း အပါယ်မကျ** မိစ္ဆာ=ဖောက်ပြန်မှားယွင်းစွာ ဒိဋ္ဌိ=မြင်မှု တည်း။ မျက်စိလည်သောသူသည် အရှေ့ ကို အနောက်၊ တောင်ကို မြောက်စသည်အမြင်မှားသကဲ့သို့ ကောင်းကျိုး

ရှိသည်ကို မကောင်းကျိုးရှိသည်စသည်ဖြင့် လွဲမှားသော ဒိဋ္ဌိစေတသိက်သည် မိစ္ဆာဒိဋ္ဌိမည်သည်။ ဒီဃနိကာယ် ဗြဟ္မဇာလသုတ်၌ ပြသော ဒိဋ္ဌိ ၆၂-ပါးအပြင် သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိစသည်ဖြင့် များစွာရှိရာ နတ္ထိကစသော ဒိဋ္ဌိ ၃-ပါးသာ ကမ္မပထမြောက်၍ အပါယ်ရောက်သည်။ ကြွင်းဒိဋ္ဌိများကား သာမန်သာတည်း။

## နိယတ မိစ္ဆာဒိဋ္ဌိ ၃-ပါး

(၁) ကုသိုလ်ပြုပြု၊ အကုသိုလ်ပြုပြု၊ နောက်နောက်ဘဝ၌ ကောင်းကျိုး ဆိုးပြစ်မရှိဟု အကျိုးဝိပါက်ကို တားမြစ်၍ယူလျှင် နတ္ထိကဒိဋ္ဌိ၊

(၂) သတ္တဝါတို့ဖြစ်ရာ အကြောင်းမရှိ၊ သံသရာစင်ကြယ်ရာ စင်ကြယ်ကြောင်းလည်း မရှိဟု အကြောင်းတရားကို တားမြစ်၍ယူလျှင် (အကြောင်းအကျိုး ၂-ပါးစုံကို တိုက်ရိုက်ပယ်လျှင်) အဟေတုကဒိဋ္ဌိ၊

(၃) ကောင်းမှု မကောင်းမှုကိုပြုသော်လည်း ပြုရာမရောက်၊ ဒါန ပြုသော်လည်း ကုသိုလ်မမည်၊ သူ့အသက်ကိုသတ်သော်လည်း အကုသိုလ်မဖြစ်ဟု ကံကို တားမြစ်၍ယူလျှင် အကိရိယဒိဋ္ဌိမည်ကြသည်။

**ယူမှားမဖျောက် မြေစောင့်သတ္တဝါ** ဤ ၃-ပါးကို ရွတ်ဖတ်ကြံစည် သမာဓိတည်အောင် အဖန်ဖန်လေ့လာပါက သမာဓိရသော ဇောဝီထိများတွင် နောက်ဆုံး တိကျစွာ မှက်ချက်ချသော ဝီထိ၏ သတ္တမဇောအခိုက်မှာ ငရဲ၌ အကျိုးပေး မြဲတော့မည်ဖြစ်သောကြောင့် နိယတမိစ္ဆာဒိဋ္ဌိမည်တော့သည်။ ဘုရားအဆူဆူချွတ်သော်လည်း မကျွတ်တော့ဘဲ ဝဋ္ဋခါဏုက=နှုတ်မရသော ဝဋ်ငုတ်၊ ပထဝီဂေါပက မြေစောင့်သတ္တဝါ ဖြစ်ရတော့သည်။ ကြွင်း ဒိဋ္ဌိအားလုံးကား အနိယတချည်းသာတည်း။

## အကျိုးပေးပုံနှင့် စပ်၍ ဒိဋ္ဌိ ၃-မျိုးသာ ရှိပုံ

(၁) နတ်ရွာနှင့် မဂ် ၂-မျိုးလုံးကို တားမြစ်တတ်သော ဒိဋ္ဌိကား နတ္ထိက၊ အဟေတုက၊ အကိရိယ ဒိဋ္ဌိ ၃-ပါးတည်း။

(၂) နတ်ရွာကို မတား၊ မဂ်ကိုသာ တားသော ဒိဋ္ဌိကား လောကသည် မြဲ၏ စသည်ဖြင့် ယူသော ဒိဋ္ဌိ ၁၀-ပါးတည်း။

(၃) နတ်ရွာနှင့် မင်္ဂ ၂-မျိုးလုံးကို မတားသော ဒိဋ္ဌိကား ရုပ်သည် ငါ၊ ရုပ်ရှိသော ငါ၊ (ငါသည် ရုပ်လည်း ဟူ) ရုပ်၌ ငါရှိသည်၊ ငါ၌ ရုပ်ရှိသည်ဟု ရူပက္ခန္ဓာ၌ ၄-ပါး။ ထိုအတူ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏက္ခန္ဓာတို့၌လည်း ၄-ပါးစီဖြစ်သော သက္ကာယဒိဋ္ဌိ ၂၀-တို့တည်း။

(ဒိဋ္ဌိ ၆၂-ပါးတွင် သေလျှင် ပြတ်သည်ဟု ယူဆသော ဥစ္ဆေဒဒိဋ္ဌိ ၇-ပါးကိုနုတ်၊ ကြွင်း ၅၅-ပါးသည် သေလျှင် မြဲသည် ဟု ယူသော သဿတဒိဋ္ဌိချည်းဖြစ်၍ အချုပ် ၂-ပါးသာတည်း။)

**ကမ္မာပျက်သော်လည်း ပြောင်းခံရသည်** ကမ္ဘာကိုဖျက်သော မီး ရေ လေ တို့သည် အခြား မီး ရေ လေဟူသမျှတို့ထက် ကြီးသကဲ့သို့ နိယတမိစ္ဆာဒိဋ္ဌိသည်လည်း မကောင်းမှုဟူသမျှတို့ထက် အပြစ်ကြီးလှသည်။ မှန်၏။ အမိကို သတ်ခြင်း စသော ဂရုကကံ ၅-ပါးသည် ကမ္ဘာပျက်မှ လွတ်၏။ နိယတမိစ္ဆာဒိဋ္ဌိကံကား ကမ္ဘာပျက်သော်လည်း (ဤစကြဝဠာနှင့် အတူဖြစ်၊ ပျက်သော စကြဝဠာ ကုဋေတသိန်း၏ပြင်ပ) အခြား စကြဝဠာရှိ ငရဲ၌ ရွှေ့ခံရသည်။ (အံ၊၄) ထို့ကြောင့်ပင် ဘုရားရှင်က "မိစ္ဆာဒိဋ္ဌိလောက် အပြစ်ကြီးသော အခြား မကောင်းမှုကို ငါဘုရား၏ဉာဏ်တော်ဖြင့် ကြည့်၍မမြင်" ဟု ဟောတော်မူသည်။ (အံ၊ ပါ) မိစ္ဆာ အယူ အထုံ အနည်းအများလိုက်၍ရင်း၊ နိယတဖြစ် မဖြစ်လိုက်၍ရင်း အပြစ်ကြီး သေး ခွဲခြားသည်။

## မိစ္ဆာဒိဋ္ဌိသမား ဘုရားချွတ်မရပုံ

**ခွေးကျင့် ခွေးမူ ကြည်ဖြူလေးမြတ် သုနက္ခတ်** လိစ္ဆဝီ မင်းမျိုးမှ ရဟန်း ပြုသော သုနက္ခတ်သည် ဘုရားနောက်တော်မှ လိုက်၍ သပိတ် သက်န်းကို ယူလျက် အလုပ်အကျွေးပြုနေသော်လည်း မိစ္ဆာအယူရှိသူကိုမြင်လျှင် ချီးမွမ်းလေ့ရှိသည်။ အခါတပါး ဥတ္တရကာ နိဂုံးတွင် ခွေးနေ၊ ခွေးသွား၊ ခွေးစား၊ ခွေးအိပ်ပြု၍ ခွေးကျင့် ကျင့်ကာ အဝတ်မပါသော ကောရခတ္တိယကို မြင်၍ "ဤရဟန်းကား ကောင်းသောသဘောရှိ၏။ အလိုနည်း၍ ခွေးပမာကျင့်ရှာတာဘဲ" ဟု စိတ်ကချီးမွမ်းသည်။ ဘုရားရှင်က "မင်္ဂဖိုလ်မှ အချည်းနှီးသော ယောကျာ်း၊ သင်သည် ငါဘုရား၏ နောက်တော်က

လိုက်လျက် ယုတ်မာသောအကြံကို ကြံသည် မဟုတ်လော''ဟု မေးတော်မူရာ ''ကြံမိပါသည်။ အရှင်ဘုရားဟာ သူမျှား အရဟတ္တဖိုလ်ကို ဝန်တိုသားဘဲ'' ဟု ပြန်လျှောက်၏။

**လက်နှင့်ပုတ်မေး၊ မသဲလေ၀င်းက စကားပြောမည်**

ထိုအခါ ဘုရားရှင်က ''သူမျှား၏ အရဟတ္တဖိုလ်ကို ငါဘုရားဝန်မတိုပါ။ အယူမှားသော (သင့် မိတ်ဆွေ) ကောရခတ္တိယသည် ၇-ရက်ကြာလျှင် အစာမကြေ ရောဂါဖြင့် သေ၍ အသုရကာယ်အပါယ်ကောင်ဖြစ်မည်။ ပြိတ်စွယ်မြက်ပေါက်သော သုသာန်၌ချမည်။မသာကောင်ကို လက်နှင့်ပုတ်မေးလျှင်''ငါသည် ယုတ်နိမ့်မျိုးနွယ် အသုရကာယ်၌ ဖြစ်နေရသည်ဟုပြောလိမ့်မည်''ဟု ဗျာဒိတ်တော်မူလိုက်သည်။ ဗျာဒိတ်တော်အတိုင်း မှန်ပါလျက် သုနက္ခတ် ရဟန်းသည် မိစ္ဆာဒိဋ္ဌိအယူ မစွန့်ပေ။

## သုနက္ခတ်ရဟန်း၏ ရှေးအယူဆိုးမျိုး

၎င်းရဟန်းသည် ဘူရိဒတ်ဇာတ်တော်၌ ကာဏာရိဋ္ဌ ဖြစ်သောအခါ မီးကို ထောပတ်စသည်ဖြင့် ပူဇော်လျှင် နတ် ပြဟ္မာပြည် ရောက်သည်။ ပုဏ္ဏားများကို ပူဇော်သော နွားရေမျှား သွန်ရာက မြစ်ကြီး မြစ်ငယ်ဖြစ်လာသည်။ ပုဏ္ဏားတို့၏နေရာ အုတ်စီထားသည်မှစ၍ တောင်ကြီးတောင်ငယ် ဖြစ်လာ၏။ ပုဏ္ဏားနစ်၍သောရာ အဖပြဟ္မာမင်း ကျိန်ဆဲ၍ ပင်လယ်ရေငန်ဖြစ်လာသည်။ ပြဟ္မာမင်းကြီးက မင်းမျိုးကို အစိုးရဘို့၊ ပုဏ္ဏားမျိုးကို ဗေဒင်သင်ဘို့၊ သူကြွယ်မျိုးကို လယ်လုပ်ဘို့။ ဆင်းရဲသားမျိုးကို ခိုင်းစေဘို့ ဖန်ဆင်းထားသည်ဟူသော အယူမှားမျှား ယူခဲ့ဘူးသည်။

## မိဘ ၂-ပါး ပျော်ပါး၍ သားသမီးများ ဖြစ်လာကြသည်

၎င်းရဟန်းသည်ပင် နာရဒဇာတ်တော်၌ ဂုဏအမည်ဖြင့် အဝတ်မဝတ်သော တက္ကတွန်းဖြစ်သောအခါ မိဘမရှိ၊ ကုသိုလ်-အကုသိုလ်မရှိ၊ ပစ္စုပ္ပန်လောက-တမလွန်လောကမရှိ၊ လူမိုက်-လူလိမ္မာ မည်သူဘဲ ဖြစ်ဖြစ် ၈၄-ကမ္ဘာရောက်လျှင် စင်ကြယ်ရမည်ဟူသော အယူမှားကို ယူခဲ့ဘူးသည်။

ဤသို့လျှင် ဘဝအဆက်ဆက်စွဲလာသော အယူမှားသည် ဘုရားနှင့်တွေ့ရ၊ ဘုရားတန်ခိုးတော်ကို သိရပါလျက် မစွန့်နိုင်အောင် ခိုင်မြဲလှသည်များကိုထောက်၍ အယူမှားကြောင့် မိတ်ဆွေမှားကို ပေါင်းသင်းရတတ်ခြင်း၊ မကောင်းမှုကို ရက်ရောစွာ ပြုမိတတ်ခြင်း၊ ဒိဋ္ဌမင်္ဂလာစသည်ကို အမြတ်အားဖြင့် ယုံကြည်ခြင်း၊ သူတော်ကောင်းတရား၌ ကြာရှည်မတည်နိုင်ခြင်း၊ ပဋိသန္ဓေဉာဏ်ကင်း၍ သဒ္ဒါတရား နည်းပါးခြင်းစသည်တို့သည် မိစ္ဆာဒိဋ္ဌိ၏ မကောင်းကျိုးများတည်း။

## မိစ္ဆာဒိဋ္ဌိပြစ်မှုပြ သာဓကများ

**နေမိမင်းကြီးနှင့် မာတလိနတ်သား** ကြောက်မက်ဖွယ်ရာ ဆင်းရဲ အမျိုးမျိုးကို ခံစားနေရသော ငရဲသူများကို မြင်၍ နေမိမင်းကြီးက မေးတော်မူရာ လူ့ဘဝက အယူမှားကို မိမိလည်းယူ၊ သူတပါးကိုလည်း ယူစေခြင်းကြောင့် ဤဆင်းရဲများ ခံစားကြရသည်ဟု မာတလိနတ်သား ဖြေကြားသည်။

**ဥစ္ဆေဒသမား လည်ပင်းအိုးဆွဲ ရေထဲဆင်းသေ** ဘုရားရှင်သည် သာဝတ္ထိပြည် သရက်ဖြူပင်ရင်း၌ တိတ္ထိတို့၏ မာန်တံခွန်ကို မီး ရေ အစုံပြလျက် နှိမ်နင်းတော်မူအပ်သည်ရှိသော် သက်သတ်ခိုးမှု ကာမမှုများကို ပြုသော်လည်း မကောင်းကျိုးမရှိ၊ ကုသိုလ်ပြုသော်လည်း ကောင်းကျိုးမရှိ၊ သေလျှင် ပြတ်၏ဟု ဥစ္ဆေဒအယူရှိသော ပုရာဏကဿပသည် သူ့ဒကာလက်မှ ယာဂုအိုး၊ လွန်ကြိုးများကို တောင်း၍ လည်ပင်းမှာဆွဲ၊ ရေထဲဆင်းသေ၊ အဝီစိမှာဖြစ်ရလေသည်။

**အကိရိယအယူနှင့် အဝီစိ** ကောင်းမှု မကောင်းမှု ပြုသော်လည်း ပြုရာမရောက်၊ ကံမမည်။ အလျားအနံ တယူဇနာရှိသော ရေအိုင်ကို သမန်းမြက်ဖျားဖြင့် အနှစ်၁၀၀-မှ တခါ တို့၍ ယူပစ်လျှင် ၎င်းအိုင်မျိုး ၇-အိုင် ရေကုန်လောက်ချိန်တွင် အလိုလို စင်ကြယ်၍ နိဗ္ဗာန်ရောက်မည်ဟု အကိရိယအယူရှိသော မက္ခလိဂေါသာလသည် ထင်တိုင်းကျင့်၍သေသော် အဝီစိ ရောက်ရသည်။

**နတ္ထိကသမား ရေတွင်းတွေလိုက်ဖျက်** ဘုရားပွင့်တော်မမူမီ နှစ် ၅၀-တွင် ရေကစ္ဆမြို့၌ ဓနပါလ သူဌေးသည် လှည်းအစီး ၈၀-တိုက်မျှ ချမ်းသာပါလျက် ဝန်တိုသည်။ ကိုယ်တိုင် လှူဘို့အသာထား၊ သူများအလှူကိုပင် လိုက်တားသည်။ ကောင်းမှု မကောင်းမှု၏ အကျိုးမရှိဟု နတ္ထိကအယူရှိသဖြင့် ရေတွင်း ရေကန်များကိုပင် လိုက်ဖျက်ဆီးသည်။ သေသော် သဲကန္တာရ၌ ထန်းပင်မျှသော ကိုယ်ရှိသည်ဖြစ်၍ အဝတ်အစားမရ ရေမသောက်ရသော ပြိတ္တာဖြစ်ရသည်။

ငါတို့ဘုရား ဓမ္မစကြာဟောပြီးနောက် သာဝတ္ထိပြည်သား လှည်းကုန်သည် ၅၀၀-နှင့်တွေ့၍ မေးမြန်းသော် "အဝတ် အစားမရ၊ ရေမသောက်ရသည်မှာ ၅၀-နှစ်ရှိပြီ၊ နောက် ၄-လကြာလျှင် ငရဲသွားရရဦးမည်ဟု ပြိတ္တာက ပြောသည်။

## ကံ ဒွါရ ခွဲခြားမှု ဆိုင်ရာ မှတ်ဖွယ်

**ကာယကံ ၃-ပါး၊ ကာယဝိဉ္စိ ၂-ဒွါရ၌ ဖြစ်ပုံ** လက်လှုပ်ခြင်း စသည်ဖြင့် (မိမိအလိုကို သိစေတတ်သော ကာယ ဝိညတ်ဟူသော) ကိုယ်၌အဖြစ်များ၍ ဤ ၃-ပါးကို ကာယကံဟု ခေါ်သည်။ သက်သတ်ခိုးမှု ကာမမှုကို ကိုယ်ဖြင့် ပြုသောအခါ အင်္ဂါစုံမူ ကာယဒွါရ၌ ကာယကံဖြစ်သည်။ အင်္ဂါမစုံမူ ကာယဒုစရိုက်သာ။

သက်သတ်ခိုးမှု ၂-ပါးကို နှုတ်ဖြင့် စေခိုင်းသောအခါ အင်္ဂါစုံမူ ဝစီဒွါရ၌ ကာယကံ။ အင်္ဂါမစုံမူ ဝစီဒုစရိုက်သာ။ ကာမမှုကို နှုတ်ဖြင့် စေခိုင်းသောအခါ ဝစီဒုစရိုက်သာ။

သက်သတ်ခိုးမှု ကာမမှုတို့ကို ကိုယ်နှုတ်မပါ စိတ်ကသာ ကြံလျှင် မနောဒုစရိုက်သာ ဖြစ်သည်။

**ဝစီကံ ၄-ပါး ကာယဝိဉ္စိ ၂ ဒွါရ၌ ဖြစ်ပုံ** နှုတ်မြွက်ခြင်းဖြင့် (မိမိ၏အလိုကို သိစေတတ် ဝစီဝိညတ် ဟူသော) နှုတ်၌ အဖြစ်များ၍ ဤ၄-ပါးကို ဝစီကံဟု ခေါ်သည်။ ဤ၄-ပါးကို လက်ပြခြင်းစသည်ဖြင့် ပြုလုပ်သောအခါ အင်္ဂါစုံမူ ကာယဒွါရ၌ ဝစီကံ။ အင်္ဂါမစုံမူ ကာယဒုစရိုက်သာ။

ဤ၄-ပါးကို နှုတ်ဖြင့် ပြောသောအခါ၊ အင်္ဂါစုံမူ ဝစီဒွါရ၌ ဝစီကံ။ အင်္ဂါမစုံမူ ဝစီဒုစရိုက်သာ။

ဤ ၄-ပါးကို ကိုယ်နှုတ်မပါ စိတ်ကသာ ကြံလျှင် မနော ဒုစရိုက်သာ။

**မနောကံ ၃-ပါး ၃-ဒွါရလုံး၌ ဖြစ်ပုံ** ကိုယ်နှုတ်ကို ကြဉ်၍ စိတ်၌သာ အဖြစ်များခြင်းကြောင့် ဤ ၃-ပါးကို မနောကံဟု ခေါ်သည်။ ဤ ၃-ပါးကို စကြံသွားခြင်း စသည်ဖြင့် ကိုယ်လှုပ်ရှားလျက် ပြုသောအခါ အင်္ဂါစုံမူ ကာယဒွါရ၌ မနောကံ။ အင်္ဂါမစုံမူ ကာယဒုစရိုက်သာ။

ဤ ၃-ပါးကို နှုတ်ဖြင့်မြွက်သောအခါ အင်္ဂါစုံမူ ဝစီဒွါရ၌ မနောကံ။ အင်္ဂါမစုံမူ ကာယဒုစရိုက်သာ။

ဤ ၃-ပါးကို စိတ်ကသာကြံလျှင် အင်္ဂါစုံမူ မနောဒွါရ၌ မနောကံ။ အင်္ဂါမစုံမူ မနော ဒုစရိုက် သာတည်း။ (စာကိုယ်၌ ပြထားသော အခြေခံ အချက်အလက်များ ပြည့်စုံသည်ကို အင်္ဂါစုံသည်ဟု ခေါ်သည်။ အင်္ဂါငါးပါးရှိမှ ပါဏာတိပါတ ကမ္မပထ (ပြစ်မှု)မြောက်သည် စသည်ဖြင့် သိလေ။)

## (၁၃) လေ့ကျင့်ခန်းများ

၁။ မူးယစ်သုံးစား ပစ္စုပ္ပန်အပြစ်များကို လက်သွားအရ ပြ၍ "ယစ်မျိုးအစ သုရာနှင့် ဝရုဏ"ဟူသော စကားကိုရင်း၊ သိက္ခာပုဒ်ပညတ်ရပုံကိုရင်း ရေးပါ။

၂။ မယားထက် အရက်ကို မက်သည်ဟူသောစကား ယုတ္တိရ-မရ၊ ဣစ္ဆာသယ အိုးစကြာ ဝတ္ထုပုံပြု ရေးသား၍ မုသား၌ ရကောင်းသမျှ ပယောဂတို့ကိုလည်း စစ်ပြပါ။

၃။ ကုသိုလ်ရအောင် လိမ်ကြသော ထိပ်တန်းပုဂ္ဂိုလ်များကိုပြ၍ မုသားနှင့်စပ်၍ စေတီယမင်းအား ဘုရားလောင်း မည်သို့ ဆုံးမသနည်း။ မုသားကြောင့် ခွေးစားခံရပုံ၊ သီတင်းသည်မ ၅၀၀-၏ ဖြစ်ရပ်ပါ ပြပါ။

၄။ ကုန်းတိုက်မှု၏ ရည်ရွယ်ချက်၊ ကျောင်းထိုင်လိုဇော၊ ကုန်းချော သော ရဟန်း၏ ပြစ်ဒဏ်၊ အချစ်စမ်း၍ ရမ်းကားသော ရုက္ခစိုး ဝင်ရှိလိုက်ပုံ စုံလင်အောင် ပြပါ။

၅။ စကားကြမ်းတိုင်း ဖရုသဝါစာဖြစ်သလော။ မိမိကိုယ်ကိုရှင်း၊ ခလုတ်ကိုရှင်း ဆဲရေးရာ၊ ခင်မင်သူချင်း ကျီစယ်၍ ဆဲခရေး ရာတို့၌ ပြစ်မှုမြောက်-မမြောက် သာဓကထောက်ပြ၍ ဖရု-သဝါစာ၏ မကောင်းကျိုးကို ပြပါ။

၆။ အသက်ရှင်ဆဲ ငရဲရောက်သူ ရေဝတီကျောင်းအမ၊ ဝက်နှုတ်သီး ရဟန်းကြီးတို့၏ အပြစ်ကို ပြပါ။

၇။ တိရစ္ဆာနကထာနှင့် သမ္ဖပ္ပလာပ အထူးကိုပြ၍ ဝါစာ ၃-ပါးကို ကုသိုလ်စသည် ခွဲပြီးလျှင် ဇာတ်ဆရာ၊ ဇာတ်သမား၊ ပွဲကြည့်သူများ သွားရမည့် ငရဲကိုလည်း ပြပါ။

၈။ လောဘတိုင်း အဘိဇ္ဈာ မည်ပါသလော။ ဒေဝဒတ်အလောင်း ရွှေကုန်သည်၏ အဘိဇ္ဈာဆိုးကျိုး၊ ခဏ္ဍဟာလ ပုရောဟိတ်၏ ဗျာပါဒဆိုးကျိုးများကို ပြပါ။

၉။ ဝဋ္ဋခါကုကနှင့် ပထဝီဂေါပက၏ အမိပ္ပာယ်ကိုပြ၍ အကျိုးပေးပုံအရ ဒိဋ္ဌိ ၃-မျိုးကို ယှဉ်ပြပြီးလျှင် သုနက္ခတ် ရဟန်း၏ ရှေးအယူဆိုးများကိုလည်း ရေးပါ။

၁၀။ ပုရာဏကဿပ၏ အသေဆိုးပုံ၊ မက္ခလိဂေါသာလ၏ အနေဆိုးပုံကိုပြ၍ ကာယကံ ၃-ပါး ၂-ဒွါရ၌ ဖြစ်ပုံကိုလည်း ရေးပါ။

## ဒုစရိုက် ၁၀-ပါးနှင့်စပ်၍ ပဓာန မှတ်ချက်များ

**တရားကိုယ် ဓမ္မအားဖြင့်** ကာယကံ ၃-ပါး၊ ဝစီကံ ၄-ပါးဟူသည် စေတသိက်တည်း။ အဘိဇ္ဈာကား လောဘ၊ ဗျာပါဒကား ဒေါသ၊ မိစ္ဆာဒိဋ္ဌိကား ဒိဋ္ဌိစေတသိက် ဖြစ်၏။ အားလုံး စေတသိက်သာ။

**အဖွဲ့အစု ကောဋ္ဌာသအားဖြင့်** ကာယကံ ၃-ပါး၊ ဝစီကံ ၄-ပါး၊ မိစ္ဆာဒိဋ္ဌိ။ ဤ ၈-ပါးသည် ကမ္မပထ သာ မည်၏။ မူလမမည်။ အဘိဇ္ဈာ၊ ဗျာပါဒကား ကမ္မပထ၊ မူလ ၂-ပါး လုံးမည်သည်။(လောဘ၊ ဒေါသ၊ မောဟ၊၃-ပါးကို မူလဟု ခေါ်၏။)

**မွေ့လျော်ရာ အာရုံအားဖြင့်** ပါဏာတိပါတ၊ ကာမေသုမိစ္ဆာစာရ၊ မိစ္ဆာဒိဋ္ဌိ။ ဤ ၃-ပါးသည် သင်္ခါရကို အာရုံပြုသည်။ ဖရုသဝါစာ၊ ဗျာပါဒ။ ဤ ၂-ပါးကား သတ္တဝါကို အာရုံပြု၏။ အဒိန္နာဒါန၊ မုသာဝါဒ၊ ပိသုဏဝါစာ၊ သမ္ဖပ္ပလာပ၊ အဘိဇ္ဈာ။ ဤ ၅-ပါးတို့သည် သတ္တဝါသင်္ခါရ ၂-မျိုးလုံးကိုပင် အာရုံ ပြုကြသည်။

**ခံစားမှုဝေဒနာအားဖြင့်** ပါဏာတိပါတ၊ ဖရုသဝါစာ၊ ဗျာပါဒ။ ဤ ၃-ပါးသည် ဒုက္ခဝေဒနာ။ ကာမေသု မိစ္ဆာ စာရ၊ အဘိဇ္ဈာ၊ မိစ္ဆာဒိဋ္ဌိ။ ဤ ၃-ပါးသည် သုခ၊ ဥပေက္ခာ ဝေဒနာ ၂-ပါး။ အဒိန္နဒါန၊ မုသာဝါဒ၊ ပိသုဏဝါစာ၊ သမ္ဖပ္ပလာပ။ ဤ ၄-ပါးသည် သုခ၊ဒုက္ခ၊ ဥပေက္ခာဝေဒနာ ၃-ပါးလုံးဖြစ်ကြ၊ ရကြသည်။ (မဆင်းရဲ မချမ်းသာ အလယ် အလတ်သည် ဥပေက္ခာမည်၏။)

**အကြောင်းရင်း မူလအားဖြင့်** ပါဏာတိပါတ၊ ဖရုသဝါစာ၊ ဗျာပါ ဒ။ ဤ ၃-ပါးသည် ဒေါသကြောင့် ဖြစ်၏။ ကာမေသုမိစ္ဆာစာရ၊ အဘိဇ္ဈာ၊ မိစ္ဆာဒိဋ္ဌိ။ ဤ ၃-ပါးကား လောဘကြောင့်ဖြစ်၍ အကြွင်း ၄-ပါးတို့သည် လောဘ၊ ဒေါသ ၂-ပါးလုံးတို့ကြောင့် ဖြစ်ကြသည်။ အကုသိုလ်မှန်သမျှ မောဟပါမြဲဖြစ်ရာ မောဟကြောင့် ဒုစရိုက် ၁၀-ပါးလုံး ဖြစ်သည်။

**ဒုစရိုက် ၄၀-မှတ်သားဖွယ်** ဒုစရိုက်တပ‌ါး တပါး၌ ကိုယ်တိုင်ပြုခြင်း၊ တပါးသူကို ပြုစေခြင်း၊ သူများပြုသည်ကို မြင်ကြား၍ ဝမ်းသာခြင်း၊ (စိတ်သဘောတူ ကျေနပ်ကြည်ဖြူခြင်း) သူများပြုသည်ကို မြင်ကြား၍ ချီးမွမ်းခြင်းဟု ၄-ပါးစီ ရသောကြောင့် ဒုစရိုက် ၁၀-ပါးသည် အပြား ၄၀-ရ၏။ ထို ၄၀-နှင့် ပြည့်စုံသူသည် (ဝန်ထုပ်ဝန်ပိုးကို ကိုယ့်နေရာရောက်လျှင် ချရသကဲ့သို့)ငရဲသို့ကျရ၏ ဟု ဘုရားဟောတော်မူသည်။ (အံ၊ပါ၊ဒသက) ထို့ကြောင့်“ကိုယ်တိုင် တိုက်တွန်း၊ ချီးမွမ်းစိတ်ဘူ၊ ဤ၄-ဆူ၊ မှတ်ယူ ပြားလေးဆယ်”ဟု စပ်ဆိုတော်မူကြ၏။

## အရိယုပဝါဒကံဆိုင်ရာ သိဖွယ်

**အရိယာဟူသည်** ပကတိ၊ မဟာ၊ အဂ္ဂ-ဟူသော သာဝက ၃-မျိုး၊ ပစ္စေကဗုဒ္ဓါနှင့် ဘုရားရှင်တို့သည် တနည်းအားဖြင့် လူသေသာတပန်ကို အစထား၍ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာတို့သည် အရိယာများ ဖြစ်ကြ၏။အရိယာ တဦးဦးကို အကျိုးပျက်စေလို၍ ပါရာဇိကမှုဖြင့်ငှ်း၊ဂုဏ်ကိုချိုးဖဲ့ခြင်းဖြင့်ငှင်း၊ စွပ်စွဲဆဲရေးမှုသည် အရိယုပဝါဒကံမည်သည်။

**ပြစ်မှားမှု ၃-မျိုးနှင့် စင်ကြယ် မစင်ကြယ်** အရိယာတို့အား ပြစ်မှားခြင်းသည် ရိုက်နှက် ထိပါးခြင်းဟူသော ကိုယ်ဖြင့် ပြစ်မှားခြင်း၊ ဆဲရေးစွပ်စွဲမှုဟူသော နှုတ်ဖြင့် ပြစ်မှားခြင်း၊မသင့်မလျော်ကြံခြင်း၊ စိတ်ဖြင့် ကဲ့ရဲ့ပြစ်တင်ခြင်း ဟူသော စိတ်ဖြင့် ပြစ်မှားခြင်းဟု ၃-ပါးရှိရာ အလွန်အကဲဖြစ်လျှင် ဆေးကြော၍ ၃-ပါးလုံး မစင်ကြယ်နိုင်ပေ။ သို့သော်လည်း မည်သည့်ပြစ်မှုမဆို နောင်မပြုတော့ပါဟု စိတ်ကထား၍ ကန်တော့ တောင်းပန်လျှင် လေးသောအပြစ် ပေါ့သည်သာတည်း။

**ထိပ်တန်း ပုဂ္ဂိုလ် ၂-ဦး သက်သာရာရပုံ** အဇာတသတ်သည် ဖခင်ကို သတ်ပြီးမှ သတိရ၍ ဘုရားကန်တော့သဖြင့် ငရဲကြီးတွင် တကမ္ဘာလုံး ခံရမည့်အပြစ်မှ အနှစ် ခြောက်သောင်း(၆၀၀၀၀)သာ ဥဿဒငရဲငယ်၌ ခံရပြီးလျှင် ဝိဇိတာဝီပစ္စေကဗုဒ္ဓါဖြစ်မည်။ ရှင်ဒေဝဒတ်သည် မြေမျိုသောအခါ စိတ်ကို လျှော့၍

ဘုရားကို ကန်တော့သည့်အတွက် နောင်တွင် အဠီဿရ ပစ္စေကဗုဒ္ဓါ ဖြစ်မည်ဟု ကျမ်းဂန်၌မိန့်သောကြောင့် ဂရုကကံ ထိုက်သူသော်မှ အပြစ်ပေါ့လျှင် လဟုကကံရှိသူမှာ အဘယ်ဆိုဖွယ်ရာရှိတော့အံ့နည်း။ ၁–အရိယာပုဂ္ဂိုလ်အား၊ ၂–စွပ်စွဲလိုစိတ်ဖြင့်၊ ၃–စွပ်စွဲခြင်း။ ဤ ၃-ပါးစုံလျှင် ကံထိုက်သည်။ အရိယာမှန်းမသိ၍ စွပ်စွဲသော်လည်း ဤကံမလွတ်ပေ။

## ကမ္မပထ (ပြစ်မှု) ၄-မျိုး ထူးခြားပုံ

(၁) ပါဏာတိပါတအစ ဗျာပါဒအဆုံး ဒုစရိုက် ၉-ပါး၏ ကမ္မ-ပထသည် နောင်မပြုတော့ဟု စိတ်ထား၍ ဘုရားထံ ကန်တော့လျှင် လောင်းရိပ်မိသော သစ်ပင်နှင့် တူသည်။

(၂) **မိစ္ဆာဒိဋ္ဌိ၏** ကမ္မပထသည် အယူကိုစွန့်လျှင် နတ်ရွာနှင့် မဂ်ကို မတားနိုင်။ အယူ မစွန့်လျှင် ဂရုကကံ ၅-ပါးထက် အပြစ် ကြီးလေးသည်။

(၃) ဂရုကကံ၏ ကမ္မပထသည် ဖော်ပြပါ အဇာတသတ် ဒေဝဒတ်တို့ကဲ့သို့ ဘုရားစသည်ကို ကန်တော့လျှင် ငရဲမှမလွတ်သော်လည်း အပြစ်ပေါ့သွားသည်။ (ဂရုကကံဟူသည် သေလျှင် ငရဲမြဲ၍ အပြစ် ကြီးလေးသော မိဘ ရဟန္တာ သတ် ၃-ဖြာနှင့် ဘုရားရှင်အား သွေးစိမ်း တည်စေမှု သံဃာသင်းခွဲမှု ၅-ပါးတည်း။)

(၄) အရိယူပဝါဒ၏ ကမ္မပထသည် မကန်တော့ မတောင်းပန်လျှင် ဂရုကကံလို အပြစ်လေးသော်လည်း။ ကန်တော့ တောင်းပန်ပါက ရေဆေးသည့်အသွင် စင်ကြယ်ရပေသည်။

## အရိယူပဝါဒ ပြစ်မှုပြ သာဓက

**ငဲ့ကြီးသော ကောကာလိက** ဘုရားရှင် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် အဂ္ဂသာဝက ၂-ဆူအား သီလမရှိဟု စွပ်စွဲသော ကောကာလိကကို ဘုရားရှင်က "သူတို့နှစ်ဦး သီလရှိသည်။သင့်စိတ်ကို ကြည်ညိုစေပါ"ဟု ၃-ကြိမ် ဆုံးမတော်မူသည်။ကောကာလိကရဟန်း၏ ဥပဇ္ဈာယ်ဖြစ်ခဲ့ဘူးသော တုရုဗြဟ္မာသည်လည်း သုဒ္ဓါဝါသမှ ဆင်းသက်လာ၍ အရိယူပဝါဒကံ ပျောက်အောင် ဘောင်းပန်

ကန်တော့ခိုင်းသည်။ ထိုဆုံးမချက်များကို မနာယူသည့်အတွက် ဇေတ-ဝန်ကျောင်း အထွက်တွင် ဥသျှစ်သီးခန့် အိုင်းအမာကြီးပေါက်၍ ချက်ချင်း စုတေသေသော် အဝီစိငရဲ၏ တစိတ်သောဒေသ မဟာပဒုမငရဲ၌ ကျရသည်။

**ဘုရားက ငါ့လယ်ကို ထွန်ပေးမှာလား** ကဿပဘုရားရှင်လက်ထက် လယ်ထွန်ယောကျာ်း တဦးကို မိတ်ဆွေတဦးက ကဿပဘုရား ဖူးရန် ခေါ်ရာ "သင့်ဘုရားက ငါ့လယ်ကို ထွန်ပေးလျှင် ဖူးမည်။ ထွန်မပေးလျှင် မဖူးနိုင်" ဟု ဆိုမိသည်။ ယင်း လယ်ထွန်ယောကျာ်းသည် သေသော် သံထွန်သွားဖြင့် နွား ၂-ကောင် က-ကာ ထွန်နေရသော လယ်ထွန်ပြိတ္တာ ဖြစ်ရ၏။ မြေကြီး တယူဇနာတက်သည် အထိ ပြိတ္တာဘဝမှ မလွတ်သေး။ လွတ်လျှင်လည်း အဝီစိ သွားရဦးမည်ဟု မဟာဗောဓိကို ဖူးရန် သွားသော ရဟန်းများအား ယင်းပြိတ္တာက ပြောလိုက်သည်။ (လောကဒီပကကျမ်း)

## တောင်းပန်ကန်တော့ကျိုးပြ သာဓကများ

**သူသတ်၃၁-ဦး ကျွတ်တမ်းဝင်ဘူးသည်** ဘုရားရှင် ဂိဇ္ဈကုဋ်တောင်၌ နေတော်မူစဉ် ဒေဝဒတ်သည် ဘုရားကို သတ်၍ ဘုရား လုပ်လိုသဖြင့် လေးသမား ၃၁-ယောက်ကို ဘုရားထံ အသီးသီးလွှတ်သည်။ (ဘုရားသတ် ပြန်လာသူကို လမ်းကစောင့် ၂-ယောက်က သတ်။ ယင်း ၂-ယောက် ပြန်လာမည့် လမ်း ၄-ယောက် စောင့်သတ် စသည့် လက်စဖျောက်နည်းဖြင့် ဒေဝ-ဒတ် စီရင်သည်။) ပထမဆုံး လေးသမားကြီးသည် ဘုရားကို ပစ်သတ်အံ့-ဟု လေးကိုတင်လျက် မြားကိုလွှတ်ရာ လေးကို မချနိုင်ရကား ဘုရားခြေတော်ရင်း ဝပ်စင်း၍ ဒေဝဒတ်ကြောင့် မှားမိပုံများ လျှောက်ထားပြီး တောင်းပန်ကန်တော့သည်။ ဗုဒ္ဓ၏ သစ္စာ ၄-ပါး အဆုံးတွင် သောတာပန် တည်သွားသည်။ ကိုယ်ဖြင့် ပြစ်မှားရာ၌ ကုစား၍ အောင်မြင်ပုံတည်း။ (စန္ဒကုမာရ ဇာတ်တော်)

**ပိတ်ချင်းသီးများ ကြွက်ချေးဖြစ်ရ** လှည်းသမား တဦးသည် ပိတ်ချင်းသီး တင်လာရာ ပိလိန္ဒဝစ္ဆ ရဟန္တာနှင့်တွေ့၍ "ဒါယကာ၊ ဘာတွေ တင်လာသလဲ" ဟု မေးလတ်သော် ကြွက်ချေးတွေဟု ပြောမိသည့်အတွက် အိမ်ရောက်သော် ကြွက်ချေးများ ဖြစ်သွားသည်။

အရှင်မြတ်ကို ကန်တော့မှ ရွှေဖြင့်ပြီးသော ပိတ်ချင်းသီးများ ဖြစ်လာ၍ ချမ်းသာရဘူးသည်။ အမျက်ဒေါသနှင့်တကွ ထော်လော်ကန့်လန့် ပြောခြင်းသည် အရှင်မြတ်ကို ဆဲရေးရာရောက်၏။နှုတ်ဖြင့် ပြစ်မှားရာ ကုစားပုံတည်း။

**ကာမသောင်းကျန်း အငမ်းမရ သောရေယျ** သာဝတ္ထိပြည် သောရေယျ သူဌေးသားသည် ဂင်္ဂါမြစ်သို့ ရေချိုးသွားရာ အရှင်ကစ္စည်း၏ အဆင်းကို မြင်၍ "ဤအဆင်းသည် ငါ့မယား၏အဆင်းဖြစ်မူ ကောင်းလေစွ"ဟု စိတ်ကြံသည်၏အခြားမဲ့၌ မိန်းမဖြစ်၍ သာဝတ္ထိ မပြန်ရဲတော့ဘဲ တက္ကသိုလ်ပြည်သွား၍ ယောကျ်ားယူသည်။ သား ၂-ယောက် မိခင် ဖြစ်ပြီးမှ ကစ္စည်းအရှင်ကို ကန်တော့သည့်အတွက် ယောကျ်ား ပြန်ဖြစ်သည်။ သံဝေဂရ၍ ရဟန်းပြု၍ ရဟန္တာဖြစ်သွားသည်။

**ငမ်းငမ်းတက် ကိုယ်တော်ကြီးဘဲ** သီဟိုဠ်ကျွန်း၌ ဆွမ်းခံ ဝင် သော မထေရ် ၂-ဦးတွင် ရဟန္တာမထေရ်ကြီးသည် လေနာရောဂါအတွက် ယာဂုပူပူရသောအခါ ရွာတွင်းမှာပင် သောက်လေသည်။ မထေရ်ငယ် သောတာပန်သည်"ကိုယ်တော်ကြီးဟာ လောက၌ သင့်မသင့်ကိုမျှမသိ"ဟု စိတ်က ကဲ့ရဲ့မိသဖြင့် အထက်မဂ် ၃-ပါးကို ဤဘဝမှာ မရနိုင် ရှိရာတွင် အပြစ်တင်ပြ တောင်းပန် ကန်တော့မှ အထက်မဂ် ၃-ချက် ရနိုင်တော့သည်။ရဟန္တာမှန်း မသိဘဲလျက် သာရုပ္ပမဖြစ်၍ စိတ်မှားမှုတည်း။ ဤ ၂-ဝတ္ထုကား စိတ်ဖြင့် ပြစ်မှားရာ၌ ကုစား၍ ပျောက်ပုံများတည်း။ (ဓမ္မပဒ၊ ဌ၊ ဝိဘင်္ဂ၊ ဌ)

**အရေးထား၍လေးစားသင့်ကြသည်** အရိယုပဝါဒကံသည် အပြစ်ကြီးလှ၍ အနန္တရိယကံနှင့်တူရာ (ဝိ၊ ၁၊ ဌ) ဓနာဝင် စောင့်စည်းပါမည်ဟု စိတ်ထားခြင်း၊ မိမိအပြစ်ကို ဖော်ပြခြင်း၊ နှုတ်မြွက်၍ တောင်းပန်ခြင်း ဟူသော အင်္ဂါ ၃-ပါး စုံစေလျက် မည်သည့်စကားနှင့်မဆို တောင်းပန် ကန်တော့ပါက အထက်ဖော်ပြပါ သာဓကများကဲ့သို့ အပြစ်ကင်းနိုင်တော့သည်။ ထို့ကြောင့် တရား အားထုတ်ကြမည့် ယောဂီများသည် ရဟန်း ရှင် လူ အရိယာများအားလုံးကို မသိ မလိမ္မာသည့်အလျောက် ကိုယ် နှုတ် စိတ်တို့ဖြင့် ပြစ်မှားမိက ကျေ

ပျောက်စေရန် တောင်းပန်ကန်တော့ပြီးမှ တရား အားထုတ်ကြသည်မှာ မှတ်သား နည်းယူဖွယ်များ ဖြစ်သည်။

## မိတ္တဒုဗ္ဘိကံဆိုင်ရာ သိဖွယ်

**ခင်ပွန်းကြီး ၁၀-ပါး ကျေးဇူးရှင်များ** ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာနှင့် အဂ္ဂသာဝက များ၊ မိဘနှင့် ဆရာရင်း၊ သင်ဆရာစသည်များ၊ တရားပြပေးသူနှင့် ကျွေးမွေးပေးကမ်းဘူးသူဟု ခင်ပွန်းကြီး ၁၀-ပါးကို ဆရာမြတ်တို့ ပြထားကြသည့် အားလျော်စွာ မပြစ်မှားထိုက်သူများဖြစ်၍ ပြစ်မှားလျှင် မိတ္တဒုဗ္ဘိကံ ထိုက်သည်။ သီလ စသော ဂုဏ်ရှိသူ ရသေ့ ရဟန်းများနှင့် တနေ့ တရက် တည်းခိုဘူးသော အိမ်ရှင်၊ တလုပ်တဆုပ် ကျွေးဘူးသူများလည်း အားလုံး ပါဝင်ရာ ပြစ်မှားလျှင် မြေမျို၊ မိုးကြိုး လောင်မီးသင့်၊ ကိုယ်၌ ရောဂါရ၊ မျက်စိကန်း နားပင်း၊ ဆွံ့အ၊ မင်းဒဏ်သင့်၊ လက်နက်နှင့် သံမိုးရွာခြင်းဟု အပြစ် ၈-ပါးတွင် တပါးပါးကို မျက်မှောက် ဘဝ၌ပင် ခံရတတ်သည်။

**ဇာတ်တော် ၂-ခု အဆို** နားဘူး အိပ်ဘူးသော သစ်ပင်၏ အခက်ကို သော်လည်း မချိုးဖဲ့ကောင်း။ ချိုးဖဲ့လျှင် ခင်ပွန်းပြစ်မှားသူမည်၏ဟု သုနန္ဒာရထားထိန်းအား တေမိမင်းသား မိန့်သည်။(တေမိယဇာတ်) ခင်ပွန်းပြစ်မှားသူသည် အပြင်းအထန် ငရဲခံ ရ၏။ အသက်ရှင်လျက် စီးပွားဉစ္စာကို စွန့်ရတတ်သည်။ ကျက်သရေ ကင်းဝေး ညစ်ထေး ခြောက်ကပ်ရ၏ဟု အဖ နေသာဒပုဏ္ဏားအား သား သောမဒတ္တက ဆုံးမဘူးသည်။ (ဘူရိဒတ်ဇာတ်) ထို့ကြောင့် အရိပ်နေနေ အခက်ချိုးချိုး၊ သားရေပေါ်အိပ် သားရေနားစား ဟူသော လူကြီး သူမျာ း၏ ဉပဒေသ စကားများကို လေးစားလိုက်နာ၍ ကျေးဇူးရှင် များကို မပြစ်မှားမိအောင် ကျင့်သုံးကြရာသည်။

## မိတ္တဒုဗ္ဘိကံ ပြစ်မှုပြ သာဓကများ

အမိကို ပုတ်ခတ်ကန်ကြောက်ဘူးသဖြင့် သံစုံနန်းစက်ငရဲ၌ ခံရသော မိတ္တဝိန္ဒကဝတ္ထု၊ ကိသဝစ္ဆရသေ့ကိုတံတွေးထွေးခြင်း၊ တံပူဖတ်ဖြင့်ပစ်ခြင်း ကိုပြုသဖြင့် လက်နက်၊ မီးကျီး၊ ကျောက်ခဲ၊ သံမိုးရွာ၍ ယူဇနာ ၆၀- တိုင်တိုင် တပြည်လုံး ပျက်စီးဘူးသော ဒဏ္ဍကီမင်းဝတ္ထု၊ ချောက်ထဲမှ

ကယ်တင်သော ကျေးဇူးရှင်မျှောက်မင်းကို ကျောက်ခဲဖြင့်ထု၍ အိုင်းအမာကြီးပေါက်ကာ လတ်တလော သေရသော ပုဏ္ဏားယုတ် ဝတ္ထု၊ အသက်မွေးရန် အစွယ်ကို သင့်ရုံသာဖြတ်ယူသွားဟု ခွင့်ပြုရာ ထပ်ကာ ထပ်ကာ တောင်းရမ်း၍ စီးကမ်းမရှိ ဖြတ်သောကြောင့် မြေမျိုခံရသော ဒေဝဒတ်လောင်း မုဆိုးဝတ္ထုစသည်တို့ကို အထူးမှတ်သားအပ်သတည်း။

**ညောင်ပင်ကြီးပမာ ကျေးဇူးဆပ်သူမှာ** သူတော်ကောင်း ဖြစ်လိုလျှင် ကျေးဇူးရှင်အဆွေခင်ပွန်းများ၏ ကျေးဇူးကို အမှန် ပြန်ဆပ်ရာသည်။ မဆပ်နိုင်သော် ကျေးဇူးဂုဏ်ကို မြော်၍ မေတ္တာပွားရမည်။ ဤသို့ ကျေးဇူးသိသူ ကတညုတ ကတဝေဒီပုဂ္ဂိုလ်တို့အား စားသောက်ဖွယ် ပေါ၍ အများမှီခိုရာဖြစ်ပြီးလျှင် သွားလေရာရာ အပူဇော်ခံရသည်။ ရန်သူများ မနှိပ်စက်နိုင်ဘဲ ပွဲလယ်တင့်လျက်ကောင်းသတင်းကျော်စောသည်။ အခြေအရံ ဘုန်းကျက်သရေတိုးကာ ညောင်ပင်ကြီးပမာ လွန်စွာခိုင်မာသည် စသည်ဖြင့် အကျိုး၁၆-ပါးကို သုနန္ဒာရထားထိန်းအား တေမိမင်းသား မိန့်ကြားသည်။ (တေမိယဇာတ်) ရေကြောင့်ဖြစ်သော ရွှံ့ညွန်လူးလျှင် ရေဖြင့်သာ ဆေးရသလို စိတ်ကြောင့်ဖြစ်သော မကောင်းမှု ကိုယ်၌ဝင်လာလျှင် စိတ်ဖြင့်ပင် ဆေးကြော သုတ်သင်ကြပါ သူတော်ကောင်းတို့။

## သုစရိုက် ၁၀-ပါးအဖွင့်

**ကာမကုသိုလ်ကံ ၈-ပါး** အပါယ်ဆင်းရဲ စသည်ကို ဖြစ်စေတတ်သော အကုသိုလ်ကံ ၁၂-ပါးသည် ကာမဘုံ၌ အဖြစ်များ၍ ကာမာဝစရကံ မည်သလို လူ့ဘုံနတ်ရပ် ချမ်းသာ အထပ်ထပ်ကို ပေးနိုင်သော မဟာကုသိုလ်စိတ် ၈-ခု၌ရှိသော စေတနာကံ ၈-ပါးသည်လည်း ကာမဘုံ၌ပင် အဖြစ်များသောကြောင့် ကာမာဝစရကံမည်သည်။ ယင်းကံ ၈-ပါးသည် မဟာကုသိုလ်စိတ် ၈-ခု၊ စေတနာကြဉ်သော စေတသိက် ၃၀-ဟူသော စိတ္တုပ္ပါဒ်တို့၌ ဖြစ်ကြသည်။

ပါဏာတိပါတ စသည်မှ ရှောင်လျှင် ယင်းကုသိုလ်စိတ် ဖြစ်ရသလို ဒါန စသည်ပြုလျှင်လည်း ယင်းကုသိုလ်စိတ်ပင် ဖြစ်ရ၏။ ထို့ကြောင့် ကုသိုလ်ကံသည် သုစရိုက်အားဖြင့် ၁၀-ပါး၊ ပုညကြိယာ ဝတ္ထုအားဖြင့် ၁၀-ပါးရှိ၏ဟု မိန့်ဆိုရသည်။

**သုစရိုက် မည်ပုံနှင့် ကံအခွဲ** ဆိုခဲ့ပြီးသော ဒုစရိုက်၁၀-ပါးမှ ရှောင်ကြဉ်မှုသည် ကောင်းသောအကျင့် ကောင်းမှုကံဖြစ်၍ သုစရိုက် မည်သည်။ ဒုစရိုက် ၁၀-ပါး ကံအခွဲအတိုင်းပင် သုစရိုက် ၁၀-ပါးကိုလည်း ကာယကံ ၃၊ ဝစီကံ ၄၊ မနောကံ ၃-ဟု ခွဲရမည်။ ပါဏာတိပါတစသည်မှ ရှောင်ကြဉ်မှု၏ ကောင်းကျိုးများကို ၅-ပါးသီလခန်း၌ ဖော်ပြပြီး အပြစ်များကို အပြန်ယူရသော ဗျတိရေ-ကနည်းအရ သိသာပြီဖြစ်၍ ကြွင်းသော ကောင်းမှုကံ အကျိုးများကို သာ ပြပေမည်။

**ပိသုဏာဝါစာ ဝိရတီ၏ ကောင်းကျိုး၆-ပါး** သူတပါးလုံ့လကြောင့် ကိုယ်ခန္ဓာ မပျက်စီးနိုင်။ အခြံအရံ၊ သဒ္ဓါတရား၊ အဆွေခင်ပွန်းများ တိုးပွား မြဲမြံသည်။ သေသော်မှ အပေါင်းအသင်းများကာ ချစ်ခင်၍ကြည်လင်သောစိတ်များ ဖြစ်ရသည်။ အကျိုး ၆-ပါး။

**ဖရုသဝါစာကြဉ် အကျိုး ၆-ပါး** သတ္တဝါအများ ချစ်ခင်၍ နှလုံးကိုပွားစေအပ်သည်။ ချမ်းသာလေ့ရှိ၍ သာယာဖွယ် ကောင်းသော စကားရှိကာ အသံအင်္ဂါ ၈-ပါးရှိ၍ အများ ချီးမွမ်းအပ်သည်။

**သမ္ဖပ္ပလာပ ကြဉ် အကျိုး ၉-ပါး** သတ္တဝါများ ချစ်ခင် နှစ်လိုပြီး အလေး ပြုအပ်ပွားစေအပ်သည်။ ပရိသတ် လက်ခံသော စကားရှိပြီး ဘုန်းတံခိုးအာနုဘော်ကြီး၍ တခဏချင်းဖြေနိုင်သောပညာ၊ ပြဿနာများ ဖြေရှင်းပေးနိုင်သော ပညာများ ရှိသည်။

**အနဘိဇ္ဈာကျိုး ၆-ပါး** လိုရာရ၍ မြတ်သော စည်းစိမ်ရှိကာ မင်းသူကြွယ်စသော အမျိုးမြတ်၌ ဖြစ်ရခြင်း။ ရန်သူများ မနှိပ်စက်နိုင်ဘဲ ဣန္ဒြေပြည့်စုံကာ တုဘက်သူ ကင်းရသည်။

**အဗျာပါဒကျိုး ၇-ပါး** ရှုချင်ဖွယ်ရှိ၍ ချီးမွမ်းအပ်သူဖြစ်ကာ အများကို ကြည်လင်ရှင်ပျစေပြီး သဘောထားနူးညံ့သည်။ မေတ္တာပွားလေ့ရှိ၍ ဘုန်းတံခိုးအာနုဘော် ကြီးသည်။

**သမ္မာဒိဋ္ဌိကျိုး ၁၁-ပါး** မိတ်ဆွေကောင်းရကာ ခေါင်းဖြတ်မည် ဆိုသော်မှ မကောင်းမှုမပြု။ ကောတုဟလ မင်္ဂလာ ဝါသနာမပါ။ သူတော်ကောင်းတရား၌ တည်မြဲသည်။ ပဋိ-သန္ဓေဉာဏ်နှင့် သဒ္ဓါတရားရှိကာ ဗောဓိဉာဏ်နှင့် လက္ခဏာရေး ၃-ပါး၌ မွေ့လျော်သည်။ အမြတ်ဆုံး စည်းစိမ်နှင့် ပြည့်စုံ၍ သဗ္ဗညုတဉာဏ်ရပြီး မြက်ထက်မြတ် ပုဂ္ဂိုလ်ဖြစ်ရသည်။ (စရိယာပိဋက၊ ဌ) ဒုစရိုက်၏ ပဋိသန္ဓေကျိုး အပါယ်ဖြစ်သလို သုစရိုက်၏ ပဋိသန္ဓေကျိုးသည်း လူ့ရွာ နတ်ရပ် ဖြစ်၍ ပဝတ္တိအခါတွင် ဆိုပြီးအကျိုးများကို ရပေသည်။

## ကံဒွါရ ခွဲခြားမှုဆိုင်ရာ မှတ်ဖွယ်

**ကာယကံ ၃-ပါး ၃ဒွါရလုံး၌ ဖြစ်ပုံ** သက်သတ်ခိုးမှု ကာမမှုများကို ရှောင်ကြဉ်ပါဟု နှုတ်က မဆိုနိုင်၍ လက်ပြ ဆောက်တည်လျှင် ကာယဒွါရ၌ ကာယကံ ဖြစ်သည်။ နှုတ်ဖြင့် မြွက်ဆိုဆောက်တည်လျှင် ဝစီဒွါရ၌ဖြစ်၍ စိတ်ဖြင့်သာ ဆောက်တည်လျှင် မနောဒွါရ၌ ဖြစ်သည်။

**ဝစီကံ ၄-ပါး ၃-ဒွါရ၌** ဝစီကံ ၄-ပါးမှ ရှောင်ကြဉ်ပါ၏ဟု နှုတ်က မဆိုနိုင်၍ လက်ပြ ဆောက်တည်လျှင် ကာယဒွါရ၌ဖြစ်၍ ဝစီကံ ဖြစ်သည်။ နှုတ်ဖြင့် မြွက်ဆိုဆောက်တည်လျှင် ဝစီဒွါရ၌ဖြစ်၍ စိတ်ဖြင့်သာ ဆောက်တည်သူအား မနောဒွါရ၌ ဖြစ်သည်။

**မနောကံ ၃-ပါး ၃-ဒွါရ၌** ပေးကမ်းလို စိတ် အနဘိဇ္ဈာ၊ မေတ္တာစိတ် အဗျာပါဒ၊ အလှူအကျိုးရှိ၏ဟု သိမြင်သော သမ္မာဒိဋ္ဌိ စိတ္တုပ္ပါဒ်များနှင့် တကွ ရတနာ ၃-ပါးကို ကိုယ်ဖြင့် ရှိခိုးပူဇော်လျှင် ကာယဒွါရ၌ မနောကံဖြစ်သည်။ နှုတ်ဖြင့် ရွတ်ဆိုပူဇော်လျှင် ဝစီဒွါရ၌ ဖြစ်၍ စိတ်ဖြင့်သာ ကြံစည် ပူဇော်လျှင် မနောဒွါရ၌ ဖြစ်သည်။

## သုစရိုက် ၁၀-ပါးနှင့်စပ်၍ ပဓာနမှတ်ချက်များ

**တရားကိုယ် ဓမ္မအားဖြင့်** ကာယကံ ၃-ပါး၊ ဝစီကံ ၄-ပါးသည် စေတနာ စေတသိက်၊ ဝိရတီ စေတသိက် များတည်း။ အနဘိဇ္ဈာကား စေတနာနှင့်ယှဉ်သာ အလောဘ၊ အဗျာပါဒသည် စေတနာနှင့်ယှဉ်သော အဒေါသ၊ သမ္မာဒိဋ္ဌိသည် စေတနာနှင့်ယှဉ်သော အမောဟ (=ပညိန္ဒြေ) စေတသိက်များ ဖြစ်ကြသည်။ (အထက် ၇-ပါးကို စေတနာနှင့် ယှဉ်သော ဝိရတီ စေတသိတ် ဟုလည်း ဆိုသင့်သည်။ သို့သော် ကံဟူသည်မှာ စေတနာစေတသိက်သာတည်း။)

**အဖို့အစု ကောဋ္ဌာသအားဖြင့်** ကာယ ဝစီ ကံ ၇-ပါးသည် သုဂတိဘဝသို့ ရောက်ကြောင်း ကံဖြစ်၍ ကမ္မပထသာ မည်သည်။ မူလ မမည်။ မနောကံ ၃-ပါးသည် ကမ္မပထလည်း မည်၏။ အလောဘ အဒေါသ အမောဟ ဖြစ်၍ မူလလည်း မည်သည်။

**မွေ့လျော်ရာ အာရုံအားဖြင့်** ဒုစရိုက် ၁၀-ပါး အာရုံများအတိုင်း။

**ခံစားမှု ဝေဒနာအားဖြင့်** ခပ်သိမ်းသော သုစရိုက် ၁၀-ပါး ကုသိုလ်တရားတို့သည် သောမနဿ ဥပေက္ခာ ဝေဒနာ ၂-ပါးနှင့် ယှဉ်ကုန်သည်။

**အကြောင်းရင်း မူလအားဖြင့်** ကာယဝစီကံ ၇-ပါး တို့သည်။ အကျိုးကို သိမြင်၍ ရှောင်ကြဉ်သူအား အလောဘ၊ အဒေါသ၊ အမောဟ မူလ ၃-ပါး တို့ကြောင့် ဖြစ် သည်။ အကျိုးကို မသိလျှင် အမောဟကြဉ် မူလ ၂-ပါးကြောင့်သာ ဖြစ်၏။

အနဘိဇ္ဈာသည် (မိမိပင် အလောဘ ဖြစ်၍) အဒေါသ၊ အမောဟ မူလ ၂-ပါးကြောင့်သာ ဖြစ်သည်။ အဗျာပါဒလည်း (မိမိပင် အဒေါသ ဖြစ်၍)အလောဘ အမောဟ မူလ ၂-ပါးကြောင့် ပင်တည်း။ သမ္မာဒိဋ္ဌိမှာမူ (မိမိပင် အမောဟ ဖြစ်၍) အလောဘ အဒေါသ မူလ ၂ပါး ကြောင့် ဖြစ်ရသည်။

**သုစရိုက် ၄၀-မှတ်သားဖွယ်** ဒုစရိုက်နည်းတူ၊ "ကိုယ်တိုင် တိုက်တွန်း၊ ချီးမွမ်း-စိတ်တူ၊ နက်လေးဆူ၊ မှတ်ယူပြား ၄၀" အရ သုစရိုက် ၄၀-ပင် ရှိသည်။ ထို ၄၀-နှင့်ပြည့်စုံသူသည် လူ့ပြည် နတ်ရပ် ချမ်းသာမြတ်တို့၌သာ မလပ်ပုံသေ ဖြစ်ရလေတော့သည်။

## ပုညကြိယဝတ္ထု ၁၀-ပါး အဖွင့်

**ပုညကြိယဝတ္ထုမည်ပုံ** အကုသိုလ်အညစ်အကြေးတို့မှ စင်ကြယ်စေတတ်သောကြောင့် ဒါနစသော ကုသိုလ် ၁၀-ပါးသည် ပုည၊ (ပူဇော်ထိုက်သော အကျိုးကို ဖြစ်စေတတ်၍ ပုညဟုလည်း နေတ္တိအဋ္ဌကထာက ဆိုသေး၏) ။လူ နတ် နိဗ္ဗာန် ချမ်းသာမြတ် ၃-တန်ကို လိုလားသူတို့ ပြုအပ်၍ ကိရိယ၊ ဘဝ၏ပြည့်စုံခြင်းစသည်တို့၏ တည်ရာဖြစ်၍ ဝတ္ထုဟု အသီးသီး မည်ကြရာ ဘဝ၏ပြည့်စုံခြင်းစသော လူ နတ် နိဗ္ဗာန် ချမ်းသာမြတ်တို့၏ တည်ရာဖြစ်၍ ပြုသင့်ပြုထိုက်သောဒါနစသော ကုသိုလ် ၁၀-ပါးသည် ပုညကြိယဝတ္ထု မည်သည်။ ပါဏာတိပါတစသည်မှ ရှောင်ကြဉ်မှု သုစရိုက်ကုသိုလ်ဖြင့် အားထားဖွယ် မကုန်သေး။ ဤဒါနစသည် ၁၀-ပါးစုံမှ ရူပ၊ အရူပ၊ လောကုတ္တရာကုသိုလ်နှင့် တကွ ကာမကုသိုလ် အားလုံးစုံ၍ ပြည့်စုံတော့သည်။

# ဒါနဆိုင်ရာ အဖြာဖြာ

## ဒါနဆိုင်ရာ သိဖွယ်

**ဒါနတရားကိုယ် ၆-ပါး** လှူအပ်သော ဝတ္ထု၊ လှူကြောင်း ဖြစ်သော စေတနာသည်ငှင်း၊သမ္ပာဝါစာစသော ဝိရတီစေတသိက် ၃-ပါးသည်ငှင်း၊ (အံ၊ ပါ) စေတနာနှင့် အလားတူသော ကြောင့် စေတနာနှင့် ယှဉ်သော အလောဘသည်ငှင်း၊ (မူလ၊ ဋီ) ဒါန မည်ကြရာ တရားကိုယ် ၆-ပါးရသည်။ ဤ၌ကား ဝတ္ထုဒါနကိုသာ ပဓာန အားဖြင့် ဖွင့်ဆိုရေးသားမည်။

**ဝတ္ထုဒါန ၂-မျိုး** ဆွမ်း အဖျော်စသော အလှူသည် အာမိသဒါန၊ အပါယ်လားကြောင်း မကောင်းမှုမှ ရှောင်ကြဉ်၍ ချမ်းသာ ၃-ပါး ရအောင် ဩဝါဒပေးခြင်း၊ ပါဠိ အဋ္ဌကထာသင်ကြား ပေးခြင်းစသော အလှူသည် ဓမ္မဒါနဟု ၂-မျိုးတွင် ဓမ္မဒါန အမြတ်ဆုံး ဖြစ်သည်။

**အာမိသဒါန ၂-မျိုး** ခြေ လက် မျက်စိ စသော အင်္ဂါကြီးငယ်နှင့် အသက်ကို စွန့်လှူခြင်းသည် အတွင်းအလှူ အဇ္ဈတ္တိကဒါန၊ ဆွမ်း သင်္ကန်း ဆင် မြင်း ကျွဲ နွားစသည်ကို လှူခြင်းသည် အပအလှူ ဗာဟိရဒါနဟု ၂-မျိုးတွင် အဇ္ဈတ္တိကဒါနက ပိုမြတ်သည်။ ဤ အဇ္ဈတ္တိကဒါနကို အလိုရှိသော အလှူခံတို့အတွက် ကေန်အကျိုးရှိမှသာ အလောင်းတော်များ လှူသည်။ ညှဉ်းပန်းနှိပ်စက်မည့် မာရ်နတ် စသူများ အား "ထိုသူများ အကျိုးမဲ့ မဖြစ်ပါစေလင့်" ဟု ဆင်ခြင်၍ မလှူ။ (စရိယာပိဋက၊ ဋ္ဌ) ထို့ကြောင့် ယခုကာလ လက်ညှိုးကိုဖြတ်၊ ဆံပင်ကို ဖြတ်၍ ဘုရားလှူခြင်းမျိုးသည် ထုံးနည်းမကျသကဲ့သို့ရှိသည်။

**အကျိုးများသော အဋ္ဌုတ္တိကဒါန** ကေသဝတီအမျိုးသမီးသည် ဆံပင်ကိုဖြတ်၊ ဂိ/နှင့် ရောင်းပြီး အရှင်ကစ္စည်းစသောရဟန္တာ ၈-ပါးအား ဆွမ်းလှူသည်။ ဘုရားရှင် ဗာရာဏသီ မိဂဒါဝုန်တော၌ နေတော်မူစဉ် သုပ္ပိယာဥပါသိကာမသည် ဝမ်းသက်ဆေး သောက်ထားသော ရဟန်းအား လိုအပ်သော အမဲသား ရှာမရသောကြောင့် ပေါင်သား လှီးဖြတ် ချက်လှူစေအပ်သည်။ (ဝိ၊ ၃၊ ပါ) အကျိုးမရှိဟု မဆိုသင့်ပေ။

## ဘုရားလောင်း၏ အဋ္ဌုတ္တိက ဒါနများ

**နေ့စဉ် ၆-သိန်းဒါန အားမရ** ငါတို့ ဘုရားလောင်းသည် သိဝိတိုင်း အရိဋ္ဌပုရမြို့ သိဝိမင်းကြီးဖြစ်စဉ် နေ့စဉ် ၆-သိန်းကုန် လှူနေရလည်း အားမရသဖြင့် "အဋ္ဌုတ္တိကဒါန ပြုချင်စမ်းပါဘိ"ဟု ကြံတော်မူမိသည်။ ထိုအကြံကို သိကြားမင်းသိသဖြင့် မျက်စိ ၂-ဖက်ကွယ်သော ပုဏ္ဏားယောင်ဆောင်ကာ မျက်လုံးတဖက်ကို အလှူခံတော့သည်။

**မျက်စိတလုံး အလှူခံ၊ ၂-လုံးလုံး လှူ** မင်းကြီးသည် သမားတော်ကို ခေါ်၍ မျက်လုံးတဖက် ထုတ်ဆက်ရန် မိန့်သည်။ မှူးပတ်များနှင့် မိဖုရားစသူများက တားသော်လည်း မရဘဲ ထုတ်စေ၍ ဝမ်းသာစွာ သမ္မာသမ္ဗောဓိဆုကို တောင့်တပြီး ပုဏ္ဏားအား လှူလိုက်သည်။ အလှူခံပုဏ္ဏားမှာ သိကြားဖြစ်သဖြင့် ထိုမျက်စိကို သူ၏မျက်ကွင်းသို့ သွင်းထည့်လိုက်ရုံမျှ မျက်စိကောင်း ဖြစ်လာသည်ကို မင်းကြီးမြင်ရာ အလွန်အားရပြီး ကျန်တဖက်ကိုပါ အများတောင်းပန်နေသည့်ကြားက ထုတ်စေ၍ လှူပြန်သည်။

**ဘုရားလောင်း ဆင်မင်း ကရုဏာ** ဘုရားလောင်းသည် ဟိမဝန္တာ တောင်ဝယ်သီလဝ(သီလရှိသော) ဆင်မင်းဖြစ်စဉ် တနေ့သ၌ ခရီးမှား၍ ငိုနေသော မုဆိုးကိုတွေ့ရာ အစာရေစာ ကျွေးမွေးပြီး မိမိကျောကုန်းထက်၌ ထိုင်စေ၍ လူလမ်း ခရီးသို့ ပို့ပေးသည်။ ကျေးစွပ်လိုသော ယောကျ်ားယုတ်သည် နေရပ် ပြန်ရောက်သော် ဆင်စွယ်ကုန်သည်များနှင့် စျေးပြော၍ ဘုရားလောင်း ဆင်မင်းထံ ဆင်စွယ်အလှူခံသည်။

ဆင်မင်းက ဝမ်းသာစွာ လှူသောအခါ ယောကျ်ားယုတ်သည် ပါလာသောလှံဖြင့် မညှာမတာ ဖြတ်ယူတော့၏။ "ငါသည် အစွယ် ၂-ချောင်းထက် သဗ္ဗညုတဉာဏ်တော်ကို ပိုမိုနှစ်သက်၍လှူရသော ကောင်းမှုကြောင့် သဗ္ဗညုတဉာဏ်တော်ကို ကေန်ရပါစေသား"ဟု လည်း ဆုတောင်း၍ နှာမောင်းဖြင့် အစွယ် ၂-ချောင်းကို ကိုင်ကာ ရိုသေစွာ ပေးလှူသည်။(ယင်းယောကျ်ားယုတ် မြေမျိုခံရသည်။)

ဆဒ္ဒန်ဆင်မင်းဘဝတွင် မြားနှင့်ပစ်သောရန်သူ သောနုတ္တိုရ်အား အစွယ် ၂-ချောင်းကိုဎင်း၊ ယုန်မင်းဘဝတွင် ပုဏ္ဏားယောင်ဆောင်သော သိကြားအား မီးပုံထဲခုန်ဆင်း၍ တကိုယ်လုံးကိုဎင်း လှူတော်မူခဲ့သည်တို့ကား အဇ္ဈတ္တိကဒါနပင်တည်း။

## သုတ္တန်နည်း ဗာဟိရဒါန ၁၀-ပါး

| | |
|---|---|
| ဆွမ်းအလှူ= | သစ်သီးကြီးငယ်စသော ခဲဘွယ်ဘောဇဉ်များ။ |
| အဖျော်အလှူ= | သပြေ သရက် စသော အရည်သောက်ဖွယ် ဟူသမျှ။ |
| အဝတ်အလှူ= | ပုဆိုး အင်္ကျီ စသော လူများဆိုင်ရာ၊ မျက်နှာသုတ် ပုဝါ သင်္ကန်း စသော ရဟန်းတော်များ ဆိုင်ရာတို့ တည်း။ |
| ယာဉ်အလှူ= | လှေ၊ ထမ်းစင်၊ မြင်း၊ ဆင်၊ ကား၊ ရထား၊ ထီး၊ ဖိနပ်၊ တောင်ဝှေး၊ လှေခါး၊ တံတား စသော သက်ရှိသက်မဲ့များ။ |
| ပန်းအလှူ= | စမွယ်၊ ခေါင်ရန်း၊ နှင်းပန်း၊ မြတ်လေး စသော ပကတိပန်းနှင့် ရွှေပန်း ငွေပန်း စသည်များတည်း။ |
| နံ့သာအလှူ= | စန္ဒကူးစသော အနံ့ရှိသော အမြစ် အခေါက် အပွေး အရွက် အသီး အပွင့်များကို ပကတိ အတိုင်း ဖြစ်စေ၊ ကြိတ်၍ဖြစ်စေ လှူဒါန်းခြင်းတည်း။ |
| နံ့သာပျောင်း= | နံ့သာမျိုးများမှ သွေး၍ ထုတ်ရသော အဆီ အရည် စသည်များကို အနံ့ အရောင်ရအောင် လှူခြင်း။ |

အိမ်ရာနေရာ= ဩောင်စောင်း ခုတင် သင်ဖြူး စသည့် လျှောင်း အိပ် ထိုင်ကောင်းသမျှတည်း။

ကျောင်းအလှူ= တဲအိမ် ပြာသာဒ် စရပ် ဥမင် လိုဏ် သစ်ပင် မဏ္ဍပ် အရပ်ရပ်တည်း။

ဆီမီးအလှူ= အရောင်အလင်းကိုဖြစ်စေတတ်သော ဖယောင်းတိုင် မီးအိမ် လက်ဆွဲအောက်လင်း လျှပ်စစ်မီးသီး မီးကြိုး စသည်များ။

## ဝိနည်းလာ ဗာဟိရဒါန ၄ပါး

သင်္ကန်းအလှူ= အလျားတတောင် အနံတထွာ အစထား၍ အလျှော်နှင့်တကွ ခုံချည် ဝါချည် ပိုးချည် သားမွေးချည် ပိုက်ဆံလျှော်ချည် ဘန်ချည်ဖြင့် ယက်သော သင်္ကန်းများတည်း။

ဆွမ်းအလှူ= သစ်သီးကြီးငယ် စသော ခဲဖွယ် ဘောဇဉ် ဟူသမျှကို ဆွမ်းစားကျောင်း ဘုန်းကြီး ညွန်ချရာလှူခြင်း၊ ပင့်ဖိတ်လှူခြင်းများတည်း။

ကျောင်းအလှူ= နေရာခင်းခြင်းကို အစထား၍ ၂-ဖက်မိုး တဖက်မိုး ကျောင်းပြာသာဒ် အုတ်တိုက် လိုဏ်ဂူဟူသမျှ အဝဝ တည်း။

ဆေးအလှူ= ယာဂု ထမင်းနဲကိုအစထား၍ ဘောဇဉ်၅-ပါး၊ခဲဖွယ် ၁၀-ပါးဟူသော မွန်းတည့်ရုံ သုံးဆောင်ကောင်းသော ခါတ်စာ ယာဝကာလိကဆေး၊ ထောပတ် ဆီ ဆီဦး ပျား တင်လဲ ဟုဆိုအပ်သော တကြိမ် ကပ်ထားလျှင် ၇-ရက် လုံး သုံးဆောင်ကောင်းသော သတ္တာဟကာလိကဆေး၊တကြိမ်အကပ် ခံလျှင် တသက်လုံး သုံးကောင်းသော အမြစ် အခ အဖု အညှောက် စသော ဗိန္ဓော ယာဝဇီဝကဆေးများတည်း။

## အဘိဓမ္မာ ဒါန ၆-ပါး

**ရူပါရုံ အလှူ=** လှပသောပန်း စသည်များဖြင့် အဆင်း အလှူကို ရည်၍ ဘုရားစသော ရတနာသုံးပါးအား ပေးလှူခြင်းတည်း။

**သဒ္ဒါရုံ အလှူ=** အသံအလှူကိုရည်၍ စည် ခေါင်းလောင်း စသည်များ လှူခြင်း၊ တူရိယာများ တီးမှုတ် ပူဇော်ခြင်း၊ တရားဟော ပုဂ္ဂိုလ်များအား ဆီ တင်လဲစသော အသံထွက်ဆေးလှူခြင်း၊ တရားနာဖိတ်ခြင်း၊ မိမိကိုယ်တိုင် အသံဖြင့် ဟောပြော ရွတ်ဆို ပူဇော်ခြင်း စသည်များတည်း။

**ဂန္ဓာရုံ အလှူ=** အနံ့အလှူကိုရည်၍ အကျော် ကရမက် ရေမွှေး နံ့သာဆီများကို လိမ်းကျံခြင်း၊ အခိုးထုံစေခြင်းစသည်ဖြင့် ရတနာ သုံးပါးအား ပူဇော်ခြင်းတည်း။

**ရသာရုံ အလှူ=** အရသာကိုရည်၍ ချိုချဉ် စပ် ငန် ဖန် ခါး အရသာများကို ပေးလှူခြင်းတည်း။

**ဖောဋ္ဌဗ္ဗာရုံ အလှူ=** ထိတွေ့ အလှူကို ရည်၍ ပြေပြစ်ချောမွေ့ အတွေ့နူးညံ့သော အခင်းအခြုံ စသည်များ လှူခြင်း။

**ဓမ္မာရုံ အလှူ=** ဩဇာအလှူကို ရည်၍ ထောပတ် ဆီ စသည်များ၊ အဖျော်များ၊ အသက်အလှူကို ရည်၍ စာရေးတန်ဆွမ်း စသည်များ၊ လူနာများအား ဆေးဝါးဓာတ်စာ အဖိုးအခများ လှူခြင်း၊ ဆရာဝန် ခေါ်ပေးခြင်း၊ ပိုက်၊ ကွန်၊ မြှုံး၊ လှောင်အိမ် နှောင်အိမ် ထောင် စသည်တို့ကို ဖျက်ဆီးခြင်း၊ သားမသတ်ရဟု အမိန့်ထုတ်ခြင်း၊ သေဒဏ်မှ လွတ်စေခြင်း စသည်များတည်း။

**ဒါန ၃-မျိုး ဖြစ်နိုင်ပုံ** အထက်ပါ အတိုင်း နှလုံးသွင်း လှူလျှင် ဒါနဖြင့် ပြီးသော အလှူ ဖြစ်သည်။ ဤကျင့်ဝတ်သည် ငါတို့မျိုးရိုး အစဉ်အလာဟု နှလုံးသွင်းလှူလျှင် သီလဖြင့် ပြီးသော အလှူဖြစ်၍ ဤလှူဖွယ် ဝတ္ထုများသည် ကုန်ခြင်း ပျက်ခြင်းဆို

ရောက်လတ့်ဟု နှလုံးသွင်းလှူလျှင် ဘာဝနာဖြင့်ပြီးသော အလှူ ဖြစ်ပြန်သည်။ ဤဘာဝနာမယ အလှူသည် မဂ်ဖိုလ်နိဗ္ဗာန် အရောက်မြန်သောကြောင့် အမြတ်ဆုံးတည်း။

**ဒါနဆိုင်ရာ ကံ ၃-ပါး** ထိုအလှူ ၆-မျိုးကို ကိုယ်တိုင်ပြုမူ ကာယကံ၊ စေခိုင်း၍ ပြုစေက ဝစီကံ၊ လှူဖွယ် ဝတ္ထုကို အာရုံပြု၍ လှူအံ့ဟုကြံလျှင် မနောကံဖြစ်သည်။ ကာယကံသည် အမြတ်ဆုံး။ ထို့နောင် ဝစီကံ မြတ်သည်ဟု သိလေ။

**သုတ် ဝိနည်း အဘိဓမ္မာ** သုတ္တန်ဒါနကား သာသနာတွင်း သာသနာပရ၍ ဝိနည်းဒါနကား သာသနာတွင်းသာရသည်။ အဘိဓမ္မာဒါနကား ပရမတ်စစ်စစ်သို့ ရောက်နိုင်၍ အမြတ်ဆုံး ဖြစ်၏။ ထို့ကြောင့် သုတ္တန်ဒါနထက် ဝိနည်းဒါနက အကျိုးများသည်။ ထို့ထက် အဘိဓမ္မာဒါနက အကျိုးများသည်ဟု ဋီကာရှင်တို့ မိန့်ကြ၏။ သာသနာပ အနှစ် ၂-သောင်းတန်းတွင် တနေ့ကို လှည်းအစီး ၆၀-ခန့် နေ့စဉ် လှူခဲ့သော အကုံရ နတ်သားနှင့် သာသနာတွင်း အရှင် အနုရုဒ္ဓါ တပါးကို တယောက်ချိုမျှ လှူဘူးသော ဣန္ဒကနတ်သား။ ဤ ၂-ပါးတွင် ဣန္ဒကနတ်သား အာနုဘော်ကြီးပုံဖြင့် အထက်ပါစကား ထင်ရှား၏။ (ဓမ္မပဒ၊ ၄)

**ပုဂ္ဂလိက သံဃိက ဒါန ၂-မျိုး** ပုဂ္ဂလိက ဒါနသည် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာ ၈-ယောက်၊ ဈာန်ရရသေ့၊ သီလရှိသော ပုထုဇဉ်၊ သီလမရှိသော ပုထုဇဉ်၊ တိရစ္ဆာန်ဟု ပုဂ္ဂိုလ် ၁၄-ဦးနှင့်စပ်၍ ၁၄-ပါး ပြားသည်။

## တိရစ္ဆာန်စသည်အား လှူကျိုးများ

ခွေး ဝက် ကြက်စသည်တို့အား ကျေးဇူးကို မအောက်မေ့ဘဲ ဒါနကံ ကျိုးကို ယုံကြည်သဖြင့် တထပ်စာ ဝအောင် လှူခြင်းသည် ဘဝတရာ "သက်ရှည်-ဆင်းလှ၊ ချမ်းသာရ၊ ဗလ-ဉာဏ်ပညာ" ဟူသော အကျိုး ၅-ပါးရ၍ မုဆိုးတံငါစသော သီလမရှိသူများအား လှူက ဘဝတထောင်၊ သရဏဂုံမရှိ ၅-ပါးသီလမျှရှိသူ လူတို့အား ဆိုခဲ့တိုင်း လှူသော် ဘဝတသိန်း၊ ဈာန်ရ ရသေ့အား လှူလျှင် ဘဝကုဋေတသိန်း အကျိုး ၅-ပါး ရသည်။

## အရိယာ ၁၀-ဦးအား လှူကျိုးများ

ပထမ အရိယာ သည် သောတာပတ္တိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်သာ ဖြစ်သော်လည်း သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ (သောတာပန်ဖြစ်အောင်)ကျင့်သော ပုဂ္ဂိုလ်အဖြစ်ခြင်း တူသောကြောင့်—

၁။ သရဂုံမျှ တည်သောသူ၊

၂။ သရဏဂုံနှင့် ၅-ပါးသီလ တည်သူ၊

၃။ သရဂုံနှင့် ၁၀-ပါးသီလ တည်သူ၊

၄။ ထိုနေ့ ပြုသစ်စ သာမဏေ၊

၅။ ထိုနေ့ ပြုသစ်စ ရဟန်း၊

၆။ ဝတ်ကြီးဝတ်ငယ်နှင့် ပြည့်စုံသော ရဟန်း၊

၇။ တရားကျင့်နေသော ရဟန်း၊

၈။ သောတာပတ္တိမဂ်ပုဂ္ဂိုလ်—

ဟု ၈-ပါးလုံးကို ယူရမည်။

ထိုပုဂ္ဂိုလ်များအား လှူလျှင် ကောက်နယ်တလင်းခန့်မြေ၌ မြေမှုန့် ပမာ မရေတွက်နိုင်သော ဘဝတို့၌ အကျိုး၅-ပါးရ၏။ ဤ ၈-ပါးတွင် တပါးထက် တပါး အကျိုးပိုများသည်။

သောတာပန်၊ အထက် မဂ္ဂဋ္ဌာန် ၃-ယောက်၊ အထက် ဖလဋ္ဌာန် ၃-ယောက်၊ ပစ္စေကဗုဒ္ဓါ၊ သဗ္ဗညုတဘုရားတို့အား လှူဒါန်းရာ၌လည်း တဦးထက်တဦး ဆိုဖွယ်မရှိ။ အကျိုးများလှသည်။

## အဋ္ဌကထာမပြသူ ပုဂ္ဂိုလ် ၂-ဦး

**၁—သရဏဂုံနှင့် ၈-ပါးသီလ၌ တည်သူ** ၈-ပါးသီလသည် နိစ္စသီလ မဟုတ်သောကြောင့် ဒက္ခိဏာဝိဘင်္ဂသုတ် အဋ္ဌကထာ မပြသော်လည်း ရှံခါ ရကောင်းသည်ကို စွဲ၍ သရဏဂုံနှင့် ငါးပါးသီလတည်သူအား လှူခြင်းထက် သရဏဂုံနှင့်တကွ ၈-ပါးသီလတည်သူအား လှူခြင်းသည် သာ၍ မြတ်သည်ဟု ဆို၏။

**၂–အလဇ္ဇီ ဒုဿီလရဟန်း** အလဇ္ဇီဟူသည် အာပတ်ကြီးငယ် လွန်ကျူး၍ မကုစားသေးသူတည်း။ ကုစား ဒေသနာကြားသော် ရဟန်းကောင်းပင် ပြန်ဖြစ်သည်။ ဤသို့ အမြဲ မဟုတ်သောကြောင့် အလဇ္ဇီကို အဋ္ဌကထာမပြပေ။ ဒုဿီလ ရဟန်းဟူသည် ပါရာဇိကကျပြီး၍ သီလလုံးဝမရှိသူတည်း။ ထိုရဟန်းကို လူဥပါသကာအရာ၌ ရေတွက်အပ်သောကြောင့် အဋ္ဌကထာ မပြပါ။

ရသင့်သည်ကား သာသနာပစျာန်ရ ရသေ့အား လှူခြင်းထက် သရဏဂုံ ၃-ပါးသာ တည်သော ဒုဿီလရဟန်းအား လှူခြင်းက မြတ်သည်။ ထို့ထက် အလဇ္ဇီရဟန်းကို လှူခြင်းက မြတ်သည်ဟု ဆရာမြတ်တို့ မိန့်ကြသည်။

**အလဇ္ဇီဒုဿီလကို လှူလျှင် အပါယ်ကျသလော**

ယင်းတို့အားလှူလျှင် လှေမျော တုံးချည်ဖြစ်သလို အလှူရှင်များပါ အပါယ်ရောက်သည်ဟုအချို့မိန့်ကြသော်လည်းဒုဿီလ ရဟန်းသည်လှူသူကို အပါယ်မကျစေနိုင်။ ယင်းတို့သာ ကျကုန်သဖြင့် ထိုစကား မသင့်၊ (ထေရ၊ ဠ) အလဇ္ဇီမှာ ဆိုဖွယ်ရာမရှိ၊ လှူသင့်သည်သာတည်း။အလှူခံ သီလပျက်မှု လှူသူမှာကား အကျိုးများများ ရမည်မဟုတ်တော့ပေ။ (ဓမ္မပဒ၊ ဠ)

## (၁၄) လေ့ကျင့်ခန်းများ

၁။ ဒုစရိုက် ၁၀-ပါးကို တရားကိုယ် ကောက်ပြ၍ ကမ္မပထ၊ မူလ ၂-ပါးလုံး မည်သော ဒုစရိုက်ကိုရင်း ဒုစရိုက် ၄၀-ပွားပုံကိုရင်း ရေးပါ။

၂။ အရိယာအရ၊ အရိယုပဝါဒကံအရ အဓိပ္ပာယ်ပြ၍ ကံထိုက်သော အင်္ဂါ ၃-ပါးကိုရင်း၊ ကမ္မပထ ၄-မျိုး ထူးခြားပုံကိုရင်း ရေးပါ။

၃။ ဒေဝဒတ်၏ကိုယ်ရေးအရာရှိ ကောကာလိက၏ အသေဆိုးအနေဆိုးပုံကိုပြ၍ ဘုရားကိုပင် လယ်ထွန်ခိုင်းလိုသော ယောကျ်ား၏ အမှားကိုလည်း ရေးသားပါ။

၄။ ဘုရားရှင်အား မည်သို့မျှ လုပ်ကြံမရကောင်းပုံ၊ပုံဝတ္ထုတခုပြ၍ အရိယာသော်မှ အရိယာကို ပြစ်မှားတတ်ပုံ၊ ဤကံကို အရေးထား၍ လေးစားသင့်ပုံ၊ ယခုကာလ ယောဂီများ၏ လုပ်ထုံး ပါပြပါ။

၅။ ခင်ပွန်းကြီး ၁၀-ပါးနှင့် ပြစ်မှားမှု ဆိုးကျိုးများကိုပြ၍ "အရိပ်နေနေ အခက်ချိုးချိုး" ဟူသောစကား ကျမ်းကိုးရှိ-မရှိ၊ ကျေးဇူး ရှိသူ၏ ကျေးဇူးကို အယုတ်ဆုံး မည်သို့ ဆပ်သင့်ကြောင်း ပြပါ။

၆။ သုစရိုက်မည်ပုံကိုပြ၍ ပိသုဏာဝါစာ ဝိရတီ၏ ကောင်းကျိုးကိုင်၊ ကာယကံ သုစရိုက် ၃-ပါး၏ ၃-ဒွါရလုံး၌ ဖြစ်ပုံကိုင်း၊ သမ္မာဒိဋ္ဌိသည် မည်သည့်မူလကြောင့် ဖြစ်ပုံကိုင်း ရေးပါ။

၇။ ပုညကြိယဝတ္ထုမည်ပုံကိုရေး၍ဒါန၏ဘရားကိုယ် ၆-ပါးကိုင်း၊ ယခုကာလ လက်ညှိုးဖြတ်၍ စေတီအား လှူပုံ ထုံးနည်း ကျ-မကျကိုင်း ရေးသားပါ။

၈။ ကေသဝတီနှင့် သုပ္ပိယာ သဒ္ဒါရှင်မ ၂-ဦး၏ အဇ္ဈတ္တိက ဒါနကို ပြ၍ အလောင်းတော် သိဝိမင်း၏ စေတနာ၊ ဆင်မင်း၏ ကရု-ဏာများကိုလည်း ဖော်ပြပါ။

၉။ သုတ္တန် ဝိနည်း အဘိဓမ္မာလာ ဗာဟိရဒါနများကို အမည်မျှ ပြ၍ ဒါနတခု ပြုသဖြင့် သီလ ဘာဝနာပါ-ပါဝင်အောင် ပြု ပုံကိုလည်း ရည်ညွှန်းပါ။

၁၀။ အလှူခံတကျိပ်လေး အမည်မျှရေး၍ ပထမအဆင့် အရိယာနှင့် တူသူ ၇-ဦး၊ အဌကထာမလာသူ အလှူခံ ပုဂ္ဂိုလ် ၂-ဦးတို့ကို လည်း ထုတ်ပြပါ။

---

## ကပ္ပိလရဟန်းနှင့် လှူသူများ အဝီစိသို့

သာသနာ ဖျက်သူတို့အား အားပေးကြသောကြောင့်သာ အားလုံး အဝီစိရောက်ရသည်။ ထို့ကြောင့် ငါ့ဆရာ၊ ငါတို့ဆွေမျိုး၊ ဆိုးတေပေ ညစ် ဖြစ်ချင်ရာဖြစ်ပေစေဟု နှလုံးမသွင်းဘဲ ဖြူဖြောင့်သော စိတ်ထား ဖြင့် ကံကျိုးကိုမြော်မြင်၍ ဆင်ခြင် လှူဒါန်းကြကုန်ရာသည်။

ဝဇ္ဇမာနအရပ်နေ မုဆိုးတဦးသည် သားသေကို ရည်၍ သီလမရှိ သော ရဟန်းအား ၃-ကြိမ် လှူပြီး အမျှ ဝေသော်လည်း သားကြီး ပြိတ္တာ ထံသို့ မရောက် သည် မှာ (မ၊ ၃၊ ၄) အလှူရှင်ပေး အလှူခံ ၂-ဦးလုံး ဒုဿီလဖြစ်၊ ပစ္စည်းကလည်း အဓမ္မိယ၊ သဒ္ဓါတရားကလည်း အလွန်အားနည်းသောကြောင့်ဟု မှတ်သင့်သည်။

### သံဃဒါန ၇-ပါး

၁။ ဘုရားအမှူးရှိသော ရဟန်း၊ ရဟန်းမ သံဃာ၊

၂။ ရဟန်း ရဟန်းမ သံဃာ၊

၃။ ရဟန်း သံဃာ၊

၄။ ရဟန်းမ သံဃာ၊

၅။ သံဃာမှ ညွှန်ကြား ချပေးအပ်သော ရဟန်း၊ ရဟန်းမ သံဃာ၊

၆။ သံဃာမှ ညွှန်ကြားချပေးအပ်သော ရဟန်းသံဃာ၊

၇။ သံဃာမှ ညွှန်ကြားချပေးအပ်သော ရဟန်းမ သံဃာ—

ဟု သံဃာတော်ကို ရည်မှန်း၍ လှူခြင်းသည် သံဃိကဒါနမည်သည်။ ယခုအခါ ဘုရားရှင်နှင့် ဘိက္ခုနီသံဃာ မရှိတော့ပြီ ဖြစ်သောကြောင့် အမှတ် ၃၊ ၆-သံဃိက အလှူ ၂-မျိုးသာ ရထိုက်တော့၏။

**သံဃာကုန်-မကုန် သံဃိကပင်** ကျောင်းတိုက်လုံး သံဃာကိုင်း၊ တတိုက်လုံး မတတ်နိုင်သဖြင့် တကျောင်းကျောင်းရှိ သံဃာကိုင်း၊ ကိစ္စအားလျော်စွာ သင့်ရာ၌ စည်းဝေးသော သံဃာကိုင်း၊ အကုန်ပင့်၍ သံဃဂုဏ်ရည်လှူမှု အမှတ် ၃-သံဃိကဒါန မည်သည်။ ထိုမျှမတတ်နိုင်လျှင် တာဝန်ရှိဆရာတော် သံဃာတော်များထံ သံဃာ ၁၀-ပါး၊ သို့မဟုတ် ၅-ပါးညွှန်ချပေးပါဘုရားဟု တောင်းယူလှူလျှင် ပါရာဇိကကျပြီး ရဟန်း၊ သို့မဟုတ် သာမဏေပင် ပါစေဦးတော့၊ သံဃဂုဏ်ရည်နိုင်လျှင် အမှတ် ၆-သံဃိကဒါနဖြစ်သည်။ (တပါး ၂-ပါးစသည် တတ်နိုင်သမျှ တောင်းလှူလျှင် သံဃိက ဖြစ်သည်သာ တည်း။) သို့သော် အသိပညာ သဒ္ဓါအားသေးလျှင် သံဃိက ဖြစ်နိုင်ခဲ သည်။ (မ၊ ၃၊ ၄၅)

### သံဃိကဒါန ၁၀-ပါး

၁။ ဘုရားအမှူးရှိသော ရဟန်း သံဃာ၊

၂။ ဘုရားအမှူးရှိသော အရပ် ၄-မျက်နှာ ရဟန်း သံဃာ၊

၃။ အရပ် ၄-မျက်နှာ ရဟန်းသံဃာ။

ဤ သံဃာ ၃-မျိုးကိုလှူခြင်းနှင့် ယခင် ၇-ပါးပေါင်းလျှင် သံဃိက ၁၀-ပါးဟု ဆိုသင့်သည်။ (မ၊ ၃၊ ၄။ အံ၊ ၃၊ ၄) သံဃိက ၇-ပါး ပြရာ၌ကား ယင်း ၃-ပါး မပါပေ။ ပုဂ္ဂလိက ဒါနထက် သံဃိကဒါန လွန်မြတ်သည်။

**သံဃိကအလှူမြတ်ပုံ** နောင်သာသနာတော်ဆုတ်၍ ရဟန်းဆိုရုံ သင်္ကန်း လည်ပင်းရောက်အကျင့်ဖောက်၍ အိမ်ထောင်နှင့် နေကြသူများ ဖြစ်ကြလိမ့်မည်။ သံဃာကို ရည်မှတ်၍ ယင်းတို့အား လှူကြသော ပညာရှိ သူတော်ကောင်း များမှာ မရေ မတွက် နိုင်အောင် အကျိုးကြီးမားသည်။ မည်သို့ပင်ဖြစ်စေ သံဃိက ဒါနထက် ပုဂ္ဂလိက ဒါနက အကျိုးမများဟု ဘုရားဟောတော်မူသည်။(မ၊ ၃၊ ပါ၊ ဒက္ခိဏာ ဝိဘင်္ဂသုတ်) ထိုကိုထောက်၍ သံဃာစိတ်ရောက် သံဃိကမြောက် လှူကြ ကုန်ရာသည်။

## သပ္ပုရိသ အသပ္ပုရိသ ဒါန ၂-ပါး

**၁။ သဒ္ဓဒါန** လှူကျိုးကိုယုံကြည်၍ လှူခြင်းဖြင့် ဖြစ်လေရာရာ ချမ်းသာကြွယ်ဝသည်။ ရွှေ ငွေ ပတ္တမြား စသော ရတနာ၊ အဝတ် ပုဆိုးစသော အသုံးအဆောင်နှင့်လည်း ပြည့်စုံ၍ အင်္ဂါကြီးငယ် လှပတင့်တယ်သည်။မယုံကြည်ဘဲလှူသော အသဒ္ဓဒါနဖြစ်လျှင် ချမ်းသာ ပြည့်စုံငြားလည်း အရုပ်ဆိုးသည်။

**၂။ သက္ကစ္စ ဒါန** စင်ကြယ်ကောင်းမြတ်သော ဝတ္ထုကိုသာလှူခြင်း၊ အလှူခံပုဂ္ဂိုလ်ကို မြတ်သောနေရာ၌ နေစေခြင်းဟု ၂-ပါးစုံ အရိုအသေပြု၍ ပေးလှူခြင်းဖြင့် ဥစ္စာ အသုံးအဆောင် အားလုံး အရာရာပြည့်စုံ၍ သားမယား ကျေးကျွန်စသည်တို့ လေးစား ခံရ၊ ယင်းတို့အပေါ် သြဇာကိုက်သည်။ အသက္ကစ္စဒါနဖြစ်လျှင် ပြည့်စုံ သော်လည်း သြဇာမကိုက်။

**၃။ ကာလဒါန** လျောက်ပတ်သောအခါ၌ ပေးလှူခြင်းဖြင့် အရာရာ ချမ်းသာ ပြည့်စုံ၍ ငယ်စဉ်ကစ ချမ်းသာပြီး ဆန်းသစ်သော လပမာ တဖြေးဖြေးသာ တိုးပွားသည်။ အကာလဒါန ဖြစ်လျှင် အရွယ်လွန်မှ ချမ်းသာ၍ မတိုးပွား။

**၄။ အနုဂ္ဂဟိတ ဒါန** လှူဖွယ်ဝတ္ထုကို မငဲ့ကွက်ဘဲ ရက်ရောစွာ လှူခြင်းဖြင့် အရာရာ ချမ်းသာပြည့်စုံ၍ ရှိသမျှ စည်းစိမ်ကို လိုတိုင်းသုံးဆောင်ဘို့ စိတ်ညွတ်သည်။ ဥဂ္ဂဟိတဒါနဖြစ်လျှင် စည်းစိမ်ကို မသုံးစားရက်ပေ။

**၅။ အနုပဟစ္စဒါန** မိမိဂုဏ် မဖော်၊ သူတပါးဂုဏ် မစော်ကားဘဲ အလှူကျိုး ဆင်ခြင်၍ ပေးလှူခြင်းဖြင့် အရာရာ ချမ်းသာပြည့်စုံ၍ ဥစ္စာစည်းစိမ်ကို ရန်သူမျိုး ၅-ပါး မဖျက်ဆီးနိုင်ပေ။ ဥပဟစ္စဒါနဖြစ်လျှင် ဖျက်ဆီးနိုင်သည်။

သဒ္ဓဒါနစသော ရှေ့ ၅-ပါးသည် သူတော်ကောင်းများ အလှူဖြစ်၍ သပ္ပုရိသဒါနမည်သည်။ အသဒ္ဓဒါနစသော အပြန် ၅-ပါးကား သူယုတ်တို့၏ အလှူတည်း။

**ကာလ ဒါန ၅-ပါး** ဧည့်သည်၊ ခရီးသွား၊ ရှားပါးချိန်၊ ဖျားနာနေခိုက်၊ မိမိမသုံးဆောင်မီ၊ သစ်ဦး ကောက်ဦးများကို သီလရှိသော ရဟန်းတို့အား ပေးလှူခြင်းဟု အထက်ပါ အမှတ် ၃-ကာလဒါနသည် ၅-ပါး ပြားပြန်သည်။ ရောက်ပြီး ပြန်မည့် ရဟန်းကို ဧည့်သည်။ ခရီးဆက်သွားမည့်ရဟန်း၊ ခရီးသွားဘို့ စီစဉ်နေသော ရဟန်းများသည် ခရီးသွား မည်၏ဟု အထူးခွဲလေ။

**တနည်း သပ္ပုရိသဒါန ၅-ပါး** လှူဖွယ်ကို အလေးအမြတ် ပြု၍၊ အလှူခံကို အရိုအသေပြု၍၊ မိမိလက်ဖြင့် မပစ်မလွှတ်ဘဲ ကံ၊ ကံကျိုးကို ယုံကြည်၍ ပေးလှူခြင်းဟု တမျိုး လာသည်။ (ဒီ၊ ၂၊ ပါ၊ ဝေလာမသုတ်) အပြန် အသပ္ပုရိသ ဒါန ၅-ပါး သိလေ။

**တနည်း သပ္ပုရိသဒါန ၈-ပါး** စင်ကြယ်သော ဝတ္ထုကို၊ မွန်မြတ်သော ဝတ္ထုကို၊ လျောက်ပတ်သော အခါ၌ လျောက်ပတ်သောဝတ္ထုကို၊ ဝတ္ထုနှင့်အလှူခံကို ရွေးချယ်၍ နေ့စဉ်မပြတ် လှူဆဲစိတ်ကို ကြည်လင်စေ၍ ပေးလှူခြင်း၊ လှူပြီး ဝမ်းသာခြင်းဟု တမျိုးလာသေးသည်။(အံ၊ ပါ၊ အဋ္ဌက) အသပ္ပုရိသဒါန ၈-ပါးကိုလည်း အပြန်အားဖြင့်သိ။ သပ္ပုရိသဒါနက ပိုမြတ်သည်။

**မြို့စားနှင့် မင်းစေ အကျိုးပေး ခြားပုံ** သေဘဗျမြို့ပါယာသိမြို့စားသည်အလှူလုပ်သော်လည်း ကိုယ်တိုင်မလှူဘဲ မင်းစေ ဥတ္တရလုလင်ကိုသာ လှူခိုင်းသဖြင့် အသပ္ပုရိသ ဒါန ဖြစ်သောကြောင့် စတုမဟာရာဇ်နတ်ပြည်ဝယ် အဝင်ဝ ကုက္ကိုပင်ရှိသော ငွေဗိမာန်၌ တပါးတည်းနေရသည်။ ဥတ္တရ လုလင်ကား (ဥစ္စာရှင် မဟုတ်သော်လည်း) ကောင်းမွန်စွာ ပြုပြင်၍ လှူဒါန်းရာ သပ္ပုရိသ ဒါနဖြစ်သောကြောင့် အထက်တန်းကျသော တာဝတိံသာ၌ ဖြစ်ရလေသည်။ (ဒီ၊ ၂၊ ပါ။)

**ဓမ္မိက အဓမ္မိကဒါန ၂ပါး** လှူဖွယ်ဝတ္ထုကို မှန်းထားပြီး သံဃာ၊ စေတီ၊ ပုဂ္ဂိုလ်တို့အား လှူခြင်း ဤ ၃-ပါးသည် တရားနှင့် လျော်သောကြောင့် ဓမ္မိကဒါန၃-ပါးမည်သည်။ မှန်းထားပြီး သံဃာမှ တပါးသော သံဃာ၊ စေတီ၊ ပုဂ္ဂိုလ်အား လှူခြင်း၊ မှန်းထားပြီး စေတီမှ တပါးသော သံဃာ၊ စေတီ၊ ပုဂ္ဂိုလ်အား လှူခြင်း၊ မှန်းထားပြီး ပုဂ္ဂိုလ်မှ တပါးသော သံဃာ၊ စေတီ၊ ပုဂ္ဂိုလ်အားလှူခြင်း။ ဤ ၉-ပါးသည် တရားနှင့်မလျော်သောကြောင့် အဓမ္မိကဒါန ၉-ပါး မည်သည်။ ဓမ္မိကဒါနက ပို၍မြတ်၏။

## ဗုဒ္ဓ ဓမ္မ သံဃဒါန ၃-ပါး

**ဗုဒ္ဓဒါန ၅-ပါး** ၁–သက်တော်ထင်ရှား ဘုရား၊ ၂–ယခုအချိန်တွင် သက်တော်ထင်ရှား ဘုရားကိုရည်၍ ရုပ်ပွား ဆင်းတုတော်ဟူသော ဥဒ္ဒိဿစေတီ၊ ၃–ဓာတ်တော် မွေတော်ဟူသော ဓာတုစေတီ၊ ၄–ဗောဓိပင် ခြေတော်ရာ စသော ပရိဘောဂစေတီ၊ ၅–ပဋ္ဌိစ္စသမုပ္ပါဒ် စသော တရားတော်များကို ရွေပြားစသည်၌ ရေး၍ ဌာပနာသော ဓမ္မစေတီ ဟူသော ဘုရား ၅-မျိုး၌ လှူခြင်းဟု ၅-ပါး ပြားသည်။

**ဓမ္မဒါနများ** တရားကို ဆောင်ရွက်အားထုတ်သော ရဟန်း၊ သာမဏေ၊ လူများအား တရားကိုရည်၍လှူခြင်း၊ကျောက်စာထွင်းထုပူဇော်ခြင်း၊ ကျမ်းစာအုပ်များ ရေးသား ပြုစုလှူဒါန်းခြင်း၊ ပရိယတ်ကို သင်ကြားပို့ချ ဟောပြောခြင်းများတည်း။

**သံဃဒါန** အရိယာသံဃာ ကလျာဏပုထုဇဉ် သံဃာများအား လှူဒါန်းခြင်းတည်း။ ဘုရားနှင့်တကွ သံဃာအား လှူလိုလျှင် ခါတ်တော်ကို အနီးသို့ပင့်ဆောင်၍ "ဗုဒ္ဓဿ ဒေမ၊ ဘုရားရှင်အား လှူပါကုန်၏"ဟု ဆိုပြီး လှူဖွယ်ကို ဘုရားသပိတ်တော်၌ ထည့်လှူပြီးလျှင် ဘုရားဝတ်ပြုသော ရဟန်းအား ထိုလှူဖွယ်ကို အပ်ရမည်။ ထိုရဟန်းသည် ခဲဖွယ်ဘောဇဉ်ကို သုံးဆောင်၍ ဆီစသည်ကို မီးပူဇော်၍ ပုဆိုးအဝတ်ကို တံခွန်ကုက္ကားပြုရမည်။(သာရတ္ထသင်္ဂဟ၊ ဌ-စသည်)

## ဟီန မဇ္ဈိမ ပဏီတဒါန ၃-မျိုး

**ဟီနဒါန** လောက၌ထင်ရှား ကျော်စော သူတပါး အံ့သြခြင်းစသည်ကို လို၍ဖြင့်၊ ယုတ်သော စိတ်စေတနာ သဒ္ဓါမြတ်နိုးမှုရှိ၍ဖြင့်၊ ငါသာအလှူရှင်ဟု ကိုယ့်ကိုယ်ကိုချီးမြှောက် သူတပါးကို နှိမ်ချ၍ဖြင့်၊ ဘဝစည်းစိမ်ကိုလိုလား၍ဖြင့် ပေးလှူခြင်း၊ ညံ့သော ဝတ္ထုကို ပေးလှူခြင်းများသည် ယုတ်သော အလှူမည်သည်။

**မဇ္ဈိမဒါန** လူနတ်စည်းစိမ်ကို တောင့်တလျက်ဖြင့်၊အလတ်သော စိတ်စေတနာ သဒ္ဓါမြတ်နိုးမှုရှိလျက်ဖြင့်၊ သူတပါးကို မနှိမ်ချ၊ ကိုယ့်ကိုယ်ကိုသာ ချီးမြှောက်လျက်ဖြင့်၊တကိုယ်တည်း ဝဋ်မှထွက်မြောက်လိုလျက်ဖြင့်၊ ပေးလှူခြင်း၊ မျှလောက်ရုံ ဝတ္ထုကို ပေးလှူခြင်းများသည် အလှူလတ်မည်သည်။

**ပဏီတဒါန** မဂ်ဖိုလ်တိုင်အောင် တောင့်တလျက်ဖြင့်၊ ထက်သော စိတ်စေတနာ သဒ္ဓါမြတ်နိုးမှုရှိလျက်ဖြင့်၊ သတ္တဝါအားအားလုံး၏ ဝဋ်မှ ထွက်မြောက်မှုကို လိုလျက်ဖြင့် ပေးလှူခြင်း၊ မွန်မြတ်သောဝတ္ထုကို ပေးလှူခြင်းများသည် အလှူမြတ်မည်သည်။

**ဒါန မဟုတ်သော ဒါန** ကံ၊ ကံကျိုးကို ယုံကြည်လျက် လောက၌ ကျော်စော ထင်ရှားမှု စသည်ကိုလို၍ လှူလျှင် ဟီနဒါနမည်ရာ ကံ ကံကျိုးကို မယုံကြည်ဘဲ ထင်ရှားမှု စသည်ကိုသာလို၍ လှူက ဒါနလက္ခဏာပင်မဟုတ်ဟု ပညာရှင်များ မိန့်ကြ၏။ ကမ္မဿကတာဉာဏ် နေရာတိုင်း အခြေခံနိုင်ကြပါစေ။

**ဒါန ၃-မျိုး အကျိုးထူးခြား သာဓကများ** ဝေဒေဟီနှင့် မလ္လိကာ မိဖုရားများ၊ ကောသလမင်း စသူတို့သည် ဘုရားကို တွေ့မြင်ကြည်ညို ဒကာခံကြရသော်လည်း မဂ်ဖိုလ်မရကြသည်မှာ ဟီနဒါန အကျိုးဆက်ဖြစ်၍ အနာထပိဏ်၊ ဝိသာခါ၊ ဗိမ္ဗိသာရ၊ စိတ္တသူကြွယ်၊ သိကြားမင်း စသူတို့သည် မဂ်ဖိုလ်ရကြလျက် သံသရာ၌ ကြာနေကြရသည်မှာ မဇ္ဈိမဒါန အကျိုးဆက်ဖြစ်၏။ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပ၊ ခေမာ၊ ဥပ္ပလဝဏ် စသူတို့သည် နေရောင်ခြည်သင့် ရွှေကြာပွင့်သကဲ့သို့ လွယ်လင့်တကူ အရဟတ္တဖိုလ်ကို ယူနိုင်ကြခြင်းသည် ပဏီတဒါန၏အကျိုးဆက်ပင်တည်း။ ဤသို့ အဆင့်ဆင့်ပိုမြတ်ကြသည်။

ကာမဂုဏ်ညွန့်ဗွက်ကို မက်နေသူမှန်သမျှ ဒုက္ခကား ပင်လယ်ဝေဦးမည်သာတည်း။ ထို့ကြောင့် "ချမ်းသာတခု၊ မက်မောမှုကြောင့်၊ ပုပုရွရွ၊ လှုပ်ရှားကြလည်း၊ ဒုက္ခပင်လယ်၊ ကျယ်သာကျယ်သည်၊ ဩော်– ဘယ်ဝယ် မဆုံးနိုင်တော့ပါတကား" ဟု ပညာရှင်များ ညည်းတွားကြရသည်။

**ဒါသ သဟာယ သာမိ ဟု ဒါန ၃-ပါး** မိမိက အကောင်းဆုံး စား၍ အညံ့ကို လှူခြင်းသည် ကျွန်အား ပေးသည်နှင့်တူ၍ ဒါနဒါသမည်၏။ ယုတ်နိမ့်သော သားမယား ကျေးကျွန်တို့ကြောင့် မြတ်စွာဘုရား ဦးရီးတော် သုပ္ပဗုဒ္ဓကဲ့သို့ ပင်ပန်းငြိုငြင်ရခြင်းအကျိုး ရသည်။

မိမိသုံးစားသလို လှူခြင်းသည် မိတ်ဆွေအား ပေးကမ်းသည်နှင့်တူ၍ ဒါနသဟာယမည်သည်။ အဆွေခင်ပွန်းနှင့်တူသော သားမယား ကျေးကျွန်တို့ကြောင့် ကောသလမင်းကြီးကဲ့သို့ နှလုံး မသာမယာ ရှိရတတ်သည်။

မိမိစားသုံးသည်ထက်မြတ်သော ဝတ္ထုကိုလှူခြင်းကား အရှင်သခင်အား ပူဇော်ဆက်သသည်နှင့်တူ၍ ဒါနသာမိမည်သည်။မြတ်သော သားမယား ကျေးကျွန်တို့ကြောင့် ကုမာရကဿပ၏ မယ်တော် ထေရီမကဲ့သို့ ကိုယ်စိတ် ၂-ပါး ချမ်းသာရသည်။

**သံဝါဟတ္တိက အာဏတ္တိက ဒါန ၂-ပါး** ကိုယ်တိုင်လှူခြင်း၊နှုတ်ဖြင့်လှူ ခိုင်းခြင်း တို့တည်း။ ကိုယ်တိုင်လှူခြင်းသည် အကျိုးများလှသောကြောင့် ဘုရားလောင်း မဟာပဒုမမင်း စသူတို့သည် ကိုယ်တိုင်ရှေးဦးလှူပြီးမှ ကျေးကျွန်များကို ဆက်လက်ပေးလှူကြစေသည်မှာ စည်းစိမ်ရှင်တို့ အာဏာရှင်တို့ နမူနာယူဘွယ်ရာသာတည်း။ (ဘိ၊ ၁၊ ဋ္ဌ)

**သမ္မုခ ပရမ္မုခ ဒါန ၂-ပါး** မျက်မှောက် မျက်ကွယ်လှူခြင်း ၂-မျိုးတည်း။ သမ္မုခဒါနက ပိုမြတ်သည်။ (ဝိနယာလင်္ကာရ ဋီ)

## ဝိဘဇ္ဇ အဝိဘဇ္ဇဒါန ၂-မျိုး

**ဝိဘဇ္ဇ ဒါန** ၂-ဦး ၃-ဦး စသည်ပိုင် ဝတ္ထုကို ပန်ကြား ခွဲဝေပြီးမှ လှူခြင်း၊ တဦးတည်းပိုင် ဝတ္ထုကို လှူခြင်းသည် ဝေဖန်သင့်သမျှ ဝေဖန် လှူခြင်းမည်သည်။ (ဝိ၊ ၃၊ ဋ္ဌ) ဤနည်းကိုမှီ၍ အစ်ကို မောင်နှမ လင်မယားပင်ဖြစ်စေ ၂-ဦးပိုင်ပစ္စည်းကို တဦးမရှိခိုက်လှူလျှင် ဓမ္မာသောကမင်း၏အလောင်း ပျားကုန်သည် ညီငယ်သည် ပစ္စေကဗုဒ္ဓါအား ပျားရည်လှူပြီး အစ်ကို ၂-ဦးကို ပန်ကြား သကဲ့သို့ ပန်ကြား ပြောဆိုသင့်သည်။ (၄င်းဝတ္ထု ပြခဲ့ပြီး။)

**အဝိဘဇ္ဇဒါန** ၂-ဦး ၃-ဦးစသည်ပိုင် ဝတ္ထုကို မပန်ကြား မခွဲဝေဘဲ လှူခြင်းသည် ဝေဖန်သင့်သမျှ မဝေဖန်ဘဲ လှူခြင်း မည်၏။ မာဃလုလင်နှင့်ဇနီးသူဇာကဲ့သို့ လင်အလှူ မယားမရ၊ မယားအလှူ လင်မရ ဖြစ်တတ်သဖြင့် ၂-ဦးစုံရအောင် သဘောကျ လှူနိုင်ဘို့ကြိုတင် ကတိပေးထားကြ၊ လှူပြီးလျှင်လည်း ကြွင်းလူများအား အသိပေးပြောကြားကြ၊ ဝမ်းသာကြစေကုန်ရာသည်။

## ဉာဏသမ္ပယုတ္တ၊ ဝိပ္ပယုတ္တ ဒါန ၂-ပါး

**ဉာဏသမ္ပယုတ္တ ဒါန** အလှူခံ ပုဂ္ဂိုလ်၏ဂုဏ်ကျေးဇူး၊ လှူဖွယ်ဝတ္ထုနှင့် စေတနာ၏အကျိုး ဤ ၃-မျိုးကိုသိ၍ လှူလျှင် ဉာဏ်ယှဉ်သောအလှူမည်၍ နှမ်းတစေ့မျှလှူသော်လည်း မြင်းမိုရ်တောင်မျှ အကျိုးရသည်။(အပဒါန်၊ ဋ္ဌ)

**ဉာဏဝိပ္ပယုတ္တ ဒါန** အထက်ပါ ၃-မျိုးကို မသိဘဲ သူတပါးအတုလိုက်၍ လှူလျှင် ဉာဏ်မရှင်သော အလှူမည်၍ မျက်စိစသည်နှင့် မပြည့်စုံခြင်း၊ အဆင်းသဏ္ဍာန်မရှိခြင်း၊ မိဘများသော်မှလည်း အချစ်မခံရခြင်းများ ဖြစ်တတ်ကြသည်။ (သံ၊ ဋ္ဌ)

**သောမနဿ၊ဥပေက္ခာဒါန ၂-ပါး** ဝမ်းမြောက်ဝမ်းသာ လှူဒါန်းမှုနှင့် စိတ်တည်ကြည်မှု၊ လျစ်လျူရှုလှူဒါန်းခြင်းပင် ဖြစ်သည်။ ကာမနယ်တွင် သောမနဿက မြတ်၍ မဟဂ္ဂုတ် လောကုတ္တရာနယ်တွင် ဥပေက္ခာကမြတ်သောကြောင့် သောမနဿဒါနကပိုမြတ်သည်ဟု မိန့်ကြ၏။ မည်သည့်နယ်ပယ်ဖြစ်ဖြစ် ဥပေက္ခာဒါနက ပို၏ဟုလည်း မိန့်ကြသေးသည်။

မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄-ခု(သောမနဿ ဥပေက္ခာ ၂-မျိုး) တိဟိတ်ကုသိုလ်သည် ကာမနယ်တွင် အားအကောင်းဆုံးဖြစ်ရာ သောမနဿဖြစ်စေ၊ ဥပေက္ခာဖြစ်စေ၊ စေတနာ ၃-တန် ဖြောင့်မှန်စေ၍ အသိဉာဏ်(ကမ္မဿကတာဉာဏ် ဝိပဿနာဉာဏ်)နှင့် ယှဉ်လှူလျှင် (တိဟိတ်ဥက္ကဋ္ဌကုသိုလ် ဖြစ်လျှင်) ညောင်စေ့မျှ ကုသိုလ်သည် ညောင်ပင်ကြီးမျှ အကျိုး ရစေသည်။

**ငြင်းခုံမှုနှင့်ငရဲ မိတ်ဖွဲ့နှံတဲ့ စတဲထာ႑ဖြုး** အယူအဆမညီလျှင် မငြင်းခုံကြဘဲ မိမိသဘောကျရာကိုသာ မှတ်သား သူမြတ်တို့သက်စွာသာ နေသင့်သည်။ သူနိုင်ကိုယ်နိုင် အပြိုင်ငြင်း **ကြလျှင်** **တရားဆွေးနွေး**(ဓမ္မသာကစ္ဆာ)ပွဲသည် တုတ်ရိုက်ခေါင်းပြဲ လူသတ်ပွဲဖြစ်ပြီးကိုယ်စောင့်နတ်များမှအစ ရုက္ခစိုး၊ ဘုမ္မစိုးများပါ ကွဲကြ၊ ယှဉ်နေခင် အထက် နတ်ဗြဟ္မာများအထိကွဲကာ ငရဲစာတို့သာဟု ဘုရားရှင် ဟောတော်မူသည်။ (ဝိ၊ ၅၊ပါ)

**၂-ပြည်ထောင်စစ်ခင်း သံဃာသင်းခွဲ** ဘုရားလက်ထက်တော်၌ အနည်းငယ် မျှသောနယ်ခြားမြစ်ရေကိုမှီ၍ ကပိလဝတ်၊ ကောလိယ ၂-မြို့သားတို့ စစ်ဗျူဟာ ခင်းကြဘူးသည်။ ကောသမ္ဗီပြည်၌ ကုဋီမှ သန့်စင်ရေကြွင်းကိုစွဲ၍ ဝိနည်းဆောင်နှင့် အဘိဓမ္မာဆောင် သံဃာ ၂-သင်းကွဲ ဆွဲစေ့မရသဖြင့် ပုလလဲ တောသို့ပင် ဘုရားရှင် ကြွသွားခဲ့ရဘူးပြီ။

**အသင်္ခါရိက၊ သသင်္ခါရိကဒါန** လှူဖွယ်ဝတ္ထုဥ္စာ မငြိတွယ်၊ လွတ်လွတ်စွန့်နိုင်ခြင်းကြောင့် မိမိ သူတပါးတိုက်တွန်းမှု အကူအညီမပါဘဲ လှူနိုင်ခြင်းသည် အသင်္ခါရိကမည်၍ ငြိတွယ် လွတ်လွတ်မစွန့်နိုင်၊ တိုက်တွန်းမှုပါမှ လှူနိုင်ခြင်းသည် သသင်္ခါ-ရိက ဒါနမည်သည်။ အသင်္ခါရိကဒါနက ပိုမြတ်၏။ အကျိုးပေးမှာလည်း သွက်လက်ဖျတ်လတ်ကြည်လင်သလို ပစ္စည်းဥစ္စာ တိုးတက် ကြီးပွားရေးလည်း လျင်မြန်သည်။ သသင်္ခါရိက ဒါနကျိုးကို အပြန်အားဖြင့် သိစေအပ်၏။

**တိုက်တွန်းခြင်း သင်္ခါရ ဟူသည်** အိမ်အလှူလာခံ၍ လှူလိုက်လျှင် သသင်္ခါရိကဒါနဖြစ်၍ အကျိုးမပြီးရကား "ငါတို့ ဒီဒါနမျိုးမပြု"ဟု အချို့ဆိုကြ၏။အမှန်မှာ အလှူခံနိဗ္ဗာန်ဆော်များသည် သတိပေးနှိုးဆော်သူများသာဖြစ်၍ သင်္ခါရနှင့် မဆိုင်၊ အလှူခံလာ၍ဝမ်းမြောက်ကြည်သာစွာလှူလိုက်ခြင်းသည် အသင်္ခါရိက (တိုက်တွန်းမှု မပါ)ကုသိုလ်ဖြစ်သည်။အလှူခံလာရာမလှူနိုင်ဟု စိတ်ဖြစ်ပြီးမှ မိမိကိုယ်ကို မိမိဆုံးမ၍၎င်း၊ အိမ်ရှိဆရာသမား လူကြီးမိဘများက ဆုံးမ၍၎င်း၊ပစ္စည်း ဝတ္ထုဥ္စာ တွယ်တာစူးစိုက် လောဘ တိုက်နေသော စိတ်ကိုအတွယ်ကင်းအောင် တွန်းအားပေးလျက် လှူလိုစိတ်ဖြစ်လာပြီး လှူခြင်းသည်သာ တိုက်တွန်းမှု သင်္ခါရ (မိမိ၏ ကာယ ဝစီ မနော မိဘ ဆရာ စသူတို့၏ ကာယ ဝစီ ပယောဂ ၅-ပါး) ပါသော သသင်္ခါရိက ကုသိုလ်ဖြစ်သည်။

## သသင်္ခါရိက ဒါနရှင် ဧကသာဋကပုဏ္ဏား

**လင်မယား ၂-ဦးမှ ဝတ်ရုံတထည်** ဘုရားရှင် သာဝတ္ထိ ဇေတဝန်တွင် နေတော်မူစဉ် လင်မယား ၂-ဦးမှ အပေါ်ရုံအဝတ် တထည်သာ ရှိခြင်းကြောင့် (အောက်ပိုင်း ပုဆိုး ထမီကား တထည်စီ ရှိကြ၏။) ဧကသာဋက မည်သော ပုဏ္ဏားသည် အပေါ်ရုံ ၂-ခုမရှိ၍ ၂-ဦးပြိုင် အပြင်ထွက်မဖြစ်သဖြင့် ဇနီးပုဏ္ဏေးမက နေ့တရားနာ၊ မိမိကား ညနာယူမည်ဟု ဘုရား တရားပွဲကို အချိန်ခွဲနာရန် စီစဉ်ထားကြသည်။ ညပိုင်း ဘုရားတရား နာယူရာတွင် ပုဏ္ဏားတကိုယ်လုံး ပီတိ ၅-ပါး ဖုံးလာသဖြင့် တထည်တည်းသာရှိသော မိမိအပေါ်ရုံကို ဘုရားရှင်အား ပူဇော်ရန် သဒ္ဓါဖြစ်လာသည်။

**ဇိတံ မေ ၃-ကြိမ်** လှူလိုက်လျှင် ပုဏ္ဏေးမရော ငါပါ အပေါ်ရုံမရှိ ဖြစ်တော့မည်ဟု ကြံပြီး မပေးလှူလို သဝန်တို စိတ်တထောင် ဖုံးလာပြန်သည်။ ဤသို့ သဒ္ဓါစိတ် ဝန်တိုစိတ်များ ဖြစ်နေခြင်းဖြင့် ညဦးယံကို လွန်သွားလေပြီ။ သန်းခေါင်ယံ၌လည်း လှူစိတ်ကို မလှူစိတ်ကပင် နိုင်နေပြန်၏။ မိုးသောက်ပိုင်း ရောက်သောအခါမှ "ငါ၏ သဒ္ဓါစိတ်နှင့်မသဒ္ဓါစိတ်အပြိုင်ကြဲရာ သဒ္ဓါစိတ် အောင်ပွဲမရဘဲ ည ၂-ယံ ကုန်သွားပြီ။ ဤအတိုင်းသာ မသဒ္ဓါစိတ်ဖက်က စစ်ရေးသာနေလျှင် အပါယ်သံသရာမှ ငါ ခေါင်းဖော်ရတော့မည်မဟုတ်။ ငါလှူတော့မည်"ဟု ကြံပြီး အပေါ်ရုံပုဆိုးကို ဘုရားခြေတော်ရင်းထားပြီး ဇိတံ မေ (ငါအောင်ပြီ)ဟု ၃-ကြိမ် ဟစ်လေသည်။

**အောင်သံကို မကြားနိုင်သော ကောသလမင်း** ပုဏ္ဏား၏ အောင်ပြီ ဟူသော အသံကို တရားနာနေသော ကောသလမင်းကြီး ကြားရာ မင်း ချင်း ယောကျ်ားကို ပုဏ္ဏားထံ သွားမေးခိုင်းသည်။ အကြောင်းစုံကို ကောသလမင်း သိသောအခါ "ပြုနိုင်တာ ပြုတဲ့ပုဏ္ဏားဘဲ"ဟု ပုဆိုးအစုံကို ပုဏ္ဏားအားချီးမြှောက်၏။ဘုရားရှင်အားပင် ပုဏ္ဏားလှူသည်။ ၂-စုံပေးလည်းလှူ၊ ၄-စုံပေးလည်းလှူ၊ ၃၂-စုံအထိပေးသောအခါမှ မိမိနှင့် ပုဏ္ဏေးမအတွက် ၂-စုံထား၍ အစုံ ၃၀-ကိုလည်း လှူပြန်သည်။

တသိန်းတန် ကမ္ဗလာ ၂-ထည်ကို မင်းကပေးသောအခါ "မိမိကိုယ်နှင့်မတော်၊ ဘုရားသာသနာတော်အားသာ လျော်သည်"ဟုကြံ၍တထည်ကို မြတ်စွာဘုရား ဂန္ဓကုဋီတိုက်မျက်နှာကြက်၊တထည်ကို မိမိအိမ်၌အမြဲဆွမ်းစားသော ကိုယ်တော့် နေရာတွင် မျက်နှာကြက်ပြုလုပ်၍ လှူလိုက်သည်။

**၄-ခုစီရှိသော ဆုတရာ** ညနေချမ်း ကောသလမင်းကြီး ဘုရားထံတော်ရောက်လာရာတွင် ကမ္ဗလာကို မှတ်မိ၍ ဘုရားရှင်အား မေးလျှောက်ရာ အကြောင်းစုံ သိရသဖြင့် မင်းကြီးသည် "ငါ ကြည်ညိုရာ၌ ဤ ပုဏ္ဏား ကြည်ညိုပေ၏"ဟု ဆို၍ ဆင် ၃-စီး၊ မြင်း ၄-ကောင်၊ ငွေ ၄၀၀၀ဝိ၊ မိန်းမ ၄-ယောက်၊ ရွာ ၄-ရွာ စသည်ဖြင့် တမျိုးတမျိုးလျှင် ၄-ခုစီရှိသော သဗ္ဗစတုက္က ဆုတရာကို ချီးမြှင့်သည်။

**အကျိုးပေးနည်းလှ သသာဓိဂါရိက** ပုဏ္ဏား၏ကောင်းမှုကံကျိုးကို ရဟန်းတော်များ စပ်မိစပ်ရာ ပြောနေကြရာတွင် ဘုရားရှင် ကြွလာပြီး "ပုဏ္ဏားသည် ညဉ့်ဦးယံ၌ ပုဆိုးကို လှူနိုင်လျှင် အလုံးစုံသော ၁၆-ခုစီရှိသော ဆုကိုရ၍ သန်းခေါင်ယံ၌ လှူနိုင်လျှင် အလုံးစုံ ၈-ခုစီရှိသော ဆုကိုရနိုင်သည်။ ယခု မိုးသောက်ယံမှ လှူနိုင်ခြင်းကြောင့် အလုံးစုံ၄-ခုစီရှိသော ဆုကိုသာ ရတော့သည်။ ကောင်းမှု ပြုလိုသောစိတ်ကို ချက်ချင်းပြုရာ၏။ နှေးသောကုသိုလ်သည် အကျိုးပေး နှေးသည်။ ကုသိုလ်ကို မြန်မြန်ပြု၊ မကောင်းမှုမှ စိတ်ကိုတား။ ကုသိုလ် နှေးနှေး ပြုသူ၏ စိတ်သည် မကောင်းမှု၌ မွေ့လျော်တတ်သည်။

မျိုးစေ့ကို အဖန်ဖန်စိုက်၊ မိုးအကြိမ်ကြိမ်ရွာ၊ လယ်သမားများ အဖန်ဖန် လယ်ထွန်လျှင် တိုင်းသူပြည်သားများ အဖန်ဖန် စပါးရကုန်သည်။ ဖုန်းတောင်းယာစကာတို့ အဖန်ဖန်တောင်း၊ ကောင်းမှုရှင်များ အဖန်ဖန် လှူခြင်းကြောင့် အဖန်ဖန် နတ်ပြည်ရောက်ကြရသည်"ဟု ဘုရားရှင် သံဃာများအား ဟောကြားလိုက်သည်။

**ဥက္ကဋ္ဌ ဩမကဒါန** ကာမစ္ဆန္ဒ စသော နီဝရဏတရားများ မိမိကိုယ်ကို ချီးမြှောက်၊ သူတပါးကို နှိမ်ခြင်းစသော ယုတ်မာသောတရားများကင်းသူ၏ဒါန၊ ငါလှူမိတာ ကောင်းလေစွဟု အပရစေတနာကောင်းသော ဒါနများသည် ဥက္ကဋ္ဌ ဒါနမည်၍ ထိုမှ အပြန် ဖြစ်လျှင် ယုတ်သော ဩမကဒါနမည်ရာ ရေသောက်လိုသူ ရေနောက်ကို ရလျှင် တခဏမျှထား၍အနယ်ထိုင်မှ သောက်ရသလို ကုသိုလ်ပြုလိုလျှင် စိတ်မကြည်လင်က တခဏမျှ ရပ်ထား၍ စိတ်စေတနာ သဒ္ဓါများ ကြည်လင်ဖြူစင်မှ ကုသိုလ်ပြုရာသည်။

ထို့ကြောင့် ဝိစေယျ ဒါနံ ဒါတဗ္ဗံ=ဒါနစေတနာကို မိမိစိတ်စေတနာ ဖြူမဖြူ ရွေးစိစစ်၍ (စိစစ်ပြီးမှ) ဒါနစေတနာသည် သုတ်သင်ပြီးလျှင် စင်ကြယ်မှ ဒါနဝတ္ထုကို ပေးလှူအပ်၏ဟု ဘုရားရှင်ဟောတော်မူသည်။ (သုတ်ဋီကာများ၌ ဝိစေယျအရ ဒက္ခိဏ ပုဂ္ဂလ ၂-ပါးသာ ပြခြင်းကား ဥပလက္ခဏတည်း၊ လှူဖွယ်ဝတ္ထုလည်း စိတ်စေတနာ စင်ကြယ်ကြောင်း ဖြစ်၍ ရွေးချယ်စိစစ်သင့်သည်။ ထို့ကြောင့် လှူဖွယ်ဝတ္ထုကို အပ် မအပ် ရွေးချယ်၍ ဝါ-အယုတ် အလတ် အမြတ်ရွေး၍ ပေးလှူအပ်၏ဟုလည်း အနက်ယူဟု မိန့်ကြသည်။)

**ဓမ္မိယ အဓမ္မိယ ဒါန ၂-ပါး** ကုန်သွယ် လယ်လုပ်စသော တရားသဖြင့်ရသော ပစ္စည်းအလှူသည် တရားနှင့် လျော်၍ ဓမ္မိယဒါန၊ ဒုစရိုက် ၁၀-ပါး မတရားသဖြင့်ရသော ပစ္စည်းအလှူသည် တရားနှင့် မလျော်၍အဓမ္မိယဒါနမည်ကြသည်။ဓမ္မိယဒါနက ပိုမြတ်၏။

## လောဘစသည် ခြံရံသော ဒါန ၃-ပါး

**လောဘခြံရံသော ဒါန** လှူဒါန်းဆဲ မုဥ္စစေတနာ၏ ရှေ့နောက်အဖို့ ပုဗ္ဗ-အပရစေတနာတို့၌ အာရုံ ၅-ပါးလှူဖွယ် ဝတ္ထုများကို ကပ်ငြိတွယ်တာ လောဘပါနေခြင်းတည်း။ ဘဝ အဆက်ဆက်လောဘကြီးတတ်၍ သူဆင်းရဲမျိုး၌ ဖြစ်ကာ အစား အသောက် ခေါင်းပါးတတ်သည်။

**ဒေါသခြံရံသော ဒါန** လှူဒါန်းခြင်း၏ ရှေ့ နောက် အဖို့တို့၌ နှလုံးနှောင့်ယှက် အမျက်ထွက်ကာ ဒေါသပါနေခြင်းတည်း။ ဘဝအဆက်ဆက် ဒေါသထွက်ကာ အရုပ်ဆိုးတတ်သည်။

**မောဟခြံရံသော ဒါန** လှူဒါန်းခြင်း၏ ရှေ့နောက်အဖို့တို့၌ တွေဝေမေ့လျော့ကာ မောဟပါနေခြင်းတည်း။ ဘဝအဆက်ဆက် မောဟကြီးတတ်၍ ယုတ်နိမ့်သော ကျွန်မျိုးစသည်၌ ဖြစ်ကာ စည်းစိမ်ဥစ္စာလျော့ပါးတတ်သည်။

## အလောဘစသည် ခြံရံသော ဒါန ၃-ပါး

**အလောဘခြံရံသော ဒါန** လှူဒါန်းခြင်း၏ ရှေ့နောက်အဖို့တို့၌ အာရုံ ၅-ပါး လှူဖွယ် ဝတ္ထုများကို ကပ်ငြိတွယ်တာခြင်းမရှိ၊ လွတ်လွတ်စွန့်နိုင်သော အလောဘ ပါနေခြင်းတည်း။ ဘဝအဆက်ဆက် လောဘနည်း၍ စီးပွားဥစ္စာများသည်။

**အဒေါသ ခြံရံသော ဒါန** နှလုံးနှောင့်ယှက် အမျက် ဒေါသ မထွက်ဘဲ အလှူခံပုဂ္ဂိုလ်နှင့် သတ္တဝါများအပေါ် အဒေါသ(မေတ္တာ)ပွားနေခြင်းတည်း။ ဘဝအဆက်ဆက် ဒေါသနည်း၍ သန့်ရှင်းစင်ကြယ် ကြည်ညိုဖွယ်ရာ ရုပ်အဆင်းရသည်။

**အမောဟ** ခြံရံသော ဒါန ယုံမှား ပျံ့လွင့်ခြင်း ကင်းသည်ဖြစ်၍ အလှူ၏ အကျိုး၊ အလှူခံများ၏ ဂုဏ်ကျေးဇူးကိုသိသော ပညာပါနေခြင်းတည်း။ ဘဝအဆက်ဆက် ပညာကြီး၍ အမျိုးမြတ်၌ဖြစ်ကာ စည်းစိမ်ဥစ္စာတိုးပွားရသည်။

**ဝဋ္ဋနိဿိတ ဝိဝဋ္ဋနိဿိတ ဒါန ၂-ပါး**

**ဝဋ္ဋနိဿိတဒါန** လူနတ်စည်းစိမ်ကိုသာ တောင့်တ၍ လှူခြင်းသည် ဝဋ်ကို မှီသော ဒါနမည်၏။ ပညာ နည်းသူတို့ ပြုတတ်၏။

**ဝိဝဋ္ဋနိဿိတဒါန** မဂ်ဖိုလ်နိဗ္ဗာန်ကို တောင့်တ လှူဒါန်းခြင်းသည် ဝဋ်ကင်းခြင်းကို မှီသော ဒါနမည်၏။ ပညာကြီးသူများ ပြုတတ်ကြသည်။ လောကီလောကုတ္တရာ ၂-ပါးလုံးကို တောင့်တ၍ လှူခြင်းသည်လည်း ဝိဝဋ္ဋနိဿိတဒါနပင်မည်သည်။ ယင်းဒါနသည် အရဟတ္တဖိုလ်မရောက်ဘဲ မပြီး (သံ၊အံ၊ဋ္ဌ စသည်)ဟု မိန့်သောကြောင့် ဒါနဖြင့် နိဗ္ဗာန်မရောက်ဟူသော ဝိတဏ္ဍဝါဒီတို့၏ စကားကို မယောင်မှားထိုက်ပေ။

**ဒါန လက္ခဏာမမြောက်သော ဒါန ၈-ပါး** ကြောက်၍ ပေးဘူးသူဖြစ်၍၊ တဖန်ပေးစေလို၍၊ ကဲ့ရဲ့လွတ်စေလို၍၊ချစ်၍၊ စိတ်ဆိုး၍၊ မိုက်မဲတွေဝေ၍၊မွေလျော်ပျော်ပါးလို၍ ပေးခြင်းဟု ၈-ပါးကို(အံ၊ပါ၊အဋ္ဌ)ဘုရား ဟောတော်မူသည်မှာ ပေးခြင်းမျှကိုစွဲ၍ ဝေါဟာရအားဖြင့်သာ ဒါနဟု ဟောခြင်းဖြစ်၏။ တမလွန်ကျိုးကို ပေးတတ်သောကြောင့် ဟောသည်မဟုတ်ယု မှတ်အပ်သည်။

**ယစ်မျိုးစသော အပုညဒါန ၅-ပါး**

လောက၌ ကုသိုလ်ဟု အသိအမှတ်ပြုထားကြသော်လည်း အကုသိုလ်သာဖြစ်သော ယစ်မျိုး၊ ပွဲလမ်းသဘင်၊မိန်းမ၊နွားလား၊ပန်းချီဆေးရေး။ ဤ အလှူ ၅-ပါးသည် အကုသိုလ်သာ ဖြစ်၍ အပုညဒါနမည်၏။

**ယစ်မျိုးအလှူ** သေအရက် ၁၀-မျိုးနှင့် မူးယစ်ဆေးဝါး အားလုံးတည်း။ မူးစေလို၍လှူလျှင်သာ အကုသိုလ်ဖြစ်သည်။ အပ လိမ်းကျံရန်၊ဆေးသုံးရန်၊ မင်စပ်ရန်စသည်လှူမှု အကုသိုလ်ဟု မဆို

ထိုက်။ဝေဿန္တရာမင်းကြီး အလှူ၊ ယစ်မျိုးပါရာ၌လည်း စိတ်နှလုံး သန့်ရှင်းစွာ လှူသည်ဟု ယူသင့်၏။ အကျိုးမရှိမှန်း သိသော်လည်း မင်းကြီးအလှူမှာ သေအရက်မရ မဖြစ်ရအောင် အလုံးစုံ လှူသည်ဟု ဇာတ်အဋ္ဌကထာဆိုသည်။

**ပွဲလမ်းသဘင် အလှူ** ကိလေသာ ဖြစ်အောင် ကပြ စေခြင်းတည်း။ ရတနာ ၃-ပါးကို ပူဇော်ချီးမြှောက်ဖို့ ကျင်းပလျှင်"ဝတ္ထုတ္တယ ပူဇနတ္ထာယ နဋ္ဋသမဇ္ဇံ ကုသလံ ဟောတိ"သုတ္တသင်္ဂဟပါဠိအရ ကုသိုလ်သဘောဖြစ်သည်။ ထိုကိုရည်၍ ရှေးမင်းများ ဘုရားပွဲတော်ကျင်းပကြ၊ ယခုကာလလည်း ရှင်ပြုရဟန်းခံ ဘုန်းကြီးပျံ စသော ရတနာ ၃-ပါးနှင့်စပ်ရာတွင် စည်ကားစေဘို့၊ သာသနာတော်နှင့် စပ်၍ လျောက်ပတ် တင့်တယ်စေဘို့ ပွဲလမ်းသဘင် ကျင်းပသည်။ နှလုံးသွင်း ကောင်းလျှင် အပြစ်ကင်းဖွယ်ရှိသည်ဟု မိန့်ကြ၏။ သို့သော် ကြောင့်ကြဗျာပါရသောက အားကြီးရသော ကိစ္စမျိုးဖြစ်၍ရှောင်ခြင်းသာ ကောင်းသည်။

**ကန်ထရိုက် ဇာတ်သမား ပွဲငှား ကြည့်သူအတူတူ** ဂါမဏိ သံယုတ်၌ အများ ကိလေသာ ဖြစ်အောင် ပြုကြသူ ဇာတ်သမား ပဟာသမည်သော အဝီစိငရဲ၌ခံရသည်ဟု ဇာတ်သမားကိုသာ တိုက်ရိုက်ဟောတော်မူသော်လည်း ကန်ထရိုက်တာများ၊ ပွဲငှားသူ၊ ကြည့်သူအားလုံး ကိလေသာ ဖြစ်အောင်၊ ဖြစ်စေအောင် စေတနာထားပုံချင်းတူသောကြောင့် ပဟာသငရဲ၌ပင် ကျပေမည်ဟု မိန့်ဆိုကြသည်။(ဒါနပကာသနီ စသည်)

**မိန်းမအလှူ** ကာမဂုဏ်ကိစ္စအတွက် လှူခြင်းမျိုးတည်း။ဝေလာမပုဏ္ဏား၊ ဝေဿန္တရာမင်းစသူတို့ကဲ့သို့ ခိုင်းစေဘို့လှူရာ ကုသိုလ်ပင်ဖြစ်သည်။ ကောသလမင်းကြီး၏ အသဒိသအလှူ၌ မင်းသမီး ၅၀၀-ဖြင့် လှူဒါန်းသည်။ ထို့ကြောင့် မိဘများသည် သားသမီးများကို လက်ထပ်ပေးရသောအခါ ကာမဂုဏ်ကြူးဘို့ မရည်စူးဘဲသိင်္ဂါလောဝါဒသုတ်အရ မိဘဝတ္တရားကျေအောင် နှလုံးသွင်း၍ ထိမ်မြားပေးသင့်ကြသည်။

**နွားလားအလှူ** နွားမတို့အလယ်၌ နွားလားကို လွှတ်ပေးခြင်းတည်း။ ခိုင်းဘို့ စီးနင်းစေဘို့ကားမလှူကောင်းဟုမမှတ်အပ်။

**ပန်းချီဆေးရေးအလှူ** မိန်းမယောက်ျား ပျော်ရွှင်ကြည်လင် မြူးတူး နေပုံများတည်း။ တင့်တယ်ကောင်းမြတ်သော ဆေးရေးအရုပ်အလှူကား ကုသိုလ်ပင်ဖြစ်၏။ လက်နက် အဆိပ် သံခြေကျင်း သတ်ဖို့ရာ ကြက် ဝက် စသည်များ ချိန်တောင်းစဉ်းလဲဟု အလှူ ၅-ပါးပါ ထပ်စွက်၍ မိလိန္ဒပဥှာ၌ အကုသိုလ် ၁၀-ပါးပြသည်။ လောက၌ မလှူကောင်း(မကောင်းဟုတားအပ်သော)ဒါနမရှိဟု မိလိန္ဒမင်းအား အရှင်နာဂသေနက မိန့်ကြားတော်မူရာ စေတနာ ထားတတ်လျှင် မလှူအပ်သောအလှူ မရှိဟု မှတ်သားလျက် စိတ်စေတနာ ပညာ ကြွယ်ဝကြရာသည်။

**ဒါနအင်္ဂါ ၃-ပါး** အနုသယမကင်းသေးသော ပုထုဇဉ်သေက္ခဖြစ်ခြင်း၊ ပူဇော်ချီးမြှောက်လိုခြင်း၊ထင်ရှားရှိသော မိမိပစ္စည်းဝတ္ထုကို စွန့်ခြင်းဟု အခြေခံ ၃-ချက်စုံလျှင် ဒါနမြောက်၏။ ကုသိုလ်စိတ်ကား လှူမည်ကြံစဉ်ကပင် ဖြစ်လေပြီ။ ထိုကုသိုလ်စိတ် အားရှိပြီး အာသေဝန ပစ္စည်းရခဲ့သော် မလှူမီ သေသွားစေကာမူ ကုသိုလ်ပဋိသန္ဓေကျိုးများ ရသည်သာတည်း။ လှူဒါန်းမိသလောက်ကား မကြီးကျယ်ပေ။

အမျိုးသမီးတဦး သပ္ပတ်ခါးပန်း ၇-ပွင့်ဖြင့် ကဿပဘုရားစေတီတော်ကို ပူဇော်ရန်အသွား ခရီးအကြား၌ သားငယ်ရှိသော နွားမဝှေ့၍ သေလေသော် တာဝတိံသာ နတ်ပြည်၌ အဆင်းရူပကာ တန်ဆာ ဗိမာန်တို့ဖြင့် ရှုမငြီးသော နတ်သမီးဖြစ်ရလေသည်။ (ဝိမာနဝတ္ထု၊ဌ။)

### အလှူရှင် အလှူခံနှင့် စပ်သော ဒါန ၄-ပါး

(၁) **သီလရှိသူသည်** ကံ ကံကျိုးကို ယုံကြည်၍ ကြည်လင်သောစိတ်ရှိပြီး တရားသဖြင့် ရသည့် လှူဖွယ်တို့ကို သီလရှိအား လှူအံ့၊အကျိုးကြီးမားသည်။ ထို့ကြောင့် ဝေဿန္တရာမင်းကြီးသည် သီလမရှိသော ဇူဇကာပုဏ္ဏားအား သားတော်ဇာလီ သမီးတော် ကဏှာဇိန်တို့ကို လှူဒါန်းရာ မြေလှုပ်ရသည်။

(၂) **သီလ မရှိသူသည်** ကံ၊ ကံ၏ အကျိုးကို မယုံကြည်။ ကြည်လင်သော စိတ်မရှိ။ မတရားရသော လှူဖွယ်တို့ကို သီလရှိသောသူအား လှူအံ့၊ အကျိုးကြီးမားသည်။ ကလျာဏီမြစ်နားနေ တံငါ တဦးသည်

သီလရှိသော ဒီဃသောမ အရှင်မြတ်အား ဆွမ်း ၃-ကြိမ် လှူဘူး၍ သေသော် နတ်၌ဖြစ်သည်။

**(၃) သီလမရှိသူသည်** ကံ၊ ကံကျိုးကို မယုံကြည်။ ကြည်လင်သော စိတ်မရှိ။ မတရားရသောလှူဖွယ်ကို သီလမရှိသူအားလှူအံ့၊ အကျိုးပေး သေးသိမ်သည်။ ဝဇုမာနတောင်နေ မုဆိုးသည် သေသူသားကို ရည်၍ သီလမရှိသော ရဟန်းအား ၃-ကြိမ်လှူ၊အမျှဝေသော်လည်း သားပြိတ္တာ မရ။ ၃-ကြိမ်လှူပြီး ညလာ၍"ဘီလူးတယောက် ငါ့အစာ လုစားသည်" ဟု မြည်တမ်းကာမှ သီလရှိသော ရဟန်းအားလှူ၊ အမျှဝေ၊ ကုသိုလ် အဖို့ ရသွားသည်။

**(၄) သီလရှိသူသည်** ကံ၊ ကံကျိုးကိုယုံကြည်၊ ကြည်လင်သောစိတ် ရှိပြီး တရားသဖြင့်ရသော လှူဖွယ်ကို သီလ ရှိသူအား လှူအံ့၊ အလွန် အကျိုးကြီးမားသည်။' (မ၊ ၃-ဒက္ခိဏာဝိဘင်္ဂ၊ ပါ၊ဋ္ဌ)

**ပဒေသာပင် ပမာ သာသနာ** ဆိုခဲ့ပြီး ၄-ချက်တွင် တချက်သာအညွှံ့ ပါ၍ သာသနာတွင်း ကြုံရသောမိမိတို့ အဖို့ ကိုယ့်စိတ်တခုသာ ဖြူဘို့လိုတော့သည်။ သာသနာတွင်း အလှူရှင် အလှူခံတို့မှာ သရဏဂုံနှင့် ၅-ပါးသီလသာ ရှိစေဦးတော့ မြတ်သော အလှူရှင် အလှူခံများ ဖြစ်ကြရတော့ပြီ။မှန်၏။ ထိုပုဂ္ဂိုလ်များကို သော-တာပတ္တိ မဂ္ဂဋ္ဌာန် ပထမအရိယာတွင်း၌ သွတ်သွင်းထိုက်ပုံ ပြဆိုပြီးပေပြီ။

ထို့ကြောင့် သာသနာပအလှူရှင် အကုံရနတ်သား၊ သာသနာတွင်း အလှူရှင် ဣန္ဒကနတ်သားတို့ အကျိုးပေးကွဲပုံကို နှလုံးမူလျက် လူဖြစ်၍ အသိဉာဏ်ရှိကြသော မိမိတို့သည် သာသနာတွင်း သရဏဂုံ သီလရှိသူ ရဟန်းရှင်လူအများကို ပုထုဇဉ် ဂတိအားလျော်စွာ မှားမိသော အပြစ် များကို ဖယ်ထားပြီး ကြိုးစား၍ လှူသင့်ကြသတည်း။

## ဒါနအင်္ဂါ ၆-ပါး သတိထားဖွယ်

**အလှူရှင် အင်္ဂါ ၃-ပါး** မလှူမီ ပုဗ္ဗစေတနာ လှူဖွယ် စုနေသောအခါ မှ စ၍ ဝမ်းမြောက်ခြင်း၊ လှူဆဲ မုဉ္စစေတနာ အခါ စိတ်ကြည်လင်ခြင်း၊ လှူပြီးအပရစေတနာအခါ ဝမ်းမြောက်ခြင်း တို့တည်း။(သော့မနဿဒါနက ပိုမြတ်ပုံ ထင်ရှား၏။)

**အလှူခံ အင်္ဂါ ၃-ပါး** လောဘကင်းအောင် ကျင့်နေသူ ဖြစ်စေ၊ ဒေါသ ကင်းအောင် ကျင့်နေသူ ဖြစ်စေ၊ မောဟကင်းသူ၊ မောဟကင်းအောင် ကျင့်နေသူဖြစ်စေ၊ ၂-ဖက်ပေါင်း အင်္ဂါ ၆-ပါးရှိ ဒါနသည် မဟာသမုဒ္ဒရာရေကို ခွက်ယော်ဖြင့် ရေတွက်မရသလို မရေတွက်နိုင်၊ အကျိုးများလှသည်ဟု ဝေဠုကဏ္ဍကီမြို့ နန္ဒမာတာ ဒကာမကြီး၏ ရှင်သာရိပုတ္တရာ အမှူးရှိသော သံဃာများအား လှူခြင်းနှင့်စပ်၍ ဘုရားရှင်သည် သံဃာများအား သာဝတ္ထိ ဇေတဝန်၌ ဟောကြားတော်မူသည်။ (အံ၊ ၂၊ ပါ)

## ဒုဿီလ သုသီလတို့၌ အကျိုးနည်းများ ခြားပုံ

**ကောသလမင်း အမေး** ရဟန်း ဂေါတမသည် သူ့သာလျှင် လှူသင့်၊ သူတပါးကို မလှူသင့်။ ဤစကား မိန့်ကြားသည်ဟု သာဝတ္ထိ မိစ္ဆာဒိဋ္ဌိများ ဘုရားကို စွပ်စွဲကြရာ ထိုပြဿနာ ငြိမ်းဘို့ ကောသလမင်းကြီးသည် ဘုရားထံလာပြီး လှူရမည့်ပုဂ္ဂိုလ်ကို မေးရာ စိတ်ကြည်ညိုသူ လှူဟု မိန့်လိုက်သည်။ အကျိုးကြီးမည့် ပုဂ္ဂိုလ်ကို မေးပြန်ရာ သီလရှိသူ လှူလျှင် အကျိုးကြီး၏ဟု မိန့်လိုက်၏။

**စစ်ရေးစစ်ရာ ဥပမာ** အကြောင်းကို မေးလျှောက်ပြန်ရာ စစ်ရေးစစ်ရာ မလိမ္မာသူကို ချီးမြှောက်လျှင် အရေးရှိက အကျိုးမများသလို သီလမရှိသူလှူလျှင် သီလမရှိ၍ အကျိုးမများ၊ စစ်ရေးလိမ္မာသူကို ချီးမြှောက်က အရေးရှိလျှင် အကျိုးများသည်။ ထို့အတူ သီလရှိသူအား လှူလျှင် သီလရှိ၍ နောင်အခါ အကျိုးများလှသည်ဟု မိန့်တော်မူသည်။

ထိုစကားအရ ပုဂ္ဂလိကအရာတွင် မိမိတို့ ကြည်ညိုရာ သီလ သမာဓိ ရှိသူကို လှူဒါန်းလျှင် အကောင်းဆုံး ဖြစ်သည်။ သံဃိကအရာ၌ကား သံဃာကိုသာရည်၊ ပုဂ္ဂိုလ်ရွေးရန်မလိုပေ။

## ဒါနပြုရာ ပုဂ္ဂိုလ်ဘုံ

၁။ **လူ့ဘုံ လူသားများသာ**—ဆင်းရဲ ချမ်းသာ မျှ၍ များသော အားဖြင့် ဒါနပြုနိုင်ကြသည်။

၂။ **နတ်ဘုံ နတ်သားတို့ကား**—ချမ်းသာ များသောကြောင့် ဒါန မပြုနိုင်ကြ။ ကာမ ချမ်းသာများသည် မေ့လျော့ကြောင်းသာတည်း။

၃။ **အပါယ်ဘုံအပါယ်သားများလည်း**—ဆင်းရဲများသောကြောင့် ဒါနမပြုနိုင်ကြကုန်။ ထို့ကြောင့် အသက်ရှည်သော နတ်ဘုံသို့ ရောက်ကြသော ဘုရားလောင်း နတ်သားများသည် ဒါနစသော ပါရမီများ ဖြည့်ခွင့်ရအောင် လူ့ဘဝ တောင့်တပြီး ဗိမာန်တွင်းဝင် အသက်အောင့် ချုပ် (အဓိမုတ္တိကာလံကိရိယ) သေခြင်းဖြင့် သေကြကုန်သည်။ (သာရတ္ထ သင်္ဂဟ၊ ၄၃-စသည်) သာသနာတွင်း လူ့ဘဝ မိမိတို့ အရတော်လှ၏။

## မိမိသာ ဒါနပြုသူ စသော ၄-ပါး

၁။ **ဒါနကို မိမိသာ ပြုသူသည်**—အခြံအရံ ပါးသော်လည်း ကောင်း စား ကြွယ်ဝတတ်၏။

၂။ **သူတပါးကိုသာ ဒါနပြုစေသူသည်**—အခြံအရံ များသော်လည်း ဆင်းရဲ နွမ်းပါးမည်တည်း။

၃။ **မိမိလည်း မပြု၊ သူတပါးကိုလည်း မပြုစေသူသည်**—အခြံ အရံ လည်း ပါးရှား၊ ဥစ္စာခမ်းနားလည်း မပြည့်စုံနိုင်။

၄။ **မိမိလည်း ပြု၊ သူတပါးကိုလည်း ပြုစေသူသည်**—စည်းစိမ် ဥစ္စာ လည်း ပေါများ၊ အခြံအရံလည်း ပြည့်စုံသော အကျိုးများကို ရမည်ဖြစ် ရာ လောကအလယ် တင့်တယ်လိုသူများသည် မိမိလည်း စွမ်းနိုင်သမျှ လှူ၊ သူတပါးကိုလည်း သဒ္ဓါပေါ်အောင် နှိုးဆော်သင့်ကြသည်။ (မိမိ၏ သက်န်းစသော အာမိသလာဘ်လာဘတို့ဖြင့် ပရိယတ်ပဋိပတ်ကို ပူဇော်၊ လူနတ်များစွာကို စေတနာ သဒ္ဓါပေါ်အောင် နှိုးဆော်ခွင့်ရ တော်မူကြသော သာသနာပြု ဓမ္မကထိကအကျော် ဆရာတော်တို့မှာ အရတော်လွန်းကြသည်။)

**၃—တန်စေတနာ ကျိုးများစွာ** ကုသိုလ် တိုင်းတွင် ပုဗ္ဗ မုဉ္စ အပရဟု စေတနာ ၃-မျိုးစီရှိရာ တခုသော စေ-တနာ ကံသည် ပဋိသန္ဓေကျိုးတကြိမ်၊ ပဝတ္တိကျိုး ဘဝအသခြေ်ပေးနိုင် သည်။ ပစ္စေက ဗုဒ္ဓါအား ဆွမ်းတကြိမ်လှူဘူးသော အာဂန္တုကသူဌေး၏ ကုသိုလ် စေတနာတို့တွင် ပုဗ္ဗစေတနာကြောင့် နတ် ၇-ကြိမ်၊ အပရစေတ နာကြောင့် သူဌေးမျိုး ၇-ကြိမ် ဖြစ်ရသည်။ (သံ- ၄၃)

ထို့ကြောင့် ကုသိုလ် တကြိမ်ပြုလျှင် စေတနာ ၃-တန်ဖြစ်ရန် သချာ များလှသည့်အားလျော်စွာ မရေမတွက်နိုင်သော ပဋိသန္ဓေကျိုး ပဝတ္တိ ကျိုးများ ရနိုင်ကြသည်။

**စက္ကဝတ်ငှက် အင်ကြင်း ခက်မှာ ၉၁-ကမ္ဘာ** ဝိပဿီဘုရားလက်ထက် စက္ကဝက် ငှက်မင်းသည် ဝိပဿီဘုရားအား အင်ကြင်းပန်း တကြိမ်လှူ ပူဇော်ရခြင်းကြောင့် ၉၁-ကမ္ဘာ အပါယ်မလား ။ငါတို့ဘုရား လက်ထက်တော်တွင် ပစ္စာဂမနိယရဟန္တာ (အပဒါန်)ဖြစ်လာသည်မှာ စေတနာ ၃-တန်လုံးက ၉၁-ကမ္ဘာပတ်လုံး သုဂတိပဋိသန္ဓေကျိုး ပဝတ္တိကျိုးများ ပေးပုံထင်ရှားသည်။ လက်ဖျစ် တတီးကာလ၌ပင် စိတ်ပေါင်း ကုဋေတသိန်းမကဖြစ်ရာ ထို့ထက်ကြာက ဆိုဖွယ်ရာ မရှိတော့ပေ။

**ကုသိုလ်ပြုစဉ် စိတ်နှုယဉ် ဖြူစင်ပျော့ပျောင်း ဉာဏ်ဆီလောင်း**

**ရှေ့ပိုင်းစိတ်ထား စေတနာ** လောကမှာ အပူရှိလျှင် အအေးရှိသလို တမလွန် အပူရှိလျှင် အအေးရှိရပေမည်။ စိုးရိမ်ပူဆွေးငိုကြွေးပင်ပန်းဒဏ်အဖန်ဖန်ခံရသောငါသည် အေးမြကြည်လင် ဘေးရန်စင်သော အရပ်သို့ ဤကျင့်ဝတ်ဖြင့် အမှန်ရောက်ရမည်ဟု ဆင်ခြင်၍ လှူဖွယ်များ ရှာဖွေစုဆောင်းပြီးလျှင် (စိတ်မည့်တ်လျှင် အကျိုးပေးမမြဲ၊ နိဗ္ဗာန်ကို စိတ်ညွတ်အောင် ဆင်ခြင်သဖြင့် အကျိုးပေမြဲသည်။) ကောင်းကျိုးပေးမည့် ကုသိုလ် ငါ့ဥစ္စာမဟုတ်ဟုလည်း ဆင်ခြင်ရမည်။ (ဘဝသံသရာမှာ သူတပါးမဟောသော်လည်း သဘောပေါက်၍ ကုသိုလ်အများကို မှန်းဆသိမြင်နိုင်၏။)

**လှူဆဲစိတ်ထား စေတနာ** ဤလှူဖွယ်ဝတ္ထုကား မမြဲ ဆင်းရဲ အစိုးမရ ဘာမျှ အနှစ်သာရ မရှိဟု လှူဖွယ်ဝတ္ထုကို ဝိပဿနာတင်ပြီးလျှင်(ဘဝသံသရာ၌ အယူမှန်ဉာဏ်သဘော ပြန့်ပြော ကြီးမားနိုင်သည်။)အလှူခံပုဂ္ဂိုလ်သည် ဆွေမျိုး ဉာတိဆရာသမားများ ပင်ဖြစ်ငြားလည်း သံယောဇဉ်မစပ် ပြတ်ပြတ်ယိုဖိတ် သုပ္ပဋိပန္နများလှ ဂုဏ်အင် အရိယာအရှင်တို့၏ အဆက်အနွယ်တည်းဟု စိတ်ကိုထား၍ (သံသရာ၌ ကြီးမား သန့်ရှင်းသောအကျိုးရသည်)ဤကောင်းမှုကြောင့် ဆင်းရဲမှန်သမျှလွတ်ရပါလို၏ဟု တောင့်တလှူရသည်။(နိဗ္ဗာန်သို့ အမှန်ရောက်နိုင်၏။)

**လှူပြီး စိတ်ထားစေတနာ** မစ္ဆရိယချန်ကို နိုင်အောင်တိုက်လျက် ဘုရားစသော အရိယာတို့၏ လမ်းမပေါ်သို့ ငါခြေချမိပြီ။ ငါ့အလှူကား ရန်သူမယူနိုင်၍ ကောင်းလေစွဟု အဖန်ဖန်ဆင်ခြင်ရာ၏။ (၁၀-တန်မျှ လှူသော် အကြိမ် ၁၀၀-အောက်မေ့က ၁၀၀၀တန်ဖြစ်၍ ပွားများမှုကြောင့် ဒါနအင်အား ကြီးထွား စည်ပင်ရသည်။) လှူမိသမျှကိုလည်း ဒုဋ္ဌဂါမဏိမင်း စသူများ ရွှေပုရပိုက်တွင် မှတ်တမ်းတင်ထားကြသလို စာရေး၍ မမေ့အောင် မှတ်သားရာသည်။

တနေ့တခါ တသီတင်း တခါ တလတခါ ဖတ်ရှု၍ စာဂါနုဿတိဖြစ်စေရာသည်။ စာဂါနုဿတိဘာဝနာသည် ကုသိုလ်အလွန်ပွား၍ ကပ်ကမ္ဘာများစွာ သုဂတိချမ်းသာများကို ခံစားနိုင်ပေမည်။

**တွေ့ဘူးသော အရှင်မြတ်တပါး** စာရေးသူနှင့် အလွန် ရင်းနှီးသူ ကိုယ်တော်တပါး ဆောင်ရွက်ပုံကို ဒိဋ္ဌာနုဂတိလိုက်နိုင်ရန် တင်ပြပါမည်။ ထိုအရှင်ကား သက်တော် ၅၀-ပတ်ဝန်းကျင်သို့ ရောက်လာသည့်တိုင်အောင် ရဟန်းဖြစ်စ သိမ်ထွက်မှာ ရသော မျက်နှာသုတ်ပုဝါ ဆပ်ပြာ ခဲတန်စသည်များကို အတူနေ သံဃာများအား လှူဒါန်းသည်မှစ၍ ကုသိုလ်စာရင်း ရေးထားသည်ကို တွေ့ရ၏။

**ရှင်ဘဝနမူနာမြင် ရဟန်းဖြစ်မှ ရုပ်လုံးထင်** ပံ့လွန်တော်မူသော အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီးတပါး ဈာပနတွင် ဝေငှသော ယင်းဆရာတော်ကြီး အတ္ထုပ္ပတ္တိ၌ သက်န်းအစုံ မည်မျှ၊မျက်နှာသုတ်ပုဝါ၊ဆပ်ပြာပေါင်း မည်မျှစသော အလှူစာရင်းကို ရဟန်းမဖြစ်မီ တွေ့ရ၍ အားကျပြီး သူလည်းလှူသမျှဒါန သံဃာနှင့်နေရသူဖြစ်သဖြင့် ပြုဘူးသမျှ ကုဋီဝတ်နှင့် တိုက် သန့်ရှင်းရေး စသောဝေယျာဝစ္စသီလ စသည်များကို ရေးသားကာ သေသည်အထိ ရေးသွားမည်။ တာဝန်အရ လှူရ ဆောင်ရွက်ရစဉ် အချို့ကုသိုလ်များဝယ် စိတ်မဖြူစင်လှူသော်လည်း စာရင်းပြန်ဖတ်လျှင် ဖြူစင်သွားသည်ဟု ထိုအရှင်ဆို၏။

ထိုအရှင်၏ ကုသိုလ်စာရင်းမှာ တစတစ အားရဖွယ်ရာ များလာပြီကို စာရေးသူတွေ့ရသဖြင့် မုဒိတာဖြစ်ခွင့် ရပါ၏။ ၎င်းစာရင်း စာအုပ်ကြီး ပြည့်သွားတော့မည်ကို မြင်ယောင်နေမိသည်။ ကောင်းသောနမူနာ မှန်

လျှင် မည်သူ့ ထံမှဖြစ်ဖြစ် စစ်မှန်သော သူတော်ကောင်းများ စံထား နမူနာယူနိုင်ကြပါစေ။ (ရဟန်းရယ်လို့ ဒါနကို မျက်ခြည်မပြတ်သင့်။)

## ဒါနအကျိုး များပြတ်တိုး အားကိုးသင့်ရာ တို့သူငါ

ဒါနသည် လူနတ်နိဗ္ဗာန် ၃-တန် ချမ်းသာရကြောင်းသာဖြစ်၍ ပြည့်စုံမှု အပြာပြာတို့၏ အခြေခံ ရွှေငွေစစ္စာ စည်းစိမ်ရတနာတို့၏ တည်ရာ ဝဠ်မကင်းသေးသူများအဖို့ ပုန်းအောင်းမှီခိုရာ ဖြစ်သည်။ ပစ္စုပ္ပန်တမလွန် ဝယ် ဒါနနှင့်တူသော မှီရာ တည်ရာ မွေ့လျော်ရာ စောင့်ရှောက် ပုန်းအောင်း လည်းလျောင်းရာ မရှိပေ။

လောဘ ဒေါသ စသော ရန်သူများနှင့် မရောနှော သတိပညာ စသော ရတနာ များဖြင့် ဆန်းကြယ်သည်ဖြစ်၍ မှီရာ ဖြစ်သောကြောင့် ခြင်္သေ့မင်း၏ ရတနာရွှေဂူနှင့် တူသည်။ ပဒေသရာဇ်၊ ကေရာဇ် စသော ချမ်းသာတို့၏ တည်ရာဖြစ်၍ မြေကြီးနှင့် တူပြီးလျှင် ဘုရားလောင်း စသူတို့ ဆွဲရာကြိုးနှင့်လည်းတူသည်။ သတ်ော့ကြီးပမာ အပါယ်ဆင်းရဲ၊ ဝဋ္ဋဆင်းရဲများမှ ထုတ်ဆောင်၍ နိဗ္ဗာန်သို့ ပို့ပေးတတ်သည်သာတည်း။

ကိလေသာရန်သူပျောက် နိဗ္ဗာန်ကမ်းသို့ ရောက်စေတတ်ရကား (ပစ္စဝေက္ခဏာဉာဏ်ဖြင့်)သက်သာရာကို ရစေတတ်သောကြောင့် စစ်မြေပြင်သူရဲကောင်းကြီးနှင့်တူသည်။ ဒါနရှင်သန္တာန်သို့ ကိလေသာရန် အပါယ်ဆင်းရဲ ဝဋ္ဋဆင်းရဲ ရန်များ မဝင်နိုင်အောင် တားပေးတတ်သောကြောင့် လုံခြုံသော မြို့ကြီးပမာလည်း ဖြစ်သည်။

နှမြောမှု အညစ်အကြေးမကပ်နိုင်၍ ပဒုမ္မာကြာ၊ လောဘစသော ကိလေသာ အမှိုက်တို့ကို လောင်မြိုက်တတ်၍ မီး၊ လောသ စသည်တို့ မကပ်ဝံ့၍ မြွေ၊ကြောက်လန့်ခြင်း ကင်း၍ ခြင်္သေ့မင်း၊ ဆင်းရဲကင်းအောင် အားကြီးစွာဆောင်တတ်၍ ဆင်ရတနာ၊ မကောင်းမှုကိုဖြက်၊ စင်ကြယ် မြင့်မြတ်သော ရတနာဟု သမုတ်အပ်၍ ကိုယ်လုံးဖြူသော မင်္ဂလာနွား လား၊ ဘေးကင်းရာ နိဗ္ဗာန်သို့ ပျံသန်းနိုင်၍ ဝလာဟက နတ်မြင်းပျံနှင့်လည်း ဒါနတူလှသည်။ (ဒီ၊၃၊၄)

ယံယံ ပတ္ထေတွာ ကရောတိ တံတံ နိပ္ဖါဒေတိယေဝ=တောင့်တတိုင်းသော လူနတ် နိဗ္ဗာန် ချမ်းသာမှန်ကို ဘုရားဖြစ်သည့် တိုင်အောင် ကေန်ရရောက် ဒါနအဆောက်အဦးက ပြီးမြောက်စေသည်သာ။ (ဝိမာနဝတ္ထု၊ ၄)

## (၁၅) လေ့ကျင့်ခန်းများ

၁။ ဒုဿီလကို လှူလျှင် အပါယ် ကျသလော။ သံဃိကဒါနကိုပြ၍ တကျောင်းတိုက်လုံး မတတ်နိုင်ပါဘဲလျက် အမှတ် ၃-သံဃိကဒါနဖြစ်အောင် လှူပုံ တင်ပြပါ။

၂။ သံဃိကဒါန ၁၀-ပါးဖြစ်အောင် မည်သို့ ထပ်ထည့်ရမည်နည်း။ သံဃိကဒါနမြတ်ပုံကို ပြ၍ ချမ်းသာပါလျက် အရှုပ်ဆိုးသူ၊ သြဇာမရှိသူ၊ အရွယ်လွန်မှချမ်းသာသူ၊ မသုံးမစားရက်သူ၊ ဒမြတိုက်ခံရဘူးသူများ၏ ရှေးဒါနများကိုလည်းပြပါ။

၃။ ညှော်သည်နှင့် ခရီးသွား အထူးရေး၍ ပါယာသိမ္ပိုစားထက်မင်းစေက ဘာ့ကြောင့် သာရသနည်း။ အစမ္မိကဒါန၉-ပါးသရုပ်ကိုလည်း သခ်ျေယျပြပါ။

၄။ ဗုဒ္ဓဒါန ၅-မျိုးကိုရင်း၊စေတီလှူသောဆွမ်း မည်သူစားထိုက်ကြောင်းကိုရင်း ပြ၍ ဒါနမဟုတ်သော ဒါနကိုလည်း ရေးသားပါ။

၅။ ကောသလမင်း၊ ဗိမ္ဗိသာရမင်း၊ အရှင်သာရိပုတ္တရာတို့၏ ရှေးဒါန ထူးခြားပုံပြ၍ မာဃမောင်၏ အလှူဝယ် မယ်သုဇာ ဘာကြောင့်မရသနည်း။ သောမနဿနှင့် ဥပေက္ခာဒါန ၂-ဦး မြတ်ပုံအထူးကိုလည်း ရေးပါ။

၆။ ကောသာဠကပုဏ္ဏား သူ့စိတ်သူ တိုက်ဘွန်းပုံသခ်ါရကို ပြ၍ အသခ်ါရိကဒါနဖြစ်လျှင် ယင်းပုဏ္ဏား မည်မျှ ကြီးပွားမည်နည်း။ ဓမ္မိယဒါနဖြစ်ပုံကိုလည်း ရေးပါ။

၇။ ဒါနလက္ခဏာမမြောက်သော ဒါန ၈-ပါး၊ အပုည ၅-ပါး ကိုပြ၍ ရတနတ္တယပူဇနတ္ထာယ နဠသမဇ္ဇံ ကုသလံ ဟောတိ စကားကို ရှင်းပြီးလျှင် သားသမီးများကို ထိမ်းမြားပေးကြသည့် မိဘများ စိတ်ထားရမည့်ပုံကိုလည်း ရေးပါ။

၇။ အလှူရှင် အလှူခံနှင့်စပ်၍ အကောင်းဆုံးဒါနတပါးဖြစ်အောင် လုပ်ထုံးပြ၍ ပဒေသာပင်ပမာ သာသနာတော်ဖြစ်ပုံကိုရင်း၊ သမုဒ္ဒရာရေပမာ အကျိုးများပည့် ဒါနအင်္ဂါ ၆-ပါးကိုရင်း၊ ပြည့်စုံစေခဲ့ပါ။

၉။ သီလရှိသူကိုသာ လှူသင့်ကြောင်း စစ်ရေးဥပမာနှင့်ပြ၍ ဒါနပြုခွင့်ရှိ မရှိ ပုဂ္ဂိုလ် ဘုံ အားလုံးကိုလည်း စုံအောင် ထုတ်ပြပါ။

၁၀။ အရတော်သော သာသနာပြု ဓမ္မကထိကဖြစ်အောင် မည်သို့ ကျင့်သုံးသင့်သနည်း။ စာဂါနုဿတိ ဘာဝနာရအောင် ပြုထုံးကို ရေး၍ ဒါနအကျိုးပြ ဥပမာ ၅-မျိုးမျှလည်း ပြပါ။

---

## လက်ငင်းဘဝအကျိုးရဘို့ ဒါနအင်္ဂါ စံနမူနာ

**အင်္ဂါ ၄-ပါးနှင့် စေတနာ ခွဲပုံ** တရားသဖြင့် ရသော လှူဖွယ်၊ ယုံကြည် ရင့်သန် စေတနာမှန်၊ အလှူခံမှာ ရဟန္တာ၊ နိရောဓသမာပတ်မှထပြီးချိန်၊ အင်္ဂါ ၄-ပါး ကြိုက်ကြိမ်က လက်ငင်းဘဝ၌ပင် ကောင်းကျိုး ချမ်းသာများ ရသည်။ (ဘိ၊ ၁၊ ၄၁ စသည်) မလှူမီ လှူဆဲ လှူပြီး ကာလ ၃-ပါးတို့၌ ဇော ၇-ကြိမ်ပေါင်း များစွာ ဖြစ်ရာ—

**ပထမဇောသည်** ဒိဋ္ဌဓမ္မ ဝေဒနီယကံမည်၍ ယခု ဘဝမှာပင် အကျိုးပေးသည်။ ရင့်သောကံသည် ၇-ရက်အတွင်း ကောင်းကျိုး ထင်ရှား၍ နုလျှင် အရွယ် ၃-ပါး တပါးပါး၌ အကျိုးပေးသည်။ ယခုကာလအကျိုးရသူများ ရှိကြ၏။ ကေန်ကေ မသိနိုင်ကြပေ။

**အလယ်ဇော ၅-ချက်သည်** အပရာပရိယကံမည်၍ တတိယ ဘဝမှစပြီး နိဗ္ဗာန်တိုင်အောင် အကျိုးပေးသည်။

**အဆုံးဇောကား** ဥပပဇ္ဇဝေဒနိယကံမည်၍ သေပြီး နောက်ဘဝ၌ အကျိုးပေးသည်။ ယင်းဇော ၇-ကြိမ်တို့ ဆိုင်ရာ ဘဝမှာ အကျိုးမပေးဖြစ်လျှင် အဟောသိကံသာတည်း။ အကုသိုလ်ဇော ၇-ကြိမ် အကျိုးပေးပုံလည်း အတူပင်။

**မိဖုရားနှင့် ရေပေါ်သူ** သီဟိုဠ်ကျွန်း ရောဟနတိုင်း ဒီဂုမရွာ ခမ္မာအမျိုးသမီးသည် ဝါဆိုသင်္ကန်း အလှူကြောင့် ယခုဘဝပင် မိဖုရားဖြစ်ရ၍၊ ခရီးသွားရဟန်းအား ရေလှူသော ဒက္ခိဏာရာမတိုင်း အမျိုးသမီးသည် ရေရှားသော တောဝယ် သောက်ချိုးမကုန်အောင် ရေရသည်။ (ဓမ္မပဒ၊ဋ္ဌ)

**မွှေးကြိုင်နံ့သာ လာဘ်များစွာရ** ကဿပဘုရားစေတီတော်ကိုရွှေအုတ် ဂ-ချပ် ငွေကြာ ပွင့် တို့ဖြင့် ပူဇော်သော ဘဒ္ဒါထေရီမအလောင်း ဗာရာဏသီ သူဌေးသမီးသည် မျက်မှောက်ဘဝ၌ပင် စန္ဒကူးနံ့သာလို လွန်စွာ မွှေးကြိုင်သည်။ (ထေရီ၊ ဋ္ဌ) သီဟိုဠ်ကျွန်း ထူပါရုံအနီး အသိဂါဟ ပရိဝုဏ်နေ စူဠနာဂမထေရ်သည် ဆွမ်းခံခရီး၌ သားဖွားပြီး ခွေးမတကောင်အား ကျွေးစရာမရှိသဖြင့် စားပြီးအစာအန်၍ကျွေး၊ ရေစစ်ဖြင့် ရေယူတိုက်သည့် ကုသိုလ်ကြောင့် ယခုဘဝချက်ချင်း လူနတ်များစွာ ချစ်၍ လာဘ်ပေါ်သည်။ (သီဟဠဝတ္ထု)

**ဘုရားရှင်နှင့် သီဟမိုလ်ချုပ်ကြီး** ဘုရားရှင်ဝေသာလီ၌ သီတင်းသုံးစဉ် သီဟမိုလ်ချုပ်ကြီးအား ဒါနရှင်ကို လူများချစ်ခင်၊သူတော်ကောင်းများ ပေါင်းဖော်မှီဝဲ၊ ဒါနရှင်ဟု ကျော်စောထင်ရှား၊ အခြံအရံများ၍ မင်း-ပုဏ္ဏား- သူကြွယ်- ရဟန်း ပရိသတ် ၄-ပါး အလယ် တင့်တယ်ရှင်ပျ မျက်နှာပန်းလှသည်ဟု လက်ငင်းကျိုး ၄-ပါး ဟောကြားတော်မူသည်။ (အံ၊ပါ၊ပဉ္စက)

## ရေစက်ချရေး မချရေးဝယ် သိမှတ်ဖွယ်

**ရေစက်ချလှူသူများ** ဘုရားလောင်း ဝေဿန္တရာ၊ မနုဿယကောရဗျမင်းတို့ ရွှေကရားဖြင့် ရေစက်ချလှူသည်။ ဗိမ္ဗိသာရမင်းကြီးသည် ဝေဠုဝန် ကျောင်းတော်ကိုရင်း၊ အနာထပိဏ်သူဌေး ဇေတဝန်ကျောင်းတော်တို့ရင်း ရေစက်ချလှူကြ၏။

**ရေစက်မချသူများ** နေမိမင်း၊ သိဝရာဇ်မင်းကြီးတို့ အလှူကြီးများ၌ငင်း၊ ကောသလမင်းကြီး၏ အသဒိသအလှူကြီးနှင့် ဝိသာခါ၏ ပုဗ္ဗာရုံကျောင်းအလှူများ၌ငင်း၊ ရေစက်ချ လှူသည်ဟု မတွေ့ရပေ။ ထို့ကြောင့် ဒါနအင်္ဂါစုံလျှင် ရေစက်ချ မချ ပမာဏမဟုတ်၊ ဒါနမြောက်၍ စေတနာအလျောက် အကျိုးရသည်သာတည်း။

**အလှူခံ၏ လက်ျာလက်၌သာ ရေစက်ချထုံး** ဗိမ္ဗိသာရမင်း၊ အနာထပိဏ် သူဌေးတို့ ကျောင်းလှူရာဝယ် ဘုရားရှင်၏လက်ျာလက်တော်၌ ရွှေကရားဖြင့် ရေသွန်းလောင်းသည်။ (အပဒါန်၊ ဌ စသည်) ယခုကာလ အလှူရှင်၏ လက်ျာလက်၌ ရေစက် သွန်းချကြသည်ကား လက်ထက်တော်ထုံးနှင့် မညီပေ။ ဒက္ခိဏောဒကအရလည်း အလှူခံ၏ လက်ျာလက်၌ ရေသွန်းချသည်ဟု မှတ်အပ်၏။ သို့သော် လှူဒါန်းဆုတောင်းအမျှဝေ သက်သေတည်ထားပုံကိုသာ ပမာဏထား၍ ဆိုသော စကားဖြစ်ခြင်းကြောင့် မည်သူ့ လက်တွင်ချချ ဒါနမြောက်ပြီဟု အမှတ်ထား၍ ယခုပုံစံအတိုင်း ဆက်လက်ပြုလာကြသည်ဟု ယူဆဖွယ်ရာရှိသည်။ အစီအစဉ်ကျအောင် ပညာရှင်များ တီထွင်ထားသော ရေစက်ချများ ကျေးဇူးများလှသည်။

## ရေစက်ချ စာတန်း အကျဉ်းချုပ်

**ရည်ရွယ်ချက်နှင့် လှူဒါန်းခြင်း** အရှင်ဘုရား၊ တပည့်တော်တို့သည် ဆင်းရဲခြင်းကင်းရာ နိဗ္ဗာန်မြတ်ချမ်းသာကို လျင်စွာ ထုတ်ချောက်ရောက်ရပါစေခြင်း အကျိုးငှာ သဒ္ဒါလောက်လုံ သရဏဂုံသီလယူပြီးကြ၍ဤသက်နီးကို အရှင်ဘုရားအား စေတနာပြဌာန်း လှူဒါန်းပါကုန်၏။ အရှင်ဘုရားတို့သည် အလိုရှိတိုင်း မဆိုင်းမတွ သုံးဆောင်တော်မူကြပါကုန်ဘုရား။

**ဆုတောင်းခြင်း** ဤသို့ပြုရ မြတ်ပုညကြောင့် ဆင်းရဲကင်းရာ နိဗ္ဗာန်မြတ်ချမ်းသာကို မကြာမှုချ ရကြပါစေ။ ဘဝါဘဝေ ကျင်လည်ပေလည်း ပြုလေခဲ့ရာ ကံသာကိုယ်ပိုင် ယူဆနိုင်၍ ဘေးရန်များစွာ ကင်းစင်ကွာလျက် သဒ္ဓါသီလ များသုတနှင့် စာဂလောက်လုံ ဟိရီဂုဏ်မြတ် ဩတ္တပ္ပ ပညာ ၇-ဖြာတို့ ကိုယ်မှာအပိုင် ရနိုင်ကြပါစေ။ လှိုင်းလေသဏ္ဌာန် လောကဓံ ၈-ပါး ကြုံရငြားလည်း စိတ်ထားသက်သာ ရပါစေ။

**အမျှဝေခြင်း** ဤသို့ပြုရ၊ ကုသလ၏၊ ဘာဂအဖို့၊ အမျှတို့ကို၊ ထိုထိုဘဝ၊ ပြောင်းသွားကြသော၊မိဘဆွေမျိုး၊ဘိုးဘွားညာတကာ၊ ကိုယ်မှာစောင့်ကြပ်၊ ကိုယ်စောင့်နတ်နှင့်၊ အိမ်နတ်ရွာစောင့်၊ မြို့စောင့်မလတ်၊ တောနတ် တောင်နတ်၊ သစ်ပင်နတ်မှ၊ ထက်နတ် မကြွင်း၊ သိကြားမင်းက၊ အရင်းစ၍၊ (ယမမင်းနှင့်တကွ) ရှိသမျှလုံးစုံ၊ သိမ်းပိုက်ခြုံသည်၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ၊ ဝေနေယျတို့အား၊ ရကြပါစေ၊ ပေးဝေငှသည်။ ။နှစ်ထွေကိုယ်စိတ် ချမ်းသာကြပါစေသောဝ်။

**သက်သေတည်ခြင်း** ဝသုန္ဒြေ ၊မြေမှာစောင့်ကြပ်၊ မြေစောင့်နတ်လည်း၊ ကြားအပ်မြင်စေ၊ သက်သေအရာ၊ကဲ့ပမာသို့၊မှန်စွာ မသွေ တည်ပါစေသတည်း။

## ရေစက်ချဝယ် သိမှတ်ဖွယ်ရာ အဖြာဖြာ

**ရည်ရွယ်ချက်ဆိုရပုံ** အလှူရှင်များသည် အလှူခံပုဂ္ဂိုလ်ကို လေးမြတ်ကြည်ညိုစွာ "အရှင်ဘုရား" ဟု ခေါ်ဝေါ် လျှောက်ထားပြီး သစ်ပင်ခုတ်သူသည် လဲလိုရာဘက်သို့ တွန်းထိုးဆွဲငင်ခုတ်သလို ကုသိုလ်ရှင်များလည်း အလိုရှိရာကိုညွတ်လျက် "နိဗ္ဗာန်ကိုရရောက်ဘို့ရာ" ဟု ရည်ရွယ်ချက်ကို ဆိုရသည်။

**သဒ္ဒါလောက်လုံ သရဏဂုံသီလ** ရတနာ ၃-ပါးနှင့် ကံ ကံ၏အကျိုးကို ယုံကြည် ကြည်ညိုမှုကား သဒ္ဓါမည်၏။ ကြောက်၍၊မသိ၍၊ လှူရခြင်းစသည် မဟုတ်ကြောင်း"သဒ္ဒါလောက်လုံ" ဖြင့်ပြသည်။ အလှူခံသာမက အလှူရှင်များလည်း သီလ ပြည့်စုံမှသာ အလှူကျိုးကြီးမားသဖြင့် အချို့မလှူခင် ရက်ပိုင်းလပိုင်း ကြိုတင်၍ ၈-ပါး ၁၀-ပါးသီလများစောင့်ကြသည်။ ယခုအခါမှာ လှူဆဲမှဋ္ဌစေတနာမကျခင် ပညာရှင်များ အစီအစဉ်အရ သာသနာတွင်း ဖြစ်သည့်အားလျော်စွာ သရဏဂုံနှင့်သီလများ ကြိုတင် တည်ဆောက်ကြရသည်။

သမိဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ စိတ္တဝိသုဒ္ဓတ္တာ သီလရှိသူအား စိတ်စင်ကြယ်သောကြောင့် ဆုတောင်းတိုင်းရနိုင်သည်။ (အံ၊၁၊ပါ)စကားနှင့်လည်း ညီတော့သည်။

**အလိုရှိတိုင်း မဆိုင်းမတွ** လှူဒါန်းပါကုန်၏ စကားတွင် အလှူရှင်၌ မုဥ္စစေတနာ ဒါန ပြောက်ပြီးနောက် ဝတ်ရုံဖိုးလှူသော သင်္ကန်းကို စာအုပ်မပြည့်စုံ၍ လဲလှယ်သော် မတရား သုံးစွဲပြစ် ရဟန်းတော်များ၌ ဖြစ်ရသည်။ ထိုသို့ မဖြစ်ရအောင် လိမ္မာသော အလှူရှင်သည် "အလိုရှိသလိုပါဘုရား" ဟု ဆက်ဆိုရသည်။

**ဆုမတောင်းခြင်း၏ အပြစ်** ကုသိုလ်ပြုလျှင် တခုခုကိုတောင့်တပြုရာ၏။ မပြုလျှင်လားရာဂတိမမြဲ(မ၊ ၃၊ ၄၁ စသည်) သောကြောင့် ဤ၌ ဆုတောင်းခန်း ထည့်ရ၏။ ကောင်းကင်မြောက်သော တုတ်သည် အရင်းအဖျား ကျသည့်ဖက် ပုံမသေသလိုတည်း။ ထို့ကြောင့် သဒ္ဓါ သီလ သုတ စာဂ ပညာ ဤ ၅-ပါးရှိသော်လည်း ဆုမတောင်းက ဂတိမမြဲ၊ ဆုတောင်းသော်လည်း သဒ္ဓါစသည် ၅-ပါးမရှိလျှင် ဂတိမမြဲ၊ ၂-ပါးစုံမှ ဂတိမြဲသည် (မ၊ သင်္ခါရုပ္ပတ္တိသုတ်၊ ၄၁) ဟု တိကျစွာ ညွှန်ပြတော်မူသည်။ သို့သော် အရှင်သာရိပုတ္တရာကဲ့သို့ ပညာကြီး၊ ရှင်မဟာမောဂ္ဂလာန်ကဲ့သို့ တန်ခိုးကြီးပါစေဟု ဆုတောင်းသင့်သော်လည်း ထိုထက်ပိုပါစေဟုရင်း၊ ဥမ္မာဒန္တီ အလောင်းကဲ့သို့ မြင်မြင်သမျှ ရူးကြပါစေဟုရင်း ဆုမတောင်းကောင်းပေ။ ကုသိုလ်ပြုပြီး နဂါး ဂဠုန် စည်းစိမ်ကို တောင့်တမှားသော သူကြွယ် ၂-ယောက်ကဲ့သို့ နောင် မပူပန်ရအောင် သတိထားသင့်ကြသည်။ (ဝိဓူရဇာတ်)

**ဆုမတောင်းသော်လည်း ဂတိမြဲသူ** သောတာပန်မှာ အပါယ် မကျ သုဂတိ ဘဝ မြဲရသလို သရဏဂုံ ၃-ပါး၊ ၅-ပါး သီလ၊ စာရေးတန် ဆွမ်း၊ လဆန်း လဆုတ် ပက္ခ ဆွမ်း၊ ဝါဆိုသင်္ကန်း ရေတွင်း ရေကန် ကျောင်း စရပ် အရိပ် အာဝါသ အလှူ စသည် မြဲသော ကုသိုလ်ရှင်များလည်း သောတာပန်နှင့် အလားတူသောကြောင့် သုဂတိမြဲကြ၏။ ထို့ကြောင့် ဘုရား ဝတ်တက် ပန်းကပ် ပရိတ်ရွတ်စသည်ဖြင့် အယုတ်ဆုံးသရဏဂုံ ၃-ပါး ပါဠိရွတ်ဆိုခြင်း၊ နမောတဿ ရွတ်ဆိုခြင်း စသော အမြဲကုသိုလ်တခုခု နေ့စဉ် ရရှိအောင် ပြုသင့်သည်။

**နိဗ္ဗာန်ရကြပါစေ** နိဗ္ဗာန်ကို ဦးစွာ တောင့်တခြင်းသည် ဝိဝဋ္ဋနိဿိတ ဒါနဖြစ်၍ သံသရာ၌ မကြာခြင်း အကျိုးရှိ၏။ ဘုရားပစ္စေကဗုဒ္ဓါ သာဝကဟု နိဗ္ဗာန်ယူခြင်း ၃-မျိုးရှိရာ ဘုရားဆုတောင်း

လျှင် ပါရမီ ၁၀-ပါးကိုလည်း မနားတမ်း အားထုတ်မှုရပေမည်။ ဆု တောင်းရုံပြုမှု "သည်လူပေထုံ ဖွားဖုံဖုံ ဘုရားပုံ လားလားမျှ မရ" ဆို သလို ဘုရားဖြစ်ရေး ဝေးလှသည်။

ပစ္စေကဗုဒ္ဓါအဖြစ် နိဗ္ဗာန်ယူလိုမှု ပါရမီ ၁၀-ပါး စုံမှမဟုတ်၊ ဒါန အနည်းငယ်ဖြင့်လည်း ရနိုင်သည်။ အရှင်သာရိပုတ္တရာ စသည် အဖြစ်ဖြင့် နိဗ္ဗာန်ယူလိုလျှင်လည်း ကျင့်ထုံးပုံစံ အပဒါန်တို့ကို နာခံမှတ်သား၍ မမှား အောင် လိုက်သင့်၏။ ဤရေစက်ချကား အများ ဆက်ဆံအောင် နိဗ္ဗာန် ဆုတောင်းပုံကိုသာ ပြထားသည်။

**ပြုလေခဲ့ရာ ကံသာကိုယ်ပိုင်** ဖြစ်ရာဘဝတို့၌ ဆုံးမ သွန်သင်သူ မရှိဘဲ ကောင်းကျိုး ဆိုးပြစ်များကို မှန်းဆသိမြင် နိုင်အောင် ကမ္မဿကတာဉာဏ် ရရှိရေး တောင့်တသည်။ ဝေလာမပုဏ္ဏား ဝိသယှသူဌေး အသယှသူဌေးကတော် စသော ဗောဓိလောင်းလျာတို့ သည် သာသနာပ ဆုံးမသူမရှိသော်လည်း အလိုလို ကမ္မဿကတာဉာဏ် ရကြ၍ ဒါနစသည်ကို အားထုတ်နိုင်ကြသည်။

အပါယ် ၄-ပါး၊ ကပ် ၃-ပါး၊ ရပ်ပြစ် ဂ-ပါး စသော ဘေးရန် ကင်းဘို့လည်း အထူးတောင့်တအပ်သောကြောင့် "ဘေးရန်များစွာ ကင်း စင်ကွာလျက်" ဟု ဆိုသည်။

**၇-ဖြာတို့ ကိုယ်မှာအပိုင်** ဘဝချမ်းသာ ရွှေငွေရတနာတို့ကား သဒ္ဓါ စသည် တို့ကြောင့်သာဖြစ်၍ သဒ္ဓါ စသော သူတော်ကောင်းဥစ္စာ ၇-ဖြာကိုသာ တောင်းသည်။ရွှေငွေသာရှိ၍ သဒ္ဓါ စသည် မရှိသူများ၏ အသက်ရှင်ခြင်းကား အချည်းနှီးဟု ဘုရားဟော တော်မူခြင်းကြောင့်တည်း။ သံသရာမှာနေရသမျှ အရှင် အနုရုဒ္ဓါတို့လို မရှိ မလှ မဝ နားမလည်၊ ပေးပါ ကမ်းပါ မျှတပါ နားမလည်သူ အဖြစ်မျိုး၊ အရှင်ဗာကုလတို့လို ရောဂါကင်းသူအဖြစ်မျိုးကား တောင်း အပ်သည်သာ။

**လောကဓံ ဂ-ပါး တွေ့ကြုံငြားလည်း** သတ္တဝါတိုင်း တွေ့တတ်ကြရ သော လာဘ်ရ မရ၊ ခြံရံ ကျော်စောမှု ရှိ မရှိ၊ ကဲ့ရဲ့ချီးမွမ်း ချမ်းသာဆင်းရဲ ဤလောကဓံ ဂ-ပါး ကြောင့် ဘုရား ရဟန္တာ အနာဂါမ်မှတပါး ကြွင်း ပုထုဇဉ် အရိယာ များမှာ တုန်လှုပ်တတ်ကြရာ တုန်လှုပ်တိုင်းပင် ဒေါမနဿစသော အကု

သိုလ်များ တိုးပွားနေကြရသည်။ ထိုသို့မဖြစ်မူ၍ သိမ်းဆည်းနိုင်မှု ရကောင်း၏ဟု နှလုံးထား၍ တောင့်တသည်။

**သုတသောမမင်း နှင့် ပေါရိသာဒ** သုတသောမမင်းကို ပေါရိသာဒ ဖမ်းသွားရာ ဆံပင်တို့မှ ကျသော ရေစက်ကိုမြင်၍ "မင်းကြီး၊ သတိ ပညာ သုတများသူတို့သည် မစိုးရိမ် မငိုကြွေးကြကုန်။ သို့မှသာ လူများကိုးကွယ်ရာဖြစ်၏။ သင်သည် သင့် ကိုယ်နှင့် ဆွေမျိုးသားမယား စသည်များတွင် ဘာကို စိုးရိမ်သနည်း" ဟု ပေါရိသာဒက မေးရာ "သင်ပြောတာ အားလုံးကို ဘာမျှမစိုးရိမ်၊ သစ္စာသဘော ရှေ့လျော့မည်ကိုသာ ငါစိုးရိမ်သည်"ဟု သုတသောမ မင်း ဖြေသည်။ (အသီတိနိပါတ် သုတသောမဇာတ်)

**ဗာရာဏသီမင်း ၃-ပါး** ဗာရာဏသီ သီလဝမင်းသည် အမတ် ၁၀၀၀ နှင့်တကွ ခိုးသူမင်းဖမ်း၍ သုသာန်၌ လည် ပင်းတိုင်အောင် မြှုပ်ထားသော်လည်း မစိုးရိမ်။(သီလဝဇာတ်) ဗာရာ ဏသီ ကေရာဇမင်းသည် ကောသလမင်းက ဖမ်းပြီး ဆိုင်းတွင် ထည့်ကာ တံခါးခုံအောက် စောက်ထိုး ဆွဲထားသော်လည်း မစိုးရိမ်။ (ကေရာဇ ဇာတ်)ဗာရာဏသီ ဃဋမင်းသည် သာဝတ္ထိပြည့်ရှင် မင်းက ဖမ်း၍ သံခြေ ကျင်းခတ်ထားသော်သည်း မစိုးရိမ်။(ဃဋဇာတ်)

**ရာမ လက္ခဏနှင့် သီတာဒေဝီ** ဘုရားလောင်း ရာမ မင်းသားသည် ခမည်းတော် ဒသရဋ္ဌမင်းကြီး နတ်ရွာစံကြောင်း ကြားသော်လည်း မစိုးရိမ်။ ညီတော်လက္ခဏ နှမတော် သီတာ ဒေဝီတို့ကား ၃-ကြိမ်ပင် မူးမေ့ကြကုန်၏။ ပရိသတ်အားလုံးလည်း ပြင်းစွာ ငိုကြွေးကြသည်။ "ငိုသူတို့တွင် မည်သူ တယောက်မျှ အသက်ကို မစောင့်နိုင်ကြပါ" ထိုကိုသိသူသည် ဘာ့ကြောင့် ပူဆွေးရမည်နည်း။ ကြီး ငယ် ရှယ် လတ် ပညာတတ် မိုက်ခဲ ဆင်းရဲချမ်းသာ သတ္တဝါ ဟူ သမျှ သေရမှာချည်းပင်" ဟု တရားပင် ဟောနိုင်သေးသည်။

**ပါရမီရှင် ၅-ဦးနှင့် ပဋ္ဌာဝုဓ** ဘုရားလောင်း လယ်ထွန်ယောကျ်ားသည် သား ချစ် မြွေခဲ၍သေသော်လည်း မယားသမီး ချွေးမ ကျွန်မတို့နှင့်အတူ မစိုးရိမ်။(ဥရဂဇာတ်) ပဋ္ဌာ ဝုဓမင်းသားသည် အလွန် ကြောက်ဖွယ်ရာ ကပ်စေးနှဲ ဘီလူးနှင့် တွေ့ သော်လည်း မစိုးရိမ်။ (ကေနိပါတ် ပဋ္ဌာဝုဓဇာတ်)

**ခန္တိဝါဒီထုံး စိတ်ကျင့်သုံး နှလုံးယူဖွယ်ရာ** ဘုရားလောင်း ခန္တိဝါဒီ ရသေ့သည် ကလာဗုမင်းကကြိမ်ချက်တထောင် ရိုက်လျက် လက်ခြေ နား နှာကိုဖြတ်၊ဆံကျစ်ဆွဲ၊ရင်ကို ခြေဖြင့်ခတ်၊ အသက်သေသည့်တိုင် မစိုးရိမ်မပူဆွေးသည်များကို ထောက်ထား၍ စည်းစိမ်ချမ်းသာ ဥစ္စာခမ်းနား သားမယားတို့နှင့် သီးခြားဖြစ်ခြင်း၊ နာနာဘာဝ သေကွဲကွဲခြင်း၊ ဝိနာဘာဝ ခန္ဓာကိုယ် ဖရိုဖရဲဖြစ်ခြင်း၊ အညထာဘာဝ စသည်များဝယ် သောကပရိဒေဝ စသည်မဖြစ်ရအောင်၊ လောကဓံ လှိုင်း လေဒဏ် ခံနိုင်ရည်ရှိအောင် ကုသိုလ်ပြု၍ သတိပညာအားကြီးသော ဤဆုမျိုးကို အမှန်ပင် တောင်းသင့်သည်။

**အမျှဝေခြင်း** ဆီမီးတခွက် ထွန်းပြီး၍ ဆီမီးခွက်အများ ဆင့်ပွား ထွန်းညှိပြန်သော် မူလမီး၌ အလင်းရောင်မကုန်မလျော့သည်သာမက မီးရောင်များပေါင်း၍ အလင်းရောင် ကြီးမားလာသလို ကုသိုလ်ပြုပြီး ရရှိအပ်သော အဖို့ဘာဂကောင်းကျိုးအဝဝကို ပေးဝေသူအား မရော့သည်သာမက လွန်စွာ တိုးပွား အကျိုး များလှသည်။ (ဘုံ၊ ၁၊ ၄) ထို့ကြောင့် ကုသိုလ်ရှင်များသည် မိမိအတွက် ပတ္တိဒါန ကုသိုလ်တိုးပွား သတ္တဝါများအပေါ် မေတ္တာစေတနာ ဖြန့်ရာရောက်၊ သတ္တဝါများလည်း ပတ္တာနုမောဒန ကုသိုလ်ဖြစ်ရအောင် ကုသိုလ်ပြုပြီးတိုင်း၊ သို့မဟုတ် ပြုပြီးသမျှ ကုသိုလ်များကို ရည်၍ နေ့စဉ်နေ့တိုင်း အမျှဝေကြရာသည်။

**ရည်ညွှန်း မညွှန်း ဝေပုံ ၂-မျိုး** ရည်ညွှန်း၍ ဝေအပ်သူတို့အား အမျှဝေခြင်းသည် သားသမီးကျင့်ဝတ်ပြည့်စေသည်။ (ဒီ၊ ၃၊ သိင်္ဂါလောဝါဒ) ထို့ကြောင့် ရှင်ဆဲ မိဘများအား တွေ့သောအခါ သေသော မိဘများအား ရေစက်ချ မချ အမှတ်ရတိုင်း အမျှဝေရမည်။ ကျေးဇူးရှင် ဆရာများအားလည်း နည်းတူပင်တည်း။ အထူးမှာ ကုသိုလ်ပြုတိုင်းဝမ်းသာကြစေဘို့ မိဘဆရာသမားများကို အနီး၌ရှိနေအောင် ဖိတ်ထား ပင့်ထားခြင်းကား အကောင်းဆုံး ဖြစ်သည်။

**ဆွမ်းခံ၍ မိခင် ပြိတ္တာ အမျှဝေ** အရှင် သာရိပုတ္တရာ၏ မိခင် ဖြစ်ဘူးသော ပြိတ္တာမသည် ညအခါ ယုတ်မာသောအသွင်ဖြင့် အရှင်မြတ်အား ကိုယ်ထင်ပြသောကြောင့် အရှင်မြတ်သည် ဆွမ်းခံဝတ်ပြု၍ သံဃာများအားလှူပြီး အမျှဝေရာ မိခင်ပြိတ္တာမ

ကျွတ်သွားသည်။ ငွေ ၅၀၀ဝ-ကိုစွဲ၍ ပြိတ္တာ ဖြစ်သွားသော ဖခင်ကို သမီးသည် ဘုရားရှင်အား သရက်သီးအဖျော်လှူ၍ အမျှဝေရာ ကျွတ် ပြီး သရက်တောစောင့်နတ် ဖြစ်ရသည်။ (ပေတဝတ္ထု စသည်)

**ပြိတ္တာများ မြို့ထဲဝင်လာကြပြီ** လူများ ကုသိုလ်ပြုလျှင် ဆွေမျိုးပြိတ္တာများသည်မိမိနေဘူးသောအိမ်စပ် ခြံစပ် ခရီးဆုံတို့၌၎င်း၊ တံခါးဘောင် တခါးတိုင်တို့၌၎င်း ရပ်၍ အမျှဝေမှုကို ငံ့မျှော်နေကြသည်။ ယင်းပြိတ္တာ၏ မကောင်းမှု အားကြီးလျှင် လှူသူများ မေ့လျော့အမျှမဝေမိကြကုန်၏။ ထို့ကြောင့် ၉၂-ကမ္ဘာဖုဿဘုရား လက်ထက်က ပြိတ္တာ ၈၄၀၀၀-တို့သည် ဘုရား ၃-ဆူမိန့်ကြားတော်မူချက် အရ ဆွေမျိုး ဗိမ္ဗိသာရမင်းကြီး၏အလှူကို အမျှယူရန် စောင့်နေကြ သော်လည်း မင်းကြီး အမျှမဝေမိ၍ ညအခါ မင်းကြီးအား ပြိတ္တာများက ခြောက်လှန့်ကြရာ ဘုရားလျှောက်ထား၊ အကြောင်းစုံသိ၊ နောက်နေ့ ကုသိုလ်ပြု၊ အမျှဝေမှ ပြိတ္တာအားလုံး ကျွတ်ပြီး ရေကန်၊ ဘောဇဉ်၊ နတ် ဝတ်တန်ဆာ၊ နတ်ယာဉ်ပျံများကို ရကြသည်။ (တိရောကုဋ္ဋသုတ်)

**အမျှဝေငြား နတ်များ ချစ်ခင်** မြို့ရွာ၊ အိမ်ယာ၊ အဆောက်အဦသစ် တည်ထောင် ဆောက်လုပ်သူတို့သည် သံဃာအား ဆွမ်းစသည်လှူပြီး ထိုအရပ်၌နေသော နတ်တို့အား အမျှဝေ ပူဇော်ကုန်ရာသည်။ နတ်တို့သည် အမျှဝေသူတို့အား မိခင်သည် သား အား ချစ်သလို သနား ချစ်ခင် ကြင်နာ စောင့်ရှောက်ကြကုန်သဖြင့် ကောင်းကျိုး ချမ်းသာများကိုသာ အမြဲမြင်ကြရသည်ဟု သုနိဓပုဏ္ဏားကို ဘုရား ဟောတော်မူသည်။ (ဒီ၊၂၊ပါ၊ဝိ၊၃-ပါ)

**ညီငယ်ဖောက်ပြန် အကောက်ကြံလည်း** ဗာရာဏသီ သူကြွယ်ညီနောင် ၂-ဦး ငွေ ၁၀၀ဝိ ကြွေးတောင်ပြီး ပြန်လာရာ အစ်ကိုသည် လမ်း ခရီး မြစ်နားထမင်းစား အပြီးတွင် ထမင်းကျန် ကို ငါးများကျွေး၊ မြစ်စောင့် နတ်များကို ယင်းကုသိုလ် အမျှဝေသော ကြောင့် ညီငယ်အကောက်ကြံ၍ မြစ်၌ချပစ်မှားသော ငွေထုပ်ကို မြစ် စောင့်နတ်တို့ ဆောင်ပို့လာ၍ အစ်ကိုရသည်။ ကျောက်ထုပ်ကိုရေချ၊ ငွေ ထုပ်ကို ငါတဦးတည်းယူမည်ဟု ညီငယ်ရည်ရွယ်သော်လည်း ငွေထုပ်ကို ပင် မှားချမိသည်ကား ညီငယ်၏အဘိဇ္ဈာ မကောင်းကျိုးတည်း။ (တိက နိပါတ်)

**နတ်များ ကျေးဇူး ဘီလူး မဝင်နိုင်** မြို့ရွာကို နတ်များ မစောင့်ရှောက်လျှင် ဘီလူးများ ဝင်ခွင့်ရ၍ လူတို့၌ ရောဂါဘေးဆိုက်တတ်ကြရာ(ဒီ၊ ၂၊၄၃) ကိုယ် အိမ် မြို့ရွာစောင့်စသော နတ်များအားလုံးကိုပင် အမျှဝေရမည်။ မြင်းမိုရ်တောင်၏ အရှေ့အရပ်၌ ဓတရဋ္ဌ၊ တောင် ဝိရုဋ္ဌက၊ အနောက် ဝိရူပက္ခ၊ မြောက်အရပ်၌ ကုဝေရ။ ဤနတ်မင်းကြီး ၄-ဦးတို့သည် လောကကိုစောင့်ရှောက်ကြသဖြင့် လောကပါလ နတ်များမည်ရာ ၎င်းတို့အားလည်း အမျှဝေသင့်၏။ (ပေတဝတ္ထု၊ပါဠိ)

## ကျိုးပဲ့ပျက်သွားသော အရုပ် အနာထပိဏ် ဆွမ်းသွတ်ပုံ

**မိန်းကလေးများ အသွင်အမူ** အနာထပိဏ် သူဌေး၏ မြေးမ ငယ်သည် အထိန်းတော်ကြီးလုပ်ပေးသော မုန့်ညက်ရုပ်ကို သမီးအဖြစ်ထား မပြတ်ကစားသည်။ တချိန်တွင် လက်မှ လွတ်ကျ အရုပ်ကျိုးပဲ့ပျက်စီးသွားသဖြင့် "သူ့သမီး သေပါပြီ"ဆိုပြီး ဆွေ့ဆွေ့ ခုန် ငိုတော့သည်။ ထိုအချိန်တွင် အိမ်သို့ ဆွမ်းစားကြွလာသော ဘုရားအမှူးရှိသော သံဃာတော်အထံ၌ သူဌေးကြီးရှိရာ ငိုနေသော မြေးမငယ်ကို သူဌေးကြီးထံ ချီလာကြသည်။

**မုန့်ညက်ရုပ်အတွက် ဆွမ်း ၂-လကပ်** ငါ့မြေးမ မငိုနှင့်၊ သင့်သမီးအတွက် အဖိုးအလှူပေးမည်ဟု ဆို၍ "အရှင်ဘုရား၊ တကာတော်၏ မြေးဖြစ်သော သမီးငယ် ပျက်စီးသွားသော မုန့်ညက်ရုပ်ကို ရည်၍အလှူပေးလိုပါသည်။ နက်ဖြန် မြတ်စွာဘုရားနှင့်တကွ သံဃာ ၅၀၀-ဆွမ်းအလှူခံတော်မူပါ"ဟု လျှောက်ထားရာ ဆိတ်ဆိတ်နေလျက် ဝန်ခံတော်မူသည်။

"တစုံတခုသောဝတ္ထု ပျက်စီးခြင်းစသော လောကအမှုကို အာရုံပြု၍ သူတော်ကောင်းသည် အလှူလှူရာ၏။ ဆွေမျိုး ပြိတ္တာ နတ်များတို့ကိုလည်း ရည်မှန်းပေးလှူရာ၏"စသည်ဖြင့် နောက်နေ့ ဆွမ်းအနုမောဒနာကို ဘုရားရှင်ပြုတော်မူသည်။ အနာထပိဏ်သူဌေးကို အတုလိုက်၍ ဇနီးပုညလက္ခဏာဒေဝီစသူတို့ ဆက်လှူရာ ၂-လပင် ကြာသည်။

ဤမုန့်ညက်ရုပ်ဒါနကိုထောက်၍ ကလေးအမည်မှည့်မင်္ဂလာ၊ ခေါင်းရိတ်မင်္ဂလာ၊ ထမင်းခွံ့မင်္ဂလာ၊ ဥသျှောင်ထုံးမင်္ဂလာ၊ နားထွင်းမင်္ဂလာ၊

အိမ်တက်မင်္ဂလာ၊ ထိမ်းမြားမင်္ဂလာ၊ ရှင်ပြုပဉ္စင်းခံ မင်္ဂလာ စသည်တို့၌လည်း ပညာရှင်များ ဒါနပြု အမျှဝေသင့်သည်။

**ငရဲသို့ကျ ယမမင်းကျေးဇူး** ယမမင်းကား ကုသိုလ်အကုသိုလ်ရောသော ကံကြောင့် ပဋိသန္ဓေအားဖြင့် တာဝတိံသာ၌ ဖြစ်လျက် ပဝတ္တိအခါ၌ အကုသိုလ်ကြောင့် ငရဲသွား တရားစီရင်ရသော ဝေမာနိကပြိတ္တာ ဖြစ်ရသည်။ သူ့ထံရောက်လာသော ငရဲသားများကို ပြုပြီးကုသိုလ်များကို အမှတ်ရစေသော တရားမင်း ဖြစ်၏။ ငရဲကြီးတို့၏ ၄-မျက်နှာတွင် တယောက်စီ နေရကား ငရဲကြီး ၈-ထပ်၌ ယမမင်း ၃၂-ယောက် ရှိသည်။

သီဟိုဠ်ကျွန်း၌ အမတ်တဦး မဟာစေတီကို မုလေးပန်းဖြင့် ပူဇော်ပြီး ယမမင်းအား အမျှဝေသည်။ ထိုအမတ် တခုသော မကောင်းမှုကြောင့် ငရဲကျသော် ငရဲထိန်းများက ဆွဲခေါ် ယမမင်းထံ ပြကြသည်။ သင်ကုသိုလ်ပြုဘူးသလောဟု ယမမင်းက မေးရာ သတိမရပါဟု ဖြေရာတွင် သင်သည် မဟာစေတီကို မုလေးပန်းပူဇော်ပြီး ငါ့ကိုပင် အမျှဝေသေးသည်ဟု ယမမင်းက သတိပေးမှ အမှတ်ရ ငရဲမှလွတ်၍ နတ်ပြည် ရောက်သွားသည်။(မ၊ ၃၊ ဒေဝဒူတသုတ်၊ ဋ္ဌ)ထို့ကြောင့် ယမမင်းအား အထူးအမျှဝေရမည်။(ယင်းအမတ်ကဲ့သို့ မိမိတို့အားလုံး ယမမင်းအား ကြိုတင်လာဘ်ပေးမှ စိတ်အေးရပေမည်။)

**ပြိတ္တာများ အမျှရနိုင်ရေးအင်္ဂါ** ရည်မှတ်၍ ပေးလှူခြင်း၊အမျှဝေခြင်း၊ ပြိတ္တာ လာခိုက်ကြုံ၍ သာဓုခေါ်နိုင်ခြင်းဟု အင်္ဂါ ၃-ပါးရှိမှ အမျှရ၍ ကျွတ်နိုင်သည်။ (ဒသနိပါတ်၊ ဇာဏုသောဏိသုတ်) သို့သော်လည်း မိမိရအပ်သော ကုသိုလ်အဖို့ကို အားလုံးဆက်ဆံစေလိုခြင်းသည် ကောင်းသော မေတ္တာ စေတနာသာ ဖြစ်သောကြောင့် "ဘုံ ၃၃-ဖြစ်ဖြစ်သမျှ ဝေနေယျတို့အား" ဟု မကြွင်း မကျန်ဝေငှကြရာသည်။

**သက်သေထားခြင်း** မြေကြီးကို သက်သေထားခြင်း၊ မြေစောင့်နတ်ကို သက်သေထားခြင်းဟု ၂-မျိုး ရှိရာတွင် ဘုရားလောင်းသည် မာရ်နတ်လာ၍ နှောင့်ယှက်သော အခါ "ဗောဓိပင်နှင့်ပလ္လင်အတွက် ဘဝများစွာက ပြုခဲ့သမျှ ကုသိုလ်အသာထား ဝေဿန္တရာ

ဘဝ ၇-ရက် ၇-လီ အလှူကြီးပေးစဉ် သင်မြေကြီး အသိမဟုတ်လော''ဟု မြေကို သက်သေ တည်သောအခါ မြေကြီးသည် လင်းကွင်းကြီး တီးသလို၊ မောင်းကြီးတီးသလို မြည်ဟည်းလျက် အိုးထိန်းစက်ပမာ သွက်သွက်ခါမျှ လှုပ်သည်။ (အပဒါန်၊ ၄ စသည်) ဤအလို မြေကြီးကိုသာ သက်သေ ထူရမည်။ မြေစောင့်နတ်သားမရှိဟု အချို့ မိန့်ကြ၏။ (မုံရွေး ဆရာတော် သမန္တစက္ခု) သာရတ္ထ သင်္ဂဟ၊ ၄ စ သည် တို့၌ မြေစောင့်နတ်သားရှိ၍ မြေကို လှုပ်စေနိုင်သည်ဟု ဆိုခြင်းကြောင့် မြေစောင့်နတ်သားလည်း သက်သေ ဖြစ်သင့်သည်။ ထို့ကြောင့် ဝသုန္ဓြေ မြေစောင့်နတ်သားနှင့်တကွ မြေကြီး ၂-ဦးလုံးကိုရည်၍ ဝသုန္ဓြေ မဟီမြေ ယည်း စသည်ဖြင့် သက်သေထားသည်။

**သက်သေထားခြင်း ပိုနေသလော** မာရ်နတ်က သက်သေ တောင်း၍သာ ရေစက်ချသောအခါ မြေ၌ကျ၍ မြေကို အလောင်းတော် သက်သေ ပေးသည်။ မြေကြီးကို သက်သေထား၍ အလောင်းတော် ကုသိုလ်ပြုကြောင်း အထောက်အထား ကျမ်းဂန်များ မတွေ့ရသောကြောင့် အလုပ်ပိုလိုဖြစ်နေသော်လည်း ကြောင်းကျိုး မြော်မြင် ပညာရှင်များ တစုံတရာ အာနိသင် မရှိဘဲ မစီစဉ်ခဲ့ရာဟု နှလုံးသွင်း၍ အပြစ်လည်း မမြင်သဖြင့် အစဉ်မပျက် ဆောင်ရွက်လာကြ၏။

ဒါနသာမက သီလ ဘာဝနာပြုရာ၊ သံဃာအား လှူရာ၌သာမက လူဟိရဇ္ဇာန်စသည်တို့ကို လှူရာ အားလုံး၌ပင် ရည်ရွယ်ဆုတောင်း အမျှဝေ စသည်ဖြင့် စုံလင်သော ရေစက်ချ ပတ္တိဒါန ကုသိုလ်ကို ဆောင်ရွက် သင့်ကြသည်။

ပုဆိုးခိုး အကုသိုလ်၊ရဟန္တာအား ဆီထွေးလှူ ကုသိုလ် ၂-ပါးကြောင့် အဝတ်မဝတ်ရ၊ ဗိမာန်၌ ဖြစ်နေသော ပြိတ္တာမကို သမုဒ္ဒရာ၌ သင်္ဘောသား ၇၀၀-ထဲမှ သရဏဂုံ သီလရှိသူကို ရွေး၍ ထိုသီလရှိသူအား စားဖွယ်နှင့် ပုဆိုးလှူ၊ ပြိတ္တာမအား အမျှဝေ၊ ကျွတ်၍ အဝတ်အစားကို ရသည်။(ဝိမာနဝတ္ထု၊ ၄)

## သီလဆိုင်ရာသိဖွယ်

**သီလပါမှ ဒါနအကျိုးများ** ဘုရားလောင်းများ ဘုရားဖြစ်ကြောင်း တရားများကို ဆင်ခြင်ရာတွင် ဉာဏ်အမြင်အရ ဒါနကို ရှေးဦးစွာအားထုတ်ဖို့ သူ့ကိုယ်သူ ဆုံးမသည်။ သီလ

မစောင့်ဘဲ ဒါနကိုပြုရမည်ဟု ဆိုလိုရင်းမဟုတ်ပေ။ တကယ်လုပ်ရာတွင် သီလ၌တည်၍ ဒါနအားထုတ်မှသာလျှင် စင်ပြုသော အကျိုးရပေမည်။ ပါရမီ ၁၀-ပါး အစဉ်တွင်လည်း ကျင့်စဉ်ကိုပြသည်မဟုတ်၊ ဉာဏ်၌ထင်မြင်လာတိုင်းသာပြဆိုသည်။ ထို့ကြောင့်ပင် မလျှုခင် သီလပြည့်စုံဘို့ သရဏဂုံဆောက်တည်ကြရပုံကို ပညာရှင်များ အစဉ်ထားခဲ့ကြသည်။

**သီလမည်ပုံနှင့် လက္ခဏာစသည်** အပြစ်ရှိသော ကိုယ်နှုတ် အမူအရာများကိုတား၊ အပြစ်မရှိသောတရားများကို ဆောက်တည်ကာ ကောင်းစွာ ထားတတ်သောကြောင့်ရင်း၊ အထက် ကုသိုလ် ၄-ပါး တရားတို့၏တည်ရာဖြစ်၍ ဆောင်တတ်သောကြောင့်ရင်း သီလမည်သည်။ သီလသည် ကာယကံ ဝစီကံ ၂-ပါးကို အပြစ်မဖြစ်အောင် ထားပေး၍ အထက် ကာမ ရူပ အရူပ လောကုတ္တရာ ကုသိုလ် ၄-ပါး တရားများကို ရအောင် ဆောင်ပေးတတ်သောသဘော ရှိသည်ဟူလို။ ထို့ကြောင့် သီလသည်—

၁။ ကံ ၂-ပါးကို ကောင်းစွာ ထားပေခြင်း၊ ကုသိုလ် အားလုံးတို့၏ အကြောင်းရင်း **လက္ခဏာ**ရှိ၍—

၂။ ကိုယ်နှုတ် မစောင့်စည်းခြင်းဟူသော သီလကင်းမှု၏ အဖြစ်ကို ဖျက်ဆီးခြင်း လုပ်ငန်းကိစ္စ၊ အပြစ် ကင်းသော ဂုဏ်နှင့် ပြည့်စုံခြင်း **သမ္ပတ္တိ ရသ**ရှိသည်။

၃။ သီလဟူသည် ကာယကံ ဝစီကံ စင်ကြယ်ခြင်းပင်ဟု သူတော်ကောင်းများ ဉာဏ်၌ထင်သောအခြင်းအရာ **ပစ္စုပဋ္ဌာန်ရှိ၍**—

၄။ ဟိရိ ဩတ္တပ္ပ ၂-ပါးလျှင် သီလလုံဘို့ အနီးဆုံး အကြောင်း **ပဒဋ္ဌာန်** ရှိပေသည်။

(၅-ပါး ၈၊၉၊၁၀)ပါး သီလအဖွင့်များ၌ မှတ်ဖွယ်များစွာ ပြပြီးဖြစ်၍ ဤ၌ ကြွင်းသမျှ သင့်ရုံသာ ပြပေမည်။)

### ဟီန မဇ္ဈိမ ပဏီတ သီလ ၃-ပါး

ယုတ်နိမ့်သော အလိုဆန္ဒ လုံ့လ ဝီရိယ စိတ်စေတနာထား၍ အသိပညာများဖြင့် စောင့်သုံးလျှင် **ဟီန**၊ အလတ်သောအလိုဆန္ဒ စသည်များဖြင့် စောင့်သုံးက **မဇ္ဈိမ**၊ မြတ်သောအလိုဆန္ဒ စသည်များဖြင့် ဆောက်တည်လျှင် **ပဏီတ**သီလမည်သည်။

**တနည်း** ကိလေသာ တဏှာ မာန ဒိဋ္ဌိတို့ပါဝင် နှောင့်ယှက်သော သီလသည် ဟီန၊မပါဝင် မနှောင့်ယှက်လျှင် မဇ္ဈိမ၊ ကြောင်းကျိုး မြော်မြင် ပညာဖြင့် ဆောက်တည်လျှင် ပဏီတ။

**တနည်း** ဉာဏ်မယှဉ်သောစိတ်ဖြင့် ဆောက်တည်လျှင် ဟီန၊ ဉာဏ်ယှဉ်သော်လည်း တွန့်တို ဆုတ်နစ်လျှင် မဇ္ဈိမ၊ ဉာဏ်လည်း ယှဉ် ထက်မြက်သောစိတ်လည်း ပါဝင်လျှင် ပဏီတသီလ အသီးသီး မည်ကြသည်။

**အကျိုး ၃-ပါး တခြားစီသာ** ဟီန သီလကြောင့် ပဒေသရာဇ် ကေ-ရာဇ် စကြာမင်း ဖြစ်တတ်၍ မဇ္ဈိမ သီလကြောင့် နတ်ဖြစ်ရသည်။ ပဏီတသီလကြောင့်ကား မဂ်ဖိုလ် နိဗ္ဗာန်ပင်တည်း။ (ဇာတ်၊ ၌)ထို့ကြောင့် တနေ့တရက် စင်ကြယ်စွာ ဥပုသ်စောင့်ထိန်းရလျှင် ၉၂၁-ကုဋေ အနှစ် ၆-သန်းအသက်ရှည်သော ပရနိမ္မိတဝသဝတ္တီ နတ်ပြည်၌ပင် ဖြစ်ကောင်းသောကြောင့် လူ့ပြည် တိုင်းကြီး ၁၆-တိုင်းကို အစိုးရသော စည်းစိမ်ထက် ၁၆-ဆ၊ တနည်း ၂၅၆-ဆ မက အကျိုးရသည်။

သမန်းမြက်ဖြင့် သမုဒ္ဒရာရေကို တို့ယူလျှင် သမန်းမြက်၌ပါသော ရေနှင့် လူ့စည်းစိမ်၊ ကြွင်းသောရေနှင့် နတ်စည်းစိမ်တူကြရာ အတတ်နိုင်ဆုံး ကြိုးစား၍ သီလစောင့်သုံးကြရာသည်။ ယခုလက်ရှိ အခြေအနေကို ခန့်မှန်းရလျှင် "ဒါနပြုလျက် သီလခက် အသက်တို့မြဲ စိတ်ဆင်းရဲ မလွဲပုံသေ တည်း"ဟု ဆိုဖွယ်ရှိပေသည်။

**သီတင်းကြီးယယ် ခေါ်ကြပုံ** လဆန်း ၈-ရက် လဆုတ် ၈-ရက် ဥပုသ်တို့၌ မဟာရာဇ် နတ်မင်းများ၏ အမတ်များ၊ လဆန်း ၁၄-ရက် လဆုတ် ၁၄- ဥပုသ်တို့၌ မဟာရာဇ်နတ်မင်းများ၏သားများ၊လဆန်း ၁၅-ရက် လဆုတ် ၁၅-ရက် ဥပုသ်များ၌ မဟာရာဇ်နတ်မင်းများကိုယ်တိုင် လူ့ပြည်ဆင်း၍ ကုသိုလ်ရှင်အပေါင်းကို ရှေ့ပုရပိုက်ဖြင့် စာရင်းယူကြသည်။ (ဒီ၊ ၂၊၌-စသည်)

ထိုကိုစွဲ၍ ၈-ရက် သီတင်းယယ်၊ ၁၄-ရက် သီတင်းလတ်၊ ၁၅-ရက် ဥပုသ်ကို သီတင်းကြီးဟု ခေါ်ကြသည်။ ဥပုသ်စောင့်သူကား ဘယ်နေ့မဆို စေတနာဖြူလျှင် သီလကျိုးတူသည်သာ။

## သီလအကျိုး အားကိုးဖွယ်ရာ ဖော်ပြပါအံ့

**အကျိုး ၁၃-ပါး** သီလသည်သတ္တဝါများ၏ တည်ရာမှီရာဖြစ်၍ ကိလေသာကြေးဆေးပေးသော ရေနှင့်တူသည်။ ကိလေသာ အပူကို အေးစေနိုင်သော စန္ဒကူးသဖွယ်ဖြစ်၍ လေအောက်လေညာ ၁၀-မျက်နှာလုံး မွှေးနိုင်သော နံ့သာပမာလည်းဖြစ်သည်။ စောင့်ရှောက်ထိန်းသိမ်းသူကို တင့်တယ်စေတတ်သော ဘယက်တန်ဆာ ဒွါဒရာသာတည်း။

နတ်ပြည်တက်ဖို့စောင်းတန်း၊ နိဗ္ဗာန်ဝင်ဖို့ အဝတံခါးနှင့်တူ၍ အလျှုနဲသော်လည်း အကျိုးများစွာ ရစေသော လယ်ယာမြေကောင်းသဖွယ်လည်းဖြစ်သည်။ သီလရှိသူ၏ ကိုယ်နံ့ကို နတ်များနှစ်သက်၏။ ပစ္စုပ္ပန်တမလွန်ဘေးရန်များကို ဖျက်ဆီးပေးတတ်သည်။ လူနတ်စည်းစိမ် အားလုံးနှင့် သာဝကပါရမီဉာဏ်အစ သမ္မာသမ္ဗောဓိဉာဏ်တိုင်အောင် တောင့်တတိုင်း ပြီးစေရစေသည်။ (ဝိ၊မဂ်၊ သုတ္တနိပါတ်)

**အကျိုးအာနိသင် ဆက်၍တင်သော်** သီလသည် မင်းပုဏ္ဏား စသည်နှင့်တကွ နတ်ဗြဟ္မာများပါ ပူဇော်ရသည့် ဝသီကရဏမန္တန်သဖွယ်လည်းဖြစ်ကာ လိုတရသည့် စိန္တာမဏိကျောက်မျက်ရတနာ ပဒေသာပင်ထက်လည်း သာသည်။

ဇာတ်ညံ့သူပင်ဖြစ်စေ သီလရှိလျှင်မင်း ပုဏ္ဏား စသူတို့ အပူဇော်ခံရ၏။ သီလရှိသူကို ရန်သူတို့ကပင် နှစ်သက်ကြရသည် စသည်တို့ကား ကျေးဇူးဟူသမျှတို့၏ အခြေအမြစ်ဖြစ်ကာ အပြစ်ဆိုင်ရာ ကိလေသာတို့၏ စွမ်းအားကို ခဝါချဖျက်ဆီးနိုင်သော သီလ၏အကျိုးအာနိသင် အမြွက်တည်း။

## သီလအကျိုးပြ သာဓကများ

သာဝတ္ထိပြည် ဇေတဝန်တွင် ဘုရားရှင်က ရဟန်းများအား ''ချစ်သားတို့၊ သီလသိက္ခာများ စောင့်စည်းကြ၊ အပြစ်ငယ်ကလေးကိုပင် ဘေးတင်ရှုကာ သိက္ခာပုဒ်ကို ဆောက်တည် ကျင့်သုံးကြ၊ သင်ချစ်သားတို့သည်—

၁။ ရဟန်းအချင်းချင်း ချစ်ခင်လေးစားလိုလျှင်—

၂။ ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်း ၄-ပါး ရလိုလျှင်—

၃။ သင်တို့ ဒကာမျာ း လျှုရကျိုး နပ်စေလိုလျှင်—

၄။ ဆွေမျိုး ပြိတ္တာများ သင်တို့ကို ကြည်ညိုအောက်မေ့၍ အကျိုး ကြီးစေလိုလျှင်—

၅။ သာသနာမှာ ပျော်လိုလျှင်—

၆။ ကြောက်ခြင်းနှင့် ကြောက်စရာများကို နိုင်လိုလျှင်—

၇-၈။ ရူပ၊ အရူပ ဈာန်များကို ရလိုလျှင်—

၉-၁၀-၁၁။ သောတာပန် သကဒါဂါမိ အနာဂါမိ ဖြစ်လိုလျှင်—

၁၂။ မြေရှိုး မိုးပျံစသော တန်ခိုးအမျိုးမျိုး ဣဒ္ဓိဝိဓ၊

၁၃။ နတ်ပြည် လူပြည်စသော ဝေးနီး အသံများ ကြားရသော ဒိဗ္ဗသောတ၊

၁၄။ သူတပါးစိတ်ကို သိနိုင်သော ပရစိတ္တဝိဇာနန၊

၁၅။ ဘဝငါးဆယ်တရာစသည် ဖြစ်ဘူးရာ သိနိုင်သော ပုဗ္ဗေနိဝါသ၊

၁၆။ ငရဲ နတ်ပြည်စသည်သို့ သွားသူများကို မြင်နိုင်သော ဒိဗ္ဗစက္ခု။

ဤသို့သော တန်ခိုးအထူးများကို လိုလျှင် သီလ(သမာဓိပညာ)ပြည့် စုံကာ ဆိတ်ငြိမ်ရာ နေသူသာ ဖြစ်ရမည်”ဟု ဟောတော်မူသည်။ ဤ စကားများအရ “ကျောင်းကောင်းထိုင်ချင် သီလပင်တည်း။ကောင်းကင် ပျံလို သီလကိုဖြည့်၊ လိုရှိသမျှ စောင့်စည်းကြ”ဟု မှတ်သင့်သည်။

## သီလစောင့်နည်း နမူနာစည်း

ယစ်မသည် အသက်ကိုစွန့်ကာ ဥကိုစောင့်ရှောက်သည်။ စမရီသား ကောင်လည်း အသက်ကို စွန့်၍ မြီးဆံကိုစောင့်ပါ၏။ သားတဦးတည်း ရှိသူ မိခင်မှာမူ သူ့သားကို ယုယလွန်းသည်။မျက်စိတဖက် ကွယ်သူကား ကျန်တဖက်ကို အသက်ကိုလောက် စောင့်ရှောက်သကဲ့သို့ သီလဆောက် တည် ကျင့်သုံးသူများလည်း အရွယ်၃-ပါးလုံးမှာပင် လေးစားစွာ စောင့် သုံးသင့်ကြသည်။

မြစ်ကြီး၅-သွယ် မြစ်ငယ် ၅၀၀-စီးလာသမျှ ရေတို့သည် သမုဒ္ဒရာ ကမ်းကို မလွန်။ တည်တံ့သော သဘောရှိသလို ဘုရားရှင်၏ တပည့် ပီပြင် သူတော်စင်တို့လည်း အသက်ကြောင့်သော်မှ သီလကို မဖျက်ကြ ရာဟု ဘုရားရှင် ဟောကြား ပညတ်ထားသမျှ **ပါတိမောက္ခ သံဝရ သီလ** ကို သဒ္ဓါဦးစီးလျက်ငင်း၊

မျက်စိ၊နား၊နှာ၊လျှာ ကိုယ်စိတ် ၆-ပါး၊ တံခါး၆-ပေါက် အကုသိုလ် မရောက်ရအောင် စောင့်ပိတ်မှု **ဣန္ဒြိယသံဝရသီလ** ကို သတိဦးစီးလျက် ရှင်း၊

စားဝတ်နေရေး အသက်မွေးမှုဆိုင်ရာ **အာဇီဝပါရိသုဒ္ဓိသီလ** ကို ဝီရိယဦးစီးလျက်ရှင်း၊

နေမှု စားမှု သုံးစွဲမှုဆိုင်ရာ အကုသိုလ်မလာရေး ချုတွေး မြော်မြင် ဆင်ခြင်မှု **ပစ္စယသန္နိဿိတသီလ** ကို ပညာဦးစီးလျက်ရှင်း ဆောက်တည် ကျင့်သုံးရမည်။

**တုံးလုံး ၇-ရက် မပျက်သီလ သေရ အန္တရာယ်** ရှေးက သီဟိုဠ်ကျွန်း မဟာဝတ္တနိ တော အုပ်ကြီး၌ မထေရ်ကြီး တပါးကို ခိုးသူ များဖမ်း၍ နွယ်ငန်းဖြင့် တုတ်ထား သည်။ ၇-ရက်လုံးလုံး တုံးလုံးပင် သီတင်းသုံးနေရ၏။ လွတ်အောင် ရုန်းလျှင် နွယ်ငန်းပြတ် ပါစိတ် အာပတ်သင့်မည် စိုး၍ စွမ်းနိုင်ပါလျက် မရုန်းဘဲ သီလအခြေခံ ဝိပဿနာပွားရာ အနာဂါမ်ဖြစ်၍ ထိုနေရာ၌ပင် ပျံလွန်တော်မူသည်။ ( တောမီး လောင်ခံရသော မထေရ်ကြီး ဝတ္ထု ပြခဲ့ပြီ။)

**အရှင်မြတ်ကိုပင် ချမ်းသာမပေးလို** သီဟိုဠ်ကျွန်း စေတိယ တောင်ထိပ် အရှင်တိဿသည် အနုရာဓမြို့ ဆွမ်း ခံကြွရာတွင် တနေ့သ၌ လင်နှင့်စိတ်ဆိုး၍ မိဘရပ်ထံ ပြန်မည်ဟု ဝတ် ကောင်း စားလှနှင့် မြို့မှထွက်လာသော အမျိုးသမီးနှင့် လမ်းဝယ် ဆုံ တွေ့သည်။ စက္ခုန္ဒြေစောင့်စည်းကာ ကြွလာသော အရှင်မြတ်ကို တွေ့ လျှင် "ဤရဟန်းကိုပင် ဖြားယောင်း၍ ပေါင်းမည်"ဟု ကြံစည်ပြီး သူမသည် အသံကျယ်စွာ ရယ်ပြသည်။ ဘာပါလိမ့်ဟု ကြည့်ရာ သူမ၏ သွားအရိုး၌ မတင့်တယ်သော အမှတ်သညာ ဘာဝနာရပြီး အရှင်မြတ် ရဟန္တာဖြစ်သွားသည်။

**မိန်းမ ယောကျ်ား မခွဲခြားတတ် အရှင်မြတ်** လင်ယောကျ်ားသည် သူမကို ပြန် ခေါ်ရန် လိုက်လာရာ လမ်းတွင် အရှင်မြတ်နှင့် တွေ့ပြီး "မိန်းတဦး တွေ့ပါသလား"ဟု မေးလျှောက်ရာ "မိန်းမ ယောကျ်ား ငါမသိလိုက်၊ အရိုးစုတခု ဤလမ်းအတိုင်း လျှောက်သွားသည်"ဟု မိန့်လိုက်သည်။

ဤသို့လျှင် မိန်းမအဆင်းကိုမြင်သော်လည်း မိန်းမအနေ နှလုံးမသွင်း မိအောင် ဒိဋ္ဌေ ဒိဋ္ဌမတ္တံ အဆင်း၌မြင်ရုံမျှ စက္ခုဒွါရကို စောင့်စည်းကာ သတိဦးစီးသော သီလသည် အရဟတ္တဖိုလ်သို့ အရောက် ပို့ပေးသည်။ ရဲရဲညီးသော သံချောင်းဖြင့် မျက်စိစသည်ကို ထိုးဖောက်သော် တော် သေး၏။ အဆင်းစသည်တို့ဝယ် လှပတင့်တယ်သည့် အနေ ယူဆခြင်း သည် ဆိုးယုတ်လှသည်။

မျက်စိစသည်ကို မစောင့်စည်းလျှင် ပါတိမောက္ခသံဝရသီလ အရှည် မတည်နိုင်။ စည်းရိုးမလုံသော ရွာနီး ကောက်ပင်များ သူခိုးနှင့် နွား များ ခိုးစား ခံရသကဲ့သို့တည်း။ (ပြပြီး၊ စိတ္တဂုတ်မထေရ်ဝတ္ထုဖြင့် လည်း နည်းယူသင့်၏။)

## လေနာရောဂါသည် အရှင်သာရိပုတ္တရာ

**လေနာရောဂါနှင့် နို့ဂဏာ** အဂ္ဂသာဝက ၂-ဆူသည် ရအပ်ပြီး တရား များကို အားပါးတရ ရှုပွားလို၍ တောအုပ် တခုအတွင်း၌ သီတင်းသုံးနေစဉ် တနေ့သ၌ အရှင်သာရိပုတ္တရာ လေနာ ပြန်ထလာရာ အရှင်မဟာမောဂ္ဂလာန်က ရှေးကပျောက်ဘူးသော ဆေး ကို မေးရာတွင် "ငါ၏ မိခင်သည် ထောပတ် ပျားသကာ စသည်များ ထည့်၍ ရေမရောသော နို့ဂဏာ ချက်ပေးသဖြင့် ရောဂါ ချမ်းသာရာ ရဘူးသည်" ဟု ပြောပြ၏။ "ရှိပါစေ ငါ့ရှင်၊ ငါတို့ ၂-ပါး ဘုန်းကံရှိ ပါမူ မနက်ဖန်ပင် ရပါလိမ့်မည်"ဟု ပြန်လျှောက်လိုက်သည်။

**အရှင့်အကျိုး ရုက္ခစိုး နတ် ပူးဝင်ကပ်** အရှင် ၂-ပါး၏ စကားသံကို စင်္ကြံဦးရှိ သစ်ပင် စောင့်နတ်ကြား၍ "မနက်ဖန် နို့ဂဏာဆွမ်း ဖြစ်စေအံ့" ဟု ကြံပြီး ချက်ချင်းပင် အရှင် မောဂ္ဂလာန်၏ ဆွမ်းဒကာအိမ်သွား၍ သားကြီး၌ ပူးကပ်သည်။ နီးစပ်ရာ ဆွေမျိုးများ ရောက်ကြသောအခါ "မနက်ဖန် အရှင်မောဂ္ဂလာန်အား ရေမရောသော နို့ဂဏာဆွမ်းလှူမည်ဆိုလျှင် ငါထွက်မည်" ဟု နတ် ပူးပြောရာ "သင်နတ်မင်း မပြောသော်လည်း ငါတို့ အရှင်မြတ်အား အမြဲလှူနေပါသည်"ဟု အိမ်သားများပြန်ပြောစဉ် နတ်ထွက်သွားသည်။

**ရက္ခစိုးနတ်ကြောင့် အရှင်မြတ် ဆွမ်းငတ်ရပြီ**

"ငါ့ရှင် သာရိပုတ္တရာ၊ ငါ ဆွမ်းခံပြန်လာအောင် ဤမှာဘဲ နေပါ"ဟု မှာထားပြီး ဆွမ်းခံကြွရာ ဆွမ်းဒကာများသည် အသင့်စီရင် ငုံ့မျှော်ပြီး အရှင်မောဂ္ဂလာန်အား ရေမရောသော နို့ဂဏာဆွမ်း သပိတ်အပြည့် ထည့်ကပ်သည်။အရှင်မြတ် ပြန်မည့်အမူအရာကို မြင်သော် "အရှင်ဘုရား၊ ဒီမှာဘဲ ဘုဉ်းပေးပါ၊ ကျောင်းယူဘို့ သီးခြား လှူပါမည်"ဟု ဒကာများ လျှောက်ထားကြ၏။

အရှင်မောဂ္ဂလာန်သည် ဘုဉ်းပေးပြီး ဒကာများ နောက်ကပ်သော နို့ဆွမ်းကို ယူ၍ပြန်ကြွပြီးလျှင် "ငါ့ရှင် သာရိပုတ္တရာ၊ ယခုဘဲ ဘုဉ်းပေးပါ"ဟု ဆိုရာတွင် အရှင်သာရိပုတ္တရာသည် နှစ်သက်ဖွယ်နို့ဆွမ်းကိုမြင်၍ ဆွမ်းဖြစ်လာပုံကို ဆင်ခြင်တော့၏။ ရက္ခစိုးစီမံခြင်း အကြောင်းရင်းကို မြင်သဖြင့် "ငါ့ရှင် မောဂ္ဂလာန်၊ ဤဆွမ်းကား သုံးဆောင်ခြင်းငှာ မထိုက်"ဟု ပြောလိုက်သည်။

အရှင်မောဂ္ဂလာန်လည်း "သူယူလာတာ မစားကောင်းလား"ဟု သဘောမထားဘဲ ချက်ချင်းပင် သပိတ်ယူ၍ သင့်ရာ၌ သွန်လိုက်သည်။ အရှင်မြတ်ကား ဆွမ်းငတ်ပေပြီ။ သို့သော် နို့ဆွမ်းမြေကျသည်နှင့် တပြိုင်နက် အရှင်မြတ်၏ လေနာသည် ကင်းကွာ၍ ၄၅-ဝါ အသက်ရှည်သမျှ နောက်ထပ် မကပ်လာတော့ပြီ။

## စားရေးနှင့်စပ် မိန့်အပ်စကား မိုးကြိုးသွား

ငါ့ရှင် မောဂ္ဂလာန်၊နှုတ်မြွက်မှုကြောင့် ဖြစ်လာသော နို့ဂဏာကို ငါ စားလျှင် ငါ၏ အသက်မွေးမှု ကဲ့ရဲ့ဖွယ် ဖြစ်သွားမည်။ ငါ၏ အူသိမ် အူမတွေ အခွေလိုက် မြေသို့ကျစေကာမူ အသက်ကိုသာ စွန့်အံ့၊ အာဇီဝ ပါရိသုဒ္ဓိသီလကို မဖျက်ဆီးနိုင်။ ငါသည် မအပ်သောရှာမှီးမှုကို ရှောင်ကာ ငါ့စိတ်ကို နှစ်သက်စေမည့် ဘုရားရှင် စက်ဆုပ်သော ရှာမှီးမှုအားလုံး ငါမပြုလိုဟု မိန့်ကြားသော အရှင်သာရိပုတ္တရာ စကားများကား မိုးကြိုးသံပမာ ကြက်သီးထဖွယ် တင့်တယ်ကြည်ညိုစရာပေတည်း။

## ရဟန္တာဟု ၁၂-ယူဇနာ ကျော်ကြားသူ ပုဆုဇဉ်

**အားလုံး စိတ်ဆင်းရဲ ကုန်တော့မည်ဘုရား** သက်တော် ၇၀၊ ဝါတော် ၆၀-ကျော် မဟာသံဃ ရက္ခိတ အရှင်မြတ်သည် သေမည့် ညောင်စောင်း လျောင်းနေချိန်"အရှင်ဘုရား၊ တရားထူးရပြီးပြီ လားဘုရား"ဟု ရဟန်းတပါး အမေးကို "ငါ မရသေး"ဟု မိန့်လတ် သော် အလုပ်အကျွေး ရဟန်းငယ်က"အရှင်ဘုရား ပရိနိဗ္ဗာန်စံပြီကြား၍ ၁၂-ယူဇနာအတွင်းက လူများ စုံနေကြပါပြီ၊ ပုထုဇဉ်အဖြစ် ပျံလွန် တော်မူသည်ကို သိကြလျှင် အားလုံး စိတ်ဆင်းရဲကုန်ပါမည် ဘုရား"ဟု လျှောက်ထားလိုက်သည်။

**ထူးပေးစေခြား ခဏပွားရာ ရဟန္တာ** "ငါသည် မေတ္တေယျဘုရားကို ဖူးမျှော်မည် ရည် ထား၏။ သို့ဖြစ်လျှင် ငါ့ကို ထူပေး၊ တရားနှလုံး သွင်းမည်"အမိန့်အရ ရဟန်းငယ်ထူပေးပြီး အပြင် ထွက်သွားစဉ် အရှင်မြတ် ပွားများမှုဆုံးကာ ရဟန္တာ ဖြစ်သွားသည်။ လက်ဖျောက်တီးအချက်ပေးရာတွင် ရဟန်းငယ်ပြန်လာပြီးအရှင်မြတ်ကြီး ကို လျှောင်းပေးသည်။ သံဃာအားလုံးသိရှိ စည်းဝေးကြပြီး"သေချိန် နီးကလေးမှာပင် ရဟန်းကိစ္စ ပြီးစွမ်းနိုင်ခြင်းသည် အလွန်ခဲယဉ်းသော ကိစ္စကြီးပါဘုရား"ဟု သံဃာများ လျှောက်ကြသည်။

**ရဟန္တာ ဖြစ်ဘို့ထက် ခဲယဉ်းသောကိစ္စ** "ငါ့ရှင်တို့၊ ဤကိစ္စ မခဲယဉ်းပါ။ ခဲယဉ်းသည် ကား ငါသည် ရဟန်းဖြစ်ချိန်မှစ၍ သတိပညာ လွှတ်ပြီး ပြုမိသောကိစ္စကို ယနေ့အထိ ငါမမြင်။ သတိပညာလက်မလွှတ်စေခြင်းသာ အခဲယဉ်းဆုံး"ဟု မိန့်ကြားပြီး အရှင် မြတ်ကြီးပရိနိဗ္ဗာန်စံတော့သည်။အရှင်မြတ်ကြီးကို အတုယူသော တူတော် သံဃရက္ခိတ သည်လည်း အလားတူပင် အရာရာ သတိ ပညာ မလွှတ် သော ပစ္စယသန္နိဿိတသီလ၊ သဥ္ဇကသမ္ပဇဉ် စသည်တို့ဖြင့် ဝါတော် ၅၀-တွင် ရဟန်းကိစ္စပြီးဆုံး ခန္ဓာဝန် နိဂုံးချုပ်တော်မူသည်။

**လူများဆိုင်ရာ သီလ ၄-ပါး** ဤသာဓကများကို နည်းယူ၍ လူများ လည်း ၅-ပါးသီလစသည် စောင့်ရှောက် ခြင်း ပါတိမောက္ခ သံဝရသီလ၊ မျက်စိ နား နှာ စသည့်မှ အကုသိုလ်မဝင်

အောင် စောင့်ရှောက်ခြင်း ဣန္ဒြိယသံဝရ သီလ၊ တရားသဖြင့် အသက်မွေးခြင်း အာဇီဝပါရိသုဒ္ဓိသီလ၊ အရာရာ အကျိုးရှိအောင် ပညာဖြင့် ဆင်ခြင်သုံးစွဲသော ပစ္စယသန္နိဿိတသီလ ဤ ၄-ဖြာကို ကိုယ်ဝယ် ဆင်မြန်း မင်္ဂလိပ်ပန်းကို လက်လှမ်း၍ချူ ယူနိုင်ကြပါစေသတည်း။

**သိကြားမင်း နှိုးဆော်ချက် တရားမင်း မနှစ်သက်** သီလ၏တန်ခိုး အကျိုးအာနိသင်ကို သိသော သိကြားမင်းသည် တာဝတိံသာ သုဓမ္မာသဘင်တွင် နတ်များအား "ငါလို စည်းစိမ်ချမ်းသာလိုလျှင် ဥပုသ်နေ့များမှာ ဥပုသ်စောင့်ကြ" ဟု တိုက်တွန်း နှိုးဆော်သည်။ ဥပုသ် သီလဖြင့် မဖြစ် လောက်သော လောကီ သိကြားမင်း စည်းစိမ်ကိုသာ ပြောဆို တိုက်တွန်းသဖြင့် ထိုအပြောကို ဘုရားရှင်နှစ်သက်တော်မမူဘဲ "ဤစကားကို သိကြားမင်း ပြောမည့်အစား ရဟန္တာတပါးပါးက 'ငါ့လို ကိလေသာ ကင်းကွာ ရဟန္တာ ဖြစ်လိုလျှင် ဥပုသ်နေ့များမှာ ဥပုသ်စောင့်ကြ' ဟု ပြောဆိုတိုက်တွန်းမှ သင့်မြတ်မည်" ဟု ဘုရားရှင် မိန့်တော်မူသည်။ ဤသာဓကကို ထောက်ဆ ဆင်ခြင်၍ နိဗ္ဗာန်ဝင်နိုင်ကြောင်း ယုံမှားသံသယမရှိ မှတ်အပ်တော့သည်။

# ပွားများစရာ ဘာဝနာ

## ဘာဝနာဆိုင်ရာ သိဖွယ်

**ဘာဝနာမည်ပုံနှင့် အပြား** ဒါန သီလတို့ထက် လွန်ကဲသော အကျိုး ရှိသော သမထ ဝိပဿနာအလုပ်များသည် မိမိသန္တာန်၌ အဖန်ဖန်ဖြစ်စေအပ်၊တိုးပွားစေအပ်သောကြောင့် ဘာဝနာ မည်သည်။သမထ ဝိပဿနာဟု ဘာဝနာ ၂-မျိုးရှိရာ ကာမဂုဏ်ကို လိုလားသော လောဘ စသော တရားဆိုးများနှင့် ကြံစည်မှုစသော အောက်အောက် ဆိုင်ရာ ရှုပ်ထွေးမှု စျာန် အင်္ဂါများကို ငြိမ်သက်စေနိုင်သော သမာဓိ=စေတဂ္ဂတာစေတသိက်သည် သမထမည်၏။ စျာန်ကို ရပါက ဖြဟ္မာ့ပြည်ထိ ရောက်စေသည်။

ဘုံ ၃-ပါးဆိုင်ရာ ရုပ်နာမ်များကို မမြဲ ဆင်းရဲ ငါကောင်အနှစ်သာရ မရှိဟု သိအောင် ရှုမြင်တတ်သော ဉာဏ် ပညိန္ဒြေစေတသိက်သည် ဝိပဿနာမည်သည်။ ရုပ်နာမ်တို့၏ ဟုတ်မှန်သော ဒုက္ခသစ္စာ စသည်ကို သိခြင်းကြောင့် မဂ်ဖိုလ်နိဗ္ဗာန်အထိ အကျိုးပြီးသည်။

**ကမ္မဋ္ဌာန်း မည်ပုံ** ထိုသမထ ဝိပဿနာ ၂-ဖြာသော ဘာဝနာကို ပွားများ အားထုတ်မှု၏ တည်ရာအာရုံဖြစ်သော ဘုရားဂုဏ်တော် စသည်များ (သမထဘုံ) နှင့် ရုပ်နာမ်များ (ဝိပဿနာဘုံ) သည် ကမ္မဋ္ဌာန်း မည်ကြသည်။ နိဗ္ဗာန်မရမီ လူ နတ် ဗြဟ္မာ ချမ်းသာ အဖြာဖြာကိုလည်း ဘာဝနာက ရစေမည်သာ ဖြစ်၏။

သမထ၏ ပဓာန အကျိုးသည် စျာန်သာ ဖြစ်သော်လည်း နိဗ္ဗာန်သို့ ညွတ်လျက် စီးဖြန်းမှု **နိဗ္ဗာနဿ အတိတ္ထံနာမ နတ္ထိ** နိဗ္ဗာန်၏ ဆိပ် ကမ်း မဟုတ်သော ကမ္မဋ္ဌာန်းမည်သည် မရှိ (ဒီ၊ ၁၊ ၄)ဟု ဆိုသောကြောင့်

သူတော်ကောင်းမှန်သမျှ ဝင့်မှထွက်ရန် ရည်စိတ်သန်လျက် အမှန်အလုပ်ကို အားထုတ်သင့်ကြသည်။ ဘာဝနာဆိုင်ရာ အကျယ် မပြသာသဖြင့် ဗြဟ္မဝိဟာရတရား ၄-ပါးကိုသာ သိသာရုံ ပြပေမည်။

**ဗြဟ္မဝိဟာရ ဗြဟ္မစိုရ်** မေတ္တာစသည် ၄-ပါးတွင် တပါးပါးနှင့် နေကဗြဟ္မာများနေပုံနှင့်တူသောကြောင့် ဗြဟ္မဝိဟာရ ဟုရင်း၊ မြတ်သောအကျင့်ဖြစ်၍ သေ့ခြောက်မနေဘဲ စိုပြေလျက်ရှိခြင်းကြောင့် ဗြဟ္မစိုရ်ဟုရင်း ခေါ်သည်။ အတိုင်းမသိသော သတ္တဝါပညတ်၌ အာရုံပြုလျက် ဖြစ်ခြင်းကြောင့် အပ္ပမညာလည်းမည်ရာ မေတ္တာသည် ပိယမနာပ ချစ်မြတ်နိုးအပ်သော သတ္တဝါပညတ်ကို၊ ကရုဏာသည် ဒုက္ခိတ ဆင်းရဲရှိသူ သတ္တဝါပညတ်ကို၊ မုဒိတာသည် သုခိတ ချမ်းသာရှိသူ သတ္တဝါပညတ်ကို၊ ဥပေက္ခာသည် မဇ္ဈတ္တ အလတ်စား သတ္တဝါပညတ်ကို အာရုံပြုကြသည်။

**အာရုံ အာရမ္မဏိက အခွဲ** မေတ္တာအရ အဒေါသ၊ ဥပေက္ခာအရ တတြမဇ္ဈတ္တတာ စေတသိက်နှင့် ကရုဏာ မုဒိတာ ပေါင်း စေတသိက် ၄-ပါးကို ဗြဟ္မဝိဟာရခေါ်ရာ အာရမ္မဏိက ကမ္မဋ္ဌာန်းဖြစ်သည်။ ပိယမနာပ စသော ဖော်ပြပါ သတ္တဝါ ၄-မျိုးကား အာရုံကမ္မဋ္ဌာန်းတည်း။

**မေတ္တာ၏ လက္ခဏာ စသည် နှင့် ပွားပုံ** အများအကျိုးကို ကျင့်သောအခြင်းအရာအားဖြင့် ဖြစ်ခြင်း လက္ခဏာ၊ အများအကျိုးကို ဆောင်ရွက်ခြင်း ကိစ္စရသ၊ ရန်ငြိုးဖျောက်ခြင်း ပစ္စုပဋ္ဌာန်၊ နှစ်လိုဖွယ်အဖြစ်ကို မြင်ရခြင်း ပဒဋ္ဌာန်ရှိသည်။ မေတ္တာသည် သာမည ဝိသေသ ၂-ပါးဟူ၍ရှိရာ တောတောင်သစ်ပင်ရင်း ဆိတ်ငြိမ်ရာသို့ကပ်၍ (၉-ပါး သီလ၌ အကျယ်ပြခဲ့သည်အားလျော်စွာ) အတ္တ ပိယ မဇ္ဈတ္တ ဝေရီဟု အထူးပွားအပ်သော ပုဂ္ဂိုလ်တို့၌ အပိုင်းအခြား ပျက်၍ ညီမျှစွာ ထားနိုင်စွမ်းရှိသော **သီမသမ္ဘေဒ** မေတ္တာသည် ဝိသေသ မည်၏။ အပ္ပနာစျာန်အထိ အကျိုးရ၍ ဗြဟ္မာ့ပြည်ရောက်နိုင်သည်။

**သာမည မေတ္တာ ၆-ပါး** သီမသမ္ဘေဒ မေတ္တာလက္ခဏာ မရောက်သော်လည်း အတူနေသူများ အချင်းချင်း မျက်မှောက်မျက်ကွယ်တို့၌ တဦး အကျိုးစီးပွားကို တဦးက ကူညီ စောင့်

ရှောက်ဖေးမခြင်းစသော ကိုယ် နှုတ် စိတ် အမှုအရာ ၆-ပါးသည် သာ-မည မေတ္တာမည်၍ သုဂတိ၇-ဘုံ၌ စည်းစိမ်ချမ်းသာများ ခံစားနိုင်သည်။

**မျက်မှောက် မေတ္တာ ၃-ပါး** မိတ်ဆွေတဦး၏ မျက်မှောက်၌ ထိုသူ၏ ဥစ္စာကို စောင့်ရှောက်သင့်သမျှ စောင့်ရှောက်၍ ကိုယ့်ဥစ္စာအလား အထားမသင့်သည်ကို ပြင်၍ထားခြင်း၊ ကိစ္စကြီးငယ်ကို ကူညီခြင်းစသော ကာယကံမေတ္တာ၊ အတူတကွ နေရ၍ သာသာယာယာ စကားပြောခြင်း၊ ဝမ်းသာဖွယ် ပြောခြင်း၊ အစေ့အစပ် ပြောခြင်း၊ တရား ဆွေးနွေးမေးမြန်း ပြောဆိုခြင်းစသော ဝစီကံမေတ္တာ၊ မိတ်ဆွေကို တွေ့မြင်သောအခါ ကိုယ်နှုတ် မပါသော်လည်း ငါ့မိတ်ဆွေ ရောဂါကင်း ကြောင့်ကြကင်း ချမ်းသာခြင်းရှိပါစေ စသည်ဖြင့် ပွားသော မနောကံ မေတ္တာဟု ၃-ပါး ရသည်။

**မျက်ကွယ် မေတ္တာ ၃-ပါး** မိတ်ဆွေ အရပ် တပါး သွားသဖြင့် အထားမသင့် ထားခဲ့သော ဥစ္စာတို့ကို ကောင်းစွာ သိမ်းထားခြင်း၊ စောင့်ရှောက်သင့်သမျှ စောင့်ရှောက်ခြင်း စသော ကာယကံမေတ္တာ၊ အခြားသူများနှင့် ပြောဆိုသောအခါ ငါ့မိတ်ဆွေ မောင်ကျော်သည် အကျင့်သီလရှိ၍ စိတ်သဘောဖြောင့်သည်။ ပညာကြီး၏စသည်ဖြင့် ပြောဆိုခြင်း ဝစီကံမေတ္တာ၊ သင့်ရာ၌နေ၍ မိတ်ဆွေကို အမှတ်ရသောအခါ ငါ့မိတ်ဆွေ မောင်ကျော် ရောဂါကင်း ကြောင့်ကြကင်း ချမ်းသာခြင်း ရှိပါစေ စသည်ဖြင့် စိတ်ကပွားသော မနောကံမေတ္တာဟု ၃-ပါးပင် ရသည်။

## (၁၆) လေ့ကျင့်ခန်းများ

၁။ ချက်ချင်းအကျိုးရ ဒါနအင်္ဂါ ၄-သွယ်ကိုပြ၍ ဇော၇-ကြိမ် အကျိုးပေးပုံကို ရေးပြီးလျှင် ရေစက်ချအပ် မချအပ် သိမှတ်ဖွယ်ရာများကိုလည်း ညွှန်းပြပါ။

၂။ ရေစက်ချဝယ် ရည်ရွယ်ချက်ဆိုရကျိုးကိုပြ၍ မလှူခင် သရဏဂုံ သီလ အဘယ့်ကြောင့် ခံယူဆောက်တည်ကြသနည်း။ ဆို မဖောင်းခြင်း၏ အပြစ်ကိုလည်း စစ်ပြပါ။

၃။ ဆုမတောင်းသော်လည်း ဂတိမြဲအောင် လုပ်ထုံးပြ၍ "သည် လူပေထိုဖွားဖို့ဖို့ ဘုရားပုံ လားလားမျှမရ" စကားကို ရှင်းပြီး လျှင် ခန္တီဝါဒီရသေ့ သည်းခံနိုင်ပုံကိုလည်း ပြပါ။

၄။ အမျှဝေမှု အကျိုးပြုပုံကို အရှင်သာရိပုတ္တရာ ထုံးနှင့်ပြ၍ အမျှဝေ၍ နတ်များစောင့်ပုံ သူကြွယ် ညီနောင် ဇာတ်နှင့် ဟပ်ပြပါ။

၅။ ကျိုးပဲ့သွားသော အရုပ်အတွက် အနာထပိဏ်မိသားစု ရက် ပေါင်းမည်မျှ ဆွမ်းသွတ်ပါသနည်း။ ယမမင်းကျေးဇူးအမတ် တဦးဖြစ်ရပ်နှင့်ပြ၍ ပြိတ္တာများ သာခုခေါ်နိုင်ရေး အင်္ဂါ ၃-ပါးကိုလည်း ရေးပါ။

၆။ သီလ၏ လက္ခဏာစသည် ၄-ပါးကို ပြ၍ ဟီနစသော သီလ ၃-ပါး ဖြစ်ပုံများကို အသွားပါ ပြပြီးလျှင် လူနှင့် နတ် စည်းစိမ် ကွာဟပုံကိုလည်း ပုံထင်အောင် ရေးပါ။

၇။ သီလစောင့်နည်း နမူနာကိုပြ၍ သီလ၄-ပါးတွင် မည်သည့် တရားများ အသီးသီး ဦးစီးကြောင်းနှင့် ဣန္ဒြိယသံဝရသီလ လုံခြုံကျိုးကို ခြံစည်းရိုး ဥပမာနှင့် ပြပါ။

၈။ အရှင်သာရိပုတ္တရာ၏ လေနာ ဘာ့ကြောင့် အမြစ်ပြတ်သွား ပါသနည်း။ ရဟန္တာဖြစ်ဖို့ထက် ခက်ခဲသော ကိစ္စကိုလည်း မဟာသံဃရက္ခိတမထေရ်၏ အဖြေနှင့် ရေးသားပါ။

၉။ သိကြားမင်း၏ စကားကို တရားမင်း(ဘုရားရှင်)ဘာ့ကြောင့် မနှစ်သက်ပါသနည်း။ ဘာဝနာမည်ပုံနှင့် အများ အကျိုး များကိုလည်း ရေးသားပါ။

၁၀။ ဗြဟ္မဝိဟာရ ၄-ပါး၏ အာရုံ အာရမ္မဏိကများကို ပြ၍ သာ- မည မေတ္တာ ၆-ပါးကိုလည်း အလုပ်နှင့်တကွ ရေးသားပါ။

**ကရုဏာ၏လက္ခဏာ စသည်နှင့်ပွားပုံ** သူတပါး၏ ဆင်းရဲကို ပယ်ရှားလိုသော အားဖြင့် ဖြစ်ခြင်းလက္ခဏာ၊ သူတပါးတို့၏ ဆင်းရဲကို မကြည့်ရက်နိုင်ခြင်း ကိစ္စရသ၊ သတ္တဝါတို့ကို မညှဉ်းဆဲခြင်း ပစ္စုပဋ္ဌာန်၊ ကိုးကွယ်ရာ မရှိသည်၏ အဖြစ်ကို ရှုခြင်း ပဒဋ္ဌာန်ရှိသည်။ ကရုဏာလည်း သာမည ဝိသေသ ၂-ပါးရှိရာ ဝိသေသ ကရုဏာပွားလိုသောသူသည်—

ဤလောက၌ ကရုဏာနဲ့ ညှဉ်းဆဲတတ်သူသည် လာဘ်နည်းပါး၊ မကောင်းသတင်း ထင်ရှား၊ ပွဲလယ်မတင့်၊ တွေဝေစွာ သေရပြီး၊ အပါယ်လားရသည်။ လူဖြစ်သော်လည်း အမျိုးယုတ်၊ အနာများ၊ အဆင်းမလှ၊ ဆင်းရဲရပြီး အသက်တိုသည် ဟူသော ကရုဏာ ခေါင်းပါးခြင်း၏အပြစ်။ ထိုမှအပြန် ကရုဏာရှိခြင်း၏ အကျိုး ဤ ၂-မျိုးကို ဆင်ခြင်ပြီး ရှေးဦးစွာ **ဒုက္ခိတ သတ္တဝါ ပညတ်ကို ကြည့်၍** "ဤသူသည် ဆင်းရဲ ပင်ပန်းခြင်းသို့ ရောက်နေရရှာပေစွ။ ဤဆင်းရဲမှ လွတ်လျှင် ကောင်းလေစွ" ဟု အဖန်ဖန် ပွားရမည်။ ဒုက္ခိတပုဂ္ဂိုလ် မရလျှင်—

**ချမ်းသာသော လူမိုက်ကို ကြည့်၍** မင်းဒဏ်သင့်၍ သတ်ဖို့ရာ သုသာန်သို့ ထုတ်လာသူနှင့် ပုံပြု၍ "ဤ သူယုတ်သည် စည်းစိမ်တွေကို ယခု ခံစားနေရပေမဲ့လည်း မကောင်းမှု ပြုထားခြင်းကြောင့် ဆင်းရဲများစွာသို့ ရောက်ရပေတော့မည်။ ဤသူသည် ယခုလူဖြစ်ပေမဲ့လည်း မကြာမီ သေသဖြင့် ငရဲကြီးငယ် အသွယ်သွယ်ကို ပြည့်စေတော့မည်တည်း" ဟု သနားသဖြင့် အဖန်ဖန် ပွားရမည်။

**ချစ်သူစသည်ကို ပွားခြင်းနှင့် ကရုဏာအပြား** ထို့နောင် ပိယ မဇ္ဈတ္တ ဝေရီပုဂ္ဂိုလ်တို့ကို အစဉ်အတိုင်း(၉-ပါးသီလမေတ္တာရန်ငြိုးဖျောက်ခြင်းများပါပါစေ၍) ပွားအပ်သည် ကုသိုလ်များသော သူကိုလည်း ညာတိဗျသန စသည်များနှင့် မလွန်နိုင်သော ဝဋ္ဋဒုက္ခကို အောက်မေ့ပြီး **သီမသမ္ဘေဒ** လက္ခဏာတိုင်အောင် ပွားအပ်၏။ သဗ္ဗေသတ္တာစသော ဩဓိသ အနောဓိသ ၁၂-ပါးတွင် အရပ် ၁၀-ပါးနှင့်မြှောက်၊ မူလ ၁၂-ပါးနှင့်ပေါင်း၊ ၁၃၂-ပါးပြားသည်။

ထို့ကြောင့်—

"နောဓိပဋ္ဌ၊ ဩသတ္တ၊ ပေါင်းက ဒွါဒသာ။
အရပ်ဆယ်ဝ၊ မြောက်ပွားက၊ တရာ့နှစ်ဆယ်သာ။
တရာ့သုံးဆယ်၊ နှစ်ခုကြွယ်၊ ပွားဖွယ် ကရုဏာ"

ဟု ကျက်မှတ်လေ။ အပ္ပနာစျာန်အထိရလျှင် ဖြဟ္မာ့ပြည် ရောက်သည်။

**သာမည ကရုဏာ ၆-ပါး** သိမသမ္ဘေဒ ကရုဏာ လက္ခဏာ မရောက် သော်လည်း အတူနေကြသူများ အချင်းချင်း မျက်မှောက် မျက်ကွယ်တို့၌ တဦး ဆင်းရဲကို တဦး သနားခြင်း စသော ကိုယ်နှုတ်စိတ်အမူအရာ ၆-ပါးသည် သာမည ကရုဏာ မည်၏။ သုဂတိ ၇-ဘုံ၌ ဖြစ်ခြင်းအကျိုး ရသည်။

**မျက်မှောက် ကရုဏာ ၃-ပါး** ဆင်းရဲနေသူ၏ မျက်မှောက်၌ပြုစုကူညီ သင့်သမျှကို ကူညီပြုစုပေးခြင်းကာယကံ ကရုဏာ၊ အတူတကွနေ၍ သာမှု နာမှုကိုမေးမြန်းခြင်းစသော ဝစီကံ ကရုဏာ၊ ဆင်းရဲသူကို တွေ့သောအခါ ကိုယ်နှုတ် မပါသော်လည်း "မောင်ကျော် ဤဆင်းရဲမှ မကြာမီ လွတ်ပါစေ" ဟု စိတ်က ပွားများခြင်း မနောကံ ကရုဏာဟု ၃-ပါးရသည်။

**မျက်ကွယ်ကရုဏာ ၃-ပါး** ဆင်းရဲသော မိတ်ဆွေထားခဲ့သော ဥစ္စာကို သနားသဖြင့် ကောင်းစွာ သိမ်းထားခြင်း စသော ကာယကံ ကရုဏာ၊အခြားသူနှင့် တွေ့သောအခါ သနားသောစိတ်ဖြင့် "မောင်ကျော်သည် ကုသိုလ်နဲ၏၊ သိပ်ဆင်းရဲနေတယ်" စသည်ဖြင့် ပြောဆိုခြင်း ဝစီကံ ကရုဏာ၊ ယင်းကို အမှတ်ရသောအခါ "ငါ့မိတ်ဆွေ မောင်ကျော် ဤဆင်းရဲမှ မကြာမီ လွတ်ပါစေ"ဟု စိတ်က အောက်မေ့ခြင်း မနောကံ ကရုဏာဟု ၃-ပါးပင် ရသည်။

**မုဒိတာ၏ လက္ခဏာ စသည်နှင့် ပွားပုံ** သူတပါး၏ စည်းစိမ်ဥစ္စာကို ဝမ်းမြောက်နှစ်သက်ခြင်း လက္ခဏာ၊ မငြူစူခြင်းကိစ္စရသ၊ သူတပါး စည်းစိမ်၌ မမွေ့လျော်ခြင်းကို ဖျက်ဆီးခြင်း ပစ္စုပဋ္ဌာန်၊ သူတပါး စည်းစိမ်ကို ရှုမြင်ခြင်း ပဒဋ္ဌာန်ရှိသည်။ မုဒိတာလည်း သာမည ဝိသေသ ၂-မျိုးရှိရာ ဝိသေသ မုဒိတာကို ပွားလိုသောသူသည် ပြည့်စုံနေသော စားဖော်သောက်ဖက် အလွန်ချစ်သူကိုသော်

ရင်း၊ ချမ်းသာ ပြည့်စုံနေသော ချစ်အပ်သူကိုသော်ရင်း၊ "ဤသူသည် ချမ်းသာရိပ်ငြိမ် စည်းစိမ်ခံလျက် ပျော်ရွှင် ချမ်းသာစွာ နေရပေစွ၊ ကောင်းမြတ်ပေစွ"ဟု အဖန်ဖန်ပွားအပ်၏။ ယခု ဆင်းရဲနေရစေကာမူ ယခုဘဝ ရှေ့နောက် မဇ္ဈတ္တဝေဒီတို့၌ ပွား၍ **သီမသမ္ဘေဒ လက္ခဏာ** သို့ ရောက်စေရသည်။ အပွနာစျာန်ရလျှင် ပြဟ္မာ့ပြည်ရောက်တော့၏။

**သာမည မုဒိတာ ၆-ပါး** အထက်လက္ခဏာသို့ မရောက်သော်လည်း တွေ့ကြုံ ဆုံဆည်း ရသမျှ ပုဂ္ဂိုလ်များဝယ် မျက်မှောက် မျက်ကွယ်တို့၌ ချမ်းသာသူများကို ဝမ်းသာသော ကိုယ် နှုတ် စိတ်အမူအရာ ၆-ပါးသည် သာမည မုဒိတာမည်၏။ ကာမသုဂတိ ချမ်းသာများ ခံစားရရှိနိုင်ပေသည်။

**မျက်မှောက်မုဒိတာ ၃-ပါး** ချမ်းသာနေသော မိတ်ဆွေ၏ မျက်မှောက်၌ ဝမ်းသာစိတ်ဖြင့် ကူညီဆောင်ရွက်ခြင်း ကာယကံမုဒိတာ၊ အတူတကွနေ၍ စီးပွားရေး ကြီးပွားရေးစသည်ကို မေးမြန်းခြင်း ဝစီကံမုဒိတာ၊ ပြည့်စုံနေသူကို တွေ့သောအခါ ကိုယ်နှုတ်မပါသော်လည်း "မောင်ကျော် ဤစည်းစိမ်မှ မဆုတ်ယုတ်ပါစေနှင့်" ဟု ပွားများခြင်း မနောကံ မုဒိတာဟု ၃-ပါး ရသည်။

**မျက်ကွယ် မုဒိတာ ၃-ပါး** ချမ်းသာသူမိတ်ဆွေသည် တခြားသွား၍ ထားခဲ့သော ဥစ္စာကို သိမ်းထားခြင်း ကာယကံ မုဒိတာ၊ အခြားသူများအား ငါ့မိတ်ဆွေ မောင်ကျော်သည် ကံဉာဏ် ဝီရိယများပြည့်စုံ၏ စသည်ကို ပြောခြင်း ဝစီကံမုဒိတာ၊ ယင်းကို အောက်မေ့လျက် "မောင်ကျော်သည် ရပြီး စည်းစိမ်များမှ မဆုတ်ယုတ်ပါစေနှင့်"ဟု ပွားများခြင်း မနောကံ မုဒိတာဟု ၃-ပါးပင်ရသည်။ (အပြား ၁၃၂-ပါး ပင်တည်း)

**ဥပေက္ခာ၏ လက္ခဏာ စသည်နှင့် ပွါးများပုံ** သတ္တဝါတို့၌ အလယ်အလတ် သဘောရှိသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာ၊ ညီမျှသည်၏ အဖြစ်ကိုသာ ရှုခြင်း ကိစ္စရသ၊ မုန်းချစ်ကို ငြိမ်းစေခြင်း ပစ္စုပဋ္ဌာန်၊ ကံသာလျှင် မိမိဥစ္စာရှိသည်၏ အဖြစ်ကို ရှုခြင်း ပဒဋ္ဌာန်ရှိသည်။ ဥပေက္ခာသည်လည်း သာမည ဝိသေသ ၂-မျိုး ရှိရာ ဥပေက္ခာကို ပွားလိုသော်—

မေတ္တာကရဏော မုဒိတာတို့တွင် တပါးပါး၌စတုတ္ထစျာန်ကိုအဖန် ဖန်လေ့လာ ဝင်စားပြီးမှ မေတ္တာစသော ရှေ့၃-ပါး၏ အပြစ်ကို သောမနဿနှင့် ယှဉ်၍ လျှပ်ပေါ် လော်လီခြင်းကြောင့် ကြမ်း ကုန်သည်။ သတ္တဝါများအပေါ် မြတ်နိုးခြင်းနှင့်ယှဉ်၍ ချစ်မုန်းခြင်း တို့၏ အနီး၌ ကျင်လည်ကြသည်ဟု ဆင်ခြင်ပြီး၊

**ဥပေက္ခာ**၏ အကျိုးကိုလည်း ငြိမ်သက်စွာ ဖြစ်ခြင်း သဘော ရှိ၍ သိမ်မွေ့မွန်မြတ်သည်။ ကိလေသာတို့မှလည်း ဝေး၍ အလွန်ပြန့် ပြောသောအကျိုးလည်း ရှိ၏ဟု ဆင်ခြင်ကာ—

**မဇ္ဈတ္တပုဂ္ဂိုလ်** ကို ရှေးဦးစွာ အာရုံပြုလျက် "ဤသူသည် သူပြုဘူးသောကံဖြင့် ရှေ့ဘဝမှ လာခဲ့ရ၍ နောက်ဘဝသို့လည်း သွားရပေမည်။ ငါကိုယ်တိုင်လည်း ဤအတိုင်းသာဖြစ်၏။ ငါ၏ လုံ့လဝီရိယဖြင့် သူ့ချမ်းသာကို ဆောင်ဘို့၊ သူ့ဆင်းရဲကိုပယ်ဘို့ မရကောင်းပေ။ မှန်လှ၏။ ဤသူသည် ကံသာလျှင် ကိုယ့်ဥစ္စာရှိ ပေစွတကား"ဟု အဖန်ဖန်ပွားအပ်သည်။ ထို့နောင် ပိယ အတိ ပိယ ဝေရီပုဂ္ဂိုလ်တို့လည်း အစဉ်အတိုင်းပွား၍ အတ္တ ပိယ မဇ္ဈတ္တ ဝေရီပုဂ္ဂိုလ်၄-မျိုးတို့၌ **သီမသမ္ဘေဒ**ပြုလျက် ပဥ္စမစျာန်သို့တက်၍ ဖြတ်ဘွ့ပြည်ရောက်တော့သည်။

**သာမည ဥပေက္ခာ ၆-ပါး** အထက် လက္ခဏာသို့ မရောက်သော် လည်းတွေ့ကြုံဆုံဆည်းရသမျှ ပုဂ္ဂိုလ်များ၊ ကြွင်းပုဂ္ဂိုလ်များဝယ် မျက်မှောက် မျက်ကွယ်တို့၌ "ကမ္မဿကာ-ကံသာ ကိုယ့်ဥစ္စာပေဘဲ" ဟု ပြုမူပြောဆိုပွားများသော ကိုယ် နှုတ် စိတ်အမှုအရာ ၆-ပါးသည် သာမညဥပေက္ခာ မည်သင့်ရာပါ၏။ ကာမသုဂတိ ချမ်းသာ ပင်တည်း။ (သာမည-ဥပေက္ခာ ၆-ပါးကို ဆရာမြတ်တို့ မပြကြပါ။ သင့် ဖွယ်ရာထင်၍ ပြလိုက်ပါ၏။ သဘောကျသလို ယူဆနိုင်ကြပါစေ)အပြား ၁၃၂-ပါးပင်။

**ဘာဝနာပွားရန် အားအဆင့်ရ ဗုဒ္ဓဒေသနာတော်** လုံထိုး ခံရသူ ခေါင်းမီးလောင်နေသူ များလို သံသရာဘေးရှုသူသည် လက် ရှိ ခန္ဓာ ၅-ပါး၌ ဝေါဟာရစွဲမှားမှုကို ပယ် ဘို့ရာ သတိလောက်လုံ ပြည့်စုံနေရမည်။ (သဂါထာဝဂ္ဂ သံ၊ ပါ—၁၂) သတ္တဝါအားလုံး သေရကုန်မည်။ မှန်လှ၏။ အသက် ရှင်နေခြင်းသည်

သေခြင်းလျှင် ဆုံးကြရသည်။ သတ္တဝါအားလုံး ကံအားလျော်စွာသာလျှင် ကောင်းကျိုးဆိုးပြစ်များ ရသွားကြရကုန်မည်။ မကောင်းမှု ပြုသူများအတွက် ငရဲ။ ကုသိုလ်ရှင်များမှာ နတ်ပြည်သာတည်း။(သဂါထာဝဂ္ဂသံ၊ ပါ–၉၈)

ကောသလမင်းမြတ်၊ကျယ်ပြန့်မြင့်မား ကျောက်တောင်ကြီးများသည် မိုးလုံးထိကာ ၄-မျက်နှာမှ သတ္တဝါများကို တိုက်ချေရန် အစဉ် လိမ့်လာကြသလို အို နာ သေရေး ဒုက္ခဘေးများ သည်လည်း သတ္တဝါများကို လွှမ်းမိုးနှိပ်စက်ရန် လာနေကြသည်။ မင်းနှင့် ပုဏ္ဏား ကုန်သည်များနှင့် ဒွန်းစဏ္ဍား သူဆင်းရဲ မျက်နှာမွဲ အမှိုက်ကျုံးအားလုံး မလွတ်ရအောင် လွှမ်းမိုးနှိပ်စက်မည်သာတည်း။

ထိုကိစ္စဝယ် ဆင် မြင်း ရထား ခြေလျင်အားဖြင့် စွမ်းပကားလှင့်ထူ စစ်တိုက်ယူခြင်းအားဖြင့်၎င်း၊ ရွှေငွေ ဥစ္စာ ရတနာများ လက်ဆောင်ပါးခြင်းဖြင့်၎င်း မအောင်နိုင်သည်သာ ဖြစ်ခြင်းကြောင့် ကိုယ့်ကျိုး စီးပွားလိုလားမြော်မြင် ပညာရှင်သည် ဘုရား တရား သံဃာများဝယ် ထင်ရှားသဒ္ဓါ တည်စေရာ၏။

ကိုယ် နှုတ် နှလုံး တရားသုံးသူ များဗိုလ်လူကို ယခုဘဝ ယခုကပင် ဗုဒ္ဓလုံးစုံ ချီးပကုန်၏၊ ကုန်ကုန်ပြောမည် သေ နတ်ပြည် ယုံကြည်စိတ်ချကြပါစေ။ (သဂါထာဝဂ္ဂ သံ၊ ပါ–၁၀၂)

## မာရ်နတ် အမေး ဝဇီရာဘိက္ခုနီ အဖြေ

ဤသတ္တဝါကို ဘယ်သူဖြစ်စေသနည်း။

သတ္တဝါကိုပြုလုပ်သူ ဘယ်သူနည်း။

ဘာ့ကြောင့် ဤသတ္တဝါဖြစ်လာပြီး၊ ဘာ့ကြောင့် ချုပ်သနည်းဟု မေးသော် ဟယ်–မာရ်နတ်၊ ဘာကို သတ္တဝါလို့ သင် ယုံကြည်သနည်း၊ သင့်မှာ အယူမှားဖြစ်လေပြီ။ ဤသတ္တဝါဆိုတာ ဖြစ်ပျက်သင်္ခါရ အစုအပုံသာပါ။ ဤသင်္ခါရအစုအပုံဝယ် သတ္တဝါရယ်လို့ မရနိုင်ပါ။

ဘီး ဝင်ရိုး စတဲ့ အစိတ်အစုတွေ ပေါင်းထားမှုကြောင့် ရထားရယ်လို့ ပြောဆိုရသလို၊ ရုပ် ဝေဒနာ စသော အစုများ ထင်ရှားလာကုန်လျှင်

သတ္တဝါဘဲလို့ ပြောဆိုရသည်။ မှန်လှ၏။ အစုခန္ဓာ ၅-ခု ဆင်းရဲမှုသည်သာ ဖြစ်၍ တည်ပြီး ပျက်လည်း ပျက်ရသည်။အစု ၅-ခု ဆင်းရဲမှုမှတပါး အခြား ဘာတရားမျှ ဖြစ်လည်း မဖြစ်၊ ချုပ်လည်း မချုပ်ပေဟု ပြန်ဖြေသည်။ (သဂါထာဝဂ္ဂ သံ၊ပါ-၁၃၆)

## ကြောင်းကျိုးဖော်လျက် တိုက်တွန်းချက်

ဘုရားသာသနာတော်၌ ဘာဝနာအလုပ်ကို အားထုတ်ကြပါ။ ဝဋ်မှလွတ်ကြောင်း အားထုတ်မှုကို ပြုကြပါ။ ဘာဝနာနှင့်ယှဉ်သော ကြိုးစားမှုပြုကြပါ။ ကျူထရံအိမ်အိုကြီးကို ဆင်ပြောင်ကြီး ဖျက်ဆီးသလို သေမင်း၏ စစ်သည်တပ်ရင်းကို ချေနင်းဖျက်ဆီးကြပါကုန်။

ဤသာသနာတော်၌ တရားအမှန် ဇွဲစိတ်သန်လျက် ကျင့်ကြံနေသူသည် မွေးသေညည်းရာ သံသရာကို မှန်စွာကေန် ပယ်တွန်းလှန်၍ နိဗ္ဗာန်သောင်ကမ်း အောင်မြို့နန်းကို ကြမြန်းနိုင်ပေလိမ့်မည်တည်း။(သ၊ သံ၊ပါ၊ ၁၅၈)

သို့သော် ဆင်းရဲလွတ်ရန် ဤနိဗ္ဗာန်ကို ပေါ့ပေါ့ကလေးနှင့်ကား မရနိုင်။ဝီရိယပြိန်ဖျင်း ဇွဲစိတ်ကင်းလျှင်လည်း မရနိုင်။ (သ၊သံ၊ပါ၊၄၄၆)ထို့ကြောင့် ကိလေသာအမှုကို ဘာဝနာမီးဖြင့် တိုက်ကြပါ။ ချစ်သားချစ်သမီးတို့၊မေ့လျော့ကင်းဘိ သတိရှိကြပါ။သေခါနီးလျက် မသက်မသာမဖြစ်ကြပါကုန်လင့်။

ဤစကားသည် သင်ချစ်သား ချစ်သမီးတို့အတွက် ခုရော နောင်ပါ တသံသရာလုံး နိဗ္ဗာန်ဆုံးထိ ကောင်းကျိုးရှိအောင် သဘိပေးငြား ဆုံးမစကားပင်တည်း။ (သဠာယတနဝဂ္ဂသံ၊ ပါ၊၃၄၇)

## အပစာယနဆိုင်ရာသိဖွယ်

**လာဘ်မငဲ့မှု အပစာယန** လာဘ်အာမိသကို မတောင့်တဘဲ ရတနာ ၃-ပါး မိဘဆရာသမား မိကြီး မိထွေး ဘကြီး ဘထွေး စသူတို့၌၎င်း၊ဂုဏ်အရွယ်ကြီးသူဟူသမျှတို့၌၎င်း၊ ကိုယ်နှုတ်တို့ဖြင့် မိမိကိုယ်ကိုနှိမ်ချကြောင်းပြကာ ထိုက်သင့်သည်အားလျော်စွာ ခရီးဦးကြိုဆို၊အရိုအသေပြု၊ ဝတ်ကြီးဝတ်ငယ်ပြုခြင်းနှင့်တကွ လက်အုပ်ချီမိုး ရှိခိုးခြင်းစသော စေတနာသည် အပစာယနမည်၏။

**အကျိုးအပြစ် ရှာဖွေ စစ်သော်** ဤကုသိုလ်ကြောင့် မင်းပုဏ္ဏားစသော အမျိုးမြတ်၌ဖြစ်၍ ထိုသို့ ပြုထိုက်ပါ လျက် မပြုလျှင် ဒွန်းစဏ္ဍား ပန်းမိုက်သွန်စသော အမျိုးယုတ်၌ ဖြစ်ရသည်။ ဤကိုရည်၍“မရှိမသေ မျိုးယုတ်ချေ ရှိသေ မျိုးမြတ်သည်”ဟု မိန့်ဆိုကြ ၏။ (မ၊၃၊စူဠကမ္မဝိဘင်၊ပါ)ငယ်သူများ ကြီးသူအနီးအပါးသို့ သွားလျှင် ကုန်းကွ ကိုင်းရှိုင်းလျက် ရိုသေသော အမူအရာ ပြုသင့်ကြသည်။

ဝိသေသ သာမည ၂-မျိုးရှိရာ သာသနာတွင်း၌ သဒ္ဓါရှိသူများသာ ဝိသေသ အပစာယန ရကြသည်။ သာသနာတွင်းဖြစ်သော်လည်း မသဒ္ဓါ သူများ၊ သာသနာပပုဂ္ဂိုလ်များမှာ သာမညသာ ရနိုင်၏။

**ဗုဒ္ဓထောမနာ ၃-ဂါထာပါဌ် မြန်မာ**

သက္ကာ သမုဒ္ဒေ ဥဒကံ၊ ပမေတုံ အာဠ္ဟကေန၀ါ။
နတ္တေဝ တ၀ သဗ္ဗညု၊ ဉာဏံ သက္ကာ ပမေတဝေ။

သိဘ္ဘိုရာမှန် အကျန်မရှိ သိတော်မူသော အို–မြတ်စွာဘုရား၊ ယူဇနာ ပေါင်း ရှစ်သောင်း နှစ်ထောင် နက်ကျယ်ဆောင်နှင့် **သမုဒ္ဒရာ ၄-စင်း** ရေကို ပြည်ခွက်ကွန်းစား ပိုင်းခြားခြင်လျက် ရေတွက်ဘိုရာ တတ်ကောင်း ပါလည်း အရှင့်ဉာဏ်တော် စိန္တေယျော်ကို မြော်ခေါ်ပိုင်းခြား မတတ် ကောင်းတော့ပါဘုရား။

ဓာရေတုံ ပထဝိံ သက္ကာ၊ ဌပေတွာ တုလမဏ္ဍလေ။
နတ္တေဝ တ၀ သဗ္ဗညု၊ ဉာဏံ သက္ကာ ဓရေတဝေ။

သိဘ္ဘိုရာမှန် အကျန်မရှိ သိတော်မူသော အို–မြတ်စွာဘုရား။ ၂-သိန်း ၄-သောင်း ထုပေါင်းယူဇနာ **ဤမြေမဟာကို** စဉ်းချိန်ခွင်ဝယ် အသာ တင်လျက် ချိန်စက်ခြင်းငှာ တတ်ကောင်းပါလည်း အရှင့်ဉာဏ်တော် စိန္တေယျော်ကို မြော်ခေါ်တင်လျက် ချိန်စက်ခြင်းငှာ မတတ်ကောင်း တော့ပါဘုရား။

အာကာသော မိနေတုံ သက္ကာ၊ ရဇ္ဇုနာ အင်္ဂုလေနဝါ။
နတ္တေဝ တ၀ သဗ္ဗညု၊ ဉာဏံ သက္ကာ မိနေတဝေ။

သိဘ္ဘိုရာမှန် အကျန်မရှိ သိတော်မူသော အို–မြတ်စွာဘုရား။ ဆုံးစ မထင် **ဤကောင်းကင်** ကို အမျှင်ကြိုးဝါး လက်သစ်များဖြင့် ပိုင်းခြား

တိုင်းတာ တတ်ကောင်းပါလည်း အရှင့်ဉာဏ်တော် စိန္တေယျဪကို မြော်ခေါ် ဆောင်နှင်း တိုင်းတာခြင်းငှာ မတတ်ကောင်းတော့ပါဘုရား။

ဤ ၃-ဂါထာ ပါဠိ မြန်မာကို အခါခါရွတ်ဆိုပူဇော်ခြင်း အပစာယန ကုသိုလ်မင်္ဂလာဖြင့် မကြံစည်အပ် မကြံစည်နိုင်သော ဘုရားရှင်အား ကြည်ညိုပူဇော်သူ၏ အကျိုးသည်လည်း မကြံစည်နိုင် ပြည့်ဖြိုးခိုင်မာသည် သာတည်း။ တရားသံဃာကြည်ညိုရာ၌လည်းနည်းတူပင်။ (အပဒါန်–ပါ)

**နတ်များစွာစု ရှိခိုးမှု ခံရအနေကဝဏ္ဏ** သိကြားမင်းကဲ့သို့ အဆင်းသဏ္ဌာန် ခြံရံပေါ်များ အနေကဝဏ္ဏနတ်သားကို တာဝတိံသာရောက် အရှင်မောဂ္ဂလာန်က "တာဝတိံသာ နတ်များသည် အညီအညွတ် လာကုန်၍ သင့်အား ရှိခိုးကြသည်။ ကျော်စောခြံရံ ဘုံဗိမာန်အားလုံး သင်နှင့်တူသူမရှိ။ သာဘိုးရာမဆိုသာ။ ဘယ်ကောင်းမှု ကြောင့် ဤစည်းစိမ်ကို ရဘိသနည်း" ဟု မေးသော်—

**စေတီရှိခိုး အကျိုးရည်မြော် နိဗ္ဗာန်ဆော်ခဲ့** လွန် ခဲ့သော ကမ္ဘာ ၃-သောင်း ထက် သုမေဓာဘုရားစေတီကို သဒ္ဓါလေးမြတ် မပြတ်ရှိခိုးခဲ့ပါသည်။ ဆင်းရဲ၍ ဒါနမပြုနိုင်ခဲ့ပါ။ အခြားသူများကိုလည်း ရှိသေမြတ်နိုး ရှိခိုးကြဘို့ နတ်ပြည် ရောက်နိုင်ကြောင်း အကျိုး ဖော်ပြ နိဗ္ဗာန်ဆော် ပြုခဲ့ရပါသည်။ ဤ ကောင်းမှုကြောင့် အပါယ်ကို မဆိုထားဘိ၊ လူ နတ် ဆင်းရဲသော်မှ ကမ္ဘာ ၃-သောင်းလုံး တရံဘဆစ်မဖြစ်ဘူးပါ။ ယခုဘဝ အရှင်ဘုရား မြင်တော်မူတဲ့အတိုင်းပါဘဲ၊ အကျိုးပေးရန် များစွာလည်း ကျန်ပါသေးသည်" ဟု လျှောက်ထား၏။ (ဝိမာနဝတ္ထု–ပါ) ဤ စကားအရ စိတ်စေတနာ တော်သော နိဗ္ဗာန်ဆော်များ ဖြစ်နိုင်ကြပါစေ။

## ဝေယျာဝစ္စဆိုင်ရာ သိဖွယ်

**သဘောထားပြည့်ဝ ဝေယျာဝစ္စ** အပစာယန၌ပြခဲ့ပြီးအတိုင်း ရတနာ၃-ပါး မိဘ ဆရာ စသော ပုဂ္ဂိုလ်များနှင့် ဩဒ့်သည် ခရီးသွား သူအိုသူနာ သီတင်းသုံးဖော် ကြီးငယ် ရပ်ရွာ နယ် ပယ်အားလုံးတို့ဝယ် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကိုယ့်ကိစ္စလို သဘောထား

၍ ကြောင့်ကြခြင်းသို့ရောက်လျက် စင်ကြယ်ပြည့်ဝသော စိတ်ထားကာ ကိုယ်နှုတ်တို့ဖြင့် အားထုတ်ခြင်းသို့ ရောက်လျက် စင်ကြယ်ပြည့်ဝသော စိတ်ထားကာ ကိုယ်နှုတ်တို့ဖြင့် အားထုတ်ခြင်းသည် ဝေယျာဝစ္စ မည်သည်။ သာမည ဝိသေသ ၂-ပါးပင် ရကောင်း၏။

**၉၁-ကမ္ဘာ ချမ်းသာပြည့်ဝ အရှင်သဥ္ဇယ** လွန်ခဲ့သော ၉၁-ကမ္ဘာ ထက်ဝယ် ရတနာ ၃-ပါး၏ ဝေယျာဝစ္စအမှုကြီးငယ်ကို ဆောင်ရွက်ခဲ့သောကြောင့် ၉၁-ကမ္ဘာ အပါယ်မကျ ချမ်းသာပြည့်ဝပြီး ယခုဘဝ သဥ္ဇယမထေရ်ဖြစ်လာသည်ဟု မိန့်၏။ (သဥ္ဇယထေရာ-ပါ) ပြုဖွယ်တို့ကား စေတီယင်္ဂဏဝတ်၊ဗောဓိယင်္ဂဏဝတ်၊ ဓမ္မစေတီယင်္ဂဏဝတ်(စာအုပ်၊ ပေစာတုပ် စသည်များကို သုတ်သင်သန့်ရှင်းစေမှု)သေနာသနဝတ်၊ အာစရိယဝတ်၊မိဘဝတ်စသည်ဖြင့် များလှရာ စွမ်းနိုင်သမျှ ပြုသင့်ကြသည်။

**သံဃာ ၉-သိန်းနှင့် အမတ် ၂-ဦး** လွန်ခဲ့သော ၉၂-ကမ္ဘာ ဖုဿဘုရား လက်ထက် ကာသိပြည် ဇယသေနမင်းကြီး၏သား မင်းသား ၃-ဦးသည် ဖတ္ထုမိကွဲ ဖုဿဘုရားရှင်နှင့် သံဃာ ၉-သိန်းအား ကျောင်းဆောက်လှူ၍ တဝါတွင်းလုံး ပြုစုလှူဒါန်းသည်။ နိယုတ္တက(အမှုဆောင်) အမတ်နှင့် ဘဏ္ဍာစိုး အမတ် လင်မယားတို့ကား တသိန်း ၂-သောင်းသော အလုပ်သမားများကို ဦးစီးလျက် စီမံဆက်ကပ်ရသည်။

**စေတနာ ဖြူမှ ကောင်းကျိုးရ** ခေါင်းဆောင် ၃-ဦးနှင့် ၃-သောင်း ၆-ထောင်သော အလုပ်သမားများသာ သဒ္ဓါစေတနာ ပါ၍ လုပ်ကျွေးကြသဖြင့် ၉၂-ကမ္ဘာ အပါယ်မကျ လူနတ်ချမ်းသာများရသည်။ ငါတို့ဘုရား လက်ထက်တော်တွင် အမှုဆောင် အမတ်သည် ဝေဠုဝန်ကျောင်းဒကာ ရာဇဂြိုဟ်ဘုရင် ဗိမ္ဗိသာရဖြစ်လာ၍ ဘဏ္ဍာစိုးသည် အနာဂါမ် ဝိသာခသူဌေးကြီး၊ ဘဏ္ဍာစိုးကတော်သည် ဓမ္မဒိန္နာ သူဌေးကတော်ဖြစ်၊ ဘိက္ခုနီပြု၊ ရဟန္တာ ဖြစ်လာသည်။ ကြွင်းသော အလုပ်သမားများလည်း မှူးမတ်ပရိသတ်ဖြစ်၍ သောတာပန်ဖြစ်ကြ၏။ ၇-သောင်း ၄-ထောင်သော အလုပ်သမား အားလုံးမှာမူ ပြိတ္တာများ ဖြစ်ကြသည်။(ဓမ္မပဒ၊ဋ္ဌ။)

## ပတ္တိဒါနဆိုင်ရာ သိဖွယ်

ဒါနခန်း အမျှဝေခန်းများ၌ အကျယ်ဆိုအပ်ခဲ့ပြီးပေပြီ။

## ပတ္တာနုမောဒနဆိုင်ရာ သိဖွယ်

**အနုမောဒနနှင့် ပတ္တာနုမောဒန** အမျှပေးအပ်သော ကုသိုလ်အဖို့ကို ဝမ်းသာမှ ပတ္တာနုမောဒနာဖြစ်၍ အမျှမဝေသော ကုသိုလ်ကို ဝမ်းမြောက်မှုကား အနုမောဒနသာ မည်သည်။ ရထိုက်သမျှအကျိုးကား ရသည်သာတည်း။ အမျှရ၍ ကျွတ်လွတ်ချမ်းသာရပုံ ပြပြီး သာဓကများအရ ထင်ရှားပြီ။

သဒ္ဓမ္မံ ဒေသနာ ကာလေ၊ သာဓု သာဓုတိ ဘာသတော။
မုခတော ဇာယတေ ဂန္ဓော၊ ဥပ္ပလံဝ ယထောဒကေ။

သူတော်တရား၊နာလေငြားဝယ်၊စေတနာကြွယ်လျှ၊ကောင်းလေ့စွဟု၊ ဆိုရ ခံတွင်း၊မွှေးကြိုင်သင်းသည်၊ရေတွင်း ကြာညိုပန်းသို့တည်း။(အံ၊ဌ)

ထိုကိုထောက်၍ ကောင်းမှုရှင်များ၏ ကုသိုလ်များကို မြင်ရ ကြားရ တိုင်း စိတ်စေတနာပါပါဖြင့် မုဒိတာရောက် ဝမ်းမြောက်နုမော် သာဓု ခေါ်နိုင်ကြပါစေ။ ဘုရားသားတော် မိမိတို့သံဃာတော်များ အရတော် ကြလု၏။ ဣဿာမစ္ဆရိယ ထူထဲသူများသည် သူတပါးဂုဏ်ကို မပြော နိုင်ကြသလို သူတပါး ကုသိုလ်ကိုလည်း ဝမ်းမသာနိုင်ကြပါ။)

ကောသလမင်း၏ မိဖုရားငယ်၏ ယောကျ်ား ရဟန်းတပါးသည် ဘုရားတရားတော်ကို သာဓုခေါ်ဘူးသောကြောင့် ခံတွင်းကြာညိုနံ့သင်း၏။ လင်ယောကျ်ား ရဟန်းပြုသွားမှ ကျန်မယားကို ကောသလမင်းက မိဖုရားငယ်အဖြစ် ဆက်ယူသည်။ (ဓမ္မပဒ၊ ဌ-စသည်)

**ဒါန ကုသိုလ်၌သာ ဤ ၂-ပါးထင်ရှားသည်** ပတ္တိဒါန ပတ္တာနုမောဒနကုသိုလ် ၂-ပါးသည် ဒါန ကုသိုလ်၌သာ ထင်ရှားသည်။ မှန်လှ၏။ ဝိသာခါသည် ပုဗ္ဗာရုံကျောင်းကြီး လှူပြီး သူငယ်ချင်းမများအား အမျှဝေရာ သူငယ်ချင်းမ တဦး အထူး ဝမ်းမြောက်ပြီး သာဓုခေါ်သောကြောင့် တာဝတိံသာနတ်သမီး

ဖြစ်၏။ ဤသို့ တမလွန်ကျိုး ရသလို နတ်များ၊ ပြိတ္တာများ၊ ဝေမာနိက ပြိတ္တာများနှင့် ဝိနိပါတိက အသူရာတို့မှာ မျက်မှောက် ကျိုးပင် ရကြသည်။

## မမ္မသဝနဆိုင်ရာ သိဖွယ်

**စိတ်ထားကောင်း၍ တရားနာ** မိမိအတွက် လောကီ လောကုတ္တရာ ၂-ဖြာအကျိုး တိုးပွားစေမည်ဟု ရည်၍ တရားနာကြောင်း စေတနာသည် ဓမ္မသဝနကုသိုလ်ဖြစ်၍ အကျိုးများသည်။ သဒ္ဓါတရားရှိသူဟု ထင်ရှားလိုသူများ၊ ဒေါသ ရှေ့ဆောင် မာန ထောင်လျက် နောင်အခါ သူများကိုနှက်မည်ဟု လက်နက်ပြုလိုသူများမှာ အကျိုး မများပေ။ (ဒီ၊ ၃၊ ၄၅) စာပေပရိယတ္တိ သင်ကြားသူများလည်း အလားတူ စိတ်ကောင်းထားအပ်သည်။ အပြစ်ကင်းသော စာရေးအတတ် ဂဏန်းအတတ် သင်ယူခြင်းစသည်များလည်း ဓမ္မသဝနကုသိုလ်ပင် မည်သည်။ (ဋီကာဆရာများ)

## စာသင်နည်း ၃-မျိုး

**မြွေဆရာပမာ စာသင်နည်း** မြွေဖမ်းပြီး ပိုက်ဆံ ရအောင်ပြ၊ အပြအဆင်မသင့်ချိန် သူ့မြွေ၏ အကိုက်ခံရသည်။ ထို့အတူ လာဘ်ပူဇော်သကာ ကျော်စောမှုရအောင်၊ အများအပေါ် ဒေါသရှေ့ဆောင် မာနထောင်လျက် ထိုးနှက်ခွင့် ရအောင် စာသင်ခြင်းများတည်း။ အပါယ်ကျမည့်သူများ ဖြစ်၍ ဤလို စာသင်ခြင်းမျိုးထက် အိပ်နေခြင်းက အကျိုးရှိပေမည်။

**ဝဋ်မှလွတ်အောင် စာသင်နည်း** ကျင့်ကြံအားထုတ်လိုမှု မဂ်ဖိုလ်နိဗ္ဗာန်ကိုရလိုမှုဖြင့် သင်ကြားခြင်းတည်း။ မိမိတို့အဘို့ ဤသို့သောနည်းမျိုး ရည်ရွယ်ချက်မျိုးဖြင့် သင်ကြားသင့်သည်။

**ဘဏ္ဍာစိုးပမာ စာသင်နည်း** မိမိတာဝန်ရှိသော ရွှေ ငွေ ရတနာ ဥစ္စာများ မပျောက်ပျက်အောင် သတိဆောင် ထိန်းသိမ်းရသော ဘဏ္ဍာစိုးနည်းတူ ပရိယတ္တိသာသနာ သူတော်ကောင်းတရား ရတနာများ အစဉ်အဆက် မပျောက်ပျက်အောင် (လက်ဆင့်ကမ်း) ဆောင်ရွက်ပို့ချ အားထုတ်ခြင်းများတည်း။ ရဟန်းကိစ္စပြီး၊ ရဟန္တာကြီးများ စာသင်နည်း ဖြစ်သည်။

## တရားနာ ပုဂ္ဂိုလ် ၃-မျိုး

**အဝကုဇ္ဇ ပညပုဂ္ဂိုလ်** တရားနာစဉ် အစ အလယ် အဆုံး ၃-ပါးလုံး မသိ နားမလည်၊ ထသွားသောအခါ ဝေလာဝေး၊ ဤပုဂ္ဂိုလ်ကား မှောက်ထားသောအိုးပမာ ပညာရှိသော တရားနာ ပုဂ္ဂိုလ် မည်သည်။

**ဥစ္ဆင်္ဂပညပုဂ္ဂိုလ်** တရားနာနေစဉ် စလယ်ဆုံး ၃-ပါးလုံးကို သိသော်လည်း ထသွားလျှင် မေ့သွားသူကား ခါးပိုက်ပမာ ပညာရှိသော တရားနာ ပုဂ္ဂိုလ်မည်၏။

**ပုထုပညပုဂ္ဂိုလ်** တရားနာစဉ် ၃-ပါးလုံးကို သိသလို ထသွားလျှင်လည်း မမေ့သူကား မြေကြီးထုပမာ ပညာရှိသော တရားနာ ပုဂ္ဂိုလ်ဖြစ်တော့သည်။ဤလိုသာ ဖြစ်သင့်၏။(တိ၊အံ၊ပါ)

**တရားနာ၍ ငရဲမကြီးစေသင့်** သီချင်း ကွက်စိပ် စာပြောများလို တရားဟောသူ၏ အသံကို သာယာနှစ်သက်၍ သာဓုခေါ်လျှင် ရာဂ၊ မရိုမသေ တရားနာလျှင် ဒေါသဖြစ်တတ်ကြရာ (သဂါထာဝဂ္ဂသံ၊ဋ္ဌ) ထိုကဲ့သို့ မဖြစ်ကြစေဘဲ တရားတော်၏ စလယ်ဆုံး ၃-ပါးလုံးအနှစ်သာရရှိပုံ၊ထုံးနည်းလမ်းဟောင်း ကောင်းပုံများကို အာရုံပြု၍ သာဓုခေါ်ကြရာသည်။

**မုချ တရားနာသင့်ချိန်** သာယာတပ်မက်ဖွယ်အာရုံကို တွေ့၍ရာဂမီး၊မုန်းဖွယ်ကိုတွေ့၍ ဒေါသမီး၊ ရတနာ၃-ပါးစသည်၌ ယုံမှားမှု စိတ်မငြိမ်သက်မှု မောဟမီးများလောင်လာလျှင် တရားတော် တည်းဟူသော ရေစင်အေးဖြင့် ယင်းမီးများကို ငြိမ်းသတ်ရမည်။ (မင်္ဂလသုတ်၊ဋ္ဌ)ယင်း၌ိကာဆရာကား လူများ မမေ့လျော့ရလေအောင် ငါးရက် တကြိမ်ပင် တရားနာသင့်သည်ဟု မိန့်သည်။

**တရားနာခြင်း လက်ငင်းကျိုး ၅-ပါး** မကြားဘူးသည်ကိုကြားရ၊ကြားဘူးပြီးကို အသိရှင်းရ၊ယုံမှားပယ်ဖျောက်နိုင်ရ၊ မိစ္ဆာမကျ အယူဖြောင့်မတ်ရ၊ အကုသိုလ်ညစ်ကြေးမတင် ကြည်လင်သောစိတ် ဖြစ်ရခြင်းဟု တရားနာရကျိုး ၅-ပါး လက်ငင်းရသည်။(အံ၊ပါ၊ပဥ္စက)

**တမလွန်ကျိုးများစွာ တရားနာ** တရားမနာသူများ တမလွန်တွင် မိုက်မဲတွေဝေသူဖြစ်တတ်သလို တရားနာသူများ ပညာကြီးရသည်။ ထို့ကြောင့် "မမေးမမြန်း ဉာဏ်မြင်ကန်း၊ စုံစမ်းဉာဏ်ကြီးသည်"ဟု ဆရာမြတ်တို့ စပ်ဆိုကြ၏။ (မ၊၃၊ကမ္မဝိဘင်္ဂသုတ်၊ပါ)

ဘုရားတရားတော်သံနာခံစဉ် နွားကျောင်းသား၏ လှံတန်ထိုးမိ၍ **သေသော ဖား** နတ်သားဖြစ်ရ၏။အဘိဓမ္မာတရား နာဘူးသော **လင်းနို့သား** ၅၀၀-သည် အရှင်သာရိပုတ္တရာ၏ တပည့်ရဟန္တာများဖြစ်လာသည်။(ဘိ၊ ၁၊ဋ္ဌ) မဟာသတိပဋ္ဌာနသုတ်ကို နာရသော **ပင့်ကူမျက်ကန်း** တကောင်လူ့ဘဝရ၍ တောကျောင်း မထေရ်များ၏ တရားနာဘို့ အချိန်တန်ကြောင်း ကြေးကြော်သံ ၃-ကြိမ်ကိုမျှ ကြားရသော **သမင်လည်း** လူဖြစ်လာသည်။ (သီဟဠဝတ္ထု) ဤမျှ အကျိုးများ၏။

## ဓမ္မဒေသနာဆိုင်ရာ သိဖွယ်

**စက်မှု လက်မှု သင်ပေးခြင်းများလည်း** လာဘ်ပူဇော်သကာ ကျော်စောမှုစသည်များကို မငဲ့ဘဲ အကျိုး စီးပွားဖြစ်ရန် ညွှန်ကြား ဟောပြကြောင်း ဖြစ်သော စေတနာ တည်း။ အပြစ်ကင်းသော စက်မှုလက်မှု အတတ်ပညာများ သင်ကြားပေးမှုလည်း ဓမ္မဒေသနာပင်ဟု ဋီကာရှင်တို့ မိန့်ကြ၏။ "နောင်ခါငါ့ကို ပြန်ကြည့်ပါစေ"ဟု မမျှော်ဘဲ သားသမီးများအား လယ်ထွန်ကောက်စိုက် ဗိုင်းငင် ယက်ကန်းသင်ပြ ပေးမှုများလည်း ပါဝင်သည်။

## ဓမ္မကထိကများ ထားရမည့်စိတ်ထား ၅-မျိုး

**၁။ တရားစဉ်အတိုင်း ဟောအံ့** စိတ်ထား နူးညံ့အောင် အစအဆုံး အလှူဒါနစကား ဒါနကထာကိုဟော၍ စိတ်နူးညံ့ပြီးသူအား သီလစောင့်ဘို့ မခဲယဉ်းသောကြောင့် သီလကထာကို ဒုတိယ၊ ဒါန သီလ ၂-ပါး အကျိုးများပုံကိုပြခြင်းငှာ လူနတ်ချမ်းသာဆိုင်ရာတရား သဂ္ဂကထာကို တတိယ၊ လူနတ်ချမ်းသာများလည်း ဆင်းရဲပင်ပန်းမှုနှင့်တကွ ဖြစ်၏ဟု သိစေခြင်းငှာ ကာမဂုဏ်အပြစ်ပြတရား ကာမာဒီနဝကထာကို စတုတ္ထ၊သက်သာရာကိုမျှော်သူ သံဝေဂရှိသူတို့အား ကာမဂုဏ်မှ ထွက်မြောက်ကြောင်း ဖြစ်သော ရှင်ပြု ရဟန်းခံ သမထဝိပဿနာ မဂ်ဖိုလ်နိဗ္ဗာန်ဟူသောတရား နေက္ခမ္မအာနိသံသကထာကို ပဉ္စမ

ဘုရားရှင် ဟောကြားထားတော်မူသည်။ ဤ အစဉ်အတိုင်း ဟောအံ့ဟု ဓမ္မကထိကများ စိတ်ထားရမည်။

**၂။ ပရိသတ် အခြေအနေကို သိ၍ ဟောအံ့** သုတ္တန် အဘိဓမ္မာ သင့်ရာကိုကြည့်၍ရှင်း၊ ရာဂမီးလောင်နေသူအား အသုဘတရား၊ ဒေါသမီးနှင့် မေတ္တာ၊ သောကမီးနှင့် ကုန်တတ် ပျက်တတ်မှုနှင့် စပ်သော စကား၊ မောဟမီးလောင်နေသူအား ရတနာသုံးပါး စသည်များ၌ ယုံမှား ကင်းစေနိုင်သောတရားကိုရှင်း ဟောအပ်သည်။ လာဥုဒါယီမထေရ်လို မင်္ဂလာအရပ်၌ အမင်္ဂလာတရား မဟောကြားမိစေရ။ ကလေးငယ်ကို နို့တိုက်၊ ထမင်းဝါးခွံ့၊ နောက်မှ ထမင်းလုပ်ခွံ့ စသည်ပြုသလို တစတစ ယဉ်ပါးအောင် ဟောတတ်ရမည်။

**၃။ ကရုဏာ၌ တည်၍** ဟောအံ့။

**၄။ လာဘ်ပူဇော်သကာကို** မငဲ့ဘဲ ဟောအံ့။

**၅။ မိမိကိုယ်ကို** မချီးမြှောက် **သူတပါး**ကို မနှိမ်ချဘဲ ဟောအံ့။

ဤသို့ မဓမ္မကထိကများစိတ်ထား၍ ဟောရမည်။ (နောက် ၃-ပါးထင်ရှား၏။)

## တရားဟောကျိုး တန်ဖိုးမဖြတ်နိုင်

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ** အချင်းယုဇနာ တသန်း ၂-သိန်းသာသော စကြဝဠာတိုက်ဝယ် မြေအပြင်မှ အထက် အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင်အောင် အကြားမရှိ သိတင်းသုံး နေတော်မူကြသော ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ အရှင်မြတ်တို့အား—

၁။ ငှက်ပျောသည့်နှံ့ပမာ လွန်စွာနူးညံ့သော သင်္ကန်းများ၊

၂။ အလွန်မြတ်သော ခဲဘွယ် ဘောဇဉ်များ၊

၃။ ထောပတ်၊ပျားရည် စသော ဆေးပစ္စည်းများ၊

၄။ မဟာဝိဟာရ ကျောင်းကြီးနှင့် အလားတူကျောင်း၊ ကြေးပြာသာဒ်နှင့်အလားတူ ပြာသာဒ်၊ ထောင်ပေါင်းများစွာ ဤပစ္စည်း ၄-ဖြာကို လှူသည်ထက် ဂ-လုံးတပါဒ၊ ၄-ပါဒရှိသော ဂါထာ (အက္ခရာ ၃၂-လုံး)ကို ဟောခြင်း စသည်နှင့် စပ်သော ဓမ္မဒါနသည် အမြတ်ဆုံး အသာဆုံးသာ ဖြစ်သည်။

**ဆွမ်းတဇွန်းကိုမျှ မလှူနိုင်ကြ** ဘာ့ကြောင့်နည်း၊ ဟူမူ လှူနိုင်ကြသူဟူသမျှတို့သည် တရားတော်ကို နာကြားသိမှတ်ရသောကြောင့်သာ လှူနိုင်ကြ၏။ တရား မသိလျှင် ဆွမ်းတဇွန်းကိုမျှ မလှူနိုင်ကြပေ။ ထို့ကြောင့် ဒါနဟူသမျှကို ဓမ္မဒါနက အောင်နိုင်သာလွန်မြင့်မြတ်ပေသည်။

**ဥပဒေသနှင့် ဆန္ဒ** တရားဟောတော်မူကြပါ အရှင်ဘုရားတို့။ ပညာသခင်၊ တို့လူရှင်တို့၊ ဖြူစင်စိတ်စိုက်၊ တရားမြိုက်ရေ၊ ပေးငှဝေ၊ ရလေ အကျိုးမဆုံးတည်း။

## ဒိဋ္ဌိဇုကမ္မဆိုင်ရာ သိဖွယ်

**အယူမှားများ သနားဖွယ်ရာ** လှူဒါန်းပူဇော်ကျိုးမရှိ။ ကုသိုလ် အကုသိုလ်တို့၏ ကောင်းကျိုး ဆိုးပြစ်မရှိ စသော အယူများ၊ သက်ရှိသက်မဲ့ တလောကလုံးကို အစိုးရသူ ပြုပြင်၏။ ထာဝရဘုရားဖန်ဆင်း၏ စသော အယူများ၊ ကောင်းသော အာရုံများကို ဆုံဆည်းရမှုကြောင့်၊ ကောင်း-မကောင်းသော အာရုံများကို ဆုံဆည်းရမှုကြောင့် မကောင်းကျိုး ရသည်ဟု ကံကိုမဆင်ခြင် မျက်မြင်ကိုသာ ထင်ဟပ်စွဲလမ်းတတ်သော တဖက်ကန်း စသော အယူများသည် အယူမှားများ ဖြစ်၍ သနားဖွယ်ပင် ဖြစ်သည်။

မိစ္ဆာအယူ တခါကြုံက အထုံပါတတ်မြဲဖြစ်ရာ လူမျိုး ၄-ပါးကို ဗြဟ္မာမင်း ဖန်ဆင်းသည် ဟု ယူသော နဂါးမိုက်၊ ကာဏာရိဋ္ဌ၊ ဘုရားနောက်တော်က လိုက်လျက် အမိုက်လက်စ မသတ်နိုင်သော သုနက္ခတ်ရဟန်းတို့မှာ ဘာရမ်းဘတာ အကာကိုအနှစ် အနှစ်ကိုအကာထင် အစဉ်မပြတ်ပင် မှားယွင်းနေကြတော့သည်။

**ကမ္မဿကတာဉာဏ် အယူမှန်** ထိုအယူမှားများကို စင်ကြယ်အောင်ပြု၍ ထိုထိုဝတ္ထု၊ အသင့်အလျော် အကြောင်းတို့ဖြင့် ကမ္မဿကတာဉာဏ်ဟု ဆိုအပ်သော ဖြောင့်မှန်သော အယူကို စင်ကြယ်စွာပြုခြင်းသည် ဒိဋ္ဌိဇုကမ္မမည်သည်။ ထိုကမ္မဿကတာဉာဏ်နှင့် ယှဉ်သော စေတနာကို ရည်၍ စာကိုယ်၌ "အယူကို ဖြောင့်မတ်စွာယူကြောင်းဖြစ်သော စေတနာသည် ဒိဋ္ဌိဇုကမ္မမည်၏" ဟု မိန့်ဆိုသည်။ ကုသိုလ်ဟူသမျှတွင် အချုပ်ကား ဒိဋ္ဌိဇုကမ္မပင်တည်း။ (ဒီ၊ ၃၊ ၄၅)

## အိပ်မက် တိတ် နိမိတ်များဆိုင်ရာ ယူဆဖွယ်

ယင်းတို့ကို လုံးလုံး မယုံလျှင်လည်း မိစ္ဆာမလွတ်။ မကောင်းသော အိပ်မက်စသည်တို့ကြောင့် မကောင်းကျိုး၊ကောင်းသော အိပ်မက်စသည် တို့ကြောင့် ကောင်းကျိုးရတတ်သောကြောင့်တည်း။ ယင်းတို့ကို စွဲလမ်း ပြန်ကလည်း မိစ္ဆာမလွတ်။ ကံ၏ ပုဗ္ဗနိမိတ် အဖြစ်သာ။ ယင်း အိပ်မက် စသည်တို့ ထင်မြင်လာပြီး ကံသာလျှင် အကြောင်းရင်း မှန်သောကြောင့် တည်း။ ဤစကားများအရ ယင်းတို့ကို ကုသိုလ် အကုသိုလ်တို့၏ ရှေ့ပြေး အမှတ် ပုဗ္ဗနိမိတ်အဖြစ်ယူမှသာ မိစ္ဆာ လွတ်ပေမည်။(သွေး၊ လေစသည် ချောက်ချားခြင်း စသည်တို့ကြောင့် အိပ်မက် မက်နိုင်သည်။)

**ကောင်းကျိုးမှန်သမျှ ဒိဋ္ဌိဇုကမ္မ** ဒိဋ္ဌိဇုကမ္မရှိမှသာ ဒါန စသော ကုသိုလ်များ ပြု နိုင်ခွင့်ရသောကြောင့် ပုညကြိယဝတ္ထု ၉-ပါး တို့၏ ကောင်းကျိုး များသည် ဒိဋ္ဌိဇုကမ္မ၏ အ ကျိုးပင် ဖြစ်တော့သည်။ ဘဝအဆက်ဆက် အယူမှန်ကိုသာ ယူမိ ကြံမိ လုပ်ကိုင်မိခြင်း၊ ကံအရင်း ထားသောကြောင့် လောကဓံ လေလှိုင်းဒဏ် ခံနိုင်ရည်ရှိခြင်း၊ ဒါနစသော ကုသိုလ်များ မဆုတ်မနစ် အားသစ်နိုင်ခြင်း စသော အကျိုးများ ရသင့်သည်။

**ဒါန သီလ ဘာဝနာ၌ သွင်းပုံ** ဣဿာ မစ္ဆရိယ တို့၏ ဆန့်ကျင် ဖက် အဖြစ်ဖြင့် ဒါန သဘောရှိသောကြောင့် ပတ္တိဒါန ပတ္တာနုမောဒန ၂-ပါးကို ဒါန၌ရင်း၊ စာရိတ္တသီလ ဖြစ်သော ကြောင့် အပစာယန ဝေယျာဝစ္စ ၂-ပါးကိုသီလ၌ရင်း၊ဘာဝနာသဘော ရှိသောကြောင့် ဓမ္မသဝန ဓမ္မဒေသနာ ဒိဋ္ဌိဇုကမ္မ ၃-ပါးကိုဘာဝနာ၌ရင်း ပေါင်းရေတွက်က ဒါန သီလ ဘာဝနာ သုံးပါးသာ ရတော့သည်။ဒိဋ္ဌိ- ဇုကမ္မသည် အားလုံးအတွက် အမှတ်အသား လက္ခဏာ ဖြစ်ခြင်းကြောင့် ၃-ပုဒ် လုံး၌ပင် တနည်းသွင်းသင့်သေးသည်။ (ဒီ၊ ၃၊ ၄) **တွင်းပြင် သာသနာ၊ ကောင်းကျိုးမှာခြား၊ သိမှတ်သား။**

**သိကြား ပြဟ္မာ နတ်များစွာတို့ လာလေသမျှ ဆုတ်ပေးရ** အချိန်မှာ ဘုရားရှင်သည် ၆-ဝါ ရပြီး ၇-ဝါအဝင် တာဝတိံသာ သိကြားနေရာတွင် မယ်တော်မိနတ် ကျေးဇူးဆပ်အံ့ဟု ပဓာနမြော်ရည်တော်မူလျက် အဘိဓမ္မာတရား ဟော

ရန် လာလာသမျှ နတ်ပြဟ္မာများအား စကားညှော်ခံ မိန့်ကြားတော်မူနေ ချိန်ဖြစ်သည်။ အကုံရနှင့် ဣန္ဒကနတ်မင်းများလည်း အားပါးတရ ဘုရား ဖူး၍ တရားနာမည်ဟု ရောက်လာကြ၏။

အကုံရနတ်မင်းမှာ ဘုန်းထက် ဘုန်းကံကြီးမားသော သိကြားပြဟ္မာ နတ်များစွာတို့ လာတိုင်း နေရာဖယ်ပေးရသည်မှာ ဘုရားနှင့် ၁၂-ယူဇနာဝေးသည့် နေရာထိ ရောက်သွား၏။ ဣန္ဒကနတ်မင်းမှာမူ မည်သူ လာလာ ဖယ်စရာမလိုသော အရှိန်အဝါ အပြည့်ပင် ရှိနေသည်။

**ဖြစ်ပုံကွာခြား ထောက်လှမ်း ပြောသော်** အကုံရနတ်သားသည် သာသနာပအခါ ထမင်းရည်ချောင်းစီး အလှူကြီး လှူခဲ့ပါ၏။ သို့သော် အလှူခံများမှာ သရဏဂုံ သီလဟူသော မြေခံ မကောင်းကြ၍ တန်ခိုး အရှိန်အဝါ အာနုဘော် သေးရသည်။ဣန္ဒက နတ်မင်းမှာမူ အရှင်အနုရုဒ္ဓါ ရဟန္တာအား ဆွမ်း တစလောင်းမျှ လှူရသော်လည်း သာသနာတွင်း ဖြစ်သည့် အားလျော်စွာ အလှူခံဟူသော မြေခံမှာ အကောင်းဆုံးဖြစ်၏။ ထို့ကြောင့် တန်ခိုး ရှိန်ဝါ အာနုဘော်ကြီးမားရသည်။

သာသနာတွင်း ဖြစ်မှသာ အလှူခံ မြေခံကောင်း၍ သာသနာကွယ် လျှင် သရဏဂုံသီလကင်း မြေဩဇာညှံ့ဖျင်းတော့မည့် အရေး ကြိုတွေး ကြပြီး အချိန်ကောင်းခိုက် လုံ့လစိုက်သင့်ကြသည်။ မှန်၏။ သာသနာ တွင်း ကုသိုလ်သာ ထွက်လမ်းရှိသော ဝိဝဋ္ဋနိဿိတ ဖြစ်နိုင်၍ သာသနာပ ကုသိုလ်ကား ဝဋ္ဋနိဿိတသာတည်း။

**ရဟန္တာ ဒါန ပြုမပြု** ဣဿာ မစ္ဆရိယ အကုသိုလ် ဖြစ်မှုကြောင့် ကလေးငယ်မှစ၍ ရှင်ရဟန်းပြု ရဟန္တာ ဖြစ်ပြီးတိုင်အောင် တဘဝလုံး ဝမ်းဝအောင် မစားသောက်ရသော လော- သကတိဿ ရဟန္တာအား အရှင်သာရိပုတ္တရာသည် ပရိနိဗ္ဗာန်စံယူမည့် နေ့တွင် ဆွမ်းဘောဇဉ်များ အဝ လှူဒါန်းပါသည်။(ထိုနေ့ အဝဘုဉ်းပေး ပြီး လောသကတိဿရဟန္တာ နိဗ္ဗာန်ဝင်စံသွား၏။ ခွေးဘဝ ဘီလူးဘဝ ရာပေါင်းများစွာတို့၌လည်း ယင်းပုဂ္ဂိုလ် ၂-ကြိမ်သာ အဝ စားရဘူး သည်။ ကြောက်ဖွယ်ကောင်းစွ။ ဣဿာမစ္ဆရိယ။)

အရှင်ဒဗ္ဗစသော အခြား ရဟန္တာများလည်း ဒါနစသည် ၁၀ ပါး လုံး ပြုကြသည်။ သို့သော် ကိလေသဝဋ္ဋစသော ဝဋ္ဋမြစ်များ ပြတ်ပြီး

သူဖြစ်၍ နောင် အကျိုး မရတော့သောကြောင့် ပုညကြိယဝတ္ထုမမည်၊ ဒါနသီလစသည် သာမညမည်တော့သည်။ (မဏိမဉ္ဇူ)

## ထောင်သောင်းတယောက် သဒ္ဓါပေါက်သူ ရခဲဟူ၏

**သဒ္ဓါတုပင် အစစ်ထင်ကြ** ကုသိုလ်မှန်သမျှ ပါနေရသော သဒ္ဓါဟူသည် ရတနာ ၃-ပါး ကံ ကံ၏အကျိုးများကို စစ်မှန်စွာ ယုံကြည် သက်ဝင်ရမည်ဖြစ်ရာ ထိုသို့ မဟုတ်မူ၍ ကိုယ်တော်၏ အဆင်းလှ၊ အသံကောင်း၊ ဆက်ဆံရေးကောင်း စသည်ကိုရည်၍ ပေးလှူခြင်းများသည် သဒ္ဓါစစ် ဖြစ်နိုင်ခဲ၏။ အကုသိုလ်လောဘ ဂေဟသိတပေမသာ ဖြစ်ဖွယ်ရှိသည်။ ဇာတ်သဘင်သည်များ ရုပ်ရှင်မင်းသား မင်းသမီးများကို ကျွေးမွေး ပေးကမ်းလို ဆက်ဆံရင်းနှီးလိုသကဲ့သို့သာ ဖြစ်သည်ဟု ဆရာမြတ်တို့ မိန့်ကြ၏။ သံယောဇဉ်စပ်မှ ကုသိုလ်ပြုဖြစ်နိုင်ကြပုံ ဖြင့်လည်း သဒ္ဓါစစ် ရခဲပုံ ထင်ရှားသည်။

**ရာထောင် ဖောက်ခွဲ စစ်သူရဲထက် သဒ္ဓါခက်** ရာထောင်သော ဆင်တို့တွင် ဆင်ဖြူတကောင် ပါခဲသည်။ ရန်သူ ရာထောင် အစိုင်းခံနေရရာတွင် ရန်သူများ၏ ဦးခေါင်းကိုဖြတ်၍ ထွက်လာနိုင်သော စစ်သူရဲကောင်းမှာ သာ၍ ရခဲ၏။ ထိုထက် ရာထောင်သော လူတို့တွင် သဒ္ဓါစစ်စစ်ရှိသူတယောက် ရဘို့ အခဲယဉ်းဆုံးဟု ဆရာမြတ်တို့ မှတ်တော်မူကြသည်။

**သဒ္ဓါဖြစ်ကြောင်း လုပ်ထုံးဟောင်းကား** အမြဲမနေ သေရမည်ကို ဆင်ခြင်ခြင်း၊ အရိပ်ပမာကပ်လျက်ပါတတ်သော ကုသိုလ်၏သဘောကို ဆင်ခြင်ခြင်း၊ ဥစ္စာ ပစ္စည်းများ၏ ပျက်စီးတတ်ပုံကို ဆင်ခြင်ခြင်း၊ လူနတ်နိဗ္ဗာန် ချမ်းသာမြတ် ၃တန်ကို ကေန်လိုတိုင်း မဆိုင်းမတွ ရစေနိုင်သော ကုသိုလ်၏ အကျိုးကို ဆင်ခြင်ခြင်းတို့ဖြင့် ရဖြစ်နိုင်ခဲ့ သဒ္ဓါသူရဲကောင်းစင်စစ် ကေန်ဖြစ်ကြရပေမည်။

**သဒ္ဓါမြေကြီး ရွှေငွေသီးလိမ့်** စပါး ပဲ နှမ်း စိုက်သူသည် မျိုးစေ့နှင့်စပ်သော သီးနှံများကိုသာမက လိုရာကိုရောင်းဝယ်ဖလှယ်သော် ရွှေ ငွေ စိန်ကျောက် များကိုသည်း ရနိုင်သည်။ မြေကြီးက ရွှေသီးသည်။ သို့အဘူ သဒ္ဓါ၍ ဒါနစသော လောကီကုသိုလ်ကိုသာ ပြုသော်လည်း လောကီကုသိုလ်နှင့်စပ်သော သူဌေး၊သူကြွယ်၊ပဒေ

သရာဇ်၊ ကေရာဇ်၊ စကြာ၊ မန္ဓာတ်၊ သိကြား၊ သုယာမ စသော လူနတ်ချမ်းသာ လောကီကျိုးများသာမက တောင့်တတိုင်းသော သာဝက ပစ္စေကဗုဒ္ဓါ သဗ္ဗညူ ဘုရားရှင် နိဗ္ဗာန်ဟူသော လောကုတ္တရာကျိုးကို လည်း ရစေနိုင်သည်။ (ခုဒ္ဒကပါဌ၊ နိမိကဏ္ဍ-ပါ) သာသနာတော်တွင်း လူဖြစ်လာကြသော မိမိတို့သည် ကုသိုလ်ပြုဘို့ရာ နေရာမရှား စိတ်ထား လိမ္မာ သဒ္ဓါတရားသာ ရခဲတော့သတည်း။

**ရသေ့ဖူးမြင် နတ် ၆-ခွင်သို့** သာသနာပ တေမိယ စသော ရသေ့ အပေါင်းကို ကြည်ညိုကြသော ဆင်မြင်းစသော တိရစ္ဆာန်များပင် နတ် ၆-ရွာ လားကြသည်။ (တေမိယ ဇာတ်၊ ငြ) ထို့ကြောင့် ချမ်းသာလိုသူများသည် သီလရှိသော ရဟန်းများ အိပ်တံခါးရောက်လာလျှင် စွမ်းနိုင်သမျှ လှူ၊ မလှူနိုင်လျှင် ရိုသေစွာရှိခိုး၊ မခိုးနိုင်လျှင် လက်အုပ်ချီ၊ မချီနိုင်လျှင် ချစ်ကြည်သော စိတ်ပေါ်ကာ ကြည့်ရှုဖူးမျှော်ရမည်။ ဖူးမျှော်မှုကပင် ဘဝရာထောင်မက မျက်စိရောဂါ အိုင်းအမာများ မဖြစ်နိုင်ကြဘဲ လှပသော မျက်စိများရ လူနတ်ချမ်းသာ များ ရနိုင်သည်။ (မင်္ဂလသုတ်) ခင်ပုပ်ငှက်၊ မဋ္ဌကုဏ္ဍလီ ဝတ္ထုများ ပြခဲ့ပြီး။

**စေတနာထားကာ တိုက်တွန်းပါရစေ** သူတော်ကောင်းများ သည် ဇောတိရည်စင် ကျောက်မျက်ရှင်သို့ လိုအင်ခပ်သိမ်း ပြီးငြိမ်းစေကြောင်း သဒ္ဓါကျောက်ကောင်းကို မစောင်းမတိမ်းထိန်းသိမ်းနိုင်ကြ၍ လောဘစသော ညစ်ကြေးမတင် လွန်သန့်စင်အောင် အရောင်တင်ကြရမည်။ ချိုငြိမ့် အေးကြူ အရှူ အရှိုက် ခါတ်ကြိုက်ကိုရှောင် သဒ္ဓါရောင်ပြ တဏှာမှောင် မဝင်ကြဘဲ လောင်းလျှာတို့ လမ်းမှန် ရေဆန်ကို လိုက်မလိုနင့် ရေစုံမမျောမိကြရ အောင် သဒ္ဓါရောင်ပုလင်းကွဲ ကျောက်စစ်နှင့် ခွဲနိုင်ကြပါစေ။

## မိန်းမများ ယောကျ်ားဘဝ ရလိုကြလျှင်

**ဆွမ်းအမက အထက်**
**ဘုန်းကြီးက အောက်** ငါတို့ဘုရားလက်ထက် ကပိလဝတ်ပြည်၌ ရတနာ ၃-ပါး အလွန်ကြည်ညို၍ ၅-ပါးသီလမြဲသူ ဂေါပိကာ သာကီဝင် မင်းသမီးသည် မိန်းမ ဘဝစက်ဆုပ် ယောကျ်ားဘဝ အဟုတ်ထင် ကြည်လင်တောင့်တ ကုသိုလ်

အဝဝပြုသည်။ သေသော် တာဝတိံသာ သိကြားမင်း၏ သားတော် ဂေါပကနတ်သား ဖြစ်လာ၏။ သူမအိမ် ဆွမ်းခံနေကြသော ဘုန်းကြီး ၃-ပါးကား ဈာန်ရများဖြစ်ကြသော်လည်း ဇာတ်သဘင်မျိုးဝယ် တွယ်တာမှု မခွါနိုင်ကြ၍ ဂေါပကနတ်သား (ဘဝ ဟောင်းက ဆွမ်းအမ) ၏ အပျော်တော်ဆက် ကချေသည်များ ဖြစ်ကြရသည်။

**ဆွမ်းအမစစ်ချက် ဘုန်းကြီးများရှက်** ဂေါပက နတ်သားက "သင်တို့သည် အထက်တန်းစား ရဟန်းများဖြစ်ကြလျက် ယခု ငါ၏ပျော်တော်ဆက် ယုတ်နိမ့်သူများ ဖြစ်ကြရသလော"စသည်ဖြင့် ကချေသည် နတ်သား ၃-ဦးကို မေးစစ်ရာ နတ်သား ၂-ဦးသည် ရှက်စိတ်မွန်ပြီး ရခဲ့ဘူးသော ပထမဈာန်ကို ပြန်သတိရကာ မီးတခုမှ တခု ထွန်းညှိလိုက်သလို နတ်ဘဝမှ ပထမဈာန်ဘုံ ပုရောဟိတ ဗြဟ္မာများ ဖြစ်သွားကြသည်။ နတ်သားတဦးသာ ကျန်ရစ်၏။ (ဒီ၊ ၂၊ သက္ကပဥှ၊ပါ)

## ဒေသနာတော် စစ်တမ်းမျှော်လျက် ထုတ်ဆောက်ချက်

**ရတနာ ၃-ပါး ကြည်ညို၍** သရဏဂုံ ၃-ပါးကြောင့် ရှိရင်း နတ်များထက် ဂုဏ် ၁၀-ပါး သာသော နတ်သား ဖြစ်ရသည်ဟု ပြ၏။

**သီလမြဲသူ** မြေကောင်း၌ စိုက်သောမျိုးစေ့ မှန်းတိုင်း ထွက်သလို သီလရှိသူသည် တောင့်တတိုင်း ပြည့်စုံသည်ဟူ၍ ပြသည်။

**မိန်းမဘဝကို စက်ဆုပ်** ယုတ်နိမ့်သော မိန်းမဘဝဖြင့် စကြာမင်း၊ သိကြားမင်း၊ မာရ်မင်း ဗြဟ္မာမင်းစည်းစိမ်ကို မရ၊ ဘုရားနှင့် ပစ္စေကဗုဒ္ဓါ မဖြစ်နိုင်။ ဤသို့ အပြစ်မြင်ရသည်။

**ယောကျ်ားဘဝ အဟုတ်ထင်** မြတ်သော ယောကျ်ားဘဝဖြင့် သာလျှင် စကြာမင်းစသော ဆိုပြီး စည်းစိမ်များနှင့် ဘုရားနှင့် ပစ္စေကဗုဒ္ဓါဖြစ်ကောင်းသည်ဟု အကျိုးကို ဆင်ခြင်ရသည်။ထို့ကြောင့် မိန်းမများ ယောကျ်ားဘဝ ရလိုလျှင် ငါ့လိုသရဏဂုံ သီလပြည့်စုံကြပြီး မိန်းမ ယောကျ်ားဘဝ ၂-ပါးကို ကျိုးပြစ်ဆင်ခြင် ဉာဏ်သက်ဝင်ကာ ကုသိုလ်ပြု၍ တောင့်တကြလျှင် ယောကျ်ား ဖြစ်ရမည်ဟု ညွှန်ပြ၏။

**ဇာတ်သဘင်ဘဝ တွယ်တာကြ** ချာန်ရ ပုဂ္ဂိုလ်များပင် လောဘဆွဲငင်ရာဖြစ်ကြပုံကိုမြင်၍ သံဝေဂ ထင်သင့်ကြ၏။ ဆွမ်းအမ နတ်သား၏ ရှက်လောက်အောင် မေးစီစစ်ပုံများကို ပုံစံယူ၍ သူတော်ကောင်းများသည် မိတ်ဆွေတဦးဦးမှားနေက လျစ်လျူမရှုရာ။ပစ္စည်းဥစ္စာ ကိုယ်နှုတ်တို့ဖြင့် သင့်သလို ချီးမြှောက်၍ ရှက်ကြောက်လောက်အောင် ပြောသင့်ပြော၊ ဆုံးမသင့်က ဆုံးမကြရာသည်။

**မတွယ်မှအေး တွယ်လျှင်ဘေး** ရဟန်း ၃-ပါး တွယ်တာမှုကြောင့် ဆွမ်းအမ၏ ကျေးကျွန် ဖြစ်ရပုံကို နမူနာယူ၍ သတ္တဝါဟူသမျှသည် သား မယား သမီး မြေးနှင့် ဥစ္စာ သံယောဇဉ် အဖြာဖြာကို လွန်စွာ မစွဲလမ်း မတွယ်တာရာ။လွန်စွာ အရေးကြီး သေခါနီးတွင်ကား တွယ်တာစရာမှန်သမျှ ဘေးထုတ်၊ ကုသိုလ်စေတနာ သဒ္ဓါအလုပ်ဖြင့်သာ အရိုးထုတ်သင့်ကြသည်။

**သေချိန်ခါနီး မိတ်စစ် အရေးကြီး** စာရေးသူနှင့် ရင်းနှီးသော သဒ္ဓါ ဥစ္စာရှင် ဒကာကြီး တဦးသည် သား မယား သမီး စသူများအား "ငါသေခါနီးတွင် ငါ့ဘုန်းကြီး ငါ့အနီးမှာ အဆင်သင့် သီတင်းသုံးရှိနေဘို့ သင်တို့အားလုံး တာဝန်ယူရမည်"ဟု မှာကြားထားကြောင်း သိရသည်။ မှန်လှ၏။ မယားစွဲသူသည် မယားအနားမှမခွါ၊ လင်စွဲသူသည်လည်း လင်အပါးမှမခွါ၊ သက်ရှိ သက်မဲ့ ဘဏ္ဍာစုဝယ် စွဲမှုရှိသူအားလုံး ယင်းအပါးတွင် ပြိတ္တာများ ဖြစ်ကြရသောကြောင့် သေချိန်ခါနီး မိတ်စစ်အနီးရှိဘို့ သတိ ရှိသင့်ကြသည်။ "သေခါနီးသူ အပါး ဝိုင်းဝန်းငိုယို သောကပိုနေခြင်းများကား ပြိတ္တာပြည်သို့ တွန်းအားပို့သည့်ပမာ"ဟု ဆရာတို့ ဆိုကြသည်။

## ပုဂ္ဂိုလ်များဆိုင်ရာ သိဖွယ်

လောကတွင်းရှိ သတ္တဝါများတွင် ပုထုဇဉ် အရိယာဟု ၂-မျိုးသာ ရှိရာ ပုထုဇဉ်များသည် အပါယ်လမ်း မပိတ်နိုင်သေး၍ ပုဂ္ဂိုလ် မည်ကြသလို အရိယာများကိုလည်း အပါယ်လမ်းပိတ်ပြီး ဖြစ်ငြားလည်း ရှေး၌ ဖြစ်ဘူးသော အလားအားဖြင့် ပုဂ္ဂိုလ်ဟုပင် ခေါ်ကြသည်။

### အသပ္ပုရိသ စသော ပုဂ္ဂိုလ် ၄-ပါး

အသပ္ပုရိသ=ယုတ်သောပုဂ္ဂိုလ်—၅-ပါးသီလမတည်သူတည်း။

အသပ္ပုရိသေန အသပ္ပုရိသတရ=အယုတ်ဆုံးပုဂ္ဂိုလ်—မိမိလည်း ၅-ပါး သီလမတည်၊ သူတပါးကိုလည်း၅-ပါး သီလ မတည်အောင် ပြုတတ်သူတည်း။ ယင်းပုဂ္ဂိုလ်သည် တတော ဥပစ္စဿ ဒါယာဒေါ တိုက်တွန်းအပ်သူမှ အပြစ် ထက်ဝက် ကိုလည်း အမွေခံရသည်။ (ဘိ၊ ၄၊ ၄)

သပ္ပုရိသ=မြတ်သော ပုဂ္ဂိုလ် — ၅-ပါးသီလ တည်သူတည်း။

သပ္ပုရိသေန-အသပ္ပုရိသတရ = အမြတ်ဆုံး ပုဂ္ဂိုလ်—မိမိလည်း ၅-ပါး သီလတည်၍ သူတပါးကိုလည်း ၅-ပါး သီလတည်အောင် ပြုတတ်သည်။ တိုက် တွန်း နှိုးဆော်သည့် အတွက် ကောင်း ကျိုး ထက်ဝက် အပို ခံစားရသေး၏။ ဤပုဂ္ဂိုလ်မျိုး ဖြစ်သင့်သည်။

## ပါပစသော ပုဂ္ဂိုလ် ၄-ပါး

ပါပ=ဆိုးသော ပုဂ္ဂိုလ် — ဒုစရိုက်ဆယ်ပါး မကောင်းမှုများနှင့် ပြည့်စုံ သူတည်း။

ပါပေန ပါပတရ=အဆိုးဆုံးပုဂ္ဂိုလ်—မိမိလည်း ဒုစရိုက် ဆယ်ပါးနှင့် ပြည့် စုံ၍ သူ တပါး ကိုလည်း ဒုစရိုက်ပြု အောင် တိုက်တွန်းသည်။ တိုက်တွန်း သည့်အတွက် ဆိုးမွေ ထက်ဝက် အပို ခံစားရသေး၏။ ဘုရားရှင် လက်ထက် သာဝတ္ထိ မြို့အ နီး ရွာငယ် တခု၌ ကျောင်းနေ ရဟန်းသည် မစ္ဆေရ စိတ် ကြောင့် ဧည့်သည်ရဟန်းများကိုဆဲရေး ၏။ ကျောင်းဒကာ သူကြွယ် ကိုလည်း ဆဲရေးစေသည်။ သေကြသော် ထို ကျောင်းကုဋီအိမ် မစင်တွင်း၌ကျောင်း ဒကာပြိတ္တာကအထက်၊ ကျောင်းဘုန်း

ကြီးပြိတ္တာကအောက် ကြီးစွာသော ဆင်းရဲသို့
ရောက်ကြသည်။ (ပေတဝတ္ထု)

ကလျာဏ=ကောင်းသော ပုဂ္ဂိုလ်—သုစရိုက် ၁၀-နှင့် ပြည့်စုံသူတည်း။

ကလျာဏေန ကလျာဏတရ=အကောင်းဆုံးပုဂ္ဂိုလ်—မိမိလည်း သုစရိုက် ၁၀-ပါးနှင့်ပြည့်စုံ၊ တပါးသူကိုလည်း ပြည့်စုံစေသည်။ ကောင်းထက်ဝက်ပါ အပိုရသေးသည်။

## လူငရဲသား စသော လူ ၄-မျိုး

မနုဿနေရယိက=**လူငရဲသား**—သက်သတ်ခိုးမှု စသော ကြမ်းတမ်းသော ဒုစရိုက် မကောင်းမှုများကို ပြုတတ်သူတည်း။ ကြမ်းတမ်းစွာ အပြစ်ဒဏ်ကို ခံရသော ငရဲသားများနှင့် တူသည်။ငရဲနှင့်ခါတ်တူ၍သေလျှင် ငရဲကျ၏။ထို့ကြောင့် "ဒေါသကြောင့်သေ ငရဲပြည် (ပြေ)"ဟု အဋ္ဌကထာရှင်တို့ မိန့်ကြသည်။

မနုဿတိရစ္ဆာန=**လူတိရစ္ဆာန်**—အမှတ်မဲ့ စားကာ အိပ်ကာ ကာမဂုဏ်ခံစားကာ နေသူတည်း။ မေ့လျော့နေကြသော တိရစ္ဆာန်များနှင့် တူသည်။ တိရစ္ဆာန်နှင့် ခါတ်တူ၍ သေလျှင် တိရစ္ဆာန်ဖြစ်၏။ "မောဟကြောင့်သေ တိရစ္ဆာန်ပြေတည်း။"

မနုဿပေတ=**လူပြိတ္တာ**-ပစ္စည်း ဥစ္စာ လင် မယား သား သမီးများကို အစွဲကြီး စွဲသူများတည်း။ တောင့်တောင့် တတနေကြရသော ပြိတ္တာများနှင့် တူသည်။ ပြိတ္တာတို့နှင့်ခါတ်တူ၍ သေလျှင်ပြိတ္တာဖြစ်၏။ "လောဘကြောင့်သေ ပြိတ္တာပြေ။"

မနုဿပရမတ္ထ=**လူအရိယာ**—၅-ပါးသီလနှင့် ယှဉ်၍ ဒုစရိုက် ကြဉ်ကာ သုစရိုက်အစု ကောင်းမှုများနှင့် ပြည့်စုံသူတည်း။ လူများတွင် အမြက်ဆုံးဖြစ်၍ အရိယာနှင့် တစိတ်တူ တော့ သည်။ လူ နတ် ဗြဟ္မာ တို့နှင့် တူ၍ သေလျှင် ချမ်းသာ ပြည့်စုံ လူ နတ် ဗြဟ္မာဘုံသို့ ခိုလှုံ ရောက်ကြရသည်။ အကြောင်း ဟုတ် သည်

မဟုတ်သည်ကို သိမှ လူမည်သည် ဟု မိန့်ဆိုကြရာ လူသားစင်စစ် ဖြစ်လာသော မိမိတို့သည် ပုဂ္ဂိုလ် ၄-ပါး လူ ၄-မျိုး တို့တွင် အကောင်းဆုံးသော လူပုဂ္ဂိုလ်များ ဖြစ်အောင် ကျင့်ဆောင် ကြိုးစား ကြရာသည်။ ကြိုးစားနိုင်ကြပါစေသတည်း။

## (၁၇) လေ့ကျင့်ခန်း မေးခွန်းများ

၁။ ကရုဏာ၏လက္ခဏာ စသည်နှင့် ပွားပုံကို ရေးသား၍ ကရုဏာ အပြား သာမည ကရုဏာ ၆-ပါးတို့ကို သိသာရုံမျှ ပြပါ။

၂။ မုဒိတာ၏ လက္ခဏာ စသည်နှင့် ပွားပုံကို ရေးသား၍ မုဒိတာ အပြား သာမည မုဒိတာ ၆-ပါး တို့ကို သိသာရုံပြပါ။

၃။ မေတ္တာ စသော ရွှေ ၃ ပါး၏ အပြစ်ကို မည်သို့ ဆင်ခြင်ရမည် နည်း။ ဥပေက္ခာ၏ အကျိုးကိုရင်း၊ မာရ်နတ်အမေး၊ ဝဇီရာ-ဘိက္ခုနီ၏အဖြေကိုရင်း ရေးပါ။

၄။ ကျောင်းအမွေ လိုချင်၍ ဆရာကိုပြုစုလျှင် အပစာယနကုသိုလ် အပြည့် ရ—မရ၊ "မရှိမသေ မျိုးယုတ်ချေ၊ ရှိသေ မျိုးမြတ် သည်" ဟူသော စကား၏အဓိပ္ပာယ်၊ ကောင်းကင်နှင့် ဉာဏ်တော် အဖြစ်တော်တူပုံ ရေးသားပါ။

၅။ နိဗ္ဗာန်ဆော်များ ရသင့်ကျိုး၊ အနေကဝဏ္ဏ နတ်သားအားကိုး နှင့် ပြ၍ ဝေယျာဝစ္စ လုပ်သည်ဆိုတိုင်း အကျိုးရမည်လော။ ရသူ—မရသူ မည်သူကများတတ်ကြောင်း ဗိမ္ဗိသာရဆွေဟောင်း များထုံး နှလုံးမူ ရေးသားပါ။

၆။ တရားနာစဉ် သာဓုခေါ်ရကျိုး ဝတ္ထုကိုကိုးကား၍ သင်နည်း ၃-မျိုးတွင် မည်သည့်စာသင်နည်း သင့်အတွက် လျော်သနည်း၊ နေ့ချ တရားနာသင့်ချိန်ကိုလည်း ဋ္ဌ၊ ဋီကာအရ ရေးပါ။

၇။ ဓမ္မကထိကများ ထားရမည့် စိတ်ထား ၅ မျိုး အမည်မျှပြ၍ တသိန်းကုန် ဒါနရှင်နှင့် တရားတပွဲ ဟောသော ဓမ္မကထိက

မည်သူ့ကုသိုလ်က သာသနည်း၊ မိစ္ဆာအယူ တခါကြုံက အထုံ ပါတတ်ပုံကိုလည်း ရေးပါ။

၈။ ဒိဋ္ဌိဇုကမ္မအရ တရားကိုယ်ကောက်ပြ၍ ၎င်း၏ အကျိုး ကို၎င်း၊ ဒါန သီလ ဘာဝနာ ၃-ပုဒ်လုံး၌ သွင်းသင့်ပုံကို၎င်း၊ သာသနာ တွင်း-ပ အကျိုးပေး ကွာဟပုံကို၎င်း ပြပါ။

၉။ ရဟန္တာများ ဒါနပြု မပြု၊ သဒ္ဓါတရားဖြစ်ခဲပုံ ဥပမာ၊ပျက်သွား သော သင့်သဒ္ဓါ ပြန်လာအောင် နှလုံးသွင်းပုံကိုပြ၍ တေမိယ ရသေ့ကို ကြည်ညိုသော ဆင်များ၏ လားရာကိုလည်း ရေးပါ။

၁၀။ သဒ္ဓါရောင်ပုလင်းကွဲ ပတ္တမြားစစ်နှင့် လွဲတတ်ပုံကိုပြ၍ ဆွမ်း အမဂ်ေ ပိဏ္ဍကာနှင့်ဆွမ်းခံဘုန်းကြီး ၃-ပါး အဘယ်သို့ ဖြစ်သွား ကြသနည်း ၊ဆွမ်းအမကျေးဇူး ဘုန်းကြီး ၂-ပါး ထူးသွားပုံကို ၎င်း၊ မိန်းမဘဝ စက်ဆုပ်သင့်ပုံကို၎င်း ပြပါ။

၁၁။ တွယ်လျှင်ကား ဘေး၊မတွယ်မှ အေး မည်ကို ဘုန်းကြီး ၃-ပါး ဝတ္ထုနှင့်ပြ၍ သေခါနီး မိတ်ကောင်း အရေးကြီးပုံ သူတော် စင် တဦး၏ စိမံချက်နှင့်တကွ ဆက်ပြပါ။

၁၂။ အပါယ်ခရီးပိတ်ပြီးသူ အရိယာများကို အဘယ့်ကြောင့် ပုဂ္ဂိုလ် ဟု ခေါ်နိုင်ပါသနည်း။ သတ်သူ၊သတ်ရုံမကာ ခိုင်းလည်းခိုင်းသူ၊ ထို ၂-ဦးတွင် ဒုတိယလူ အပြစ်ကြီးကြောင်း အဋ္ဌကထာ ကိုး ကားရေးသားပါ။

၁၃။ ယုတ်သူ၊ဆိုးသူ၊မြတ်သူ၊ ကောင်းသူ ဤ ၄-ဦးတွင် မည်သူသာ ၍ ဆိုးကြောင်း ကောင်းကြောင်းကို အကြောင်းနှင့် တကွ ရေးသားပါ။

၁၄။ လူရေသား ခေါ်ပုံကိုပြ၍ မေထုန် စားအိပ် ၃-ကိစ္စကိုသာ နား လည်သူကို မည်သို့ ခေါ်သင့်ကြောင်းနှင့် မောဟသမားသွား ရာ နယ်မြေကိုလည်း ဥပဒေအရ ရေးသားပါ။

၁၅။ အရိယာစင်စစ် မဖြစ်သေး ထားဦးတော့ အရိယာနှင့် ခတ်တူ အောင် မည်သို့ ကျင့်သုံးရမည်နည်း။ အားထုတ်ချင်စရာ ပီပြင် စွာ ရေးသားပါ။

## ကျမ်း ပြီးနိဂုံး အဆုံးဖော်ပြ မြတ်ဆန္ဒ

**ယံပတ္တံ ကုသလံ တဿ** ပါရမီသခင် ဘုရားရှင်နှင့် တရား သ... ...ပက်
**အာနုဘာဝေန ပါဏိနော** ဂုဏ်တော် အဖြာဖြာကို သိမှတ် ကု... သံ...
ဖွယ်ရာ အောက်ခြေပါ ဖော်ပြလျက် ... ...နှင့်
နသူ များပြည်သူတို့ ကြည်ဖြူအားထုတ် ကိုယ့်အလုပ်ကို လုပ်ကြ... ...နှံ
ရည်စိတ်သန်လျက် "အခြေခံ သာသနာရေး" ပွဲမွေးကြိုင်လျှမ်း ဤသည့်
ကျမ်းကို ကြိုးပမ်းပါရ ကုသိုလ်အဝဝကို မိမိသည် လက်ဆုပ် လက်ကိုင်
ပိုင်နိုင်စွာ ရအပ်ပေပြီ။ ဤသို့ပြုစု ကောင်းမှုရှိန်စော် အာနုဘော်
ကြောင့် လုံးစုံများစွာ သတ္တဝါတို့သည် ထွဋ်ချာသနင်း တရားမင်း၏
လူနတ်နိဗ္ဗာန် ချမ်းသာမှန်ကို ဧကန်ပေးတတ် တရားမြတ်ကို ကျင့်တတ်
သလို ကိုယ်စီကိုယ်ငှ ကျင့်ကြ သိမြင်ကြကုန်သည်ဖြစ်၍၊

**ပါပုဏန္တု ဝိသုဒ္ဓါယ** စင်ကြယ် ချမ်းသာ လွယ်ကူသော ပဋိပဒါဖြင့်
**သုခါယ ပဋိပတ္တိယာ** မစိုးရိမ် မပင်ပန်း ရွှင်လန်းဖွယ်ရာ နိဗ္ဗာန်မြတ်
ချမ်းသာသို့ ဖြောင့်တန်းထုတ်ပေါက် ရောက်
နိုင်ကြပါစေ။ ယခုဘဝ မရောက်သေးသော် သာသနာရေးအခြေခံ ဝိဇ္ဇာ
စရဏများ ပြည့်စုံကြပြီးလျှင် ရရှိအပ်သော သုဂတိဘဝအဆင့်ဆင့်ဖြင့်
ဂေါတမဘုရား သာသနာတွင် (မမီခဲ့သော်) အရိမေတ္တယျဘုရား သာသ
နာတွင် နိဗ္ဗာန်ဝင်စံနိုင်ကြပါစေ။

**အလှကျော့ကွင်း** "လမ်းမလယ်၌ လှပသော အငြိမ့်သမ တဦး
**သေမင်းထောင်ချောက်** ဝတ်စားတန်ဆာ ပန်းနှံ့သာဖြင့် ပြေပြစ်
တင့်တယ် ငြိမ့်ညောင်းသာယာဘွယ်သော
တူရိယာအသွယ်သွယ်နှင့် စည်းဝါးတကျ ကပြနေသည်ကို ရွာတွင်းသို့
ဆွမ်းခံဝင်လာသော ငါသည် တွေ့မြင်သော်လည်း ထိုငါ၏စိတ်၌ ထိုအငြိမ့်
သမအား သေမင်း ထောင်ထားသည့် ကျော့ကွင်း အသွင် မှတ်ထင်
ဘိသည်" ဟု အရှင်နာဂသမာလထေရ် မိန့်လေသည့် အားလျော်စွာ
ကျမ်းစာရေးသား ကောင်းမှုများကြောင့် မိမိသည်လည်း ယနေ့ကိုအစ
ချမ်းသာရသည့်တိုင် ရူပသဒ္ဒ စသည်ဖုံဖုံ ငါးအာရုံကို ဉာဏ်ဟုန်ထင်လင်း
ရှင်သေမင်း၏ ကျော့ကွင်းပမာ တွယ်တာမှုရှင်း ကင်းရပါစေသား။
(ကာမစ္ဆန္ဒစသော နီဝရဏ ငါးတွဲ နဲလိုကြောင်း ဆုတောင်းသည်။)

**မှီရာကိုတွယ် မာလော နွယ်ပမာ ငြိတဏှာ** မာလောနွယ်၏ သဘောကား မှီရာသစ်ပင်ကို ငြိတွယ်လွှမ်းမိုး ကြီးပွားသလို တဏှာသည်လည်း မေ့လျော့ပေါ့တန် နေထိုင်သော သတ္တ ကို ငြိတွယ်လွှမ်းမိုး၍ ကြီးပွားသည်။ သစ်သီးလိုသောမျောက်အိုသည် တောထဲ၌ တပင်မှတပင် တကိုင်းမှတကိုင်း ဒုန်းစိုင်းပြေးလွှား နေရသလို ...ဏှာတိုးပွားသူသည်လည်း ဘဝတခုမှ ဘဝတခုသို့ ကူးပြောင်း ကျင် နေရသည်ဟု မာလုကျပုတ္တ သုတ္တန် ထုတ်ပြန်သည့်အားလျော်စွာ မေတနာလျှမ်းသည့် ဤသည့်ကျမ်းစာ မင်္ဂလာကြောင့် တဏှာကြွေးရှင်း သန္ဓေကင်းသည့် သေမင်းမလာ အမတာသို့ ရည်ရာဗောဓိ စုံညီပြည့် ယောက် ရောက်ရပါစေသား။ (တဏှာ၏အပြစ်ကိုမြင် ခံမင်သောဗောဓိ ဖြင့် နိဗ္ဗာန်သို့ ရရောက်လိုကြောင်း ဆုတောင်းသည်။)

**နိဗ္ဗာန်ရောက်လမ်း ဆိပ်ကမ်း သီလ** ဤလောက၌ အကျိုးစီးပွား လိုသူသည် သီလကို တည်ဆောက် အပ်၏။ စင်ကြယ်သော သီလသည် ချမ်းသာ အားလုံးကိုဆောင်၍ အဆွေ ခင်ပွန်း ကောင်းကိုလည်း ရနိုင်သည်။ သီလသည် ကုသိုလ်အားလုံးတို့၏ အရင်း မူလ ဈာန် မဂ်ဖိုလ်တို့၏ တည်ရာ သမထ ဝိပဿနာ တရားမြတ်တို့၏ မိခင်သဖွယ်ဖြစ်ပြီးလျှင် ဘုရားပစ္စေကဗုဒ္ဓါ အရိယာတို့၏ နိဗ္ဗာန်သမုဒ္ဒရာ သို့ ဆင်းသက်ရာဆိပ်ကမ်းလည်း ဖြစ်သည်။ မြတ်သော လက်နက်၊ မြတ် သော အဆင်တန်ဆာ၊ ခိုင်မာသော တံတားသဖွယ်ဖြစ်ပြီးလျှင် ရနံ့ကြူ အေး၊ အမွှေးနံ့သာ၊ မြတ်သောစမြိန်စာ ရိက္ခာထုပ်နှင့် တူသော သီလ အချိုးကျ ဝတ်ဆင် ခြံရံယှဉ်ကာ ချမ်းသာစုံညီ ဘုံနန်းဆီသို့ ပါရမီစုံဌေး အားထုတ်ရေးမို့ ပို့ပေးပါစေသား။ (သီလသိက္ခာ ဖြည့်လိုပါကြောင်း ရည်ဆုတောင်းသည်။)

**မနေရုံသော်လည်း မသေလိုသေးပါ** ကျောက်တောင်ကြီးသည် ပကတိလေတို့ကြောင့် မတုန်လှုပ်သလို မေဟ ကုန်ပြီးသူ များလည်း မတုန်လှုပ်တော့ပြီ။ ငါသည် သေခြင်းကိုမနှစ်သက် သလိုအသက်ရှည်နေရခြင်းကိုလည်း မနှစ်သက်။ လခစားသည် လခရရန် အတွက် လကုန်မည့်ရက်ကိုသာ စောင့်မျှော်နေမိသလို ငါသည်လည်း ပရိနိဗ္ဗာန် ပြုရမည့်အချိန်ကိုသာ စောင့်မျှော်သည်ဟူသော အရှင်သာရိ ပုတ္တရာ၏ ညီတော် အရှင်ရေဝတ မိန့်ပြအပ်သည့်အတိုင်း; လောကစံ မုန် တိုင်း ခံနိုင်စွမ်းရှိ သမာဓိကျောက်တိုင် မယိမ်းယိုင်အောင် မြဲခိုင်တည်

ဆောက် ဝိဇ္ဇာလမ်းပေါက်သို့ ရောက်ရပါစေသား။ (ကြုံရမြဲ လောကစံ ခံနိုင်ရည်ရှိ သမာဓိ ပညာသိက္ခာ ၂-ပါး ရငြားပိုင်ပိုင် ရည်စိတ်သန်၏။)

**သြော်-သေသော်မှ ကောင်းသေး၏တတား** ညဉ့်အချိန်ကာလသည် ဟိတ်ဆိတ် ငြိမ်သက်သည်။ လူသံငှက်သံတို့မှ ကင်းကာ နက္ခတ ကြယ်တာရာတို့ဖြင့်လည်း သာယာသည်။ ထိုအချိန်သည် တရားထူးမရသေးသမျှ အိပ်စက်ရန်မဟုတ်။ ထိုထိုညဉ့်ဇာ်သည် တရားအားထုတ်ဖို့ အချိန်တို့သာ ဖြစ်ကုန်သည်တကား။ ငါသည ဆင်စီးလျက် စစ်မြေပြင်သို့ ဝင်သည်ရှိသော် ဆင်ပေါ်မှ စောက်ထိုးကျ ဆင်နင်းမိ၍ စစ်မြေပြင်၌ သေရခြင်းသည် မြတ်ပေသေး၏။ ကိလေသာစစ်ပွဲမှရှုံးကာ ကိလေသာခြေရင်း အသက်ရှည်နေရခြင်းသည် မမြတ်သည်သာ ဟူသော အရှင်သောဏ၏ ဓမ္မအားလျော်စွာ ကိလေသာစစ်ပွဲ အောင်လံစွဲလျက် အောင်ပွဲကိုခံ အောင်စံရပါစေသား။ (ဆုတောင်းရုံ သာမရ အားထုတ်ကြမှသာဟု နှလုံးထားပါ၏။ ထားနိုင်ကြပါစေ။)

**စီရံ တိဋ္ဌတု သဒ္ဓမ္မော ဓမ္မေ ဟောန္တု သဂါရဝါ** ၃-ပါးသိက္ခာ သာသနာသည် နှစ်ရှည်များမြော် ငါးထောင်သချာ မကသာ အောင် ကျင့်သူ တို့အား အကျိုးများလျက် ထင်ရှားမသွေ တည်ပါစေ။ လုံးစုံများစွာ သတ္တဝါတို့သည် နှစ်လိုဖွယ်ကောင်း သူကော်တောင်းတရား၌ လေးမြတ်ရိုသေ ကြည်ညို ပူဇော် နိုင်ကြပါစေ။ လူတို့ကိုးရာ မိုးဒေဝါသည် အခါအခွင့် သင့်စေဘိုရာ ရွာသွန်းနိုင်ပါစေ။

**ယထာ ရက္ခိံသု ပေါရာဏာ သုရာဇာနော တထေဝိမံ** ရှေးကမင်းလုပ် အုပ်ချုပ် ထိန်းကျောင်း သူတော်ကောင်းတို့သည် တိုင်းသားပြည်သူ များရှင်လူကို ကြည်ဖြူဘနားစောင့် ရှောက်ကုန်ငြားသကဲ့သို့ မခြားတမူ အလားတူသာလျှင် ယခုအခါကြည် သာအုပ်ချုပ် မင်းလုပ်သူတို့လည်း သန်းပေါင်းများစွာ သတ္တဝါကို ရင်မှာပေါက်ဖွား သားသမီးများပမာ အရာရာကို မှန်စွာမပျင်း တရားခြင်းဖြင့် ဖြည်းညင်းသာယာ ဘေးရန်ကွာအောင် စောင့်ရှောက် နိုင်ကြပါစေကုန်သကည်း။

**မှတ်ချက်။** ။အဋ္ဌကထာကြီးများ၏ နိဂုံးကို နှလုံးသွင်းကာ သတ္တာန် လူ့စကား အကြားညှပ်လျက် အဖျားသတ်ပါသတည်း။

အမှတ် ၂၂၁၄၄
ရက်စွဲ
သုတေသန ... ကြည့်တိုက်

# နေလင်းပိဋကတ်ပုံနှိပ်တိုက်နှင့်
# နည်းသစ်စာအုပ်လုပ်ငန်း

**အမှတ် ၁၁၊ ၁၂၅-လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်။**

ပါဠိ-မြန်မာ ကျမ်းစာအုပ် အမျိုးမျိုးကို ဓမ္မာစရိယ ဘီ-အေ ဘွဲ့ရ စာရေး၊စာပြင်၊စာတည်း ဝါရင့်ပညာရှင်ကြီးများပါဝင်သော **နည်းသစ်စာတည်းအဖွဲ့က** ပြင်ဆင် တည်းဖြတ် ပရုဖတ် ပုံနှိပ်ကာ လှပသော ပန်းချီ ဒီဇိုင်း ဆေးရောင်စုံ စက္ကူဖုံး၊ကတ်ထူဖုံး၊ သားရေဖုံးများဖြင့် ချုပ်ပြီးအထိ အစအဆုံး တာဝန်ယူဆောင်ရွက်ပေးနေပြီ။ စာအုပ်ရှင်က စာအုပ်အတွက် လုံးဝ ကြောင့်ကြစိုက်စရာမလို။ အမြန်ဆုံးနှင့် အကောင်းဆုံး ဆောင်ရွက် ပေးပါမည်။

ဦးသောင်းလွင် ဘီ-အေ
ဓမ္မာစရိယ ဝင်္ံသကာ
စာတည်းချုပ်

---

# စတိုင်ကျကျ ပုံနှိပ်လိုလျှင်

အနောက်နိုင်ငံစာအုပ်များ ပုံနှိပ်ထားသည်မှာ စတိုင်ကျသည်။ အနေ အထား ရှင်းလင်းလှပသည်။အဘယ့်ကြောင့်နည်း။ ပုံနှိပ်တိုက်ကြီးတိုင်းမှာ ကျမ်းပြု၊ စာပြင်၊ စာတည်းများ အမြဲတစေလိုက်နာရန် လမ်းညွှန်စာအုပ် House Style ရှိသောကြောင့် ဖြစ်သည်။

မြန်မာနိုင်ငံတွင် တကျောင်း တဂါထာ တရွာတပုဒ်ဆန်းနေဆဲဖြစ်ရာ နေလင်းပိဋကတ်ပုံနှိပ်တိုက် နည်းသစ်စာတည်းအဖွဲ့၏ စာတည်းချုပ် ဦးသောင်းလွင် ဘီ-အေ ဓမ္မာစရိယ ဝင်္ံသကာ နည်းသစ်အင်္ဂလိပ်သဒ္ဒါနှင့် နည်းသစ်မြန်မာသဒ္ဒါကျမ်းပြုက အနောက်နိုင်ငံပုံနှိပ်စတိုင်လက်စွဲ စာအုပ် များကို မှီငြမ်းပြုကာ **မြန်မာပုံနှိပ်စတိုင်လက်စွဲ** Burmese Style Manual စာအုပ်ကို တီထွင်ရေးသားလိုက်ပြီ။ စတိုင်ကျကျ ပုံနှိပ်လိုလျှင် စတိုင်ရှိ သော နေလင်းပိဋကတ်ပုံနှိပ်တိုက်သို့ ကြွပါ။

ပဋ္ဌာန်းပါဠိတော်

ပစ္စယုဒ္ဒေသပါဠိတော်

ဟေတုပစ္စယော
အာရမ္မဏပစ္စယော
အဓိပတိပစ္စယော
အနန္တရပစ္စယော
သမနန္တရပစ္စယော
သဟဇာတပစ္စယော
အညမညပစ္စယော
နိဿယပစ္စယော
ဥပနိဿယပစ္စယော
ပုရေဇာတပစ္စယော
ပစ္ဆာဇာတပစ္စယော
အာသေဝနပစ္စယော
ကမ္မပစ္စယော
ဝိပါကပစ္စယော
အာဟာရပစ္စယော
ဣန္ဒြိယပစ္စယော
ဈာနပစ္စယော
မဂ္ဂပစ္စယော
သမ္ပယုတ္တပစ္စယော
ဝိပ္ပယုတ္တပစ္စယော
အတ္ထိပစ္စယော
နတ္ထိပစ္စယော
ဝိဂတပစ္စယော
အဝိဂတပစ္စယော